www.burmeseclassic.com

စိတ်ကူးချိုချိုအနုပညာ

မောင်ရှဝင်း

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၀၇၉၊ မိုးဆိုင်လမ်း၊ ရန်ကင်း။
အမြင်အဆင် - အမ်အက်စ်ဒီ
၂၀၁၂ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၅၀၀၀ ကျပ်

ရှေးရိုင်းမြို့ရိုင်း
မောင်နေဝင်း -ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ဒုတိယအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၄၃၈ မျက်နှာ၊ ၁၄ စင်တီ× ၂၁ စင်တီ
(၁) ရှေးရိုင်းမြို့ရိုင်း

www.burmeseclassic.com

www.burmeseclassic.com

■

ပုဂံ စာအုပ်တိုက်က သူ၏ ၆ နှစ်ပြည့် (၇ နှစ်ရောက်)
နှစ်လည် အထိမ်းအမှတ်အဖြစ် စာအုပ် အမှတ်စဉ် ၁၅၄၊
၁၉၆၇၊ ဩဂုတ်လ (၁) ရက်နေ့တွင် ထုတ်ဝေခဲ့သော စာအုပ်။

■

www.burmeseclassic.com

www.burmeseclassic.com



# အများနှင့် အတူ

## (မင်းကျော်)

– ၁ –

မိုးမောင်းထိုးလိုက်သောအခါ တောင်တန်း၊ တောင်ကုန်း၊ တောင်ပူစာတို့၏ အထွတ်အဖျားများသည် မိုးရောင်အောက်တွင် ထင်းထင်းပေါ်လာကြကုန်၏။ ပြင်ညီ၊ ချိုင့်ဝှမ်း၊ အနိမ့်ပိုင်းတို့သည်မူ အမှောင်ရိပ်၌ ကွယ်လျက်၊ ကာလျက်၊ မှောင်လျက်၊ ပိန်းပိတ်လျက် ကျန်ရစ်၏။

နေရောင်လာသောအခါ လောကအလုံးကို လင်းလင်းချင်းချင်း မြင်ရလေသည်။ တောင်တန်း၊ တောင်ကုန်း၊ တောင်ပူစာ အမြင့်ပိုင်းတို့နှင့်တကွ ပြင်ညီ၊ ချိုင့်ဝှမ်း၊ အနိမ့်ပိုင်း အလုံးစုံသို့ နေရောင်ကျလာ၏။ အရာရာသည် ထင်ရှားလာ၏။

မိုးမောင်းသည် ဤကမ္ဘာမြေအပြင်ရှိ တစ်စုံတစ်ခု၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အလင်းထိုးပြခြင်း ဖြစ်၏။ နေရောင်သည် ကမ္ဘာလောက တစ်ခုလုံးကို အလင်းထိုးပြလိုက်ခြင်း ဖြစ်လေသည်။

– ၂ –

ကျွန်တော်တို့သည် မြန်မာနိုင်ငံကို တည်ထောင်သော အနော်ရထာမင်း အကြောင်းကို ကြားဖူးပါ၏။ ကုန်းဘောင်ဆက်ကို အစတည်သော အလောင်းဘုရား၏ စွမ်းဆောင်ချက်များကို လည်း ဖတ်ရဖူးပါ၏။ သို့သော် အနော်ရထာ နိုင်ငံတည်ဆောက်ရာတွင် သာမန်ပြည်သူများ မည်သည့်အပိုင်းက ပါခဲ့သနည်း။ မည်သည့်စာအုပ်တွင်မျှ ဖော်ပြထားဟန် မတွေ့ပါ။ အလောင်းဘုရား၏ စွမ်းဆောင်ချက်များ ဟူရာတွင် ပြည်သူတို့၏ အခန်းကဏ္ဍသည် အဘယ်အပိုင်းတွင် ရှိသနည်း။ မတွေ့ရဖူးပါ။

သမိုင်းမိုးမောင်း၏ အလင်းရောင်တွင် အမြင့်ပိုင်း အထွတ်အဖျားများသည်သာ ထင်ရှားပေါ်လွင်မြဲဖြစ်သည့် သဘောပင်။

www.burmeseclassic.com

www.burmeseclassic.com



- ၃ -

ဝဏ္ဏရေးသူသည် ပြင်ညီသမား ဖြစ်သည်။ အနိမ့်ပိုင်းသမားလည်း ဖြစ်သည်။ သူသည် အထက်သို့လည်း မျှော်ကြည့်မည်၊ ပတ်လည်သို့လည်း လှည့်ကြည့်မည်၊ အတွင်းသို့လည်း ထိုးဝင်ကြည့်မည်။ ဤသို့ဖြင့် သူသည် အထွတ်အထိပ် အဖျားပိုင်းမှသည် ပြင်ညီ၊ ချိုင့်ဝှမ်း၊ အနိမ့်ပိုင်း အလုံးစုံကို မြင်သာအောင် ဖြန့်ကြက် ရှုကြည့်သော သဘောရှိပေသည်။ ထိုအခါ သူ့စာသည်လည်း အထွတ်အထိပ် အဖျားပိုင်းမှသည် ပြင်ညီ၊ ချိုင့်ဝှမ်း၊ အနိမ့်ပိုင်း အားလုံးအထိကို ထင်ရှားစေ၏။ သို့သော် သူသည် ပြင်ညီသမား၊ အနိမ့်ပိုင်းသမား ဖြစ်ပေရာ သူဖော်ပြသော အကြောင်းအရာများသည် အထွတ်အဖျားပိုင်းထက် ပြင်ညီပိုင်း၊ အနိမ့်ပိုင်းသာလျှင် အဓိက ဖြစ်လာတတ်လေသည်။

- ၄ -

မောင်နေဝင်းသည် လူငယ်တစ်ယောက် ဖြစ်သည်။ ယနေ့ခေတ် လူငယ်တစ်ယောက် ဖြစ်သည်။ ထို့ထက် တိကျစွာဆိုရသော် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဆိုရှယ်လစ်ရေး ကာလအလျဉ်ကို ဖြတ်သန်းလာခဲ့ရသော လူငယ်တစ်ယောက် ဖြစ်သည်။ သို့ဖြစ်ရာ သူသည် ထိုခေတ်ကာလ၏ အရေးတော်ပုံများကို ဖြတ်သန်းလာခဲ့ရလေသည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဆိုရှယ်လစ်ရေး အရေးတော်ပုံများ။

ထိုအရေးတော်ပုံများကို ဖြတ်သန်းလာခဲ့ရာတွင် သူသည် သာမန်မျှ ခရီးသွားဟန်လွှဲ ဖြတ်သန်းခဲ့ရသည်ကား မဟုတ်ပေ။ တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် သူသည် အရေးတော်ပုံများနှင့် ပတ်သက်လာ၏။

သူသည် ဆရာစံ အရေးတော်ပုံကာလက အမေ့ရင်ခွင်တွင် ရှိပေဦးမည်။ ထို့ကြောင့် ထိုအရေးတော်ပုံတွင် သူသည် ဓားတစ်လက် လှံတစ်ချောင်းကို ဆွဲမိကောင်းမှ ဆွဲမိပေမည်။ သို့သော် သူ့ဘကြီး၊ သူ့ဦးကြီးတို့အတွက် သူ့မိခင် မျက်နှာညှိုးငယ်လျှင် သူလည်း ညှိုးငယ်ခဲ့ရမည်မှာ မလွဲပင်။ ဤသို့ဖြင့် သူသည် ထိုအရေးအခင်းနှင့် မလွဲမရှောင်သာ ပတ်သက်လာရ၏။

ထိုပတ်သက်မှုသည် သူ့အထီးတည်း ပတ်သက်မှု မဟုတ်၊ သူ့ပတ်ဝန်းကျင်၊ သူ့လောကတစ်ခုလုံးပါ အကျုံးဝင်သော ပတ်သက်မှု ဖြစ်လာ၏။

ဤနည်းဖြင့် အရေးတော်ပုံအလျဉ်တွင် သူသည် ပါဝင်လာရ၏။ မလွဲမရှောင်သာ ပါဝင်လာရ၏။ ဤတွင်လည်း အထီးတည်း မဟုတ်ပေ။

သို့သော် ထိုအရေးတော်ပုံများ၌ သူသည် အပေါ်ကလူ မဟုတ်။ အထွတ်အဖျားက လူ

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်။ ရှေ့တန်းကလူလည်း မဟုတ်။ ပြင်ညီကလူ၊ အနိမ့်ပိုင်းကလူ၊ အများနှင့်အတူ လူတစ်ယောက်သာ ဖြစ်ချေသည်။

ထို့ကြောင့် အများနည်းတူ သူလည်း ကြုံခဲ့၏။ ပတ်သက်ခဲ့ရ၏။ အကျုံးဝင်ခဲ့ရ၏။

- ၅ -

သို့ဖြစ်ရာ သူ့တွင် အရေးတော်ပုံကာလအလျဉ်၏ အတွေ့အကြုံရှိ၏။ ထိုကာလ၏ ဝေဒနာလည်း ရှိ၏။ ထိုအတွေ့အကြုံ၊ ထိုဝေဒနာတို့သည် အများနည်းတူဖြစ်သော အတွေ့အကြုံနှင့် ဝေဒနာများ ဖြစ်လေသည်။

ထိုအပြန့်ကျယ်လှစွာသော ပြင်ညီ၊ အနိမ့်ပိုင်း၊ ချိုင့်ဝှမ်းပိုင်းနှင့် တူလှစွာသော အများနည်းတူ အတွေ့အကြုံ ဝေဒနာတို့ကို သူ၏စေတနာ၊ သူ၏အလေ့အလာ အားထုတ်မှုတို့နှင့် ပေါင်းစပ်လာသောအခါ ဤ **ရေရှိင်းမြေရှိင်း** တည်းဟူသော မြစ်ဝကျွန်းပေါ်လောကသည် အထင်းသား ပေါ်လာ၏။

သူသည် အထွတ်အဖျားဖြစ်သော တောင်တန်း၊ တောင်ကုန်း၊ တောင်ပူစာတို့ကိုသာ ကွက်၍ ထင်ရှားစေရန် အားထုတ်လိုသူမျိုး မဟုတ်။ တစ်ကွက်၊ နှစ်ကွက် ထင်ရှားဖို့ ဆိုသည်မှာ မီးမောင်းထိုးသူ၏ အလုပ်ဖြစ်၏။ ထိုမီးမောင်းသည် အမြင့်ပိုင်းတွင်သာ ကျရောက်၏။

သူသည် ပြင်ညီပိုင်း၊ အနိမ့်ပိုင်း၊ ချိုင့်ဝှမ်းပိုင်း ဖြစ်သော အများသူတကာလောကကို ထင်ရှားစေရန် အားထုတ်ထားခြင်း ဖြစ်လေသည်။ ဤသို့ဖြင့် သူသည် ဝတ္ထုရှည်ပုံသဏ္ဍာန်ကို အသုံးပြု၍ ပြင်ညီပိုင်း အပြန့်ကျယ်ကြီးကို ထင်ရှားစေခြင်း ဖြစ်သတည်း။ ထိုအပြန့်ကျယ်ခြင်း၊ တစ်နည်း ဤ **'ရေရှိင်းမြေရှိင်း'**သည် အမြင့်ပိုင်းပြု မီးမောင်း၏ အရိပ်ကွယ် အမှောင်ထဲ၌ ချန်ရစ်ခဲ့သော အများ၏ အခန်းကဏ္ဍတည်း။

၆၀၊ ၇၊ ၂၄ မင်းကျော်

www.burmeseclassic.com

အမှာစာ

# ကြယ်စုံသော ည

## (နတ်နွယ်)

– က –

ကျွန်တော်တို့ မောင်နေဝင်းတို့သည် ယခုအထိတော့ လမ်းမခွဲကြသေးပေ။ တစ်လှေတည်းစီး တစ်ခရီးတည်းသွားများ ဖြစ်ကြသည်။ ထားတော့။

– ခ –

လူတစ်ယောက်နှင့် တစ်ယောက်သည် အခြေခံအယူအဆချင်း အဘယ်မျှပင် တူညီသည် ဆိုစေ၊ ယေဘုယျကျသော သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်များကို ထပ်တူထပ်မျှ သဘောပေါက်လိုက်နာကြသည် ဆိုစေ၊ ကြမ်းတမ်းခက်ထန်သော ခရီးရှည်ကြီးကို တစ်ယောက်အသက် တစ်ယောက်အပ်၍ ချီတက်ခဲ့ကြသည် ဆိုစေ၊ ပုဂ္ဂိုလ်ရေးအရ တစ်အူကွဲဆင်း ညီရင်းအစ်ကို မောင်ရင်းနှမပမာ ချစ်ကြသည် ဆိုစေ အကြောင်းအရာ တစ်ခု သစ်လာတိုင်း၊ လုပ်ငန်းတစ်ခု ပေါ်လာတိုင်း ပြဿနာတစ်ရပ် တက်လာတိုင်း၊ တိုက်ပွဲတစ်ခု ဖြစ်လာတိုင်း သူ့သူ့ကိုယ်ကိုယ်တွင် သီးခြားအမြင်အတွေးနှင့် လုပ်နည်းလုပ်ဟန်များ ရှိတတ်ကြပေသည်။

ယင်းသည် နိယာမ ဖြစ်သည်။ ယင်းသည် မညီညွတ်ခြင်း၏ ကြောင်းရင်း ဖြစ်သလို ညီညွတ်ခြင်း၏ အခြေခံလည်း ဖြစ်ပေသည်။

အကြောင်းအရာများသည် အမြဲတမ်း သစ်နေသည်။ လုပ်ငန်းများ၊ ပြဿနာများ၊ တိုက်ပွဲများသည် အမြဲမပြတ် ဖြစ်ပေါ်နေသည်။ အသွင်သဏ္ဌာန်နှင့် ပမာဏသာ ကွဲပြားခြားနားမည်။ ထိုအခါတွင် သူ့သူ့ငါငါ၌ ကိုယ်ပိုင်အတွေးအမြင်နှင့် လုပ်နည်းလုပ်ဟန်များ ရှိလာရသည်မှာ သဘာဝကျလှပေသည်။ အရေးကြီးသည်မှာ အခြေခံလမ်းကြောင်းကို မထိခိုက်ဖို့ပဲ ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းလုပ်ဆောင်ရမည်ကို နားလည်ဖို့ပဲ ဖြစ်သည်။

ကာလဒေသအရ၊ အခြေအနေအရ မတူကွဲပြားမှု ရှိသည်များကို ဖွတ်တူညီစေ၍ မရပေ။

www.burmeseclassic.com

www.burmeseclassic.com

– ၆ –

ဖွတ်ပြုလာလျှင် တရားသေသမား၊ စာအုပ်ကြီးသမား ဖြစ်ချေလိမ့်မည်။ တစ်ပြိုင်တည်းတွင် အလွန်အမင်း လွတ်လပ်ခွင့်ပေး၍လည်း မရချေ။ 'သီးခြားငယ်များ' ပေါ်တွင် ရပ်တည်လွန်းလျှင် 'သီးခြားကြီး' ဖြစ်သွားပေလိမ့်မည်။ အဆုံးသတ်၌ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သွားတတ်ကြလေသည်။

သို့ဖြစ်၍ အရေးကြီးသည်က အခြေခံ အယူအဆနှင့် ပင်မ လမ်းကြောင်းကို လျှပ်တစ်ပြက်မျှ မျက်ခြည်မပြတ်ကြဖို့ ဖြစ်သည်။ အခါမလပ် ဆွေးနွေးညှိနှိုင်းနေကြဖို့ ဖြစ်သည်။ ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးကို 'သက်စောင့်ဆေး' ပြုထားကြဖို့ပင် ဖြစ်သည်။

– ၇ –

ကောင်းပြီ။ မောင်နေဝင်းနှင့် ရေရှိင်း မြေရှိင်းတွင်ရှိသော 'အခြေခံ' နှင့် 'သီးခြား' များကို ကြည့်ကြစို့။

မောင်နေဝင်းသည် ဖက်ဆစ်တော်လှန်ရေးတွင် 'တော်လှန်ရေးသန္ဓေ' တည်ခဲ့သူ ဖြစ်သည်။ စစ်ကြီးပြီး၍ ကျောင်းများ ပြန်ဖွင့်သည်တွင် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ မော်လမြိုင်တွင် ဖွင့်လှစ်ခဲ့သော ကျောင်းသားတပ်ဦး စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ပြည်တွင်းစစ် ဖြစ်သောအခါ ကျောင်းသားရဲဘေါ်တစ်ဦးအဖြစ်နှင့် စတင်ပါဝင် ပတ်သက်ခဲ့ရသည်။ ရန်ကုန်သို့ ရောက်သောအခါ အမှုထမ်းများ သမဂ္ဂတွင် တာဝန်ယူရသည်။ သပိတ်တိုက်ပွဲများ ဆင်နွှဲရသည်။ ထို့နောက် စာပေလှုပ်ရှားမှုနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှုများတွင် ပါဝင်သည်။ ပုဒ်မ ၅ ဖြင့် အဖမ်းခံခဲ့ရသည်။

'ရေရှိင်း မြေရှိင်း' သည် မြစ်ဝကျွန်းပေါ်ဒေသ (တိုးမြစ်ဝှမ်းတစ်လျှောက်) ကို အခြေပြုထားသည်။ ဂျပန်တော်လှန်ရေးတွင် မြစ်ဖျားခံ၍ ပြည်တွင်းစစ်ကာလကို ပင်မဇာတ်အိမ်ပြုထားသည်။ ဝတ္ထု၏ ဦးတည်ချက်မှာ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၊ လူတန်းစားတိုက်ပွဲနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်သည်။ တစ်နည်းပြောရလျှင် မြစ်ဝကျွန်းပေါ်ဒေသရှိ ကရင်နှင့် မြန်မာတို့၏ လူတန်းစားနှင့် အမျိုးသားရေးပြဿနာ၊ စီးပွားရေးနှင့် လူမှုရေး ပြဿနာများကို တင်ပြ ညှိနှိုင်းထားသည်။

ဤနေရာတွင် ကျွန်တော်နှင့် မင်းကျော်တို့၏ မြန်မာပြည်မြောက်ပိုင်းနှင့် ငါတို့ခေတ်နှင့် အပြိုင်တို့ကို ရေရှိင်း မြေရှိင်းနှင့် နှိုင်းယှဉ် ပြောဆိုပါရစေ။

မြန်မာပြည်မြောက်ပိုင်းသည် ၁၈၈၄၊ ငါတို့ခေတ်နှင့်အပြိုင်သည် ၁၉၄၆၊ ရေရှိင်း မြေရှိင်းသည် ၁၉၄၄ စသည်ဖြင့် အသီးသီး ဇာတ်လမ်း စထားသော်လည်း ဤဝတ္ထုသုံးပုဒ်စလုံး၏ အဓိကဦးတည်ချက်သည် ယနေ့ မြန်မာပြည်တွင် အရှိန်အဟုန် အထုအထည် ကြီးမားစွာ ဖြစ်ပေါ်

www.burmeseclassic.com



လျက်ရှိသော အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၊ လူတန်းစားတိုက်ပွဲနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပြဿနာတို့ပင် ဖြစ်သည်။

သို့သော် ဆိုခဲ့သည့်အတိုင်း ဤဝတ္ထုသုံးပုဒ်သည် အခြေခံဦးတည်ချက်ချင်း တူကြလင့်ကစား၊ ဝတ္ထုကိုယ်ထည်တွင်ကား မတူညီနိုင်ကြပါချေ။ မြန်မာပြည်မြောက်ပိုင်းသည် ဇာတ်အိမ်ဒေသအဖြစ် ကချင်ပြည်နယ်ကို ဗဟိုပြုထားသည်။ ငါတို့ခေတ်နှင့်အပြိုင်သည် ရေနံမြေဒေသ၊ ရန်ကုန်နှင့် ရှမ်းပြည်အဖျားပိုင်းတို့တွင် ဇာတ်အိမ်ဖွဲ့ထားပြီး ရေရိုင်း မြေရိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသ (တိုးမြစ်ဝှမ်းတစ်လျှောက်) နှင့် ရန်ကုန်တွင် အခြေစိုက်ထားသည်။

ယင်းအခြေခံသုံးခုသည် မြန်မာပြည်၏ အစိတ်အပိုင်းများ ဖြစ်ကြသော်လည်း ရေမြေနှင့် ရာသီဥတု အနေအထား၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖြစ်ပေါ်တိုးတက်မှု အနေအထားတို့ကား တစ်ခုနှင့်တစ်ခု မတူညီကြပါချေ။

တိုးမြစ်ဝှမ်းတစ်လျှောက်တွင် တောင်ယာမရှိ၊ ရေနံတွင်းမရှိ၊ ယင်းဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာနှင့် အင်းအိုင် ဖြစ်သည်။ ကရင်နှင့် မြန်မာ အများအပြား နေထိုင်သည်။ ထို့ကြောင့် မောင်နေဝင်းသည် သူ၏ ဝတ္ထုတွင် ငါးလုပ်ငန်း အကြောင်းနှင့် ခက်ခဲသိမ်မွေ့သော ကရင် မြန်မာ ပြဿနာကို အထူးဂရုပြု တင်ပြထားသည်။

မြစ်ဝကျွန်းပေါ်၏ ရေမြေ အနေအထားသည် မြောက်ပိုင်းလို တောတောင်စိမ့်စမ်းများ မဟုတ်။ မြေလတ်ပိုင်းလို လွင်ပြင်ကျယ်နှင့် သဲချောင်းများ မဟုတ်။ ချောင်းငယ် မြစ်ငယ်များ ပြည့်မွှာနေသော ရေတစ်ဝက် ကုန်းတစ်ဝက်ဒေသ ဖြစ်သည်။ ဤဒေသတွင် နေရာယူ တိုက်ပွဲဆင်နွှဲသည်ဖြစ်စေ၊ ပြောက်ကျားစစ်ပွဲ ဆင်နွှဲသည်ဖြစ်စေ၊ တောင်ပေါ်နှင့် လွင်ပြင်ကျယ်များတွင် တိုက်ခိုက်သည်နှင့်မတူ ကွဲပြားရပေသည်။ မောင်နေဝင်းသည် မြစ်ဝကျွန်းပေါ် စစ်ရေးပုံသဏ္ဌာန်ကို အလေးပြု ဖော်ပြထားသည်။

သို့ဖြင့် သူ၏ဝတ္ထုသည် ငါးနံ့သင်းနေသည်။ ကရင်သံဝဲနေသည်။ ချောင်းရေ မြောင်းရေတို့ဖြင့် စိမ်းစိုလျက်ရှိသည်။

- ဃ -

မြန်မာနိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးများ ကျင်းပသည်ကို အမှတ်ရမိသည်။ ယင်းညီလာခံသို့ မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားပေါင်းစုံနှင့် အလွှာပေါင်းစုံတို့ တက်ရောက်ကြသည်။ နယ်ကိုယ်စားလှယ် အသီးသီးသည် မိမိတို့မြို့နယ်အတွင်း အကောင်းအဆိုး ဖြစ်ပျက်နေသည်များကို ဆောင့်အမျိုးမျိုး ရှုမြင် တင်ပြကြသည်။ အရပ်ရပ် အခြေအနေကို သိရှိကြသောအခါတွင် အကြံဉာဏ်အနည်း ဆွေးနွေးကြသည်။ ထို့နောက်တွင်မှ အဖိုးအနဂ္ဃ ထိုက်တန်သော အခြေခံလမ်းစဉ်နှင့် လုပ်ငန်းပုံသဏ္ဌာန်များ ထွက်ပေါ်လာရသည်။

www.burmeseclassic.com



စာပေနယ်တွင်လည်း သည်သို့ပင် ဖြစ်သည်။ ခံယူချက်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးကို တင်ပြကြသည်။ ထိုမှတစ်ဆင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရသည် ဖြစ်သည်။

နောက်တစ်မျိုး ပြောရလျှင် ညအခါတွင် ကြယ်ပွင့်ကလေးများ လင်းလက်သည်နှင့် တူသည်။ ကြယ်ပွင့် နည်းပါးသေးသည့် ကာလတွင် ညသည် မှုန်ရီဝိုးဝါးနေပြီး ကြယ်ပွင့်များ စုံစေ့လာသောအခါတွင် ညသည် ထင်းထင်းလင်းလာမည် ဖြစ်သည်။ အပျံ့အပျူးနှင့် အချိုင့်အဝှမ်းတို့ကို ခွဲခြားနိုင်သည် ဖြစ်ပေသည်။

ရှေ့ရှိုင်း မြေရိုင်းသည် တိုးမြစ်ပြင်ထက်တွင် တောက်ပလာသော ကြယ်ပွင့်နီနီတစ်ခုတည်း။

၂၅၊ ၇၊ ၆၀ နတ်နွယ်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

'ရေရိုင်းမြေရိုင်း' သည် မြစ်ဝကျွန်းပေါ်ကို အခြေတည်သည့် ဝတ္ထု ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ အထူးသဖြင့် တိုးမြစ်ဝှမ်းတစ်လျှောက်ဒေသ၏ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ရှုန်းကန်ချက်များ၊ တိုက်ပွဲများ၊ ပဋိပက္ခများကို ပြကတေ့အတိုင်း အဆာသွတ်ကာ ဇာတ်အိမ်ဖွဲ့သော ဝတ္ထုဖြစ်ပါသည်။

၁၉၄၄ ခုနှစ်ကစ၍ ၁၉၅၁ ခုနှစ်အထိ ၆ နှစ်ကျော် ၇ နှစ်မျှ ကြာမြင့်သော ကာလအတွင်း အရေးတကြီး ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေး အရေးအခင်းများကို အမှန်အတိုင်း ဖြစ်နိုင်သမျှဖြစ်အောင် ဇာတ်အိမ်တည်ဆောက်လျက် ကိုယ်တိုင်ကိုယ်ကျ ပါဝင် လှုပ်ရှားခဲ့ရသည့် ဖြစ်ရပ်များအား စိတ်ကူး ဖန်တီးချက်များဖြင့် ရောနှောယှက်နွယ် မွမ်းမံထားကြောင်းလည်း ဝန်ခံလိုပါသည်။

နိုင်ငံရေး ဖြစ်ရပ်အမှန်များ ပါရှိနေသဖြင့် ယင်းဖြစ်ရပ်တို့နှင့် အကျုံးဝင် ဆက်စပ်နေသည့် အချို့သော ပုဂ္ဂိုလ်များ၊ ခင်မင်ရင်းနှီးသော မိတ်ဆွေများ၏ အမည်တို့ကို မလွှဲမရှောင်သာဘဲ ဖော်ပြသုံးစွဲရသည့်အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် မိတ်ဆွေများက ခွင့်လွှတ်နိုင်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါသည်။

ဝတ္ထုသည် ဝတ္ထုမျှသာ ဖြစ်သော်လည်း အတိတ်ကာလ ဖြစ်စဉ်များ၊ သမိုင်းလမ်းကြောင်းများနှင့် နီးစပ်နိုင်သမျှ ဆက်စပ် အကျုံးဝင်လာပြီဆိုပါက ယင်းဖြစ်စဉ်များ၊ သမိုင်းလမ်းကြောင်းများမှာ အမှန်နှင့် နီးစပ်ရမည်ဟု ကျွန်တော် ယူဆပါသည်။ ဤယူဆချက်ဖြင့် 'ရေရိုင်း မြေရိုင်း' ကို ကျွန်တော် ရေးခြင်းဖြစ်ရာ ဝတ္ထု၏ကျောရိုးအဖြစ် ထည့်သွင်းထားသည့် နိုင်ငံရေးဖြစ်ရပ်များမှာ ထိုကာလ၌ ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်များနှင့် နီးစပ်နိုင်သမျှ နီးစပ်အောင်၊ အမှန်အတိုင်း ဖြစ်နိုင်သမျှ ဖြစ်အောင် ကျွန်တော် အားထုတ်ပါသည်။ တစ်ချိန်တည်းမှာပင် တကယ့်ဖြစ်ရပ်များကို ထောက် အဖြစ် ကျားကန်ပေးနိုင်သည့် အရန်အဖြစ်အပျက်အချို့ကိုလည်း ဖန်တီး ထည့်သွင်းထားပါသည်။

ဤဝတ္ထုရေးဖြစ်ရန် အတန်တန် တိုက်တွန်းအားပေးကြသော ရေးဖော်ရေးဖက် မိတ်ဆွေများကို လည်းကောင်း၊ ဆွေးနွေးညှိနှိုင်းခွင့် ပြုကြသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



နေဖြူတို့မှ မိတ်ဆွေများကို လည်းကောင်း၊ ဗမာ့တပ်မတော် တပ်ရင်း ၄ မှ တပ်သားဟောင်း မိတ်ဆွေများကို လည်းကောင်း၊ လိုအပ်သော စာအုပ်စာတမ်းများကို ရှာဖွေပေးကြသော စာပေဗိမာန် စာတည်းအဖွဲ့ဝင်များ၊ စာတည်းအဖွဲ့ ရည်ညွှန်းစာကြည့်တိုက် အမှုထမ်းများကို လည်းကောင်း၊ တစ်ဆင့်ခံ အကြားအနာအဖြစ် အသုံးပြုခဲ့ရသော စာအုပ်စာတမ်းတို့ကို ရေးသားပြုစုခဲ့ကြသည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ ပုဂံ စာအုပ်တိုက်မှ ရဲဘော်များ၊ မိတ်ဆွေများကို လည်းကောင်း အနူးအညွတ် ကျေးဇူးတင်ရှိပါသည်။

'ရေရိုင်း မြေရိုင်း' နှင့် စပ်လျဉ်းသည့် ထင်မြင်ချက်များ၊ ဝေဖန်ချက်များ၊ အကြံဉာဏ်ပေးချက်များကိုလည်း လေးလေးစားစား နာယူမှတ်သားရန် ဆန္ဒရှိကြောင်း ဖော်ပြအပ်ပါသည်။

၅၊ ၇၊ ၆၈

မောင်နေဝင်း
၇၈၀၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁

ချောင်းရေပြင်သည် စိမ်းလဲ့နေ၏။

ကမ်းတစ်ဖက်တစ်ချက်တွင် သစ်ကြီးဝါးကြီး ဟူ၍ မရှိ၊ ကျူတော ကိုင်းတောကြီးများသာ ပြွမ်းတီးလျက်ရှိသည်။ ကျူပင်များ၏ ပွင့်ဖူးစဖြစ်သော ဖြူရော်ရော် ပါးလျလျ ဆံယဉ်စတွေမှာ လေအဝှေ့တွင် ဝေ့ကာ မြူးကာ ယိမ်းနွဲ့နေကြ၏။

မလက်တိုချောင်းသည် ကျယ်ဝန်းလှသည် မဟုတ်။ အများအားဖြင့် ဝါးနှစ်ရိုက်ခန့်သာ အကျယ်အဝန်းရှိမည်ဖြစ်ပြီး အချို့သော နေရာတို့တွင် ဝါးသုံးလေးရိုက်ခန့် ကျယ်လေသည်။ ချောင်းရိုးတစ်လျှောက်တွင် ဒိုက်သရောများသာ မျောပါလျက် ရှိကြသည်။ အချို့သော ဒိုက်များ၌ကား ပြာလဲ့လဲ့ ဗေဒါပွင့်ကလေးများ ခေါင်းထောင်နေကြသည်။

မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသဆီသို့ ချင်းနင်းဝင်ရောက်နေလေပြီ ဖြစ်သဖြင့် မိုးသက်ရနံ့ သင်းပျံ့သော လေသာလျှင် တိုးဝှေ့လျက်ရှိသည်။ လေသည် မကြာမီ ပြင်းပြင်းထန်ထန် တိုက်ခတ်တော့မည်ဟု ထင်ရပေ၏။ အနောက်တောင်ဘက် ကောင်းကင်ပြင်၌ မိုးသားတိမ်လိပ်များ ပိတ်ဆိုင်း ဆိုင်းယှက်လျက်ရှိလေရာ လောကတစ်ခွင်လုံးမှာ အုံ့မှိုင်းစ ပြုလာသည်။ ကောင်းကင်ပြင်၌ ကျီးကန်းတောင် ကျလာလေပြီ။

မုတ်သုံလေ တစ်ချက်အဝှေ့တွင် ကျူတော ကိုင်းတောကြီးသည် လေဝှေ့ရာဘက်သို့ ယိမ်းထိုးသွားကြ၏။ အချို့ကမူ ချောင်းစပ်တွင် တဖျတ်ဖျတ် လူးလွန့်နေကြ၏။ ကမ်းစပ်မှနေ၍ ချောင်းရေပြင်ပေါ်သို့ ကိုင်းငိုက် လျှောဆင်းနေကြသည့် နွယ်ပင်များမှာလည်း လေအဝှေ့ ရှေ အလှုပ်တွင် မြုပ်ချည်ပေါ်ချည် ဖြစ်နေကြသည်။

ဘောက်တူကလေး တစ်စင်းသည် မလက်တို ချောင်းအတိုင်း ရေဆန် ဆန်တက်လျက် ရှိသည်။ ဘောက်တူ၏ဦးပိုင်း၌ ရိုင်ဖယ်သေနတ်ကိုင် ဂျပန်စစ်သားတစ်ယောက် ထိုင်လာသည်။

www.burmeseclassic.com



အလယ်တွင် မြန်မာလူငယ်တစ်ဦးနှင့် ဂျပန်စစ်ဗိုလ်ကလေးတစ်ဦး ပါလာပြီး ဘောက်တူ၏ပဲ့ပိုင်းမှ လှော်ခတ်လာသူကား အသားမည်းမည်း ခါးကိုင်းကိုင်းနှင့် အင်းအလုပ်သမား ရွာသားတစ်ဦး ဖြစ်လေသည်။

မြန်မာလူငယ်မှာ အသက်အရွယ်အားဖြင့် ဆယ့်ငါးနှစ်ခန့် ရှိမည်ထင်ရပြီး ပိန်ပိန်ပါးပါး ဖြစ်သည်။ အသားလတ်သည်။ သူ၏ဆံပင်များသည် လေအဝှေ့တွင် လွင့်မြူးခုန်ပျံလျက်ရှိသည်။ နှာတံပြားသည်ဟု ထင်ရပြီး မေးရိုး အတန်ငယ်ကားသည်။ သူ့နောက်တွင် ထိုင်လိုက်လာသည့် ဂျပန် စစ်ဗိုလ်ကလေးကား အသားဖြူလှ၏။ အသက်အရွယ်အားဖြင့် နှစ်ဆယ့်ငါးနှစ်ခန့်မျှရှိမည် ထင်ရသည်။ နှာတံပေါ်၏။ မေးရိုးမကားလှဘဲ နှုတ်ခမ်းအစုံမှာ ပါးလှပ်သည်။ သူ၏ခါးတွင် ခြောက်လုံးပူး သေနတ်တစ်လက်ကို ထိုးထား၏။ ဦးထုပ်ချွတ်ထားသည့်အတွက် ပြန်ပေါက်စ ဆံပင်တိုများဖြင့် ပြီးသော ဦးခေါင်းကို တစ်ခါတစ်ခါတွင် လက်ဝါးဖြင့် ပွတ်သပ်နေလေသည်။ ဘောက်တူ၏ ဦးပိုင်းရှိ ရိုင်ဖယ်ကိုင် ဂျပန်စစ်သားကား အသက်လေးဆယ်ခန့် ရှိမည်ထင်ရပြီး ကမ်းဘေး တစ်ဖက်တစ်ချက်ဆီသို့သာ အာရုံစူးစိုက်လျက်ရှိသည်။ သူ့လက်တွင်း၌ ကိုင်ထားသော ရိုင်ဖယ်သေနတ်၏ ထရစ်ဂါတွင် လက်ညှိုးတင်ထားရင်း အမှတ်မထင် တွေ့နိုင်မည့် ရန်သူကို အခါမလပ် စောင့်ကြည့်နေသည်။

ဘောက်တူကလေးတစ်စင်းဖြင့် သို့ကလို ခရီးထွက်လာကြသူတစ်စုသည် တစ်ယောက်နှင့်တစ်ယောက် စကားစမြည် ပြောဆိုခြင်းမရှိဘဲ တစ်ခါတစ်ရံသာလျှင် တောင်ဘက် ကောင်းကင်ပြင်၌ အလိပ်လိုက် အလိပ်လိုက် လိမ့်တက်လာနေသော မိုးသားတိမ်တိုက်များဆီသို့ လှမ်း၍ ငေးမျှော်ကြည့်နေတတ်ကြသည်။ ဘောက်တူ၏ပဲ့ပိုင်းမှ လှော်တက်ကို မှန်မှန်လွှဲကာ လှော်လာသူမှအပ ဂျပန်နှစ်ယောက်နှင့် မြန်မာလူငယ်တို့မှာ ခရီးပန်း နွမ်းနယ်လာကြဟန်တူသည်။

တစ်ခါတစ်ရံ ချောင်းရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများဖြင့် ဆင်ယင်လျက်ရှိသည်။ လှိုင်းကြက်ခွပ်ကလေးတွေက ကမ်းစပ်ဆီသို့ ပြေးလွှား တိုးဝှေ့သောအခါ ကမ်းစပ်ရှိ ကိုင်းပင် ရှည်ကြီးများမှာလည်း လူးလွန့် ယိမ်းနွဲ့လျက်ရှိကြသည်။

မကြာမီ မိုးဖွဲကလေးတွေ တဖျောက်ဖျောက် ကျဆင်းလာ၏။ မိုးစက် မိုးပေါက်ကလေးများက ချောင်းရေပြင်ပေါ်တွင် ခုန်ပျံနေစဉ် လေသည်လည်း အတန်ငယ် ပြင်းထန်လာလေ၏။

ဘောက်တူ ဦးပိုင်းတွင် ငုတ်တုတ်ထိုင် လိုက်လာသော ဂျပန်စစ်သားကြီးမှာ ငြိမ်ချက်သား ကောင်းနေသော်လည်း ဘောက်တူ ဝမ်းပိုင်းရှိ စစ်ဗိုလ်ကလေးမှာမူ ဂျပန်တေးတစ်ပုဒ်ကို တိုးတိုး လေး သီဆိုလျက်ရှိသည်။ သူ သီဆိုနေသောတေးမှာ မြင်းတပ်သားတစ်ဦး၏ တမ်းချင်းဖြစ် ကြောင်း မြန်မာလူငယ်က ကောင်းစွာနားလည်လေသည်။ ဒဏ်ရာ ပြင်းထန်စွာရထားသော မြင်း တပ်သားသည် မြင်း၏ ကျောကုန်းထက်တွင် မိန်းမောရင်း ပါလာ၏။ မိုးစက်မိုးပေါက်များ ကျဆင်းနေသော ည ဖြစ်သည့်အတွက် ခါတိုင်းမြင်နေကျ လကိုပင် မမြင်ရတော့ချေ။ ကြေကွဲဖွယ်

www.burmeseclassic.com



အတိပြီးသော သူ့အဖြစ်ကို ဝေးလံသည့်အရပ်၌ ကျစ်ရစ်ခဲ့သော အိမ်သူသက်ထားက သိမှ သိပါလေစဟု တမ်းတ ဖွဲ့နွဲ့ထားသောတေး ဖြစ်ကြောင်း မြန်မာလူငယ်က သိလေသည်။

မိုးမှာ ဖွဲဖွဲမျှသာ ရွာပါသေး၏။ မြစ်ဝကျွန်းပေါ်ဒေသမို့ မကြာမီ သဲသဲမဲမဲ သွန်းလောင်းရွာချလျှင်လည်း ရွာချပေလိမ့်မည်။ ဤအတိုင်း တစွေစွေ တဖွဲဖွဲလည်း ရှိကောင်း ရှိနေပေလိမ့်မည်။

"စာဖြူစုကို ဘယ်တော့ရောက်မလဲ ဝင်းကြည်စံ"

မြင်းတပ်သား၏ အလွမ်းတေးကို သီဆိုနေရာမှ ဂျပန်စစ်ဗိုလ်ကလေးက အပါးရှိ မြန်မာလူငယ်အား လှမ်းမေးလိုက်၏။

"ရှေ့နားတင်မှာ၊ ရောက်တော့မယ် ဟန်ချို" ဟု ဝင်းကြည် အမည်ခံ မြန်မာလူငယ်က ပြန်ဖြေလိုက်သည်။

သူတို့သည် မအူပင်မြို့၏ အရှေ့ဘက်ခြမ်းရှိ ကျေးရွာများသို့ ခရီးထွက်ခဲ့ကြခြင်းဖြစ်၏။ ပထမဦးစွာ ပန်တပွတ် ချောင်းရိုးတစ်လျှောက်ရှိ ထန်းပင်ကွေ့၊ ကျုံစုတ်၊ တာပတ်၊ မရမ်းကွေ့စသော ကျေးရွာများသို့ ဝင်ရောက်ခဲ့ကြပြီး ဖြစ်သည်။ ပန်တပွတ်ချောင်းဝတွင် ကျွဲညီနောင်က စက်သေနတ်ဖြင့် လိုက်လံပစ်ခတ်သည့်အတွက် သမ္ဗန်ကို ကမ်းစပ်သို့ ကမန်းကတန်း ထိုးကပ်ကာ သူတို့အားလုံး ရေထဲသို့ ခုန်ဆင်း ပုန်းရှောင်ခဲ့ကြရသေးသည်။ ကျေးရွာတိုင်းလိုလိုတွင် ကာကွယ်ရေး အဖွဲ့များကို ဖွဲ့စည်းကာ ရန်သူ၏ လေကြောင်းမှတိုက်ခိုက်မှုအား ကြိုတင်ကာကွယ်ရေး အတွက် အစီအစဉ်များ ချမှတ်ထားခဲ့သည်။ ယခု သူတို့ခရီးစဉ်၏ ရည်ရွယ်ချက်မှာ ဤကြိုတင် ကာကွယ်ရေး လုပ်ငန်းများ မည်မျှအကောင်အထည်ပေါ်သည်၊ မပေါ်သည်ကို စစ်ဆေးရန် ဖြစ်လေသည်။

ဝင်းကြည်သည် မအူပင်တွင် ဖွင့်လှစ်ထားသော ဂျပန်ဘာသာစကားသင်ကျောင်းမှ ထွက်လာသူ ဖြစ်သည့်အတိုင်း ဂျပန်စစ်ဘက် ဌာနဆိုင်ရာများ၏ မေတ္တာရပ်ခံချက်အရ စေတနာ့ဝန်ထမ်း စကားပြန်အဖြစ် လိုက်ပါလာရသူ ဖြစ်လေသည်။

ဝင်းကြည်သည် ပန်တပွတ်ချောင်းဝ၌ ကျွဲညီနောင်၏ စက်သေနတ်ဒဏ်မှ လက်မတင် ကလေး လွတ်မြောက်လာခဲ့ရသည့်အကြောင်းကို ပြန်ပြောင်းစဉ်းစားရင်း တစ်ချိန်တည်းမှာပင် သူ့အဖြစ်ကိုလည်း တွေးနေလိုက်မိ၏။ ချောင်းရေပြင်နှင့်အတူ သူ့အတွေးရေအလျဉ်မှာ မရပ်မနား စီးဆင်းနေ၏။ ယခုကဲ့သို့ စကားပြန်အဖြစ် သူ လိုက်လာရခြင်း အကြောင်းရင်းကို ပြန်တွေးသည်။ ယင်းသို့ လိုက်လာခြင်းမှာ မှန်သလော၊ မှားသလောဟု သုံးသပ်ကြည့်သည်။ အဖြေအတိအကျကိုကား မရ။

စင်စစ် ဝင်းကြည်သည် စကားပြန်အဖြစ် လိုက်ရန် ဝန်လေးနေခဲ့ပေ၏။

"အေး၊ သူတို့ဗိုလ်မှူးကြီး ကိုယ်တိုင်က တကူးတက လိုက်ဖို့ မေတ္တာရပ်ခံတယ်ဆိုတော့လည်း ငြင်းဖို့အခက်သားပဲ။ လိုက်သွားပေါ့ကွာ။ ရွာတွေရောက်ရင်သာ တော်သလို ကြည့်လုပ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်က ပြောလိုက်သည့် စကားလုံးတွေမှာ ဝင်းကြည်၏နားတွင် မှုချဆက်ဆက် ကြားလျက်ရှိပါသေးသည်။ တကယ်ဆိုရလျှင် ဖခင်၏စကားသည် မှန်လှပေ၏။ ရှေ့နောက် မြော်မြင်သော သဘောလည်း ပါပေ၏။ သူ့ဖခင်သည် နှစ်ကာလရှည်ကြာစွာက စ၍ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ ဗမာပြည်သည် တို့ပြည် ဟူသော ဆောင်ပုဒ်ကို လက်ကိုင် ထားကာ ရဲရဲတောက် ဝံသာနုရက္ခိတ တရားတွေ ဟောနေခဲ့သူဖြစ်ကြောင်း ဝင်းကြည် ကောင်းစွာ မှတ်မိနေလေသည်။ နိုင်ငံရေး၌ စိတ်ဝင်စားသူ၊ နိုင်ငံရေး၌ နားလည်သူ ဖြစ်သည်သာမက သူ ယုံကြည်သော နိုင်ငံရေးအတွက် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်သော ဖခင်၏စကားကို ဝင်းကြည်က ဖယ်ရှားပစ်ရန် မဝံ့မစား ဖြစ်ရသည်။

သို့မို့ကြောင့်လည်း ဖခင်၏ တိုက်တွန်းချက်အရ စကားပြန်အဖြစ် လိုက်လာခြင်း ဖြစ် သည်။ စကားပြန်အဖြစ် လိုက်လာရသည့်အတွက် သူသည် ပျော်မွေ့ကြည်နူးခြင်း မဖြစ်မိဘဲ စိတ်ပျက်ဒေါသထွက်ရသည်သာ ဖြစ်၏။ သူနှင့်အတူ ခရီးထွက်လာခဲ့သော ဂျပန်နှစ်ယောက် အနက် 'ကုဘိုစံ' ဟု သူက ခေါ်ဝေါ်သည့် ဂျပန်စစ်သားကြီးက သဘောကောင်း နူးညံ့သလောက် 'ကာဝါရှီမာ' အမည်ရှိ စစ်ဗိုလ်မှာ သဘောဆိုးလှ၏။ ကောက်ကျစ်၏။ ဒေါသကြီးသလောက် ရိုင်းစိုင်းသူလည်း ဖြစ်၏။

ပန်တပွတ် ချောင်းရိုးအတွင်းမှ တာပတ် ရွာကလေးသို့ အရောက်တွင် ပထမဆုံး သူကြီး အိမ်သို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် သူကြီး၏ သမီးပျိုကို ထိကပါး ရိကပါး စကားစခဲ့ ည်။ ကြောက်လွန်း၍ တုန်တုန်ယင်ယင် ဖြစ်နေရှာသော သူကြီးအိုကြီးမှာ သမီးရင်း တစ်ယောက်လုံးကို မထိတထိ ကျီစယ်နေသော ဂျပန်စစ်ဗိုလ်အား မချိလှသော်လည်း အလိုက်သင့်ပင် နေလိုက်ရသည့် အဖြစ်ကို ဝင်းကြည်က မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး ဖြစ်လေသည်။

'ရွာတွေရောက်ရင်သာ တော်သလို ကြည့်လုပ်ပေါ့' ဟူသော ဖခင်၏ မှာကြားချက်သည် သာ သူ့နားတွင် ကြားယောင်လျက်ရှိသည်။ တစ်ချိန်တည်းလိုလိုပင် ကိုတင်သိန်း၏စကားတွေကို သူ သတိရမိပြန်သည်။ ကိုတင်သိန်းသည် အာရှလူငယ် အစည်းအရုံး၏ အတွင်းရေးမှူး ဖြစ် သည့်အပြင် သူ့ထက်လည်း အသက်ကြီးကာ အတွေ့အကြုံများသူ ဖြစ်သည်။

ကိုတင်သိန်းက "ဒီကောင်တွေကို သတိထား မောင်ဝင်းကြည်။ တစ်နေ့နေ့မှာ ဒီကောင် တွေနဲ့ တို့နဲ့ ပြတ်ပြတ်သားသား ရင်ဆိုင်ရလိမ့်မယ်လို့ ငါ ထင်နေတယ်။ ငါတို့ကို အရှေ့အာရှ တိုက် သာတူညီမျှရေးဆိုတဲ့ ငါးစာချပြီး ပါးရိုက်၊ လက်သည်းခွံခွာ။ ငါတို့ အမျိုးသမီးတွေကို မုဒိမ်းကျင့်လုပ်နေတဲ့ အကျင့်ပျက်တွေ။ တစ်ခုတော့ရှိတယ်၊ အခုနေအခါမှာ သူတို့ကို ဟန်မပျက် ဆက်ဆံနေဖို့ အရေးကြီးတယ်။ ဒါကို မင်း ကြပ်ကြပ် သတိထားရမယ်" ဟု ပြောခဲ့သည်။

ဖခင်ဖြစ်သူနှင့် ကိုတင်သိန်း ပြောလိုက်သည့် စကားတွေကား လေးနက်ရိုး မှန်လှ၏။

www.burmeseclassic.com



ယင်းစကားလုံးတွေ၏ အတိမ်အနက်ကို သူ စဉ်းစားသည်မှာလည်း အမှန်ဖြစ်၏။ သို့သော် အဖြေကိုကား ပြတ်ပြတ်သားသား မတွေ့၊ မှုန်ဝါးရီဝေစွာသာ တွေ့ရသည်။

ဝင်းကြည်သည် လေးလံလှသော သက်ပြင်းရှည်ကြီးတစ်ချက်ကိုသာ ချလိုက်မိလေ၏။

## အခန်း ၂

"စာဖြူစု မရောက်သေးဘူးလား"

ကာဝါရှီမာ၏ အမေးကြောင့် ဝင်းကြည်၏ အတွေးရေအလျဉ်တွင် လှိုင်းဘောင်ဘင် ခတ်သွားရသည်။

"စာဖြူစုကိုရောက်ဖို့ ဘယ်လောက် လိုသေးသလဲ ဆရာကြီး" ဟု ဝင်းကြည်က ဘောက်တူ ပဲ့ပိုင်းမှ လှုကြီးထံ လှမ်းမေးလိုက်၏။

"ရှေ့က ကွေ့လွန်ရင် ရောက်ပြီ"

ဘောက်တူဆရာ၏ အဖြေမှာ တိုတောင်းတိကျသည်။ ဝင်းကြည်က ကာဝါရှီမာအား ပြန်ပြောပြလိုက်သည်။

ဤနေရာတွင် ချောင်းသည် အတန်ငယ် ကျယ်ဝန်းလာ၏။ ရေစီးလည်း ပို၍ မြန်လာသလား ထင်ရသည်။ ဘောက်တူမှာ ရေစီးအဟုန်ဖြင့် ပို၍ မြန်လာသည်။ ကမ်းဘေးတစ်ဖက် တစ်ချက်ရှိ ကိုင်းတောကြီးများအလယ်တွင် ခက်လက်ဝေဆာသော စိမ်းစိုသည့် သစ်ပင်အုပ် ကလေးတွေကို တွေ့လာရသည်။

မိုးသည် စောစောကလိုပင် ဖွဲရုံ ဖွဲရုံမျှသာ ရွာသွန်းနေပါသေး၏။ ပို၍သည်းလာမည့် အရိပ်အယောင် ရှိနေသော်လည်း တစ်ချက်တစ်ချက် လေပြင်းတိုက်လိုက်သည်မှအပ မိုးသည်း လာသည် မရှိသေး။

ချောင်းရိုးကို ကွေ့လိုက်မိသည်နှင့် တစ်ပြိုင်နက် စာဖြူစု ရွာကလေးသည် မြင်ကွင်း၌ ဘွားခနဲ ပေါ်လာလေ၏။ စာဖြူစုရွာကို အဝေးမှ လှမ်းမြင်ရသည်မှာ အေးချမ်းတိတ်ဆိတ်လွန်း သလား ထင်ရသည်။ ချောင်းရိုးအတိုင်း အလျားလိုက် တည်နေသည့်အတွက် ရွာအလျား အတန် ရှည်သည်။ ကုက္ကိုပင်၊ သရက်ပင် စသော သစ်ကြီး ဝါးကြီးများဖြင့် အုံ့ဆိုင်း ညို့မှိုင်းလျက် ရှိသည်။

စာဖြူစုရွာသို့ ရောက်ခါနီးလေလေ ဝင်းကြည်မှာ ရင်လေးလေလေ ဖြစ်နေမိသည်။ ရင်လေးနေမိသည့်အဖြစ်ကို သူ ကောင်းစွာသိသည်။ သို့သော် အဘယ့်ကြောင့် ရင်လေးရသနည်း ဆိုသည်ကိုကား သူ မသိချေ။

ဘောက်တူသည် စာဖြူစုရွာ၏ ကမ်းပါးတွင် ထိုးဆိုက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးအိမ်ကို အရင်သွားမယ်" ဟု ကာဝါရီမာက လှမ်းပြောလိုက်သည်။ သူကြီးအိမ် ဘယ်မှာရှိသည်ကို မသိသော ဝင်းကြည်က သက်ပြင်းတစ်ချက် ချမိပြန်သည်။

ဘောက်တူ ထိုးဆိုက်လိုက်သည့် ကမ်းစပ်တွင် ကုက္ကိုပင်ကြီးတစ်ပင် အထီးထီး ပေါက်နေသည်။ အခြားသော အပင်များနှင့်မတူဘဲ ဤကုက္ကိုပင်ကြီးမှာ လုံးပတ်ကြီးသလောက် မြင့်လည်း မြင့်လှ၏။ ချောင်းစပ်နားတွင် ကပ်ပေါက်နေသည့်အတွက် ရေဝနေသောကြောင့်လား မသိ၊ ပင်စည် တစ်ခုလုံးတွင် ရေညှိစိမ်းများ တွယ်ကပ်လျက် ရှိသည်။

ကြီးမားလှသော ပင်စည်တွင် ဝါးလှေကားတစ်ခုသည် နွယ်ပင်ပမာ တွန့်ရှုန့် တွယ်ကပ်နေသည်ကို ဝင်းကြည် သတိထားမိသည်။ ဤကုက္ကိုပင်ကြီးနှင့် ဝါးလှေကားကို ဝင်းကြည်ထက် ပို၍ ဦးစွာသတိထားမိသူမှာ စစ်ဗိုလ်ကလေး ကာဝါရီမာပင် ဖြစ်လေသည်။

ကမ်းပေါ်သို့ တက်မိသည်နှင့် တစ်ပြိုင်နက် ကာဝါရီမာသည် အဆိုပါ ကုက္ကိုပင်ကြီး ပေါ်သို့ လှမ်းကြည့်လိုက်၏။ ပင်စည်တွင် ကပ်လျက်သား ရှိနေသည့် ဝါးလှေကားမှာ အသက် ကင်းမဲ့သူပမာ ငြိမ်သက်နေလေ၏။

"သူကြီးအိမ်ကို သွားမလား"

ဝင်းကြည်က ကာဝါရီမာအား လှမ်းမေးလိုက်၏။ ကာဝါရီမာသည် ကုက္ကိုပင်ကြီးပေါ်သို့ မော့်ကြည့်နေရင်း ခေါင်းခါပြသည်။ ကာဝါရီမာ၏ မျက်နှာမှာ ရဲရဲနီနေသည်။ ပါးစပ်ကလည်း တတွတ်တွတ် ဆဲရေးတိုင်းထွာလျက်ရှိသည်။

"မင်း သူကြီးသွားခေါ်ပါ ဝင်းကြည်စံ"

ကာဝါရီမာ၏အသံမှာ စူးရှပြင်းထန်လှ၏။ ဆက်လက်၍လည်း ဆဲရေးတိုင်းထွာလျက် ရှိသည်။

"ရွာသား တစ်ယောက်ယောက်ကို အခေါ်လွှတ်လိုက်မယ်လေ"

ကာဝါရီမာနှင့် ဝင်းကြည်တို့ အချီအချပြောနေခိုက် ရွာသားအချို့ ရောက်လာသည်။ များသောအားဖြင့် ကရင်အမျိုးသားများ ဖြစ်ကြသည်။ စာဖြူစုမှာ မလက်တို ချောင်းရိုးတစ် လျှောက်၌ ကရင်အမျိုးသား အများအပြား နေထိုင်ရာရွာ ဖြစ်ဟန်တူသည်။ မလှမ်းမကမ်းတွင် ခရစ်ယာန် ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို လှမ်းတွေ့ရသည်။ ဤဘုရားရှိခိုးကျောင်းမှာ အုတ်နှင့် တည်ဆောက်ထားသော အဆောက်အဦ မဟုတ်ဘဲ သစ်ဝါးများဖြင့်သာ တည်ဆောက် ထားသည့် သာမန် အဆောက်အဦမျှသာဖြစ်ကြောင်း ဝင်းကြည် သတိထားမိလေသည်။

"တစ်ယောက်ယောက်ကို အခေါ်ခိုင်းရမလား"

ဝင်းကြည်က ထပ်မေးလိုက်၏။

"မင်းကိုယ်တိုင် သွားခေါ်ခဲ့ပါ။ ဒီသူကြီးကို ငါ အခုတွေ့မှဖြစ်မယ် ဝင်းကြည်စံ။ မြန်မ

www.burmeseclassic.com



တွေဟာ ဘာတစ်ခုမှ အသုံးမကျဘူး။ စိတ်ချရတဲ့လူမျိုးတွေ မဟုတ်ဘူး။ အလကား ခွေးလို လူမျိုးတွေ"

ကာဝါရှီမာ၏ ရဲရဲနီသော မျက်နှာမှာ မီးကျည် မီးခဲလို လျှမ်းလျှမ်းတောက်နေ၏။ သူ့ ပါးစပ်က ထုတ်လွှတ်လိုက်သည့် စကားလုံးများကား ရင့်သီးလှ၏။ ဝင်းကြည်မှာ ရုတ်တရက် မျက်နှာပျက်သွားသည်။ တစ်မျိုးသားလုံးနှင့်ချီ၍ ဆဲရေးတိုင်းထွာခြင်း ခံလိုက်ရသည့်အတွက် ဝင်းကြည်၏ ရင်တွင်း၌ မီးသဘော်နှစ်စင်း ခေါင်းချင်းဆိုင်၍ တိုက်သလို အကြီးအကျယ် လှုပ်ရှား သွားမိသည်။

သို့သော် ဝင်းကြည်သည် မျက်နှာမပျက်အောင် သူ့ကိုယ်သူ ကြိုးစား၍ ထိန်းထားမိ၏။

"ဟန်ချို၊ သိပ်ဒေါသမကြီးနဲ့လေ"

ဝင်းကြည်က သို့ကလို ပြောလိုက်သောအခါ ဟန်ချိုကာဝါရှီမာသည် ကိုယ်ရှိန် အနည်း ငယ်သက်သွား၍ ကုက္ကိုပင်ကြီးပေါ်သို့ လက်ညှိုးထိုးပြ၏။

"ဝင်းကြည်စံ၊ ဒီသစ်ပင်ပေါ်မှာ ကြည့်စမ်း လူတစ်ယောက်မှ မရှိဘူး။ ရန်သူ့လေယာဉ်ပျံနဲ့ ရန်သူရဲ့ လှုပ်ရှားမှုကို ကြိုမြင်နိုင်ပြီး ကာကွယ်နိုင်အောင် ဒီသစ်ပင်ပေါ်မှာ ကင်းတဲ ထိုးပေးထားခဲ့ တယ်။ တစ်ကြိမ်ကို လူ ၄ ယောက် အလှည့်ကျနဲ့ နှစ်ဆယ့်လေးနာရီ မပြတ်ကင်းစောင့်ဖို့ ငါတို့ ညွှန်ကြားထားခဲ့တယ်။ ဒါဟာ နိပ္ပွန် အင်ပီးရီးယဲ တပ်မတော်ရဲ့ ညွှန်ကြားချက်ပဲ။ ဒီညွှန်ကြား ချက်ကို တိတိကျကျ လိုက်နာရမယ်။ တို့က မင်းတို့မြန်မာတွေအတွက် လုပ်ပေးနေရတယ်ဆိုတာ သဘောပေါက်ဖို့ ကောင်းတယ်။ အခု ကြည့်စမ်း။ ကင်းပေါ်မှာ လူတစ်ယောက်မှ မရှိဘူး။ ဒီခွေး တွေ ဘယ်ရောက်ကုန်ပလဲ။ အကောင်းဆုံးကတော့ သူကြီးကို ငါ တွေ့ချင်တယ်။ အဲဒီသူကြီးကို မင်းကိုယ်တိုင် သွားခေါ်ခဲ့။ သူကြီးမှာ တာဝန်အရှိဆုံး"

ထိုအခိုက် ဝိုင်းအုံလာသော ရွာသားများအနက်မှ ရွာသားလေးယောက် ထွက်လာသည်။ သူတို့ကား တာဝန်ကျ ကင်းသမားများ ဖြစ်ဟန်တူပေ၏။ ရွာသားလေးယောက်အနက် တစ် ယောက်မှာ အသက်အရွယ်အားဖြင့် ၆၀ ကျော်ခန့်ရှိမည် ထင်ရသော သျှောင်ထုံးနှင့် အဘိုးကြီး ဖြစ်သည်။ ဤအဘိုးကြီးတစ်ဦးသာ မြန်မာ ဖြစ်လျက် ကျန်လူရွယ် သုံးယောက်မှာ ကရင်အမျိုး သားများ ဖြစ်ကြသည်။

ဝင်းကြည်က သူကြီးကို သွားခေါ်ရန် လှည့်ထွက်တော့မည်ဆဲဆဲတွင် ကာဝါရှီမာက သက်ကာပြလိုက်၏။

ဝင်းကြည်၏ ဦးခေါင်းတွင်း၌ နောက်ကျူ ရှုပ်ထွေးနေလေ၏။ သူကြီးကို သွားခေါ်၍ ရှင်းလင်းပြောဆိုပြီးခါမှ ဤကင်းတာဝန်ကျသူများနှင့် တွေ့လျှင် တော်ပေသေးသည်ဟု သူ ထင်သည်။ ယခုမူ သူကြီးနှင့်မတွေ့မီ ကင်းတာဝန်ကျသူတွေက အရင်ရောက်နှင့်ကြလေပြီ။

ဤပြဿနာကို ကာဝါရှီမာက အဘယ်ပုံ ဖြေရှင်းမည်နည်း၊ မိမိကလည်း အဘယ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ပြေလည်အောင် ဖန်တီးနိုင်အံ့နည်း၊ ကာဝါရှီမာကဲ့သို့ စရိုက်ကြမ်းတမ်းသော၊ ရက်စက်သော စစ်ဗိုလ်တစ်ဦး၏ ဒေါသကို မည်သူက ကြားဝင် ဟန့်တားနိုင်မည်နည်း စသည့် မေးခွန်းများသည် ဝင်းကြည်၏ဦးခေါင်းကို ပြင်းထန်စွာ ရိုက်နှက်တီးခေါက်လျက်ရှိကြသည်။

"မင်းတို့က ကင်းတာဝန်ကျတဲ့ လူတွေလား"

ဝင်းကြည်က မည်သို့မျှ မစီစဉ်နိုင်သေးမီ ကာလအတွင်းမှာပင် အဆိုပါ ကင်းတာဝန်ကျသူ လေးယောက်တို့သည် ကာဝါရှီမာ၏ ရှေ့မှောက်၌ တန်းစီကာ ရပ်နေကြပြီး ဖြစ်ပေ၏။

အားလုံးက ဟုတ်မှန်ကြောင်း ဝန်ခံကြသည်။

"ဘယ်သွားနေကြသလဲ"

ကာဝါရှီမာက ထပ်မေးလိုက်၏။ ဤအမေးကို မည်သူကမျှ မဖြေ။

"မင်းတို့ ဘယ်သွားနေကြလဲလို့ ငါ မေးနေတာကို မကြားကြဘူးလား"

ရုတ်တရက်အားဖြင့် မည်သူကမျှ အဖြေမပေးနိုင်သေးဘဲ ကြောင်ကြည့်နေခိုက် ကာဝါရှီမာသည် ထိုလူလေးယောက်၏ အနားသို့ တိုးကပ်သွားကာ ဘယ်ပြန်ညာပြန် ပါးရိုက်ချလိုက်လေ၏။

ဝင်းကြည်သည် ကာဝါရှီမာ၏လက်ကို လှမ်းဆွဲထား၏။ သို့သော် ပါးရိုက်ရာ၌ ကျွမ်းကျင်လျင်မြန်လွန်းသော ကာဝါရှီမာ၏ လက်များကို ဝင်းကြည် ဟန့်တားရန် ကြိုးပမ်းသည်မှာ နောက်ကျနေလေပြီ။

"ဟန်ချို၊ မလုပ်ပါနဲ့ ဟန်ချို"

"ဘာဖြစ်လို့ မလုပ်ရမှာလဲ ဝင်းကြည်။ တာဝန်ကျတဲ့နေရာမှာ မရှိတဲ့လူတွေကို ငါက ပစ်သတ်ပြီးတော့တောင် အပြစ်ပေးနိုင်တယ်"

"ဒါတော့ ဟုတ်ပါတယ်။ နို့ပေမဲ့ ကျွန်တော် တစ်ခုပြောပါရစေ ဟန်ချို"

"မလိုချင်ဘူး ဝင်းကြည်၊ မင်း မပြောနဲ့။ မင်းနဲ့ ဘာမှ မဆိုင်ဘူး။ မင်းတာဝန်က စကား ပြန်ပေးဖို့ပဲ"

စောစောက ပါးရိုက်ခံလိုက်ရသော လူလေးယောက်မှာ မျက်စိမျက်နှာ ပျက်နေကြသည်။ များစွာ ထိတ်လန့်တုန်လှုပ်နေပုံလည်း ရသည်။ သူတို့အချင်းချင်းလည်း စကားမပြောနိုင်။ ကာဝါရှီမာနှင့်လည်း စကားမပြောနိုင် ဖြစ်လောက်အောင် အံ့အားသင့်နေကြသည်။

"အခု ငါမေးနေတာကို သူတို့ တစ်ခွန်းမှ မဖြေကြဘူး" ဟု ကာဝါရှီမာက ဒေါကြီးမောကြီးနှင့် ထပ်ပြောသည်။

"ကဲ၊ ခင်ဗျားတို့ ဘယ်သွားနေကြတယ်ဆိုတာ ပြောပြလိုက်ကြစမ်းပါဗျာ"

ဝင်းကြည်က ကြားဝင်၍ပြော၏။ ပါးရိုက်ခံထားရသဖြင့် ဝါးလက်က ကွမ်းဖတ်အချို့ နှုတ်ခမ်းအစုံတွင် စွန်းထင်းပေကျံနေသော အဘိုးကြီးက စ၍ စကားပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစား ပြန်နေကြတာပါ မောင်ရယ်။ တစ်ချိန်လုံး ကင်းစင်ပေါ်မှာ ရှိနေကြပါတယ်။ အခု မောင်တို့ ရောက်မလာခင်ကလေးတင်မှ ထမင်းပြန်စားကြတာပါ"

ထိုအဖြေကို ကြားသောအခါ ကာဝါရှီမာမှာ ပို၍ ဒေါသထွက်လာပြန်သည်။

"ထမင်းပြန်စားကြတာ လေးယောက်စလုံး ဟုတ်လား။ ကင်းတာဝန်ကျတဲ့ ကိစ္စမှာ ထမင်းစားဖို့ ဆိုတဲ့ကိစ္စ မပါဘူး၊ သိလား။ မင်းတို့ စစ်ရေးစစ်ရာဆိုတာကို ဘာတစ်ခုမှ နားမလည်ဘူး။ မင်းတို့အားလုံးကို ကင်းတာဝန် ချပေးတာ သူကြီး မဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးကြီးက တုန်တုန်ယင်ယင်နှင့် ဖြေ၏။

"မင်းတို့ကို ဘာဖြစ်လို့ ဒီလို ကင်းတာဝန်တွေပေးသလဲ သိလား။ မင်းတို့အမေ့လင် လေယာဉ်ပျံတွေက ခဏခဏလာပြီး စက်သေနတ်နဲ့ပစ်၊ ဗုံးကြဲ လုပ်နေတာကြောင့် မင်းတို့ရပ်ရွာကို မင်းတို့ဘာသာ ကာကွယ်နိုင်အောင် တာဝန်ပေးတာ။ နိပ္ပွန် အင်ပီးရီးယဲ တပ်မတော်က ပေးတဲ့ တာဝန်ကွ။ အဲဒီတာဝန်ဟာ ကြီးတယ်။ မြင့်မြတ်တယ်"

ကာဝါရှီမာသည် နိပ္ပွန် အင်ပီးရီးယဲ တပ်မတော်က ပေးအပ်လိုက်သည့် တာဝန်များ၏ ကြီးလေးခက်ခဲပုံကို ရှင်းရင်း နဖူးပြင်၌ ရစ်သီးနေသော ချွေးစက် ချွေးပေါက်များကို ခါးတွင် ချိတ်ဆွဲထားသည့် မျက်နှာသုတ်ပဝါငယ်ဖြင့် သုတ်ဖယ်နေ၏။

"နိပ္ပွန် အင်ပီးရီးယဲ တပ်မတော်ဟာ မင်းတို့အတွက် လာပြီး စစ်တိုက်ပေးနေတာ။ ဗမာပြည်ကို အလကားလာတာ မဟုတ်ဘူး။ အလကားလာပြီး အသေခံနေတာ မဟုတ်ဘူး။ မင်းတို့ အတွက် လာတာ။ မင်းတို့အတွက် အသေခံတာ။ အခု ရွာတိုင်းလိုလိုမှာ ဒီလို တာဝန်ပေးထားတာ ချည်းပဲ။ ဒါပေမဲ့ မင်းတို့ ဘယ်တော့မှ တာဝန်မကျေဘူး။ ဟုတ်သလား၊ မဟုတ်ဘူးလား ပြောပါ"

ကာဝါရှီမာက ထပ်ဆင့် မေးခွန်းထုတ်ပြန်သည်။ ကင်းတာဝန်ကျသူတွေကမူ မဖြေ။

သူတို့ အဘယ့်ကြောင့် မဖြေကြောင်း ဝင်းကြည် ကောင်းစွာ ရိပ်စားမိသည်။ တမင် သက်သက် အမြင်ကတ်၍ အရွဲ့တိုက်ကာ မဖြေဘဲနေကြသည် မဟုတ်။ စိုးရိမ်ထိတ်လန့်သော စိတ်က လွှမ်းမိုးထားခြင်း ခံနေရသည့်အတွက် မဖြေနိုင်ကြခြင်းသာ ဖြစ်သည်။ သို့ရာတွင် ယင်းသို့ တစ်စုံတစ်ရာ အဖြေမပေးဘဲ ရေငုံနှုတ်ပိတ်နေကြသည်မှာ မိမိကို အာခံလိုသောကြောင့်၊ အရွဲ့တိုက် လိုသောကြောင့်သာ ဖြစ်သည်ဟု အထင်ရောက်နေသည့် ကာဝါရှီမာမှာကား ပို၍ ဒေါသထွက် သည်ထက် ထွက်လာပြန်၏။

"မင်းတို့ အင်မတန် တာဝန်မဲ့တယ်ဆိုတာကို ဝန်မခံကြဘူးလား"

ကာဝါရှီမာ၏အသံသည် တောကြီးမျက်မည်းအတွင်း၌ သားကောင်ကိုမြင်သဖြင့် ခုန်အုပ် ရန် ဟိန်းလိုက်သော ကျားတစ်ကောင်၏ အသံနှင့်သာ တူနေ၏။ သူ့လက်များသည် အငြိမ်မနေ လှုပ်ရှားလျက်ရှိ၏။ ဘေးနားတွင် ဝိုင်းကြည့်နေသော ရွာသားအချို့မှာလည်း ကြောက်၍ တုန်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ 'ကုဘို့' အမည်ရှိ စစ်သားကြီးကား လုံ့စွပ်တပ်သေနတ်ကို အဆိုပါ ရွာသားများဘက်သို့ချိန်ကာ အသင့် စောင့်ကြည့်နေသည်။

"ဒီလိုပါ မာစတာ။ ကျွန်တော်တို့"

ကင်းတာဝန်ကျနေသူ လေးယောက်အနက်မှ ကရင်လူငယ်တစ်ဦးက စကား စပြောသည်။ ဝင်းကြည်က သူနှင့် ရွယ်တူတန်းတူဖြစ်သော အဆိုပါ ကရင်လူငယ်အား လှမ်းကြည့်မိသည်။ အသားလတ်သည်၊ နှာတံပေါ်သည်။ အရပ်မှာ သူနှင့် မတိမ်းမယိမ်း ဖြစ်သော်လည်း ကိုယ်လုံးကိုယ်ထည် ပိုမိုထွားကျိုင်း ကြံ့ခိုင်သည်။ အင်္ကျီကိုမဝတ်ဘဲ ပခုံးပေါ်တွင် တင်ထားသဖြင့် ပြည့်ဖြိုးကျစ်လျစ်သော သူ့ရင်အုပ်အစုံနှင့် ကြွက်သား ပြိုင်းပြိုင်းထနေသော လက်မောင်းအိုးနှစ်ဖက်ကို အထင်းသား တွေ့နေရသည်။

သို့ရာတွင် ဤကရင်လူငယ်မှာလည်း များစွာတုန်လှုပ် ကြောက်ရွံ့နေသည့်အတွက် စကားပြောရာ၌ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။

"ဘာလဲ၊ မင်းက ဘာပြောမလဲ"

ကာဝါရှီမာက ငေါက်ငမ်းပြန်သည်။

"ပြောလေ။ ခင်ဗျားပြောစရာရှိတာကို ပြောသာပြောပါ" ဝင်းကြည်က ဝင်အားပေးလိုက်မိသည်။

"ဒီလိုပါ။ ကျွန်တော်တို့ ကင်းစောင့်ပါတယ်။ ထမင်းစားချိန်ကျမှသာ ကင်းစင်ပေါ်က ဆင်းလာကြတာပါ။ ထမင်းစားတာကလည်း ဘာမှ မကြာပါဘူး။ စားပြီးပြီးချင်း ကျွန်တော်တို့ ကင်းစင်ပေါ်ကို ပြန်တက်ကြမလို့ပါ။ ကျွန်တော်တို့ တာဝန်ကျေပါတယ်"

ဝင်းကြည်က ဂျပန်လို ပြန်ပြောလိုက်သည့်အခါ ထိုကရင်လူငယ်အား ကာဝါရှီမာသည် အစိမ်းလိုက် ဝါးစားတော့မည့်ကဲ့သို့ စူးစိုက်၍ ကြည့်နေရင်းက ပါးလှမ်းရိုက်ပြန်၏။ ပါးရိုက်ရုံမျှဖြင့် အားမရသေးဘဲ သူ့ခါးရှိ ဓားကို ဓားအိမ်မှ ရှမ်းခနဲနေအောင် ဆွဲထုတ်လိုက်၏။ အပါးတွင် ဝိုင်းနေသော ရွာသားများလည်း နောက်သို့ ရှဲသွားကြလေ၏။

"မင်းတို့ တာဝန်ကျေတယ် ဟုတ်လား" ဟု ပြောပြောဆိုဆို ကာဝါရှီမာသည် အဆိုပါ ကရင်လူငယ်၏ လည်မျိုကို ထိုးခုတ်တော့မည့်အတိုင်း ဓားရှည်ကို တဝင့်ဝင့် လုပ်နေ၏။

"ဟန်ချို၊ ကျွန်တော် တစ်ခုပြောမယ်"

ဝင်းကြည်က ဓားရှည်ဝင့်နေသော ကာဝါရှီမာ၏လက်ကို လှမ်းဆွဲထားရင်း ပြောလိုက်၏။

"ဒါကိုတော့ ကျွန်တော် သဘောမတူနိုင်ဘူး ဟန်ချို"

"မင်း ဘာမှ ဝင်မပြောနဲ့"

"ပြောမယ်၊ ပြောရမယ်"

ဝင်းကြည်၏အသံသည် ပို၍ စူးရှကျယ်လောင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ ပြောဖို့ အခွင့်အရေးမရှိဘူး"

"ရှိတယ်။ ကျွန်တော့်မှာ ပြောဖို့ အခွင့်အရေး အများကြီးရှိတယ်။ ကျွန်တော်ဟာ စကားပြန် ဖြစ်နေတဲ့အတွက် ပြောခွင့်မရှိဘူးလို့ ခင်ဗျား မထင်ပါနဲ့။ ကြေးတန်းစား သက်မွေးဝမ်းကျောင်း စကားပြန်အဖြစ် လိုက်လာတာ မဟုတ်ဘူး။ ခင်ဗျားတို့ တပ်မှူးရဲ့ မေတ္တာရပ်ခံချက်အရ စေတနာ့ဝန်ထမ်း ကူညီဖို့ လိုပါတယ်ဆိုလို့ လိုက်လာတာ။ အခု ကျွန်တော်ပြောတဲ့ စကားကို ခင်ဗျား နားမထောင်ဘဲနဲ့ ထင်ရာလုပ်ချင်ရင် ကျွန်တော့်ကိုပါ တစ်ခါတည်း သတ်လိုက်ပါ။ ကျွန်တော့်ကိုမသတ်လို့ အသက်နဲ့ကိုယ် မြဲပြီး ပြန်ရမယ်ဆိုရင်တော့ ဒီကိစ္စတွေအားလုံးကို ကျွန်တော် တပ်မှူးကို ရှင်းပြရလိမ့်မယ်"

ကာဝါရှီမာသည် ကရင်လူငယ်၏ မျက်နှာနားတွင် တဝဲဝဲလုပ်ထားသော သူ့ဓားရှည်ကို မြေကြီးပေါ်သို့ ဦးစိုက်၍ ချလိုက်၏။ သို့သော် ဓားအိမ်တွင်းသို့ကား ပြန်မသွင်းသေး။

"ကဲ မင်းက ဘာများပြောချင်သလဲ။ ပြောစမ်း"

"ခေါင်းအေးအေးထားပါ ဟန်ချို။ ဒီရွာသားတွေဟာ တာဝန်ပျက်ကွက်တာ မှန်ပါတယ်။ ဒါပေမဲ့ သူတို့ကိုပေးထားတဲ့ တာဝန်တွေ ဘယ်လောက် ကြီးလေးတယ်၊ တာဝန်ကို ဘယ်လို ရိုသေလေးစားထိုက်တယ်ဆိုတာ ဘယ်သူကမှ စိတ်ရှည်လက်ရှည် ရှင်းမပြကြဘူး။ သူတို့ဟာ မသိနားမလည်တဲ့ လူတွေပါ။ သူတို့ကို သိအောင် နားလည်လာအောင် ဘယ်သူကမှ ရှင်းလင်းပြောကြားတာရယ်လို့ မရှိပါဘူး။ အခုလည်း သူတို့ ဘာ့ကြောင့် ကင်းစင်ပေါ်က ဆင်းမိကြတယ်ဆိုတာ ရိုးရိုးသားသား ဝန်ခံနေပြီပဲ။ ဒီလူတွေ ဘယ်လောက်ရိုးသားတယ်ဆိုတာ ဟန်ချို သဘောပေါက်ဖို့သင့်တယ်"

"ဟား ဟား ဟား။ ငါက ဘယ်လိုသဘောပေါက်ရမလဲ ဝင်းကြည်။ ပြောစမ်းပါဦး။ မင်းက ငါ့ကို သင်ပြစမ်းပါဦး"

"ဟုတ်တယ် ဟန်ချို။ မသိရင် သိအောင် ပြောရမယ်။ သူတို့ မရိုးသားဘူးဆိုရင် ခင်ဗျားလို ဂျပန်စစ်အရာရှိရှေ့မှာ တန်းစီလာရပ်ပြီး သူတို့ ကင်းသမားတွေပါလို့ ပြောပါ့မလား။ ကဲ ခင်ဗျား စဉ်းစားကြည့်စမ်း"

ကာဝါရှီမာသည် အခိုက်အတန့်အားဖြင့် ငြိမ်ကျသွား၏။ သို့ရာတွင် အမျက် ပြင်းစွာထွက်နေသော နွားသိုးတစ်ကောင်လို အသက်ပြင်းစွာ ရှူလျက်ရှိသေးသည်။ စောစောက ကရင်လူငယ်မှာကား မျက်စိသူငယ်ဖြင့် ကာဝါရှီမာနှင့် ဝင်းကြည်ဆီသို့ တစ်လှည့်စီ ကြည့်နေလေသည်။

"ကျွန်တော် ပြောတာတွေကို ဟန်ချို သေသေချာချာ စဉ်းစားကြည့်ပါ။ ကျွန်တော်တို့ဟာ ဒီလို မသိနားမလည်ဘဲ ရိုးသားတဲ့ လူတွေကို အများကြီး လမ်းညွှန်ဖို့ လိုပါတယ်။ စိတ်ရှည်လက်ရှည် ရှိဖို့လည်း လိုပါတယ်။ ဒီလူတွေဟာ ဟန်ချိုတို့က ရိုက်ရင်လည်း ခံရမယ်။ သတ်ရင်လည်း ခံရမယ့်လူတွေ မဟုတ်ဘူးလား။ ဟန်ချိုတို့လက်ခုပ်ထဲက ရေတွေ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ဝင်းကြည်။ စကားအများကြီး မပြောချင်ဘူး။ အခုကိစ္စမှာ တာဝန်စကားကိုပဲ ပြောတာကောင်းတယ်။ ဒီလူတွေ တာဝန် ပျက် မပျက် ပြောစမ်း"

"ပျက်တာ မှန်တယ်။ ဒါပေမဲ့"

"အေး၊ ပျက်တယ်ဆိုတာပဲ ငါ လိုချင်တယ်။ အဲဒီတော့ ဒီလိုလုပ်လေ။ ဒီရွာသားတွေနဲ့ စကားမပြောချင်ဘူး။ တာဝန်ရှိတဲ့ သူကြီးကိုသာ ခေါ်ပေး။ ရွာသားတွေမှာ တာဝန်မရှိဘူးဆိုရင် သူကြီးမှာ တာဝန်ရှိတယ်။ သူ့ကို အပြစ်ပေးရမယ်။ ထိုက်တန်တဲ့ အပြစ်ကို ပေးရမယ်"

"ခေါ်ပေးမယ်။ ကျွန်တော်ကိုယ်တိုင် သွားခေါ်မယ်"

ဝင်းကြည်က မလှမ်းမကမ်းရှိ ရွာသားတစ်ယောက်ကိုခေါ်ကာ သူကြီးအိမ်ရှိရာသို့ ထွက်လာခဲ့သည်။

သူကြီးအိမ်မှာ များစွာ ဝေးလံလှသည် မဟုတ်သည့်အတွက် ခဏချင်းမှာပင် ရောက်လာသည်။ သူကြီးအိမ်တွင် မည်သူမျှ မရှိ။ တစ်အိမ်လုံး တိတ်ဆိတ်လျက်ရှိသည်။ ဝင်းကြည်သည် မည်သို့လုပ်ရမှန်း မသိလောက်အောင် စိတ်ရှုပ်သွားမိလေ၏။

အိမ်တံခါးတွေမှာ ပွင့်နေသည်။ သို့သော် လူရိပ်လူယောက်ကိုမျှ မတွေ့ရ။ အနီးအပါး အိမ်များ၌ မေးစမ်းရန်အတွက်ကလည်း အိမ်တွေ ရှိစေကာမူ လူမရှိကြ။ ဘယ်ရောက်ကုန်ကြမည်နည်းဟု ဝင်းကြည်က တွေးမိသည်။ စောစောက ချောင်းစပ်တွင် ဖြစ်ပေါ်နေသော အရေးအခင်းကြောင့် ရွာသူရွာသား များစွာတို့ ထွက်ပြေးတိမ်းရှောင်နေကြသလောဟု စဉ်းစားမိသည်။

"ဒီမှာ ဦးလေး။ သူကြီး ဘယ်သွားတယ်ဆိုတာ မသိဘူးလား။ သိရင် ကျွန်တော့်ကို ပြောစမ်းပါ။ ကျွန်တော် သူကြီးနဲ့တွေ့မှ ဖြစ်မယ် ဦးလေး"

သူ့အနားတွင် ကပ်လိုက်လာသော ရွာသားကြီးကို ဝင်းကြည်က မေးမြန်းရတော့သည်။

အဆိုပါ ရွာသားကြီးသည် ဝင်းကြည်၏အမေးကို မကြားသလိုလုပ်ကာ တစ်ဖက်သို့သာ ငေးစိုက်၍ ကြည့်နေ၏။

"ဦးလေး ကျွန်တော့်ကိုယုံပါ။ စိတ်ချပါ။ သူကြီးကို ကျွန်တော်တွေ့မှ ဖြစ်မှာပါ။ သူ ဘယ်မှာလဲဆိုတာ သိရင် ပြောစမ်းပါ။ အချိန်မရှိတော့ဘူး ဦးလေး"

ဝင်းကြည်က သူခေါ်လာသည့် ရွာသားကြီးအနားသို့ ကပ်ကာ လက်မောင်းကို ဆုပ်ကိုင်ရင်း မေးပြန်သည်။ ထိုအခိုက်မှာပင် ဝင်းကြည်အတွက် ဝမ်းနည်းစရာဖြစ်ရပ်ကို မြင်နေရသည်။ သူက သူကြီးအိမ်ကို လိုက်ပြရန် ခေါ်လာခဲ့သည့် ဤရွာသားကြီး၏ မျက်စိအစုံတွင် မုန်းတီးစက်ဆုပ်သော အကြည့်မျိုး၊ အသွင်လက္ခဏာမျိုးကို မျက်ဝါးထင်ထင် တွေ့မြင်နေရသောကြောင့် ဖြစ်လေသည်။ ဤ စာဖြူစု ရွာသားလေးယောက်အပေါ် ရက်စက် ရိုင်းစိုင်းစွာ ပြုမူသက်ဆံနေသော ဂျပန်စစ်ဗိုလ်အား မုန်းတီးစက်ဆုပ်သလို ယင်းစစ်ဗိုလ်၏ စကားပြန်အဖြစ် လိုက်ပါလာသော မိမိအပေါ်၌လည်း မုန်းတီးစက်ဆုပ်နေလေပြီဟု ဝင်းကြည်က ချက်ချင်း နားလည်လိုက်သည်။

www.burmeseclassic.com



"ဦးလေး ကျွန်တော့်ကိုယုံပါ။ သူကြီးရှေ့ကျတော့ ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးပါ။ အခု သူကြီးနဲ့သာ ကျွန်တော် တွေ့ပါရစေ"

ဝင်းကြည်က သို့ကလို ထပ်၍ တောင်းပန်သည့်အခါတွင်မှ ရွာသားကြီးသည် ဝင်းကြည်ကို တစ်စုံတစ်ရာသော စကားကိုမျှ မပြောဘဲ သူ့နောက်သို့လိုက်ခဲ့ရန် မျက်ရိပ်မျက်ခြည်ပြလျက် တဲအိမ်ကလေးများ အကြားသို့ ခေါ်လာခဲ့သည်။

သူတို့နှစ်ယောက်သား တဲကလေးများအကြားမှ လျင်မြန်စွာ ဖြတ်သန်း ထွက်ခွာလာကြရာ မကြာမီ ရွာအနောက်ဘက် လက်ကွင်းပြင်သို့ ရောက်လာကြသည်။ လယ်ကွင်းနှင့် ရွာ၏အကြားတွင် ကြသောင်းဝါးများ ထူထပ်စွာ ပေါက်လျက်ရှိသည်ကို တွေ့ရသည်။ ဝါးရုံများမှာ အချို့သော နေရာတို့၌ လူရိပ်ကိုပင် မမြင်နိုင်လောက်အောင် ထူထဲ သိပ်သည်းလှသည်။ နေ့၏အလင်းရောင်သည် ဤနေရာတွင် ဖျော့တော့ အားနည်းလှ၏။ မြေပြင်တစ်ခုလုံး၌ကား စေးထန်းသော ရွှံ့များ၊ ရေစပ်စပ် မြက်ပင်ရှည်များနှင့် ကြွေကျထားသည့် ဝါးရွက်များဖြင့်သာ ပြွမ်းတီးလျက်ရှိသည်။

ဝင်းကြည်သည် တောကျွမ်းသည့် မုဆိုးပမာ ဝါးရုံတောများအကြားသို့ လျင်မြန်စွာ တိုးဝင်သွားသည့် အဆိုပါ ရွာသားကြီး၏ နောက်နားမှ ကပ်လျက်သား လိုက်ပါလာ၏။ မကြာမီ ဝါးရုံတစ်ရုံ၏ ခြေရင်း၌ ထိုင်နေကြသည့် လူအချို့ကို တွေ့ရသည်။

"ကဲ၊ အဲဒါ သူကြီးပဲ။ ဟေ့ စောချစ်၊ ဒီသူငယ်က မင်းနဲ့တွေ့ချင်တယ်ဆိုလို့ ငါ ခေါ်လာသကွ"

လမ်းပြ ရွာသားကြီးက လှမ်းပြောလိုက်ရာ ထိုင်နေသူများ အနက်မှ လူတစ်ယောက်သည် ထရပ်လိုက်၏။ သူကား သူကြီး ဖြစ်ဟန်တူသည်။ အသားဖြူ၍ အရုပ်အမောင်းကောင်းသည့် ကရင်အမျိုးသားတစ်ဦး ဖြစ်သည်။ အသက် လေးဆယ်နီးပါးခန့်ရှိပြီ ထင်ရသည်။

"ဟုတ်လား၊ ဆိုစမ်းပါဦး ကိစ္စက"

သူကြီး ဦးစောချစ်က တုံ့ပြန်လိုက်သည့် လေသံမှာ မာကျောသော်လည်း အတန်းငယ်လှုပ်ရှား တုန်ယင်နေသည်ကိုလည်း ဝင်းကြည် သတိထားမိသည်။

"ဟုတ်ပါတယ်။ ကျွန်တော် သူကြီးနဲ့ တွေ့ချင်လို့ပါ"

"ဘာလဲ။ ကျုပ်ကို ခေါ်ခိုင်းတယ် မဟုတ်လား"

"ခေါ်ခိုင်းတာ မှန်ပါတယ်။ ဒါပေမဲ့ သွားမတွေ့ပါနဲ့။ ကင်းသမားတွေ တာဝန်ပျက်တာဟာ သူကြီးမှာ အများကြီး တာဝန်ရှိတယ်လို့ထင်နေပြီး သူကြီးကိုတွေ့ရင် သူ ကောင်းကောင်း[illegible] ပေးလိမ့်မယ်။ အဲဒီတော့ ကျွန်တော် ပြောသလိုလုပ်ပါ သူကြီး"

သူကြီးနှင့်တကွ အခြား ရွာခံလူများက ဝင်းကြည်အနားသို့ တိုးကပ်လာကြသည်။ သူတို့

www.burmeseclassic.com



အားလုံးလိုလို ကရင်အမျိုးသားများသာ ဖြစ်ကြသည်။ ဝင်းကြည်၏ မျက်နှာနှင့် ဝင်းကြည်၏ နှုတ်ဖျားမှ ထွက်လာမည့် စကားလုံးတွေကို မျက်တောင်မခတ် စောင့်ဆိုင်းနေကြသည်။

"သူကြီး အတွေ့မခံပါနဲ့။ သူကြီး မရှိဘူး၊ မြို့တက်သွားတယ်လို့ ကျွန်တော် ပြောလိုက်မယ်။ ကျွန်တော် ဒီနေရာက ပြန်တဲ့အချိန်မှာ သူကြီး လွတ်ရာကိုရွှေ့ပြီး ရှောင်နေပါ။ ဟုတ်လား"

သူကြီးက တစ်စုံတစ်ရာ ပြန်ပြောရန်အတွက် စဉ်းစားချင့်ချိန်နေပုံရသည်။

"ကျွန်တော့်နာမည် ဝင်းကြည်ပါ။ သူကြီးအတွက် အသက်အန္တရာယ် ရှိနေတာမို့ ဒီလို မတွေ့၊ တွေ့အောင် လိုက်ရှာပြီး ပြောတာပါ။ အချိန် သိပ်နည်းနေပြီ။ ကျွန်တော် သွားမယ်။ သူကြီး ရွာနဲ့ဝေးရာကို ထပ်ရွှေ့ပါ"

"အေးလေ၊ ကျေးဇူးပါပဲ။ ဒါပေမဲ့ ကျုပ်ရွာသားတွေ"

"အခုထက် ပိုပြီး အခြေအနေမဆိုးအောင် ကျွန်တော် အစွမ်းကုန် ကြိုးစားပါ့မယ်။ စိတ်ချပါ။ ကဲ ကျွန်တော်သွားမယ် သူကြီး"

ဝင်းကြည်သည် ကြသောင်းဝါးပင်ကြီးများ အကြားမှ လျင်မြန်စွာ လှည့်ထွက်ခဲ့၏။ သူ၏ခြေလှမ်းများမှာ အလာကထက်ပို၍ လျင်မြန်စွာ ရွေ့လျားလျက်ရှိသည်။

တဲကလေးများ၊ အိမ်များ အကြားမှ ဖြတ်သန်းကာ ချောင်းကမ်းစပ်သို့ ရောက်လာချိန်၌ ကင်းတာဝန်ကျ ရွာသားလေးယောက်သည် မြေကြီးပေါ်တွင် တန်းစီ ထိုင်နေကြသည်ကို တွေ့ရပြီး ကာဝါရီမာနှင့် ကုဘို့တို့မှာ ကုက္ကိုပင်ခြေရင်းတွင် စီးကရက်ဖွာရှူနေကြသည်။

ဝင်းကြည်က ကာဝါရီမာနားသို့ ကပ်လာခဲ့၏။

"သူကြီး မရှိဘူး ဟန်ချို။ မနက်က မြို့တက်သွားတယ်။ မြို့ပိုင်ရုံးက ခေါ်လို့တဲ့"

"အေး၊ ငါထင်သားပဲ" ဟု ကာဝါရီမာက အေးစက်စက် ပြောသည်။ ဝင်းကြည်၏စကားကို မယုံတစ်ဝက်၊ ယုံတစ်ဝက် လက်ခံရသည့် သဘောမျိုးဖြစ်ကြောင်း ဝင်းကြည်ကလည်း ရိပ်စားမိသည်။

"ကောင်းပြီ။ ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် သတိပေးတယ်ဆိုတာ ဒီလူလေးယောက်ကို မင်း ပြောပြလိုက်ပါ။ နိပ္ပွန် အင်ပီးရီးယဲ တပ်မတော်စစ်ရုံးရဲ့ကိုယ်စား ငါက သတိပေးတယ်၊ နောက်ကို ဒီလိုလာစစ်ဆေးလို့ တာဝန်ပျက်ကွက်တာမျိုး တွေ့ရရင် တစ်ရွာလုံး မီးရှို့ပစ်မယ်။ အဲဒါကိုသာ သူတို့ နားလည်အောင် မင်းပြောပြ"

ဝင်းကြည်က မြေပေါ်၌ ငုတ်တုတ်ထိုင်နေကြသော ကင်းတာဝန်ကျ ရွာသားလေးဦးထံသို့ သွား၍ ကာဝါရီမာ ပြောသည့်အတိုင်း ပြောပြလိုက်သည်။

"နည်းနည်းတော့ ဂရုစိုက်ပြီး နေကြပေါ့ဗျာ။ နောက်တစ်ခါ ထပ်ဖြစ်ရင် သူကြီးရော တစ်ရွာလုံးပါ ဒုက္ခရောက်ကုန်ကြလိမ့်မယ်။ ကျွန်တော်က စိုးရိမ်လို့ ဒီလို မှာသွားတဲ့အကြောင်း သူကြီးကိုပါ ပြောပြလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



စာဖြူစု ရွာကလေးမှ သူတို့ ပြန်လည် ထွက်ခွာလာချိန်တွင် မွန်းလွဲ ၂ ချက်တီးခန့် ရှိနေလေပြီ။

ကာဝါရီမှာသည် တစ်လမ်းလုံး စကားမပြောဘဲ မျက်နှာထား သုန်သုန်မှုန်မှုန်နှင့် လိုက်လာ၏။ ကုဘို့ကမူ တစ်စုံတစ်ရာ ထူးခြားခြင်း မရှိသလို ဘောက်တူ ဦးပိုင်း၌ ထိုင်ကာ အေးအေးဆေးဆေးပင် လိုက်ပါလာသည်။

သူတို့ စီးနင်း လိုက်ပါလာသော ဘောက်တူကလေးသည် ဒိုက်သရောမျှားအကြားမှ ဖောက်ထွက်ကာ မလက်တိုရွာကြီးရှိရာသို့ ဦးတည်နေလေပြီ။

## အခန်း ၃

"စာဖြူစုမှာ ဖြစ်ခဲ့တာကတော့ ဒီအတိုင်းပဲ အဖေ။ ကျွန်တော့်ရှေ့မှာ ဒီရွာသားတွေကို ပါးရိုက်နားရိုက် လုပ်နေတာ သိပ်အခံရခက်တာပဲ။ ပထမ ကျွန်တော့်ဘာသာ မလက်တိုကတစ်ဆင့် ကုန်းကြောင်းလျှောက်ပြန်မယ်၊ သူတို့နဲ့ မလိုက်တော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားတာ"

မအူပင်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဝင်းကြည်က သူ သွားခဲ့ရသော ခရီးမှ အတွေ့အကြုံကို သူ့ဖခင်အား ရှင်းလင်းပြောပြသည်။

အဖေသည် သူ ပြောသမျှကို ဂရုတစိုက် နားထောင်နေလျက်ရှိ၏။ အဖေ၏ နဖူးကြောကြီးတွေ အပြိုင်းအရိုင်း ထသည်ကိုလည်း ဝင်းကြည် သတိထားမိသည်။

"အေးလေ၊ စာဖြူစု သူကြီး စောချစ်ကို အဖေ သိပါတယ်။ မင်းက အဖေ့နာမည် ပြောပြလိုက်ရောပေါ့။ အဖေ့ကို သူ ကောင်းကောင်းသိတာပဲကွ။ စောချစ်ကို မင့်အကောင်နဲ့ မတွေ့အောင် လုပ်လိုက်တာ မှန်တာပေါ့။ တွေ့ရင် စောချစ်တော့ သက်သာမှာ မဟုတ်ဘူး။ အေး၊ အေး အဲဒါတွေကို မောင်တင်သိန်းဆီ သွားပြောပြဦး၊ ကြားလား"

"ဟုတ်ကဲ့၊ အဖေ"

"နောက်ပြီး မင်းလည်း အေးအေးလူလူ နားနေလိုက်ဦး။ မင်းအမေက ဒီလို ခရီးသွားနေတာ သဘောကျတာ မဟုတ်ဘူး"

ဝင်းကြည်က တိတ်ဆိတ်စွာ နေလိုက်သည်။

အမေ သဘောမကျမှန်း သူ သိသောကြောင့် ယင်းသို့ ခပ်မဆိတ် နေလိုက်ခြင်းသာ ဖြစ်သည်။ အိမ်နှင့် ရက်သတ္တတစ်ပတ်မျှ ခွဲခွာကာ ဂျပန်စစ်ဗိုလ်၏ စကားပြန်အဖြစ် လိုက်သွားရကောင်းလား၊ ဖုံးကြား စက်သေနတ်ကြား တိုးသွားရကောင်းလားဟု အမေ့မှာ စိုးရိမ်ကောင်းစိုးရိမ်ပါလိမ့်မည်။ သို့ရာတွင် ဤသို့သော စိုးရိမ်မှုများထက်ပိုသော အကြောင်းတစ်ရပ်လည်း အမေ့တွင် ရှိနေမည်ဟု ဝင်းကြည်က တထစ်ချ တွက်ဆပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်သားဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ နိုင်ငံရေးတွေ ဘာတွေ လိုက်လုပ်နေတာ ကျွန်မ မကြိုက်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်တွေ" ဟု မကြာခဏ ဆိုသလို အမေက အဖေ့ကိုပြောသံ ကြားရဖူးသည်။

အမေ့စကားလုံးများကို အလွတ် ကျက်မှတ်မိနေပြီမို့ ဝင်းကြည်၏စိတ်၌ အမေနှင့် ရင်ဆိုင်ရလျှင် အဘယ်ကဲ့သို့ ပြောဆိုလိမ့်မည် ဆိုသည်ကို အလိုလိုသိပြီး ဖြစ်သည်။ ထို့ကြောင့် အမေ့အနားသို့ မကပ်ဟော့ဘဲ ခပ်ခွာခွာလုပ်နေရန် ပိုင်းဖြတ်ထားပြီး ဖြစ်သည်။

အိမ်သို့ ဝင်းကြည် ပြန်ရောက်လာပြီ ဆိုသောအခါ မောင်နှမတစ်စု ပျော်ပျော်ပါးပါး စားသောက် ရယ်မောလား ရှိကြပြန်၏။ တကယ်ဆိုရလျှင် ဦးထွန်းတင်နှင့် ဒေါ်သိန်းကြည်သည် လိုက်လျောညီထွေရှိလှသည့် ဇနီးမောင်နှံ မဟုတ်ကြောင်း ရင်းနှီးသူများက သိကြပြီးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဦးထွန်းတင်က စီးပွားရှာသလောက် အပေးအကမ်း ရက်ရောသည်။ အပေါင်းအသင်းလည်း ဆန့်သည်။ သူ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော ရှေ့နေအလုပ်နှင့် စပ်လျဉ်း၍ အင်္ဂလိပ်ခေတ်တွင် အထူးတလည် နာမည်ကြီးခဲ့သူ ဖြစ်လေသည်။ မအူပင် မြို့နယ်နှင့် ခရိုင်အတွင်းရှိ တောင်သူလယ်သမားတို့၏ လယ်ထောက်ခ၊ သီးစားခ၊ လယ်ခွန် လူခွန်ဆိုင်ရာ အမှုအခင်းများ၊ အင်းလုပ်သားတို့၏ အင်းခွန် ပိုက်ခွန်ဆိုင်ရာ အမှုအခင်းများ၊ ပုစွန်ဖောင်လုမှု၊ မြောလုမှု၊ မြင်းဝင်းနေရာ အငြင်းပွားမှု စသည့် အမှုအခင်းများတွင် ငွေကြေးကို ပဓာနမထားဘဲ ရှေ့နေလိုက်ပေးတတ်သဖြင့် တောသူတောင်သားတို့၏ လေးစားချစ်ခင်ခြင်း ခံရသူလည်း ဖြစ်ပေသည်။

ထိုမျှသာမက ဦးထွန်းတင်သည် သခင်ဘွဲ့ကို အမြတ်တနိုး ခံယူလျက် တို့ဗမာအစည်း အရုံးသို့ ဝင်ရောက် ဆောင်ရွက်သေးသည်။ မအူပင် စီရင်စု တို့ဗမာအစည်းအရုံးကို စတင် တည်ထောင်သူများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဒေါ်သိန်းကြည်ကား ခင်ပွန်းဖြစ်သူနှင့် မတူ၊ တစ်မူကွဲပြားသူ ဖြစ်၏။ ဒေါ်သိန်းကြည် သည် အပေးအကမ်း ရက်ရောခြင်း မရှိ။ ခြိုးခြံချွေတာ၏။ အပေါင်းအသင်း ဟူ၍လည်း များများ စားစား ထားတတ်သူ မဟုတ်။ သူ့ခင်ပွန်းသည်၏ စိတ်နေသဘောထားကိုသိသော ဒေါ်သိန်းကြည် သည် တစ်ဖက်တစ်လမ်း ဝင်ငွေရစေအံ့သောငှာ ကမ်းနားလမ်းတွင် ဆိုင်တစ်ဆိုင်ဖွင့်ကာ စီးပွား ရှာခဲ့၏။

သို့မို့ကြောင့်လည်း သူတို့၏ သားသမီး လေးယောက်မှာ တင့်တောင့်တင့်တယ် နေနိုင် ကြရခြင်း ဖြစ်သည်။ ထွန်းကားခဲ့သော သားသမီး လေးယောက်အနက် တစ်ယောက် တစ်ဘာသာစီ၊ စိတ်သဘောထား တစ်မျိုးစီ ဖြစ်ကြသော်လည်း ဖခင်နှင့် မိခင်အပေါ်၌ကား ကြောက်ချစ်လေးစား ကြရသည်။

ထွန်းကြည်မှာ သားအကြီးဆုံးဖြစ်ပြီး မလှကြည်ကား ထွန်းကြည်အောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မလှကြည်၏အောက်တွင် ဝင်းကြည်နှင့် အမာကြည်တို့ ရှိကြသည်။ သူတို့ မောင်နှမလေးယောက် စလုံး ၂ နှစ်ကြီး ၂ နှစ်ငယ်များသာ ဖြစ်ကြသည်။ တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသလို ရပ်ရေးရွာရေး နိုင်ငံရေးများ၌ စိတ်ဝင်စားသူမှာ ဝင်းကြည်သာ ဖြစ်ပြီး အစ်ကိုအကြီးဆုံး ထွန်းကြည်ကား ဘိုကေကို တသသ ဖြီးသင်ရင်း ဂီတာတီးလိုက်၊ တယောထိုးလိုက်ဖြင့် အေးအေးလူလူ နေတတ်သူသာတည်း။

ယခုမူ ဦးထွန်းတင်သည် ရှေ့နေလုပ်၍ မဖြစ်တော့သည့်အလျောက် ကမ်းနားလမ်း၌ ပွဲရုံကလေးတစ်ရုံဖွင့်ကာ ဝမ်းရေးအတွက် ဦးဆောင် ကြိုးပမ်းရ၏။

အင်္ဂလိပ် လေယာဉ်ပျံတို့၏ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်မှ လွတ်ရာလွတ်ကြောင်း တစ်မြို့လုံး လိုလို ပြေးလွှားပုန်းအောင်းလျက် ဘုရားတန်ဆောင်းများ၊ မြို့စွန်ရပ်ကွက်များ၊ ရွာငယ်များတွင် သွားရောက် နေထိုင်ကြရသည်ဖြစ်ရာ သူတို့ မိသားစုမှာလည်း အနောက်ကုန်းရွာကလေးသို့ ယာယီအားဖြင့် ပြောင်းရွှေ့နေထိုင်လျက် ရှိသည်။

အနောက်ကုန်းရွာကလေးသည် စစ်ပြေးများဖြင့် စည်ကားလျက်ရှိ၏။ သရက်ပင်၊ ကုက္ကိုပင်၊ ပိန္နဲပင်များသာမက ထီးရိုး ဝါးပင်များဖြင့် အုံ့ဆိုင်းနေလေရာ မြို့တွင်း၌ နေရသည်ထက် ပို၍ အေးချမ်းသာယာသည်ဟု ထင်ရသည်။

ရွာပြင်ရှိ လယ်ကွင်းများဆီသို့ တိုးလျှိုပေါက် မြင်ရသည်။ လယ်မြေများမှာ ထွန်ယက် စိုက်ပျိုးမှုနှင့် ကင်းဝေးနေသည့်အတွက် ကောလုခမန်း ရှိနေလေပြီ။ ရွာနှင့် နှစ်ဖာလုံခန့်ဝေးသော နေရာတွင် ရွှေဘုန်းမြင့် စေတီတော်ကြီး တည်ရှိသည်။ ရွှေဘုန်းမြင့် စေတီတော်ကို လွန်လေလျှင် မအူပင် မြို့အတွင်းသို့ ရောက်ပြီဟု ဆိုနိုင်ပေ၏။

"ကိုဝင်း၊ ဘယ်သွားမလို့လဲ"

အိမ်ပေါ်မှအဆင်း မလှကြည်က ဝင်းကြည်ကို လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

"အဖေ့ဆီ"

ကမ်းနားလမ်းရှိ အဖေ့ပွဲရုံသို့ နေ့စဉ်နေ့တိုင်းလိုက်ကာ အဖေနှင့်အတူ ဒိုးတူပေါင်ဖက် အလုပ်လုပ်ရသူမှာ ဝင်းကြည်သာ ဖြစ်သည်။ ထွန်းကြည်ကား ပွဲရုံနားသို့ပင် ကပ်သူမဟုတ်။

'အဖေ့ဆီ' ဟူ၍သာ ပြီးစလွယ် ပြောခဲ့ခြင်း ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဝင်းကြည် သည် ယနေ့အဖို့ရာ၌ ပွဲရုံသို့လိုက်သွားရန် စိတ်မကူးချေ။ သူ့ခြေလှမ်းများသည် ၆ ဖြတ်လမ်း ဘက်သို့သာ ဦးတည်လျက်ရှိ၏။ ရွှေဘုန်းမြင့် စေတီတော်သို့ ရောက်သောအခါ မြို့တွင်းသို့ မဝင်တော့ဘဲ ရိုးပြတ်များကိုဖြတ်ကာ ၆ ဖြတ်လမ်းဘက်ဆီသို့ လျှောက်လာခဲ့သည်။

နာရီဝက်ခန့် လျှောက်လာမိသောအခါ ၆ ဖြတ်လမ်း၏ အစွန်အဖျားရှိ နှစ်ထပ်အိမ်အိုကြီး တစ်အိမ်ဆီသို့ ဝင်လာခဲ့သည်။ အိမ်ကြီးသည် ခြေတံရှည်ရှည် မွန်အိမ်ပုံစံမျိုးဖြစ်ပြီး ခြံဝင်းလည်း ကျယ်လှ၏။ ရှင်းလင်းပြပြင်ခြင်း မရှိသည့်အတွက် ခြံတစ်ခုလုံးတွင် မြက်ပင်ရှည်ကြီးများ၊ ချုံနွယ်

www.burmeseclassic.com

www.burmeseclassic.com



များ အလေ့ကျပေါက်လျက်ရှိရာ လူမနေသည့် အိမ်ကြီးသဖွယ် ဖြစ်လေသည်။ ၎င်းအိမ်နှင့် ကပ်လျက်သားနေရာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း ရှိသည်။ ဘုန်းကြီးကျောင်းမှာ ဝါး ထရံကာ ဓနိမိုးသာ ဖြစ်ရာ မြို့က ဘုန်းကြီးကျောင်းနှင့် မတူ၊ တောရကျောင်းနှင့်သာ ပိုတူနေသည်။

ချုံပုတ်များအကြားရှိ လူသွားလမ်းငယ်အတိုင်း တိုးဝင်သွားသည့် ဝင်းကြည်သည် အိမ်ကြီး၏ အရှေ့ပေါက်မှ မတက်ဘဲ အနောက်ဘက်ပေါက်မှ လှည့်တက်လာခဲ့၏။

"လာဟေ့ ဝင်းကြည်၊ မင်း နောက်ကျတယ်"

အိမ်နောက်ဖေးခန်းတွင်းမှ အသံတစ်သံက ဆီးကြိုလိုက်သည်။ ဤအသံမှာ ဖုန်းမြင့်၏ အသံဖြစ်ကြောင်း ဝင်းကြည် ကောင်းစွာ သိလေသည်။

ဝင်းကြည်သည် အခန်းတွင်းသို့ လှမ်းဝင်လိုက်၏။ အပြင်အလင်းရောင် မဝင်သည့်အတွက် အခန်းတွင်း၌ အတန်ငယ် မှောင်နေသလား ထင်ရသည်။ ဖုန်းမြင့်၏ အသံကို ကျက်မှတ်မိသဖြင့် ဖုန်းမြင့် ရောက်နေကြောင်း သိသော်လည်း အခြား မည်သူတွေ ရောက်နေမှန်းကိုကား မျက်စိကျင့်သားမရသေးသည့်အတွက် မမှန်းဆတတ်။

"အေးကွ။ အိမ်က အထွက်ခက်နေတာနဲ့"

ပြောပြောဆိုဆို ဝင်းကြည်က ထိုင်ချလိုက်၏။ တစ်ယောက်က ထ၍ ပြတင်းတံခါးကို ဟရုံမျှ ဟလိုက်သည်။ ပြတင်းတံခါးသည် ကျွီခနဲမြည်ကာ အတန်ငယ် ပွင့်သွား၏။ အပြင်ဘက်မှ အလင်းရောင် ယှဲ့ယှဲ့ ဝင်လာသည်။ လေသည်လည်း ပြတင်းတံခါးကြားမှ တိုးဝင်လာသည်။

အခန်းတွင်း၌ ရောက်နေနှင့်ကြသူများကို ဝင်းကြည် မြင်လာရသည်။ ကိုတင်သိန်း၊ ဖုန်းမြင့်၊ စိုးသိမ်းနှင့် တင့်အောင်တို့ ဖြစ်ကြသည်။ ကိုတင်သိန်းမှအပ ဖုန်းမြင့်၊ စိုးသိမ်းနှင့် တင့်အောင်တို့သည် သက်တူရွယ်တူ ကျောင်းနေဖက်များ၊ ကစားဖော်ကစားဖက်များ ဖြစ်သည်။ ယခုလည်း သူတို့ သူငယ်ချင်းလေးယောက်မှာ တစ်စုံတစ်ခုသော လုပ်ငန်း၌ စိတ်တူကိုယ်တူ ဝင်ရောက် လုပ်ကိုင်နေကြသည်။

သူတို့လူစုတွင် ကိုတင်သိန်းသည် အသက်ပိုကြီးသည်သာမက သူတို့ကို ဦးစီးခေါင်းဆောင်နေသူလည်း ဖြစ်သည်။ အာရှလူငယ် အစည်းအရုံး၏ ခေါင်းဆောင်အဖြစ် ဝင်းကြည်တို့ လူငယ်လူရွယ် တစ်သိုက်ကို စုစည်းကာ ကျောင်းတွေ ပိတ်ထားရသဖြင့် ပညာသင် ပျက်ပြားနေကြရသည့် ကလေးသူငယ်များအတွက် အလွတ်ပညာသင်ကျောင်း ဖွင့်ပေးသည်။ အားကစား လှုပ်ရှားမှုများကို စီစဉ်ပေးသည်။

ဖုန်းမြင့်ကား သွက်လက်ချက်ချာ၏။ သူ့ဖခင်မှာ ကုန်သည်တစ်ဦး ဖြစ်ပြီး သားအပေါ်၌ အလွန်တရာ အလိုလိုက်၏။ စိုးသိမ်းကား တိကျသည်။ စေ့စပ်သည်။ ဖျတ်လတ် တက်ကြွသည်။ ကိုတင်သိန်း ပြီးလျှင် သူတို့တစ်သိုက်ကို ဦးဆောင်သူမှာ စိုးသိမ်း ဖြစ်သည်။ သူတို့အားလုံး အနက်တွင် စကားအနည်းဆုံး မလှုပ်မရှားနိုင်လှသည်ဟု ဆိုရလောက်အောင် အငြိမ်ဆုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



တင့်အောင် ဖြစ်၏။ တင့်အောင်သည် ဆေးပေါ့လိပ်ကို ပြင်းပြင်းဖွာရှူရင်း တစ်လျှောက်လုံး ငြိမ်နေတတ်၏။

"လာဟေ့ မောင်ဝင်းကြည်။ တော်တော် ပင်ပန်းခဲ့သလား" ဟု ကိုတင်သိန်းကမေးရာ ဝင်းကြည်က တစ်စုံတစ်ရာ အဖြေမပေးဘဲ ပြုံးပြုံးပင် ဝင်ထိုင်နေလိုက်၏။

အလင်းရောင် မှေးမှိန်မှိန်တွင် မျက်စိကျင့်သားရလာသော ဝင်းကြည်က အခန်းတွင်းသို့ ဟိုမှ သည်မှ အကဲခတ်ကြည့်နေမိသည်။ အခန်းသည် မကျဉ်းလွန်း၊ မကျယ်လွန်းသော အခန်း ဖြစ်၏။ လူမနေသောအိမ်မို့ တစ်အိမ်လုံးမှာကဲ့သို့ပင် အခန်းတွင်း၌လည်း ပင့်ကူအိမ်များ၊ ပိုးဟပ် ချေးများဖြင့် ပြည့်လျှမ်းလျက်ရှိသည်။ အနံ့အသက်ကလည်း အောက်သိုးသိုး ဖြစ်နေကြောင်း ဝင်းကြည် သတိထားမိသည်။ အခန်း၏ ထောင့်တစ်ထောင့်တွင် ကပ်ထားသော ထင်းရှူးသေတ္တာ ဟောင်းကြီးတစ်လုံးမှအပ အခြား ပစ္စည်းပစ္စယ ဟူ၍ ဘာမျှမရှိ။ ကြမ်းခင်းပျဉ်ပြားများမှာ မိုးဒဏ် နေဒဏ်တို့ကြောင့် ခုံးထသည့် နေရာများတွင် ခုံးထနေကြသဖြင့် မညီမညာ ဖြစ်နေကြသည်။

အိမ်၏ ဝန်းကျင်တစ်ခုလုံးမှာ အထူးတလည် တိတ်ဆိတ်လျက်ရှိသည်။ ခြံက ကျယ်ရ သည့်အပြင် ဤနေရာတစ်ဝိုက်တွင် အိမ်နီးချင်းဟူ၍ ဘုန်းကြီးကျောင်းကလေးသာ ရှိနေလေရာ သူတို့လုပ်ကိုင်နေသော လုပ်ငန်းအတွက် အထူး သင့်တင့်လျော်ကန်သည့်နေရာ ဖြစ်သည်။

"ကဲ၊ အခု စကြရအောင်။ ပထမဆုံး အစီအစဉ်မှာ မောင်ဝင်းကြည်ရဲ့ ခရီးစဉ်ကိစ္စပဲ။ အဲဒါကို မောင်ဝင်းကြည်က ပြန်တင်ပြပေါ့။ ဒီအပေါ်မှာ ကိုယ်တို့က ထင်မြင်ချက် သုံးသပ်ချက် လုပ်ကြမယ်။ နောက် ဒုတိယအစီအစဉ်ကတော့ လက်ရှိအခြေအနေကို ကိုယ်က ရှင်းပြမယ်။ တတိယအစီအစဉ်အဖြစ် ရှေ့လုပ်ငန်းစဉ်တွေနဲ့ အထွေထွေပေါ့။ အခု မောင်ဝင်းကြည်ရဲ့ ခရီးစဉ် အတွေ့အကြုံကို ကြားကြရအောင်"

ကိုတင်သိန်းက ဆွေးနွေးပွဲ အစီအစဉ်ကို သို့ကလို ချပြသည်။ ဝင်းကြည်က သူ လိုက်ပါ သွားခဲ့သော ခရီးစဉ် အတွေ့အကြုံကို ပြောအံ့ဆဲဆဲ ကိုတင်သိန်းက တစ်စုံတစ်ရာကို သတိရလာ သည့်အလား စကားဆက်ပြန်သည်။

"ကိုချစ်မောင်လည်း ဒီဆွေးနွေးပွဲကို လာလိမ့်မယ်။ အခု အချိန်မီ ရောက်မလာတာကတော့ သူ့သွားရေးလာရေး အခက်အခဲကြောင့် ဖြစ်မယ်ထင်တယ်"

ဝင်းကြည်ကမူ ကိုချစ်မောင် လာမည်ဆိုသောကြောင့် အံ့အားသင့်သွားမိ၏။ ကိုချစ်မောင် ဆိုသူကို မသိသောကြောင့် မဟုတ်၊ သိပါ၏။ ကိုချစ်မောင်သည် ကိုတင်သိန်းကဲ့သို့ပင် အာရှ လူငယ် အစည်းအရုံးကို ခေါင်းဆောင်မှုပေးနေသူတစ်ဦး ဖြစ်၏။ သို့ရာတွင် ကိုတင်သိန်းလောက် တက်ကြွကာ နိုင်ငံရေး၌ စိတ်ဝင်စားသည်ဟု သူ မတွေးထင်ခဲ့။ ယခုမူ သူတို့၏ ထိပ်တန်း လျှို့ဝှက်ဆွေးနွေးပွဲသို့ ကိုချစ်မောင်ပါ တက်လာမည်ဟု သိရလေပြီ။ ကိုချစ်မောင်သည် ဤကဲ့သို့ အရေးကြီး လျှို့ဝှက်ရသော လုပ်ငန်းမျိုးတွင် ပါဝင်နေလေပြီဟု နားလည်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ကိုချစ်မောင် ရောက်လာသည်။

ယခု ဆွေးနွေးပွဲသို့ ကိုတင်သိန်းသာမက ကိုချစ်မောင်ပါ တက်ရောက်လာသည့်အတွက် ဆွေးနွေးရမည့် ပြဿနာရပ်များ၏ အရေးကြီးပုံကို အားလုံးက ရိပ်စားမိကြပြီး ဖြစ်သည်။

"ကဲ မောင်ဝင်းကြည်က စပြောပေတော့"

ကိုတင်သိန်းက သို့ကလို စကား အစပျိုးလိုက်သောအခါ ဝင်းကြည်သည် မအူပင်မှနေ၍ ပန်းတပွတ်ချောင်းရိုးတစ်လျှောက် ရွာစဉ်များနှင့် မလက်တိုချောင်းရိုးမှ စာဖြူစုရွာအထိ သူ လိုက်ပါသွားခဲ့သော ခရီးစဉ်၊ တွေ့ကြုံခဲ့ရသော အတွေ့အကြုံနှင့် ရင်ဆိုင်ခဲ့ရသော အဖြစ်အပျက်များကို အသေးစိတ် ပြန်လည် ရှင်းပြလိုက်လေသည်။

ဝင်းကြည်၏ စကားဆုံးသွားသောအခါ ကိုတင်သိန်းက

"စာဖြူစုမှာ မောင်ဝင်းကြည် လုပ်ပုံ မှန်တယ်။ အထူးသဖြင့် စာဖြူစုဟာ ကရင်အမျိုးသားအများစု နေထိုင်တဲ့ ကရင်ရွာမို့ ပိုပြီးလိုအပ်တယ်။ ဂျပန့်လက်အောက်မှာ ဗမာတွေမှ ဒုက္ခရောက်နေတာ မဟုတ်ဘူး။ ဂျပန်ရဲ့ ဖိနှိပ်ညှဉ်းပန်းမှုကြောင့် ပေါ်ပေါက်လာတဲ့ ဘေးဒုက္ခ ဟူသမျှကို ဗမာရော ကရင်ပါ တန်းတူညီမျှ ခံနေရတယ်ဆိုတာ ကရင်အမျိုးသားတွေ မျက်ဝါးထင်ထင် တွေ့မြင်သွားပြီ။ နားလည် သဘောပေါက်သွားပြီ။ အထူးသဖြင့် ဂျပန်တက်စက အိမ်မဲဘက်မှာ ပေါ်ပေါက်လာခဲ့တဲ့ ကရင် ဗမာ အရေးအခင်းတွေအပြီး ကရင်အမျိုးသားတွေက ဗမာတွေအပေါ် နာကြည်းနေတယ်။ ဂျပန်နဲ့ပေါင်းပြီး သူတို့ကို ဗမာတွေက နှိပ်စက်နေတယ်လို့ ထင်နေတယ်။ ဒါကို ကိုယ်တို့ ကြပ်ကြပ် သတိထားရမယ်။ ကရင်အမျိုးသား အများစုမှာ ဒီအစွဲအလန်း ရှိနေတယ်ဆိုတာ ကိုယ်တို့ မေ့ထားလို့မရဘူး။ အဲဒီအခြေအနေနဲ့ ယှဉ်ပြီးသုံးသပ်ကြည့်တော့ စာဖြူစုရွာကိုရောက်တုန်း မောင်ဝင်းကြည် ပြုမူဆောင်ရွက်ပုံဟာ မှန်ကန်တယ်လို့ ဆိုရပေလိမ့်မယ်"

အားလုံးက ကိုတင်သိန်း၏ ရှင်းပြချက်များကို ငြိမ်သက်စွာ စူးစိုက်နားထောင်လျက်ရှိသည်။ ကိုချစ်မောင်ကသာ စာရွက်ကလေးတစ်ခုပေါ်တွင် လက်ရေးသေးသေးဖြင့် လိုက်လံရေးမှတ်နေသည်။

"ဒါဟာ ဘာပဲပြောပြော ကရင်အမျိုးသားတွေကို မောင်ဝင်းကြည်က တတ်နိုင်သလောက် အကာအကွယ်ပေးရာရောက်တယ်။ သူတို့က သိပ်ကျေးဇူးတင်မယ်။ ဒီအချက်ဟာ အရေးကြီးတယ်။ ကိုယ်တို့ဟာ မြို့ပေါ်က ပညာတတ်တွေ လူငယ်လူရွယ် ကျောင်းသားတွေနဲ့ မြို့နေလူတန်းစားကို စည်းရုံးတာနဲ့ မလုံလောက်ဘူး။ ကျေးရွာတွေက လူတွေကိုပါ စည်းရုံးဖို့ လိုအပ်တယ်။ မောင်ဝင်းကြည်က စာဖြူစု သူကြီးနဲ့ ရွာသားလေးယောက်ကို ဒီလို ဝင်ပြီး အကာအကွယ်ပေးလိုက်တာဟာ စည်းရုံးရေး သဘောလက္ခဏာပါပဲ။ ဒီကိစ္စဟာ နောက် ကိုယ်တို့ ဆက်လုပ်ရမယ့် လုပ်ငန်းအတွက် အများကြီး အကျိုးရှိစေမယ်လို့ ကိုယ်ထင်တယ်။ ကိုယ့်သဘောထားကတော့ ဒါပဲ။ တခြားသဘောထားတွေရှိရင် ပြောကြဦးပေါ့။ ကိုချစ်မောင်ကရော"

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်မောင်က ရေးမှတ်နေရာမှ

"ပြောစရာ အထူးအထွေ မရှိပါဘူး။ ရှေ့လုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့အပိုင်းရောက်တော့ ပြောတာပေါ့" ဟု ဆို၏။

တင့်အောင်ကား ရှမ်းဖက်ဆေးလိပ်ကို ရှိုက်ဖွာနေ၏။ စိုးသိမ်းမှာမူ ခေါင်းကို အောက်စိုက်ရင်း နားထောင်နေ၏။ ဖုန်းမြင့်မှာ ဒူးနှစ်လုံးကို လက်မောင်းများအကြား၌ ထောင်ညှပ်ကာ ထိုင်နေလေ၏။

"ဒီအတွေ့အကြုံကို သင်ခန်းစာ ယူထားကြရမယ် ဟုတ်လား။ ကဲ ဒုတိယ အစီအစဉ်ဖြစ်တဲ့ လက်ရှိအခြေအနေကို ကိုယ် ဆက်ရှင်းပြမယ်"

ကိုတင်သိန်းကား ဖွဲကောင်းသူ၊ အပြောင်းခံနိုင်သူ ဖြစ်လေသည်။ တင်ပျဉ်ခွေ ထိုင်ထားရာမှ တစ်ချက် မလှုပ်။ ခြေဖဝါးနှင့် ဒူးခေါင်းကို တစ်လက်မ မရွေ့။

သူ့လေသံသည် တိုး၏။ သာယာညင်းပျောင်း၏။ သို့သော် သူပြောသည့် စကားလုံးများမှာ ထွေပြားခြင်းမရှိ။ ပြတ်သားကွဲပြား၏။ တစ်ချက်တစ်ချက် ဇက်ကျောဆန့်လိုက်သည့်အခါ သူ့မျက်မှန်သည် အားနည်းသော အလင်းရောင်အောက်၌ ဝင်းလက်သွားလေ၏။

"လက်ရှိအခြေအနေကတော့ သိတဲ့အတိုင်းပဲ။ ဂျပန်ဟာ ကိုယ်တို့တိုင်းပြည်အတွက် လွတ်လပ်ရေး ကြေညာခဲ့တယ်။ ဒီလွတ်လပ်ရေးဟာ ဘာလဲဆိုတာ အားလုံး သိကြပြီးပဲ။ ကိုယ်ထပ်ရှင်းဖို့ လိုမယ်မထင်ပါဘူး။ လွတ်လပ်ရေး ကြေညာခဲ့တာ အခုဆိုရင် တစ်နှစ်နဲ့ နှစ်လရှိပြီ။ အဲဒီ တစ်နှစ်နဲ့နှစ်လ ကာလအတွင်း ဗမာပြည်ဟာ လွတ်လပ်ရေး အတုကြီးအောက်မှာ ဒုက္ခတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ နစ်မွန်းနေခဲ့ရတယ်။ တစ်မျိုးသားလုံး နာလန်မထူနိုင်လောက်အောင် ဂျပန့် ဖိနှိပ် အုပ်ချုပ်ရေး ယန္တရားကြီးအောက်မှာ ပိပြားနေရတယ်။ အဲဒီလို အဖြစ်ဆိုးတွေ၊ ဖိနှိပ်မှုတွေ၊ ရက်စက်မှု၊ ကြမ်းကြုတ်မှုတွေကို ဒီအတိုင်း ငုံ့ခံနေရင် ကိုယ်တို့တိုင်းပြည်ရော၊ လူမျိုးရော ပျောက်ကွယ်သွားတော့မှာ မြေကြီးလက်ခတ်မလွဲဘူး"

ကိုတင်သိန်း၏ ရှင်းပြချက်တွေကို နားထောင်ရင်း သူတို့အားလုံး တိတ်ဆိတ်နေကြသည်။ တစ်ခန်းလုံး၊ တစ်အိမ်လုံး၊ ဝန်းကျင်တစ်ခုလုံးမှာ အသေလို ငြိမ်သက်လျက်ရှိသည်။

ကိုတင်သိန်းက ဆက်ပြောပြန်၏။

"ဗမာပြည်ဟာ လွတ်လပ်ခဲ့ပြီဆိုပေမဲ့ ဂျပန်တွေ လုပ်ချင်ရာ လုပ်တာကို ခံနေရတာချည်းပါပဲ။ ကျိုင်းတုံနဲ့ မိုင်းပွန်နယ် နှစ်နယ်ကို ယိုးဒယားအစိုးရကို လက်ဆောင်အဖြစ် ပေးခဲ့တယ်။ ကိုယ်တို့ ဗမာအစိုးရက ဘာမှ မသိလိုက်ဘူး။ ငွေစက္ကူတွေကို အတိုင်းအဆမရှိ ထုတ်ဝေပြီး ဗမာပြည်က ဆန်စပါး၊ ကျွန်းသစ်နဲ့ ရေနံကို သူတို့ဆီ ပြန်သယ်နေတယ်။ ပဲ၊ ကြက်သွန်၊ ငရုတ်၊ အာလူး၊ ဆီ၊ လက်ဖက်ခြောက် အစရှိတဲ့ စားကုန်သောက်ကုန်တွေရဲ့ ဈေးဟာ အဆမတန် မြင့်တက်နေတယ်။ ဗမာတောင်သူလယ်သမားတွေက စက်သေနတ်ကြား ဗုံးကြားထဲက ထုတ်လုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ ဆန်တန်ချိန် နှစ်သိန်းနီးပါးကိုလည်း ပြန်သယ်သွားကြပြီ။ ဒါကို အလွယ်ဆုံးနဲ့ အရှင်းဆုံး ပြောရရင်တော့ နိုင်ငံရေး၊ စီးပွားရေး ဘာတစ်ခုမှ ကိုယ်တို့ မလွတ်လပ်ဘူး။ အင်္ဂလိပ် ကျွန်ဖြစ်ခဲ့ရတဲ့ ဗမာလူမျိုးတွေဟာ အခု ဂျပန့်ကျွန်ဘဝ ရောက်နေတာပဲ ရှိတယ်လို့ ဆိုရမှာပဲ။

"ဒီလို အခြေဆိုး အနေဆိုးအောက်ကနေ ရုန်းကန်ထွက်ဖို့အတွက် ကိုယ်တို့ ခေါင်းဆောင်ကြီးတွေက စီစဉ်နေကြပြီဆိုတာ အထူး အရေးတကြီး သတင်းအဖြစ်၊ သိသင့်သိထိုက်တဲ့ သတင်းအဖြစ် ပြောပြချင်တယ်။ အဲဒီကိစ္စကို မင်းတို့ ကိုယ်တို့အားလုံး နှုတ်လုံမှ ဖြစ်လိမ့်မယ်။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ်၊ တစ်စွန်းတစ်စကလေးပဲဖြစ်ဖြစ် ပေါက်ကြားလို့ မဖြစ်ဘူး"

အားလုံး၏ မျက်စိများသည် ကိုတင်သိန်းဆီသို့သာ စူးစိုက်လျက်ရှိကြ၏။ အသက်ရှူသံများပင်လျှင် ငြိမ်သွားသလား ထင်ရလောက်အောင် ပို၍ တိတ်ဆိတ်သွားသည်။

"အဲဒီသတင်းကတော့ တခြား မဟုတ်ဘူး။ လွန်ခဲ့တဲ့ ၂ လလောက်က၊ အတိအကျ ပြောရရင် ပြီးခဲ့တဲ့ ဩဂုတ်လမှာ ကွန်မြူနစ်ပါတီရယ်၊ ဗမာ့တပ်မတော်ရယ်၊ ပြည်သူ့အရေးတော်ပုံပါတီရယ် ပေါင်းပြီး ဖ.တ.ပ.လ ဆိုတဲ့ အဖွဲ့ကြီးကို လျှို့ဝှက်ဖွဲ့စည်းတဲ့ သတင်းပဲ။ ဖ.တ.ပ.လ ဆိုတာကတော့ 'ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး' ဆိုတဲ့ အဓိပ္ပာယ်ပဲ"

ကိုတင်သိန်းက ခေတ္တရပ်နားကာ အားလုံး၏ မျက်နှာ အမူအရာတွေကို တစေ့တစောင်း အကဲခတ်နေသည်။ နားထောင်နေကြသူတွေမှာ တုတ်တုတ်မျှ မလှုပ်။ ကိုတင်သိန်း ဆက်ပြောမည့် စကားကိုသာ နားစွင့်ထားကြ၏။

အပြင်ဘက်မှ လေသည် ဟနေသော ပြတင်းတံခါးရွက်အကြားမှ တိုးဝင်လာ၏။ မိုးကုန်တော့မည် ဖြစ်သော်လည်း လေတွင် မုတ်သုံရနံ့ သင်းပျံ့ဆဲ ဖြစ်သည်။ အပြင်ဘက်ရှိ ဝါးရုံပင်များသည် လေအလာတွင် တရှဲရှဲ အော်မြည်နေကြ၏။ အခန်းတွင်း၌ ထိုင်နေသူ အားလုံးလိုလိုမှာ စိတ်လှုပ်ရှားနေကြသည်။ ဖ.တ.ပ.လ ဟူသော စာလုံးလေးလုံးကို အနုလုံပဋိလုံ တိုးတိတ်ရွတ်ဆိုမိကြသည်။ 'ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး' ဆိုသည့် နာမည်ကိုလည်း ရင်တွင်း၌ နင့်ခနဲနေအောင် စွဲနေကြသည်။

ကိုတင်သိန်းက အဆိုပါ ဖ.တ.ပ.လ ဆိုသော အဖွဲ့အား ဖွဲ့စည်းရခြင်းအကြောင်း၊ မည်သို့မည်ပုံ ဖွဲ့စည်းရသည် ဆိုသည့် အကြောင်းတွေကို ဆက်ရှင်းပြသည်။ သူသည် နားလည်သင့် နားလည်ထားထိုက်သည့် အချက်အလက်များကို စိတ်ပါဝင်စားစွာဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြနေခြင်း ဖြစ်လေသည်။

ဝင်းကြည်မှာ ရင်ခုန်လျက်ရှိ၏။ သူ့နှလုံးသွေးများသည် ပို၍ မြန်ဆန်နေသလားဟု ထင်ရ၏။ စိုးသိမ်းဆီသို့ လှမ်းကြည့်သည်။ စိုးသိမ်း၏ မျက်စိအစုံမှာ ယှဲ့ယှဲ့မျှသာရှိသော အလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



အောက်၌ အလျှံတငြီးငြီး အရောင်တောက်နေသည်။ တင့်အောင်ကား အခန်းနံရံဆီသို့ စူးစိုက်လျက်ရှိသည်။ ဖုန်းမြင့်သည် သူ့လက်ချောင်းကလေးများဖြင့် ကြမ်းပြင်ကို တို့ချည် ခွာချည် လုပ်နေလေ၏။ တစ်သက်နှင့်တစ်ကိုယ် သူတို့အတွက် အရေးအပါဆုံး လုပ်ငန်းတစ်ရပ်တွင် ကိုယ်ထိလက်ရောက် ဝင်ရောက်ဆောင်ရွက်ရတော့မည် ဟူသောအသိက သူတို့၏နှလုံးသားတွေကို ဆုပ်ကိုင်လှုပ်ယမ်းလျက် ရှိလေသည်။

ဖ.တ.ပ.လကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည်။ ဗိုလ်ချုပ်အောင်ဆန်းကို သူတို့အသေအလဲ ရှိသေလေးစားသည်။ ချစ်ခင်မြတ်နိုးသည်။ လွန်ခဲ့သောနှစ်က မြို့လယ်တန်ဆောင်းကြီးအတွင်း၌ လာရောက် တရားဟောသွားသေးသည်။ သူတို့သည် ဗိုလ်ချုပ်အောင်ဆန်း ဆိုသူကို သေသေချာချာ အနီးကပ် ကြည့်ချင်သည့်အတွက် အစည်းအဝေးမစမီ အစောကြီးသွားကာ ဗိုလ်ချုပ်အောင်ဆန်း တရားဟောမည့် စားပွဲခုံနား၌ တိုးကပ်၍ နေရာယူထားခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးအတွက် လူငယ်လူရွယ်တွေ ထွက်တိုက်ကြဟု ဗိုလ်ချုပ်အောင်ဆန်းက နှိုးဆော်သည်။ လွတ်လပ်ရေး ဟူသည် သွေးဖြင့်သာ ရေးရစမြဲ ဖြစ်သည်။ အေးအေးလူလူထိုင်ကာ လက်ဖြန့်ခံတောင်းနေ၍ မရဟု ဆိုသည်။ ရှင်းလင်းတိကျသော၊ ရိုးသားပွင့်လင်းသော ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်ကို သူတို့ သူငယ်ချင်းတစ်သိုက် အားပါးတရ ထောက်ခံမိကြသည်။

ထိုအချိန်ကစ၍ သူတို့တစ်သိုက်သည် ဗမာနိုင်ငံ လွတ်လပ်ရေးအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အတတ်နိုင်ဆုံး ကျရာတာဝန်ကို ထမ်းဆောင်ကြစတမ်းဟု အချင်းချင်း ကတိပြုခဲ့ကြသည်။

ယခုတော့ သူတို့ လေးစားမြတ်နိုးသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဖ.တ.ပ.လ ဆိုသည့် အဖွဲ့ကြီးကို ဖွဲ့ခဲ့လေပြီ။ ယင်းအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဂျပန်တွေကို အန်တုတော့မည်ဟု သူတို နားလည်ထားကြသည်။

ထိုအခိုက် ကိုချစ်မောင်က ပြောသည်။

"ကျွန်တော်တို့ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေ အရေးပါပုံ၊ ခက်ခဲပုံတွေကို ရိပ်မိလောက်ရောပေ့ါ။ အခုလောလောဆယ်မှာတော့ ကျွန်တော်တို့ရဲ့ အဓိကတာဝန်က လျှို့ဝှက်မှုကို တင်းတင်းကျပ်ကျပ် ကျင့်သုံးဖို့ပါပဲ။ တာဝန်အတွက် ဘယ်နေရာ၊ ဘယ်ဒေသကိုမဆို သွားဖို့၊ အသင့်ဖြစ်နေဖို့လည်း လိုတယ်။ အခုအထိတော့ မှာစရာရှိတာ ဒီလောက်ပဲ"

ဆွေးနွေးပွဲမှာ ကြာလှချေ၏။ ဆွေးနွေးပွဲ ပြီးသောအခါ နေအတော်စောင်းနေလေပြီ။ နေမင်းကြီးသည် မျက်စိတစ်ဆုံး ကျယ်ပြောသော ကွင်းပြင်ကြီး၏ အနောက်ဘက်ရှိ တောတန်းပေါ်သို့ ဆေးတင်လျက်ရှိသည်။ ထိုစဉ်ခိုက်မှာပင် သူတို့လူသိုက် လူစုခွဲလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၄

မြို့တွင်း၌ကား တိတ်ဆိတ်လျက် ရှိသည်။

နေညိုစောင်းရိပ်ချိန်မျိုးတွင် ကျယ်ဝန်းပြန့်ပြူးသော မြစ်ကမ်းပါးအတိုင်း အညောင်းပြေ လမ်းလျှောက်သူ၊ လေညင်းခံသူတွေ ဥဒဟို ရှိနေတတ်၏။ သို့သော် ဤကဲ့သို့သော ရှုခင်းမျိုးသည် အတိတ်ကာလ၏ စိတ်ကူးပန်းချီကားချပ် အဖြစ်၌သာ ရှိနေတော့သည်။ ယခုမူ အညောင်း ပြေ လမ်းလျှောက်သူ၊ လေညင်းခံသူ ဟူ၍ မရှိ။ ဆိပ်ကမ်းတွင် လှေနှင့် ဘောက်တူအချို့မှအပ သင်္ဘောကို မဆိုထားဘိ သမ္ပန်ပင် မရှိ။

တိုးမြစ် ရေအလျဉ်သည် ခါတိုင်းကဲ့သို့ပင် တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းမြဲ ဖြစ်၏။ မြစ်ပြင်၌ မီးခိုးတလူလူဖြင့် ခုတ်မောင်းသွားသော သင်္ဘောဟူ၍ မရှိ။ ဖြတ်သန်းကြသည့် မော်တော်များ၊ သမ္ပန်များ ဟူ၍လည်း မရှိသဖြင့် မြစ်ရေပြင်တစ်ခုလုံးမှာ ကျယ်ဝန်းသလောက် ခြောက်ကပ် လျက်ရှိသည်။ တစ်ခါတစ်ရံ ဒိုက်သရေများ မျောပါသွားသည်မှအပ အခြားလှုပ်ရှားမှုဟူ၍ မရှိ လောက်အောင် ငြိမ်သက်နေလေသည်။

ဝင်းကြည်သည် ကမ်းနားလမ်းဘက်ရှိ အဖေ့ပွဲရုံသို့ လိုက်ခဲ့၏။ သူ အလာနောက်ကျ နေလေပြီ။ အဖေသည် ပွဲရုံပိတ်ကာ အနောက်ကုန်းသို့ ပြန်သွားနှင့်ပြီ ဖြစ်၏။ ထို့ကြောင့် ဝင်းကြည် မှာ အကြံရခက်သွားသည်။ ပွဲရုံသို့ လိုက်သွားမည်ဟု အိမ်မှာ ပြောထားခဲ့သည်။ ယခု အဖေနှင့် လွဲနေလေပြီ။ အဖေ့ဆီသို့ မရောက်ဘဲ ဘယ်တွေသွားနေသနည်းဟု အမေက မေးခွန်းထုတ်ကောင်း ထုတ်လိမ့်မည်။ ယင်းသို့ မေးခွန်းထုတ်လျှင် မည်သို့ ဖြေရအံ့နည်း စသည့် မေးခွန်းများကို သူ့ ကိုယ်သူ ပြန်မေးနေမိသည်။

ပိတ်ထားသော ပွဲရုံမှတစ်ဖန် တာရိုးပေါ်သို့ လျှောက်တက်လာသည်။ တာရိုးပေါ်တွင် လူအသွားအလာ ရှင်းလင်းနေသည်။

တိုးမြစ်ပေါ်မှ ဖြတ်သန်း ပြေးလွှားလာသော လေသည် ဝင်းကြည်၏ နဖူးဆံစများကို ကစားကျီစယ်လျက်ရှိ၏။ မြစ်တစ်ဖက်ကမ်းရှိ တောတန်းမှာ ဝင်လုဆဲဆဲ နေရောင်အောက်၌ မှေးငိုက်နေသလား ထင်ရသည်။ စစ်၏ ဘေးအန္တရာယ်များ အကြားမှပင် ရှင်သန်နိုင်ကြသေး သော သစ်ပင် ဝါးပင်များဖြင့် အုံ့ဆိုင်း ယှက်သိုင်းနေသည့် တစ်ဖက်ကမ်းဆီသို့ လှမ်းကြည့် မိသောအခါ စစ်မဖြစ်မီ အေးချမ်းသောကာလမှ ဖြစ်စဉ်များသည် ဝင်းကြည်၏ နှလုံးသားအတွင်း၌ တရေးရေး ပေါ်လာကြသည်။

အစိုးရ အထက်တန်းကျောင်းကြီးတွင် အပူအပင် ကင်းမဲ့စွာ ပညာသင်ခဲ့ကြသော သူငယ် ချင်းတွေကို ပြန်သတိရမိသည်။ သီတင်းကျွတ် မီးထွန်းပွဲဆိုလျှင် အစိုးရ အထက်တန်းကျောင်း၏ မီး[illegible]မှာ အစည်ကားဆုံး ဖြစ်သည်။ အကောင်းဆုံး အငြိမ့်တိုပွဲ၊ ၍ သွင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလတွင် မြို့လယ်ကျောင်း၏ ပွဲလမ်းသဘင်များအကြား၌ သူတို့တစ်တွေ ပျော်မြူးကြစမြဲ ဖြစ်သည်။ ညနေစောင်းသည်နှင့် တစ်ပြိုင်နက် တာရိုးကြီးပေါ်တွင် စုကာ လမ်းလျှောက်ကြသည်။ သို့မှမဟုတ်လျှင် မြက်နုပင်ကလေးများနှင့် သဲမြေတို့ ရောနှောနေသော ကမ်းစပ်၌လည်းကောင်း၊ ကျယ်ဝန်းညီညာသည့် သောင်ပြင်၌ လည်းကောင်း တစုတဝေးတည်း ထိုင်ကာ ရယ်မောပြောဆိုလေ့ ရှိကြသည်။

ယခုမူ စစ်တည်းဟူသော လေမုန်တိုင်းသည် ချမ်းမြေ့ဖွယ် ဖြစ်ရပ်များအား ဝေးကွာလွင့်စဉ်အောင် တိုက်ခတ်လိုက်လေပြီ။

မအူပင် တစ်မြို့လုံးမှာ သုသာန်တစပြင်ပမာ တိတ်ဆိတ်ခြောက်ကပ်နေ၏။ အရောင်းအဝယ်၏ အချက်အချာ ရပ်ကွက်များဖြစ်သော ဈေးတစ်ဝိုက် လမ်းများနှင့် ကမ်းနားလမ်း တစ်လျှောက်မှာ စစ်ကာလ ဗုံးကြား စက်သေနတ်ကြားမှ မဖြစ်မနေ ရှာကြံလုပ်ကိုင်သည့်သဘောဖြင့် ဖွင့်လှစ်ထားသော ပွဲရုံအချို့၊ ဈေးဆိုင်အချို့သာ ရှိကြသည်။

မန္တလေး ရက်မှန် စာပို့ကြီးများပင်လျှင် ချောင်ချောင်ကလေး ဆိုက်ကပ်ထားနိုင်လောက်အောင် ကြီးမားလှသည့် ဆိပ်ခံတွဲကြီးမှာလည်း ဗုံးဒဏ်ကြောင့် တိမ်းစောင်း နစ်မြုပ်နေလေသည်။ ဈေးမြောက်ဘက် ကပ်လျက်သား နေရာမှ တိုက်အိမ်များကား ဗုံးစာဖြစ်ကာ ကြေမွပျက်စီးနေကြလေပြီ။

ဝင်းကြည်သည် တာရိုးပေါ်တွင် ရပ်ရင်း မြစ်ပြင်ဆီသို့ လှမ်းကြည့်လိုက်၏။ ပေါ်တော်မူကွေ့လောက်ဆီမှ ဆန်တက်လာမည့်သော သင်္ဘောတစ်စင်းကို ရေးရေးမျှ တွေ့ရသည်။ သင်္ဘောခေါင်းတိုင်မှ ထုတ်လွှတ်လိုက်သည့် မီးခိုးသည် ပြာလဲ့သော ကောင်းကင်ပြင်ဆီသို့ တွန့်ရစ်ခွေတက်လျက်ရှိ၏။ သင်္ဘောတစ်စင်း လာလေပြီ ဟူသော အသိက ချက်ချင်းဆိုသလို ဝင်းကြည်ကို အရေးတကြီး လှုပ်နှိုးလိုက်သည်။

'လေယာဉ်ပျံ လာတော့မယ်' ဟုလည်း သူ့စိတ်တွင်းက အလိုလို ရေရွတ်လိုက်မိသည်။

ဂျပန်စစ်သားတွေကို တင်ဆောင်လာတတ်သော သင်္ဘောများ၊ မော်တော်များ၊ ရေနံသို့မဟုတ် အခြား စစ်လက်နက်ပစ္စည်းတင် သင်္ဘောများ၊ မော်တော်များကို အင်္ဂလိပ် လေယာဉ်တို့က မြစ်ရိုး ချောင်းရိုးတစ်ဝိုက်တွင် မတွေ့၊ တွေ့အောင် လိုက်လံရှာဖွေ တိုက်ခိုက်လေ့ရှိကြောင်း ဝင်းကြည်က ကောင်းစွာ နားလည်ထားပြီးဖြစ်သည်။

ထို့ကြောင့် ဝင်းကြည်သည် တာရိုးပေါ်မှဆင်းကာ ရွှေဘုန်းမြင့် ဘုရားဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့၏။ လေယာဉ်လာ၍ ပစ်ခတ်တိုက်ခိုက်လျှင် မည်သို့မည်ပုံ ပုန်းအောင်းရှောင်ရှားရမည်ကို သူ သိပါသည်။ သို့သော် အဖေနှင့် အမေတို့ စိတ်ပူနေမည်ကို သူ စိုးရိမ်သည်။ သို့မို့ကြောင့်လည်း ဝင်းကြည်သည် ခြေလှမ်းသွက်သွက် လှမ်းလာခဲ့၏။

သူ့အတွေးကား မှန်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုန်းမြင့်ဘုရားသို့ ဦးတည်ဝင်ရောက်ရာ အုတ်လမ်းထိပ်နားသို့ အရောက်တွင် လေကြောင်းရန် အချက်ပေးသံသည် စူးစူးရှရှ ပေါ်ထွက်လာလေ၏။

သူသည် အုတ်လမ်းအတိုင်း မသွားတော့ဘဲ လမ်းဘေးသို့ ချိုးဆင်းကာ ဇရပ်တွေကြားမှနေ၍ ဓမ္မာရုံကျောင်းဘက်သို့ ဖြတ်လျှောက်လာ၏။ ထိုအခိုက် လေယာဉ်သံတွေ ကြားရသည်။ လေယာဉ်သံကို နားစွင့်မိသောအခါ 'ကျွဲညီနောင်' ဖြစ်လိမ့်မည်ဟု တထစ်ချ တွက်လိုက်မိသည်။

ကျွဲညီနောင်ဟု လူတိုင်းက ကင်ပွန်းတပ်ထားသော အင်္ဂလိပ် လေယာဉ်ကြီးနှစ်စင်း၏ ပုံသဏ္ဌာန်နှင့် လှုပ်ရှားမှုကိုသာမက အသံကိုပါ များစွာ ရင်းနှီးသိရှိကြပြီး ဖြစ်သည်။ ကျွဲညီနောင်သည် ဝမ်းဗိုက်ကြီးတွေ မည်းနက်နက်ဖြင့် တကယ့်ကျွဲကြီးတွေနှင့် တူလှ၏။ အခြားသော လေယာဉ်များထက် ပို၍ အသံစူးရှ ကျယ်လောင်၏။ အခြားသော လေယာဉ်များထက် ပို၍ အတင့်ရဲသည်။ ရက်စက်သည်။ ဖွဲနပဲကြီးသည်။ ကွင်းပြင်များ၌ ကိုင်းပင်လွတ်ရုံမျှ ပျံသည်။ မြို့တွင်း၌ဆိုလျှင် အိမ်ခေါင်မိုးနှင့် သစ်ပင် လွတ်ရုံမျှ ပျံသည်။ ပစ်ကွင်းတစ်ခုခုကိုတွေ့လျှင် ဤပစ်ကွင်း မပျက်မချင်း သဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်သည်။ တစ်ခါတစ်ရံ ပစ်ကွင်းဟူ၍ တိတိကျကျ မထားဘဲ ရောက်ရာနေရာ၌ တွေ့သမျှ အရာတိုင်းကို စိမ်ပြေနပြေ ပစ်ခတ် တိုက်ခိုက်နေတတ်သည်။

သို့ကလို စိတ်မချရသော ကျွဲညီနောင်၏ ဓလေ့ဆိုးကို သိပြီးဖြစ်သည့်အတိုင်း အုတ်လမ်းပေါ်မှနေ၍ လမ်းကြိုလမ်းကြားသို့ ဆင်းကာလာခဲ့ခြင်း ဖြစ်သည်။

လေယာဉ်သံသည် ပို၍ စူးရှကျယ်လောင်လာ၏။ ဝေးရာမှ တဖြည်းဖြည်း နီးလာ၏။ ဝင်းကြည်သည် ကြားနေရသော လေယာဉ်သံကို စူးစိုက်နားစွင့်ရင်း ဝါးရုံတောများအကြား တိုးဝှေ့ကာ ခပ်သုတ်သုတ် ပြေးလာခဲ့သည်။

တကယ်ဆိုရလျှင် များစွာရင်းနှီးနေပြီဖြစ်သော ကျွဲညီနောင်ကို သူ မကြောက်၊ သူ ရောက်ရှိနေသည့် နေရာတစ်ဝိုက်ကို ပစ်ခတ်တိုက်ခိုက်သည် ထားဦးတော့၊ မည်သို့မည်ပုံ ပုန်းအောင်း တိမ်းရှောင်ရမည်ကို သူ နားလည်ပြီး ဖြစ်သည်။ သူ့ရင်တွင်းက ပူပန်သည်မှာ တစ်ခုတည်းသော အကြောင်းသာရှိသည်။ အိမ်က စိတ်ပူနေမည် ဆိုသည့်အကြောင်းသာတည်း။

လေယာဉ်သည် မြို့ပေါ်သို့ ထိုးဆင်းလာ၏။ သူ ဖြတ်ပြေးနေသော ဝါးရုံများသည် လေယာဉ်အရှိန်ကြောင့် ယိမ်းထိုးသွားကြ၏။ ပစ်ခတ်ခြင်း မရှိဘဲ နိမ့်စွာ ပျံရုံမျှ ပျံသည်။ ခေတ္တအကြာတွင် မြစ်ဘက်ဆီမှ ပစ်သံခတ်သံတွေ ကြားရသည်။ စောစောက ဝင်လာသည့် သင်္ဘောကို ပစ်ခတ်တိုက်ခိုက်လေပြီဟု သူ နားလည်လိုက်သည်။ တစ်မြို့လုံးမှာ ကျွဲညီနောင်၏အမျက်ဒေါသ မီးတောက်မီးလျှံများအောက်တွင် ပြားပြားဝပ် တိတ်ဆိတ်လျက်ရှိသည်။ ဒိုးခိုကျင်းများဆီ၌သာ လူစုလူဝေးဖြင့် ရှိနေကြသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာရုံကျောင်းဝင်းကို ဖြတ်ကာ အနောက်ကုန်းရွာဘက်သို့ ထွက်လိုက်မိချိန်၌ နေလည်း စုံးစုံးမြုပ်ခဲ့လေပြီ။

“မင်း ဘယ်လျှောက်သွားနေသလဲ။ စိတ်ပူလိုက်ရတာ” ဟု ဗုံးကျင်းအဝနားသို့ ရောက်သွားသော ဝင်းကြည်ကို အမေက တုန်ယင်သော အသံဖြင့် မြည်တွန်တောက်တီးလေသည်။ ဝင်းကြည်ကမူ မည်သို့မျှ ပြန်မပြောဘဲ ငြိမ်နေလိုက်လေ၏။

## အခန်း ၅

“ဆွတ်ချူငယ် ယူငင်လေ၊ ပန်ဆင် ပန်ဆင်လေ၊ ပန်ဆင်လေ ရည်စူး၊ မြင်သူသာ စိတ်ကယ်က ကူးသည်နှင့်လေး”

စန္ဒရားသံသည် တိတ်ဆိတ်သော တောအုပ်ကလေး၏ ဝန်းကျင်တွင် ကူးလူးပျံ့နှံ့လျက်ရှိလေသည်။ အနောက်ကုန်းရွာအစွန်နားတွင် ဤတောအုပ်ကလေးမှာ သီးသန့်သဖွယ် တည်ရှိနေပြီး တောအုပ်ကလေး အတွင်း၌ကား လေးပင် သုံးခန်း အိမ်တစ်လုံး ရှိလေသည်။

ဤအိမ်တွင် အငြိမ်းစား လမ်းအရေးပိုင် ဦးသိန်းအောင်တို့ သားအဖတစ်တွေ လာရောက်ခိုအောင်းနေလေသည်။ ဦးသိန်းအောင်သည် မုဆိုးဖို ဖြစ်၏။ သမီးနှစ်ယောက်နှင့်အတူ အေးချမ်းဆိတ်ငြိမ်စွာ နေထိုင်လေ့ရှိပြီး သူတို့ သားအဖတစ်တွေ၏ အနှစ်သက်ဆုံး ဝါသနာကား တူရိယာဂီတ ဖြစ်လေသည်။ သမီးကြီး ပင်စီအောင်က စန္ဒရား၊ သမီးငယ် စင်သီယာအောင်က စောင်းသည်ဖြင့် ညီအစ်မ နှစ်ယောက်စလုံး တက်ညီလက်ညီ တီးနိုင်ကြသည်။ သမီးတွေကို ချစ်ခင်ယုယသော ဦးသိန်းအောင်သည် သမီးတွေ တီးကြ ဆိုကြပြီဆိုလျှင် အကောင်းစား ဒန်းဟီးဆေးတံကိုခဲကာ ဂရုတစိုက် နားထောင်နေလေ့ရှိသည်။

သူတို့နေထိုင်ရာ စာရေးကုန်းပိုင်းဆီမှ ဤရွာကလေးသို့ စစ်ပြေးအဖြစ် ထွက်ခွာလာရာ၌ပင်လျှင် စန္ဒရားကို သယ်ဖြစ်အောင် သယ်ခဲ့သေးသည်။ စန္ဒရားနှင့် စောင်းကောက်ကိုလည်း အပါယူဆောင်ခဲ့သည်။ သို့မို့ကြောင့်လည်း အနောက်ကုန်းရွာ အစွန်နားရှိ တောအုပ်ကလေးမှာ စစ်၏ မီးတောက်မီးလျှံများ အကြားမှပင် အေးမြငြိမ်းအေးသည့် တူရိယာဂီတသံများဖြင့် လွှမ်းခြုံနေခြင်း ဖြစ်ပေသည်။

မဥ္ဇူသကနတ်ပန်း ဘွဲ့သီချင်းကို သီဆိုသူမှာ ထွန်းကြည် ဖြစ်သည်။ ထွန်းကြည်သည် ဦးသိန်းအောင်၏ အိမ်တွင် တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်လောက်အောင် ရင်းနှီးသူ ဖြစ်၏။ သူကိုယ်တိုင်ကလည်း အဆိုကောင်း၊ အတီးကောင်း၊ အပြောကောင်း ဖြစ်လေရာ ထွန်းကြည်အပေါ်၌ ဤအိမ်သား တစ်စုလုံးက နှစ်ခြိုက်ခင်မင်သည်မှာ များစွာ သဘာဝကျလေသည်။

လောကတစ်ခွင်တွင် မိုးရတု ကုန်ဆုံးခဲ့ပြီမို့ စိမ်းလန်းသော်လည်း သွေ့ခြောက်သည့်

www.burmeseclassic.com



အဆင်အသွေးများဖြင့်သာ ဆင်မြန်းထားသည်။ မိုးဥတုမှာကဲ့သို့ မျက်ရည်ဖြိုင်ဖြိုင် သွန်းချခြင်း အဆင်းတန်ဆာ မရှိတော့။ မိုးရည်ဝထားသည့်အတွက် သစ်ပင် ဝါးပင်များမှာ စိမ်းလန်းစိုပြည် နေကြဆဲ ဖြစ်သည်။ သို့သော် မုတ်သုံ၏ ရိုက်ပုတ် ထုထောင်းချက်များကို မခံရတော့သဖြင့် လောကဝန်းကျင် တစ်ခွင်လုံး၏ စိမ်းမြမြ အလှမှာ တည်ငြိမ်သည်၊ အေးချမ်းသည်။

ဆောင်းနေသည် ကန်သင်းရိုးပြတ်များ ချုံနွယ်များသာ ပြွမ်းတီးသော ကွင်းပြင်ကြီး တစ်ခုလုံးကို ရစ်ထွေး ပွေ့ဖက်ထားလေ၏။ နံနက်ခင်းဆီက ကျန်နေသော နှင်းခြည်မှုင်ထွေး ကလေးများကား မြက်ခါးမြက်၊ သုံးမြွှာင့်မြက် စသည့် မြက်ပေါင်းစုံတို့ ရောထွေးပေါက်ရောက် နေသော ကိုင်းစပ်မြက်တောများအကြားတွင် ဟိုတစ်စု သည်တစ်ကွက် တင်ကျန်ရစ်နေလေသည်။

ဂန္ဓမာတောင်ကို တစ်ဝက်တစ်ပျက်တွင်ရပ်ကာ စန္ဒရားသည် အသံပြောင်းလျက်ရှိ၏။ စန္ဒရားလက်သံမှာ ပီရိသေသပ်သည်။ နှစ်ပေါင်းများစွာ လေ့ကျင့်ထားသော လက်ဖြစ်ကြောင်း အသံကို နားထောင်ရုံမျှဖြင့် သိသာသည်။ ပန်းကို ဖွဲ့ဆိုသော တေး၏အဆုံးတွင် ဆောင်းရတုကို တေးဖြင့် ဖွဲ့ဆိုနေပြန်လေပြီ။

"နှင်းငွေကျန် လေပြန်လောင်း၊ ညာညှောင်းကြွေလုစုံတခွင်၊ ဂေါ်ဖီငယ်
အင်ကြင်းငယ်တို့လေ၊ ပွင့်ချင်းခိုင်ညွှာတံ ခိုင်ညွှာတံ၊ ဆင်တော်ရန် ပြန်ပြန်လမ်း"

ထွန်းကြည်၏အသံမှာ ပြတ်သားသည်။ ကရုဏာရသပါသော အသံမျိုး ဖြစ်သည်။ တယောပြားကို ကိုယ်တိုင်ထိုးကာ ပင်စီအောင်၏ စန္ဒရားနှင့် တွဲလျက် သီဆိုနေခြင်း ဖြစ်သည်။

ပင်စီအောင်၏ ဆံယဉ်စများသည် ပြတင်းဝမှ ဝင်လာသော ဆောင်းလေအဝှေ့တွင် ဝေ့လည် လွင့်ပါးလျက် ရှိကြသည်။ ဖြူဖွေးသော လက်ချောင်းကလေးများက စန္ဒရားခလုတ်ကို တအားဖိချခြင်း မရှိ။ ဖော့ဖော့ ကြွကြွရွရွကလေးမျှသာ ထိကစားနေခြင်း ဖြစ်သည်။ ပင်စီအောင် သည် ထွန်းကြည်အား တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ ပင်စီအောင်၏ အကြည့်မှာ သူ့စန္ဒရား လက်သံလိုပင် စူးရှထက်မြက်သော အကြည့်ပေတကား။

ဝင်းကြည်ကမူ အိမ်ရှေ့ခန်းကိုဖြတ်လျက် အိမ်နောက်ဖေးဘက်သို့ ဝင်လာခဲ့၏။ ပင်စီနှင့် ထွန်းကြည်တို့ မည်မျှရင်းနှီးကြောင်း၊ မည်သို့မည်ပုံ နေထိုင်တတ်ကြောင်းကို ဝင်းကြည် သိပြီး ဖြစ်သဖြင့် တစ်စုံတစ်ရာ ထူးဆန်းသည် မထင်တော့ဘဲ နောက်ဖေးဘက်သို့ ဝင်လာခဲ့ခြင်း ဖြစ်သည်။

နောက်ဖေးလှေကားမှဆင်းလျှင် ပျဉ်းမပင်ကြီးအောက်၌ ဝါးခြမ်းပြားများဖြင့် ဆက်သွယ် ချည်နှောင် စည်းတုပ်ထားသော ကုလားထိုင်ကလေးတွေဆီသို့ ရောက်လေသည်။ ဤအိမ်သို့ အလည်အပတ်လာတိုင်း ဝင်းကြည် သွားလေ့ရှိသော နေရာမှာ ဤနေရာသာ ဖြစ်သည်။ တစ်ခါ တစ်ရံ ဦးသိန်းအောင်သည် ဤနေရာ၌ စစ်တုရင်ခုံတစ်ခုနှင့် ထိုင်နေလေ့ရှိ၏။ တစ်ခါတစ်ရံ စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်အုပ်အုပ်ကို စွဲစွဲလမ်းလမ်း ဖတ်နေတတ်၏။ ဦးသိန်းအောင်မှ မရှိလျှင် သမီးလတ် စင်သီယာတော့ ရှိစမြဲတည်း။

"လာဟေ့ မောင်ဝင်းကြည်၊ အတော်ပဲ။ ဦးလည်း မျှော်နေတာ" ဟု ဦးသိန်းအောင်က လှမ်းနှုတ်ဆက်သည်။ ဝင်းကြည်သည် ဦးသိန်းအောင်နှင့် မျက်နှာချင်းဆိုင် ဝါးကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

"မင်းဖေဖေတစ်ယောက်ရော နေထိုင်ကောင်းရဲ့လား။ ဦးနဲ့ မတွေ့တာတောင် တော်တော်ကြာသွားပြီ"

"ဟုတ်ကဲ့ အဖေ နေကောင်းပါတယ် ဦး။ မိုးလင်းက မိုးချုပ် ပွဲရုံကို ရောက်နေရတာနဲ့ အဖေလည်း ဒီဘက် မရောက်တာပါ"

"အေး ဒီခေတ်မတော့ ကျရာအလုပ် လုပ်ကိုင်စားသောက်နိုင်မှ တန်ရုံကျတာကိုး။ ဒါ့ထက် မင်းဖေဖေသာ ဒီမရောက်တာ ကြာပြီလို့ ပြောရတာ။ မောင်ဝင်းကြည်လည်း ဒီဘက် မရောက်တာ ကြာပြီကော။ ဘာတွေများ အလုပ်ရှုပ်နေသတုံး။ စာတွေပဲ ကြုံးဖတ်နေတာပဲလား"

"စာလည်း မဖတ်ဖြစ်လှပါဘူး ဦးရယ်။ အဖေ့ပွဲရုံ လိုက်ကူနေရတာနဲ့ မအားလှဘူး ခင်ဗျာ"

ဦးသိန်းအောင်က ဆေးတံကို ဝါးကုလားထိုင် လက်တင်ပေါ်သို့ ခေါက်ချရင်း–

"မောင်ဝင်းကြည်က ဖေဖေနဲ့ ဒိုးတူပေါင်ဖက် စီးပွားရှာဖော်ရတယ်ဆိုတာ ဦး ကြားမိသား။ အင်း ကောင်းတယ်ကွ ကောင်းတယ်။ မောင်ထွန်းကြည်ကတော့ ဆိုလိုက် တီးလိုက်ပဲဟေ့။ အဆိုအတီးများ ဘယ်လို ဝါသနာပါတဲ့ သူငယ်မှန်း မသိဘူး။ ဦး သမီးတွေနဲ့တော့ အံကိုက်နေတာပဲ"

ဝင်းကြည်က မည်သို့မျှ ပြန်မပြောဘဲ နေလိုက်၏။

"ညီအစ်ကို မောင်နှမ အရင်းအချာချင်းပေမယ့် အယူအဆတွေက တစ်မျိုးစီ ဖြစ်တတ်ကြစမြဲပဲကိုး။ မဟုတ်လား ဦး ပြောတာ"

"ဟုတ်ပါတယ် ဦး။ ကိုယ့်ဝါသနာနဲ့ကိုယ် ဆိုသလိုပေါ့"

ယင်းအခိုက်မှာပင် အိမ်ဖော် မိန်းကလေးသည် ထန်းလျက် လက်ဖက်ရည်နှစ်ခွက် လာချသေး၏။

"မတိုးရေ၊ စင်သီယာ တစ်ယောက်ရော"

"အိမ်ပေါ်မှာ ရှိပါတယ် ဘဘ"

"အေး၊ မောင်ဝင်းကြည် ရောက်နေတယ်လို့ ပြောလိုက်စမ်း၊ ကြားလား။ ကဲ မောင်ဝင်းကြည် ထန်းလျက်နဲ့ဖျော်တဲ့ လက်ဖက်ရည် သောက်ဦး။ သကြားတွေ ဘာတွေ ခက်ခက်ခဲခဲလည်း ရှာ

www.burmeseclassic.com

www.burmeseclassic.com



မနေတော့ဘူး။ လက်ဖက်ခြောက် လက်ကျန်ကလေးရှိတာ ထန်းလျက်နဲ့ပဲ ဖျော်သောက်နေတယ်။ ဦးတော့ အခု ဒီထန်းလျက်နဲ့ ဖျော်တာကိုတောင် ပိုအရသာရှိသလို ထင်နေပြီဟေ့"

အိမ်ပေါ်မှ စန္ဒရားသံမှာ မရပ်သေးချေ။ မန်းတောင်လက်ျာကို ဆက်တီးနေကြောင်း ဝင်းကြည်က အမှတ်မထင် သတိထားမိသည်။ ဤ မန်းတောင်လက်ျာသည် ကျောင်းကပွဲတစ်ခုတွင် ပင်စီက တီး၍ ထွန်းကြည်က သီဆိုခဲ့သဖြင့် သူတို့အတွဲအား လူကြိုက်အများဆုံးအတွဲဟူ၍ ပြောစမှတ် ပြုခဲ့ရသည့် သီချင်းဖြစ်သည်ကို ဝင်းကြည် အမှတ်ရမိသည်။

"ကဲ မောင်ဝင်းကြည်။ စစ်တုရင် ထိုးမလား၊ စကားလေး ဘာလေး ပြောကြမလား။ ဦးကလည်း တစ်ယောက်တည်းဆိုတော့ စာအုပ်ချည်းဖတ်နေရတာ ငြီးငွေ့လာပြီ။ မောင်ဝင်းကြည် ရောက်လာတယ် ဆိုရင်တော့ စစ်တုရင်ပဲ ထိုးရ ထိုးရ၊ စကားပဲ ပြောရ ပြောရ ဦး စိတ်ဝင်စားစရာ တစ်ခုခု ရလာတာပေါ့"

"ကျွန်တော်လည်း စစ်တုရင် မထိုးတာ တော်တော်ကြာသွားပြီ ဦးရဲ့။ စစ်တုရင်ပဲထိုးထိုး၊ စကားပဲပြောပြော ဦးသဘောပါပဲ"

ဦးသိန်းအောင်က ပြုံးလိုက်၏။ ဆေးတံကိုလည်း ဆေးအသစ် ထပ်ထည့်နေပြန်၏။

"စစ်တုရင်က နောက်ကြုံတော့လည်း ထိုးကြသေးတာပေါ့လေ။ အခုတော့ စကားလေး ဘာလေး ပြောကြရအောင်။ နိုင်ငံရေး အခြေအနေ၊ စစ်ရေး အခြေအနေတွေပေါ့။ မောင်ဝင်းကြည်က ဦးထက် ပိုပြီး အပြင်လောကနဲ့ ဆက်စပ်နေတဲ့လူဆိုတော့ အခြေအနေတွေကိုလည်း ဦးထက် ပိုသိမှာပေါ့။ ကဲ ဆိုစမ်းပါဦး။ ဦးတို့တိုင်းပြည် အခြေအနေ"

တိုင်းရေးပြည်ရေးတွင် ဤအဘိုးကြီး စိတ်ပါဝင်စားကြောင်း ဝင်းကြည်က ကောင်းစွာ သိလေသည်။ ခေတ်ပညာတတ် အရာရှိကြီးတစ်ဦး ဖြစ်သည့်အပြင် အလွန်စာဖတ်လေ့ရှိသည့်အတွက် အဘိုးကြီးနှင့် စကားစမြည် ပြောဆိုရသော အလုပ်ကို ဝင်းကြည် များစွာသဘောကျသည်။ သူ့အတွေ့အကြုံ၊ သူ့ဗဟုသုတနှင့် သူ့သဘောထားများ၌ တစ်ခါတစ်ရံ မှတ်သားစရာတွေ ပါနေလေ့ရှိသည်။

"ကျွန်တော်တို့တိုင်းပြည် အခြေအနေကတော့ အထူးအထွေ ပြောစရာမရှိပါဘူး ဦးရယ်။ ဦးမြင်နေတဲ့ အတိုင်းပါပဲ။ ဟိုတုန်းကတော့ အင်္ဂလိပ်အစိုးရလက်အောက်က နိုင်ငံဖြစ်လို့ ဂျပန်က လာတိုက်လား၊ ဗုံးကြဲလားလုပ်တာ ခံခဲ့ရတယ်။ အခုတော့ ဂျပန့်လက်အောက်က နိုင်ငံဖြစ်နေလို့ အင်္ဂလိပ်ကတိုက်တာ ခံနေရပြန်ရော။ အဲဒီလို အခြေအနေမျိုးမှာ ကျွန်တော်တို့နိုင်ငံဟာ ဘယ်လို လုပ် နာလန်ထူပါ့မလဲ ဦး"

ဦးသိန်းအောင်သည် မုတ်ဆိတ်မွေးများ ရေးရေးထနေသော မေးစေ့ကို လက်ဖဝါးဖြင့် ပွတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွယ့်၊ ကိုယ့်တူလို သားလို ဖြစ်နေလို့ ဦးက ပြောရဦးမယ်"ဟု ဆိုကာ ဝါးကုလားထိုင်ကို ရှေ့သို့ တိုးလိုက်၏။

"ဗမာတွေက ပြန်နှံတော့မယ်လို့ သတင်းတွေ တစ်စွန်းတစ်စ ထွက်နေတယ် မောင်ဝင်းကြည်ရို့"

ဦးသိန်းအောင်၏စကားကို ကြားရသောအခါ ဝင်းကြည်၏ရင်တွင် ဒိတ်ခနဲ ဖြစ်သွားသည်။ သို့သော် ဣန္ဒြေမပျက် နေလိုက်ရသည်။

"ဦးကြားနေတာကတော့ ဒီအတိုင်းပဲ မောင်ဝင်းကြည်။ ဒီလို သတင်းစကားမျိုးဆိုတာက ဘယ်သူ့ကိုမှလည်း လိုက်မေးလား စမ်းလား လုပ်လို့ကောင်းတာ မဟုတ်ဘူး။ အရမ်းလည်း မပြောရဲဘူး။ ဟား ဟား၊ ဦးပြောတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဦး။ မေးလို့စမ်းလို့ မဖြစ်တဲ့ သတင်းမျိုးတွေပါ"

"အဲဒါနဲ့ပတ်သက်ပြီး မောင်ဝင်းကြည် ဘယ်လိုများ ကြားသလဲ"

ဝင်းကြည်၏စိတ်သည် ရုတ်တရက်အားဖြင့် ဝေခွဲမရအောင် ဖြစ်သွားမိ၏။ သိသလောက် ပြောပြလိုက်ရလျှင် ကောင်းမည်လားဟု စဉ်းစားမိ၏။ သို့ရာတွင် 'ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် တစ်စွန်းတစ်စမှ ပေါက်ကြားလို့ မဖြစ်ဘူး'ဟူသော ကိုတင်သိန်း၏ သတိပေးသံကို ပြန်လည် ကြားယောင်လာမိသည်။

သို့မို့ကြောင့်လည်း ဝင်းကြည်က ဖြောင့်ကွယ် ကွယ်လိုက်လေသည်။

"ကျွန်တော်လည်း အဲဒီလိုတော့ ကြားနေမိတာပဲ ဦးရဲ့။ ဒါပေမဲ့ ဘယ်လို အတည်ပြုလို့မှ မရတဲ့ သတင်းမျိုးတွေဆိုတော့ ခက်သားလား"

"ဟုတ်တယ်လေ"

"ဒီတော့ ကြားတာကို ကြားတဲ့အတိုင်း ထားလိုက်ရတာပါပဲ ဦး"

"တစ်ခုတော့ရှိတယ် မောင်ဝင်းကြည်။ ဗမာတွေက ဒီလိုပြန်လုပ်မယ်ဆိုလည်း သိပ်မလွယ်လှဘူး။ ဂျပန်ဆိုတဲ့လူမျိုးက ရက်စက်တယ်၊ လက်နက်ပြည့်စုံတယ်။ စစ်ရေးစစ်ရာမလဲ ကျွမ်းကျင်ကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဦး"

"ဒါကတော့ မျက်မြင်ကိုယ်တွေ့ တွေ့ရတာတွေအပေါ် မူတည်ပြီး ပြောရတာ။ အာရှတိုက်နဲ့ ကမ္ဘာတစ်ခုလုံးရဲ့ အခြေအနေအမှန်ကိုတော့ ဦးလည်း မခန့်မှန်းတတ်သေးဘူး။ ဒီခေတ်မှာ အဆိုးဆုံးကတော့ သတင်းစုံအောင် မဖတ်ရ၊ ရေဒီယို နားမထောင်ရတာပဲ မောင်ဝင်းကြည်ရဲ့"

ဝင်းကြည်က ခေါင်းကိုသာ ညိတ်နေမိသည်မှအပ အခြား တစ်စုံတစ်ရာသော စကားကိုမျှ မပြောတတ်သလို ဖြစ်နေသည်။ အမှန်စင်စစ်အားဖြင့် လက်ရှိအခြေအနေများနှင့် စပ်လျဉ်း၍ ပြောရဆိုရမှာ ဝန်လေးနေသည်ဆိုလျှင် ပို၍မှန်ကန်လေမည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



အဘယ့်ကြောင့် ဤသို့ ဝန်လေးနေရသနည်းဟု ဝင်းကြည်က စဉ်းစားမိပြန်သည်။ ဦးသိန်းအောင်အပေါ်၌ မယုံကြည်သောကြောင့်၊ စိတ်မချသောကြောင့် မဟုတ်။ ယုံကြည်စိတ်ချလွန်းသည်လည်း မဟုတ်။ အတွင်းရေးတွေကို ဖွင့်ပြောလိုက်သည့်အတွက် မိမိအား ကင်ပေတိုင်လက်သို့ ဝကွက်၍ အပ်လိမ့်မည်ဟုလည်း မယူဆ။ သို့ရာတွင် ကိုတင်သိန်းနှင့် အခြားသောလုပ်ဖော်ကိုင်ဖက်အားလုံးက သူတို့ ပြောဆိုလုပ်ကိုင်နေကြသည့် ကိစ္စရပ်များအား လျှို့ဝှက်ထားကြလေ့ ရှိကြသည်ကို သူ သဘောပေါက် နားလည်နေသောကြောင့်သာ ဖြစ်ပေသည်။

ဦးသိန်းအောင်သည် ဆေးတံကို တစိမ့်စိမ့် ဖွာရှူလျက်ရှိ၏။

မွန်းတိမ်းနေရိန်မှာ အတန်ငယ် ပို၍ ပူပြင်းလာသော်လည်း သူတို့ ထိုင်နေသည့်နေရာတွင် ပျဉ်းမရိပ်က လွှမ်းနေသည့်အတွက် နေ၏အပူရှိန်မှာ ဤနေရာသို့ တိုးဝင်ခြင်းငှာ မစွမ်းနိုင်လောက်အောင် ရှိလေသည်။

ထိုအခိုက်မှာပင် စင်သီယာ တစ်ယောက် သူတို့အနားသို့ ရောက်လာလေသည်။

ဝင်းကြည်က စင်သီယာအား ပြုံး၍ နှုတ်ဆက်လိုက်သည်။ စင်သီယာကလည်း ပြန်၍ ပြုံးပါ၏။ စင်သီယာ၏ အပြုံးကား ပြတ်သားလှပသော အပြုံးဟု ဝင်းကြည်က ထင်မိလေသည်။ ပြတ်သားလှပသော အပြုံးမျိုးမှာ ရှားပါးလှပါ၏။ သို့မို့ကြောင့်လည်း ကျောင်းနေစဉ်ကာလကဆိုလျှင် စင်သီယာကို သူတို့ သူငယ်ချင်းတစ်သိုက်က 'ပြတ်သားသော အပြုံးရှင်' ဟု တင်စားခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။

"ကဲ၊ ဦးလေး တစ်ရေးလောက် မှေးလိုက်ဦးမယ်။ မင်းတို့ စကားပြောကြဦး။ နောက်လည်း မကြာမကြာ လာပါကွ မောင်ဝင်းကြည်ရ။ မင်းက တစ်ခါတစ်ခါ တယ်မြုပ်ချက်သား ကောင်းလှသကိုးကွ"

ဦးသိန်းအောင်က ပြောပြောဆိုဆိုနှင့် ထ သွားသည်။ စင်သီယာသည် ဦးသိန်းအောင်ထသွားသော ကုလားထိုင်တွင် ဝင်မထိုင်ဘဲ ဝင်းကြည်နှင့် ဘေးချင်းယှဉ်နေသည့် ကုလားထိုင်၌ ဝင်ထိုင်လိုက်၏။

သူတို့နှစ်ယောက်၏ ရှေ့တူရူတွင် ကွင်းပြင်ကြီးသာ ရှိသည်။ အိမ်ကို ကျောပေး၍ ထိုင်ထားကြခြင်း ဖြစ်သည်။ အိမ်ပေါ်မှ စန္ဒရားသံလည်း တိတ်သွားလေပြီ။ အဝေးကွင်းဆီ၌ စာကလေးတစ်သိုက် ထပျံသွားကြသည်ကို တွေ့ရသည်။ ဆောင်းနေမို့ ကျဲတောက်တောက် ပူပြင်းလျက်ရှိသော်လည်း ကွင်းပြင်ဆီမှ လေသည် တဝေ့ဝေ့ တိုးဝင် တိုက်ခတ်လျက်ရှိ၏။

"ကိုဝင်းကြည် ရောက်နေတာ တော်တော်ကြာသွားပြီလား"

"နည်းနည်းတော့ ကြာပြီဆိုပါတော့။ ဦးနဲ့ စကားကောင်းနေတာနဲ့ အချိန်ကိုတောင် အမှတ်မထားလိုက်မိဘူး"

"စင်သီယာ ရေချိုးနေတာနဲ့ နည်းနည်းနောက်ကျသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး"

"စင်သီယာက တောင်းပန်တာပါ"

"ကိစ္စမရှိပါဘူး စင်သီယာ"

စင်သီယာက ခစ်ခနဲ အသံထွက်အောင် ရယ်နေလေ၏။ စင်သီယာ ပြုံးလျှင် ပြတ်သား၍ လှပသည်။ စင်သီယာ ရယ်လျှင် ပို၍ ချစ်စရာကောင်းနေတတ်သည်။ အစ်မဖြစ်သူ ပင်စီလောက် အသားမဖြူသော်လည်း ပို၍ နွဲ့နှောင်းပြေပြစ်သော အလှဖြင့် ဆင်ယင်ထားနိုင်သည့် စင်သီယာ ပါတကားဟု ဝင်းကြည် တွေးမိသည်။

ဝင်းကြည်၏အတွေးမှာ တကယ်ဆိုတော့လည်း မှန်လှပေ၏။ စင်သီယာသည် သူ့အစ်မ ပင်စီလောက် အသားမဖြူချေ။ ပင်စီ၏ အသားအရေမှာ ဆွတ်ဆွတ်ဖြူလှ၏။ ကျောင်းတွင် ပင်စီကို 'ကျောက်ဆင်းတု' ဟု သူတို့ ယောကျ်ားလေးတွေက တိတ်တဆိတ် နာမည်ပေးထား ကြသည်။ ထိုမျှသာမက ပင်စီမှာ အရုပ်မမောင်း မထွက်လှဘဲ တုတ်ခိုင်သည်။ စင်သီယာကား ပင်စီထက်စာသော် အသား အတန်ငယ်ညိုသည်။ နွဲ့နှောင်းသွယ်လျသော ခန္ဓာကိုယ်လည်း ရှိသည်။

ဤ ညီအစ်မတွေနှင့် စတင်ရင်းနှီးသူမှာ ဝင်းကြည် မဟုတ်။ ထွန်းကြည်သာ ဖြစ်သည်။ ထွန်းကြည်သည် ထာဝစဉ် ကြော့နေအောင် ဝတ်ကာ တယောကလေး ထိုးလိုက်၊ တေးဆိုလိုက် နှင့်သာ နေလေ့ရှိပေရာ တူရိယာ ဂီတဝါသနာအိုး ဖြစ်သော ဤ ညီအစ်မနှင့် ရင်းနှီးကျွမ်းဝင်မှု မြန်ဆန်သည်မှာ အဆန်းမဟုတ်တော့ချေ။

ယခုမူ ထွန်းကြည်သည် ပင်စီနှင့် ချစ်ကြိုက်နေသည့် အဆင့်အထိ ရောက်နေ၏။ ပင်စီနှင့် ထွန်းကြည်တို့၏ ဆက်ဆံရေး အနေအထားမှာ ရှင်းလင်းပြတ်သားနေသည်။ ဝင်းကြည်နှင့် စင်သီယာတို့ကသာလျှင် ချစ်သူသက်ထားချင်းလည်း မကျ၊ မေးထူးခေါ်ပြော သာမန် အသိ မိတ်ဆွေမျိုးလည်း မကသော ဆက်ဆံမှုမျိုးဖြင့် ဆက်ဆံနေကြခြင်း ဖြစ်လေသည်။

"ဘာတွေများ စဉ်းစားနေသလဲ"

ဘေးနားက စင်သီယာ၏အသံကြောင့် ဝင်းကြည်၏အတွေးမျှင်များမှာ လေအဝှေ့တွင် ပါသွားသော သစ်ရွက်များပမာ လွင့်ပါးပျောက်ကွယ်သွားလေ၏။

"စင်သီယာကရော ဘာသဘောကျပြီး ရယ်နေတာလဲ"

ဝင်းကြည်က အမေးကို မဖြေဘဲ ထပ်မေးလိုက်၏။

"စင်သီယာ ရယ်တာက တခြားမဟုတ်ပါဘူး။ ကိုဝင်းကြည်က ကိစ္စမရှိပါဘူး ဆိုတာတွေ များနေလို့ ရယ်တာပါ။ စင်သီယာ ရောက်ကတည်းက တစ်ခါတည်း ကိစ္စမရှိပါဘူးချည်း လုပ်နေ တာပဲ။ အဲဒါကို ရယ်တာ"

သည်လိုဆိုတော့လည်း ဝင်းကြည်က ရယ်နေလိုက်ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ၊ စင်သီယာ မေးတာကို ဖြေဦးလေ"

"ဘာပါလိမ့်"

"ကိုဝင်းကြည် ဘာတွေ စဉ်းစားနေသလဲလို့ စင်သီယာက မေးထားတယ်။ အဲဒါကို ဖြေဦး"

ဝင်းကြည်က ရုတ်တရက်အားဖြင့် အဖြေ မည်သို့ပေးရမည်ကို မသိနိုင်လောက်အောင် ဖြစ်သွားမိသည်။

"နိုင်ငံရေး အကြောင်းတွေလား" ဟု စင်သီယာက ထပ်မေးပြန်၏။

"စင်သီယာ ဘယ်လိုလုပ် သိသလဲ"

စင်သီယာ၏ အမေးကို ဝင်းကြည်က ချော်လဲရောထိုင် လုပ်လိုက်ခြင်းမျှသာ ဖြစ်လေသည်။ ဤသို့မှ မလုပ်လျှင် သူ စဉ်းစားနေမိခဲ့သော အကြောင်းအရာ အမှန်တွေကို အပြောရ ခက်နေပေလိမ့်မည်။

"ကိုဝင်းကြည်က နိုင်ငံရေးတွေ ဘာတွေမှာ စိတ်ဝင်စားတဲ့လူ မဟုတ်လား။ နိုင်ငံရေး တွေကို တွေးနေသလား ဆိုပြီး မေးရကောင်းလားလို့ စိတ်မဆိုးနဲ့ဦးနော်"

"ကိစ္စမရှိပါဘူး စင်သီယာ"

"လာပြန်ပြီ၊ ဒီကိစ္စမရှိဘူးကြီး"

နှစ်ယောက်စလုံး ပြိုင်တူလိုလို ရယ်မိကြသည်။

"ဆိုပါတော့ စင်သီယာ။ နိုင်ငံရေးလို့ပဲ ဆိုပါတော့။ ဒါနဲ့ တစ်ဆက်တည်းမှာပဲ စစ်ပြီးလို့ ရှိရင် ဘာတွေလုပ်ရမလဲ ဆိုတာကိုလည်း တွေးမိသေးတယ်"

"ဘာလုပ်ရမလဲ ကိုဝင်းကြည်၊ နိုင်ငံရေးပဲပေါ့"

"စင်သီယာက နိုင်ငံရေး ဆိုတာကို တော်တော်မုန်းတီးပုံ ရတယ်နော်"

စင်သီယာသည် လက်သည်းကလေးတွေ ပွတ်သပ်နေ၏။ နဖူးပြင်၌ ကန့်လန့်ကျ ကျဆင်း နေသော ဆံစကလေးများကိုလည်း သွယ်ပျောင်းသော လက်ချောင်းများဖြင့် သပ်ကာ တင်နေ၏။

"မုန်းတယ်တော့ မဟုတ်ပါဘူး ကိုဝင်းကြည်။ ဒါပေမဲ့ ကိုဝင်းကြည်က ဒီနိုင်ငံရေးလုပ်ငန်း တွေမှာ ဘာကြောင့်များ ဒီလောက်ဖွဲ့ကြီးနေသလဲဆိုတာ စင်သီယာ စဉ်းစားမရလို့ပါ"

"နိုင်ငံရေးဆိုတာဟာ အများကောင်းစားရေးရယ်လို့ ကိုယ်တော့ နားလည်ထားတယ် စင်သီယာ။ လူတစ်ယောက်အနေနဲ့ လူအများ ကောင်းစားရေးအတွက် လုပ်တာဟာ မွန်မြတ်တဲ့ အလုပ်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်လို့ ကိုယ်ယူဆတယ်။ ကဲ ဘယ့်နှယ်လဲ"

"ဟုတ်မှာပေါ့လေ"

"ဟုတ်မှာပေါ့လေ ဆိုတာက မပြတ်သားတဲ့ သဘောပါတယ်။ မခိုင်လုံတဲ့သဘောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကို ဟုတ်တယ်။ အဲဒီ အယူအဆအရ လုပ်တာဟာ အပြစ်ရှိသလား။ လူတိုင်းလူတိုင်းဟာ အဲဒီလိုကောင်းတဲ့အလုပ်ကို မလုပ်သင့်ဘူးလား"

စင်သီယာက အဖြေမပေးဘဲ ဝင်းကြည်ကိုသာ လှမ်းကြည့်နေ၏။ စင်သီယာ၏ မျက်စိအစုံသည် ရွှန်းလဲ့တောက်ပလျက် ရှိလေသည်။ ဤမျက်စိအစုံ၏ အလှကို မိုးသားတိမ်တိုက်တို့ ကင်းစင်သော နွေညဉ့်၏ ကောင်းကင်၌ ရွှန်းလဲ့တောက်ပနေသည့် ကြယ်ပွင့်နှစ်ပွင့်၏ အလှနှင့် နှိုင်းယှဉ်နိုင်ပါ၏။

သူတို့နှစ်ယောက်သား အတန်ကြာမျှ စကားမပြောနိုင်ကြဘဲ တိတ်ဆိတ်စွာသာ ထိုင်နေမိကြသည်။

ယင်းသို့ တိတ်ဆိတ်နေကြခြင်းသည်ပင်လျှင် အဓိပ္ပာယ်တွေ တသီတတန်းကြီးပါသည့် စကားလုံးတွေကို ပြောဆိုနေကြခြင်းလောဟု စဉ်းစားဖွယ် ဖြစ်လေသည်။ သို့တည်းမဟုတ် ရွှန်းစားသော စင်သီယာ၏အကြည့်တွင် အဓိပ္ပာယ်တစ်ခုခု ပါလေသလောဟု ယူဆစရာလည်း ဖြစ်ပါသေးသည်။

ခေတ္တမျှ ငြိမ်သက်နေခြင်းကို စင်သီယာက စတင်၍ ဖြိုခွင်းလိုက်သည်။

"ဟောဟို ရိုးစပ်နားကို လျှောက်ရအောင်"

"နေမပူဘူးလား စင်သီယာ"

"အရိပ်တွေ ရှိသားပဲ"

ပြောပြောဆိုဆို စင်သီယာက စ၍ ထလေပြီမို့ ဝင်းကြည်ကလည်း ထိုင်ရာမှ ထရလေတော့သည်။

သူတို့နှစ်ယောက်သား လျှောက်ထွက်လာကြသည့် ခြံဝင်းမြေမှာ သွေ့ခြောက်သည်။ အကြွေစောသော သစ်ရွက်များ၊ မြက်နုများဖြင့် လွှမ်းထားသည့်မြေ ဖြစ်သဖြင့် လျှောက်၍ ကောင်းသည်။

ပျဉ်းမပင်နှင့် ကုက္ကိုပင်၊ သရက်ပင်များ ထူထပ်စွာ ပေါက်နေသည့်အတွက် နေရောင်ကွက်ကိုကွက်ကျားသာ ထိုးဆင်းနေလေ၏။ ခြံမြေ၏ အစွန်းတွင် မျက်စိတဆုံး ရှုမဆုံးသော ကွင်းပြင်များသည် တိတ်ဆိတ်စွာ လျောင်းစက်နေကြ၏။ လေသည် ကွင်းပြင်များကို ဖြတ်၍ တဝေ့ဝေ့ တိုက်ခတ်လာ၏။ လေတွင် မိုးသက်ရနံ့ မပါတော့ဘဲ နှင်းဆွတ်ဖြန်းထားပြီးနောက် နေနှင့်တွေ့ထိသဖြင့် နှင်းနံ့ မပျောက်သော်လည်း ခြောက်သွေ့သွားသော ရိုးပြတ်တို့၏ ရနံ့များကိုသာ ဆောင်ကြဉ်းလာလေသည်။

"ကိုဝင်းကြည်ကို စင်သီယာ တစ်ခု ပြောချင်တယ်။ လေးလေးနက်နက် ဆိုပါတော့"

စင်သီယာကပင် စကားစလေသည်။

"ပြောပါ စင်သီယာ။ ဘာပြောချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေ မိတ်ဆွေတွေ အများကြီး ရှိကြတဲ့အထဲမှာ စင်သီယာတို့ဟာ တော်တော်လေး ရင်းနှီးကြတယ်နော်"

"အင်း၊ ဒါ ကိုယ်တို့သိပြီးသားပဲဟာ"

"အထူးသဖြင့် စစ်ဖြစ်လာလို့ ကျောင်းမတက်ရတော့ဘဲ စစ်ပြေးဘဝနဲ့ နေကြရစိုက်မှာ စင်သီယာတို့ မိသားစုဟာ ကိုဝင်းကြည်တို့ မိသားစုနဲ့ ပိုပြီး ရင်းနှီးခင်မင်လာကြတယ်။ ဖေဖေကလွဲရင် စင်သီယာတို့မှာ မောင်ရယ် ဖွားရယ်လို့လည်း မရှိတော့ ကိုထွန်းကြည်တို့ ကိုဝင်းကြည်တို့ကို အားကိုးအားထား နေခဲ့ကြတယ်"

"ဟုတ်တယ် စင်သီယာ"

"သဘောကတော့ တစ်မိသားစုထဲလို ရင်းရင်းနှီးနှီး ဖြစ်လာခဲ့ကြတယ်ဆိုတာ စင်သီယာ ဆိုလိုချင်တာပါ"

"ဟုတ်ပါတယ် စင်သီယာရဲ့။ ဒါတွေကို ကိုယ် သိပြီးသားပဲဟာ ပြောစရာရှိတာသာ ပြောစမ်းပါ"

"ပြောပါ့မယ်လေ၊ လောလိုက်တာ။ ဘယ်သွားစရာ ရှိနေသေးလို့လဲ။ အန္တဲ့ဆီလား"

စင်သီယာ၏ နှုတ်ဖျားမှ "အန္တဲ့ဆီလား"ဟု ဖွင့်ဟ၍ ပြောခြင်းကို ပထမဆုံးအကြိမ်အဖြစ် ကြားလိုက်ရသော ဝင်းကြည်မှာ အိပ်ပျော်နေစိုက် လှုပ်နှိုးခြင်းခံရသဖြင့် လန့်နိုးသူပမာ ဖြစ်သွားမိလေ၏။

"သွားစရာ မရှိပါဘူး။ အေးအေးဆေးဆေးပါပဲ။ ကိုယ် အချိန်ရပါတယ်"

ဝင်းကြည်က အန္တဲ့အကြောင်းကို အစဖျောက်လိုသည့်သဘောဖြင့် သို့ကလို ဖြေလိုက်ခြင်း ဖြစ်လေသည်။ ယင်းသို့သာ ဖြေလိုက်ရသော်လည်း အန္တဲ့အကြောင်းကို အဘယ့်ကြောင့် စင်သီယာက ထည့်ပြောရသနည်း ဟူသော မေးခွန်းကိုကား သူ့ကိုယ်သူ ပြန်မေးနေမိသည်သာ ဖြစ်၏။ အန္တဲ့ကို ဝင်းကြည် သိသလို စင်သီယာလည်း သိ၏။ အန္တဲ့သည် ဝင်းကြည်၏ မိတ်ဆွေဖြစ်သလို စင်သီယာ၏ မိတ်ဆွေလည်း ဖြစ်၏။ မိမိနှင့် အန္တဲ့၏ ဆက်ဆံရေးမှာ ယခုအထိ ဖြူစင်သန့်ရှင်းသည်ကို စင်သီယာ သိကောင်း သိလိမ့်မည်ဟု ဝင်းကြည် ထင်မိသည်။ သို့စေလျက် ယခု "အန္တဲ့ဆီလား"ဟု လွှတ်ခနဲ ပွင့်အံလာသည်မှာ အဘယ်ကြောင့်နည်း။

"စင်သီယာ ပြောချင်တာကတော့ တခြား မဟုတ်ပါဘူး။ ကိုဝင်းကြည်အတွက်ပါပဲ။ ကိုဝင်းကြည်ဟာ ကျောင်းမှာကတည်းက ကျောင်းသားကိစ္စတွေ၊ နိုင်ငံရေးကိစ္စတွေမှာ အမြဲတမ်း ပါနေခဲ့သူမို့ ကိုဝင်းကြည် ဘာကို စိတ်ဝင်စားတယ်ဆိုတာ စင်သီယာ သိပါတယ်လေ။ စောစောက ကိုဝင်းကြည် ပြောတဲ့ အများကောင်းစားရေး ဆိုတဲ့ နိုင်ငံရေးပဲ မဟုတ်လား"

"ထားပါတော့လေ"

"ဟင့်အင်း၊ ထားပါတော့လေ ဆိုတာ မပြတ်သားဘူး၊ မခိုင်လုံဘူး"

www.burmeseclassic.com

www.burmeseclassic.com



စင်သီယာက သို့ကလိုပြောရင်း ပြုံးနေလေ၏။ စောစောက သူ ပြောခဲ့သော စကားအတိုင်း သူ့ကို ပြန်၍ချေပနေခြင်းဖြစ်ကြောင်း ဝင်းကြည်က ရိပ်မိသွားသောအခါ စင်သီယာကဲ့သို့ပင် ပြုံးနေမိပြန်၏။

"စင်သီယာ စကားတွေ သိပ်တတ်နေပြီ"

စင်သီယာက ခေါင်းခါလေသည်။ ခေါင်းကို ခါယမ်းနေသော စင်သီယာ၏ ဆံယဉ်စများသည် နားထင်တစ်ဝိုက်တွင် ကကြိုးကကွက် ညီသော ယိမ်းသမများသဖွယ် လှုပ်ယမ်းရွေ့လျားနေကြလေ၏။

"စကားတတ်လို့ ပြောနေတာ မဟုတ်ဘူး မျိုးချစ်ကြီးရဲ့။ ရင်ထဲမှာ ရှိတာကို ပြောနေတာ။ ကဲ သိပလား"

ခြံမြေအဆုံးတွင် ကွင်းပြင်များ၏ အစပ်သို့ ရောက်သွားကြသည်။ ဤနေရာမှာ ခြံဝင်းထဲမှာလောက် သစ်ပင်ထူထပ်ခြင်း မရှိသဖြင့် အပူရှိန် ပိုများလားသလား ထင်ရသည်။ သို့ရာတွင် ကွင်းပြင်နှင့် ခြံမြေအစပ်၌ တန်းစီ၍ ပေါက်နေသော ဗာဒံပင်အချို့ ရှိနေသဖြင့် အရိပ်အာဝါသ ရှိနေပါသေး၏။

သူတို့နှစ်ယောက်သည် ဗာဒံပင်တစ်ပင်၏ ခြေရင်းတွင် ဝင်ထိုင်လိုက်ကြ၏။ ကန်သင်းရိုးပြတ်များဖြင့်သာ တန်ဆာဆင်ထားသော ကွင်းပြင်များ၏ တစ်ဖက်သော အဝေးအရပ်၌ မိုးကုပ်စက်ဝိုင်းသည် မောပန်းနွမ်းနယ်စွာ မှေးစက်လျက် ရှိလေသည်။ စာကလေးတစ်သိုက်မှာ ကွင်းပြင်များ အလယ်တွင် တစ်ကွက်မှ တစ်ကွက်သို့ ပျံဝဲသွားလာရင်း ရှားပါးလှသော စပါးကောက်နှံ အကြွင်းအကျန်များကို လောဘရမ္မက်ကြီးစွာ ရှာဖွေလျက်ရှိကြသည်။

စင်သီယာက ဝင်းကြည်၏အပါး၌ နီးကပ်စွာ ထိုင်လိုက်ခြင်းဖြစ်ရာ တစ်ယောက်နှင့်တစ်ယောက် အသားချင်း ထိလုခမန်း ဖြစ်နေလေသည်။ စင်သီယာ၏ သနပ်ခါးနံ့သည် ဝင်းကြည်၏ နှာခေါင်းတွင်းသို့ သင်းသင်းပျံ့ပျံ့ တိုးဝင်လာ၏။

"ရှေ့ကိုလည်း ဒီလိုပဲ ဆက်ပြီး နိုင်ငံရေးတွေ ဘာတွေပဲ လျှောက်လုပ်နေဦးမလားလို့ ကိုဝင်းကြည်ကို စင်သီယာ မေးချင်တယ်။ စစ်ကြီးပြီးလို့ရှိရင် ကျောင်းပြန်တက်ကြရတော့မယ်။ စစ်ကြောင့် စင်သီယာတို့ အတန်းတွေ ဘယ့်လောက် နောက်ကျကုန်ပလဲဟင်။ ကိုဝင်းကြည်ရော ဒီလိုပဲ မဟုတ်လား"

"ဟုတ်တယ် စင်သီယာ။ အတန်းတွေ နောက်ကျ ပညာရေးမှာ နောက်ကျတာ အမှန်ပဲ"

"စစ်ပြီးရင် ဘယ်အတန်းက စ ပြန်နေပြီး ပညာရေးအတွက် ဘယ်လို ဆက်ကြိုးစားမယ် ဆိုတာကိုပဲ ကိုဝင်းကြည် စဉ်းစားစေချင်တယ်။ ဒါ စင်သီယာ့ စိတ်ကူးပါပဲ။ ကိုဝင်းကြည်ရဲ့ အရေးကို စင်သီယာက ဝင်ပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားရမှာပေါ့ စင်သီယာ။ စစ်ပြီးလို့ရှိရင် ဘာလုပ်မယ်ဆိုတာ ကိုယ်လည်း စဉ်းစားထားတာ ရှိပါတယ်"

"ကဲ ဘာလုပ်မလဲ"

"ကျောင်းပြန်တက်မှာတော့ အမှန်ပဲ စင်သီယာရဲ့။ ဒါပေမဲ့"

ဤနေရာတွင် ဝင်းကြည်၏ စကားသည် တစ်ဆို့နေလေ၏။ စင်သီယာက လက်ထဲတွင် ကိုင်ထားသော လက်ကိုင်ပဝါကလေးကို လက်ချောင်း သွယ်သွယ်လျှလျှများဖြင့် ရစ်ပတ်ရင်း ဝင်းကြည် ဆက်ပြောအံ့သော စကားကို ဂရုစိုက် နားစွင့်နေလေသည်။

"ဒါပေမဲ့" ဟု စင်သီယာက စကားလမ်းစ ဖော်ပေးပြန်၏။ ဝင်းကြည်၏နှုတ်ဖျားမှ ဆက်လက်၍ ပေါ်ထွက်လာမည့် စကားတွေကို စင်သီယာတစ်ယောက် အဘယ်မျှ ကြားချင်နေပြီမှာ ထင်ရှားလျက် ရှိလေသည်။

"ကိုယ် ဆက်ပြီး ပညာသင်ရေး မသင်ရေး ဆိုတာဟာ တိုင်းပြည်အခြေအနေပေါ်မှာ မူတည်တာမို့ အခုနေပြောရင် စောများနေမလားလို့"

"နိုင်ငံရေးတွေပဲ ဆက်လုပ်မယ်ပေါ့"

"ဆက်လုပ်ကောင်း လုပ်ရလိမ့်မယ်လို့ ကိုယ် ထင်နေလို့ပါ စင်သီယာ"

"ပညာကို ဆုံးခန်းတိုင်အောင် ဆက်သင်ပြီး ဒီဂရီလေး ဘာလေး ရတဲ့အထိ မကြိုးစားတော့ဘူးပေါ့"

"အဲဒါဟာ စစ်ပြီးရင် ပေါ်လာမယ့် အခြေအနေပေါ်မှာ မူတည်နေတာမို့ ဒီအကြောင်းတွေကိုပြောဖို့ စောနေမလားလို့ ကိုယ် ထင်နေတာပါ။ စင်သီယာ စဉ်းစားကြည့်လေ။ ကိုယ်တို့ နိုင်ငံရေးလုပ်တယ် ဆိုတာက တခြားလူတွေနဲ့စာရင် အသေးအမွှားကလေးပါ။ အင်္ဂလိပ်ကို ခါးခါးသီးသီးမုန်းပြီး ကိုယ်တို့တိုင်းပြည်ကို အင်္ဂလိပ်လက်အောက်က လွတ်အောင်လုပ်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်နဲ့ အသေခံ အနာခံ စွန့်စားတိုက်ခိုက်နေကြတဲ့ လူတွေနဲ့စာရင် ကိုယ်တို့လုပ်တာဟာ စာမဖွဲ့လောက်သေးပါဘူး စင်သီယာ"

စင်သီယာသည် ဝင်းကြည်ကို မကြည့်၊ အဝေးသို့သာ လှမ်းကြည့်နေ၏။ မမြင်နိုင်သော ကမ္ဘာတစ်ခုကို အချည်းအနှီး ငေးမောတမ်းတနေသူပမာ ကြည့်နေသော အကြည့်မျိုးသာ ဖြစ်သည်။ စင်သီယာ၏ မျက်လုံးအိမ်များသည် ဆောင်း၏ နံနက်ခင်းလို ဆိုင်းတွဲ့ ရီဝေနေကြ၏။ ဘာမျှလည်း မပြော။

"ကိုယ်ပြောတာတွေကို တစ်နေ့မှာ စင်သီယာ သဘောပေါက်လာပါလိမ့်မယ်။ သာမင်သက်သက် ကန့်လန့်လုပ်ပြီး ပြောနေတာ မဟုတ်ပါဘူး စင်သီယာ ယုံပါ"

"ဦးတို့ ဒေါ်ဒေါ်တို့က ကိုဝင်းကြည်ကို ဘာမှ မပြောကြတော့ဘူးတဲ့လား"

ဝင်းကြည်က ကြိတ်၍ ပြုံးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောတာမှ သိပ်ပြောတာပေါ့ စင်သီယာ။ အဖေက တော်သေးတယ်။ အဖေကိုယ်တိုင်က ဒီလိုကိစ္စမျိုးတွေမှာ စိတ်ဝင်စားသူမို့ သိပ်ပြင်းပြင်းထန်ထန် မပြောလှပါဘူး။ အမေကတော့ နေ့ရှိသရွေ့ ပြောတာပဲ"

"အဲဒီတော့"

"အမေဟာ အသက်အရွယ် ထောက်လာပြီ မဟုတ်လား။ အသက်ကြီးလာတဲ့ လူများဟာ ကိုယ့်သားသမီးနဲ့ ဆွေမျိုးနဲ့ နီးနီးနားနား နေချင်ကြတာချည်းပဲ စင်သီယာရဲ့။ ကိုယ့်နေရေးထိုင်ရေး ချောင်ချောင်လည်လည် ရှိဖို့လောက် စိတ်ကူးလေ့ရှိကြတာချည်းပဲ။ ဒီတော့ ကိုယ့်ကို ခဏခဏ အမေက ဆူတာပူတာဟာ အဆန်းမဟုတ်ဘူးလို့ ကိုယ်ထင်တာ"

စင်သီယာက ခပ်မဆိတ် နေလေ၏။ မြေပေါ်ရှိ ဗာဒံရွက်ကလေး တစ်ရွက်ကို ကောက်ယူကာ အစိတ်စိတ် အမွှာမွှာ ဆုတ်ဖြဲနေသည်။ ပြီးတော့ကာ ပြန်ရန် ထလိုက်သည်နှင့် ဝင်းကြည်ကလည်း ထိုင်ရာမှ ထလေသည်။ စောစောက သူတို့ထိုင်ခဲ့သောနေရာတွင်မူ ထွန်းကြည်က ပင်စီအား တယောပြားကလေးဖြင့် နန်းကေသီ သီချင်းကို ချပေးလျက်ရှိလေသည်။

'နိဗ္ဗူအမတ ပြည်ခေမာ လှမ်းပါစို့၊ တို့နှစ်ပါး ဆုထူးကိုပန်ရွယ်ထား၊ ကြည်လင်စွာ ဒီပင်္ကရာ မြတ်စွာဘုရားမှာ သစ္စာထားချင်တာ'

ထွန်းကြည်၏ တယောသံစဉ်ကို လိုက်ကာ ပင်စီက ဆိုလေသည်။ စင်သီယာသည် ဝင်းကြည်ဆီသို့ တစ်ချက်မျှ လှမ်းကြည့်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

## အခန်း ၆

'အနွဲ့'

အနွဲ့ ဟူသောအမည်သည် ဝင်းကြည်၏ရင်တွင်း၌ ပွဲတင်ထပ်လာလေ၏။ စင်သီယာက ပြောလိုက်တော့မှပင် အနွဲ့၏ ရုပ်ပုံလွှာသည် ဝင်းကြည်၏စိတ်အာရုံ၌ တရေးရေး ပြန်လည်ပေါ်ထွက်လျက် ရှိလေသည်။

အနွဲ့၏အမည်ကို တစ်စုံတစ်ယောက်သောသူက ပြန်လည်ဖော်ထုတ်ခဲ့ခြင်းအားဖြင့် နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည့်အလျောက် မှုန်မှုန်မှိန်မှိန်သာ ရှိတော့သော အဖြစ်အပျက်နှင့် အကြောင်းခြင်းရာများမှာ ဆေးသားထပ်ရိုက်ထားသည့် ပန်းချီကားချပ်ပမာ ထင်ရှားပေါ်လွင်လာသည်သာ ဖြစ်ပေ၏။

အနွဲ့သည် နာမည်နှင့်လိုက်အောင် နွဲ့နှောင်းသော မိန်းကလေး ဖြစ်၏။ နွဲ့နှောင်းသလောက် အနေအထိုင် ရိုးသားဖြောင့်မတ်သည်။ ဣန္ဒြေကြီးသည့် မိန်းမပီသသော မိန်းကလေး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် အနွံ့၏ အေးဆေးတည်ငြိမ်သော စိတ်နေသဘောထားကို သဘောကျနှစ်ခြိုက်ခဲ့မိဖူးလေ၏။ အသားလတ်သော၊ နှုတ်ခမ်းအစုံ၌ အပြုံးပန်း မပွင့်တပွင့်ကို ထာဝစဉ်ဆင်မြန်းထားလေ့ရှိသော အနွံ့၏ ဣန္ဒြေကြီးသည့် အလှကို မြတ်နိုးတွယ်တာခဲ့ဖူးပေ၏။ သို့ရာတွင် အနွံ့ကား အများတကာသော ရွယ်တူတန်းတူ ကျောင်းနေဖက် မိန်းကလေးများအနက်တွင် အခြေအနေ အယိုင်နဲ့ဆုံး၊ အနုံချာဆုံး ဖြစ်သည်ကိုလည်း သဘောပေါက် နားလည်ခဲ့ရလေသည်။

မှန်၏။ အနွံ့ကား မိဘမဲ့ မိန်းကလေးသာ ဖြစ်သည်။ ဦးလေးနှင့် အဒေါ်ထံတွင် မှီခိုနေရသည်။ ဦးလေးဖြစ်သူသည် အရက်သေစာ သောက်စားမူးယစ်နေတတ်သူဖြစ်လျက် အဒေါ်ဖြစ်သူသာ ဈေးတောင်း ခေါင်းရွက်ရောင်း၍ စီးပွားရှာနေရလေသည်။ အဒေါ်၏ ရှာစာ၊ ဖွေစာ ဟူသမျှမှာ ဦးလေး၏ အရက်ဖိုးချည်းသာ ဖြစ်နေလေရာ အနွံ့တို့၏ နေရေး စားရေးမှာ ချောင်လည်သည် မရှိ။ တစ်နေ့တခြား လုံးပါးပါးလျက် ကျပ်တည်းနေရသည်။ ယုတ်စအဆုံး ဆိုရလျှင် အနွံ့မှာ ကျောင်းလခ မှန်မှန်မပေးနိုင်တော့သည့် အခြေအနေမျိုးနှင့်ပင် ရင်ဆိုင်ခဲ့ရလေတော့သည်။

ကျောင်းလခ မပေးနိုင်သည့်အတွက် နို့တစ်ပေးထားခြင်း ခံရစဉ်က အဖြစ်အပျက်ကလေးတစ်ခုကို ဝင်းကြည် အမှတ်ရမိပါသည်။

အတန်းပိုင်ဆရာက ထုံးစံအတိုင်း ကျောင်းလခပေးရန် ပျက်ကွက်နေသည့် ကျောင်းသားအချို့၏ နာမည်ကို ကြေညာကာ သုံးရက်အတွင်း အပြေအလည်ပေးဆောင်ရန် နှိုးဆော်သည်။ ယင်းသို့ သတိပေး ကြေညာခြင်းခံရသည့် ကျောင်းသားများအနက်တွင် ကျောင်းသူ ဟူ၍ အနွံ့တစ်ယောက်တည်းသာ ပါလေသည်။ အနွံ့တစ်ယောက် အဘယ်မျှ ရှက်ရှာလေမည်နည်း။

သို့မို့ကြောင့်လည်း ဝင်းကြည်က အတန်းပိုင်ဆရာဖြစ်သူ ဆရာဦးဖိုးစိန်အပေါ်၌ တစ်ကိုယ်တည်း ကြိတ်၍ အပြစ်တင်မိသည်။ ဆရာဦးဖိုးစိန်သည် သားသမီး မရှိသူပီပီ သားချင်းသမီးချင်း စာနာထောက်ထားရန် နားမလည်သူသာ ဖြစ်သည်ဟုလည်း မှတ်ချက်ချမိသည်။ အစိုးရကျောင်း ဖြစ်သဖြင့် လခမပေးနိုင်လျှင် ကျောင်းမှ နှင်ထုတ်ခြင်းခံရမည်မှာ ကျောင်းစည်းကမ်းဖြစ်ရိုးမှန်သော်လည်း မိန်းကလေးတစ်ဦး၏ အရှက်နှင့် ဂုဏ်သိက္ခာကို ငဲ့ညှာသောအားဖြင့် ဤသို့ထုတ်ဖော်ကြေညာ သတိပေးမည့်အစား တိုးတိုးတိတ်တိတ် ခေါ်ယူသတိပေးလျှင်လည်း မဖြစ်နိုင်ပါသလောဟု စောကြောမိသည်။

မည်သို့ပင် ဖြစ်စေကာမူ ဤကိစ္စ၌ ဝင်းကြည်သည် ကြားဝင်ဆောင်ရွက်ရန် ပိုင်းဖြတ်လိုက်လေ၏။

အနွံ့၏ ကျောင်းလခကို သူ ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။ ယင်းသို့ ဆုံးဖြတ်လိုက်ရသော်လည်း မည်သို့မည်ပုံ ရှာဖွေပေးရမည်ကို ရုတ်တရက်အားဖြင့် မစဉ်းစားတတ်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသည်။ မိမိ၏ မိဘများထံက တောင်းပြန်ကလည်း အမေးအမြန်း ထူနေပေရော့မည်။ နောက်ဆုံးတွင် စင်သီယာ့ကို သူ သတိရလေသည်။

"စင်သီယာ ကိုယ့်ကို ပိုက်ဆံ ခဏချေးထားစမ်းပါလား။ အန္တဲ့အတွက် ကျောင်းလခ ဆေးလိုက်ချင်တယ်"

စင်သီယာသည် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဤမျှလောက်သော ငွေကြေးကို စင်သီယာ ဂရုမစိုက်ပါ။ ဝင်းကြည်က တောင်းသည်ဆိုလျှင် ခေတ္တခဏ ချေးသည်ပဲဖြစ်ဖြစ်၊ ပြန်မပေးဘဲ အပိုင်တောင်းသည်ပဲဖြစ်ဖြစ် စင်သီယာ့မှာ စဉ်းစားရန်နှင့် နှမြောတွန့်တိုရန် အကြောင်း မရှိပါ။ သို့သော် 'အန္တဲ့အတွက် ကျောင်းလခ ပေးလိုက်ချင်တယ်' ဟူသော ဝင်းကြည်၏ စကားနှင့် စပ်လျဉ်း၍ကား အံ့အားသင့်ရသည်သာ ဖြစ်လေသည်။

"အန္တဲ့ကျောင်းလခအတွက် ဟုတ်လား"

"ဟုတ်တယ် စင်သီယာ၊ အန္တဲ့အတွက်"

"သြော်"

စင်သီယာမှာ အံ့သြသည်ထက်သာ အံ့သြရပြန်သည်။ ဝင်းကြည်ကိုလည်း ထူးဆန်းသော သတ္တဝါ တစ်ကောင်ပမာ စိန်းစိန်းကြည့်နေလိုက်မိသည်။

"ကိုယ်ပြန်ပေးပါ့မယ် စင်သီယာ"

စင်သီယာသည် ကော်ရစ်ဒါ လက်တန်းကိုကိုင်ရင်း အတန်ကြာမျှ ငေးနေမိ၏။ ကျောင်း ဝရုဏ်အတွင်းရှိ ကုက္ကိုပင်ကြီးများသည် ဝါကြန့်ကြန့် ရွက်ဟောင်းတွေကို မြေပြင်တစ်ခုလုံး ဖွေးနေအောင် ခြွေချထားကြ၏။

"စင်သီယာက ပြန်ပေးဖို့ ပြောနေတာ မဟုတ်ပါဘူး။ ပြန်ပေးဖို့လည်း မလိုပါဘူး။ အင်းလေ ထူပါ။ စင်သီယာ ပေးပါ့မယ်။ ချေးတာ မဟုတ်ဘူးနော်။ ချေးတာ မဟုတ်ဘူးဆိုမှ ပေးမယ်"

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရရင်တော်ပြီ။ တကယ်လို့ စင်သီယာကို ဘယ်လိုမှ ပြန်ပေးလို့ မရဘူးဆိုရင်တော့ တော်တော် အားနာစရာပဲ"

"အခု အားနာရမှန်းတောင် သိနေပြီနော်။ ဒါပေမဲ့ ဘယ်သူ့အတွက် ဝင်အားနာနေရတယ် ဆိုတာကိုရော သိရဲ့လား။ စဉ်းစားမိရဲ့လား။ ခက်တယ် ကိုဝင်းကြည်။ လူတွေဟာ တစ်ခါတလေ ကိုယ် ဘာလုပ်နေတယ်ဆိုတာ မသိကြဘူး"

"ကိုယ့်ကို တိုက်ရိုက်ပြောလိုက်စမ်းပါ စင်သီယာ။ လူတွေဟာ ဆိုပြီး လူတွေအားလုံးကို အပြစ်တင်မနေပါနဲ့"

"သြော်၊ ကျွဲမြီးတိုးလုချည့်လား ဆရာကြီးရဲ့။ မကြိုက်ရင် နောက် မပြောတော့ပါဘူး။ တစ်ခါတလေ မိုက်တာ မှားတာကို ဗွေမယူပါနဲ့။ အများကြီး တောင်းပန်ပါတယ်။ ကဲ ပိုက်ဆံ လည်း ပေးပါ့မယ်။ ချေးတာလည်း မဟုတ်ပါဘူး။ ပြန်ပေးဖို့လည်း မလိုဘူး။ စင်သီယာ့အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ဖို့ မလိုပါဘူး။ ကိုဝင်းကြည်က ကိစ္စတစ်ခုခုအတွက် လိုလို့တောင်းတာကို စင်သီယာက ကူညီတာပါပဲ။ ဟုတ်လား"

စင်သီယာ့ထံမှ ငွေရပြီး နောက်တစ်နေ့နံနက်တွင် အန္တဲ့ကို စကားပြောစရာရှိ၍ဟုဆိုကာ ကျောင်းဘောကွင်းဘက်သို့ခေါ်၍ လမ်းလျှောက်ရင်း စကားပြောသည်။

ဘောကွင်းဘက်သို့သွားရာ လမ်းတစ်လျှောက်တွင် ပင်စည်လုံးပတ် ကြီးသလောက် မြင့်မားလှသော အဓိကရ ကုက္ကိုပင်ကြီးများ တန်းစီလျက် ပေါက်နေကြသည်။ အချို့သော ကုက္ကိုပင်တို့၏ အမြစ်ကြီးများမှာ မြေကြီးပေါ်တွင် ခုံးထလျက် ရှိကြသည်။ ကုက္ကိုရွက်ကလေးများသည် ဝါကြန့်ကြန့် အသွေးအရောင်သို့ ကူးပြောင်းရင်း လေအဝေ့၌ ပင်ယံထက်ဆီမှ ဝဲပျံထိုးဆင်းနေကြသည်။

အန္တဲ့မှာ ဝင်းကြည်က ဤသို့ မခေါ်စဖူး ခေါ်သည့်အတွက် ထူးဆန်းသလို ဖြစ်နေသော်လည်း တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုဘဲ လိုက်လာခဲ့၏။

"အန္တဲ့ ကျောင်းလခကို ဒီနေ့ပဲ ပေးလိုက်ပါ။ ရော့၊ ဟောဒီမယ် ပိုက်ဆံ"

ဝင်းကြည်က စာအိတ်နှင့်ထည့်ထားသော ပိုက်ဆံကို လှမ်းပေးရင်း တုံးတိတိ ပြောလိုက်၏။ အန္တဲ့ကား ယူရအခက်၊ မယူရအခက် ဖြစ်နေဟန်တည်း။

"ကျွန်မ မယူပါရစေနဲ့ ကိုဝင်းကြည်"

"ယူပါ အန္တဲ့။ ယူသာ ယူစမ်းပါ။ အန္တဲ့ရဲ့ ပိုက်ဆံအဖြစ် အန္တဲ့ဘာသာပေးပါ။ တခြားလူတွေမြင်ရင် ယုန်ထင်ကြောင်ထင် ဖြစ်နေဦးမယ်။ ဒါကိုသာ အရင်ယူထားလိုက်။ ပြီးတော့မှ ပြောချင်တဲ့စကားကိုပြော"

သည်လိုဆိုတော့လည်း အစ်ကို၏စကားကို တစ်သဝေမတိမ်း နားထောင်သည့် ညီမငယ်အလား အန္တဲ့က စာအိတ်ကို လှမ်းယူကာ လက်တွင်း၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားလိုက်လေသည်။

"အန္တဲ့ မယူချင်ဘူး"

"လက်ထဲမှာလည်း ကိုင်မထားနဲ့။ အိတ်ထဲ ထည့်ထား။ အခု ကျောင်းမတက်ခင် ဆရာ့ကို သွားပေးထားနှင့်ချည်။ ကြားလား။ အတန်းတက်မှ မပေးနဲ့"

အန္တဲ့က ခေါင်းကို အသာအယာညိတ်ရင်း မျက်စိအစုံကို မြေကြီးပေါ်သို့သာ စူးစိုက်ထား၏။ အန္တဲ့၏ ပါးလျားသော နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်နေ၏။ စကားလည်း မပြော။

ဝင်းကြည်ကသာ ဆက်ပြောပြန်၏။

"အန္တဲ့ရဲ့ပညာရေးမှာ အခက်အခဲ တွေ့နေရတာကို သူငယ်ချင်း မိတ်ဆွေတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ တတ်နိုင်သလောက် ကူညီတာပဲ။ ဘာမှ အားတုံ့အားနာ ဖြစ်စရာ မလိုပါဘူး။ စိတ်မကောင်း ဖြစ်စရာ မလိုဘူး။ ကျေးဇူးတင်စရာလည်း မလိုဘူး။ သိလား"

"ဟုတ်ကဲ့"

"အဲဒီအကြောင်းကို စိတ်ထဲမှာတောင် မထားနဲ့။ အနွဲ့မှာ နောင်ဖြစ်ပေါ်လာတဲ့ အခက်အခဲတွေ ရှိရင်လည်း ပြောပါ။ ကိုယ် တတ်နိုင်သလောက် ကူညီမယ်။ ကြားလား။ ခင်မင်တဲ့ မိတ်ဆွေတွေအနေနဲ့ တစ်ယောက်ကိုတစ်ယောက် ဒီလောက်တော့ ကူညီကြရမှာပေါ့"

"ကျေးဇူးတင်ပါတယ် ကိုဝင်းကြည်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးလို့ ကိုယ် ပြောပြီးပြီပဲ"

"ဟုတ်ကဲ့"

"ကဲ လာ၊ သွားကြစို့"

"အနွဲ့ ဘယ်တော့ ပြန်ပေးရမလဲ" ဟု အနွဲ့က ထပ်မေးနေပြန်၏။ အနွဲ့၏အသံသည် တုန်ယင်လှုပ်ရှားလျက် ရှိလေ၏။

"ပေးဖို့မလိုဘူး။ ပြန်ပေးဖို့ ဘာဖို့ ဆိုတာကိုတောင် စိတ်ထဲမှာ မထားစေချင်ဘူး။ အဲဒီ ကျောင်းလခကိုသာ ပေးလိုက်။ နောက်ပြီးတော့ ပညာကိုသာ ပျော်ပျော်ပါးပါး ဆက်ကြိုးစားသင်ပါ။ ကြားလား။ ကဲ လာ၊ သွားကြစို့။ မထားတင့်တို့မြင်ရင် ကမောက်ကမတွေ လျှောက်နောက်နေဦးမယ်"

မထားတင့်တို့မြင်လျှင် နောက်နေမည် စိုးသည့်အတွက် သူတို့နှစ်ယောက်သည် ကျောင်းဘက်သို့ ဣန္ဒြေမပျက် ပြန်လှည့်လာခဲ့ကြ၏။ မထားတင့်သည် အတန်းထဲတွင် အနောက်ဆုံး၊ အစွာဆုံး မိန်းကလေး ဖြစ်သဖြင့် မထားတင့်ကို အနွဲ့သာမက ဝင်းကြည်ကလည်း ကြောက်ရသေး၏။

ကစားရုံနားသို့အရောက်တွင် အနွဲ့ကို ကျောင်းဘက်သို့ ပြန်လွှတ်လိုက်ပြီးနောက် ဝင်းကြည်ကမူ ကစားရုံဘက်သို့ ထွက်ခဲ့လေ၏။ သူတို့နှစ်ယောက် ကုက္ကိုပင်တန်းကြီးများအောက်တွင် စကားပြောပုံ၊ ပြန်လှည့်လာကြပုံ၊ လမ်းခွဲလိုက်ကြပုံတို့ကို ကျောင်း၏ အထက်ထပ်မှနေ၍ ရှုတစိုက် ကြည့်နေသူတစ်ဦးကား ရှိပေ၏။ သူ့ကို မည်သူကမျှ သတိမထားမိ။ ဝင်းကြည်နှင့် အနွဲ့တို့ကလည်း မမြင်မိ။

သူကား စင်သီယာတည်း။

× × ×

ယခုတော့ ဤအဖြစ်အပျက်ကလေးသည် စစ်၏ မီးခိုးမီးလျှံများ အကြားတွင် မှုန်မွှား ပျောက်ကွယ်နေခဲ့ပြီသာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနွဲ့သည်လည်း စစ်ဖြစ်လာပြီးနောက် ကျောင်းတွေပိတ်လိုက်ရချိန်ကစ၍ အစပျောက်သွားလေသည်။ အင်္ဂလိပ် အပြေးတွင် ကျောင်းတွေပြန်ဖွင့်ဖို့ ကြိုးစားပါသေး၏။ သို့သော် အင်္ဂလိပ်လေယာဉ်တို့၏ ဗုံးဒဏ် စက်သေနတ်ဒဏ်ကြောင့် ကျောင်းတွေကို ပိတ်ထားခဲ့ရပြန်သည်။ ဂျပန်စာသင်ကျောင်း တစ်ကျောင်းတည်းကိုသာ မြို့၏ တောင်ပိုင်းအစွန်ရှိ အေဘီအမ်ကျောင်း၌ ဖွင့်ခဲ့သည်။ မိန်းကလေး သုံးလေးယောက်သာ တက်ကြသည်။ ယောကျ်ားကြီးများနှင့် ကျောင်းသားကြီးများသာ များသည်။ ယခုအချိန်၌ကား ကျွဲညီနောင်သာမက ရန်ကုန်ကို ဗုံးသွားကြဲသောလေယာဉ်များနှင့် ရန်ကုန်ကို ခုခံကာကွယ်သော ဂျပန်လေယာဉ်များ၏ ကောင်းကင်ယံတိုက်ပွဲများပါ မအူပင်မြို့၏ ကောင်းကင်ပြင်တွင် မကြာခဏ ဖြစ်ပွားလေ့ရှိသည့်အတွက် တစ်မြို့လုံးဖရိုဖရဲ ပြေးလွှား ပုန်းအောင်းနေကြရသည်ဖြစ်ရာ အခြားသော မိတ်ဆွေ သူငယ်ချင်းများနည်းတူ အနွဲ့တစ်ယောက်လည်း အစပျောက်နေလေတော့သည်။

သူ့အဒေါ်များနှင့်အတူ အဟိတ်ရွာကလေးသို့ ပြောင်းရွှေ့သွားသလိုလို သတင်းကြားရသည်။ ထို့ထက်ပို၍ ဝင်းကြည် ဘာမျှ မသိ။

စင်သီယာက "အနွဲ့ဆိုလား" ဟု ကောက်ကာငင်ကာ ပြောလိုက်တော့မှပင် အနွဲ့အကြောင်းကို သူ သတိရမိခြင်း ဖြစ်သည်။ အနွဲ့ကိုမှ စင်သီယာက သီးခြားထုတ်၍ အဘယ့်ကြောင့် ပြောသနည်း၊ အနွဲ့နှင့်စပ်လျဉ်း၍ မိမိအပေါ်၌ စင်သီယာက အဘယ်ပုံ ထင်မြင်နေသနည်း စသော မေးခွန်းတွေ တသီတတန်းကြီး ပေါ်လာသည်။

အနွဲ့အပေါ်၌ မိမိက သံယောဇဉ်ငြိတွယ်နေပြီ၊ အနွဲ့နှင့် မိမိ၏အကြားတွင် မေတ္တာနှောင်ကြိုး တဲထားကြလေပြီဟု စင်သီယာ အထင်ရောက်နေသလား မသိ။

မည်သို့ထင်စေ၊ မတတ်နိုင်။ ရှင်းပြရန် အလိုမရှိတော့။ အဘယ့်ကြောင့်ဆိုသော် အနွဲ့နှင့်စပ်လျဉ်းသည့် မိမိ၏သဘောထားသည် ယခုထက်တိုင် ရိုးသား ဖြူစင်နေခြင်းကြောင့် ဖြစ်၏။ အရွယ်ရောက်စ လူငယ်လူရွယ်တို့သဘာဝ ချောမောလှပသော မိန်းကလေးများအား တစ်ခါတစ်ရံ တပ်မက်စွဲလမ်းသည့် စိတ်ရိုင်းကလေးများ ဝင်လာတတ်ကြောင်း ကိုယ့်ကိုယ်ကိုယ်နားလည်သဘောပေါက်ပါ၏။ အနွဲ့၏ နှစ်လိုဖွယ်ကောင်းသော ရုပ်ဆင်းရူပကာကို တစ်ခါတစ်ရံ စိတ်ဝင်စားမိသည်လည်း ရှိပေ၏။ သို့ရာတွင် သာမန်အားဖြင့် စိတ်ဝင်စားမိသည်မှအပ အခြားသော ကြံရွယ်ချက်မျိုး တစ်စုံတစ်ရာ မရှိခဲ့သည်ကိုလည်း မိမိသာလျှင် အသိဆုံး ဖြစ်၏။

သို့စဉ်လျက် စင်သီယာသည် အနွဲ့နှင့် မိမိ၏ ဆက်ဆံရေးကို တစ်မျိုးမြင်ခဲ့သည်ဖြစ်ဝမ်းနည်းစရာပင် ဖြစ်သည်ဟု ဝင်းကြည်က တွေးမိပြန်သည်။ စင်သီယာ၏အမြင်သည် အမြင်မျှသာ ဖြစ်သလို မိမိ၏ အတွေးမှာလည်း အတွေးမျှသာ ဖြစ်၏။ စင်သီယာက တိတိလင်းလင်းယိုးစွပ်ခြင်း မရှိသေးသည့်အလျောက် မိမိကလည်း တိတိကျကျ မရှင်းပြသေး။ သို့မို့ကြောင့်မြင်သူနှင့် တွေးသူ ဖြစ်သော စင်သီယာနှင့် မိမိ၏ အကြားတွင် အနွဲ့နှင့် စပ်ဆိုင်သည့် အကြောင်း

www.burmeseclassic.com



ခြင်းရာများသည် အဘယ်မျှကြာအောင် ပဟေဠိ ဖြစ်နေဦးမည်ကို မသိနိုင်ဟု ဝင်းကြည်က ကောက်ချက်ချမိလေသည်။

"ကိုဝင်းကို အဖေ မေးနေတယ်"

အိမ်သို့ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် အစ်မဖြစ်သူ မလှကြည်က ပြောလေသည်။ မလှကြည်သည် သူ့ထက် အကြီးဖြစ်သော ထွန်းကြည်ကို ကိုထွန်းဟု ခေါ်သလို သူ့ထက်ငယ်သော ဝင်းကြည်ကိုလည်း ကိုဝင်းဟု တယုတယ ခေါ်ဝေါ်တတ်ပေ၏။ သူတို့ မောင်နှမလေးယောက် အနက်တွင် အိမ်ကို အပူအကပ်ဆုံး၊ အိမ်သားအားလုံးကို မကြာခဏ ဒုက္ခအပေးဆုံးမှာ အစ်ကို အကြီးဆုံး ထွန်းကြည် ဖြစ်၏။ သို့မို့ကြောင့် ထွန်းကြည်ကို မကြိုက်။ သို့သော် မလှကြည်သည် အစ်ကိုဖြစ်သူကို ကြောက်ရှာ၏။ ဝင်းကြည်ကား အပြင်လောကသို့ထွက်၍ သူ ယုံကြည်ရာ လျှောက်လုပ်နေသည်မှအပ အိမ်သားများနှင့် အိမ်ကို အပူကပ်လှသူ မဟုတ်။ အရိုးများသလေး၊ ချေးခါးသလေး စသည်ဖြင့် ဇီဇာကြောင်တတ်သူ မဟုတ်။ အဖေနှင့်အတူ ဗုံးကြား၊ စက်သေနတ်ကြားတွင် စီးပွားပင် ကူရှာလိုက်သေး၏။ ယင်းအတွက် မလှကြည်က ဝင်းကြည်ကို ချစ်သည်၊ ကြင်နာသည်။

"အဖေ ဘယ်မှာလဲ"

"အခန်းထဲမှာ။ နည်းနည်း နေမကောင်းလို့ဆိုပြီး ပွဲရုံက ပြန်လာတယ်။ ကိုဝင်း ပွဲရုံကို မရောက်ဘူးလား။ ဘယ်သွားနေတာတုံး"

"မရောက်ဘူး မမ၊ စင်သီယာတို့အိမ်က ပြန်လာတာ"

"အေး၊ အဖေ့ဆီ သွားလိုက်ဦး"

ဝင်းကြည်သည် အဖေရှိရာ အခန်းတွင်းသို့ ဝင်လာခဲ့၏။ အမေကား သမီးအငယ် အမာကြည်နှင့်အတူ ဓမ္မာရုံကျောင်းသို့ သွားနေလေသည်။ အဖေသာလျှင် အခန်းတွင်း၌ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ထိုင်နေလေ၏။

## အခန်း ၇

"အဖေ နေမကောင်းဘူးဆို"

ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေသော အဖေ၏ မျက်နှာသည် အတန်ငယ် ညှိုးနွမ်းနေ၏။ ပင်ပန်းနွမ်းနယ်နေခြင်းလည်း ဖြစ်တန်ရာ၏။

ဝင်းကြည် ဝင်လာသောအခါ အဖေသည် ဖတ်လက်စ စာအုပ်ကို ဘေးနားတွင် ချထားလိုက်၏။ အဖေ ချထားသည့် စာအုပ်ကို ဝင်းကြည်က လှမ်းကြည့်လိုက်သည်။ နဂါးနီစာအုပ်အသင်းက ထုတ်ဝေခဲ့သော 'ဂျပန်သူလျှို' ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နေမကောင်းတာ မဟုတ်ပါဘူး။ နည်းနည်း အအေးမိချင်တာနဲ့ ပြန်လာတာ"

"ပွဲရုံကို ကျွန်တော် သွားရဦးမလား အဖေ"

အဖေက ခေါင်းခါရင်း

"မသွားရတော့ဘူး၊ ပိတ်ခဲ့ပြီ။ အရောင်းအဝယ်ကလည်း ဘာမှ မရှိပါဘူးကွာ။ ဒီနေ့ ရေနံချေး ပီပါ ဆယ်လုံးလောက် ရောက်မယ်ဆိုလို့ သွားစောင့်တာ။ မရောက်ဘူး။ လမ်းမှာများ ကျွဲညီနောင်နဲ့ တွေ့နေသလား မပြောတတ်ဘူး"

"အဖေ ကျွန်တော့်ကို မေးတယ်ဆိုလို့"

"အေး၊ မင်း ဘယ်သွားနေသလဲ"

"ဦးသိန်းအောင်တို့အိမ်ပါ အဖေ။ မရောက်တာလဲ ကြာတာနဲ့ အဖေ့ကိုတောင် မတွေ့တာ အတော်ကြာပြီ ဆိုပြီး မေးနေသေးတယ်။ စကားလည်း တော်တော် ပြောခဲ့ရတယ်"

"ဒီလူက စိတ်ချရတာ မဟုတ်ဘူးကွ။ စကားပြောရင် သတိထားပြော။ အင်္ဂလိပ် အစိုးရမှ အစိုးရဆိုတဲ့ လူကွ။ အရာရှိ အရာခံစိတ် တကယ်မပျောက်တဲ့ လူတွေထဲမှာ သူလည်း အပါအဝင် ပေါ့။ မင်းကို ဘာတွေများ ပြောလိုက်သလဲ"

"တခြားတော့ မဟုတ်ပါဘူး။ လက်ရှိ အခြေအနေတွေအကြောင်း စကားစပ်မိကြရင်းနဲ့ ဗမာတွေက ပြန်နှံတော့မယ်လို့ သတင်းတွေ တစ်စွန်းတစ်စ ထွက်နေတယ်တဲ့။ အဲဒါကို ဘယ်လို များ ကြားသလဲလို့ ကျွန်တော့်ကိုမေးတယ် အဖေ"

"မင်းက ဘာပြန်ပြောလိုက်သလဲ" ဟု ပြန်မေးရင်း အဖေသည် ကုလားထိုင်ပေါ်တွင် ကျောချထားရာမှ ခါးဆန့်၍ မတ်မတ် ထိုင်လိုက်၏။ အလွန်တရာလည်း စိတ်ဝင်စားနေပုံရပေ၏။

"ကျွန်တော်လည်း ကြားတော့ ကြားနေမိတာပဲ။ ဒါပေမဲ့ ဘယ်လိုမှ အတည်ပြုလို့မရတဲ့ သတင်းတွေမို့ ခက်သားပဲလို့ ပြောခဲ့တယ်။

"မကြားမိဘူးလို့ ပြောလိုက်ရင် ပြီးတာပဲကွာ။ ငါ့သားကလည်း နောက် ဘာတွေ လျှောက် ပြောခဲ့သေးသလဲ"

"ဟင့်အင်း၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှမပြောဘူး။ သူကသာ ပြန်ချရင် မလွယ် ဘူးနဲ့တူတယ်၊ ဂျပန်က လက်နက်သာတယ်၊ စစ်တိုက်တတ်တယ်နဲ့ လျှောက်ပြောနေတာပါ။ ဘာဖြစ်လို့လဲ အဖေ"

အဖေသည် စာကြည့်မျက်မှန်ကိုချွတ်ကာ အနီးရှိ လေးထောင့်စားပွဲငယ်ပေါ်တွင် လှမ်းတင် ထားလိုက်၏။

"မင်းကို ပြောရဦးမယ်။ ကိုသိန်းအောင်ဟာ စိတ်ချရတဲ့လူ မဟုတ်ဘူးဆိုတာ ကြပ်ကြပ် မှတ်ထား။ ဒီက ဂျပန်တပ်ရင်းမှူးနဲ့ သိပ်အပေးအယူရှိတယ်။ အင်္ဂလိပ်ကို မျှော်ပေမယ့် ဂျပန်တွေနဲ့ ကျတော့လည်း ပလူးပလဲလုပ်ပြီး တည့်အောင် ပေါင်းနေတာပဲကွ။ ဟိုတုန်းက အဖေတို့ မအူပင်မှာ

www.burmeseclassic.com

www.burmeseclassic.com



တို့ဗမာအစည်းအရုံး စထောင်ပြီး ဝံသာနု ရက္ခိတတရားတွေ လိုက်ဟောတော့လည်း အင်္ဂလိပ် အစိုးရကို မျက်နှာလိုမျက်နှာရ သွားသွားပြီး တို့လေ့ရှိတယ်။ သူ့အကြောင်းတွေကို အဖေတို့က သိပေမယ့် မသိချင်ဟန် ဆောင်နေခဲ့တာကွ။ ဒီလိုလူစားမျိုးတွေက သူတို့ ပင်ကိုအကျင့် ပျောက်ဖို့ သိပ်ခက်တာ။ စောစောကလည်း ဘာမှမဟုတ်ဘူး၊ မင်းဆီက စကားနှိုက်တာ။ မင်းကများ စကားတွေ ဘာတွေ လွန်ကုန်ရင် ခက်ကရော"

"မလွန်ဘူး အဖေ၊ ကျွန်တော် ဘာကိုမှ မပြောဘူး။ သူ ပြောတာပဲ နားထောင်တယ်"

"အေး အဲဒါ အကောင်းဆုံးပဲ။ လုံးလုံးကြီးလည်း အဆက်မဖြတ်ထားနဲ့။ သွားမြဲသွားပေါ့။ ကိုယ်ကသာ နှုတ်မလွန်စေနဲ့။ ကြားလား"

ဝင်းကြည်က တိတ်ဆိတ်စွာ ထိုင်ရင်း ခေါင်းညိတ်လိုက်သည်။ အဖေပြောတော့မှပင် ဦးသိန်းအောင်၏ နန်းဇာတိ အစစ်အမှန်ကို သူ သိလာရသည်။ သူနှင့် ပြောဆိုခဲ့သော စကား အသွားအလာတွေကို ထောက်ရှုရခြင်းအားဖြင့် စကားနှိုက်သည်ဟု အဖေက ပြောခြင်းမှာ မှန်ကန် နေကြောင်း ဝင်းကြည် သဘောပေါက်လာလေသည်။

"ကဲ ကိုသိန်းအောင် အကြောင်းကို မင်း ဒီလောက်သိထားရင် တော်ရောပေါ့။ ဒါ့ထက် အရေးကြီးတဲ့ ကိစ္စတစ်ခုကို အဖေ ပြောစရာရှိတယ်။ ဒါ့ကြောင့် မင်းကိုမေးတာ"

"ဘာများလဲ အဖေ"

အဖေက ပြတင်းတံခါးမှ မြင်နေရသော အပြင်လောကဆီသို့ လှမ်းကြည့်ရင်း တစ်စုံတစ်ရာ ကို လေးလေးနက်နက် စဉ်းစားနေလေသည်။ ပြတင်းတံခါးမှကြည့်လျှင် ရွှေဘုန်းမြင့် စေတီတော် ၏ အနောက်ဘက်တစ်လွှားရှိ ကွင်းပြင်များနှင့် တောအုပ်စုစုကလေးများကို အတိုင်းသား တွေ့နေ ရသည်။

နေစောင်းလာပြီ ဖြစ်သဖြင့် တောအုပ်ကလေးများ အထက်တွင် မြူခိုးတွေ ဝေဆိုင်းလျက် ရှိသည်။ အအေးဓာတ်ကလည်း မသိမသာ တိုးဝင်လာသည်။ တင်ကျီးငှက် တစ်အုပ်သည် အနောက်ဘက်စူးစူးဆီသို့ ပျံသွားကြ၏။ အိပ်တန်းသို့ အရောက်ပြန်သွားလေပြီဟု ထင်ရသည်။ အဖေကား မြူဆိုင်းနေသော တောအုပ်ဆီသို့ လည်းကောင်း၊ ဟင်းလင်းပွင့်နေသော ကွင်းပြင်များ ဆီသို့ လည်းကောင်း၊ အိပ်တန်းတက်ကြပြီဖြစ်သော တင်ကျီးငှက်များဆီသို့ လည်းကောင်း စူးစိုက်ကြည့်နေရင်း ရှည်လျားလေးလံသည့် သက်ပြင်းတစ်ချက်ကို ချလိုက်လေသည်။

"အရေးကြီးတဲ့ကိစ္စက ဒီလိုကွ။ ရန်ကုန်ကနေပြီး မအူပင်ခရိုင်အတွက် စည်းရုံးရေးမှူး တစ်ယောက် လွှတ်လိုက်တယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ဆီက ဆိုပါတော့။ ကိုလွန်းတင်တဲ့ ကိုလွန်းတင်ဟာ အခု ဒီကို ရောက်နေပြီ။ အဖေ့ဆီကို တိုက်ရိုက်ရောက်လာတာဆိုတော့ အဖေ ကပဲ တာဝန်ယူပြီး သူ့ကို လုံခြုံရာမှာ ထားထားတယ်"

အဖေ၏အသံသည် လေးနက်လွန်းလှ၏။ လေသံဖြင့်ပြောခြင်း ဖြစ်သော်လည်း ဝင်းကြည်

www.burmeseclassic.com

www.burmeseclassic.com



က ပြတ်ပြတ်သားသား ကြားရသည်။ အဖေ့သဘောနှင့် အဖေ့လေကို နေ့ာကျေအောင် သိထားပြီးသောကြောင့်တည်း။

"ဒီက စိတ်ချရတဲ့ အတွင်းလူတချို့နဲ့ သူ့ကို တွေ့ပေးစရာရှိတယ်။ အရေးအကြီးဆုံးလူက မောင်တင်သိန်းပဲ။ မနက်က သူ့ကို အဖေဝင်ရှာသေးတယ် မတွေ့ဘူး။ အဲဒါ မင်း အခု တစ်ခေါက်သွားချည်။ ဒီည ၇ နာရီတိတိ ဒီအိမ်ကို လာဖို့ပြောပါ။ အဖေက အရေးတကြီးတွေ့ချင်လို့ ခေါ်ခိုင်းတယ်သာပြော။ တခြား ဘာမှမပြောနဲ့ ကြားလား"

"ဟုတ်ကဲ့"

"အေး ခေါ်သင့်ခေါ်ထိုက်တဲ့လူကို ခေါ်ခဲ့လို့လဲ ပြောပြ။ တစ်ခါတည်း လူစုံရင် ကောင်းတာပဲ။ ခဏခဏတွေ့ရတာ မကောင်းဘူး။ ဒီမှာတွေ့ကြဖို့ အဖေ အားလုံး စီစဉ်ပြီးပြီ။ မင့်အမေကိုတောင် အမာကြည်နဲ့ ဓမ္မာရုံကျောင်းမှာ မနက်ဆွမ်းအတွက် သွားဝိုင်းကူချက်ကြဆိုပြီး လွှတ်လိုက်တယ်။ ထွန်းကြည်ကတော့ ဟိုအိမ်မှာ အိပ်မယ်လို့ ပြောသွားပြီမို့ ကိစ္စမရှိဘူး။ အဲဒါသာ မောင်တင်သိန်းကို သွားအကြောင်းကြားပေး။ အချိန်နည်းနေပြီ။ ပြီးတော့ မင်း ချက်ချင်းပြန်ခဲ့နော်"

ဝင်းကြည်သည် ခေါင်းညိတ်ကာ အဖေ့အပါးမှ ထ၍ ထွက်လာခဲ့၏။ အဖေကား ဂျပန်သူလျှို စာအုပ်ကို သူ ဝှက်ထားနေကျ အိမ်အနောက်ဘက် လှေကားအောက်ရှိ အံဝှက်အတွင်း၌ ပြန်ထားရန် ထသွားလေပြီ။

ကိုတင်သိန်း၏အိမ်သို့ မြို့တွင်းလမ်းမှ မသွားဘဲ ရွှေဘုန်းမြင့် စေတီတော် ပရဝုဏ်ကို ဖြတ်ကာ မြို့ပြင်လမ်းမှ လာခဲ့သော ဝင်းကြည်သည် အိမ်ရှေ့ရေတွင်း၌ ရေချိုးနေသည့် ကိုတင်သိန်းနှင့် အခန့်သင့်ပင် တွေ့ရလေ၏။

အဖေ မှာလိုက်သည့် အကျိုးအကြောင်းကို ဝင်းကြည်က ပြောပြရာ ကိုတင်သိန်းက ဆပ်ပြာတိုက်ရင်း ခေတ္တမျှ စဉ်းစားပြီးနောက်–

"ဒီလိုလုပ်ကွာ။ ၇ နာရီတိတိ ကိုယ်ရယ်၊ ကိုချစ်မောင်ရယ် လာခဲ့မယ်။ တင့်အောင်နဲ့ ဖုန်းမြင့်ကို ကိုယ် ဝင်ပြောလိုက်မယ်။ မင်းက အခုအပြန် စိုးသိမ်းကို ဝင်ပြောသွား။ ဟုတ်လား။ ဆက်ဆက်လာမယ်ဆိုတာ ဦးလေးကို ပြောပြလိုက်။ ကဲ မင်း သွားတော့"

ဝင်းကြည်က အပြန်တွင် လမ်းရှိ စိုးသိမ်းထံ ဝင်ပြောခဲ့ပြီးနောက် မြို့တွင်းမှဖြတ်ကာ ပြန်ခဲ့သည်။

× × ×

၇ နာရီခန့်တွင် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာကြသည်။ ရန်ကုန်ကလာသော ကိုလွန်းတင် ဆိုသူလည်း ရောက်နေလေပြီ။

ညသည် မှောင်မိုက်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ ဖြစ်သည့်အတွက် ည ၇ နာရီခန့်မျှသာ ရှိသေးသော်လည်း အတန်ငယ် ညဥ့်နက်နေပြီဟု ထင်ရလောက်အောင် မှောင်မည်းတိတ်ဆိတ်နေသည်။ လမိုက်ရက် ဖြစ်သော ကြောင့်လား မသိ။ ညဥ့်ငှက်ကလေးတွေပင်လျှင် အသံဗလံတိတ်ကာ သိုက်မြုံအတွင်း၌ ကွေးလို့သာ နေကြဟန်တူသည်။

လေသည် ငြိမ်နေရာမှ တစ်ချက်တစ်ချက်တွင်သာ တွေ့၏။ ထိုအခါ သစ်ပင်များ၊ ဝါးပင် များ၏ တရှဲရှဲ အော်မြည်သံမှာ အမှောင်လောကတွင်း၌ အဝိဉာဏက သတ္တဝါများ လှုပ်ရှား လူးလွန့်နေသည်ဟု ထင်ရသည်။ တစ်ချက်တစ်ချက် ဆောင်းလေအတွေ့တွင် အအေးဓာတ်သည် ပို၍ စူးရှလာတတ်၏။ ယင်းအချိန်ကာလမျိုး၌ပင် ကိုတင်သိန်း၊ ကိုချစ်မောင်၊ စိုးသိမ်း၊ ဖုန်းမြင့်၊ တင့်အောင်တို့လည်း ဦးထွန်းတင်၊ ကိုလွန်းတင်၊ ဝင်းကြည်တို့နှင့်အတူ မျက်နှာချင်းဆိုင်၍ ထိုင်မိ ကြလေပြီ။

ဦးထွန်းတင်ကပင် စကားစပြောသည်။

"ဒီနေ့ အစည်းအဝေးခေါ်ရတဲ့ အကြောင်းကတော့ ရန်ကုန် ဗဟိုဌာနချုပ်က တို့ခရိုင် အတွက် စည်းရုံးရေးမှူးအဖြစ် စေလွှတ်လိုက်တဲ့ မောင်လွန်းတင်နဲ့ မျက်နှာစုံညီ တွေ့ပေးဖို့ပဲ။ မောင်လွန်းတင်နဲ့ တွေ့ဖို့အတွက် ပါသင့်ပါထိုက်တဲ့လူတွေကို ပြည့်ပြည့်စုံစုံ ပါအောင်ခေါ်ပါလို့ မောင်တင်သိန်းကို ငါကပဲ စ အကြံပေးခဲ့ပြီး အခုလို အရေးပေါ် ခေါ်တွေ့တာပဲ။ ဒီတော့ မောင် လွန်းတင်က အခြေအနေအရပ်ရပ်နဲ့ ဌာနချုပ်ရဲ့ ညွှန်ကြားချက်တွေကို ရှင်းပြလိမ့်မယ်။ ကဲ မောင် လွန်းတင်၊ အခု ဦးဖိတ်လိုက်တဲ့ ဟောဒီလူတွေကတော့ မြို့ပေါ်မှာ အမာခံအဖြစ်နဲ့ စည်းရုံးလှုပ်ရှား နေတဲ့ လူတွေပါပဲ" ဟု ဆိုကာ တစ်ဦးစီနှင့် မိတ်ဆက်ပေးသည်။

ကိုလွန်းတင်သည် စတင်ဆွေးနွေးရန် ပြင်ဆင်၏။ ဝင်းကြည်က ဗဟိုမှ စေလွှတ်လိုက် သည်ဆိုသော ကိုလွန်းတင်ကို စေ့စေ့စပ်စပ် အကဲခတ်နေမိသည်။ ကိုလွန်းတင်မှာ အသက် လေးဆယ်ခန့် ရှိမည်ထင်ရပြီး အရပ် မနိမ့်မမြင့်နှင့် အသားညိုသည်။ မျက်နှာ လေးထောင့်စပ်စပ် ဖြစ်ကာ ဆေးပြင်းလိပ်ကို ခဲထားလေ့ရှိသည်။ အမှတ်မထင်ကြည့်လျှင် မြစ်ဝကျွန်းပေါ်၌ တွေ့ရ တတ်သော သာမန် လယ်သမားတစ်ယောက်နှင့် ပို၍ တူလေသည်။

"အမှန်ကတော့ မအူပင်ခရိုင်ကို တာဝန်ယူ စည်းရုံးဖို့ဆိုပြီး ဌာနချုပ်က ကျွန်တော့်ကို စေလွှတ်လိုက်တဲ့အခါ ပြည်သူ့အရေးတော်ပုံပါတီရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဦးဆီကို ပထမဆုံး တိုက်ရိုက်သွားတွေ့ဖို့ ညွှန်ကြားလိုက်ပါတယ်။ အဲဒီ ညွှန်ကြားချက်အရ မအူပင်ကို ရောက် ရောက်ချင်း ဦးဆီကို ကျွန်တော် အရင်ဦးဆုံး လာတွေ့တာပါပဲ။ တကယ်တမ်း ရိုးရိုးသားသား ပြောရမယ်ဆိုရင် မအူပင်မှာ ဒီလောက် ရဲဘော်များများစားစား စုစည်းပြီးသာ အင်နာဆာကယ်လို့ တွေ့ရလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့ဘူး။ မအူပင်ကိုရောက်လို့ ဦးနဲ့တွေ့ပြီးရင် အင်နာ ဆာကယ်ကလေးတစ်ခု အကောင်အထည်ဖော်ဖို့အတွက် တော်တော် ကြိုးစားရလိမ့်မယ်လို့

www.burmeseclassic.com



တွက်လာမိတယ်။ ဒါပေမဲ့ အခု ရဲဘော်တို့ကို ဒီလို သိုက်သိုက်ဝန်းဝန်းနဲ့ တွေ့လိုက်ရတဲ့အခါ ကျွန်တော် တော်တော်ပဲ ဝမ်းမြောက်မိတယ်ဆိုတာ ပထမအအချက်အဖြစ် ပြောချင်တယ်"

ဝင်းကြည်သည် ကိုလွန်းတင် နှုတ်ဖျားမှ ထွက်လာသော စကားလုံးတိုင်းကို ဝါးမျို၍ ချနေဘိသည့်အလား စူးစိုက် နားထောင်နေမိ၏။ ကိုလွန်းတင် ပြောနေသော စကားလုံးများသည် တမင်စိစစ် ရွေးချယ်ထားသော ဆန်ခါတင် စကားလုံးများပေလောဟု စဉ်းစားမိလိုက်သေးသည်။ နားထောင်၍လည်း ကောင်းလှသည်။ သို့ရာတွင် ဤစကားလုံးတွေကို ကိုလွန်းတင်က တောက်လျှောက် ပြောချသွားသည်ကို မျက်ဝါးထင်ထင် တွေ့နေရလေရာ ဤသို့ ခံ့ညားသပ်ရပ်သော စကားလုံးများဖြင့် ရေတံလျှောက်မှ ရေဆင်းသလို တောက်လျှောက် ပြောချနိုင်လောက်အောင် ကိုလွန်းတင်သည် မည်သို့မည်ပုံ လေ့ကျင့်ထားလေသနည်းဟု အံ့ဩနေမိပြန်၏။

ထိုအခိုက် အဖေက သူ့ကို လက်တို့ကာ

"မင်းအစ်မကိုပြော၊ ရေနွေးအသင့်ဖြစ်ရင် လက်ဖက်ရည်ကျကျဖျော်၊ ရေနွေးကြမ်း အိုးကြီးကြီး တစ်အိုးလောက်ပြင်ပေးပြီး အိပ်တော့လို့" ဟု ပြောသည့်အတွက် ဝင်းကြည်က စကားဝိုင်းမှထကာ အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့သည်။

မလှကြည်သည် အိမ်တံခါးတွေကိုပိတ်ကာ အိမ်ရှေ့ခန်းရှိ ဘုရားစင်ရှေ့တွင် ရေနံဆီမီးခွက်ငယ်တစ်ခုချလျက် အင်္ကျီကြယ်သီးတပ်နေ၏။ ဝင်းကြည်က အဖေမှာသည်ကို တီးတိုးသွားပြောလိုက်သည်။

"ဘာတွေ စည်းဝေးကြတာလဲ ကိုဝင်း"

"အရေးကြီးတဲ့ ကိစ္စပေါ့။ မမကလည်း ဒါတွေကို မမေးရဘူး။ အဖေသိရင် ဆူလိမ့်မယ်"

"နို့ ဟိုဆေးပြင်းလိပ်နဲ့ လူကရော၊ ဘယ်ကလဲ"

"အိုး မမကလဲ၊ ဒါတွေ မမေးရဘူးလို့ဆိုနေ။ နောက်တော့ သိလိမ့်မပေါ့။ လက်ဖက်ရည်ဖျော်မှာသာ ဖျော်ချည်ပါ။ နောက်ပြီး မမ အိပ်တော့လေ" ဟု ဆိုကာ ဝင်းကြည်သည် နောက်ဖေးဘက် အခန်းဆီသို့ ကပျာကယာ ပြန်ထွက်လာခဲ့၏။ ကိုလွန်းတင် ပြောမည့် စကားတွေကို သူ နားထောင်ချင်လှပေပြီ။

"ဒီကို ကျွန်တော် ရောက်လာတာဟာ ဗဟိုဌာနချုပ်အနေနဲ့ မအူပင်ခရိုင်ကို တိုက်ရိုက်အဆက်အသွယ်လုပ်တာပါပဲ။ ဗဟိုမှာ ဗမာ့တပ်မတော်ရယ်၊ ကွန်မြူနစ်ပါတီရယ်၊ ပြည်သူ့အရေးတော်ပုံပါတီရယ် ဦးဆောင်နေတာကို သိပြီးဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ အခုဆိုလို့ရှိရင် တပ်ပေါင်းစု အသွင်သဏ္ဌာန်နဲ့ ပိုကျယ်ပြန့်အောင် ကျွန်တော်တို့ ခေါင်းဆောင်တွေက ကြိုးစားလာခဲ့ကြတယ်။ အဲဒီလို ကြိုးစားတဲ့အတွက် ရခိုင်အမျိုးသား အစည်းအရုံး၊ ကရင်ဗဟိုအဖွဲ့ချုပ်၊ အရှေ့အာရှလူငယ်များ အစည်းအရုံး စတဲ့ အဖွဲ့အစည်းတွေသာ မကဘူး၊ ဆိုရှယ်လစ်အဖွဲ့နဲ့ မဟာဗမာအဖွဲ့က ခေါင်းဆောင်အချို့ပါ ပါဝင်လာကြပြီး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဖက်ဆက်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ရဲ့ အဓိက ရည်ရွယ်ချက်နှစ်ရပ်ကိုလည်း ကျွန်တော် ရှင်းပြချင်ပါသေးတယ်။ နံပါတ်တစ် အချက်က ဖက်ဆစ်ဝါဒကို မြန်မာနိုင်ငံမှာသာမက ဖက်ဆစ်ရဲ့ မူရင်းဒေသများမှာပါ အမြစ်ပါပြုတ်အောင် တိုက်ဖျက်ဖို့။ နံပါတ်နှစ်အချက်က မြန်မာတစ်မျိုးသားလုံး မျှော်မှန်းတမ်းတလာခဲ့ကြတဲ့ လွတ်လပ်ရေးကြီးကို ရရှိအောင် မနားမနေ ကြိုးပမ်းသွားဖို့ဆိုတဲ့ အဓိကရည်ရွယ်ချက် နှစ်ချက် ရှိပါတယ်။ ဒါဟာ ဖ.တ.ပ.လ အဖွဲ့ချုပ်ကြီးကို စတင် တည်ထောင်ရာမှာ ချမှတ်ခဲ့တဲ့ မူလရည်ရွယ်ချက်ကြီး နှစ်ရပ်ပါပဲ။ ဒါပေမဲ့ ဒီအဖွဲ့ချုပ်ကြီးရဲ့ အမျိုးသား တပ်ပေါင်းစု အသွင်သဏ္ဌာန်နဲ့ ဖွဲ့စည်းပုံ အခြေခံဟာ ပိုပြီး ကျယ်ပြန့်လာပါတယ်။ အဲဒီလို ကျယ်ပြန့်လာတဲ့အလျောက် တပ်ပေါင်းစု အသွင်သဏ္ဌာန်နဲ့ ကိုက်ညီပြီး အခြေခံအားဖြင့် ကျယ်လည်း ကျယ်ပြန့်၊ ခိုင်လည်း ခိုင်မာတဲ့၊ ပြတ်လည်း ပြတ်သားတဲ့ ရည်ရွယ်ချက်တွေရှိဖို့ လိုအပ်လာပြန်တယ်။ အဲဒီလို လိုအပ်လာတဲ့အလျောက် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးတွေဟာ ဂျပန် ဓားအောက်မှာပဲ ပိုမိုကျယ်ပြန့် ခိုင်မာတဲ့ ရည်ရွယ်ချက်တွေကို စဉ်းစား ရေးဆွဲခဲ့ကြတယ်။ အဲဒီမှာတော့ အဓိကအားဖြင့် ဖက်ဆစ်ဂျပန်ကို ကျူပင်ခုတ် ကျူငုပ်မကျန် ကျွန်တော်တို့ မောင်းထုတ်ကြမယ်။ ဒီလို မောင်းထုတ်ပြီးတဲ့နောက် လွတ်လပ်တဲ့ မြန်မာနိုင်ငံအတွက် အခြေခံအုပ်ချုပ်ရေးစည်းမျဉ်းကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ရေးဆွဲမယ်။ လူမျိုးအားလုံးရဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို မြင့်မားလာအောင် ဖန်တီးပေးမယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ အရေးအရာအားလုံးကို တိုးတက်အောင် လုပ်ဆောင်မယ် အစရှိတဲ့ အချက်ကြီးပေါင်း ၁၂ ချက်ပါဝင်ပါတယ်။ အဲဒါကို အကြမ်းအားဖြင့် ကျွန်တော် ဒီလောက်ပဲ ရှင်းပြမယ်။ အသေးစိတ်လေ့လာနိုင်အောင် လိုအပ်တဲ့ စာရွက်စာတမ်းတွေကို ကျွန်တော် ယူလာခဲ့ပါတယ်။ အဲဒီ စာရွက်စာတမ်းတွေကို ရဲဘော်တို့က အသေးစိတ်လေ့လာပြီး ဝေဖန် ဆွေးနွေးကြဖို့ပါပဲ"

ကိုလွန်းတင်က ရှည်လျားစွာ ပြောဆို ရှင်းပြပြီးနောက် ခေတ္တမျှ နားကာ ဆေးပြင်းလိပ်တိုကို မီးညှိ ဖွာရှူလျက်ရှိသည်။ ကိုတင်သိန်းသည် စာရွက်ကလေး တစ်ရွက်တွင် လက်ရေးသေးသေးမျှင်မျှင်ကလေးများဖြင့် လိုက်လံ ရေးမှတ်နေ၏။ ကိုချစ်မောင်ကား ဆေးပေါ့လိပ်ကိုအားရပါးရ ဖွာရှိုက်ကာ နဖူးကြောကြီးတွေ ထောင်ထ လာသည်အထိ စဉ်းစားနေသည်။ စိုးသိမ်း၊ ဖုန်းမြင့်၊ တင့်အောင်နှင့် ဝင်းကြည်တို့မှာ ကိုလွန်းတင်ကို အံ့သြမှု၊ လေးစားမှု၊ အကဲခတ်မှုများပြွမ်းတီးသော အကြည့်မျိုးဖြင့် ကြည့်နေကြသည်။ အဖေကား နှုတ်ခမ်းအစုံကို တင်းတင်းကျပ်ကျပ်စေ့ကာ တင်ပျဉ်ခွေထိုင်ရင်း ကျောက်ရုပ်ပမာ ငြိမ်သက်လျက်ရှိသည်။

"ကိုဝင်းရေ၊ လက်ဖက်ရည် ရပြီ" ဟု မလှကြည်က အခန်းဝမှ တီးတိုးလာပြောသွားသဖြင့် ဝင်းကြည်နှင့် ဖုန်းမြင့်က မလှကြည်နောက်သို့ ထလိုက်သွားကာ လက်ဖက်ရည်ဖျော်ပြီးသားချိုင့်နှင့် ပန်းကန်လုံးများအပြင် လက်ဖက်ရည် အကြမ်းခရား တစ်လုံးကိုပါ ယူလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေနွေးလိုရင် လာထပ်ယူ။ မမ ထပ်တည်ပေးထားတယ်၊ သိလား" ဟု မလှကြည်က လှမ်းမှာလိုက်သေးသည်။

ကိုလွန်းတင်က စကားဆက်ပြန်သည်။

"ဖ.တ.ပ.လ ဗဟိုဦးစီးအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် သခင်စိုး၊ အထွေထွေ အတွင်းရေးမှူးအဖြစ် သခင်သန်းထွန်း၊ တွဲဖက်က သခင်ဗဟိန်းတို့ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေး ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပြီး ဗမာ့တပ်မတော်အတွင်း စည်းရုံးရေးကို ဗိုလ်လက်ျာနဲ့ ဗိုလ်နေဝင်းတို့က တာဝန်ယူတယ်။ သခင်ချစ်၊ ကိုဗဆွေ၊ ကိုကျော်ငြိမ်းတို့လည်း ဗဟိုဦးစီးအဖွဲ့မှာ ပါပါတယ်။ အဲဒါကိုကြည့်ရင် ဖ.တ.ပ.လရဲ့ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုစစ်စစ် အသွင်သဏ္ဌာန်ဟာ ထင်ရှားနေပါတယ်။ ဗမာ့တပ်မတော်က ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း။ ကွန်မြူနစ်ပါတီက သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း။ ပြည်သူ့အရေးတော်ပုံပါတီက သခင်ချစ်၊ ကိုဗဆွေနဲ့ ကိုကျော်ငြိမ်းတို့ ပါဝင်နေကြတယ် မဟုတ်လား။ နောက်ပြီး ဒီမှာ ရခိုင် အမျိုးသား၊ ကရင် အမျိုးသားတွေ ပါဝင်လာကြတာဟာ ပိုပြီး ထူးခြားတဲ့သဘော ရှိပါတယ်။

"နောက်ပြီး ထိပ်တန်းလျှို့ဝှက်ထားရမယ့် အချက်တစ်ချက်ကို ကျွန်တော် ပြောချင်ပါသေးတယ်။ သိသင့် သိထိုက်တဲ့အတွက် ထုတ်ဖော် အသိပေးတယ်လို့ ယူဆထားကြစေချင်တယ်။ အဲဒါကတော့ ဖ.တ.ပ.လရဲ့ ဗဟို စစ်ကောင်စီကိုပါ ဖွဲ့စည်းပြီးပြီဆိုတဲ့ အကြောင်းပါပဲ။ ဗဟို စစ်ကောင်စီမှာ ဗိုလ်ချုပ်အောင်ဆန်းက စစ်ရေးခေါင်းဆောင်၊ သခင်စိုးက နိုင်ငံရေးခေါင်းဆောင်၊ သခင်သန်းထွန်းက ပြောက်ကျားနဲ့ နိုင်ငံခြားဆက်သွယ်ရေး တာဝန်တွေကို ယူကြပြီး အဖွဲ့ဝင်များ အဖြစ်နဲ့ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ကိုကျော်ငြိမ်း၊ သခင်ချစ်တို့ ပါဝင်ကြပါတယ်။

"ဒါတွေကို မအူပင်ခရိုင်အတွင်းမှ အဓိက လှုပ်ရှား အကောင်အထည်ဖော်ရမယ့် ပုဂ္ဂိုလ်များအဖြစ် ရဲဘော်တို့ကို အသိပေးတာပါပဲ။ ဒီလို တစ်မျိုးသားလုံးနဲ့ စပ်ဆိုင်တဲ့ မွန်မြတ်တဲ့ လုပ်ငန်းတာဝန်ကြီးကို အကောင်အထည် ဖော်နိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီးတွေဟာ စောစောက ကျွန်တော် တင်ပြခဲ့သလို ဂျပန့်ဓားသွားအောက်မှာ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီး လုပ်ဆောင်ခဲ့ကြရတယ် ဆိုတာကို ကျွန်တော်တို့ ထာဝစဉ် သတိချပ်ဖို့ လိုပါတယ်။ နောက်ပြီး ဒီလုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ရမယ့် ရဲဘော်တို့ ကျွန်တော်တို့ ကိုယ်တိုင်လည်း ဂျပန်ရဲ့ ဓားသွားအောက်မှာ ဆက်ပြီး စိတ်ရှည်လက်ရှည်၊ သိုသိုသိပ်သိပ်နဲ့ အကောင်အထည်ဖော်နေရတယ်ဆိုတာ သေသေချာချာ သဘောပေါက်ဖို့ လိုပါတယ်။ ကျွန်တော် ပြောချင်တာကတော့ အမြဲတမ်း လျှို့ဝှက်ဖို့၊ ကျစ်လျစ်ဖို့၊ သိုသိပ်ဖို့၊ စည်းစနစ်တကျဖြစ်ဖို့ ကြိုးစားဖို့ပါပဲ။ ဂျပန် ကင်ပေသူလျှိုတွေဟာ ကျွန်တော်တို့နားမှာ အထပ်ထပ် ဝိုင်းရံနေတယ်။ နေရာတိုင်းမှာ ရှိတယ်။ အဲဒီလို အခြေအနေအောက်မှာ အလုပ်လုပ်ဖို့အတွက် နံပါတ်တစ် လျှို့ဝှက်မှု၊ နံပါတ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်မှု၊ နံပါတ်သုံး လျှို့ဝှက်မှု။ တိုတိုပြောရရင် အစကအဆုံး လျှို့ဝှက်မှုရှိဖို့ လိုပါတယ်။ ဒါကို မျက်ခြည်ပြတ်လို့ မဖြစ်ပါဘူး"

မလှကြည် ဖျော်ပေးထားသော ထန်းလျက် လက်ဖက်ရည်ကျကျကို သောက်ကြသည်။ ဆေးလိပ်ဖွာသူတွေ ဖွာရှူကြသည်။ အချိန်လည်း တဖြည်းဖြည်း နက်လာလေပြီ။

အပြင်ဘက်၌ ဆောင်းလေသည် ဝါးရုံပင်များကို ဆော့ကစားရင်း လှုပ်ခါလျက်ရှိ၏။ ဝါးရုံပင်များ၏ တရှဲရှဲ အော်မြည်သံမှအပ အခြား အသံဗလံဟူ၍ မရှိ။ လေလှည့်မသင့်သည့်အတွက် ရွှေဘုန်းမြင့် စေတီတော်ဆီမှ ဆောင်းရွက်ခတ်သံများကိုပင် မကြားရ။

"ကဲ၊ ဒီမြို့နဲ့ ပတ်သက်လို့တော့ ကျွန်တော့်ထက် ဦးလေးက ပိုပြောနိုင်မှာမို့ ဦးလေးက နည်းနည်းပြောပါဦး" ဟု ကိုလွန်းတင်က ပြောလိုက်၏။

ဦးထွန်းတင်က မအူပင်နှင့် စပ်လျဉ်းသော အခြေအနေကို ရှင်းပြ၏။

"ဒီမှာတော့ မောင်လွန်းတင်ကို ဦးလေး ရှင်းပြပြီးတဲ့အတိုင်း အင်နာဆာကယ်အဖြစ် အလုပ်လုပ်နေကြတာ ဒီလူသိုက်ပါပဲ။ ဒါပေမဲ့ မောင်လွန်းတင် ခုနရှင်းပြသွားတာကို ကြားရတော့ ဦးလေးစိတ်ထဲမှာ ဝင်လာတဲ့ ထင်မြင်ချက်အချို့ကို ပြောချင်တယ်"

"ပြောပါ ဦးလေး"

"ဒီလိုလေ။ ဖ.တ.ပ.လ အဖွဲ့ချုပ်မှာ ရခိုင်အမျိုးသားတွေ၊ ကရင်အမျိုးသားတွေ ပါလာတယ် ဆိုတာဟာ အင်မတန် ဝမ်းသာစရာ သတင်းလို့ ဦးလေး ထင်တယ်။ အထူးသဖြင့် ကရင်အမျိုးသား အများအပြား နေထိုင်နေတဲ့ မြစ်ဝကျွန်းပေါ် ဒေသမျိုးမှာ ဒီသတင်းဟာ ပိုအရေးကြီးတယ်။ ကရင်အမျိုးသားတွေ မပါဘဲ၊ သူတို့ ထောက်ခံကူညီမှုမရဘဲ ဦးလေးတို့ ဘာမှ လုပ်နိုင်မှာမဟုတ်ဘူး။ လုပ်ရင်လည်း အောင်မြင်သင့်သလောက် အောင်မြင်မှာ မဟုတ်ဘူး။ ဒါကိုလည်း ဦးလေးတို့၊ မောင်တင်သိန်းတို့၊ မောင်ချစ်မောင်တို့နဲ့ အထပ်ထပ် ဆွေးနွေးကြပြီးသားပဲ"

"ဦးလေးပြောတာ မှန်ပါတယ်"

"ဒီတော့ ဦးလေးမြင်တာက မြစ်ဝကျွန်းပေါ်မှာ ဦးလေးတို့ခရိုင် အပါအဝင်ပေါ့လေ။ အထူးသဖြင့်တော့ မအူပင်ခရိုင်မှာ မြို့နယ် လေးမြို့နယ် ရှိတဲ့အနက် ကရင်အမျိုးသား အများဆုံးနေထိုင်တဲ့ မအူပင်နဲ့ ပန်းတနော် မြို့နယ်မှာ ကရင်အမျိုးသားတွေကို စည်းရုံးထားဖို့၊ ဆွေးနွေးညှိနှိုင်းထားဖို့ အရေးတကြီး လိုအပ်လာတယ်လို့ ဦး ထင်တယ်။ ဘယ့်နှယ်လဲ"

"ဟုတ်တယ် ဦးလေး။ ကျွန်တော်တို့ လုပ်ငန်းစဖို့ လိုပါပြီ။ အချိန်မရှိတော့ဘူး"

"အဓိကအားဖြင့်တော့ မအူပင်မြို့နယ်ကို လေးဖက်လေးတန် ခွဲကြည့်ရင် မြို့နယ်ရဲ့ အရှေ့ဘက်၊ တောင်ဘက်နဲ့ မြောက်ဘက်ကို ပိုဖိပြီး စည်းရုံးထားရလိမ့်မယ်ထင်တယ်။ အဲဒီမှာ ကရင်အမျိုးသားတွေ များတယ်။ အများစုတောင် ဖြစ်နေတယ်။ ဟုတ်တယ်၊ အများစုပဲ။ မောင်တင်သိန်းတို့လည်း အစီအစဉ်တွေ ရှိထားနှင့်ရောပေါ့"

www.burmeseclassic.com



ကိုလွန်းတင်က ကြားဖြတ်၍ ဝင်ပြောသည်။

"ဒီလိုလုပ်ပေါ့။ ကျွန်တော် အကြံပေးချင်တယ်။ ဒီညပဲ အစီအစဉ်တွေကို အပြတ် စဉ်းစားကြရအောင်လား။ ဒီက အစီအစဉ်ပြတ်ရင် ကျွန်တော် ညောင်တုန်းနဲ့ ဓနုဖြူဘက်ကို ဆက်ဆင်းချင်တယ်။ ဒီက အစီအစဉ်တွေသိရရင် ဟိုက ဘာဆက်လုပ်ပေးရမယ်ဆိုတာ ကျွန်တော့်ဆီက အစီရင်ခံရင် လုပ်ငန်းတွေ ပိုပြီး ချောချောမောမော ဖြစ်သွားမှာပေါ့"

"ဒီတော့ မောင်တင်သိန်းက ဘယ်လို စီစဉ်ထားတယ်ဆိုတာ ပြောပြလိုက်ကွာ" ဟု ဦးထွန်းတင်က ကိုတင်သိန်းဘက်သို့ လှည့်၍ပြောလိုက်၏။

ကိုတင်သိန်းသည် မျက်မှန်ကို တစ်ချက်မျှ ပင့်တင်လိုက်၏။

"ကျွန်တော်တို့ အကြမ်းဖျင်း လျာထားတဲ့ အစီအစဉ်ကတော့ ဖ.တ.ပ.လရဲ့ မူနဲ့ ရည်ရွယ်ချက်တွေကို ကျေးလက်တောရွာတွေအထိ ဆင်းပြီး ရှင်းပြဖို့ပါပဲ။ ဒီလို ရှင်းပြတဲ့နေရာမှာ ကျေးလက်ဒေသက ဗမာရော၊ ကရင်ရော၊ တောင်သူလယ်သမားတွေ၊ အင်းအလုပ်သမားတွေပါမကျန် စုစည်းထားနိုင်ရမယ်ဆိုတဲ့ သဘောရှိပါတယ်။ ကျွန်တော်တို့ရဲ့ အခြေခံစခန်းတွေဟာ တောရွာတွေ ဖြစ်လာရမယ်။ တောရွာနေ လူတန်းစားဟာ ကျွန်တော်တို့ရဲ့ အခြေခံ မဟာမိတ်လူတန်းစား ဖြစ်လာရပါမယ်။ အဲဒီလုပ်ငန်းအတွက် ကျွန်တော်တို့ လူစုခွဲပြီး မြို့နယ်အတွင်းက ကျေးရွာတွေကို ဖြန့်ဆင်းကြဖို့ ရည်ရွယ်ပါတယ်။

"မြို့ပေါ်မှာတော့ ဦးလေး ရှိသားပဲ။ ဦးလေးကိုယ်တိုင် ရွာတွေအထိ ဆင်းဖို့ မသင့်သေးဘူး။ ဦးလေး မြို့ပေါ်က ပျောက်သွားရင် ဂျပန်က ပိုပြီး မသင်္ကာဖြစ်လာမယ်။ အဲဒါကြောင့် ဦးလေး မြို့ပေါ်မှာပဲ အခြေမပျက် ဆက်နေရပါမယ်။ ကျွန်တော်တို့ကတော့ လူဖြန့်ဆင်းသွားကြရုံပဲ။ ဂျပန်ကို ခုခံဆန့်ကျင်ရေးနဲ့ လုံးဝ လွတ်လပ်ရေးရရှိဖို့ လုပ်ငန်းဟာ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးရဲ့ အခြေခံလုပ်ငန်း ဖြစ်တယ်ဆိုတဲ့ အခြေခံပေါ်မှာ စည်းရုံးသွားဖို့ လျာထားပါတယ်"

ကိုတင်သိန်းက ရှင်းပြနေသည်ကို ကိုလွန်းတင်ရော၊ ဦးထွန်းတင်ကပါ မမှိတ်မသုန် စူးစိုက်နားထောင်လျက်ရှိကြသည်။

စိုးသိမ်းသည် ဒူးနှစ်ဖက်ထောင်ကာ ဒူးပေါ်တွင် မေးတင်ထား၏။ မျက်စိအစုံကို ပိတ်ထား၏။ အိပ်ပျော်နေခြင်း မဟုတ်။ အာရုံဝင်စားနေခြင်းမျှသာ ဖြစ်၏။ ဖုန်းမြင့်ကား လက်ဖဝါးနှစ်ဖက်ကို နောက်သို့ပစ်ထောက်ကာ ခါးဆန့်ထိုင်နေ၏။

"မအူပင်မြို့နယ် အရှေ့ဘက်ကွင်းတွေကို ကျွန်တော်ရယ်၊ မောင်ဝင်းကြည်ရယ် ဆင်းမယ်။ ပန့်တပွတ် ချောင်းရိုးကတော့ ကျိုက်လတ်အပိုင်နဲ့ ဆက်နေပြီး ရွာနည်းတာမို့ မောင်စိုးသိမ်းနဲ့ မောင်ဖုန်းမြင့်ကို လွှတ်မယ်။ ကိုချစ်မောင်က မြောက်ဘက်နဲ့ အနောက်ဘက်ကွင်းတွေ ဆင်းမယ်။ ဦးလေးနဲ့ အကူအညီအဖြစ် မြို့မှာ မောင်တင့်အောင် ကျန်နေမယ်။ ဒါ ကျွန်တော်တို့ အစီအစဉ် လျာထားချက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းသားပဲ။ ဝင်းကြည်က မလက်တိုချောင်းရိုးနဲ့ တိုးမြစ်တစ်လျှောက် ရွာတွေကို နှံ့စပ်တယ်ဆိုတော့ အရှေ့ဘက်ကွင်းကို ဝင်းကြည် ခေါ်သွားတာ ကောင်းတယ်။ မလက်တို က ဘတင်တို့၊ မြတ်သော်တို့ကို ငါက လွှတ်လိုက်တယ်လို့သာပြော။ မင်းတို့ လုံခြုံရေးအတွက် သူတို့ အစစ လုပ်ပေးလိမ့်မယ်။ စာဖြူစုက သူကြီးစောချစ်ကို အဓိကထားပြီး သူကမှတစ်ဆင့် ကရင်အမျိုးသားတွေထဲဝင်တာ ပိုကောင်းတယ်"

ကိုတင်သိန်းက ဆက်ပြောပြန်သည်။

"ဒီလိုဆိုရင် လုပ်ငန်း ချက်ချင်းစဖို့ပဲ။ စည်းရုံးဆွေးနွေးရမယ့် နည်းနာတွေနဲ့ ပတ်သက်ပြီး ကိုလွန်းတင်က ဘာများ မှာချင်ပါသေးသလဲ"

"ကောင်းပါတယ်။ စည်းရုံးရေးဆင်းဖို့ လျာထားချက်ဟာ အင်မတန် အချိုးကျပါတယ်။ စည်းရုံးဆွေးနွေးရေးနဲ့ ပတ်သက်လို့ကတော့ သိပ်ပြောစရာတော့ မရှိပါဘူး။ ဖက်ဆစ်စနစ်ဆိုးရဲ့ အာဏာရာဇဏာချက်တွေကို ကရင်အမျိုးသားတွေ အပါအဝင် တစ်ပြည်လုံးက ပြည်သူလူထုကြီး တစ်ရပ်လုံး ခံနေရတယ်။ သူတို့ရဲ့ အကျိုးစီးပွားကို ဆုတ်ယုတ်ပျက်ပြားစေတယ် ဆိုတာကို သဘောပေါက်ဖို့ လုပ်ရမယ်။ စီးပွားရေး နစ်နာချက်တွေကို မူတည် ဖော်ထုတ်ရမယ်။ အဲဒါ အရေးကြီးတယ်။ လူထု လူတန်းစား အသီးသီးကို ကျယ်ကျယ်ပြန့်ပြန့် သိမ်းသွင်းတဲ့နေရာမှာ လူထု လူတန်းစားတိုင်းနဲ့ စပ်ဆိုင်တဲ့ စီးပွားရေး အကျိုးစီးပွား ပြဿနာကို ရှေ့တန်းတင်ပေးမှ ဖြစ်မယ်။

"ဒီနေရာမှာ ကျွန်တော် အလေးအနက် အကြံပေးချင်တာ တစ်ခုရှိပါတယ်။ ကရင်အမျိုးသားတွေနဲ့ ဆက်ဆံရာမှာ သိပ်သတိထားဖို့လိုတဲ့ ကိစ္စကလေးတွေပါပဲ။ ဘီအိုင်အေ ကာလက မြောင်းမြစရိုင်မှာ ဖြစ်ခဲ့ကြတဲ့ အမှားတွေက သင်ခန်းစာကို ကောင်းကောင်းကြီး သတိချပ်ရပါလိမ့်မယ်။ ကရင်ာမျိုးသားတွေဟာ အင်္ဂလိပ် အစိုးရက အများဆုံး အားထားတဲ့ လူမျိုးစုထဲမှာ တစ်စုအပါအဝင် ဖြစ်တယ်။ နောက်ပြီး အင်္ဂလိပ် အမေရိကန် သာသနာပြု ဂိုဏ်းတွေရဲ့ ဩဇာ သက်ရောက်မှုကလည်း ကြီးတယ်။ ဒါဟာ အင်မတန် နူးညံ့တဲ့ ပြဿနာ၊ အင်မတန် လေးနက်တဲ့ ပြဿနာ။ ထမင်းစားရေသောက် ပြဿနာ မဟုတ်ဘူး။ ကရင် အမျိုးသားတိုင်းက အင်္ဂလိပ်ကို မျှော်တယ်လို့ ကျွန်တော်တို့ ဗမာတွေထဲက တော်တော်လေး အစွဲအလမ်း ကြီးခဲ့ကြတယ်။ အင်္ဂလိပ် ရဲ့ ခွေဝယ်ကျွန်တွေ၊ ခိုင်းဖတ်တွေလို့ ယူဆခဲ့ကြတာတွေ ရှိတယ်။ ဒါဟာ မမှန်ဘူး။ အင်္ဂလိပ်ကို မျှော်တဲ့ ကရင်လည်း ရှိတာပဲ၊ ဗမာလည်း ရှိတာပဲ။ အင်္ဂလိပ်ကို သံယောဇဉ်ရှိတဲ့ ကရင်ဆိုတာ အနည်းစုပါ။ လက်တစ်ဆုပ်စာ လူနည်းစုပါ။ ကရင်အများစုဟာ ဗမာအများစုလိုပဲ ဖက်ဆစ်စနစ်ရဲ့ဒဏ်၊ စစ်ဘေး စစ်ဒဏ်တွေကို မျှဝေခံစားနေကြရတာပဲ။ အင်္ဂလိပ်က သွေးစုပ် ခေါင်းပုံဖြတ်တာကိုရော၊ အခု ဂျပန်က ပါးရိုက် နားရိုက် ကျွံနွားသိမ်း နှိပ်စက်တာတွေကိုရော မရှုလို့ ခံနေခဲ့ကြရတာပါ။ ဒီအဖြစ်ကို ရဲရဲမြင်ဖို့၊ ရဲရဲခံယူဖို့ လိုပါတယ်။ ခင်ဗျားတို့ ဆွေးနွေးစည်းရုံးရေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ချက်ဟာ ဒါပဲဖြစ်ရမယ်။ နောက် စစ်ရေး၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းစဉ်တွေကို အခါအားလျော်စွာ ဗဟိုက ပို့ပေးသွားပါလိမ့်မယ်"

ကိုလွန်းတင်က သို့ကလို ပြောလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ကိုတင်သိန်းက ဆက်လက်၍

"ဒီတော့ ကျွန်တော်တို့ မနက်ဖြန် ခရီးစမယ်။ ကိုချစ်မောင်က သန်ဘက်ခါ ထွက်မယ်။ မောင်စိုးသိမ်းနဲ့ မောင်ဖုန်းမြင့်က ကိုချစ်မောင် ထွက်ပြီး နှစ်ရက်အကြာမှာ ထွက်ပေါ့။ အဲဒါ ဘယ့်နှယ်လဲ ဦးလေး"

"အေး ကောင်းတယ်၊ အဲဒီအတိုင်းပဲပေါ့နော် မောင်လွန်းတင်"

"ကောင်းပါတယ်။ ချောချောမောမော ဖြစ်ကြဖို့ ဆုတောင်းတယ်ဗျာ။ အခုလို တက်တက်ကြွကြွတွေ ကြားရတာ ကျွန်တော် သိပ်ဝမ်းသာတယ်။ ကျွန်တော်လည်း ညောင်တုန်းဘက် ခရီးဆက်မယ်။ အဆင်ပြေရင် တစ်ပတ်ပြန်လာနိုင်ပါလိမ့်မယ်။ အဲဒီအခါ ထပ်တွေ့ကြတာပေါ့။ ကဲ ညဉ့်နက်ပြီ၊ လူစုခွဲကြရအောင်"

ကိုလွန်းတင်က တစ်ယောက်စီကို လက်ဆွဲနှုတ်ဆက်လေသည်။ ထို့နောက် လူစုခွဲကာ မှောင်ရိပ်အတွင်းသို့ တိုးထွက် ပျောက်ကွယ်သွားကြသည်။ ကိုတင်သိန်းကသာ ပြန်ခါနီးတွင်

"နက်ဖြန် နေ့လယ် ၁၂ နာရီတိတိမှာ ပေါ်တော်မူဘုရားကို အရောက်လာနော် မောင်ဝင်းကြည်။ အဲဒီက ကိုယ် စောင့်မယ်။ အဝတ်တစ်ထည် ကိုယ်တစ်ခုသာ လာခဲ့၊ ဘာမှ မယူလာနဲ့။ အဲဒီက စပြီး ထွက်မယ်။ ဘယ်လောက် ကြာမယ်ဆိုတာ မပြောနိုင်ဘူး"ဟု မှာသွားသည်။

ဖုန်းမြင့်ကတော့ ယနေ့ညအဖို့ ဝင်းကြည်နှင့် အိပ်မည်ဆိုကာ ကျန်ရစ်ခဲ့လေသည်။

သူတို့အားလုံး လူစုခွဲချိန်တွင် ည ၁၂ နာရီခန့် ရှိပြီဖြစ်၏။ ကိုတင်သိန်းတို့တစ်တွေ အမှောင်ထုအတွင်းသို့ဝင်ကာ ကိုယ်လုံးဖျောက်လိုက်ကြပြီးသည်နှင့် မရှေးမနှောင်း သန်းခေါင်ယံ ကြက်တွန်သံသည်လည်း ပေါ်ထွက်လာလေတော့၏။

## အခန်း ၈

"ဟေ့ကောင်၊ ငါ စင်သီယာ့ဆီ ရောက်တယ်ကွ"

နှစ်ယောက်သား အတူအိပ်မည်ဟုဆိုကာ အိပ်ရာဝင်ကြသော်လည်း အိပ်မပျော်နိုင်ကြသေးသည့်အတွက် ဝင်းကြည်က စ၍ ပြောလိုက်သည်။

ဖုန်းမြင့်က စောင်ကို လွှမ်းခြုံရင်း

"စင်သီယာ ဟုတ်လား"

"အေး၊ စင်သီယာမှ တကယ့် စင်သီယာ"

www.burmeseclassic.com

www.burmeseclassic.com



"သြော်၊ ရှိသေးသကိုး"

"ဘာလဲကွ၊ မင်းဟာက စင်သီယာ မရှိရအောင် ဘယ်သွားလို့တုံး"

"ဘိလပ်ပြန်သွားသလားလို့ပါကွာ" ဟု ဖုန်းမြင့်ကပြောရင်း သူ့စကားကို သူ့ဘာသာ သဘောကျသည့်အတွက်လားမသိ နှစ်နှစ်ခြိုက်ခြိုက် ရယ်နေလေ၏။

တကယ်ဆိုရလျှင် အဖေကအစ သမီးတွေအဆုံး ဘိုဆန်လှသည်ဟု နာမည်ကျော်ကြားသော၊ ဤသို့ ဘိုဆန်သည်ကိုလည်း သူတို့အားလုံးက သိပြီးဖြစ်သော စင်သီယာတို့ သားအဖနှင့် စပ်လျဉ်း၍ ဖုန်းမြင့်က သရော်လိုက်ခြင်းမျှ ဖြစ်လေသည်။

"ဘိလပ်တော့ ပြန်လို့မဖြစ်ဘူးလေကွာ။ နီးနီးနားနား မယ်သီလရှင် ဇရပ်တွေပဲ ရှိတယ်။ ပြန်ချင်ရင် ပြောတာပါ"

"အေးကွ ဝင်းကြည်ရ။ စင်သီယာတို့ကလည်း ခက်လိုက်တာ၊ တစ်အိမ်သားလုံးကလည်း ဘိုစိတ် မပျောက်၊ ဘိလပ်ကလည်း ပြန်လို့မဖြစ်၊ အခုနောက်ဆုံး အနောက်ကုန်းမှာပဲ သောင်တင်နေရတာ သနားသကွာ"

"တော်စမ်းပါကွာ၊ လစ်ရှုံ့တဲ့မှုပဲ။ ငါက အကောင်းပြောမလို့။ မင်းပါးစပ်ပုပ်ကြီးက နောက်ဆို့ပဲ မဆုံးဘူး"

"အလကားပါကွာ။ မနောက်ရတာကြာလို့ နောက်ချင်တာပါ။ ပြောစမ်းပါဦး မစ္စတာ စင်သီယာရဲ့"

"ဟော့ကောင်၊ တော်ကွာ။ မပြောတော့ဘူး"

"အလှဲ့ကွာ၊ မင်းကလည်း သူငယ်ချင်းချင်း ဒီလိုမနေရတာကြာလို့ နောက်တာပါဆိုနေ။ ထဲ မနောက်ပါဘူး၊ အတည်ပါကွာ။ အတည်ပြော"

သူငယ်ချင်းနှစ်ယောက် စောင်တစ်ထည်တည်းကို အတူခြုံရင်း ပက်လက်လှန်ကာ စကားကောင်းကြသည်။ စစ်ဘေးရန်ကို ရှောင်တိမ်းကြရချိန်ကစ၍ ဤသို့ မနေခဲ့ကြရသည်မှာ ကြာလေပြီ မဟုတ်လော။

"ငါလည်း မရောက်တာကြာတာက တစ်ကြောင်း၊ ပျင်းပျင်းရှိတာက တစ်ကြောင်းကြောင့် သူ့ဆီသွားမိတာပဲကွ။ စင်သီယာကတော့ တွေ့လိုက်ရင် ဒီလိုချည်းပါပဲ ဖုန်းမြင့်ရာ"

"ဟင်၊ မင့်ဟာက ပဟေဠိတွေချည်းပါပဲလား။ နည်းနည်းပါးပါး ဝိတ္ထာရ ချဲ့ပါဦးကွ"

"ထုံးစံအတိုင်းပေါ့ကွာ။ စစ်ပြီးလို့ရှိရင် ကျောင်းဆက်တက်ပါလား။ နိုင်ငံရေးတွေ ဘာတွေ အိပ်လျှောက်မလုပ်နေနဲ့၊ ဘာနဲ့ ညာနဲ့ လက်ချာရိုက်တာပေါ့။ ပညာကို ဆုံးခန်းတိုင်အောင် သင်စေချင်တယ်လို့လည်း ပြောတယ်ကွ။ ခက်တာက အမြဲတမ်း သူက ငါ့ရှေ့ရေးအတွက် ရင်လေး စိတ်မောနေရတဲ့ မိခင်တစ်ယောက်လို ပြောပြောနေတာ ငါ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စင်သီယာနဲ့ ပတ်သက်လို့ မင်းက စကားစလာမှတော့ မထူးဘူး။ ငါ အတည်ပြောချင်တာ တစ်ခုရှိတယ်ကွ"

"ဘာလဲ"

"စင်သီယာဟာ မင်းကို သဘောကျနေတာ အမှန်ပဲကွ ဝင်းကြည်။ မင်းကလည်း စင်သီယာကို ငြိတိတိ ဖြစ်နေတယ်လို့ ငါ ထင်တယ်။ ဒါကတော့ မင်းကိုယ်မင်း အသိဆုံးပေါ့ကွာ။ ကိုယ့်ကိုယ်လည်း ညာမနေနဲ့ဦး။ ဒီနေရာမှာ ပြတ်ပြတ်သားသားသိမှ ရှေ့ဆက် စကားပြောလို့ဖြစ်မယ်။ မင်းကိုယ်တိုင်က ဘာမှ စင်သီယာ့အပေါ် စွဲလမ်းမှုမရှိဘူး၊ ငြိတိတိ မဖြစ်ဘူး ဆိုရင်တော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှ ဆက်ပြောစရာ မလိုတော့ဘူး။ ဒါ ငါ့အထင်လေကွာ"

"အင်း၊ မင်းပြောမှပဲ ငါ့ကိုယ်ငါ သေသေချာချာ စဉ်းစားကြည့်ရတော့မှာပဲ"

ဝင်းကြည်က စကားကို မဆက်သေးဘဲ နဖူးပေါ်တွင် လက်တင်ကာ စဉ်းစားနေမိသည်။ ဆီးနှင်းများသည် အိမ်ခေါင်မိုးပေါ်သို့ တဖျောက်ဖျောက် ကျဆင်းလျက်ရှိ၏။ တစ်လောကလုံးသည် တိတ်ဆိတ်နေ၏။ ခါတိုင်း ကြားနေကျဖြစ်သော ရန်ကုန်ဘက်ဆီမှ အမြောက်သံ ဗုံးသံများကိုပင်လျှင် မကြားရ။

ဝင်းကြည်က ဆက်ပြောပြန်သည်။

"တကယ်တမ်းပြောရရင် စင်သီယာ့အပေါ် ငါ စိတ်ဝင်စားမိတဲ့အချိန်မျိုး တစ်ခါတလေ ရှိခဲ့တယ်ကွာ။ ဒါပေမဲ့ လုံးလုံးလျားလျား ချစ်သလား ဆိုတော့လည်း မချစ်ဘူးကွ။ ဒါ သေချာတယ်"

"ဘာဖြစ်လို့လဲ"

"အဲဒါ ငါလည်း မသိဘူး"

ဖုန်းမြင့်က ဝါးခနဲ တစ်ချက်သမ်းလိုက်ပြီးနောက်

"မင်းသဘောထားက အဲဒီလို ဖြစ်နေခဲ့တာဟာ တစ်နည်းအားဖြင့်တော့ ခပ်ကောင်းကောင်းပဲ။ တကယ်လို့ မင်းက သူ့ကို လုံးလုံးလျားလျား ချစ်နေမိခဲ့တယ်ဆိုရင် အခုလို အခြေအနေမျိုးမှာ မင်း သိပ်စိတ်ဒုက္ခရောက်နေရလိမ့်မယ်။ မင်း လုပ်ချင်ရာကို စိတ်လွတ်လက်လွတ် လုပ်နိုင်မယ်လည်း မထင်ဘူး"

"ဒါပေမဲ့ စင်သီယာ့ကို ငါ တစ်ခါတလေ သနားသလိုလိုပဲကွာ။ စိတ်ရင်းကောင်းတယ်လို့ ငါ ထင်တယ်လေ"

"ဟုတ်တယ်၊ စိတ်ရင်းကောင်းတယ်။ ဒါ့ထက် နေပါဦး။ ဒီည မင့်နောင်တော်ကြီး မမြင်မိပါလား။ ဘယ်ရောက်နေသတုံး" ဟု ထွန်းကြည်ကို သတိရဟန်တူသော ဖုန်းမြင့်က မေးလိုက်၏။

"အဲဒီအိမ်မှာ အိပ်တယ်။ ဒီကောင်က အိမ်မှာ နေခဲပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"သူက ပင်စီနဲ့ တော်တော် သေချာနေတယ်ပေါ့"

"ထင်တာပဲ။ ငါတော့ သိပ်စိတ်မဝင်စားတာနဲ့ မေးလည်း မမေးဘူး။ ဂရုလည်း မစိုက်မိဘူး။ သူတို့ အနေအထိုင် တော်တော်ရင်းနှီးတာ အမှန်ပဲ။ ဒါကို အဖေက သိပ်ကြိုက်ပုံ မရဘူး။ အမေကတော့ သဘောကျတယ်ကွ။ အဲဒီလို သွားလာနေထိုင်တာကို အမေက ဘာမှ တားဆီးစိတ်ပင်တာ မဟုတ်တော့ အဖေကလည်း ဝင်မပြောတော့ဘူး။ နောင်တော့သာ ဘယ်လိုဖြစ်လာလဲ မသိတာ"

"မင့်အစ်ကိုနဲ့ စရိုက်ချင်းကတော့ ခပ်လိုက်လိုက်ပဲ။ ဟောကောင်၊ ငါ ထင်တယ်ကွ သူတို့နှစ်ယောက်သား ညားသွားရင် လင်မယားနှစ်ယောက်စလုံး တီးလိုက်၊ မှုတ်လိုက်ချည်း လုပ်နေမှာပဲ ထင်တယ်။ ဟင် ဘယ့်နှယ်လဲ"

နှစ်ယောက်စလုံး ပြိုင်တူလိုလို ရယ်မိကြသည်။ ထို့နောက် အတန်ကြာမျှ အတွေးကိုယ်စီနှင့် ရှိနေကြလျက် ဝင်းကြည်က လှစ်ခနဲ သတိရလာသော အကြောင်းကို စပြောပြန်သည်။

"စင်သီယာက ပြောတဲ့အထဲမှာ အန္တဲ့အကြောင်းလည်း ပါသေးတယ် ဖုန်းမြင့်ရ။ သူပြောတော့မှပဲ ငါလည်း အန္တဲ့ကို သိပ်သတိရတာပဲကွာ။ မင်းနဲ့ တွေ့သေးလား"

"မတွေ့ဘူးကွ။ အဟိတ်ကို ပြောင်းသွားတယ်လို့ ကြားတာပဲ။ အဟိတ်မှာပဲ ရှိမလား၊ ဒါမှမဟုတ် တခြားတစ်နေရာရာပဲ ရောက်နေမလား မသိဘူး။ ကျောင်းတွေ ပြန်ဖွင့်ရင်တော့ တွေ့နိုင်ကြဦးမှာပေါ့"

"အင်း၊ ဒီလိုပဲ တွေးရတာပဲ။ တကယ်လို့ သူ ကျောင်းပြန်နေနိုင်ရင် ဆိုပါတော့ကွာ"

ဝင်းကြည်က လေးတွဲ့စွာ ပြောလိုက်သည်။ ဖုန်းမြင့်လည်း ငြိမ်နေလေ၏။ အပြင်ဘက်၌ လေသည် ဝါးရုံပင်များကို ဆော့ကစားဆဲ ရှိနေသေး၏။

"ဟောကောင်၊ လေယာဉ်ပျံသံနဲ့တူတယ် နားထောင်စမ်း" ဟု ဝင်းကြည်က ပြောလိုက်ရာ ဖုန်းမြင့်သည် ခြုံထားသော စောင်ကို ခွာချရင်း နားစွင့်နေ၏။ ဝင်းကြည် ပြောသည့်အတိုင်း လေယာဉ်ပျံသံတွေကို ကြားရသည်။

သူတို့နှစ်ယောက်သည် စကားမပြောဘဲ ငြိမ်သက်စွာ နားစွင့်နေကြ၏။ လေယာဉ်ပျံ အစင်း တော်တော်များမည်ဟု ထင်ရသည်။ နိမ့်နိမ့်ပျံခြင်း မဟုတ်။ မြင့်စွာ ပျံနေခြင်း ဖြစ်သည်။ ရန်ကုန်ဘက်သို့ ပျံသန်းသွားကြဟန် တူသည်။ လေကြောင်းရန် အချက်ပေးသံကိုလည်း မကြားမိသည့်အတွက် သူတို့နှစ်ယောက်စလုံး ပြန်၍ စောင်ခြုံထားလိုက်ကြသည်။

အိပ်ပျော်အံ့ဆဲဆဲတွင် ရန်ကုန်ဘက်မှ ဗုံးသံ၊ အမြောက်သံတွေကို ကြားရသည်။ 'စိန်ဖေဒါ' ကြီး၏ အသံကိုလည်း အတိုင်းသား ကြားရသည်။ ရန်ကုန်ကို အင်္ဂလိပ်လေယာဉ်တွေ လာရောက်၍ ဗုံးကြဲတိုင်း မြေပြင်မှနေ၍ ခုခံပစ်ခတ်လေ့ရှိသော အမြောက်ကြီးတစ်လက်၏ အသံကာစီသံကို

www.burmeseclassic.com

www.burmeseclassic.com



ထင်ထင်ရှားရှား ကြားရလေ့ရှိရာ ယင်းအမြောက်ကြီးကို 'စိန်ဗေဒါ' ဟု သူတို့က နာမည်ပေးထားကြလေသည်။

အတန်ကြာသောအခါ စိန်ဗေဒါကြီး၏ လက်သံကို လည်းကောင်း၊ အခြားသော ဗုံးသံများကို လည်းကောင်း မကြားနိုင်တော့ဘဲ နှစ်ယောက်သား အိပ်မောကျသွားလေ၏။

× × ×

နံနက်အစောကြီးထ၍ ဖုန်းမြင့် ပြန်သွားသည်။

အမေနှင့် အမာကြည်လည်း ဓမ္မာရုံကျောင်းမှ ပြန်မလာကြသေး။ အဖေသာလျှင် အိမ်ရှေ့ခန်း၌ တစ်ယောက်တည်း ထိုင်နေ၏။ မလှကြည်ကား မီးဖိုချောင်၌ ရောက်နေလေပြီ။

အဖေက ဝင်းကြည်ကို ခေါ်ကာ မှာကြားစရာ ရှိသည်များကို တီးတိုးမှာကြားပြန်သည်။

"အနေအထိုင်၊ အပြောအဆို အစစအရာရာ သတိထား၊ ကြားလား။ မလက်တိုက မြတ်သော်တို့၊ ဘတင်တို့က အစစ ကူညီလိမ့်မယ်။ နောက်ပြီး အခု မင်းထွက်ရမယ့်ခရီးက ကြာကောင်း ကြာလိမ့်မယ်"

"ဘယ်လောက်လောက် ကြာမယ်ထင်သလဲ အဖေ"

အဖေသည် ခေတ္တမျှ စဉ်းစားချိန်ဆနေပြီးမှ

"အရက်နှစ်ဆယ် တစ်လလောက်များ ကြာမလား မသိဘူး။ ဘယ်လောက်ပဲ ကြာကြာပေါ့ကွာ၊ အိမ်အတွက် မင်း ဘာမှမပူနဲ့"

ဝင်းကြည်သည် အဖေ့ကို ချစ်မြတ်နိုးသော အကြည့်ဖြင့် ကြည့်နေမိ၏။ အဖေကား အလွန်တရာ ကြည်ညိုလေးစားဖွယ်ပါတကားဟုလည်း တွေးနေလိုက်မိ၏။ အဖေသည် မျိုးချစ်စိတ်ဓာတ် ပြင်းပြသူ ဖြစ်သည်သာမက အမြော်အမြင်လည်း ကြီးမားသူ ဖြစ်၏။ သို့မို့ကြောင့်လည်း ဝင်းကြည်သည် အဖေ့ကို ချစ်၏။ အဖေ့ကို အားကိုး၏။ အဖေကသာ စီစဉ်လျှင် အရာရာတိုင်း ချောမောအောင်မြင်နိုင်သည်ဟု တတစ်ချ တွက်ဆထား၏။

"အမေ့ကို ဘယ်လိုပြောမလဲ"

"ပွဲရုံကိစ္စအတွက် တောကို လွှတ်လိုက်တယ်လို့ အဖေ ကြည့်ပြောထားလိုက်မှာပေါ့သားရဲ့။ မင်းအမေက နိုင်ငံရေးတွေ ဘာတွေသိတာ မဟုတ်ဘူး။ နိုင်ငံရေးအကြောင်းတွေ သူ့ကို လျှောက်ပြောလို့ မဖြစ်ဘူး။ စီးပွားရေးအတွက် သွားတယ်ဆိုရင် ပြီးတာပဲ။ မင်းအမေအတွက်ရော၊ အိမ်အတွက်ရော မပူပါနဲ့။ အရေးကြီးတာက မင်းအတွက်ပဲ။ အဲဒီဘက်က ရွာတွေမှန်သမျှ အဖေ ရောက်ဖူးတာချည်းပဲ။ အဖေ့ကျေးဇူးနဲ့ မကင်းတဲ့ လူတွေလည်း အများကြီးကွ။ အခုန အဖေပြောတဲ့ မြတ်သော်တို့ လူသိုက်က အဖေနဲ့ သခင်ဘငြိမ် မအူပင်စီရင်စု တို့ဗမာအစည်းအရုံး စဖွဲ့ကတည်းက သူတို့လည်း မလက်တိုမှာ သခင်အမည်ခံခဲ့တဲ့လူတွေ။ နောက်ပြီး ဩဇာတိက္ကမ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြီးတဲ့လူတွေ။ သူတို့အကူအညီနဲ့ဆို မင်းတို့ ဘာမှ အခက်အခဲရှိမှာ မဟုတ်ဘူး။ သွားတဲ့ လာတဲ့နေရာမှာသာ ကိုယ့်လုံခြုံရေးအတွက် သတိမလစ်နဲ့၊ ကြားလား။ အဖေ မှာတာကို သေသေ ချာချာ ဂရုစိုက်"

ဝင်းကြည်က အငေးသား ထိုင်နေမိသည်။

အဖေ၏ မှာကြားချက်တွေကို နားထောင်ရင်း သူ့စိတ်သည် မရေရာသော အတွေးများ၏ ဝိုင်းဝန်းထားခြင်းကို ခံနေရလေ၏။ စိတ်လှုပ်ရှားနေသည်ဟုပင် ခေါ်ရလေမည်လား မသိချေ။

ယခု သူထွက်ရမည့်ခရီးသည် အဘယ်ကဲ့သို့သော ခရီးမျိုးဖြစ်ကြောင်း အရိပ်အမြွက်မျှ သူ နားလည်ပေသည်။ သူ ဝင်ရောက်လုပ်ကိုင်မိသော လုပ်ငန်းမှာ တစ်စထက်တစ်စ ပို၍ ကြီးမား ခက်ခဲလျက် ရှိလေပြီဟု တဖြည်းဖြည်း သဘောပေါက်လာသည်။ ဟိုစဉ်ကမူ လုပ်ငန်းမှာ လက်တွေ့မပါသေးသည့်အတွက် အေးအေးပေါ့ပေါ့မျှသာ ဖြစ်ခဲ့သော်လည်း လက်တွေ့လုပ်လာပြီ ဆိုသောအခါ သူ့ဘဝအတွက် တစ်စုံတစ်ခုသော ပိုင်းဖြတ်ချက်ကို ချရတော့မည့်အလား ကြီးမား ခက်ခဲလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

"မလက်တိုချောင်းထဲက ဘုရားချောင်းအင်းဘက်ကို ရောက်ရင် ရောက်လိမ့်မယ်။ အဖေ ငယ်ငယ်တုန်းက အဲဒီအင်းမှာ အလုပ် လုပ်ခဲ့ဖူးတယ်ကွ။ အင်းစာရင်းငှားဘဝဟာ သိပ်ဆင်းရဲ ပင်ပန်းတာ။ လယ်သမား ပင်ပန်းတယ်ဆိုတာ တစ်မျိုး။ မိုးစိုနေတုန်း လယ်သမားမလဲ ရေစိုတာ။ အင်းသမားဘဝက ဆယ့်နှစ်ရာသီ ရေထဲမှာနေရတာ သားရဲ့။ မင်းတို့အဘိုးသေတော့ ရေကြည်ရာ မြက်နုရာ ဆိုသလို အလုပ်လျှောက်လုပ်ရင်း အဲဒီ ဘုရားချောင်းတို့၊ မိုးမခတို့မှာ အဖေ နေခဲ့ရဖူး တယ်။ သိပ်ဆင်းရဲတဲ့ကာလပေါ့"

အဖေသည် အတိတ်ဘဝ ကားချပ်တွေကို တစ်ခုပြီးတစ်ခု ပြန်သတိရနေဟန်တူ၏။

"အဲဒီလို ဘဝမျိုးကနေပြီး မြို့ကိုရောက်လာတော့ တောမှာ ဆင်းဆင်းရဲရဲ နေနေကြရတဲ့ လူတွေရဲ့ ကောင်းကျိုးအတွက် ငါ တတ်နိုင်သလောက် လုပ်မယ်လို့ အဖေ သန္နိဋ္ဌာန်ချခဲ့တာပဲ။ အဲဒီသန္နိဋ္ဌာန်နဲ့အညီ အဖေ တတ်နိုင်သလောက် ကူညီခဲ့တယ်။ တောကလူတွေ ဘယ်လောက် ဆင်းရဲတယ်၊ ချို့တဲ့တယ်၊ လူမွေးလူတောင် မပြောင်တယ်ဆိုတာကိုသိမှ တို့တိုင်းပြည်ကောင်းစား အောင် လုပ်သင့်ပါလားဆိုတာ သဘောပေါက်မယ်ကွ။ တောကလူတွေ လူမွေးလူတောင် ပြောင် အောင် မလုပ်ပေးနိုင်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ ဘယ်တော့မှ ကောင်းစားပြီလို့ မပြော နိုင်ဘူး။ သခင်မြနဲ့ ပထမဆုံးတွေ့တော့ အဖေ ဒီအတိုင်းပြောလိုက်တာပဲ။ သခင်အောင်ဆန်း လာတုန်းကလည်း ဒီအတိုင်းပြောတာပဲ။ အခု မင်းလည်း ကိုယ်တိုင်ကိုယ်ကျ သွားကြည့်ပေတော့။ အဖေမှာတာတွေသာ မမေ့နဲ့၊ ကြားလား"

"ဟုတ်ကဲ့ အဖေ၊ ကျွန်တော် မမေ့ပါဘူး"

"အေး အေး။ မင်းတို့ကျောင်းတွေက အပ်အဖျား ချွန်၏၊ ငရုတ်သီးစပ်၏ ဆိုတဲ့ ပညာ

www.burmeseclassic.com

www.burmeseclassic.com



လောက် သင်ပေးနေတာဆိုတော့ တောမှာနေတဲ့ လူအများစုကြီးရဲ့ဘဝကို မင်းတို့ သေသေချာချာ မမြင်နိုင်ဘူး။ အခု မြင်အောင်ကြည့်။ အဖေတို့ အဖေ အမေ၊ အဘိုး အဘွားတွေဟာ လယ်ထဲ အင်းထဲမှာ တိရစ္ဆာန်လိုရုန်းရင်း သေခဲ့ကြရပြီ ဆိုတာကို မင်း ဘယ်တော့မှ မမေ့နဲ့။ အဖေ လိုချင်တာ ဒါပဲ"

ဝင်းကြည်သည် အဖေ့ကို ဦးချကန်တော့၏။ အဖေသည် မိမိကဲ့သို့ ခေတ်ပညာကို စနစ်တကျ သင်ကြားခဲ့ရသူ မဟုတ်။ သို့သော် အဖေ့အတွေးနှင့် အယူအဆများသည် ကြည်လင်ပြတ်သား ရိုးသားသန့်စင်လှချေသည်တကားဟု တွေးကာ စိတ်ရောကိုယ်ပါ ရှိခိုးဦးချခြင်းလည်း ဖြစ်ပါတော့သည်။

## အခန်း ၉

မအူပင်မြို့၏ တောင်ဘက်စွန်တွင် ပေါ်တော်မူဘုရား တည်ရှိလေသည်။ တိုးမြစ်ရေအလျှံသည် ပန်တပွတ်ချောင်းဝကို ဖြတ်သန်းကာ မအူပင်မြို့သို့ မရောက်မီ ပေါ်တော်မူဘုရား၌ ဝဲများ၊ လှိုင်းများဖြင့် လာရောက် ဦးခိုက်နေလေသည်။

ပေါ်တော်မူဘုရားသည် တိုးမြစ်၏ ကမ်းပါး မတ်စောက်စောက်ပေါ်၌ တည်ရှိလေရာ ဘုရား၏အရှေ့ဘက် အောက်ခြေတံတိုင်းနားရှိ ကမ်းပါးတွေမှာ ရေတိုက်စားတိုင်း တဝုန်းဝုန်း ပြိုကျလျက်ရှိသည်။ ဤနေရာတွင် တိုးမြစ်သည် ကျယ်ဝန်းသော ကွေ့ကြီးကို ဖန်တီးထားပေ၏။ ဘုရား၏ တစ်ဖက်ကမ်းကား စစ်ကိုင်းရွာကလေး ဖြစ်သည်။ စစ်ကိုင်းရွာကလေးသည် ထူထဲသော သစ်ပင်တောအုပ်များ အကြား၌ အနီဋ္ဌာရုံဖြင့် ပြွမ်းတီးသည့် လောကကို ကြောက်ရွံ့သော ကလေးငယ်သဖွယ် ငြိမ်သက်တိတ်ဆိတ်စွာ ပုန်းကွယ်နေလေ၏။

ပေါ်တော်မူဘုရား၏ အနောက်ဘက်တွင်ကား ပန်တပွတ် ချောင်းရိုးဘက်ဆီသို့ အရောက်သွားနိုင်သော တာရိုးသည် မြွေကြီးတစ်ကောင်သဖွယ် တွန့်ခွေ လျောင်းစက်နေလေ၏။ ယင်း၏ဟိုမှာဘက်ကား ချုံနွယ်ပိတ်ပေါင်းများ၊ ဝါးရုံတောများ၊ သစ်တောများဖြင့်သာ ပိတ်မှောင် အုံ့ဆိုင်းလျက် ရှိလေသည်။

ဘုရားပရဝုဏ် တစ်ခုလုံးတွင် တိတ်ဆိတ်နေ၏။ လူသူလေးပါး ကင်းရှင်းလှ၏။ တိုးမြစ်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေကြောင့် တချွင်ချွင် မြည်နေသည့် ဆောင်းရွက်ခတ်သံများ၊ တောအုပ်နှင့် ဝါးရုံအုပ်များ၌ လေတိုးသံများမှအပ အခြားသော အသံပလံ ဟူ၍ မရှိ။ စစ်၏ဘေးဒဏ်သည် ဤနေရာတစ်ဝိုက်ကို လူသူလေးပါးတို့ စွန့်ခွာထားအပ်သော ပဏ္ဍုရာစ် အရပ်အဖြစ်သို့ လျှောကျသက်ဆင်စေခဲ့လေပြီတကား။

"ကိုတင်သိန်း၊ ကြာပလား"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် စေတီတော်၏တောင်ဘက် တံတိုင်းနားတွင် အခန့်သင့်တွေ့ရသော ကိုတင်သိန်းအား လှမ်းမေးလိုက်ပြီးနောက် သူ့နံဘေး မြေကြီးပေါ်တွင် ထိုင်ချလိုက်၏။ မြို့တွင်းမှ မဖြတ်၊ တာရိုးအတိုင်း မလာဘဲ မြို့ပြင်နှင့် တောအုပ်များအကြားမှ ဖြတ်လျှောက်လာရသည့်အတွက် သူ့နဖူးပြင်တွင် ချွေးပေါက်တွေ တွဲရရွဲ ခိုနေကြသည်။

"ဆယ်မိနစ်လောက်ပဲ ရှိဦးမယ်။ ကဲ လာ၊ အချိန်စေ့နေပြီ။ သွားကြရအောင်"

ဘယ်ကိုသွားမည်၊ ဘယ်ကသွားမည် စသည်ဖြင့် တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုဘဲ ဝင်းကြည်က ကိုတင်သိန်း၏နောက်မှကပ်ကာ ကမ်းပါးအတိုင်း လျှောက်လိုက်လာမိသည်။

ကိုတင်သိန်းကို ယခုမှပင် သေသေချာချာ ကြည့်မိ၏။ ခေါင်း၌ လုံချည်တစ်ထည် ပတ်ထားသည်။ သူ၏ညာလက်တွင် ဗုံလုံကလေးတစ်ခုကို ဆွဲထားသည်။ ငါးထည့်သည့် ဗုံလုံကို အဘယ့်ကြောင့် ယူလာသနည်းဟု မေးမည် ကြံမိသေး၏။ လိုအပ်သော စာရွက်စာတမ်းတွေ ထည့်ယူလာခြင်း ဖြစ်တန်ရာသည်ဟု မှန်းဆကာကာ မမေးဘဲ နေလိုက်သည်။

"ပထမတော့ ကုန်းကြောင်းသွားမယ် စိတ်ကူးတယ်။ ဒီကနေ ပန်တပွတ်ဝကို သွား၊ ပန်တပွတ်ချောင်းကို ဖြတ်ကူးပြီး ခနောင်တို သွားမယ်။ ခနောင်တိုကမှတစ်ဆင့် ကျောင်းရွာကိုပဲ ဆက်လျှောက်၊ ဒါမှမဟုတ် မလက်တိုဘက် ဖြတ်ကူးမယ်လို့ စဉ်းစားသေးတယ်။ ဒါပေမဲ့ ညောင်ဝိုင်းက ရဲဘော်တွေနဲ့ တိုင်ပင်ကြည့်တော့ စိတ်မချရဘူး။ မအူပင်နဲ့ ပန်တပွတ်ချောင်းကြားမှာ ရှုပန်တိုက်ကင်းတွေ လှည့်တာနဲ့ တိုးကောင်း တိုးမှာမို့ လှေနဲ့သွားရင် ကောင်းမယ်လို့ အကြံပေးကြတာနဲ့ အခု လှေနဲ့သွားမယ်"

ကိုတင်သိန်းက အရပ်လေးမျက်နှာကို မကြာခဏ လှမ်းကြည့် အကဲခတ်ရင်း သွားရမည့် အစီအစဉ်တွေကို ပြောပြသည်။ ဝင်းကြည်ကား စေ့စပ်သေချာသော ကိုတင်သိန်း၏ လုပ်ပုံကိုင်ပုံတွေကို စိတ်ထဲက ကျိတ်၍ ချီးကျူးနေမိလေသည်။

အထူးသဖြင့် ညောင်ဝိုင်းက ရဲဘော်တွေ ဟူသော စကားကို ကြားရသည့်အတွက် ပို၍ အားရကျေနပ်မိသည်။ ညောင်ဝိုင်းသည် မအူပင်နှင့် ပန်တပွတ်ဝ အကြားတွင်ရှိပြီး ပေါ်တော်မူနှင့်လည်း နီးကပ်လှ၏။ မအူပင်မြို့၏ တောင်ပိုင်းနှင့် စပ်လျဉ်းလာလျှင် အဝင်အထွက် ကိစ္စများ၌ အရေးပါသော ရွာကလေးလည်း ဖြစ်သည်။ ဤရွာကလေး၌ ရဲဘော်တွေ ရှိနေကြောင်း သိရသော အခါ ပို၍ အားတက်လာရသည်။

တစ်ဖာလုံခန့် လျှောက်မိသောအခါ သူတို့သည် တာရိုးနံဘေး ကမ်းပါးပေါ်မှနေ၍ ထမ်းစပ်ဘက်သို့ လျှောဆင်းလာကြ၏။ ဤနေရာတွင် မြစ်ကမ်းပါးသည် ပေါ်တော်မူနားမှာ လောက် မတ်စောက်ခြင်း မရှိ။ အတန်ငယ် ပြေ၏။ ရေသဖန်းပင်များ၊ လမုပင်များလည်း ရေစပ်နားတွင် အုပ်ဖွဲ့ကာ ပေါက်နေကြ၏။ မြေမှာ ခြောက်သွေ့မနေဘဲ စေးထန်းလာသည်။ ရွှံ့စေး

www.burmeseclassic.com

www.burmeseclassic.com



ထူပြောသောမြေ ဖြစ်သည်။ ရေသဖန်းပင်တို့၏ အရိပ်ကြောင့် နေပျောက် ကျိုးတကျဲသာ ဆင်းနိုင်သဖြင့် ရေကျသွားတိုင်း နုန်းများ၊ ရွှံ့စေးများအဖြစ် ကျန်ရစ်နေသည့် ကမ်းစပ်မျိုး ဖြစ်လေသည်။

တစ်နေရာတွင် ရေသဖန်းပင်ကြီး၏ အကိုင်းများသည် မြစ်ရေပြင်ထက် တစ်တောင်ခန့် အကွာအထိ ကိုင်းငိုက် ကျဆင်းနေ၏။ အရိပ်ကောင်းလွန်းလှသဖြင့် ယင်း ရေသဖန်းပင်ကြီး အောက်၌ အတန်ငယ် မှောင်၍ပင် နေလေသည်။

ကိုတင်သိန်းနှင့် ဝင်းကြည်သည် ရေသဖန်းပင်ကြီးအောက်သို့ ဝင်လိုက်ကြ၏။ ရေပေါ်သို့ ထိုးဆင်းနေသော အကိုင်းတစ်ခုတွင် လှေကလေးတစ်စင်း ကပ်ထားကာ ထိုလှေပေါ်၌ ငုတ်တုတ် ထိုင်နေသည့် ကရင်လူမျိုး တံငါအဘိုးကြီးတစ်ယောက်ကိုပါ တွေ့ရသည်။ အဆိုပါ တံငါအဘိုးကြီးက ကိုတင်သိန်းကို မြင်သောအခါ လှမ်း၍ပြုံးသည်။

"တော်တော်စောင့်နေရသလား ဦးထော်" ဟု ကိုတင်သိန်းက မေးလိုက်ရာ ဦးထော် အမည်ရှိ အဘိုးကြီးက ကွမ်းတွေ ပလုတ်ပလောင်း ဝါးထားသော ပါးစပ်ကို ဖွင့်ဟကာ "မကြာ လှသေးဘူးကွယ့်" ဟု ပြန်ပြောသည်။

"ကဲ လာလာ သွားကြစို့ဗျ"

ဦးထော်သည် ညောင်ဝိုင်းရွာမှ ရဲဘော်များ၏ စီစဉ်ချက်အရ သူတို့ကို လိုက်ပို့ပေးမည့်သူ ဖြစ်ကြောင်း ဝင်းကြည် ရိပ်မိလေသည်။

သူတို့ ရေသဖန်းကိုင်းကြီးပေါ်မှ တက်လျှောက်ကာ လှေပေါ်သို့ တက်လာကြပြီးသည်နှင့် တစ်ပြိုင်နက် ဦးထော်က လှေကို ကျင်လည်စွာ ခွာထုတ်လိုက်လေ၏။

ဦးထော်က ပဲ့ကိုင်ပြီး ကိုတင်သိန်းက လှေဦးမှထိုင်ကာ လှော်သည်။ လှော်တက် နောက် တစ်ချောင်း မရှိသဖြင့် ဝင်းကြည်အဖို့ လှေလှော်ရန်မလိုဘဲ ပက်ခွက်ကိုကိုင်ကာ လှေဝမ်းထဲမှ ရေတွေကိုသာ ပက်ထုတ်နေလေသည်။

"တို့ အရှေ့ဘက်ကမ်းကို ဖြတ်ကူးမယ်ဗျ။ အရှေ့ဘက်ကမ်းကျတော့ ကမ်းစပ်နား ကပ်သွားရင် မလက်တို ရောက်တဲ့အထိ တို့ စိတ်ချရတာပဲ" ဟု ဦးထော်က လှမ်းပြောလိုက်၏။

"ဟုတ်ကဲ့ ဦးထော် အဲဒါ ကောင်းပါတယ်။ ကျွဲညီနောင်ကိုလည်း ကြောက်စရာ မလိုတော့ ဘူးပေါ့"

"ကျွဲညီနောင် ဟုတ်လား၊ တို့လိုလှေကို ဒီ နံကရိုင်းနှစ်ကောင် ဘာမှမလုပ်နိုင်ပါဘူး။ မပူပါနဲ့ ငါ့ကောင်ရာ။ သူတို့လာတော့ တို့လှေကလေးက ကိုင်းတောထဲ ဝင်အိပ်နေလိုက်တာပလေ"

ဦးထော်၏စကားကို သဘောကျလွန်းသည့်အတွက် ဝင်းကြည်က လှမ်းကြည့်မိ၏။ ဦးထော်သည် ကွမ်းဝါးထားသဖြင့် နှုတ်ခမ်းနှင့် ပါးစပ်တစ်ခုလုံး နီရဲနေ၏။ အသက် (၆၀) ခန့်ရှိမည် ထင်ရသော်လည်း အကျႌမပါသော သူ၏ခန္ဓာကိုယ်မှ ကျစ်လျစ်နေသေးသည့် ကြွက်သား အစိုင် အခဲတွေကို တွေ့ရသည်။ တံငါးသမားပီပီ သူ့ခြေဖမိုးအထိ ရေဝဲစွဲနေသဖြင့် ခြေဖဝါးတစ်ဝိုက်တွင်

www.burmeseclassic.com



ပတ်ကြားအက်ကာ ဖြူရော်ရော် ဖြစ်နေသည်။ ရင်အုပ်နှင့် လက်မောင်းတွင် ဟသ်ာပြဒါး ဆေးနီနှင့် ဆေးနက်တွေ ထိုးထားသည့်အတွက် သူ့ခန္ဓာကိုယ် ညိုညစ်ညစ်တွင် အနီနှင့် အနက်ပြောက်တွေ စွန်းထင်းလျက်ရှိသည်။ လှော်တက်ကို ရေတွင်ချလျက် ပွက်ခနဲ ပွက်ခနဲ မြည်အောင် အားပါးတရ လှော်လိုက်တိုင်း လက်မောင်းရှိ ဆေးနီ၊ ဆေးနက် အစက်အပြောက်များသည် လှုးလွန့် လှုပ်ရှား နေကြလေ၏။

အရှေ့ဘက်ကမ်းသို့ အကူးတွင် ရေကြောလိုက်၍ လှော်လာသည့်အတွက် ကြာကြာ မကူးရချေ။ ရေကျ ဖြစ်သဖြင့် သူတို့လှေသည် စစ်ကိုင်းရွာ၏ တောင်ဘက်ကိုလွန်ကာ ပန်တပွတ်ဝ နှင့် မျက်နှာချင်းဆိုင် ကမ်းသို့ မကြာမီ ရောက်သွားလေရာ ကမ်းစပ်နားမှ ကပ်လျက်ပင် လှော် လာကြသည်။

ယင်းအခိုက် လေယာဉ်ပျံသံ စူးစူးရှရှကြီး ပေါ်ထွက်လာလေရာ ဦးထော်သည် ချက်ချင်းပင် အနီးဆုံး ကမ်းစပ်မှ ကိုင်းတောထဲသို့ လှေကို ထိုးဝင်လိုက်လေ၏။ ကိုင်းတောကြီးသည် ရေစပ်မှ နေ၍ ကုန်းဘက် အတန်ငယ်ဝေးသည့် နေရာအထိ ပျံ့နေ၏။ ကိုင်းတွေမှာ အရိုး၊ အရွက် ရှည် သလောက် သန်မာ ထူထပ်လှသည်။

"အသာငြိမ်နေ။ မလှုပ်နဲ့" ဟု ဦးထော်က သတိပေးသည်။ ဤမြစ်လမ်းခရီးတွင် ဦးထော် သည် များစွာအတွေ့အကြုံရှိနေဟန် တူပေ၏။

သုံးယောက်သား ကိုင်းတောကြားမှ လှေပေါ်တွင် မလှုပ်မရှားထိုင်ရင်း ကောင်းကင်သို့ ခေါင်းငုံ့ကာ မော့်ကြည့်ကြသည်။ လေယာဉ်တစ်စင်းသည် မြစ်ရိုးအတိုင်း ဆင်းလာပြီး အနောက် ဘက်စူးစူးသို့ ထိုးပျံသွား၏။ နောက်ထပ် မိနစ်ပိုင်းအတွင်း ဗုံးချသံနှင့် စက်သေနတ်သံတွေကို ကြားရလေတော့သည်။

"ပန်တပွတ်ဝကို ဆော်တာပဲဝေ့"

ဦးထော်၏ ခန့်မှန်းချက်ကား မှန်လှပေ၏။ ပန်တပွတ်ဝဘက်တွင် မီးခိုးလုံးကြီး တက် လာပြီး စက်သေနတ်သံများကပါ မြစ်ရေပြင်၌ ပဲ့တင်ရိုက်ခတ်လာကြသည်။

"ပန်တပွတ်ဝက ဆန်စက်မှာ ဂျပန်ကင်းများ ရှိသေးသလား မသိဘူး"

ကိုတင်သိန်းက မေးလေသည်။

"ဘယ်ရှိမလဲ ငါ့လူ။ ဂျပန်ကောင်တွေက သိပ်ပါးတဲ့ကောင်တွေ၊ အဟုတ်ကို တကယ် ပါးတဲ့ကောင်တဲ့။ ကျင်းတူးပြီး သက်ယယ်တဲ ထိုးထားတယ်။ သူတို့တော့ တစ်ကောင်မှ မနေဘူး။ ဆန်စက်ထဲမှာလည်း ဘာမှမရှိဘူး။ ဒီကပ္ပဲကောင်က သွားလုပ်တော့ ကျည်ကုန်တာပဲ ရှိတာပေါ့"

အတန်ကြာလျှင် လေယာဉ်သည် တိုးမြစ်ဘက်သို့ မလှည့်တော့ဘဲ ပန်တပွတ်ချောင်းရိုး အတိုင်း ပျံသွားလေ၏။ ကျိုက်လတ်ဘက်သို့ သွား၍ မွှေပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းတောကြားမှ လှေပြန်ထွက်သောအခါ ဦးထော်က ပါးစပ်တွင်း၌ ကျန်နေသည့် ကွမ်းဖတ်ကို ထွေးပစ်ရင်း

"ဒီကျွဲက အကြီး မဟုတ်ဘူး။ အငယ်ကောင်၊ ကျွဲအငယ်ကောင်"

"ဦးထော်က တယ်မှတ်မိပါလား။ ကျွဲညီနောင် အကြီး၊ အငယ် ဘယ်လိုလုပ် သိသလဲ။ ပြောစမ်းပါဦး" ဟု ကိုတင်သိန်းက လှမ်းမေးလိုက်သည်။

"အကြီးကောင်ရဲ့ဗိုက်က ကတ္တရာလို နက်နေတယ်။ အငယ်ကောင်ရဲ့ဗိုက်က သူ့လောက် မနက်ဘူး။ နီကြောင်ကြောင်နဲ့။ သမန်းချေးတက်နေသလိုပဲ ငါ့ကောင်ရ။ တို့က တစ်ခါတလေ ကိုင်းတောကြား လှေထိုး၊ လှေပေါ်မှာ ပက်လက်လှန်ပြီး ကြည့်နေတာ။ ဟား၊ ဟား ဒီနံကရိုင်း ကောင်က တို့ကို ဘယ်မြင်မတုံး"

လှေကလေးသည် မြစ်လယ်နားအထိ ချွန်းထွက်နေသော အငူကို ကွေ့ပတ်လာခဲ့၏။ အဝေးဆီတွင် နီစွေးစွေး ဘုန်းကြီးကျောင်း ခေါင်မိုးနှင့် ထုံးဖြူဖြူ စေတီနှင့် မလက်တိုရွာကြီးကို လှမ်း၍ မြင်ရသည်။ မလက်တိုသို့ မကြာမီ ရောက်ရှိပေတော့မည်။

## အခန်း ၁၀

ထိုနေ့မှာပင် ထွန်းကြည်သည် အိမ်သို့ပြန်လာ၏။

အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ဝင်းကြည် အိမ်၌ မရှိကြောင်း သူ သိရလေသည်။ အမေက သူ့ရှေ့မှာပင် အဖေ့အား ဝင်းကြည်အကြောင်း စ၍ မေးလေသည်။

"ရေနံချေးတွေ ရောက်မယ်ဆိုပြီး မရောက်တာနဲ့ ငါ လွှတ်လိုက်တယ် မကြည်"

"ဘယ်ကို လွှတ်လိုက်တာလဲ"

အမေ၏လေသံမှာ တင်းမာသလိုလို ရှိသည်ဟု ထွန်းကြည် ထင်မိသည်။ ညက ဓမ္မာရုံ ကျောင်းမှာ သမီးအငယ်ဆုံး အမာကြည်နှင့် အတူသွားအိပ်ပြီးနောက် ပြန်အလာတွင်မှ ဝင်းကြည် ခရီးထွက်သွားကြောင်း သိရသဖြင့် များစွာကျေနပ်ပုံမပေါ်။

"စလင်းဒေါင့်ကို။ စလင်းဒေါင့်မှာ မတွေ့ရင် ရွှေတောင်မော်ကို လိုက်လို့လည်း မှာလိုက် တယ်။ မင်းသိတဲ့အတိုင်းပဲ။ စလင်းဒေါင့်က ဘခန့်တို့ သားအဖတစ်တွေ ရေနံချေး အရောင်းအဝယ် အကြီးအကျယ် လုပ်နေတာ။ ငါ့ပွဲရုံမှာချည်း သူတို့ တင်တာပဲကွ"

"စလင်းဒေါင့်က တစ်ခါ ရွှေတောင်မော်ကို ဆက်လွှတ်ရသေးသလား"

"ဟုတ်တယ်။ ကိစ္စ တစ်ခါတည်း ပြီးအောင်"

"ဘာဖြစ်လို့လဲ ကိုထွန်းတင်ရဲ့"

"မင်း ဘာမှ မသိဘူး။ ဘခန့်တို့က ရေနံချေးကို မော်ကျွန်းဘက်က သယ်တာကွ။

www.burmeseclassic.com

www.burmeseclassic.com



မော်ကျွန်းဘက်က လာရင် ရွှေတောင်မော်ဟာ အနီးဆုံး မဟုတ်လား။ ပွဲရုံမှာ ဒီရေနံချေးပဲ အားကိုးနေရတာ သုံးလလောက် ရှိသွားပြီ။ သူတို့လည်း အကျိုးရှိ၊ ငါလည်း အကျိုးရှိ မဟုတ်လား။ အဲဒါ အခုတစ်ခေါက် ရောက်ချိန်တန်ရက်နဲ့ မရောက်လို့ ဝင်းကြည်ကို လွှတ်ရတာပေါ့။ စီးပွားရေးကွ စီးပွားရေး"

"ဒါဖြင့်လည်း ပြီးတာပါပဲလေ။ ဒီကောင်က ရှုပ်ရှုပ်ယှက်ယှက်တွေ လျှောက်လျှောက်လုပ်လွန်းလို့ စိတ်မချလို့ မေးတာပါ။ ရှင်ကခိုင်းလို့ သွားတာဆိုလည်း ပြီးတာပေါ့။ အမာကြည်အမေ့ဆေးလိပ် ယူခဲ့စမ်း။ မီးခြစ်ပါ ဆွဲခဲ့"

အမေက ဝင်းကြည် ခရီးထွက်သွားရခြင်း၏ အကြောင်းရင်း ဇစ်မြစ်နှင့် စပ်လျဉ်း၍ အဖေ၏ ရှင်းပြချက်များကို ဘဝင်မကျနိုင်သေးပုံရသော်လည်း စီးပွားရေးအတွက် ဟူသော စကားကို ကြားရသဖြင့် ကိုယ်ရှိန်သတ်ထားလိုက်ဟန် တူသည်။ သို့ဖြစ်စေကာမူ ဂိုးဝါးစီးကရက်ခဲကာ နောက်ဖေးဘက် ပြတင်းတံခါးဝ၌ ပက်လက်ကုလားထိုင် တစ်လုံးနှင့် ထိုင်နေသည့် ထွန်းကြည်ကိုကား တစ်စုံတစ်ရာ မေးမြန်းခြင်း မရှိသဖြင့် ထွန်းကြည်မှာ အနေရ ချောင်သလို ဖြစ်နေမိလေသည်။

"ကိုထွန်း၊ ထမင်းစားတော့မလား"

မီးဖိုချောင်ဘက်မှ ထွက်လာသော မလှကြည်က အစ်ကိုဖြစ်သူကို မေးလိုက်၏။

"မစားသေးဘူး"

မလှကြည်က ဆက်လက်မေးမြန်းခြင်း မပြုတော့ဘဲ အဝတ်လျှော်ရန် ရေတွင်းဘက်သို့ ဆင်းသွားလေ၏။

ထွန်းကြည်သည် ဂိုးဝါးစီးကရက်ကို အားပါးတရ ဖွာရှူရင်း ညကအကြောင်းတွေကို ပြန်တွေးနေ၏။ သူ့မျက်စိတွင် ဆောင်းနေအောက်၌ ပြားပြားဝပ်နေသော ကွင်းပြင်များကို မမြင်။ ဝင်စီ၏ ရုပ်ပုံလွှာကိုသာ မြင်နေမိသည်။

'ပင်စီ၊ ပင်စီ' ဟုလည်း ရင်တွင်းက တီးတိုးရေရွတ်လေသည်။

ညက ညဥ့်နက်သည့်တိုင်အောင် သူနှင့် ပင်စီသည် စကားလက်ဆုံကျခဲ့ကြ၏။ ညဦးပိုင်းတွင် နိဗ္ဗိန္ဒပတ်ပျိုး တက်ချင်သည် ဆိုသဖြင့် သူက တယောနှင့် ကြောင်းပေးကာ ပင်စီက လိုက်ဆိုနေခဲ့သေးသည်။ ၉ နာရီခွဲခန့်တွင် ပြန်မည်ဟု သူက ဆိုသည်။ တကယ်တော့ ပြန်ရန် စိတ်ကူးခရှိ။ သူသည် ဤအိမ်တွင် ရက်ခြားလိုလို အိပ်စမြဲ ဖြစ်သည် မဟုတ်လော။ ပင်စီက မပြန်ဖို့တားသည်။ ကြောက်မက် အားငယ်ဖွယ်ကောင်းသော ဤလိုကာလမျိုးတွင် ညဥ့်အိပ်ညဥ့်နေဆောင့်ရှောက်ဖော်ရသည့် ထွန်းကြည်ကို သူတို့ သားအဖက ကြည်ဖြူခွင့်ပြုပြီး ဖြစ်သည်။

တစ်အိမ်လုံး အိပ်ကြသော်လည်း သူတို့နှစ်ယောက်သာ မအိပ်ဘဲ မီးစာ လျှော့ထားသော လသာမုန်အိမ်၏ အလင်းရောင် ယဲ့ယဲ့အောက်မှ ဧည့်ခန်းတွင် စကားကောင်းနေကြသည်။

www.burmeseclassic.com



"ပင်စီတော့ စစ်မြန်မြန် ပြီးစေချင်ပြီကွယ်။ ဒီလိုနေရတာ သိပ်ပျင်းတာပဲ"

ပင်စီက ဤသို့ ပြောလေသည်။ တကယ် ဆိုရလျှင်လည်း ပင်စီမှာ ပျင်းရှာပေလိမ့်မည်။ ဘယ်မှလည်း မထွက်ရ။ နေ့ရှိသမျှ ဗုံးသံ၊ စက်သေနတ်သံတွေကိုသာ နားထောင်နေရသည်။ အဘယ်မျှ ကြမ်းတမ်း ခက်ထရော်သော ဘဝပေနည်း။

"မောင်ကတော့ မပျင်းပေါင်"

"ဘာပြုလို့လဲ။ လူအားလုံးက ပျင်းတယ်၊ ပင်စီလည်း ပျင်းတယ်။ မောင်က ဘာပြုလို့ မပျင်းတာလဲ။ လေယာဉ်ပျံ ကြောက်ရလို့ မီးမထွန်းရဲ၊ ဗုံးကြောက်ရလို့ မြေကျင်းထဲ ဆင်းနေရတဲ့ ဘဝကို မောင်က ဘာ့ကြောင့် မပျင်းဘူးလဲ"

ထွန်းကြည်က ပင်စီ၏ လက်ဖဝါးကို ဆုပ်ကိုင်ထားလိုက်ရင်း

"တစ်ခါတလေ သဲကန္တာရထဲမှာ အိုအေစစ်ဆိုတာ တွေ့တတ်တယ် ပင်စီရဲ့။ သဲကန္တာရဟာ ပူသလောက် ဒုက္ခသိပ်များတဲ့နေရာမျိုး မဟုတ်လား။ ဒါပေမဲ့ အိုအေစစ်ကလေးများ တွေ့ရပြီဆိုရင် အဲဒီ သဲကန္တာရကြီးရဲ့ဒုက္ခဟာ အသေးအဖွဲ ဖြစ်သွားတတ်တာမျိုးပေါ့။ အခု ပင်စီတို့ အိမ်ကလေးဟာ မောင့်အတွက်ကတော့ အိုအေစစ်ကလေးပဲ။ အဲဒီ အိုအေစစ်ကလေးဟာ သဲကန္တာရထဲက အိုအေစစ်ထက်တောင် ပိုပြီး သာယာသေးတယ်။ စန္ဒရား ရှိတယ်၊ အရိပ်အာဝါသ ရှိတယ်။ နောက်ဆုံး ပင်စီဆိုတဲ့ နတ်မိမယ်လေးတောင် ရှိသေးရဲ့"

ပင်စီသည် သွားကလေးတွေ ပေါ်သည်အထိ ရယ်နေ၏။ ဖြူဖွေးသော သွားကလေးတွေ ပေါ်အောင် ရယ်လိုက်တိုင်း ပင်စီ၏ ပါးစုံနှစ်ဖက်တွင် ချိုင့်ငယ်ကလေးနှစ်ခု ပေါ်စမြဲဖြစ်ရာ ဤအလှသည် မေ့ပျောက်၍မရသော အလှမျိုး ဖြစ်သည်ဟု ထွန်းကြည်က ထင်မိလေသည်။

"မောင်က သိပ်ကို စကားတတ်တာပဲ"

"တကယ်ပါ၊ စကားတတ်လို့ ပြောတာ မဟုတ်ဘူး။ အခုကြည့်လေ၊ ဒီလောက် ပူပြင်းနေတဲ့ စစ်မီးတောက်ကြီး အကြားမှာ ပင်စီက အိုအေစစ်ကလေး ဖန်ဆင်းထားတယ် မဟုတ်လား"

"ဒီလို အိုအေစစ်မျိုးမှာချည်း တစ်သက်လုံးနေလို့ မဖြစ်သေးဘူး မောင်။ စစ်ပြီးရင် ပင်စီတို့ လက်ထပ်မယ်။ အဲဒါကြောင့် မြန်မြန် ဒီစစ်ကို ပြီးစေချင်တယ်လို့ ပြောတာ။ သိပလား"

ပင်စီက ထွန်းကြည်၏ပေါင်ကို လက်သီးဆုပ်၍ ထုလေသည်။ ထွန်းကြည်သည် ဤလက်သီးဆုပ်ကလေးကို သူ့လက်ဖဝါးဖြင့် အုပ်၍ ကိုင်ထားလိုက်၏။ ပင်စီ၏ကိုယ်မှ မွှေးကြိုင်သော ရနံ့သည် တစ်ခန်းလုံးတွင် ထုံသင်းလျက်ရှိ၏။ ထွန်းကြည်သည် ပြည့်ဖြိုးတစ်ရစ်သော ပင်စီ၏ ခန္ဓာကိုယ် တစ်ခုလုံးကို စူးစူးစိုက်စိုက် ကြည့်နေမိလေ၏။

ပင်စီ၏ ပခုံးသားများသည် ပြည့်ဖြိုး၏။ တင်းရင်းသော ရင်မှာ အသက်ရှူလိုက်တိုင်း နိမ့်တုံ မြင့်တုံ ဖြစ်နေသည်။ ခါးသည် သေးသွယ်လှသည် မဟုတ်ဘဲ အတန်ငယ် ကျစ်ခိုင်သည်ဟု ဆိုနိုင်သော်လည်း သူ့ထက် ပိုမို ဖွံ့ဖြိုးစွင့်ကားသော တင်နှင့် ရင်ကြောင့် ကြည့်ကောင်းသည်၊

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသည်ဟု ထွန်းကြည် ထင်၏။ သို့မို့ကြောင့်လည်း ထွန်းကြည်က ပင်စီ၏ ပခုံးပေါ်သို့ သူ့လက်ဖဝါးကိုတင်ကာ ကိုယ်ချင်း ပူးကပ်ထားလိုက်သည်။ ယခုအချိန်အထိ ပင်စီက ရုန်းကန်ခြင်း မရှိ။

ထွန်းကြည်သည် ပင်စီ၏ နူးညံ့အိစက်သော ပါးပြင်ကို သူ့ပါးနှင့် ကပ်ထားလိုက်ရင်း "ပင်စီ၊ ပင်စီ။ မင်းကို မောင် သိပ်ချစ်တယ်" ဟူ၍လည်း ပါးစပ်က တီးတိုးရေရွတ်လေသည်။

"ဒီက ပြောတာကိုတော့ နားမထောင်ဘူးကွယ်။ မောင် သိပ်ဆိုးတယ်"

"ဘာကိုလဲ ပင်စီ"

"စစ်ပြီးရင် ပင်စီတို့ လက်ထပ်ချင်တယ် ဆိုတာလေ။ ပင်စီ မောင်နဲ့ မြန်မြန် အတူတူ နေချင်လှပါပြီကွယ်"

"ပင်စီ့ဖေဖေက သဘောတူမလား"

"ပင်စီ့ဘက်ကို မမေးပါနဲ့။ မောင့်ဘက်ကိုသာ မောင် မေးပါ"

"မောင့်အိမ်က မောင်လုပ်တာမှန်သမျှ ဘယ်တော့မှ မပြောဘူး။ ပင်စီနဲ့မောင် ဒီလို ဖြစ်နေတာကို အခုလည်း သိသားပဲ။ လက်ထပ်မယ်ဆိုရင် သာတောင် သဘောကျဦးမယ်"

ထွန်းကြည်သည် ပင်စီ၏ခါးကို တင်းကျပ်စွာ သိုင်းဖက်ထားလိုက်၏။ ထုံသင်းသော ပင်စီ၏ ကိုယ်နံ့နှင့် အတွေ့အထိကြောင့် ထွန်းကြည်၏စိတ်မှာ အုပ်မနိုင် ထိန်းမရနိုင်လောက်အောင် ဖြစ်နေလေပြီ။

ပင်စီက ဘာမျှမပြောဘဲ ငြိမ်နေသည်။

ညသည် တိတ်ဆိတ်လျက်ရှိ၏။ အအေးဓာတ်ကလည်း ပိုမို စူးရှသည်ထက် စူးရှလာသည်။ အပြင်လောက တစ်ခုလုံးတွင် လေတိုးသံ၊ ဝါးရွက်များ ရိုက်ခတ်သံ၊ သစ်ရွက်ကြွေသံတို့မှအပ အခြား မည်သည့် အသံပလံမျှ မရှိ။ နေရာတကာ၌ တိတ်ဆိတ်ခြင်းသာလျှင် မင်းမူနေသည်။ ထွန်းကြည်၏လက်သည် ပင်စီ့ခါးနှင့် ရင်ကို ပွတ်သပ်ကစားလျက်ရှိသည်။ ပင်စီသည် ပို၍ အသက်ရှုမြန်လာ၏။ ထွန်းကြည်သည် လသာမှန်အိမ် မီးစကို လှမ်း၍ လျှော့ချလိုက်၏။ တစ်ခန်းလုံး မှောင်သည်ထက် မှောင်သွားလေပြီ။

"ကိုကိုကြီး ထမင်းစားမယ်တဲ့"

အနားကပ်၍ လာခေါ်နေသော အမာကြည်၏ အသံကြောင့် ထွန်းကြည်၏ အတွေးသည် ရုတ်ခြည်း ရပ်သွားလေ၏။ သာယာချင့်စဖွယ် အတိပြီးသော အတွေးကို ဖျက်ဆီးပစ်ရကောင်းလားဟု ထွန်းကြည်က ညီမငယ် အမာကြည်အား ခက်ထန်သော အကြည့်ဖြင့် ကြည့်နေလိုက်မိသေးသည်။ သို့ရာတွင် တစ်စုံတစ်ရာကိုမျှ နားမလည်နိုင်ရှာသော အမာကြည်၏ အပြောင်းစင်

www.burmeseclassic.com



သည့် ချက်နှာကလေးကို တွေ့လိုက်ရသောအခါ သနားသလို ဖြစ်သွားပြီးနောက် "အေး၊ စားမယ်" ဟု ဆိုကာ အမာကြည်၏ ပခုံးကိုဖက်ရင်း မီးဖိုချောင်ဘက်သို့ ဝင်ခဲ့လေသည်။

## အခန်း ၁၁

"ဦးလေး ကိုထွန်းတင် ဆိုတာက ကျွန်တော်တို့နဲ့ အင်မတန်ကို ရင်းနှီးတာဗျ။ နောက်ပြီး အတူတူ လုပ်ကိုင်လာကြတာလည်း ကြာပြီမဟုတ်လား။ အဲဒီတော့ ကျွန်တော်တို့က ဘာလုပ်ပေးရမယ်၊ ဘာလုပ်ပေးစေချင်တယ် ဆိုတာကို ပြောသာပြောပါ အားမနာနဲ့။ အားနာစရာအကြောင်း ဘာမှ မရှိဘူး"

ဦးမြတ်သော်၏ စကားကို ကြားရသောအခါ ကိုတင်သိန်းရော ဝင်းကြည်ပါ အားတက်မိကြသည်။

အဖေ ရေးပေးလိုက်သည့်စာကို ဖတ်ပြီးပြီးချင်း ဦးမြတ်သော်က အထက်ပါအတိုင်း ပြောဆိုခြင်း ဖြစ်လေသည်။ ကိုတင်သိန်းနှင့် ဝင်းကြည်သည် မလက်တို ရွာသို့ ရောက်ရောက်ချင်း ဦးမြတ်သော်နှင့် ဦးစွာပထမ တွေ့ဆုံကြသည်။ ဦးမြတ်သော်ကား မလက်တို ရွာသူကြီး ဖြစ်သည် သာမက အင်းလုပ်ငန်း၊ ငါးလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်သူဖြစ်ရာ မလက်တို တစ်ရွာလုံးတွင် သြဇာတိက္ကမ အလွန်ကြီးသူ ဖြစ်လေသည်။

သူ့အိမ်သည် မလက်တို ချောင်းနံဘေးတွင် တည်ရှိ၏။ တိုးမြစ်သည် အစက်အလက် ဝေဖြာသော သစ်ပင်ကြီးသဖွယ် တွဲတေးဝနှင့် မအူပင် အကြား၌ ချောင်းငယ် မြစ်လက်တက်ငယ် များစွာ ဖြာထွက်လျက်ရှိရာ ၎င်းတို့အနက် မလက်တိုချောင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

ဦးမြတ်သော်၏အိမ်သည် ချောင်းရေပြင်နှင့် ဆက်စပ်နေ၏။ အဘယ့်ကြောင့်ဆိုသော် အိမ်နောက်ဖေးဘက်မှနေ၍ ချောင်းရေပြင်ပေါ်အထိ ရေစင်ကြီး ထိုးထားခြင်းကြောင့်တည်း။ ဤရေစင်သည် ချောင်းရိုးအထက်ဘက်ရှိ အင်းများမှ ရောက်ရှိလာသော ငါးတွေကို အတင်အချ ပြုလုပ်ရာ၊ ချိန်တွယ်ရာ နေရာပင် ဖြစ်၏။ ငါးတွေကို ရေခဲရိုက်ရာ၊ ဆားသိပ်ရာ၊ ငါးခြောက်ခွဲရာ နေရာအဖြစ်လည်း အသုံးပြုသေး၏။ သို့မို့ကြောင့် ရေစင်ထက်တွင် ငါးအလုပ်သမားများ ထာဝစဉ် စည်ကားနေတတ်သည်။

ဦးမြတ်သော်ဟုသာ ဦးတပ်၍ ခေါ်နေကြသော်လည်း အမှန်စင်စစ် အသက်ကြီးလှသေးသည် မဟုတ်။ အလွန်ဆုံးရှိပါမှ လေးဆယ်ခန့်သာ ရှိမည်ဟု မှန်းဆရသည်။ ပါးစပ်တွင် ဆေးပြင်းလိပ်ကို အမြဲလိုလို ခဲထားတတ်ပြီး စကားပြောလျှင် တိုးတိုးနှင့် လေးလေး ပြောလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်သော်က အခေါ်လွှတ်လိုက်သည့်အတွက် မကြာမီမှာပင် ကိုဘတင် ရောက်လာလေသည်။

ကိုဘတင်ကား တောသားဟုဆိုလျှင် ယုံနိုင်ရန် ခက်ပေလိမ့်မည်။ ကိုဘတင်သည် တောသား ရုပ်ရည်မျိုး လုံးဝမရှိသူ ဖြစ်လေသည်။ အသားဖြူသည်။ အရပ်မြင့်သည်။ မျက်နှာမှာ လေးထောင့်စပ်စပ် နိုင်လှပြီး ကွေးကောက် ပျော့ပျောင်းလှသော ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးသင်ထားသည်။ ဦးမြတ်သော်နှင့် အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းဟု ထင်ရသော်လည်း ဦးမြတ်သော်ထက် ပို၍ နုသည်။

"ကဲ၊ ကိုတင်သိန်း အဲဒါ ကိုဘတင်ပဲ။ ကိုဘတင် ဟောဒါက ကိုတင်သိန်း၊ သူကတော့ ဦးလေး ကိုထွန်းတင်ရဲ့သား မောင်ဝင်းကြည်တဲ့။ ဟောဒီမှာ ဦးလေး ကိုထွန်းတင် ရေးပေးလိုက်တဲ့စာ ဖတ်ကြည့်ဦး"

ဦးမြတ်သော် လှမ်းပေးသော စာကို ကိုဘတင်က ဖတ်နေ၏။ ပြီးမှ ဝင်းကြည်ဘက်သို့ လှည့်ကာ

"ဦးလေး ကိုထွန်းတင် သားကိုး။ အင်း တော်တော်တောင် ကြီးပါရော့လား။ မင်းတို့ သားအဖကတော့ တက်ညီလက်ညီပဲ ဟင်။ ဒေါ်လေး တစ်ယောက်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ် ခင်ဗျာ"

"ကဲ ကိုဘတင်၊ ဦးလေး ကိုထွန်းတင် စာထဲမှာ ပါတဲ့အတိုင်း ကျုပ်တို့ အလုပ်စကြေ ပါဗျာ။ ကျုပ်တို့ ဘာလုပ်ပေးရမယ်ဆိုတာသာ ပြောပါလို့ ကျုပ်က ပြောပြီးပြီ"ဟု ဦးမြတ်သော်က ဆိုသည်။

"ဒါပေါ့ ဘာလုပ်ရမလဲ။ ဒီကောင်တွေကို ဆော်ရတော့မလား။ ကျုပ်ကတော့ လက်ယားနေပြီလေ"

ကိုတင်သိန်းက ပြုံးလိုက်၏။ ကိုဘတင်ကား စိတ်ဓာတ်တက်ကြွသလောက် လက်မြန်ခြေမြန်နိုင်လှမည့်လူဟု ထင်မှတ်ရသည်။

"ဒီလိုပါ၊ ကျွန်တော်တို့ အခုလာတဲ့ အကြောင်းက ဦးမြတ်သော်တို့ ဦးဘတင်တို့နဲ့ တိုင်ပင်ဆွေးနွေး ညှိဖို့ပါပဲ။ ဒီလို ညှိနှိုင်းတိုင်ပင်ပြီးရင် မလက်တို့ ချောင်းတစ်ဝိုက်က ရွာတွေကို ကွင်းဆင်းကြမယ်။ ဒီကောင်တွေကို ဆော်ရဖို့ ဦးဘတင်က လက်ယားနေပြီ ဆိုတာ အင်မတန် မှန်ကန်တဲ့ စကားလို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ စိတ်လိုက်မာန်ပါ ရှေ့လောတကြီး လုပ်လို့ မဖြစ်ပါဘူး။ ဦးလေးကလည်း သေသေချာချာ မှာလိုက်ပါတယ်"

ဦးမြတ်သော်နှင့် ကိုဘတင်သည် ကိုတင်သိန်း၏ ရှင်းပြချက်တွေကို ဂရုစိုက်နားထောင်နေကြ ရှိလေသည်။ ရှင်းလင်းတိကျသော ကိုတင်သိန်း၏ အပြောအဆိုကိုလည်း လွန်စွာ သဘောကျနေကြဟန် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက် ထိုင်နေရာ အိမ်အပေါ်ထပ်မှနေ၍ ကြည့်လျှင် မလက်တို ချောင်းရေပြင်ကို အထင်းသား တွေ့ရသည်။

"လောလောဆယ် ကျွန်တော်တို့လုပ်ရမယ့် လုပ်ငန်းက တောကြိုအုံကြားမကျန် ဒီ အရေးတော်ပုံအတွက် စည်းရုံးထားဖို့ပါပဲ။ အထူးသဖြင့် ကျွန်တော်တို့ခရိုင်ဟာ ကရင်အမျိုးသား အများစု ရှိတဲ့ခရိုင်မို့ ကရင်အမျိုးသားတွေကို စုစည်းထားဖို့ လိုပါတယ်။ ကျေးရွာတွေဟာ ကျွန်တော်တို့ရဲ့ အခြေခံစခန်းတွေ ဖြစ်လာရမယ်။ စိတ်ချယုံကြည်ရမယ့် လူတွေကို ရွေးထုတ်ပြီး သင်တန်းပေးရမယ်။ ညှိနှိုင်း ဆွေးနွေးရမယ်။ တစ်ချိန်တည်းမှာပဲ လက်နက်စုဆောင်းထားရမယ်။ ဒါဟာ လောလောဆယ် လုပ်ထားရမယ့် လုပ်ငန်းပါ။ လက်တွေ့ ထချဖို့ ဆိုတာကတော့ တစ်ပြိုင်နက်တည်း တစ်ပြည်လုံးမှာ ထချကြ ဆိုတဲ့ အချိန်ကာလ ညွှန်ကြားချက်ကို စောင့်ရပါမယ်"

"အကြာကြီးများ စောင့်နေရဦးမှာလားဗျ"

ကိုဘတင်က ကြားဖြတ်၍ မေးသည်။ လက်ယားနေပြီဟု စောစောက သူ ပြောလိုက်သည်မှာ အမှန်ပင် ဖြစ်ပါလိမ့်မည်။

"ကြာတော့မယ် မထင်ပါဘူး ကိုဘတင်။ ကျွန်တော်တို့ ခေါင်းဆောင်ကြီးတွေဟာ အခြေအနေ အံကိုက်ဖြစ်မယ့်အချိန်ကို ရွေးနေပြီလို့ ထင်ပါတယ်"

"ဒါပေါ့လေ။ အံကိုက်ဖြစ်မယ့် အချိန်ကိုတော့ ရွေးဖို့လိုတာပေါ့။ အရေးကြီးတာက ခုနကိုတင်သိန်း ပြောသလို အစစအရာရာ ပြင်ထားဖို့ပဲ" ဟု ဦးမြတ်သော်က ပြောလေသည်။

ဝင်းကြည်သည် စကားဝိုင်းတွင်ထိုင်ရင်း တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ ဦးမြတ်သော်နှင့် ကိုဘတင်ကိုသာ အကဲခတ်လျက် ရှိလေသည်။ ဦးမြတ်သော်က အေးဆေးတည်ငြိမ်သည်။ ဆေးပြင်းလိပ်ကို ပါးစောင်တွင်ခဲကာ အလေးအနက် စဉ်းစားနေလေ့ရှိသည်။ စကားပြောရာ၌ ချင့်ချိန်ပြောတတ်သည်။ ကိုဘတင်ကား သို့ကလို မဟုတ်။ တက်ကြွသည်။ စိတ်ထင်ရာကို ဟောဟောဒိုင်းဒိုင်း ပြောမည့် လုပ်မည့် လူမျိုးဖြစ်သည်။

"မှန်ပါတယ်။ အစစအရာရာ ပြင်ဆင်ထားဖို့အတွက် ကျွန်တော်တို့ အခုလို ခရီးထွက်လာကြတာပါ။ မလက်တိုကို အခြေခံပြီး မအူပင်မြို့နယ်ရဲ့ အရှေ့ဘက်ကွင်းတစ်ခုလုံး ဒေသအခြေအနေကို ကျွန်တော်တို့ စဉ်းစားရမယ်။ နယ်မြေအခြေအနေကျတော့ ကျွန်တော်က သိပ်ကျွမ်းကျင်သေးတာ မဟုတ်လို့ နည်းနည်း ရှင်းပြပါလား"

"ကိုဘတင် ရှင်းပါလိမ့်မယ်။ ဘီအိုင်အေဝင်စက သူကိုယ်တိုင် လိုက်တိုက်ခဲ့တာဆိုတော့ စစ်ရေးမှာလည်း သူက ပိုပြီး ကျွမ်းတယ်လေ။ ကဲ ကိုဘတင် ပြောပြ"

ဦးမြတ်သော်က သို့ကလို ပြောမှပင် တိုက်ရေးခိုက်ရေး၌ စိတ်အားထက်သန်နေသော ကိုဘတင်၏ နောက်ကြောင်းရာဇဝင်ကို တစ်စိတ်တစ်ဒေသမျှ သိခွင့်ရလာလေသည်။ ထိုအခိုက် ကိုဘတင်က–

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ရန်နိုင်တို့ ရေကြောင်းချီလာတော့ ကျွန်တော်ပဲ မြစ်ရိုးတစ်လျှောက် လိုက်တိုက်ပေးသေးတာ။ အနေအထားကိုတော့ တော်တော်လေး တီးမိခေါက်မိ ရှိတယ်ပေါ့ဗျာ။ ဒီလိုဗျ။ ကျွန်တော်တို့ မလက်တိုက ရွာကြီးတယ်။ အိမ်ခြေများတယ်။ စီးပွားရေးအရလည်း အတော်အတန်ဖွံ့ဖြိုးတယ်လို့ ဆိုနိုင်တယ်။ ကျွန်တော်တောင် မအူပင် ဟိုက်စကူးက ကိုးတန်းအောင်တော့ အအူပင် မနေဘဲ ဒီရွာပဲ လာပြန်နေခဲ့တာ ကြည့်တော့"

ဝင်းကြည်က ကိုဘတင်၏ စကားကို ကြားရသောအခါ ပို၍ အံ့သြရပြန်သည်။ ကိုဘတင်သည် မအူပင် ဟိုက်စကူးကျောင်းထွက်ပေတကား။

တောသားစစ်စစ်က ဟိုက်စကူးအထိ ပညာ သင်ကြားကြသူ အရေအတွက် လွန်စွာနည်းပါးလှကြောင်း ဝင်းကြည် သိပါသည်။ ဤနည်းပါးလှသော လူအရေအတွက်တွင် ကိုဘတင်သည် တစ်ဦးအပါအဝင် ဖြစ်နေလေသည်။ သို့မို့ကြောင့်လည်း ကိုဘတင်၏ ရဲရင့်ဖျတ်လတ်သောသဘောကို ပို၍သာ နားလည်လာရသည်။

ကိုဘတင်က ဆက်၍ ပြောပြန်သည်။

"ဒါပေမဲ့ တကယ့် တိုက်ရေးခိုက်ရေး အနေအထားအရ ပြောရရင် မလက်တိုဟာ အချက်အချာနေရာမှာ ရှိပေမဲ့ အင်မတန် ခက်တယ်။ မြစ်က ကျယ်တယ်။ ချောင်းထဲ၊ မြစ်ကျဉ်းထဲမှာလိုမလွယ်လှဘူး။ ဒါပေမဲ့ မြစ်ရိုး ချောင်းရိုးတစ်ဝိုက်ကို စည်းရုံးဖို့၊ အခြေခံအဖြစ်ထားဖို့ အင်မတန်ကောင်းတဲ့ နေရာပဲ"

ကိုတင်သိန်းသည် ကိုဘတင်၏ ရှင်းပြချက်များကို လွန်စွာ အာရုံစူးစိုက်လျက်ရှိ၏။ ခေတ်ပညာတတ်လည်းဖြစ်၊ အတွေ့အကြုံလည်း စုံလှသော ကိုဘတင်၏ စိတ်ကူးစိတ်သန်းကို နားမထောင်၍ မဖြစ်။

"ကျွန်တော်တို့ တစ်ခရိုင်လုံးကို ချကြည့်ဗျာ။ ညောင်တုန်းနားက မဲဇလီဆိုတာ သိတယ်မဟုတ်လား။ မဲဇလီနဲ့ ဘောလယ်မြစ်ဟာ ကျွန်တော်တို့ မအူပင်ခရိုင်နဲ့ အင်းစိန်ခရိုင် နယ်စပ်ပဲ။ အခု ကျွန်တော်တို့ ဟောဒီ တိုးမြစ်က တွံတေးတူးမြောင်းတောင်ဘက်နားအထိ ဆိုပါတော့ဗျာ။ ဒီအကြားမှာ ပန်တပွတ်ချောင်း၊ ဒီ ကျွန်တော်တို့ မလက်တိုချောင်း၊ ထနီးချောင်းနဲ့ အဒွန်းချောင်းဆိုတာတွေ ရှိနေတယ်။ ခရိုင်ရဲ့ တောင်ဘက်နယ်စပ် အစွန်က သောင်တူချောင်း၊ ထရော်ချောင်းတွေပေါ့။ အဲဒီချောင်းတွေမှာ အရေးအပါဆုံးက ကျွန်တော်တို့ မလက်တိုချောင်းနဲ့ ပန်တပွတ်ချောင်းလို့ ထင်တယ်ဗျာ"

ပါးစပ်က တတွတ်တွတ်ပြောရင်း ကိုဘတင်သည် ကြမ်းပြင်ပေါ်တွင် လက်ညှိုးဖြင့်ထောက်ကာဆွဲကာ မြေပုံပမာ ပြနေ၏။ ဝင်းကြည်ကား ကိုဘတင်အား တအံ့တဩ ကြည့်နေလေ၏။

"ဘာဖြစ်လို့လဲဆိုတော့ မလက်တိုချောင်းဖျားအတိုင်းသာ တက်သွားရင် ဘောလယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကို၀၊ ငှက်ပျောကျွန်း စတဲ့ အင်းစိန်ခရိုင် နယ်စပ်အထိ သွားလို့ရတယ်။ ပန်တပွတ်ချောင်းကလည်း ဖျာပုံနဲ့ မြောင်းမြနယ်စပ်အထိ တိုးလျှိုပေါက်ပဲ။ ဒီနေရာတွေ အကုန်လုံးမှာ ကျွန်တော်တို့ မြေလှျိုးမိုးပျံအောင် လှုပ်ရှားနိုင်ဖို့ အရေးကြီးတယ်။ အဲဒီလို လုပ်နိုင်ရင် ခင်ဗျားကောင်တွေ ဘယ်လောက် စစ်တိုက်တော်တယ်ပြောပြော ခွေးနှာ မျောက်ကိုက်သလို ဖြစ်နေမှာ သေချာတယ်။ ကျွန်တော်တို့ မလက်တိုရဲ့ အထက်ဘက်ကျတော့ ထနီး၊ သုံးခွ၊ သုံးကြိုင်၊ လေးအိမ်စု၊ တာတပေါ၊ ကဝကွင်း အထိပေါ့ဗျာ။ မြစ်ရိုးအတိုင်း မသွားချင်ရင် ကွင်းတွေက ဖြတ်သွားလို့ရတယ်။ အလွန်ဆုံး ရင်ခေါင်းလောက် ရေရောက်တဲ့ ချောင်းလေးတွေ ဖြတ်ရရုံပဲ။ ကဝကွင်းဘက်က ချောင်းတစ်ချောင်း ရှိသေးတယ်ဗျ။ ဘာတဲ့၊ နာမည်တောင် မေ့နေပြီ။ ပါးစပ်ဖျားလေးတင်ဗျာ။ အဲဆိုပါတော့လေ။ အဲဒီချောင်းအတိုင်း တက်သွား၊ သပြေကုန်းအထိ ရောက်တယ်။ ဟိုဘက် ဆက်လိုက်ရင် ဆူးကလပ်၊ ရေကျော်နဲ့ ဒေးဒရဲ၊ ကွမ်းခြံကုန်းဘက်အထိ ပေါက်တာပဲ။ ဒါပေမဲ့ ကဝကွင်းကျတော့ အနေအထား သိပ်မကောင်းပြန်ဘူး။ ကဝကွင်းကို အားကိုးလို့ မရဘူး"

ကိုဘတင်၏ နယ်မြေကျွမ်းကျင်မှုကို ဝင်းကြည်သာမက ကိုတင်သိန်းပင်လျှင် တအံ့တသြဖြစ်နေလေသည်။ ဦးမြတ်သော်ကား ထုံးစံအတိုင်း ဆေးပြင်းလိပ်ကိုခဲရင်း မျက်စိအစုံကို မှေးထားလေ၏။

"ခင်ဗျားတို့ ကြည့်လေ၊ ကဝကွင်းက မြစ်ကျယ်တယ်။ ကျွန်းတစ်ကျွန်း ခံနေပေမယ့် ကျွန်းကြားက သွားရင်သာ မြစ်ကျဉ်းတာ၊ ကျွန်းဒီဘက်က လှည့်သွားရင် မြစ်ကျယ်လွန်းလို့ ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ အားကိုးရမှာက တွံတေး၀ဗျ၊ တွံတေး၀။ ရန်ကုန်က လာလာ၊ ရန်ကုန်ကိုသွားသွား သူ့ကိုမဖြတ်လို့ ဖြစ်ကို မဖြစ်ဘူး။ ကမ်းအနေအထားကလည်း သိပ်ကောင်းတယ်။ အဲဒီကသာချ ပြေးမလွတ်ဘူး"

ကိုဘတင်က ယင်းသို့လျှင် သူ့စကားကို နိဂုံးချုပ်လေသည်။

မည်သို့ပင် ဖြစ်စေကာမူ ကိုဘတင် ပြောဆိုသွားသော နယ်မြေအနေအထားဆိုင်ရာ အချက်အလက်များမှာ မှတ်သားဖွယ်ရာသာ ဖြစ်သည်ဟု ကိုတင်သိန်းက သဘောပေါက်လေသည်။ နဖူးကြောများ တင်းနေသည်အထိ ဂရုတစိုက် အာရုံစူးစိုက်သည်။ ထို့နောက် ကိုတင်သိန်းက—

"ကောင်းပါတယ်။ ကိုဘတင် ရှင်းပြသွားတာမှာ ကျွန်တော်တို့ မသိသေးတဲ့ အချက်အလက်တွေ အများကြီး ပါပါတယ်။ အခုလတ်တလောကတော့ ကျွန်တော်နဲ့ မောင်ဝင်းကြည် မလက်တို ချောင်းရိုးအတိုင်း တက်သွားဖို့ အစီအစဉ် ချကြရအောင်။ ဘယ့်နှယ်လဲ ဦးမြတ်သော်"

ဦးမြတ်သော်သည် တစ်လျှောက်လုံး ဆေးပြင်းလိပ်ခဲကာ ကျောက်ရုပ်လို ထိုင်နေခဲ့၏။ ယခု ကိုတင်သိန်းက သူ့ထင်မြင်ချက်ကို တောင်းလိုက်သည့်အခါ၌လည်း မလှုပ်မယှက် ထိုင်နေရင်း အတန်ကြာမှ

"သွားမယ်ဆိုရင် ကိုတင်သိန်းတို့ ပထမဆုံး စာဖြူစုကို သွားပေါ့၊ ကျွန်တော်လိုက်ခဲ့

www.burmeseclassic.com



လိုတယ်ဆိုလည်း လိုက်ပါ့မယ်။ လိုက်ဖို့ မလိုဘူးဆိုရင် စာဖြူစုသူကြီး စောချစ်ဆီ စာရေးပေး လိုက်မယ်လေ။ စောချစ်က ကျွန်တော်တို့လူပဲ စိတ်ချရပါတယ်"

"ဦးမြတ်သော်ရဲ့စာကို ကျွန်တော်တို့ ယူသွားမယ်။ ဦးမြတ်သော် မလိုက်ပါနဲ့။ မလက်တို မှာ အစစအရာရာ ပြင်ဆင်ထားဖို့ပဲ လိုပါတယ်။ အရေးကြီးတာက အခု ကျွန်တော်တို့ရဲ့ စည်းရုံး ရေး လုပ်ငန်းကို မလက်တို ချောင်းရိုးအတွင်းမှာ စာဖြူစုက စရမှာဆိုတော့ ဦးစောချစ်ဟာ စိတ်ချ ရတဲ့လူဖြစ်ဖို့ အရေးကြီးတယ် ဦးမြတ်သော်"

"ဟာ အင်မတန် စိတ်ချရတဲ့ လူပါ။ ဦးလေး ကိုထွန်းတင်လည်း သိသားပဲ"

ဤတွင် ဝင်းကြည်က ဝင်ပြောလေသည်။

"ဟုတ်တယ်၊ စာဖြူစုသူကြီး အကြောင်းကို အဖေက ကောင်းကောင်း သိပါတယ်။ ကျွန်တော့်ကိုလည်း ပြောဖူးတယ်"

ဦးမြတ်သော်က

"ကျွန်တော် စာရေးပေးလိုက်မယ်။ စာဖြူစုအထိ ကျွန်တော့်လူတွေ လိုက်ပို့ခိုင်းမယ်လေ။ ကောင်းဘူးလား ကိုဘတင်"

"ကောင်းပါတယ် လုပ်ပါ။ စာဖြူစု ပြီးရင် ဘုရားချောင်းကို ဆက်သွားပေ့ါ။ ဒီရွာနှစ်ရွာမှာ အခြေခံရရင် မလက်တိုချောင်းရိုး တစ်ရိုးလုံးအတွက် စိတ်ချရပြီလို့ ဆိုနိုင်တယ် ကိုတင်သိန်းရေ့"

"ဒီလိုဆိုရင် ကျွန်တော်တို့ မနက်ဖြန်မနက်စောစော ခရီးထွက်မယ်။ ဦးမြတ်သော် စာကို ယူသွားမယ်။ ဒီမှာတော့ လက်နက်ရာဖွေ စုဆောင်းထားဖို့ ဦးမြတ်သော်နဲ့ ဦးဘတင် တိုင်ပင်ပြီး အစီအစဉ် လုပ်ထားနှင့်ပေ့ါ။ အရေးကြီးတာက ဘယ်လိုနည်းနဲ့မှ မပေါက်ကြားဖို့ပဲ။ အသေးအဖွဲ ထိစွလေးမှာဖြစ်ဖြစ် ပေါက်ကြားသွားရင် ကျွန်တော်တို့အားလုံးနဲ့ လုပ်ငန်းတစ်ခုလုံးမှာ အန္တရာယ် အကြီးအကျယ် တွေ့ကြုံလိမ့်မယ် ဆိုတာကို အလေးအနက် သဘောပေါက်ဖို့ လိုပါတယ်။ ဒါကတော့ သတိထားဖို့ပါပဲလေ။ ကျွန်တော်တို့ အခု လုပ်နေကြရတဲ့ အနေအထားက စားသွား အောက်၊ လုံစွပ်အောက်မှာ လုပ်နေရတဲ့ အနေအထားမျိုး မဟုတ်လား။ ပိပိရိရိနဲ့ လျှို့ဝှက်ထားဖို့ အလွန်အရေးကြီးပါတယ်။ ရှေ့မှာ ကျွန်တော်တို့တစ်တွေ အတူတူ တွဲလုပ်စရာ အများကြီး ကျန်နေသေးတယ်။ ကျွန်တော်တို့အားလုံး သက်စွန့်ကြိုးပမ်း လုပ်ကြရမယ့် အလုပ်တွေပါလား ဆိုတာကို သေသေချာချာ ယုံကြည်ထားဖို့ လိုပါတယ်"။

## အခန်း ၁၂

စာဖြူစု ရွာကလေးသို့ နောက်တစ်ခေါက် ရောက်လာပြန်ရသည့်အတွက် ဝင်းကြည်သည် ပျော် သလိုလို ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇန်နဝါရီလ ဖြစ်သဖြင့် မြစ်ဝကျွန်းပေါ်၏ ဆောင်းမှာ နှင်းမှုန်နှင်းဖွဲများ၊ မြူခိုးများ၊ ရေခိုးရေငွေ့များဖြင့် လွှမ်းခြုံရေယှက်နေလေသည်။ ကျယ်ဝန်းပြန့်ပြူးလှသည့် ကွင်းပြင်များ၊ ကိုင်းတောကျူတောများနှင့် ချောင်းမြောင်း အင်းအိုင်များ အားလုံးတွင် နှင်းဝတ်ရုံလွှာကြီးကို ဖြန့်ခြုံထားသည်။ နေရာတကာတွင် ဆွတ်ဆွတ်ဖြူသော နှင်းတွေကို တွေ့ရသည်။ ရေမှပြန်သော အခိုးအငွေ့တို့ကား ချောင်းရေပြင်၊ အိုင်ရေပြင်၊ အင်းရေပြင်များတွင် တငွေ့ငွေ့ တက်နေတတ်ပြီး ကျူတော၊ ကိုင်းတောနှင့် တောအုပ်၊ တောတန်းတို့တွင်မူ မြူခိုး မြူငွေ့များသည် ရှိန်းပြီးသည့် တန်ခိုးရှင်ပမာ မြေကြီးနှင့် ကောင်းကင်အကြား စျာန်ကစားလျက် ရှိကြသည်။

စာဖြူစု ရွာသူကြီး ဦးစောချစ်သည် ဝင်းကြည်ကို မြင်မြင်ချင်း ဖက်လှဲတကင်း ဆီးကြိုနှုတ်ဆက်ရှာသည်။ ဦးမြတ်သော်က ပေးလိုက်သည့် စာကို အခေါက်ခေါက် အခါခါ ပြန်ဖတ်ပြီးနောက် ဝင်းကြည်ကိုသာ ကျေးဇူးတင် စကားတွေ အထပ်ထပ် ပြောနေလေ၏။

“ခင်ဗျား ကောင်းပေလို့သာပေါ့ဗျာ။ နို့မဟုတ်ရင် ကျွန်တော် မြေကြီးထဲ ရောက်နေရပြီ။ ခင်ဗျားဟာ ကျွန်တော်ရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ။ အခုလို ကျွန်တော် အသက်နဲ့ကိုယ် မြဲနေရတာဟာ ခင်ဗျားကျေးဇူးကြောင့်ပဲ”

ယခင်တစ်ခေါက် ကာဝါရှီမာတို့ စာဖြူစုသို့ လာရောက်စဉ်က ဝင်းကြည်ကြောင့်သာလျှင် သူ အသက်ချမ်းသာရာ ရခဲ့သည်ဟု သဘောပေါက်နေဟန်တူသော ဦးစောချစ်သည် ဝင်းကြည်ကိုယ်တိုင်ကိုယ်ကျ ယခုကဲ့သို့ ရောက်လာပြန်သောအခါ ဝမ်းသာမဆုံး ဖြစ်နေလေသည်။ အထူးသဖြင့် ယခု ဝင်းကြည် ရောက်လာရခြင်း၏ အကြောင်းရင်းကို သိရသောအခါ၌ ပို၍သာ ဝမ်းမြောက် ကြည်နူးနေပုံ ရလေသည်။ သို့မို့ကြောင့်လည်း ဦးစောချစ်မှာ ဝင်းကြည်နှင့် ကိုတင်သိန်းတို့အပေါ်၌ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လောက်အောင် ဂရုစိုက်လေတော့သည်။

“မြို့ကို တက်လာဖို့ ကျွန်တော် စဉ်းစားမိသေးတယ်ဗျ။ ဦးလေး ကိုထွန်းတင်ကို ခင်ဗျားသားက ကျွန်တော့်အသက် ကယ်သွားတာလို့ပြောပြီး ကြက်ဥလေး၊ ငါးခြောက်လေးနဲ့ ကန်တော့မလို့ပဲ။ ဒါပေမဲ့ ဟိုခွေးတွေနဲ့မို့ မလာရဲလို့ မလာရတာ။ ကျွန်တော် ကျေးဇူးမသိတတ်လို့ မဟုတ်ပါဘူး”

“အထူးအထွေ ကျေးဇူးတင်နေစရာ မလိုပါဘူး ဦးစောချစ်ရယ်။ ကျွန်တော်လည်း အဲဒီတုန်းက သိပ်သတ္တိရှိလို့တော့ မဟုတ်ဘူး။ မျက်စိအောက်မှာ မဟုတ်တာတွေ တွေ့နေရတော့ အရဲစွန့်ပြီး လုပ်လိုက်ရတာပါ။ အခု ဒီကောင်လည်း မရှိတော့ပါဘူး။ ဒီကနေ ပြန်ရောက်ပြီး မကြာခင်ပဲ ပုသိမ်ဘက်ကို ဆိုလား ပြောင်းသွားရတယ်”

“ကျွန်တော်တင် ဘယ်ကမလဲဗျ။ အဲဒီတုန်းက ပါးရိုက်ခံရတဲ့ ကင်းသမား ငပေါ်ယောက်စလုံးကပါ သိပ်ကျေးဇူးတင်နေတာ။ ခင်ဗျားသာ ကြားမဝင်ရင် သူတို့လည်း လုံ့စွပ်စာလားမားစာလားတော့ မသိဘူး။ တစ်ခုခုတော့ ဖြစ်ကုန်မှာပဲဗျ။ အေးဗျာ အခုလို ခင်ဗျား ရောက်လာ

www.burmeseclassic.com



တော့ သိပ်ဝမ်းသာတာပဲ။ တကယ်ပါ၊ ကျွန်တော်တို့ ကရင်တွေဟာ စိတ်ထဲမှာ မပါဘဲ ဟန်ဆောင်ပြီး ဘယ်တော့မှ မပြောတတ် မလုပ်တတ်ပါဘူး။ ဘုရားသခင် သိပါတယ်။ ကျွန်တော့်ဆီမှာ ကြိုက်သလောက်နေပါ။ ဘာတစ်ခုမှ အားနာဖို့ မလိုဘူးနော်။ အားနာတယ် ဆိုရင်တော့ ကျွန်တော့်ကို တကယ်တမ်း မခင်လို့ဘဲ။ နောက်ပြီး ဦးမြတ်သော်ရဲ့ စာထဲမှာ ပါတဲ့အတိုင်း ခင်ဗျားတို့ လုပ်ချင်တဲ့ လုပ်ငန်းအားလုံးကို ကျွန်တော်ကိုယ်တိုင် လုပ်ပေးမယ်။ စိတ်ချလက်ချသာနေ။ အရေးအကြောင်း တစ်စုံတစ်ခု ပေါ်တယ်ဆိုရင် ကျွန်တော် ရှေ့က အသေခံမယ်။ ခင်ဗျားတို့ မှဲ့တစ်ပေါက်မစွန်းစေရဘူး"

"အခုလို ဦးစောချစ်က ပွင့်ပွင့်လင်းလင်း ပြောတာတွေ ကြားရတော့ ကျွန်တော်ရော အောင်ဝင်းကြည်ရော အများကြီး ဝမ်းသာပါတယ် ခင်ဗျာ။ အခု ကျွန်တော်တို့လာတဲ့ အကြောင်းရင်းကတော့ ဦးမြတ်သော်ရဲ့ စာထဲမှာ ပါတဲ့အတိုင်းပါပဲ။ ဒီလုပ်ငန်းကြီးကို အောင်အောင်မြင်မြင်ဖြစ်အောင် ဦးစောချစ်တို့ ဝိုင်းကူမှ ဖြစ်မှာပါ"

"အို၊ မကူလို့ ဘယ်ဖြစ်မလဲ။ ကူရမှာပေါ့" ဟု ဦးစောချစ်က အားပါးတရ ပြောလေသည်။ သူသည် စကားပြောရာ၌ စိတ်ရောကိုယ်ပါ ပြောလေ့ရှိ၏။ ကရင်အမျိုးသား ဖြစ်သော်လည်း ကရင်လေသံ အတန်ငယ် ပါရုံမှအပ ဗမာစကားကို ကောင်းမွန်ရေလည်စွာ ပြောတတ်သူ ဖြစ်၏။ အေပင် အေဘီအမ် ကျောင်းထွက်ဖြစ်ရာ အင်္ဂလိပ်လိုပါ တတ်ကျွမ်းလေသည်။

ကိုတင်သိန်း၏ ရှင်းပြချက်များအတိုင်း ဦးစောချစ်က လက်ရွေးစင် လူအချို့ကို ရွေးချယ်ကာခေါ်ပေးလေသည်။ လူအားလုံး ၇ ယောက် ပါဝင်လေသည်။ ၎င်းတို့အနက် တစ်ယောက်သာဗမာ ဖြစ်၍ ကျန် ၆ ယောက်စလုံး ကရင်အမျိုးသားများ ဖြစ်ကြသည်။

"ဒီလူအားလုံးဟာ လက်ရွေးစင်တွေပဲဗျို့။ ကျွန်တော်ကသာခေါ်ရင် ဟောဒီရွာကအတိုးကြီး၊ အမယ်ကြီး၊ မိန်းမတွေပါမကျန် အကုန်ထွက်လာမှာချည်းပဲ။ ကျွန်တော် ခိုင်းတာကိုလုပ်မယ့်လူချည်းပဲ။ ဒါပေမဲ့ ကိုတင်သိန်းတို့က အထူးစိတ်ချရတဲ့ လက်ရွေးစင် လိုချင်တယ်ဆိုလို့သာ ၇ ယောက်လောက်ပဲ ခေါ်လိုက်တာ။ ကဲ၊ ပြောစရာရှိတာသာ ပြော။ ဒီလူတွေထဲကသစ္စာဖောက်ပါရင် ကျွန်တော်ကိုယ်တိုင် သတ်မယ်"

ရေနံဆီမီးခွက်ကို အလယ်၌ချကာ သူတို့အားလုံး ဝိုင်းထိုင်မိကြသည်။ ဝင်းကြည်သည်မျက်နှာချင်းဆိုင် ထိုင်နေကြသည့် လူ ၇ ယောက်အား တစ်ယောက်စီ အကဲခတ်နေမိ၏။ အားလုံးနီးလိုမှာ လူငယ်လူရွယ်များ ဖြစ်ကြပြီး အသက် လေးဆယ်ကျော်ခန့် တစ်ယောက်သာ ပါလေသည်။ လေးယောက်သာလျှင် ဟောင်းနွမ်း ညစ်ထေးသော အင်္ကျီများ ဝတ်ထားကြလျက်၊ ကျန်နှစ်ယောက်မှာ ပုဆိုးအပိုတစ်ထည်စီ ခြုံထားကာ တစ်ယောက်မှာမူ အင်္ကျီမပါ၊ ပုဆိုးလည်းမပြီ။ သူသည် ဝင်းကြည်နှင့် သက်တူရွယ်တူလောက်ပင် ရှိသေး၏။ အသားလတ်ပြီး နှာတံပေါ်သည်။ ကိုယ်လုံးကိုယ်ထည်လည်း ထွားကျိုင်း ကြံ့ခိုင်လှသည်။

www.burmeseclassic.com



သူ့ကို မြင်ဖူးသလိုလို ရှိပါသည်ဟု ဝင်းကြည်က တွေးတော စဉ်းစားနေခိုက် အဆိုပါ ကရင်လူငယ်က

"ကျွန်တော့်ကို မမှတ်မိဘူးလား။ ကင်းမစောင့်ဘူးဆိုပြီး ဟိုဂျပန်စစ်ဗိုလ်က ဓားနဲ့ ခုတ်သတ်တော့မလို လုပ်တာ ကျွန်တော်ပေါ့" ဟု ပြောလေသည်။

"ဟုတ်ပြီ၊ ခင်ဗျားကိုး။ ဒါကြောင့် တွေ့ဖူးသလို ရှိပါတယ်လို့ ကြည့်နေတာ။ ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

"စောကျော်သန်း"

"ဟုတ်ပြီ။ ကျွန်တော့်နာမည် ဝင်းကြည်ပါ"

"ဝင်းကြည်စံ မဟုတ်ဘူးလား"

ဝင်းကြည်က ရယ်မိလေသည်။ ဂျပန်က သူ့ကို ဝင်းကြည်စံဟု ခေါ်သံ ကြားဖူးနေသည့်အတွက် ဝင်းကြည်စံဟု မှတ်ထားဟန် တူလေသည်။

"ဝင်းကြည်က ကျွန်တော့်နာမည်ပါ။ 'စံ' ဆိုတာကတော့ သူတို့ ဂျပန်ထုံးစံအရ ဦးတို့ ကိုတို့ တပ်ခေါ်တဲ့ သဘောပေါ့"

"ကျွန်တော်ကတော့ ဝင်းကြည်စံလို့ပဲ မှတ်ထားတယ်။ မသိဘူးလေ၊ သူတို့က ဝင်းကြည်စံ၊ ဝင်းကြည်စံနဲ့ ခေါ်ခေါ်နေတာကိုး။ တွေ့ရတာ ဝမ်းသာတယ်ဗျာ" ဟု စောကျော်သန်းက ဝင်းကြည်ဘက်သို့ ကိုယ်ကိုယိမ်းကာ ဝင်းကြည်၏ခါးကိုဖက်ရင်း အရိုးခံအတိုင်း ပြောလေသည်။

ဦးစောချစ်က စ၍ ပြော၏။

"ခင်ဗျားတို့ကို ခေါ်တာ တိုင်ပင်ဖို့ ခေါ်တာပဲ။ တိုင်ပင်စရာရှိလို့ ဆိုပါတော့။ ဟောဒါ မြို့ကလာတဲ့ ဦးတင်သိန်း၊ ဒီကတော့ ကိုဝင်းကြည်တဲ့။ ဟို ဂျပန်ကောင်တွေ လာမွှေသွားတုန်းက ကျွန်တော်တို့ ရွာသားတွေကို ကယ်ခဲ့တဲ့လူပေါ့။ အခု ယုံကြည်ရမယ့်လူတွေဆိုပြီး ခင်ဗျားတို့ကို ပြောစရာရှိတာနဲ့ ခေါ်တာပါ။ ဦးတင်သိန်းက ပထမ ရှင်းပြစရာရှိတာ ရှင်းပြလိမ့်မယ်။ ကဲ ကိုတင်သိန်း၊ ရှင်းပြဗျာ။ ဒီလူတွေ ကျွန်တော့်လူတွေပဲ။ အားလုံး ပွင့်ပွင့်လင်းလင်းပေါ့။ ဘာကိုမှ စိုးရိမ်စရာ မရှိဘူး။ ကျွန်တော် အာမခံတယ်"

"အခု ကျွန်တော်တို့ ဒီရွာကို လာရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ရဲ့ ညီအစ်ကိုတော်များ ဖြစ်ကြတဲ့ ခင်ဗျားတို့ကို ဝမ်းသာစရာ သတင်းတစ်ခု ပြောဖို့ပါပဲ။ အဲဒီသတင်းက ဘာလဲဆိုတော့ ကျွန်တော်တို့အပေါ်မှာ ရက်ရက်စက်စက် ဖိနှိပ်နေပြီး လူမဆန်တဲ့ နည်းမျိုးစုံနဲ့ ညှဉ်းဆဲနေတဲ့ ဂျပန်ကောင်တွေကို ကျွန်တော်တို့က ပြန်လည်တိုက်ခိုက် မောင်းထုတ်ကြတော့မယ် ဆိုတဲ့ သတင်းပဲ ဖြစ်ပါတယ်"

ကိုတင်သိန်းက သို့ကလို စကားစလေသည်။ ရွာသားများသည် ငြိမ်သက်၏။ အသက်ရှူသံ

www.burmeseclassic.com

www.burmeseclassic.com



မှတစ်ပါး အခြားသော အသံဗလံ မရှိ။ သူတို့၏ မျက်စိများသည် ကိုတင်သိန်းအား ထူးဆန်းသော သတ္တဝါသဖွယ် စူးစိုက်နေကြ၏ ။

"ဒီလို တိုက်ခိုက် မောင်းထုတ်တဲ့နေရာမှာ တစ်ဦးတစ်ယောက်ကောင်းနဲ့ ထလုပ်လို့ မရပါဘူး။ တစ်ယောက်တစ်ပေါက်နဲ့ လျှောက်လုပ်လို့လည်း မဖြစ်ပါဘူး။ အားလုံး ညီညီညွတ်ညွတ် စုစုစည်းစည်းလုပ်မှ ဖြစ်ပါမယ်။ ဗမာလူမျိုးသာမက ကရင် အမျိုးသားတွေကလည်း ဒီလုပ်ငန်းမှာ ပါဝင်ရပါလိမ့်မယ်။ ကျွန်တော်တို့အချင်းချင်း သွေးစည်းညီညွတ်ပြီးလုပ်ရင် အစစအရာရာ အောင်မြင်မှာပါပဲ။ အဲဒီလို ညီညီညွတ်ညွတ် လုပ်နိုင်ဖို့အတွက် အခု ကျွန်တော်တို့လာတာပဲ ဖြစ်ပါတယ်။

"မြစ်ဝကျွန်းပေါ်ဒေသဟာ ကရင်အမျိုးသား အများအပြား နေထိုင်ရာဒေသ ဖြစ်ပါတယ်။ ဗမာတစ်ပြည်လုံးမှာ ဂျပန်တွေရဲ့ ဖိနှိပ်ညှဉ်းပန်းမှုကို ခံရသလို မြစ်ဝကျွန်းပေါ်ဒေသမှာလည်း ကရင်အမျိုးသားတွေဟာ ဗမာတွေနဲ့အတူ ဖိနှိပ်ညှဉ်းပန်းမှုတွေ ခံနေကြရတယ်။ ကျွဲနွား၊ ဘဲကြက် ကအစ လုယက်တာ ခံရတယ်။ အမျိုးသမီးတွေ အဓမ္မကျင့်ခံရတယ်။ လက်သည်းခွံခွာ၊ မျက်နှာ ရေလောင်း၊ ပါးရိုက်ခံနေကြရတယ်။ ဂျပန်ကြောင့် ခံရတဲ့ ဒုက္ခမျိုးစုံကို အတူတူ ရင်ဆိုင်တွေ့နေကြရတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒုက္ခခံဖော်ခံဖက်၊ ဆင်းရဲဖော်ဆင်းရဲဖက်တွေ ဖြစ်ပါတယ်။ အဲဒီဆင်းရဲဒုက္ခတွေ၊ ဖိနှိပ်ညှဉ်းပန်းမှုတွေကို ရှေ့ဆက်ပြီး ခေါင်းငုံ့ခံနေကြဦးမလား။ အားလုံး လက်တွဲပြီး ညီညီညာညာနဲ့ ခုခံတိုက်ဖျက်ကြမလား ဆိုတာ အလေးအနက် စဉ်းစားဆုံးဖြတ်ဖို့ လိုနေပါပြီ"

ကိုတင်သိန်းကား စကားအရာတွင် လိမ္မာကျွမ်းကျင်သူပေတည်း။ ယခု ကြည့်၊ ရွာသား အားလုံးသည် သူ့စကားလုံးများ၌ ညို့သက် မိထားသူများပမာ ငေးစိုက်နေကြ၏ ။ သူ့နံဘေးရှိ ဦးစောချစ်ကား ဆေးတံကို ပါးစောင်တွင် စွဲစွဲမြဲမြဲခဲရင်း စူးစိုက်နားထောင်လျက်ရှိသည်။ သူ့ မျက်နှာတွင် ကျေနပ် နှစ်သိမ့်သော အရိပ်အယောင်များ ယှက်သန်းနေသည်။

ရေနံဆီ မီးခွက်သည် ရှည်လျားသော မှိုင်းတန်းကို လွှတ်တင်လျက် နီကြင်ကြင် အလင်း ရောင်ဖြင့် ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။ ကိုတင်သိန်း၏ မျက်မှန်မှာ အလင်းရောင်နှင့် တွေ့ထိတိုင်း တလက်လက် တောက်ပနေလေသည်။

"လွန်ခဲ့တဲ့ သုံးနှစ်နီးပါးလောက်က ကျွန်တော်တို့ဟာ အင်မတန် ဝမ်းနည်းကြေကွဲဖို့ ကောင်းတဲ့ အမှားတွေကို ကျူးလွန်မိခဲ့ကြပါတယ်။ ကျွန်တော်တို့အချင်းချင်း သတ်ဖြတ် တိုက်ခိုက် သည်အထိ လက်လွန်ခြေလွန်တွေ ဖြစ်ခဲ့ကြတယ်။ ဒီအမှားမျိုး နောက်ထပ်မမှားဖို့ ကျွန်တော်တို့ ကရှိုက်ကြရပါမယ်။ နောက်ပြီး အဲဒီအမှားကို အကြွေးဆပ်တဲ့အနေနဲ့ အခုကိစ္စမှာ ဆတက်ထမ်းပိုး ညီညွတ်ပြီး လက်တွဲအလုပ်လုပ်ကြမှ ဖြစ်မယ်။ အဲဒီကိစ္စကို အခု ကျွန်တော်တို့ စဉ်းစားရမှာပါပဲ။ ဆုတ်တယ် မဟုတ်လား ဦးစောချစ်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ဗျာ။ ဒါက အထူးပြောစရာမလိုတဲ့ ကိစ္စပဲလေ။ ကိုတင်သိန်း ဘာလုပ်ချင်တယ် ဆိုတာသာပြော။ ကျွန်တော်တို့က အဆင်သင့်ပေပဲ"

ဦးစောချစ်၏စကားကို ရွာသားတွေက ခေါင်းတညိတ်ညိတ်လုပ်ကာ ထောက်ခံကြသည်။

ကိုတင်သိန်းသည် မျက်မှန်ကို နှာခေါင်းရိုး အထက်နားဆီသို့ ပင့်တင်ရင်း စဉ်းစားနေပြန်၏။ ရွာသားများကမူ ကိုတင်သိန်း ရှေ့ဆက်ပြောအံ့သော စကားလုံးတွေကို သတိကြီးစွာထား၍ ငံ့လင့်နေကြ၏။

"ရှင်းရှင်းနဲ့ တိုတိုပဲပြောရင် မကြာခင် ကျွန်တော်တို့ ဂျပန်ကို ချကြမယ်။ အဲဒီလို ချတဲ့နေရာမှာ စစ်ရေးအရရော နိုင်ငံရေးအရပါ ချရလိမ့်မယ်။ ဒါနဲ့ပတ်သက်လို့ အခုတစ်ခါတည်း ရှင်းဖို့ မဖြစ်နိုင်ဘူးခင်ဗျ။ ရက်အနည်းငယ်ကြာအောင် ဆွေးနွေးကြတာပေါ့။ အခု လောလောဆယ် သဘောလောက် ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့က ဂျပန်ကို ချမယ်ဆိုတဲ့ နေရာမှာ ပြောက်ကျားနည်းနဲ့ချဖို့ဟာ အခြေခံပဲ။ ရရာလက်နက်နဲ့ ဖြစ်တဲ့နည်းနဲ့ ချရမယ်"

"လက်နက်ကိစ္စကတော့ မပူပါနဲ့လေ။ သိမ်းထားတာ နည်းနည်းပါးပါးတော့ ရှိပါတယ်"

"ကောင်းပါတယ် ဦးစောချစ်။ နောက်ထပ်လည်း ကျွန်တော်တို့ ရနိုင်တဲ့ နည်းလမ်းတွေရှိပါသေးတယ်။ စစ်ရေးရော နိုင်ငံရေးပါ ဒီက ရဲဘော်တွေ သဘောပေါက်အောင် သင်တန်းသဘောမျိုးလေး လုပ်ကြတာပေါ့။ ဘယ့်နှယ်လဲ"

"ဟာ၊ ဘယ့်နှယ်ပြောပါလိမ့်။ လုပ်ရမှာပေါ့။ အစီအစဉ် ကျွန်တော် အကုန်လုပ်ပေးမယ်။ ကိုတင်သိန်း ကြိုက်သလိုသာပြော"

"ထွေထွေထူးထူး စီစဉ်စရာရယ်လို့ မရှိပါဘူး ခင်ဗျာ။ မနက်ဖြန်ညက စပြီး လုပ်ကြမယ်။ အရေးကြီးတာကတော့ ဒီကိစ္စကို မပေါက်ကြားဖို့ဘဲ"

"အင်း၊ ဟုတ်တယ်။ မင်းတို့ နှုတ်လုံကြရမယ်နော်။ ဘယ်သူ့ကိုမှ ပြောလို့မဖြစ်ဘူးဆိုတာ ငါ ပြောထားမယ်။ အဲဒါကို ကြပ်ကြပ် သတိထားကြ"

သည်လိုနှင့်ပင် လက်ရွေးစင်ရွာသား ၇ ယောက်ကို ကိုတင်သိန်းက သင်တန်းသဘောမျိုး ဆွေးနွေးပွဲများ ဆက်တိုက် ပြုလုပ်လေတော့သည်။

တစ်ချိန်တည်းမှာပင် ကိုတင်သိန်းသည် ရွာခံလူများ၏ နေရေးထိုင်ရေးနှင့် လုပ်ငန်းကိုင်ငန်း အခြေအနေတွေကို ရတတ်သလောက် စုဆောင်း မှတ်သား လေ့လာပြန်သည်။ ဝင်းကြည်ကိုလည်း ယင်းသို့ လေ့လာရန် တိုက်တွန်းသည်။ ဤအချိုက်အတန့်မှာပင် ဝင်းကြည်သည် စောကျော်သန်းနှင့် တစ်နေ့တခြား ခင်မင် ရင်းနှီးလာသည်။ စာဖြူစုမှာ မလက်တိုချောင်းအတွင်း ခေါင်းသော နေရာ၌ တည်ရှိသည်ဖြစ်ရာ ဂျပန်တွေလည်း အခြေအနေကို ရိပ်မိသည့်အလား မလာကြတော့သည့်အတွက် ဝင်းကြည်တို့၏ နေထိုင်မှုရော လုပ်ငန်းပါ အတန်ငယ် လွတ်လွတ်လပ်လပ် ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စောကျော်သန်းက ဝင်းကြည်ကို သူ့အိမ်သို့ ခေါ်သွားသည်။ စောကျော်သန်းတွင် အဖေ မရှိ၊ အမေသာရှိပြီး နော်အေးမူ အမည်ရှိ ညီမငယ်တစ်ယောက်လည်း ရှိသည်။

"ကျွန်တော်တို့ မောင်နှမကို စစ်မဖြစ်မီက မအူပင် အေဘီအမ်မှာ ပို့ထားသေးတယ်။ အဖေကသေ၊ အမေကလည်း ဆင်းရဲတယ် ဆိုတော့ ကျောင်းလခအဖြစ် ပိုက်ဆံမပေးနိုင်လို့ ငါးပိနဲ့ ငါးခြောက် ပေးပြီး ကျောင်းတက်ရတာဗျ" ဟု စောကျော်သန်းက သူတို့မိသားစု၏ အခြေအနေကို ရိုးရိုးသားသားပင် ပြောလေသည်။

မအူပင် အေဘီအမ်ကျောင်းတွင် ကျောင်းလခအဖြစ် ပိုက်ဆံမပေးနိုင်သူများအား ပိုက်ဆံအစား ငါးပိ၊ ငါးခြောက် ပေး၍ ကျောင်းနေခွင့် ပြုထားခဲ့သည်ကို ဝင်းကြည် သိပြီး ဖြစ်သည်။ များစွာသော ကရင်မိဘများမှာ သူတို့၏ သားသမီးတွေကို ဤနည်းဖြင့် ကျောင်းထားကြသည်။

"ဒါပေမဲ့ ဆုံးခန်းတိုင်အောင် မသင်ခဲ့ရဘူးဗျာ။ အမေ တစ်ယောက်တည်း ရှာဖွေရတာ ခင်ပန်းလှတာနဲ့ ကျွန်တော်တို့ မောင်နှမ ကျောင်းက ထွက်လိုက်ရတယ်"

စောကျော်သန်းသည် ဝင်းကြည်ကို သူ့အမေနှင့် လည်းကောင်း၊ နှမနှင့် လည်းကောင်း မိတ်ဆက်ပေး၏။ စောကျော်သန်း၏ အမေမှာ ကောင်းစွာ မကျန်းမာချေ။

"အေးမူရေ၊ အဲဒါ ငါပြောပြောနေတဲ့ ကိုဝင်းကြည် ဆိုတာပေါ့။ ငါ့ကျေးဇူးရှင်လေ"

နော်အေးမူက ပြုံးလေသည်။ နော်အေးမူသည် စောကျော်သန်းထက် ပို၍ အသားဖြူ၏။ မျက်နှာမှာ များစွာသော ကရင်မိန်းကလေးများလို မေးရိုးကားကား လေးထောင့်စပ်စပ် မဟုတ်။ အနေးရိုးသွယ်ဆင်းနေပြီး ပါးစုန့်ကလေး နှစ်ဖက်မှာ မို့မောက်ပြည့်ဖြိုးလေသည်။

"ကျွန်မအစ်ကိုက ခဏခဏ ပြောပါတယ်"

နော်အေးမူက ဝင်းကြည်ကို မကြည့်ဘဲ မျက်လွှာချ၍ ပြောလိုက်သည်။ ပြုံးသည်၊ ရယ်သည် မရှိလှဘဲ တည်တည်ငြိမ်ငြိမ် နိုင်လွန်းလှသော နော်အေးမူ၏ဓလေ့ကို ဝင်းကြည်က ရှုပြုမိသည်။ စောကျော်သန်းကသာ သူတို့မောင်နှမနှင့် ပတ်သက်သော အကြောင်းတွေကို တတွတ်တွတ် ပြောနေသည်။

"ကျောင်းဆက်မနေနိုင်တော့ ကျွန်တော်တို့လည်း တော်တော် စိတ်မကောင်းဘူး။ အထူးသဖြင့် အေးမူက ပိုဆိုးတာပေါ့။ သူက သိပ်ကျောင်းနေချင်တာဗျ။ တကယ်လို့ စစ်ပြီးသွားရင်တော့ ကျွန်တော်ပဲ အလုပ်လုပ်ပြီး အေးမူ့ကို ဆက်ကျောင်းတက်ခိုင်းမယ် စိတ်ကူးတယ်။ အမေက အသက်ကြီးပြီဆိုတော့ ကျွန်တော် အလုပ်လုပ်ပြီး အေးမူ့ကို ကျောင်းဆက်ထားလည်း ဘာမှ ခင်ပြောတော့မယ် မထင်ဘူး"

"အခုလို နေရတုန်း စာဖတ်ပေါ့ အေးမူ" ဟု ဝင်းကြည်က အေးမူ့ဘက်သို့ လှည့်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စာမဖတ်ဘူး။ စာအုပ်ကလည်း သိပ်ရှားတယ်။ အဲဒါနဲ့ ကလေးတွေကို စာသင်ပေးနေတယ်။ အလကားနေရင် အလကားဖြစ်မှာပဲ မဟုတ်လား"

"ဟုတ်တယ် ကိုဝင်းကြည်။ အေမူက ဆရာမ လုပ်နေတယ်ဗျ။ သူ့ကျောင်းကို မနက်ကျတော့ သွားကြည့်တာပေါ့။ ရွာထိပ်က ချပ်ချိုကို ကိုဝင်းကြည် တွေ့ဖူးတယ် မဟုတ်လား။ အဲဒီမှာ အေမူ့ကျောင်း"

"အဲဒါ သိပ်ကောင်းတာပေါ့ စောကျော်သန်းရဲ့။ ရွာက ကလေးတွေအတွက်လည်း ကောင်း၊ နော်အေမူအတွက်လည်း ကောင်းတာပါပဲ။ အဲဒီလို ကလေးတွေကို စာသင်ပေးရတာကို ကျွန်တော်လည်း သိပ်စိတ်ဝင်စားတာပဲ။ သွားကြည့်ကြရအောင်ဗျာ"

"မနက်ကို ကျွန်မအစ်ကိုနဲ့လာပါ။ ကျောင်းက ကလေးတွေကိုပဲ ကျွန်မ ပြစရာရှိပါတယ်။ ကျွန်မတို့ရွာက မြို့နဲ့ဝေးပြီး ခေါင်တော့ ခေတ်မမီဘူး။ တခြားကြည့်စရာ ဘာမှမရှိဘူး"

အေမူက ဝင်ပြောသည်။ အေမူ၏ မျက်နှာ အမူအရာမှာ ပြောင်းလဲခြင်းမရှိ။ ပြကတေ့ အတိုင်း မရယ်မပြုံး ပြောနေခြင်းသာ ဖြစ်လေရာ ဣန္ဒြေရလွန်းလှချေတကားဟု ဝင်းကြည်က တွေးထင်နေလိုက်မိသည်။

ထိုညတွင် ဝင်းကြည်မှာ တော်တော်နှင့်အိပ်မရ။ နော်အေမူ၏ မျက်နှာကလေးကိုသာလျှင် တရေးရေး မြင်ယောင်နေမိလေသည်။ နော်အေမူသည် ခရစ်ယာန် ဘာသာဝင် ကရင်မကလေး ဖြစ်၏။ ရိုးသားသော တည်ငြိမ်သော ပင်ကိုယ်ဣန္ဒြေဖြင့်လည်း ဆင်ယင်ထား၏။ ရိုးသားခြင်း သည် ဖြူစင်သော သဘောသကန်ကို ဖော်ပြခြင်း ဖြစ်သည်ဟု ဝင်းကြည် ထင်မိသည်။

ညသည် တိတ်ဆိတ်လျက်ရှိ၏။ နှင်းဖြူများအကြား၌ နှစ်ခြိုက်စွာ အိပ်စက်ရန် ကြိုးပမ်း သူပမာ ဝန်းကျင်တစ်ခုလုံးမှာ မလှုပ်မရှား ငြိမ်သက်နေလေသည်။

ဝင်းကြည်က နော်အေမူ၏ ကျက်သရေရှိသော မျက်နှာကလေးကို တစိမ့်စိမ့် မြင်ယောင် ရင်း မငြိမ်မသက် ဖြစ်နေသည့် မိမိ၏အတွင်းသဘောကို မိမိဘာသာ စောကြောနေမိသည်သာ ဖြစ်ပေ၏။ သူ့ကိုမြင်ရုံမျှဖြင့် အဘယ့်ကြောင့် ဤမျှ စိတ်လှုပ်ရှားရသနည်းဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်မိသည်။ မရိုးမသား ဖောက်လွှဲဖောက်ပြန် ဖြစ်သလောဟု ကိုယ့်ကိုယ်ကိုယ် စစ်ဆေး ကြည့်သည်။ ရင်တွင်း၌ကား မရှင်းလင်းလှချေ။ ရှင်းလင်းပြတ်သားသော အဖြေကိုလည်း ရှာမတွေ့။

× × ×

နောက်တစ်နေ့နံနက်တွင် ဝင်းကြည်သည် စောကျော်သန်းနှင့်အတူ နော်အေမူ၏ ကျောင်းကလေး သို့ အလည်အပတ် သွားရောက်ခဲ့သည်။ ရွာအစွန်နားရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတွင် ဖွင့်လှစ်ထားသော စာသင်ကျောင်းကလေးတည်း။

www.burmeseclassic.com

www.burmeseclassic.com



ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာကား အတန်အသင့် ကျယ်ဝန်းပါ၏။ ကျောင်းတစ်ခုလုံးကို သစ်များဖြင့် ဆောက်လုပ်ထားပြီး၊ ကျောင်းပတ်ပတ်လည်တွင် ဆွဲလွဲပင်များဖြင့် ခြံစည်းရိုးအဖြစ် ကာရံထားသည်။ ကျောင်းရှေ့အဝင်အဝ အမိုးထိပ်တွင် သစ်သား လက်ဝါးကပ်တိုင်တစ်ခု စိုက်ထူထားသည်။

ကလေးသူငယ် ငါးဆယ်ခန့်ကို ဆရာအဖြစ် နော်အေမူ တစ်ဦးတည်းက တာဝန်ယူသင်ကြားနေခြင်း ဖြစ်သည်။ ကလေးတွေမှာ အားလုံးလိုလို အဝတ်အစား နွမ်းနယ်လှ၏။ အချို့ဆိုလျှင် အဝတ်မပါ ဗလာကိုယ်ထည်း ကျောင်းတက်ကြရသည်။ ယခင်ကဆိုလျှင် ဤကလေးများမှာ စာသင်စရာ ကျောင်းမရှိခဲ့ကြဟု ဆိုသည်။ တစ်ခါက ကျောင်းကလေး တစ်ကျောင်းဖြစ်အောင် တစ်ရွာလုံး ဝိုင်းကြိုးစားခဲ့ကြသည်။ သို့သော် ကျောင်းဆရာ ရှာမရသဖြင့် ကျောင်းဖွင့်ရေးကိစ္စကို လက်လျှော့ထားခဲ့ကြရသည်။

"အေမူလည်း ရွာပြန်ရောက်ရော အားလုံးက ဒီနေရာမှာ ကျောင်းကလေးဖွင့်ပြီး ကလေးတွေကို စာသင်ပေးဖို့ ဝိုင်းပြောကြတာနဲ့ ဒီကျောင်း ဖြစ်လာတာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကကြီး၊ ခခွေးလောက်ပဲတတ်တတ် ဒီကလေးတွေ လုံးလုံး ဘာတစ်ခုမှ မတတ်တာနဲ့စာရင် တော်သေးတာပေါ့ ဆိုပြီး လုပ်ရတာပဲလေ"

စောကျော်သန်းက ဤသို့ ပြောလေသည်။

နော်အေမူကမူ ဝင်းကြည်ကို နှုတ်ဆက်ပြီးနောက် စာဆက်သင်နေ၏။ ကျောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပြောဆို ရှင်းလင်းခြင်းမရှိဘဲ အေးဆေးစွာပင် စာပြနေလေသည်။

"စစ်ကြီးပြီးလို့ အေမူကို ကျောင်းဆက်ထားရင် ဒီကလေးတွေအတွက် ခက်သေးတယ်။ အဲဒီအခါကျတော့လည်း ဆရာတစ်ယောက်လောက် ရအောင်တော့ တောင်းရမှာပေါ့ဗျာ"

"ဖြစ်အောင်လုပ်ပါ စောကျော်သန်းရာ။ ကျွန်တော်တို့လည်း မြို့ကနေ တတ်နိုင်သလောက် ဝိုင်းကူပါ့မယ်။ ဒီရွာကလေးမှာ ခင်ဗျားတို့ မောင်နှမ ရှိပေလို့ပဲဗျို့။ မရှိများမရှိရင် ခက်သေးတော့မှာပဲ"

စောကျော်သန်းက ကျောင်းပရဝုဏ်ကို လှည့်လည်ပြသလေသည်။ အနောက်ဘက်တွင် ပန်းပြင်ကျယ်များ၊ ဝါးရုံတောများ၊ ချုံနွယ် ပိတ်ပေါင်းများဖြင့် ရောထွေးလျက်ရှိသည်။ ခြံစည်းရိုးအထားသည့် ဆွဲလွဲပင်များမှာ နှင်းရည်ဝနေကြသဖြင့် စိမ်းစိုလွန်းလှသည်။ ရဲရဲနီနေသော ဆွဲလွဲပန်းပွင့်ကလေးတွေမှာ ပန်းပွားနီကလေးများသဖွယ် တွဲရရွဲ ခိုလျက်ရှိကြသည်။

ဝင်းကြည်နှင့် စောကျော်သန်းသည် ပြတင်းပေါက်ဘေးရှိ ခုံတန်းလျားတစ်ခုတွင် ဝင်ထိုင်လိုက်ကြ၏။

"ကျွန်တော့်ညီမက စကားနည်းတယ်။ ညှဉ့်ဝတ်မကျေသလိုမို့ ဆောရီးပဲဗျာ"

စောကျော်သန်း၏ စကားအဆက်အစပ်မရှိ ပြောလိုက်သံကို ကြားလိုက်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်မှာ အလိုလိုနေရင်း အနေရ အထိုင်ရ ကျပ်နေမိလေ၏။ သို့မို့ကြောင့်လည်း ကပ္ပာကသီ ပြန်ပြောလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ။ အထူးဧည့်ဝတ်ကျေစရာ မလိုပါဘူး။ ကျွန်တော်က ဒီရွာကလေးမှာ တခြားလူမှ မဟုတ်တော့ဘဲ။ တကယ်ဆိုတော့ နော်အေမူဟာ စကားနည်းတာ၊ ဧည့်ဝတ်မကျေတာ မဟုတ်ဘူး။ သူ့ဘာသာ အေးအေးနေတတ်တာမျိုးပါ။ ဒါဟာ နော်အေမူ တစ်ယောက်ထဲရဲ့ ဓလေ့စရိုက် မဟုတ်ဘူး၊ ကရင်လူမျိုးရဲ့ ဓလေ့စရိုက်လို့ ကျွန်တော် ထင်တယ်"

"ဟုတ်တယ် ကိုဝင်းကြည်။ ကျွန်တော်တို့လူမျိုးဟာ တစ်မျိုးပဲ။ စကားနည်းတယ်၊ လောကွတ် သိပ်မရှိဘူး၊ ဟန်မဆောင်ဘူး"

"အဲဒါ အင်မတန်ကောင်းတာပေါ့ စောကျော်သန်းရဲ့။ ကရင်လူမျိုးဟာ ရိုးသားတယ်။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတယ်။ ခြိုးခြံနေထိုင်တယ်။ စိတ်ထဲကမပါဘဲ လောကွတ်သက်သက် မပြောဘူး၊ မလုပ်ဘူးလို့ ကျွန်တော် နားလည်ထားတယ်။ ကျွန်တော်တို့လည်း ကျောင်းတုန်းက ကရင်ဆရာ၊ ဆရာမတွေနဲ့ သင်လာရတာဆိုတော့ ကရင်လူမျိုးအကြောင်းကို နားလည်သင့်သလောက် နားလည်ထားတယ်"

"ကိုဝင်းကြည် ဆရာက ဘယ်သူတုံး"

"ဆရာ စောသိန်းမောင်မြပါ။ ကျွန်တော်တို့ အင်မတန်ခင်တဲ့ ဆရာပေါ့။ စောကျော်သန်း သိသလား"

"ဟာ၊ သိတာပေါ့။ ဆရာ စောသိန်းမောင်မြလေ။ အခု လေးအိမ်စုဘက်မှာ ရောက်နေတယ်။ ဒါဖြင့် ကိုဝင်းကြည် စောဂျိုးဇက်တို့၊ အောင်ဖေစံတို့ကို သိမှာပေါ့"

"သိတယ်ဗျ။ ကျွန်တော်တို့ အတူတူ နေခဲ့ကြတာပဲဟာ။ အောင်ဖေစံက ဂိုက်ကောင်းတယ်။ ဂျိုးဇက်က စာတော်တယ်။ သူတို့က အဘိအမ်က နေပြီး ကျွန်တော်တို့ အစိုးရကျောင်းကို ပြောင်းလာကြတာ။ ဒါ့ထက် စကားမစပ် မေးရဦးမယ်။ အခု ကိုတင်သိန်းနဲ့ ဆွေးနွေးရတာတွေ၊ ကိုတင်သိန်း သင်တန်းပေးတာတွေကို စောကျော်သန်း တော်တော် သဘောပေါက်ရဲ့လား"

စောကျော်သန်းသည် ပြုံးနေ၏။

"ကောင်းကောင်း နားမလည်နိုင်တာတွေလည်း ရှိတယ်။ ဒါပေမဲ့ နားလည်ဖို့ ကျွန်တော် အစွမ်းကုန် ကြိုးစားတယ်လေ ကိုဝင်းကြည်။ ဂျပန်ဟာ ဖက်ဆစ်ဖြစ်တယ်။ ဖက်ဆစ်ဝါဒဆိုတာ ဘယ်လိုလဲဆိုပြီး ရှင်းပြတာတော့ နားလည်ပါတယ်။ ခေတ်ငါးခေတ် သဘောကို ရှင်းတာကျတော့ နည်းနည်းခက်တယ်ဗျ။ ကျွန်တော်က ကိုဝင်းကြည်လို နိုင်ငံရေး သိပ်နားလည်ခဲ့တာ မဟုတ်ဘူး"

"ခေတ်ငါးခေတ်ဟာ ပဒေသာပင်ခေတ်၊ ကျေးပိုင် ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ် ကွန်မြူနစ် ဘုံဝါဒခေတ် မဟုတ်လား"

"ဟုတ်တယ်။ အဲဒါတွေက နည်းနည်းခက်တယ်လေ။ နားရှည်မဝင်သေးဘူး။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းပြောမယ်ဗျာ။ နိုင်ငံရေးတွေ ဘာတွေ ကျွန်တော် သိပ်နားမလည်ဘူး။ ဒီကောင်တွေက ကျွန်တော်တို့ကို မတရားညှဉ်းဆဲတယ်။ အဲဒါကို လက်စားချေရမှာပဲ။ ဒါပဲ နားလည်တယ်။ ကိုဝင်းကြည် စိတ်မဆိုးနဲ့နော်"

ဝင်းကြည်က ပွင့်လင်းလှသော စောကျော်သန်း၏ စကားကို သဘောကျသွားသည့်အတွက် လှိုက်လှဲစွာ ရယ်မိသည်။

"ဘာလို့ စိတ်ဆိုးရမှာလဲ စောကျော်သန်းရဲ့။ ခင်ဗျားတို့ ကျွန်တော်တို့ကို မတရား ညှဉ်းဆဲတဲ့လူကို ခံချရမယ်၊ ခံချချင်တယ် ဆိုတာ သိပ်သဘာဝကျတယ်လေဗျာ။ ဖိနှိပ်ညှဉ်းပန်းသူကို ခံချရမယ်၊ ခံချဖို့ သတ္တိရှိရမယ်။ အဲဒါ အရေးကြီးဆုံးပဲ"

"နောက်တစ်ခု ပြောစရာရှိသေးတယ်။ ကျွန်တော်က နိုင်ငံရေး နားမလည်တော့ နိုင်ငံရေးသင်တဲ့ဟာကို မနည်းကြိုးစားပြီး လိုက်ရတယ်နော်။ ဒါပေမဲ့ စစ်နဲ့ပတ်သက်တာကျတော့ သဘောပေါက်မြန်သားဗျ သိလား။ ဟိုတစ်နေ့ညက ကိုတင်သိန်း သင်တာ ရှိတယ်မဟုတ်လား။ ဟိုပြောက်ကျား စစ်ကိစ္စလေ။ ပြောက်ကျားစစ်ဆိုတာ ကိုယ့်ထက် အင်အားများတဲ့ ရန်သူကို အင်အားနည်းနည်းနဲ့ အလစ်ဝင်တိုက်လိုက်၊ အနှောင့်အယှက်ပေးလိုက်၊ ပြန်ရှောင်နေလိုက်။ အိုး အဲဒါတွေကိုတော့ ကျွန်တော် သိပ်သဘောကျတယ်"

ထိုအခိုက် နော်အေမူ ရောက်လာလေသည်။ လက်ဖက်ရည်ကြမ်းအိုးနှင့် ထန်းလျက်ခဲအချို့ကို နော်အေမူက ယူဆောင်လာသည်။

"ကျောင်းမှာ ဧည့်ခံစရာ ဒါပဲရှိပါတယ်"

နော်အေမူက ပြောသည်။ အသံမှာ ခါတိုင်းကဲ့သို့ပင် အေးမြ တည်ငြိမ်လေသည်။ လက်ဖက်ရည်အိုး လာချပေးနေသော နော်အေမူ၏ ရုပ်ဆင်းသဏ္ဌာန်ကို ဝင်းကြည်က မသိမသာ အကဲခတ်လိုက်မိပြန်သည်။

နော်အေမူ၏ အသားအရေမှာ ဆွတ်ဆွတ်ဖြူသော အသားမျိုး မဟုတ်၊ ဝင်းဝါနုထွေးသည့်၊ ပျော့ပျောင်းစိုပြည်သည့် အသားအရေမျိုး ဖြစ်သည်။ ဆံပင်ကို ပြုပြင်ခြင်းမရှိ။ သာမန်အားဖြင့် ထုံးထားသော်လည်း အတန်ငယ် ကျယ်ဝန်းသည်ဟုထင်ရသော နဖူးပြင်၌ ဆံစကလေးတွေ ဖားလျားကျနေကြသည်။ ဖျင်ကြမ်း အစိမ်းကွက်စိတ်စိတ် လက်ရှည်အင်္ကျီ ဝတ်ထားပြီး ရိုးရိုးကလေးနှင့် ယဉ်နေလေသည်။

နော်အေမူသည် လက်ဖက်ရည် ကရားနှင့် ထန်းလျက်ပန်းကန်ကို ချပေးကာ စာသင်ခန်းဘက်သို့ ပြန်လည်ထွက်ခွာသွားလေသည်။

"ကိုတင်သိန်း ပြောတာ အားလုံးမှန်တယ်ဗျ။ အခုတော့ ကျွန်တော် တော်တော်လေးသဘောပေါက်လာပြီလေ။ မှန်တဲ့ အလုပ်တစ်ခုကို လုပ်ရမှာ ဘာမှကြောက်စရာ မရှိဘူးလို့ ကျွန်တော် နားလည်လာတယ်။ ကျွန်တော့်ကို လူအများကြီးရှေ့မှာ ပါးရိုက်သွားတဲ့ အကောင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကောင်းကောင်းကြီး အကြောင်းပြလိုက်ရဦးမှာပေါ့ဗျာ။ လက်နက်ကိစ္စလည်း ဘာမှ ပူစရာမရှိတော့ဘူး။ ရန်သူ့လက်ထဲက လက်နက်ဟာ ကိုယ့်လက်နက်ပဲလို့ ကိုတင်သိန်းက ပြောတယ်ဗျ။ သူပြောတာ သေသေချာချာ စဉ်းစားကြည့်တော့ သိပ်ဟုတ်တယ်"

ထိုသို့ပြောရင်း စောကျော်သန်းက နှစ်သိမ့်စွာ ပြုံးနေသည်ကိုသာ ဝင်းကြည် တွေ့ရလေတော့သည်။

## အခန်း ၁၃

စာဖြူစုမှ ထွက်ခွာရသောနေ့ကို ဝင်းကြည်၏ တစ်သက်တာတွင် မေ့နိုင်ဖွယ် မရှိပါပြီ။

စာဖြူစုတွင် ရက်သတ္တတစ်ပတ်မျှ နေထိုင်ပြီးနောက် သူတို့အဖို့ ခရီးဆက်ကြရလေသည်။ ကိုတင်သိန်းက မလက်တိုသို့ ပြန်ကာ တိုးမြစ်ရိုးတစ်လျှောက်ရှိ ရွာစဉ်များသို့ သွားရန်၊ ဝင်းကြည်က စောကျော်သန်းနှင့်အတူ ဘုရားချောင်းဘက်သို့ ခရီးဆက်ရန်၊ ဦးစောချစ်နှင့် တိုင်ပင်ကာ ဆုံးဖြတ်လိုက်ကြသည်။

ကိုတင်သိန်းသည် တိုးမြစ်ရိုးတစ်လျှောက်ရှိ လှိုင်းတာ၊ ထနီး၊ မိချောင်းရဲ၊ သုံးခွ စသော ဗမာရွာများသို့ လည်းကောင်း၊ သုံကြိုင်၊ တာတပေါ၊ လေးအိမ်စု၊ ကဝက္ကင်း စသော ကရင်ရွာများသို့ လည်းကောင်း ခရီးဆက်မည်ဖြစ်လျက်၊ ဝင်းကြည်ကမူ စောကျော်သန်းကိုခေါ်ကာ မလက်တိုချောင်းဖျားရှိ ဘုရားချောင်းသို့ သွားရောက်ရမည် ဖြစ်လေသည်။ မအူပင်သို့ ဖေဖော်ဝါရီလဆန်း မတိုင်မီ ပြန်ရောက်ရန်လည်း ကိုတင်သိန်းက အချိန်းအချက် ပြုလိုက်သေးသည်။

နော်အေမူသည် ဝင်းကြည်နှင့်အတူ သူ့အစ်ကိုကို လိုက်လံပို့စွာ နှုတ်ဆက်၏။ ဝင်းကြည် အတွက် ဖျင်ကြမ်းအဖြူစဖြင့် လက်ကိုင်ပဝါတစ်ထည်ချုပ်ကာ လက်ဆောင်အဖြစ် ပေးလိုက်သေးသည်။ ဖြူစင်သော မေတ္တာတရား၏ သင်္ကေတပေလောဟု ဝင်းကြည်က မရဲတရဲ တွေးပါသည်။

"ဘုရားသခင်က စောင့်ရှောက်ပါစေ" ဟုလည်း နော်အေမူက ဆုတောင်းမေတ္တာ ပို့သလိုက်ပါသေးသည်။

"ဖူးခွား မာပါစေ" ဟု စောကျော်သန်း၏ အမေကလည်း ဆုတောင်းသည်။ ဖူးခွားမှာ 'သား' ဟု အဓိပ္ပာယ်ရကြောင်း စောကျော်သန်းက ရှင်းပြလေသည်။

သည်လိုနှင့်ပင် ဝင်းကြည်သည် စောကျော်သန်းနှင့်အတူ မလက်တိုချောင်းကလေးတိုင်း ဆန်တက်ခဲ့ရသည်။ စာဖြူစုရွာကလေးနှင့်အတူ ဦးစောချစ်နှင့် အခြားသော ကရင်မိတ်ဆွေများ အထူးသဖြင့် နော်အေမူတို့ ကျန်ရစ်ခဲ့လေပြီ။

အထက်ဘက်သို့ ဆန်တက်လေလေ၊ ချောင်းရိုးသည် ကျဉ်းလာလေ ဖြစ်သည်။ ဒိုက်

www.burmeseclassic.com



တွေကို ထိုးဝါးဖြင့် ထိုးလိုက်၊ ကော်ထုတ်လိုက်၊ ယက်ဖယ်လိုက်လုပ်ကာ သွားရသည်။ နှစ်ယောက်စီး ဘောက်တူကလေး တစ်စီးစာပင် လွတ်လွတ်လပ်လပ် လှော်သွားစရာ လမ်းမရှိ အောက်အောင် ဒိုက်သရောများ ပိတ်ဆို့လျက်ရှိသည်။ သို့မို့ကြောင့်လည်း ဘောက်တူကို လှော်ရသည် မရှိ၊ ထိုးဝါးကို အားကိုးရသည်။ လှော်တက်ဖြင့် ဒိုက်သရောအုံတွေကို ခွဲထုတ်ရသည်။ ကြာလဲ့လဲ့ ဗေဒါပွင့်များသည် တစ်ချောင်းလုံး ဖွေးဖွေးလှုပ်နေကြ၏။ ချောင်းရေပြင်ကျယ်မှာကဲ့သို့ ထိုင်းကြက်ခွပ်ကလေးတွေကိုပင် မတွေ့ရ။

အများအားဖြင့် ရေစီးကြောင်းလည်း ပိတ်ဆို့နေတတ်သည်မို့ သွားရသော ခရီးမှာ နှောင့်နှေးရသည်။

သစ်ကြီးဝါးကြီးများ ပါးသည်ထက် ပါးလာသည်။ ကျူပင်၊ ကိုင်းပင်တွေကိုသာ ချောင်းရေစပ် တစ်ဖက်တစ်ချက်တွင် တွေ့ရသည်။ ရေစပ်စပ်မှ သုံးမြှောင့်ပင်များ၊ ခရာပင်များမှာ ဒိုက်သရောတွေ အကြားတွင် မလှုပ်သာ မလွန့်သာ ဖြစ်နေကြသည်။ မလက်တို ချောင်းဖျားကား သုံးမြှောင့်၊ ခရာ၊ ဆူးပဒေါင်း၊ ညံ၊ ဘုတ်တောင် စသော မြက်အမျိုးမျိုး၊ ကိုင်းအထွေထွေတို့ဖြင့် မြိုင်းတီးသော ဒေသတည်း။

ချောင်းရေအလျဉ်သည် ဒိုက်သရောများကို ထိုးဖောက်စီးဆင်းရန် ကြိုးပမ်းနေဟန်တူပေ၏။ အုပ်ဖွဲ့ သင်းဖွဲ့ကာ အမြစ်ချင်းတွဲ၊ ကိုယ်ချင်းဆက်လျက် ကြဲ့ကြဲ့ခံနေကြသော ဒိုက်များနှင့် ဤချောင်းရေ အလျဉ်တို့ အားချင်းယှဉ်ပြိုင် အနိုင်စစ်ခင်းနေကြသလား ထင်ရသည်။ သို့ရာတွင် ဒိုက်သရောတွေက ထုထည်ကြီးသည်။ အပင်ကလေး တစ်ပင်စ၊ နှစ်ပင်စ ပေါင်းယှက်မိသည်နှင့် တစ်ပြိုင်နက် အမြစ်ချင်းဆက်၊ အပင်ချင်းယှက်ကာ အသိုက်အအုံဖွဲ့၍ ရေအလျဉ်ကို ပိတ်ဆို့ထားသည်။ ကမ်းစပ်နှင့် ချောင်းရေစပ်တွင်မူကား အရှိင်းအစိုင်း ကိုင်းပင်များသည် စစ်ခင်းနေသော ချောင်းရေပြင် ရှုခင်းကို စိတ်ပျက်အားငယ်စွာ ငေးမျှော်၍သာ ကြည့်နေကြဘိသို့ ရှိသည်။

တစ်ခါတစ်ရံ မယ်ညိုတစ်အုပ်သည် ဟိုမှ သည်မှ ရွေ့လျားပျံသန်းရင်း ဆင်းသက်နားနေရန် နေရာကို ရှာဖွေနေတတ်ကြ၏။ ရေအရှိင်းကို ခုံမင်သော ဒုံးစပ်နှင့် ခရုစုပ်ငှက်တို့ကိုလည်း ကြိုးတကျဲ တွေ့ရတတ်ပါသေးသည်။

ဤရေနှင့် ဤမြေဝန်းကျင်တွင် ဝင်းကြည်ထက် ပို၍ နေသားကျ ကျင်လည်သူမှာ စောဘော့သန်း ဖြစ်သည်။ ဒိုက်သရောကို တက်စောင်းဖြင့် ထိုးခွဲရင်း ဒိုက်ပေါ်၌ ခွေနေတတ်သည့် ရေမြွေကလေးတွေကိုပါ သူက ရန်စလေ့ ရှိသေးသည်။

ဘုရားချောင်းဘက်သို့ အရောက်တွင် ချောင်းရေပြင်သည် အတန်ငယ် ကျယ်ဝန်း ပြန့်ပြူးသော၏။ ပေါက်ပန်းနီပင်များ၊ ကုက္ကိုနှင့် သရက်ပင်များကိုလည်း တွေ့လာရသည်။ မလက်တိုချောင်းသည် ဘုရားချောင်းအင်း၌ အစပြု မြစ်ဖျားခံလေသည်။ ဘုရားချောင်းအင်းကား အတန်အသင့် ကြီးမားသော အင်း ဖြစ်သည်။ မြင်းဝင်းနှင့် ဗုံလုံကြီးတွေ၊ ယင်းတွေကို အစီအရီ တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ တွင်းပိုင်ကို ပသသော တိုင်များ၌ ရှုံဖြူ ရှုံနီစတွေ တလူလူ လွင့်ပျံလျက်ရှိသည်။ ဘုရားချောင်းအင်းကို အမှီပြုကာ တည်ရှိနေသော ဤရွာကား ဘုရားချောင်းရွာပေတည်း။

ချောင်းထိပ်ရှိ တဲကြီးတစ်လုံး၏ ရေစင်တွင် ဘောက်တူကလေးကို ထိုးကပ်လိုက်သည်။ စောကျော်သန်းက ရှေ့မှ တက်သွားရာ ဝင်းကြည်သည်လည်း တက်လိုက်သွား၏။ ရေစင်ကို ဖြတ်၍ တဲကြီးအတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အသားအရေ နက်ကျောကျော၊ ခန္ဓာကိုယ် တုတ်ခိုင်ခိုင်ရှိသည့် လူကြီးတစ်ယောက်နှင့် တွေ့ကြရသည်။

"စောကျော်သန်းလားဟေ့။ ဘာကိစ္စများပါလိမ့်။ လာလကွာ အထဲကို"

စောကျော်သန်းနှင့် ဝင်းကြည်သည် တဲကြီးအတွင်းသို့ ဝင်လာခဲ့၏။ တဲအတွင်း၌ကား အပြင်ဘက်မှ အလင်းရောင် အတန်အသင့်သာ ဝင်နိုင်သဖြင့် မည်းမှောင်လျက်ရှိသည်။ အတန်ကြာမှပင် မျက်စိကျင့်သားရလာသည်။

"ဟုတ်ကဲ့ ဘကြီးညို"

စောကျော်သန်းက ပြန်ပြောရင်း အဆိုပါလူကြီး၏ ရှေ့နားတွင် ထိုင်လိုက်ရာ ဝင်းကြည်ကပါ လိုက်ထိုင်မိလေသည်။

လူကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီ ထင်ရသည်။ အသားမည်းပြီး မေးရိုး ကားသည်။ ခန္ဓာကိုယ်ပြားသည်ဟု ဆိုနိုင်သော်လည်း ကြွက်သား အစိုင်အခဲများ အလိပ်လိုက်ထကာ တောင့်တင်း သန်စွမ်းလေသည်။ ဒှျောင်ကို လက်ယာဘက် ချိုင်းတွင် တစ်ပတ်လျှို ထုံးထားသည်။ သူ့မျက်နှာမှာ အရုပ်ဆိုးလှသည်ဟု ထင်စရာရှိသော်လည်း လူဖြောင့်စိတ်တို အစားထဲက ဖြစ်ကြောင်း သိသိသာသာ ဖော်ပြလျက် ရှိသည်။

"ဆိုစမ်းဟေ့။ ဗုံမဆင့် ဆိုင်းမဆင့် ရောက်လာလိုက်တာ ဘာများ ကိစ္စပေါ်ပြန်ပလဲကွ"

ဘကြီးညိုက ထပ်မေးလိုက်၏။ ဘကြီးညို၏ အသံမှာ ပြတ်သားရှင်းလင်းသည်။ မာကျောကျစ်လျစ်သည်။

စောကျော်သန်းက မည်သို့မျှမပြောဘဲ သူကြီး ဦးစောချစ် ရေးပေးလိုက်သော စာကို ဘကြီးညို လက်သို့ လှမ်းပေးလိုက်၏။ ဘကြီးညိုသည် စာကို ဖျော့တော့သော အလင်းရောင် အောက်၌ပင် ဖြန့်ကာ ဖတ်နေသည်။ စာဖတ်မမြန်လှဟု ဝင်းကြည်က ထင်မိသည်။ ဘကြီးညိုကား စာကို နှစ်ခေါက်ခန့် ပြန်ဖတ်ပြီးမှ

"အေးလေကွာ၊ အရေးကြီးတဲ့ကိစ္စဆိုတာ ငါ ရိပ်မိသားပဲဟေ့။ ဟေ့ နေစမ်းပါဦး၊ မေ... ဝင်းကြည် ဆိုတာ မင်းလား။ စောချစ်စာထဲမှာ ပါတယ်။ မင်းက ထွန်းတင်ရဲ့သား... ဟု ဝင်းကြည်ကို ကြည့်ကာ မေးလေသည်။

"ဟုတ်ပါတယ် ဘကြီး။ ကျွန်တော် ဦးထွန်းတင်ရဲ့သားပါ"

"အောင်မာ၊ တကယ့် လူပျိုဖားဖားကြီးကို ဖြစ်လို့ပါလား။ အေး... မင်းအဖေနဲ့ ငါက...

www.burmeseclassic.com



ဆယ်ငယ်တုန်းက ဟောဒီအင်းမှာ ငတ်အတူ ပြတ်အတူ လုပ်ခဲ့ရတာကွ။ အခုတော့ မင်းအဖေက မြို့မှာ လူတစ်လုံး သူတစ်လုံး ဖြစ်နေပြီး၊ ငါပဲ ဒီအင်းနဲ့ အရိုးထုတ်ရတော့မလို ဖြစ်နေတယ်ဟော့။ ဟား ဟား"

ဘကြီးညို၏ ရယ်သံသည် ကြီးမား ကျယ်ဝန်းသော တဲကြီးအတွင်း ပဲ့တင်ထပ်လျက် ရှိလေ၏။ ပါးစောင်၌ ငုံထားသော ဆေးနံ့သည် စကားပြောလိုက်တိုင်း တထောင်းထောင်း ထိုးထွက်နေ၏။

"မင်းအဖေက သောက်ကျိုးနည်း ကြိုးစားတဲ့လူကွ၊ ကြားလား။ ဝီရိယလည်းရှိ၊ ကြိုးစားလည်း ကြိုးစားဆိုတော့ ဒီလို တောသားစစ်စစ်က မြို့တက်ပြီး ဟန်ကျပန်ကျ ဖြစ်သွားတာကွ။ မင်းက သားအကြီးဆုံးလား"

"ကျွန်တော့်ထက်အကြီး ယောကျာ်းတစ်ယောက်၊ မိန်းကလေးတစ်ယောက် ရှိပါတယ်။ ကျွန်တော့်အောက်မှာ မိန်းကလေးတစ်ယောက် ရှိသေးတယ် ဘကြီးညို"

"အင်း အင်း၊ ထွန်းတင် ထွန်းတင်။ ငါ့သူငယ်ချင်း သားတွေ သမီးတွေတောင် ကြီးလှပြီ။ ဟဲ မင်းတို့ ဒီမှာ ကြိုက်သလောက်နေကွာ၊ ကြားလား။ ငါ့အိမ်ဟာ မင်းတို့အိမ်ပဲဟော့။ ကဲကဲ၊ ရေမိုးချိုး ခဏနားကြကွာ။ ပြီးတော့ အေးအေးဆေးဆေး စကားလေး ဘာလေး ပြောကြရအောင်"

ဘကြီးညို ပြောသည့်အတိုင်း ဝင်းကြည်နှင့် စောကျော်သန်းသည် ရေမိုးချိုးကာ ခေတ္တ အနားနေကြပြီးနောက် ညနေစောင်းတွင် တဲရှေ့ ဝရန်တာ၌ ဘကြီးညိုနှင့် စကားလက်ဆုံ ကျကြလေသည်။

တဲနှင့် ချောင်းရေပြင်ကို ဆက်စပ်ပေးထားသော ရေစင်သည် ချောင်းရေမျက်နှာပြင်၌ အညီတည်းခန့် ရှိသော်ငြားလည်း တဲသည် ရေစင်ထက် ပို၍မြင့်၏။ မိုးရေ တက်ရေ ဖွေးဖွေးလျှပ်သော ကာလများ၌ ရေလွတ်အောင် တဲကို မြှင့်ဆောက်ထားခြင်း ဖြစ်ဟန်တူသည်။

တဲ၏ ဝရန်တာမှနေ၍ကြည့်သော် ချောင်းရေပြင်ကို လည်းကောင်း၊ အနီးအနား ပတ်ဝန်း ကျင်တစ်ဝိုက်ကို လည်းကောင်း ကောင်းစွာ ဆီး၍မြင်နိုင်လေသည်။

စိမ်းလဲ့သော ချောင်းရေပြင်တွင် ဒိုက်သရောများ မရှိတော့ဘဲ တစ်ခါတစ်ရံ ရေစုန်မျှောဆင်း လာသည့် ဗေဒါအချို့ကိုသာ တွေ့ရသည်။ ဝရန်တာအောက်ဘက်နား ချောင်းကမ်းစပ် မြေကြီး ပေါ်၌ကား မြေကို မမြင်ရ။ မြက်ရှည်များ၊ သုံးမြှောင့်မြက်များ ထူထပ်စွာ ပေါက်ရောက်နေကြခြင်း ကြောင့် ဖြစ်သည်။ မြက်ရှည်နှင့် သုံးမြှောင့်မြက်များပေါ်တွင် တလွန့်လွန့် ကူးလူးသွားလာ ဆော့ကစားနေကြသော မြွေစိမ်းမြီးခြောက် အချို့ကိုလည်း တွေ့ရသေးသည်။

မြွေစိမ်းမြီးခြောက်ကလေးများ၏ သေးသွယ်ဖျတ်လတ်သော ခန္ဓာကိုယ်၏ အစိမ်းရောင်မှာ သာမန်အစိမ်း မဟုတ်။ ကြောက်မက်ဖွယ်ကောင်းလောက်အောင် စိမ်းသော တကယ့်အစိမ်း ဖြစ်သည်။ သွေ့ခြောက်သော်လည်း နက်ရှိုင်းထင်ရှားသော အစိမ်း ဖြစ်သည်။ မြက်စိမ်းတို့ဘက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ပို၍ ထင်ရှားသော အစိမ်းရောင် ဖြစ်သည်။ မြွေစိမ်းမြီးခြောက်ကလေးများသည် တောက်ပြောင်သော မျောက်သတ္တဝါငယ်များသဖွယ် မြက်ရိုင်းများ၏ ထိပ်ဖျားတွင် ဟိုမှ သည်မှ ကူးလူးပြေးလွှားလျက် ရှိကြသည်။

"ကဲဟော့၊ မင့်အဖေက ဘာတွေမှာလိုက်တယ် ဆိုတာသာပြော။ စောချစ်ရဲ့ စာထဲမှာတော့ မင့်အဖေက ခိုင်းလိုက်တာတွေ ပါတယ်လို့ ရေးထားတယ်။ အဲဒါ ဘာလုပ်ပေးရမလဲ။ သူက ဘာလုပ်ချင်သတဲ့လဲ"

ဘကြီးညိုက ဝင်းကြည်ကို လှမ်းမေးလိုက်၏။

"ဟုတ်ကဲ့ ဘကြီးညို၊ ဦးစောချစ် စာထဲမှာ ပါတဲ့အတိုင်းပါပဲ။ အဖေက မှာလိုက်တာတွေ ရှိပါတယ်။ တိုတိုနဲ့ လိုရင်း ပြောရမယ်ဆိုရင်"

"အေးလကွာ၊ တိုတိုနဲ့ လိုရင်းပေါ့။ သူနဲ့ ငါနဲ့က ညီအစ်ကိုမက ခင်ကြတာပဲ"

"ဟုတ်ပါတယ် ဘကြီးညို။ အဖေက ကျွန်တော့်ကို ဒီဘက်လွှတ်လိုက်တဲ့ ကိစ္စက သိပ်အရေးကြီးပါတယ်။ ဒီလိုပါ။ ဂျပန်တွေကို ခံချဖို့ အဖေတို့ စီစဉ်နေပါတယ် ဘကြီးညို"

"ဟေ၊ ဟုတ်လားကွ။ ချဆိုလည်း ချတာပေါ့လကွာ။ ဘယ်တော့ချရမလဲ"

ဘကြီးညို၏ မျက်နှာမှာ စိတ်အားထက်သန်ခြင်း အရိပ်အယောင်များ လွှမ်းလာသည်။ သို့ရာတွင် 'ဂျပန်တွေကို ခံချတော့မယ်' ဟူသော သတင်းစကားနှင့် စပ်လျဉ်း၍ကား ထူးထူးခြားခြား လှုပ်ရှားပုံမရ။ ထမင်းစား၊ ရေသောက် သာမန်ကိစ္စ သဘောမျှသာ သဘောထားကြောင်း ဘကြီးညို၏ အမူအရာက သက်သေပြလျက် ရှိလေသည်။

"တကယ်တမ်း ထချဖို့ အချိန်းအချက်ကို အဖေတို့က အကြောင်းကြားပါလိမ့်မယ်။ အခု အဲဒီလို အချိန်မရောက်ခင် မအူပင် မြို့နယ်ထဲက အရေးပါတဲ့ ရွာတွေအားလုံးလိုလိုမှာ ဒီလို ထချနိုင်အောင် အသင့်ပြင်ဆင်ထားနေကြပါတယ်။ ဘကြီးညိုတို့ အင်းကနေပြီး ကွင်းရိုးကိုဖြတ်ရင် မိုးမခအထိ ပေါက်နိုင်တယ်ဆိုတော့ ဒီရွာမှာ အစစအရာရာ ပြင်ဆင်ထားဖို့ အဖေက လွှတ်လိုက်တာပါပဲ။ စိတ်ချယုံကြည်ရတဲ့ လူတွေ ရွေးချယ်ထားဖို့၊ လက်နက်လေး ဘာလေး အသင့် စုဆောင်းထားဖို့ပေါ့ ဘကြီးညို"

ဘကြီးညိုသည် ငုံထားသော ဆေးကို ပါးစောင်တွင်မြှုပ်ကာ တစ်ချက်မျှ တွေဝေသွားလိုက်၏။

"မင့်အဖေကတော့ တကယ့်လူပဲဟေ့။ ဟိုတုန်းကလည်း မျက်နှာဖြူတွေကို ချရမယ်၊ မင်း အသင့်ပြင်ထား၊ မင်း လူတွေကို စုထား ဆိုလို့ ငါ့မှာ လုပ်လိုက်ရတာကွာ။ ငှက်ကြီးတောင် ဓားကို တမြမြသွေးလို့ပေါ့။ မျောက်ဖြူတွေက တို့ဘက်ကို တစ်ကောင်မှ ရောက်မလာဘူးကွ။ ဘုရားချောင်း အင်းရေပြင်မှာ မျောက်ဖြူသွေးနဲ့ ချင်းချင်းနီရောလို့ မှတ်လိုက်တာ။ တစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



တလေကိုမှ စားမစမ်းလိုက်ရဘူး။ အခုလည်း ဒီဂျပန်ကောင်တွေကို ချရဦးမတဲ့လား။ ဒီမှာ မောင်ဝင်းကြည်"

ဘကြီးညိုကို ဝင်းကြည်က လှမ်းကြည့်လိုက်၏။ မွဲခြောက်သော ဘကြီးညို၏ မျက်နှာ၌ ထူးဆန်းသည့် အရောင်များ ယှက်သန်းနေသည်ဟု ထင်ရသည်။

"ဒီကောင်တွေကို တွယ်ချင်တာ ကြာလှပြီကွ။ ဘုရားချောင်းကို ဒီကောင်တွေ တစ်နှစ်သုံးလေးခေါက်လောက် လာလာပြီး ဒုက္ခပေးနေတာ။ မနှစ်ကဆို ခွဲထားတဲ့ ငါးခြောက်တွေနဲ့ ငါးဆားနယ်တွေကို သမ္ဗန်တစ်စင်းအပြည့် တိုက်ယူသွားတယ်။ ငါ့ကိုတောင် ခံတန်တန် လုပ်ရကောင်းလားဆိုပြီး ပါးတစ်ချက် ရိုက်သွားသေးသဟေ့။ အဲဒီတုန်းက သူတို့က လက်နက်အစုံနဲ့ ချုပ်ဖွဲ့လာလို့ပေါ့ကွာ။ သုံးလေးယောက်လောက်သာလာရင် ငါ့အင်းဟာ ဒင်းတို့သင်္ချိုင်း ဖြစ်နေတာကြာပြီ။ တောက်"

ဘကြီးညို၏ တောက်ခံသံမှာ ကျယ်လောင်လွန်းလှသည်။ ဒေါသမီးလျှံများ တငြီးငြီး တောက်လောင်နေသည့် အတွင်းစိတ်ကို ဒိုးဒိုးဒေါက်ဒေါက် ဖော်ပြလိုက်ဟန်တူသည်။

"အဲဒီလို မတရား နှိပ်စက်ညှဉ်းပန်းမှုတွေကို မြို့တိုင်း၊ ရွာတိုင်း၊ လူတိုင်း ခံနေကြရတယ် ဘကြီးညို။ ကျွန်တော်တို့ လူမျိုးတွေကို စိတ်ထင်တိုင်း သတ်တယ်။ ကျွန်တော်တို့ ပစ္စည်းတွေကို လုယက်တယ်။ ဒါကို လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး။ အဲဒါကြောင့် ရရာလက်နက်နဲ့ ထချကြဖို့ စီစဉ်နေကြတာပါပဲ"

"ကောင်းလှပါပေရဲ့ ငါ့တူရာ၊ ကောင်းလှပါပေရဲ့။ ငါ့ဘက်ကတော့ စိတ်သာချဟေ့။ မိုးမခအင်းအထိ တက်ဆော်ဖို့လိုရင်လည်း ဆော်ပလိုက်မယ်။ မိုးမခအင်းရေပြင်ကြီးမယ် ဒင်းတို့ ခြေပေါ်က်မရှိ ဖြစ်စေမယ်"

"ဟုတ်ပါတယ် ဘကြီးညို။ လိုအပ်သလိုတော့ လုပ်သွားကြမှာပါပဲ။ အခုလောလောဆယ် ဂျပန်ကို ကျွန်တော်တို့ ဒီအတိုင်း ကြည့်နေလို့ မဖြစ်တော့ဘူး။ ထချကြရတော့မယ် ဆိုတာကို သဘောပေါက်ဖို့ရယ်၊ လူနဲ့ လက်နက် စုထားဖို့ရယ် အဓေက မှာလိုက်တာပါပဲ ခင်ဗျာ"

ဘကြီးညိုသည် ငုံထားသော ဆေးဖတ်ကို ထွေးထုတ်လိုက်ပြီးနောက် ကွမ်းအစ်အတွင်းမှ ဆေးရွက်ကို ဆုတ်ဖြဲကာ လက်ဖဝါးပေါ်တွင် လုံးချေပြီးနောက် ပါးစောင်ထဲသို့ ထပ်သွင်းလိုက်ပြန်၏။

"လူကတော့ ထားပါလေကွာ။ ငါ့တုံး တစ်ချက်ခေါက်လိုက်ရင် တစ်အင်းလုံး ရှိသမျှကောင်တွေ ရောက်လာမှာကိုး။ လက်နက်၊ လက်နက်ကိစ္စ။ အင်း၊ လက်နက်ကတော့ ရတန်သလောက် စုရတာပေါ့လေ။ အခုက ရှိနေတာတော့ ဆောင်ဓားနဲ့ မိန်းပဲကွ။ အဲဒီ ဆောင်ဓားနဲ့ မိန်းကို ပထမ အားကိုးရမှာပဲ။ အေးလေ၊ ဖြစ်ရမှာပေါ့။ ဒီအတွက် မင့်အဖေ ဘာမှ စိတ်ပူစရာ

www.burmeseclassic.com

www.burmeseclassic.com



မလိုအောင် ငါ ပြင်ထားမယ်ကွာ၊ ဟုတ်လား။ ဒါလောက်ဆို စိတ်ချရောပေါ့။ နို့ စောချစ်တို့ဘက်ကရော အစစအရာရာ အသင့်ဖြစ်ကြပလားဟေ့ စောကျော်သန်း"

"ပြင်ထားကြပါပြီ ဘကြီးညို။ ကျွန်တော်တို့ရွာကတော့ အသင့်ပဲ။ ထချဖို့သာ လိုတော့တာ" ဟု စောကျော်သန်းက ပြန်ဖြေလိုက်၏။ စောကျော်သန်းသည် ဘုရားချောင်းအင်းမှ ငါးကျချိန်များ၌ မလက်တို၊ ငါးရွဲများသို့ နဝလီ လိုက်ပို့ပေးလေ့ရှိသူဖြစ်ရာ ဘကြီးညိုနှင့် များစွာ ရင်းနှီးနေလေသည်။

"အေး၊ ဒါဖြင့် ငါတို့ ဘုရားချောင်းကလည်း ပြင်ထားရတာပကွာ ဟုတ်လား။ လုပ်ရမှာပေါ့။ မလုပ်လို့ ဘယ်ဖြစ်မလဲ။ ဘယ့်နှယ် မင်းမဲ့တိုင်းပြည် ကျနေတာပဲ။ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးပါဘူးကွာ။ ကမ္ဘာပျက်ထဲ လူလာဖြစ်ရတာ ကျနေတာပဲ။ ဒီအတိုင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ"

× × ×

နေ့၏အလင်းရောင်သည် တဖြည်းဖြည်း ဖျော့တော့လာလေ၏။ ချောင်းတစ်ဖက်ရှိ ကိုင်းတောများနှင့် ဟိုတစ်စု သည်တစ်စု ကျိုးတကျဲ ဖြစ်နေသော သစ်ပင်များပေါ်၌ မြူတွေ ယှက်ဆိုင်းနေကြသည်။

နေညိုစောင်းရိပ်ချိန်ပေတည်း။

ဝင်တော့မည့် ဆောင်းနေသည် ပုစွန်ဆီသွေးရောင်ခြည် ဝတ်ရုံဖြင့် ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံပွေ့ဖက်ထား၏။ ချောင်းရေပြင်၌ မြရောင်နှင့် ရွှေရောင်တို့ တွေ့ထိရိုက်ခတ်မိကြသည့် အခါတိုင်း အရောင်တလက်လက် တောက်ပနေတတ်သည်။

"ထွန်းတင်နဲ့ငါနဲ့ ဒီကို ရောက်လာကြတာကို ပြန်စဉ်းစားကြည့်ရင် ငါ့စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပဲ ထင်နေသေးတယ်ကွ"

ဘကြီးညိုက အတိတ်ကို သတိတရ ပြန်လည် တူးဖော်လေသည်။ ဘကြီးညို၏ မျက်စိအစုံသည် ချောင်းရေပြင်ကိုကျော်ကာ ကိုင်းပင်လယ်ပြင်ကြီး၏ ဟိုမှာဘက်မှ မိုးကုပ်စက်ဝိုင်းဆီသို့ စူးစိုက်လျက် ရှိလေသည်။

"သူက မင်းတို့ တိုးမြစ်ရိုးမှာရှိတဲ့ မိချောင်းရဲ့ရွာက မိချောင်းရဲသားကွ။ ပရိတ်ကြီးအထိ သင်ဖူးတဲ့လူ။ သူ့အဖေဟာ သဿမေဓခွန် မပေး၊ သီးထောက်ခတွေ မပေးလို့ ခဏခဏ အမှုဖြစ်၊ အဖမ်းခံရနဲ့ ဖြစ်နေတော့ သိပ်ဒုက္ခရောက်တာပေါ့ကွာ။ ငါကတော့ မွေးကတည်းက အင်းဖျား၊ ချောင်းဖျားမှာ မွေးလာတဲ့ကောင်ကွ။ တရော်ချောင်းဖျားမှာ ငါ့ကို မွေးတာ။ ဒါပေမဲ့ အရွယ်ရောက်လာတော့ မင့်အဖေနဲ့ မိုးမခအင်းကြီးမှာ စာရင်းငှား အတူတူဝင်လုပ်ရင်း သိကြခင်ကြတာ။ အဲဒီအချိန်ကစပြီး ဟောဒီ ဘုရားချောင်းအင်းကို တို့နှစ်ယောက် အတူတူ လာ စလုပ်ကြတဲ့အထိပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နေသည် အဝင်မြန်လှ၏။ နေဝင်ပြီ ဆိုသည်နှင့် တစ်ပြိုင်နက် အမှောင်တံတိုင်းကြီးက တစ်လောကလုံးကို ကာရံလိုက်လေသည်။ ခြင်များသည် တဝီဝီ အော်မြည်ကာ တပ်ချီလာကြ၏။ ဗုံနှင့် ဆုပ်ပက်သကဲ့သို့ အစုအပြုံလိုက် တိုးဝင်ကိုက်ခဲကြ၏။ ယင်းအခိုက် စာရင်းငှားအချို့ အင်းထဲက တက်လာကြသည်။

"သူကပဲ ငါ့ကို စာသင်ပေးတယ်ဟေ့။ အဲဒီတုန်းက ဒီဘုရားချောင်းအင်းဟာ အင်း မဟုတ်သေးဘူး။ ပုစွန်ဖောင်ချတာလောက်၊ စက ကွန်ပစ်တာလောက်ပဲ လုပ်ကိုင်စားနေကြရသေးတာ။ လှေဦးစိုရင် စိုသလို၊ လှေဦးခြောက်ရင် ခြောက်သလို တို့သူငယ်ချင်းနှစ်ယောက် နေခဲ့ကြရသကွ။ ဒီနေရာမှာတော့ ငါက သူ့ထက် နားလည်သဟေ့။ တံငါဆိုတာ လဆန်း၊ လဆုတ် ရေတက်ရေကျ နားလည်ရတယ်။ ဟောဒီချောင်းရိုးမှာ ရေတက်ချိန်၊ ရေစစ်ချိန် ဘယ်နေရာ ဘာငါးရှိမယ်ဆိုတာ တပ်အပ်ပြောနိုင်တဲ့အထိ ငါက ကျွမ်းနေတာကိုး။ တံငါသမားတွေမှာ 'ဟင်းစားသာပေး၊ ကွန်ချက် မပြနဲ့' လို့တောင် ဆိုရိုးစကား ရှိတယ်ကွ။ ဒါပေမဲ့ ငါက ထွန်းတင်ကိုတော့ ကွန်ချက်မှန်သမျှ အကုန်ပြတယ်။ သူက လယ်သမားဆိုတော့ လယ်အကြောင်းလောက် နားလည်လာတာကိုး။

"အဲဒီနောက် တို့ 'တဲ့ဆည်' ကလေးတစ်ခု စလုပ်တယ်။ ပင်ပန်းလိုက်တဲ့ ဖြစ်ခြင်းကွာ၊ ပြောပါနဲ့တော့။ ချောင်းရိုးကို ဂျမ်းတိုက်ပြီး ပါးစပ်ထဲက ချေးအန်မခန်း အလုပ်လုပ်ရတာကလား။ ဒါပေမဲ့ ပျော်သကွ၊ ကြားလား။ နောက်ကျတော့ တဲ့ဆည်တင် မကဘူး။ ဆောင်းလည်း အုပ်လိုက်သေး၊ မက်ကွန်လည်း ချလိုက်သေး။ ဒီချောင်းရိုးက ငါးသိပ်ပေါတာကွ။ ငါးရစ်တက်ချိန်ဆိုရင် တို့က ငါးကို မနိုင်တော့ဘူး။ ငါးက တို့ကို နိုင်ရော။ တို့ မဖမ်းနိုင်တော့ဘူး။ တောငါး အဆင်း ဆောင်းလာပလားဆို တောငါးတွေက အဆင်းများလွန်းလို့ ဘာလုပ်ရမှန်းတောင် မသိဘူး။ အဲဒီတုန်းကတော့ လူတွေကလည်း ငယ်၊ စီးပွားရေး အပေါက်အလမ်းကလည်း ခပ်တဲ့တဲ့ဆိုတော့ ဘာမှ ပူစရာ ပင်စရာ မတွေးကြဘူးကွ။ မင်း စဉ်းစားကြည့်လေ။ ချောင်းရိုးတစ်လျှောက် ဒိုက်ရှင်း ဒိုက်ထုတ်ပြီးလို့ ချောင်းရေစီး ဖြောင့်လာတာနဲ့ တစ်ပြိုင်နက် ရေဦးငါးတွေ ဆင်းတော့တာပဲ။ ရေဦးငါး ဆိုတာ ဈေးကောင်းတယ် မဟုတ်လား။ သူ့လောက် ဈေးမကောင်းတဲ့ တောငါးကျတော့ သောက်ကျိုးနည်း ဖမ်းလို့မနိုင်တော့ဘူးဟေ့"

အမှောင်သည် ပိုလို့သာ နက်ရှိုင်းလာ၏။ အမှောင်တွင်းမှ တိုးဝင်တိုက်ခတ်လာသော လေတွင် အအေးဓာတ်လည်း တစ်ပါတည်း လိုက်ပါလာသည်။

သစ်ကြီးဝါးကြီး နည်းပါးသောဒေသ ဖြစ်သဖြင့် ဤနေရာတွင် မိုးကောင်းကင်မှာ ပို၍ ကျယ်ဝန်းပြန့်ပြူးလျက်ရှိသည်။ ကြယ်ပြောက်ကလေးများသည် အသွေးကျသော စိန်ပွင့်၊ စိန်မှုန် များသဖွယ် တလက်လက် တောက်ပနေကြ၏။ ကိုင်းတောများ အကြား၌မူ ပိုးစုန်းကြူးကလေး များ၏ ပဋ္ဌလက်ဆန်သော မှိတ်ချည် လင်းချည် အလင်းရောင် အစအနများကို ... အပြား

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေရ၏။ မြူဆိုင်းသော ချောင်းရေပြင်ကား တစ်ခါတစ်ရံ ငါးပွက်သံ၊ ပလုံစီသံတို့ ပေါ်ထွက်လာတတ်သည်မှအပ အသံဗလံဟူ၍ အလျှင်းမရှိဘဲ တိတ်ဆိတ်နေလေသည်။

ဘကြီးညိုသည် ရှေးဟောင်း နှောင်းဖြစ်တွေကို တစ်ခုပြီးတစ်ခု အလျှဉ်းသင့်သလို သတိရလာသည့်အတိုင်း ဆက်ပြောနေပြန်၏။ စောကျော်သန်းရော ဝင်းကြည်ပါ ခရီးပန်းလာကြသည် မှန်သော်လည်း ဘကြီးညို၏စကား၌ စိတ်ဝင်စားလွန်းသည့်အတွက် အိပ်ချင်စိတ် မရှိကြသေးချေ။

"တစ်ခါက မင့်အဖေဟာ ငါ့အသက်ကို ကယ်ဖူးသကွ။ ဒီချောင်းကိုရောက်စ၊ ငွေစကြေးစကလည်း ခပ်ပြတ်ပြတ်ဆိုတော့ တို့နှစ်ယောက် ဂယက် လိုက်ပက်ကြရတယ်။ ဂယက်ဆိုတာမျိုးက ခက်သားလားကွ။ ချောင်းဖျားတစ်လျှောက် ရေစစ်ချိန်မှာ လက်နှိုက်တွင်းတွေလိုက်တူးထားပြီး ချောင်းရေတက်တော့ တောငါးလေး ဘာလေးက ဝင်ခိုရော၊ အဲဒီလို ဝင်ခိုတဲ့ငါးဟာ နောက်တစ်ခါ ချောင်းရေပြန်စစ်တော့ တွင်းတွေရဲ့ နုန်းထဲ ဗွက်ထဲမှာ ကျန်ရစ်နေတာကိုလိုက်ကောက်ရတာမျိုးကိုး။ အဲဒီတော့ သူ့ဂယက် ငါ့ဂယက်၊ သူ့နေရာ ငါ့နေရာနဲ့ သိပ်အငြင်းပွားကြရတာကွ။ တို့ ဒီဘက်ဆီမှာ ချောင်းဖျားက ဂယက် လုပက်လို့၊ ပုစွန်တန်း လုချလို့ ခဏခဏ သွေးရဲရဲ သံရဲရဲ ဖြစ်ကြရတယ်။ တစ်ဖက်နဲ့တစ်ဖက် အုပ်ဖွဲ့ပြီး သတ်ကြမလား သတ်ကြရဲ့။ တစ်ယောက်ချင်း လုရာက သတ်ကြမလား သတ်ကြရဲ့။ အဲ တစ်နေ့တော့ တို့လည်း တို့ဂယက်ပက်ကြစို့ ဆိုပြီး ချောင်းဖျားကို နှစ်ယောက်သား တက်သွားကြရော။

"မိုးဦးကျ လေဦးကျမို့ မိုးရော လေရော သိပ်ကြီးနေတဲ့အချိန်ဆိုတော့ ဘောက်တူ လှော်ရတာ ရှေ့ဝါးနှစ်ရိုက်လောက်ကိုတောင် မမြင်ရဘူး။ အဲဒီလိုနဲ့ လာလိုက်ကြတာ ချောင်းဖျားရောက်လို့ ရိုးနားလည်းကပ်မိရော ဗြုန်းဆို ဘောက်တူတစ်စင်း ထွက်လာရော၊ လူသုံးယောက်ပါတယ်ကွ။ တို့ကို သူတို့ဂယက် ခိုးပက်ရကောင်းလားဆိုပြီး သတ်မယ် ခုတ်မယ် တကဲကဲနဲ့လုပ်လို့ပေါ့။ တို့ကလည်း ရှင်းပြတယ်။ ကိုယ့်ဂယက် ကိုယ်ပက်တဲ့ အကြောင်းပေါ့လေ။ ဒါပေမဲ့ မရဘူးဟေ့။ ဘောက်တူဦးက ကောင်က ဘာမပြော ညာမပြောနဲ့ ငါ့ကို ဆောင်ဓားနဲ့ လှမ်းခုတ်လိုက်တယ်။ သူ့ဓားသွား ဖွေးခနဲလည်းမြင်ရော ငါက ခေါင်းကို ဘောက်တူကပ်နားအထိ ဝပ်ပြီး ရှောင်လိုက်တာ ငါ့သျှောင်ဟာ သူ့ဓားသွားမှာ ပါသွားပြီ ထင်လိုက်ရတယ်။ ဒီခနဲ နေတာပဲ။ ဒါနဲ့ ငါကလည်း ချက်ချင်းပဲ ကပ်ကြားမှာ ချထားတဲ့ဓားနဲ့ လည်ကုပ်ကို ပိုင်းချလိုက်တယ်။ အဲဒီကောင်ဟာ အောင်မယ်လေးဗျဆိုပြီး ရေထဲ ထိုးကျသွားရော။ ချောင်းရေဟာ သွေးချင်းချင်းနီလို့ပေါ့ကွာ"

ဘကြီးညိုက ငုံဆေးနဲ့သင်းသော တံတွေးကို ပစ်ခနဲမြည်အောင် ထွေးလိုက်ပြန်၏။ ဒုတ်အတွင်း၌ ထွန်းထားသည့် ရေနံချေး မီးခွက်၏ နီကြင်ကြင် မီးရောင်အောက်၌ ဘကြီးညို၏မျက်နှာသည်လည်း နီကြင်ကြင် ဖြစ်နေသည်။ အရက်ပြင်း သောက်ထားသူပမာ ဘကြီးညို၏ မျက်နှာမှာ အစ်နေသည်။ စူးရှပြင်းထန်သော စိတ်ကြောင့်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းမှာပဲဟော့ ဘောက်တူ အလယ်က အကောင်က သုံးခွမိုန်းနဲ့ ထုတ်ပြီး ချိန်ထားလိုက်တယ်။ သူ့မိုန်းနဲ့များ ငါ့ကို ငါးမွေထိုး ထိုးသလို ထိုးချလိုက်ရင် ငါ့ဇလုပ်ဟာ ထုတ်ချင်း ခတ်သွားရင်လည်း ခတ်သွားမယ်၊ မိုန်းတန်းလန်းနဲ့ ပွဲချင်းပြီး သေမှာလည်း သေချာတယ်။ ဒီလိုဖြစ်နေတုန်း ထွန်းတင်က လက်ထဲမှာ ကိုင်ထားတဲ့ လှော်တက်ပြားနဲ့ ဟိုကောင်ရဲ့မျက်နှာကို ဝါးလုံးထိုး ပစ်ထိုးလိုက်တာ ဟိုကောင်ရဲ့ နှာနကို ထိုးမိပြီး မိုန်းတခြား လူတခြား ရေထဲကို ကျသွားရော။ ဒီကောင် ဘောက်တူစပ်ကို တွယ်ထားတုန်း ပဲ့က အကောင်က ဘောက်တူကို တစ်ဖက် 'မက်'ပြီး အတင်းလှော်ပြေးတာပဲ။ ငါက ဆက်လိုက်မယ် လုပ်သေးတယ်ကွ။ ဒါပေမဲ့ ထွန်းတင်က 'သူငယ်ချင်းရယ် တော်လောက်ပါပြီ' ဆိုတာနဲ့ အသာနေလိုက်ရတယ်။

"ထွန်းတင်ဟာ တော်တော်ထူးဆန်းတဲ့ ကောင်ပဲကွ။ ဘာဖြစ်လို့လဲ သိလား။ ငါ့ဓားချက်နဲ့ အသက်ထွက်သွားတဲ့ ဟိုအကောင်ရဲ့ အလောင်းကို မြေမြှုပ်ဖို့ လုပ်ပြန်တာကိုး။ ဒီမှာ တို့ချောင်းထဲ မြောင်းထဲမှာ ဒီလို ဂယက်လုပက်လို့၊ ပုစွန်တန်းလုချလို့ အို ကုန်ကုန်ပြောမကွာ၊ အင်းလုလုပ်လို့ သတ်ကြ၊ ဖြတ်ကြ၊ ထိုးကြ၊ ခုတ်ကြရင်း သေကြရတဲ့ အလောင်းတွေဟာ အဲဒီ ချောင်းတရိုးမှာ စီချည်ဆန်ချည် မျောနေကြရိုး ထုံးစံပဲကွ။ ဒါကို ထွန်းတင်က အဆန်းလုပ်ပြီး ဒီကောင့်အလောင်း ကျမှ မြေမြှုပ်ချင်တယ်တဲ့။ ငါကလည်း အင်မတန်ချစ်တဲ့သူငယ်ချင်း ဖြစ်နေတော့ မင့်သဘော ပေါ့ ပြောလိုက်ရတယ်။

"ချောင်းကမ်းစပ် နုန်းထဲမှာ စင်းစင်းကြီးသေနေတဲ့ အလောင်းကို တို့ရှာတွေ့တော့ ကိုင်းတောထဲ ဆွဲတင်ပြီး မြေမြှုပ်ကြတယ်ကွ။ ဘောက်တူမှာ အသင့်ပါလာတဲ့ တူရွင်းနှံပြားနဲ့ ထွန်းတင် တစ်လဲ ငါတစ်လဲ ကျင်းတူးပြီး မြှုပ်တာပဲ။ သေတဲ့ကောင်က တို့အရွယ်လောက်ပဲ ရှိမယ်။ ထွန်းတင်က ဒီကောင့်အလောင်းကို မြှုပ်ပြီး ပြန်လာတော့ ဘာပြောသလဲ သိလား၊ သူပြောတဲ့စကားကို ငါ့နားမှာ လတ်လတ်ဆတ်ဆတ် ကြားနေသေးတာ အခုအထိပဲ။ 'မောင်ညိုရော သူတို့လည်း တို့လို ငမွဲတွေပါကွာ' တဲ့။ ဒီစကားဟာ ငါ့ကို သတိပေးလိုက်သလိုပဲကွ။ အဲဒီ အချိန်ကစပြီး ဟောဒီအင်းကို ငါ ပိုင်လာတဲ့အချိန်အထိ စာရင်းငှားတွကို ငါ မျှမျှတတ ပေးတယ်။ အင်မတန် မိုက်ချင် ရက်စက်ချင်တဲ့ ငါ့ကို ထွန်းတင်က ဆုံးမသွားတာလေ"

ဘကြီးညိုသည် စကားကို အဆုံးသတ်သံ့ည့်အလား သက်ပြင်းရှည်တစ်ချက်ကို ဆွဲဆွဲငင်ငင် ချလိုက်လေ၏။

ရေနံချေး မီးခွက်၏ အလင်းရောင်အောက်၌ မထင်မရှား မြင်နေရသော ဘကြီးညို၏ မျက်နှာကို ဝင်းကြည်က စူးစိုက်၍ ကြည့်နေမိသည်။ ဘကြီးညို၏ အုံ့မှိုင်းရီဝေသော မျက်စိအစုံသည် အတိတ်တွင် ကျန်ရစ်လေပြီ ဖြစ်သဖြင့် မမြင်နိုင်လောက်အောင် ဝေးကွာသော ကမ္ဘာတစ်ခုဆီသို့ တရှု ငေးမျှော်နေသလား ထင်ရသည်။

အပလေမှာ အေးသည်ထက် အေးလာလေပြီ။ စောကျော်သန်းသည် ပုဆိုးကို ပခုံးနား

www.burmeseclassic.com

www.burmeseclassic.com



အထိ ခြုံထားလိုက်၏။ ဝင်းကြည်ကား တစ်ကိုယ်လုံးကို တိုးဝင် ကိုက်ခဲနေသော ခြင်များအား တဖတ်ဖတ် ရိုက်လျက်ရှိသည်။ ဘကြီးညိုသာလျှင် အအေးဒဏ်နှင့် ခြင်ဒဏ်ကို တူသားပေသား ကျနေသူပမာ မလှုပ်မရှားထိုင်ရင်း ဥပေက္ခာပြုကာ ငေးငိုင်နေလေ၏။

ဝရန်တာ အောက်ဘက် မြေကြီးဆီမှ လျှောခနဲ လျှောခနဲ မြည်အောင် မြက်ရိုင်းများ ပေါ်တွင် တိုးဝှေ့သွားလာနေကြသည့် အသံကို ကြားရသည်။ မြက်လျှောများ၊ ဆင်ပစ်မြွေများ သွားလာကူးသန်းနေကြခြင်းပင် ဖြစ်ပါလိမ့်မယ်။ တစ်ခါတစ်ရံ ရှီခနဲ မြည်သွားသည့် မြွေအော်သံ ကိုလည်း ကြားရတတ်သေးသည်။

"ကဲ၊ ငါ့စကားကလည်း ကောင်းသွားသကိုး။ မင်းတို့လည်း အိပ်ချင်ရောပေါ့။ အိပ်ကြ အိပ်ကြ။ ထွန်းတင်မှာတဲ့ ကိစ္စအားလုံးကို ငါ စီစဉ်ထားမယ်။ ဘာမှ ပူမနေနဲ့။ မနက်ကျတော့မှ အင်းထဲ ဆင်းကြသေးတာပေါ့ ဟုတ်လား"

ဘကြီးညိုက ထိုင်ကျန်ရစ်သော်လည်း စောကျော်သန်းနှင့် ဝင်းကြည်မှာ အိပ်ရာသို့ ဝင်ခဲ့ကြသည်။ ငါးပွက်သံ၊ ပလုံစီသံ၊ မြွေအော်သံတို့ကို နားထောင်ရင်း ခရီးပန်းလာပြီဖြစ်သော သူတို့ နှစ်ယောက်သည် များမကြာမီ တရှူးရှူးနှင့် အိပ်မောကျသွားလေတော့သည်။

× × ×

"အသာနေ၊ မလှုပ်နဲ့။ မီးအုပ်ဆောင်း ငြိမ်ငြိမ်ကိုင်ထားစမ်း"

စောကျော်သန်းက လှုပ်နှိုးလိုက်သဖြင့် ကမန်းကတန်း နိုးလာသော ဝင်းကြည်သည် နားထဲတွင် ကြားလိုက်ရသည့် စကားသံကြောင့် ငေါက်ခနဲ ထထိုင်ရင်း မျက်စိအစုံကို ပွတ်သပ် ကာ ကြည့်နေမိသည်။

"မလှုပ်နဲ့၊ အသာငြိမ်ငြိမ်နေ" ဟု စောကျော်သန်းက ဝင်းကြည်၏လက်ကို ကိုင်ထားရင်း ပြောလေသည်။ ဝင်းကြည်သည် အိပ်ချင်မူးတူးဖြင့် မှုန်ရီနေသော မျက်စိနှစ်ဖက်ကို အတင်း အားယူကာ အကဲခတ်လိုက်၏။

သူတို့ အိပ်ရာနံဘေးရှိ ထင်းရှူးသေတ္တာကြီးအနီးတွင် မြွေဟောက်တစ်ကောင်သည် တရှူးရှူး တရှဲရှဲဖြင့် ပါးပျဉ်းကြီးကို ငွားငွားစွင့်စွင့်ထောင်ကာ ဟိုယိမ်း သည်ယိုင် လုပ်နေ၏။ ဘကြီးညိုနှင့် သူ့စာရင်းငှား လေးယောက်သည် မလှမ်းမကမ်းမှနေ၍ မှိန်း ကိုယ်စီဖြင့် ဝိုင်းထား ကြ၏။ စာရင်းငှားတစ်ယောက်က အုပ်ဆောင်းတွင်း၌ ထည့်ထားသော ရေနံချေးမီးခွက်ကို မြွေ တည့်တည့်သို့ ထိုးပေးထားသည်။ အခြားတစ်ယောက်ကမူ ဝါးလုံးအစွန်တွင် သံပြားစ ညှပ်ထည့် ထားသည့် မီးကပ်ဖြင့် မြွေ၏ ဦးခေါင်းထက်ဆီမှ ချိန်၍ မိုးထားသည်။

ဝင်းကြည်သည် ကြက်သေ သေနေရာမှ သတိရလာသူအလား လှုပ်မည်ပြုတွင် စောကျော်သန်းက သူ့လက်ကို ဖိကိုင်ထားသည့်အတွက် မလှုပ်ဝံ့ဘဲ ငြိမ်ထိုင်ကာ မြွေဟောက်ဆီ သို့သာ မျက်တောင်မခတ် စိုက်ကြည့်နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြွေဟောက်မှာ လုံးပတ်ကြီးသလောက် ပါးပျဉ်းကလည်း ကြီးလှ၏။ ပါးပျဉ်းအောက်တွင် စိမ်းစိမ်းရွှေရွှေ အကွက်အရစ်တွေ အပြိုင်းပြိုင်းထလျက်ရှိပြီး သေးသေးမျှင်မျှင် ဖြစ်သော်လည်း ရှည်လျားသည့် လျှာကို အပြင်သို့ ထုတ်ထား၏။ ပါးပျဉ်းထောင်ရင်း ဟိုယိမ်းသည်ယိုင်ဖြင့် အမျက်ဒေါသ ယစ်မူးနေသူသဖွယ် ဤမြွေဟောက်ကြီးသည် ပြင်းထန်သည့် အဆိပ်များကို ထုတ်လွှတ်ရန်အတွက် မိမိတို့အား ခုန်အုပ်တော့မည့်အလား ဟန်တပြင်ပြင် ဖြစ်နေ၏။

"မလှုပ်နဲ့နော်၊ ငြိမ်ငြိမ်သာနေ။ ဘာမှ မကြောက်နဲ့"

ဘကြီးညိုက လှမ်းအော်ပြန်သည်။

ထို့ကြောင့် စောကျော်သန်းရော၊ ဝင်းကြည်ပါ မြွေဟောက်နှင့် တစ်လံခန့် အကွာတွင် ပါးပျဉ်းငေါက်တောက်ထကာ တရှူးရှူး တရားရှား လုပ်နေသော မြွေကြီးကို အသေလို ငြိမ်ရင်း ကြည့်နေကြရလေသည်။

ယင်းအခိုက် ဘကြီးညိုသည် သူ ကိုယ်ထားသော သုံးခွမိုန်းကို မြွေဟောက်၏ ပါးပျဉ်း တည့်တည့်ဆီသို့ ပို၍ တိုးကပ်ကာ ချိန်ရွယ်ထားလိုက်၏။

"မီးကပ်က ကိုယ်လုံးကို မလွတ်အောင် ရိုက်ဖိထားလိုက်နော်။ အုပ်ဆောင်းသမားက မီးကို ငြိမ်ငြိမ်သာ ထိုးထား။ မလှုပ်ကြနဲ့။ ငါက လုပ်ဆိုမှ လုပ်"

ဘကြီးညိုသည် တောအရာ၌ အလွန်ကျွမ်းကျင်သော မုဆိုးကြီးပမာ မြွေဟောက်ကြီးကို ရဲရဲတင်းတင်း စူးစိုက်ကြည့်ရင်း လိုအပ်သလို ပါးစပ်က တတွတ်တွတ် ညွှန်ကြားနေ၏။

ဘကြီးညိုက ရှေ့သို့ တိုးမှန်းမသိ တိုးလာလေလော ဝင်းကြည်မှာ အသက်ရှူနေသည် ကိုပင် သတိမရတော့လောက်အောင် မှင်တက်မိနေလေလေ ဖြစ်နေရသည်။ စောကျော်သန်းက ဖိကိုင်ထားသော မိမိ၏လက်ကပင် တုန်လေသလား၊ စောကျော်သန်း၏ လက်ကပင် တုန်လေ သလား မသိ သူတို့နှစ်ယောက်လုံး၏ လက်တွေမှာ နတ်ကျသလို တဆတ်ဆတ် တုန်နေလေ၏။

"ချ"

ဘကြီးညိုက 'ချ' ဟု အော်လိုက်သံနှင့်အတူ တဲတစ်တဲလုံး တုန်လှုပ်သွားသည်။ မီးကပ် သမားက မြွေဟောက်ကြီး၏ ရစ်ခွေနေသော ကိုယ်လုံးကို မီးကပ်ဖြင့် ဖိချလိုက်သည်။ ဘကြီးညို ၏ မိုန်းသုံးမြှောင့်သည် ပါးပျဉ်းအလယ်တည့်တည့်သို့ 'ရွှိ' ခနဲမြည်အောင် ထုတ်ချင်းခတ် ဝင်သွား သည်။ အခြား စာရင်းငှားတို့၏ မိုန်းများကလည်း မြွေကြီး၏ တစ်ကိုယ်လုံးကို ချွန်ထက်သော မိုန်းသွားများဖြင့် ထိုးစိုက်ထားလိုက်ကြသည်။ မြွေကြီးမှာ တော်တော်နှင့် မသေနိုင်ဘဲ တရှူးရှူး တရှဲရှဲဖြင့် အမျက်ဒေါသမာန် ခက်ထန်နေပြီးနောက် အတန်ကြာမှ တဖြည်းဖြည်း ပါးပျဉ်း အောက် ခိုက်၍ ကျသွားလေ၏။

ဘကြီးညိုသည် မြွေဟောက်၏ ပါးပျဉ်းတွင် တန်းလန်းစိုက်ဝင်နေသော မိုန်းကို စာရင်း

www.burmeseclassic.com

www.burmeseclassic.com



ငှား တစ်ယောက်ထံသို့ လှမ်းပေးလိုက်၏။ အဆိုပါ စာရင်းငှားက မိုန်းကို မ ယူသွားလေရာ သေနေပြီဖြစ်သော မြွေဟောက်ကြီးမှာ ဖားလျားပျော့ခွေကာ ပါသွားလေတော့သည်။

သည်တော့မှပင် စောကျော်သန်းနှင့် ဝင်းကြည်တို့သည် ပြိုင်တူလိုလို သက်ပြင်းမှုတ်ထုတ်လိုက်ကြ၏။ နာရီပေါင်းများစွာ အောင့်ထားရပြီးနောက် အားပါးတရ အသက်ရှူသွင်းကြသူများ ပမာတည်း။

"တော်တော် လန့်သွားကြပလားဟေ့"

သို့ကလိုမေးရင်း ဘကြီးညိုက သူတို့အပါးတွင် ဝင်ထိုင်လေသည်။

"လန့်တာမှ တော်တော်လန့်သွားတာပဲ ဘကြီးညို။ ဒီလောက် အဆိပ်ပြင်းတဲ့ မြွေတစ်ကောင်နဲ့ အခုလောက် နီးနီးနားနား တစ်ခါမှ မကပ်ခဲ့ဖူးဘူး"

ဝင်းကြည်က ယခုမှပင် ပြုံးနိုင် ရယ်နိုင် ရှိလာသည့်အလျောက် ပြုံးပြုံးပင် ပြောလိုက်လေ၏။ စောကျော်သန်းကလည်း

"ကျွန်တော်တောင် ဇာဒ္ဓေးကို ပြန်လာတာ ဘကြီးညိုရ။ မြွေဟောက်တွေ တွေ့ဖူးပါတယ်။ ဒါပေမဲ့ ဒီလောက်ကြီးတဲ့ မြွေကို မမြင်ဖူးသေးဘူး။ တကယ့်ကို ထွားတဲ့အကောင်ပဲ"

ဘကြီးညိုသည် ဝင်းကြည်နှင့် စောကျော်သန်းတို့၏အဖြစ်ကို ကြည့်ကာ ပြုံးနေလေ၏။ ထို့နောက် ဝင်းကြည်တို့ အိပ်ရာနံဘေးတွင် ထိုင်ချလိုက်ပြန်၏။

"မြွေကိစ္စကတော့ ဒီမှာ အထူးအဆန်း မဟုတ်တော့ဘူးကွ။ ထမင်းစား ရေသောက် ဖြစ်နေပြီ။ သောက်ကျိုးနည်း မြွေပေါတဲ့နေရာပဲဟေ့"

ဘကြီးညို၏ ပြောကြားချက်မှာ အလွန် မှန်ကန်လှလေသည်။ ညနေကပင်လျှင် တဲရှေ့ ဝရန်တာအောက်၌ မြွေစိမ်းမြီးခြောက်များ လမ်းသလား နေကြသည်ကို တွေ့ရပြီး မဟုတ်ပါလော။

"အိမ်ပေါ် တက်တက်လာတဲ့ကောင်တွေ မောင်းရ သတ်ရတာ ညတိုင်းလိုလိုပါပဲကွာ။ မြွေမျိုးကလည်း စုံပါဘိသနဲ့။ မြွေဟောက်၊ မြွေပွေး၊ စပါးကြီး၊ စပါးအုံး၊ ငန်းတော်ကျား။ အို စုံရော၊ စုံရော။ တစ်ခါတုန်းက ငန်းတော်ကျားတစ်ကောင် ငါ့အိပ်ရာဘေးမှာ ကပ်ပြီး ဘယ်အချိန်က ခွေနေမှန်းမသိဘူး။ မနက်မိုးလင်းမှပဲ တွေ့ရတော့တာပဲ။ ငန်းတော်ကျားကိုတော့ တို့က ဘာမှမလုပ်ဘူး။ သူက မြွေသူတော်ကောင်းကွ။ သူ့ကို ရန်မရှာရင် သူက ဘယ်တော့မှ ရန်မမူဘူး။ တချို့က ငန်းတော်ကျား အိမ်ပေါ်တက်လာရင် လာဘ်ကောင်းတယ်လို့တောင် အယူရှိကြသေး။ တစ်ခါတလေတော့ မောင်မင်းကြီးသားတွေက အိပ်ရာအောက်မှာ ဝင်ခွေနေလေရဲ့"

ဝင်းကြည်မှာ ဘကြီးညို၏ မြွေပုံပြင်များကို နားထောင်ရင်း ကျောစိမ့်နေမိသည်။ မိမိထက် စာလျှင် မြွေတော၊ ကင်းတော၌ အနေများသော စောကျော်သန်းပင်လျှင် ပါးစပ်အဟောင်းသား ငေးနေသည်ကိုလည်း သတိထားမိသည်။

ဘကြီးညိုက ညဥ့်နက်လာပြီ ဖြစ်သည့်အတွက် အိပ်စက်ရန် မှာကြားပြီးနောက် အိပ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသောအခါ စောကျော်သန်းနှင့် ဝင်းကြည်မှာ တော်တော်နှင့် အိပ်မပျော်ကြချေ။ အိပ်ရာအောက်၌ပင် ဝင်ခွေနေလေ့ရှိသော မြွေများကြောင့်လည်း ကျောပြင်မှာ စိမ့်နေသလား ထင်ရသည်။

မည်သည့်အချိန်ကျမှ အိပ်ပျော်သွားသည်ကိုကား မသိရ။ နံနက်လင်း၍ အိပ်ရာမှ နိုးလာသောအခါ အတန်ငယ် နေမြင့်လျက်ရှိသည်ကို တွေ့ရလေသည်။

မျက်နှာသစ်ပြီးနောက် ဘကြီးညို တည်ခင်းသော ကောက်ညှင်းငချိပ်ပေါင်းနှင့် ငါးခြောက်ဖုတ်ကို စားသောက်ကာ ဘကြီးညိုနှင့်အတူ ဘောက်တူတစ်စင်းဖြင့် အင်းထဲသို့ ထွက်ခဲ့ကြသည်။

"တစ်ရွာလုံးမှာ ကြည့်စရာဆိုလို့ ဒီအင်းပဲ ရှိတယ်။ အင်းကြောင့် ဒီရွာကလေးရယ်လို့ ရှိနေတာကွ။ ရွာကြောင့် အင်းရှိတာ မဟုတ်ဘူး" ဟု ဘကြီးညိုက ပြောလေသည်။ တကယ်ဆိုရလျှင် ဘကြီးညို၏စကားမှာ မှန်ကောင်း မှန်ပေလိမ့်မည်။ တစ်ရွာလုံး၌ အိမ်ခြေ အစိတ်ခန့်သာ ရှိမည်ထင်ရသည်။ တစ်အိမ်နှင့်တစ်အိမ် ကူးသန်းသွားလာရန်အတွက် အချို့နေရာများ၌ ဝါးပိုးတစ်လုံးထိုး တံတားများ ခင်းထားသည်မှအပ ရွာလမ်းဟူ၍ မရှိ။ တာရိုးလည်း မရှိ။

ဘောက်တူသည် ချောင်းမကြီး၏ ထိပ်ဝမှနေ၍ အင်းဘက်သို့ ချိုးဝင်လာ၏။

အင်းရေပြင်သည် မြသားလို စိမ်းညို့ကြည်လင်လျက် ရှိလေသည်။ ငါးဝင်ပေါက် လျှာခင်ထိပ်၌ အတန်ငယ် မြင့်မားသော ဝါးနက်တိုင် တစ်တိုင်ကို စိုက်ထူးထားသည်။ ကွင်းပိုင်ကိုသေထားသော အုန်းတစ်လုံးနှင့် ရှံဖြူစကလေး တစ်စကို ဝါးနက်တိုင်၏ ထိပ်တွင် ချိတ်ဆွဲထားသည်။ ကွင်းဘက်မှလာသော လေကြောင့် ရှံဖြူစသည် တဖျတ်ဖျတ် လှုပ်ရှား လွင့်ပျံလျက်ရှိလေသည်။

ဗုံလုံပေါ်တွင်မူ ရေမြွေတစ်ကောင်သည် တလူးလူး တလွန့်လွန့် ရွေ့လျားနေလေ၏။ သာမန်မြင်နေကျ ရေမြွေမျိုး မဟုတ်။ တောရိုင်း မြေရိုင်းတွင် မွေးဖွားကြီးပြင်းသည့် အတွက်လားတော့ မသိ၊ ဤရေမြွေမှာ ထွားကျိုင်းလှသည်။ နေရောင်ကြောင့် ရေမြွေ၏ တစ်ကိုယ်လုံးမှာ ပြောင်လက်နေလေသည်။

"ဘကြီးညိုနဲ့ အဖေ စလုပ်တာ ဒီကလား" ဟု ဝင်းကြည်က မေးလိုက်၏။

"ဒီ့ထက် အထက်ကျတယ်ကွ။ တို့ စလုပ်တုန်းက တဲဆည် ဆိုတာက စီးလာတဲ့ ချောင်းရေကို ရင်းတွေချ၊ ဆည်တည့်တည့်ကာပြီး ငါးဖမ်းတဲ့သဘောပဲ။ တကယ့်အင်း မဟုတ်ဘူး။ တကယ့်အင်းကျတော့ တို့ အင်းအခေါ်က မြင်းဝင်းလို့ခေါ်တယ်။ အခု ဒီအင်းမက မြင်းဝင်းပဲကွ။ ချောင်းကို အဝနားကနေ တစ်ခါတည်းပိတ်၊ ပိတ်လိုက်တဲ့ ချောင်းရဲ့ ဘယ်ဘက်၊ ညာဘက်မှာ ရင်းချပြီး 'ခုန်စင်' ဆိုတာ ဆောက်ပေးရတယ်။ ငါးက အဲဒီစင်ပေါ်ကို ခုန်ခုန်တက်တော့တာပဲ။ အတွင်းဘက်ကျတော့ ဝင်းမ၊ ဝင်းပြန်တို့၊ ဗုံလုံတို့ ချပေးထားရတယ်။ အတွင်းဘက် နည်းနည်းဝင်သွားတော့ ငါးချောင်းစင်ကို မင်း တွေ့ရလိမ့်ဦးမယ်။ ငါးအဆင်းအတက်ကို ငြိမ့်မြင်စကလေး

www.burmeseclassic.com



စောင့်ကြည့် အကဲခတ်ရတဲ့ စင်ပေ့ါ။ ခေါ်တော့ ငါးချောင်းစင်ပေါ့။ အင်းလုပ်ငန်း ဆိုတာကလည်း ရှုပ်သားလား"

အင်းအကြောင်းနှင့် ပတ်သက်၍ ဘကြီးညိုက ကရားမှ ရေလွှတ်သလို တတွတ်တွတ် ပြောနေစဉ် ဝင်းကြည်သည် အဖေ၏ ရုပ်ပုံလွှာကိုသာ ပြန်လည် မြင်ယောင်လျက် ရှိလေသည်။ အဖေကား ဤရေ ဤမြေတွင် ပင်ပန်းကြီးစွာ အသက်မွေးခဲ့ရလေသည်။ ချောင်းရိုးတစ်ဝိုက်လုံးတွင် အဖေ့ခြေရာ လက်ရာများဖြင့် ပြည့်လျှမ်းနေသည်။ ခက်ခဲကြမ်းတမ်းသော ဘဝ၌ အဖေ ကျင်လည်ခဲ့ရသည် စသော အတွေးများကသာလျှင် သူ့တစ်ကိုယ်လုံးကို ဖမ်းစားထားကြလေ၏။

ထိုအခိုက်မှာပင် ဘကြီးညို၏ စကားသံသည် ပေါ်ထွက်လာပြန်၏။

"ဒီလို ချောင်းရိုး၊ မြောင်းရိုးကို ဖြတ်ပြီး ရင်းချတာကို တချို့အရပ်တွေမှာတော့ ကျားကြီး ဆည် ခေါ်တယ်။ တချို့ကျတော့လည်း တောကျားဆည်၊ မိုးနှောင်းဆည် စသည်ဖြင့် အရပ်ဒေသ အလိုက် ခေါ်ကြတာပဲကွ။ ငါလည်း စုံအောင် မမှတ်မိတော့ဘူး။ အင်းဥပဒေတွေကလည်း စုံပါ ဘိကွာ။ အခု ကာထားတဲ့ ယင်းကို တွေ့တယ် မဟုတ်လား။ သူ့ဥပဒေအတိုင်းဆိုရင် အဲဒီယင်း ရက်ထားတဲ့ ဝါးချောင်းကလေးတွေဟာ တစ်ချောင်းနဲ့တစ်ချောင်း လက်မဝက်လောက် ကွာရမတဲ့။ တို့တောသားတွေကတော့ လက်သန်းဖျား မဝင့်တဝင်ဆိုရင် လက်မဝက်လို့ မှတ်ထားလိုက်တာပဲ"

"ဘာဖြစ်လို့ လက်မဝက် ခွာထားခိုင်းတာလဲ ဘကြီးညိုရဲ့"

ဝင်းကြည်က ဖြတ်မေးလိုက်၏။

"ဒီလိုလေကွာ။ ချောင်းရေစီးကြောင်းကို ပိတ်ပြီး ငါးဖမ်းတာဆိုတော့ ငါးပေါက်ကလေး တွေ ဝင်နိုင် ထွက်နိုင်အောင်လို့ပေါ့။ ငါးပေါက်တွေကို မဖမ်းရ၊ မသတ်ရ ဆိုတဲ့ စည်းကမ်းကလည်း ရှိသေးတယ်။ အင်းလုပ်ရတယ်ဆိုတာ မလွယ်ဘူးကွ။ မင့်အဖေ ကောင်းကောင်းသိတာပေါ့။ တို့မြစ်ဝကျွန်းပေါ်က ရေကျချိန်ကျတော့ မြစ်ညာမှာထက် နောက်ကျတယ်။ အဲဒီတော့ အထက်က တို့အောက်ထက် အင်းလုပ်ငန်းစချိန် စောတယ်။ ငါးပတ်တို့ ငါးမြင်းရင်းတို့က ရေကျတာနဲ့ တစ်ပြိုင်နက် ရေစီးကြောင်းအတိုင်း အောက်ကို စုန်ဆင်းလေ့ရှိကြတဲ့ ငါးမျိုးတွေကွ။ အဲဒီအခါ မျိုးမှာ ချောင်းရိုး၊ မြောင်းရိုးတွေကို ပိတ်ဖမ်းတာပဲ။ အဖမ်းကောင်း၊ ချိန်သားကောင်းရင်တော့ ဟုတ်ပါရဲ့။ ချိန်သားမကိုက်ဘဲ အတွက်မှားရင်တော့ အင်းသမားဟာ နာလန်မထူပြန်ဘူးကွ ငါ့တူရ"

ဘောက်တူကလေးသည် ချောင်းဖျားသို့ တဖြည်းဖြည်း ဆန်တက်လာ၏။ ချောင်းဖျား တွင် ကမ်းနှစ်ဖက်သည် ပို၍ ကျဉ်းလိုက်လာလျက် ကမ်းတစ်ဖက်တစ်ချက်တိုင်း၌ ကွင်းခေါင်ခေါင် မျှသာ ဖြစ်သည်ကို တွေ့ရသည်။ ရေသည် ချောင်းဝမှာလောက် မကြည်လင်ဘဲ အတန်ငယ် နောက်ကျလာ၏။

"အင်း၊ ငါလည်း ဒီအင်းမှာ အရိုးထုတ်ရတော့မှာပဲ။ မင်းအဖေကတော့ မြို့တက် စီးပွားရှာ

www.burmeseclassic.com

www.burmeseclassic.com



သော့မယ်ဆိုပြီး ထွက်သွားတာ ကံကောင်းတာပေါ့ကွာ။ နို့မို့ရင် ခုအသက်အရွယ်အထိ ချောင်းကြို ချောင်းကြားမှာ ရှိနေလိမ့်ဦးမယ်။ ဘာတဲ့ကွ၊ စောကျော်သန်းရ။ ဗမာအို ကျောင်းကြို ကျောင်းကြား၊ ထရင်အို ချောင်းကြို ချောင်းကြားလို့ စကားရှိတာ မင်း ကြားဖူးတယ် မဟုတ်လားဟေ့"

"ဟုတ်တယ် ဘကြီးညို" ဟု စောကျော်သန်းက ဖြေလိုက်၏။

ဘကြီးညိုက ငုံထားသော ဆေးကို ပျစ်ခနဲထွေးကာ ပြုံးရင်း

"အဲဒါ မင်းတို့ ကရင်တွေအပေါ် သက်သက်မဲ့ အသားယူတဲ့ စကားကွ သိလား။ ငါလည်း ဗမာအို ဖြစ်နေပြီပဲ။ အခုအထိ ချောင်းကြိုချောင်းကြားမှာ ရှိနေသေးတယ် မဟုတ်လားဟေ့။ ဗမာအိုလည်း ချောင်းကြိုချောင်းကြားပေါ့ ဟုတ်လား။ ဟား ဟား ဟား"

ဘကြီးညို၏ ရယ်သံမှာ ချောင်းရေပြင် တစ်ခုလုံးတွင် ပဲ့တင်ရိုက်ခတ်သွားလေသည်။

ဝင်းကြည်ကား ဘုရားချောင်းသို့ ရောက်လာရသည့်အတွက် ပျော်မွေ့သလိုလို၊ ကြည်နူး ဝမ်းနည်းသလိုလို ဖြစ်နေမိလေသည်။ အဖေကိုယ်တိုင် ကျင်လည်သွားခဲ့ရဖူးပြီ ဖြစ်သော အင်း သမားတွေ၏ ဘဝကို မျက်ဝါးထင်ထင် တွေ့မြင်နေရလေပြီ မဟုတ်လော။ အင်းသမားတွေ၊ လယ်သမားတွေ မည်မျှ ဆင်းရဲကြ၊ အတိဒုက္ခ ရောက်ကြရသည်ကိုလည်း ထင်ထင်ရှားရှား တွေ့နေရပြီ မဟုတ်လော။

'တောကလူတွေ လူမွေးလူတောင် ပြောင်အောင် လုပ်မှ' ဟု အဖေ ပြောလိုက်သည့် စကားသံကို နားထဲတွင် ပြန်လည်ကြားယောင်လာမိသည်။

အဖေသည် နိုင်ငံရေးတွင် အဘယ့်ကြောင့် စိတ်ပါဝင်စားရသနည်း ဟူသော ပြဿနာ၏ အဖြေကို ဘုရားချောင်းအင်းရေပြင်တွင် ဝင်းကြည် ရှာဖွေတွေ့ရှိလာရသည်။ အဖေ့စိတ်နေသဘော ထားနှင့် အဖေ့ အတွေးအခေါ်ကို ဝင်းကြည်က ယခုမှ နားလည်လာသည်ဟု သူ့ဘာသာသူ ထင်မြင်မိလေသည်။

ဘုရားချောင်းမှ မပြန်ခင် ဘကြီးညို ပြောသော စကားတွေကို အနုလုံ ပဋိလုံ စဉ်းစားရင်း ဝင်းကြည်၏ အတွေးမှာ အစ အဆုံးမရှိသော ရေစီးကြောင်းများပမာ စုန်ချည် ဆန်ချည် တက်ချက် သက်ချည် ဖြစ်နေရလေသည်။

သူ မတွေ့ဘူး မမြင်ဘူးလိုက်သော အဘိုး၏ ရုပ်သွင်လက္ခဏာကိုလည်း စိတ်တွင် ခန့်ဆကြည့်သည်။ အဘိုးသည် ရှေးခေတ်လူမျိုး ဖြစ်သဖြင့် ဘကြီးညို ကဲ့သို့ပင် သျှောင်ထုံးနှင့် ရှိပေလိမ့်မည်။ ပေါင်နှင့် ခြေသလုံးတွင် အဖေ ကဲ့သို့ပင် ထိုးကွင်းမင်ကြောင်နှင့် ရှိပေလိမ့်မည်။ အဘိုးသည် မားမဦးချ လယ်သမား ကိုင်းသမား ဖြစ်သည့်အလျောက် လယ်တော ဖွက်တော၌ နွားနှင့်အတူ ရုန်းကန်လှုပ်ရှားရင်း သူ့ဝမ်းမဝသည့်အတွက် ဖြစ်သည့်နည်းနှင့် အာဏာဖီဆန်ခဲ့ပေ လိမ့်မည်။ ချောင်းရိုး၊ မြောင်းရိုး၊ အင်းအိုင်၊ ဂယက်တို့ဖြင့် ကွန်ရက်ပမာ ဖြန့်ကြဲ ဝေဖြာနေသည့် ဤမြစ်ဝကျွန်းပေါ်၏ ရေတာခွင် မြေတဝှမ်းတွင် အဘိုးသည် သားငယ်ကို လက်တွဲကာ ကြည်ရာ

www.burmeseclassic.com



မြက်နုရာ လှည့်လည်နေခဲ့ရချေသည်။ မိုးဆိုလျှင် မည်းမှောင်သော၊ ကောင်းကင်ဆိုလျှင် ပြာမှိုင်းသော၊ နွေဆိုလျှင် ဖွေးဆွတ်သော မြစ်ဝကျွန်းပေါ်၏ မိုးကောင်းကင်အောက်မှ ကျယ်ဝန်းပြန့်ပြူးသည့် နန်းတောများ၊ ဗွက်တောများ၊ ဝဲဂယက်များ၊ ရေပြင်များ၊ ဒိုက်သရောနှင့် ကျူတောများအကြားတွင် အဘိုး၏ဘဝသည် ပြိုလဲ ကျဆုံးသွားခဲ့ရလေပြီ။

အဖေကား အဘိုးဘဝနှင့် သူ့ဘဝကို ကောင်းစွာ ဆင်ခြင်မိသူပေလောဟု ဝင်းကြည် တွေးပါသည်။ အဘိုးဘဝ၊ သူ့ဘဝနှင့် ဘကြီးညိုလို လူမျိုးတွေ၏ ဘဝမှ ခက်ခက်ခဲခဲ ရုန်းကန်ထွက်ကာ လွတ်မြောက်လာခဲ့စေကာမူ ဤဘဝ အထွေထွေတွေကို အမြဲထာဝစဉ် ပြန်ပြောင်းတသ သတိရရင်း နှလုံးစိတ်ဝမ်း မချမ်းမမြေ့ဖြစ်ကာ 'တောကလူတွေ လူမွဲလူတောင် ပြောင်အောင်လုပ်မှ' ဟူသော စိတ်ဓာတ်၏ လွှမ်းမိုး ဖမ်းစားထားခြင်းကို ခံနေခဲ့ရသလောဟု စဉ်းစားမိသည်။

မည်သို့ပင် ဖြစ်စေကာမူ ဝင်းကြည်၏ ရင်တွင်း၌ ဘုရားချောင်းသို့ ရောက်လာရသည့် အတွက် ပီတိလှိုင်းတွေ တဖျတ်ဖျတ် ရိုက်ခတ်ရသည်သာ ဖြစ်လေသည်။ အဖေ့ ခိုင်းစေချက်အတိုင်း အဖေ့ ဆန္ဒအတိုင်း ဖြစ်စေရမည်။ အဖေနှင့်အတူ ထာဝစဉ် ရှိနေမည်ဟုလည်း သူ့ကိုယ်သူ ခိုင်မာသော သန္နိဋ္ဌာန် ချမှတ်လိုက်မိသည်။

"ထွန်းတင်ကို ပြောလိုက်၊ ငါ့တစ်အင်းလုံးက ဓားသွေးပြီး စောင့်နေမယ်လို့။ ဘာမှစိတ်ပူမနေနဲ့လို့။ ကြားလား။ ဟောဒီ အင်းရေပြင်တစ်ခုလုံး ဒင်းတို့ မိစ္ဆာကောင်တွေရဲ့ သွေးနဲ့ ချင်းချင်းနီစေမဟဲ့"

ပြန်ခါနီးတွင် ဘကြီးညိုက သို့ကလို ကတိပေးလိုက်ပါသေးသည်။

စောကျော်သန်းက စာဖြူစုသို့ အပြန်ခရီးတွင် "ဒီည ကျွန်တော်တို့အိမ်မှာအိပ်။ မနက်ကျတော့ မလက်တိုကို ကျွန်တော် လိုက်ပို့ပေးမယ်။ မအူပင်အထိ ပို့ဆိုလည်း ပို့ပေးမယ်လေ" ဟု လှော်တက်ဖြင့် ချောင်းရေပြင်ကို အားပါးတရ ခွင်းဖြိုရင်း ပြောလိုက်သည်။

## အခန်း ၁၄

"သင်၏ အပြစ်များနှင့် ကြေကွဲဖွယ်ရာ အဖြစ်တို့ကို အတိတ်တည်း ဟူသော သုသာန်တွင် မြှုပ်နှံလိုက်ပါလော့။ ထိုသချိုင်းပေါ်တွင် သင်၏ နောင်တမျိုးစေ့ကို စိုက်ပျိုးပါ။ သင် တောင်းလျှောက်လျှင် ခွင့်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်း ဆုကျေးဇူးသည် သင့်အဖို့ ဖြစ်ပေလိမ့်မည်။ ယုံကြည်ခြင်း တိုးပွားများပြားလာ၍၊ မျှော်လင့်ခြင်းသည်လည်း အတိတ်၏ ကြေကွဲဖွယ် အဆွေးတို့မှ ပေါ်ပေါက်လာပေလိမ့်မည်။

"ယနေ့ ပစ္စုပ္ပန်တွင် အတိတ်သည်ကား မရှိတော့ပြီ။ သေလွန်ခဲ့ပြီဖြစ်သော

www.burmeseclassic.com



မအောင်မြင်မှုများကို ပြန်လည် မတူးဖော်ပါလေနှင့်။ စိမ်းလန်းသော မြက်ပင်များသည် အတိတ်သုသာန်ကို ဖုံးလွှမ်းပါလေစေ။ သင့်အဖို့ အသစ်သော အသက်တာသည် ဖူးနံ့ပွင့်လန်းပါလေစေ။

"သေလွန်ခဲ့ပြီဖြစ်သော ဝမ်းနည်းပူဆွေးဖွယ်ရာတို့၏ အရိုးများကို သင့်နှလုံးသားတွင် ပြန်လည် အသက်မရှင်ပါစေနှင့်"

အဘယ့်ကြောင့် ဟူ၍ကား မသိ။ နော်အေးမူ ရွတ်ဆိုလျက်ရှိသော သမ္မာကျမ်းစာပါစာပုဒ်၏ စာသားများကို လည်းကောင်း၊ နော်အေးမူ၏ အသံဝဲဝဲကို လည်းကောင်း ဝင်းကြည်သည် နားထောင်၍ မတင်းတိမ်နိုင်လောက်အောင် ဖြစ်နေလေသည်။

အမှန်စင်စစ်အားဖြင့် တစ်နေ့လုံးလုံး လှော်ခတ်လာရခြင်း၊ ဒိုက်သရောများကို ထိုးရယ်ရှားရခြင်း စသည့် အကြောင်းများကြောင့် ပင်ပန်းနွမ်းနယ်လှသဖြင့် နှစ်နှစ်ခြိုက်ခြိုက် ခြေပစ်လက်ပစ် အိပ်စက်လိုက်ရန် ဖြစ်သော်လည်း မအိပ်နိုင်သေးသည်မက မျက်လုံးကျယ်ကျယ်သာ ရှိနေပါသေးသည်။

"အေးမူ ဖတ်နေတာကို ခင်ဗျား သဘောကျနေပြီနဲ့တူတယ် ကိုဝင်းကြည်"

ဝင်းကြည်မှာ စောကျော်သန်းက သူ့အတွင်းစိတ်ကို တပ်အပ်သေချာစွာ ထိုးဖောက်သိမြင်နေသည့်အလား ပြောသံ ကြားလိုက်ရသည့်အခါ ရုတ်တရက်သော် အံ့အားသင့်သွားမိလေ၏။

"အေးဗျာ စိတ်ဝင်စားစရာပဲဗျ။ ဘာလဲ၊ ဒါ သမ္မာကျမ်းစာကလား"

မထူးတော့ပြီ ဖြစ်သဖြင့် ဝင်းကြည်က သို့ကလို မသိမသာ ဝန်ခံရင်း မေးမြန်းလိုက်မိသည်။

"ဟုတ်တယ်။ The Grave Yard of The Past ဆိုတဲ့ အပိုဒ်ဗျ။ မြန်မာလိုဆိုတော့နေဦး ဘယ်လိုဆိုမလဲ။ အတိတ်၏သုသာန်လို့ ဆိုမလား။ ကျွန်တော်လည်း သိပ်မသိဘူးဗျ။ အေးမူက အဲဒါတွေ သိပ်ဖတ်တာပဲ။ ကျွန်တော်သာ ဘာတစ်ခုမှ မဖတ်တာ။ အမေကတောင်ကျွန်တော့်ကို နင်ဟာ ဘုရားသခင် မရှိတဲ့ကောင်လို့ တစ်ခါတစ်ခါ ပြောလေ့ရှိတယ်"

စောကျော်သန်းကမူ စကားကို သူ့ဘာသာ သဘောကျသည့်အလား တဟားဟားရယ်မောနေလေ၏။ ဝင်းကြည်ကလည်း ပွင့်လင်းရိုးသားစွာ ပြောတတ် ဆိုတတ်သော စောကျော်သန်း၏ ပင်ကိုသဘာဝကို များစွာ သိနားလည်လာသည့်အလျောက် စောကျော်သန်းနှင့်အတူ ရောနှောကာ ရယ်မိလေသည်။

"အဓိပ္ပာယ်က ဘာတဲ့လဲ"

"နေဦး နေဦး၊ အေးမူ့ကိုမေးရင် ပိုတိတိကျကျ သိရမယ်။ ကျွန်တော်က သိပ်ရှင်းမပြတတ်ဘူး။ အေးမူရေ ခဏ"

www.burmeseclassic.com

www.burmeseclassic.com



"အို နေပါစေ" ဟု ဝင်းကြည်က တားသော်လည်း မရ။ စောကျော်သန်း၏ ခေါ်သံကြောင့် အတွင်းခန်းရှိ အေမူသည် သူတို့ဆီသို့ ထွက်လာကာ အပါးတွင် ကျို့ကျို့ကလေး ဝင်ထိုင်လိုက်၏။

"စောစောက နင်ဖတ်နေတဲ့ဥစ္စာ အဓိပ္ပာယ်ရှင်းပြလိုက်စမ်း။ ကိုဝင်းကြည်က ငါ့ကို မေးမေးနေတာ ငါလည်း မဖြေတတ်တာနဲ့"

"အေမူ မြန်မာလိုတော့ ချောအောင် ပြန်မပြောတတ်ဘူးနော်။ သူ့အဓိပ္ပာယ်ကတော့ လူတစ်ယောက်ဟာတဲ့၊ ကိုယ့်ရဲ့ ဝမ်းနည်းစရာတွေ အပြစ်တွေကို မေ့ပျောက်လိုက်ပါတဲ့၊ အဲဒါတွေကို ထာဝရ ဘုရားသခင်ဆီမှာ ဆုတောင်းပြီး မေ့ပစ်လိုက်ရင် ထာဝရ ဘုရားသခင်က ခွင့်လွှတ်ပါလိမ့်မယ်တဲ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေလည်း တိုးပွားလာပါလိမ့်မယ်တဲ့၊ အသေလို အသက်ရှင်မနေဘဲ အသစ် အသစ် ပြန်လည်ရှင်သန် ထမြောက်ပါလိမ့်မယ်တဲ့၊ ဝမ်းနည်းပူဆွေးစရာတွေကိုချည်း တွေးမနေပါနဲ့တဲ့။ ဒါလောက်ပဲ အေမူ ပြောတတ်တယ်"

ဝင်းကြည်သည် အေမူ၏ ရှင်းပြချက်နှင့် ငြိမ့်လေး အေးမြသော အသံကိုပါ စူးစိုက်နားထောင်နေမိ၏။ ခရစ်ယာန်ဘာသာဝင်တို့၏ ဓမ္မတေး ရွတ်ဖတ်သံများကို အကြိမ်ပေါင်းများစွာ ကြားဖူးခဲ့သည်။ ထာဝရဘုရားသခင်၏ အထံတော်၌ ခွင့်လွှတ်ရန် တောင်းလျှောက်ခြင်း၊ ဆုတောင်းခြင်းတွေကို တွေ့ခဲ့ဖူးသည်။ သို့သော် ယခု အေမူ ရွတ်ဖတ်လိုက်သော စာပိုဒ်နှင့် အေမူ၏ စွဲငြိဖွယ် အသံမျိုးကိုမူ နီးနီးကပ်ကပ် သေသေချာချာ ကြားရသည်မှာ ဤအကြိမ်သည် ပထမဆုံးသော အကြိမ်သာ ဖြစ်လေသည်။

"လူတစ်ယောက်ဟာ နောက်နောက်က ဖြစ်ပျက်ခဲ့တာတွေကိုချည်း တမ်းတမနေနဲ့တော့၊ ရှေ့မှာ လုပ်ရမယ့် လုပ်ငန်းတွေကို ဆက်လုပ်၊ အဲဒီလို ဆက်လုပ်ဖို့ ကြိုးစား ဆိုတဲ့သဘောပေါ့။ ဟုတ်လား အေမူ"

"ဟုတ်တယ်။ လူတွေဟာ ထာဝရ ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ ကိုယ့်ရှေ့ရေးအတွက် ဆက်ပြီး အလုပ်လုပ်ရမယ်လို့ ဆိုလိုတာပါပဲ။ ကိုဝင်းကြည်က သိပ်စိတ်ဝင်စားနေပြီနဲ့တူတယ်"

ဤနေရာတွင် စောကျော်သန်းက

"သိပ်လည်း စိတ်မဝင်စားနေနဲ့ဦး ကိုဝင်းကြည်။ ခင်ဗျား တော်တော်ကြာ ခရစ်ယာန်ဖြစ်နေဦးမယ်" ဟု ဝင်ပြောလေသည်။ အေမူကား ပြုံးနေလေ၏။

"ခရစ်ယာန်ဖြစ်လည်း ကောင်းတာပေါ့"

"ဘယ်သူလဲ၊ ကျွန်တော်လား"

"ဟုတ်တယ် အေမူ။ ကိုဝင်းကြည်ကို ပြောတာ"

"ကျွန်တော်လည်း အေမူ့အစ်ကိုလိုပဲ တောင်မရောက် မြောက်မရောက်လေ။ ဒါပေမဲ့ အခုန စာပိုဒ်နဲ့ ပတ်သက်လို့ ပြောရဦးမယ်။ စောစောက အေမူ ဖတ်နေကတည်းက ကျွန်တော် သေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာ နားထောင်နေတာပါ။ ကျွန်တော်ဟာ ခရစ်ယာန် ဘာသာဝင် မဟုတ်တဲ့အတွက် ခရစ်ယာန်ဘာသာရဲ့ အကြောင်းတွေကို သိပ်မသိတာ ဝန်ခံပါတယ်။ ဒါပေမဲ့ အေမူ ဖတ်သွားတဲ့ စာပိုဒ်ရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်တော် သိပ်သဘောကျတာပဲ။ မြန်မာစာရေးပုံကလည်း လှတယ်"

"အေမူတော့ အဲဒီအပိုဒ်ကိုကြိုက်လို့ ခဏခဏ ဖတ်တာပဲ။ မြန်မာစာကို သိပ် သတိမထားမိဘူး။ ကိုဝင်းကြည် ပြောမှပဲ နောက်ကို သတိထား ဖတ်ရဦးမယ်"

ထိုအခိုက် စောကျော်သန်းက "ကဲ၊ စကားကောင်းနေကြဦး။ ငါတော့ အိပ်ချင်ပြီ။ ကိုဝင်းကြည်၊ ကျွန်တော် အိပ်မယ်ဗျာ" ဟု ပြောပြောဆိုဆို အိမ်တွင်းသို့ ဝင်သွားလေရာ ဝင်းကြည်နှင့် အေမူသာလျှင် အိမ်ရှေ့ဘက်၌ ကျန်ရစ်လေသည်။

တစ်ရွာလုံးသည် တိတ်ဆိတ်လျက် ရှိလေသည်။ ဖျော့တော့သော ရောင်ခြည်များသည် ချောင်းရေပြင်တွင် ဖြာသွယ်စီးကျလျက် ရှိ၏။ ဘုရားချောင်း၏ ညကဲ့သို့ မှောင်မိုက်၍မနေ။ ဆန်းသစ်စ လ၏ အလင်းရောင်ကြောင့်လော၊ သို့တည်းမဟုတ် ကြယ်ပွင့်ကလေးများ၏ အရှိန်အဝါကြောင့်လော။

"ကိုဝင်းကြည် ဘယ်တော့ပြန်မလဲ"

ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်နေရာမှ နော်အေမူက စတင် မေးမြန်းလိုက်၏။

"မနက်ပြန်မယ် အေမူ"

"မြန်လှချည်လား။ အေမူတို့တောမှာ နေရတာ ပျင်းသွားပြီနဲ့တူတယ်"

"ဒါကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်မှာ အလုပ်တွေ ရှိနေသေးလို့ပါ။ ရှေ့မှာ လုပ်ရမယ့် လုပ်ငန်းတွေကို ဆက်လုပ်ရမယ်ဆို"

အေမူသည် ရယ်နေ၏။

ဝင်းကြည်ကသာ သူ့စကားကို ဆက်ပြန်သည်။

"စစ်ပြီးရင် အေမူ ကျောင်းပြန်တက်ပါ"

"ကိုဝင်းကြည်ရော ပြန်တက်မှာပဲလား"

"တက်ရမှာပေါ့ အေမူ။ အခုလို တစ်ပိုင်းတစ်စ မတင်မကျ ဘယ်ဖြစ်ပါ့မလဲ။ ပြန်တက်ရမှာပေါ့။ အေမူလည်း ပြန်တက်နိုင်အောင် ကြိုးစားစေချင်တယ်"

"အေမူ သိပ်တက်ချင်တာပေါ့။ ဒါပေမဲ့" ဟု ဆိုရင်း အေမူ၏မျက်နှာသည် စောစောကလို မဟုတ်တော့ဘဲ ညှိုးလျလာသည်။ မသိမသာ ဝင့်သက်ချလိုက်သည်ကိုလည်း ဝင်းကြည်က သတိပြုမိသည်။

"ဒါပေမဲ့ အိမ်က ဘယ်လိုလုပ်ဦးမလဲ မသိဘူး။ အေမူတို့ ဟိုတုန်းကလို ချောင်ချောင်လည်လည် မရှိဘူး။ ဆင်းရဲတယ်။ အမိုးကလည်း ဟိုတုန်းကလို အလုပ် မလုပ်နိုင်တော့ဘူး။ ကောင်းကောင်း မမာဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



အေမူသည် သူ ရင်ဆိုင်နေရသော အခက်အခဲတွေကို ရိုးသားဖြူစင်သော အရင်းခံအတိုင်း ထုတ်ဖော်ပြောဆိုနေ၏။ ဝင်းကြည်ကား အေမူ၏ စကားကို ကြားရသည့်အခါတွင် အဘယ့်ကြောင့်ဟူ၍မသိ၊ ရင်တွင်း၌ နာကျင်သလို ဖြစ်မိလေသည်။

"စစ်အတွင်းမှာ လူတိုင်းလိုလို ဒီလိုပဲ ဒုက္ခတစ်ခုခုနဲ့တော့ တွေ့ကြရတာချည်းပါပဲ အေမူ။ စစ်ပြီးသွားလို့ရှိရင် အခြေအနေက တစ်မျိုးပြောင်းရင် ပြောင်းလာမှာပေါ့။ သိပ်အားငယ်စရာ မရှိပါဘူး"

"စစ်က ဘယ်တော့ပြီးမှာလဲ"

"ဘယ်လောက် ကြာဦးမလဲ ဆိုတာ ကျွန်တော်လည်း မပြောတတ်ဘူး အေမူ။ ချက်ချင်းပြီးရင်လည်း ပြီးသွားမယ်။ ကြာရင်လည်း ကြာဦးမယ်။ အတတ်ပြောလို့ မဖြစ်ဘူး။ ဒီစစ်က ဘယ်လိုပြီးမလဲ ဆိုတာလည်း ဘယ်သူမှ မသိဘူး"

"ကိုဝင်းကြည်တို့လည်း လုပ်နေတာပဲ မဟုတ်လား။ အေမူ နားမလည်လို့မေးတာ စိတ်မဆိုးနဲ့နော်။ ဂျပန်တွေ မရှိတော့ဘူးဆိုရင် ကိုဝင်းကြည်တို့က ဘယ်သူ့ကို အစိုးရတင်မလဲ။ ဂျပန်ကောင်တွေကို ပြန်ချမယ်လို့ အေမူ့အစ်ကိုက ပြောတယ်။ ပြန်ချလို့ရော နိုင်ပါ့မလား"

"ဂျပန်ကို နိုင် မနိုင် ဆိုတာဟာ ကျွန်တော်တို့အားလုံးအပေါ်မှာ မူတည်တယ် အေမူ။ တကယ်လို့ ဂျပန်တွေ မရှိတော့တဲ့အခါ ဘယ်သူ့ကို အစိုးရတင်မလဲ ဆိုတာကတော့ ကျွန်တော်လည်း ရှင်းရှင်းလင်းလင်း မပြောတတ်သေးဘူး။ ကျွန်တော်တို့ ခေါင်းဆောင်တွေမှာ အစီအစဉ်ရှိပြီးသား ဖြစ်မှာပေါ့"

"ဗမာတွေပဲလား"

အေမူ၏ မေးခွန်းကြောင့် ဝင်းကြည်၏ ရင်ထဲတွင် နှလုံးသွေးသည် ဒိုင်းခနဲ မြည်အောင် ဆောင့်ခုန်သွားသည်ဟု ထင်လိုက်ရ၏။

"အေမူက ဗမာကို မုန်းလို့လား"

"မမုန်းပါဘူး။ ဟိုတုန်းက အေမူတို့ ကရင်တွေကို ဗမာတွေက နှိပ်စက်တယ်ဆိုလို့ အေမူ့စိတ်ထဲမှာ ကြောက်နေတယ်"

"တစ်ဖက်နဲ့တစ်ဖက် အထင်မှားပြီး ဖြစ်ရတာတွေ အများကြီးရှိပါတယ် အေမူ။ ဒါပေမဲ့ အခုကစပြီး ရှေ့မှာ ဒီလိုအမှားတွေ မပေါ်အောင် ကြိုးစားနေကြပြီပဲဟာ၊ ဗမာတွေကို ကြောက်စရာ မလိုတော့ပါဘူး။ ကရင်နဲ့ ဗမာဟာ အတူတူပါပဲ။ အခုကြည့်လေ၊ စစ်ကြောင့် ဒုက္ခတွေ ရောက်ကြရတယ်။ ဗမာလည်း ဒုက္ခရောက်တာပဲ၊ ကရင်လည်း ဒုက္ခရောက်တာပဲ မဟုတ်လား။ ဂျပန်က နှိပ်စက် ညှဉ်းပန်းတာတွေကို ဗမာရော၊ ကရင်ရော အတူတူ ခံနေရတယ် မဟုတ်လား"

အေမူသည် တွေတွေကလေး စဉ်းစားနေ၏။

"ဘာပဲဖြစ်ဖြစ်လေ၊ အေမူကတော့ ကြောက်နေတာပဲ" ဟု ဆိုကာ ပြုံးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်ကလည်း မည်သို့မျှ ဆက်မပြောဘဲ ငြိမ်နေရင်းက အေမူ၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိသည်။ ပိုးတဝါးသာ မြင်ရသော အေမူ၏မျက်နှာသည် ထူးခြားသည့် အဓိပ္ပာယ် တစ်ခုခု ကို ဆောင်နေသည်ဟု ထင်ရ၏။ ယခုအချိန်အထိ မပွင့်တပွင့် အပြုံးပန်းကို ဆင်မြန်းထားသော အေမူကား ရိုးသားဖြူစင်လှသည့် နှလုံးသား၊ ပွင့်လင်းသော စိတ်ဓာတ်တို့ကို ပိုင်ဆိုင်ထားသူ ပင်တည်း။

"ကျွန်တော် မနက် ပြန်မယ် အေမူ။ တကယ်လို့ စစ်ပြီးသွားရင် တွေ့ကြသေးတာပေါ့။ အေမူလည်း ကျောင်းဆက်တက်နိုင်ဖို့ ကြိုးစားပါ။ အေမူ့ကို ကျောင်းဆက်ထားဖို့ ရည်ရွယ်တယ် လို့ စောကျော်သန်းကလည်း ပြောပါတယ်။ ကျောင်းမှာ တွေ့နိုင်ကြမယ်လို့ ကျွန်တော် ထင်ပါ တယ် အေမူ"

"ဘုရားသခင် အလိုတော် အတိုင်းပါပဲ။ ကဲ အမိုးကို ဆေးတိုက်လိုက်ဦးမယ်။ ကိုဝင်းကြည် လည်း အိပ်တော့နော်။ နောက် မြို့မှာ တွေ့တော့သာ ကရင်မ ဆိုပြီး မခေါ်ဘဲ မနေပါနဲ့ဦး"

အေမူက ပြောပြောဆိုဆို ထသွားသည့်အတွက် ဝင်းကြည်မှာ တစ်စုံတစ်ရာ ပြန်လည် ပြောဆိုရန် အချိန်မရလိုက်တော့ချေ။

ဝင်းကြည်သည် စောကျော်သန်း၏ နံဘေးတွင် ဝင်၍ လဲလျောင်းလိုက်၏။ တစ်နေ့လုံး ပင်ပန်းလာသော စောကျော်သန်းကား တရှူးရှူးဖြင့် အိပ်မောကျနေလေ၏။ ဝင်းကြည်လည်း အိပ်ပျော်ဖို့ ကြိုးစားသည်။ အေမူ့ မျက်နှာကိုသာ မြင်ယောင်နေသည်။ 'ကရင်မ ဆိုပြီး မခေါ်ဘဲ မနေနဲ့ဦး' ဆိုသော စကားသံလေးကိုသာ ကြားယောင်နေမိသည်။ သို့မို့ကြောင့် တော်တော်နှင့် အိပ်မပျော်။

## အခန်း ၁၅

မနက် ၇ နာရီခန့်ရှိပြီ ဖြစ်သော်လည်း ထူထဲစွာ ကာရံထားသော နှင်းတံတိုင်းကြီးကြောင့် နေရောင် ခြည်သည် ကမ္ဘာမြေပြင်ပေါ်သို့ မထိုးဖောက်နိုင်လောက်အောင် ဖြစ်နေလေသည်။

မြောက်လေသည် ခိုက်ခိုက်တုန်မျှ စိမ့်အေးလျက်ရှိ၏။ လေ၏ အအေးဓာတ်နှင့် နှင်း၏ အအေးဓာတ်တို့က တစ်လောကလုံးကို မှုန်းမှာန်ပွားနေသည့်အလား ပူးပေါင်းထိုးနှက်လျက် ရှိကြသည်။ ငှက်ကလေးတွေ၏ တီတီတာတာ စကားသံကိုလည်း မကြားရသေး။ အအေးဒဏ် ကြောင့် သူတို့သည် သိုက်မြုံအတွင်းမှာပင် ခိုအောင်းနေကြဟန် တူပေသည်။ တကယ်ဆိုရလျှင် ဆောင်းရတုသည် ဤလောက ဤဝန်းကျင်မှ ထွက်ခွာအံ့ဆဲဆဲ အစွမ်းကုန် နှုတ်ဆက်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

မုန်၏။ ဆောင်းဥတုကား ထွက်ခွာပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဝန်းပြုလာမည့် နေမင်း၏ ရောင်ခြည်အောက်၌ နှင်းမှုန်ကလေးများ ဝေးကွာ ပျောက်ကွယ်ရတော့မည့် နည်းတူ ဆောင်းရာသီလည်း ကမ္ဘာမြေပြင်၏ တစ်နေရာသို့ ရွှေ့လျား ထွက်ခွာသွားပေတော့မည်။

သို့မို့ကြောင့်လည်း နှင်းဖွဲနှင်းမှုန်များက ဤမြေပြင်ကို ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။ ကောနေပြီဖြစ်သော ရိုးပြတ်ငေါငေါ ချုံနွယ်ထူပြောနေသော ကွင်းပြင်တွေကို နှုတ်ဆက်သည်။ အမြဲတမ်းလိုလို စိမ်းမြဲမြဲ ကတ္တီပါဝတ်ရုံ ဆင်မြန်းထားတတ်သည့် သစ်ပင်များ၊ ဝါးရုံတောများကို နှုတ်ဆက်သည်။

ယင်းအခိုက်တွင် လွယ်အိတ်တစ်လုံးကို လွယ်ထားသည့် လူရွယ်တစ်ဦးသည် နှင်းစိုရွှဲ နေသဖြင့် မြေမှုန့်များ အရည်ပျော်ကာ စေးထန်းထန်း ဖြစ်နေသော လှည်းလမ်းကြောင်းအတိုင်း အနောက်တောင်ဘက် တူရူသို့ ခပ်သုတ်သုတ် လျှောက်လာလေသည်။

လှည်းလမ်းကြောင်းသည် မအူပင် အနောက်ဘက်ကွင်းအတွင်းရှိ လယ်ကွက်များ၊ ကန်သင်းများကို တောင်နှင့်မြောက် ကန့်လန့်ဖြတ်နေသည့် လမ်းဖြစ်ပြီး တစ်ခါတစ်ရံ တောအုပ် ငယ်များအတွင်းသို့ ဝင်သွားကာ အများအားဖြင့်ကား လယ်ကွင်းများအတွင်း၌သာ တိုးလျှိုပေါက် နေလေသည်။ စနစ်တကျ ဖောက်လုပ်ထားသော လမ်းကြောင်း မဟုတ်သည်မှာလည်း သေချာ လှသည်။ အဘယ့်ကြောင့်ဆိုသော် လယ်သမား၊ ကိုင်းသမားတို့ စွန့်ပစ်သွားကြပြီဖြစ်သော လယ်မြေများအပေါ်၌ တည်ရှိနေခြင်းကြောင့်တည်း။

ဆက်တိုက်ဆိုသလို နှင်းကျခဲ့ခြင်း၊ အထူးသဖြင့် ညက တစ်ညလုံး ကျထားသော နှင်းမှာ ယခုထက်တိုင် စဲသည် မရှိသေးခြင်း စသော အကြောင်းများကြောင့် လှည်းလမ်းကြောင်းတစ်ခု လုံးတွင် မြေသည် စေးထန်းလျက် ရှိ၏။ သို့မို့ကြောင့် ခြေချလိုက်တိုင်း မြေစေးက ခြေကို ဆွဲထား သလို ဖြစ်နေရာ ခရီးမတွင်လှချေ။

အဆိုပါလူရွယ်သည် စီးထားသော ညှပ်ဖိနပ်ကိုချွတ်ကာ ကိုင်ထားလိုက်ပြန်၏။ ဆိတ် သားရေဖြင့် ချုပ်သော ညှပ်ဖိနပ်တွင် ရွှံ့စေးတွေ တွက်ကပ်လျက် ရှိသည်ကိုပင် ခါမချနိုင်တော့ဘဲ လက်က ကိုင်၍ ဆက်လျှောက်သည်။ သို့ရာတွင် ခြေဖဝါး သက်သက်သည်လည်း မြေစေးများက ဆွဲထားသည်သာမက ခြေတည်၍ မရအောင် ချောလျက်ရှိပြန်သည်။ သူသည် လှည်းလမ်းကြောင်း ကို စွန့်ခွာကာ ယင်းလှည်းလမ်းကြောင်းအတိုင်း လယ်ကွက်ပေါ်မှ လျှောက်ပြန်သည်။ သည်လို ဆိုတော့လည်း ရိုးပြတ်များနှင့် အလေ့ကျပေါက်နေသော ဆူးပင်များက သူ့ခြေဖဝါးအစုံကို ထိုးဖောက်နှိပ်စက်ကြပြန်သည်။ ထိုမျှသာမက မြေကလည်း အလားတူစွာပင် စေးထန်းနေသေး သည်။ အပေါ်ယံအားဖြင့် မာနေသည် ထင်ရသော်လည်း နင်းချလိုက်တိုင်း ခြေဖဝါး နစ်ဝင်သွား တတ်သည်။

သို့သော် မတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



အဟိတ်သို့ ရောက်အောင်ကား ယခုကဲ့သို့ ဆူးထူပြောသော၊ စေးထန်းသော လှည်းလမ်းကြောင်းအတိုင်းသာ သွားရပေတော့မည်။

ဤလူရွယ်ကား ဝင်းကြည်သာ ဖြစ်သတည်း။

ဝင်းကြည်သည် မြို့တွင်းမှနေ၍ မအူပင် ရေလဲ ကားလမ်းအတိုင်းသွားလျှင် အဟိတ်ရွာကလေးသို့ သက်သောင့်သက်သာ သွားနိုင်ကြောင်း ကောင်းစွာ နားလည်သူ ဖြစ်ပါသည်။ သို့စဉ်လျက် ဤမျှ ခက်ခဲပင်ပန်းစွာ သွားရသောလမ်းကို အဘယ့်ကြောင့် ရွေးချယ်ရပါသနည်း။

မြို့တွင်း လမ်းများအတိုင်း သွားရန် မဆိုထားဘိ မြို့တွင်းသို့ပင် သူ ဝင်၍ မဖြစ်တော့လောက်အောင် အခြေအနေတွေ ပြောင်းလဲခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ယနေ့နံနက် ဝေလီဝေလင်းတွင် သူသည် အနောက်ကုန်းရှိ သူ့အိမ်သို့ ပြန်လည် ရောက်ရှိလာခဲ့၏။ စာဖြူစုမှ အပြန်တွင် မလက်တို၌ တစ်ည အိပ်သေးသည်။ စောကျော်သန်းက မလက်တိုအထိ လိုက်ပို့သည်။ မအူပင်တွင် အခြေအနေ ပြောင်းကုန်ကြောင်း မလက်တို ရောက်သည်နှင့်တစ်ပြိုင်နက် သိရလေတော့သည်။ လှိုင်းတာ၊ ထနီး၊ မိချောင်းရဲ၊ သုံးခွနှင့် တွံတေးဝနားတွင်ကပ်နေသော ကဝက္ကင်း၊ လေးအိမ်စု စသည့်ရွာများသို့ လှည့်လည်ခဲ့သည့် ကိုတင်သိန်းသည်လည်း မလက်တိုသို့ ပြန်ရောက်နေသည်။

မလက်တိုသို့ ရောက်ရောက်ချင်း ဦးမြတ်သော်က သတင်းတစ်ခု ဆီးပေးသည်။

ဤသတင်းကား အခြား မဟုတ်၊ အချို့သော နေရာများတွင် ဂျပန်ကို တော်လှန်ပုန်ကန်သူတွေ ပေါ်ပေါက်လျက်ရှိသည်။ ဗမာ့တပ်မတော်ကလည်း ဂျပန်ကို ပြန်ချတော့မည်ဟူ၍ ဂျပန်က အကြီးအကျယ် သင်္ကာမကင်း ဖြစ်နေသည်။ ထို့အတွက် ဂျပန် ကင်ပေတိုင်တို့သည် မြို့တိုင်း၊ နယ်တိုင်းတွင် မသင်္ကာရသော လူတွေကို ဖမ်းဆီးနှိပ်စက် စစ်ဆေးလျက်ရှိသည်။ အလားတူစွာပင် မအူပင် မြို့ပေါ်တွင်လည်း သူတို့ မသင်္ကာသူ မှန်သမျှကို ရှာဖွေနေကြသည်။ အထူးသဖြင့် အာရှ လူငယ်ခေါင်းဆောင်များ၊ ကျောင်းသားများ ပါဝင်သည်။ ထို့ကြောင့် မြို့သို့ ပြန်မတက်နှင့်တော့ ဟူသော သတင်းပင် ဖြစ်လေသည်။

ဤသတင်းကို ဦးမြတ်သော်ထံသို့ အကြောင်းကြား ပေးပို့သူကား အဖေတည်း။

ထို့ကြောင့်ပင် သူရော ကိုတင်သိန်းပါ မြို့ပေါ်ပြန်တက်၍ မဖြစ်တော့ပြီ။ မြို့ပေါ်သို့ ပြန်ရေးအစား အခြားအစီအစဉ်သစ်တစ်ရပ် အရေးပေါ် ဖန်တီးကြရသည်။ ယင်းအစီအစဉ်အရ ဝင်းကြည်သည် အဟိတ်ရွာကလေးသို့ ခရီးဆက်ရခြင်း ဖြစ်၏။ သူနှင့် ကိုတင်သိန်းသည် မအူပင်ဘက်သို့ ရေလမ်းခရီးအတိုင်း မပြန်တော့ဘဲ မလက်တိုမှနေ၍ တိုးမြစ်၏ အရှေ့ဘက်ကမ်းအတိုင်း ခြေကျင် ပြန်ခဲ့ကြသည်။ သူတို့သည် မြို့တစ်ဖက်ကမ်းသို့ ရောက်သောအခါ ချက်ချင်း ဖြတ်မကူးဘဲ မြို့ကိုလွန်သွားအောင် မြောက်ဘက်သို့ ဆက်၍ လာခဲ့ကြပြီးနောက် တရုတ်လပ်ရွာ၏ တစ်ဖက်

www.burmeseclassic.com



ကမ်းသို့ အရောက်တွင်မှ ဖြတ်ကူးကြခြင်း ဖြစ်လျက် တရုတ်လပ်ရွာမှတစ်ဆင့် တောလမ်းအတိုင်း အနောက်ကုန်းသို့ အရောက်လာခဲ့ကြ၏။

ကိုတင်သိန်းကား 'အဖေ့ထံ ခဏဖြစ်ဖြစ် ဝင်ချင်တယ်' ဟူသော ဝင်းကြည်၏ဆန္ဒကို မလွန်လိုသည့်အလျောက် သတိပေးစရာနှင့် မှာစရာရှိသမျှကို အသေးစိတ် သတိပေးမှာကြားကာ အဟိတ်ရွာသို့ ဆက်လက် ထွက်ခွာသွားခဲ့လေသည်။

ဝေလီဝေလင်း အချိန်တွင် အိမ်သို့ ဖြုန်းစားကြီး ပြန်ရောက်လာသော ဝင်းကြည်ကို အမေက စကားမပြော။ အမေ စိတ်ဆိုးနေပြီဖြစ်ကြောင်း ဝင်းကြည် ရိပ်မိသည်။ ရေနံချေးကိစ္စ အတွက် သူ ခရီးထွက်သွားခြင်း မဟုတ်သည်ကို အမေ အကဲခတ်မိသွားဟန်တူသည်။ အဖေက သာလျှင် သူ ပြန်လာမည်ကို အတပ်သိသည့်အလား စောင့်ကြိုလျက်ရှိသည်။ မလှကြည်သည် မီးဖိုထဲ၌ ရေနွေးတည်နေ၏။ အမာကြည်ကား အိပ်ပျော်နေဆဲ။ ထွန်းကြည်မှာမူ သူ့ထုံးစံအတိုင်း ပင်စီတို့အိမ်တွင် သွားအိပ်သဖြင့် အိမ်တွင်မရှိ။

"မင်း ဒီမှာနေလို့ မဖြစ်တော့ဘူး ငါ့သား။ မင်းတို့လူသိုက်ကို ဟိုကောင်တွေက ရိပ်မိကုန်ပြီ။ မင်း သွားရမယ့် နေရာကို မောင်တင်သိန်းက ပြောပြီးပြီ မဟုတ်လား။ အဲဒီကိုသာ သွားပေတော့။ အဝတ်အစားတချို့ ယူသွား။ မြို့ထဲကို လုံးလုံးမဝင်နဲ့"

အဖေက ခရီးရောက်မဆိုက် ဆီးပြောသည်။ အဖေ့မျက်နှာမှာ သာယာကြည်လင်ခြင်း မရှိသော်လည်း အဖေသည် ကြိုးစား ဖြေဖျောက်လျက်ရှိကြောင်း ဝင်းကြည် ရိပ်စားမိလေသည်။ အမေသည် ဘုရားစင်ရှေ့တွင် ရေချမ်းကပ်လှူရင်း ဝတ်ပြုလျက်ရှိသည်။

"ရိပ်မိကုန်ပြီဆိုရင် အဖေ့အတွက်ရော အဖေ"

ဝင်းကြည်က အဖေ့အတွက် စိုးရိမ်တကြီး မေးလိုက်မိသည်။ အမှန်အားဖြင့် ဤလုပ်ငန်းတွင် အရေးအကြီးဆုံး ပါဝင် ခေါင်းဆောင်နေသူများအနက် တစ်ယောက်အပါအဝင်ဖြစ်သော အဖေ့အတွက် စိုးရိမ်မည်ဆိုကလည်း စိုးရိမ်ထိုက်ပါပေသည်။

အဖေသည် ဝင်းကြည်က မေးလိုက်သော မေးခွန်းကို ချက်ချင်း ပြန်မဖြေသေးဘဲ ခေတ္တ ခဏ ငြိမ်သက် တိတ်ဆိတ်စွာ စဉ်းစားနေ၏။

"အဖေရော ဒီအတိုင်းနေလို့ ဖြစ်ပါ့မလား။ အဖေ့အတွက် ကျွန်တော် စိုးရိမ်တယ်" ဟု ဝင်းကြည်က အလောတကြီး ထပ်ပြောလိုက်ပြန်သည်။ အဖေက ခေါင်းကို တဆတ်ဆတ် ညိတ်နေရင်း

"အဖေကတော့ ဟန်မပျက် နေရမှာပဲ။ အဖေ့အပေါ်မှာ သူတို့ ထင်ပုံမရဘူး။ တကယ်လို့ လုပ်ချင်ရင် ငါ့သားကို အကြောင်းပြုပြီး အဖေ့ကို လုပ်စရာပဲရှိတယ်။ ဒါပေမဲ့ ဘာမှ စိုးရိမ်စရာ မရှိဘူး။ အဖေ့အတွက် မပူနဲ့။ မင်းသာ ဒီမှာနေရင် အန္တရာယ် ရှိနေမှာမို့ လွတ်ရာကို အချိန် မရှိဘူး သွားတော့"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် အတွင်းခန်းသို့ဝင်ကာ အင်္ကျီနှင့် လုံချည် သုံးလေးထည်စီကို လွယ်အိတ်အတွင်း ထည့်ယူလာခဲ့၏။ ထို့နောက် ဘုရားရှိခိုး ပြီးစီးနေပြီဖြစ်သော အမေ့အပါးတွင် ထိုင်ကာ အမေ့ကို ဦးချသည်။ အမေ၏ မျက်လုံးအိမ်တွင် မျက်ရည်များဖြင့် ပြည့်လျှမ်း ရီဝေနေသည်။ သို့သော် စကားတစ်လုံးမျှ မပြော။ သူ့ကိုလည်း မကြည့်။

အလွန်တရာ စိတ်မာန် ပြင်းလှသော အမေပါတကား။

ဝင်းကြည်က အမေ့အပါးမှ ထကာ အဖေ့ကို ဦးချပြန်သည်။ အဖေကား ဆုပေးပါ၏။ အဖေ ပေးသော ဆုကား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပါစေ စသော သမားရိုးကျ ဆုမျိုး မဟုတ်။ "ကိုယ့်တာဝန် ကိုယ်ကျေပွန်ပစေ။ ဘာပဲလုပ်လုပ် သတိမလစ်စေနဲ့။ အရေးကြုံရင် သက်လုံကောင်းဖို့ သတိထား ကြားလား။ ကဲ ငါ့သား သွားပေတော့" ဟူသော ဆုပေတည်း။

ဝင်းကြည်သည် နောက်ဖေးဘက်မှ လျှိုဆင်းခဲ့၏။ အဆင်းတွင် မလှကြည်နှင့် တွေ့သေးသည်။ သူ ဘယ်သွားနေသည်၊ ယခု ဘယ်သွားဦးမည်၊ ဘာတွေ လုပ်နေသည်ကို မလှကြည် သိ မသိတော့ မသိ၊ ယင်းကိစ္စတွေနှင့် စပ်လျဉ်း၍ကား တစ်ခွန်းမျှ မမေး။

"ကိုဝင်း ပိုက်ဆံသုံးဖို့ ယူသွားဦး" ဟု ဆိုကာ ဆယ်တန် အခေါက်ကစ်ခေါက်ကို သူ့အိတ်တွင်းမှ ထုတ်ယူ၍ ပေးလေသည်။ မျက်နှာလည်း မကောင်း၊ တစ်ညလုံး ငိုထားသည့်အလား မျက်လုံးအိမ်တစ်ဝိုက်တွင် နီရဲနေ၏။

"မမ ညက ငိုထားသလား"

မလှကြည် လှမ်းပေးသော ပိုက်ဆံကို လွယ်အိတ်အတွင်းသို့ ထည့်လိုက်ရင်း ဝင်းကြည်က မေးသည်။

မလှကြည်က ဘာမျှမဖြေ။

"အိမ်မှာ ဘာဖြစ်နေကြသလဲ မမ။ ကျွန်တော့်ကို ဖြေစမ်းပါ"

ဝင်းကြည်က ထပ်မေးလိုက်၏။ ဝင်းကြည်၏အသံသည် တင်းမာလာ၏။ အိမ်၌ ဘာတွေ ဖြစ်နေသည်ကို သိချင်စိတ် ကြီးမားနေ၏။ သို့မို့ကြောင့်လည်း သူချစ်သော အစ်မကို တင်းတင်း မာမာ မေးလိုက်မိခြင်း ဖြစ်လေသည်။

"ကိုဝင်း စိတ်မချမ်းမသာ ဖြစ်နေဦးမယ်"

"မဖြစ်ဘူး မမ၊ မဖြစ်ဘူး။ ပြောမှာသာပြော။ သိသင့်တာ သိရမယ်။ ဖြစ်သင့်တာဟာ ဖြစ်ရမှာပဲ။ ဘာမှ စိတ်မချမ်းမသာ ဖြစ်စရာမလိုဘူး"

မလှကြည်က မျက်လုံးအိမ်ထောင့်တွင် စိုလာသော မျက်ရည်စတွေကို သုတ်ဖယ်နေ၏။

"ညက တစ်ညလုံး အမေနဲ့အဖေ စကားများကြတယ်။ ကိုဝင်း ခရီးထွက်သွားတဲ့ကိစ္စကို ပြောကြရင်း တစ်ယောက်တစ်ခွန်း ဖြစ်ကြတာပဲ။ အဖေနဲ့အမေ ဒီလို ကတောက်ကဆ ဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



မမ တစ်ခါမှ မတွေ့ဘူးခဲ့လို့ပါ။ အမေကတော့ ထုံးစံအတိုင်း တတွတ်တွတ် လျှောက်ပြောနေတာပေါ့ ကိုဝင်းရယ်။ နောက်ဆုံး အဖေက သိပ်ဒေါသကြီးလာပြီး အမေ့ကိုတောင် ရိုက်မယ် ပြုမယ် လုပ်တဲ့အထိ ဖြစ်လာတယ်။ တို့အလုပ်မှာ မင်း ဘာမှ ဝင်မရှုပ်နဲ့။ အဲဒါ ငါ နောက်ဆုံး ပြောတာပဲတဲ့။ အမေလည်း တစ်ညလုံး မအိပ်ဘူး။ ငိုနေတယ်။ ကိုဝင်း မရှိတော့ အိမ်မှာ အဖေကလွဲရင် ဘယ်သူမှ မရှိဘူး။ ကိုထွန်းကလည်း အိမ်ကပ်တာ မဟုတ်တော့ အမေက အားငယ်တယ်နဲ့တူပါတယ် ကိုဝင်းရယ်။ ဒါ့ကြောင့်ပါ၊ တခြားအကြောင်းတော့ မရှိပါဘူး။ ကဲ ကိုဝင်း သွားတော့လေ။ ပိုက်ဆံလောက်ပါ့မလား။ ဘယ်လောက် ကြာဦးမလဲ ကိုဝင်းရယ်"

"မကြာဘူးထင်တယ် မမ။ ပိုက်ဆံ လောက်ပါတယ်။ ဘာမှ သုံးစရာလည်းရှိမှာ မဟုတ်ဘူး။ စင်သီယာနဲ့ တွေ့သေးသလား"

"တလောက ကွင်းပြင်ထဲ လမ်းလျှောက်ရင်း တစ်ခါတွေ့တယ်။ ကိုဝင်းကို မေးတယ်။ ရေနံကိစ္စ ခရီးထွက်သွားတယ်လို့သာ မမက ပြောလိုက်တယ်"

"ကောင်းတယ်၊ အဲဒီလို ပြောလိုက်တာပဲ ကောင်းတယ် မမ။ ကဲ ဒါပဲလေ။ ကျွန်တော် သွားတော့မယ်"

မလှကြည်က ဖြည်းညင်းစွာ ခေါင်းညိတ်သည်။ သူ့မောင်ကို စကား မပြောနိုင်တော့ဘဲ အငေးသားကြည့်ရင်း ကျန်ရစ်လေသည်။

ဝင်းကြည်သည် စေးထန်းနေသော မြေပေါ်၌ ခြေကို မြဲမြဲစွာ ကုပ်၍ လျှောက်ရင်း အဖြစ်အပျက်တွေကို တစ်ခုပြီးတစ်ခု ပြန်လည် မြင်ယောင်နေမိ၏။ ပြောကြ ဆိုကြသည့် စကားသံတွေကိုလည်း ပြန်လည် ကြားယောင်နေမိ၏။ ခြေထောက်တွေကို ကုပ်၍ လျှောက်ရဖန်များလွန်းသည့်အတွက် ခြေချောင်းကလေးတွေမှာ အကြောသေနေသလား ထင်ရလောက်အောင် ညောင်းညာကိုက်ခဲလျက် ရှိလေသည်။

တဖွဲဖွဲ ဝေဆိုင်း ကျဆင်းနေသော နှင်းမှုန် နှင်းဖွဲများသည် သူ့ဦးခေါင်းနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို စိုရွှဲနေစေ၏။ လက်ပြတ်ဆွယ်တာကလေးဖြင့်သာ အအေးဒဏ်ကို ကာကွယ်ထားနိုင်သည့်အတွက် အထက်သွားနှင့် အောက်သွားတို့ တဖျတ်ဖျတ် ရိုက်ခတ်နေလောက်အောင် တစ်ကိုယ်လုံး အေးစက်လျက်ရှိသည်။

ယင်းအခိုက်မှာပင် ဝင်းကြည်သည် စောကျော်သန်းနှင့် နော်အေးမူကို သတိရမိ၏။ ဦးမြတ်သော်တို့၊ ဦးဘတင်တို့ကိုလည်း သတိရမိ၏။ စိုးသိမ်း၊ တင့်အောင်နှင့် ဖုန်းမြင့်တို့ကိုလည်း သတိရမိ၏။ အိမ်ကအထွက်တွင် မမထံမှ ကြားခဲ့ရသော သတင်းစကားတွေအတွက် စိတ်မကောင်းသလို ဖြစ်မိသည်။ အဖေနှင့် အမေတို့ အကြီးအကျယ် စကားများကြသည်၊ ထွန်းကြည်က အိမ်မကပ်။

အိမ်တွင်းရေး မသာမယာ ဖြစ်ရသည့်အတွက် ဝင်းကြည်သည် အနည်းငယ်အများ ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်မိပါ၏။ ယင်းသို့ ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းခံမှာ မိမိ၏ ပြဿနာသာဖြစ်ကြောင်း သူ သဘောပေါက် နားလည်လေသည်။ အိမ်တွင်း၌ တိုက်ခတ်နေသော လေမုန်တိုင်းနှင့် တောက်လောင်နေသော မီးကို မိမိကသာ စတင်သလို ဖြစ်နေရသည်။ သို့မို့ကြောင့်လည်း ဝင်းကြည်သည် သက်ပြင်းတစ်ချက် ချလိုက်၏။ စိတ်မကောင်းသည့်အတွက် သက်ပြင်းချရုံမှတစ်ပါး အခြားဘာကိုမှ မတတ်နိုင်။

အတန်ကြာသောအခါ နှင်းဖွဲများ တဖြည်းဖြည်း ပါးသွားသည်ကို သတိပြုမိသည်။ နှင်းထုသည် ပြိုကွဲစ ပြုလေပြီ။

နှင်းထု၏ ပါးလျားသော ဇာဝတ်ရုံကို ထွင်းဖောက်ကာ ထိုးဆင်းလာသည့် နေရောင်ဖြူလွလွကို တွေ့ရသည်။ ဝင်းကြည်မှာ ဝမ်းသာသွားမိသည်။ အချမ်းဒဏ် သက်သာသွားပေတော့မည်။ သူ့အဖို့ရာတွင် မရပ်မနား အားတိုက်ခွန်တိုက် လျှောက်လာရသည့်အတွက် အေးချမ်းသည့် အကြားမှပင် သူ့နဖူးပြင်တွင် ချွေးစကလေးတွေ စို့ထွက်နေကြသည်။ ခြေဖဝါးတွေ နာလာသည်။ စူးရာ ခြစ်ရာတွေက စပ်ဖျင်းဖျင်း ဖြစ်လာသည်။ ခြေချောင်းကလေးတွေမှာ အကြောသေသလို ချည့်နဲ့လာသည်။

သို့မို့ကြောင့် ဝင်းကြည်သည် လျှောက်နေရာ လှည်းလမ်းကြောင်းနှင့် ဝါးနှစ်ရိုက်ခန့်အကွာရှိ သစ်ပင်အုပ်ကလေးဆီသို့ ခိုဝင် နားနေရန် အကြံရလာသည့်အတွက် လှည်းလမ်းကြောင်းမှ ဖယ်ခွာခဲ့သည်။

ဗာဒံပင်များ၊ သရက်ပင်များနှင့် လက်ပံပင်အချို့ အုပ်ဖွဲ့ကာ ပေါက်နေကြသော သစ်ပင်အုပ်အုပ်ကလေးအတွင်းသို့ ခပ်သုတ်သုတ် ဝင်လာခဲ့သည်။ သူသည် လုံးပတ်အကြီးဆုံးနှင့် အမြင့်ဆုံးဖြစ်သော လက်ပံပင်၏ ပင်စည်ခြေရင်းမှ မြစ်ဆုံပေါ်တွင် အမောအပန်းဖြေ နားနေရန် ချဉ်းကပ်လာခဲ့၏။ ထိုအခိုက် ယင်းလက်ပံပင်၏ မြစ်ဆုံနားသို့အရောက်တွင် တွေ့လိမ့်မည်ဟု မည်သည့်နည်းနှင့်မျှ မထင်ရသော လူနှစ်ယောက်နှင့် ပက်ပင်းပါ သွားတိုးနေလေ၏။

စိုးသိမ်းနှင့် ဖုန်းမြင့်တို့ပင်တည်း။

ဝင်းကြည်သည် မမျှော်လင့်ဘဲ တွေ့လိုက်ရသော သူငယ်ချင်း နှစ်ယောက်ဆီသို့ အပြေးကလေး ရောက်လာလေရာ သူတို့ သုံးယောက်သား အားပါးတရ ပွေ့ဖက်ထားလိုက်မိကြသည်။

"မင်းတို့ ဘယ်တုန်းက ပြန်ရောက်သလဲ"

"တို့ ပြန်ရောက်တာ သုံးရက်လောက်ရှိပြီ ဝင်းကြည်။ မင်းရော" ဟု စိုးသိမ်းက ပြန်မေးလိုက်၏။

"ဒီနေ့မနက် အိမ်ကိုခဏဝင်၊ အဘိုးကြီးနဲ့တွေ့ပြီး ဆက်ထွက်လာတာပဲ။ မင်းတို့ ဒါဖြင့် သုံးရက်လောက် မြို့မှာ နေလိုက်ရသေးတယ်ပေါ့"

"ဆိုပါတော့လေ။ ဒါပေမဲ့ အိမ်မှာ မနေရဲဘူး။ တခြားမှာ ရှောင်နေရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြင့်က ဝင်ပြောလိုက်၏။

ဝင်းကြည်သည် ဖုန်းမြင့်နှင့် စိုးသိမ်းကို ယခုမှပင် သေသေချာချာ ကြည့်မိ၏။ ဖုန်းမြင့်မှာ မထူးခြားသော်လည်း စိုးသိမ်းကား ယခင်ကထက် ပို၍ ချုံးကျသွားသည် ထင်ရသည်။ ပင်ကိုအားဖြင့် မည်းသော သူ့အသားအရေမှာ ပို၍ မည်းနက်လာသည်။

သူငယ်ချင်း သုံးယောက်သည် မြစ်ဆုံကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ကြ၏။ နှင်းကန့်လန့်ကာအကြားမှ ထိုးဆင်း ပြူထွက်လာသော နေခြည်တန်းသည် သစ်ပင်အုပ်၏ အကိုင်းအခက်များကို ဖောက်ခွင်းကာ အနွေးငွေ့ဖြင့် ဤနေရာကလေးကို ပွေ့ဖက်ထားလေသည်။

ဝင်းကြည်က နဖူးပြင်မှ ချွေးစက်တွေကို လုံချည် ခါးပုံစဖြင့် ငုံ့၍ သုတ်နေသည်။

"မင်းတို့ဘက်က ဟန်ကျရဲ့လား"

စိုးသိမ်းက မေးလိုက်၏။

ဝင်းကြည်က ချွေးငုံ့သုတ်ရင်း "အေး၊ ဟန်တယ်လို့ ပြောနိုင်ပါတယ်။ တွေ့ရတာကတော့ အားရစရာချည်းပဲကွာ။ ဒါပေမဲ့ လက်တွေ့ ဘယ်လိုဖြစ်လာမယ်ဆိုတာ စောင့်ကြည့်ရဦးမှာပဲ" ဟု ဖြေလိုက်၏။

"တို့ ပန်တပွတ်ချောင်းရိုးက ရွာချင်း မညီကြဘူးကွာ။ တချို့ ရွာတွေက သိပ်တက်ကြွပြီး တချို့ရွာတွေက ဘာမှ စိတ်မဝင်စားသလိုဘဲ။ ကျုံစုတ်က တစ်ရွာလုံးလိုလို တက်တက်ကြွကြွရှိသလောက်၊ ထန်းပင်ကွေ့က ခပ်ပျော့ပျော့ပဲကွ။ အစွမ်းကုန်တော့ စည်းရုံးခဲ့တာပဲ။ ကိုတိုးအောင်ရဲ့ အကူအညီရပေလို့ တော်သေးတာ"

ဖုန်းမြင့်က ရှင်းပြလေသည်။ ကိုတိုးအောင်မှာ သူတို့နှင့် တစ်တန်းတည်းသား ဖြစ်သည်။ ပန်တပွတ်ချောင်း အတွင်းရှိ ထန်းပင်ကွေ့ ရွာကလေးတွင် သူ့ဦးလေး၏ ဆန်စက် ရှိလေရာ စစ်ဖြစ်ချိန်၌ ထန်းပင်ကွေ့တွင် ပြန်လည်နေထိုင်လျက် ရှိသည်။

"နေစမ်းပါဦး စိုးသိမ်းရ။ မြို့မှာ ဆက်နေရင် တို့ကို ဖမ်းမှာတဲ့လား"

ဝင်းကြည်က မနေနိုင်တော့သည့်အလျောက် ဝင်မေးလိုက်မိသည်။ စိုးသိမ်းသည် အရောင်တဖိတ်ဖိတ်တောက်သော သူ့မျက်လုံးအစုံကို မြေပေါ်သို့စိုက်၍ မျက်လွှာချကာ စဉ်းစားနေ၏။

"မင်း တင့်အောင်နဲ့ မတွေ့ခဲ့ရဘူးလား"

"ဟင့်အင်း။ အဖေနဲ့တောင် ငါးမိနစ်လောက်ပဲ တွေ့ခဲ့ရတာ"

"တင့်အောင်ဆီကရတဲ့ သတင်းကတော့ တို့တစ်သိုက်ကို စောင့်ကြည့်နေတာ သေချာတယ်။ ဖမ်းမယ်၊ မဖမ်းဘူး ယတိပြတ် မပြောနိုင်ဘူး။ ဘယ်သူမှ အာမခံချက် မပေးနိုင်ဘူးဆိုတော့ အားလုံး ရှောင်နေကြဖို့ ဆုံးဖြတ်လိုက်တာပဲ။ ဒါထက် ဟော့ကောင်၊ မင်း ဘယ်ကိုသွားရမှာလဲ"

"အဟိတ်ကို။ မင်းတို့ရော"

"အတူတူပဲ" ဟု စိုးသိမ်းက ဖြေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်အတန့်တွင် ဖုန်းမြင့်သည် အဝေးသို့ မျှော်ကြည့်လျက် ရှိလေသည်။ အဝေးတွင်ကား နှင်းကွဲစပြုလေပြီ။ နေရောင်ခြည်သည်လည်း ပို၍သာ ထွန်းလင်းတောက်ပလာလေပြီ။

"ကြည့်စမ်း။ လောကကြီးဟာ သာယာနေလိုက်တာ။ လူတွေရဲ့ အတိဒုက္ခနဲ့ အခက်အခဲတွေကို ဘာမှ မသိသလိုပဲ"

ဖုန်းမြင့်က ဩကာသလောက၏ နိုးကြားလာခြင်းကို ကြည့်၍ ပြောနေခြင်း ဖြစ်သည်။ သူသည် ကဗျာ အတိုအစတွေ ရေးသူဖြစ်၏။ မြန်မာစာတွင်လည်း ထူးထူးချွန်ချွန် တော်သူဖြစ်ပါသေး၏။ ကျောင်းတွင် သူ့လက်ရေးဖြင့် ကိုယ်တိုင်ကိုယ်ကျ ကဗျာတွေ ရေးစပ်ထားသော ဗလာကော်ပီစာအုပ်ကို တကိုင်ကိုင် လုပ်နေတတ်၏။

"ဟောဟို အဝေးက တောအုပ်ကလေးကို ကြည့်စမ်း၊ နှင်းအစအနလေးတွေ ကျန်နေသေးတယ်။ တော်တော်ကြာ နေရောင်က သူတို့ကို တလက်လက်နေအောင် ပြုစားလိမ့်မယ်" ဟု ဆက်၍ ပြောနေပြန်၏။

စိုးသိမ်းက မနေနိုင်တော့သည့်အလား ဖုန်းမြင့်၏ ပခုံးကို လှမ်းပုတ်လိုက်ရင်း

"သိပ်လည်း စိတ်ကူးယဉ်မနေနဲ့ ကဗျာဆရာရေ့၊ အဟိတ်ကို နေမမြင့်မီရောက်ဖို့ အရေးကြီးတယ်။ ကဲ လာ၊ သွားကြရအောင်"

သူငယ်ချင်း သုံးယောက်သည် လွယ်အိတ်ကိုယ်စီဖြင့် ခရီးဆက်ကြပြန်သည်။ မြေပြင်ကား နှတ်စိုမြဲသာ ဖြစ်လေသည်။ သို့သော် ကိစ္စမရှိ၊ နေရှိန်ရလာလျှင် သွေ့ခြောက်သွားပေရော့မည်။

## အခန်း ၁၆

အဟိတ်ရွာကလေးသည် မအူပင်နှင့် ရေလဲသွား ကားလမ်းနံဘေးတွင် အေးဆေးဆိတ်ငြိမ်စွာ တည်ရှိနေသော သာမန်ရွာငယ်ကလေးမျှသာ ဖြစ်လေသည်။

အမှတ်မထင်ကြည့်လျှင် ဤရွာကလေးမှာ ကားလမ်းနံဘေးမှ မည်သို့မျှ အရေးမပါသော သာမန်ရွာကလေး အဖြစ်ဖြင့်သာ တွေ့မြင်ရမည် ဖြစ်သော်လည်း အမှန်စင်စစ်အားဖြင့်ကား ကိုတင်သိန်းတို့အတွက် အချက်အချာကျသော၊ အရေးပါသော ရွာကလေး ဖြစ်နေသည်။

ကားလမ်းသည် ပျက်စီးနေလေပြီ။ ဖုထစ်ချိုင့်ဝှမ်းတို့ ပြွမ်းတီးသော လမ်းကြမ်းမျှသာ ဖြစ်နေသည်။ စစ်မဖြစ်မီက သူတို့တစ်တွေ ဤကားလမ်းပေါ်၌ လမ်းလျှောက် လေ့ကျင့်ခန်း လုပ်ခဲ့ကြသည်။ ပျော်ပွဲစား ထွက်ခဲ့ကြသည်။ ထိုစဉ်ကဆိုလျှင် ဤကားလမ်းသည် ချောမွေ့တောက်ပြောင်သော ကတ္တရာခင်းလမ်းသာ ဖြစ်ကြောင်း ကောင်းစွာ မှတ်မိကြသည်။

ကားလမ်း၏ လက်ယာဘက်ဘေးတွင် ချောင်းကျဉ်းလေးတစ်ခုက အလျားလိုက်ယှဉ်၍ စီးဆင်းနေသည်။ ဤချောင်းကျဉ်းကလေးသည် ကားလမ်းကို ယှဉ်ပြိုင်သော ရေလမ်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေ၏။ လှေများ၊ ဘောက်တူများဖြင့် ကူးသန်းသွားလာသူတွေ များလှသည့် ရေလမ်းလည်း ဖြစ်ပါသေးသည်။

အဟိတ်မှနေ၍ လက်ယာဘက်သို့ဆင်းလျှင် ဘဲကုန်း၊ စာလင်းဒေါင့်၊ မောင်းထောင်စု၊ ညောင်ပင်ဂရက်၊ ကံကုန်း၊ ကျုံရှပ်နှင့် ကရင်စုကြီး စသော ရွာစဉ်ကိုဖြတ်ကာ စစ်ချောင်းသို့ ရောက်နိုင်၏။ တစ်ဖန် လက်ဝဲဘက်သို့ထွက်လျှင် ကွန်စု၊ ကနီလေး၊ ကနီကြီး၊ မှင်ဒု၊ လက်ပန်ကုန်း၊ ကျုံဝါး စသည့် ရွာစဉ်တွေကို ကျော်ကာ ခမုံသို့ ဆင်းနိုင်၏။ သို့မှမဟုတ် အနောက်စူးစူး ရေလဲ လမ်းအတိုင်း သွား၍ ရေလဲမှတစ်ဆင့် သုံးခွဆိုင်၊ ရေလဲကြီး၊ ရွှေတောင်မော်အထိ ခရီးပေါက်ကာ မော်လမြိုင်ကျွန်း နယ်တွင်းသို့ ထိုးဖောက် ဝင်ရောက်သွားနိုင်သည်။

ဤဒေသ ဤကွင်းတစ်ဝိုက်သည် နွေအခါတွင် လှည်းများသာမက စပါးဆွဲ မော်တော်ကားများပင် သွားလာနေကြပြီး ကွင်းတစ်ခုလုံး ရေမြုပ်နေတတ်သော မိုးတွင်းအခါများ၌မူ ဘောက်တူများ လှေများဖြင့် သွားလာနိုင်ကြသေးသည်။

သို့မို့ကြောင့်လည်း ကိုတင်သိန်းတို့က အဟိတ်ကို ရွေးချယ်ခဲ့ဟန် တူလေသည်။

သူတို့ လူစုံတက်စုံ ရောက်လာကြသည်နှင့် တစ်ပြိုင်နက် တစ်အိမ်တည်းတွင် စုမတည်းစေဘဲ လူခွဲ၍ တည်းခိုရန် ကိုတင်သိန်းက စီစဉ်ထားပြီး ဖြစ်သည့်အတိုင်း လူစုခွဲလိုက်ကြသည်။

အဟိတ်ရွာကလေးသို့ ရောက်လာရပြန်သောအခါ ဝင်းကြည်သည် အနွံ့ကို သတိရမိပြန်သည်။ အနွံ့တစ်ယောက် အဟိတ်မှာဟု ဖုန်းမြင့်ကလားမသိ ပြောဘူးသည်။ သို့ရာတွင် မေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ သတိထား၍သာ ကြည့်ရန် သူ့ဘာသာသူ ပိုင်းဖြတ်ထားလိုက်မိသည်။ အဘယ့်ကြောင့် ဟူ၍ကား မသိ။ ယခုကဲ့သို့သော အချိန်အခါမျိုးတွင် အနွံ့ကို မေးမြန်းစုံစမ်းရန် အတွက် ရှက်သလိုလို ဖြစ်နေမိသည်။

ကိုတင်သိန်း၊ ကိုချစ်မောင် စသော ခေါင်းဆောင်များလည်း စုံလေပြီ။ ဝင်းကြည်၊ စိုးသိမ်း၊ ဖုန်းမြင့် အပြင် မြို့တွင်း၌ ကျန်နေရစ်သော တင့်အောင်လည်း ရောက်လာလေပြီ။ မောင်ညွန့်နှင့် စံကျော်တို့လည်း နောက်ထပ် ရောက်လာသည်။ မောင်ညွန့်မှာ ဂျပန်တွေကို လစ်လျှင် လစ်သလို ရိုက်မည်၊ သတ်မည် တကဲကဲ လုပ်နေသည့်အတွက် ကိုတင်သိန်းက ချော့မော့ခေါ်လာရသူ ဖြစ်သည်။ စံကျော်ကား ကိုချစ်မောင်က တစ်ဦးချင်း စည်းရုံးထားသူ ဖြစ်သည်။ စံကျော်သည် စစ်ဖြစ်သည့်နှစ်တွင် ကျောင်းမှထွက်ကာ စက်ချုပ် အသက်မွေးနေသူ ဖြစ်သည်။ ဝင်းကြည်တို့ ထက်လည်း အသက်ကြီးသည်။

ကိုတင်သိန်းကား အလွန် အလုပ်လုပ်နိုင်သူ ဖြစ်၏။ နေ့ခင်းဘက်တွင် ဝေးလံသော ကွင်းပြင်အတွင်းရှိ တောအုပ်တွင်း၌ သူတို့ကို စစ်သင်တန်းပေးသည်။ လက်ပစ်ဗုံးပစ်နည်း၊ သေနတ်ပစ်နည်း၊ လုံ့စွပ်ထိုးနည်းတွေကို သင်ပေးသည်။ သို့မှမဟုတ်လျှင် နိုင်ငံရေး သဘောတရားတွေ ပို့ချပေးသည်။ ဖက်ဆစ်စနစ်ကို အဘယ့်ကြောင့် တိုက်ဖျက်ရန် လိုသနည်း ဟူသော အမေးပုစ္ဆာ

www.burmeseclassic.com

www.burmeseclassic.com



ကို အဖြေထုတ်ပြသည်။ ဖက်ဆစ်စနစ်၏ ဆိုးယုတ်မှုတွေကို ထောက်ပြသည်။ အနောက် ဒီမိုကရေစီ နိုင်ငံကြီးတွေနှင့် ဆိုရှယ်လစ်စနစ်၏ ဘူမိနက်သန်ဖြစ်သော ဆိုဗီယက်၊ ရုရှားတို့ အဘယ့်ကြောင့် တပ်ပေါင်းစုဖွဲ့ကာ ဖက်ဆစ်စနစ်ကို တိုက်ဖျက်ကြသနည်း ဟူသော ပြဿနာကို ရှင်းလင်းသည်။ တစ်ခါတစ်ရံ သူတို့အားလုံးကို ငါးဖမ်းခိုင်း၊ ဂယက်ပက်ခိုင်းသည်။

ပင်ပန်းနွမ်းနယ်ခြင်း အတိပြီးသော နေ့ရက်များ ဖြစ်စေကာမူ ဝင်းကြည်၏စိတ်တွင်း၌ အား ပျော်ပိုက်သလို ဖြစ်လာလေသည်။ သူငယ်ချင်းတွေနှင့် ဥမကွဲ သိုက်မပျက် နေရသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

နေသည် ပူပြင်းတောက်လောင်စ ပြုနေလေပြီ။

မှန်၏။ နွေရာသီသို့ ချင်းနင်းဝင်ရောက်လေပြီမို့ ပူပြင်းသွေ့ခြောက်သော အဆင်းတန်ဆာတို့ဖြင့် ဆင်ယင်ထားသည့် လောကဝန်းကျင်ကို ကြည့်လေရာအရပ်တွင် တွေ့နိုင်လေတော့သည်။

"ဒီနေ့ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်" ဟု ကိုတင်သိန်းက ပြောထားသည်။ သူတို့ရောက်ရှိနေသော တောအုပ်ငယ်အတွင်း၌မူ နေရောင်သည် မှန်ကူကွက်များသဖွယ် ထိုးဆင်းလျက်ရှိ၏။ ကွင်းပြင်ဖြတ်၍ တိုက်လာသောလေကား ဆောင်းဥတုမှာလို အေးမြခြင်းမရှိဘဲ နွေးထွေးသော်လည်း နေပူရှိန် ရိုက်ခတ်ထားသည့် ဒဏ်ရာဒဏ်ချက်တွေကို သက်သာအောင် ဖေးမယုယလေသည်။

သူတို့လူသိုက်သည် သစ်ရွက်တွေ ကြွေကျထားသည့် မြေပေါ်တွင် ထိုင်လိုက်ကြ၏။

ပေါက်လဲပွင့်များသည် တဖြာဖြာ ဝဲကြွေလျက်ရှိ၏။ မိုးနှင့် ဆောင်းတွင် ညွန့်ရှင်လန်းဆတ်ပြည်ဆွတ်ခဲ့သော သစ်ရွက်များမှာ ယခုအခါတွင် ညိုမှောင်မှောင် ဝါရော်ရော် အသွေးဖြင့် အညာမှ တဖြုတ်ဖြုတ် လွင့်ကြွေ နေကြလေပြီ။

"ပေါက်လဲငယ် ဝါကြွေ၊ ယာမြေနံ့သင်း၊ ဆော်ဘန်လေညင်း၊ သည်ခါတဲ့
သည်ခါချိန်"

ဖုန်းမြင့်သည် မြဝတီမင်းကြီး ဦးစ၏ နွေဘွဲ့ကို တီးတိုး သီဆိုရင်း ရိုးပြတ် ငေါ်စင်းစင်းများဖြင့်သာ နေရောင်အောက်၌ အပူဒဏ်ကို လည်စင်း၍ခံနေသည့် ကွင်းပြင်ကြီး တမျှော်တခေါ်ကို ငေးမောကာ ထိုင်နေလေသည်။

"ညောင်းရွက်ကယ်တည့် ကြွေလေဟန်၊ မြသား ရွှေရည်လျှံ၊ သင်းကျန်ကျန်
လေတည့်မှ၊ ဝင်းတဲ့ ဝင်းလျှံလျှံ၊ မြယွန်း ဘုံတိမ်ယံက၊ ဖန်လာ မြူခိုး ဖြိုးဖြိုး
အုံ့သည်၊ မှုန်ရီတည့် ထွေထူးဆန်း၊ အို ပန်းလေအောင်တည့်မှ"

သူ့တေးမဆုံးခင် စိုးသိမ်းက သစ်ကိုင်းခြောက်ငယ်တစ်ခုနှင့် ပစ်ပေါက်ကာ "ကိုတင်သိန်းလာနေပြီ" ဟု ပြောလိုက်၏။

မကြာမီ ကိုတင်သိန်း ရောက်လာသည်။ ခြစ်ခြစ်တောက် ပူပြင်းသော ကွင်းပြင်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းလာရသည့်အတွက် သူ့တစ်ကိုယ်လုံးတွင် ချွေးများဖြင့် စိုရွှဲလျက် ရှိလေသည်။ သူ၏ မုတ်ဆိတ်မွေး အစအနများမှာလည်း မရိတ်ရသည့်အတွက် ထိုးထိုးထောင်ထောင် ဖြစ်နေကြသည်။

ဆွေးနွေးပွဲလည်း စလေသည်။

"ဒီနေ့ အရေးကြီးတဲ့ကိစ္စ ပြောစရာရှိတယ်ဆိုတာ တခြား မဟုတ်ပါဘူး။ ကျွန်တော်တို့က ဖက်ဆစ်ဂျပန်ကို ခုခံတွန်းလှန်တဲ့ တော်လှန်ရေးကြီး စတင်ပြီလို့ ကြေညာဖို့ပါပဲ"

ကိုတင်သိန်း၏ ခရီးရောက်မဆိုက် စကားကို ကြားလိုက်ရသောအခါ အားလုံးသည် ကြက်သေ သေနေ၏။ သစ်ရွက်ကြွေသံမှအပ အခြားအသံဗလံ ဟူ၍ မရှိ။

အံ့သြခြင်း၊ ဝမ်းမြောက်ခြင်း၊ တက်ကြွခြင်း၊ စိတ်စောခြင်း စသည့် ခံစားမှုပေါင်းစုံ၊ အတွေးပေါင်းစုံတို့ စုပြုံ တိုးဝင်လာသည့် အားအရှိန်ကို တိတ်ဆိတ် ငြိမ်သက်ခြင်းဖြင့် တွေ့ထိနေကြသည့် သဘောလည်း ဖြစ်ပါလိမ့်မည်။

ကိုတင်သိန်းက အသင့်ယူဆောင်လာသော စာရွက်တွေကို ထုတ်ကာ ဖတ်ပြသည်။ ရှေးဦးပထမ ဖက်ဆစ်ဂျပန်တွေကို ကျူးပြင်ခုတ် ကျူငုတ်မကျန် တိုက်ခိုက် မောင်းထုတ်ရမည်။ အဘယ့်ကြောင့် တိုက်ခိုက် မောင်းထုတ်ရန် လိုအပ်သနည်း။ ဂျပန် ပေးသော လွတ်လပ်ရေးမျိုး မဟုတ်ဘဲ တကယ့်ကိုယ်ပိုင် လွတ်လပ်ရေး ရရှိစေရန်၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်ရရှိရန် ဖြစ်သည်။ လူမျိုး၏ အခွင့်အရေး တိုးတက်မှုများ ဆောင်ရွက်ရန်အတွက် မိစ္ဆာ ဂျပန်တို့ကို ပြည်တွင်းမှ တောထုတ်ပစ်ရပေလိမ့်မည် စသည်ဖြင့် ရှင်းလင်းထားသော စာတမ်း ဖြစ်သည်။

ကိုတင်သိန်း၏ အသံသည် တောအုပ်ကလေးအတွင်း၌ တိုးတိုးပင် ပဲ့တင်ထပ်လျက် ရှိလေသည်။ ကိုတင်သိန်း ကိုယ်တိုင်ကလည်း စိတ်လှုပ်ရှားနေလေသလား မသိ။ ခါတိုင်းကဲ့သို့ မဟုတ်ဘဲ အနည်းငယ် တုန်ယင်နေသည်ကို သူတို့ သတိပြုမိသည်။

ယင်းအခိုက် ကိုချစ်မောင် ရောက်လာပြန်သည်။ ရောက်ရောက်ချင်း သူက ကိုတင်သိန်းကို တစ်စုံတစ်ခု တိုးတိုးကပ်၍ ပြောလိုက်၏။ ကိုတင်သိန်းကမူ ကိုချစ်မောင် ပြောသည်ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ပြီးနောက် သူ ရှင်းစရာရှိသည်ကိုသာ ဆက်၍ ရှင်းလေသည်။

"အဲဒါဟာ ကျွန်တော်တို့ တော်လှန်ရေးကြီးရဲ့ ရည်ရွယ်ချက်ပါပဲ။ အဲဒီရည်ရွယ်ချက် အောင်မြင်ဖို့၊ လက်တွေ့လုပ်ဖို့အတွက် ကျွန်တော်တို့ရဲ့ လက်ငင်း လုပ်ငန်းတာဝန် ရှစ်ချက်ကိုလည်း ဒီစာတမ်းမှာ ဖော်ပြထားပါတယ်။ အဲဒါတွေက ဘာလဲဆိုတော့ ဂျပန်တွေရဲ့ ရေလမ်း ကြည်းလမ်း အဆက်အသွယ်တွေကို ဖြတ်တောက် ဖျက်ဆီးမီးရှို့ပစ်ဖို့၊ ချွေးတပ် သွေးတပ် အဆွဲမခံဘဲ၊ သူတို့ကို မကူညီဘဲ ရှောင်ရှားနေပြီး လူစုပြီး တော်လှန်ကြဖို့၊ လှေ၊ ရထား၊ နွား စတဲ့ ယာဉ်တွေကို သိုဝှက်ထားကြဖို့၊ ဂျပန် ကိုယ်စားလှယ်တွေနဲ့ နိုင်ငံသစ္စာဖောက်တွေကို သုတ်သင်ပစ်ကြဖို့၊ ဗမာ့တပ်မတော်က ပြောက်ကျားစနစ်အရ ဂျပန်ကို တော်လှန်တိုက်ခိုက်ဖို့၊

www.burmeseclassic.com

www.burmeseclassic.com



သတင်းမှန်ကို ရအောင်ယူပြီး သတင်းများကို ရန်သူ့ဆီပို့ကြဖို့၊ မြို့တိုင်း နယ်တိုင်းမှာ အလုပ်သမား သမဂ္ဂတွေ၊ ပြောက်ကျားတပ်တွေ ဖွဲ့ကြဖို့၊ တစ်တိုင်းတစ်ပြည်လုံး ဝိဝါဒ မကွဲပြားဘဲ တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဆိုတဲ့ အချက်ရှစ်ချက်ပါပဲ။ အဲဒီအချက်ပါ လုပ်ငန်းတွေကို ကနေ့ စ လုပ်ရမယ်။ ဖ.တ.ပ.လ အဖွဲ့ချုပ်ကြီးက ဂျပန်ကို စစ်ကြေညာပါပြီ"

ဤနေရာတွင် ကိုတင်သိန်း၏ အသံသည် မကြုံစဖူး ထူးကဲစွာ ခက်ထန် မာကျောလှသ၏။

'စစ်ကြေညာပါပြီ' ဟူသော စကားလုံး၌ ကိုတင်သိန်း၏အသံ ခက်ထန် မာကျောသလောက် သူတို့အားလုံးမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ 'စစ်ကြေညာပြီ၊ စစ်ကြေညာပြီ' ဟူသော စကားလုံးသည် သူတို့အားလုံး၏ ရင်တွင်း၌ မြေငလျင်တော်လဲနေ၏။ ပွဲတင်ရိုက်ခတ်နေ၏။ သို့မို့ကြောင့်လည်း သူတို့မှာ ကြက်သီးဖြန်းဖြန်း ထနေကြ၏။ နှလုံးသွေးတွေ ပြင်းထန်စွာ ခုန်နေကြ၏။

ကိုတင်သိန်းက ဆက်ပြောသည်။

"ကဲ ဒီနေ့ ဒီအချိန်ကစပြီး တာဝန်အတိုင်း မမိုတ်မသုန် လုပ်ကြဖို့ပဲ။ ဘယ်သူက ဘာ တာဝန်တွေ လုပ်ရမယ်၊ ဘယ်ကို သွားရမယ်ဆိုတာ ကျွန်တော် တစ်ခါတည်း ရှင်းပြမယ်။ ဒီတာဝန်အရ အတူတူ လုပ်ရတာတွေလည်း ရှိမယ်။ လူချင်းခွဲကြရမှာတွေလည်း ရှိမယ်။ ဘာပဲဖြစ်ဖြစ် သတ္တိရှိရှိ ရဲရဲရင့်ရင့် တာဝန်ယူကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ ဒီတော်လှန်ရေးကြီး အတွင်းမှာ သေတဲ့လူလည်း ရှိချင်ရှိမယ်။ သေတာဟာ မဆန်းဘူး။ တစ်သက်မှာ တစ်ခါတော့ သေစမြဲချည်းပဲ။ ဒါပေမဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် မြင့်မြတ်စွာသေဖို့ပဲ အရေးကြီးတယ်။ ကဲ ဒီနေ့ညနေ ၆ နာရီခွဲမှာ ကျွန်တော်တို့ လက်နက်တွေ ရမယ်။ လေယာဉ်ပျံက လာချပေးလိမ့်မယ်။ ချပေးမယ့်နေရာကို ကျွန်တော်တို့ သွားစောင့်ကြရမယ်။ အဲဒီလက်နက်တွေ ရပြီးတာနဲ့ တစ်ပြိုင်နက် တာဝန်ကျရာ နေရာတွေကို လူစုခွဲပြီး သွားဖို့ပဲ။ ကျွန်တော် ပြောတာ ရှင်းသလား။ မေးစရာ ရှိသေးသလား"

မေးစရာရှိသေးသလားဟု ကိုတင်သိန်းက မေးသော်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ မမေး၊ မေးစရာလည်း မလို။ သူတို့ ဘာလုပ်ရမည် ဆိုသည်မှာ ရှင်းနေပေပြီ။

"မေးစရာမရှိဘူးဆိုရင် အခု အခိုက်အတန့်အားဖြင့် ခဏနားကြ။ ပြင်စရာရှိတာ ပြင်ဆင်ထားကြ။ နောက်တစ်နာရီ အကြာမှာ ကျွန်တော်တို့ တစ်နေရာကို ပြောင်းမယ်"

ယခုအချိန်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြသေးဘဲ အတွေးကိုယ်စီဖြင့် ငေးငိုင်နေကြသည်။ ကိုတင်သိန်းနှင့် ကိုချစ်မောင်သာလျှင် စာရွက်တွေကို ဖြန့်ချကာ ဖတ်ရှုရင်း ဆီးတိုးတိုင်ပင်လျက် ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီခန့် အကြာတွင် သူတို့ ခရီးဆက်ကြရသည်။ အနောက်မြောက်စူးစူးသို့ ဦးတည်သွားကြခြင်း ဖြစ်သည်။

နေသည် တဖြည်းဖြည်း နိမ့်ဆင်းလျက်ရှိသည်။ အနောက်ဘက် မိုးကုပ်စက်ဝိုင်းကို ရေးတေးတေး တွေ့နေရသေးသည်။ တစ်နေ့တာလုံးလုံး မီးကုန်ယမ်းကုန် ပူထားသော အပူရှိန်ကြောင့် မြေကြီးမှာ ဒယ်အိုးကင်းပမာ ပူပြင်းလျက် ရှိနေသေးသည်။

ဝင်းကြည်က ကန်သင်းရိုးတွကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ရင်း သူတို့လက်ထဲ၌ လက်နက် မရှိသေးသည့် အဖြစ်ကို တွေးမိသည်။ ကိုတင်သိန်းတွင် ပါလာသော လက်ပစ်ဗုံးနှစ်လုံးနှင့် ကိုချစ်မောင်ထံမှ ပစ္စတိုတစ်လက်မှအပ သူတို့တွင် ဘာလက်နက်မျှ မရှိသေး။ လက်နက်မရှိသည့် အတွက် စိတ်အားငယ်မိသလို ဖြစ်နေသည်။ သို့သော် လေယာဉ်ပျံက လက်နက်တွေ ချပေးမည်ဟု ဆိုထားသဖြင့် စိတ်သက်သာရာ ရမိလေသည်။ မည်သည့်လေယာဉ်ပျံက မည်သည့်လက်နက် တွေကို ချပေးမည်နည်းဟု ကိုယ့်ကိုယ်ကိုယ် အလုပ်ပေးကာ မေးခွန်းထုတ်ကြည့်သေးသည်။

သို့သော် အဖြေကား မပေါ်။

× × ×

နေဝင်ပေတော့မည်။

ဝင်အုံ့ဆဲဆဲ နေမင်းသည် နီထွေးသော ရောင်ခြည်များဖြင့် ကွင်းပြင်ကြီး တစ်ခုလုံးကို ဖြန်းပက်ထားလေ၏။ ဤနေရာတွင် ကွင်းပြင်သည် ကျယ်ဝန်းလှသော်လည်း လေးဖက်လေးတန် တို့၌ သစ်ပင်အုပ်ကလေးတွေ ဝန်းကာထားသည့်သဖွယ် ဖြစ်နေ၏။

တောအုပ်ကလေးတစ်ခုအတွင်းသို့သာ သူတို့ဝင်ကာ စခန်းချနေကြသည်။ ကိုတင်သိန်း ၏ စီစဉ်ချက်အရ သူတို့သည် တောအုပ် လေးဖက်လေးတန် ကာရံထားသော အလယ်ကောင် နေရာမှ ကွင်းပြင်အတွင်း ကိုက် ၂၀၀ ခန့်စီ ခြားလျက် ပိတ်ဖြူလေးတစ်စကို ထောင့်လေးထောင့် တွင် ဖြန့်ခင်းလိုက်ကြသည်။ ပိတ်ဖြူစ လေးစကို ကွင်းပြင်၏ ထောင့်လေးထောင် မြေကြီးပေါ်တွင် ဖြန့်ခင်းကာ လေတိုက်လျှင် မလွင့်နိုင်အောင် မြေကြီးခဲများ၊ သစ်ကိုင်းများဖြင့် ဖိထားပြီးသောအခါ သူတို့သည် တောအုပ်ကလေး အတွင်းသို့ ပြန်ဝင်ခိုအောင်းကြလေ၏။

နောက်ထပ် မိနစ် ၂၀ ခန့်အကြာတွင် လေယာဉ်ပျံသံ ကြားရသည်။ လေယာဉ်ပျံသည် မြောက်စူးစူးဆီမှ တောင်ဘက်ဆီသို့ ဦးတည်ပျံသန်းသွားသည်။ နောက်တစ်ဖန် တောင်ဘက်မှ ပြန်လှည့်လာကာ မြောက်စူးစူးဆီသို့ ပျံရင်း ထိုးဆင်းလာသည်။ သူတို့ ခိုအောင်းနေသည့် တောအုပ်တစ်ဝိုက်တွင် အတန်ငယ် နိမ့်နိမ့်ကလေး ထိုးဆင်းကာ နှစ်ပတ် သုံးပတ်မျှ ဝဲနေပြီးနောက် မကြာမီ အမျိုးအမည် မသိနိုင်သော ဖြူဖြူအရာများသည် လေယာဉ်ပေါ်မှ ကျဆင်းလာလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပေါ်မှ ကျဆင်းလာသည့် အရာများတွင် အချို့မှာ လေထီးပွင့်သော်လည်း အချို့ကား လေထီးမပွင့်သည့်အတွက် ကွင်းပြင်ပေါ်သို့ ဖြစ်ကတတ်ဆန်း ကျကြလေရာ ယင်း အရာဝတ္ထုများနှင့် မြေကြီး၏ ထိခိုက်မိသံတွေ ဆူညံစွာ ပေါ်ထွက်လျက်ရှိသည်။

လေယာဉ်သည် ၂ ကြိမ်မျှ သို့ကလို ချပေးပြီးနောက် မြောက်ဘက်စူးစူးဆီသို့ပင် ဦးတည် ပျံသန်းသွားလေ၏။

"ကဲ လာကြ၊ ပစ္စည်းတွေကို လိုက်ကောက်။ တစ်ခုမှ မကျန်စေနဲ့။ လေထီးတွေကို ဖြုတ်ပြီး မြေကြီးထဲသာ မြှုပ်။ မမေ့နဲ့"

စစ်ရောင် သေတ္တာငယ်များသည် မြေပေါ်တွင် ဖွာရရာကြနေ၏။ သူတို့သည် ထမင်းငတ် နေသည့်အတွက် ဆာလောင်မွတ်သိပ်နေခိုက် အသင့်ချက်ပြီးသား ထမင်းဟင်းတွေကို တွေ့သည့် သဖွယ် အငမ်းမရ လိုက်လံကောက်ယူကြသည်။ လေထီးတွေကို မြေ၌ မြှုပ်သည်၊ ပိတ်ဖြူစ လေးစကို ပြန်သိမ်းသည်။ လေထီးမပွင့်သဖြင့် ဖြစ်ကတတ်ဆန်း မြေပေါ်၌ ဖရိုဖရဲ ပြန့်ကျဲနေသော ပစ္စည်းတွေကို ရတတ်သမျှ တစ်ခုစီ လိုက်ကောက် စုဆောင်းကြသည်။ ထို့နောက် တောအုပ် အတွင်းသို့ ပြန်ဝင် ခိုအောင်းကြပြန်၏။

ကိုချစ်မောင်သည် သေတ္တာတွေကို ဖွင့်၏။

"စတင်းဂန်းတွေဟေ့" ဟု သူ့နှုတ်ဖျားက ရေရွတ်လိုက်၏။ စတင်းဂန်း သေနတ်များ၊ ကျည်ကပ်များ၊ စည်သွတ်ဘူးများကို ထုတ်ယူပြီးနောက် ဝေငှပေးသည်။

"ကျည်ကပ်ကို ဒီလိုထိုး၊ မောင်းကို ဟောဒီလိုဆွဲတင်။ ဆေ့ဖ်က ဟောဒါ"

ကိုချစ်မောင်က အရေးပေါ် ပစ်နည်း ခတ်နည်းတွေကို ပြသေးသည်။ ကျည်ကပ်တွေကို လည်း ဝေငှပေးသည်။

ကိုတင်သိန်းက

"ဒါတွေဟာ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် မဟာမိတ်တွေက ပို့ပေး ထောက်ပံ့တဲ့ ပစ္စည်း တွေပဲ။ မဟာမိတ်တွေဆီက ရတာဆိုပြီး ကျည်ဆန်ကို ဖုံးပေါလအော မသုံးဖို့ အရေးကြီးတယ်။ နောက်ကို ရချင်မှ ရတော့မှာ။ အရေးကြီးတာက ရန်သူ့ဆီမှာရှိတဲ့ လက်နက်ကို ရဖို့နဲ့ ကျွန်တော် တို့ဆီက ရရာလက်နက်ကို အသုံးပြုဖို့ပဲ။ ကဲ ကျွန်တော် တာဝန်တွေ ခွဲပေးမယ်။ နားထောင်"

ပတ်ဝန်းကျင် တစ်ခုလုံးမှာ အမှောင်ရိပ်များဖြင့်သာ ဖုံးလွှမ်းသွားလေပြီ။

နေကလည်း လုံးလုံးလျားလျား ဝင်ကာစ၊ အမှောင်ထုကလည်း အလုံးအရင်းနှင့် ရောက် လာကာစ၊ ကြယ်ရောင်၊ လရောင်တွေလည်း မထွက်ပြူနိုင်သေးသော ညီအစ်ကို မသိတသိအချိန်မျိုး ဖြစ်သဖြင့် တောအုပ်အတွင်း၌ မှောင်အတိကျလျက် ရှိလေသည်။ အပူရှိန်ဒဏ်ကြောင့် မြေတွင်း၌ အောင်းမနေနိုင်ကြတော့သည့်အတွက် အပြင်လောကသို့ထွက်ကာ အော်ကြ ဟစ်ကြသော ပုရစ်သံ များ၊ ပုစဉ်းရင်ကွဲသံများသည် တိတ်ဆိတ်ခြင်းကို ဖြိုဖျက်လျက်ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"မှောင် အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကို ကျွန်တော်တို့ တာဝန်ခွဲရမယ်။ ကိုချစ်မောင်က အနောက်ခြမ်းတစ်ဝိုက် တာဝန်ယူတယ်။ ကျွန်တော်က အရှေ့ခြမ်းကို တာဝန်ယူတယ်။ ကျွန်တော်နဲ့အတူ မောင်ဝင်းကြည်၊ မောင်စိုးသိမ်း၊ မောင်ဖုန်းမြင့် လိုက်ရမယ်။ မောင်တင့်အောင်မှအပ ကျန်တဲ့ ရဲဘော်တွေက ကိုချစ်မောင်နဲ့အတူ လိုက်ရမယ်။ မောင်တင့်အောင်ကတော့ အဟိတ်မှာပဲ စခန်းချပြီး မြို့တွင်းအဆက်အသွယ်နဲ့ ထောက်လှမ်းရေး တာဝန်တွေ ယူရမယ်။ အနောက်ခြမ်းအတွက် သက်သက် ဆက်သွယ်လာမယ့် ရဲဘော်တွေရှိတယ်။ ကျွန်တော်တို့ အရှေ့ခြမ်းအတွက် လည်း ဒီလိုပဲ။ ကဲ အခုကစပြီး ကိုယ်တာဝန်ကျတဲ့ ဒေသကို သွားဖို့ လူစုခွဲကြရုံပဲ"

မှောင်ကလည်း မှောင်သည်။ အားလုံးကလည်း တိတ်ဆိတ်နေကြသည်။ တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်ကြဖို့ ကြိုးစားကြသည်။ သို့သော် မရ။ မသဲကွဲသော လူပုံသဏ္ဍာန် တွေကိုသာ ဝိုးတဝါး တွေ့နေရသည်။

အမှောင်တွင်းမှာပင် ကိုတင်သိန်း၏ အသံသည် ပေါ်ထွက်လာပြန်၏။

"အနောက်ဘက်ကွင်းရဲ့ ဗဟိုစခန်းကို ကိုချစ်မောင်က ဦးဆောင်ပြီး ထွက်ခွာသွားလိမ့် မယ်။ အရှေ့ဘက်ကွင်းရဲ့ ဗဟိုစခန်းကိုတော့ ကျွန်တော်တို့သွားမယ်။ လိုအပ်သလို အဆက် အသွယ်လုပ်မယ်။ ဒါပဲ။ ကဲ၊ အခု ခရီးစကြရအောင်"

အမှောင်ထုအတွင်း၌ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြ၏။ အချင်းချင်း လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ နှုတ်ဆက်ကြသည်မှအပ စကားမပြော နိုင်ကြ။

"မောင်တင့်အောင်၊ မောင်တင့်အောင်"

ကိုတင်သိန်းက လှမ်းခေါ်သည်။ တင့်အောင်သည် ဖုန်းမြင့်နှင့် လက်ချင်းဆွဲထားရင်းက "ကျွန်တော် ဒီမှာ" ဟု ဖြေလိုက်၏။

"မောင်တင့်အောင်ရဲ့ တာဝန်ဟာ အင်မတန် အရေးကြီးတယ် ဆိုတာကို မမေ့နဲ့နော်၊ ရန်သူနဲ့ ဉာဏ်ရည်ချင်း ယှဉ်ပြိုင်ရမှာ၊ ကြားလား။ သတိမလစ်စေနဲ့။ အစစ ဦးလေးနဲ့ သွား တိုင်ပင်ပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်အတွက် စိတ်ချပါ"

သူတို့သည် အမှောင်ထုကြီးအတွင်းသို့ အလျှိုအလျှို တိုးဝင် ပျောက်ကွယ်သွားကြသည်။ စတင်းဂန်းသေနတ်နှင့် ကျည်ဆန်ကပ်များ ထိခိုက်မိသံတို့ ပေါ်ထွက်လာကြသည်။ မိနစ်ပိုင် အတွင်း အသံဗလံများသည် ဝေးကွာ ပျောက်ကွယ်သွားကြ၏။ အမှောင်ထုကား နက်မြဲနက်ဆဲ တည်း။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၇

ဤသို့လျှင် မြစ်ဝကျွန်းပေါ်၏ ချောင်းရိုး၊ မြောင်းရိုး၊ မြစ်ရိုးတစ်လျှောက် အင်းကြီးအင်းငယ်၊ ကွင်းကြီးကွင်းငယ် တစ်ဝိုက်တို့တွင် အနီထဲ၌ ကြယ်ဖြူပွင့် ဖူးပွင့်သော တော်လှန်ရေး အလံတော်သည် ပျံ့ဝဲ လွင့်မြူးခဲ့ရလေပြီ။

၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်။

သေနတ်သံများသည် ရေပြင်ပေါ်တွင် ပဲ့တင်ရိုက်ဟီးလျက် ရှိ၏။ ကောနေသော လယ်ကွင်းထဲမှ တဲကလေး တစ်တဲသည် ယခင်က တလင်းစောင့်တဲ၊ လယ်စောင့်တဲ ဖြစ်ဖွယ်ရာ ရှိသော်လည်း ယခုမူ ဖက်ဆစ်ဆန့်ကျင်ရေး ပြောက်ကျားတပ်သားတစ်စု စခန်းချရာလည်း ဖြစ်နိုင်၏။ တကယ့် လယ်သမားစစ်စစ်က ဓားသွေးရင်း ကြက်၊ ဘဲ၊ ဆန်စပါး လာရှာမည့် ဂျပန်ကို ချိန်၍ စောင့်ရာနေရာလည်း ဖြစ်နိုင်၏။

"အုံးဖဲ့ မကောင်းဘူး။ အုံးဖဲ့လူ ရှိတယ်ကား"

အောင်ဆန်း မကောင်း။ အောင်ဆန်းလူ ရှိသလားဟု ပါးစပ်က တဖွဖွမေးရင်း ကိုင်းတောနားမှ ဖြတ်သွားသည့် ဂျပန်တစ်စုသည် ပြောက်ကျားများ၊ လယ်သမားများ၏ အမျက်ဒေါသမီးလျှံအောက်တွင် စိစိညက်ညက် ကြေပျက်ရလေတော့သည်။ လယ်သူမငယ် တစ်ယောက်သည် ပေါ်းလင်၊ ချဉ်ပေါင်ရွက်၊ ငရုတ်စိမ်း၊ ကိုင်းဥ စသော လယ်ထွက် ယာထွက် ပစ္စည်းအချို့ကို တောင်းကလေးတွင်ထည့်ကာ ခေါင်း၌ရွက်ရင်း ရွှေဘုန်းမြင့် ဘုရားဘက်မှဖြစ်စေ၊ လှေဆိပ်ဘက်မှဖြစ်စေ မြို့တွင်းသို့ ဝင်၏။ သူ့ထံတွင် ကွင်းတစ်ဝိုက်ရှိ ပြောက်ကျားစခန်းက ပါးလိုက်သော သတင်း ပါသွားလေပြီ။ အပြန်တွင် မြို့တွင်းရှိ မြေအောက်ရဲဘော်များက ပါးလိုက်သော အမှာစကားဖြစ်စေ၊ ညွှန်ကြားချက် စာရွက်ကလေးဖြစ်စေ သူ့ထံ၌ ပါသွားရပြန်သည်။

အနောက်ဘက် ကွင်းတစ်ဝိုက်တွင် လည်းကောင်း၊ ရေလဲလမ်းတစ်လျှောက်တွင် လည်းကောင်း ကိုချစ်မောင်နှင့် တပ်မတော် ပြောက်ကျားရဲဘော်တို့ အဆက်အသွယ် ရသွားကြပြီဖြစ်ရာ မြို့နှင့် အလှမ်းဝေး အဆက်ပြတ်နေသည့် ဂျပန့်ကင်းစခန်းများကို ဝင်စီးကြသည်။ ချောင်းမြောင်း တိုက်ခိုက်ကြသည်။ အနောက်ဘက် ကွင်းတစ်ဝိုက်တွင် သူတို့ လက်သံပြောင်လှပြီ ဆိုသည့် သတင်းတွေ အဆက်မပြတ် ရောက်နေသည်။

ကိုတင်သိန်း၊ ဝင်းကြည်၊ စိုးသိမ်းနှင့် ဖုန်းမြင့်တို့လည်း မလက်တိုသို့ ရောက်နေကြပေပြီ။

တွံတေး တူးမြောင်းဝတွင် တပ်စွဲနေသော ဗမာ့တပ်မတော် ပြောက်ကျားတပ်သားများနှင့်လည်း အဆက်အသွယ် ရယူမိကြပြီး ဖြစ်သည်။ ဝင်းကြည်သည် ချောင်းရိုးအတိုင်းတက်ကာ ဓာဖြူစုသို့ ရောက်ခဲ့ပြန်၏။ သူကြီး ဦးစောချစ်နှင့် စာကျော်သန်း ဦးဆောင်သော လက်နက်ကိုင်စစ်သား ၁၂ ယောက်ကို ခေါ်လာခဲ့သည်။ မလက်တိုတွင် လူစုံတက်စုံ ဆုံစည်းမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်နှင့် ဟင်္သာတဘက်မှ ဆင်းလာသော ဂျပန် စစ်မော်တော်တွေကို တစ်နေ့တခြား ပိုမိုများပြားစွာ တွေ့ရသည်။ သယ်ယူပို့ဆောင်ရေးတွင် မလုံလောက်သည့်အတွက် မော်တော်တိုင်း၏ နောက်တွင် သမ္ဗန်တွေ၊ လှေကြီးတွေကို တွဲယူလာကြသည်။ ခရိုင်မြို့ကြီးများတွင် အသေခံ တပ်သားအချို့ကိုသာ ထားကာ ပင်မတပ်များမှာမူ ရန်ကုန်ဘက်ဆီသို့ ဦးတည် ရွေ့လျားနေကြပြီ ဖြစ်၏။

မလက်တိုတွင် စခန်းချထားသော ပြောက်ကျားများ၏ ပွဲဦးထွက် တိုက်ပွဲကား အားရစရာ ဖြစ်လေသည်။ ပန်တပွတ်ချောင်းဝတွင် ဂျပန် တပ်စိတ်တစ်စိတ် တပ်စွဲထားသည်။ ဤသည်မှာ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်၏ ရေလမ်းခရီးကို လည်းကောင်း၊ ပြောက်ကျားများ၏ လှုပ်ရှားမှုကို လည်းကောင်း ပိတ်ဆို့ထားရန် ရည်ရွယ်ပုံရသည်။ ပန်တပွတ်ချောင်းရိုးကို အခိုင်အမာပြုရန် ရည်ရွယ်ခြင်းသည် မြစ်ဝကျွန်းပေါ်၌ မိမိတို့ ရင်ဆိုင်နေရသော အခက်အခဲမှ ထွက်ပေါက်ရှာခြင်းပင် ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် တွံတေး တူးမြောင်းနှင့် တိုးမြစ်တို့ ဆက်စပ်တွေ့ထိရာ ဖြစ်သော တွံတေးဝမှ ပြောက်ကျားများ၏ လက်ချက်ကြောင့် ဂျပန်တို့ဘက်တွင် မရှုမလှ နစ်နာဆုံးရှုံးနေရသည့်အတွက် ယခုထက် အခြေဆိုးလျှင် ထွက်ပေါက်ရနိုင်အောင် ပန်တပွတ်ဝကို အချက်အချာနေရာအဖြစ် လက်ဦးထားလိုက်သောကြောင့် ဖြစ်သည်။

ဂျပန်တို့၏ ဤစစ်ပရိယာယ်ကို ဖျက်ဆီးပစ်ရန် တာဝန်ကျရောက်လာလေပြီ။

ထို့ကြောင့် ပန်တပွတ်ဝမှ ဂျပန့်ခြေကုပ်စခန်းကို ချေမှုန်းပစ်ရမည်။ စစ်ရေးအရ ဂျပန်တို့က ကျွမ်းကျင်သည်မှာ မှန်၏။ တိုက်ရဲခိုက်ရဲ သတ်ရဲဖြတ်ရဲသည်မှာလည်း မှန်ပါ၏။ သို့သော် ဤစစ်၌ ဂျပန်သည် မည်သို့သော ရန်သူနှင့် တိုက်နေရသနည်း။

သန်းပေါင်းများစွာသော ဗမာနှင့် ကရင်၊ အင်းသမားနှင့် လယ်သမား၊ ပညာတတ်နှင့် ကျောင်းသား စသည့် ပြည်သူလူထုကြီး တစ်ရပ်လုံးနှင့် တိုက်နေရခြင်းသာ ဖြစ်လေသည်။ စစ်၏ ရှေ့တန်းဟူ၍ မရှိ။ နေရာတိုင်းသည် ရှေ့တန်း ဖြစ်နေ၏။ ရေပြင်တိုင်း၊ မြေပြင်တိုင်း၊ လယ်ကွက်တိုင်း၊ ကိုင်းတောတိုင်းသည် ရှေ့တန်း ဖြစ်နေ၏။ သို့ဆိုလျှင် သူတို့ကို အထောက်အကူပြုမည့် အင်အားဖြည့်တင်း ထောက်ပံ့ပေးမည့် စစ်၏ နောက်တန်းကား အဘယ်နှာ်း။ နောက်တန်း ဟူ၍ သူတို့ဘက်တွင် မရှိ။ ရေပြင်တွင် ရန်သူ။ ရေပြင်၏တစ်ဖက် သူတို့နောက်ကျောရှိ တာရိုးနှင့် ကွင်းပြင်တွင် ရန်သူ။

ကိုတင်သိန်း ဦးဆောင်လျက် လှေဇယ်များ၊ ဘောက်တူများဖြင့် မလက်တိုမှ ထွက်ခွာလာချိန်တွင် ညဉ့်နာရီပြန် တစ်ချက်တီတီ ရှိလေပြီ။

စိုးသိမ်းနှင့် ဖုန်းမြင့်သည် ညဦးပိုင်းကပင် တွံတေးဝဘက်သို့ ခရီးထွက်သွားကြပြီဖြစ်၏။

ဘောက်တူငယ်နှင့် လှေငယ် လေးစီးသည် ပန်တပွတ်ချောင်းဝ၏ တစ်ဖက်ကမ်းနှင့် ခနောင်တိုရွာ၏ မြောက်ဘက်အစွန်ရှိ ကိုင်းတောအတွင်းသို့ တိုးဝင်ခဲ့ကြသည်။ ရေကျချိန် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပန်တပွတ်ချောင်းရိုးအတွင်း၌ ရေစီး အတန်ငယ် မြန်နေသည်။ မိုးသားတိမ်တိုက်တို့ ကင်းစင်သော ကောင်းကင်ပြင်တွင် လ အကွေးသည် ရေးတေးတေး ထွန်းလင်းလျက်ရှိ၏။

လ အကွေးကို ဖုံးသွားမည့် တိမ်မည်း တိမ်တိုက် တစ်ခုတလေကိုမျှ မတွေ့။ လဝင်ချိန် အထိ စောင့်လျှင်စောင့်၊ မစောင့်လျှင် ဤကင်းစခန်းကို ဝင်စီး၍မဖြစ်။

ကိုင်းတောအတွင်း၌ လေသည် ညင်းညင်းပြေပြေ တိုးဝင် တိုက်ခတ်လျက်ရှိ၏။ ထုံးစံ အတိုင်းပင် ခြင်ကောင်ကြီးများမှာ အောင်သေအောင်သား စားရတော့မည့်အလား အုပ်ချီ တပ်ဖွဲ့၍ တိုက်ခဲ့ကြသည်။ သို့သော် ဤခြင်တွေကို လက်ဖဝါးဖြင့် သပ်ရုံမျှသာ သပ်ချရသည်။ ရိုက်၍ မဖြစ်။ ရေပလုံစီသံကလေးကိုပင်လျှင် ကောင်းမွန်စွာ ကြားနိုင်လောက်အောင် တိတ်ဆိတ်သော ဒေသမျိုး ဖြစ်သဖြင့် အသံဗလံပြု၍ စိုးစဉ်းမျှ မထွက်စေရ။

သူတို့သည် နယ်မြေ ကျွမ်းသည်မှာ မှန်၏။ အထူးသဖြင့် ကိုတင်သိန်းနှင့် ဝင်းကြည်မှာ ဤဒေသကို နောကျေအောင် သိထားကြ၏။ သို့သော် လရောင်လဲ့လဲ့အောက်တွင် နယ်မြေကျွမ်းသည် ဆိုရုံမျှနှင့် ရှူးရှူးမိုက်မိုက် မလုပ်ရဲသေး။

ကိုင်းပင်များသည် လေတိုးတိုင်း တရှဲရှဲ အော်မြည်ကာ နတ်ဝင်သည်ကဲ့သို့ ဟိုမှသည်မှ ယိမ်းထိုးနေကြ၏။ သူတို့ ဆယ့်ငါးယောက်စလုံး ဤကိုင်းတောထဲ၌ အသေတွေလို ငြိမ်သက် နေကြသည်။

ကိုတင်သိန်းသည် မိနစ်အတန်ကြာမျှ စဉ်းစားနေပြီးနောက် တစ်စုံတစ်ခုကို ပိုင်းဖြတ် လိုက်သည့်အလား

"ကဲ၊ ဒီလို လုပ်ကြရအောင်။ ကျွန်တော်နဲ့ ဦးစောချစ်တို့ ခေါင်းဆောင်ပြီး တစ်ဖက်ကမ်းကို ကူးနှင့်မယ်။ သူတို့နဲ့ မိုင်ဝက်အကွာလောက်က သွားကူးပြီး တာရိုး အတွင်းဘက်ကနေ လှည့်ဝိုင်း ထားမယ်။ စောကျော်သန်းနဲ့ ဝင်းကြည်က သူတို့နဲ့ တည့်တည့်နေရာက ဖြတ်ကူး။ ဒိုက်ဖတ်ကို ဘွယ်ကူး၊ ကြားလား။ ဒိုက်ဖက် ရွေ့လာတာ မြင်တာနဲ့ တစ်ပြိုင်နက် သူတို့ ပစ်လိမ့်မယ်။ ရေထဲသာ နက်နက်ငုပ်နေ၊ ခေါင်းမဖော်နဲ့။ သူတို့ ပစ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့က တာရိုးကိုကျော်ပြီး ဝင်စီးရုံပဲ။ ဘယ့်နှယ်လဲ"

ဦးစောချစ်က လေသံမျှဉ်းမျှဉ်းကလေးဖြင့် ပြောလိုက်သည့် ကိုတင်သိန်း၏ အစီအမံကို သဘောကျဘိသည့်အလား ခေါင်းညိတ်သည်။

"ဒိုက်ဖတ်ကို မလွှတ်နဲ့၊ ရေထဲသာ ငုပ်နေ။ ဘာမှမဖြစ်နိုင်ဘူး သိလား။ တို့ သွားမယ်။ ဒီချောင်းရိုးအတိုင်း ကမ်းပေါ်ကနေ မိုင်ဝက်လောက် သွားပြီးမှ ဟိုဘက် ဖြတ်ကူးမယ်။ ဖြတ်ကူး တာရော၊ ဟိုဘက်မှာ နေရာယူတာရော စုစုပေါင်း ၁ နာရီခွဲ ကြာမယ်။ အခု နှစ်ချက်တီးဖို့ ဆယ်မိနစ်။ ၃ နာရီခွဲတိတိမှာ မင်းတို့ ဒီက ရေထဲမျှောပြီး ဖြတ်ကူးပေတော့။ ရော့ နာရီယူထား။ ထဲ၊ ဦးစောချစ် ရဲဘော်တွေကို ခေါ်ပေတော့။ ကျွန်တော်တို့ သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဘောက်တူတွေပေါ်မှနေ၍ ခါးလောက်ရှိသော ရေထဲသို့ အသံမကြားရအောင် လျှောဆင်းကာ ကိုင်းပင်များ အကြားမှပင် ကုန်းဘက်ဆီသို့ တိတ်တဆိတ် ထွက်ခွာသွားကြလေ၏။

ကိုင်းတောအတွင်းရှိ ဘောက်တူငယ် တစ်ခုပေါ်တွင်ကား ဝင်းကြည်နှင့် စောကျော်သန်းတို့ နှစ်ယောက်တည်းသာလျှင် ငုတ်တုတ်ကျန်ရစ်လေသည်။

ဝင်းကြည်က ကိုတင်သိန်း ပေးသွားသော နာရီကို သူ့လက်တွင် ပတ်လိုက်၏။ မီးစုန်းလက်တံသည် နှစ်နာရီထိုးရန် နီးကပ်နေကြောင်း ပြသလျက်ရှိ၏။ နောက်ထပ် ၁ နာရီခွဲခန့် ဤအတိုင်း မလှုပ်မရှား ထိုင်နေကြရဦးတော့မည်။

စောကျော်သန်းသည် ကိုင်းတောအတွင်း၌ တွယ်ကပ် ခိုအောင်းနေသော ဒိုက်ဖတ်တွေကို ကျီးကန်းတောင်းမှောက် အကြည့်မျိုးဖြင့် ရူးစမ်းလျက်ရှိသည်။ ကြီးကြီးမားမား ဒိုက်မျိုးဆိုလျှင် နှစ်ယောက်စလုံး အတူ ခိုတွဲသွားမည်။ နှစ်ယောက်စာ ခိုနိုင်သော ဒိုက်ကြီးကြီး မရလျှင် ဒိုက်သေးသေး နှစ်ခုဖြင့်ပင် တစ်ယောက်တစ်ခုစီ ခွဲ၍ ခိုသွားမည်ဟု ပိုင်းဖြတ်ထားလိုက်ကြသည်။

ဝင်းကြည်ကား နာရီပိုင်းအတွင်း တွေ့ကြုံ ရင်ဆိုင်ရအံ့သော အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ ရင်ဖိုနေမိလေသည်။ စောကျော်သန်းကမူ ဘာမျှ မဖြစ်သလို အေးတိအေးစက်ပင် ထိုင်နေ၏။ အစုအပြုံလိုက် တိုးဝင် ကိုက်ခဲနေကြသည့် ခြင်တွေကိုပင် လက်ဖြင့် သပ်ချခြင်းမရှိ။ သူ လုပ်ရမည့် အလုပ်နှင့် ပတ်သက်၍ စိုးရိမ်စိတ် စိုးစဉ်းမျှ ပေါ်ဟန်မတူ။

“ဂျပန့်ကျည်ဆန်က ရေထဲကို တော်တော်လေး မြုပ်ဝင်နိုင်တယ်နော်။ ပစ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် လက်တစ်ဖောင်လောက်တော့ ငုပ်ထားပေတော့”

ဝင်းကြည်က လေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။

“ဒီသေနတ်ကိုရော ဘယ်လိုလုပ်မလဲ”

စောကျော်သန်းက ဝင်းကြည် ပေးထားသော စတင်းဂန်းကို ညွှန်ပြကာ ပြန်မေးသည်။

“ဒိုက်ပေါ်မှာ မှေးတင်ပြီး ကိုင်ထားပေါ့။ ရေထဲ လဲကျသွားဦးမယ်။ ဒါ ကျွန်တော့် လက်ဆောင်”

ဝင်းကြည်က သို့ကလို ပြန်ပြောလိုက်သည့်အခါ စောကျော်သန်းသည် မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမရှိဘဲ စတင်းဂန်းကလေးကိုသာ တယုတယ ပွတ်သပ်နေ၏။ ဝင်းကြည်က ‘ကျွန်တော့်လက်ဆောင်’ ဟု ပြောလိုက်သဖြင့်လည်း ပို၍ သဘောကျသွားဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် ဤစတင်းဂန်းကလေးကို ဝင်းကြည်က မအူပင် အနောက်ဘက်ကွင်းမှ တကူးတက ယူဆောင်လာကာ သူ့ကို ပေးထားခြင်းကြောင့် ဖြစ်လေသည်။

သူတို့ နှစ်ယောက်စလုံး စကားမပြောတော့ဘဲ မတုန်မလှုပ် ငြိမ်နေကြပြန်သည်။

ဝင်းကြည်က နာရီကိုကြည့်ရင်း မီးစုန်းလက်တံ နာရီကို ကိုတင်သိန်း မည်သို့မည်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ရှိသိမ်းဆည်းထားခဲ့သနည်းဟု စဉ်းစားနေလိုက်မိသည်။ ဟိုစဉ်က နာရီပတ်လေး ခရိုသော ကိုတင်သိန်းသည် အရေးကိစ္စအတွက် အသုံးပြုရန်ဖြစ်သည့် ဤနာရီကို မည်သို့ ရယူခဲ့သနည်းဟု တွေးကြောနေမိသည်။ တစ်ချိန်တည်းမှာပင် ကိုတင်သိန်း၏ အစီအမံနှင့် ကြိုတင်မြော်မြင်တတ်သော အရည်အချင်းတွေကို အားရကျေနပ်မိလေသည်။

ဝင်းကြည်၏အတွေးသည် တိုးမြစ်ရေစီးကြောင်းကို ဆန်တက်လျက် အိမ်သို့ ရောက်သွားပြန်၏။ ယခု မိမိ လုပ်နေသော အလုပ်သည် အသက်နှင့် ရင်းနှီးရသော အလုပ်ဖြစ်ကြောင်း နားတွေ့ ဒူးတွေ့ သဘောပေါက်လာပြီမို့ အဖေနှင့် အမေကို သတိရသည်။ ညီအစ်ကို၊ မောင်နှမ တွေကို သတိရသည်။ ဂျပန့်ကျည်ဆန်သည် မိမိ၏ နားထင်ကို လည်းကောင်း၊ နှလုံးသားကို လည်းကောင်း ဖောက်ခွင်း၍ ထွက်ကောင်း ထွက်သွားပေလိမ့်မည်။ မိမိ၏ဘဝသည် ငယ်ရွယ် နုပျိုသော ဘဝမျှသာ ဖြစ်ပါသေးသည်။ သာမန်အားဖြင့်ဆိုရလျှင် လူ့လောက၏ သာယာငြိမ့်ညောင်းသော ထွေးပိုက်ချော့မြူမှု ရင်ခွင်တွင် အစို့အညှောက် ရှင်သန်ရဦးမည့် အရွယ်သာ၊ ဘဝသာ ဖြစ်၏။ သို့သော် ဤမျှ ခက်ခဲကြီးလေးသော လုပ်ငန်းဖြစ်ကြောင်း သိပါလျက် အဖေက အားပေး၍ပင် မိမိကို စေလွှတ်ခဲ့ပေ၏။ အဖေသည် အစီပွာယ်ကင်းမဲ့စွာ လုပ်ကိုင်ပြောဆိုနေတတ်သူ မဟုတ်ကြောင်း သူ နားလည်လေသည်။ သို့စဉ်လျက် မိမိသာ တစ်စုံတစ်ရာ ဖြစ်သွားလျှင်

"အချိန်စေ့ရောပေါ့ ကိုဝင်းကြည်"

အဘယ်မျှကြာအောင် အတွေးကောင်းနေမိလိုက်သည် မသိ။ စောကျော်သန်းက မိမိ၏ လက်မောင်းကို ကိုင်လှုပ်ကာ နားနားသို့ တိုးတိုးကပ်၍ ပြောတော့မှပင် ဝင်းကြည်သည် သတိ ရလာ၏။

နံနက် ၃ နာရီခွဲရန် ၁၀ မိနစ်သာ လိုတော့သည်။

"ကဲ လာ။ အသံမမြည်စေနဲ့နော်" ဟု ဝင်းကြည်က ပြောပြောဆိုဆို တောင်ဝှေးကို မြှောက် ကိုင်ကာ ရေထဲသို့ လျှောဆင်းလိုက်သည်။ စောကျော်သန်းကလည်း ရွှံ့ကျွံသော မြေတစ်ကောင် ဓမာ ဘောက်တူပေါ်မှနေ၍ ရေထဲသို့ လျှောချလိုက်ပြန်သည်။

ရေသည် ကိုင်းတောအကြား၌ ခါးလောက်အထိသာ နက်၏။ စောကျော်သန်းသည် ကိုင်းပင်များကို အသာအယာ တိုးဖွေ့ဖယ်ရှားရင်း မလှမ်းမကမ်းရှိ ဒိုက်ဖတ်တစ်ခုကို တဖြည်းဖြည်း ဆွဲယူလိုက်ပြီးနောက် သူ့ကိုယ်အလေးချိန်ဖြင့် ဆကာ ဖိကြည့်သည်။

"ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံးကို ကောင်းကောင်းနိုင်တယ်။ ဒါနဲ့ပဲ လုပ်ကြစို့"

"နေဦး။ ငါးမိနစ် လိုသေးတယ်" ဟု ဝင်းကြည်က ပြန်ပြောလိုက်၏။ ထို့နောက် သူတို့၏ တောင်ဝှေးတွေကို ဒိုက်ဖတ်ပေါ်သို့ မှေးတင်ကာ ဖြည်းညင်းစွာတွန်းရင်း ကိုင်းတော အစွန်နား ဆီသို့ လာခဲ့ကြသည်။

ကိုင်းတောအစပ်နားတွင် ရေသည် ရင်ခေါင်းခန့်အထိ နက်လာ၏။ ရေအောက်တွင်ကား

www.burmeseclassic.com

www.burmeseclassic.com



မြေသည် နုန်းနှစ်လွှမ်းသောမြေသာ ဖြစ်သည့်အတွက် နင်းလိုက်သည့်အခါတိုင်း ခြေဖဝါးများ နစ်၍ကျသွားသည်။

ကိုင်းတောစပ်မှနေ၍ ချောင်းရေပြင် အနေအထားကို အကဲခတ်သည်။ ရေစီးမှာ စောစော ကလောက် မမြန်တော့ဘဲ အတန်ငယ် ဆိုင်းသွားသည်။ ရေအိချိန်တည်း။

ကောင်းကင်တွင် လအကွေးသည် မှေးမှိန်စ ပြုနေလေပြီ။ လဝင်ပေတော့မည်။ သို့ရာတွင် ကြယ်ပျောက်ကလေးတွေကား ရှိပါသေး၏။ ကောင်းကင်၏ အလင်းရောင်က ရေပြင်၌ ထင်ဟပ်လျက် ရှိသဖြင့် ချောင်းရေမျက်နှာပြင်မှာ အခြားသော နေရာများထက် ပို၍လင်းသည်ဟု ထင်ရသည်။

"အချိန်ရောက်ပြီ၊ ကူးကြစို့"

ဝင်းကြည်က ပြောလိုက်၏။ စောကျော်သန်းသည် သန်မာသော သူ၏လက်နှစ်ဖက်ဖြင့် ဒိုက်ဖတ်ကို ဖော့၍ တွယ်စမ်းကြည့်လိုက်ပြီးနောက်

"သတိထားနော် သူငယ်ချင်း" ဟု ဝင်းကြည်ဘက်သို့ လှည့်၍ ပြောလေသည်။ စောကျော်သန်းက ဝင်းကြည်ကို ပိုမိုရင်းနှီးလာသော သဘောဖြင့် 'သူငယ်ချင်း' ဟု ခေါ်လေသည်။ သူတို့နှစ်ယောက်သည် ကိုယ်ကိုဖော့ကာ ဒိုက်ဖတ်ကိုတွယ်၍ ကိုင်းတောစပ်မှ ချောင်းရေပြင်ဘက်သို့ တွန်းထွက်လာကြ၏။

အစပထမ၌ ဒိုက်ဖတ်သည် သူတို့နှစ်ယောက်၏ ကိုယ်အလေးချိန်ကို ခံနိုင်ပုံမရဘဲ ရေထဲသို့ မြုပ်မြုပ် ဆင်းနေလေရာ စောကျော်သန်းက ကိုယ်ကို ထပ်ဖော့လျက် ခြေနှစ်ဖက်ကို မရပ်မနား ယက်လေသည်။ ဤရေထဲတွင် စောကျော်သန်းသည် ဝင်းကြည်ထက် ပို၍ ကျွမ်းကျင်သည်မှာ သေချာလှ၏။ ဝင်းကြည်ကလည်း သူ့ကိုယ်သူ ဖော့ကာ ခြေနှစ်ဖက်ဖြင့် ယက်ပေးသည်။ လေးငါးလံမျှ သွားမိသောအခါ ကျင့်သားရလာပြီး ဒိုက်ဖတ်မှာလည်း ရေပေါ်တွင် တည်တည် ငြိမ်ငြိမ် ပေါ်နေလေ၏။

သည်လိုနှင့်ပင် ချောင်းရေပြင်၏ အလယ်ဗဟိုကို ကျော်ကာ တစ်ဖက်သော ကမ်းစပ် နားသို့ ကပ်လာလေသည်။ တစ်ဖက်သော ကမ်းစပ်ကား သူတို့ ကူးလာသည့် ကမ်းမှာလို ရေပြင်နှင့် တစ်ပြေးတည်းမရှိဘဲ အတန်ငယ်မြင့်သော ကမ်းစပ်သာဖြစ်လေရာ ကောင်းကင်၏ အရောင်ကို နောက်ခံပြုလျက် ကမ်းစပ်ပေါ်မှ လှုပ်ရှားမှုနှင့် အခြေအနေကို ကောင်းစွာ အကဲခတ် နိုင်ခွင့် ရရှိလေသည်။

မတ်စောက်စောက် ကမ်းပါးပေါ်တွင် မည်းမည်းသဏ္ဌာန် တစ်ခုကို လှမ်းတွေ့ရသည်။ ကင်းစခန်း၏ အစောင့်တာဝန်ကျသူပင် ဖြစ်ပေလိမ့်မည်။ သူသည် ဟိုမှ သည်မှ လျှောက်နေ သေး၏။ အတန်ကြာလျှင် ရေစီးကြောင်းအတိုင်း မျောပါသွားခြင်း မရှိဘဲ ရေစီးကြောင်းကို ကန့်လန့်ဖြတ်လျက် ကမ်းစပ်ဘက်သို့ ကပ်လာသော ရေပြင်ပေါ်မှ ဒိုက်ဖတ်ကို မသင်္ကာသည့် သဘောဖြင့် ရပ်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သတိထားနော်၊ ကြည့်နေပြီ"

ဝင်းကြည်က တီးတိုး လှမ်းပြောသည်။

စောကျော်သန်းသည် ဒိုက်ဖတ်ကိုကျော်လျက် ကမ်းစပ်ဘက်သို့ မမိုတ်မသုန်ကြည့်ရင်း ကိုယ်ကိုဖော့ကာ ခြေဖြင့်ယက်၏။ သူ့စတင်းဂန်းကိုလည်း ဒိုက်ဖတ်နှင့်ရောကာ ကျစ်ကျစ်လျစ်လျစ် ဆုပ်ကိုင်ထား၏။

ကမ်းစပ်နှင့် ဝါးနှစ်ရိုက်ခန့် အကွာသို့ ရောက်လာလေပြီ။ ကမ်းပေါ်ရှိ မည်းမည်းသဏ္ဍာန် အရိပ်သည် လှုပ်လှုပ်ရွရွ ဖြစ်လာ၏။ အရိပ်တစ်ခုတည်း မဟုတ်တော့ဘဲ နှစ်ရိပ်၊ သုံးရိပ် ဖြစ်လာသည်။ ဆူဆူညံညံ စကားသံတွေကိုလည်း ကြားရသည်။ ရေစီးကြောင်းကို ကန့်လန့်ဖြတ်ကာ ထူးထူးဆန်းဆန်း သူတို့ဘက်ကမ်းသို့ ကပ်လာနေသော ဒိုက်ဖတ်ကို မသင်္ကာနေရုံမျှ မဟုတ်တော့ဘဲ သေနတ်တွေကို မောင်းတင်ကြလေပြီ။

စောကျော်သန်းက လက်တစ်ဖက်ဖြင့် ဝင်းကြည်၏ ခါးကို ကိုင်ထားသည်။

"သတိထား၊ ဒိုက်ကို လက်မလွှတ်နဲ့"ဟုလည်း ဝင်းကြည်ကို စိုးရိမ်တကြီး သတိပေးသည်။

ထိုအခိုက် ရိုင်ဖယ်သံ ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသည်။ သူတို့နှစ်ယောက်သား ပြိုင်တူလိုလို ရေထဲသို့ ငုပ်လိုက်ကြသည်။ ရိုင်ဖယ်ကျည်ဆန်များသည် ရေပြင်ကိုရှပ်ကာ အပေါ်သို့ ထောင်တက်သွားကြသည်လည်း ရှိ၏။ အချို့ကား ရေပြင်ပေါ်သို့ တဲ့တိုးကျကာ ရှိုခနဲမြည်သံနှင့်အတူ ရေထဲသို့ နစ်ဆင်းသွားကြသည်။

ဂျပန်တွေက ပစ်ခတ်လိုက်သော ရိုင်ဖယ်သံနှင့် မရှေးမနှောင်းမှာပင် လက်ပစ်ဗုံး ပေါက်ကွဲသံသည် တိတ်ဆိတ်သော ညကို တန်ချိန်ကြီးမား များပြားလှသည့် ဗုံးကြီးဖြင့် ဖောက်ခွဲလိုက်သလို ပေါ်ထွက်လာသည်။ စတင်းဂန်းဆွဲသံတွေ၊ ဉာသံပေးသံတွေလည်း ပေါ်ထွက်လာသည်။ ကိုတင်သိန်းက သူ့ကတိအတိုင်း တည်အောင် လုပ်လေပြီ။

ဝင်းကြည်နှင့် စောကျော်သန်းသည် ဤသည်ကို အခွင့်ကောင်းယူကာ ဒိုက်ဖတ်ကိုစွန့်လျက် ကမ်းစပ်သို့ အရောက်ကူးကြသည်။ ထို့နောက် မတ်စောက်သော ကမ်းပါး၏ အောက်နားမှ လျှိုလျက် လက်ဝဲဘက်ဆီသို့ ပြေးကာ ကမ်းပေါ်သို့ တက်ခဲ့ကြသည်။

အဖြစ်အပျက်တွေမှာ မြန်ဆန်လွန်းလှပေ၏။

စက္ကန့်ပိုင်းမျှ ကြာမည်သာ ထင်ရသည်။ ဤကာလအတွင်း ဂျပန် ကင်းစခန်းသည် စီစီညက်ညက် ကြေနေလေပြီ။ ဖြ ယောက်မျှသော ဂျပန်စစ်သားတို့သည် အတုံးအရုံး ကျဆုံးလျက် ရှိ၏။ သူတို့ အားကိုးသော စက်ကလေးကိုပင် အသုံးပြုချိန် မရလိုက်တော့။

စောကျော်သန်းသည် မကျေမချမ်း ဖြစ်နေ၏။ ဂျပန်တွေကို သူ ပစ်မသတ်လိုက်ရကောင်း

www.burmeseclassic.com

www.burmeseclassic.com



လားဟု ကျိတ်မနိုင်ခဲမရ ဖြစ်နေသည်။ ပိုးစိုးပက်စက် သေနေသော ဂျပန်တွေကို ခြေဖြင့် လိုက်ကန်သေးသည်။

"မင်းတို့ ထိသေးသလား"

ကိုတင်သိန်းက လှမ်းမေးသည်။

"မထိပါဘူး" ဟု ဝင်းကြည်က အခြေပေးရင်း ဂျပန် အလောင်းတွေကို သေနတ်ဒင်နှင့် လှဲ့ရိုက်မည် တထဲထဲ လုပ်နေသော စောကျော်သန်းအား ဆွဲခေါ်ရသည်။

ဦးစောချစ်က ဒေါသမီး တောက်လောင်နေဆဲ ဖြစ်သော စောကျော်သန်းအား လှမ်းအော်လိုက်သည်။

"ယော့ကောင် တော်လောက်ရောပေါ့၊ သေနေကြပြီဥစ္စာ။ လက်နက်တွေသာယူ။ ယော့ကောင်တွေ လက်နက်ရသမျှ ယူနော်၊ မကျန်စေနဲ့" ဟူ၍လည်း သူ့လူတွေကို အော်ပြောသည်။ ပစ်သံခတ်သံများကြောင့် ကမ္ဘာပျက်သလို ဖြစ်သွားပြီးနောက် ဤနေရာတစ်ဝိုက်တွင် ရုတ်တရက် ငြိမ်သက်သွားသည် ထင်ရသော်လည်း စကားသံ၊ လက်နက်ချင်း ထိခိုက်မိသံ၊ ခြေသံများဖြင့် အသက်ဝင် လှုပ်ရှားနေဆဲသာ ဖြစ်လေသည်။

"ကဲ လူစုံပြီ မဟုတ်လား၊ လက်နက်တွေ အကုန်ရပြီနော်။ ကျွန်တော်တို့ သွားကြစို့ ဦးစောချစ်"

ကိုတင်သိန်းက လှမ်းပြောသည်။

သူတို့သည် လက်နက်တွေ၊ ကျည်ဆန်တွေကို ထမ်းကြ ပိုးကြကာ ချောင်း အတွင်းပိုင်းဘက်သို့ ခပ်သုတ်သုတ် ထွက်လာကြပြီးနောက် စောစောက ဖြုတ်ကူးခဲ့သော နေရာမှပင် လက်နက်တွေကို ဘောက်တူပေါ်၌တင်ကာ ဖြတ်ကူးကြသည်။ ထို့နောက် မူလ စခန်းချရာကိုင်းတောအရောက် ပြန်လာကာ ဝှက်ထားသော ဘောက်တူများပေါ်သို့ တက်လိုက်ကြ၏။

အရှေ့ဘက် မိုးကောင်းကင်၌ ရောင်နီသည်လည်း သွန်းလောင်းလာချေပြီ။

## အခန်း ၁၈

"ကျွန်တော်တို့ဟာ ဂျပန်ထက်စာရင် နယ်မြေကျွမ်းကျင်တာ မှန်ပါတယ်။ ဒါပေမဲ့ နယ်မြေကျွမ်းတာလောက်နဲ့ မပြည့်စုံဘူး။ ပြောက်ကျားစစ်ရဲ့သဘောကို သေသေချာချာ ပိုင်နိုင်ဖို့ အရေးကြီးပေးတယ်။ ပြောက်ကျားစစ်ရဲ့သဘော ဆိုတာက ခြိုးခြံချွေတာရေးပဲ။ ကိုယ့်ဘက်က အသေအပျောက်နည်းအောင် ကျည်အား အသုံးချမှု နည်းအောင် ခြိုးခြံချွေတာရမယ်။ တစ်ချိန်တည်းမှာပဲ ရန်သူဘက်က များနိုင်သလောက် များများကျဆုံးအောင်၊ ရန်သူ့လက်နက်ကို များနိုင်သလောက်များများရယူမိအောင်၊ ရန်သူ့အဆုံးအရှုံး ကြီးနိုင်သလောက် ကြီးအောင် တိုက်တာဟာ ပြောက်ကျား

www.burmeseclassic.com



သဘောပဲ။ အခု ကျွန်တော်တို့ အတွေ့အကြုံတွေ ရလာကြပြီ။ အဲဒီတော့ ရှေ့ဆက်လုပ်ရမယ့် အစီအစဉ်ကို ကျွန်တော် ပြောပြမယ်"

မလက်တို တစ်ရွာလုံးလိုလိုမှာ တက်ကြွလှ၏။ အားရကျေနပ်ဖွယ်လည်း ကောင်း၏။ ဦးမြတ်သော်က နေရေး၊ ထိုင်ရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး တာဝန်ကို ယူထားကာ ကိုဘတင်ကမူ လူငယ်လူရွယ်တွေကို သိမ်းသွင်း စုဆောင်းလျက် စစ်သင်တန်းတွေ မနေမနား ပေးလျက် ရှိသည်။

ယခု ကိုတင်သိန်း၏ ရှင်းပြချက်များကို ဦးမြတ်သော်၊ ကိုဘတင်နှင့် ဦးစောချစ်တို့ အားလုံးက သိလိုဇောဖြင့် စိတ်အားထက်သန်စွာ နားစွင့်နေကြသည်။

"မလက်တိုမှာ ဒေသခံ ပြောက်ကျားရဲဘော် တချို့ကို ချန်ပြီး ကျန်တဲ့ရဲဘော်တွေ အစု ခွဲရမယ်။ တစ်စုက မလက်တိုနဲ့ မအူပင်အကြား ကျေးရွာအားလုံးကိုဆင်း၊ တစ်စုက မလက်တို ချောင်းဖျားကိုတက်။ အဲဒီ အစု ၂ စုရဲ့ အဓိကတာဝန်က နှစ်ရပ်ရှိမယ်။ ပထမ တာဝန်က ကျေးရွာ အားလုံးကို ဂျပန် ဆန့်ကျင်ရေး၊ တော်လှန်ရေး ကျေးရွာတွေ ဖြစ်အောင် စစ်ရေးရော၊ နိုင်ငံရေး အရပါ သိမ်းသွင်းသွားဖို့၊ ဒုတိယ တာဝန်က အဲဒီလို သိမ်းသွင်းရင်း ဂျပန်ကို တွေ့ရာသချိုင်း မားမဆိုင်း တိုက်ဖို့ပဲ"

"ဟုတ်တယ်၊ ရွာတိုင်းက ထတိုက်ရမယ်။ ချောင်းကြို ချောင်းကြားမကျန် တိုက်ပွဲတွေ ဖြစ်အောင် လုပ်ရမယ်။ ဖျာပုံတို့၊ မြောင်းမြတို့ ဘက်မလဲ ဒီအတိုင်းပဲ"

ကိုဘတင်က ထောက်ခံလိုက်၏။ ကိုဘတင်၏ ဖြူစပ်စပက် အသားအရေမှာ နေလောင် ထားသဖြင့် ရဲရဲနီလျက်ရှိသည်။

"အခု ကျွန်တော့်အစီအစဉ်အရဆိုရင် မလက်တိုက ဒေသခံ ပြောက်ကျားရဲဘော်တွေကို ဦးမြတ်သော်နဲ့ ကိုဘတင်ရဲ့ ခေါင်းဆောင်မှုအောက်မှာ ထားမယ်။ ကျွန်တော်နဲ့ ဦးစောချစ်က မလက်တိုနဲ့ မအူပင်ကြားက ရွာစဉ်အတိုင်း ရဲဘော်တချို့နဲ့ အတူ လှည့်မယ်။ စောကျော်သန်းနဲ့ မောင်ဝင်းကြည်က ရဲဘော်တချို့နဲ့အတူ ချောင်းဖျားဘက် တက်ရမယ်။ တစ်စုနဲ့တစ်စု လိုအပ် သလို ဆက်သွယ်ရမယ်။ ဆက်သွယ်ရေး အခြေခံစခန်းက မလက်တိုပဲ ဖြစ်ရမယ်။ အဲဒီ အစု သုံးစု အချင်းချင်းရဲ့ ဆက်သွယ်ရေးကိုရော၊ ကျွန်တော်တို့နဲ့ မအူပင်၊ ကျွန်တော်တို့နဲ့ တွံတေးဝ ဆက်သွယ်ရေးကိုရော ဦးမြတ်သော်က တာဝန်ယူရမယ်။ ဘယ့်နှယ်လဲ"

အားလုံးက ငြိမ်သက်နေ၏။

"ခရီးထွက်ရမယ့် အခု ရဲဘော်တွေဟာ လှည့်လည် ပြောက်ကျား ဖြစ်တယ်။ ရွာဦး လှည့်ပြီး လိုသလို တိုက်သွားဖို့၊ စည်းရုံးသွားဖို့ပဲ။ တိုက်ရင်း စည်းရုံး၊ စည်းရုံးရင်းတိုက် ဆိုတာဟာ ဒီအစုတွေရဲ့ ဆောင်ပုဒ် ဖြစ်ရမယ်။ ကဲ၊ ကျွန်တော်ပြောချင်တာ ဒါပါပဲ။ တခြား ဘာများပြောချင်ကြပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



မည်သူကမျှ တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ ငြိမ်နေကြသည်။ ကိုတင်သိန်း ချပြသော အစီအစဉ်တွေမှာ လျော်ကန် သင့်မြတ်လှကြောင်း သူတို့အားလုံး သဘောပေါက် နားလည်ကြသည့်အတွက် တိတ်ဆိတ်ငြိမ်သက်စွာ သဘောတူလိုက်ကြခြင်းသာ ဖြစ်ပါလိမ့်မည်။

နောက်တစ်နေ့ နံနက်စောစောတွင် အစီအစဉ်အရ လူစုခွဲ၍ ခရီးထွက်ကြသည်။

ဝင်းကြည်နှင့် စောကျော်သန်းသည်လည်း တစ်နေ့တခြား ပိုမို ရင်းနှီးကျွမ်းဝင်လာကြသည်။ ခင်ဗျားနှင့် ကျွန်တော် ဟူသော အသုံးအနှုန်းအစား 'မင်း ငါ' ဟူ၍ပင် တရင်းတနှီး သုံးနှုန်းပြောဆိုသည်အထိ ဖြစ်လာသည်။ တစ်ယောက်နှင့်တစ်ယောက် အသက်ပေး၍ အတူတကွ လက်တွဲလုပ်ကိုင်ရင်း ရရှိခဲ့သော ရင်းနှီးမှု၏ အတိုင်းအတာကား ကြီးမားလှပေ၏။

ဂျပန်တွေ ရောက်မလာနိုင်တော့သည့်အတွက် စာဖြူစုရွာကလေးမှာ အေးချမ်းသာယာလျက် ရှိလေသည်။ သူတို့၏အစုတွင် ပါလာသော ရဲဘော် ၈ ယောက်အနက် ၆ ယောက်မှာ စာဖြူစုရွာသား ကရင်အမျိုးသားများသာ ဖြစ်ကြရာ အဆိုပါ ရဲဘော်တွေက ဝမ်းသာသည့်နည်းတူ စာဖြူစု တစ်ရွာလုံးကလေည်း သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုလေသည်။

စာဖြူစု ရွာကလေး အေးအေးချမ်းချမ်း ရှိနေရသည်မှာ အတန်ကြာလေပြီဟု ပြောကြသည်။ သူတို့ပြောသည့်အတိုင်းပင် အေးချမ်းနေပါ၏။ အေမူသည်လည်း ကလေးတွေကို စာသင်မြဲတည်း။

"ကိုဝင်းကြည် ဘယ်လောက်ကြာကြာ ဒီမှာနေမလဲ"

အေမူက စ၍ မေးလာ၏။

"မနေနိုင်ဘူး အေမူ။ ခရီးဆက်ရဦးမယ်"

"နားပါဦးလား၊ သုံးလေးရက်လောက်"

"နားလို့မဖြစ်ဘူး အေမူ။ လုပ်စရာ အလုပ်တွေ ဘယ်လောက် ကျန်နေသေးတယ်ဆိုတာ စောကျော်သန်း သိတယ်။ မေးကြည့်ပါလား"

"ဟင်း၊ အစ်ကိုလား။ ဘာတစ်ခုမှ မေးလို့မရဘူး။ အေမူနဲ့ အမိုးကို ဘာမှမပြောဘူး"

အေမူက သူနှင့် သူ့အမေအပေါ်တွင် နှုတ်လုံနိုင်လွန်းသော အစ်ကိုဖြစ်သူအား မကျေနပ်သလို လုပ်၍ ပြောနေသည့်အတွက် ဝင်းကြည်က သဘောကျမိသည်။ အစ်ကို့အပေါ်၌ မကျေနပ်ကြောင်း မပြောစဘူးပြောသော အေမူ့ကို သဘောကျသလို၊ အမေနှင့် နှမကိုပင် နှုတ်လုံခဲ့သော စောကျော်သန်းအပေါ်၌လည်း သဘောကျမိခြင်း ဖြစ်လေသည်။

"ပြောချိန်မရလို့နဲ့ တူပါတယ် အေမူရယ်"

"အို၊ ဘယ်ဟုတ်ရမလဲ။ ပြောချိန်ရတုန်းကလည်း ဘာမှ မပြောဘူး။ အေမူတို့ကို ဂရုမှ မစိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူး အမေမူ။ စောကျော်သန်းဟာ သူ့အမေနဲ့ နှမအပေါ်မှာ သိပ်သံယောဇဉ်ကြီးပါတယ်"

ရွာသို့ရောက်သည်နှင့် တစ်ပြိုင်နက် စောကျော်သန်းမှာ အိမ်တွင် ခေတ္တမျှနားကာ ရွာခံ ဆရင်လူငယ်လူရွယ်တွေကို စုစည်းဆွေးနွေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများဖြင့် အလုပ်ရှုပ်လျက် ရှိလေသည်။ သို့မို့ကြောင့် သူ ချစ်ခင်သော အမေနှင့် နှမကိုပင် စကား ကြာကြာမပြောအား။

"အခု ကိုဝင်းကြည်တို့ ခရီးဆက်ထွက်ဦးမယ်ပေါ့နော်"

"ဟုတ်တယ် အမေမူ။ ခရီးဆက်ထွက်ရမယ်"

"ဘယ်ကိုလဲ။ အမေမူက သိချင်လို့ လျှောက်မေးနေတာ စိတ်မဆိုးနဲ့နော်"

ဝင်းကြည်က ရယ်လိုက်၏။ ဗမာစကားကို လျှာလေးသံဖြင့် ဝဲတဲတဲ ပြောသော်လည်း စကားတတ်လှချေ၏ဟု ထင်မိလေသည်။

"ချောင်းဖျားဘက်ကိုပေါ့"

"ဂျပန်တွေကိုရော တော်တော် သတ်ခဲ့ပြီလား"

"ဆိုပါတော့"

အမေမူက ဝင်းကြည်၏ မတင်မကျ အဖြေကို နားထောင်ရင်း တွေနေ၏။

"အမေမူ့အစ်ကိုက သိပ်ဒေါသကြီးတယ်။ အငြိုးလည်းကြီးတယ်။ ဂျပန်ကောင်တွေ ငါ့ပါးကို ရိုက်ထားတာ တစ်သက်လုံး မကျေဘူးလို့ ခဏခဏ ပြောတယ်။ သူကလည်း သတ်တာပဲလား"

"သတ်တယ် ဆိုတာကတော့ ဒီလိုရှိတာပေါ့ အမေမူရယ်။ စစ်တိုက်ကြတာကိုး။ စစ်တိုက်တယ် ဆိုကတည်းက သူကလည်း ကိုယ့်သတ်၊ ကိုယ်ကလည်း သူ့သတ်၊ တစ်ယောက်နဲ့တစ်ယောက် အနိုင်သတ်ဖို့ ကြိုးစားကြရတာကိုး"

"ဘုရားသခင်က သတ္တဝါ အချင်းချင်း သတ်ကြတာကို မကြိုက်ဘူး"

အမေမူကား ဘာသာတရားတွင် တကယ်တမ်း ကိုင်းရှိုင်းသူပင်တည်း။ ယခုလည်း သတ္တဝါအချင်းချင်း သတ်ဖြတ်မှုကို ဘုရားသခင်က မကြိုက်ဟု အလေးအနက် ပြောနေလေသည်။

"ဂျပန်တွေကို မသတ်ချင်ပါဘူး အမေမူ။ ဒါပေမဲ့ ကိုဝင်းကြည်တို့က မသတ်ရင် ကိုဝင်းကြည်တို့ကို သူတို့က သတ်မှာ သေချာတယ်။ ဒါကြောင့်ပါ"

"အမေမူလေ သိပ်စိုးရိမ်တာပဲ။ အမေမူ့အစ်ကိုအတွက်ရော ကိုဝင်းကြည်အတွက်ရော ဘုရားသခင်ဆီမှာ ခွင့်လွှတ်တော်မူဖို့ ဆုတောင်းလိုက်ရတာ အမောပဲ။ သိပ်အန္တရာယ်များကြတယ်နော်"

"အဲဒီလို အန္တရာယ်တွေ၊ ဒုက္ခတွေ မြန်မြန်ပြီးအောင် ကိုဝင်းကြည်တို့ လုပ်နေတာပါ အမေမူ။ ပြီးလည်း ပြီးတော့မှာပါ။ အဲဒီလို ပြီးတဲ့အခါကျရင်သာ ကိုဝင်းကြည် မှာတာကို မမေ့နဲ့နော်။ ကျောင်းပြန်တက်ဖို့ ဆိုတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"အေမှူ ပြောပြီးပြီကော။ ပြန်တက်ချင်တယ်လို့။ ဒါပေမဲ့ ဘယ်လို ဖြစ်ဦးမလဲ မသိဘူး။ ဘုရားသခင် အလိုတော်အတိုင်းပေါ့"

'ဘုရားသခင်ကို တမ်းတလှချည်လား၊ တမင်များ ပြောနေခြင်းလား' ဟူသော အတွေးဖြင့် ဝင်းကြည်က အေမှူကို အကဲခတ်လိုက်မိသည်။ တမင်တမ်းတပြနေခြင်း မဟုတ်ဘဲ ရိုးသားစွာ ယုံယုံကြည်ကြည် ကိုးစား ပြောဆိုနေခြင်း ဖြစ်ကြောင်း တည်ငြိမ်သော အေမှူ၏မျက်နှာက သာဓကပြနေလေသည်။

အိမ်တွင် မည်သူမျှ မရှိ။ အေမှူ့အမေကား နာလန်ထခါစ ဖြစ်သည့်အတိုင်း အစောကြီးပင် အိပ်ရာဝင်လေသည်။ စောကျော်သန်းကလည်း ပြန်မရောက်သေး။ အေမှူနှင့် ဝင်းကြည်သာလျှင် ရှိနေသည်။ အေမှူ၏ ပါးပြင်နှစ်ဖက်သည် ဟိုစဉ်ကလိုပင် ပြည့်ဖြိုးမို့မောက်နေ၏။ တစ်ရစ်ကြွခိုင်သော ကိုယ်ကာယသည် အချိုးအဆစ် ညီညာစွာ ထုလုပ်အပ်သော ပန်းပုရုပ်နှင့် ပိုတူနေ၏။ ဝင်းကြည်၏စိတ်ကား ယောက်ယက်ခတ်လျက် ရှိလေသည်။ သို့ရာတွင် ချက်ချင်းဆိုသလိုပင် သူ့ကိုယ်သူ သတိပြန်ရလာသည်။ မိမိနှင့်အတူ သေဖော်ရှင်ဖက်အဖြစ် အလုပ်လုပ်နေသော ရိုးသားပွင့်လင်းသော စောကျော်သန်း၏ မျက်နှာကို ပြန်လည် မြင်ယောင်လာလေသည်။

စောကျော်သန်း ပြန်ရောက်လာမှပင် ဝင်းကြည်သည် အနေအထိုင် ချောင်သွားသည်ဟု သူ့ကိုယ်သူ ထင်မိလေ၏။ စောကျော်သန်းက သူ စီစဉ်ခဲ့သော ကိစ္စတွေကို ပြန်ပြောပြသည်။ ရွာခံလူငယ်ငါးယောက်ကို အခြေခံထားကာ ရွာကာကွယ်ရေးအတွက် တာဝန်ပေးပြီးပြီ။ ဒူးလေး၊ ဝါးချွန်၊ မိန်းနှင့် ဓားအပြင် ယခင်က စုဆောင်းထားသော အင်္ဂလိပ် ရိုင်ဖယ်နှင့် ဂျပန်ရိုင်ဖယ်အချို့၊ လက်ပစ်ဗုံးအချို့ ရှိနေပြီ။ ထို့ကြောင့် တိုက်ပွဲများနှင့် ရင်ဆိုင်ရန်အတွက် ရွာတွင် ကြာကြာ မဆိုင်းလို။ ခရီးဆက်ကြမည်။

အေမှူ့အနားတွင် ကြာရှည်မနေခြင်းက ပို၍ ကောင်းပေလိမ့်မည်။ ခင်မင်ရင်းနှီးသော မိတ်ဆွေရင်းချာတစ်ယောက်၊ မောင်ရင်း၊ နှမတစ်ယောက် အဖြစ်ဖြင့်သာ အစဉ်တစိုက် သဘောထားခြင်းသာလျှင် အမှန်ကန်ဆုံး ဖြစ်လိမ့်မည်ဟူ၍ သူ့ကိုယ်သူ အလေးအနက် ဆုံးမနေမိသော ဝင်းကြည်ကလည်း စောကျော်သန်း၏ အစီအစဉ်ကိုပင် သဘောတူလိုက်လေ၏။

သည်လိုနှင့်ပင် စာဖြူစုရွာမှ သူတို့ ထွက်ခွာခဲ့ကြလေတော့သည်။

ဘုရားချောင်းတွင် ဘကြီးညိုသည် သူ့လူများနှင့်အတူ ဓားရောင်တဖွေးဖွေးဖြင့် စောင့်ကြို လျက် ရှိလေသည်။ သူတို့သည် ဘုရားချောင်းမှတစ်ဆင့် ကွင်းပြင်များ၊ လတာများ၊ ချောင်းပြောင်း များကို ကျော်ဖြတ်ကာ မိုးမခဘက်အထိ ချီတက် လှည့်လည်ကြသည်။

မိုးမခ အင်းရေပြင်သည် နွေခေါင်ခေါင်ပင် ဖြစ်လင့်ကစား လှိုင်းဖွေးဖွေးလှုပ်နေသော ရေပြင် ကျယ်သာ ဖြစ်၏။ မိုးတွင်းဆိုလျှင်ကား ဤအင်းဒေသမှာ ပင်လယ်ပြင်တမျှ ကျယ်ပြောလှပေမည်။

www.burmeseclassic.com



တောင်အရပ်ဆီမှ မိုးသားတွေ ညို့တက်လာပြီဆိုလျှင် လှိုင်းလုံးကြီးတွေ ထလာတတ်သည်။ ဒိုက်သရောကြီးတွေ ပိကာ ငါးရှာသူတို့ မကြာခဏ အသက်ဆုံးရတတ်သည်။

ဤအင်းရေပြင်တစ်ဝိုက်၌ ဘကြီးညို၊ စောကျော်သန်းနှင့် ဝင်းကြည်တို့ ဦးစီးသော ပြောက်ကျားတစ်စုသည် ညောင်တုန်းမြို့နယ်နှင့် အင်းစိန် ခရိုင်ဘက်ဆီမှ အဆက်အသွယ် ပြတ်ကာ ယောင်လည်လည် ရောက်ရှိလာတတ်သည့် ဂျပန်တွေကို အစဖျောက်ပစ်ကြလေသည်။ ဝင်လယ်ပြင်လို အပြန့်ကျယ်သော ကိုင်းတောကြီးများ၊ ကျူတောကြီးများသည် သူတို့ ခိုအောင်းရာ တောတောင်များ ဖြစ်လေသည်။ ဤကိုင်းတော၊ ကျူတောကြီးများ အကြားမှ ရှောင်တခင် ထွက်လာတတ်သော တံငါဘောက်တူများသည် ဂျပန်တို့၏ လှေများ၊ သမ္ဗန်များ အနားသို့ ရောက်သည့်အခါ၌ စက်သေနတ်တင် တိုက်ရေယာဉ်များ ဖြစ်လာတတ်ကြသည်။ ဝင်းကြည်သည် သည်းကောင်း၊ စောကျော်သန်းသည် လည်းကောင်း စစ်၏ မီးတောက်မီးလျှံများ အကြား၌ အရာရာကို မေ့လျော့နေမိကြသည်။ လူသတ် ကျည်ဆံတို့၏ ခက်ထန်သော မာန်မာနနှင့် ရှုပနဆေးသံများ အကြားတွင် မွေ့လျော်နေခဲ့ကြသည်သာတည်း။

## အခန်း ၁၉

ရွှေပင်သည် မိုးဖွဲဖွဲအောက်တွင် အိပ်စက်လျက်ပင် ရှိနေပါသေး၏။

နံနက် မိုးမလင်းတလင်း အချိန်အထိ မိုးသည် တဖွဲဖွဲ တဖျောက်ဖျောက် ရွာသွန်း ဆွေဖြိုး လျက် ရှိသေးသည်။ ညကလည်း တစ်ညလုံးလိုလို ရွာနေခဲ့သေးသည်။

မေလ၏ ပထမ ရက်သတ္တပတ်မှာပင် မိုးကျနေပြီဖြစ်ရာ မိုးဦးစောသည်ဟု ဆိုရလေမည် လား မသိ။ သို့ရာတွင် ယခုနှစ်အဖို့ စောစွာရောက်လာသော မိုးသည် ကြည်နူးဝမ်းမြောက်ခြင်း အတိဖြင့် ဖြိုင်ဖြိုင်ဆွေသော မိုးသာ ဖြစ်ရပေတော့မည်။

အစပထမတွင် မြို့ကိုသိမ်းယူရန် ဟူသော အစီအစဉ်ဖြင့် မြို့သိမ်းတိုက်ပွဲ ဆင်ရန်အတွက် တစ်ဖက်ကမ်း ဓားလွယ်ခုတ်ရှိ စစ်ကိုင်းရွာ၌ သူတို့ စုရုံးခဲ့ကြသည်။ ကိုတင်သိန်း၊ ဦးစောချစ်၊ ထိုဘတင်၊ စောကျော်သန်း၊ ဖုန်းမြင့်၊ စိုးသိမ်း၊ ဝင်းကြည်နှင့် ပြောက်ကျားတပ်သား ၆၀ ကျော်တို့က မြို့သိမ်းတိုက်ပွဲ ဆင်နွှဲရန်အတွက် အသေးစိတ် အစီအစဉ်တွေပင် ချခဲ့ကြပြီး ဖြစ်သည်။ ကိုချစ်မောင်၊ အောင်ညွှန့်နှင့် စံကျော်တို့ကလည်း အနောက်ဘက်ကွင်းမှနေ၍ ဖြတ်ဝင်မည်။

သို့သော် မြို့တွင်းရှိ ဝင်းကြည်၏အဖေနှင့် တင့်အောင်တို့ထံမှ ဆက်သား ရောက်လာ သည်။ ဂျပန် အသေခံ တပ်သားတွေ မရှိတော့။ ညောင်တုန်းဘက်က ဆင်းလာသော နောက်ဆုံး တပ်များနှင့်အတူ လိုက်ပါသွားကြလေပြီ။ ထို့ကြောင့် ဤအတိုင်းသာ စိတ်ချလက်ချ ဝင်ခဲ့ပါ ဟူသော သတင်းလည်း ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းအရ ယနေ့ နံနက်စောစော မအူပင်မြို့တွင်းသို့ သူတို့ ဝင်ရောက်ခဲ့ကြခြင်း ဖြစ်လေသည်။ ကိုတင်သိန်းကား ဦးစောချစ်၊ ကိုဘတင် စသူတို့နှင့်အတူ ပြောက်ကျားတပ်သား တွေကို ခေါ်ကာ လိုရမည်ရ သဘောဖြင့် တွံတေးဝဘက်သို့ ပြန်ဆင်းသွားပြီး ဝင်းကြည်တို့ကိုသာ ပြန်လွှတ်လိုက်ခြင်း ဖြစ်လေသည်။ သို့မို့ကြောင့်လည်း ဝင်းကြည်၊ ဖုန်းမြင့်၊ စိုးသိမ်းနှင့် စောကျော်သန်း တို့သည် မြို့တွင်းသို့ ပြန်လည် ဝင်ရောက်လာခဲ့ကြခြင်း ဖြစ်၏။

ဖုန်းမြင့်ကား လက်မောင်းတွင် ဒဏ်ရာရထားသည်။ ကျည်ဆန်ရှပ်မှန်ခြင်း ဖြစ်သည်။ ရှပ်မှန်သဖြင့်သာ တော်လေသေးတော့သည်။ သူတို့၏ အသားအရေတွေမှာ ညိုမည်းညစ်ထေးလျက် ရှိသည်။ ဆံပင်တွေကလည်း ပွရောင်းနေကြသည်။ အနောက်ဘက်ကွင်းမှ ကိုချစ်မောင်တို့လည်း ဝင်လာကြသည်။ ဗမာ့တပ်မတော်လည်း အလားတူ ရောက်ရှိလာကြသည်။ ဤသို့အားဖြင့် နံနက်စောစောစီးစီးမှာပင် တစ်မြို့လုံးသို့ သတင်းစကား ပျံ့နှံ့သွားကာ ပျော်တပြုံးပြုံး မော်မဆုံး နိုင်အောင် ဖြစ်ကြလေသည်။ လက်မောင်း၌ ဒဏ်ရာရထားသော ဖုန်းမြင့်ကို အိမ်သို့ ပြန်ပို့လိုက်ပြီး နောက် သူတို့ ကိုင်ဆောင်ထားသည့် လက်နက်များကို စိုးသိမ်းက သိုဝှက်မြှုပ်နှံထားရန် တာဝန် ယူလိုက်လေသည်။

ဝင်းကြည်သည် စောကျော်သန်းကို ခေါ်ကာ အိမ်သို့ ရောက်လာခဲ့၏။ အဖေက ဗမာ့ တပ်မတော် တပ်သားများအား နေရာချထားရေး၊ ညှိနှိုင်းရေး ကိစ္စများဖြင့် အလုပ်ရှုပ်လျက်ရှိရာ အိမ်တွင် မရှိ။ အမေသာ ရှိသည်။ အမေသည် စောစောစီးစီး အိမ်ပေါက်ဝသို့ ခေါင်းစုတ်ဖွားဖြင့် ရောက်လာသော ဝင်းကြည်ကို တအံ့တသြ ကြည့်နေ၏။ သေနေရာမှ ပြန်ရှင်လာသူကို မြင်လိုက် ရဘိသည့်အလား အမေ့မျက်စိ အစုံသည် အံ့သြခြင်းဒဏ်ကြောင့် ပြူးကျယ်လျက်ရှိသည်။ ထို့ နောက်တွင်ကား ထုံးစံအတိုင်း မျက်ရည်ကျလေတော့သည်။

"အမေ၊ ကျွန်တော်လေ" ဟုသာ ဝင်းကြည်က ပြောလိုက်နိုင်သည်။

"မမရေ ကိုကိုလေး ပြန်လာပြီ" ဟု ခင်မာကြည်က အိပ်ခန်းတွင်းမှ လှူးလဲထလာကာ မလှကြည်ထံသို့ အော်ပြောလိုက်၏။ မလှကြည်ကလည်း မီးဖိုဘက်မှနေ၍ အပြေးကလေး ထွက် လာသည်။

"ဟင်၊ ကိုဝင်း"

မလှကြည်နှင့် အမာကြည်သည် ဝင်းကြည်၏ လက်မောင်းကို ဆုပ်ကိုင်ထားကြရင်း မျက်လုံးအိမ်များ၌ မျက်ရည်တွေဖြင့် ပြည့်လျှမ်းနေ၏။

မျက်ရည်ပြည့်လျှမ်းသော မျက်လုံးများဖြင့်ပင် ဝင်းကြည်ကို အားပယူ၍ စေ့စေ့ငုငု ကြည့်ကြ သည်။ ဆံပင်တွေရှည်ကာ ညှဉ်းဆိုးဆိုး ဖြစ်နေသော ဦးခေါင်း၊ မေးရိုးနှစ်ဖက် ငေါထွက်လျက် ချိုင့်ခွက်ကျဆင်းနေသော နားထင် နားရင်း၊ နေလောင်ထားသဖြင့် အရေပြားတွေ အလွှာလွှာ ကွာကျနေသော ပါးပြင်၊ ပိန်လှီ ခြောက်ကပ်သော ခန္ဓာကိုယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဝင်းရယ်၊ ဘယ်လိုဖြစ်တာလဲ။ ဘယ်လိုများ ဖြစ်သေးသလဲဟင်။ ကိုဝင်း ဘာဖြစ်သေးသလဲ" ဟု မလှကြည်က သူ့လက်မောင်းကို လှုပ်ခါရင်း မေးသည်။ မေးရင်းကလည်း မျက်ရည်စတွေကို သိမ်းသပ်သည်။

"ကျွန်တော် ဘာမှမဖြစ်ဘူး မမ။ နေကောင်းပါတယ်။ အခု ကျွန်တော် ပြန်ရောက်ပြီပဲ။ ဒီမှာ ကျွန်တော့်သူငယ်ချင်း ပါသေးတယ်၊ စောကျော်သန်းတဲ့။ ကဲ စောကျော်သန်း၊ အဲဒါ ငါ့အစ်မနဲ့ ညီမကွာ။ ဟောဟိုက အမေ"

စောကျော်သန်းက မောင်နှမတစ်စု၏ ဖြစ်အင်ကိုကြည့်ရင်း ပြုံးကာ နှုတ်ဆက်သည်။

"ကိုဝင်းကြည် ဘာမှမဖြစ်ပါဘူး ခင်ဗျာ။ နည်းနည်းပင်ပန်းလို့ ပိန်သွားတာပါ" ဟုလည်း ကြားဝင် ဖြေသိမ့်လိုက်သေးသည်။

"ကဲ သူငယ်ချင်း၊ ဒီမှာ ကြိုက်သလောက်နေ။ အနားယူပြီးမှ ရွာကိုပြန်၊ ဟုတ်လား။ ငါ့အိမ်မှာ မင်း ဘာမှ အားနာစရာ မရှိဘူး။ စိတ်တိုင်းကျ နေရမယ်။ မင်းအိမ်မှာ ငါ နေခဲ့ပေါင်းများပြီ ဆိုတော့ တစ်ယောက် တစ်လှည့်ပေါ့ကွာ၊ ဟုတ်လား"

စောကျော်သန်းက ပြုံးလို့သာ နေလေသည်။ မောင်နှမ တစ်စု၏ ချစ်ခင် ကြင်နာပုံကို ပီတိဖြစ်နေဟန်လည်း တူပေသည်။

"မမ၊ စားစရာ ဘာရှိသလဲ။ ကျွန်တော်တို့ ဆာလှပြီ" ဟု ဝင်းကြည်က ပြောလိုက်မှပင် မလှကြည်က မေ့မျောနေရာမှ သတိရလာသူအလား မျက်ရည်တွေကို သုတ်ဖယ်လျက် "အေး၊ မမ ကော်ဖီဖျော်ပေးမယ်။ ကောက်ညှင်းပေါင်းလည်း ရှိတယ်။ ငါးခြောက် လုပ်ပေးဦးမယ်။ ခဏနေဦးနော်" ဟု ဆိုကာ မီးဖိုဘက်သို့ အပြေးကလေး ဝင်သွားလေ၏။

"မင်း ထွက်သွားကတည်းက ဘာသတင်းမှ မကြားရလို့ တစ်အိမ်လုံး စိတ်ဒုက္ခရောက်ကြရတာ မပြောပါနဲ့တော့"

"အမေရယ်၊ ကျွန်တော် ဘာမှ မဖြစ်နိုင်ပါဘူး။ ဘာမှ မဖြစ်လို့ဘဲ ပြန်ရောက်လာပြီ မဟုတ်လား။ အမေတို့အတွက်သာ ကျွန်တော်က စိတ်ပူတာ။ အစ်ကိုရော၊ အစ်ကို။ ငါ့ထက်အကြီး အစ်ကို ရှိသေးတယ်ကွ သူငယ်ချင်းရ"

အမေ့ကိုပြောရင်း စောကျော်သန်းဘက်သို့လှည့်၍ ဝင်းကြည်က ပြောလိုက်သည်။

"ဟိုအိမ်ကလည်း ယောကျ်ားသားရယ်လို့ မရှိတော့ သူ့ကို ပြန်မလွှတ်ဘူးလေ။ နှစ်ရက် သုံးရက်တစ်ခါ သုံးရက်တစ်ခါလောက်တော့ ပြန်လာပါတယ်"

ဝင်းကြည်သည် ထောင်းခနဲ ဒေါသထွက်မိလေ၏။ သူ့အစ်ကိုပေါ်၌ မထွက်ဖူးသေး ထွက်ဖူးသော ဒေါသလည်း ဖြစ်သည်။ မိဘနှင့် နှမတွေကို ပစ်လျက် ပင်စီအပါး၌သာ ခစားနေရန်အောက် မခြစ်တင်မိသည်။ သို့သော် အမေ စိတ်မကောင်းမည် စိုးသဖြင့် ဒေါသကို မျိုသိပ်ထားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ကလည်း ဘာမှ မပြောဘူးလား"

ဒေါသကို မျိုသိပ်ထားလိုက်ရသော်လည်း မမေးဘဲ မနေနိုင်သော မေးခွန်းကိုမူ ထုတ်၍ မေးလိုက်မိသည်။

"ဘာပြောရမှာလဲကွယ့်။ ဟိုအိမ်ကလွဲလို့ သူ ဘယ်မှ မသွားဘူးဆိုတာ သိနေကြတာပဲ" ဟု အမေက ပြောသည်။ အမေ့စကား အသွားအလာကို ထောက်ချင့်လျှင် အဖြေမှာ ရှင်းနေပေပြီ။ ထွန်းကြည် သို့ကလို နေထိုင်သည်ကို အမေ မကန့်ကွက်လိုကြောင်း ထင်ရှားနေပေပြီ။

သို့မို့ကြောင့်လည်း တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်း မပြုတော့ဘဲ ငြိမ်နေလိုက်ရလေ၏။

ယင်းအခိုက်မှာပင် အဖေ ပြန်လာသည်။

အဖေသည် ပင်ပန်းနွမ်းနယ်နေဟန်တူ၏။ အတန်ငယ်လည်း ချုံးကျသွားသည် ထင်ရ၏။ သို့ရာတွင် အဖေကား ဝင်းကြည်ကို မြင်လိုက်ရသည့်အခါတွင် အထူးတလည် ဝမ်းသာနေလေသည်။

"အေး၊ မင်းတို့ ပြန်ရောက်တယ်ဆိုတာ ကြားသားပဲ။ ဒါပေမဲ့ ရဲဘော်တွေအတွက် အလုပ်က များနေတာနဲ့ ပြန်မလာနိုင်တာ။ ဒါထက် မင်းတို့အားလုံး ပြန်လာကြတာလားဟေ့"

"မဟုတ်ဘူး အဖေ၊ ကိုတင်သိန်းနဲ့ ဦးစောချစ်တို့က တွံတေးဝဘက် ပြန်ဆင်းသွားကြတယ်။ ကျွန်တော်တို့ပဲ ပြန်လာတာပါ"

"ဘယ်သူတွေ ဘာဖြစ်ကြသေးသတုံး"

"ဖုန်းမြင့်တော့ လက်မောင်းမှာ ဒဏ်ရာရတယ် အဖေရဲ့"

"မောင်ဖုန်းမြင့် ဟုတ်လား။ တော်တော်များသလား"

"ရှပ်မှန်သွားတာပါ။ ကိစ္စမရှိပါဘူး"

"ဒို့ပြင် အဖိတ်အစင်များရော"

"ဘကြီးညိုအင်းက တစ်ယောက်တော့ ကျတယ် အဖေရဲ့။ မိုးမခဘက်မှာ ကျတာပါ။ စာဖြူစုက နှစ်ယောက် ဒဏ်ရာရတယ်။ ဒါလောက်ပါပဲ။ သြော်၊ စာဖြူစုဆိုလို့ ပြောရဦးမယ်။ ဟောဒါ စာဖြူစုက စောကျော်သန်း အဖေ။ ဟော့၊ အဲဒါ ငါ့အဖေလေ"

စောကျော်သန်းက ဦးထွန်းတင်ကို ငေးစိုက်၍ ကြည့်နေလေ၏။ တော်လှန်ရေး အစီအစဉ်တွေ လုပ်ပေးခဲ့သည်ဆိုသော ဝင်းကြည်၏အဖေကို ကြားဖူးရုံမျှသာ ကြားဖူးခဲ့သည်။ ယခုကား ကိုယ်တိုင်ကိုယ်ကျ တွေ့နေရလေပြီ။

"သြော်၊ မင်းက စာဖြူစုကကိုး။ စောချစ်တို့ဆီကပေါ့"

အဖေက စောကျော်သန်းကို မေးနေ၏။

"ဟုတ်ပါတယ် ဦး"

www.burmeseclassic.com

www.burmeseclassic.com



"အေး အေး၊ ရောက်တဲ့အခိုက် နားနားနေနေသာ နေဦးပေါ့ကွား။ အခြေအနေတွေကတော့ တော်တော်ကောင်းသွားပါပြီ။ မြစ်ဝကျွန်းပေါ် တစ်ခုလုံးမှာ ဂျပန် မရှိသလောက်ပါပဲ။ သူတို့ အလုံးအရင်း ဟူသမျှ စစ်တောင်းဘက် ရောက်ကုန်ကြပြီ။ ရန်ကုန်ကို ဗမာ့တပ်မတော်က သိမ်းပိုက်လိုက်ပြီးတဲ့ နောက်တော့ ဂျပန်ဟာ နာလန်ထူဖို့ မလွယ်တော့ပါဘူးကွား။ စစ်တောင်းဘက်မှာတော့ နောက်ဆုံးတိုက်ပွဲတွေ တိုက်ကြတုန်းပဲ။ ဒီပွဲမှာ ဒင်းတို့ ခွေးကျ ကျတာပဲပေါ့၊ ခွေးကျ ကျတာပဲ"

အဖေက အားပါးတရပြောရင်း ပြုံးနေလေ၏။ အဖေ့အပြုံးကား နှစ်လိုဖွယ်ကောင်းလှသော အပြုံး၊ ပီတိလွှမ်းသော အပြုံး၊ ကျေနပ်သော အပြုံးပေတည်း။

ထိုညနေတွင် စောကျော်သန်းက အောဘီအမ် ကျောင်းဘက်သို့ အသိမိတ်ဆွေများနှင့် တွေ့ရန် ထွက်ခွာသွားသောအခါ ဝင်းကြည်သည်လည်း စင်သီယာ့အိမ်ဘက်သို့ ထွက်လာခဲ့မိလေသည်။

အဘယ့်ကြောင့်ဟူ၍ကား မသိ၊ စင်သီယာ့ကို သတိရလာသည်။ စင်သီယာနှင့် တွေ့ချင်သည်။

လွန်ခဲ့သော သုံးလေးလခန့်အတွင်း သူ ခွဲခွာထားရစ်ခဲ့သည့် အနောက်ကုန်း ရွာကလေးသည် ဟိုစဉ်ကလိုပင် မပြောင်းမလဲ တည်ငြိမ်အေးချမ်းဆဲပင် ရှိပါသေးသည်။ မိုးရေ ဖျန်းပက်ထားသဖြင့် လန်းဆန်းနေသေးသော သစ်ရွက်၊ သစ်ခက်များ၊ ဝါးရုံများဖြင့်လည်း ပို၍ စိမ်းမြညို့မှိုင်းလျက် ရှိသည်။ မြက်ကလေးတွေမှာ ယခင်ကထက်ပင် ရှင်သန်လာကြသလား ထင်ရလောက်အောင် ထူထပ်စွာ ပေါက်ရောက်နေကြသည်။

သူ တွေ့ချင်သော စင်သီယာကို တွေ့ရချေပြီ။

စင်သီယာသည် သေနေရာမှ ထလာသူကို တွေ့လိုက်ရသည့်အလား ဝင်းကြည်အား ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။ စင်သီယာ၏ မျက်လုံးအိမ်မှာ ရီဝေမှိုင်းတွဲ့လျက်ရှိ၏။ စကားလည်း တစ်လုံးမျှ မပြော။

"စင်သီယာ"

ဝင်းကြည်က ဖြည်းညင်းစွာ ခေါ်လိုက်၏။

စင်သီယာက မထူး။

ခြံဝင်းအနောက်ဘက်ရှိ ဝါးကုလားထိုင်ကလေးတွင် ထိုင်နေသော စင်သီယာ့အပါးသို့ ဝင်းကြည်က တိုးကပ်သွားသည်။ စင်သီယာတို့အိမ်တွင် လူရိပ်လူခြေပင် မတွေ့ရ။

"စင်သီယာ နေကောင်းတယ်နော်"

ဝင်းကြည်က ထပ်မေးမိပြန်သည်။ စင်သီယာသည် လွန်ခဲ့သော သုံးလခန့်ကထက် ပို၍ ဝိန်လို ဖျော့တော့နေသည်ဟု ထင်မိသောကြောင့် ထိုသို့ မေးလိုက်မိခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို စင်သီယာက ခေါင်းညိတ်၍သာ ဖြေလေသည်။ စင်သီယာသည် ဝင်းကြည်ကို ကြည့်နေရာမှ အဝေးသို့ ငေးမျှော်၍ ကြည့်နေပြန်၏။ စကားလည်း မပြော။

"ကိုယ် မနက်ကပဲ ပြန်ရောက်တယ် စင်သီယာ။ ရောက်ရောက်ချင်း လာဖို့ပဲ။ ကိစ္စတွေ မပြတ်တာနဲ့ အခုမှ လာရတာပါ။ စင်သီယာ့ကို ကိုယ် သိပ်တွေ့ချင်လွန်းလို့ လာတာပါ"

အဝေးဆီသို့ အဓိပ္ပာယ်ကင်းမဲ့စွာ ငေးမျှော်စူးစိုက်နေသည့် စင်သီယာက ယခုအထိ မတုန်မလှုပ်။

"ဘာဖြစ်နေသလဲ စင်သီယာ။ ကိုယ့်ကို စကားတောင် မပြောချင်တော့ဘူးလား။ ဘာဖြစ်နေသလဲဆိုတာ ကိုယ် သိပါရစေ"

သည်လိုဆိုတော့လည်း အဝေးသို့ ငေးစိုက်နေသော စင်သီယာ၏ မျက်စိအစုံမှာ ဝင်းကြည်ဆီသို့ ပြန်ရောက်လာလေသည်။ နက်နဲသော အကြည့်၊ ကြေကွဲသော အကြည့်ပေတကား။

"စင်သီယာ စိတ်မကောင်းလို့ပါ"

စင်သီယာက ပြောပြောဆိုဆို မျက်ရည်စတို့ကို တို့သုတ်နေလေသည်။

"ဘာဖြစ်လို့လဲ။ ကိုယ့်ကို စိတ်ဆိုးနေသလား"

"မဆိုးပါဘူး။ စိတ်ဆိုးဖို့ အခွင့်အရေး စင်သီယာမှာ မရှိပါဘူး။ စိတ်မကောင်းတာ တစ်ခုပဲ"

"ဘာကို စိတ်မကောင်းတာလဲ။ ကိုယ် သိခွင့်မရှိဘူးလားဟင်"

"ကိုဝင်းကြည် သိရက်သားနဲ့ မေးမနေပါနဲ့တော့လား။ စင်သီယာ ဘာကို စိတ်မကောင်းဖြစ်ရတယ်ဆိုတာ ကိုဝင်းကြည် သိပါတယ်။ မသိဘူးလို့ ဆိုနေရင်တော့ ခက်သားပဲ"

"ဘာလဲ။ စင်သီယာ မသိအောင် ကိုယ်ထွက်သွားတဲ့အတွက်လား။ ဟုတ်လား"

"စင်သီယာ မသိအောင် ကိုဝင်းကြည် ထွက်သွားတယ်လို့ မပြောချင်ဘူး။ ကိုဝင်းကြည် ထွက်သွားတာကို စင်သီယာ မသိလိုက်ရဘူးလို့ပဲ စင်သီယာ ပြောချင်တယ်။ အဲဒါပဲ။ စိတ်မကောင်းတာ အဲဒါပဲ။ အခုမှ စိတ်မကောင်းတာ မဟုတ်ဘူး။ ကြာပြီ။ လပေါင်း တော်တော်ကြာပြီ"

စင်သီယာ၏ မျက်နှာသည် နီရောင်သန်းလာ၏။ အသံသည်လည်း တုန်ယင်နေ၏။

"ဒီကိစ္စအတွက် ကိုယ် အများကြီး တောင်းပန်ပါတယ် စင်သီယာ။ အများကြီး တောင်းပန်ပါတယ်။ ဘယ်လိုနည်းနဲ့မှ မရှောင်လွှဲသာတဲ့ အကြောင်းတွေကြောင့် ကိုယ် ကမန်းကတန်း ထွက်သွားရလို့ စင်သီယာ့ဆီ ခွင့်မတောင်းနိုင်ခဲ့တာပါ"

"အို ခွင့်တောင်းစရာ မလိုပါဘူး။ စင်သီယာ့ဆီမှာ ဘာလို့ ခွင့်တောင်းရမှာလဲ"

"ကဲ ခွင့်တောင်းစရာ မလိုဘူးပဲ ထားပါလေ။ စင်သီယာ့ကို အသိမပေးနိုင်ခဲ့တဲ့အတွက်လို့ပဲ ကိုယ် ပြောပါ့မယ်။ အဲဒါ ကိုယ် တောင်းပန်ပါတယ်။ မငိုပါနဲ့ စင်သီယာ။ မျက်ရည်တွေကို သုတ်ပစ်ပါ။ စင်သီယာ ငိုတော့ ကိုယ် စိတ်မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သြော် စိတ်မကောင်းတတ်လောက်အောင် ကိုဝင်းကြည်မှာ နှလုံးသား ရှိသေးတယ်နော်"

"ပြောပါ စင်သီယာ။ ကြိုက်သလိုပြောပါ"

"ကိုဝင်းကြည်ဟာ ရက်စက်တယ်။ အသိရခက်တယ်။ အင်းလေ၊ ဒါတွေကို စင်သီယာ ဘာ့ကြောင့်များ ပြောမိနေသလဲ မသိဘူး။ မပြောတော့ဘူးလို့ မျိုသိပ်ထားတာ ရှေးရှူး"

"ဘာဖြစ်လို့ မျိုသိပ်ထားရမှာလဲ စင်သီယာရဲ့။ အခု ကိုယ် ပြန်လာပြီလေ။ တို့ထဲ့တို ကြည့်စမ်းပါဦး။ အင်မတန် ရက်စက်တယ်လို့ စင်သီယာ ထင်နေတဲ့ လူတစ်ယောက်ရဲ့ မျက်နှာကို စေ့စေ့ကြည့်ပြီး ရင်ထဲမှာ ရှိနေတာတွေကို ပြောချလိုက်စမ်းပါ"

စင်သီယာက ငြိမ်နေပြန်သည်။

ပတ်ဝန်းကျင် တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ မြေကြီးပေါ်တွင် မိုးကြောင့် တင်ကျန်ရစ်နေခဲ့သော ရေအိုင်ကလေးတွေကို ဟိုတစ်ကွက် သည်တစ်ကွက် တွေ့ရသည်။ မိုးသား တွေ တက်နေသည့်အတွက် နေ၏ အလင်းရောင်ကို မတွေ့ရ။ လောကအလုံးသည် အလင်းနှင့် အမှောင်ကြားတွင် မည်သည့်ဘက်သို့ လိုက်ရအဲ့နည်းဟု ဝေခွဲမရ ဖြစ်နေသည့်အလား လင်း တစ်ဝက် မှောင်တစ်ဝက်ဖြင့်သာ ရှိနေလေသည်။

"ကိုဝင်းကြည်ဟာ နိုင်ငံရေးကို အားလုံးထက် ချစ်တယ်နော်။ အမေ၊ အမေ၊ ညီအစ်ကို၊ မောင်နှမတွေထက် ချစ်တယ်။ စင်သီယာ့ထက်လည်း ချစ်တယ်။ ဒါကို စင်သီယာ ခုမှ သေသေ ချာချာ သဘောပေါက်လာတယ်"

ဝင်းကြည်က စင်သီယာ ပြောသမျှတို့ကို လည်စင်းခံရန် ဆုံးဖြတ်ထားပြီး ဖြစ်သည့် အတိုင်း ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်လေ၏။

"ဖြုန်းခနဲဆို ပျောက်သွားတယ်။ စင်သီယာ ဘာမှ မသိလိုက်ရဘူး။ သတင်းလည်း မကြားရဘူး။ သေပလား၊ ရှင်ပလားလည်း မသိရဘူး။ ဘယ်ရောက်လို့ ရောက်နေမှန်းလည်း မသိရဘူး။ အို ဘာဆိုဘာမှ မသိရဘူး။ ဒါပေါ့လေ စင်သီယာက သိခွင့်မှ မရှိဘဲကိုး။ ဘာ့ကြောင့် သိခွင့်ရှိရမှာလဲ၊ မဟုတ်ဘူးလား။ စင်သီယာ စိတ်မကောင်းတာ ဒါပဲ။ တွေးလိုက်တိုင်း စင်သီယာ စိတ်မကောင်းဘူး။ ဒီနေ့အထိပဲ ဆိုပါတော့ ကိုဝင်းကြည်။ စင်သီယာက ဘာဆိုင်လို့ ဒီလိုစကား မျိုးတွေ လျှောက်ပြောနေရတာလဲ။ စင်သီယာဟာ ရူးများနေသလားလို့ ကိုဝင်းကြည် တွေးကောင်း တွေးမယ်။ တွေးပါ။ ကြိုက်သလို ထင်ပါ။ စင်သီယာဟာ အရူးပဲ။ ရူးနေတာပဲ"

စင်သီယာက မျက်ရည်တွေကို သိမ်းသပ်သည်။ မျက်လုံးတွေ နီနေသော်လည်း နောက်ထပ် မျက်ရည်မထွက်တော့။ စင်သီယာ၏ ပါးပြင်တွင် မျက်ရည်ပုလဲစက်များ သီးစက်ကျဆင်းခြင်း မရှိတော့။

"ရူးနေလို့သာ ဒီလို မဆီမဆိုင် စကားတွေကို လျှောက်ပြောနေတာပေါ့ မဟုတ်ဘူးလား ကိုဝင်းကြည်က ဒီလို လုပ်သွားရကောင်းလားရယ်လို့ စိတ်မကောင်းဖြစ်ပြီး အခုစိတ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



စင်သီယာ့မှာ ဒုက္ခရောက်ရတာကိုတောင် ကိုဝင်းကြည်က ကိုယ်နဲ့ မဆိုင်ဘူးလို့ ထင်ရင်လည်း ထင်နိုင်တာပဲ။ အပြစ်မရှိပါဘူး။ ကိုဝင်းကြည်ကို အပြစ်ပြောလို့ မရပါဘူး။ တစ်ခါတလေကျတော့ လူဆိုတာဟာ ကိုယ့်အတွေးနဲ့ကိုယ်ချည်း ရှိနေတတ်ကြတာကိုး"

"ဒီမယ် စင်သီယာ။ ကိုယ် တစ်ခုပြောပါရစေ။ စင်သီယာ ပြောတာတွေ အားလုံး မှန်ပါတယ်။ စင်သီယာ မရူးပါဘူး။ ဒီလိုပြောတဲ့ စကားတွေဟာ မဆီမဆိုင်တဲ့ စကားတွေလို့လည်း ကိုယ် မထင်ပါဘူး။ အခုလို ဖြစ်ခဲ့ရတာတွေနဲ့ ပတ်သက်ပြီး ပထမအချက် ကိုယ် တောင်းပန်ပါတယ်။ ကိုယ် တောင်းပန်တာကို ကျေနပ်ပါတော့။ အခု ကိုယ်ပြန်လာပြီလေ။ ကိုယ် ပြန်ရောက်လာပြီ"

"ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ပါဦး။ ဘယ်လိုဖြစ်နေတယ်ဆိုတာ၊ ခေါင်းစင်းစင်းနဲ့။ မျှော်ရတာက ပြောလာတာ ကျနေတာပဲ။ နဂိုက စိတ်မကောင်းရထဲ့အထဲ ကိုဝင်းကြည်ကို တွေ့လိုက်ရတော့ စင်သီယာ့ရင်ထဲမှာ ဘယ်လိုဖြစ်မှန်း မသိဘူး။ ငိုချင်လွန်းလို့ ငိုပစ်လိုက်တာပဲ"

"ကဲပါလေ မငိုပါနဲ့တော့။ နောက်လည်း စင်သီယာ မငိုစေရတော့ပါဘူး နော်။ ကဲ ပြုံးစမ်း၊ ပြုံးလိုက်စမ်း။ စင်သီယာ့ အပြုံးနဲ့ ကွဲနေတာကြာပြီ"

စင်သီယာ့ကို ဝင်းကြည်ကို ရွှန်းရွှန်းစားစား ကြည့်မိသည်။ စင်သီယာ၏ ပါးလျှာနီထွေးသော နှုတ်ခမ်းအစုံတွင် အပြုံးပန်းကလေး ပွင့်ဖူးလာလေပြီ။

"စင်သီယာ ဘယ်လောက်ပူရသလဲ သိလား။ ဒဏ်ရာ အနာတရတွေပဲ ဖြစ်နေပြီလား၊ သေပဲ သေပြီလားလို့ တွေးပြီး ငိုလိုက်ရတာ အမောပဲ။ ကိုဝင်းကြည်ကသာ သတိမရတာ"

"သတိရပါတယ် စင်သီယာရယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ။ နိုင်ငံရေး အကြောင်းတွေ၊ နိုင်ငံရေး အလုပ်တွေကြောင့် မဟုတ်လား"

ဝင်းကြည်က ပြုံးနေလိုက်ရ၏။

"စင်သီယာ ပိန်သွားတယ်"

"ပိန်သွားမှာပေါ့ စိတ်ဆင်းရဲတာကိုး"

"အခု စိတ်ဆင်းရဲဖို့ မလိုတော့ဘူးလေ။ ကိစ္စတွေအားလုံး ပြီးကုန်ပြီ။ ကိုဝင်းကြည် ဘယ်ကိုမှ သွားစရာ မလိုတော့ဘူး"

"စင်သီယာတော့ မယုံသေးပေါင်"

"တကယ်ပါ။ ကိုယ် ဘယ်မှ သွားစရာ မလိုတော့ဘူး"

"ကျောင်းပြန်ဖွင့်တော့မယ် ကိုဝင်းကြည်။ ကျောင်းပြန်ဖွင့်ရင် သိပ်ပျော်မှာပဲ။ ကျောင်းပြန်တက်ကြရအောင်နော်"

"တက်မယ်။ ကိုယ်လည်း ကျောင်းစာသင်ခန်းကို ပြန်ရောက်ချင်လှပြီ"

www.burmeseclassic.com

www.burmeseclassic.com



"စင်သီယာတော့ သိပ်ဝမ်းသာလာတာပဲ"

"ဒါ့ထက် ဦးရော မမြင်ပါလား။ ဘယ်သွားသလဲ။ ပင်စီရော"

"ဖေဖေ စာရေးကုန်း သွားတယ် ကိုဝင်းကြည်။ အိမ်ကို ပြန်ကြည့်လိုက်ဦးမှပဲ ဆိုပြီး ထွက်သွားတာပဲ။ မကြာခင် ပြန်ပြောင်းမယ်တဲ့။ ပင်စီကတော့ ကိုထွန်းကြည်နဲ့ ဘုရားလား၊ ဘယ်လား မသိဘူး"

မိုးရနံ့သင်းသော လေသည် ထွေ့ယမ်းတိုက်ခတ်လာ၏။ သစ်ရွက်များဆီ၌ ခိုတွယ်နေကြသည့် မိုးစက် မိုးပေါက်ကလေးများမှာ လေကြောင့် ကျဆင်းလာကြ၏။

"မိုးရွာလိမ့်မယ် စင်သီယာ။ အအေးမိနေဦးမယ်။ အိမ်ထဲ ဝင်ကြရအောင်လား"

စင်သီယာနှင့်အတူ ထကာ အိမ်ဘက်သို့ လာခဲ့ကြသည်။ လမ်းတွင် ဝင်းကြည်က

"စင်သီယာ ဘာသီချင်းတွေ တက်သေးသလဲ" ဟု မေးလိုက်၏။

"ဘာသီချင်းမှ မတက်ဘူး။ သီချင်းတွေ ဘာတွေလည်း သိပ်စိတ်မဝင်စားတော့တာနဲ့ မတက်ဘဲ နေလိုက်တယ်။ ကိုထွန်းကြည်ကတော့ တက်ပေးမယ် ပြောပါတယ်။ ဒါပေမဲ့ စိတ်ကို မပါဘူး"

သူတို့နှစ်ယောက် အိမ်ပေါ်သို့ အရောက်တွင် မိုးသည် ဖွဲဖွဲကလေး ရွာလာလေသည်။ စင်သီယာက လသာမှန်အိမ်ကို ထွန်းညှိကာ တံခါးတွေ လိုက်ပိတ်သည်။

မိုးဖွဲဖွဲအောက်မှာပင် ပင်စီနှင့် ထွန်းကြည်တို့ ပြန်ရောက်လာကြ၏။ ပင်စီက ဝင်းကြည်ကို တွေ့တွေ့ချင်း "မင်း သိပ်ပိန်သွားတယ်။ တော်တော် ပင်ပန်းခဲ့ရဲ့လား" ဟု မေးလေသည်။ ထွန်းကြည်ကမူ မျက်နှာထား တင်းနေ၏။

"မင်းအတွက် အမေတို့ ဘယ်လောက် စိတ်ဆင်းရဲတယ် မှတ်သလဲ"

ထွန်းကြည်က တင်းမာသော မျက်နှာထားဖြင့် တွေ့တွေ့ချင်း ကြိမ်းမောင်းသလို ပြောလေသည်။ ဝင်းကြည်က အစ်ကိုဖြစ်သူ၏ မျက်နှာကိုကြည့်ကာ ရင်တွင်း၌ မျိုသိပ်ထားရသော ဒေါသအဟုန်ကို အတားအဆီးမရှိ ဖွင့်ချချင်သလို ဖြစ်နေသည်။ သို့သော် ပင်စီနှင့် စင်သီယာတို့ ရှေ့မှောက်တွင် ညီအစ်ကိုချင်း ကတောက်ကဆ မဖြစ်ချင်။

"အမေတို့ စိတ်ဆင်းရဲအောင် ကျွန်တော် ဘာလုပ်လို့လဲ အစ်ကို"

"အေး မင်း ဘာလုပ်တယ်ဆိုတာ မင်းအသိဆုံးပဲ။ ကိုယ့်ကိုယ်ကိုယ် နဖူးပေါ် လက်တင်ပြီး ပြန်စဉ်းစားကြည့်ပေါ့"

"ဒါတွေကို အခု မပြောရင် ကောင်းမယ်"

"ပြောတော့ ဘာဖြစ်ရဦးမလဲ။ အလကား အလုပ်တွေနဲ့ အချိန်ကုန်ရုံတင် မကဘူး၊ မိဘဆိုပါ စိတ်မချမ်းသာအောင် လုပ်နေတာတွေကို ငါ ပြောချင်နေတာ ကြာလှပြီ။ မင်းဘာသာမင်း

www.burmeseclassic.com

www.burmeseclassic.com



နားလည်လာမလားလို့ စောင့်ကြည့်နေတာ။ အခု နားမလည်တဲ့အဆုံးမို့ ပြောတယ်ကွာ။ ဘာဖြစ်ရဦးမလဲ"

ဝင်းကြည်၏ ရင်တွင်း၌ ဒေါသယမ်းတိုက်ကြီး ပေါက်ကွဲလာလေသည်။ တစ်ကိုယ်လုံးမှာလည်း နတ်ကျသလို တဆတ်ဆတ် တုန်နေသည်။

"အစ်ကို တရားလွန်ပြီ"

ပင်စီနှင့် စင်သီယာတို့မှာ ရုတ်တရက်အားဖြင့် ကြောင်နေကြသည့် ညီအစ်ကိုနှစ်ယောက် တွေ့တွေ့ချင်း ဘာမပြော ညာမပြော စကားများနေကြသည့် အဖြစ်ကို နားမလည်နိုင်သလို ဖြစ်နေမိကြသည်။

ထွန်းကြည်က သူ့ကို တရားလွန်ပြီဟု ပြောရကောင်းလား ဆိုကာ ဝင်းကြည်၏အပါးသို့ တိုးလာသည်။ သည်တော့မှ ပင်စီက ထွန်းကြည်၏ လက်မောင်းကို လှမ်းဆွဲထားလိုက်သည်။

"ငါ တရားလွန်တယ်ဆိုပြီး မင်းက ဘာလုပ်ချင်သလဲ။ ကဲ ပြောစမ်း။ အလေဏာတော လျှောက်လုပ်ချင်ရာ လုပ်နေတဲ့ ကောင်။ နိုင်ငံရေးသမား ယောင်ယောင် ဘာယောင်ယောင်"

ဝင်းကြည်က ထိုင်ရာမှ ဝုန်းခနဲ ထလိုက်၏။ စင်သီယာသည် ဝင်းကြည့်အပါးသို့ တိုးကပ်လာ၏။

"အခု ဒီမှာ မရှင်းသေးဘူး။ နောက်မှ အစ်ကိုနဲ့ ကျွန်တော် ရှင်းမယ်"ဟု ထွန်းကြည်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလိုက်ပြီးနောက် "ပင်စီ၊ ကျွန်တော် ပြန်မယ်။ စင်သီယာ၊ ကိုယ် သွားတော့မယ်။ ဒီမှာ အခုလို ဖြစ်ရတာ ဝမ်းနည်းပါတယ်။ သွားမယ်"ဟု ဆိုကာ အိမ်ပေါ်မှ လျှင်မြန်စွာ ဆင်းလာခဲ့လေ၏။

မိုးသည် တဖွဲဖွဲ ကျနေ၏။

မိုးဖွဲဖွဲအောက်၌ အမှောင်ထုကို တိုးဝှေ့ကာ လျှောက်လာရင်း ဝင်းကြည်၏ တစ်ကိုယ်လုံးမှာ ထူပူလျက် ရှိသည်။ စစ်၏ ဘေးဒဏ်ကြား၌ ဖခင်နှင့်အတူ စီးပွားရှာသော၊ ဖခင်နှင့်အတူ ဒိုးတူပေါင်ဖက် အလုပ်လုပ်သော မိမိအား ဗိုးကြဲနေပါလား၊ စက်သေနတ် ပစ်နေပါလား၊ မအေနှင့် နှမတွေ ကြောက်နေမှာပါလားဟုပင် ထည့်သွင်း စဉ်းစားဖော် မရသူက အထက်စီးမှနေ၍ ပြောသည်ကို မခံမရပ်နိုင်လောက်အောင် ဖြစ်နေမိသည်။ အလေဏာတောကောင်၊ နိုင်ငံရေးသမား ယောင်ယောင် ဟူသော စကားသည် သူ့တစ်ကိုယ်လုံးကို ချွန်ထက်သော လုံသွားများဖြင့် အချက်ပေါင်းများစွာ ထိုးစိုက်ထားသည့်အလား နင်ကျင်နေစေသည်။ ပင်စီနှင့် စင်သီယာတို့ရှေ့၌ သက်သက်မဲ့ မိမိကို အသားယူခြင်း ဖြစ်သည်ဟုလည်း စွဲမှတ်လိုက်မိသည်။

အမှောင်လွှမ်းသော လမ်းတွင် ခပ်သုတ်သုတ် လျှောက်ရင်း ဝင်းကြည်သည် သူ့အစ်ကို အပေါ်၌ တစ်သက်တာအတွင်း မဖြစ်ဘူးသော ဒေါသ ဖြစ်နေမိ၏။ အကယ်၍သာ ပင်စီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခင်သီယာ၏ ရှေ့မှောက်တွင် မဟုတ်ဘဲ တခြားတစ်နေရာ၌သာ ဆိုလျှင်တား သူသည် ကိုယ်ထိ လက်ရောက် လုပ်မိတော့မည်မှာ သေချာလှ၏။

အိမ်နားသို့ ရောက်သောအခါ ဤကိစ္စနှင့် စပ်လျဉ်း၍ အဖေနှင့် အမေ သေိလျှင် အကောင်းဆုံးဟု ယူဆကာ ဒေါသမီးကို ငြိမ်းသတ်ရပြန်သည်။ ပင်စီနှင့် ခင်သီယာ၏ရှေ့မှ ဤသို့ ထွက်ခွာလာခဲ့ခြင်းသည်လည်း အမှန်ကန်ဆုံးပင် ဖြစ်ပေလိမ့်မည်ဟု စဉ်းစားမိသည်။ သို့ရာတွင် ဤပြဿနာနှင့် စပ်လျဉ်း၍ကား စာရင်းမရှင်း၍မဖြစ်။ တစ်နေ့နေ့တွင်တော့ စာရင်း ရှင်းရမည်ဟု ပိုင်းဖြတ်ထားလိုက်မိသည်။

အိမ်သို့ ပြန်အရောက်တွင် စောကျော်သန်း ပြန်ရောက်နှင့်လေပြီ။

"ငါလည်း ရောက်တုန်းရောက်ခိုက်ဆိုပြီး မိတ်ဆွေတွေနဲ့ စကားကောင်းနေတာကွ။ အဘိုးအိမ်ကလည်း ပြန်ဖွင့်တော့မယ်တဲ့။ ပြောင်းပြေးသွားကြတဲ့ ကရင်တွေတောင် တော်တော် ပြန်ရောက်ကုန်ကြပြီ"

"အေး ပြန်ရောက်ကြလောက်ရောပေါ့။ ဘာမှ စိုးရိမ်စရာမှ မရှိတော့တဲ့ဟာ"

"ဒါ့ထက် သူငယ်ချင်းရာ၊ စာဖြူစုကို မနက်ပဲ ငါ ပြန်တော့မယ်ကွာ"

"ဟင် မြန်လှချည်လား။ ဒီမှာ နေဦးလေကွာ"

"မနေတော့ပါဘူး သူငယ်ချင်းရာ။ အမေနဲ့ အမေမူကလည်း ငါ့အတွက် စိတ်ပူနေကြမှာကွ။ နောက်တော့မှပဲ အေးအေးဆေးဆေး လာသေးတာပေါ့"

မှန်ပေ၏။ မိမိကို တွေ့ရစဉ်က အဖေနှင့် အမေတို့၏ ဝမ်းသာကြသည့်နည်းတူ စာဖြူစု ရွာကလေးတွင် ရှိနေကြသော စောကျော်သန်း၏ မိခင်နှင့် နမကလေးကလည်း အလားတူ ဝမ်းသာ ချင်ကြရှာပေမည်။

"အေးလေ၊ ဟုတ်တာပဲ။ နောက် အေးအေးဆေးဆေးကျတော့သာ လာဦးကွာ"

ထိုညတွင် ဝင်းကြည်မှာ တော်တော်နှင့် အိပ်မရ။

စောကျော်သန်း ပြန်တော့မည် ဆိုခြင်းကြောင့် တစ်ကြောင်း၊ ထွန်းကြည်နှင့် စပ်လျဉ်း သည့် အတွေးကြောင့် တစ်ကြောင်း အိပ်မရခြင်း ဖြစ်လေသည်။

နံနက်ခင်း၌ စောကျော်သန်းကို မြစ်ဆိပ်သို့ ဆင်းပို့သည်။ မလှကြည်က မဝတ်ဘဲ သိမ်း ထားသော သရက်ထည် ပွင့်ရိုက်လုံချည် တစ်ထည်နှင့် ပဒုမ္မာအင်္ကျီ နှစ်ထည်၊ လက်ကိုင်ပဝါ နှစ်ထည်ကို တောင်းယူကာ အမေ့အတွက် လက်ဆောင်အဖြစ် ထည့်ပေးလိုက်သည်။ ကမ်းနား ထမ်းရှိ မုန့်တိုက်မှ ကိတ်မုန့်အချို့နှင့် တရုတ်မုန့် အချို့ကိုလည်း အဘွားကြီးအတွက် ဝယ်ပေး လိုက်သေးသည်။

"သူငယ်ချင်း ငါ သွားမယ်"ဟု စောကျော်သန်းက နှုတ်ဆက်ပါ၏။ သူသည် စောကျော်သန်း ၏ ကြမ်းတမ်း မာကျောသော လက်ဖဝါးကို သူ့လက်ဖဝါးဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်၏။

www.burmeseclassic.com



"အမေ့ကိုတော့ ကျောင်းပြန်ပို့နိုင်အောင် ကြိုးစားကွာ။ ငါ ဘာကူညီရမလဲ ဆိုတာလည်း ပြောပေါ့၊ ဟုတ်လား။ လိုတာရှိရင် သမ္ဗန်ကြုံနဲ့ မှာသာ မှာလိုက်"

စောကျော်သန်းသည် ခေါင်းတညိတ်ညိတ်နှင့်ပင် သမ္ဗန်ပေါ်သို့ တက်သွားလေ၏။

အချိန်ကာလအားဖြင့် ကြာရှည်လှသည်ဟု မဆိုနိုင်သော်လည်း ဤအခိုက်အတန့်အတွင်း မှာပင် ဝင်းကြည်နှင့် စောကျော်သန်းတို့သည် သွေးချင်းနှော၊ အသက်ချင်းအပ်၍ တိုက်ခိုက်ခဲ့ကြခြင်း၊ အလုပ်အတူ လုပ်ခဲ့ကြခြင်းဖြစ်ရာ ခွဲခွာခါနီးတွင် စိတ်တွင်း၌ လွန်စွာ ထိခိုက်လျက် ရှိရမည်မှာ ဓမ္မတာပင် ဖြစ်ပါတော့သတည်း။

တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းနေသော ကိုးမြစ်ရေအလျဉ်သည် တိုက်ပွဲမီးလျှံများ အကြား၌ ချစ်ကြည်မှု တည်ဆောက်ခဲ့ကြသော မိတ်ဆွေနှစ်ဦးကို ခွဲခွာလိုက်ပြီသာ ဖြစ်ပါသတည်း။

## အခန်း ၂၀

ကျောင်းများလည်း ပြန်လည် ဖွင့်လှစ်ကြလေပြီ။

စစ်ဘေးစစ်ဒဏ်ကို ကြောက်ရွံ့သည့်အတွက် တောရွာများ၊ ဘုန်းကြီးကျောင်းနှင့် ဇရပ်များ၊ မြို့ဆင်ခြေဖုံးဒေသများသို့ ထွက်ပြေး ပုန်းရှောင် ခိုလှုံနေကြသူတွေလည်း မြို့တွင်းသို့ ပြန်လည် ဝင်ရောက်လာကြလေသည်။

ဈေးဆိုင်ကမ်းနားများလည်း ပြန်လည် ဖွင့်လှစ်ကြသည်။ စီးပွားရေးလုပ်ငန်းများ၊ အရောင်းအဝယ်များဖြင့်လည်း စိုစိုပြည်ပြည် ရှိလာကြသည်။ ကျွဲညီနောင်ကို ကြောက်သဖြင့် ချောင်းကြိုချောင်းကြားတို့ အကြား၌ သိုဝှက်ထားခဲ့ကြရသော လှေများ၊ သမ္ဗန်များလည်း ဆိပ်ကမ်းတစ်လျှောက်တွင် ပြန်လည်ဝင်ရောက် ဆိုက်ကပ်လာပြီဖြစ်ရာ တစ်မြို့လုံးမှာ စည်စည်ကားကားဖြင့် ပြန်လည်အသက်ဝင် လှုပ်ရှားခဲ့ပြီ ဖြစ်၏။

အစိုးရ အထက်တန်းကျောင်းလည်း ပြန်ဖွင့်လေပြီမို့ ကျောင်းပရဝုဏ်တစ်ဝိုက်တွင် ဆူဆူညံညံ ရှိလာသည်။

ဆဋ္ဌမတန်းတွင် ပြန်နေကြရသူတို့အနက် ဝင်းကြည်တို့လူသိုက် အားလုံးလိုလို ပါဝင်ကြလေသည်။ စစ်မဖြစ်မီက သူတို့သည် ဆဋ္ဌမတန်းသို့ တက်ခါစဖြစ်၏။ ဂျပန်ခေတ်၌ ရှစ်လ ကျောင်းဖွင့်စဉ် ယင်းအတန်းတွင် တက်ရပြန်၏။ သို့သော် စာမေးပွဲ မစစ်နိုင်။ စစ်ပြန်ပါလည်း စနစ်တကျ မဟုတ်။ ထို့ကြောင့် ယခု ကျောင်းပြန်တက်သော ကျောင်းသားအားလုံးလိုလိုမှာ စစ်မဖြစ်မီ နောက်ဆုံးတက်ခဲ့သည့် အတန်းတွင်ပင် ပြန်နေကြရသည်။

ဝင်းကြည်၊ ဖုန်းမြင့်၊ စိုးသိမ်း၊ တင့်အောင်၊ မောင်ညွန့်၊ စင်သီယာ၊ ဖသားတင့်၊ ငြိမ်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ညွှန့်ညွှန့်၊ မစန်းတင့်၊ မညွှန့်အေး၊ မနှင်းမြ စသော သူငယ်ချင်းတွေ ပြန်လည် ဆုံစည်းကြသည်။ အဘာယ့်ကြောင့် ဟူ၍ကား မသိ။ အန္တဲ့ တစ်ယောက်မှာမူကား ကျောင်းသို့ ပြန်မရောက်လာချေ။

စိုးသိမ်းသည် ကျောင်းလွယ်အိတ် မကိုင်။ စစ်ကျောပိုးအိတ်ကို ကျောင်းစာအုပ်ထည့်ကာ လုံချည်တိုတိုတွင် စစ်ခါးပတ် ပတ်လျက် ကျောင်းတက်၏။ ခုံဖိနပ်စီးလျှင် စီး၊ မစီးလျှင် ကက်စဘီ အစိုးရက ထုတ်ပေးသော ဖိနပ်ကို ခြေစွပ်မပါဘဲစီးကာ ကျောင်းတက်လေ့ရှိသည်။ သူတို့လူသိုက်တွင် သူငယ်ချင်းအသစ်တွေပင် တိုးလာလိုက်သေး၏။ ပန်းတနော်မှ ပြောင်းလာသည့် လုထွေး၊ ကျုံမငေးသား မြမော်နှင့် သိန်းဇေတို့ ညီအစ်ကို၊ သိုက်ကုန်းသား ခောင်ခန့်၊ သူတို့က ဖက်ကညော ဟု ခေါ်ဝေါ်ကြသော တရုတ်လပ်သား ကရင်ကလေး တင်ရွှေ၊ လေထန်လွန်းသဖြင့် လည်းကောင်း၊ စကားများလွန်းသဖြင့် လည်းကောင်း လေအိုး သို့မဟုတ် အဲယားပေါ့ဟု နာမည်ရနေသော ဝင်းမောင်၊ ဂီတာတီးလိုက် စီးကရက်ဖွာရှုလိုက်နှင့် ရုပ်ရှင်မင်းသားဂိုက် ဖမ်းနေသော ကျော်လွင် သူတို့တည်း။

မိန်းကလေး အတန်းသားများကို ကြည့်ဦးလော့၊ စင်သီယာသည် ဣန္ဒြေကြီးသလောက် စကားနည်း၏။ မထားတင့်ကား အရပ်ပုကာ အသားမည်းသလောက် စကားများ၏။ ငြိမ်းငြိမ်းနှင့် ညွှန့်ညွှန့်တို့ကိုမူ နှုတ်နည်းလွန်းသဖြင့် ကျောက်ရုပ်နံပါတ်တစ်နှင့် ကျောက်ရုပ်နံပါတ်နှစ်ဟု ခေါ်တွင်ကြ၏။ မစန်းတင့်နှင့် မညွှန့်အေးမှာ တပူးတွဲတွဲ နေတတ်သော်လည်း မစန်းတင့်က ရှာသလောက် မညွှန့်အေးမှာ နာမည်နှင့်လိုက်အောင် အေးလေသည်။ မနှင်းမြကား ထာဝစဉ် ငေးမောနေတတ်သူသာ ဖြစ်သည်။

တင်မာကြည်နှင့် မောင်စိုးတို့ မောင်နှမ နှစ်ယောက်လည်း ရောက်လာကြသည်။ ဤ တင်မာကြည်မှာ ဝင်းကြည်၏ညီမ အမာကြည်နှင့် နာမည်ချင်း ဆင်သော်လည်း ရုပ်ချင်းကမတူ။ ဝင်းကြည်၏ညီမ အမာကြည်က အသားလတ်သည်။ ငယ်သည်။ တင်မာကြည်ကား အသား ညိုသည်။ ပိန်လျလျ နိုင်လွန်းသည်။ သူ့မောင် မောင်စိုးကား သိပ္ပံကို ဝါသနာပါလွန်းသဖြင့် အိမ်တွင် ဓာတ်ခဲတွေ၊ ဝိုင်ယာတွေနှင့် သံပုံးအလွတ်တွေကို ဟိုတပ် သည်တပ် လုပ်ကာ မကြာခဏ စမ်းသပ်ရာ မကြာခဏပင် ဟိုဟာ ထပေါက်၊ သည်ဟာ မီးခိုးထွက် ဖြစ်ရသဖြင့် မိဘက အိမ်ကြီး မီးလောင်မည်စိုးကာ အမြဲတမ်းလိုလို သတိပေးနေခြင်းခံရသူ ဖြစ်၏။

ကဗျာဆရာ ဖုန်းမြင့်မှာ သူလုပ်နေကျ ဝတ္တရားအတိုင်း ကဗျာတွေ ရေးပြန်သည်။ ဖက်ကညော တင်ရွှေက ပန်းချီရူးဖြစ်ရာ ပန်းချီရူးနှင့် ကဗျာရူးမှာ အထူးတလည် အတွဲမိနေကြ သည်။

ကျောင်းစာကြည့်တိုက်ကို ပြန်၍ ဖွင့်သည်။ ယခင်ရှိပြီးဖြစ်သော စာအုပ်တွေကို စာရင်း ပြန်လုပ်ကာ စာအုပ်သစ်များ ထပ်ဖြည့်ကြသည်။ နံရံကပ် လက်ရေးစာစောင်ကို စိုးသိမ်းက တာဝန်ခံ အယ်ဒီတာအဖြစ် အစမှအဆုံး သူ့လက်ရေးဖြင့် ကူးကာ ထုတ်ဝေသည်။ ကျောင်းထဲလုံး

www.burmeseclassic.com



နှင့် ကျောက်ပြား ဟူသော ငယ်နာမည်ကိုသာ နှုတ်ကျိုးနေသည့်အတွက် အားလုံးက ကျောက်လုံး၊ ကျောက်ပြားဟု ခေါ်ဝေါ်ခြင်း ခံနေရသည့် စိန်ဝင်းနှင့် စိန်လင်းတို့ ညီအစ်ကို၊ ရုပ်ချောသလောက် အငေါ်သန်သဖြင့် ငေါ်ရာကြီးဟု ကင်ပွန်းတပ်ထားခြင်း ခံရသော လှကြည်၊ ဦးခေါင်းကြီးသည့် အတွက် ခေါင်းကြီးဟု နာမည်တွင်သော နေဝင်း စသည့် ပုဂ္ဂိုလ်များမှာ လက်ရေးလှသဖြင့် မကြာခဏ ဆိုသလို လက်ရေးစာစောင်ကို ကူးပေးကြရသည်။

သူတို့လှသိုက်သည် ကျောင်းစာကြည့်တိုက်ကို ပြန်ဖွင့်ကာ လက်ရေးစာစောင် ထုတ်သည် နှင့် အားမရသေးဘဲ ကျောင်းသားသမဂ္ဂ ဟူ၍လည်း ဖွဲ့လိုက်ကြပြန်၏။ စိုးသိမ်းက ဥက္ကဋ္ဌ၊ ဖုန်းမြင့်က အတွင်းရေးမှူး၊ ဝင်းကြည်က စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်ကြပြီး မြမော်၊ စိန်ဝင်း၊ မောင်ခန့်၊ ကျော်လွင်တို့က အမှုဆောင်၊ တင်ရွှေက စာကြည့်တိုက်မှူး စသည်ဖြင့် သူတို့ဘာသာ ရွေးကောက် တင်မြှောက်လိုက်ကြသည်။

စာကြည့်တိုက်အခန်းတွင် ကျောင်းသားသမဂ္ဂ ရုံးခန်း လုပ်လိုက်သည်။ နောင်သောအခါ ကျောင်းအုပ်ဆရာကြီးက သဘောမတူဟု ဆိုသဖြင့် ၅ လမ်းမှာရှိသော စိုးသိမ်း၏ အိမ်အောက်ထပ် သို့ ပြောင်းရွှေ့လိုက်ကြသည်။

ကျောင်းမတက်မီ သူတို့သည် သမဂ္ဂရုံးခန်းတွင် ဆုံစည်းကြစမြဲ ဖြစ်သလို ကျောင်းဆင်း ချိန်တွင်လည်း အလားတူ ဆုံစည်းလေ့ရှိကြသည်။

တစ်မြို့လုံး စည်ကားလာသည်မှာ မှန်၏။ ကျောင်းကြီးတွင် သာယာစိုပြည်လာသည် မှာလည်း မှန်၏။ နှစ်ပေါင်းများစွာ ကွဲကွာနေကြသော သူငယ်ချင်းတွေ ပြန်လည်စုဝေးကာ ပျော်ပျော်ပါးပါး ဖြစ်လာကြသည်မှာလည်း ဟုတ်၏။

သို့သော်

အနောက်တောင်ထောင့်ဆီမှ တက်လာသော မိုးသားတိမ်တိုက်များသဖွယ် သူတို့ နေထိုင် ကျင်လည်နေရသည့် လောကတစ်ခွင်သည် မည်းမှောင်စ ပြုလာ၏။ တိမ်မည်း တိမ်ညိုတို့ အလိပ် လိုက် အခဲလိုက် လွှမ်းလာသော၊ မုန်တိုင်းဆင်အံ့ဆဲဆဲ ရဲရဲနီတက်လာသော ကောင်းကင်ပြင် ပမာ သူတို့ဝန်းကျင်သည် တင်းမာခက်ထန်လာ၏။

ကိုချစ်မောင်တို့ ကိုတင်သိန်းတို့နှင့် စပ်လျဉ်း၍ ကြားရသော သတင်းဆိုးများတည်း။

"ကွန်မြူနစ်ပါတီမှာ ကိုတင်သိန်းနဲ့ ကိုချစ်မောင်တို့ သဘောကွဲနေကြပြီ"

စိုးသိမ်းသည် ဤသတင်းကို ယူဆောင်လာခဲ့၏။ ဝင်းကြည်ကား ဝေခွဲမရ ဖြစ်နေလေ၏။ ဘာ့ကြောင့် ကွဲသလဲ၊ ဘာတွေ ဖြစ်ကုန်ပြီလဲ စသော အမေးပေါင်းစုံသည် သူတို့အား၏ ဦးနှောက်ကို ပြင်းထန်စွာ ရိုက်တီးလျက် ရှိလေ၏။

ကိုချစ်မောင်နှင့် ကိုတင်သိန်းတို့ အဘယ်မျှ ရင်းနှီးချစ်ခင်ကြကြောင်း သူတို့အားလုံး လိုလိုက ကောင်းစွာသိကြသည်။ ကိုတင်သိန်းနှင့် ကိုချစ်မောင်တို့၏ ဦးဆောင်မှုအောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ချုပန်ဆန့်ကျင်ရေး မြေပေါ်မြေအောက် လုပ်ငန်းတွေကို သူတို့ လုပ်ခဲ့ကြသည်။ ယခု ဤလူ နှစ်ယောက် ကွဲလေပြီ။

သတင်းစကားများနှင့် အဖြစ်အပျက်များသည် ဤမျှနှင့် ရပ်တန့်၍ မနေသေး၊ မိုးဦးအကျ ဆင်းလာသော အညာရေပမာ ဒလဟောစီး ဝါးလုံးထိုး စီးဆင်းပေါ်ထွက်လာသည်။

အဖြစ်အပျက်တွေမှာ လျှင်မြန်လွန်းလှ၏။

ဗမာ့တပ်မတော်ကို ဖျက်သိမ်းသည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဟူသော ဆိုင်းဘုတ်တစ်ခု ပေါ်လာသည်။ ဗမာပြည် ဆိုရှယ်လစ်ပါတီ ဟူသော ဆိုင်းဘုတ်လည်း ပေါ်ထွက်လာသည်။ တွေ့ဖြူ စာတမ်းအရ အင်္ဂလိပ်အစိုးရက သူ့စိတ်ကြိုက် အစိုးရ ဖွဲ့လိုက်သည်။ ပညာရေးတွင် ထင်းဗဲအစီရင်ခံစာ ပေါ်ထွက်လာသည်။

နိုင်ငံရေး လှိုင်းတံပိုးသည် မုန်တိုင်းထန်သော မြစ်ပြင်ကျယ်ပမာ ဆောက်တည်ရာမရ လောက်အောင် မရပ်မနား ထကြွလျက် ရှိလေသည်။ ကျောင်း၏ စာသင်ခန်းနှင့် ကျောင်းပရဝုဏ် ၏ ကုက္ကိုပင်ကြီးများ အရိပ်အာဝါသတွင် မွေ့လျော်ကြရန်၊ သူငယ်ချင်းတွေ ပြန်တွေ့ကာ စားကြ၊ သောက်ကြ၊ ပျော်ကြ၊ ရွှင်ကြရန် တည်းဟူသော သူတို့တစ်သိုက်၏ အိပ်မက်ကား ပျက်ပြယ်စ ပြုလေပြီ။

"သူတို့ ဘာဖြစ်ကြတာလဲ။ ဘာက စပြီး သဘောထား ကွဲကြတာတဲ့လဲ"

ကျောင်းသားသမဂ္ဂ ရုံးခန်းအတွင်း၌ ယနေ့ညနေ ဆုံစည်းမိကြသောအခါ ကိုတင်သိန်းနှင့် ကိုချစ်မောင်တို့ သဘောထားကွဲနေကြပြီ ဟူသော သတင်းနှင့် ပတ်သက်၍ မေးကြမြန်းကြသည်။ အမေးခံရသူကား ဤသတင်းကို ယူဆောင်လာသူ စိုးသိမ်းပေတည်း။

"ဒီလိုတဲ့ကွ၊ သူတို့ ပါတီဌာနချုပ်က ဒုတိယ ပါတီကွန်ဂရက်ကို သွားတက်ကြတယ်။ အဲဒီ ပါတီကွန်ဂရက်မှာ စစ်ပြီးစကာလ ပြည်တွင်းပြည်ပ အခြေအနေတွေ အားလုံးကို သုံးသပ် ခဲ့ကြတယ်တဲ့။ အဲဒီလိုသုံးသပ်ပြီး ချမှတ်လိုက်တဲ့ အဆို ဆုံးဖြတ်ချက်တွေလည်း တော်တော် များများ ဆိုပဲ။ ဒီဆုံးဖြတ်ချက်တွေထဲက မဟာမိတ်တပ်တွေကို ခရီးဦးကြိုပြုတယ်ဆိုတဲ့ ဆုံးဖြတ် ချက်ကို ကိုချစ်မောင်က မကြိုက်ဘူးတဲ့။ ဗမာပြည် ဖက်ဆစ်လက်အောက်က လွတ်မြောက်အောင် ကြိုးပမ်းရာမှာ လာရောက်ကူညီတဲ့ မဟာမိတ် တပ်များကို ကြိုဆိုတယ်ဆိုတဲ့ သဘောပေါ့ကွာ။ အဲဒါကို ကိုချစ်မောင်က မကြိုက်ဘူး။ နောက်ပြီး ဗမာပြည် ပြန်လည်ထူထောင်ရေးကို စစ်အုပ်ချုပ် ရေးအဖွဲ့က ကူညီနေတဲ့အတွက်လည်း ကျေးဇူးတင်တယ်၊ စစ်အုပ်ချုပ်ရေးကို ပါတီဝင်တွေက ကူညီရမယ်၊ အလုပ်သမားရေးတွေမှာ သပိတ်မမှောက်ရ၊ ဈေးစပ်ဖြေရှင်းရမယ် ဆိုတဲ့ အချက်တွေ လည်း ပါသတဲ့။ အဲဒီကိစ္စတွေမှာ သဘောကွဲနေကြတာလို့ သိရတာပဲ"

"သူတို့နဲ့ မင်း တွေ့ခဲ့လို့လား"

ဝင်းကြည်က မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"စံကျော်နဲ့ တွေ့တယ်။ အခု ကိုတင်သိန်းက ရန်ကုန် ရောက်နေတယ်ကွ။ ကိုချစ်မောင်တော့ တောမှာ အနေများနေတယ်တဲ့။ မြို့ကို သိပ်မလာဘူး။ စံကျော်က ငါ့ကို အကုန်ပြောသွားတာပဲ"

ဝင်းကြည်၏စိတ်သည် သူ့မိတ်ဆွေ သူငယ်ချင်းများနည်းတူ များစွာ လေးလံထိုင်းမှိုင်းလျက်ရှိလေသည်။ စိုးသိမ်း၏ စကားသည် အလေးအနက် စဉ်းစားထိုက်သည့်စကားသာ ဖြစ်လေသည်မဟုတ်လော။ ထိုမျှသာမက စိုးသိမ်းသည် အစစအရာရာ စေ့စပ်သေချာသူ ဖြစ်ပေ၏။ နိုင်ငံရေးအခြေအနေကို လေ့လာရာတွင် ဖွဲ့နပဲ အလွန်ကြီးသူလည်း ဖြစ်သည်။

"တို့ရဲ့ အခြေအနေတွေကို အများကြီး ပြန်ပြီး သုံးသပ်ဖို့ လိုနေကြပြီ"

စိုးသိမ်းက လေးလံသော လေသံဖြင့် ပြောသည်။ တကယ်ဆိုရလျှင် စိုးသိမ်းကိုယ်တိုင်လည်း ဤအရေးကိစ္စများနှင့် ပတ်သက်၍ ရင်လေးနေသည်မှာ မငြင်းကွယ်နိုင်လောက်အောင်ထင်ရှားနေလေပြီ။

"တို့ကတော့ ဒီအတိုင်း ကိုယ့်သမဂ္ဂနဲ့ကိုယ် နေရုံပေါ့ကွာ။ သူတို့ဘာသာ ကွဲကြတာတို့က အနေသာချည်းပါ" ဟု ဖုန်းမြင့်က သူ့ထင်ခြင်ချက်ကို ပြောပြန်၏။

ဝင်းကြည်က

"ဒီလို အနေသာချည်းလို့ ပြောလို့မရဘူးကွ။ တစ်နည်းမဟုတ် တစ်နည်းတော့ ဆက်စပ်နေတာပဲ။ အခု ကြည့်လေ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ရယ်လို့ တသီးတခြားအဖွဲ့ ပေါ်လာတယ်။ ဗိုလ်စိန်ထွန်းနဲ့ ဒီမအူပင်က နေပြီး ဗမာ့တပ်မတော်ထဲ လိုက်သွားတဲ့ ရဲဘော်တွေ အားလုံးလိုလိုဒီအဖွဲ့မှာ ပြန်ပါလာကြတယ်။ ဆိုရှယ်လစ်ပါတီကျတော့ တစ်ချိန်က ကိုတင်သိန်းတို့နဲ့ တွဲလုပ်ခဲ့တဲ့ ကိုထွန်းဉာဏ်တို့ ရောက်နေရော။ ငါ့အဘိုးကြီးတောင် အဲဒီထဲ ပါနေတဲ့ဥစ္စာ။ ဒီကြားထဲကကိုတင်သိန်းတို့ ထပ်ကွဲဦးမယ် ဆိုရင်"

ဝင်းကြည်က ထိုသို့ ပြောလိုက်သောအခါ ဖုန်းမြင့်မှာ ငြိမ်ကျသွားလေ၏။

"ငါကိုယ်တိုင်လည်း မကြိုက်ဘူး"

စိုးသိမ်းက အရင်းမရှိ အဖျားမရှိသော စကားကို ပြောပြန်၏။ သူ့မျက်နှာသည် သုန်မှုန်နေ၏။

"ဘာကို မကြိုက်တာလဲ" ဟု တင်ရွှေက မေးလိုက်သည်။

"အင်္ဂလိပ် အစိုးရနဲ့ ထူထောင်ရေး လုပ်ငန်းတွေ ပေါင်းလုပ်ရမယ် ဆိုတာကြီးကိုမကြိုက်ဘူး။ ဂျပန်ကို ပြန်ချတာဟာ အင်္ဂလိပ်လက်ကို တို့ဗမာပြည် ပြန်ပေးဖို့ မဟုတ်ဘူးလို့ငါ နားလည်ခဲ့တယ်ကွာ။ ငါပဲ မှားသလားတော့ မသိဘူးပေါ့။ မင်းတို့ စဉ်းစားကြည့်ကြ"

"ဟုတ်တယ်။ အင်္ဂလိပ် ဆိုတဲ့ ကောင်တွေလည်း ကောင်းတာ မဟုတ်ဘူး။ တို့ဗမာတွေကလည်း စောက်သုံးမကျပါဘူးကွာ။ အခုကြည့် အင်္ဂလိပ် စစ်ဗိုလ်တွေ၊ အရာရှိတွေနဲ့ လုံးလား

www.burmeseclassic.com



ထွေးလား လုပ်နေကြပြန်ပြီ။ ဦးသိန်းအောင်ကြီးတို့ သားအဖက အဆိုးဆုံးပေါ့။ ဟော့ကောင် ဝင်းကြည်၊ မင့်မရီးလောင်း ညီအစ်မ အဆိုးဆုံးကွ။ မင်း ဒီအတိုင်း ကြည့်နေမလား"

ဝင်းမောင်က ဟောင်ဖွာ ဟောင်ဖွာ ဝင်လုပ်ပြန်၏။

ဝင်းမောင်က ဟောင်လွန်း ဖွာလွန်းသည်သာ ဆိုရသည် ဝင်းအောင် ပြောသောစကားမှာ သွေးထွက်အောင် မှန်နေပေ၏။

"ငါနဲ့ မဆိုင်ပါဘူး ဝင်းမောင်"

ဝင်းကြည်က လေးတွဲ့စွာ ပြန်ဖြေမိသည်။

"မင့် စင်သီယာ ကိုယ်တိုင် ပါနေလို့ ပြောတာကွ"

"ဟော့ကောင် ဝင်းမောင်၊ စင်သီယာကရော ငါနဲ့ ဘာဆိုင်လို့လဲ"

"အေးလေ မဆိုင်ဘူး ဆိုရင်တော့ ပြီးတာပဲ။ တစ်နေ့နေ့မှာ ငါတော့ ဒီဟာမတွေ အုတ်ခဲနဲ့ ထုမိလိမ့်မယ်"

"ဒါတွေ ထားစမ်းပါဦးကွာ။ ဒါတွေက အသေးအဖွဲပါကွ။ အရေးကြီးတာက အခုလို အစွဲ့တွေ အကွဲကွဲ အပြားပြား ဖြစ်နေရင် တို့ ဘာလုပ်လဲ။ ရှေ့လျှောက်လို့ ဒီ့ထက် ကွဲကြပြကြရင် တို့ ဘယ်လိုနေမလဲ ဆိုတာသာ စဉ်းစားကြစမ်းပါ" ဟု စိုးသိမ်းက ဖျန်ဖြေလေသည်။

အားလုံးသည် ငြိမ်နေကြ၏။ မည်သို့သော အကြံဉာဏ်မျိုးကိုမှလည်း မပေးတတ်ကြတော့သည့်အလား ငေးမောလျက် ရှိကြ၏။ သည်တော့လည်း စိုးသိမ်းက

"အခုအတိုင်း တို့သမဂ္ဂနဲ့တို့ ရပ်တည်နေကြဖို့ ကြိုးစားရမှာပဲ။ ဒါ အကောင်းဆုံးလို့ ထင်တယ်ကွာ။ အခုအချိန်ကစပြီး တို့ နားမျက်စိ ဖွင့်ထားကြရမယ်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား လုပ်နေလို့ မဖြစ်တော့ဘူး။ အခြေအနေနဲ့ အဖြစ်အပျက် သတင်းတွေ ရဖို့ အရေးကြီးတယ်။ ကြားလာတာကိုလည်း တစ်ယောက်နဲ့ တစ်ယောက် ပြောကြရအောင်"

ထို့နောက် အလေး မ သူက မ သည်။ လက်ဖွေ့ထိုးသူက ထိုးသည်။ ဘောကန်ဖို့ ထွက်သွားကြသူ ထွက်သွားကြသည်။ စိုးသိမ်းသည် ရီမင်တန် မြန်မာလက်နှိပ်စက်အိုကြီးကို အချောက်ချောက် ရိုက်နေလေ၏။

ဝင်းကြည်ကား ကုလားထိုင်တွင် မလှုပ်မယှက် ထိုင်နေမိတော့၏။

သူ့အပါးမှ အလေးမသံ၊ လက်ဖွေ့ထိုးသံတွေကိုပင် မကြားတော့။ သူသည် စောစောက ဝင်းမောင် ပြောလိုက်သည့် စကားနှင့် စပ်လျဉ်း၍ တမြည့်မြည့် စဉ်းစားတွေးတောနေမိ၏။ ဝင်းမောင်၏ စကားသည် မမှန်သလော။ မှန်လှပေ၏။ အင်္ဂလိပ်တွေနှင့် တတွဲတွဲ လုပ်နေသော ခင်စီနှင့် စင်သီယာ၏ သတင်းကို သူ ကြားထားပြီးလည်း ဖြစ်၏။ သို့သော် မည်သူ့ကိုမှ ဖွင့် မပြောခဲ့။

ယခု ဝင်းမောင် ဖွင့်ချလိုက်လေပြီ။

www.burmeseclassic.com



ရှုပ်တွေနှင့် ထွေးလားလုံးလား လုပ်သည်၊ စိတ်မချရဟု တစ်ခါက အဖေ ပြောခဲ့သည့် စကားကိုပါ ပြန်လည်ကြားယောင်လာမိသည်။ ယခု အင်္ဂလိပ် ပြန်ရောက်လာသောအခါ အင်္ဂလိပ် တွေနှင့် ထွေးလားလုံးလား လုပ်နေပြန်လေပြီ။

ဝင်းကြည်၏ ရင်သည် လှိုင်းဘောင်ဘက် ရိုက်ခတ်လျက်ရှိ၏။ ခန္ဓာကိုယ် တစ်ခုလုံးမှာ လည်း တတုန်ကယင် ဖြစ်နေ၏။ ဒေါသလည်း ဖြစ်သည်။ ရှက်လည်း ရှက်သည်။ အမှန်ဆိုရလျှင် 'ငါနဲ့ ဘာမှ မဆိုင်ဘူး' ဟု စောစောက ဝင်းမောင်ကို ပြန်ပြောလိုက်သည်မှာ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၏ အလယ်ကောင်၌မို့ မျက်စိမှိတ်၍ ဇွတ်တရွတ် ပြောလိုက်ခြင်းမျှသာ ဖြစ်ကြောင်း သူ့ကိုယ်သူ သိသည်။ ပင်စီနှင့် ထွန်းကြည်တို့ကို အပထား၊ မိမိနှင့် စင်သီယာ၏ သာမန် မိတ်ဆွေမကသော ဆက်ဆံရေးကို ဤအသိုင်းအဝိုင်း တစ်ခုလုံးက သိထားပြီး ဖြစ်သည်။

ဤအရေးကိစ္စသည် သေးငယ်လှသည် မဟုတ်ဟု တွက်မိသည်။ စင်သီယာ့ကြောင့် ဤအသိုင်းအဝိုင်းတွင် မိမိမျက်နှာ ဘယ်သို့ ထားရပါမည်နည်း။ စင်သီယာနှင့် မိမိ လုံးဝ ကင်းကင်း ရှင်းရှင်း မဆိုင်ဟုဆိုလျှင်

တွေးကား တွေး၏။ သို့သော် အတွေး ဟူသည် တစ်ခါတစ်ရံ ထက်ကြပ်မကွာ ပါလာ အပ်သော အရိပ်ပမာ အစဉ်တစိုက် လိုက်နေတတ်၏။ တစ်ခါတစ်ရံ အရိပ်သည် ပြတ်သား ကြည်လင်သလို၊ တစ်ခါတစ်ရံ မှုန်ဝါး ရောထွေးနေတတ်သည်သာမက မိမိကိုပင် ပြန်လည် ခြောက်လှန့်တတ်ချေ၏။

× × ×

ည ၉ နာရီခန့်တွင် သူတို့လှူသိုက်သည် လမ်းလျှောက်ကြစမြဲ ဖြစ်၏။

ညနေစောင်း အိမ်ပြန် ရေမိုးချိုးကာ ထမင်းစားသောက်ကြပြီးသောအခါ စိုးသိမ်း၏ အိမ်တွင် ပြန်ဆုံလျက် စကားပြောကြ၊ တီးမှုတ်ကြသည်။ စစ်တုရင် ကစားသူလည်း ကစားသည်။ သို့မ မဟုတ်လျှင် ကမ်းနားလမ်းအတိုင်း ရုံးနှင့် အစိုးရ အဆောက်အဦများရှိရာ မြောက်ပိုင်းသို့ လမ်းလျှောက်ထွက်လေ့ ရှိကြသည်။

"ဟေ့ကောင် ဝင်းကြည်၊ လာကွာ။ သွားကြမယ်"

ဖုန်းမြင့်က ခေါ်သည်။

"ဘယ်လဲ"

"လမ်းလျှောက်ပေါ့ကွ။ မင်းကလည်း အဆန်းလုပ်ပြီး မေးနေလိုက်တာ။ ဟေ့ကောင် နေကြစမ်းပါဦး။ ဒီကောင် ခုတလော ဘာဖြစ်နေမှန်း မသိဘူး။ လင်းတကြီး လည်လိမ်ချိုးထား သလိုပဲ"

ဖုန်းမြင့်က ဆက်၍ နောက်လေသည်။ ဝင်းကြည်က မည်သို့မျှ ပြန်မပြော။

www.burmeseclassic.com

www.burmeseclassic.com



တင့်အောင်က ဝင်းကြည်၏လက်ကို အတင်းဆွဲကာ "လာကွာ မင်းကလဲ" ဟု ခေါ်သဖြင့် ဝင်းကြည်လည်း ထလိုက်ခဲ့ရလေတော့သည်။ "ခါတိုင်းရက်တွေ မိုးကောင်းလွန်းလို့ မလျှောက်ရတာ ဘယ်လောက်ကြာပလဲ။ ဒီညမှ ခြေခင်းလက်ခင်း သာနေတာ။ ကဲ လာ၊ သွားရအောင်"

သူငယ်ချင်းတစ်စုသည် ကမ်းနားလမ်းဘက်သို့ ဆင်းခဲ့၏။ ကမ်းနားလမ်း ရုပ်ရှင်ရုံနှင့် ညဈေးတန်း တစ်ဝိုက်တွင် လူစည်ကားလျက် ရှိလေသည်။ ရုပ်ရှင်ရုံနှင့် မနီးမဝေး ရေကာတာရိုးအောက်တွင် ဝင်းကြည်၏အမေသည် ဆိုင်ထွက်လျက် ရှိလေသည်။ ဆေးလိပ်မျိုးစုံ၊ စီးကရက်မျိုးစုံ၊ မုန့်ပဲသရေစာနှင့် ချိုချဉ်မျိုးစုံကို တည်ခင်း ရောင်းချလေရာ ညစဉ် ၁၀ နာရီခွဲ ၁၁ နာရီခန့်တွင် ဝင်းကြည်သည် ဆိုင်ကိုလာပိတ်လျက် ဤဆိုင်မှာပင် အိပ်ရ၏။

"ဟေ့ကောင်၊ ငါ့မားသားအင်လော်ကြီးဆီမှာ ဝုဒ်ဘိုင် တစ်ဘူးလောက် ဝင်ဝယ်လိုက်ဦးမယ်။ အမာကြည်ရော ရှိတယ် မဟုတ်လား"

ဝင်းမောင်က ဆိုင်နားအရောက်တွင် ဝင်းကြည်ကို နောက်လေသည်။ ဝင်းမောင်သည် နှမရှိသော သူငယ်ချင်းတိုင်းကို ယောက်ဖဟု ခေါ်လေ့ရှိပြီး သမီးရှိသော မိခင်တိုင်းကို ယောက္ခမကြီးဟု နောက်ကွယ်တွင် ခေါ်လေ့ရှိသူဖြစ်၏။

"တော်စမ်းပါ အဲယားရယ်။ သတ္တိလည်း မရှိဘဲနဲ့"

တင့်အောင်က မသိမသာ မြှောက်ပေးသည်။ ဝင်းကြည်ကတော့ ပြုံးနေလိုက်၏။

"အေး၊ မင်းတို့ ဒီက ကြည့်နေ။ ငါ ဝင်ပြမယ်"

ဝင်းမောင်သည် ဆိုင်ရှေ့ မီးရောင်အောက်သို့ ဝင်သွား၏။ သူ့မျက်နှာမှာ စပ်ဖြဲဖြဲ ဖြစ်နေ၏။ ဝင်းကြည်တို့လူသိုက်က ဆိုင်နှင့် မလှမ်းမကမ်း မှောင်ရိပ်မှနေ၍ အကဲခတ် စောင့်ကြည့်နေကြသည်။

"ကြီးကြီး၊ နေကောင်းလား။ ဟို၊ အင်း၊ ဝုဒ်ဘိုင် တစ်ဘူးလောက် ပေးပါ ကြီးကြီး"

ဝင်းမောင်သည် သို့ကလိုပြောကာ စပ်ဖြဲဖြဲနှင့် ဝုဒ်ဘိုင် စီးကရက်တစ်ဘူး ဝယ်လိုက်၏။ အမေ့နောက်နားတွင် ထိုင်နေသော အမာကြည်ကို တစ်ချက်မျှ လှမ်းကြည့်ကာ "ဟ အမာကြည်၊ ဘယ့်နှယ်လဲ၊ စာလိုက်နိုင်ရဲ့လား။ နင်တို့အတန်းက စာကြည့်တိုက်စာအုပ်တွေ တောက်ပေးပါဦးဟ" ဟု ပြောလိုက်၏။ အမာကြည်က ခေါင်းညိတ်သည်ကို တွေ့ရသည်။

"ကျွန်တော် သွားမယ် ကြီးကြီး။ ဝင်းကြည်တစ်ယောက်ရော မမြင်ပါလား" ဟု ခပ်ကျယ်ကျယ်ပြောကာ စီးကရက်ဘူးကိုယူ၍ ထွက်လာသည်။ အမှောင်ရိပ်တွင် ရပ်ကာ သူ့ကို စောင့်ကြည့်နေကြသည့် သူငယ်ချင်းများအပါးသို့ မချိုမချဉ် မျက်နှာပေးဖြင့် ပြန်လာ၏။

"မင်း ဒါ့ကြောင့် အဲယားသက်သက်ပါကွ။ သတ္တိမရှိဘူးဆိုတာ တို့ သိနေတာပဲ"

တင့်အောင်က ဆက်၍ စပြန်သည်။

"ဟာ မလုပ်နဲ့ကွာ။ ကြီးကြီးလို့ မခေါ်ဘဲ ငါပြောတဲ့အတိုင်းသာ သွားခေါ်ရင် အသွားကြီး

www.burmeseclassic.com

www.burmeseclassic.com



က အောင်မယ်လေး ငါ့သမက်လေးရယ်လို့ ယောင်အော်လိုက်မှဖြင့် ဘေးလူတွေ ကြားမကောင်းမှာ စိုးလို့ယော့"

ဝင်းမောင်ကား ယခုအထိ အလျှော့မပေးသေးဘဲ အားလုံးနှင့် တစ်ယောက်တည်း အပြန်အလှန် နှုတ်လှန်ထိုးနေသေးသည်။ သူ့လက်ထဲတွင် ကိုင်ထားသော ဗုဒ်ဘိုင် စီးကရက်ဘူးကို တင့်အောင်က လှမ်းယူကာ ဖောက်ပြီးနောက် တစ်ယောက် တစ်လိပ်စီ ဝေပေးလိုက်လေ၏။

"အေးအေး လုပ်ကြကွာ။ သားများတဲ့ ဖအေ ဆိုတော့ ဒီလောက်ဒုက္ခတော့ ခံရမှာပဲ" ဟု ဝင်းမောင်က နက်ပြန်သည်။ စီးကရက် ယူသောက်မိသူ မှန်သမျှ သူ့သားတွေချည်း ဖြစ်ရပြန်လေပြီ။

ထုံးစံအတိုင်းပင် ဝင်းမောင်ကို အလျှော့ပေးကာ မြောက်ပိုင်းဘက်သို့ ဆက်လျှောက်ကြသည်။ ယနေ့ညတွင်မှ ကောင်းကင်ပြင်သည် မိုးသားတိမ်လိပ်များ ကင်းစင်နေသည်သာမက ကြယ်ပွင့်ကလေးတွေပင် တဖိတ်ဖိတ် အရောင်တောက်လျက် ရှိကြသည်။

မြစ်ဘက်မှ တိုးဝင်လာသော လေတွင် မိုးသက်ရနံ့သည် ကြိုင်လျှောက် သင်းပျံ့လျက် ရှိလေ၏။ သူတို့သည် ဈေးနားသို့ အရောက်တွင် ယာဉ်နှင့် လူအသွားအလာ ရှုပ်ထွေးသော ကမ်းနားလမ်းကို ဖယ်ခွာကာ တာရိုးပေါ်မှသာ တက်လျှောက်ကြလေရာ မြစ်ပြင်နှင့် တစ်ဖက်ကမ်း တောတန်းကို ပို၍ မြင်နိုင်ကြသည်။ စစ်အတွင်းက ဗုံးဒဏ်ကြောင့် နစ်မြုပ်ခဲ့ရသော ဆိပ်ခံဘွဲ့ကြီးမှာ ရေစပ်တွင် တစောင်းပေါ်ကာ နစ်မြုပ်နေဆဲ ဖြစ်လေသည်။ သမ္ပန်၊ မော်တော်များ၏ စက်သံတွေကိုလည်း ကြားရသည်။

၉ နာရီခွဲခန့်သာ ရှိသေးသော်လည်း မြို့၏မြောက်ပိုင်းတွင်ကား အထူးတလည် ပို၍ တိတ်ဆိတ်လျက် ရှိလေသည်။ မြောက်ပိုင်းတွင် လူနေအိမ်ခြေ ဟူ၍ များများစားစား မရှိ။ အကျဉ်းထောင်၊ ရုံးနှင့် အစိုးရ အဆောက်အဦများ၊ အစိုးရ အရာရှိကြီးတို့၏ ဂေဟာများသာ ရှိလေသည်။

သူတို့သည် တာရိုးပေါ်မှဆင်းကာ မြောက်ဘက် အစွန်ဆုံး လမ်းအတွင်းသို့ ချိုးဝင်ခဲ့ကြ၏။ ရောက်တတ်ရာရာ စကားတွေ ပြောလာကြသည်။ ဝင်းမောင်၏အသံမှာ အကျယ်လောင်ဆုံး ဖြစ်သည်။ တင့်အောင်ကား တေးတစ်ပုဒ်ကို တိုးတိုး သီဆိုလေသည်။ သူ သီဆိုသောတေးမှာ ဖုန်းနေ့ဆက်လွမ်း အမည်ရှိတေး ဖြစ်လေသည်။ 'ချစ်တဲ့သူ မောင့်သက်လှယ်၊ ဖုန်းနေ့ဆက်တကယ် လွမ်းမပြန်တယ်၊ ယနေ့တိုင် မမေ့နိုင်ပါတော့တယ်' ဟူသော တေးသံသည် မိုးရတု၏ ညဦးယံကို အသံစဉ်များဖြင့် တန်ဆာဆင်လျက် ရှိလေသည်။

ယင်းအခိုက်မှာပင် စင်သီယာတို့အိမ်ရှေ့သို့ ရောက်လာ၏။ ဤပတ်ဝန်းကျင် ဤတစ်ဝိုက်တွင် နေထိုင်ကြသူများမှာ ကိုယ့်ဝင်း ကိုယ့်ခြံနှင့်ချည်းသာဖြစ်ရာ တစ်အိမ်နှင့်တစ်အိမ် လွန်စွာ အလှမ်းကွာလှသည်။

သူတို့သည် စင်သီယာတို့အိမ်ရှေ့ရှိ ဓာတ်တိုင်အောက်တွင် ရပ်လိုက်ကြ၏။ မည်သူမှ

www.burmeseclassic.com

www.burmeseclassic.com



ညည်သည့်အချိန်တွင် မြောက်ပေးထားသည် မသိ၊ ဝင်းမောင်သည် ဓာတ်တိုင်၏ မီးရောင်အောက်တွင် ဖင်လှန်ကာ ကလေတော့သည်။ သို့ရာတွင် အတွင်းခံဘောင်းဘီ ပါနေသည့်အတွက် တော်ပါသေး၏။

“မျောက်ဖြူကိုတော့ ယူမယ် ယူမယ်၊ မျောက်ဖြူကိုမှ ကြိုက်မယ် ကြိုက်မယ်။ ဘီးကျိုးပါ့မယ် မာစတာရဲ့။ ယောရောရှိကွယ်၊ ယောရောရှိကွယ်။ ဂျစ်စီးချင်တယ် အို ဒါလင်ရဲ့။ သဘောရှိကွယ်၊ သဘောရှိကွယ်။ အပြောမကြီးပါဘု၊ မနောကြီးသူပါကွယ့်။ ရောပြီး နှောပြီး အလို ဒါလင်သွားရာကိုကွယ်၊ ကျမတော့ လိုက်ပါ့မယ်”

ဝင်းမောင်သည် လုံချည်ကို နောက်မှပင့်ကာ ခေါင်းပေါ်တွင် တင်ထားရင်း အထက်ပါသီချင်းကို ဆိုကာ ကွေးနေအောင် ကလေတော့သည်။

ဤအဖြစ်အပျက်ကိုကြည့်ကာ ဝင်းကြည်က စိတ်မသက်မသာ ဖြစ်ရသည်။ ဝင်းမောင်ဆိုလည်း မကျေမနပ် ဖြစ်နေမိသည်။ သို့သော် ဝင်းမောင်က ဤသို့ အရွဲ့တိုက်နေခြင်းမှာ အဆိုးဆိုသာဟု သူ့ကိုယ်သူ ဖြေသိမ့်လိုက်သေးသည်။ ကာယကံမြောက်အားဖြင့် ဝင်းမောင်က အမြင်ကတ်ကတ်ဖြင့် လုပ်နေသည်ကို ကန့်ကွက်လိုစိတ် အလျှင်းမရှိ။

စင်သီယာက မြင်လေသလား၊ ကြည့်နေလေသလားတော့ မသိ။ ဝင်းမောင်သည် သူ့ဘာသာ လက်တန်းစပ်ထားသော တေးကို ထပ်ဆိုကာ ထပ်ကလေသည်။ အားလုံးက ဝိုင်း၍ လက်ခုပ်တီးကြသည်။

စင်သီယာသာ ရိပ်မိလေလျှင် အဘယ်မျှ ဒေါသဖြစ်လေမည်နည်းဟု စဉ်းစားနေမိခဲ့သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဤသူငယ်ချင်းတွေနှင့် မခွဲဟု သူ့ဘာသာ စိတ်ပိုင်းဖြတ်ထားလိုက်ပြီး ဖြစ်သည်။

သူ့အတွေးကား မမှားချေ။

နောက်တစ်နေ့နံနက်တွင် စင်သီယာ့ထံမှ စာတစ်စောင် ရောက်လာလေတော့သည်။

ကိုဝင်းကြည်

ကိုဝင်းကြည်နှင့် ကိုဝင်းကြည်ရဲ့ မိတ်ဆွေ အပေါင်းအသင်းတွေအပေါ်မှာ စင်သီယာဟာ တကယ်လေးစား ကြည်ညိုခဲ့တယ်။ လူကြီး လူကောင်းတွေရဲ့ သားသမီးတွေလို့ အထင်ရောက်ခဲ့တယ်။ ဒါပေမဲ့ ညကလို အပြုအမူမျိုးကို တွေ့လိုက်ရတော့ ဒီလူတွေနဲ့ ပတ်သက်ပြီး စင်သီယာ ဘယ်လို စဉ်းစားရမှန်းတောင် မသိတော့ဘူး။

ညက စင်သီယာတို့ အိမ်ရှေ့လာပြီး သောင်းကျန်းသွားတဲ့ လူစုထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းကြည် ပါလိမ့်မယ်လို့ ထင်တယ်။ မပါရင်လည်း ဒီလူတွေဟာ ကိုဝင်းကြည်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေပဲ ဖြစ်ရမယ်။ ဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကိုဝင်းကြည် ကိုယ်တိုင်ကိုယ်ကျ မပါဘူးဆိုရင်တောင် ကိုဝင်းကြည်တော့ သိရမယ်။ ဒီစာကို စင်သီယာ ဘာဖြစ်လို့ရေးသလဲ သိလား။ မကျေနပ်လို့၊ လုံးဝကို မကျေနပ်လို့၊ ဒေါသဖြစ်လို့ ရေးတာပဲ။ ဒီအလုပ်မျိုးတွေဟာ တကယ်တမ်း သတ္တိမရှိတဲ့ လူတွေရဲ့အလုပ်၊ ယောကျ်ားမပီသတဲ့ လူတွေရဲ့ အလုပ်ပါ ကိုဝင်းကြည်။

ဖြစ်နိုင်ရင် စင်သီယာ ကိုဝင်းကြည်နဲ့ တွေ့ချင်တယ်။ ဒီည ၆နာရီခွဲကို လာပါ။ စင်သီယာ အိမ်က စောင့်မယ်။ ဒါပါပဲ။

စင်သီယာ

ဝင်းကြည်က သူ့ခုံအတွင်း ရောက်နေသည့် စင်သီယာ၏စာကို ဖတ်ပြီးနောက် စာအုပ်ကြားမှာပင် ပြန်ညှပ်ထားလိုက်သည်။

စင်သီယာ၏ခုံသို့ လှမ်းကြည့်သည်။ စင်သီယာကို မတွေ့။ ယနေ့ နံနက်စောစော စင်သီယာ ရောက်လာသည်။ ကျောင်းသို့ရောက်ခါမှ နေမကောင်းဟု ခွင့်တိုင်ကာ ပြန်သွားသည်ဟု မထားတင့်က သတင်းပေးလေသည်။

ဝင်းကြည်သည် သက်ပြင်းတစ်ချက်ချကာ ခုံမှာပင် ထိုင်ရင်း စင်သီယာ့ စာအကြောင်းကို ပြန်စဉ်းစားနေမိသည်။ စာတွင် ဒေါသနိုးတွေ မွှန်နေကြောင်း သိသာလှသည်။ ဒေါသဖြစ်ခြင်း၊ ရှက်ခြင်း စသည့် ထွေးရောယှက်တင်စိတ်ဖြင့် ရေးလိုက်ဟန် တူလေသည်။ ယနေ့နံနက် ကျောင်းသို့ လာပြီးခါမှ နေမကောင်းဟု ပြန်သွားသည်မှာ အကယ်စင်စစ် နေမကောင်းခြင်းကြောင့် မဟုတ်တန်ရာ။

'ဝင်းမောင် ကြံ့ဖန်မွှေတာပဲ' ဟု ဝင်းမောင်ကို အပြစ်ဖို့မိသည်။ သို့သော် 'ဝင်းမောင်လုပ်တာ မဟုတ်ဘူးလား' ဟု ကိုယ့်ကိုယ်ကို ပြန်မေးမိပြန်သောအခါ၌ကား ဝင်းမောင်၏ လုပ်ရပ်များကို အပြစ်မတင်သာအောင် ဖြစ်ရပြန်သည်။ သို့မို့ကြောင့်လည်း စင်သီယာ့ထံမှ စာရသည့်အကြောင်းနှင့် စပ်လျဉ်း၍ မည်သူ့ကိုမျှ မပြော။ စိုးသိမ်းနှင့် ဖုန်းမြင့်တို့ကိုပင် မပြောဘဲ ရေငုံနှုတ်ပိတ် နေလိုက်မိသည်။

ညနေ ၆ နာရီခွဲတွင် ဝင်းကြည်သည် စင်သီယာ့အိမ်သို့ ရောက်သွား၏။ အိမ်တွင် မည်သူမျှ မရှိ။

ဦးသိန်းအောင်သည် ခရီးထွက်နေ၏။ ပင်စီကား အပြင်သို့ ရောက်နေ၏။ သို့ဖြစ်၍ကြောင့်လည်း စင်သီယာနှင့် လွတ်လွတ်လပ်လပ် စကားပြောနိုင်လေသည်။

"ကဲ ကိုမျိုးချစ်ကြီးရဲ့၊ ထိုင်စမ်းပါဦး။ လာမှ လာပါ့မလားလို့"

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလို စင်သီယာက ခနဲ့လေသည်။ စင်သီယာ၏ မျက်နှာသည် တင်းမာ ခက်ထန်လှလေ၏။

"ကိုယ်က ဘာဖြစ်လို့ မလာရမှာလဲ"

ဝင်းကြည်ကလည်း အောင့်သက်သက် ဖြစ်နေသည့်အတွက် ပြန်၍ ပြောလိုက်သည်။

"မျက်နှာချင်း မဆိုင်ရဲလို့ပေါ့"

"ဘာကို မျက်နှာချင်း မဆိုင်ရဲရမှာလဲ။ ဘယ်သူ့ကို မဆိုင်ရဲရမှာလဲ"

ဝင်းကြည်သည်လည်း ပေါက်သည့်နဖူး မထူးတော့ပြီဟု တွက်ထားလေသလား မသိ။

"စင်သီယာ့ကို"

"ဩော်၊ ကိုယ်က စင်သီယာ့ကို မျက်နှာချင်း ဘာဖြစ်လို့ မဆိုင်ရဲရမှာလဲ။ ကဲ ပြောစမ်း"

"အပြစ်ရှိတဲ့လူမို့လို့ပေါ့"

"ဒီမယ် စင်သီယာ။ ဘာကို ပြောချင်တယ်ဆိုတာ တဲ့တိုးသာ ပြောစမ်းပါ။ ကိုယ်က ရှင်းနိုင်တာကို ရှင်းမယ်။ ကိုယ် မရှင်းတာတွေကိုလည်း အေမယ်"

"စင်သီယာက ဘာအထူးမေးနေစရာ လိုတော့သလဲ ကိုဝင်းကြည်။ စာထဲမှာ ပါပြီးတဲ့ အတိုင်းပေါ့။ ဘယ့်နှယ် မိန်းကလေးတွေရှိတဲ့ အိမ်ရှေ့လာပြီး ဟောတ်က ဟုတ်ကတွေပြော၊ လူကြီး လူကောင်း မပီသတာ၊ ယောကျ်ားမပီသတာတွေ လုပ်"

"ကိုယ်ပြောမယ် စင်သီယာ။ ညက ဝင်းမောင်ရဲ့ အပြုအမူကို စင်သီယာ ပြောချင်တာ လား။ ပြောစမ်းပါ ရှင်းရှင်း"

"ဟုတ်တယ် ဟုတ်တယ်။ အဲဒါကို ပြောနေတာ"

စင်သီယာက အော်လိုက်၏။ စင်သီယာ၏အသံမှာ အိမ်ရှေ့ ညှော့ခန်းတစ်ခုလုံး မိုးချုန်း သလို မြည်ဟီးသွားလေ၏။ စင်သီယာ၏ မျက်နှာသည် နီရဲလာ၏။ အသားတွေ တဆတ်ဆတ် တုန်နေ၏။ မို့မောက် ပြည့်ဖြိုးသော ရင်အုံမှာ နိမ့်ချည် မြင့်ချည် လှိုက်ဖိုလျက်ရှိသည်။

"အဲဒါကို ဘာပြောနေစရာ လိုတော့လဲ။ အထူးပြောစရာ မလိုဘူးလို့ ကိုယ်ထင်တယ် စင်သီယာ"

"ဩော် မိန်းကလေးတွေကို အရှက်ခွဲချင်တဲ့ သဘောနဲ့ ယောကျ်ားလေးတွေက လူစုပြီး လုပ်ချင်ရာ လုပ်တာကို မပြောရတော့ဘူး ဟုတ်လား။ တစ်ခါတလေ တခြား ယောကျ်ားလေးတွေ ကို မပြောနဲ့၊ ကိုဝင်းကြည်ကိုတောင် စင်သီယာ နားမလည်နိုင်ဘူး"

"ဟုတ်မှာပေါ့"

ဝင်းကြည်က တိုတိုတောင်းတောင်းပင် ပြန်ပြောလိုက်မိသည်။

"ယောကျ်ားတွေဟာ ဘာလဲ။ အင်မတန် တစ်ကိုယ်ကောင်းဆန်တဲ့ သတ္တဝါတွေပဲ။ တကာယ့်တကာယ်ကျရင် ဘာကိုမှ မစဉ်းစားနိုင်ဘူး။ သတ္တိမရှိဘူး။ ကိုယ့်အခွင့်အရေး သူ့အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေး ဆိုတာကိုတောင် ခွဲခြားပြီး နားမလည်ဘူး။ ဒီမှာ ကိုဝင်းကြည်၊ စင်သီယာ ပြောမယ်။ စင်သီယာ ပြောတာကို ကြိုက်ရင်လည်း ကြိုက်၊ မကြိုက်ရင်လည်း ကိုဝင်းကြည်ရဲ့ သဘောပဲ။ ကိုဝင်းကြည်ရဲ့ အပေါင်းအသင်းတွေကမှ မှန်တယ်လို့ ယူဆပြီး စင်သီယာက မှားတယ်လို့ ထင်ချင်လည်း ထင်နိုင်တယ်၊ သဘောပဲ။ လူတွေမှာ လူတွေလို့ ဆိုတာက ယောကျ်ားရော၊ မိန်းမရောကို ပြောတာနော်။ အဲဒီလူတွေမှာ ကိုယ်ပိုင်အခွင့်အရေးရှိတယ် ဆိုတာကို စင်သီယာ သေသေချာချာယုံတယ်။ အဲဒီလိုပဲ စင်သီယာ့မှာ ကိုယ်ပိုင်အခွင့်အရေး အပြည့်အဝ ရှိတယ်။ ဖေဖေလည်း ဒီအခွင့်အရေးကို မတားနိုင်ဘူး၊ ဘယ်သူကမှ မတားနိုင်ဘူး။ ဒါပဲ"

"မှန်တယ်။ စင်သီယာ ပြောတာ မှန်တယ်။ ကိုယ်ပိုင်အခွင့်အရေး ဆိုတာ လူတိုင်းမှာ ရှိကြတယ်"

"ဒီလိုဆိုရင် ဘာဖြစ်လို့ စောင်းမြောင်းနေကြရတာလဲ။ အရှက်လိုက်ခွဲနေကြတာလဲ။ စင်သီယာ မသိလို့ မေးပါရစေ။ ကဲ ဖြေစမ်းပါ ကိုဝင်းကြည်"

ဝင်းကြည်က ချက်ချင်း ပြန်မဖြေသေးဘဲ ငြိမ်နေလေ၏။ ဝင်းကြည်က ငြိမ်နေသလောက် စင်သီယာမှာ လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ဒေါသထွက်နေသည်။

"စင်သီယာတို့က အင်္ဂလိပ် အရာရှိတွေနဲ့ သွားလား လာလား လုပ်တာကို မနာလိုကြဘူးလား။ ဒီလို သွားလာလုပ်တာနဲ့ပဲ စင်သီယာတို့ ပျက်စီးရရောလား။ လူမှုဆက်ဆံရေးကို ဒီလောက် အမြင်ကျဉ်းကျဉ်းနဲ့ ကြည့်ကြတာ မကောင်းဘူး ထင်ပါတယ်။ ဒါ စင်သီယာ့စိတ်ထဲမှာ ရှိတာကို အကုန်ထုတ်ပြောတာ။ အဲဒီလို အမြင်ကျဉ်းမြောင်းတဲ့ အသိုင်းအဝန်းကြားထဲမှာ ကိုဝင်းကြည် ဘုမသိ ဘမသိ ရောက်နေတာကို စင်သီယာ ဝမ်းနည်းလို့ မဆုံးဘူး"

"ကိုယ် တစ်ခုပြောမယ်၊ ဒါတွေကို ကိုယ် မပြောချင်ပါဘူး။ ဒါပေမဲ့ အကြောင်းက တိုက်ဆိုင်လာတော့ မပြောလို့ကို မဖြစ်တော့ဘူး စင်သီယာ။ မပြောချင်လို့လည်း မနေရတော့ဘူးပေါ့။ တကယ်ဆိုရရင် လူတစ်ယောက်ရဲ့ ကိုယ်ပိုင် အခွင့်အရေးဆိုတာ ရှိကြတာပဲလို့ ကိုယ် ပြောပြီးပြီ။ ကိုယ်ပိုင်အခွင့်အရေး ရှိတာတော့ မှန်တယ် စင်သီယာ။ ကိုယ်ပိုင် အခွင့်အရေးဆိုတာ ဘာလဲ။ အဲဒီ ကိုယ်ပိုင် အခွင့်အရေးဟာ တခြားလူ အများစုကြီးနဲ့ ဆက်စပ်နေတာမျိုး ဆိုရင်ကော ဘယ့်နှယ်လုပ်မလဲ။ အင်္ဂလိပ် အရာရှိတွေနဲ့ သွားလား လာလား လုပ်တယ်ဆိုတာဟာ ကိုယ်ပိုင် အခွင့်အရေးအရ သွားလာတာလို့ စင်သီယာက ဆိုချင်တယ်။ ဒါပေမဲ့ တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ပြန်ကြည့်ဖို့လိုတယ် စင်သီယာ"

"တိုင်းပြည်နဲ့ မဆိုင်ပါဘူး"

"ဆိုင်ပါသကော စင်သီယာ၊ ဆိုင်ပါသကော"

"ကဲ ဘယ်လိုဆိုင်သလဲဆိုတာ ရှင်းပြစမ်းပါ မျိုးချစ်ပုဂ္ဂိုလ်ကြီးရဲ့"

"ပြောပါ။ ကိုယ့်ကို စင်သီယာ ကြိုက်သလို ပြောနိုင်ပါတယ်။ ဆိုင် မဆိုင် ဆိုတဲ့ ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ကိုယ် ပြောဦးမယ်။ ကနေ့ ကိုယ်တို့တိုင်းပြည်ဟာ ဘာဖြစ်နေသလဲ ဆိုတာ ပြန်ကြည့်စမ်း။ လူတိုင်း လူတိုင်းဟာ အင်္ဂလိပ် လက်အောက်မှာ မနေချင်ကြတော့လို့ အဲဒီ အင်္ဂလိပ် လက်အောက်က တစ်နည်းမဟုတ် တစ်နည်းနဲ့ ရုန်းထွက်ဖို့ ကြိုးစားနေကြတယ် စင်သီယာ။ ရှင်းရှင်းပြောရရင် အင်္ဂလိပ်တွေကို မုန်းနေတယ်။ လူတွေက မုန်းနေတဲ့ ကောင်တွေနဲ့ တတွဲတွဲလုပ်ပြီး လမ်းသလား နေတဲ့ လူကိုလည်း မျက်မုန်းကျိုးမှာ သေချာတာပဲ။ ဒါ သဘာဝပဲ။ ဒါ့ကြောင့် စင်သီယာရဲ့ ကိုယ်ပိုင် အခွင့်အရေး အသုံးချမှု ဆိုတာဟာ တိုင်းပြည်နဲ့ လာဆိုင်နေတာပဲ။ အဲ၊ အဲဒီလို အခြေ အနေမျိုးကို သဘောမပေါက်ရင် တစ်နေ့ ဒီ့ထက်ဆိုးတဲ့ အဖြစ်တွေနဲ့ တွေ့ရလိမ့်မယ်။ ကိုယ် ပြောချင်တာ ဒါပဲ"

"ဒါကတော့ ဟို ဘာတဲ့ စကားပုံတစ်ခုလို ရှောင်ရှားတာရာထားသိချဲ့ကြတာပဲ။ ဒါတွေကို ဂရုစိုက်စရာ မလိုဘူးလို့ စင်သီယာ ထင်တယ်။ ပတ်ဝန်းကျင်ကို ဂရုစိုက်ရတယ်ဆိုတာ ကိုယ့် ကိုယ်တိုင်က မမှန်တာလုပ်မှ"

"ဒါဖြင့် စင်သီယာတို့ လုပ်နေတာတွေဟာ မှန်တယ်ပေါ့"

"ဟုတ်တယ်၊ မှန်တယ်၊ သိပ်မှန်တယ်။ ကိုယ် မှန်နေသမျှ ဘယ်သူ့ကိုမှ မှုစရာမလိုဘူး"

"အင်းလေ ကောင်းပြီ၊ ကိုယ် ဘာမှ ဆက်ပြောစရာ မလိုတော့ဘူးပေါ့။ စင်သီယာဟာ စဉ်းစားတတ်တဲ့အရွယ် ရောက်နေပြီဆိုတော့ ကိုယ့်ကိုယ်ကိုယ် အများကြီး ချင့်ချိန်နိုင်ပါလိမ့်မယ်"

စင်သီယာက ဘာမျှ ပြန်မပြောတော့ဘဲ အပြင်သို့သာ လှမ်းငေးနေသည်။ ဝင်းကြည် ကိုလည်း မကြည့်။

"ကိုယ်သွားတော့မယ်"

ဝင်းကြည်က နှုတ်ဆက်ရင်း ထိုင်ရာမှ ထလေသည်။ စင်သီယာက သူ့ကို လှည့်မကြည့်။ ဝင်းကြည်က အိမ်ပေါ်မှ ဆင်းလာသည်။ စင်သီယာက သူ့ကိုမကြည့်။

ဝင်းကြည်သည် စိုးသိမ်းတို့အိမ်သို့သွားရန် ဆန္ဒမရှိတော့ဘဲ အမေ့ဆိုင်သို့သာ ပြန်ကာ ဆိုင်နောက်ဘက်တွင် ထိုင်နေမိလေ၏။ ည ၁၀ နာရီခွဲတွင် အမေက ဆိုင်ပိတ်ပြီး အိမ်သို့ ပြန်သွား သောအခါ ဝင်းကြည်သည် ဆိုင်အတွင်းရှိ သူ့အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ အတွေးနယ်ချဲ့ နေမိပြန်၏။ အပြောင်းအလဲ မြန်ဆန်လွန်းလှသော စင်သီယာ့ အကြောင်းကိုသာ ထပ်ခါတလဲလဲ စဉ်းစားနေမိသည်။ သူက မှန်နေလျှင် ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုဟုပင် တင်းတင်းမာမာ ပြောလိုက်သေးသည်။

သူသည် လေးပင်စွာ သက်ပြင်းချလိုက်၏။

စင်သီယာနှင့် သူ၏ နှောင်ကြိုးကား ထောင်းလမောင်းကြေအောင် ပြတ်ထွက် လွင့်စဉ် လေပြီဟုလည်း ထင်မိသည်။ မတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၁

အေမူနှင့် တွေ့ရမည်ဟု မမျှော်လင့်ခဲ့သော ဝင်းကြည်သည် အေမူနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရသည့်အခါ ဝမ်းသာဝမ်းနည်း ဖြစ်နေရလေသည်။

အေမူသာမက စောကျော်သန်းနှင့်လည်း တွေ့ရသေးသည်။ ကွဲကွာနေသော မိတ်ဆွေအချင်းချင်း ပြန်တွေ့လိုက်ရသည့်အတွက် ဝမ်းသာရသည်ကား မှန်၏။ သို့ရာတွင် ဝမ်းနည်းစရာကလည်း ရှိသေး၏။

စောကျော်သန်းနှင့် အေမူတို့၏ မိခင်ကြီး ဆုံးသွားသည်။ ယခု သူတို့ စာဖြူစုမှာ မနေတော့။ သုံကြိုင်သို့ ရောက်နေကြသည်။ အချိန်ရလျှင် လာစေချင်သည် ဟူ၍ မလက်တိုရှိ ဦးမြတ်သော်က စာရေးလိုက်သည်။ သို့သော် ထိုစာကို ယူဆောင်လာသော သမ္ဘန်သမားက နှစ်ရက်ခန့် နောက်ကျပြီးမှ လာပေးသည်။ နောက်ကျသွားကြောင်း ဝင်းကြည် သိသည်။ မည်သို့ပင်ဖြစ်စေ ကာမှု အသုဘ မီသည်ဖြစ်စေ၊ မမီသည်ဖြစ်စေ ရောက်အောင်တော့ သွားလိုက်မည်ဟု စိတ်ကူးကာ သုံကြိုင်သို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။ သုံကြိုင်သို့ သူ ရောက်သောနေ့ကား အသုဘချပြီးသည့် နောက်တစ်နေ့တည်း။

"ဟာ၊ ဝင်းကြည်။ ဘယ်လုလုပ် သိသလဲဟင်"

စောကျော်သန်းက အားပါးတရ မေးရှာသည်။ တကယ်ဆိုရလျှင် စာဖြူစုက ပြောင်းရွှေ့လာသည်ကို ဝင်းကြည်ထံ အကြောင်းမကြားမိ။ အမိုး ဆုံးပါးသည်ကိုလည်း အကြောင်းမကြားမိ။ သို့စဉ်လျက် ဝင်းကြည်သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေ၏။

"ဦးမြတ်သော်ဆီက စာရရချင်း လိုက်လာတာပဲ သူငယ်ချင်းရာ။ ဒါပေမဲ့ စာက နောက်ကျနေတယ်။ အမိုး ဆုံးတယ်လို့ စာထဲမှာ တွေ့ရတော့ ငါ စိတ်မကောင်းဘူးကွာ။ စာသာ အချိန်မီရရင် ငါ အသုဘကို မီလိုက်ဦးမယ်"

"ကိစ္စမရှိပါဘူးလေ။ သေတာ သေပြီပဲ။ ဘယ့်နှယ်လုပ်မလဲ။ ငါတို့လည်း အစွမ်းကုန်ကုတာပဲ သူငယ်ချင်းရာ။ ရောဂါကလည်း စုံသကွ။ အသက်ကလည်း ကြီးသကွ။ ဘယ်ရတော့မလဲ"

စောကျော်သန်းမှာ ယခင်ကထက် ပို၍ သွက်လက်နေသည်ဟု ဝင်းကြည် ထင်မိသည်။ ယခင်ကထက်လည်း ပိုမို သန်မာ ထွားကျိုင်းနေသည်။ စောကျော်သန်း၏ အပြုံးကား ယခင်ကလိုပင် မပြောင်းမလဲ စွဲမြဲတည်ငြိမ်သော အပြုံးလည်း ဖြစ်သည်။

အေမူသည်ကား မိခင် ဆုံးပါးရသည့်အတွက် အလွန်အမင်း စိတ်ထိခိုက်နေပုံသည်။ အတန်ငယ် ပိန်လှီဖျော့တော့လျက် ရှိသည်။

"ကိုဝင်းကြည် လိုက်လာရတာ အားနာစရာကြီး။ အလကား ဒုက္ခများရတယ်"

www.burmeseclassic.com



သူတို့မောင်နှမသည် ရိုးသားပွင့်လင်းလွန်းသလောက် တစ်ဖက်သားအပေါ်၌ အားနာတတ်ကြပေ၏။ သုံကြိုင်သို့ သမ္မန်ဖြင့် တကူးတက လာရသော ဝင်းကြည်ကိုပင် ပြန်၍ အားနာနေလိုက်ကြသေးသည်။

"ဦးလေးတို့ရော နေကောင်းကြရဲ့လား" ဟု စောကျော်သန်းက မေးသည်။ ထို့နောက် အလောင်း မြေကျပြီးမှ သူတို့သုံးယောက်သား အေးအေးလူလူ စကားပြောကြသည်။ တောမသာ ဖြစ်သဖြင့် အခမ်းအနားမရှိ။ ကြီးကျယ်သော ညှော်ခံကျွေးမွေးမှုမရှိ။ ကာလသားတစ်စုသာ သဲသဲမဲမဲ ထက်ဆွဲနေကြသည်။

သုံကြိုင်ရွာကလေးသည် သုံးခွနှင့် တာတပေါ်အကြား တိုးမြစ်၏ လက်ယာဘက်ကမ်းပေါ်၌ တည်ရှိပြီး ရွာငယ်သလောက် သစ်ကြီး၊ ဝါးကြီး ထူပြောသည့် နေရာဒေသ ဖြစ်လေသည်။ သုံကြိုင် ရွာသူရွာသား အများစုမှာ ကရင်လူမျိုးများ ဖြစ်ကြပြီး လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းတို့ဖြင့် အသက်မွေးကြသည်။ အချို့က သမ္မန်ခတ်သည်။ နဝလီလုပ်သည်။

"စာဖြူစုက ဒီကိုပြောင်းတာ တော်တော်ကြာသွားပလား"

"မကြာသေးဘူးကွာ။ မကြာသေးဘူး ဆိုတာတောင် အခု သုံးလကျော်သွားပြီ။ မင်းဆီက ပြန်လာပြီး စာဖြူစုရောက်တော့ ထုံးစံအတိုင်း ငါးဖမ်း လယ်လုပ် ပြန်လုပ်ရတာပေါ့။ ပထမတော့ အမေ့ကို အေဘီအမ် ပြန်ပို့မယ် စိတ်ကူးသေးတယ်။ အဆင်မပြေတာနဲ့ မပို့နိုင်ဘူး။ ငါက အလုပ်လုပ်နိုင်လို့ အမေ့ကို မအူပင် ပြန်ပို့နိုင်တယ် ထားဦး၊ အမိုးက မမာနေတာ။ အနားမှာ အမေရှိမှလို့ဖြစ်ပြန်ဘူး။ အဲဒါနဲ့ မပို့နိုင်ခဲ့တာပဲ"

စောကျော်သန်းက သူတို့မောင်နှမ၏ ဇာတ်ကြောင်းတွေကို ပြန်ပြောင်းပြောပြလျက်ရှိသည်။ တဲကလေး၏ ဝရန်တာမှနေ၍ ကြည့်လျှင် တိုးမြစ်ရေအလျှဉ်သည် သုံကြိုင်ရွာ၏ စိမ်းပြာညိုညာသော သောင်ထိပ်ကို ကွေ့ဝိုက်ကာ စီးဆင်းလျက်ရှိသည်ကို တွေ့ရလေသည်။ လရောင်ထုံလွှဲအောက်တွင် သဲသောင်ပြင်သည် ငွေမင်ဖြူးထားသော ခဲပုပ်ရောင် ပင်လယ်ပြင်ကြီးနှင့် တူနေသေးတော့သည်။

"ဒီလိုနေရင်းနဲ့ သုံကြိုင်က ကျောင်းမှာ ကျောင်းဆရာမ တစ်ယောက် လိုတယ်ဆိုတာ ကြားတော့ အမေ့ကို အဲဒီနေရာ ဝင်လုပ်ရအောင် တို့ ပြောင်းလာကြတာပဲ။ အခု ဒီမှာ နေသားကျမယ်လုပ်တုန်း အမိုး ဆုံးတာပဲကွာ။ ကဲ အဲဒါတွေ ထားလိုက်ဦး။ မပျော်စရာပါဘူး။ ပျော်စရာလေးတွေ ပြောရဦးမယ်။ အခု ငါ ကရင်လူငယ် အစည်းအရုံးထဲ ဝင်လိုက်ပြီကွ။ မင်း သိတယ် မဟုတ်လား။ ကရင်လူငယ် အစည်းအရုံးအဖွဲ့ ဖွဲ့တာလေ"

"အေး၊ သိပါတယ်။ မအူပင်ပင်မှာ ဖွဲ့ပြီးတာတောင် သိပ်မကြာသေးဘူး။ ကောင်းတာပေါ့ကွာ။ မင်း တတ်နိုင်သလောက် လုပ်ပေါ့။ ကရင်လူငယ် အစည်းအရုံးဟာ တိုးတက်တဲ့ လူငယ်အဖွဲ့အစည်းပဲ။ ဒါထက် နေပါဦး။ ဦးစောချစ်ကြီး တစ်ယောက်ကော စာဖြူစုမှာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒါပေမဲ့ ဒီလူကြီးက အခု ခက်နေတယ်ကွ"

"ဘာဖြစ်လို့"

"သူတို့ ကေစီအိုပေါ့။ ဦးစောချစ် တစ်ယောက်ထဲရဲ့ ချွတ်ယွင်းချက်တော့ မဟုတ်ပါဘူး။ ကေစီအို တစ်ဖွဲ့လုံးရဲ့ ချွတ်ယွင်းချက်ပါ"

"ဘယ်လို ချွတ်ယွင်းချက်လဲ စောကျော်သန်း။ မင်းတို့ ကေဝိုင်အိုဟ ကေစီအိုနဲ့ အတူတူပဲ မဟုတ်လား။ ကေဝိုင်အိုကို ကေစီအိုက ဖွဲ့ပေးတာပဲ မဟုတ်လား"

ကေစီအိုဟု ခေါ်ဝေါ်နေသော ကရင် ဗဟိုအဖွဲ့ချုပ်သည် ကေဝိုင်အိုခေါ် ကရင်လူငယ်များ အစည်းအရုံးကို တရားဝင် ဖွဲ့စည်းရန် သဘောတူညီခဲ့လျက် ယင်းသဘောတူညီချက်အရ ကေစီအို၏ လူငယ်ဆိုင်ရာ ဌာနခွဲအဖြစ် ကေဝိုင်အိုကို ဖွဲ့စည်းခဲ့ခြင်းသာ ဖြစ်ကြောင်း ဝင်းကြည် ကောင်းစွာသိရှိလေသည်။

သို့သော် စောကျော်သန်း ပြောလိုက်သည့် စကားနှင့် ပတ်သက်၍ကား များစွာ အံ့သြ ရလေတော့သည်။ အထူးသဖြင့် ယခုထက်တိုင် နီးကြားတက်ကြွလျက် ရှိနေသေးသော စောကျော် သန်းကို ဝင်းကြည်က ပို၍ အံ့သြနေမိခြင်း ဖြစ်သည်။

"ငါတို့ ကရင်လူငယ်တွေ စုစုစည်းစည်း ရှိသင့်တယ်ဆိုပြီး ဖွဲ့တာကွ။ အမှန်ကတော့ ကေဝိုင်အိုကို ကရင်လူငယ်တွေကသာ ဖွဲ့ကြတာ။ လူငယ်တွေဟာ စစ်အတွင်းမှာ နိုးကြားလာ ကြတဲ့ လူငယ်တွေပဲ သူငယ်ချင်း။ အဲဒီ စစ်အတွင်းမှာ ကေစီအို ဘာလုပ်နေသလဲဆိုတာ မင်းလည်း သိတဲ့အတိုင်းပဲ။ ဘာမှ လှုပ်ရှားမှုမရှိဘူး။ အသက်မရှိဘူး။ ကရင်လူငယ်တွေကသာ ကိုယ့် အသိနဲ့ကိုယ် ထလုပ်ကြတာ။ ဂျပန်ကို ပြန်တော်လှန်တဲ့ ကိစ္စမှာလည်း ကေစီအိုဟာ ဘာမှ မလုပ်ပေးနိုင်ခဲ့ဘူး။ အခုတော့ အင်္ဂလိပ် အစိုးရဆီမှာ သီးခြားပြည်နယ် တောင်းနေတာပဲ။ အဲဒီ လူကြီးတွေအကြားမှာ ငါတို့ ဦးစောချစ်ကြီး ကန့်လန့်ကန့်လန့် ပါနေတယ် သူငယ်ချင်းရေ့"

"ဦးစောချစ်ဟာ လူရိုးကြီးပါကွာ"

"အေး၊ ရိုးလွန်းလို့ ခက်နေတာပေါ့။ အခုတော့ အဘိုးကြီးက လွတ်လပ်ရေးစကားတောင် မပြောတော့ဘူး။ သီးခြားပြည်နယ်ကိစ္စပဲ ပြောနေတာပဲ။ ငါတို့ ကေဝိုင်အို ခေါင်းဆောင်တွေက ဗမာတစ်ပြည်လုံး လွတ်လပ်ရေးရအောင် တိုက်ပွဲဝင်ရမယ်။ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင် အကုန်ပါရ မယ်။ ကရင်တွေလည်း ဒီတိုက်ပွဲမှာ ပါရမယ်လို့ တွင်တွင်ပြောနေပေမယ့် အရာမထင် ဖြစ်နေတယ်။ နောက်ပြီး ဦးစောချစ်တို့လို လူကြီးပိုင်းကလည်း မကြိုက်တဲ့လူတွေ ရှိသေးတယ်ကွ။ ကေစီအိုရဲ့ လုပ်ပုံကိုင်ပုံတွေကို မထောက်ခံနိုင်အောင် ဖြစ်နေတဲ့ အဖွဲ့ပေါ့"

"ဟုတ်လား၊ ရှိသေးလား။ ဘာအဖွဲ့လဲ"

"ဘီကေအင်န်အေပေါ့။ ဗမာလို ဘယ်လိုခေါ်မလဲ။ မြန်မာပြည် ကရင်အမျိုးသားအသင်းလို့

www.burmeseclassic.com



ခေါ်မလား မဆိုနိုင်ဘူး။ ဘီကေအင်န်အေကို ကေစီအိုက မထောက်ခံနိုင်တဲ့ ကိစ္စမှာ အရေးအကြီး ဆုံးက ဘာလဲ၊ သိလား"

"သီးခြားပြည်နယ် ကိစ္စလား"

"သီးခြားပြည်နယ်ကိစ္စလို့လည်း ပြောနိုင်တယ်ကွ။ နောက်ပြီး ဘာသာရေးလည်း ပါသေး တယ်"

"ဟော၊ ဘာသာရေး။ ဟုတ်လား"

ဝင်းကြည်သည် ထိတ်လန့်သွားမိသည့်အလျောက် အလန့်တကြား မေးလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ် သူငယ်ချင်း၊ ဟုတ်တယ်။ ဘီကေအင်န်အေမှာ ပါသူတွေက များသော အားဖြင့် ဗုဒ္ဓဘာသာ ကရင်တွေကွ။ ကေစီအိုက ခရစ်ယာန်တွေ များတယ်ဆိုပဲ။ ဘာသာရေးအစွဲ ကြောင့် ကွဲကြတာလည်း အကြောင်းတစ်ကြောင်းပဲ။ ငါတော့ တော်တော်လေး စိတ်ပျက်တယ် ကွာ"

စောကျော်သန်း၏ မညည်းစဘူး ညည်းသံကို ဝင်းကြည် ကြားရသည်မှာ ဤအကြိမ် သည် ပထမအကြိမ်ပင် ဖြစ်၏။

"နေစမ်းပါဦး စောကျော်သန်း။ မင်း ဒါတွေကို တော်တော် သိထားတာပါပဲလား။ သုံကြိုင် မှာနေရင်း ဒီလောက်သိတယ်ဆိုတာ ငါတော့ အံ့သြတယ်ဟေ့"

ဝင်းကြည်၏စကားကို ကြားသောအခါ စောကျော်သန်းက ဟက်ဟက်ပက်ပက် ရယ် လေ၏။

"ငါ ရန်ကုန်မှာ သင်တန်းသွားတက်သေးတယ်။ ကေဝိုင်အို ဌာနချုပ်မှာ"

"သြော် ဒီလိုကိုး"

"အဲဒါကြောင့် တို့ကရင်တွေအတွင်းမှာ ဖြစ်နေတဲ့ ပြဿနာတွေကို ငါ တော်တော် သိလာ တာကွ။ မင်းတို့မြို့ကတောင် ဒီလောက် သိချင်မှသိမှာ။ ငါလည်း မင်းကို သိပ်ပြောပြချင်တာပဲ။ ဒါပေမဲ့ လူချင်းမတွေ့ရ၊ ငါကလည်း မြို့မရောက်"

ညဉ့်နက်သည့်တိုင်အောင် သူတို့နှစ်ယောက် စကားပြောကြသည်။ အေမူကား တော်တော် နှင့် အိပ်ရာမဝင်ဘဲ သူတို့အပါးတွင် လာထိုင်လိုက်၊ ရေနွေးဖြည့်ပေးလိုက် လုပ်နေသည်။

"ဒီလိုချည်းပါပဲကွာ။ ကရင်အချင်းချင်း သဘောကွဲကြတာချည်း မဟုတ်ပါဘူး။ ဗမာ အချင်းချင်းလည်း ကွဲနေကြပြီပဲဟာ။ ဘယ့်နှယ်လုပ်မလဲလေ။ ဖြစ်ရမယ့်ကိစ္စဟာ ဖြစ်ရမှာပဲ"

"ဒါထက်၊ မင်း ဒီမှာ သုံးလေးရက် နေဦးမယ် မဟုတ်လား" ဟု စောကျော်သန်းက မေးလိုက်၏။

"မနေပါရစေနဲ့တော့ကွာ။ အမေ့ဆိုင်က ငါမရှိရင် မဖြစ်ဘူး။ အခု အမေက ပိုင်ပြင်းထွက် နေတယ်။ တို့စီးပွားရေး အခြေအနေက ဟိုတုန်းကလို ကောင်းတာမဟုတ်တော့ ဒီလိုပဲ ထွက်ရ

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ မင်းဆီရောက်ခိုက် ကြာကြာကြီး မဟုတ်တောင် သုံးလေးရက်လောက်တော့ နေသင့်တာ အမှန်ပဲ။ ဒါပေမဲ့ ငါမရှိရင် အမေ့ဆိုင်က မဖြစ်ဘူး သူငယ်ချင်းရာ။ မနက်အစောကြီးပဲ ပြန်မယ်"

"မြန်လှချည်လား ကိုဝင်းကြည်။ အေမူတို့ဆီမှာ နေရမှာကို စိတ်ပျက်သွားပြီလား"

"မပျက်ပါဘူး အေမူရယ်။ အလုပ်က တစ်ဖက်နဲ့မို့ပါ။ စိတ်မပျက်လို့ပဲ အေမူတို့ဆီမှာ ဟိုတုန်းက အကြာကြီး နေခဲ့တဲ့ဥစ္စာ"

"ဟိုတုန်းက အေမူတို့ဆီမှာ နေချင်လွန်းလို့ မဟုတ်ပါဘူး။ မနေမဖြစ်လို့ဆိုတာ အေမူ သိသားပဲ"

အေမူ စကားတတ်နေချေပြီဟု ဝင်းကြည်က တွေးလိုက်မိ၏။ စောကျော်သန်းကမူ အနား တွင်ထိုင်ကာ ပြုံးနေလေ၏။

"နောက်တော့ အချိန်ရတဲ့အခါ အေးအေးဆေးဆေး လာဦးမယ်။ အဲဒီအခါကျတော့သာ ညှော်သည်ကလည်း မပြန်နိုင်ဘူး ဆိုပြီး အေမူ စိတ်ပျက်မနေနဲ့"

"အေမူ ဘယ်တော့မှ မပျက်ပါဘူး ကိုဝင်းကြည်။ သုံးကြိုင်ရွာက မြို့နဲ့ တခြားစီပါ။ ပျင်းစရာကောင်းတဲ့ ဒီရွာကလေးကိုများ အေးအေးဆေးဆေး လာနေဦးမယ်ဆိုရင် အေမူတို့က ဝမ်းသာဖို့ပဲပေါ့"

"ဒါထက် အေမူ ကျောင်းဆက်မတက်တော့ဘူးပေါ့၊ ဟုတ်လား" ဟု ဝင်းကြည်က ဖြတ်၍ မေးလိုက်သည့်အခါ အေမူ့မျက်နှာမှာ ဖြန့်းခနဲ ညှိုးသွားလေ၏။

"မတက်တော့ပါဘူး ကိုဝင်းကြည်။ သုံးကြိုင်က ကလေးတွေကိုပဲ အေမူတတ်အောင် သင်ပေးတော့မယ်။ ဒီလို ရွာကလေးတွေမှာ လာနေပြီး ဆရာလုပ်ချင်တဲ့လူ သိပ်ရှားတယ် ကိုဝင်းကြည်။ အေမူ့အတွက် ကျောင်းဆက်တက်မယ်ဆိုပြီး ဒီရွာက အေမူ ထွက်တာနဲ့ တစ်ပြိုင် နက် ကလေးတစ်ရာနီးပါးကို စာပြပေးမယ့်ဆရာ ရှိတော့မှာ မဟုတ်ဘူး။ နောက်ပြီး မြို့တက် ကျောင်းနေရတယ်ဆိုတာ စရိတ်ကလည်း သိပ်ကြီးတာမို့ ဒီလိုပဲနေတာ ကောင်းပါတယ်လေ။ ဘုရားသခင် အလိုတော်အတိုင်းပဲဆိုပြီး အေမူလည်း အခုလိုနေလာတာပါ"

အေမူ၏ ရှင်းပြချက်များကြောင့် ဝင်းကြည်အဖို့ ပြောစရာစကား မရှိသကဲ့သို့ ဖြစ်နေ ရသည်။

သူတို့မောင်နှမသည် ပြကတေ့ ရိုးသားဖြူစင်လွန်းလှ၏။ ရိုးသားဖြူစင်ခြင်းသာမက စေတနာတရားကလည်း ထက်သန်လှသေး၏။ အေမူ့အတွက် တစ်စုံတစ်ခုကိုဖြစ်စေ ဝင်းကြည် သည် ဆောင်ရွက်ပေးချင်လှ၏။ သို့သော် ဝင်းကြည်ကိုယ်တိုင် သူ့ရှေ့ရေးကို ပြက်ပြက်ထင်အောင် မမြင်နိုင်သေး။

နောက်တစ်နေ့စောစောတွင် ဝင်းကြည်သည် သုံးကြိုင်ရွာကလေးမှ ပြန်လည်ထွက်ခွာ လာခဲ့၏။ သဘောကောင်း ကရင်မောင်နှမ နှစ်ယောက်သည် သူတို့၏ ခင်မင်ရင်းနှီးလှသော

www.burmeseclassic.com

www.burmeseclassic.com



စိတ်သွေကို သမ္ပန်ထွက်ခွာချိန်အထိ သောင်ပြင်စပ်မှရပ်ကာ လက်ပြနှုတ်ဆက်ရင်း ကျန်ရစ်ခဲ့လေပြီ။

ဝင်းကြည်သည် သမ္ပန်ဦးတွင်ထိုင်ရင်း ရွာစဉ်တွေကို ငေးကြည့်လာခဲ့၏။ သုံးကြိုင်၊ သုံးခွ၊ ဆနီး၊ မိချောင်းရဲ၊ လှိုင်းတာ၊ ပန်းတော၊ မလက်တို၊ ကျောင်းရွာ၊ ပန်တပွတ်။

တိုင်းမြစ်ရေပြင်ကို အစီအရီ မျက်နှာပြုနေကြသော ဤရွာကလေးတွေ၏ ရေနှင့်မြေသည် ဝင်းကြည်၏စိတ်ကို ကြည်နူးစေ၏။ ဝမ်းနည်းစေ၏။ တစ်ချိန်သောအခါက မိမိ ကျင်လည် ကျက်စားခဲ့ဖူး၊ ရင်းနှီးခဲ့ဖူးသော ပတ်ဝန်းကျင်သာ ဖြစ်၏။ ယခု ဤပတ်ဝန်းကျင်သည် ဝဲဂယက်များ၊ လှိုင်းတံပိုးများ၊ မုန်တိုင်းများဖြင့် ပြွမ်းတီးနေရပြန်၏။ တစ်ခုံတစ်ခု ဖြစ်တော့အံ့ဟု အတိတ်နိမိတ်ပြလျက် ရှိလေပြီ ဟူ၍လည်း တွေးမိကာ သက်ပြင်းသာ ချမိလေတော့သည်။

## အခန်း ၂၂

သည်လိုနှင့်ပင် အချိန်တွေ ကုန်ဆုံးခဲ့လေပြီ။

နွေ၊ မိုး၊ ဆောင်း စသော သုံးရာသီ၏ နေ့ရက်များသည် ငြိမ်သို့မှု ကြာသည်ဟု မထင်ရသော အခိုက်အတန့် ကာလအတွင်းမှာပင် ရွေ့လျော ပြောင်းလဲသွားကြသည်သာ ဖြစ်၏။ ထူးပြောင်းသွားသော အချိန်များ၊ နေ့ရက်များသည် အတိတ်ကာလ ဆိုသည်ကို ချန်ထားခဲ့ကြ၏။ တစ်ချိန်တည်းမှာပင် အနာဂတ် ဆိုသည်ကိုလည်း မှန်မှန်းစွာ ညွှန်ပြနေတတ်ကြပါသေး၏။

ရာသီချားရဟတ်၏ လှည့်ပတ်မှုအကြားတွင် လောကတစ်ခွင်သည်လည်း မတည်မငြိမ် ပြောင်းလဲ ရွေ့လျားနေခဲ့ရသည်သာ ဖြစ်၏။ ရေမြေတောတောင်၊ မြစ်ချောင်း အင်းအိုင်တို့သည် နွေဥတု၏ သွေ့ခြောက်ပူပြင်းသော ထုထောင်း ရိုက်ပုတ်ချက်များကို တညည်းညည်း တညူညူ ခံစားရင်း ရွက်ဟောင်းကိုခြွေကာ ရွက်သစ်ကို ဝေစေ၏။ နွေ၏အပူရှိန်က ချောင်းတွေ၊ မြောင်းတွေကို ခန်းခြောက်စေ၏။ နွေအပြီး မိုးအကူးတွင်ကား ဤလောက၊ ဤဝန်းကျင်သည်ပင်လျှင် ချက်ရည်မိုးများ ဖြိုင်ဖြိုင်သွန်းဖြိုးရပြန်သည်။ အဖူးအညွှန့်ကလေးတွေ မခို့တရို့ထွက်ကာ နေမင်း၏ နွေးထွေးသော အလင်းရောင်ကို ငံ့လင့်ပြန်သည်။

တိုးမြစ်ရေပြင်သည် ထိုအခါမျိုး၌ လျှံတက်နေတတ်၏။ တွင်းတခိုသို့ ကြည့်လေတိုင်း ရေပင်လယ်၊ ရေလှိုင်းနှင့် ရေကန္တာရကြီးတွေသာ ဖုံးလွှမ်းနေတတ်သည်။ ချောင်းငယ်၊ မြောင်းငယ် အင်းတွေ အိုင်တွေမှာလည်း အလျှံပယ် ရေတိုးနေလေ့ရှိသည်။ မိုးရာသီက နှုတ်ဆက်ခွာရောင်သော အခါတွင်ကား ဆောင်းနတ်မယ်သည် တော်ဝင်သော အလှကျက်သရေကို ဆင်မြန်းလျက် အရောက် အထင် ရောက်ရှိလာတတ်ချေသည်။

၁၉၄၆ ခု စက်တင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com



မုတ်သုံသည် စောစွာ ထွက်ခွာတော့မည့်အလား မိုးပါးစ ပြုလာလေပြီ။

သဘာဝရာသီဥတု၌ မုတ်သုံလေ ငြိမ်သွားပြီ ဖြစ်သော်လည်း လူသတ္တဝါတို့၏ ရာသီဥတု၌ကား မုတ်သုံလေသည် ထန်ပြင်းဆဲပင် ဖြစ်၏။

ရန်ကုန်တွင် ပုလိပ်တွေက သပိတ်မှောက်လိုက်ပြီ၊ ပုလိပ် သပိတ်သမား သုံးထောင်ကျော် ရှိနေပြီ ဟူသောသတင်းသည် မအူပင် တစ်မြို့လုံးတွင် တောမီးပမာ ပျံ့နှံ့သွားလေ၏။ သတင်းစကားတို့သည် ဤမျှနှင့် ရပ်တန့်မနေသေး၊ တစ်ခုပြီးတစ်ခု ဆက်တိုက် ပေါ်ထွက်လာ၏။ စာတိုက်၊ ကြေးနန်း၊ မီးရထား၊ အစိုးရ အမှုထမ်းပေါင်းစုံ၊ ရေဝန်၊ မြူနီစီပယ် စသော အမှုထမ်း အရာထမ်း ပေါင်းစုံတို့ ရက်ဆက်ဆိုသလို သပိတ်လက်နက် ကိုင်စွဲကြပြီ ဟူ၍ ကြားရပြန်သည်။

ရန်ကုန်တွင် သပိတ်မှောက်နေသူ စုစုပေါင်း လေးသောင်းနီးပါး ရှိနေပြီ။

အားရတက်ကြွဖွယ် သတင်းများသာတည်း။

အထူးသဖြင့် ပုလိပ်တွေကပင်လျှင် သပိတ်လက်နက် ကိုင်စွဲကာ ဗြိတိသျှ အစိုးရကို အန်တုသည်ဆိုသောသတင်းကား အကြီးဆုံးသတင်း၊ အထူးဆန်းဆုံးသတင်း ဖြစ်နေလေသည်။ ဤသတင်းကို ကြားရသူတိုင်းမှာ တအံ့တသြ ဖြစ်နေကြသည်။ ပုလိပ် ဟူသည် အစိုးရ၏ လက်ပါးစေ၊ လက်မရွံ့ ပါးကွက်သားများသာ ဖြစ်၏။ ဗြိတိသျှ အစိုးရ၏ ကျေးဇူးသစ္စာတော်ကို နှစ်ပေါင်းများစွာ စောင့်သိ ရိုသေလာခဲ့သော ကျေးတော်မျိုး၊ ကျွန်တော်မျိုးများသာ ဖြစ်၏။ ဗြိတိသျှအစိုးရ၏ ဗျူရိုကရေစီ ယန္တရားကြီးကို နှစ်ကာလရှည်ကြာစွာ အကျိုးဆောင် သယ်ပိုးခဲ့သူများသာ ဖြစ်၏။

ယခု ဤပုလိပ်တွေက သပိတ်မှောက်ကာ ဗြိတိသျှ အစိုးရကို အန်တုလေပြီ။

ထိုသတင်း ပေါ်ထွက်လာပြီး နောက်တစ်နေ့ကစ၍ မအူပင်မြို့၌ ပုလိပ်များနှင့် အမှုထမ်း အရာထမ်းတွေ၏ သပိတ်တွေ ဆက်တိုက် ပေါ်ပေါက်ခဲ့လေတော့သည်။

"အမှုထမ်း၊ အရာထမ်းတွေက အခုဆိုရင် သပိတ်လက်နက်ကို ကိုင်စွဲထားလိုက်ကြပါပြီ။ မြို့လယ်ကျောင်းကြီးမှာ သပိတ်စခန်း ဖွင့်လှစ်ထားပါတယ်။ ရွှေဘုန်းမြင့် ဘုရားကြီးမှာလည်း သပိတ်စခန်း ဖွင့်ထားပါတယ်။ အဲဒီ သပိတ်မှောက် တိုက်ပွဲဝင်နေတဲ့ ရဲဘော်၊ အမှုထမ်း၊ အရာထမ်းများကို အဘက်ဘက်က ကူညီဖို့ လိုအပ်ပါတယ်။ အဲဒီအကူအညီအတွက် ကျွန်တော်တို့ မအူပင် ခရိုင် ကျောင်းသားသမဂ္ဂက တာဝန်ယူ ကောက်ခံပါတယ်"

ဝင်းမောင်က အော်လံကို ပါးစပ်တွင်တေ့ကာ ဈေးထောင့်မှနေ၍ ဟောပြောလျက်ရှိ၏။ စိုးသိမ်းသည် ကျောင်းသားသမဂ္ဂတွင် ဖွင့်လှစ်ထားသော အမှုထမ်းပေါင်းစုံ သပိတ်ကူညီရေး ကော်မတီရုံးခန်း၌ အမြဲတာဝန်ယူထား၏။ တင့်အောင်နှင့် ဖုန်းမြင့်တို့လည်း ရုံးတွင် စိုးသိမ်းနှင့် အတူရှိနေပြီး၊ ကျန်လူအားလုံးမှာ မြို့တွင်းသို့ လူစုခွဲ၍ ထမင်းထုပ် ကောက်ခံခြင်း၊ ဆေးဝါး

www.burmeseclassic.com



လက်ဖက်ခြောက်၊ မုန့်နှင့် ဆေးဝါး စသော ပစ္စည်းများကို အလှူခံခြင်း သေည်ဖြင့် တာဝန်ယူထားကြရသည်။

ဝင်းကြည် ထမင်းထုပ် လှည့်လည်ကောက်ခံရန် တာဝန်ကျသော အပိုင်းမှာ စာရေးကုန်းရပ်ကွက် ဖြစ်သည်။ စာရေးကုန်းရပ်ကွက်ဟု ဆိုရသော်လည်း သာမန် စာရေး စာချီများ မနေနိုင်ဘဲ အစိုးရ အရာရှိ၊ အရှေ့ခံများ၊ ပင်စင်စားများ နေထိုင်ကြသည့် ခြံဝင်းကျယ်ကြီးတွေသာ ထေါများသော ရပ်ကွက် ဖြစ်သည်။

ဝင်းကြည်သည် သူ့အစုတွင် ပါဝင်သူများနှင့်အတူ လက်တွန်းလှည်းကိုတွန်းကာ ပါးစပ်၌ အော်လံတပ်၍ ကိုယ်တိုင် ကြေညာ၏။ အစိုးရ အမှုထမ်း၊ အရာထမ်းများက အဘယ့်ကြောင့် သပိတ်လက်နက် ကိုင်စွဲကြသည်၊ အဘယ့်ကြောင့် ဗြိတိသျှအစိုးရကို အန်တုကြသည်၊ အဘယ့်ကြောင့် ဤသပိတ် အောင်မြင်ရေးအတွက် လူထုက ကူညီရန်လိုအပ်သည် သေည်တို့ကို အကျယ်တဝင့် ဟောပြောသည်။

သို့မို့ကြောင့်လည်း သူ့အသံတွေ နာနေ၏။

"အမှုထမ်း၊ အရာထမ်း ပေါင်းစုံက သုံးလစာနဲ့ ညီမျှတဲ့ စစ်ပြေးလစာ ထုတ်ပေးဖို့၊ လစာရင်းနဲ့ ရှားပါးစရိတ်ကို တိုးမြှင့်ပေးဖို့၊ ကုန်ဈေးနှုန်းချပေးဖို့၊ စက္ကူဖြူကို ပယ်ဖျက်ပြီး လွတ်လပ်ရေးပေးဖို့ အစရှိတဲ့ တောင်းဆိုချက်တွေကို တင်ပြထားပါတယ်။ ဒီတောင်းဆိုချက်တွေကို မရမချင်း သပိတ်လှန်ကြမှာ မဟုတ်ပါဘူး။ ဒီတောင်းဆိုချက်တွေဟာ ကျွန်တော်တို့ ပြည်သူလူထု တစ်ရပ်လုံးနဲ့ စပ်ဆိုင်တဲ့ တောင်းဆိုချက်တွေ ဖြစ်ပါတယ်"

သူ့အသံသည် အော်ရင်း အော်ရင်း ခြောက်ကပ်ကွဲအက်လာ၏။ သို့သော် အော်လံကို ပါးစပ်တွင် တင်းကျပ်စွာတေ့ကာ ထပ်အော်ပြန်သည်။

"ဒါ့ကြောင့် ဒီအမှုထမ်း၊ အရာထမ်းပေါင်းစုံရဲ့ သပိတ်ကို ကျွန်တော်တို့က ကူညီကြရပါမယ်။ ထမင်းထုပ်၊ ဆေးလိပ်၊ စားစရာ အစရှိတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ လိုက်လံ ကောက်ခံနေပါတယ်"

တစ်မြို့လုံးလိုလိုက လိုအပ်မည်ထင်သော ပစ္စည်းတွေကို ပေးလှူကြသည်။ ထမင်းထုပ်များ၊ ဆေးလိပ်များနှင့် မုန့်ပဲသရေစာများမှာ သယ်ယူ၍ မနိုင်လောက်အောင် များပြားလှသည်။ လွတ်လပ်ရေးကို တောင်းဆိုရဲလာကြပြီဖြစ်သော ဗြိတိသျှအစိုးရ၏ သစ္စာတော်ခံ ဖြစ်ခဲ့ကြသည့် အမှုထမ်း၊ အရာထမ်းတွေ၏ ညီညွတ်မှုနှင့် သတ္တိကို လေးစားချီးကျူးကြောင်း သာဓကပြကြခြင်းလည်း ဖြစ်သည်။

ဝင်းကြည်သည် အော်လံကို ကိုင်မြှောက်ကာ နှိုးဆော်ဟောပြောရင်း စင်သီယာတို့အိမ်ရှေ့သို့ ရောက်လာ၏။ အိမ်ပေါက်စေ့လိုလို ထမင်းထုပ်နှင့် အခြားစားစရာတွေကို ထွက်၍ ပေးကြသည်။ စင်သီယာတို့ အိမ်ကရော။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ ထွက်မလာ။

အပေါ်ထပ် အရှေ့ခန်း ပြတင်းဝ၌ စင်သီယာ ရပ်နေသည်။ လမ်းမပေါ်ရှိ လက်တွန်းလှည်းနှင့် လူတစ်စုကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ ထိုလူစု၏ ရှေ့ဆုံးမှ ခေါင်းစုတ်ဖွားနှင့် လုံချည်တိုတိုဝတ်ကာ အော်လံတစ်ခုဖြင့် လည်ချောင်းကွဲအက်လုခမန်း ဟောပြောနေသော ဝင်းကြည်ကို မြင်မှုိက်သည်နှင့် တစ်ပြိုင်နက် ပြတင်းတံခါးကို ဂျိုင်းခနဲမြည်အောင် ပိတ်လိုက်လေ၏။

ဤအခြင်းအရာကို မျက်ဝါးထင်ထင် တွေ့လိုက်ရသော ဝင်းကြည်မှာ မည်သို့မျှ တုန်လှုပ်ခြင်း မဖြစ်မိတော့ပါ။ အင်္ဂလိပ်တွေနှင့် တွဲခြင်းသည်ပင်လျှင် မဆန်းဟု ဆိုနေခဲ့သော စင်သီယာသည် အင်္ဂလိပ်တွေကို အာခံလျက် သပိတ်မှောက်နေသူများအား ကူညီရန် လှုံ့ဆော်နေသည့် သူ့အား မျက်နှာမကြည့်ချင်လောက်အောင် ဖြစ်ရသည့်အတွက် ဆန်းသည်ဟု ဆိုနိုင်ပါအံ့လော။

"ဟော့ကောင်။ စင်သီယာက တံခါးတောင် ဆောင့်ကြီးအောင့်ကြီးနဲ့ ပိတ်လိုက်တာ တွေ့လား"

သူ့အနားရှိ တင်ရွှေက မနေနိုင်မထိုင်နိုင် လှမ်းပြောလိုက်သည်။ ဝင်းကြည်က သူ တွေ့လိုက်ကြောင်းဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်သည်မှအပ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မရှိ။ ပြောလည်း မပြောချင်။

"ပေးစမ်း မင်းအော်လံ"

တင်ရွှေက ပြောပြောဆိုဆို ဝင်းကြည်လက်တွင်းမှ အော်လံကို ဆွဲယူကာ အော်ပြန်သည်။

ဝင်းကြည်သည် စင်သီယာ၏ အပြုအမူနှင့် ပတ်သက်၍ တုန်လှုပ်ခြင်း မဖြစ်မိသည်မှာ မှန်၏။ သို့သော် မစဉ်းစားပဲကား မနေနိုင်လောက်အောင် ဖြစ်ရပြန်သည်။

စဉ်းစားမိသောအခါ ရင်တွင်း၌ ရှုပ်ထွေးလာပြန်၏။ စင်သီယာသာမက မိမိအိမ်တွင် ပေါ်ပေါက်နေသော အရေးအခင်းများကပါ သူ့စိတ်ကို နောက်ကျူ ရှုပ်ထွေးစေသည်။ အမှုထမ်း ပေါင်းစုံ သပိတ်ကြီး ပေါ်လာချိန်ကစ၍ အိမ်၌မကပ်သော ဝင်းကြည်ကို အမေက ငြူစူလာသည်။ အမေသည် အမြဲအစဉ်လိုလို မျက်နှာထားတင်းနေတတ်၏။ "ပိုက်ဆံရတဲ့ အလုပ်ကို မလုပ်နိုင်ဘူး ပိုက်ဆံမရ ထောင်ကျမယ့် အလုပ်တွေကိုချည်း လျှောက်လုပ်နေတယ်" ဟု ဆူပူ ကြိမ်းမောင်းတတ်သည်။ ဝင်းကြည်ကို စကားလည်း ကောင်းကောင်းမပြော။

အိမ်ကိစ္စကို စဉ်းစားမိတိုင်း ထွန်းကြည်အပေါ် တေးထားရသော အနာဟောင်းမှာ ... နေရာမှ ပြန်ပေါ်လာတတ်သည်။ အိမ်တွင် စီးပွားရေးအခြေအနေ ပျက်ယွင်းလျက်ရှိသည်။ ... အကြီးဆုံးဖြစ်သော ထွန်းကြည်သည် အိမ်နှင့်ပတ်သက်သည့် အရေးအရာ ဟူသမျှ၌ ... အခါမျှ အကူအညီမပေး။ ပိုက်ဆံမှန်မှန်ယူကာ ပင်စီနှင့်သာ အချိန်ကုန်နေဆဲ ဖြစ်သည်။ ပင်စီသည် အင်္ဂလိပ်တွေနှင့်လည်း တွဲ၏။ ထွန်းကြည်ကိုလည်း အတွဲမဖြုတ်။

www.burmeseclassic.com

www.burmeseclassic.com



အမေက ထွန်းကြည်ကိုတော့ ကြည်ဖြူသည်။ ထွန်းကြည်အပေါ်၌ အမေသည် ထာဝစဉ် ခွင့်လွှတ်လေ့ရှိ၏။ ယခင်ကကဲ့သို့ စီးပွားရေး အခြေအနေ မကောင်းစေကာမူ ထွန်းကြည် တောင်းသမျှ ပိုက်ဆံကိုပေးကာ ထွန်းကြည် လိုသမျှ အဝတ်အစားကို ဝယ်ပေး၏။ ထွန်းကြည်ကား အမေ၏ အသက်ပါတကား။

ထိုနေ့အဖို့ ကောက်ခံရရှိသော ထမင်းထုပ်များ၊ ပစ္စည်းများကို သပိတ်စခန်းသို့ ပို့လိုက်ပြီးနောက် သမဂ္ဂရုံးခန်းတွင် ခေတ္တမျှ ဝင်ထိုင်နေမိသည်။

ဝင်းမောင်သည် အသံမဝင်သေး။ တစ်နေ့လုံး သူ အာပေါင်အာရင်းသန်သန်ဖြင့် ဈေး၏ လေးဖက်လေးတန်မှ ဟောပြောခဲ့ပုံတွေကို ပြန်ပြောင်း ပြောပြနေ၏။ ဝင်းမောင်သည် ဘာမျှ မဟုတ်သည့် အကြောင်းအရာတစ်ရပ်ကို အများက ငေးစိုက် နားထောင်ရလောက်အောင် ပြောတတ်သည်။ လေကောင်းသလောက် အပြောကောင်းသည်။ သူ့အသံရော ဟန်အမူအရာကပါ ပျော့ရွှင်ဖွယ်အတိပြီးသည်။ သို့သော် ဝင်းကြည်က စိတ်မဝင်စားသလို တစ်ယောက်တည်း ငေးငိုင်နေမိသည်သာ ဖြစ်၏။

ဝင်းကြည်တစ်ယောက် အဘယ့်ကြောင့် ဤသို့ ဖြစ်နေရသည်ကို သိသူကား တင်ရွှေသာ ဖြစ်လေသည်။

ဝင်းကြည်သည် ထိုညက အိမ်သို့မပြန်ဘဲ သမဂ္ဂမှာပင် အိပ်လိုက်လေ၏။ တရုပ်လပ်ဘက်တွင်နေသော တင်ရွှေကလည်း ဝေးလွန်းသည့်အတွက် မပြန်တော့ဟု ဆိုသဖြင့် ပေါက်သည့် နဖူး မထူးတော့ဟုဆိုကာ ဝင်းကြည်ကပါ သမဂ္ဂတွင် အိပ်နေလိုက်ခြင်း ဖြစ်သည်။

အစည်းအဝေးများ ကျင်းပပြုလုပ်ရာ စားပွဲရှည်ကြီးပေါ်တွင် ဝင်းကြည်နှင့် တင်ရွှေတို့ အိပ်ကြသည်။ တော်တော်နှင့် အိပ်မရကြသည့်အဆုံး ဆေးလိပ်ဖွာကာ စကားပြောကြသည်။ အမှန်စင်စစ်အားဖြင့် ဝင်းကြည်နှင့် စင်သီယာ၏ ရင်းနှီးသော ဆက်ဆံရေးကို အခြားသူငယ်ချင်းများနည်းတူ တင်ရွှေက သိသည်။ တစ်ဖန် ဤဆက်ဆံရေး၌ မပြေမပြစ် ဖြစ်ခဲ့ရသော အကြောင်းရင်းခံကိုလည်း တင်ရွှေက ကောင်းစွာသိလေသည်။

"မင်း ဘာတွေ ဦးနှောက်ခြောက်နေတာလဲ။ စင်သီယာ့အတွက်လား" ဟု တင်ရွှေက စမေးလိုက်၏။

ဝင်းကြည်က ဆေးလိပ်ကိုသာ နာနာဖွာရှူကာ ဘာမျှမပြောဘဲ ငြိမ်နေသည်။

"မင်းက အော်လံနဲ့ အော်နေတာကို ပထမတော့ ရပ်ကြည့်နေသေးတယ်ကွ။ နောက်မှသာ ဆောင့်ကြီးအောင့်ကြီးနဲ့ တံခါးပိတ်ပစ်တာ။ ဒီညီအစ်မကတော့ ခက်ပါ့ကွာ"

"အေးပေါ့။ ပိုပြီး ရှင်းရှင်းလင်းလင်း သိလာတာပေါ့။ သိပ်ဝမ်းနည်းစရာတော့ မဟုတ်ပါဘူး။ စင်သီယာ့အတွက် ငါ့စိတ်ထဲမှာ သိပ်တုန်တုန်လှုပ်လှုပ် မရှိတော့ဘူးကွ။ ငါကိုယ်ငါ ပိုင်းဖြတ်ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ပိုင်းဖြတ်တာလဲ။ မင်း သံယောဇဉ် မထားတော့ဘူး ဆိုတဲ့သဘောလား"

"ဒီမယ် တင်ရွှေ။ နဂိုကလည်း ငါတို့ရဲ့ ဆက်ဆံရေးဟာ ဘယ်လောက် ထူးထူးခြားခြား ဖြစ်တာလိုက်လို့ကွာ။ မင်းကလဲ"

"ငါ နားလည်ထားတာကတော့ မင်းတို့ တစ်ယောက်နဲ့တစ်ယောက် သိပ်အပေးအယူ ရှိနေကြပြီလို့ နားလည်ထားတာကိုးကွ။ နောက်ပြီး စင်သီယာတို့ မင်းတို့က ခင်မင်လာကြတာ ကြာပြီမဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ ငါ ဘာသံယောဇဉ်မှ မထားတော့ဘူး။ စင်သီယာ့ကို ငါ စကား အကုန်ပြောပြီးပြီ။ စင်သီယာကို ငါ ရိုးရိုးတန်းတန်း ခင်မင်တာ မှန်တယ်။ ငါ့ရဲ့အိမ်ထောင်ဖက် အဖြစ် ရွေးချယ်ဖို့ စိတ်ကူးထဲ ထည့်ခဲ့တာလည်း မှန်တယ်။ အဲဒါတွေ အကုန်လုံး အခု လုံးလုံး မရှိတော့ဘူး။ သူ့လမ်းသူသွား၊ ငါ့လမ်း ငါသွားပဲ"

တင်ရွှေက ဘာမျှမပြောဘဲ ငြိမ်ကျသွား၏။

အိပ်ပျော်သွားချေပြီလား၊ သို့တည်းမဟုတ် ငြိမ်သက်စွာ စဉ်းစားနေသည်လားတော့ မသိ။

× × ×

"ဟေ့ကောင်၊ အိမ်လေးဘာလေး ပြန်ဦး။ အမေက မင်းကို သိပ်ဒေါပွနေတယ်"

ထွန်းကြည်က လမ်းထိပ်တွင် ဆီးပြောသည်။ ဝင်းကြည်သည် အစ်ကို့မျက်နှာကိုကြည့်ကာ ဘာမျှမပြောဘဲ ခေါင်းညိတ် အဖြေပေးလိုက်၏။

ယနေ့နံနက် ထမင်းထုပ် ကောက်ရန်အတွက် ဈေးလမ်းထိပ်ရှိ လက်ဖက်ရည်ဆိုင်တွင် ထွန်းကြည်နှင့် သွားတွေ့နေမိခြင်း ဖြစ်လေသည်။ ထွန်းကြည်သည် အမေရိကန် ကာကီဘောင်းဘီ ရှည်၊ လေထီးစ စပို့ရှပ်၊ ပြောင်လက်သော ရှူးဖိနပ်များကို သားသားနားနား ဝတ်ဆင်ကာ စီးကရက် လက်ကြားညှပ်ရင်း လက်ဖက်ရည်ဆိုင်တွင် ထိုင်နေခြင်းဖြစ်၏။

"မင်းဘာသာမင်း လုပ်ချင်တာလည်း လုပ်ပေါ့။ အိမ်လေး ဘာလေးလည်း ပြန်ကပ်ဦးမှ ပေါ့" ဟု ထွန်းကြည်က ဆက်လက်ပြောပြန်သည်။ ထိုအချိန်အထိ ဝင်းကြည်သည် အစ်ကို ဖြစ်သူအား တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမရှိ။

ထိုအခိုက် ဈေးထိပ်နားတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်ကို တွေ့လိုက်ရသဖြင့် လူတွေ စုဝေးပြေးလွှားသွားရာ နောက်သို့ တင်ရွှေနှင့် ဝင်းကြည်သည်လည်း ထက်ကြပ်မကွာ လိုက်လာ ခဲ့၏။ ဈေးလမ်းနှင့် ကမ်းနားလမ်းထိပ်တွင် လူတော်တော်များများ စုဝေးလျက်ရှိ၏။ သူတို့သည် လူအုပ်ကြားသို့ တိုးဝှေ့၍ ဝင်ခဲ့၏။

မြင်လိုက်ရသော မြင်ကွင်းကား ဝင်းကြည်တို့ လူသိုက်အဖို့ ပါးစပ်အဟောင်းသား ဖြစ် လောက်အောင် အံ့အားသင့်စေသည်။ ကြက်သေ သေစေသည်။ လှုပ်ရှား ဟုန်ယင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို နယ်ချဲ့အစိုးရက ဖမ်းတယ်တဲ့။ ဖမ်းပါစေ။ ဖမ်းရုံမကဘူး၊ သတ်ပါစေ။ အဖမ်းခံရတာ၊ သေရတာဟာ အလံနီပဲ။ ဗြိတိသျှ နယ်ချဲ့အစိုးရရှေ့မှာတော့ ကျုပ်တို့ ဘယ်တော့မှ ဒူးထောက်လိမ့်မယ် မဟုတ်ဘူး"

ရဲရဲတောက် မိန့်ခွန်းပြောနေသူကား ကိုချစ်မောင်တည်း။ ကိုချစ်မောင်၏အနီးတွင် ဂေါ်ယာ စစ်ပုလိပ်နှစ်ယောက် ရပ်နေသည်။ ကိုချစ်မောင်၏ လက်နှစ်ဖက်စလုံးကို လက်ထိပ်ခတ်ထား သည်။ လက်နှစ်ဖက်ကိုမြှောက်ကာ၊ လှုပ်ကာ စကားပြောတိုင်း လက်ထိပ် သံကြိုးသံသည် တချွင်ချွင်မြည်လျက်ရှိသည်။ အလံနီပါတီဟူ၍ ကိုချစ်မောင်က ခွဲထောင်ခဲ့ပြီးနောက် မကြာမီ အလံနီပါတီကို မတရားသင်း ကြေညာခဲ့သည်။ 'တောဘက်မှာ အနေများတယ်' ဟု သတင်း ကြားထားရသော ကိုချစ်မောင်သည် ပါတီ မတရားသင်း ကြေညာခံရပြီးနောက် ၂ လမျှ မပြည့်မီ အချိန်အတွင်း လက်ထိပ်တန်းလန်းနှင့် အဖမ်းခံလာခဲ့ရလေပြီ။

ဝင်းကြည်ကို မှင်တက်မိသူပမာ ငေးစိုက်၍ ကြည့်နေ၏။ ကိုချစ်မောင်၏ တွန့်လိပ်သော ဆံပင်များသည် ငှက်သိုက်လို ရှုပ်ထွေး လိမ်ကောက်လျက်ရှိ၏။ ဟိုစဉ်က ပြည့်ပြည့်ဖြိုးဖြိုး ရှိခဲ့ သော ကိုချစ်မောင်၏ ခန္ဓာကိုယ်မှာ ယခု ပိန်လှီဖျော့တော့နေသည်။ လေအလာတွင် ယိမ်းထိုး ထပြိုတော့မည့်အလား ပိန်ကျသွားသော ကိုချစ်မောင်သည် သွားတွေကို တင်းတင်းကြိတ်၊ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ဆက်၍ တရားဟောပြန်၏။

"ကျုပ်တို့ ဂျပန်ကို တော်လှန်တာဟာ အင်္ဂလိပ်ကျွန် ပြန်ဖြစ်ဖို့ မဟုတ်ဘူး။ ကျုပ်တို့ မောပြည်ကို ကျွန်ပြုဖို့ ပြန်လာတဲ့ ဒီအင်္ဂလိပ် မျက်နှာဖြူ နယ်ချဲ့သမားတွေကို အစတုံးအောင် မောင်းထုတ်ရမယ်။ သူတို့ရဲ့ ဖိနှိပ်ချုပ်ချယ်ရေး အုပ်စိုးမှုကို ရစရာမရှိအောင် ဖျက်ဆီးပစ်ရမယ်။ ခရိုဂျက်တွေကို ဖျက်ရမယ်။ ဆန်တွေ လုရမယ်။ ဘာဖြစ်လို့လဲ သိလား။ ကျုပ်တို့ ပြည်သူတွေ ထမင်းမဝလို့၊ ငတ်လို့။ အဲဒါကြောင့် ကျုပ်တို့ကို ဖမ်းရင်လည်းဖမ်း၊ သတ်ရင်လည်း သတ်ပစေ၊ ကြောက်ဘူး။ မသေမချင်း ဒင်းတို့ကို တိုက်မယ်။ သေရတာ အလံနီ"

ကိုချစ်မောင်၏ အသံသည် တိမ်ကျသွား၏။ စစ်ပုလိပ် နှစ်ယောက်က တဖြည်းဖြည်း ပိုင်းလာသော လူအုပ်ကြီးကို ကြောက်ရွံ့လာသည့်အလား ကိုချစ်မောင်အား လက်ထိပ်တန်းလန်း ဖြင့် လူအုပ်အကြားမှ ဆွဲထုတ်ခေါ်ဆောင်သွားသောကြောင့်တည်း။

"သူက စကားနည်းနည်း ပြောပါရစေလို့ ခွင့်တောင်းပြီး တကတဲ တရားဟောတော့တာ ဗျ။ သတ္တိတော့ ကောင်းသဟေ့" ဟု အနားရှိ အဘိုးကြီး တစ်ယောက်က ထင်မြင်ချက်ပေးသည်။ လူအုပ်ကြီးလည်း တဖြည်းဖြည်း ရှဲသွားသည်။ ထင်မြင်ချက်တွေလည်း မျိုးစုံနေတော့သည်။

ဝင်းကြည်သည် စောစောက မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသော ကိုချစ်မောင် ရုပ်သွင်ကို တရေးရေး တစိမ့်စိမ့် သတိရနေမိ၏။ သူ့ရင်တွင်း၌ ဗလောင်ဆူနေ၏။ တော်လှန်ရေးကာလက လွယ်အိတ်ကလေးတစ်လုံးလွယ်ကာ ရွာစဉ်လျှောက်၍ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်မောင်၊ အငတ်ပြတ်ခံ အဆင်းရဲခံနိုင်သည်ဟု သူတို့က အသိအမှတ်ပြုထားသော ကိုချစ်မောင်။ ယခု ဤကိုချစ်မောင်ကား အလံနီဘ၀ဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရလေပြီ။

အလံနီ ကိုချစ်မောင်ကို ဖမ်းမိသွားပြီ ဟူသော သတင်းသည် မိုးဦးကျစ ကန်သင်းရိုး ကျိုးပေါက်သဖြင့် တိုးဝင်လာသော တက်ရေပမာ တစ်မြို့လုံးတွင် ချက်ချင်းဆိုသလို ပျံ့နှံ့သွားသည်။ နေရာတကာတွင် ဤအကြောင်းကို ပြောကြသည်။ အချို့က စိတ်မကောင်း ဖြစ်ကြသည်။ အချို့က သတ္တိကောင်းသည်ဟု ချီးကျူးကြပြီး၊ အချို့ကမူ မိုက်ရူးရဲတွေပါဟု ကဲ့ရဲ့ကြသည်။ မည်သို့ဆိုစေ အလံနီ ကိုချစ်မောင်ကို ဖမ်းမိသွားပြီ ဆိုသော သတင်းကား နည်းမျိုးစုံဖြင့် ဂယက် ရိုက်နေသည်သာ ဖြစ်လေသည်။

ဝင်းကြည်၊ စိုးသိမ်း၊ ဖုန်းမြင့်၊ တင့်အောင် စသော သူငယ်ချင်း လေးယောက်ကား ကိုချစ်မောင်ကို ရင်းရင်းနှီးနှီး သိထားကြသူများဖြစ်၏။ ကိုချစ်မောင်နှင့် အတူတွဲ၍ အလုပ်လုပ်ခဲ့ ကြဖူးသူများဖြစ်၏။ သို့မို့ကြောင့်လည်း သူတို့လေးယောက်သည် အခြားသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများထက်ပို၍ ကိုချစ်မောင်အတွက် ကြိတ်မနိုင် ခဲမရ ဖြစ်ကြ၏။ ဖက်ဆစ်တော်လှန်ရေး ကြီးအတွင်း ရှုပ်ရှုပ်ချွံချွံ လုပ်ကိုင်ခဲ့သော ရဲဘော်တစ်ဦးကို အင်္ဂလိပ် အစိုးရက အကျဉ်းထောင် အတွင်း ထည့်လိုက်လေပြီ။

အခြေအနေတွေ ဘယ်နည်းဘယ်ပုံ ပြောင်းလဲဦးမည်နည်း။ ပို၍ ကောင်းလာမည်လော ပို၍ ဆိုးမည်လော စသည်ဖြင့် တွေးကြည့်သည်။ တွေးလေ ရှုပ်ထွေးလေ ဖြစ်လာရသည်။ ပြည်သူ့ ရဲဘော်တွေနှင့် ကိုတင်သိန်း၏ တပ်နီတွေ စင်ပြိုင်ဖြစ်နေကြသည်။ ရန်စောင်သလိုလည်း ဖြစ်နေ သည်။ အပြိုင်အဆိုင် စစ်သင်တန်းဆင်းကာ၊ အပြိုင်အဆိုင် တရားဟော အလှူခံနေကြသည်။ ဆိုရှယ်လစ်ပါတီကား လမ်းဘေးဈေးဆိုင်တွေကို စည်းရုံးကာ၊ လမ်းဘေးဈေးသည်များ အစည်း အရုံး အဖွဲ့အစည်းသစ်ကို တိုးချဲ့ဖွဲ့စည်းနေသည်။ သုံ့ကြိုင် ရောက်စဉ်က စောကျော်သန်း ပြော လိုက်သည့်အတိုင်းပင် ကရင်အမျိုးသားတွေ အချင်းချင်း ကွဲပြဲမှုမှာလည်း ရပ်တန့်သည်မရှိသေး။ တစ်နေ့တခြား ပိုမိုဆိုးရွားလျက်ရှိသည်။

သို့ရာတွင် အမှုထမ်း၊ အရာထမ်းပေါင်းစုံတို့ သပိတ်မှောက်ကြပြီးနောက် တစ်လအကြာတွင် သပိတ်သည် အောင်ပွဲခံရပြန်သဖြင့် သူတို့အဖို့ စိတ်သက်သာရာ ရလာကြပြန်သည်။ အမှုထမ်း အရာထမ်း ပေါင်းစုံတို့၏ အထွေထွေ သပိတ်ကြီးက တင်ပြထားသော တောင်းဆိုချက်အားလုံးကို အင်္ဂလိပ် အစိုးရက လိုက်လျောလိုက်ရလေပြီ။ စက္ကူဖြူ စီမံကိန်း ဖျက်သိမ်းရေးနှင့် လွတ်လပ်ရေး ကို အသိအမှတ်ပြုရေး ဟူသော တောင်းဆိုချက်များကား နိုင်ငံရေးဆိုင်ရာ တောင်းဆိုချက်များသာ ဖြစ်သည့်အတွက် ဖဆပလ အဖွဲ့ကြီးက ဆက်လက် တာဝန်ယူ ဆောင်ရွက်သွားရန် သပိတ် ခေါင်းဆောင်တွေက သဘောတူညီကြသည်ဟုလည်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်း၊ အရာထမ်းများ၏ သပိတ်ကြီး အောင်မြင်သွားရသည့်အတွင် ဝင်းကြည်တို့ လူသိုက်မှာ အားရမြူးထူးကြရပြန်သည်။

တွေ့ကြုံရင်ဆိုင်နေရသော အဖြစ်အပျက်များတွင် စိတ်လှုပ်ရှားစရာတွေ၊ ကြေကွဲဝမ်းနည်းစရာတွေ ပါသလို၊ ကြည်နူး ဝမ်းမြောက်စရာတွေလည်း တွဲ၍ ပါလာတတ်သေး၏။ ယခု ဤသပိတ်အောင်ပွဲကြောင့် သူတို့ ပျော်ရပြန်သည်။ ကြည်နူးဝမ်းမြောက်ရပြန်သည်။ စာသင်ခန်းဆီသို့ ပြန်သွားကြရဦးတော့မည်။

## အခန်း ၂၃

ကျောင်း၏ စာသင်ခန်းများဆီသို့ အာရုံ စူးစိုက်ပြန်ပြီ ဆိုသောအခါ အမေသည် စိတ်ပြေသလို ဖြစ်လာပြန်၏။

ဝင်းကြည်က အမေ့သဘောအတိုင်း လိုက်လျောဖို့ ကြိုးစားရပြန်သည်။ အမေ့အတွက် ကူညီလုပ်ကိုင်ပေးသည်။ အမေ့ဆိုင်ကို နံနက်စောစော ဖွင့်ပေးကာ ညစဉ် ပိတ်ပေးသည်။ ခါတိုင်း လိုပင် ဆိုင်မှာ စောင့်အိပ်သည်။ ဆိုင်အတွက် အမေ လိုချင်သော ပစ္စည်းတွေကို လိုက်လံဝယ်ယူပေးသည်သာမက ကိုယ်တိုင်ကိုယ်ကျ ထမ်းပိုးသယ်ယူပေးသည်။

အမေသည် ဝင်းကြည်ကို အခိုက်အတန့်အားဖြင့် ကျေနပ်သလို ဖြစ်နေလေ၏။ "သူ လုပ်ချင်ရာတွေသာ လျှောက်လုပ်နေတာ။ ဒီကောင်က အိမ်အတွက်တော့ သိတတ်တယ်။ ဉာဏ်ကလည်း ကောင်းတယ်။ ကြည့်ပါလား။ တစ်နှစ်လုံး စာမကျက်ဘဲနဲ့လည်း ခြောက်တန်း အောင်သွားသေးတယ်။ အောင်ရင်သာ အောင်ရမယ်၊ စာကောင်းကောင်းကျက်တာကို မတွေ့ရဘူး" ဟု အမေက ပြောကြောင်းဖြင့် ဆရာဦးတင်က ဝင်းကြည်ကို ပြန်ပြောလေသည်။

ဆရာဦးတင်သည် ခြောက်တန်းနှင့် ခုနစ်တန်းတွင် မြန်မာစာပြဆရာ ဖြစ်၏။ မျိုးချစ်စိတ်ရှိသော ဆရာ၊ ဝင်းကြည်တို့ လုပ်သမျှကို တစ်ကျောင်းလုံးတွင် ဒိုင်ခံ ကာကွယ်သော၊ ဝင်းကြည်ဘက်မှ ထာဝစဉ်ရပ်တည်သော ဆရာလည်း ဖြစ်၏။ တစ်ခါတစ်ရံ မိဘနှင့် အဆင်မပြေဖြစ်နေသော တပည့်တပန်းများအတွက် ကိုယ်တိုင်ကိုယ်ကျ ဝင်၍ ဖေ့စပ်ပေးတတ်၏။ သို့မို့ကြောင့်လည်း ဆရာ့ကို ကျောင်းသားတွေက ချစ်မြတ်နိုးကြသလို မိဘတွေကပါ လေးစားကြည်ညိုကြ၏။

"မင်းကလည်း မိဘအပေါ် ဝတ္တရားမပျက်စေနဲ့ပေါ့ကွာ။ မင်းတို့ လုပ်နေတာတွေကို နားမလည်တော့ မင့်အမေက စိတ်ဆိုးတဲ့အခါလည်း ဆိုးမပေါ့။ ဒါပေမဲ့ ခဏပါကွာ။ မိဘဟာ သားသမီးအပေါ် တစ်သက်လုံး စိတ်ဆိုးလို့ မရပါဘူး။ ကိုယ် စိတ်ထက်သန်ရာကိုလည်း လုပ်၊ မိဘကိုလည်း ပစ်မထားနဲ့" ဟု ဆရာက ဆုံးမလေသည်။

ဝင်းကြည်သည် ကျောင်းစာ၌ ပြန်၍ အာရုံစူးစိုက်ရပြန်၏။ ကျောင်းဆင်းချိန်တွင် ကစား

www.burmeseclassic.com



ခုန်စား လေ့ကျင့်ခန်းတွေ လုပ်ကြပြီးနောက် ညဦးပိုင်း၌ အချင်းချင်း စာတွေ ပြန်၍ နွှးကြသည်။ သချာည့်သော ဝင်းကြည်ကို သချာတော်သော စိုးသိမ်းနှင့် တင့်အောင်တို့က ပြပေးပြီ၊ ဝင်းကြည်က မြန်မာစာနှင့် ရာဇဝင်ကို ပြန်၍ သင်ကြ၊ နှီးနှောကြသည်။ သို့ဖြင့် သူတို့လောကတွင် သာယာ စိုပြည်လာကြရပြန်သည်။

ကျောင်း၏ စာသင်ခန်းအတွင်းသို့ စိတ်အေးလက်အေး ပြန်ဝင်လာရပြီ ဆိုသောအခါ ဝင်းကြည်သည် စင်သီယာနှင့် တွေ့မြဲသာဖြစ်၏။ စင်သီယာနှင့် နေ့စဉ်လိုလို မျက်နှာချင်းဆိုင်မိ ကြစမြဲသာဖြစ်၏။ သို့သော် သွားရင်းလာရင်း၊ အတန်းထဲသို့ ဝင်ရင်းထွက်ရင်း၊ မတော်တဆ ကြုံကြိုက်၍ တွေ့ကြ မျက်နှာချင်းဆိုင်မိကြခြင်းမျှသာ ဖြစ်သည်။ တစ်ခါတစ်ရံ လူပြတ်သော ကော်ရစ်ဒါထောင့်တစ်ခုခုတွင် အမှတ်မထင် တွေ့တတ်ကြ၏။ သို့သော် တစ်ယောက်နှင့်တစ် ယောက် စကားမပြောကြ။ မျက်စိချင်း မဆုံစည်းမိအောင် နှစ်ယောက်စလုံးက ကြိုးပမ်းနေကြသည့် သဘောလည်း ဖြစ်လေသည်။

သို့ကလိုပင် ယနေ့နံနက် ကျောင်းသို့အရောက် မြောက်ဘက် ကော်ရစ်ဒါမှ ချိုးအကွေ့တွင် ဝင်းကြည်သည် စင်သီယာနှင့် အမှတ်မထင် မျက်နှာချင်းဆိုင် သွားတွေ့နေမိ၏။ သူက မျက်လွှာ ကို အောက်ချလိုက်သည်။ စင်သီယာကလည်း မျက်လွှာကို အောက်ချလိုက်သည်။ စင်သီယာ၏ ဖိနပ်သံမှာ ပို၍ ပြင်းလာသည်။ သည်လိုနှင့် တစ်ယောက်နှင့်တစ်ယောက် ကျောခိုင်းလာခဲ့ကြ သည်။

အတန်းတွင်း၌ ဝင်းကြည်သည် ဝင်ထိုင်လိုက်၏။ ဝင်းမောင်သည် သူ့ခုံကိုဖွင့်ကာ စာ တစ်စောင် ရေးနေ၏။ သူ စာရေးပုံကို ကြည့်ခြင်းအားဖြင့် ရည်းစားစာ ရေးနေခြင်းဖြစ်ကြောင်း သိသာလှသည်။ အတန်းထဲမှ မိန်းကလေးတိုင်းလိုလိုကို မထိတထိစကား၊ မထိတထိစာတွေ ရေးတတ်၏။ သို့ကလို မထိတထိ စာရေးပြီဆိုလျှင် ဝင်းမောင်သည် ရိုးရိုးတန်းတန်း ခုံပေါ်၌ တင်မရေး။ ခုံအတွင်းသို့ ချရေး၏။ ခုံ၏အဖုံးကို ပတ္တာအဆုံးတွင် ဖွင့်ထောင်ထားလေ့ရှိ၏။ ထို့ နောက် သေသပ်ကျနစွာ ခွဲထားသော ဘိုကေပါသည့် သူ့ဦးခေါင်းကို ခုံအတွင်း၌မြှုပ်ကာ တကုံးကုံး ရေးလေတော့သည်။

လှကြည်သည် စာကြည့်တိုက်မှ ထုတ်ယူလာသော ဘောလုံးကို အတန်းအုတ်နံရံနှင့် ပေါက်လိုက် ဖမ်းလိုက် လုပ်နေ၏။ သူကလည်း တစ်ခါတစ်ရံ မျက်စိနောက်စရာကောင်းလောက် အောင် ဆော့တတ်သည်။ ယခုလည်း အများတကာ၏ ခေါင်းပေါ်မှကျော်၍ ဘောလုံးကို နံရံသို့ မြှောက်ပစ်ကာ ဂိုးဖမ်းလေ့ကျင့်နေ၏။ မစန်းတင့်ကား ရှေ့ခုံတန်းရှိ သူ့နေရာတွင်ထိုင်ကာ စာကြည့် နေ၏။ လှကြည် ပစ်လိုက်သော ဘောသည် လမ်းချော်သွားလေသလား၊ တမင်ပင် ချိန်ရွယ်၍ ပစ်လေသလား မသိ၊ နံရံကိုထိကာ ပြန်အကျတွင် လှကြည်ဆီသို့ မလာတော့ဘဲ စာကျက်နေသော မစန်းတင့်၏ ဦးခေါင်းကို တိုက်ရိုက် ထိမှန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မစန်းတင့်သည် နောက်သို့ လှည့်ကြည့်၏။ မျက်နှာတစ်ခုလုံး နီရဲကာ ဒေါသထွက်နေ၏။ ထို့နောက် ထိုင်ရာမှထလျက် "ဆရာကြီး သွားတိုင်မယ်" ဟု ဆောင့်ကြီးအောင့်ကြီးပြောကာ လျင်မြန်စွာ ထွက်လာခဲ့သည်။ သို့သော် မစန်းတင့်က ဒေါသတကြီး လျှောက်ထွက်လာရင်း ဝင်းမောင် ထောင်ထားသော ခုံအဖုံးကို ဂုန်းခနဲ ဆောင့်ပိတ်ချလိုက်ရာ ခုံအတွင်း၌ ငုံ့၍ စာရေးနေသည့် ဝင်းမောင်၏ခေါင်းပေါ်သို့ ခုံအဖုံးက ဒုန်းခနဲမြည်အောင် ထိမှန်လေတော့သည်။

"အောင်မယ်လေးဗျ၊ အလာလာ သေပါပြီကွာ"

ဝင်းမောင်သည် အသံကုန် အော်ဟစ်ရင်း ခေါင်းကို ခုံအဖုံးအောက်မှ ဆွဲထုတ်ကာ ပွတ်သပ်နေလေရာ အားလုံး ဝင်းမောင်တစ်ယောက် မဆီမဆိုင် ခံလိုက်ရပုံကို ကြည့်ကာ တဟားဟား ဝိုင်းရယ်ကြသည်။ လုကြည်ကား လစ်လေပြီ။

ယင်းအခိုက် မစန်းတင့်သည် အတန်းထဲသို့ ပြန်ရောက်လာ၏။ သူ ဆောင့်ကြီးအောင့်ကြီး ဖြင့် ခုံအဖုံးကို ရိုက်ချခဲ့သည့်အတွက် ဝင်းမောင်ခေါင်း ထိသွားကြောင်း သိသော်လည်း မည်သို့မျှ မဖြစ်သလိုပင် သူ့နေရာတွင် ပြန်ထိုင်နေလေ၏။ ဒေါသအရှိန်ကလည်း ပြေဟန်မတူသေး။

သူ့ကို မစန်းတင့်က ဝန်ချတောင်းပန်လေမည်လားဟု မျှော်လင့်တောင့်တနေခဲ့သော ဝင်းမောင်သည် မတောင်းပန်သည်သာမက တစ်ချက်မျှ ငဲ့စောင်းကြည့်ဖော်ပင် မရသော မစန်းတင့် ကြားလောက်အောင်

"ကြားကဝက်တစ်ယောက်မှာတော့
အမြင်မနိုပ်ပါသလေ၊
ငယ်ထိပ်တွင် ဖူးရောင်ထပေမယ့်
ရွှေစိတ်ဘဝင် မြူးမကြွသူရဲ့၊
မျက်နှာတော်ညိုအလှကိုဖြင့်၊

အလိုဗျာ မျက်နှာတော်ညို အလှကိုဖြင့်" ဟု လက်တန်း ငိုချင်းချနေစဉ် ဆရာကြီး သည် အတန်းပေါက်ဝသို့ ဗြုန်းခနဲ ရောက်လာလေရာ ပုဆိုးစ တစ်ဖက်ဆွဲလျက် မင်းသားဟန်ဖြင့် ငိုချင်းချနေသော ဝင်းမောင်မှာ ပါးစပ်အဟောင်းသား ဖြစ်နေရလေ၏။

"ဟေ့ ဝင်းမောင် လာခဲ့စမ်း"

"ဆ ဆရာကြီး ကျွန်တော် မ မဟုတ်"

"ရုံးခန်းရောက်မှရှင်း၊ လာ ရုံးခန်းကို လိုက်ခဲ့"

ထိုသို့ပြောကာ ဆရာကြီးသည် ရှေ့ကထွက်သွားနှင့်ရာ ဝင်းမောင်လည်း အူကြောင် ကြောင်ဖြင့် လိုက်သွားရလေတော့သည်။ အတန်းထဲတွင် ရှိသူအားလုံးမှာ ဆရာကြီး လာခိုက်သော ငြိမ်ကျသွားသော်လည်း ဘုမသိ ဘမသိ လိုက်သွားရသော ဝင်းမောင်ကိုကြည့်ကာ ပြုံးစိစိဖြင့် ကျန်ရစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဝင်းမောင် ပြန်ရောက်လာသည်။

"ဘယ်ရမလဲကွ။ မဟုတ်တာလုပ်ရင် ဝင်းမောင်တို့က ဆရာကြီးလည်း မခံဘူး။ ဘယ်သူ့မှ မခံဘူး"

ဝင်လာလာချင်း ဝင်းမောင်သည် ဒေါကြီးမောကြီး ကြိမ်းနေလေ၏။

"ဘယ်လို ဖြစ်သွားသလဲ" ဟု သူ့ကို ဝိုင်းမေးကြသည်။

"ဘယ်လိုဖြစ်ရမလဲကွ၊ ဘောလုံးနဲ့ပေါက်တာ ငါလို့ထင်ပြီး ကြိမ်းတာပေါ့။ ငါ မဟုတ်ကြောင်း ရှင်းပြလိုက်ရတယ်။ တိုင်တဲ့လူကလည်း ဘယ်လို သွားတိုင်မှန်း မသိဘူး။ ဘောလုံးနဲ့ ဆော့နေတာက လူကြည်ပါ ဆိုတော့မှ လူကြည်ကို ခေါ်ခိုင်းပြီး ပွတ်လောကို ထနေတာပဲ ဆူလိုက်တာ"

"ဒါဖြင့် မင်း လွတ်လာတာပေါ့ ဟုတ်လား"

"ဘယ်လွတ်မလဲကွ၊ အတန်းကြီးသမား ဖြစ်ပါရက်နဲ့ အတန်းထဲ မိန်းကလေးတွေရှေ့မှာ ပုဆိုးစွန်တောင်ဆွဲပြီး ကရကောင်းလား၊ အရှက်မရှိဘူးလားနဲ့ ငါ့ကိုပါ ဆက်ဆူတာပဲ"

တင့်အောင်က ဆက်၍ စလိုသော သဘောဖြင့်

"စောစော မင်းဆိုတဲ့ ဝိုချင်းက ဘယ်ဇာတ်ထဲကလဲကွ။ အောင်မောင်းလား၊ တလိုင်းစိန်လား။ ကောင်းတယ်ကွာ။ ထပ်ဆိုပြစမ်း" ဟု နိုင်းပြန်ရာ ဝင်းမောင်က ရှုသိုးသိုးလုပ်ရင်း

"တော်စမ်းပါကွာ။ ခေါင်းဖုသွားရတဲ့အပြင် ဒီသောက်ဝိုချင်းကြောင့် အဆူပါခံလိုက်ရသေး"

ဝင်းမောင်၏ ဖြစ်အင်ကိုကြည့်ကာ အားလုံးက ဝိုင်းရယ်ကြသည်။ မစန်းတင့်မှာလည်း ဣန္ဒြေမဆည်နိုင်တော့ဘဲ ရယ်နေလေ၏။ ဝင်းကြည်ကား သူငယ်ချင်းတစ်သိုက်၏ အကြားတွင် ရယ်ရယ်မောမောရှိရပြန်သည်။

× × ×

၁၉၄၇ ခုနှစ်၏ ဇန်နဝါရီလသည် နှင်းမှုန်တွေ တဖွဲဖွဲ တဝေဝေ ကြွေကျနေသော လပင် ဖြစ်၏။

ဤလမှာပင် ဒုတိယမြောက် အထွေထွေ သပိတ်ကြီး ပေါ်ပေါက်ခဲ့ပြန်သည်။ အမှုထမ်း အရာထမ်းများ၊ အလုပ်သမားများသာမက ကျောင်းသားတွေပါ ဤသပိတ်တွင် အလုံးအရင်းဖြင့် ပါဝင်လာလေသည်။ လဆန်းပိုင်းကစ၍ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် အရေးဆိုရန် အင်္ဂလန်သို့ ထွက်ခွာသွားသော ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသည့် ကိုယ်စားလှယ် အဖွဲ့ကို အလုံးအရင်းနှင့် ထောက်ခံအားပေးသော သပိတ်လည်း ဖြစ်သည်။

သပိတ်မှောက်ကြသူတိုင်းတွင် တောင်းဆိုချက်ကိုယ်စီ ပါကြစမြဲဖြစ်၏။ အမှုထမ်းများ အလုပ်သမားများက လုပ်ခ လစာ တိုးပေးရန်နှင့် အလုပ်ချိန် လျှော့ချရန် တောင်းဆိုကြသလို ကျောင်းသားတွေကလည်း ကင်းဗဲလ် အစီရင်ခံစာ အလိုမရှိ၊ ကိုလိုနီပညာရေးစနစ် အလိုမရှိဟု

www.burmeseclassic.com

www.burmeseclassic.com



ကြွေးကြော်ကြသည်။ သို့သော် လွတ်လပ်ရေးပေးလော့ ဟူသော တောင်းဆိုချက်ကား ဟညီတညွတ်တည်းသော၊ တစ်ခဲနက် ပေါ်ထွက်လာသော တောင်းဆိုချက်ပေတည်း။

မအူပင်တွင် သပိတ်မှောက်သော ကျောင်းသားအားလုံးသည် မြို့လယ်ကျောင်း ဘုရားကြီးတန်ဆောင်းအတွင်း၌ သပိတ်စခန်း လုပ်လိုက်၏။ သပိတ်မှောက် ကောင်စီကိုလည်း ဖွဲ့လိုက်၏။ စိန်ဝင်းက ဥက္ကဋ္ဌ၊ စိုးသိမ်းက အတွင်းရေးမှူး ဖြစ်ပြီး၊ ဝင်းကြည်၊ ဖုန်းမြင့်၊ တင့်အောင်၊ မြမော်၊ ဝင်းမောင် စသူတို့မှာ ကောင်စီဝင်များ ဖြစ်ကြသည်။ ခရိုင်အတွင်းရှိ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူတို့တွင်လည်း သပိတ်မှောက်လိုက်ပြီဖြစ်ကြောင်း သံကြိုးရောက်လာသည်။ မအူပင်မြို့နယ်အတွင်းမှ ကျေးရွာတွေ ကျန်သေးသည်။ ကျေးရွာတိုင်းမှ ကျောင်းတိုင်း ဤသပိတ်ကြီးတွင် ပါဝင်ရန်လိုသည်။ ထို့ကြောင့် မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ စည်းရုံးရေး သပိတ်မှောက်ရန် လှုံ့ဆော်ရေးအတွက် အမှုဆောင်တွေ နယ်ဆင်းကြရမည်။

တကယ်ဆိုရလျှင် ဝင်းကြည်သည် စည်းရုံးရေးမှူး ဖြစ်သည့်အတွက် ဤတာဝန်ကို ဦးစွာပထမ ထမ်းဆောင်ရမည်သာ ဖြစ်၏။ သို့သော် မြို့ပေါ်တွင် လည်းကောင်း၊ သပိတ်စခန်းတွင် လည်းကောင်း အချိန်ပြည့်ရှိနေရန် လိုအပ်သဖြင့် နယ်သို့ အခြားသော အမှုဆောင်တွေကို လူစုခွဲကာ ဆင်းစေပြီး သူကိုယ်တိုင်ကမူ စိုးသိမ်းတို့နှင့်အတူ ကျန်ရစ်လေသည်။

မအူပင်မှ တိုးမြစ်ရိုးအတိုင်း တောင်ပိုင်းသို့ဆင်းရန် တာဝန်ကျသော ဝင်းမောင်ကို သုံးကြိုင်ရောက်လျှင် အေမမူ့ထံပေးရန် စာတစ်စောင် ရေးပေးလိုက်သည်။ စာထဲတွင် ယခုအခါ အထွေထွေ သပိတ်ကြီး မှောက်နေကြောင်း၊ သပိတ်၏ အဓိက ရည်ရွယ်ချက်မှာ မြန်မာပြည် လုံးဝလွတ်လပ်ရေး ရရှိရန်သာ ဖြစ်ကြောင်း၊ အေမမူ၏ ကျောင်းတွင်လည်း အလားတူ သပိတ်မှောက်ရန် လိုအပ်ကြောင်း၊ ဝင်းမောင်ကို အစစအရာရာ ကူညီရန် စောကျော်သန်းအား ပြောပြပါမည့်အကြောင်း အကျယ်တဝင့် ရှင်းလင်းရေးထားသည်။

သပိတ်စခန်း ပြုလုပ်ထားသည့် မြို့လယ်ကျောင်း တန်ဆောင်းကြီးအတွင်း၌ သပိတ်မှောက် ကောင်စီဝင်အားလုံးနှင့် သပိတ်မှောက် ကျောင်းသား၊ ကျောင်းသူတွေ စုနေကြသည်။ တင်မာကြည်၊ ငြိမ်းငြိမ်းနှင့် ညွန့်ညွန့်တို့က မိန်းကလေးတွေကို တာဝန်ယူ အုပ်ချုပ်သည်။ မိန်းကလေး အားလုံးလိုလို ပါသော်လည်း စင်သီယာ တစ်ယောက်ကား မပါချေ။

စင်သီယာသည် သပိတ်စခန်းသို့ မလာချေ။ သပိတ်မှောက်ရန် ကျောင်းမှ ထွက်ခွာလာကြသော နေ့ကလည်း အတန်းထဲတွင် တစ်ယောက်တည်း ထိုင်နေရစ်ခဲ့သည်။ ကျောင်းတက်သူမရှိသည့်အတွက် နောက်ရက်များတွင် ကျောင်းမတက်သော်လည်း ဆရာတစ်ယောက်၏ အိမ်တွင် အလွတ်သင်တန်း သွားတက်နေသည်ဟု သတင်းကြားရသည်။ သူ မှန်သည်ထင်၍ လုပ်နေခြင်းကို ဝင်းကြည်က မည်သို့ ဝင်ရောက်ပြောဆိုရန် အကြောင်းရှိတော့သနည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဖိုးဝင်းကြည်၊ မင့်စင်သီယာက တို့ဆီကို ခြေဦးတောင် မလှည့်ပါလားကွ။ ဘယ့်နှယ်လဲ"

တင်မာကြည်က ဝင်းကြည်ကို မထိတထိ နောက်သည်။

"ခင်ဗျားတို့ကမှ ပါအောင် မစည်းရုံးနိုင်ဘဲကိုး"

ဝင်းကြည်က သို့ကလို နှုတ်လှန်ထိုးလိုက်၏။

"အောင်မာ မင်းက မသိဘဲနဲ့။ တို့က စည်းရုံးပ့ါ၊ ချော့ပါ့ကွာ။ ကျောင်းကနေ တန်းစီမထွက်ခင် သူ့ကို အတန်တန် ခေါ်ပါတယ်။ ဒါတွေဟာ ကျွန်မတို့နဲ့ မဆိုင်ပါဘူးတဲ့။ ကဲ ပြောပုံက"

တင်မာကြည်က ဤသို့ ပြန်ပြောသောအခါ ဝင်းကြည်မှာ ထူးလျက်နှင့် မဆန်းဆိုရမည့် ဇာတ်ကြောင်းတစ်ခုကို ပြန်ပြောင်း နားထောင်နေလိုက်ရ၏။

"ဒါပေါ့ဗျာ။ သူတို့နဲ့ ဘယ်တိုင်မတုံး။ ဒီလိုနဲ့ပဲ တစ်သက်လုံး သွားနေတော့မယ် ထင်တာပဲ။ အဖတ်ဆယ်လို့ရမှာ မဟုတ်တော့ဘူး"

"အို၊ မင်းကလည်း စိတ်လျှော့လှချည်လားကွ။ ဒီလောက်လည်း မလုပ်ပါနဲ့လေ။ ယောက်ျားပဲ"

ဝင်းကြည်က တင်မာကြည်၏ စကားကို နားထောင်ရင်း ယဲ့ယဲ့မျှသာ ပြုံးနေမိ၏။ တင်မာကြည်က တကယ်အားပေးခြင်းလား၊ လှောင်ပြောင်ခြင်းလား ဆိုသည်ကိုပင် ခွဲခြား စဉ်းစားရန် အလိုမရှိတော့။

စင်သီယာ၏ အပြုအမူများသည် တစ်နေ့တခြား ဆိုးရွားလာသည် ဟူ၍လောက်သာ မှတ်ယူထားလိုက်၏။ စင်သီယာသည် သူ နေထိုင်ကျင်လည်ရသော လူ့အလွှာနှင့် ပတ်ဝန်းကျင်၏ အခွင့်အရေး မှန်သမျှကို မလွှတ်တမ်း အသုံးချနေခြင်းသာ ဖြစ်ပေ၏။ သူ့အမြင်အရမူ သူ၏ လုပ်ပုံကိုင်ပုံများ အားလုံးမှာ မှန်ကန်နေပေလိမ့်မည်။ ဝင်းကြည် အဖို့ကား စင်သီယာနှင့် ပတ်သက်လာလျှင် ပွဲကြည့်ပရိသတ်များ အနက်မှ တစ်ယောက်သော ပွဲကြည့်သူ အဖြစ်၌သာ ရှိနေလိမ့်မည်။

သပိတ်စခန်းအဖြစ် လုပ်ထားသော မြို့လယ်ကျောင်း ဘုရားတန်ဆောင်းကြီးမှာ လွန်စွာ ကျယ်ဝန်းလှသည်။ တန်ဆောင်းကြီး တစ်ခုလုံးကသာ ကျယ်ဝန်းသည်သာ မကသေး၊ တန်ဆောင်း အတွင်းရှိ စကြသီဟ ရုပ်ပွားတော်ကြီးကလည်း ခမ်းနား ကြီးကျယ်လှပါသေးသည်။ အဆိုပါ ရုပ်ပွားတော်ကြီး၏ ပတ်ပတ်လည်တွင် သပိတ်မှောက် ကောင်စီဝင်များ၊ သပိတ်ကျောင်းသားများ အိပ်စက်ကြသည်။ ရုပ်ပွားတော်ကြီးဆီသို့ ဝင်နိုင်ရန်အတွက် ဘီးလတ် တံခါးတစ်ခု ရှိနေသေးရာ ညဘက်ဆိုလျှင် ဤဘီးလတ်တံခါးကို သော့ခတ်ထားနိုင်သေးသဖြင့် သပိတ်မှောက်ကောင်စီနှင့် သပိတ်သမားများ၏ အစည်းအဝေးပွဲတွေ ဆွေးနွေးပွဲတွေကို လုံခြုံ စိတ်ချစွာ ကျင်းပနိုင်လာသည်။

သပိတ်သမားများသာမက တစ်မြို့လုံးကလည်း စိတ်ဓာတ်တက်ကြွလျက် ရှိသည်။ ဤသပိတ်မှာ ဖ.ဆ.ပ.လ အတွင်း၌ ရှိနေသေးသော ကွန်မြူနစ်ပါတီနှင့် ဆိုရှယ်လစ် ပါတီတို့က

www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်း ဦးစီးသော သပိတ် ဖြစ်သဖြင့် ပို၍ ထိရောက်စူးရှသော သပိတ်ဖြစ်သည်။ တစ်မျိုးသားလုံး လွတ်လပ်ရေးအတွက် ဟူသော အသိတရားက လွှမ်းမိုးချုပ်ကိုင်ထားခြင်း ခံရသည့် သပိတ်လည်း ဖြစ်သည်။

သပိတ်မှောက် ကောင်စီ၏ လှုပ်ရှားမှုအစည်းအဝေးကို ရုပ်ပွားတော်ကြီး၏ ကျောဘက်တွင် ကျင်းပလေ့ရှိသည်။ ထိုသို့ ကျင်းပသောအခါ ရုပ်ပွားတော်ကြီး၏ မျက်နှာစာဘက်ရှိ ဘီးလတ်တံခါးကြီးတွင် အလှည့်ကျ အစောင့်ချထားသည်။

စိုးသိမ်းသည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဌာနချုပ်မှ ရောက်ရှိလာသည့် လှုပ်ရှားမှု ညွှန်ကြားချက်များကို ယင်းအစည်းအဝေးတွင် တင်ပြ၏။

"ကျွန်တော်တို့ ဗမာပြည်ကို လွတ်လပ်ရေးပေးဖို့အတွက် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဘိလပ်မှာ အရေးဆိုနေတယ်။ ကျွန်တော်တို့ သပိတ်ရဲ့ ရည်ရွယ်ချက်က သာမန်အားဖြင့် ကိုယ်နဲ့စပ်ဆိုင်တဲ့ တောင်းဆိုချက်တွေကို တင်ပြတောင်းဆိုပေမယ့် အဓိကအားဖြင့်တော့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လွတ်လပ်ရေး တောင်းဆိုချက်ကို အင်အားပြ ထောက်ခံဖို့ပဲ ဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ လိုအပ်ရင် အသုံးပြုနိုင်အောင် စစ်ပညာတွေ သင်ထားရမယ်။ လက်နက်စုဆောင်းထားရမယ်။ ဒါဟာ ရေရှည်လုပ်သွားရမယ့် အစီအစဉ်ပဲ"

သပိတ်မှောက် ကောင်စီဝင် အားလုံးသည် စိုးသိမ်း၏ ရှင်းပြချက်တွေကို တစ်လုံးတစ်ပါဒမကျန် မှတ်သားနေကြသည့်အလား အာရုံစူးစိုက်နေကြ၏။

"ရှင်းရှင်းပြောရရင် ဒီသပိတ်ဟာ ဥပဒေ ဘောင်အတွင်းက လွတ်လပ်ရေး တောင်းလိုက်တာပဲ။ ဥပဒေ ဘောင်အတွင်းက တောင်းလို့ရရင်ရ၊ မရရင် ရတဲ့နည်းနဲ့ တောင်းဖို့၊ ဥပဒေပြင်ပကနည်းနဲ့ ရအောင်လုပ်ဖို့ အသင့်ပြင်လိုက်တဲ့ သပိတ်ပဲ။ ဒါကို ကျွန်တော်တို့ ရွှဲရွှဲမြဲမြဲ သတိချပ်ဖို့လိုပါတယ်။ အဲဒီတော့ အထက်က ကျွန်တော် ပြောခဲ့တဲ့ သပိတ်ရဲ့ အဓိက ရည်ရွယ်ချက်ကို အကောင်အထည် စဖော်ဖို့ ကျွန်တော်တို့ ကြိုးပမ်းရမယ်။ ဒီရည်ရွယ်ချက်အတိုင်း တစ်နိုင်ငံလုံးမှာ ပြင်ဆင်ကုန်ကြပြီ။ ကျွန်တော်တို့က နောက်ကျန်နေရစ်လို့ မဖြစ်ဘူး"

စိုးသိမ်းက အစီအစဉ်တစ်ရပ် တင်ပြသည်။ စစ်ပညာ လက်တွေ့သင်တန်း၊ စစ်ပညာနှင့် နိုင်ငံရေးသင်တန်း ဟူသော သင်တန်းနှစ်ရပ် ဖွင့်မည်။ ယင်း သင်တန်းနှစ်ရပ် ဖြစ်မြောက်ရေးအတွက် ဦးစီးခေါင်းဆောင်ရမည့် လူတွေကိုလည်း အစုခွဲ ရွေးချယ် သတ်မှတ်သည်။ သင်တန်းတွေကို ချက်ချင်း စတင်ရမည်။ အချိန်မရှိတော့။

သို့ဖြင့် သပိတ်စခန်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးနှင့် စစ်ချီစစ်တက် သင်တန်း ဖွင့်သည်။ ညဘက်တွင် နိုင်ငံရေးပညာကို ပို့ချသည်။ စိုးသိမ်းက သူ ဝှက်ထားသော လက်ပစ်ဗုံးတစ်လုံးကို ယူလာကာ လက်ပစ်ဗုံး အသုံးချနည်းကို ပြသသည်။

www.burmeseclassic.com

www.burmeseclassic.com



နယ်ထွက်သွားကြသော စည်းရုံးရေးအဖွဲ့ဝင်တွေ ပြန်ရောက်လာကြသည်။ သုံကြိုင်သို့ ဝင်ရောက်ခဲ့သည့် ဝင်းမောင်နှင့်အတူ အေမူက ပေးလိုက်သည့် စာတစ်စောင်လည်း ပါသည်။

ကိုဝင်းကြည်

အေမူ စာရေးလိုက်ပါသည်။ ကိုဝင်းကြည် ရေးလိုက်သော စာကို ရရှိပါသည်။ စာတွင် ပါသည့်အတိုင်း အေမူ၏ ကျောင်းကလည်း ချက်ချင်းပင် သပိတ်မှောက်လိုက်ပါသည်။ အေမူ၏ ကျောင်းသားအားလုံးကို စုဝေးစေလျက် သပိတ်မှောက်ရခြင်း အကြောင်းကို ကိုဝင်းမောင်က ရှင်းပြပြီးနောက်၊ အေမူ ကိုယ်တိုင်ကပါ ကျောင်းသားများအား သပိတ်မှောက်ကြရန် ပြောဆိုပြီး ကျောင်းပိတ်လိုက်ပါသည်။ လေးအိမ်စု၊ တာတပေါ၊ ကဝက္ကကင်း စသည့် ရွာများသို့ ကိုဝင်းမောင်တို့အား အေမူ၏ အစ်ကိုက လိုက်ပို့ပေးပါသည်။ ၎င်းရွာတို့မှ ကျောင်းများကလည်း သပိတ်မှောက်လိုက်ကြပြီ ဖြစ်ပါသည်။

ကိုဝင်းကြည်၏စာကို ရသောကြောင့် အေမူ များစွာ ဝမ်းသာပါသည်။ အေမူတို့ဆီ ကိုဝင်းကြည် လာနိုင်ဦးမည်မဟုတ်ဟု ထင်ပါသည်။ သပိတ်ကိစ္စအတွက် အလုပ်များနေမှာပေါ့။ သပိတ်ကိစ္စတွေ ပြီးပါက ကိုဝင်းကြည် စကားအတိုင်း အေးအေးဆေးဆေး အလည်လာနိုင်မည်ဆိုလျှင် အေမူ များစွာ ဝမ်းသာပါမည်။

ကျန်းမာစေရန်နှင့် ကိုဝင်းကြည်၏ လုပ်ငန်းများ အောင်မြင်စေရန် ဘုရားသခင်ထံတွင် အေမူ ဆုတောင်းနေပါသည်။

အေမူ

စာမှာ ဤမျှသာ ဖြစ်၏။

စာသည် အေမူ့လိုပင် ရိုးရိုးကလေးဖြစ်၏။ အပိုတွေ၊ လောကွတ်တွေ မပါ။ ရင်တွင်း၌ ရှိနေသော အတွေးကို အရင်းခံအတိုင်း စာလုံးများဖြင့် ရေးလိုက်ခြင်းမျှသာ ဖြစ်၏။ သို့မို့ကြောင့်လည်း အေမူ့စာမှာ အေမူကဲ့သို့ပင် ချစ်စရာပေတည်းဟု ဝင်းကြည် အထင်ရောက်မိသည်။

ဝင်းမောင်ကား အေမူ့အကြောင်းကို ပြောမဆုံး။

"ဟော့ကောင် ဒီကရင်မလေးက တကယ်စွံတယ်ကွ။ သဘောလည်း ကောင်း၊ ချောလည်း ချောတယ်။ မင်းကိုတော့ ပါးစပ်ဖျားလေးတင် ဖြစ်နေတာပဲ"

ဝင်းမောင်၏ စကားကြောင့် ဝင်းကြည်မှာ အေမူ့ကို သတိရသည်ထက် ရမိသည်။ အေမူသည် ရိုးသား၏။ ပွင့်လင်း၏။ သပိတ်မှောက်ရန် လိုအပ်အကြောင်း သဘောပေါက်သော ကရင်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလေးလည်း ဖြစ်၏။ ပညာ မပြည့်စုံ၊ ဝစ္စည်း မပြည့်စုံ၊ သို့သော် တစ်နိုင်ငံလုံးနှင့် ချီ၍ လုပ်ရမည့် အလုပ်မျိုးကိုမူ နှစ်နှစ်ကာကာ လက်ခံနားလည်လွယ်သူ ဖြစ်သည်။

အေမှုကို တမ်းတသတိရမိသည်ကား မှန်၏။ သို့သော် အေမှုဆီသို့ သွားနိုင်ရန် ဝေးစွ၊ စာပင် မရေးနိုင်။

ဝင်းကြည်သည် သပိတ်စခန်း၏ လုပ်ငန်းတာဝန်များအကြားတွင် မွန်းနစ်နေ၏။ ယင်းအကြားမှပင် အရေးပေါ် ညွှန်ကြားချက်များကို ယူဆောင်ကာ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူသို့ ခရီးထွက်ရသည်။ မြို့နယ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များနှင့် ဆွေးနွေးရသည်။ ပန်းတနော်မှ ကျောင်းသားသပိတ်ကို ခေါင်းဆောင်နေကြသော ကိုသိန်းဟန်၊ ဖိုးကျော်မြင့်၊ ညောင်တုန်းမှ ကိုလှဝင်း၊ ကိုလှရှိန်၊ ကိုထွန်းလွင်၊ ဓနုဖြူမှ ကိုဝင်းမောင်၊ ကိုအုန်း စသော ခေါင်းဆောင်တွေနှင့် ရှေ့အစီအစဉ်တွေကို တိုင်ပင်ရသည်။

အိမ်တွင် ဘာတွေ ဖြစ်နေပြီနည်း။

ဝင်းကြည် မသိ။ အိမ်အတွက် စိတ်လေးလှ၏။ သို့သော် ထည့်သွင်းစဉ်းစားရန် သတိမရ၊ အချိန်လည်း မရ။ ဇန်နဝါရီလဆန်းက စ၍ ဖေဖော်ဝါရီ နောက်ဆုံးရက်သတ္တပတ်အထိ နှစ်လနီးပါးမျှ အိမ်သို့ ပြန်မရောက်။ သပိတ်စခန်းနှင့်၊ သင်တန်းတွေနှင့်သာ အချိန်ကုန်ခဲ့ရသည်။ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူတွင် အနေကြာနေခဲ့သည်။

ဖေဖော်ဝါရီလ နောက်ဆုံး ရက်သတ္တပတ်၌ သပိတ်လှန်ရသည်။ ရန်ကုန်တွင် အလုပ်သမားသပိတ်တောင်းဆိုချက်များနှင့် စပ်လျဉ်း၍ သဘောကွဲသည်ဟု ကြားရသည်။ ကျောင်းသားတွေကလည်း သပိတ် လှန် မလှန် ဝိဝါဒ ကွဲကြသည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်သမဂ္ဂ အဆောက်အဦရှိ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အရေးပေါ် အစည်းအဝေးသို့ တက်ရောက်ရန်နှင့် စစ်သင်တန်းတက်ရန် ညွှန်ကြားလွှာတွေ ရောက်လာသည်။

မအူပင်တွင် သပိတ်လှန်လေပြီ။

စိုးသိမ်း၊ ဝင်းကြည်၊ မြမော်နှင့် ကျော်လွင်တို့အား ရန်ကုန်ဌာနချုပ်သို့သွားရန်နှင့် စစ်သင်တန်းတက်ရန် တာဝန်ပေးလိုက်ပြီးနောက် ကျောင်းသားသပိတ်သမားတွေ အိမ်ပြန်ကြသည်။

ဝင်းကြည် မျှော်လင့်ထားသည့်အတိုင်းပင် အိမ်တွင် သူနှင့်ပတ်သက်၍ အခြေအနေ အလွန်ဆိုးရွားလျက် ရှိသည်ကိုသာ တွေ့ရလေသည်။ ထွန်းကြည်က သူ့ကို စကားမပြော၊ အမေကလည်း စကားမပြော။ အဖေကိုယ်တိုင်ကပင်လျှင် ဟိုစဉ်ကလို ဝင်းကြည်၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုလိုလားလား အားပေးခြင်း မရှိတော့။

အထူးခြားဆုံးကား ထွန်းကြည်၏ အရေးပင် ဖြစ်သည်။ ထွန်းကြည်ကို ဝင်စီက ရှောင်ရှား နေပြီဟု မလှကြည်က ပြောသည်။ ထို့ကြောင့် ထွန်းကြည်သည် စိတ်လေနေသည်။ တစ်ခါတစ်ရံ အရက်မူး၍ အိမ်ပြန်လာတတ်သည်။ ပင်စီက အရေးပိုင့်သားနှင့် လည်းကောင်း၊ မြို့အုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အခြား ကြေးရတတ်များနှင့် လည်းကောင်း တွဲမိနေပြီဖြစ်ရာ ထွန်းကြည်ကို ရှောင်ခွာလိုက်သည်မှာ မဆန်းလှဟု ဝင်းကြည် ထင်မိသည်။ သို့သော် ထွန်းကြည်ကား ယင်းကိစ္စအတွက် စိတ်ထိခိုက်နေရသည်။ ပထမတွင် ထွန်းကြည်ကို ဤကဲ့သို့သော မိန်းမတစ်ယောက်က ရှောင်ခွာသွားသည့်အတွက် ဝမ်းနည်းနေရမည်လောဟူသော ကရုဏာဒေါသောဖြင့် အားပေးမည် ကြံပါသေး၏။

သို့ရာတွင် ထွန်းကြည်ကိုယ်တိုင်က မိမိအား စကားမပြောဘဲ ရှောင်ဖယ်ဖယ် လုပ်နေသည့်အတွက် ပြောဆိုအားပေးရန် အခွင့်မသင့်ဟု ယူဆကာ ဘာမျှ မပြောတော့ဘဲ မသိသလို လုပ်နေလိုက်သည်။

"သူက အခု ပြည်သူ့ရဲဘော် တပ်ဖွဲ့ကိုချည်း သွားနေတယ်။ အဲဒီအထဲ ဝင်ထားတယ်လို့လည်း ပြောတယ်"

မလှကြည်က ထွန်းကြည်နှင့် ပတ်သက်သည့် သတင်းထူးတစ်ရပ်ကို ပြောပါသေးသည်။

"ဟုတ်လား၊ အဲဒါ သိပ်ကောင်းတာပေါ့ မမရဲ့။ ရည်းစားက ပစ်လို့ အရက်သောက်ပြီး အလေလိုက်နေတာနဲ့စာရင် ပြည်သူ့ရဲဘော်ထဲဝင်ပြီး တစ်ခုခုလုပ်နေတာ ပိုကောင်းတယ်။ ကျွန်တော်တော့ သဘောကျတယ်။ အမေက ဘာပြောသလဲ"

"ကိုဝင်း မသိဘူးနော်။ အမေက သူ့သားအတွက် ပထမ စိတ်မကောင်းဘူး။ အခု ပြည်သူ့ရဲဘော်တွေ ဘာတွေ သွားလုပ်တာကို ကြိုက်သလားဆိုတော့ မကြိုက်ဘူး။ ဒါပေမဲ့ ဘာမှမပြောဘူး ကိုဝင်းရဲ့။ အမေက သူ့သားကြီး အပြုအစု ဘယ်တော့မှ မခံတဲ့ဥစ္စာ။ ကိုဝင်း အကြောင်းကိုသာ ခဏခဏ အဖေ့ကို ပြောတာ"

"ဘာပြောသလဲ ကျွန်တော့်အကြောင်း"

"ကိုဝင်း စိတ်မဆိုးရဘူး"

"မဆိုးဘူး"

"စိတ်လည်း မတိုရဘူးနော်"

"မတိုပါဘူးဗျာ။ ပြောစမ်းပါ"

"စိတ်မတိုဘူး ဆိုတဲ့လူက အခုကပဲ စိတ်တိုလာနေပြီ။ မမ မပြောရဲဘူး"

"ပြောစမ်းပါ မမရယ်၊ ကျွန်တော် သိချင်လို့ပါ။ စိတ်မတိုပါဘူး"

မလှကြည်က အတန်ကြာ စဉ်းစားနေပြီးနောက်မှ

"ကိုဝင်းဟာ အိမ်ကို ရှိတယ်လို့တောင် မထင်တော့ဘူးတဲ့။ ဒီလိုပဲ ပစ်ထားမလား၊ အိမ်မကပ် ယာမကပ် ထင်ရာလျှောက်လုပ်နေတာကို ဒီအတိုင်း ကြည့်နေတော့မလားဆို့ အဖေ့ကို ခဏခဏ ပြောတယ်။ အဖေကတော့ ပထမ ဘာမှမပြောဘူး။ ငြိမ်နေတာပဲ။ နောက်တော့ အမေက ပြောဖန်များလွန်းလို့လား မသိဘူး။ အဖေကိုယ်တိုင်ကပါ ကိုဝင်းကို ပြစ်တင်စကားတွေ ပြောလာ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ အဲဒါ ကိုဝင်း စိတ်ထဲမှာတင် ထားနော်။ ဒေါ်သတကြီး ဝုန်းဒိုင်း လျှောက်မလုပ်နဲ့ဦး။ မမ ကတော့ ကိုဝင်းကိုလည်း ချစ်တာပဲ။ အဖေတို့ အမေတို့ စိတ်မချမ်းသာတာကိုလည်း မကြည့်ချင်ဘူး"

မလှကြည်ကား ဤအိမ်တွင် အံ့သြစရာကောင်းလောက်အောင် စိတ်ထိန်းချုပ်နိုင်သူဟု ဝင်းကြည် ထင်မိလေသည်။ မလှကြည်သည် စိတ်ဆင်းရဲစရာတွေကို ကြား၏။ တွေ့မြင်ရ၏။ သို့သော် မသိသလို လုပ်နေရ၏။ အဖေနှင့် အမေ့အကြား၊ အဖေ၊ အမေနှင့် မောင်အကြား၊ အစ်ကိုနှင့် မောင်အကြား ပေါ်ပေါက်နေသည့် ပြဿနာမှန်သမျှကို အမြဲထာဝရ တွေ့သိ ရင်ဆိုင်နေရသော်လည်း ယင်းပြဿနာ အားလုံးကို မျိုသိပ်ကာ မသိကျိုးကျွန်လုပ်ရင်း အိမ်မှုကိစ္စတွေကို ဝတ်မပျက် ထမ်းဆောင်နေ၏။ ထို့ထက်ပို၍ မြဲမြံချုပ်တီးနိုင်သော စိတ်မျိုးကို အဘယ်မှာ ရှာတွေ့အံ့နည်း။

သို့မို့ကြောင့်လည်း ဝင်းကြည်သည် သူ့အစ်မကို သနား၏။ ညာတာကြင်နာ၏။ အမာကြည်က ကလေးလိုနေသဖြင့် အိမ်တွင်း၌ တိုက်ခတ်နေသော မုန်တိုင်း၏ အရှိန်အဝါကို သတိမပြုမိသော်လည်း မလှကြည်ကား လုံးဝဥဿုံ သိပေရာ ဖုံးတန်တာဖုံး၊ ဖိတန်တာ ဖိနေရသူ ဖြစ်၏။

ဝင်းကြည်သည် မလှကြည်ကို ဘာမျှ ပြန်မပြောပဲ ငေးငိုင်ရင်းသာ စဉ်းစားနေမိ၏။

"ကိုဝင်း သိပ်ပိန်နေတယ်။ ပါးရိုးနားရိုးတွေကျလို့။ သိပ်ပင်ပန်းနေပြီ ကိုဝင်းရယ်။ နားပါဦးလား။ အခု ကိုဝင်းတို့ကိစ္စတွေ ပြီးပြီမဟုတ်လား"

"မပြီးသေးဘူး"

မလှကြည်က ဝင်းကြည်၏အဖြေကို ကြားလိုက်ရသည့်အခါ အံ့သြ ထိတ်လန့်စရာ တစ်ခုခုကို တွေ့လိုက်ရသူသဖွယ် အံ့အားသင့်နေလေ၏။

"မပြီးသေးဘူး မမ။ ကျွန်တော် ရန်ကုန်ကို သွားရဦးမယ်။ ကိစ္စတွေ ကျန်နေသေးတယ်"

"ဟင် အဖေတို့ အမေတို့" ဟု ဆိုကာ မလှကြည်မှာ ရှေ့ဆက်၍ ပြောရမည့် စကားကို ဆွေလျော့နေသည့်အလား ရပ်ထားလိုက်လေ၏။

"အဖေတို့ အမေတို့ သိအောင် သွားမှာပါ"

"ဘယ်လောက် ကြာဦးမှာလဲ ကိုဝင်းရယ်"

"မသိဘူး"

မလှကြည်၏ မျက်နှာသည် ညှိုးကျသွား၏။ ဝင်းကြည်က သူ့အစ်မ၏ ဖြစ်အင်ကို သနားမိလေသည်။ သို့သော် ဘာမျှ မတတ်နိုင်။

× × ×

ရန်ကုန်သို့ သွားရအံ့ဆဲဆဲ၌ အဖေ့ကို ဖွင့်ပြောလေတော့သည်။ အဖေသည် မျက်နှာသုန်မှုန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဒီလောက်ဆို တော်ရောပေါ့"

အဖေ့ စကားမှာ တိုတောင်းလွန်းသည်ဟု ဝင်းကြည် ထင်မိသည်။ အဖေက ဆက်ပြော ပြန်၏။

"တစ်နှစ်က သပိတ်ကြီး ပြီးကတည်းက ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်တွေကိုယ် တိုင် အစိုးရအဖွဲ့မှာ ပါနေခဲ့တာ ကြာပြီပဲ။ အခု အောင်ဆန်းအက်တလီ စာချုပ်လည်း လက်မှတ် ထိုးပြီးကြပြီ။ မင်းတို့ ဘာဆက်လုပ်ဖို့ လိုတော့လဲ"

"ဒီစာချုပ် လက်မှတ်ထိုးတာက ထိုးတာပဲ အဖေ။ လွတ်လပ်ရေးကိစ္စကြီးကို မေ့ထားလို့ ဘယ်ဖြစ်မလဲ"

"ဒါကို ဖဆပလက ဆက်လုပ်သွားမှာပေါ့ကွ။ နိုင်ငံရေးဟာ သိပ်ရှုပ်နေပြီ။ ကွန်မြူနစ်တွေ ကလည်း ဖ.ဆ.ပ.လက ထုတ်ပစ်ခံရကတည်းက မကျေမချမ်းနဲ့ တိုက်နေတာပဲ။ ဖ.ဆ.ပ.လထဲမှာ လည်း အလကား ကောင်တွေ သိပ်ကြီးစိုးနေတော့ ခက်သားလား။ အဲဒီကြားမှာ မင်းတို့က ကန့်လန့်ကန့်လန့် ဝင်လုပ်နေ။ တော်တော်ကြာ ဒုက္ခရောက်လိမ့်မယ်။ ငါတော့ မင်း အေးအေး နေစေချင်တယ်။ အခု စာမေးပွဲလည်း မဖြေရဘူး။ မင်းတို့ ကျောင်းနေတယ်ဆိုတာ ကလေး ကစားသလိုပဲ။ စီးပွားရေးလည်း အားမကိုးရ၊ ပညာရေးဘက်မှာလည်း မတင်မကျနဲ့။ မင်း အဖေ က မင်းအတွက် သိပ်စိတ်ဆင်းရဲနေတယ်ဆိုတာ မင်းသိရဲ့လား။ မင်းကိုယ်မင်းလည်း ပြန်ဝေဖန် ကြည့်ဦး"

အဖေပြောလိုက်သော စကားလုံးများကား ဝင်းကြည်အဖို့ ခေါင်းခေါင်တွင် ပစ်ချလိုက် သော မိုးကြိုးသွားနှင့်သာ တူနေပေ၏။ သို့မို့ကြောင့်လည်း မည်သို့မျှ ခွန်းတုံ့ပြန် ပြောဆိုခြင်း မပြုဘဲ ငြိမ်နေလိုက်မိသည်။

"အခု မင်းတို့က ရန်ကုန် ဘာသွားလုပ်ရဦးမှာလဲ"

"အစည်းအဝေးတက်ဖို့"

"အေး၊ မင်းဘာသာ ဆုံးဖြတ်လေ။ ငါကတော့ မင်းတို့ အေးအေးဆေးဆေး ပညာကြိုးစား သင့်ပြီ ထင်တာပဲ"

"ကျွန်တော် စဉ်းစားပါတယ် အဖေ။ ကျွန်တော် နောက်မဆုတ်နိုင်ဘူး။ ဘေးထွက်ထိုင်လို့ လည်း မဖြစ်တော့ဘူး။ ဒီလောက် အခြေအနေမျိုးရောက်နေမှ ကျွန်တော် ဘေးထွက်နေလို့ မဖြစ် လို့ပါ"

အဖေက ငြိမ်နေပြန်၏။

ဝင်းကြည်လည်း အဖေ့အပါးမှ ထလာခဲ့သည်။ ကမ်းနားလမ်း၏ တစ်ဖက်မှ သံကွင်းကြီး ကို ကျော်၍ကြည့်လျှင် တိုးမြစ် ရေပြင်ကျယ်နှင့် တစ်ဖက်ကမ်းမှ တောရိပ်တောတန်းကို အထင်း သား တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ၏ ပြောင်းလဲလာသောစိတ်ကို ဝင်းကြည်မှာ တအံ့တဩ တွေ့နေရချေပြီ။ အဖေသည် တစ်ချိန်က တက်ကြွခဲ့၏။ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးတတ်ရန် လက်မွန်မဆွ ညွှန်ပြခဲ့သူမှာ အဖေဖြစ်၏။ သက်စွန့်ဆံဖျား လုပ်ရသော လုပ်ငန်းများကို ဝင်ရောက် လုပ်ကိုင်ရန် ခွင့်ပြု တိုက်တွန်းခဲ့သူမှာလည်း အဖေပင် ဖြစ်၏။ ယခု အဖေ ဘာဖြစ်နေသနည်း။

အဖေနှင့် စပ်လျဉ်းသော အကြောင်းခြင်းရာတွေကို ဝင်းကြည်သည် အနုလုံပဋိလုံ စဉ်းစားရပြန်၏။ အဖေကား အသက်ထောက်လာလေပြီ။ စီးပွားရေး အခြေအနေမှာလည်း ယိုင်နဲ့လျက်ရှိသည်။ သူ ဦးဆောင် ဖွဲ့စည်းခဲ့သော ဆိုရှယ်လစ်ပါတီ ပါဝင်သည့် ဖ.ဆ.ပ.လ အတွင်း၌ အလကားကောင်တွေ ရောက်နေပြီဟု ညည်းညူသည်။ လွတ်လပ်ရေး ရရာရကြောင်းအတွက် ဖ.ဆ.ပ.လက ဆက်လုပ်ရန်သာ ရှိတော့သည်ဟု ယူဆလာပုံရသည်။ မိမိနှင့် အဓိကအားဖြင့် ပတ်သက်၍ အိမ်တွင်းရေးကလည်း အဆင်မပြေ ဖြစ်နေရသည်။ အဖေသည် သူ တစ်ချိန်က ချစ်မြတ်နိုးခဲ့သော နိုင်ငံရေးအပါအဝင် အရာခပ်သိမ်းကို ငြီးငွေ့စိတ်တွေ ဝင်နေလေပြီဟု ဝင်းကြည် ထင်မိသည်။

ဝင်းကြည်၏ စိတ်သည် လေးလံ ထိုင်းမှိုင်းလျက်ရှိ၏။ ပျော်လည်း မပျော်။ အိမ်မှာ နေရသည်ကိုလည်း စိတ်မဝင်စား။ ကျောင်းလည်း တက်လိုစိတ် မရှိ။ အစစအရာရာကို အခဲမကျေ။

ဖြစ်လိုရာ ဖြစ်စေတော့ဟု တွေးကာ ရန်ကုန်သို့ ထွက်မည့်နေ့က အဖေရော အမေကိုပါ အသိမပေးဘဲ ထွက်လာခဲ့သည်။ ဆိုင်ဖွင့်စမို့ ဆိုင်တွင် တစ်ယောက်တည်းရှိနေသည့် သူ့အစ်မကိုသာ အသိပေးပြီး ပိုက်ဆံတောင်းရာ မလှကြည်က ငွေဆယ့်ငါးကျပ် ထုတ်ပေးလိုက်သည်။

"ကျွန်တော် နည်းနည်းကြာရင် ကြာမယ် မမ။ ဘာမှတော့ စိတ်ပူမနေနဲ့"

အဝတ်အစားအချို့ လိပ်ထည့်ထားသော အိပ်ရာလိပ်ကလေးကို ပွေ့ပိုက်ရင်း စိုးသိမ်းတို့ စောင့်ဆိုင်းနေမည့် သင်္ဘောဆိပ်သို့ ဆင်းလာခဲ့သည်။ ထွက်ခါနီးဆဲဆဲ သင်္ဘောပေါ်သို့ သူတို့ လေးယောက်သား ကမန်းကတန်းပင် တက်လိုက်ရလေတော့သည်။

## အခန်း ၂၄

တချို့က အစိမ်းရောင် ကာကီ၊ တချို့က အဝါရောင် ကာကီ စသည်ဖြင့် အရောင်ကွဲ ယူနီဖောင်းများ ဝတ်ဆင်ကာ ကျောပိုးအိတ်များ၊ အိပ်ရာလိပ်များ၊ ရေဘူးများကို သယ်ပိုးရင်း လူရှယ်တစ်ရာကျော်ခန့်သည် ပဲခူးမြို့ ဘူတာကြီးမှနေ၍ လိပ်ပြာကန်ဘက်သို့ ချီတက်သွားကြလေ၏။

'ဘယ်ညာ၊ ဘယ်ညာ' ဟူသော အမိန့်သံနှင့်အတူ ၎င်းတို့၏ ခြေလှမ်းသံများမှာလည်း ပဲခူးမြို့၏ လမ်းမပေါ်တွင် ညီတစ်ခါ၊ မညီတလှည့် ပေါ်ထွက်လျက်ရှိသည်။ အချို့က [illegible] စစ်ဖိနပ်၊ အချို့က ဝက်ရေဖြင့် ချုပ်သော မာကျောကျော ဂျပန်စစ်ဖိနပ်၊ အချို့ကမူ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်တွေကို စီးထားကြသည်။ သူတို့ သယ်ပိုးလာသော ပစ္စည်းတွေမှာလည်း ဆင်တူမဟုတ်။ ကျောပိုးအိတ်လည်း ပါသည်၊ ရိုးရိုးလွယ်အိတ်လည်း ပါသည်၊ အဝတ်အစားကို ပုဆိုးဖြင့် ထုပ်လာသူလည်း ပါသည်။

မြို့သူမြို့သားများက ထူးဆန်းသော ဤစစ်တပ်ကို ထွက်ကြည့်ကြသည်။ ချက်ချင်းဆို သလိုပင် သောက်ရေနှင့် အဖျော်ယမကာတွေကို စီစဉ်ကာ ထွက်တိုက်ကြသည်။ ဆေးလိပ်၊ ကွမ်း စသည်တို့ကို ပေးကမ်းကြသည်။

ပထမအကြိမ်မြောက် အောက်ဗမာနိုင်ငံ ကျောင်းသားတပ်ဦး စစ်တကွ္ကသိုလ်သို့ တက် ရောက်ကြမည့် ကျောင်းသားရဲခေါင်တွေ မော်လမြိုင်သို့အသွား ပဲခူး၌ တစ်ညနားသည် ဆိုသော သတင်းသည် ပဲခူးတစ်မြို့လုံး ပျံ့လွင့်သွားလေတော့သည်။

နွေအကုန် မိုးအကူး ဖြစ်သည့်အတွက် ရာသီဥတုမှာ ပူစပ်ပူလောင် နိုင်လှသည်။ တစ်ခါ တစ်ရံ ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တွေ တက်လာပြီး နေ၏အပူဒဏ်ကို အနိုက်အတန့် အားဖြင့် ဖုံးကွယ်ပေးသော်လည်း မိုးသားများ လွင့်စဉ်သွား၍ နေရောင်ကို ပြန်မြင်ရပြီဆိုလျှင် ဤနေရောင်သည် အသားတွေ စပ်ဖျဉ်းဖျဉ်း ဖြစ်လာသည်အထိ မညှာမတာ ပူပြင်း တောက်လောင် လေသည်။

ချီတက်လာသူတိုင်းတွင် ချွေးစက်ချွေးပေါက်တို့ဖြင့် စိုရွဲလျက် ရှိကြသည်။ အနီရောင် စလွယ်သိုင်းထားသည့် ရှိုးဘန်း (တာဝန်မှူး) သည် တပ်၏ ရှေ့နှင့် နောက်သို့ ခေါက်တုံ့ခေါက်ပြန် ဆင်းချည်တက်ချည်လုပ်ကာ လိုက်လံ စစ်ဆေးကြည့်ရှုသည်။

ခြေတစ်ဖက် ထော့နင်းထော့နင်း ဖြစ်လာသော ဝင်းကြည်ကို အပါးရှိ ကျော်လွင်က သတိထားမိသည်။ တကယ်ဆိုရလျှင် ဝင်းကြည်ကိုယ်တိုင်ကလည်း သူ၏ ညာခြေဖဝါးမှ မခံ မရပ်နိုင်လောက်အောင် နာကျင်လာခြင်းကို သတိပြုမိသော်လည်း နာနာနှင့်ပင် ဖိ၍ လျှောက်နေ ခြင်း ဖြစ်သည်။ လွန်ခဲ့သော ၁၅ ရက်ခန့်က သံစလား၊ ဖန်စလား မသိ။ ညာခြေဖဝါး၏ ခြေသန်း အရင်းနားမှ ဖဝါးခုံတွင် စူးဝင်ခဲ့ရာ အမှတ်မထင်ပင် နေလိုက်မိသည်။ ယခု ဖုတ်ဝင်ခြင်း၊ သံဝင် ခြင်း၊ ပူလောင်ခြင်း၊ အလျှောက်အသွား များခြင်းတို့ကြောင့်လား မသိ ပြင်းထန်စွာ နာကျင်လာ လေပြီ။

သို့သော် ဝင်းကြည်သည် ဟန်မပျက် ချီတက်ခဲ့၏။

လိပ်ပြာကန်ကို ဖြတ်သန်းကာ တစ်ဖက်မှ အုတ်တိုက် အဆောက်အဦကြီးရှေ့တွင် ရပ်တန့်လိုက်ကြပြီးနောက် ယင်းအဆောက်အဦကြီး၌ စခန်းချကြသည်။ လိပ်ပြာကန်ကြီးကား ရေခန်းလျက်ရှိ၏။ ကန်ပေါင်ရိုး တစ်ဝိုက်တွင် စစ်အတွင်းက ပျက်စီးခဲ့သည့်အတိုင်း အုတ်ကျိုး အုတ်ပဲ့များ၊ ချုံနွယ် ပိတ်ပေါင်းများဖြင့် ပြွမ်းတီးနေသည်။ ရေခန်းနေသော ကန်အတွင်း၌ကား ဂျပန် စစ်သုံ့ပန်းအချို့ ငါးမျှားလျက် ရှိကြသည်။

www.burmeseclassic.com



ညနေစောင်းလာပြီ ဖြစ်သော်လည်း ပဲခူးမြို့၏နေမှာ ပူပြင်းသော အရှိန်အဝါကို ထုတ်လွှတ်နေဆဲပင် ရှိပါသေးသည်။ ရဲခေါင်တွေကို ယနေ့ညနေစာအတွက် မြို့ခံပုဂ္ဂိုလ်တစ်ဦးက သူ့အိမ်တွင် ကျွေးမွေးရန် စီစဉ်ထားသည်။ ထို့ကြောင့် ရေမိုးချိုးကြရန်၊ ထမင်းစားသွားရန်၊ အရပ်ဝတ်အရပ်စားနှင့်ပင် သွားကြရန် ရှီးဘန်းက ဆော်ဩထားသည်။

စိုးသိမ်း၊ မြမော်၊ ကျော်လွင်နှင့် ဝင်းကြည်တို့ကား အုတ်တိုက် အဆောက်အဦကြီး၏ အပေါ်ထပ် လက်ယာဘက် အစွန်မှ ထောင့်လေးတစ်ထောင့်တွင် နေရာယူကြသည်။ ယခုအထိကား ခရိုင်အလိုက် စုဝေးနေထိုင်ခွင့် ရသေးသည်။ မော်လမြိုင် စစ်ကျောင်းသို့ရောက်လျှင် တပ်စုအလိုက် ခွဲရမည်ဖြစ်ရာ လူစုကွဲကြပေရောမည်။ ပထမပတ် စစ်တက္ကသိုလ်သို့ အောက်မြန်မာနိုင်ငံရှိ ခရိုင်ပေါင်းစုံမှ ကျောင်းသားများ တက်ရောက်ကြခြင်း ဖြစ်သည့်အတိုင်း ခရိုင်စုံသလို လူတွေလည်း စုံလှ၏။ ရခိုင်၊ ထားဝယ်၊ ကရင်၊ မွန်၊ ချင်း စသော လူမျိုးပေါင်းစုံလည်း ပါဝင်သည်။

ဝင်းကြည်သည် သူယူဆောင်လာသော အိပ်ရာလိပ်ကလေးကို ဖြန့်ခင်းလိုက်ပြီးနောက် နွမ်းနယ်စွာ ထိုင်ချလိုက်၏။ စီးထားသော ပတ္တူဖိနပ်နှင့် ခြေစွပ်ကို ချွတ်ကာ နာနေသည့် ခြေဖဝါးကို ကြည့်မိ၏။ ညာဘက်ခြေဖဝါး ရှေ့ပိုင်းတစ်ပိုင်းလုံးမှာ ညိုမည်းနေလျက် ပုပ်သိုးသိုးအနံ့ထွက်နေသည်။ သူသည် အောက်ထပ်သို့ ဆင်းကာ ခြေဖဝါးကို ရေဆေးရန် ရေဘုံဘိုင်ခေါင်း လိုက်ရှာ၏။ ရေဘုံဘိုင်ခေါင်းကိုကား တွေ့ရသည်။ ရေမလာ။

ထို့ကြောင့် လိပ်ပြာကန်ဘက်သို့ ထွက်လာပြီးနောက် လိပ်ပြာကန်အတွင်း ထော့နင်းထော့နင်းဖြင့် ဆင်းကာ ခြေဖဝါးကို ရေဆေးသည်။ လိပ်ပြာရေကန်ကား ကြည်လင်ခြင်းမရှိ။ ရေညှိမှော်များ၊ အမှိုက်သရိုက်များဖြင့် နောက်ကျိ ညစ်ပတ်လျက် ရှိလေသည်။ စစ်၏ ဒဏ်ရာဒဏ်ချက်ကို ပြင်းထန်စွာ ခံစားခဲ့ရသော ပဲခူးမြို့ကြီးကဲ့သို့ပင် လိပ်ပြာကန်၏ အလှအပမှာလည်း ကွယ်ပျောက်နေလေသည်။ ဂျပန် စစ်သုံ့ပန်းအချို့သည် ဤကန်အတွင်း၌ ငါးမျှားနေကြ၏။ ဝင်းကြည်ကား တစ်ချိန်သောအခါက စစ်ကြောင်းကျနေသော ဤပဲခူးမြို့ကြီးအတွင်းသို့ အောင်မြင်စွာ ချီတက်ခဲ့ကြဖူးမည့် နိပ္ပွန်အင်ပီးရီးယဲ တပ်မတော်ကြီးမှ တပ်သားတွေကို ငေးကြည့်နေမိသည်။ ယခုကား သူတို့သည် စစ်သုံ့ပန်းအဖြစ် စစ်ခုံရုံး၌ အစစ်ခံရန်သော် လည်းကောင်း၊ ဂျပန်ပြည်သို့ ပြန်ရန်အတွက်သော် လည်းကောင်း စောင့်ဆိုင်းနေကြရသလောဟု စဉ်းစားမိသည်။ တချို့သော ဂျပန်စစ်သားများကား အင်္ကျီမပါ။ ဘောင်းဘီတိုရှည် မပါ။ လန်ကွတ်တီကလေးဖြင့် အရှက်လုံရုံမျှ ဖုံးထားသည်။

ဝင်းကြည်သည် သူ့အိပ်ရာရှိရာသို့ ပြန်လာခဲ့၏။ ကျော်လွင်က သူ့တွင်ပါလာသော ဆေးမှုန့်ဖြင့် အနာဝကလေး ပွင့်ဟနေသည့် ဝင်းကြည်၏ ခြေဖဝါးကို သိပ်ပေးသည်။

"ထမင်း သွားစားကြစို့"

စိုးသိမ်းက ခေါ်သည်။ ဝင်းကြည်ကား မလိုက်လိုတော့။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ သွားတော့ကွာ။ ငါမလိုက်တော့ဘူး"

"ဘာဖြစ်လို့လဲ။ မင်းခြေနာက တော်တော်ဆိုးလာလို့လား" ဟု မြမော်က မေးသည်။

"ပိုဆိုးလာမှာစိုးလို့။ ပိုဆိုးလာရင် မော်လမြိုင်ရောက်တော့ ခက်နေဦးမယ်။ ငါ မလိုက်ဘူး ကွာ။ မင်းတို့ သွားကြ။ ငါ့ဖို့သာ တစ်ခုခု စားစရာဝယ်ခဲ့။ ထမင်းကြော်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့"

အခြားကျောင်းသားများနှင့်အတူ သူတို့လည်း မြို့တွင်းသို့ ထွက်ခွာသွားလေရာ ဝင်းကြည်သာလျှင် ကျန်ရစ်လေသည်။

ဝင်းကြည်သည် တိတ်ဆိတ်သွားသော အဆောက်အဦကြီး တစ်ခုလုံးကို အကဲခတ်ရင်း အိပ်ရာပေါ်၌ လဲလျောင်းလျက်ရှိ၏။ တစ်ချိန်တည်းမှာပင် သူ့ကိုယ်သူ အားမလို အားမရ ဖြစ်နေ သည်။ အိမ်က စထွက်ကတည်းက အဆင်မပြေ ဖြစ်ရသည်ဟု ထင်မိသည်။ ရန်ကုန်သို့ ခရီး ထွက်ရန်အတွက် အမေက သဘောမတူသည်သာမက အဖေကပင် သဘောမတူ။ ခရီးစရိတ် တစ်ပြားတစ်ချပ်မျှ မရှိ။ မလှကြည်ကသာ ငွေ ၁၅ ကျပ်မပေးလျှင် ခက်ရချေသေး၏။

ယခု ထွက်လာမိပြန်သောအခါ ဘာမဟုတ်သော ခြေဖဝါး အနာကလေးက ခြေဖဝါး တစ်ခုလုံး ပုပ်တော့အံ့ဆဲဆဲအထိ ဒုက္ခပေးလာပြန်သည်။ ခြေဖဝါးပုပ်လျှင် မော်လမြိုင် စစ်တက္ကသိုလ် ၌ ဖြစ်စေ၊ မော်လမြိုင် ဆေးရုံ၌ဖြစ်စေ လူမမာအဖြစ် အချိန်ကုန်ရပေတော့မည်။ စစ်တက္ကသိုလ် တက်ရန် ထွက်လာပြီးမှ ဤခြေနာကြောင့် မတက်လိုက်ရဘဲ မအူပင်သို့ ပြန်ရမည်ဆိုလျှင် ကျန်ရစ် သည့် အမှုဆောင်တွေက သူ့ကို အဘယ်သို့ ပြောကြမည်နည်း။ မအူပင်တွင် လုပ်ငန်းတွေ ဆက် လုပ်ရန်အတွက် ကျန်ရစ်နေသော အမှုဆောင်တွေကို တာဝန်ပေးအပ်ခဲ့ကြသည်ကိုလည်း သတိရမိ သည်။ သူတို့ ထမ်းဆောင်ရမည့်တာဝန်မှာ မသေးလှကြောင်း အားလုံးက သဘောပေါက်သည်။ ဝင်းကြည်တို့ လေးယောက် စစ်တက္ကသိုလ်တက်စဉ် ကျန်နေသော အမှုဆောင်တွေက ရန်ပုံငွေ ရှာထားကြရန်နှင့် လက်နက် စုဆောင်းထားကြရန်ပင် ဖြစ်သည်။ တင်ရွှေ၊ တင့်အောင်၊ ဖုန်းမြင့်၊ ဝင်းမောင် စသော အမှုဆောင်များသည် ဤလုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ထားကြ မည်မှာ မုချဖြစ်သည်။ သို့စဉ်လျက် မိမိကား စစ်တက္ကသိုလ်တက်ရန် ထွက်လာခဲ့ပြီး အကြောင်း တစ်ခုခုကြောင့် ပြန်ရလျှင်

ဝင်းကြည်သည် 'ဘယ်နည်းနဲ့မှ မပြန်ဘူး။ ဖြစ်ချင်ရာဖြစ်၊ နာချင်ရာ နာ' ဟု သူ့ဘာသာ ရေရွတ် အားတင်းလိုက်မိ၏။ ထို့နောက် မည်မျှလောက်ကြာအောင် မှိန်းနေမိသည် မသိ။ စိုးသိန်း တို့ ပြန်ရောက်လာမှပင် လန့်နိုးတော့၏။

"ရော့၊ ဟော့ကောင် စားလိုက်ဦး"

ကျော်လွင်က ထမင်းကြော်ထုပ်ကလေးကို သူ့အပေါ်တွင် ချပေးရင်း ဝင်ထိုင်သည်။ သူ ခဲထားသော စီးကရက်နံ့မှာ သင်းပျံ့လျက် ရှိသည်။ ကျော်လွင်ကား မအူပင်မှာကတည်းကပင် ဂိုဏ်း မပျက် နေနိုင်သေးသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားလိုက်ဦးကွ။ ဗိုက်ထဲ အစာရှိမှလည်း အားလေးဘာလေးရှိမှာ" ဟု ကျော်လွင်က ဆိုပြန်သည်။ မြမော်သည် အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ မျက်စိအစုံကို မှေးရင်း စဉ်းစားနေ၏။ စိုးသိမ်းကား မှတ်စုစာအုပ် တစ်အုပ်ဖြင့် ရေးမှတ်ရင်း အလုပ်ရှုပ်နေ၏။

"မနက် လေးနာရီ ထွက်မယ်တဲ့။ စောစောအိပ်ကြပေါ့" ဟု စိုးသိမ်းက လှမ်းပြောရင်း မှတ်စုစာအုပ်ကို ပြန်သိမ်းလိုက်လေ၏။

× × ×

ပဲခူးဘူတာရုံတွင် လျှပ်စစ်မီး မရှိ။

စကြိမျာ်းသည်လည်း အမိုးမရှိ။ စကြိဟု ဆိုရသည့် အုတ်ကျိုးအုတ်ပဲ့များ၊ မြေနီများဖြင့် ဖြွမ်းတီးသော စကြိသာ ဖြစ်၏။ သမံတလင်း ခင်းထားသည့် ညီညာသော စကြိမဟုတ်။

ပဲခူးမြို့ကြီးကား စစ်ဒဏ်ကို စိစိညက်ညက် ကြေအောင် ခံထားရဟန် တူ၏။ နေရာတကာတွင် ပြန်လည်ထူထောင်၍ မပြီးနိုင်လောက်အောင် အပျက်အစီးတွေ များပြားလှ၏။ အလားတူစွာပင် ရထားအပေါင်းတို့ ဝင်ထွက် လမ်းဆုံရာ၊ လမ်းခွဲရာ အလုပ်အရှုပ်ဆုံး အစည်ကားဆုံးဖြစ်သည့် ဘူတာကြီးတွင် တွန့်လိမ် ကောက်ကွေးသည့် သံရက်မကြီးများ၊ မီးလောင်ထားသည့် သွပ်ပြား အစအနများ၊ အုတ်ကျိုးအုတ်ပဲ့များဖြင့်သာ တန်ဆာဆင်ထားသည်။

စကြိတစ်ခုလုံးတွင် ယူနီဖောင်းဝတ် ရဲခေါင်များဖြင့် ရှုပ်ထွေးလျက်ရှိသည်။ လျှပ်စစ်မီးမရှိသည့်အတွက် လရောင်၊ ကြယ်ရောင်ကိုသာ အားကိုး၍ ပတ်ဝန်းကျင်ကို အကဲခတ်ရသည်။ သူတို့သည် ရထားတွဲများပေါ်သို့ တက်၍ နေရာယူကြရ၏။ ရထားတွဲများဟု ဆိုသဖြင့် ထိုင်ခုံနှင့် မီးနှင့်ဟု မထင်လေနှင့်။ ထိုင်ခုံ တစ်ခုမျှမပါ၊ မီးတစ်ပွင့်မျှ မရှိသော ကုန်တွဲကြီးများသာ ဖြစ်၏။ ကုန်တွဲဖြစ်သည့်အတွက် အနံ့ပေါင်းစုံ ထွက်နေသည်။ သံချေးနံ့၊ ငါးပိနံ့၊ ငံပြာရည်နံ့၊ တိရစ္ဆာန် သေးချေးနံ့များသာ လွှမ်းမိုး နံ့စော်လျက်ရှိသည်။

ရှိုးဘန်းက တက် ဆိုသည့် တွဲပေါ်သို့ သူတို့ တက်ကာ ထိုင်ကြရသဖြင့် ရထားတစ်တွဲလုံးတွင် ငါးပိ ငါးချဉ်သိပ်သလို ပြွတ်သိပ်လျက် ရှိသည်။ တွဲအတွင်း၌ ပို၍ မှောင်နေသည်။ လေကလည်း မဝင်၊ လူကလည်း ကျပ်သဖြင့် ပို၍လှောင် ပို၍ အိုက်လာသည်။ ရထားထွက်လျှင်တော့ သက်သာကောင်း၏ဟု တွေးကာ ရထားမြန်မြန် ထွက်စေချင်နေကြသည်။

"ဝင်းကြည်၊ ဒီနားတိုး"

မြမော်၏ အသံဖြစ်သည်။

အသံနှင့်အတူ မြမော်၏ သန်မာသော လက်ချောင်းများသည် ဝင်းကြည်၏ ပိန်ခြောက်ခြောက် လက်မောင်းကို လှမ်းဆုပ်ကိုင်ကာ ဆွဲယူလိုက်၏။ ဝင်းကြည်သည် ဖင်တရွတ်ဆွဲကာ မြမော်ဘက်သို့ ပါသွားရာ တွဲနံရံများသို့ ရောက်သွားသဖြင့် မှီ၍ရလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီသောက်ရထားကလည်း မထွက်နိုင်ဘူး။ အိုက်လှပြီ"

တွဲထောင့် တစ်ထောင့်ဆီမှ ပေါ်ထွက်လာသော အသံ။

"ဟိုဘက် နည်းနည်းတိုးပါဦး။ ကျုပ်လက်ကို ခင်ဗျား စစ်ဖိနပ်ကြီးက ဖိထားသော လက်ချောင်းတွေများ ကျိုးမလား မသိဘူး"

အခြားထောင့်နားမှာ အသံတစ်သံ။

"ဟာ၊ အဲဒီလိုတော့ မလုပ်နဲ့ဗျို့။ ဘယ့်နှယ်၊ လေမဝင်တဲ့ အခန်းထဲပိတ်ပြီး ဓာတ်ငွေ့တွေ လွှတ်နေရင် အဲဒီဓာတ်ငွေ့ကြောင့် သေရချည့်ရဲ့။ ဟင်း၊ နံလိုက်တာဗျာ"

မည်သူက လေလည်လိုက်သည် မသိ၊ အနံ့မခံနိုင်သူ တစ်ဦးက အော်ကျယ် အော်ကျယ် ရေရွတ်နေလေ၏။

"ရှီးဘန်းကြီးရေ၊ လုပ်ပါဦး။ ထွက်ရင်လည်း ထွက်ပါတော့။ ကုန်းခေါင်ခေါင်မှာ မွန်းပြီး သေရတော့မယ်။ မသေခင်တော့ ဆုတောင်းထားကြ။ ဒိုက်တိုးဝကျိုအေး ကင်းဘန်ဇိုင်း၊ တင်နို ဟေကာ ဘန်ဇိုင်း"

လူနောက်တစ်ယောက်က ဂျပန်ခေတ်၏ လက်သုံး ကြွေးကြော်သံကို ဂျပန်သံ ပီပီသသ ဖြင့် ကြွေးကြော်နေပြန်၏။ အရှေ့အာရှတိုက် သာတူညီမျှ ကောင်းစားရေး ထာဝစဉ် တည်မြဲ ပါစေ။ တင်နိုဟေကာဘုရင် သက်တော်ရာကျော် ရှည်ပါစေ ဟူသော သူ၏ ရွတ်နောက်သံကို တစ်တွဲလုံးက ဝိုင်းရယ်ကြသည်။

သည်လိုနှင့်ပင် ရထားလည်း ထွက်လေပြီ။

"ဟေး၊ အဲဒီလို လုပ်စမ်းပါ" ဟု အားပါးတရ ပြောဆိုကြရင်း အသက်ရှူ ချောင်လာသည့် အလား ရယ်မောနိုင်ကြသည်။ ရထားသံသည် ဆူညံလွန်းလှ၏။ ဆူညံသော ရထားသံကို ဖောက် ထွက်လျက် ဂျပန်သီချင်းတစ်ပုဒ်ကို ဆွဲဆွဲငင်ငင် သီဆိုသော အသံသည် ပေါ်ထွက်လာသေး၏။ စောစောက ဘန်ဇိုင်းဆရာပင် ဖြစ်မည်ထင်၏။

"ခိုရေကာရ မိနာမိနော် ဒိုးမိုးဒတ်ချိယေ" အစရှိသည့် တေးဖြစ်သည်။ တောင်ဘက်အရပ် မိတ်ဆွေများရေ၊ ယနေ့ ငါတို့ ကျောင်းသွားနေနိုင်ကြသည်မှာ စစ်သည်တော်များ၏ ကျေးဇူး ကြောင့်သာ ဟူသော အဓိပ္ပာယ်ထွက်သည်။ ဤတေးကို ဂျပန်လူငယ် လူရွယ်တွေ၊ ကျောင်းသူ ကျောင်းသားတွေက အုပ်စုအလိုက် သံပြိုင်သီဆိုကြရသည်။ ဂျပန်ခေတ်က မြန်မာနိုင်ငံရှိ ဂျပန် စာသင်ကျောင်းတိုင်းလိုလိုတွင် ဤတေးကို သီဆိုကြရသည်။ တေးတစ်ပုဒ်လုံးမှာ စစ်သည်တော် တို့ကို ချီးကျူးသော၊ စစ်သည်တော်တို့၏ ဂုဏ်ကျေးဇူးကို အမွန်းတင်သော စာသားများ ရှိလေ သည်။ ကလေးသူငယ်တိုင်း၊ လူငယ် လူရွယ်တိုင်းကို စစ်ဝါဒနှင့် စစ်စိတ်စစ်သွေး သွင်းပေးထား သော တေးပေတည်း။

ဝင်းကြည်သည် တဂျုံးဂျုံး တကျိုင်းကျိုင်း မြည်နေသည့် တွဲနံရံကို မှီကာ အပေါက်ဝမှ

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသော အပြင်လောကကို လှမ်းငေးနေ၏။ တွဲနံရံသည် သံချေးနံ့ နံနေ၏။ အပြင်လောက ကား ရုပ်လုံးမပေါ်သေး။ သစ်ပင်များ၊ ကွင်းပြင်များ၊ တောအုပ်များသည် အမှောင်ထုလွှမ်းသည့် ကမ္ဘာကြီးအတွင်း လုံးထွေး သတ်ပုတ်နေကြသော သရဲ၊ တစ္ဆေများသဖွယ် မထင်မရှား ဝိုးတဝါး ကျန်ရစ်နေကြလေ၏။

တစ်ခါတစ်ရံ ကွင်းပြင်ကျယ်ကြီး၏ တစ်ဖက်ဆီ၌ အလင်းရောင်ကို မှုန်ရီရီ တွေ့ရသည်။ ကောင်းကင်နှင့် မြေကြီး၏အကြား စည်းခြားထားသော မိုးကုပ်စက်ဝိုင်းဆီ၌ အလင်းရောင်နှင့် အမှောင်တို့ ဆုံဆည်းနေမိတတ်ကြသည်။ လေသည် အတန်ငယ် အေးမြလာ၏။ ပဲခူးမြို့တွင်း၌ ပုလောင် အိုက်စပ်လှသလောက် ပဲခူးကွင်းပြင်ကြီး တစ်ဝိုက်၏ လေကား အေးမြ သန့်စင်လှ၏။ တစ်ခါတစ်ရံတော့လည်း အလင်းရောင် ရိုးတရိ ပေါ်ထွက်နေသော ကောင်းကင်ပြင်တွင် ကြယ်ပွင့် ကလေးတွေကို တွေ့ရတတ်သေးသည်။ ကြယ်ပွင့်ကလေးများသည် အပြောကျယ်လှသော ကတ္တီပါ ဝတ်ရုံထက်တွင် ပစ်စလက်ခတ် ကြဲချထားသည့် စိန်တုံး၊ စိန်ပွင့်ငယ်များနှင့်သာ တူနေတော့၏။ အချို့က မှိတ်တုတ်မှိတ်တုတ်နေသော အလင်းရောင်၊ အချို့က ရှူးရှူ တည်ငြိမ်သော အလင်းရောင် တို့ကို ထုတ်လွှတ်ကာ ရထားသွားရာသို့ တကောက်ကောက် လိုက်နေကြသည်။

ရထားတွဲအတွင်း၌ကား စောစောကလို ဆူဆူညံညံ မရှိတော့ဘဲ ငြိမ်ကျသွားလေ၏။ အတွေးကိုယ်စီနှင့် ငေးသူက ငေးကြသည်။ မေးသူက မေးကြသည်။

မိုးလင်းလာချေပြီ။

နေ့၏ အလင်းရောင်သည် ဤကမ္ဘာသို့ တဖြည်းဖြည်း ရောက်လာသည် မဟုတ်၊ ရုတ်ခြည်း ဖြုန်းခနဲ ရောက်လာခြင်းသာ ဖြစ်လေသည်။ အမှောင်သည် တဖြည်းဖြည်း အရှိန်အဝါ လျော့ပါးလာ၏။ ထို့နောက် အလင်းရောင်ကို ရုတ်ခြည်း နေရာပေးကာ ကမ္ဘာမြေကြီး၏ တစ်နေရာသို့ ရှောင်ခွာ ပြေးထွက်သွားလေတော့သည်။

"စစ်တောင်းရောက်ပြီဟေ့"

မြမော်၏ ပြောသံကြားရသဖြင့် ဝင်းကြည်သည် စစ်တောင်းဆိုသည်ကို လှမ်းကြည့်လိုက် ၏။ တစ်ခါမျှ မတွေ့ဘူးသော စစ်တောင်းမြစ်ရေသည် စိမ်းစိမ်းကားကား ပြန်ကြည့်နေသလား ထင်ရ၏။ စစ်တောင်းမြစ်သာမက ဝန်းကျင်တစ်ရပ်လုံးမှာ စိမ်းကား၏။ ရိုင်း၏။ ကြည့်ပါဦး၊ စစ်တောင်း တံတားကြီးသည် တဝေါဝေါ စီးဆင်းနေသော စစ်တောင်းမြစ် ရေပြင်အတွင်းသို့ ဖရဲဖရဲ ပြိုလဲ ကျဆင်းလျက်ရှိသည်။ စစ်တောင်း တံတားဟု တစ်ချိန်က ဖိန့်ဖိန့်တုန်အောင် နာမည်ကျော်ကြားခဲ့သော တံတားကြီး၏ တွန့်လိမ် ကွေးကောက်သည့် သံရက်မကြီးတွေမှာ မြစ်ရေပြင်သို့ ပါးပျဉ်းတွန့်ဆင်းသည့် နွယ်ပင်များနှင့်သာ ပိုတူနေ၏။ မြစ်၏ အလယ်နားတွင် တစ်ခုသော ကွန်ကရစ် တံတားတိုင်ကြီးကား အထီးအကျန်ဘဝ၌ပင် မြစ်ရေစီးအားကို ကြံ့ကြံ့ခံ ရပ်တည်နေပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ညောင်းညာ ကိုက်ခဲနေသော ခါးတွေ၊ ခြေတွေ၊ လက်တွေကို ဆန့်ကာ တွဲအောက်သို့ ဆင်းကြ၏။ ဤနေရာတွင် ကုန်းမြေသည် မာကျောလှချေ၏။ ကျောက်စရစ်များ၊ သဲမြေများ၊ အုတ်ကျိုးအုတ်ပဲ့များသာ ပြွမ်းတီး၏။ အဆောက်အဦမရှိ၊ အဆောင်အယောင်မရှိ။ တစ်ဖက်က မာန်မာန ထန်ပြင်းသော ရေအဟုန်ရှိသည့် စစ်တောင်းမြစ်။ တစ်ဖက်တွင် ကောနေသည့် လယ်မြေများကို မြုပ်နှံ့ သကြိုဟ်ထားရာ လွင်တီးခေါင်။

"တန်းစီ"

ရှိုးဘန်း၏ အော်သံသည် စူးစူးရဲရဲ ပေါ်ထွက်လာ၏။

"ညာညှိ"

"မှတ်စဉ် မှတ်"

တစ်၊ နှစ်၊ သုံး၊ လေး စသော သူ၏ အမှတ်စဉ် အသံတွေ ပေါ်ထွက်လာပြန်သည်။ ရှိုးဘန်း၏ မျက်နှာသည် တင်း၏။ အသံကား မထွက်တော့။ ရှိုးဘန်း စလွယ်ကို လွယ်ကာ ရှိုးကောင်းလွန်းသဖြင့် သူ့ကို "သာယာဝတီ ရှိုးကောင်" ဟု တီးတိုး ကင်ပွန်းတပ်ထားကြသည်။ သာယာဝတီခရိုင်က ဖြစ်သည့်အတွက် ရှိုးကောင်၏ရှေ့မှ သာယာဝတီကို တွဲထည့်ထားခြင်း ဖြစ်လေသည်။

"သက်သာ။ အားလုံး နားထောင်။ အခု မြစ်တစ်ဖက်ကမ်းကို ကူးပြီး ရထား ဆက်စီးရမယ်။ ဟောဟို ဘောတွဲကြီးနဲ့ ကူးမှာမို့ တန်းစီထားတဲ့အတိုင်း တွဲပေါ်ကို ဆင်း။ အလုအယက် မတက်နဲ့။ ကျသေဦးမယ်"

သာယာဝတီ ရှိုးကောင်သည် အမိန့်တွေ ညွှန်ကြားချက်တွေ တသီတတန်းကြီး ထုတ်ဆင့်နေ၏။ ကိုကျင်လှိုင်၊ ကိုတင်ရွှေ၊ ကိုအေးလွင်၊ ကိုသိန်းထွန်း စသော ခေါင်းဆောင်များကမူ ဘေးမှ ရပ်ကြည့်နေ၏။ ရန်ကုန်မှ စထွက်ကတည်းက ရှိုးဘန်း တစ်ယောက်ကို ရွေးချယ်ကာ အုပ်ချုပ်ခိုင်းထားခြင်းဖြစ်ရာ ရှိုးဘန်းတွင် အာဏာ အပြည့်အဝ ရှိလေသည်။

"ကဲ တန်းမဖြုတ်ဘဲ ဆင်းကြ။ ဖြည်းဖြည်း ဆင်းကြနော်"

သူတို့သည် ချီတက်သော သဘော မဟုတ်စေကာမူ တန်းစီလျက်သားဖြင့် မတ်စောက်သော မြစ်ကမ်းပါးပေါ်မှ ရေစပ်သို့ ဆင်းခဲ့ကြပြီးနောက် အသင့်စောင့်ဆိုင်းနေသော တွဲကြီးပေါ်သို့ တက်ကြသည်။ တွဲကြီးမှာ သာမန် ဆိပ်ခံတွဲကို စက်တပ်ထားဟန် တူပြီး ဦးမရှိ၊ ပဲ့မရှိ လေးထောင့်စပ်စပ် ရေပေါ် ဘောကြီးမျိုး ဖြစ်၏။

အားလုံး တက်ကြပြီးသောအခါ တွဲကြီးမှ ရေနံချေးဖြင့် မောင်းသော ဒီဇယ်စက်သံ ပေါ်ထွက်လာပြီး ကမ်းမှ ခွာလေတော့သည်။

စစ်တောင်းမြစ်သည် ဤနေရာတွင် ကျယ်ဝန်းလှသည်ဟု မဆိုနိုင်သော်လည်း အတန်ငယ် လှမ်းမျှော် ကြည့်ရုံမျှဖြင့် အောက်ဘက်နား၌ အဆမတန် ကျယ်သွားသော မြစ်၏ အနေအထားကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်၏။ ရေစီးသန်၏။ ရေစီးကြောင်းတွေကလည်း ရှုပ်ထွေး ထွေပြားလှ၏။ တချို့က အထက်သို့စီးပြီး တချို့က အောက်သို့စီးကာ တချို့က ကွေ့ပတ်၍စီးရင်း ဝဲကတော့တွေကို ထုတ်လွှတ်ကြသည်။ အကွပ်အကဲ မရှိ၊ အစီအစဉ် မရှိ။ ကြမ်းတမ်း ရိုင်းစိုင်းသော ရေစီးကြောင်းတွေကို ဖြတ်လျက် တွဲကြီးသည် တရွေ့ရွေ့ ကူးနေလေ၏။

တစ်ဖက်ကမ်းသို့ ရောက်လေပြီ။

အားလုံး စောစောက တန်းစီထားသည့် အနေအထားအတိုင်း မြင့်မား မတ်စောက်သော ကမ်းပါးထက်သို့ တက်ကြရပြန်သည်။ စစ်တောင်း၏ ဤမှာဘက်ကမ်းကလည်း စိမ်းကားသော အကြည့်ဖြင့် သူတို့ကို ဆီးကြိုသည်။ စစ်ဘေး စစ်ဒဏ်ကို ခံရလွန်းသဖြင့် စစ်ယူနီဖောင်းဝတ်များ ရောက်လာပြန်သည်ကိုပင် စစ်တောင်း၏ ဝန်းကျင်သည် ကြောက်လန့်နေသလား မသိ။

မြစ်ဘက်မှ တက်သွားသောအခါ တစ်ဖက်တွင် တောင်နံရံ၊ တစ်ဖက်တွင် မြစ်။ ယင်း အကြား ကျဉ်းမြောင်းသော မြေပြန့်ရှိ သံလမ်းပေါ်တွင် ရထားတစ်စင်း ရပ်ထားသည်။

သာယာဝတီ ရှီးကောင်က တန်းစီ စစ်ပြန်၏။ ထို့နောက် သူတို့ကို တွဲပေါ်သို့ ကျွဲတွေ နွားတွေ မောင်းတင်သလို တင်လွှတ်ပြန်သည်။

ရထားလည်း ထွက်ခွာပြန်ချေပြီ။

မြစ်ကမ်းပါးရှိ မြေပြန့် အဝန်းအတိုင်း တောင်ဘက်သို့ အတန်ငယ် ခုတ်မောင်းကာ အရှေ့ဘက် စူးစူးဆီသို့ ချိုးကွေ့လိုက်သောအခါ တောင်နံရံ နှစ်ခုအကြားသို့ ရောက်သွားသည်။ မြစ်ဝကျွန်းပေါ်သား ဖြစ်သော ဝင်းကြည်သည် တောင်နံရံတွေကို အငေးသား ကြည့်နေလိုက်မိ၏။ တောင်ကို ဖြိုခွဲကာ ဖောက်လုပ်ထားသောလမ်းဖြစ်သဖြင့် ရထား၏ ဘေးတစ်ချက်တွင် နီးကပ်စွာ တည်ရှိနေသော တောင်နံရံ နီစွေးစွေးတွေကိုသာ တွေ့ရသည်။ ကျောက်နှင့် သက်ရင့်မြေတို့သာ လွှမ်းသော တောင်ကမ်းပါးယံများသည် ရဲရဲနီနေကြ၏။ ဆူးပင်၊ ချုံနွယ်များလည်း ပေါများ၏။ သစ်ကြီး ဝါးကြီး ဟူ၍ မတွေ့ရသေး။

တောင်နံရံတွေ အကြား၌ အတန်ကြာ ခုတ်မောင်းမိပြီးနောက် မြေပြန့်သို့ ထွက်လာပြန်သည်။ ချောင်းငယ် မြောင်းငယ်တွေ၊ ကွင်းရိုင်း လယ်ရိုင်းတွေ ပေါ်လာကြပြန်သည်။ ရထားလမ်း ဘေးတစ်ဖက်တစ်ချက်တွင် မီးလောင်ထားသော စစ်ကားများ၊ မီးရထား ခေါင်းတွဲများ၊ သံချပ်ကာ ကားများကို ကျိုးတကျဲ တွေ့ရတတ်သည်။

ရထားလမ်း အစပ်နားမှ အချို့သော တောအုပ်များဆိုလျှင် လောင်မီး ကျထားသည့် အလား မည်းညှိုညစ်မှိုင်းသော မီးလောင်ပြင်အတိ ဖြစ်နေသည်။ စစ်တောင်းမြစ်ဝှမ်း ဒေသတစ်ဝိုက် သည် မည်သည့်နေရာသို့ကြည့်ကြည့် ပြင်းထန် ရက်စက်သော၊ အကြိတ်အနယ် အလုအယက် တိုက်ကြသော စစ်ပွဲကြီးများ၊ ယင်းစစ်ပွဲတို့၏ အပျက်အစီးများကိုသာ လှစ်ဟပြနေကြသည်။ လူတို့သည် သမိုင်းကို ဖန်တီးရန်အတွက် ဤနေရာ၌ ရက်ရက်စက်စက် တိုက်ခိုက်ခဲ့ကြဖူးပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အညှာအတာ ကင်းမဲ့စွာ သတ်ဖြတ်ခဲ့ကြဖူးပေ၏။ သို့မို့ကြောင့်လည်း ကွဲအက်သောမြေကြီး၊ ခြောက်သွေ့သော ကွင်းပြင်၊ ပြာမှုန်တွေ လွင့်ပျံနေသည့် တောအုပ်၊ တွန့်လိမ် ကောက်ကွေးနေသော သံထည်၊ အထီးကျန် စွန့်ပစ်ထားခြင်းခံရသော စက်ယန္တရား စသည့် မြင်ကွင်းများဖြင့်သာ ပြည့်လျှမ်းနေခြင်း ဖြစ်၏။

"အဲဒါ ဘာတံတားလဲ"

"နှင်းပုလဲ တံတား"

ကျော်လွင်၏ အမေးနှင့် စိုးသိမ်း၏ အဖြေကို ကြားရသဖြင့် ဝင်းကြည်သည် ရှေ့တွင် လှမ်းမြင်ရသော တံတားကို ကြည့်လိုက်မိ၏။

'နှင်းပုလဲ တံတား' ဟုလည်း သူ့ပါးစပ်က ပဲ့ထင်ဟပ်မိသည်။ နာမည်ကလေးက ချစ်စရာ။

သို့ရာတွင် တံတား၏သွင်ပြင်မှာ နံ့ချာလှ၏။ ဤတံတားကို ဖြတ်ကူးရန်အတွက် ရထားသည် စက်ရှိန်လျှော့လေ၏။ ထို့နောက် လူလျှောက်ရုံမျှသော အရှိန်ဖြင့် တဖြည်းဖြည်း စမ်း၍ တံတားပေါ်သို့ မရဲတရဲ တက်သည်။ ဤတံတားတွင် သံထည်ဟူ၍ ရထားသံလမ်းမှအပ အခြားတစ်ခုမျှ မတွေ့ရ။ သစ်တုံး၊ သစ်တိုင်များဖြင့်သာ တည်ဆောက်ထားခြင်း ဖြစ်သည်။ စစ်အတွင်းက ဂျပန်တို့ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ လူလျှောက်ရုံမျှ ခုတ်မောင်းနေသော ရထား၏ဒဏ်ကို တကျွိကျွိ မြည်ကာ မချိမဆံ့ ခံနေရသည့် တံတားပေတည်း။

နှင်းပုလဲ တစ်ဝိုက်တွင်ကား လောကအလုံးသည် နပျိုလန်းဆတ်သော ရုပ်သွင်ဖြင့် ဘဝကို အစပျိုး အသစ်ထူရန် အားထုတ်နေသလား ထင်ရသည်။ သစ်ပင်တွေ စိမ်းလဲ့သည်။ ရေနှင့် မြေတို့ ထိတွေ့သော ချောင်းငယ်၊ မြောင်းငယ်များနှင့်အတူ အစိုအညှောက်ထွက်စ ကွင်းပြင်တွေ ပေါ်လာကြပြန်သည်။ အပျက်အစီးနှင့် ဆုံးရှုံးမှုများ၊ စွန့်လွှတ်ရမှုများ အကြားမှပင် အသစ်အသစ်သော ဘဝကို ထူထောင်ရန် သဘာဝလောကသည် ကြိုးပမ်းလျက် ရှိလေသည်။

'မဒမ' ဟု တနင်္သာရီတိုင်းသား၊ စစ်တောင်းမြစ်ဝှမ်းသားတို့က ခေါ်ဝေါ်သော မုတ္တမသို့ ရောက်ချိန်တွင် ညနေ ၄ နာရီခန့် ရှိနေလေပြီ။

သထုံတွင် နံနက်စာ စားကြပြီးနောက် ဘာမျှ မစားကြရသည့်အတွက် ဆာလောင်မွတ်သိပ်နေကြသည့် ရဲခေါင်တွေကို ထုံးစံအတိုင်း ရှီးဘန်းက တန်းစီခိုင်းပြန်သည်။ သူတို့၏ ရှေ့တွင် သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် အတ္တရံမြစ်တို့ ဆုံစည်းရာ နေရာမို့ ကျယ်ဝန်းသော ရေပြင်က ဆီးကြိုနေပြန်၏။ သူတို့သည် ခါးဆန့်၊ ခြေဆန့်ရင်း တန်းစီကြ၊ မှတ်စဉ် မှတ်ကြရပြန်၏။ ထို့နောက် "သက်သာ၊ နားထောင်" ဟု အစချီသော ရှီးဘန်း၏ အမိန့်တွေ၊ ညွှန်ကြားချက်တွေ တသီကြီးကို မချိမဆံ့ နားဆင်ကြရပြန်သည်။ ထို့နောက် ထုံးစံအတိုင်း မော်လမြိုင်ဘက်သို့ သင်္ဘောဖြင့် ဖြတ်ကူးကြရပြန်သည်။

မော်လမြိုင် ဆိပ်ကမ်းတွင် လူအုပ်ကြီးက စောင့်ဆိုင်း ကြိုဆိုလျက်ရှိသည်။ တော်လှန်ရေး

www.burmeseclassic.com

www.burmeseclassic.com



အလံနှင့် ခွပ်ဒေါင်းအလံ နီနီရဲရဲတွေ လူးလွန့်ခုန်ပျံလျက် ရှိကြသည်။ တနင်္သာရီဒေသ၏ အမိဖြစ်သော မော်လမြိုင်သည် တိုင်းပြည်အတွက် စစ်ပညာသင်မည့် လူငယ်လူရွယ်တွေကို နွေးထွေးသော အပြုံး၊ ကြည်နူးသော နှလုံးတို့ဖြင့် လက်ကမ်းကြိုဆိုလျက် ရှိလေပြီ။

သူတို့သည် အောက်လမ်းမကြီးအတိုင်း ပန်းဘဲတန်းဘက်သို့ ချီတက်ကြ၏။ တစ်မြို့လုံးရှိ လူထုကလည်း သောင်းသောင်းဖြဖြ ကြိုဆိုကြ၏။

ပန်းဘဲတန်းတွင်ရှိသော ရှင်မဟာဗုဒ္ဓဃောသ ကျောင်းအဆောက်အဦကား အောက်မြန်မာနိုင်ငံ ကျောင်းသားတပ်ဦး စစ်တက္ကသိုလ် အဆောက်အဦအဖြစ်သို့ ကူးပြောင်း ရောက်ရှိနေ၏။ ဤအဆောက်အဦတွင် တပ်စု ၂ စုခွဲကာ နေရာချလိုက်ရာ စိုးသိမ်းနှင့် ကျော်လွင်ထ တပ်စု ၁၊ ဝင်းကြည်နှင့် မြမော်က တပ်စု ၂ တွင် ပါသွားလေရာ လူစုကွဲသွားကြလေ၏။

မော်လမြိုင် စစ်တက္ကသိုလ်၏ သင်တန်းများကား ပင်ပန်းဆင်းရဲလှချေ၏။ နံနက် ငါးနာရီ ဗြူဂယ်မှုတ်လျှင် ကမန်းကတန်းထ၊ မျက်နှာသစ်၊ အိပ်ရာသိမ်း၊ ယူနီဖောင်းဝတ်၊ တန်းစီ၊ အလံတော်နှင့် တော်လှန်ရေးအတွက် အသက်ပေးသွားကြသော ရဲဘော်တွေကို အလေးပြု၊ တန်းဖြုတ်၊ ကစီရည် သို့မဟုတ် ကော်ဖီကျဲ၊ သို့မဟုတ် လက်ဖက်ရည်ကျဲသောက်၊ တပ်စုအလိုက် ဒိုင်းဝန်ကွင်းသို့ ချီတက်၊ ဒိုင်းဝန်ကွင်းဂတ် လက်နက်တိုက်မှ လက်နက်တွေထုတ်၊ တန်းစီ၊ တပ်စိတ်ခွဲ။ ထို့နောက် မှောက်၊ ဒူးထောက်၊ မိကျောင်းသွား စသော အခြေခံ စစ်ပညာ။ ထို့နောက် လက်နက်ကိုင်တွယ်ပုံ၊ သေနတ်ထမ်း၊ သေနတ်ချ၊ ပြောင်းတိုက်၊ မောင်းအတင်အချ၊ ဆေ့ဖ်အတင်အချ စသော လက်နက်ဆိုင်ရာ အခြေခံနည်းနာ။ ယင်းမှတစ်ဖန် တပ်ခွဲပုံ၊ နေရာယူပုံ၊ တပ်စိတ်အလိုက် တိုက်ပုံ၊ စခန်းသိမ်း၊ ပြန်ကင်းချ၊ ပြန်ဆုတ်၊ တပ်ပြန်စု၊ သတင်းပို့ စသော တိုက်ပွဲဆိုင်ရာ အခြေခံများ စသည့် လက်တွေ့သင်တန်းများ သင်ကြရသည်။ အလှည့်ကျ တပ်ကို အုပ်ချုပ်ခြင်း၊ အမိန့်ပေးခြင်း၊ စစ်ဆင်ရေး အစီအစဉ်ချခြင်း၊ လက်နက်အနေအထား၊ လူအနေအထား ခန့်ခွဲခြင်း စသော ခေါင်းဆောင်မှုဆိုင်ရာ ကွပ်ကဲဦးစီးခြင်း အတတ်ပညာကိုလည်း သင်ကြားရသည်။

နေ့လည် ၁၁ နာရီ ၁၂ နာရီခန့် နံနက်စာစား၊ တစ်နာရီ သို့မဟုတ် နာရီဝက် နားကာ လက်တွေ့သင်တန်းတွေ ပြန်ဆင်း၊ ညနေ ငါးနာရီတွင် ကျောင်းသို့ ပြန်ချီတက်၊ ရေမိုးချိုး၊ ညစာစား၊ ခေတ္တနားကာ ၇ နာရီမှ ၉ နာရီအထိ ပြောက်ကျားစစ်နှင့် ရိုးရိုးစစ်၏ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်များ၊ ရုပ်ပိုင်းရာဇဝင်နှင့် အနုပဋိလောမ ရုပ်ဝါဒ အခြေခံများ စသည့် စာတွေ့သင်တန်းများသို့ တက်ကြရပြီးနောက် ၉ နာရီမှ ၁၀ နာရီအထိ ပိုင်းဖွဲ့ကာ ဆွေးနွေးပွဲ၊ ဟောပြောပွဲ စသည့် ပညာပေး ပျော်ပွဲများသို့ တက်ရောက်ရသည်။

သည်လိုနှင့်ပင် နောက်တစ်နေ့သို့ ကူးပြောင်းကာ ယင်းအချိန်ဇယားအတိုင်း ကြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင် စစ်တက္ကသိုလ်သို့ရောက်ပြီး ၃ ရက်အကြာတွင် ဝင်းကြည်၏ ခြေဖဝါးမှ အနာ ပုပ်လိုက်လာလေရာ ဆေးမှူးက ခြေဖဝါးအရေပြားပိုင်း အရေခွံတစ်ခုလုံးကို လှီးဖြတ်ပစ်သည်။ ခြေဖဝါး အရေခွံနှင့် အသားကြားရှိ သွေးပုပ် ပြည်ပုပ်တွေကို ဆေးဝါရည်ဖြင့် ဆေးကြော သုတ်သင်ကာ ဆေးပတ်တီး စည်းထားပေးရာ ဝင်းကြည်မှာ ခြေဖဝါး တည့်တည့်ချပြီး လမ်းလျှောက်၍ မရတော့ဘဲ ခြေဖဝါးကို တစ်ဖက်သို့ စောင်းကာ ခြေစောင်းဖြင့် လျှောက်ရသည်။ သို့သော် သင်တန်း မပျက် ဆင်းသည်။

တစ်ခါတစ်ရံ သူစိတ်ဓာတ်ကျမိသည်။ ဤခြေဖဝါးကြောင့် သင်တန်း အကုန်မလိုက်နိုင်မှာ စိုးရိမ်သည့်အတွက် စိတ်ဓာတ်ကျရခြင်း ဖြစ်သည်။

သို့သော် ပြန်၍ အားတင်းသည်။ ဤစစ်တက္ကသိုလ်သည် အစိုးရအဖွဲ့အတွင်းသို့ ရောက်နေသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်များ၏ စီစဉ်ချက်ဖြင့် ဖွင့်လှစ်သည့် စစ်တက္ကသိုလ်ဖြစ်၏။ အင်္ဂလိပ် နယ်ချဲ့သမားတို့က လွတ်လပ်ရေးကို အသာတကြည်ပေးလျှင် ပေး၊ မပေးလျှင် လက်နက်ကိုင်တိုက်ပွဲ ဝင်ကြမည်။ သို့ကလို တိုက်ပွဲဝင်လျှင် လူငယ်လူရွယ်တိုင်း စစ်ပညာတတ်ထားရန် စစ်ခေါင်းဆောင်တွေ၊ နိုင်ငံရေးမှူးတွေ ဖြစ်လာရန် ရည်သန်သော စစ်တက္ကသိုလ်လည်း ဖြစ်သည်။ ထို့ကြောင့် ဒိုင်းဝန်ကွင်း ဂတ်တစ်ခုလုံးရှိ လက်နက်တိုက်သည် စစ်တက္ကသိုလ် ကျောင်းသားများ၏ လက်နက်တိုက် ဖြစ်နေခြင်းသာ မဟုတ်လော။

ယင်းအကြောင်းများကြောင့် ဤစစ်တက္ကသိုလ်မှ မည်သည့်နည်းနှင့်မျှ မခွာဟု ဝင်းကြည်က သူ့ကိုယ်သူ အားတင်းရခြင်း ဖြစ်လေသည်။

သင်တန်းတွေ ပင်ပန်းသလောက် အစားအသောက် ဆင်းရဲလှ၏။ တမင် ဆင်းရဲအောင် စီစဉ်ထားခြင်း ဖြစ်သည်။ မော်လမြိုင် တစ်မြို့လုံးက ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည်ဖြင့် လိုလေသေးမရှိအောင် ထောက်ပံ့ကြသည့်အတွက် ယင်းပစ္စည်းတွေမှာ ကျောင်းတွင် ပုံနေ၏။ သို့သော် အဆီအပြား ဟင်းကောင်း ကျွေးကောင်းကို မကျွေး။ ကျောက်ဖရုံသီး ရေလုံပြုတ် နေ့တိုင်း ကျွေး၏။ ဆား မပါ၊ ဆီ မပါ။ တစ်ခါတစ်ရံ တနင်္ဂနွေ တစ်ပတ်လျှင် တစ်ကြိမ် နှစ်ကြိမ်ခန့် အသားကျွေး၏။ သို့သော် ရေလုံပြုတ်။

အဆင်းရဲခံနိုင်ရမည်၊ အငတ်ခံနိုင်ရမည်၊ ချွေးများများထွက်မှ သွေးထွက် သက်သာမည် ဟူသော စစ်တက္ကသိုလ်တိုင်း၏ အစဉ်အလာ ဆောင်ပုဒ်ကို လက်ကိုင်ထားသည်။

ရွှေနတ်တောင်ဆီသို့ စက်ပစ်ထွက်ခိုင်းသည်။ ရွှေနတ်တောင်တွင် စက်ပစ်ကွင်းကျယ်ကြီး ရှိသည်။ ဘရင်းသံ၊ စတင်းသံ၊ ရိုင်ဖယ်သံတွေဖြင့် ရွှေနတ်တောင် တစ်ဝိုက်သည် ဆူညံပွက် ရှိလေသည်။ အင်္ဂလိပ် နယ်ချဲ့သမားတွေကို မောင်းထုတ်မည့် သေနတ်သံများပေတော့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၉

ညသည် မှောင်နေ၏။

အချိန်အားဖြင့်ဆိုလျှင် သန်းခေါင်ကျော်ခန့် ရှိလေပြီ။

မီးပွင့် တစ်ပွင့်သာရှိသော ရှင်မဟာဗုဒ္ဓဃောသ ကျောင်းဝင်းရှေ့တွင် စစ်တက္ကသိုလ် သင်တန်းသားများသည် တန်းစီထားကြ၏။ သူတို့တွင် လက်နက်အပြည့်အစုံ၊ ကျောပိုးအိတ်၊ အိပ်ရာလိပ်၊ ရေဘူး စသော ပစ္စည်းများ အပြည့်အစုံကို သယ်ပိုးထားကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့အတွက် တပ်စု ၁ ကို စိုးသိမ်းက ကွပ်ကဲရပြီး တပ်စု ၂ ကို ဝင်းကြည်က ကွပ်ကဲရန် တာဝန်ကျလေသည်။ ထို့ကြောင့် ကျောင်းသားတွေက 'မအူပင်နေ့' ဟု ဆိုစမှတ် ပြုကြလေတော့သည်။ တပ်စု ၂ ကို ကွပ်ကဲရသော တပ်စုမှူးပီပီ ဝင်းကြည်၏ ခါးတွင် ဂျပန်ဓားလွယ်ကို ချိတ်ဆွဲထားရသည်။ တပ်စုမှူးလည်း ဖြစ်၊ တပ်စု ၂ ၏ သင်တန်း တာဝန်ခံလည်း ဖြစ်သော ကိုတင်ရွှေသည် မှန်ကုပ်ကုပ်မျက်နှာဖြင့် ဘေးမှ အကဲခတ် ရပ်ကြည့် နေ၏။ ဘာမျှ ဝင်မပြော။ တာဝန်ခံ ကွပ်ကဲရသူက လုံးဝဥသုံ တာဝန်ယူရမည်။ စစ်ခေါင်းဆောင် သင်တန်းထုံးစံအတိုင်း ပင်ကိုအရည်အချင်းနှင့် အစွမ်းအစကို စမ်းသပ်ခြင်း ဖြစ်သည်။

"တပ်စု သတိ။ တပ်စုမှူးကို အလေးပြု"

ဝင်းကြည်၏ အသံသည် ညအမှောင်တွင် စူးရှစွာ ပေါ်ထွက်လာ၏။

တပ်စုကို ကိုတင်ရွှေက လှည့်လည် စစ်ဆေးသည်။ ဝင်းကြည်သည် ခါးတွင် ချိတ်ထားသော ဓားရှည်ကို ရွှမ်းခနဲ မြည်အောင် ဆွဲချွတ်ကာ အလေးပြုလိုက်၏။ မီးရောင်လဲ့လဲ့အောက်၌ တပ်စစ်ဆေးနေသော ကိုတင်ရွှေ၏ မည်းကြုတ်ကြုတ် မျက်နှာသည် တင်းမာနေ၏။ အသား မည်းနက်နက်၊ ခန္ဓာကိုယ်က ပိန်လှီလှီ၊ ဝတ်ထားသည့် ယူနီဖောင်းကလည်း ပုံမကျ ပန်းမကျ။ ရှုရောင်းရောင်း။

တပ်စု ၁ မှူး ကိုအေးလွင်က သူ့ထက် ကိုယ်လုံးကိုယ်ထည် အချိုးအစား ပြေပြစ်သည်။ သို့သော် သူတို့နှစ်ယောက်စလုံး အသားမည်းရာ၌ တူညီကြသည်။ ထို့ကြောင့် ကျောင်းသားများ က 'ရှားတဲ့ဓမ္မမှာဗျာ၊ အသားက မည်းတူပြာ။ ရှေ့ဆုံးက ဘောင်းဘီစိမ်းနဲ့ ရှေ့ရော နောက်ရော ကြည့်လို့မလှပါ' ဟူ၍ သီချင်းတိုကလေး စပ်ကာ တပ်စုမှူးကြီး နှစ်ဦးဖြစ်သော ကိုအေးလွင်နှင့် ကိုတင်ရွှေတို့ကို နောက်ကွယ်တွင် ထောမနာပြုလေ့ရှိသည်။

"တပ်စုမှူး၊ ဓားနဲ့ ပြန်အလေးပြုစမ်း"

ကိုတင်ရွှေက ဝင်းကြည်ကို အမိန့်ပေးသဖြင့် ဝင်းကြည်က ဓားရှည်ကို ပြန်စိုက်၍ တစ်ဖန် ရွှမ်းခနဲ မြည်အောင် ပြန်ဆွဲချွတ်ကာ အလေးပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မှားတယ်၊ မှားတယ်။ ဓားသွားဟာ နှာဖျားမှာ မထိတထိ ကပ်နေရမယ်။ မင်းဥစ္စာ တစ်တောင်လောက် ဝေးနေတယ်။ ဓားပြန်သွင်း။ ဒိုက် ၂၅ ခါ ထိုးစမ်း"

ဝင်းကြည်သည် ဓားကို ရှိခနဲ မြည်အောင် ဓားအိမ်အတွင်းသို့ ပြန်ထိုးသွင်းလျက် မြေကြီးပေါ်တွင် လက်နှစ်ဖက်ထောက်ကာ မှောက်လျက်သား ဒိုက် ၂၅ ကြိမ် ထိုးရလေ၏။ ထိုအခါမှ စ၍ တပ်စု ၂ မှ တပ်သားတွေက တပ်စုမှူး အသစ်စက်စက် ဝင်းကြည်ကို 'ဒိုင်ဗင်ဗိုလ်' ဟု ထောမနာ ပြုကြပြန်သတည်း။

ကျောင်းနှင့် ကပ်လျက်သားအိမ်မှ လှူဒါန်းထားသည့် 'ရိုတီ' ခေါ် နံပြားအသေး ကလေး ၂ ချပ်စီနှင့် သကြားထုပ်ငယ် တစ်ထုပ်စီကို တပ်သားတိုင်းသို့ ဝေငှပေးသည်။ ယခု မစားရသေး၊ သိမ်းထားရမည်၊ စားဆိုမှ စားရမည်။

ထို့နောက် သူတို့သည် စတင် ချီတက်ကြ၏။ ည၏ အမှောင်အတွင်းမှာပင် တပ်စု နှစ်စုစလုံးကို တစ်ဦးချင်း တန်းစီစေကာ လမ်း၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် ကပ်စေလျက် ချီတက်ရသည်။ မုဒုံ အရောက်ဆိုလျှင် မိုင် ၂၀ ကျော်မည်။ လမ်းတွင် ရန်သူနှင့် တွေ့ကောင်း တွေ့မည်။ သို့မဟုတ် ရန်သူ့လေယာဉ်ပျံနှင့် တိုးလျှင်လည်း တိုးမည်။ ရှေ့က ထွက်သွားနှင့်သော ကျောင်းအုပ်ကြီး ကိုကျင်လှိုင်တို့၏ အဖွဲ့က သူတို့ တိုက်စေချင်၊ လုပ်စေချင်သည့် ပုံစံမျိုးဖြင့် အကြောင်းကြားသွားမည်ဖြစ်ရာ သူတို့ထံမှ ရောက်လာသမျှ အမိန့်အတိုင်း ဆိုင်ရာ တပ်စုတွေကို လက်တွေ့ လေ့ကျင့်ရင်း မုဒုံအရောက် ချီတက်ကြရန်ဖြစ်သည်။

လမ်းတွင် ရန်သူ့လေယာဉ် လာပြီဆိုလျှင် တပ်စုတစ်စုလုံးကို တပ်ဖျောက်ကာ လမ်းဘေး တစ်ဖက်တစ်ချက်ရှိ တောကြား တောင်ကြားသို့ ခိုဝင်စေရ၏။ ရန်သူ့တပ်နှင့် တွေ့ပြီ။ အင်အား ချင်း အဘယ်မျှ ခြားနားသည် စသည့် သတင်းရောက်လာလျှင် လိုသလို တိုက်ခိုက်ရန် စီစဉ်ရ၏။

၁၀ မိုင်မျှ လျှောက်မိကြမှ အနားပေးကာ ရိုတီ စားခွင့်ပေးသည်။ သကြားသာမက ရိုတီတွေပါ ချွေးများကြောင့် အရည်ပျော်ကုန်ကြသော်လည်း ဆာဆာနှင့် အငမ်းမရ စားကြသည်။

ချီတက်ရသော ခရီးအကွာအဝေးက မိုင် ၂၀ ကျော်မျှ ဖြစ်သော်လည်း လမ်းတွင် လက်တွေ့ လေ့ကျင့်ခန်းတွေ လုပ်နေသည့်အတွက် မုဒုံသို့ နေ့လယ် ၁၂ နာရီခန့်တွင်မှ ရောက်သွားကြ၏။ သူတို့ စခန်းချရာ နေရာကား ကန်ကြီး၏ နံဘေးတွင် ဖြစ်၏။ စခန်းတွင် ခေတ္တ အပန်းဖြေရင်း ရကာ ထမင်းစားကြသည်။ ဝင်းကြည်ကား ရာဘာပင် တစ်ပင်၏ ခြေရင်း၌ ခေတ္တ လဲလျောင်း လိုက်ရာ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျသွားလေတော့သည်။

ထိုညတွင် ကန်ကြီးနံဘေးရှိ ရာဘာတောထဲ၌ အိပ်ရသည်။ အလှည့်ကျ ကင်းစောင့်ရ သည်။ သာမန်ကင်းနှင့် ကင်းပုန်းချနည်း၊ စကားဝှက်ထုတ်နည်း၊ စကားဝှက် အသုံးပြုနည်းတွေကို လေ့ကျင့်ရသည်။

ရာဘာတောသည် နေ့လယ်နေ့ခင်း အချိန်၌ပင်လျှင် နေပျောက် မလင်းနိုင်လောက်အောင်

www.burmeseclassic.com

အရိပ်အာဝါသကောင်းလေရာ ညအခါ၌ကား ပိန်းပိတ် မည်းမှောင်နေလေ၏။ သို့ရာတွင် တစ်တောလုံးသည် ပိုးစုန်းကြူးများ ပျံဝဲနေကြသည့်အလား ရာဘာပင်စည်များနှင့် အကိုင်းများ မြေပြင်ပေါ်၌ ကျနေသည့် ကိုင်းခြောက်များမှ ထွက်လာသော မီးစုန်းများဖြင့် တဝင်းဝင်း တလက်လက် တောက်ပနေကြ၏။ စိုစွတ်သော ရာဘာရွက်ကြီးများအောက်တွင် ထွားကျိုင်းလှသည့် ရာဘာပိုးလုံး ရှည်ရှည်ကြီးတွေ တရွရွ တရွေ့ရွေ့ သွားနေတတ်ကြသည်။

လေ့ကျင့်ခန်းများ ပြီးစီး၍ အိပ်မည်အကြံတွင် မိုးသည် သဲသဲမဲမဲ ရွာချလိုက်လေ၏။

တစ်ကိုယ်လုံး ရွှဲရွှဲစိုသည်။ အိပ်ရာနှင့် စောင်အတွေပါ ရွှဲရွှဲစိုသည်။ သို့သော် ခိုနားစရာ မရှိ၊ အမိုးမရှိ၊ အကယ်၍ ရှိပါကလည်း ခိုနားခွင့်မရှိ။

မိုးရွာသည့်အတွက် အအေးဓာတ်မှာ လွန်ကဲလာ၏။ တစ်ကိုယ်လုံး စိမ့်လာ၏။ အေးမြသော မိုးစက် မိုးပေါက်များအောက်တွင် သူတို့သည် ရွှဲရွှဲနစ်ကြရ၏။ အိပ်မရသည့်အတွက် ထထိုင်နေကြသည်။ အိပ်၍လည်း မဖြစ်၊ မိုးရေက နှာခေါင်းနှင့် နားထဲသို့ အလုံးအရင်းဖြင့် စီးဝင်လာတတ်ပေသည်။

"ဟေ့ ဒိုင်ဗင်ဗိုလ်။ အိပ်နေပလား"

မိုးစက် မိုးပေါက်များ အကြားမှပင် မြမော် ရောက်လာသည်။ သူသည် တပ်စုမှူး တာဝန်ယူထားရသူ ဖြစ်သည်။

"အိပ်သေးပါဘူးဗျာ။ ဘယ်လိုလုပ် အိပ်လို့ရပါ့မလဲ။ ဒီမိုးကြားထဲ အိပ်လည်း အိပ်ရင်း ရေနစ်ပြီး သေနေမှာ"

မြမော်မှာ စိုးသိမ်း၊ ဝင်းကြည်၊ ကျော်လွင်တို့ထက် တစ်နှစ် နှစ်နှစ်ခန့် အသက်ကြီးသည်။ ထိုသို့ အသက်ကြီးသည့်အတွက် ခင်ဗျားနှင့် ကျွန်တော်နှင့် အပြောချင်း ပြောတတ်ကြသော်လည်း ခင်မင်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများပီပီ တစ်ခါတစ်ရံ မင်းနှင့် ငါနှင့် ပြောတတ်ကြသည်။

မြမော်နှင့် ဝင်းကြည်မှာ တပ်စု ၂ တွင် အတူတကွနေရသော်လည်း ကျောင်း၌ တပ်စုတူပေမယ့် အခန်းချင်း ကွဲကြပြီး တပ်စိပ်အလိုက် လှုခွဲသောအခါများတွင်လည်း အမြဲလိုလို တပ်စိတ်ချင်း ကွဲတတ်ကြသဖြင့် တစ်ခါတစ်ရံမှသာ အေးအေးလူလူ တွေ့ကြရ၏။ ယခု တပ်စုမှူး တာဝန်ယူထားရသော မြမော်သည် ကင်းတွေကို စစ်ဆေး၍အပြီး ဝင်းကြည်နားသို့ ရောက်လာခြင်း ဖြစ်ပေ၏။

ရာဘာရွက် မွေ့ရာပေါ်၌ ခင်းထားသော ဝင်းကြည်၏ တစ်ယောက်အိပ် အိပ်ရာခင်းပေါ်တွင် မြမော်သည် ထိုင်ချလိုက်၏။ ဝင်းကြည်ကလည်း ငုတ်တုတ် ထိုင်နေ၏။ အိပ်ရာရော သူပါ ရွှဲရွှဲစိုနေ၏။

"မနက်ဖြန်ဆို တို့ ခရီးဆက်ရဦးမယ်တဲ့ကွ"

"ဘယ်ကိုတဲ့လဲဗျ"

www.burmeseclassic.com



ဝင်းကြည်က မေးလိုက်၏။ မြမော်က ခါးတွင် လွယ်ထားသော ဓားရှည်ကို ခါးမှ ဖြုတ်ကာ ဒူးနှစ်လုံးကြား၌ ထောင်ထားရင်း

"ဂျုံးဂျုံးကျအောက်ကိုလို့ ပြောတာပဲ။ အဲဒီမှာ တောတွင်း တိုက်ပွဲတွေ တိုက်ရမယ်တဲ့။ ငါ့ချိုး၊ ကြာရင်တော့ ချိုးအန်တော့မှာပဲ။ ပင်ပန်းလိုက်တာလွန်ရော။ မင်းခြေထောက် ဘယ့်နှယ်နေသလဲ"

"အေးအေးလူလူသာ နေလိုက်ရရင် လုံးဝ ပျောက်ဖို့ပဲဗျာ။ အခုတော့ တစ်ခါမှ အနားမပေးရတော့ မပျောက်နိုင်ဘူး။ ဆေးဝါးလေး ရှိနေလို့သာ တော်သေးတာပေါ့။ သိပ်များများ လျှောက်ရင် ခြေဖဝါးတစ်ခုလုံး သိပ်နာတာပဲ။ ဒါပေမဲ့ အစကထက်တော့ သက်သာလာပါပြီ"

"ကျော်လွင် တစ်ကောင်လည်း စိတ်ဓာတ်ကျနေတယ်ကွ။ ညနေက သူ့ဆီ ငါရောက်သေးတယ်"

"ဘာဖြစ်လို့လဲ။ ဒီကောင် ပြန်ချင်ပြီတဲ့လား"

"ပြန်ချင်လို့ မဟုတ်ပါဘူး။ မနေ့က ညနေ တိုက်ပွဲဆင်းတုန်းက သူက တပ်စိတ်မှူးကွ။ သူ့တပ်စိတ်နဲ့ အတိုက်မှာ စိန်ပြောင်းသမား နေရာချတာမှားလို့တဲ့ ကိုအေးလွင်က အပြစ်ပေးတယ်။ ဒီကောင်ကလည်း အ ပါ့ကွာ။ စိန်ပြောင်းသမားကို ရာဘာတောထဲမှာ နေရာယူခိုင်းတယ်တဲ့။ သေရောပေါ့"

စိန်ပြောင်း ကျည်ဆန်ဟူသည် သစ်ရွက် သစ်ကိုင်းများနှင့် ထိရုံမျှဖြင့် ပေါက်ကွဲသော သဘောရှိ၏ ; ထို့ကြောင့် စိန်ပြောင်းသမားကို သစ်ပင် တောအုပ်များအတွင်း နေရာမယူစေရ။ သစ်ပင် တောအုပ်များအတွင်း စိန်ပြောင်းသမားကို နေရာယူစေခြင်းသည် ပစ်လိုက်သည့် စိန်ပြောင်း ကျည်ဆန်က လိုရာအဝေးသို့ မရောက်၊ ကိုယ့်ဦးခေါင်းပေါ်၌သာ ပေါက်ကွဲကာ ကိုယ့်တပ်သား တွေကို ကိုယ်ပြန်သတ်သည်နှင့် တူလှ၏။ ဤသည်မှာ မည်သည့် စစ်ခေါင်းဆောင် တစ်ဦး တစ်ယောက်မျှ မကျူးလွန်အပ်သည့် အမှားတည်း။

"ဒီကောင်ကလည်း ဘာကြောင့်နေတာလဲ မသိဘူး"

"အေးကွ၊ ဒီကောင့် ကြည့်ရတာ ငိုင်တိုင်တိုင်နဲ့။ နောက်ပြီး တော်တော်လည်း ပင်ပန်းနေ ရတယ်။ သူက စတိုင်လ်နဲ့ ကြော့ကြော့လေးနေချင်တဲ့ ကောင်ကိုး"

ကျော်လွင့်အကြောင်းကို ပြောကာ နှစ်ယောက်သား ငြိမ်နေကြသည်။ မိုးပေါက်များသည် ရာဘာရွက်တွေကို ထိမှန်ကာ သူတို့အပေါ်သို့ ဖွာရရာကြဲ၍ ကျဆင်းနေဆဲဖြစ်၏။

"အင်း၊ ရှေ့လျှောက် အခြေအနေတွေက ဘယ်လိုဖြစ်ဦးမလဲ မသိဘူး"

မြမော်က ညည်းတွားပြန်သည်။ သို့ကလို ညည်းတွားရင်း မြေပေါ်ရှိ ရာဘာရွက်ခြောက် တွေကို ဓားဦးဖြင့် တူးဆွနေသည်။

"ကျွန်တော်ကတော့ ဒီစစ်ကျောင်းကနေ တစ်ခါတည်းသာ တောခိုလိုက်ချင်တော့တယ်

www.burmeseclassic.com



အိမ်လည်း ပြန်ချင်စိတ်မရှိဘူး။ ရင်ဆိုင်စရာရှိတာတွေ တစ်ခါတည်းသာ ရင်ဆိုင်လိုက်ရတာ ကောင်းတယ်"

"အေးကွ၊ လာမယ့်ဘေး ပြေးတွေ့တာ အကောင်းဆုံးပဲ။ ဒါပေမဲ့ တဖြည်းဖြည်းတော့ ရှုပ်လုံးပေါ်လာမှာပေါ့ကွာ။ ဒီကောင်တွေကို ပျော့ပျော့ ပျော့ပျော့နဲ့ လုပ်နေလို့ မရဘူး။ ဝုန်ဒိုင်းနဲ့ကို ချပစ်ရမယ်။ အင်္ဂလိပ်ဆိုတဲ့ ကောင်တွေက သိပ်ဉာဏ်များတာ"

"ဟုတ်တယ်၊ သိပ်ဉာဏ်များတယ်။ ခြေလည်း သိပ်ရှုပ်တယ်။ ကျွန်တော်ကတော့ ရှင်းရှင်းပဲဗျ။ ဒီကောင်တွေကို အခုအထိ မဆော်ရသေးတာကို မကျေနပ်ဘူး"

"မင်းလိုချည်းပါပဲကွာ"

မြမော်၏ သက်ပြင်းချသံကို ကြားရသည်။

မိုးလည်း စဲသွားလေပြီ။

"တောတွင်း တိုက်ပွဲတွေပြီးရင် သင်တန်းပြီးပြီ ဝင်းကြည်။ တို့ ပြန်ရတော့မယ်"

"ခင်ဗျားနဲ့ ကျော်လွင်ကတော့ အဆက်တွေနဲ့ တွေ့ရတော့မယ်ဆိုပြီး ပြန်ရမှာကို ပျော်နေတာပေါ့ဗျာ၊ ဟုတ်လား"

"အောင်မာ မင်းက ငါ့ရှီး၊ မင်းကကော"

"ကျွန်တော်လား၊ တကယ် မပြန်ချင်ဘူး။ အိမ်နဲ့ကလည်း အဆင်မပြေ၊ ဘာတစ်ခုမှ အဆင်မပြေဆိုတော့ ပြန်လို့ကော ဘာလုပ်ဦးမှာတုံး"

မိုးစဲသွားပြီ ဖြစ်သဖြင့် သူတို့နှစ်ယောက် ထိုင်ရာမှထကာ အိပ်ရာခင်းကို လိမ်၍ ရေညှစ်ကြသည်။ ဘောင်းဘီနှင့် အင်္ကျီတွေကိုလည်း ချွတ်ကာ ရေညှစ်ကြသည်။ နှစ်ယောက်စလုံး အတွင်းခံ ဘောင်းဘီတိုကလေးတွေနှင့်သာ မှောင်မည်းသော ညကြီးမင်းကြီးတွင် အလုပ်ရှုပ်နေကြ၏။

"မင်း အိမ်ပြဿနာက တယ်ကြီးတာကိုးကွ။ ဒီကြားထဲ စင်သီယာ့ ကိစ္စကလည်း တစ်မျှောင့်"

"ကျွန်တော် သူ့အကြောင်း ထည့်မစဉ်းစားဘူး"

မြမော်သည် ရေညှစ်ပြီးသား ဘောင်းဘီကို ပြန်ဝတ်နေ၏။

"မင်းက ဒီလောက်တောင် ပြတ်သလား"

"မပြတ်လို့ ဘာလုပ်တော့မလဲ။ သူ့ကို မပြတ်ရင် ကျွန်တော် ခင်ဗျားတို့ အသိုင်းအဝိုင်းထဲက ထွက်ရရုံပဲရှိတယ်"

"မင်း နောင်တော်ကကော ဘယ်လိုဖြစ်နေသလဲ အခု"

"ပင်စီက အကပ်မခံတော့ ဒီကောင် ဆွေးနေတာပေါ့ဗျာ။ အခုတော့ ပြည်သူ့ရဲဘော် တပ်ဖွဲ့ထဲ ဝင်လုပ်နေတယ်တဲ့၊ ဟား ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်က အားရပါးရရယ်ရာ မြမော်က "တိုးတိုးရယ်ပါကွ။ အသားမည်း ကြားသွားဦးမယ်" ဟု သတိပေးလိုက်ရ၏။ ထို့နောက် မြမော်ကပင် ဆက်ပြောပြန်သည်။

"ငါတော့ ထွန်းကြည် ဒီလိုဖြစ်တာ ကောင်းတယ် ထင်တာပဲ။ သူ စိတ်လေပြီး ထင်ရာလျှောက်လုပ်နေမယ့်အစား တိုင်းရေးပြည်ရေးဘက် တစ်ခုခုပေါ့ကွာ။ စိတ်ဝင်စားလာတာ ကောင်းတာပဲ။ မင်းက မရယ်နဲ့ကွာ"

"ဒါပေမဲ့ဗျာ၊ ရည်းစားနဲ့ ခွာပြီတာနဲ့ နိုင်ငံရေး ဝင်လုပ်တယ်ဆိုတာ မှန်မှ မမှန်ဘဲ"

မြမော်က ရယ်ပြန်၏။

"မင်းက တစ်ခါတလေ တော်တော် တစ်ယူသန်တဲ့ ကောင်ပဲ။ လူတွေကို တစ်သမတ်တည်း ကြည့်လို့ ဘယ်ရမလဲ၊ ကောင်းတဲ့ဘက်ကို ကူးလာရင် လက်ခံရမှာပဲ မဟုတ်လား။ မင့် စင်သီယာတောင် သူ့ဘာသူ ပြန်ပြင်လာရင် မင်းက တစ်ခါ ပြန်စဉ်းစားချင် စဉ်းစားနေရဦးမှာ"

"ကျွန်တော်တော့ မမျှော်လင့်ဘူးဗျာ"

"အေးလေ အဲဒါ အယူသီးတာကွ။ မင်းလည်း စိုးသိမ်းလို ကောင်မျိုးပဲ။ အဲဒီကောင်ကလည်း တစ်မျိုး တောပြည် လွတ်လပ်ရေး မရမချင်း မိန်းမမယူဘူးလို့ ကြွေးကြော်နေတာချည်းပဲ"

"ဒါ ဟုတ်သားပဲဗျ"

"ဟုတ်တော့ ဟုတ်တယ်လေ ဝင်းကြည်ရ။ ဒါပေမဲ့ ဒီလိုကိစ္စမျိုးဆိုတာ အော်ကြီးဟစ်ကျယ် ကြွေးကြော်နေစရာ မလိုပါဘူးကွ။ တို့၊ မင်းတို့အားလုံး နားလည်ထားပြီးသား မဟုတ်လား။ ငါကတော့ ရှင်းရှင်းပဲ မိန်းမရလို့ ယူစရာရှိလည်း ယူမယ်၊ တိုက်စရာရှိလည်း ထွက်တိုက်မှာပဲ"

"ဒါတွေကြောင့် ခင်ဗျားကို မြက သဘောကျနေတာနဲ့ တူပါတယ်လေ"

မြမော်သည် မနင်းမြနှင့် ချစ်ကြိုက်လျက်ရှိ၏။ မနင်းမြက အေးအေးလူလူ သိမ်သိမ်မွေ့မွေ့၊ မြမော်က ဆူဆူပူပူ ကြမ်းကြမ်းတမ်းတမ်း၊ မနင်းမြ ဝါသနာအကြီးဆုံးသော အရာမှာ စန္ဒရားနှင့် တေးဂီတ၊ မြမော်က ကာလပေါ် သီချင်းတစ်ပုဒ်ကိုပင် ဖြောင့်အောင် မဆိုတတ်။ သူတို့နှစ်ယောက်ကို ဆန့်ကျင်ဘက်၏ ညီညွတ်ခြင်းဟု သူငယ်ချင်းတွေက အထိမ်းအမှတ်ဖြစ် နာမည်ပေးထားသည်။

"မြက သဘောကျတာ မကျတာ အရေးမကြီးဘူးကွ။ မင်းပြောလို့ မေ့နေပင်ကို သတိရတာနဲ့ ငါ့စိတ်ထဲမှာ မအေးနိုင်လောက်အောင် ဖြစ်နေတာ ပြောရဦးမယ်။ စိုးသိမ်းကိုလည်း တစ်နေ့နေ့ ပြောရဦးမယ်။ ဒါက ငါတစ်ယောက်တည်းတင် မကဘူး။ မင်းတို့နဲ့ပါ ဆိုင်တယ်"

"ဘာများလဲဗျာ၊ ပြောစမ်းပါ။ ခင်ဗျားကလည်း အချိုးနိဒါန်းတွေ လုပ်နေလိုက်တာ"

"ဟိုမှာ ကျန်နေတဲ့ ကောင်တွေအတွက်ကွ"

"ဝင်းမောင်တို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဲဒါ ဘာဖြစ်သလဲ"

"တို့က ဒီထွက်လာတုန်း သူတို့က ရန်ပုံငွေရှာ၊ လက်နယ်ဝယ်ရ လုပ်ထားဖို့ဆိုတာ အဆင်မပြေရဲ့လားလို့ပါ၊ နောက်ပြီး ဝင်းမောင်က တစ်ခါတလေ သောက်ရမ်း လျှောက်လျှောက် လုပ်တတ်တာကွ။ ပေါ်ကုန်ရင် ဒုက္ခပဲ"

မြမော်၏ စကားကို ကြားရသောအခါ ဝင်းကြည်လည်း ငြိမ်ကျသွားလေ၏။ မြမော်၏ စကားသည် မှန်လှပေ၏။ သူတို့ ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းတွေမှာ မပြီးသေး။ သို့မို့ကြောင့် လုပ်ငန်းတိုင်းတွင် သေသပ်ရန်လိုသည်။ လျှို့ဝှက် သိပ်သည်းရန်လိုသည်။ မအုပင်မှာ ကျန်နေသူတို့က တစ်စုံတစ်ခု ချွတ်ချော် တိမ်းပါးလျှင်

မြမော်ရော ဝင်းကြည်ပါ ပြိုင်တူလိုလို သက်ပြင်းချလိုက်မိကြသည်။

"ကဲ မင်းအိပ်ချင် အိပ်တော့။ ငါ တစ်ပတ်လှည့်လိုက်ဦးမယ်" ဟု ဆိုကာ မြမော်သည် ရထားတောကြီး၏ အနောက်စုအတွင်းသို့ တိုးဝင်သွားလေရာ ဝင်းကြည်လည်း စိုစွတ်နေသော အိပ်ရာပေါ်သို့ ပင်ပန်းနွမ်းနယ်စွာ လှဲချလိုက်လေ၏။

× × ×

ဤနေရာတွင် မြေသည် ကြမ်းတမ်း၏။

မျက်နှာပြင်သည် ဖုထစ်ချိုင့်ဝှမ်းများ၊ တောင်ကုန်းများ၊ ကျောက်တုံး ကျောက်ဆောင်များဖြင့် ပြီး၏။ တောလည်းထူ၏။ လေပြင်းက ကာလရှည်ကြာစွာ ခြေချထားခြင်း ခံရသဖြင့် မြေပြင်တစ်ခုလုံး ရွက်ကြွေတွေသာ ဖုံးလို့နေ၏။

အရှေ့စူးစူးတွင် တနင်္သာရီရိုးမကို မှိုင်းပျပျ တွေ့ရသည်။ မနီးမဝေးတွင်ကား တနင်္သာရီ ရိုးမ၏ တောင်စွယ်တောင်ပွားတွေ ရှိ၏။ ထုံးရောင် ကျောက်တောင်များသာ ဖြစ်သော်လည်း အုန်းပင်တွေ အလေ့ကျ ပေါက်နေကြသည်။ အုန်းခက် အုန်းလက်တွေမှာ စိမ်းလန်းသည်မရှိ။ တောင်၏အရောင်က ဟပ်ထားလေသလား မသိ။ ခပ်ခြောက်ခြောက်၊ ခပ်မွဲမွဲ အခက်အလက်တွေသာ ဖြစ်သည်။ အုန်းသီးတွေလည်း သေးသေးလောက် သွေ့ခြောက်သည်။

မုဒုံနှင့် မနီးမဝေးရှိ ဂျုံးဂျုံးကျမှ အရှေ့ဘက်တူရူသို့ သူတို့ ချီတက်လာကြသည်။ အရှေ့ဘက်တွင် တနင်္သာရီရိုးမ၊ အနောက်ဘက်တွင် မုဒုံ သံဖြူဇရပ်သွား ကားလမ်းနှင့် ဗိုလ်ရုံးတောင်ဘက်တွင် မုဒုံ ချောင်းနစ်ခွသွား ကားလမ်းတို့၏ အကြား နယ်မြေဒေသ ဖြစ်သည်။

ဂျုံးဂျုံးကျမှ အထွက်တွင် စမ်းချောင်းကလေး တစ်ချောင်းသို့ ပြတ်ထွက်ပြေးဆင်းနေသော စမ်းချောင်းကို ကျော်မိသည်နှင့် တစ်ပြိုင်နက် တောသည် နက်လာ၏။ ထိုထိုတိုင်းကြည်း ကိုကို လွှမ်းမိုးလာ၏။ အမိန့်ပေးသံ၊ စစ်ခါးပတ်နှင့် ရေဘူးတို့ ထိရိုက်မိသံ သစ်ရွက်ပေါ်သို့ ခြေနင်း

www.burmeseclassic.com



တို့ကြောင့်သာ ဤပတ်ဝန်းကျင်သည် အသက်ဝင် လှုပ်ရှားနေခြင်းဖြစ်၏။ တောလေ တောင်လေမှို့ အတန်ငယ် အေးမြသလိုရှိသော်လည်း လေသည် ထူထဲ သိပ်သည်းခြင်းမရှိ။ ပါးလှပ်၏။ ကွင်း ခေါင်ခေါင်မှာလို တရှိန်ထိုးမတိုက်။ ထုံ့ပိုင်း၍ တိုက်၏။ တစ်ခါတစ်ရံ ဒေါသမာန် ခက်ထန်သူ အလား အရှိန်ပြင်းစွာ တိုက်ပြီး တစ်ခါတစ်ရံ ရက်တတ်သော အရွယ်ရောက်စ အပျိုဖြန်းသဖွယ် နူးနူးညံ့ညံ့ မခို့တရို့ တိုက်၏။ မည်သို့ပင် တိုက်တိုက်၊ သစ်ရွက်များကိုကား လှုပ်ရှား ဆော့ကစား တတ်၏။

တောအုပ်သည် နက်ရာမှ ပါးလာပြန်၏။ ခန့်ညားသော ဣန္ဒြေဖြင့် သားသမီး အခြွေအရံ တောင်စွယ် တောင်ကုန်းတွေ ဝန်းရံ ရပ်တည်နေသော တနသ်ာရီရိုးမကို မြင်ရလေပြီ။

"တပ်စု ရပ်"

တပ်စုမှူး ကိုတင်ရွှေ၏ အမိန့်သံသည် တောအုပ်အတွင်း၌ လည်းကောင်း၊ တောင်တန်း တစ်ခွင်၌ လည်းကောင်း ပဲ့တင်ထပ်သွားလေ၏။

"ဒီနေ့ တပ်ခွဲလိုက်၊ တပ်ရင်းလိုက် သဘောနဲ့ တောတွင်းတိုက်ပွဲတိုက်ရမယ်။ တပ်စုကို တပ်ရင်းလို့မှတ်။ တပ်စိတ်ကို တပ်ခွဲလို့ မှတ်သားထားရမယ်။ နောက်ပြီး နယ်မြေ အနေအထားကို ပြောပြမယ်။ အားလုံး ဂရုတစိုက်နားထောင်။ ရှေ့နှစ်ဖာလုံ အကွာလောက်ရောက်ရင် ဂျပန် စစ်စခန်းဟောင်းတစ်ခု တွေ့ရလိမ့်မယ်။ အဲဒီစစ်စခန်းကို ဂျပန်တွေက အခိုင်အမာ တည်ဆောက် ထားခဲ့တယ်။ သူတို့စခန်းရဲ့ ပတ်ပတ်လည်မှာ သံဆူးကြိုး ကာထားတယ်။ အင်မတန်နက်တဲ့ တွင်းကြီးတွေတူးပြီး အပေါ်က ဝါးကပ်နဲ့ သစ်ရွက်ဖုံးထားတယ်။ ကျရင်တော့ သေမှာပဲ"

အားလုံးသည် အသက်ကိုပင် ပြင်းပြင်းမရှူနိုင်ဘဲ တပ်စုမှူး၏ ရှင်းပြချက်ကို အာရုံ စူးစိုက်နေကြ၏။

"အဲဒီကို အရောက်ချီတက်မယ်။ ချီတက်တဲ့နေရာမှာ ခုနကပြောတဲ့ ထောင်ချောက်တွင်း တွေကို သတိထားရမယ်။ ဒါပဲ"

ရှေ့ဆက် ချီတက်ရန် အမိန့်ရပြန်သည်။ တပ်စိတ်အလိုက် လူစုခွဲ၍ တက်ကြသည်။ အားလုံးမှာ ချွေးတွေ စို့ရွဲနေကြသည်။

တောအုပ်၏ အလွန်တွင် တောင်တန်းကို နောက်ခံကားပြုကာ တည်ရှိနေသော တဲတန်း လျားအချို့ကို လှမ်းမြင်ရသည်။ တဲတွေမှာ သပ်ရပ်သည်။ အတန်းလိုက် အကွက်ချ၍ ဆောက် လုပ်ထားခြင်း ဖြစ်သည်။ သို့သော် ဤနေရာသို့ ရောက်အောင် သွားဖို့ကား မလွယ်ကူလှ။ မြင် အပြန့်အပြူးများသည် မှန်သော်လည်း ထောက်ချောက်အဖြစ် တူးထားသော တွင်းနက်များ ဖြင့် ပြည့်နက်နေသည်။

ဝင်းကြည်သည် သာမန်လျှောက်နေကျ ခြေလှမ်းအတိုင်း မလှမ်းတော့ဘဲ ခြေတစ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



လှမ်းခါနီးတိုင်း ရှေ့သို့ ခြေဖဝါးဦးဖြင့် ထိုးကာ မြေကို စမ်းသည်။ မြေမာသည်၊ မြေကြီးအစစ်ဖြစ်ကြောင်း သေချာသည်ဟု စိတ်ချရမှ ခြေလှမ်းသစ် လှမ်းလေတော့၏။ ထို့ကြောင့် ခရီးမတွင်။

"ဟာ တွေ့ပြီ"

လက်ယာဘက် တောင်ပံမှ ရဲခေါင်တစ်ယောက်က လွှတ်ခနဲ အော်လိုက်သံ ကြားရသည့်အတွက် သူ့ဆီသို့ အားလုံးက မျက်တောင်မခတ် စူးစိုက်ကာ ကြည့်နေကြသည်။

အဆိုပါ ရဲခေါင်သည် အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်ထား၏။ မြေကြီးပေါ်ရှိ သစ်ရွက်ကြားသို့ ထိုးထားသော ခြေဦးကို ပြန်နုတ်လိုက်ပြီးနောက် ဘေးတစ်ဖက်တစ်ချက်သို့ စောင်းငဲ့ကြည့်၏။ ထို့နောက် သူ့ရှေ့ရှိ သစ်ရွက်ခြောက်တွေကို လက်ဖြင့် တဖြည်းဖြည်း ဆွဲဖယ်သည်။ သစ်ရွက်ခြောက်များကို ဖယ်လိုက်သောအခါ ဝါးကပ်တစ်ခု၏အစကို တွေ့ရသည်။ အားလုံးက သူ့အပြုအမူကိုသာ စူးစိုက်နေကြဆဲ ဖြစ်သည်။ သူသည် တွေ့ရသော ဝါးကပ်အစကို လက်ဖြင့် အသာမ၍ ဆွဲဖယ်လိုက်၏။ တွင်းနှုတ်ခမ်းဝလည်း ပေါ်လာလေပြီ။ သူသည် လက်တစ်ကမ်းအကွာမှ မြေခဲကြီးကို လှမ်း၍ ဆွဲယူကာ အဆိုပါတွင်းထဲသို့ တွန်းချလိုက်၏။ မကြာမီ တွင်းအောက်ခြေသို့ မြေကြီးခဲကြီး ကျသွားသံကို ဝုန်းခနဲ ကြားကြရသည်။ တွင်းကား နက်လှစွာ၏။ အောက်ခြေတွင် ရေရှိသည်။ နောက်ထပ် မြေကြီးခဲတွေ ပစ်ချတိုင်း ရေသံ၊ လိုဏ်ခေါင်းသံ ထကာ တဝုန်းဝုန်းမြည်နေရာ ပတ်ဝန်းကျင် တစ်ခုလုံးတွင် ပဲ့တင်ထပ်နေလေ၏။

သူတို့သည် ဤနေရာတွင် သစ်ကိုင်းခြောက်တစ်ခုကို အမှတ်အသားပြု စိုက်ထူလိုက်ပြီးနောက် ရှေ့သို့ ဤနည်းနှင်နှင် စမ်းကာ စမ်းကာ တက်ကြပြန်၏။ သစ်ရွက်အလွန်ထူသော နေရာသို့ရောက်လျှင် ပို၍ သတိထားရ၏။ အချို့ကား လမ်းမလျှောက်ရဲတော့သဖြင့် ဖင်ထိုင်ချကာ၊ ခြေကိုဆန့်ကာ တိုးစမ်းရင်း ဖင်ရွှေ့ ဖင်ရွှေ့ သွားကြလေ၏။

ဤစခန်းကို ဂျပန်တို့သည် သေသပ် ကျနစွာ တည်ဆောက်လျက် ကာလရှည်ကြာစွာ တပ်စွဲသွားကြဟန် တူ၏။ စခန်း၏ ကာကွယ်ရေး အပြင်စည်းအဖြစ် တွင်းနက်တွေ တူးထားပြီး ကာကွယ်ရေး အတွင်းစည်းအဖြစ် သံဆူးကြိုးတွေ ခတ်ထားသည်။ သူတို့သည် အတွင်းစည်းကို မြေနှင့် ရင်ဘတ် ပွတ်တိုက်ရသော မိကျောင်း တွားသွားနည်းဖြင့် ဖောက်၍ ဝင်ကြသည်။ ထို့နောက် စခန်း နယ်နိမိတ်အတွင်းသို့ ဝင်ခဲ့ကြလေ၏။

တဲများကား အကောင်းပကတိ ရှိနေသေးသည်။ အချို့သော တဲများ၏ရှေ့တွင် ကျဆုံးသော ဂျပန်စစ်သားတို့၏ သင်္ချိုင်းမြေပုံတွေ ရှိကြသည်။ မြေပုံတိုင်းတွင် ကျဆုံးသူ၏အမည်၊ အသက်စသော ကမ္ပည်းတွေ ရေးထိုးထားသည့် ပျဉ်ပြားတိုင်များ စိုက်ထူထားလေသည်။

စခန်းတွင် နှစ်နာရီခန့် နားခွင့်ရကြသည်။ ပါလာသော စားစရာတွေကို ထုတ်၍ ပေါင်မုန့်ဘီစကွတ်၊ ဆောက်ကြ၊ စကားပြောကြနှင့် စီစီညံညံ ဖြစ်လာသည်။ စိမ်းသော၊ ခတ်ထန်သော ဆေးလိပ်သောက်ကြ၊ ကြောက်လန့်စရာ အတွေ့အကြုံတွေကို စားမြုံ့ပြန်ကြသည်။

www.burmeseclassic.com



ထိုခေန်းတွင် နားနေပြီးနောက် ညနေ သုံးနာရီတိတိတွင် စစ်ကြောင်းခွဲကာ ပြန်ထွက်လျက် တပ်ရင်းအလိုက် တောတွင်းတိုက်ပွဲ လက်တွေ့ လေ့ကျင့်ခန်းများ ဆင်းကြသည်။ အမိန့်ပေးသံ၊ စစ်ချီတတ်သံ၊ 'ကျူး' ဟူသော လုံ့စွပ်ထိုးသံနှင့် လူပြန်စစ် မှတ်စဉ် မှတ်သံများသာ တစ်တောလုံး တစ်တောင်လုံးကို လွှမ်းမိုး ဖမ်းစားထားလျက် ရှိလေသည်။

တိုက်ပွဲများအပြီးတွင် ဂျုံးဂျုံးကျ စမ်းချောင်းကလေး၌ ကိုယ်တွေလက်တွေ ဆေးကြော သုတ်သင်ကာ ခေတ္တမျှ အပန်းဖြေပြီးနောက် မုဒုံသို့ ခရီးဆက်ခဲ့ကြသည်။ ယခုတစ်ကြိမ် မုဒုံသို့ ပြန်အရောက်တွင်ကား မုဒုံတွင် မနားရတော့ဘဲ မော်လမြိုင်သို့ တစ်ဆက်တည်း ချီတက်ကြရ သည်။ ပင်ပန်းလိုက်သည်ကား ပြောဖွယ်ရာ မရှိပြီ။ သို့သော် စစ်ကြောင်းသား အားလုံးလိုလို ပျော်မြူး တက်ကြွနေကြသည်သာ ဖြစ်၏။ အချို့က ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရတော့မည်ဟု တွေးကာ ပီတိဖြစ်ကြသည်။ အချို့ကား စစ်သင်တန်းတွေ ပြီးပြီ၊ အင်္ဂလိပ် နယ်ချဲ့သမားတွေနှင့် လက်တွေ့ တိုက်ရတော့မည်ဟု မျှော်မှန်းကာ ပျော်သည်။

ဝင်းကြည်တို့ လေးယောက်စလုံး ကျောင်းဆင်းပွဲတွင် ကျောင်း၏အမြင့်ဆုံးအဆင့်ဖြစ်သော အဝါရောင် လိုင်းသုံးလိုင်းပါသည့် ပခုံးဒေါက်တွေ ရကြသည်။ စိုးသိမ်းက အကောင်းဆုံး စည်းကမ်း လိုက်နာမှုဆု၊ မြမော်က အကောင်းဆုံး ခေါင်းဆောင်မှုဆု၊ ဝင်းကြည်က အကောင်းဆုံး ဖွဲ့ဆု များလည်း ရရှိကြသေးသည်။

သည်လိုနှင့်ပင် အင်္ဂလိပ်နယ်ချဲ့သမားကို အပြတ်အသတ်တိုက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော စစ်တက္ကသိုလ်ကြီးမှ တစ်လကျော်အကြာ သင်တန်းလည်း ပြီးဆုံးလေပြီ။

## အခန်း ၂၆

"မင်းတို့ မအူပင်ကို ပြန်လို့မဖြစ်သေးဘူး။ မပြန်နဲ့ဦး။ အခုချက်ချင်း ပြန်သွားရင် မင်းတို့ကို ဆီးဖမ်း လိမ့်မယ်"

ရန်ကုန်သို့ ပြန်ရောက်သောအခါ စိုးသိမ်း၏အစ်ကိုဖြစ်သူ ကိုစိုးတင့်က ဆီးပြောလေသည်။

ကိုစိုးတင့်သည် ရေတပ်တွင် ကော်မီရှင် မရသေးသော အရာရှိအဖြစ် အမှုထမ်းရင်း တစ်ကိုယ်ရေ တစ်ကာယသမား ဖြစ်သည့်အလျောက် ရန်ကုန်အနောက်ပိုင်းတွင် အခန်းတစ်ခန်း ငှားကာ နေထိုင်လျက်ရှိသည်။ ကိုစိုးတင့်၏အခန်းအတွင်းသို့ အထုပ်အပိုးကိုယ်စီဖြင့် ဝင်လာကြ သော ဝင်းကြည်တို့ လေးယောက်သားမှာ ခရီးရောက်မဆိုက် ကြားရသည့်သတင်းကြောင့် အံ့အား သင့်နေကြသည်။

"ဘာတွေဖြစ်ကုန်ပလဲ"

စိုးသိမ်းက သူ့အစ်ကိုကို မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့ ဆီကရော၊ ဝင်းကြည့်အဖေဆီကရော စာလာတယ်။ ဒီလိုကွ။ ဝင်းမောင်တို့က ရန်ပုံငွေရှာဖို့ဆိုပြီး ဓားပြတိုက်တယ်တဲ့။ တိုက်တာကတော့ ဝင်းအောင်က သူ့ဦးလေးအိမ်ကို သူ ကိုယ်တိုင်ဦးစီးပြီး တိုက်တာပဲ။ ချက်ချင်း အိမ်ကရိပ်မိပြီး ဂတ်တိုင်တော့ ဓမ်းရော၊ ဝင်းမောင်က စုလိပ်ကို ဖြောင့်ချက်ပေးတယ်တဲ့။ ဒမြတိုက်တာမှန်တယ်၊ လက်နက်ဝယ်ဖို့ ငွေလိုလို့ဆိုပြီး ဒီကောင်က အကုန်ဖွင့်ချတာပဲတဲ့။ ဖွင့်ချတယ် ဆိုတဲ့နေရာမှာ ကြောက်လန့်ပြီး ပြောတာမျိုး မဟုတ်ဘူး။ ရဲရဲတောက် တရားဟောသလိုကို ပြောပစ်တယ် ဆိုတာပဲကွ။ တင့်အောင်တို့လည်း ခေါ်အစစ်ခံရတယ်တဲ့။ အဲဒါ ဦးလေးကိုထွန်းတင်တို့ ဖေဖေတို့က အရှုပ်မခံနိုင်အောင် လိုက်လုပ်နေကြတယ်။ မင်းတို့ ပြန်လို့မဖြစ်သေးဘူး။ ပြန်ရင် ပိုပြီး အခြေအနေတွေ ရှုပ်ကုန်တော့မယ်၊ ဒါပဲ။ ဟောဒီမှာ စာတွေ။ ရော့"

ဝင်းကြည့်၏အဖေ့ထံမှစာနှင့် စိုးသိမ်း အဖေ့ထံမှ စာတွေကို ဖတ်ကြည့်ကြသည်။ စာစောက ကိုစိုးတင့် ရှင်းပြသည့်အတိုင်း ဖြစ်လေရာ လေးယောက်သား ထင်သာ ထည့်ထိမ် ချိုးထားသည့်အလား ငိုင်နေကြလေ၏။

"မင်းတို့ကလည်း သေသေချာချာ လုပ်တာမဟုတ်ဘူး။ ဒါမျိုးဆိုတာ ကလေးကစားသလို လုပ်လို့ မဖြစ်ဘူးကွ။ ကလေး ကစားတာ မဟုတ်ဘူး"

ကိုစိုးတင့်က ဆက်ပြောနေ၏။

"အို စီစဉ်တုန်းကတော့ သေချာအောင် စီစဉ်တာပဲ။ လုပ်ရာကိုင်ရာမှာ ချွတ်ချော်မှုဖြစ်တော့ ဘယ်တတ်နိုင်ပါ့မလဲကွ။ မင်းကလည်း မသိဘဲနဲ့ အရမ်းအပြစ်တင်မနေစမ်းပါနဲ့"

စိုးသိမ်းက သူ့အစ်ကိုကို ပြန်၍ငေါက်နေ၏။ စိုးသိမ်း၏ မျက်နှာသည် ဘုန်းဘုန်းရဲ၏။ အစိုးရ ရိက္ခာကိုစားနေသော ရေတပ်သား ကိုစိုးတင့်မှာ ယင်းအစိုးရကို တော်လှန်ရန်တန်ချ ကြံစည်နေသည့် သူ့ညီ၏စကားကြောင့် တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်း မပြုတော့ဘဲ ငြိမ်နေလေ၏။

"ဒီ ဝင်းမောင်ဆိုတဲ့အကောင်က လုပ်လိုက်ရင် သောက်ရမ်းချည်းပဲ"

မြမော်က ဝင်းမောင်ကို အပြစ်တင်သည်။ ဝင်းကြည်နှင့် ကျော်လွင်တား နှုတ်ဆိတ်နေကြ၏။

"ကဲ၊ လောလောဆယ် ပြန်သွားလို့တော့ မဖြစ်သေးဘူး။ ဒီမှာ သုံးလေးရက်လောက်နေပြီး အခြေအနေ စောင့်နားထောင်သေးတာပေါ့။ ဖေဖေ့ဆီလည်း စာရေးပြီး မေးလိုက်မယ်၊ မဟုတ်ဘူးလား"

စိုးသိမ်း၏ အကြံပေးချက်အတိုင်း အခြေအနေကို စနည်းနာရန်အတွက် ရန်ကုန်၌ ခေတ္တဆိုင်းနေရန် သဘောတူကြသည်။ စိုးသိမ်းက သူ့အဖေထံ ချက်ချင်းစာရေးသည်။ ပြီးနောက် ရန်ကုန်တွင် အတိုးချ၍လည်ကြသည်။ လေးယောက်စလုံး ပိုက်ဆံတစ်ပြားမှ မရှိတော့သဖြင့် ကိုစိုးတင့်ကို ညှဉ်းကြသည်။ ရဲဘော်ဈေးရှိ အဒေါ်ကြီး ထမင်းဆိုင်တွင် အဝအပြဲ စားသောက်ကြကာ

www.burmeseclassic.com



ဂယ်ရီကူးပါး ပါဝင်သည့် 'ဒေါက်တာဝါဆယ်' အမည်ရှိ ရုပ်ရှင်ကားကို ကြည့်ကြသည်။ တစ်လခွဲခန့် ပင်ပန်းဆင်းရဲခဲ့မှုတွေကို ကြိုးစား ဖြေဖျောက်ကြသည်။

နောက်နှစ်ရက်အကြာတွင် စိုးသိမ်း၏အဖေထံမှ စာရောက်လာသည်။ သူတို့လူကြီးများ ဝိုင်းဝန်းကြိုးစားချက်ကြောင့် ဝင်းမောင်၏အမှုကို ပိတ်လိုက်ပြီ။ ဝင်းမောင်ကိုလည်း ကိုယ်ပိုင်ခံဝန်ချက်များဖြင့် လွှတ်ပေးလိုက်ပြီ။ ပြန်လိုက ပြန်လာကြဟူ၍ စာတွင် ဖော်ပြထားသည်။

သို့မို့ကြောင့်လည်း မအူပင်သို့ ပြန်ခဲ့ကြရ၏။

မအူပင် သင်္ဘောဆိပ်တွင် တင့်အောင်၊ မောင်ခန့်နှင့် ဖုန်းမြင့်တို့က အသင့် ဆီးကြိုနေကြသည်။

"မကြာခင် အိမ်စီ အစည်းအဝေး ခေါ်မယ်။ အဲဒီကျမှ ပြောကြတာပေါ့" ဟု စိုးသိမ်းက ဆို၏။ လာကြိုသူများအနက်တွင် ဝင်းမောင် တစ်ယောက် မပါ။

ဝင်းကြည်သည် ယောင်းနွမ်းညစ်ထေးနေသော အိပ်ရာလိပ်ကလေးကို ထမ်းကာ အိမ်ပေါ်သို့ တက်လာခဲ့၏။ မလှကြည်မှအပ သူ့ကို စကားပြောမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိ။

သွေ့ခြောက်သော၊ စိမ်းကားလှသော ကမ္ဘာသို့ ဝင်းကြည်တစ်ယောက် ပြန်ရောက်လာရသည်။ ထုံးစံအတိုင်းပင် အမေ့ကို ဆိုင်ကူထွက်ပေးကာ ဆိုင်မှာ စောင့်အိပ်သည်။ အိမ်မှာ မအိပ်။ အဖေက အိမ်တာဝန်အတွက် ဝင်းကြည် လုပ်ပေးသမျှကို ကျေနပ်ပုံ ရလာသော်လည်း စကားမပြော။

"မင်းတို့ အလုပ်လုပ်တာတွေ ကြည့်လုပ်စမ်း။ အခု မင်းတို့တစ်တွေ ဘာဖြစ်နေသလဲ သိလား။ သူပုန်တွေ ဖြစ်နေပြီ။ အစိုးရကလည်း ဒီအတိုင်း ယူဆနေပြီ။ အင်္ဂလိပ်အစိုးရကို ပုန်ကန်ဖို့ လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ဖို့ လက်နက်လိုတယ်၊ လက်နက်ဝယ်ဖို့ ငွေလိုတယ်၊ ငွေလိုလို့ ကျုပ် ဒီလိုလုပ်တယ်ဆိုပြီး ဝင်းမောင်က အိတ်သွန်ဖာမှောက် လျှောက်ပြောထားတော့ တို့က ဘယ်လိုလုပ် ပြောရလဲ။ ဒီအမှု ပိတ်အောင် ဝင်းမောင် ဦးလေးကို တို့ပဲ ရှေ့က ဝင်တောင်းပန်လို့ ပြီးသွားတာ။ အမှုတော့ ပြီးပြီ။ ဒါပေမဲ့ တစ်မြို့လုံး ဟိုးလေးတကျော်ကို ဖြစ်လို့။ ရှေ့လျှောက် မင်းတို့ ဘာဆက်လုပ်နိုင်ကြမလဲ"

အဖေက ပထမပိုင်းတွင် စကားမပြော။ ပြောမည့် ပြောတော့လည်း ဆူလေတော့သည်။

"မင်းတို့ လုပ်သမျှကို စုံထောက်က မျက်ခြည်အပြတ်ခံတော့မှာ မဟုတ်ဘူး။ တို့က ရှေ့ကဝင် ကာဆီးကာဆီး လုပ်တယ် ဆိုတာကလည်း တစ်ခါတလေလောက်ပဲ ကောင်းတယ်။ ကြာတော့ တို့လည်း ကြားဝင်လို့ရမှာ မဟုတ်ဘူး။ ကိစ္စတွေက သေးတဲ့ကိစ္စတွေ မဟုတ်ဘူးဆိုတာ မင်းတို့ နားလည်ဖို့ ကောင်းတယ်"

ဝင်းကြည်အဖို့၌ကား အဖေ ပြောသမျှကို ငုံ့ခံရန်မှအပ အခြားနည်းလမ်း မရှိတော့ပြီ။

ထို့နောက်တွင်ကား အဖေသည် ဓာတ်ပြားယောင်းကြီးကိုပင် ပြန်ဖွင့်လေတော့သည်။ ကျောင်းပျက်လှပြီ။ ယခုနှစ်လည်း စာမေးပွဲ မဖြေလိုက်ရ။ ကျောင်းတက်လျှင်တက်၊ ကျောင်းတက်ချင်စိတ်မရှိတော့ဟုဆိုလျှင် စီးပွားရေး ထွက်လုပ် စသည့် အကြောင်းများပေတည့်။

www.burmeseclassic.com

www.burmeseclassic.com



များမကြာမီ အမှုဆောင်အစည်းအဝေး ခေါ်ယူကျင်းပသည်။ အစည်းအဝေးသို့ကား ဝင်းမောင် တက်ရောက်လာ၏။ ဟိုစဉ်ကလို ရွှင်ရွှင်ပျပျ၊ ရွတ်ရွတ်နှောက်နှောက် မဟုတ်။

အဖြစ်အပျက်အားလုံးကို အပြန်အလှန် ရှင်းလင်း ဆွေးနွေးကြပြီးနောက် သမဂ္ဂ၏ ရှေ့လုပ်ငန်းများ၌ အနှောင့်အယှက် မဖြစ်စေရန်အတွက် ဝင်းမောင်ကို သမဂ္ဂအမှုဆောင်အဖွဲ့မှ ထုတ်ပယ်ရန် စိုးသိမ်းက အဆိုတင်သွင်းသည်။ ဖုန်းမြင့်က ကန့်ကွက်သည်။

"ဝင်းမောင်ဟာ သူ့ကိုယ်ရေးကိုယ်တာအတွက် ဒီအလုပ်ကို လုပ်တာမဟုတ်ဘူး။ ကျွန်တော်တို့ ချထားကြတဲ့ လမ်းစဉ်အတိုင်း လုပ်တာပဲ ဖြစ်တယ်။ အဲ၊ လုပ်တဲ့နေရာမှာ တိမ်းစောင်းတာ၊ ချွတ်ယွင်းတာတော့ ရှိသပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အခြေခံကတော့ အများသဘောတူပြီးသား အလုပ်ကို သူ လုပ်တာပဲ။ ဒီလောက် အပြစ်မပေးသင့်ဘူး"

ဖုန်းမြင့်က သဲသဲမဲမဲ ကန့်ကွက်သည်။

"ဒီလိုမှ မလုပ်ရင် သမဂ္ဂတစ်ခုလုံးကို မတရားသင်း ကြေညာတာ ခံမလား"

စိုးသိမ်းက မေးခွန်းထုတ်လိုက်၏။

"ခံမယ်၊ ခံသင့်ရင် ခံရမယ်။ အများနဲ့လုပ်တဲ့ အလုပ်မှာ အခုလို ဖြစ်ရတာကို အများကပဲ တာဝန်ယူတဲ့သဘော ရှိရမယ်။ ဒီလို တာဝန်ယူတာမျိုး မဟုတ်ဘဲနဲ့ တစ်ယောက်တည်း ခေါင်းပေါ်ကို ပုံချပြီ အများက အလွတ်ရုန်းထွက်တာ နည်းလမ်းမကျဘူး။ ကျွန်တော် ကန့်ကွက်တယ်"

ဖုန်းမြင့်က သို့ကလို အကြောင်းပြ၍ အခိုင်အမာ ကန့်ကွက်နေသည်။ ဖုန်းမြင့်၏ ကန့်ကွက်ချက်ကို မောင်ညွန့်က ထောက်ခံသည်။

"ကျွန်တော် ထောက်ခံတယ်။ ကိုဖုန်းမြင့် ပြောတာကို ကျွန်တော် လေးလေးနက်နက် ထောက်ခံတယ်။ ဝင်းမောင် အပေါ် အားလုံး ပုံချတာမျိုး မဖြစ်သင့်ဘူးလို့ ယူဆနေလို့ ထောက်ခံတာ ဖြစ်တယ်"

ဤတွင် မြမော်က ဝင်ပြောပြန်သည်။

"ဒါကတော့ ဒီလိုချည်း စဉ်းစားလို့ မရဘူးလေ။ ကျွန်တော်တို့ဟာ တစ်ခါတလေ အဖွဲ့အစည်းအလိုက် စဉ်းစားရသလို၊ တစ်ခါတလေ လူပုဂ္ဂိုလ်အလိုက် စဉ်းစားရတာ ရှိမှာပဲ။ အခု ကိစ္စက ဝင်းမောင် တစ်ယောက်တည်း မဟုတ်ဘဲ အားလုံးနဲ့ သက်ဆိုင်နေတယ်ဆိုတာ သိပ်မှန်တယ်။ ဒီလို မှန်တာနဲ့ပဲ အားလုံးမှာ တာဝန်ရှိတယ်ဆိုပြီး အားလုံးက တာဝန်ယူလို့ မဖြစ်ဘူး။ ဒီကိစ္စက သာမန် ကိုယ်ရေးကိုယ်တာ မဟုတ်ဘူး။ အဖွဲ့အစည်းတစ်ခုလုံးနဲ့ ပတ်သက်တဲ့ကိစ္စ၊ ငါကတော့ စိုးသိမ်းရဲ့ တင်ပြချက်အတိုင်း လုပ်ကြရင် ကောင်းမယ်ထင်တယ်။ ဝင်းမောင် ကိုယ်တိုင်လည်း ဒါကို နားလည်ဖို့လိုတယ်"

သဘောကွဲလွဲမှုသည် ပို၍ ကြီးသည်ထက်ကြီးလာ၏။ ဝဋ္ဋပက္ခသည် ပိုမို ပြင်းထန်လာ၏။

ဝင်းမောင်က ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ အမိကအားဖြင့် ပတ်သက်နေတာဆိုတော့၊ ဒီလိုလေ ကျွန်တော် တစ်ခု ပြောချင်တယ်။ အခုလို ဖြစ်ရတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ပထမအချက်က ကျွန်တော့် ကိုယ်ရေးကိုယ်တာအတွက် စာပြတိုက်တာ မဟုတ်ဘူး။ ပုလိပ်က ဖမ်းတော့ ပုလိပ်ရှေ့မှာ တော်လှန်ပုန်ကန်ဖို့၊ လက်နက်ဝယ်ဖို့ လုပ်တယ်လို့ ပြောတာလည်း မှန်တယ်။ ကျွန်တော် ပြောတယ်"

"အဲဒါကိုက မှားတယ်ထင်တယ်လေ။ တော်လှန်ပုန်ကန်ဖို့၊ လက်နက်ဝယ်ဖို့ လုပ်တယ် ပြောခဲ့တဲ့အတွက် သမဂ္ဂတစ်ခုလုံး၊ အမှုဆောင်တစ်ဖွဲ့လုံးရဲ့ အနေအထားဟာ အခုလို အကျပ်အတည်းနဲ့ တွေ့ရတာပဲ" ဟု စိုးသိမ်းက ဆိုသည်။

ဝင်းမောင်က ဆက်ပြောပြန်သည်။

"ဒါတွေ ထားပါတော့လေ။ ကဲ ကောင်းပြီ၊ ကျွန်တော်က ဒီလိုလုပ်တယ်ဆိုတာ မှားတယ်လို့ ယူဆရင်လည်း ကျွန်တော့်ကို ကြိုက်သလို အပြစ်ပေးပါ။ အမှုဆောင်အဖွဲ့က ပေးတဲ့အပြစ်ကို ကျွန်တော် ခံမယ်။ စိတ်သဘောထားတွေတော့ မကွဲစေချင်ဘူးဗျာ။ ဒါပဲ"

ဤကိစ္စတွင် ဝင်းကြည်၏ သဘောထားက တစ်မျိုး ဖြစ်နေပြန်၏။

"ဝင်းမောင်ကို ထုတ်ပစ်ဖို့ မလိုဘူးထင်တယ်။ စိုးသိမ်း တင်တဲ့အဆိုကို ကျွန်တော် ကန့်ကွက်တာတော့ မဟုတ်ဘူး။ အခုကိစ္စက ဝိဝါဒ ကွဲနေကြတော့ မဲခွဲရဖို့ ဖြစ်နေတယ်။ မဲမခွဲစေချင်ဘူး။ အားလုံး တညီတညွတ်ထဲ ဖြစ်စေချင်တယ်။ ဒါကြောင့် စဉ်းစားဖို့ ကောင်းတဲ့ သဘောတစ်ခုကို ကျွန်တော် ပြောချင်တယ်။ ဝင်းမောင်ကို သမဂ္ဂက မထုတ်စေချင်ဘူး"

"မထုတ်တော့ ဘယ်လိုလုပ်မလဲ" ဟု စိုးသိမ်းက မေးလိုက်၏။

"ဒီအတိုင်း နေရုံပေါ့။ အစိုးရနဲ့ လူထုက ရှင်းအောင် ဖြစ်စေချင်တယ်ဆိုရင်လည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး အမှုဆောင်အဖွဲ့က အရေးယူ ဆောင်ရွက်နေတယ်လို့ ကြေညာထားရုံပေါ့"

သို့သော် စိုးသိမ်းက မလျှော့။ ကန့်ကွက်နေသော ဖုန်းမြင့်နှင့် မောင်ညွန့်ကလည်း မလျှော့။ သို့မို့ကြောင့်လည်း မဲခွဲရလေတော့သည်။ ဝင်းကြည်သည် ကန့်ကွက်မဲ ပေးလိုက်၏။ စိုးသိမ်း၏ အဆိုက မဲများသဖြင့် နိုင်သွားသည်။ ဝင်းမောင်ကို သမဂ္ဂအမှုဆောင်အဖြစ်မှ ထုတ်ပယ်သည်။ ဤဆုံးဖြတ်ချက်ကို ကြေညာမည်။

တစ်လျှောက်လုံး ညီညီညွတ်ညွတ် လုပ်ကိုင်လာခဲ့သူတို့ ယခု သဘောကွဲလွဲကြလေပြီ။ ဝင်းကြည်က ဝင်းမောင်အတွက် စိတ်မကောင်း၊ အချင်းချင်း သဘောထား ညီမရလောက်အောင် ဖြစ်ကြသည့်အတွက်လည်း ပို၍ စိတ်မကောင်း။ သို့သော် ဘာမျှ မတတ်နိုင်။

နောက်တစ်နေ့တွင် ယင်းကြေညာချက်များ ပေါ်ထွက်လာသည်။ ဝင်းမောင်ကား ယခင်ကလို အပြင်သို့ မထွက်တော့။ သမဂ္ဂသို့ မလာ၊ သူငယ်ချင်းတွေနှင့်လည်း အတွေ့မခံ။ ဖုန်းမြင့်နှင့် မောင်ညွန့်တို့ကလည်း သမဂ္ဂအမှုဆောင်အဖွဲ့မှ နုတ်ထွက်လိုက်ကြပြီးနောက် ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ကြသည်။ အချောင်သမားဝါဒ ဝင်နေသော ကျောင်းသားသမဂ္ဂအတွင်း ဆက်၍နေလိုစိတ်

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဟု ဆိုသည်။ တိုက်ပွဲလှိုင်းတံပိုးများအကြား တည်ဆောက်ခဲ့သော သူတို့ သူငယ်ချင်းတစ်သိုက်၏ ခင်မင်ရင်နှီးမှု ညီညွတ်သွေးစည်းမှုသည်လည်း ပြိုကွဲပြေလေပြီ။

ဤအကြောင်းမှပင် တင်ရွှေ ဆောင်ကြဉ်းလာသည့် သတင်းများကလည်း ကျောစိမ့်ဖွယ် ကောင်းနေပြန်၏။

အမှုဆောင်အဖွဲ့အတွင်း၌ တစ်ဦးတည်းသော ကရင်အမျိုးသားဖြစ်ကာ သူတို့အားလုံးက ပတ်ကညော်ဟု ချစ်စနိုး ခေါ်ဝေါ်ကြသည့် တင်ရွှေသည် ကရင်အမျိုးသားများအတွင်း ဆေါ်ဆေါက်နေသည့် အခြေအနေတွေကို စုံစုံစေ့စေ့ ရှင်းပြနိုင်မှု ဖြစ်၏။

"အောင်ဆန်း အက်တလီစာချုပ်ကို ကန့်ကွက်ဖို့ ဘီးလတ်ကို လွှတ်လိုက်တဲ့ ကေစီအို ကိုယ်စားလှယ်အဖွဲ့က ဒီစာချုပ်ကို မကန့်ကွက်နိုင်ခဲ့ဘူး။ အဲဒါနဲ့ ပတ်သက်ပြီး ကေ စီ အို ကွန်ဖရင့်က အကြီးအကျယ် မကျေမနပ် ဖြစ်နေခဲ့တယ်။ စောဘဦးကြီးကိုလည်း ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီထဲက ထွက်ခိုင်းတယ်။ ဒါတင်မကသေးဘူးကွ၊ ကေ စီ အို က ကရင်အမျိုးသား သမဂ္ဂ ကေအင်ယူ ဆိုပြီး နာမည် ပြောင်းလိုက်ပြီတဲ့။ အထွေထွေ ရွေးကောက်ပွဲကိုပါ သပိတ်မှောက်ခဲ့သေးတာ မင်းတို့ အသိပဲ။ အဲဒါကို ကေ ဝိုင် အို က မကျေနပ်လို့ ကေ အင် ယူ ထဲက ထွက်ပြီး အခု သီးခြား ရပ်နေကြတယ်။ အဲဒီတော့ ကရင်တွေထဲမှာ အခြေအနေ တော်တော်ဆိုးနေပြီ။ သီးခြားပြည်နယ် လိုချင်တဲ့ လူတွေနဲ့ သီးခြားပြည်နယ်ကိစ္စကို ဒုတိယထား၊ တစ်နိုင်ငံလုံး လွတ်လပ်ရေးရဖို့ကို ပထမထားဖို့ ယူဆနေတဲ့ လူတွေရဲ့ ကွဲလွဲချက်က သိပ်ကြီးနေတယ်"

"အင်္ဂလိပ်ခြေလည်း ဝင်နေမှာပေါ့ကွာ" ဟု မြမော်က ထင်မြင်ချက် ပေးလိုက်၏။

"မှန်တယ်၊ အင်္ဂလိပ်ခြေတွေ အများကြီး ဝင်နေတယ်။ အခု ကြည့်လေ ကရင်ထဲမှာ အင်္ဂလိပ်သစ္စာခံတဲ့ လူတစ်ချို့က တော်တော်ပြန့်ပြီး ခြေသွက်နေတာပဲ။ သူတို့ဟာ လူနည်းစု ဖြစ်တာ မှန်တယ်၊ သူတို့ရဲ့ သဘောထား မမှန်တာလဲ ဟုတ်တယ်။ ဒါပေမဲ့ အထင်သေးလို့ မရဘူး။ မင်းတို့ သိတဲ့အတိုင်းပဲ၊ တို့ကရင်တွေဟာ ရိုးတယ်။ အဲဒီလို ရိုးသားတာကို အခွင့်အရေး ယူပြီး အသုံးချမှာ စိုးရတယ်။ ငါတော့ အဲဒါပဲ စိုးရိမ်နေတယ်"

တင်ရွှေသည် ဆေးလိပ်ကို နာနာဖွာကာ ပါးစပ်တွင်း၌ ပြည့်နက်နေသော မီးခိုးတွေကို နှာခေါင်းမှ မှုတ်ထုတ်လျှက်ရှိ၏။

"ဒါ့ထက် အရေးကြီးတာက ကေ အင် ယူ ဟာ ကေ အင် ဒီ အို ဆိုတဲ့ အဖွဲ့သစ်ကို ဖွဲ့နေပြီ။ ကရင်အမျိုးသား ကာကွယ်ရေး အဖွဲ့တဲ့။ အဲဒီအဖွဲ့အတွက် တို့ဘက်မှာ တော်တော်လေး စည်းရုံးရေး ဆင်းနေကြတယ်"

"ဒီအဖွဲ့က သီးခြားလား"

ဝင်းကြည်က မေးလိုက်၏။

"ကေ အင် ယူ က ဖွဲ့ပေးတဲ့ အဖွဲ့ကွ။ စစ်တစ်ပိုင်း အဖွဲ့အစည်းမျိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ၊ စစ်တစ်ပိုင်း ဟုတ်လား။ သူတို့က လက်နက်ကိုင်လို့လား တင်ရွှေ ရ" ဟု ဝင်းကြည်ကဝင် ထပ်မေးပြန်သည်။ တင်ရွှေသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်လေ၏။

"ဟုတ်တယ်၊ လက်နက်တပ်ဆင်ပေးနေပြီ။ တချို့ ရွာတွေမှာ စစ်သင်တန်းတွေတောင် ပေးနေကြတယ်"

တင်ရွှေ့ စကားကြောင့် အားလုံး ကြက်သေ သေသွားကြသည်။ ထူးဆန်းသည်ဟု မထင်လှသော်လည်း အံ့သြနေကြသည်။ ကြားရသော သတင်းတွေမှာ တုန်လှုပ်ချောက်ချားစရာများသာ ဖြစ်ချေသည်တကား။

"နေစမ်းပါဦးကွ၊ သူတို့က လက်နက်တွေ ဘယ်က ရသလဲ"

တစ်လျှောက်လုံး စိတ်မဝင်စားသလို လုပ်နေသော ကျော်လွင်က ဝင်မေးသည်။

တင်ရွှေက ဖြေမည်အပြု မြမော်က ကြားဖြတ်၍

"လက်နက် ဘယ်က ရရမလဲကွ၊ လက်နက်တွေ တစ်ပြည်လုံးက တောကြိုအုံကြားမှာ ပျံ့နေတဲ့ဥစ္စာ"

"ဒီလိုဗျ ကိုမြမော်ရ၊ တစ်ပြည်လုံး တောကြိုအုံကြားမှာ ပျံ့နေတဲ့ လက်နက်တွေတင် မကဘူး၊ သူတို့ လက်နက်ရနိုင်တဲ့ အပေါက်အလမ်းတွေလည်း ရှိနေတယ်။ ကြားတာကတော့ ကရင်နီပြည်နယ်နဲ့ ဖာပွန်ခရိုင်အကြား နယ်စပ်ကို ဖြတ်ကျော်ပြီး သွင်းကြတယ်။ နောက်ပြီး ရန်ကုန်က ဗြိတိသျှ ခဲယမ်းမီးကျောက်တွေကို စင်ကာပူ ပြန်ပို့တော့ လက်နက်နဲ့ ကျည်ဆန်သေတ္တာတွေ အများကြီး ပျောက်နေတယ်လို့ ဆိုတယ်။ ဒါက တစ်ခုနော်၊ နောက်တစ်ခုက စင်ကာပူကကို တနသ်ာရီတိုင်းဘက် လက်နက်တွေ ပြန်သွင်းပေးနေတယ်။ ကဲ အဲဒါပဲ"

"မင်း ဘယ်လိုထင်သလဲ" ဟု စိုးသိမ်းက ဝင်မေးလိုက်၏။ တင်ရွှေ၏ ဖွေးဖွေးဖြူသော မျက်နှာမှာ နီရောင်သန်းနေ၏။ သူ့နဖူးပြင်တွင် အကြောတွေ ထောင်နေ၏။ သွားတက်ကလေးတွေ ပေါ်လာသည်အထိ မပွင့်တစ်ပွင့် ပြုံးရင်း။

"သူတို့ကတော့ တစ်နေ့နေ့ ထတိုက်လိမ့်မယ် ထင်တာပဲကွာ။ ငါကလည်း ဗမာကျောင်း နေပြီး ဗမာတွေနဲ့ ပေါင်းနေတယ် ဆိုပေမယ့် နေရတာက ကရင်တောထဲ။ ငါကိုယ်တိုင်ရော၊ အမိ အဘတွေကပါ ကရင်ဆိုတော့ ကရင်တွေနဲ့ ပတ်သက်တာ အကုန်ကြားနေရတယ်ကွ။ စိတ်ထဲမှာလည်း မချမ်းသာဘူး။ တို့တိုင်းပြည်လည်း ဘာတွေဖြစ်ကုန်မှန်း မသိပါဘူးကွာ"

မှန်၏။ တင်ရွှေသာမက သူတို့အားလုံးကလည်း မသိနိုင်လောက်အောင် အဖြစ်အပျက်တွေမှာ မြန်ဆန်နေလေသည် မဟုတ်လော။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၇

မိုးသည်းထန်စွာ ရွာသွန်းနေသောည။

မိုးသာမက လေပြင်းကလည်း တိုက်နေလိုက်သေးသည်။ မိုးနှင့်လေသည် ရှိရှိသမျှသော အရာဝတ္ထုတိုင်းကို ဒေါသတကြီး မွှေနှောက် ထိုးကြိတ်နေသည်။ လေပြင်းလွန်းသည့်အတွက် လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ထွက်ကာ မီးတွေငြိမ်းကုန်သည်။

ဝင်းကြည်သည် ဆိုင်ကလေးအတွင်း၌ မအိပ်နိုင်သေးဘဲ မှောင်ကြီးမည်းကြီးမှာပင် ငုတ်တုတ်ထိုင်နေ၏။ အလျား ၁၂ ပေ၊ အနံ ၁၀ ပေခန့်ရှိသော သွပ်မိုးသွပ်ကာ ဆိုင်ကလေးမှာ မိုးဒဏ် လေဒဏ်ကြောင့် သိမ့်သိမ့်ခါလျက် ရှိလေသည်။ သွပ်ပြားများကို မိုးစက်ပေါက်ကြီးတွေက ရိုက်ခတ်သည့် အသံမှာလည်း နားကွဲလုမတတ် ပြင်းထန် ကျယ်လောင်လှသည်။

ညနေ လေးနာရီလောက်ကစ၍ သဲသဲမဲမဲ ထန်ပြင်းနေသော မိုးကြောင့် အဖေသည် ၇ နာရီ သာသာခန့်မှာပင် ဆိုင်ပိတ်၍ ပြန်သွားခဲ့၏။ ဝင်းကြည်လည်း ဘယ်မှ မသွားတော့ဘဲ ဆိုင်မှာပင် နေလိုက်လေ၏။

ယနေ့လောက် ပြင်းထန်သော မိုးနှင့်လေကို ယခု မိုးတွင်းတွင် မတွေ့ဘူးသေး။ ဤမျှ လေရောမိုးပါ သဲကြီးမဲကြီး ရွာသွန်းတိုက်ခတ်နေသည့်အကြားကပင် ကျယ်လောင်သော မိုးခြိမ်းသံနှင့် တစ်ချက်တစ်ချက် လျှပ်လက်ကာ မိုးကြိုးပစ်ချသေးသည်။ အဘယ်ကဲ့သို့သော ညမျိုးပေနည်း။

လျှပ်စစ်မီး ပျက်သွားသဖြင့် မည်းမှောင်နေသော ဆိုင်အတွင်းမှာပင် ဝင်းကြည်သည် အဓိပ္ပာယ်ကင်းမဲ့စွာ ထိုင်နေမိသည်သာ ဖြစ်သည်။ အိပ်၍လည်း မရ။

"ဟေ့ကောင် ဝင်းကြည်၊ ဝင်းကြည် အိပ်ပလား"

ဤခေါ်သံနှင့်အတူ ဆိုင်တံခါး သွပ်ပြားကို တဝုန်းဝုန်း ထုရိုက်သံလည်း မိုးသောလေသံများနှင့် လုံးထွေးကာ ပေါ်ထွက်လာ၏။

"မအိပ်သေးဘူး။ ဘယ်သူလဲ"

"ငါပါကွ၊ ဝင်းမောင်ပါ။ တံခါး ဖွင့်ကွာ"

အဘယ့်ကြောင့် ဤကဲ့သို့သော ညမျိုးတွင် ဝင်းမောင် ရောက်လာရသနည်း ဟူသော အတွေးဖြင့် ဝင်းကြည်က တံခါးဖွင့်ပေးလိုက်သည်။ ဝင်းမောင်သည် ထီးဆောင်းလာသည် မှန်၏။ သို့သော် ဤလေမျိုးနှင့် မိုးမျိုး၏ဒဏ်ကို အဘယ်ထီးက ခံနိုင်ပါအံ့နည်း။

"အရေးကြီးလို့ ငါ လာတာကွ။ မင်း မင်း"

တစ်ကိုယ်လုံး ရွှဲရွှဲစိုစိုနေသော ဝင်းမောင်သည် တုန်ယင်နေ၏။ သူ့အသံကလည်း လှုပ်ရှားနေ၏။ တစ်ခုခုတော့ ဖြစ်လာလေပြီဟု ဝင်းကြည်က တွေးလိုက်မိသည်။

"ဟေ့ကောင်၊ ဘာဖြစ်လာသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်ကလည်း အထိတ်တလန့် မေးလိုက်၏။

"မင်း မကြားသေးဘူးလား။ ဗိုလ်ချုပ်အောင်ဆန်း သေနတ်ပစ်ခံရလို့ သေပြီတဲ့"

ဝင်းကြည်က ကြားရသော စကားကို မယုံ၊ သူ့နားကိုလည်း မယုံ။ ဝင်းမောင်သည် အနောက်သန်သူ ဖြစ်၏။ တစ်ခါတရံ ခပ်တည်တည်နှင့် နောက်တတ်ရွှတ်တတ်၏။ မှင်သေ၏။ ပိရိ၏။

"ငါ တကယ်ပြောတာ၊ ဗိုလ်ချုပ်သေပြီ။ အတွင်းဝန်ရုံးထဲမှာ သေနတ်နဲ့ ဝင်ပစ်သွားတာတဲ့ ငါ့အစ်ကို ရုန်ကုန်က အခြမ်းနဲ့ အခုပဲ ပြန်ရောက်တယ်။ ရေဒီယိုကလည်း ကြေညာတယ်။ အဲဒါ မင်းကို လာပြောတာ"

ဝင်းမောင်က အထက်မေးနှင့် အောက်မေးကို တဆတ်ဆတ် ရိုက်ကာ တုန်ခိုက်နေအောင် အေးနေသည့် မိုးရေစုတွေကို သူ့ကိုယ်ပေါ်မှ သပ်ချရန်ပင် သတိမရ။ ဝင်းကြည်သည် အသက် မရှိတော့သူကဲ့သို့ ကြောင်တောင်ကြီး ငေးငိုင်နေ၏။ ဝင်းမောင်၏ မျက်စိအစုံမှာ ပြူးကျယ်နေ၏။ သူတို့ နှစ်ယောက်စလုံး၏ နှလုံးသွေးမှာ အခုန်မြန်နေ၏။

"လာ စိုးသိမ်းဆီ သွားမယ်"

ဝင်းကြည်က ဝင်းမောင် နောက်သို့ ထလိုက်ခဲ့၏။ ဆိုင်းတံခါးသော့ကိုစတ်ပြီးနောက် သော့မိမမိ ခါတိုင်းကဲ့သို့ ဆွဲခါ၍ပင် မကြည့်။

တစ်ယာမ်းလုံး တစ်လောကလုံး မှောင်နေသည် မိုးနှင့်လေသည် ဤကမ္ဘာလောကကို အငြိုးကြီးစွာ ကျိန်ဆဲထိုးနက် တိုက်ခိုက်လျက်ရှိသည်။ ဝင်းမောင်၏ ထီးမှာ ကိုင်းတစ်ချောင်း ကျိုးသွားသည်။ နှစ်ယောက်စလုံး မိုးရေများဖြင့် မွန်းနစ်နေသည်။

"ဓာတ်ကြိုးတွေ ပြတ်ကျနေတယ်၊ သတိထား။ လမ်းဘေးကို သိပ်မကပ်နဲ့" ဟု ဝင်းမောင် က သတိပေးသည်။

လေသည် တစ်ချက်တစ်ချက်တွင် ထီးကိုသာမက လူတွေကိုပါ ယိုင်လဲ ဖြိုချစေတော့မည့် အလား ပြင်းပြင်းထန်ထန် တိုက်ခိုက်လေ၏။ ထီးဆောင်း၍ မရ။ ထီးဆောင်း၍လည်း တစ်စုံ တစ်ရာ အကျိုးမထူး။ ထို့ကြောင့် ဝင်းမောင်က ထီးပိတ်လိုက်သည်။ မိုးရေသည် လမ်းမပေါ်သို့ လျှံကျနေ၏။

၅ လမ်းထဲသို့ ချိုးဝင်လာခဲ့သည်။ ၅ လမ်းမှာ ကမ်းနားလမ်းထက်စာလျှင် ပို၍မှောင်သည်။ ပိန်းပိတ်သော အမှောင်လည်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် စကားမပြောဘဲ အမှောင်တွင်း လမ်းကိုသာ စမ်း၍လျှောက်သည်။ နှစ်ယောက်စလုံး၏ ရင်တွင်း၌ ဗလောင်ဆူလျက် ရှိသည်။ မိုး၏ အေးမြခြင်း၊ လေ၏ အေးမြခြင်း အတွေ့သည်ပင် ပူလောင်နေသော သူတို့၏ နှလုံးသားကို အေးငြိမ်းအောင် မစွမ်းဆောင်နိုင်။

မကြာမီ သမဂ္ဂရုံးခန်းသို့ ရောက်လာ၏။ စေ့ထားသော တံခါးကို တွန်းဖွင့်၍ ဝင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖယောင်းတိုင်တွေ ထွန်းထားသော စားပွဲ၌ စိုးသိမ်း၊ မြဓော်၊ တင့်အောင်၊ တင်ရွှေနှင့် ကျော်လွင်တို့ ခေါင်းစင်းစင်း ဝိုင်းထိုင်နေကြသည်။ မိုးရေစွဲသော ခန္ဓာကိုယ်တွေနှင့်ပင် ဝင်းမောင်နှင့် ဝင်းကြည်တို့သည် စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။ သူတို့အားလုံး မျက်နှာမကောင်း။ စိုးသိမ်းကား လျှမ်းလျှမ်းတောက်သော မျက်စိအစုံဖြင့် စားပွဲပေါ်မှ ဖယောင်းတိုင်တွေကို စိုက်ကြည့်နေသည်။ မြမော်က အံကြိတ်လျက် ခေါင်းအောက် ငုံ့ထားသည်။ တင်ရွှေသည် ဆေးပေါ့လိပ်ကို ပြင်းပြင်း ဖွာရှူနေသည်။ တင့်အောင်နှင့် ကျော်လွင်ကား ငြိမ်တူလိုလို ငိုင်နေသည်။

"မင်းတို့ ကြားလာပြီပေါ့"

စိုးသိမ်းက လှမ်းမေးသည်။

"အေး"

ဝင်းကြည်က ပြန်ဖြေလိုက်၏။

"အတွင်းဝန်ရုံးထဲ ဝင်ပစ်သတ်တယ်တဲ့။ ဒီးဒုတ်ဦးဘချို၊ သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားတို့ပါ ပါတယ်။ သေသူသေ၊ ဒဏ်ရာရသူရပေါ့ကွာ။ ဗိုလ်ချုပ်ကတော့ ချက်ချင်းပြီး သေတာပဲတဲ့"

စိုးသိမ်းက အိပ်မက်ထဲမှာလို တတွတ်တွတ် ပြောနေသည်။

"ဗိုလ်ချုပ်ကိုတောင် သူတို့သတ်တယ်။ တောက်။ ကဲ တို့ဘာလုပ်ကြမလဲ။ တစ်ခုခု လုပ်ရမယ်။ ဗိုလ်ချုပ် သေတာကို ဒီအတိုင်း ကြည့်မနေနိုင်ဘူး။ လက်စားချေမယ်"

ဝင်းမောင်က ရူးသွပ်သူပမာ ပြော၏။ သူ့မျက်လုံးအိမ်တွင် မျက်ရည်တွေ ဝဲနေ၏။

"တို့ဘာလုပ်ကြမလဲ" ဝင်းကြည်က မေးသည်။ အားလုံးက ရုတ်တရက် အဖြေမပေးကြသေး။ တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု သူတို့ နားလည်ထားကြသည်။ လုပ်လည်း လုပ်ချင်သည်။ သို့သော် ဘာလုပ်ရမှန်းမသိ။

ဗိုလ်ချုပ်ကို ချစ်သောစိတ်၊ ဗိုလ်ချုပ်ကို ကြည်ညိုသောစိတ်၊ ဗိုလ်ချုပ် သေပြီဆိုသောကြောင့် အခဲမကျေ မွန်ထူနေသော၊ ဆောက်တည်ရာမရ ကိုးကွယ်ရာမရှိ ဖြစ်နေသောစိတ်။

ဤစိတ်ပေါင်းစုံက သူတို့အားလုံးကို ညှို့ထားသည်။ ဖမ်းစားထားသည်။ သူတို့သည် ဗိုလ်ချုပ်ကို ချစ်မြတ်နိုး၏၊ အားကိုး၏။ လူစွမ်းကောင်း ကိုးကွယ်လိုစိတ်ရှိသူ၊ မနူးမနပ် လူငယ် လူရွယ်တွေဟုဆိုဆို ဘာဆိုဆို ဗိုလ်ချုပ်ကို သူတို့ ကိုးကွယ်၏။ သို့မို့ကြောင့်လည်း လက်နက် ကိုင် တိုက်ခဲ့၏။ သပိတ်တွေ မှောက်ခဲ့၏။ အာဏာပိုင်များကိုသာမက မိဘကိုပါ အာခံခဲ့ကြ၏။ ဗိုလ်ချုပ်က စစ်ပညာတတ်အောင် သင်ထားကြဆိုသဖြင့် လျှာအလျားသား ထွက်လုမခန်း သူတို့ စစ်ပညာသင်ခဲ့ကြ၏။ လက်နက်တွေ စုထားဆိုသောကြောင့် လက်နက်ပုဒ်မကို မကြောက်မရွံ့နိုင်သ လောက် လက်နက်တွေကို သိုဝှက်ထားခဲ့ကြ၏။ ယခု ဗိုလ်ချုပ်ကား သေလေပြီ။

သူတို့ ဘာလုပ်ကြမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



"လက်ပစ်ဗုံးတွေ ထုတ်ကွာ။ သွားဆော်မယ်"

ဝင်းမောင်က ပြော၏။

ဝင်းမောင်၏ မျက်နှာသည် ခက်ထန်လွန်းလှ၏။ အသံမှာလည်း မာကျောလွန်း၏။

"ဘယ်ကို သွားပစ်မလဲ"

စိုးသိမ်းက မေးသည်။

"ဂတ်ကို ပစ်မယ်၊ အရေးပိုင်ကို ပစ်သတ်မယ်"

ဝင်းမောင်၏ စကားကို အားလုံးက ခပ်မဆိတ် စောကြောနေကြသည်။

"ပေး၊ လက်ပစ်ဗုံး ထုတ်ပေး။ မင်းတို့ မလိုက်ရင်နေ။ ငါတစ်ယောက်ထဲ သွားမယ်"

ဝင်းမောင်က ဆက်ပြောသည်။ မျက်လုံးအိမ်မှ စီးဆင်းကျလာသော မျက်ရည်တွေကို လက်ဖဝါးဖြင့် သုတ်ဖယ်သည်။ အခန်းတွင်း၌ သူ့အသံသည် ဟိန်းနေ၏။

စိုးသိမ်းက သည်တော့မှ စကားစသည်။

BURMESE CLASSIC

"ဒီလိုကွာ ဝင်းမောင်။ စိတ်လိုက်မာန်ပါလုပ်လို့ မဖြစ်သေးဘူး။ နိုင်ငံရေးကို ဒေါသအလျော ထလုပ်လို့ မဖြစ်ဘူး။ စဉ်းစားမှ ဖြစ်မယ်။ မင်းလိုပဲ တို့အားလုံး ဒေါသဖြစ်ကြတယ်။ ခံစားကြ တယ်။ ဒါ မငြင်းနိုင်ဘူး။ ဂတ်ကို ပစ်ဖို့ တကယ်တမ်းလိုတယ်၊ အရေးပိုင်ကိုပါ ပစ်သတ်ဖို့ တကယ်တမ်း လိုအပ်တယ်ဆိုရင် တို့ပါ လိုက်မှာပေါ့။ အတူတူလုပ်ပြီး အတူတူ သေကြမှာပေါ့။ မဟုတ်ဘူးလား"

ဝင်းမောင်လည်း ငြိမ်ကျသွားလေပြီ။

"အေးပေါ့ကွာ။ စိုးသိမ်း ပြောတာ စဉ်းစားထိုက်တယ်။ တို့က အရမ်းလျှောက်လုပ်လို့ မဖြစ်ဘူး။ အခြေအနေကို စောင့်ကြည့်သေးတာပေါ့။ ဒါ မမှားပါဘူး"

မြမော်က ဝင်၍ ဖျန်ဖြေလေသည်။

ဖယောင်းတိုင် မီးတောက်အချို့မှာ လေကြောင့် ငြိမ်းကုန်ကြသည်။ ငြိမ်းသွားသော ဖယောင်းတိုင်တွေကို ပြန်၍ ထွန်းညှိမည့်သူ မရှိ။

အပြင်ဘက်တွင်ကား မှတ်သုံမိုးနှင့် မှတ်သုံလေသည်လည်း ဒေါသမာန်ဟုန်ကို အစွမ်း ကုန် ထုတ်လွှတ်လျက် ကြီးစိုး မင်းမူနေဆဲသာ ဖြစ်ပါတော့သည်။

× × ×

ကုန်လွန်သွားသော အချိန်တို့နှင့်အတူ အဖြစ်အပျက်တွေမှာ မြန်ဆန်လွန်းလှသည်။

ကြေကွဲစရာ၊ စိုးရိမ်ထိတ်လန့်စရာ၊ အခဲမကျေစရာ အဖြစ်အပျက်များ အကြားက ဝင်းကြည်သည် သူ့ကိုယ်သူ အားတင်းနေရသည်သာ ဖြစ်လေသည်။ လူတွေ၊ အဖြစ်အပျက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွေမှာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲကုန်ကြသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့နေရသည်။

လွတ်လပ်ရေး ကြေညာပြီ ဆိုသောအခါ ပျော်ရမည့်အစား ဝမ်းနည်းသည်။ ကြိတ်မနိုင်ခဲမရ ဖြစ်သည်။ လူတွေကို မကျေနပ်၊ ပတ်ဝန်းကျင်ကို မကျေနပ်၊ ဘာဆို ဘာကိုမျှ မကျေနပ်။ သို့ကလို မကျေနပ်သည့်အတွက် သူဘာလုပ်နိုင်သနည်းဟု စဉ်းစားသည်။ ဘာမျှ မလုပ်နိုင်။ သူ့ကိုယ်သူပင် ဘာကောင်မှန်း မသိ။ ကျောင်းနေသည် ဆိုသည်။ ကျောင်းမှန်မှန် မတက်ဖြစ်။ စာမေးပွဲတွေ မဖြေဖြစ်။ ကျောင်းနေချိန်၌ ဤမျှ အလေလေတော နေရကောင်းလားဟု အိမ်ကယူဆကာ အမြဲတမ်း သူ့အပေါ် မကျေနပ်။

လွတ်လပ်ရေး အထိမ်းအမှတ် ထမင်းစားပွဲသို့ သွားတက်မိသောအခါ သူ့စိတ်မှာ ဒိုင်းနမိုက် ဖောက်ခွဲထားသလို ရစရာမရှိအောင် ပေါက်ကွဲရသည်။ ပင်စီနှင့် စင်သီယာတို့၏ အဖေက လွတ်လပ်ရေးအောင်ပွဲ ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ။ ခေါင်းဆောင်းစကလည်း တလူလူ။

ကျောင်းသားသမဂ္ဂ၏ ခေါင်းဆောင်များကိုပါ အခြားအဖွဲ့အစည်း ခေါင်းဆောင်များနည်းတူ ဖိတ်ကြားသဖြင့် သွားတက်မိခြင်း ဖြစ်သည်။ လွတ်လပ်ရေးကို ဂုဏ်ပြုသော ဤထမင်းစားပွဲတွင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က မိန့်ခွန်းပြောသည်။ ပင်စီနှင့် စင်သီယာတို့၏ စန္ဒရားလက်သံ၊ စောင်းကောက်လက်သံ လှလှကလေးတွေကိုပါ ကြားရသေးသည်။

ထမင်းစားပွဲ ပြီးပြီးချင်း ဝင်းကြည်သည် စိုးသိမ်း၊ မြမော် စသော သူငယ်ချင်းတွေနှင့်အတူ ထပြန်ခဲ့ကြ၏။ လွတ်လပ်ရေးကို ပြက်ရယ်ပြုသော၊ လွတ်လပ်ရေးအတွက် တိုက်သူတွေကို ဆဲရေးသော ပုဂ္ဂိုလ်ကြီးများစွာတို့သည် လွတ်လပ်ရေး အောင်ပွဲကို ကျင်းပနေကြလေပြီ။

"ကဲ၊ မင်းကိစ္စဝိစ္စတွေအားလုံး ပြီးပြီဆိုပါတော့ ငါ့သား။ မင်း ရှေ့ရေးအတွက်သာ စဉ်းစားပေတော့"

အဖေက အချိုသပ်လေပြီ။

"ကျွန်တော် စဉ်းစားစရာ ဘာလိုတော့သလဲ အဖေ။ အဖေတို့ ဘာလုပ်စေချင်တယ်ဆိုတာသာ ပြော၊ ကျွန်တော် လုပ်မယ်။ ကျွန်တော့်အဖို့ကတော့ ဘာမှ မထူးတော့ဘူး"

အဖေ့ကို ဤသို့ တင်းတင်းမာမာ တစ်ကြိမ်တစ်ခါမျှ ပြန်မပြောခဲ့ဘူးသည့် အဖြစ်ကို ဝင်းကြည် သိသလို အဖေကလည်း သိပေသည်။ သို့တိုင်အောင် အဖေက အမျက်မထွက်။ လေအေးဖြင့်သာ ချော့နေလေ၏။

"ငါ့သား စိတ်ထဲမှာ ဘယ်လိုဖြစ်နေတာ အဖေ သိပါတယ်ကွာ။ မင်းကို နိုင်ငံရေးစိတ်ပါလာအောင် အဖေက သွင်းပေးခဲ့တာပဲ။ အခု နိုင်ငံရေးအခြေအနေတွေ ပြောင်းသလို လူတွေလည်း ပြောင်းကုန်ကြတာ မင်း တွေ့ပြီမဟုတ်လား။ ဒါ့ကြောင့် မင်းကို အတန်တန် အဖေ ပြောခဲ့တယ်။ မင်းတို့က တက်လူတွေဆိုတော့ စိတ်ဓာတ်ပြင်းတယ်လေ။ အဖေတို့အတွက်ကတော့ မထူးပါဘူး။

www.burmeseclassic.com



စိတ်ပျက်နေတာလည်း ကြာပါပြီ။ ဒါတွေကို အဖေ မြင်လို့ ငါ့သားကို အစောကြီးထဲက အဖေ တားခဲ့တယ်။ ဒါပေမဲ့ မရဘူး။ ကဲ၊ အခု မင်း ဘယ့်နှယ်ရှိစ"

ဝင်းကြည် ဘာပြောရမှန်းမသိ။ အမှန်တော့လည်း တစ်ချိန်သောအခါက အဖေသည် သူ့ကို တားမြစ်ခဲ့ဖူးပေ၏။ အဖေ့ တားမြစ်ချက်တွေကို သူ လျစ်လျူရှုခဲ့သည်မှာလည်း မှန်လှပေ၏။

"အခု လွတ်လပ်ရေးလည်း ရပြီ။ အားလုံးလည်း အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေကြပြီ။ ကွန်မြူနစ်၊ အလံနီ၊ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်။ အဲ ဒီလူတွေကွဲတော့ ချက်ကောင်းစောင့်နေတဲ့ အချောင်ဆရာတွေက ဖ.ဆ.ပ.လထဲ နေရာဝင်ယူကြတာပဲ။ မင်းတို့ ရှေ့ဆက် ဘာလုပ်ဦးမလဲ"

"အဖေ့ကို ကျွန်တော် ပြောပြီးပဲ။ အဖေတို့ ကျွန်တော့်ကို ဘာလုပ်စေချင်တယ် ဆိုတာသာ ပြောပါ။ အဖေတို့ အကြိုက်၊ အဖေတို့ ဆန္ဒအတိုင်း ကျွန်တော် နေပါ့မယ်။ ကျွန်တော် ဒါပဲ ပြောတတ်တော့တယ်"

"မင်းအမေဟာ မင်းအတွက် စိတ်ဆင်းရဲနေခဲ့ရတာ ကြာပြီ။ ဒီတော့ သူ ကျေနပ်အောင် မင်း နေပြလိုက်မယ်ဆိုရင် အဖေက ဘာမှ ပြောစရာမလိုတော့ပါဘူး သားရယ်။ ကျောင်းတက် ရင်လည်း သေသေချာချာ ပြန်တက်။ မင်းအမေနဲ့ ဆိုင်မှာ သေသေချာချာ ကူလုပ်ပါ။ အဲဒါ လောက်ပဲ အဖေ လိုချင်တယ်"

ဝင်းကြည်က ခေါင်းညိတ်လိုက်သည်။

စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ယခုတစ်ချိန်၌ကား အဖေ့ပြောစကားကို သူ ခေါင်း ညိတ်လိုက်ရခြင်းသာလျှင် အမှန်ကန်ဆုံး ဖြစ်လိမ့်မည်ဟု တွေးမိသောကြောင့်တည်း။

နံနက် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ဆိုင်ဖွင့်ကာ လှည်းကျင်း ပြင်ဆင်ထားသည်။ အမေ ရောက်လာပြီဆိုလျှင် အမေခိုင်းရာ လုပ်ပေးသည်။ အမေက ဝယ်ခြမ်းခိုင်းသော ရောင်းချစရာ ကုန်ပစ္စည်းတွေကို ကိုယ်တိုင် သွားဝယ်ကာ ထမ်းပိုး သယ်ယူပေးသည်။ ထို့နောက် ကျောင်းသို့ သွားကာ အတန်းတွင်း၌ အူကြောင်ကြောင်နှင့် ထိုင်သည်။ ညဘက်ဆိုလျှင် အမေ ဆိုင်ပိတ်ချိန်၌ ဆိုင်ပိတ်ပေးကာ ဆိုင်အတွင်း၌ပင် အိပ်သည်။

ဝင်းကြည်၏ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ခြင်းနှင့် ပျင်းရိ ခြောက်ကပ်ခြင်း အရိပ်ကသာ ကြီးစိုး လွှမ်းမိုးလျက်ရှိလေသည်။

သူ့လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း မိတ်ဆွေများကကော။

ဝင်းမောင်သည် သူ့ဖခင်ရှိရာ ဝါးခယ်မသို့ ပြောင်းသွားသည်။ စိုးသိမ်းကိုကား မြို့ ကျောင်း၌ ဆက်တက်ရန်ဟုဆိုကာ သူ့မိဘက ရန်ကုန်သို့ ပြောင်းရွှေ့ ပို့ထားလိုက်သည်။ တင့်အောင် လည်း ...ကုန်သို့ ခေတ္တခဏဟု ဆိုကာ ထွက်သွားသည်။ ကျော်လွင်ကား မအူပင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိပါသေး၏။ သို့သော် ကျော်လွင်သည် ဘာကိုမျှ စိတ်မဝင်စားတော့ဘဲ ဂီတာတီးရင်း [illegible] ရင်း သူ့ထွက်ပေါက်ကို သူ ရှာတွေ့နေလေ၏။ မြမော်လည်း အိမ်ရေးကိစ္စများအတွက် [illegible] သို့ ခေတ္တပြန်နေသည်။ စံကျော်ကား အလံနီအဖြစ် တောခိုနေပြီး ဖုန်းမြင့်နှင့် မောင်ညွန့်တို့ကအစ ပြည်သူ့ရဲဘော် တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များတွင် အချိန်ပြည့် နစ်မြုပ်နေကြသည်။ တင်ရွှေ တစ်ယောက်သာ နီးနီးနားနား ရှိသည်။ အပေါင်းအသင်းဆို၍ တင်ရွှေသာ ရှိလေသည်။ တင်ရွှေ သည် ကင်မရာတစ်လုံးဖြင့် အချိန်ကုန်နေတတ်လေရာ ဝင်းကြည်ကလည်း တင်ရွှေ၏ ကင်မရာကို စိတ်ဝင်စားဖို့ ကြိုးစားကြည့်သည်။ ကိုဒတ် အမျိုးအစား ဘောက်စ ကင်မရာတစ်လုံးဖြင့် သူတို့ နှစ်ယောက်သား အချိန်ဖြုန်းကြည့်သည်။

စာမေးပွဲတွေလည်း ဖြေကြရတော့မည်။

သို့မို့ကြောင့် များစွာ စိမ်းကားနေပြီဖြစ်သော ကျောင်းစာအုပ်တွေကို ပြန်ကိုင်ကြည့်သည်။ ခက်ခဲ ပင်ပန်းလှ၏။ ကျောင်း၏ စာသင်ခန်းသည် လည်းကောင်း၊ သမဂ္ဂရုံးခန်းသည် လည်း ကောင်း နွေရာသီ၏ ငြီးငွေ့ဖွယ် သဘာဝဝန်းကျင်နှင့်အတူ ခြောက်သွေ့လှသည်ဟု ထင်မိသည်။ ကျောင်းသုံးစာအုပ်များကို ကိုင်တွယ်ရသည်မှာပင် ပျင်းခြောက်ခြောက်။

ဝင်းကြည်သည် ယင်းသို့သော ကာလမျိုး၌ပင် သူ့ကိုယ်သူ ထူထောင်ဖို့ ကြိုးစားနေသည်။ စိမ်းကားနေသော ကျောင်းစာများအကြား၌ သူ့ကိုယ်သူ မြုပ်နှံသည်။ လက်လှမ်းမီရာ စာအုပ်တွေ နှင့် မွေ့လျော်သည်။

တစ်ခါတစ်ရံတော့လည်း စင်သီယာ အကြောင်းကို စဉ်းစားမိ၏။ စင်သီယာ ဟူသော မိန်းကလေးနှင့် စပ်လျဉ်းသည့် ခြင်းရာ ထုပ္ပတ်တို့သည် ဝေးလံခဲ့လေပြီ ဖြစ်သော အိပ်မက်ပမာ ကြပ်ခိုးများ၊ ပင့်ကူအိမ်များ စွဲကပ်နေသဖြင့် မှုန်ဝါး ရီဝေနေသော ပန်းချီကားပမာသာ ဖြစ်နေလေ သည်။ ကျောင်းတွင် တွေ့ကြသည်။ တွေ့တိုင်းလည်း တစ်ယောက်နှင့် တစ်ယောက် သူစိမ်း ပြင်ပြင်သာတည်း။

ပျော်မွေ့စရာ မရှိ၊ အချစ်မရှိ၊ အလှအပမရှိသော ဝန်းကျင်တွင် ဝင်းကြည်သည် သူ့ရင်တွင်း ၌ ထွေးရောယှက်တင် ဖြစ်နေသည့် ဝေဒနာပေါင်းစုံကို ကုစားရန် ခက်ခဲစွာ ကြိုးပမ်းနေရသည်။ သူ့ဝေဒနာတွေ စုံလှသလို သူ့ဝန်းကျင်သည် သွေ့ခြောက်နေသည်။ သူ့အပါးတွင် မည်သူမျှ မရှိ။ သူ့စိတ်သည် ပျံ့လွင့်လျက်ရှိသည်။ သူနေထိုင် ကျင်လည်ရသော လောကဝန်းကျင်သည် သူ့ကို အထီးအကျန်သမားအဖြစ် ပင်စည်ထက်မှ ကြွေကျသဖြင့် လေသင့်ရာ လွင့်နေသော နွေ ကြွေရွက် အဖြစ်သို့ ပို့ဆောင်ထားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၈

စာမေးပွဲ ဖြေလိုက်မည်၊ ကျောင်းစာတွေ အကြားတွင် မွေ့လျော်တော့မည်ဟူသော ဝင်းကြည်၏ စိတ်ကူးသည် လေပြင်းတစ်ချက် တိုက်ခတ်လိုက်ရာ၌ လွင့်ပါးရသည့် မြူမှုန်ပမာ ပျောက်ကွယ် လွင့်စင်သွားကြရပြန်လေ၏။

စာမေးပွဲကား ဖြေပါသည်။ သို့သော် မအောင်။

အဘယ့်ကြောင့်ဆိုသော် ယခု ၁၉၄၈ ခုနှစ်သည် ဝင်းကြည်အတွက်သာမက တစ်မြို့လုံး၊ တစ်ခရိုင်လုံး၊ တစ်နိုင်ငံလုံး အုတ်အော်သောင်းတင်း ပရမ်းပတာ ဖြစ်ခဲ့ရသောကြောင့်တည်း။

ပထမဦးစွာ ကိုတင်သိန်း ဦးဆောင်သော ကွန်မြူနစ်ပါတီဝင်များ၊ တပ်နီများ တောခိုသွားကြသည်။ ရန်ကုန်တွင် ခေတ္တနေထိုင်ကာ ပြန်ရောက်လာသော တင့်အောင်လည်း ကိုတင်သိန်းနှင့် အတူပါသွားသည်။ တစ်ဖန် အဖြူ၊ အဝါ ကွဲနေသော ပြည်သူ့ရဲဘော် နှစ်ခြမ်းအနက် တစ်ခြမ်း ဖြစ်သည့် ရဲဘော်ဖြူတို့ တောခိုပြန်သည်။ ဖုန်းမြင့်ရော မောင်ညွန့်ပါ ပါသွားသည်။

မအူပင်တစ်ဝိုက်တွင် အလံနီ၊ ကွန်မြူနစ်၊ ပြည်သူ့ရဲဘော် စသည့် တောခို လက်နက်ကိုင် အဖွဲ့အစည်းများ အကြိတ်အနယ် စည်းရုံးကြ၊ နယ်မြေတွေ တည်ဆောက်ကြရင်း အချင်းချင်း တိုက်ကြ ခိုက်ကြသည်။ ပုလိပ်၊ ယူအမ်ပီ စသော အစိုးရတပ်တွေနှင့်လည်း တိုက်ကြသည်။

ယခုတစ်ဖန် ကရင်အမျိုးသားများ။

"ရှော၊ မင်း အဲဒါဖတ်ကြည့်စမ်း။ ဘယ်လိုတွေ ဖြစ်ကုန်ကြသလဲ မသိဘူး"

တင်ရွှေသည် ကရင်အမျိုးသား အများစုနေထိုင်ရာ မအူပင်မြို့ တောင်ဘက်အစွန်ရှိ တရုတ်လပ်တွင် နေသူဖြစ်ရာ ကရင်နှင့် ပတ်သက်လျှင် ဝင်းကြည်တို့ထက် ပို၍သိသူ၊ သတင်းစုံသူ ဖြစ်သည်။

"ဘာလဲကွ 'သုဝဏ္ဏတိုင်း' ဆိုတာက"

တင်ရွှေ လှမ်းပေးသော အရာကား 'သုဝဏ္ဏတိုင်း' ဟု ခေါင်းစည်းပါသည့် သတင်းစာ အရွယ်အစား စာစောင်ဖြစ်နေသည်ကို တွေ့ရသည်။

"ကောအင်ယူရဲ့ အာဘော်လေကွာ"

ကောအင်ယူ၏ အာဘော်ဟု ဆိုသော သုဝဏ္ဏတိုင်း သတင်းစာကို ဝင်းကြည်က လှန်လှော ကြည့်မိသည်။

'တောင်ပေါ်က မင်းကလေး လမ်းမသာလို့ မလာသေး။ ပင်လယ်ပြင်မှာ ကြေးနန်းသွယ် ကရင်မင်း လာလိမ့်မယ်' ဟူသော တဘောင်ကိုဖော်လျက် ကရင်လူထုသည် ယခုအခါ ခွင့်မသာ သေးသည့်အတွက် ပြည်ထောင်စုကြီးကို မသိမ်းပိုက်ရသေးကြောင်း၊ သို့သော် ကောအင်ယူ တည်း ဟူသော ကြေးနန်းဖြင့် ဆက်သွယ်မိကြပြီ ဖြစ်သည့်အတွက် ကရင်မင်း လာတော့မည်ဟု အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်နိုင်ကြောင်း စသည်ဖြင့် ရေးသား ဖော်ပြထားသော **ဆောင်းပါးတစ်စောင်ကို စိတ်ဝင်စားစွာ** ဖတ်နေလိုက်မိသည်။

"ဒါတွေလည်း မင်း ဖတ်ကြည့်လေကွာ"

တင်ရွှေက ထပ်ပေးပြန်သည်။ အခြား သုဝဏ္ဏတိုင်း **သတင်းစာတစ်စောင်ကို ဝင်းကြည်က** ယူကြည့်ပြန်သည်။

'ပြေပြွာပိုင် မရွယ်ဘဲနဲ့ စော်ကဲနော် မင်းဖြစ်ကိန်းမှာ **ထိုနိုးသောတဲ့လေး' အစရှိသည့်** တဘောင်ကိုသုံးကာ ကရင်အမျိုးသားများ **အထွတ်အထိပ်သို့ ရောက်တော့မည်မှာ မြေကြီး** လက်ခတ် မလွဲကြောင်းဖြင့် ရေးထားပြန်သည်ကို **တွေ့ရသည်။**

အခြားစာအုပ်ငယ် တစ်အုပ်၏ **ခေါင်းစဉ်ကား 'ကရင်နှင့် နိုင်ငံရေးပြဿနာ' ဖြစ်သည်။** ဝင်းကြည်သည် ကမန်းကတန်း အငမ်းမရ **ဖတ်နေမိ၏။ နှ–အက်တလီစာချုပ်ကို ထောက်ယူက** အဘယ့်ကြောင့် သပိတ်မှောက်ရကြောင်း၊ **အင်းစိန်၊ ပဲခူး၊ သာယာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့်** မြိတ်ခရိုင်များတွင် ကရင်အတွက် **သီးသန့် မင်းတိုင်ပင် မရှိသေးသဖြင့်** ကရင်တိုင်းပြု ပြည်ပြု လွှတ်တော်အမတ် ၁၇ ဦး ပိုမို **ထားရှိပေးရန်၊** ကရင်နယ် ထူထောင်ရေးကို မူအားဖြင့် လက်ခံထားရန် စသော ၁၉၄၇ ခုနှစ်က ဆုံးဖြတ်ချက်များကို အကျယ်တဝင့် ရှင်းပြထားပြီးနောက် ကရင်ပြည် မရမချင်း မဆုတ်မနစ် ဆောင်ရွက်သွားမည် စသည်ဖြင့် ရေးသားထားလေသည်။

'ကရင်နှင့် လွတ်လပ်ရေး' အမည်ရှိ အခြား စာအုပ်တွင်ကား–

'ယခုထက်တိုင် ကရင်၏ အခွင့်အရေးများကို အမျိုးမျိုး ချုပ်ချယ်ခြင်း ခံရ၏။ ကရင်လူမျိုးတို့သည် လွတ်လပ်ရေး အစစ်အမှန်ကို လိုလားသည်သာမက မိမိကံကြမ္မာကို မိမိတို့ အလိုအတိုင်း ဖန်တီးလိုကြ၏။

ယခုအခါတွင် ဗမာများသည် လူမျိုးစုတစ်ဦးတည်း အနေနှင့် တိုင်းပြည်အတွင်းရှိ အထက်တန်းစား အခွင့်အရေး ဟူသမျှတို့ကို အကုန် လက်ဝါးကြီးအုပ်၍နေသဖြင့် တိုင်းရင်းသား လူနည်းစုများသည် ကျေနပ်မှု မရကြပေ။ အထူးသဖြင့် ဒုတိယ အကြီးဆုံးဟု ခေါ်နိုင်သော ကရင်လူထုသည် စိတ်ကျေနပ်မှုကို အလျဉ်းမရသေးချေ။'

ကျုံမငေးမှ ပြန်ရောက်လာပြီ ဖြစ်သော မြမော်က ဝင်းကြည် လက်ထဲမှ စာစောင်တွေကို ဆင့်ကမ်းယူ၍ ဖတ်ပြန်သည်။

"မှားကုန်ကြလိမ့်မယ်နဲ့တူတယ် တင်ရွှေ။ ကရင်ခေါင်းဆောင်တွေထဲမှာ ရိုးရိုးသားသား ပြည်နယ်ကိစ္စကို စကားပြောကြသလို မရိုးမသားသူတွေလည်း ပါနေပြီ ထင်တာပဲ။ မင်းတို့ဘာမှ မလုပ်ကြတော့ဘူးလား"

"မရတော့ဘူး။ လွန်ကုန်ကြပြီ"

တင်ရွှေက ညည်းတွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်ရွှေ၏ ညည်းတွားချက်မှာ မှန်လှပေ၏။ ပန်တပွတ်ဝ တစ်ဝိုက်၊ စစ်ချောင်းတစ်ဝိုက်၊ ကျွဲတုံးတစ်ဝိုက်တွင် ကေအင်ဒီအို တပ်များက ဗမာရွာတွေကို ဝင်ရောက် ဖျက်ဆီး မီးရှို့လျက် ရှိကြသည်။ မအူပင်မြို့ အနီးတစ်ဝိုက်ရှိ ကျေးရွာတို့မှ ဗမာတွေ မြို့ပေါ်သို့ ထွက်ပြေး ခိုအောင်းလာကြရသည်။

"ပြည်နယ်ကိစ္စကို ငါ့အနေနဲ့တော့ ထောက်ခံတယ်ကွာ။ ဒါပေမဲ့ ကရင်ပြည်နယ်ကိစ္စကို အကြောင်းပြုပြီး နယ်ချဲ့သမား ဝင်လာမှာတော့ မလိုလားဘူး"

ဝင်းကြည်၏ စကားကို တင်ရွှေက မည်သို့မျှ ပြန်မပြောသော်လည်း မြမော်က ကျေနပ်ပုံ မရ။

"နယ်ချဲ့သမား ဝင်တာ မဝင်တာ ထားကွာ။ ပြည်နယ်ကိစ္စကိုတောင် စောသေးတယ်လို့ ငါ ထင်တယ်ဟေ့။ ဘာလဲကွ။ တဆိတ်ရှိ ပြည်နယ်၊ ပြည်နယ်။ ပြည်နယ်စကား တွင်တွင်ပြောပြီး အရမ်းလျှောက်လုပ်လို့ ဘယ်ဖြစ်မလဲ။ ငါကတော့ လုံးလုံး သဘောမတူဘူးကွ။ သူတို့က ချရင် ပြန်ချမှာပဲ"

"ဒီလိုလည်း မဟုတ်သေးဘူးလေဗျာ။ ကရင်ဟာ လူမျိုးတစ်မျိုး ဖြစ်တယ်ဆိုတာကိုတော့ ကျွန်တော်တို့ ငြင်းလို့မရဘူး ကိုမြမော်ရ။ အခုကိစ္စက တော်တော်လေး နူးညံ့သိမ်မွေ့တဲ့ ကိစ္စမျိုး ဖြစ်နေတာဆိုတော့ ဖ.ဆ.ပ.လ.ကရော၊ အစိုးရကရော ကရင်ခေါင်းဆောင်တွေနဲ့ အကျေအလည် ဖြစ်အောင် လုပ်ဖို့လိုတာပဲ"

မြမော်နှင့် ဝင်းကြည်တို့ အချီအချ ပြောကြခိုက်တွင် တင်ရွှေက သူ့ထင်မြင်ချက်ကို ပြောပြန်သည်။

"ငါသိသလောက်ကတော့ အခု ဒီပြဿနာဟာ မလွယ်တော့ဘူး။ နယ်တိုင်းလိုလိုမှာ ကေအင်ဒီအို တပ်တွေဖွဲ့ပြီး တချို့တောတွေမှာဆို စစ်တန်းလျားတွေတောင် ဆောက်ထားတယ်။ စစ်သင်တန်းပေးတယ်၊ ရိက္ခာပစ္စည်းရော၊ ကျည်ဆန်ရော၊ အို ခတ်ဆီက အစ အကုန် သိုလှောင်ထားကြပြီ။ အခု ရွာတွေကို ဝင်စီးတယ်၊ တိုက်တယ်ဆိုတာ အစပဲ ရှိသေးတယ်။ ရှေ့လျှောက် ဒီ့ထက် ဆိုးလိမ့်မယ်။ တချို့နယ်တွေမှာကျတော့ အလံနီနဲ့ ကရင် စစ်ရေးအရ ပေါင်းတိုက်ပြီး တချို့နယ်မှာ ကွန်မြူနစ်နဲ့ ကရင် ပေါင်းတိုက်ကြတယ်။ တချို့နယ်ကျပြန်တော့ သူတို့အချင်းချင်း လည်း တိုက်ကြတာပဲကွ။ အကုန် ရှုပ်ထွေးကုန်ပြီ။ ကေအင်ယူက ဇူလိုင်လထဲမှာ ကြေညာချက် ထုတ်ပြီး ကရင် မြန်မာ အေးချမ်းစွာ ဆောင်ရွက်ဖို့၊ မေတ္တာစိတ်မွေးဖို့ ပန်ကြားသေးတယ်။ မရဘူး ကေအင်ယူ ခေါင်းဆောင်တွေလည်း နယ်က လူတွေကို မနိုင်တော့ဘူး။ အစိုးရက လုပ်နေတာ လည်း နိုင်ငံရေးအရ ဖြေရှင်းမလိုလို၊ စစ်ရေးအရ ဖြေရှင်းမလိုနဲ့ ဘာမှ ပြတ်ပြတ်သားသား မရှိဘူး အဲဒါ ကနေ့ အခြေအနေပဲ"

"ဟုတ်တယ် ကိုမြမော်၊ တင်ရွှေပြောတာ မှန်တယ်။ ဒါဟာ အင်မတန် ရှုပ်ထွေးတဲ့

www.burmeseclassic.com



ပြဿနာ ဖြစ်နေတယ်။ နောက်တစ်ချက် စဉ်းစားစရာ ကျွန်တော် ပြောဦးမယ်၊ ဖ.ဆ.ပ.လ အစိုးရကို ရဲဘော်ဖြူ၊ အလံနီ၊ ကွန်မြူနစ်၊ တောခိုတပ်တွေ အစရှိတဲ့ သူပုန်ပေါင်းစုံက တိုက်နေတယ်နော်။ အရှုံးမီးပိုင်း ဖြစ်နေတယ်။ ဒီလို အခြေအနေမျိုးမှာ ကရင်ပြဿနာကို အစိုးရက ဘာ့ကြောင့် တိတိကျကျ ပိုင်ပိုင်နိုင်နိုင် မကိုင်သလဲဆိုတာ စဉ်းစားစရာ ကောင်းဘူးလား။ ဆိုရှယ်လစ်တွေက လည်း ဉာဏ်အများသား"

ဆွေးနွေးရင်း၊ တိုင်ပင်ရင်း သမဂ္ဂရုံးခန်းတွင် စုစုဝေးဝေး ပြန်ဖြစ်လာကြသည်။ စိုးသိမ်း၊ ဝင်းမောင် စသူတို့ မရှိတော့။ ဖုန်းမြင့်၊ တင့်အောင်၊ မောင်ညွှန့်တို့လည်း တောတွင်း ရောက်နေကြလေပြီ။ တစ်မြို့လုံးလည်း ကျီးလန့်စာစား ဖြစ်နေသည်။ ကရင်တွေ ဝင်စီးသိမ်းတော့မည်ဆိုသော သတင်းသည် တစ်မြို့လုံးကို ထမင်းလုံးတစ္ဆေ ခြောက်လျက်ရှိ၏။ အချို့သော မိဘများက သားသမီးတွေကိုပင် ကျောင်းသို့ မလွှတ်ရဲကြတော့သည့်အတွက် ကျောင်းကြီးများသည် ကျိုးနှင့် ဖုတ်ဖုတ် ဖြစ်နေပြန်သည်။

ဩဂုတ်လ ၇ ရက်နေ့ညတွင် မအူပင် ငွေတိုက်၌ အစောင့်ချထားသော ကရင်အစောင့် တပ်သားများက ငွေတိုက်ကို ဖွင့်လျက် ငွေ ၃၅ သိန်းကို ယူဆောင်ကာ တောခိုသွားကြသည်။ ငွေတိုက်စောင့် ကရင်တပ်သားများကို ယူအမ်ပီ တပ်ရင်း ၂ မှာ 'အီး' တပ်ခွဲနှင့် အခြား ကရင် ယူအမ်ပီ တပ်သားများက အကူအညီပေးကာ ၎င်းတို့ပါ တောခိုသွားသည်။

ထိုသတင်းကြောင့် တစ်မြို့လုံး ချောက်ချားသွားသည်။ ဈေးနှင့် လမ်းများတွင် လူသွား လူလာ ရှင်းသည်အထိ၊ အရောင်းအဝယ်တွေ ခြောက်ကပ်သွားသည်အထိ ဖြစ်လာသည်။ ငွေတိုက်မှ ငွေ ၃၅ သိန်းကျော်ကို အေးအေးဆေးဆေး ယူထွက်သွားကြသူများနှင့် စပ်လျဉ်း၍ မအူပင်ရှိ အုပ်ချုပ်ရေး အာဏာပိုင်တို့က မည်သို့ အရေးယူ ဆောင်ရွက်လေမည်နည်းဟု စောင့်ကြည့်ကြသည်။ အချင်းချင်း လက်တို့ကာ တီးတိုး ဝေဖန်ကြသည်။

အခြေအနေအရပ်ရပ်မှာ ပျက်စီး ယိုယွင်းခဲ့လေပြီ။

× × ×

"မဆိုင်သူ မကပ်နဲ့ဟေ့၊ မယားမုဆိုးမ ဖြစ်သွားမယ်"

ရူးရူးဝါးဝါး အော်ဟစ်လိုက်သော ဤအသံကြီးကြောင့် ဝင်းကြည်သည် အိပ်ရာမှ လန့်နိုးလာ၏။

ချက်ချင်းဆိုသလိုပင် သေနတ်သံတွေ ပေါ်ထွက်လာသည်။ ရိုင်ဖယ်သံ၊ စတင်းသံသာမက ကျယ်လောင်လှသော ဘရင်းသံများကိုပါ နားတွဲလောက်အောင် ကြားရသည်။ သေနတ်သံများကား မိမိအနီးအနား တစ်ဝိုက်မှသာ ဖြစ်ကြောင်း သတိပြုမိသည်။ ထင်းခုံများအောက်သို့ လုံးထွေး၍ ဝင်လာကြ၏။

www.burmeseclassic.com



"ဟော့ ဟိုပွာကညော၊ ဘာလုပ်နေသတုန်း။ မီးလုံး ပစ်ခွဲပစ်လိုက်ပါလားကွ"

တစ်ယောက်က အော်သံကြားရသည်။ အော်သံနှင့် မရှေးမနှောင်း ဘရင်းဂန်း ဆွဲပစ်သံကြီး ပေါ်ထွက်လာပြီးနောက် လမ်းဓာတ်မီးတိုင်လည်း ငြိမ်းသွားသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိ ကျသွားသည်။

သေနတ်သံများအကြားမှ အမိန့်ပေးသံ၊ ကရင်စကားဖြင့် ကြိမ်းမောင်း ဆဲရေးသံ၊ အိမ်တံခါးတွေကို ရိုက်ဖွင့်သံ၊ ဆူပူအော်ဟစ်သံ စသည့် အသံဗလံမျိုးစုံတို့လည်း ပေါ်ထွက်လာသည်။ ဝင်းကြည်၏ ဆိုင်ကလေးမှာ သေနတ်သံများ၊ ယမ်းခိုး ယမ်းငွေ့များ အကြားတွင် သိမ့်သိမ့်တုန်နေလေ၏။

ဝင်းကြည်သည် မှောင်နေသော ဆိုင်ကလေးအတွင်း၌ အသာ ထထိုင်လိုက်ပြီးနောက် တံခါးသွပ်ပြားရှိ သံပေါက်မှနေ၍ အပြင်သို့ ချောင်းကြည့်မိသည်။

လရောင်အောက်တွင် လှုပ်ရှား သွားလာနေကြသော လူတွေကို တွေ့ရသည်။ ဘောင်းဘီမျိုးစုံ ဝတ်ထားကြပြီး အချို့က ဦးထုပ်ဆောင်းကာ၊ အချို့က ခေါင်းကို အဝတ်စလိုလို လက်ကိုင်ပဝါလိုလို စိတ်ခေါင်း ပတ်ထားကြသည်။ မောင်းပြန်သေနတ် ကိုင်ဆောင်ထားသူတွေ၏ အရေအတွက်က ပိုများသည်။ ကမ်းနားလမ်း တစ်လမ်းလုံးတွင် သူတို့သည် ဥဒဟို သွားလာနေကြ၏။ ဤသို့ သွားလာရင်း သေနတ်တွေကို မိုးပေါ် ထောင်၍ပစ်သည်။ အချို့က လမ်းဓာတ်မီးတိုင်မှ မီးသီးတွေကို ပစ်ခွဲသည်။ အချို့က အိမ်တံခါးတွေကို ပစ်ဖွင့်ကြသည်။ ပတ်ဝန်းကျင် တစ်ခုလုံးကား ယမ်းခိုး ယမ်းငွေ့တွေ လွှမ်းကာ၊ ယမ်းနံ့များဖြင့် မွန်းနစ်နေသည်။ ကလေးတွေ၏ အော်ဟစ်ငိုယိုသံများ၊ ထိတ်လန့်နေသည့် မိန်းမသံများကို ကြားရသည်။

"ဟိုအိမ်က ဘာဖြစ်လို့ တံခါးမဖွင့်သလဲ၊ ပစ်ဖွင့်စမ်း"

"ဟော့ကောင် လာခဲ့ ဒီကို၊ ဒါလာမ သွား"

"မင့်အမေရိုး၊ ကျည်ဆန်ကို မင်းအမေ့လင်ဆီက ရတယ်ထင်သလား။ ဒီလောက် ပစ်နေတာ"

အရျင်းချင်း အော်ကြ ဟစ်ကြ၊ ဆဲကြ ဆိုကြနှင့်၊ သေနတ်တွေ တကားကားနှင့် ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်ကြီးအိမ်ကောင်းတွေ မှန်သမျှကို လုယက်နေကြသည်။ အေးအေးလူလူ လုပ်ကြခြင်း၊ သွေးအေးအေးဖြင့် လုပ်ကြခြင်း ဖြစ်သည်။

"ဟော့ ဒီဆိုင်ရော၊ ဖွင့်စမ်း"

ဝင်းကြည်သည် ခေါင်းနားပန်း ကြီးသွား၏။ သူ့ဆိုင်နားသို့ တစ်ယောက်က ရောက်လာလေပြီ။ သို့သော် အခြားတစ်ယောက်က "အလကား ဆိုင်စုတ်များကွာ၊ အချိန်ကုန်တယ်" ဟု တားလိုက်သဖြင့်သာ သက်သာရာ ရသွားခြင်း ဖြစ်သည်။

ဤသို့လျှင် စိမ်ပြေနပြေ တိုက်ခိုက် လုယက်ပြီးနောက် အေးအေးဆေးဆေး စကားတွေ

www.burmeseclassic.com



ဖောင်လောက်အောင် ပြောကြဆိုကြရင်း ပြန်ထွက်သွားကြသည်။ ဝင်းကြည်က အချိန်နာရီကို အတိအကျ မှတ်မထားမိသော်လည်း စုစုပေါင်း နှစ်နာရီကျော်ကျော်မျှ ကြာမြင့်ဟု ထင်ရသည်။ သူတို့ ပြန်ထွက်သွားကြသည့်တိုင်အောင် လူတွေမှာ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ရဲကြ။ အမှောင်တွင်းမှာပင် ကုပ်နေကြရသည်။

နောက်တစ်နေ့ နံနက်စောစောတွင်မှ လမ်းမသို့ ထွက်ရဲကြသည်။ ကမ်းနားလမ်း တစ်လမ်းလုံးတွင် ကျည်ဆန်ခွံတွေ ဖွာရရာ ကျဲနေသည်။ အိမ်နံရံ၊ တိုက်နံရံများ၌ ကျည်ဆန်ရာတွေ ဗလပွ ဖြစ်နေသည်။ ပြတင်းမှန်များ၊ တံခါးမှန်များ ကွဲကုန်သည်။ တစ်လမ်းလုံးတွင် အပျက်အစီးတွေ၊ အစအနတွေ၊ အကျိုးအပဲ့တွေ၊ ပြတ်ကျနေသော လျှပ်စစ်ဓာတ်ကြိုးတွေ၊ ဖန်ကွဲမှန်ကွဲတွေ ပြည့်လျှံလျက် ရှိသည်။ စုစုပေါင်း သိန်း ၃၀ ကျော်ဖိုးရှိ ရွှေငွေပစ္စည်းများ ပါသွားလေပြီ။

အဖေသည် မျက်စိမျက်နှာပျက်ပျက်နှင့် ရောက်လာလေ၏။

"မင်း ဘာဖြစ်သေးသလဲ"

ခရီးရောက်မဆိုက် အဖေက မေးသည်။ သားဖြစ်သူကိုလည်း ခြေဆုံးခေါင်းဆုံး ကြည့်လေသည်။

"ဘာမှမဖြစ်ပါဘူး အဖေ။ သူတို့ဘာသာ မိုးပေါ် ထောင်ပစ်ကြတာပါ။ ဆိုင်ကိုတောင် ဖွင့်မယ်လို့ တစ်ယောက်က လုပ်နေတုန်း တခြားတစ်ယောက်က အလကား ဆိုင်စုတ်ပါဆိုပြီး ခေါ်သွားလို့ တော်သေးတာ။ နို့မို့ရင်တော့ ကျွန်တော်လည်း သေချင်သေနေမှာ"

ဝင်းကြည်က ဤသို့ ဖြေလိုက်တော့မှပင် အဖေသည် ဟင်းခနဲ သက်ပြင်းချလေ၏။

"မင်းအတွက် စိတ်ပူလိုက်တာကွာ"

"အိမ်ဘက်ရော လွတ်ရဲ့လား"

"တို့ဘက်အထိ မရောက်ဘူး။ ကမ်းနားလမ်းတစ်လျှောက် ဒီဈေးပိုင်းကို ဖိချသွားတာပဲ။ မင်းအတွက်ပဲ အဖေတို့က စိုးရိမ်နေတာကွာ"

ဝင်းကြည်က အိပ်ရေးမဝသော မျက်စိကို ပွတ်ရင်း ယဲ့ယဲ့မျှ ပြုံးနေမိသည်သာ ဖြစ်၏။

"အဖေ နည်းနည်း စနည်းနာလိုက်ဦးမယ်။ တော်ကြာ မင်းအမေ လာလိမ့်မယ်၊ သိလား" ဟု ဆိုကာ အဖေသည် ဈေးဘက်သို့ ထွက်သွားလေ၏။

တင်ရွှေ၊ မြမော်၊ လှဦးနှင့် ခင်မောင်လေးတို့ ရောက်လာကြသည်။ ညက အရေးအခင်း ဖြစ်ပွားသော နေရာ၏ အလယ်ဗဟိုတွင် ရောက်နေခဲ့သည့် ဝင်းကြည်ကို ဝိုင်းဝန်း မေးမြန်းကြသည်။

တစ်မြို့လုံးကား တားမရ ဆီးမနိုင် ဖြစ်လောက်အောင် ချောက်ချားလျက် ရှိသည်။ ငွေကြေး ချမ်းသာသူတွေမှာ နံနက် ရှစ်နာရီထွက်မည့် သင်္ဘောဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့ကြသည်။ အချို့က အစိုးရသင်္ဘောဖြင့် မလိုက်ရဲ။ အစိုးရသင်္ဘောဆိုလျှင် ကေအင်ဒီအိုတို့က ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိမ့်မည် မဟုတ်ဟုဆိုကာ ကေအင်ဒီအို အလံထိုး၍ ဆက်ကြေးပေးကာ အေးအေးလူလူ ခုတ်မောင်းနေသော အရပ်သားပိုင် သမ္ဗန် မော်တော်များ၊ ဘောက်တူ မော်တော်များဖြင့် ရန်ကုန်သို့ လိုက်ရန် ပြင်ဆင်ကြသည်။

"အရေးပိုင်လည်း ပြောင်းပြီတဲ့"

ဤသတင်းစကားသည် တစ်မုဟုတ်ချင်း ပျံ့လွင့်လာ၏။ အရေးပိုင်သည် မျက်နှာဖြူဖြစ်၏။ ငွေတိုက်စီးစဉ်က အကာအကွယ်မပေး။ ယခု ငွေတိုက်စီးပြီးနောက် တစ်ရက်ခြားတွင် တစ်မြို့လုံးလိုလိုကို ဝင်စီးတော့လည်း အကာအကွယ်မပေး။ ထိုမျှသာမက သူကပါ ပြေးဦးမည် ဆို၏။ အမှတ် ၂ ယူအမ်ပီ တပ်ရင်းကလည်း တုတ်တုတ်မျှမလှုပ်။

အဘယ်သို့ ဖြစ်ကုန်ကြပြီနည်း။

"လာကွာ၊ ဒီအရေးပိုင်ဆိုတဲ့ ငနဲကြီး တကယ် ပြေး မပြေး သွားကြည့်ရအောင်"

မြမော်သည် အရေးပိုင်လုပ်ပုံကို အလွန်အမင်း ခံပြင်းနေဟန် တူ၏။ အေဘီအမ် ကျောင်းတစ်ဝိုက်တွင် ကေအင်ဒီအိုတွေက အခိုင်အမာ ကတုတ်ကျင်းတွေ တူးကာ လက်နက်မျိုးစုံကို ကိုင်ဆောင်လျက် စစ်အနေအထား ယူထားခဲ့စဉ်ကလည်း မည်သို့မျှ အရေးမယူ။

"ဒီအရေးပိုင်လုပ်ပုံ တစ်ခုမှ မဟုတ်ဘူးကွ။ လက်နက်တွေကို တရားမဝင်ဘဲ ဖြောင်ကိုင်ပြီး စစ်သင်တန်းတွေဆင်း၊ စစ်ရေးတွေ ပြနေတာကို ဘာမှ အရေးမယူဘူး။ အုပ်ချုပ်ရေးအတွက် သူ့မှာ တာဝန်ရှိတယ်။ ငြိမ်ဝပ်ပိပြားရေးအတွက်လည်း သူ့တာဝန်ပဲ။ အခုကြည့်၊ မြို့ကို ပစ်ထားပြီး ထွက်ပြေးဦးမယ်တဲ့။ ဒီကောင်ကြီးကို မရှိုးဘူး"

မြမော်က ပြောပြောဆိုဆိုနှင့် ရှေ့က သုတ်သုတ်လျှောက်သည်။ သူတို့ သင်္ဘောဆိပ်သို့ ရောက်သောအခါ သင်္ဘောတစ်စီးလုံး လူတွေ၊ ပစ္စည်းတွေ ပြည့်ကျပ်နေသည်။ ဦးခန်းတွင်ကား မျက်နှာဖြူ အရေးပိုင်ကို တွေ့လိုက်ရလေ၏။ သားသမီးတွေ၊ အခြွေအရံတွေနှင့် သူထွက်ပြေးလေပြီ။

"အရေးပိုင်၊ အရေးပိုင်။ ဒီအရေးပိုင်ကိုတော့ တစ်ခုခုလုပ်မှ ဖြစ်မယ်။ တို့ဟာ လူတွေကွ၊ တိရစ္ဆာန်တွေ မဟုတ်ဘူး"

မြမော်သည် အလွန်အမင်း ဒေါသထွက်နေ၏။ ထို့နောက် ကမ်းပေါ်တွင် အထုပ်အပိုးတွေ၊ ပစ္စည်းပစ္စယတွေအကြား အလုပ်ရှုပ်နေကြသော လူအုပ်ကြီးထဲသို့ သူတို့ တိုးဝင်ခဲ့ကြသည်။

"ကိုဝင်းကြည်၊ ကိုဝင်းကြည်"

ဤအသံကို ကြားဖူးပါသည်ဟု ဝင်းကြည် ထင်မိသည်။ လူအုပ်ကြားမှနေ၍ တိုးရင်းဖွေ့ရင်း ခေါ်နေသော စင်သီယာကို တွေ့လိုက်ရလေ၏။

ကမ်းစပ်မြေပြင်သည် မြက်ခင်းစိမ်းစိမ်းကလေးတွေ ကျိုးတကျဲ ပေါက်နေသော်လည်း ဖွက်ထလျက်ရှိ၏။ စေးပျော့သော မြေမို့ နင်းလိုက်တိုင်း ဖိနပ်တွေ မြုပ်ဝင်သွားသည်။

www.burmeseclassic.com



ဝင်းကြည်သည် လူအုပ်ကြားမှ တိုးထွက်လာသော စင်သီယာကို တွေ့လိုက်ရသည့်အတွက် အံ့အားသင့်ကာ ငေးကြည့်နေမိလေ၏။ တစ်ရံရောအခါ မိမိတွင် အမြတ်တနိုး ဖြစ်ခဲ့ဖူးသည့် ယမင်းရုပ်ကလေးတစ်ရုပ် ရှိပေ၏။ ဤယမင်းရုပ်ကလေးသည် တစ်ခုံတစ်ခုသော အကြောင်းကြောင့် မိမိနှင့် ကွေ့ကွင်းခဲ့ရ၏။ ပျောက်ဆုံးခဲ့ရသည်ဟုလည်း ဆိုနိုင်ပါသေး၏။

ယခု တွေ့လိုက်ရသော စင်သီယာသည် ပျောက်ဆုံး ကွေ့ကွင်းခဲ့ရသော ဤယမင်းရုပ်ကလေးလိုပင် လှပနေပါသေး၏။

"လာပါဦး ကိုဝင်းကြည်။ ဘာငိုင်နေတာလဲ"

စင်သီယာက အတွေးခေါင်နေသော ဝင်းကြည်ကို လူအုပ်ကြားမှ ဆွဲထုတ်ကာ လူရှင်းရာသို့ ထွက်လာခဲ့သည်။ တင်ရွှေတို့၊ မြမော်တို့ကား လူအုပ်ကြားမှာပင် မိမိနှင့် ကွဲသွားလေသလား၊ သို့တည်းမဟုတ် စင်သီယာက လှမ်းခေါ်သံ ကြားလိုက်ရသည့်အတွက် အလိုက်သိစွာ ရှောင်ထွက်သွားကြလေသလား ဝင်းကြည် စဉ်းစားချိန်မရ။ သိလည်း မသိ။

စင်သီယာသည် အပြာရောင် သားမွေးဆွယ်တာ အဝါနောက်ခံတွင် စိမ်းနုနု ပန်းခက်ပန်းနွယ်များ ဖော်ထားသော ပိုးထဘီကို ဝတ်ဆင်ထားကာ ပိုးစကပ်ဖြင့် ခေါင်းမှ ဆံပင်များကို အုပ်၍ စည်းနှောင်ထားလေသည်။

"စင်သီယာတို့ ရန်ကုန်ကို ပြောင်းတော့မယ် ကိုဝင်းကြည်"

လူအုပ်ကြားထဲက ထွက်မိပြီးနောက် ပျက်စီးနေပြီ ဖြစ်သော တံတားနံဘေးတွင် ရပ်လိုက်ကြသည်။ စင်သီယာက ရန်ကုန် ပြောင်းတော့မည်ဟု ပြောလိုက်သည့် စကားသံကို ဝင်းကြည် ကြားမိသလိုလို ဖြစ်နေရသည်။ သူတွေ့ရသော အဖြစ်ကို မယုံ။ သူကြားရသော အသံကို မယုံ။

"ကိုဝင်းကြည် စင်သီယာ ပြောတာကို ကြားရဲ့လားဟင်။ စင်သီယာ့ကို အခုအထိ အငြိုးမပြေသေးဘူးလား။ စင်သီယာက စခေါ်ပြီး စ စကားပြောတာတောင် ကိုဝင်းကြည်က မခေါ်ချင် မပြောချင်ဘူးလား"

"အင် ဟို မဟုတ်ပါဘူး။ စဉ်းစားနေတာပါ"

ဝင်းကြည်သည် မထစ်စဖူး စကားထစ်နေ၏။ ပြီး သူပြောလိုက်သည့် စကားကလည်း အဆီအငေါ် မတည့်။

"ဘာတွေကိုများ ဒီလောက် စဉ်းစားနေရတာလဲ ကိုဝင်းကြည်ရယ်"

စင်သီယာ၏ သွယ်လျသော မျက်နှာသည် ရွာတော့မည့် မိုးပမာ အုံ့ဆိုင်းလျက် ရှိလေသည်။ နီထွေးသော ပါးစုံနှစ်ဖက်သည် ဟိုစဉ်ကလိုပင် မှိုမောက်လျက် ရှိပါသေး၏။ လှပ ချောမွေ့ခြင်း အတိပြီးသော စင်သီယာသည် ဝင်းကြည်၏ ရှေ့တွင် အပြစ်ကင်းစင်သည့် ကလေးငယ်ပမာ ရပ်နေလေ၏။

"စင်သီယာတို့ ရန်ကုန်ပြောင်းရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ စကားမရှိတော့သည့်အလား စင်သီယာက ဤစကားကိုပင် ထပ်ပြောသည်။

"တစ်အိမ်သားလုံးပဲလား စင်သီယာ"

"ဟုတ်တယ်။ မမက ရန်ကုန်ရောက်နေတာ အရက် ၂၀ လောက်ရှိပြီ။ အခု စင်သီယာနဲ့ ဖေဖေ နှစ်ယောက်တည်း သွားမှာပါ ကိုဝင်းကြည်"

"နို့ အိမ်ကို ဘယ်လို ထားခဲ့သလဲ"

"ထမင်းချက် မိန်းမနဲ့ သူ့ယောကျ်ားပဲ အိမ်စောင့်အဖြစ် ထားခဲ့တယ်။ တခြား ထားစရာ လူလည်း မရှိဘူးလေ"

"တစ်ခါတည်း ပြောင်းတာမျိုးလား စင်သီယာ"

ဝင်းကြည်၏ အမေးကို စင်သီယာက ချက်ချင်း အဖြေမပေးသေးဘဲ ခေတ္တမျှ စဉ်းစားနေ၏။

"အင်း၊ တစ်ခါတည်း အပြီးအပိုင် ပြောင်းတာလို့ပဲ ပြောရမလား မသိဘူး။ ဒီက အခြေအနေ သေသေချာချာ ကောင်းသွားရင်တောင် ဖေဖေက ဒီကို ပြန်နေချင်မှ နေတော့မှာ။ စင်သီယာတော့ မအူပင်ကို ပြန်လာရတော့မယ် မထင်ဘူး"

စင်သီယာ၏အသံသည် တုန်နေ၏။

ဝင်းကြည်က ဘာဆက်ပြောရမှန်း မသိသကဲ့သို့ ငေးငိုင်နေမိပြန်သည်။ ရင်တွင်း၌ ရိုက်ခတ်နေသော ဂယက်လှိုင်းတွေကလည်း မငြိမ်သေး။

"ဒါ့ကြောင့် ကိုဝင်းကြည်ကို မြင်မြင်ချင်း စင်သီယာ လှမ်းခေါ်တာပါ။ စင်သီယာနဲ့ ကိုဝင်းကြည် မခေါ်မပြော ဖြစ်နေတာကြာပြီနော်။ ဖြစ်ခဲ့တာတွေကို တွေးလိုက်တိုင်း စင်သီယာ စိတ်မကောင်းပါဘူး။ ကိုဝင်းကြည်ကတော့ ဘယ်လိုနေမလဲ မသိဘူးလေ"

"ကိုယ်ကရော စိတ်ကောင်းနိုင်ပါ့မလား စင်သီယာ၊ ဟင်။ အဲဒီလို ဖြစ်ရတာတွေအတွက် ကိုယ်ပျော်နေတယ်လို့များ ထင်သလား"

ဝင်းကြည်က ကာလရှည်ကြာစွာ မျိုသိပ်ထားရသော ခံစားချက်တွေကို သွန်အန်ချသည်။

"စင်သီယာ အကြောင်း၊ ကိုယ့်အကြောင်း စဉ်းစားမိတိုင်း ကြိတ်မနိုင်ခဲမရ ဖြစ်ရတယ်။ ကိုယ့်ကိုယ်ကိုယ် အများကြီး ဆုံးမပါတယ် စင်သီယာ၊ ကိုယ်ဆုံးမပါတယ်။ ဒါပေမဲ့ တစ်ခါတလေ လောကကြီးမှာ ဖြစ်ချင်သလို မဖြစ်တာ၊ မဖြစ်ချင်တာတွေကျတော့ လာဖြစ်နေတာဟာ မဆန်းလှဘူးဆိုတဲ့ အသိကို ရလာတာပဲ။ ကိုယ် ဒီလိုပြောတဲ့အတွက် စင်သီယာ စိတ်မချမ်းသာဘူး၊ စိတ်အနှောင့်အယှက် ဖြစ်တယ်ဆိုရင် ကိုယ့်စကားတွေကို မေ့ပစ်လိုက်ပါ။ မေ့လိုက်တာဟာ အကောင်းဆုံးပဲ"

စင်သီယာ၏ မျက်လုံးအိမ်တွင် ပုလဲဥလို မျက်ရည်စကလေးတွေ ဝဲရစ်နေသည်။ ကော့ရှွန်းသော မျက်တောင်နှင့် ဝိုင်းစက် တောက်ပသော မျက်လုံးအစုံတွင် စိုထိုင်းစွာ ပြုနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"စင်သီယာ့ကို ကိုဝင်းကြည် ပြောချင်သလိုပြောပါ။ စင်သီယာ ခံပါ့မယ်။ စင်သီယာ့အပေါ် ကိုဝင်းကြည် ဘယ့်လောက် စိတ်နာနေတယ်ဆိုတာ စင်သီယာထက် ပိုပြီးသိတဲ့လူ မရှိပါဘူး"

စင်သီယာက ပြောရင်းဆိုရင်း ဖိုလိုက်လာသည်။ ပြည့်ဖြိုး မို့မောက်သော ရင်အစုံသည် လှိုင်းခုန်သလို ခုန်နေလေ၏။

"ကိုယ် စိတ်မနာဘူး"

ဝင်းကြည်၏ စကားမှာ ဤတစ်ကြိမ်တွင်မူ တိုတောင်းလှပေ၏။ တကယ်ဆိုတော့လည်း သူတို့နှစ်ယောက်သည် အိပ်မက်ထဲမှာလို တွေ့ကာ၊ အိပ်မက်ထဲမှာကဲ့သို့ပင် စကားပြောနေကြသည်ဟု ထင်စရာ ဖြစ်လေသည်။ ဝင်းကြည် ကိုယ်တိုင်ကလည်း အဘယ့်ကြောင့် ဤသို့သော စကားမျိုးတွေကို ပြောဆိုမိပါသနည်းဟု သူ့ဘာသာသူ ပြန်စဉ်းစားနေရလေ၏။

"ဒီလိုကြားရတာ စင်သီယာ ဝမ်းသာပါတယ် ကိုဝင်းကြည်ရယ်။ တစ်နေ့ကျတော့ အကြောင်းစုံကို ရှင်းပြနိုင်ဦးမှာပဲလို့ စင်သီယာ ထင်နေပါတယ်။ အဲဒီအခါကျတော့လည်း စင်သီယာ ရှင်းပြတာကိုမှ မကျေနပ်သေးဘူးဆိုရင် ကိုဝင်းကြည် စင်သီယာကို ပြောချင်သလို ထပ်ပြောဦး။ အပြစ်တင်ချင်သလောက် တင်ဦးပေါ့။ စင်သီယာ့ စိတ်ထဲမှာ ဘယ်လိုမှ မထင်တော့ပါဘူး"

"ကိုယ်က ထပ်ပြီး ပြောစရာ၊ အပြစ်တင်စရာ လိုတော့မယ် မထင်ပါဘူးလေ။ ကိုယ် အခု ပြောမိတာတွေကိုပဲ စင်သီယာ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး။ စင်သီယာ မျက်လုံးအိမ်က မျက်ရည်တွေကို သုတ်ပစ်လိုက်ပါ"

ဝင်းကြည်က ယင်းသို့ ပြောလိုက်တော့လည်း စင်သီယာသည် အစ်ကိုကြီး၏ စကားကို မြေဝယ်မကျ နားထောင်သည့် ညီမငယ်သဖွယ် မျက်လုံးအိမ်မှ မျက်ရည်စတွေကို လက်ကိုင်ပဝါငယ်ဖြင့် တို့ကာ စမ်းကာ မသိမသာ သုတ်ဖယ်နေလေသည်။

သင်္ဘော ဥဩသံသည် ရှည်လျားလေးတွဲ့စွာ ပေါ်ထွက်လာ၏။ မီးဖွဲကလေးတွေကလည်း ကျလာသည်။ သင်္ဘောပေါ်သို့ တက်သူတက်၊ ဆင်းသူဆင်း၊ နှုတ်ဆက်သူက နှုတ်ဆက်ဖြင့် လူတွေမှာ ဆူညံနေဆဲသာ ဖြစ်သည်။ ကလေးငိုသံ၊ အော်ခေါ်သံ၊ စကားသံတွေကလည်း ဖွက်လောရိုက်နေသည်။ စင်သီယာလည်း သွားရပေတော့မည်။

"စင်သီယာ သွားရတော့မယ် ကိုဝင်းကြည်။ ဟိုရောက်တော့ စာထည့်လိုက်မယ်လေနော်။ စင်သီယာဆီ စာပြန်နော်"

ဝင်းကြည်က ခေါင်းကိုသာ ညိတ်မိ၏။

"စင်သီယာ သွားတော့မယ်နော်"

စင်သီယာသည် မခန်းသေးသော မျက်ရည်စများ အကြားမှပင် ပြုံးကာ နှုတ်ဆက်သည်။ မိုးနှင်း တစ်ပြိုက်နှစ်ပြိုက် အကျတွင် ဖြန်းခနဲ ပွင့်ဖူးလာသည့် နုနယ်လာသော ပန်းပွင့်ပလေး သဖွယ် အပြုံးနှင့်ပင် တူနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်သီယာသည် လူအုပ်အကြားသို့ ဝင်ခါနီး၌ လက်ပြကာ တိုးဝင် ပျောက်ကွယ်သွားလေ၏။

ဝင်းကြည်သည် တံတားတိုင်ကြီးကို လက်တစ်ဖက်ဖြင့် မှီကိုင်ရင်း ကျန်ရစ်ခဲ့လေ၏။ သူ့မျက်စိများသည် လူအုပ်ကြီး အကြားမှ ထိုးဖောက်ကာ စင်သီယာကို ရှာ၏။ မတွေ့ရ။ သင်္ဘောပေါ်သို့ လှမ်းကြည့်သည်။ လူတွေ၊ ပစ္စည်းတွေ ပြည့်ညပ် ပြွတ်သိပ်နေသဖြင့် မမြင်ရ။ သူ့ရင်သည် တိုးမြစ်ရေပြင်မှ လှိုင်းကြက်ခွပ်ကလေးတွေလို တဖျပ်ဖျပ် ခုန်ပျံ လှုးလွန့်လျက် ရှိသည်။ ဆယ့်ငါးမိနစ်မျှသော အချိန်ပိုင်းအတွင်း သူတွေ့ကြုံလိုက်ရသည့် အဖြစ်တစ်ခုလုံးကို မယုံနိုင်လောက်အောင် ဖြစ်နေရသည်။

တစ်ကြိမ်တစ်ခါက အမြတ်တနိုး ဖြစ်ခဲ့ဖူးသော၊ ထို့နောက် ရှောင်တခင် ကွေ့ကွင်းဝေးကွာခဲ့ရသော စွဲမက် တမ်းတဖွယ်ရာ ယမင်းရုပ်ကလေးသည် ယခုစက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း ဖြုန်းဆို ပြန်တွေ့ကာ ကယုကယင် စကားဆိုလျက် ရုတ်ခြည်း ပျောက်ကွယ်သွားပြန်လေ၏။

မီးခိုးတလူလူဖြင့် ကမ်းစပ်မှခွာသော သင်္ဘောကို ကြည့်ရင်း ဝင်းကြည်သည် ရှည်လျားလေးတွဲ့လှသည့် သက်ပြင်းကြီးကိုသာ ဆွဲဆွဲငင်ငင် ချလိုက်မိလေသတည်း။

## အခန်း ၂၉

'လန်ဒန် ဒေးလီမေ သတင်းစာ၏ သတင်းထောက် အလက်ဇန္ဒာကင်းဗဲကို ဖမ်းဆီးလိုက်ခြင်း'

သတင်းစာများတွင် ခေါင်းစဉ် စာလုံးမည်းကြီးများဖြင့် အရေးကြီးသော သတင်းတစ်ပုဒ်ကို ဖော်ပြကြသည်။ အသံလွှင့်ဌာနကလည်း အကျယ်တဝင့် အသံလွှင့် ကြေညာသည်။

အင်္ဂလိပ်လူမျိုး အလက်ဇန္ဒာကင်းဗဲသည် ရန်ကုန်မြို့ စထရင်း ဟိုတယ်တွင် တည်းခိုနေထိုင်လျက်ရှိသည်။ သူသည် ကာလကတ္တားမြို့ စပင့် ဟိုတယ်၌ တည်းခိုနေသော ကာနယ်တူးလောက် ဆိုသူထံသို့ ကြေးနန်းတစ်စောင်နှင့် စာတစ်စောင်ကို ဘီအိုအေစီမှ လေယာဉ်သမားအိုင်ဒီ ဆိုင်မွန်ဆိုသူအား လူကြုံပါးလိုက်သည်။ ကြေးနန်းနှင့် စာထည့်ထားသော စာအိတ်ကိုချိပ်ပိတ်ထားသည်။ သို့ရာတွင် ဆိုင်မွန်က မသင်္ကာသဖြင့် အဆိုပါစာတွေကို ဖောက်ကြည့်သောအခါ လွန်စွာ အံ့အားသင့်လျက် မိတ္တူတစ်စောင်စီ ကူးယူထားလိုက်ပြီးနောက် ကရာချိမြို့ မြန်မာသံ အမတ် ဦးဖေခင်အား ယင်းမိတ္တူတွေကို ပေးအပ်ကာ အကျိုးအကြောင်း ရှင်းပြသည်။ အဆိုပါ မိတ္တူများသည် ဦးဖေခင်ထံမှတစ်ဆင့် မြန်မာနိုင်ငံ အစိုးရထံသို့ ရောက်ရှိလာသည်။

ကင်းဗဲက ကာနယ်တူးလောက်ထံ လျှို့ဝှက်ပေးပို့သော စာမိတ္တူကို အစိုးရက တိုင်းပြည်သို့ ထုတ်ပြန်ကြေညာကာ ကင်းဗဲကိုလည်း ချက်ချင်း ဖမ်းဆီးလိုက်သည်။ စာတွင် ပထမအသုတ်ပို့လိုက်မည့် လက်နက်ခဲယမ်းမီးကျောက်များကို စောင့်မျှော်နေကြသည်။ သူတို့က ထိုပစ္စည်းများ

www.burmeseclassic.com



လမ်းတွင် ရောက်နေကြပြီဟု ထင်ကြသည်။ ရန်ကုန်မြို့ကို ယခု လောလောဆယ်တွင် လည်းကောင်း၊ နောင်အချိန်များတွင် လည်းကောင်း တိုက်ခိုက်ရန် မဟုတ်ပါ။ ကျွန်တော့် အထင်ပြောရလျှင် 'ကေ' တို့သည် ယခုလက်ရှိ သူတို့ သိမ်းပိုက်ထားသော နယ်မြေအားလုံးကို ပိုင်ဆိုင်ခွင့်ပြုက ကျေနပ်ကြလိမ့်မည်ဟု ထင်ပါသည်။ သူတို့သည် ထိုအချက်များနှင့် စပ်လျဉ်း၍ အစိုးရနှင့် တွေ့ဆုံ ဆွေးနွေးရန် အဆင်သင့်ပင် ဖြစ်ကြပါလိမ့်မည်။ ဤအခြေအနေ ဖန်တီးလာရခြင်းမှာ လက်နက်ခဲယမ်းမီးကျောက် မလုံလောက်မှုကြောင့် ဖြစ်သည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ လိုသမျှကို ခင်ဗျားက ထုတ်ပေးလိမ့်မည်ဟု မျှော်လင့် အားထားခဲ့ကြသည်။

"ကရင်နီပြည်နယ်မှ ကရင်များသည် ကရင်နီပြည်နယ် တစ်ခုလုံးကို မော်ချီးမိုင်းမှ နမ်းဖဲအထိ သိမ်းပိုက်ထားသည်။ ဂျပန်များ ဆောက်လုပ်သွားသော လေယာဉ်ကွင်း တစ်ခုလည်း သူတို့ လက်အောက်တွင် ရှိနေ၍ ယခုအခါ ပြင်ဆင်နေကြသည်။ သူတို့သည် လွိုင်ကော်ကို မတိုက်ခင် အင်အားဖြည့်တင်းရန် စောင့်ဆိုင်းနေကြသည်။

"ကရင်များသည် သထုံ၊ ဖျာပုံနှင့် မော်လမြိုင်မြို့များကို သိမ်းပိုက်ထားသည့်အပြင် ခရိုင်ပတ်ဝန်းကျင်အားလုံးကိုလည်း သိမ်းပိုက်ထားသည်။ ကရင် စစ်အုပ်ချုပ်ရေး အစိုးရကိုလည်း မော်လမြိုင်တွင် ဖွဲ့စည်းပြီး ဖြစ်သည်။ အခြေအနေ လာရောက် စုံစမ်းသော အစိုးရ လေယာဉ်ပျံတစ်စင်းကိုလည်း သိမ်းဆည်းထားလိုက်သည်။ မြိတ်နှင့် ပြည်မြို့များကို ၂ ရက်အတွင်း သိမ်းပိုက်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။

"လက်နက်ခဲယမ်း မီးကျောက် အရေးတကြီး လိုကြောင်း၊ ခင်ဗျားက မော်လမြိုင်သို့ လေယာဉ်ဖြင့် ဖြစ်စေ၊ သို့မဟုတ် သင်္ဘောဖြင့် ဖြစ်စေ အမြန်ဆုံး ပို့ပေးရန် ပြောပါသည်။ ပစ္စည်းများကို အမြန်ဆုံး ထုတ်မပေးနိုင်လျှင် အခြေအနေအားလုံး ပျက်ပြားသွားမည့်အပြင် ကျွန်တော်တို့အတွက်လည်း ငွေကြေး အကြီးအကျယ် ဆုံးရှုံး၍ မျက်နှာပန်း လှတော့မည် မဟုတ်ပါ။ ထို့ကြောင့် အခြေအနေအားလုံး အဆင်ပြေအောင် တစ်ခုခု အမြန်ဖြစ်ဖို့ မျှော်လင့်ကြပါစို့"

အထက်ပါစာကို မိတ္တျူကူးယူကာ၊ မြန်မာ သံအမတ်ကြီးထံ ပေးအပ်ခဲ့သော ဆိုင်မွန်ဆလည်း လန်ဒန်တွင် ဤစာနှင့် ပတ်သက်၍ ကျမ်းကျိန် ထွက်ဆိုပုံ၊ နိုင်ငံခြား ကြေးနန်းသတင်းတွေ ပါလာသည်။

ကာနယ် တူးလောက်နှင့် အလက်ဇန္ဒာ ကင်းဗဲ စသော မျက်နှာဖြူများသည် စစ်အတွင်းက အိန္ဒိယပြည်ရောက် ကရင်စစ်ဗိုလ် ၄၀ တို့ကို ဂျပန်ပြေး၍ အင်္ဂလိပ်အစိုးရ မြန်မာပြည်သို့ ပြန်ရောက်သောအခါ တနင်္သာရီတိုင်းကို ကရင်ပြည်နယ်အဖြစ် တောင်းရန် တိုက်တွန်း အားပေးသည့် မေဂျာ ဆော်လဒွင်နှင့်အတူ မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၌ ရှုပ်ထွေးစေရန်၊ အထူးသဖြင့် ကရင်အမျိုးသားများက လက်နက်ကိုင် ပုန်ကန်ထကြွစေရန် ကာယကံမြောက် ဝင်ရောက် လုပ်ကိုင်

www.burmeseclassic.com



ဆောင်ရွက်ခဲ့ကြသည် စသည်ဖြင့် မခံမရပ်နိုင်သော သတင်းစာတွေက အကျယ်တဝင့် ရေးသား ဖော်ပြကြသည်။

"မြန်မာအစိုးရက အဲဒီ အလက်ဇန္ဒာကင်းဗဲကို ဖမ်းတော့ ဖမ်းတယ်။ ဒါပေမဲ့ ဗြိတိသျှနဲ့ မြန်မာ ၂ ပြည်ထောင်ချစ်ကြည်ရေး ထိခိုက်မှာစိုးလို့ဆိုပြီး ရုံးတင်စစ်ဆေးခြင်းတောင် မလုပ်ဘဲနဲ့ အင်္ဂလန်ကို ပြန်ပို့လိုက်ပါတယ်။ အမှန်ကတော့ လူသိနတ်ကြား ရုံးတင် စစ်ဆေး အပြစ်ပေးသင့် တယ်။ အင်္ဂလိပ် နယ်ချဲ့သမားတွေဟာ ကျွန်တော်တို့ ပြည်တွင်းရေးမှာ ဝင်ရှုပ်နေတယ်ဆိုတာ ဒီအချက်က အတိအလင်း ဖော်ပြနေပါတယ်"

ဝင်းကြည်၏အသံသည် စူးရှကျယ်လောင်စွာ ပေါ်ထွက်လာ၏။ လူပရိသတ် တစ်သောင်း ကျော်မှာ ငြိမ်သက်နေသည်။

နေရာကား ရွှေဘုန်းပွင့် ဘုရားရင်ပြင်၌ ဖြစ်ပြီး ကျောင်းသားသမဂ္ဂက ဦးစီးကာ ပြည်တွင်း ရေး၌ ဝင်ရောက် စွက်ဖက် ခြေရှုပ်နေသော မျက်နှာဖြူများအား ရှုတ်ချရေး၊ လူထုဆန္ဒပြပွဲကြီး ကျင်းပနေခြင်း ဖြစ်သည်။

ဤဆန္ဒပြပွဲကြီး ဖြစ်မြောက်ရေးအတွက် ရက်အတန်ကြာမျှ သူတို့တစ်တွေ မအိပ်မနေ အလုပ်လုပ်ခဲ့ကြသည်။ အမှန်စင်စစ်အားဖြင့် တိုးတက်သော နိုင်ငံရေး အဖွဲ့အစည်းအားလုံးက လုပ်ဆောင်ရမည့် လုပ်ငန်းမျိုး ဖြစ်သော်လည်း ဤအဖွဲ့အားလုံးလိုလိုမှာ မြို့ပေါ်တွင် မရှိတော့ သောကြောင့် ကျောင်းသားတွေက သူတို့အသိဖြင့် သူတို့ဘာသာ စည်းရုံး လုပ်ဆောင်ခြင်း ဖြစ်သည်။

အာဏာရ အဖွဲ့အစည်းဖြစ်သော ဖ.ဆ.ပ.လနှင့် ဆိုရှယ်လစ်ပါတီက ဤဆန္ဒပြပွဲကို အားပေးခြင်းမရှိ၊ မသိသလို ဘေးထိုင်နေသည်။ သို့သော် လက်တွေ့ဘဝတွင် အတိဒုက္ခရောက်၊ လုံခြုံမှုဟူ၍ စိုစဉ်းမျှမရှိဘဲ ကျီးလန့်စာစား ဖြစ်နေကြရသည့် လူထု ထောင်ပေါင်းများစွာ ကမူ သောင်းသောင်းဖြဖြ တက်ရောက်လာလေ၏။

"အခုဆိုရင် ကြည့်၊ ကျွန်တော်တို့မြို့က မျက်နှာဖြူ အရေးပိုင်ဟာ အုပ်ချုပ်ရေး၊ ငြိမ်းချမ်း သာယာရေးအတွက် တာဝန်ရှိပါရက်နဲ့ မြို့ကိုစွန့်ပြီး ထွက်ပြေးသွားတယ်။ မြို့သူမြို့သားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို လုံခြုံမှုပေးဖို့ သူ့မှာ တာဝန်အကြီးဆုံး ရှိပါတယ်။ မျက်နှာဖြူ အရေးပိုင် ထွက်ပြေးသွားတာတို့၊ မျက်နှာဖြူတွေရဲ့ အကြံအစည်တွေ လက်ပူးလက်ကြပ် ဖူးသလို ပေါ်လာတာတို့ဟာ သီးခြား ဘာမှမဆိုင်တဲ့ အဖြစ်အပျက်တွေ မဟုတ်ပါဘူး။ ကျွန်တော် တို့ မြန်မာနိုင်ငံ ပြိုကွဲပျက်စီးရေး၊ အင်္ဂလိပ် ကျွန်သပေါက်ဘဝ ပြန်ရောက်ရေးအတွက် အင်္ဂလိပ် နယ်ချဲ့သမားရဲ့ အထွေထွေ စီမံကိန်းကြီးရဲ့ ကွင်းဆက် အဖြစ်အပျက်တွေ ဖြစ်ပါတယ်"

အသံချဲ့စက်မှာ တစ်ချက် တစ်ချက်တွင် ချွတ်ယွင်းနေသည့်အတွက် တစ်ရှိန်ရှိန် အော်မြည် ကာ အသံပြတ်သွားတတ်သည်။ အသံချဲ့စက်၏ စကားပြောခွက်ကို စိုက်စရာတိုင် မရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ၌ ကိုင်၍ ပြောရသည်။ အစိုးရ စုံထောက်များနှင့် ဖ.ဆ.ပ.လ စုံထောက်များကလည်း ဝင်းကြည် ပြောသမျှကို တစ်လုံးတစ်ပါဒမကျန် လိုက်လံ ရေးမှတ်နေကြသည်။

"အဲဒီလို ကျွန်တော်တို့ ပြည်တွင်းရေးမှာ ခြေဝင်ရှုပ်နေတဲ့ အင်္ဂလိပ် နယ်ချဲ့သမားတွေကို ဒီအစည်းအဝေးကြီးက ပြတ်ပြတ်သားသား ရှုတ်ချ ကန့်ကွက်ကြောင်း၊ မြို့လူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမယ့်အစား ကိုယ်လွတ် ရုန်းပြေးတဲ့ မျက်နှာဖြူ အရေးပိုင်ကို အစိုးရက ပြင်းပြင်းထန်ထန် အရေးယူပေးစေလိုကြောင်း ကျွန်တော်တို့ မိဘများ ဖြစ်ကြတဲ့ ဟောဒီ လူထုကြီးရဲ့ လုံခြုံရေးကို အာမခံဖို့အတွက် အမြန်ဆုံး အစီအစဉ်တွေ လုပ်ပေးဖို့ အစိုးရကို တောင်းဆိုကြောင်း ကျွန်တော် အဆိုတင်သွင်းပါတယ်။ ကျွန်တော် တင်သွင်းတဲ့ အဆိုကို သဘောတူတယ်ဆိုရင် မြို့မိမြို့ဖများက ဩဘာ လက်ခုပ်တီးကြဖို့ပါပဲ"

ဩဘာသံကြီးသည် ဘုရားရင်ပြင် တစ်ခုလုံးတွင် မြည်ဟည်း၍ ထွက်ပေါ်လာ၏။ 'သဘောတူတယ်၊ ထောက်ခံတယ်' စသော အသံများသည်လည်း ပေါ်ထွက်လာ၏။ ဝင်းကြည် သည် ဩဘာသံများ၊ ထောက်ခံကြောင်း အော်ဟစ်သံများ အကြားတွင် ထိုင်ချလိုက်လေ၏။

ထို့နောက် မြမော်က လက်ရှိ အခြေအနေ အရပ်ရပ်ကို တင်ပြလေသည်။ အထူးသဖြင့် ကေအင်ဒီအိုတို့၏ လှုပ်ရှားမှုများ၊ တိုက်ခိုက်မှုများနှင့် စပ်လျဉ်းသည့် စုဆောင်းထားသမျှ သတင်း တွေကို တစ်ချက်စီ ရှင်းပြသည်။

"အိမ်မဲမြို့ ငွေတိုက်ကို စီးပြီး လက်နက်တွေကို သိမ်းယူပါတယ်၊ မအူပင် ငွေတိုက်က ငွေ ၃၅ သိန်း၊ မအူပင်မြို့ပေါ်က ငွေသိန်းပေါင်း ၃၀ ကို တိုက်ခိုက် သိမ်းယူသွားပါတယ်။ သထုံ၊ မော်လမြိုင်၊ ရွှေကျင်၊ ကျောက်ကြီး၊ မော်လမြိုင်ကျွန်းအပိုင် ကျိုက်ပိ ရွာနဲ့ ရဲဌာန၊ လှိုင်ကော် စတဲ့ မြို့တွေရွာတွေကို တိုက်ခိုက် သိမ်းပိုက်ပါတယ်။ လှိုင်ကော်မှာဆိုရင် မြန်မာအချို့ နဲ့ ကရင်နီ လူမျိုးအချို့ကို သတ်ဖြတ်ပစ်ပါတယ်။ သထုံခရိုင်မှာလည်း အလားတူပါပဲ။ မြစ်ဝကျွန်း ပေါ် တစ်ခုလုံးမှာ သွားလာနေတဲ့ သင်္ဘောတွေ၊ မော်တော်ကားတွေကို တိုက်ခိုက်ရုံမက ခရီးသည် တွေကို သတ်ဖြတ်တယ်။ ဒီလို ကြောက်မက်ဖွယ် အဖြစ်အပျက်တွေဟာ အခု ၁၉၄၈ ခုနှစ် ဩဂုတ်လကစပြီး နိုဝင်ဘာလအထိ ၃ လလောက်အတွင်း ဆက်တိုက် ပေါ်ပေါက်ခဲ့ပါတယ်"

မြမော်က သူ စုဆောင်း မှတ်သားထားသော သတင်းစာဖြတ်ပိုင်းများ၊ ရေးမှတ်ချက်များ ကို ကိုးကားကာ ရှင်းပြခြင်း ဖြစ်သည်။ သူ့အသံသည် အသံချဲ့စက်၏ စူးရှသော အော်မြည်သံ များနှင့်အတူ လုံးထွေးနေလေ၏။

"ကရင်အမျိုးသားတွေဟာ ကျွန်တော်တို့နဲ့ သွေးရင်းသားရင်း ညီအစ်ကိုတွေပါ။ ကရင် လူထုဟာ ကျွန်တော်တို့ ဗမာလူထုနဲ့ လက်ရည်တစ်ပြင်စီး ငတ်ဖော် ငတ်ဖက် သေဖော် သေဖက် တွေပါ။ ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်မှာဆိုရင် ကရင်လူထုနဲ့ ဗမာလူထုဟာ တစ်မြေတည်းနေ တစ်ရေတည်း သောက်ရုံမျှမက နေထိုင်ရာမှာတောင် ခွဲလို့ရတာ မဟုတ်ပါဘူး။ အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီး ချစ်ခင်နေတဲ့ ကရင်အမျိုးသားတွေက သီးခြားပြည်နယ် ရချင်တယ်ဆိုတာကို ကျွန်တော်တို့ မကန့်ကွက်လိုတော့ပါဘူး။ သီးခြားပြည်နယ် ရရှိရေးအတွက် မကျေနပ်လို့ အစိုးရကို ပုန်ကန်တိုက်ခိုက်တာကိုလည်း ကျွန်တော်တို့က ဘာမျှပြောဖို့ အခွင့်အရေး မရှိဘူး။ ဒါပေမဲ့ ဗမာရွာ မှန်သမျှ မီးရှို့၊ ဗမာမှန်သမျှ သတ်ဆိုတဲ့ လူမျိုးရေး သတ်ဖြတ်ပွဲကြီး ဖြစ်လာမှာကိုတော့ ကျွန်တော်တို့ ကန့်ကွက်ရပါလိမ့်မယ်။ မခံမရပ်နိုင်တော့တဲ့အဆုံး ဗမာကလည်း ပြန်သတ်ကြလိမ့်မယ်။ အဲဒီအခါမှာ အင်မတန် ကြောက်ခွဲစရာကောင်းတဲ့ လူမျိုးရေး သတ်ပွဲကြီးတွေ၊ သွေးချောင်းစီးမှုကြီးတွေ ပေါ်ပေါက်လာရပါလိမ့်မယ်။ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မတွေ့အောင် ကရင်ရော ဗမာပါ သတိကြီးစွာနဲ့ ရှောင်ရှားနိုင်ကြလိမ့်မယ်။ ရှောင်ရှားကြပါလို့လည်း ကျွန်တော်တို့ တိုက်တွန်းရင်း ဒီဆန္ဒပြပွဲကြီးကို ရုပ်သိမ်းကြောင်း ကျွန်တော် ကြေညာလိုက်ပါတယ်"

လက်ခုပ် ဩဘာသံများသည် ပေါ်ထွက်လာပြန်၏။ တစ်သောင်းကျော်မျှသော လူထုကြီးသည် ရွှေဘုန်းမြင့် ဘုရားရင်ပြင်တော်ပေါ်မှ လူစုခွဲကြလေပြီ။

× × ×

မအူပင်ကား ခြောက်သွေ့ တိတ်ဆိတ်နေလေ၏။

မင်းမဲ့တိုင်းပြည်ဆိုသော စကား၏ အဓိပ္ပာယ်ကို ဝင်းကြည်သည် ယခုမှ သေသေချာချာ သဘောပေါက်လာရ၏။ အလံနီက မြို့နီးချုပ်စပ် ကင်းဂတ်ကလေးတွေကို ဝင်စီးသည်။ ကွန်မြူနစ်က ဝင်စီးပြန်သည်။ မြို့တွင်းသို့ပင် အတိအလင်း ဝင်သည်။ ကွန်မြူနစ် ထွက်သွားသောအခါ ပြည်သူ့ရဲဘော်တွေ ဝင်လာပြန်သည်။

ထွန်းကြည်လည်း အိမ်မှ ပျောက်သွားပြီ။

အမေက ချုံးပွဲချ ငိုသည်။ မလှကြည်နှင့် အမာကြည်တို့ကလည်း အလားတူ ငိုကြွေးသည်။ အဖေကား သားကြီးအတွက် ထမင်းမစားနိုင်၊ ဟင်းမစားနိုင် ဖြစ်နေသည်။

ထွန်းကြည်က ပြည်သူ့ရဲဘော်တွေ စတင် တောခိုစဉ်က တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်ပါလျက် လိုက်မသွားဘဲ ယခုမှ တောခိုသွားသည်ကို ဝင်းကြည်သည် စဉ်းစားမရအောင် ဖြစ်နေရ[illegible] မည်သို့ပင်ဆိုစေ သူတို့တစ်အိမ်လုံးသည် သာယာပျော်ရွှင်မှု ကင်းမဲ့သော၊ တိတ်ဆိတ် ငြိမ်သက်သော အိမ်မျှသာ ဖြစ်နေလေ၏။ သုသာန် တစပြင်ပမာ ခြောက်ကပ် ဆိတ်ငြိမ်နေလေ၏။ တစ်ယောက်နှင့် တစ်ယောက် စကားမပြောနိုင်ကြ၊ ထမင်းမစားနိုင်ကြ။ အဖေကအစ အမာကြည်အဆုံး မျက်နှာမကောင်း။ ၎င်းတို့အနက်တွင် အမေမှာ စိတ်ဝေဒနာ အကြီးဆုံး ဖြစ်သည်။ အမေက ထွန်းကြည်ကို ချစ်၏။ ဝင်းကြည်ထက်ပင် ပို၍ ချစ်ကာ ပို၍ အရေးပေး၏။ သူ့သားကို ရွှေ မြတင် ထား၏။ ပိုးလုံချည် ထည်လဲ ဆင်၏။ ကောင်းပေ့ ဆိုသည့် အဝတ်အစားကိုမှ ဝယ်ပေး၏။ ဝုဒ်ဘိုင် စီးကရက်ကို လက်က မချသော သားအတွက် ဝုဒ်ဘိုင် စီးကရက်တွေ

www.burmeseclassic.com



ဝယ်ယူ စုဆောင်းပေးထား၏။ ထွန်းကြည် ဘာလုပ်လုပ်၊ ထွန်းကြည် ဘယ်လိုနေနေ အမေ့မှာ ကြည်နူးနေတတ်၏။

ယခု ထွန်းကြည် တောခိုသွားလေပြီ။

သူ့စားပွဲတွင် ဝင်းကြည် နာမည်နှင့် စာတစ်စောင် ထားခဲ့သေးသည်။

"ညီလေး"

ဝင်းကြည်သည် 'ညီလေး' ဟူ၍ အစချီထားသော စာလုံးကလေး နှစ်လုံးကို ဖတ်ကြည့်ရင်း ရင်တွင်း၌ ဖိုလှိုက်လာ၏။ တစ်သက်နှင့် တစ်ကိုယ် ချစ်ခင်ယုယသော အခေါ်အဝေါ်ကို ထွန်းကြည်က ပထမဆုံးအကြိမ်အဖြစ် ခေါ်ဝေါ် သုံးစွဲခြင်း ခံရသည့်အတွက် ဝင်းကြည်မှာ ကျေနပ်သလို ကြည်နူး၏။ ကြည်နူးသလိုလည်း ဝမ်းနည်းနေမိ၏။

ညီလေး။

ဒီစာကို အတန်တန် စိတ်ပိုင်းဖြတ် စဉ်းစားပြီးမှ ရေးတာပဲ။ အဖေနဲ့ အမေ မသိအောင် ငါတစ်ယောက်တည်း ဆုံးဖြတ်လိုက်တဲ့ အကြောင်းကို မင်းသိအောင် ရေးခဲ့တာပဲ။

ငါမနေနိုင်တော့ဘူး။ နေချင်စိတ်လည်း မရှိတော့ဘူး။ ငါတောကို လိုက်သွားပြီ။

ပင်စီနဲ့ ပတ်သက်လို့ စိတ်နာတာနဲ့ ငါ ဒီလို လုပ်သွားတာပဲလို့ မင်း ထင်ကောင်း ထင်မယ်။ မိန်းမနဲ့ ပတ်သက်ရင် မင်းက ငါ့ထက် စိတ်ခိုင်တဲ့လူကိုး၊ အေး မင်းထင်ရင်လည်း မမှားဘူး။ ငါ အပြစ်မဆိုပါဘူး။ တစ်ချိန်တုန်းက ငါဟာ ဒီအတိုင်းပဲ ဖြစ်ခဲ့တယ်ဆိုတာ ငါဝန်ခံတယ်။

အဲဒီလို အချိန်အတွင်းမှာ ငါ့ကိုယ်ငါ ပြန်လှန် သုံးသပ်နေမိတယ်။ ဂျပန် တော်လှန်ရေးမှာ ငါဘာလုပ်နေသလဲ။ မင်းက အသက်အရွယ်နဲ့ မလိုက်အောင် အဖေနဲ့ ဒိုးတူပေါင်ဖက် အိုးပစ် အိမ်ပစ် လုပ်နေချိန်မှာ ငါဟာ မိန်းကလေး တစ်ယောက်ရဲ့ အလှပိုက်ကွန်မှာမိပြီး အရာရာကို မေ့လျော့နေခဲ့တယ်။ ဘိန်းစား ဟာ ဘိန်းစွဲသလို၊ ဘိန်းကို ဖြတ်မရအောင် စွဲသလို ငါဟာလည်း အဲဒီ မိန်းကလေးတစ်ယောက်ရဲ့ အလှဘိန်းကို စွဲနေခဲ့မိတယ်။ အိမ်ရဲ့ စီးပွားရေးလည်း စိတ်မဝင်စား ဘူး။ ကိုယ့် ညီအစ်ကို မောင်နှမတွေကိုလည်း စိတ်မဝင်စားဘူး။ မင်းလုပ်နေတဲ့ တိုင်းရေးပြည်ရေး ဆိုတာတော့ ဝေးရော။

နောက်ပိုင်းမှာ အဲဒီအကြောင်းတွေကို ငါအတန်တန် စဉ်းစားပြီး သဘော ပေါက်လာခဲ့တယ်။ ပြည်သူ့ရဲဘော်ကို သွားခဲ့တယ်။ ပြည်သူ့ရဲဘော်ကို သွားလေ

www.burmeseclassic.com



ကတော့ အမှန်ဝန်ခံရရင် ငါ့စိတ်ကို ငါ ကုစားကြည့်တာပဲ။ ဒီလို ကုစားကြည့်ရင်း ပြည်သူ့ရဲဘော်က ငါ့ရဲဘော်တွေနဲ့ စိတ်တူကိုယ်တူ ဖြစ်လာတယ်။ သူတို့ ရှင်းပြတာ၊ ဆွေးနွေးတာတွေကို ငါသဘောပေါက်လာတယ်။ တစ်ပြားတစ်ချပ်မှ တန်ဖိုးမရှိသလိုနေခဲ့တဲ့ ငါ့ဘဝကို ငါနမြောလာတယ်။

အခုလောလောဆယ်မှာ ကရင်ကိစ္စနဲ့ ပတ်သက်လို့ ပြည်သူ့ရဲဘော်တွေရဲ့ သဘောထားကို ငါကြိုက်တယ်။ ရှင်းရှင်းပြောရရင် မင်း အင်မတန် အထင်ကြီးလေးစားနေတဲ့ ကွန်မြူနစ်တွေက မပြတ်ဘူး။ ကရင်နဲ့ တွဲတိုက်တဲ့အထိ လုပ်နေတယ်။ ဒါကို ငါမကြိုက်ဘူး။ ငါ့အနေနဲ့ကလည်း မအူပင်မှာ ကရင်က သတ်မှာကို ချည်ပြီး တုပ်ပြီးသား အသေမခံနိုင်ဘူး။ သူတို့က ထင်တိုင်း သတ်မှာကို လက်ပိုက်ပြီး အသေမခံနိုင်ဘူး။ တောမှာ လက်နက်ချင်း လူချင်း တိုက်ပြီး အသေခံမယ်။ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ။

ငါ ဘယ်လောက် ကြာမယ်ဆိုတာ မပြောနိုင်ဘူး။ တောမှာ သေမလား ရှင်မလား ဆိုတာလည်း မသိဘူး။ ဘာပဲဖြစ်ဖြစ်ပေါ့။ အိမ်ကို ဂရုစိုက်ပါ။ အဖေ အမေတို့ကို စောင့်ရှောက်ပါ။ အသက်ရှင်ရက်သားရှိလို့ ငါပြန်ရောက်လာဦးမည်ဆိုရင်တော့ အကြောင်းစုံ ပြောကြသေးတာပေါ့။

သွားပြီ
မင်းရဲ့အစ်ကို

ထွန်းကြည်က တစ်သက်တာတွင် ပထမဆုံး ရေးသော စာကို ဝင်းကြည်သည် အခေါ
ခေါက် အခါခါ ပြန်ဖတ်သည်။ သူ့လက်နှစ်ဖက်သည် မတုန်စဖူး တုန်ယင်လျက် ရှိသည်။

မုဒုံ ရာဘာတောကြီးအတွင်း မိုးမှောင်ကျသော ညတွင် "လူတွေကို တစ်သမတ်တည် ကြည့်လို့ ဘယ်ရမလဲ" ဟူ၍ မြမော် ပြောခဲ့သည့် စကားကို လှစ်ခနဲ ပြန်သတိရမိသည်။ မည်သို့ ဖြစ်စေ ပေါ်ကြော့နေတတ်သော၊ ဆင်းရဲဒုက္ခ ဟူသည်ကို စိုးစဉ်းမျှ မခံတတ်သော ထွန်းကြည်က ယခု ခက်ခဲကြမ်းတမ်းလှသည့် လက်နက်ကိုင် တိုက်ပွဲများ အကြားတွင် အဘယ်မျှ ဆင်းရဲပင်ပ ရှာလေမည်နည်းဟု တွေးကာ ထွန်းကြည်အပေါ်တွင် ကြင်နာမိသည်။

ဝင်းကြည်သည် မထူးတော့သည့် အတူတူ ဤစာကို အဖေ့လက်သို့ အပ်လိုက်လေ

အိမ်တွင် သာယာပျော်မွေ့သော သူတို့ မိသားစု၏ ဘဝမှာ ပျက်စီး ယိုယွင်းခဲ့ ဤဘဝ၌ ဝင်းကြည် မပါခဲ့သည်မှာ မှန်၏။ သို့သော် မိသားစုချင်း တည်ဆော အပ် သံယောဇဉ်မျိုးကား ဝင်းကြည်၏ နှလုံးသားတွင် ရှိပါသေး၏။ ယခု ထွန်းကြည်မရှိ။ အိမ်သ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မရှိတော့ပြီ ဆိုသည့်အခါတွင် ဘွားခနဲ ပေါ်လာသော အိမ်တွင်းမှ ကြေကွဲခြင်း အဖြစ်သည် ဝင်းကြည်၏ နှလုံးသားကိုပါ ဆွဲယူ လှုပ်ယမ်းလျက် ရှိလေသည်။

သို့ရာတွင် ထုံးစံအတိုင်း ဝင်းကြည်သည် အိမ်၏အရေးကိစ္စ၊ အိမ်၏ ဘဝ၌ ကြာကြာ ကျင်လည်နေရသူ မဟုတ်။

မြို့ကို ဟိုသူပုန်ဝင်၊ ဒီသူပုန်ထွက်။ တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်ခရိုင်လုံး၊ မြစ်ဝကျွန်း ပေါ်ဒေသကြီး တစ်ခုလုံး အဝီစိ ငရဲပမာ ပွက်ပွက်ဆူနေချိန်၌ ဗမာ့တပ်မတော် တပ်ရင်း ၄ ရောက်ရှိလာသည်။

ဗမာ့တပ်မတော် တပ်ရင်း ၄ ရောက်ရှိလာသည့်အတွက် တစ်မြို့လုံးက ဝမ်းသာကြသည်။ စိတ်သက်သာရာ ရကြသည်။ တိတ်ဆိတ်၍ ကြောက်မက်ဖွယ်ကောင်းသော အမှောင်တိုက် လွှမ်းသည့် အကာလ ညအခါကို လွန်မြောက်လျက် ကြည်နူး အားတက်စရာ နေ့၏ အလင်းရောင်ကို တွေ့လိုက်ရသည့်အလား လူတွေ ဝမ်းသာ ပျော်မြူးနေကြခြင်း ဖြစ်သည်။

ဗမာ့တပ်မတော် တပ်ရင်း ၄ ရောက်လာပြီဆိုသောအခါ အောဘီအမ် ကျောင်းတစ်ဝိုက်တွင် ကေအင်ဒီအိုတို့၏ အခိုင်အမာ စခန်းများမှာ ပိုမိုကြီးမားလာသည်။ စိန်ပြောင်းတွေကိုပင် ဆင်ထား သည်။ ဘရင်းသေနတ်တွေ ချိန်ထားသည်။ မြို့တွင်းဘက်မှ လူအလာမခံသလို၊ မြို့ပြင်မှလူလည်း မဝင်ရ။ ကျေးလက်တောရွာမှ လူတွေမှာလည်း အုပ်ချီ၍ မြို့သို့ ခိုဝင်လာကြသည်။

ထို့ကြောင့် ဒုက္ခသည် စခန်းကြီးတွေ ဖွင့်ပေးထားရသည်။ ကျောင်းအားလုံးကို ပိတ်ထား ရသည့်အတွက် လက်လှမ်းမီသမျှ ကလေးတွေစုကာ စာဆက်သင်ပေးသည်။ ဒုက္ခသည်တွေ၏ သားသမီးတွေကို ပညာသင်ပေးသည်။ ဆေးဝါးပစ္စည်း ထောက်ပံ့သည်။ လူမှုရေးနှင့် ကယ်ဆယ် ရေး လုပ်ငန်းတွေကို လုပ်ပေးသည်။ ဝင်းကြည်တို့ ပင်ပင်ပန်းပန်း လုပ်ကြသည်။ ကျောင်းသား သမဂ္ဂသည် စွမ်းစွမ်းတမံ အလုပ်လုပ်နေပေပြီ။

တကယ်ဆိုရလျှင် ပူပြင်းတောက်လောင်လှသော မီးတောက်မီးလျှံကြီးကို သူတို့တွင် ရှိသမျှ အစွမ်းအစ ရှိသမျှအားအင်ဖြင့် ဝိုင်းကူ ငြိမ်းသတ်ရန် ကြိုးပမ်းခြင်းမျှသာ ဖြစ်သည်။

သို့သော် အချည်းနှီးသာတည်း။

ရွာတွေ ရွာတွေ လောင်မီးကျကုန်လေပြီ။ ရွာလိုက်ချီ၍၊ ရွာကိုစွန့်၍ ရွာလုံးကျွတ် စွန့်ခွာ ထွက်ပြေးကြရလေပြီ။ ယမ်းနံ့များ၊ မီးခိုးများသည် အေးချမ်း စိမ်းစိုသော မြစ်ဝကျွန်းပေါ်၏ ရေ မြေဝန်းကျင် တစ်ခုလုံးကို ဖုံးလွှမ်းခဲ့လေပြီ။ ချင်းချင်းနီသော သွေးများသည် မြစ်ချောင်း အင်းအိုင် တို့၏ စိမ်းမြသောရေ၊ နောက်ကျိသောရေ၊ ဒိုက်သရောနှင့် မှော်လွှမ်းသောရေ၊ ကွင်းရေ တက်ရေ တို့တွင် ရောနှောနေလေပြီ။

အရက်စက်ဆုံး၊ ကြေကွဲဖွယ်အကောင်းဆုံး ပြည်တွင်းစစ် မီးကြီးကား တောက်လောင် ခဲ့လေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၀

၁၉၄၈ ခုနှစ် ဒီဇင်ဘာလ။

နှင်းကွဲမှ မအူပင် ဆိပ်ကမ်းက ခွာလာခဲ့သော 'ဝါးကိုင်း' သင်္ဘောသည် တိုးမြစ်အတိုင်း စုန်ဆင်းလျက်ရှိ၏။

ဤ 'ဝါးကိုင်း' ပေါ်တွင် ဝင်းကြည် ပါလာသည်။ လွယ်အိတ်ကလေး တစ်လုံးကို နံဘေးတွင် ဆွဲကာ အတွေးတွေ တသီတတန်းကြီးနှင့် လိုက်ပါလာခဲ့၏။ ရန်ကုန်သို့ သွားမည့် ကျောင်းသား ခေါင်းဆောင်တွေနှင့် တွေ့လျက် နယ်၏ လတ်တလော အခြေအနေကို ရှင်းပြရန် ဖြစ်သည်။ ယင်းအခြေအနေများအရ အဘယ်ပုံ အလုပ်ဆက်လုပ်ရမည်နည်း။ ကရင်နှင့် တိုက်ရမည်လော။ သို့တိုက်လျှင် လက်နက် အဘယ်ကရမည်နည်း။ ကရင်အရေးနှင့် ပတ်သက်၍ ဌာနချုပ်က မည်သို့ သဘောထားသနည်း။ အလံနီသူပုန်၊ ကွန်မြူနစ်သူပုန်၊ ပြည်သူ့ရဲဘော် သူပုန်များနှင့် မိမိတို့ အဘယ်ပုံ သဘောထားအပ်သနည်း။ သူတို့က မအူပင်မြို့ပေါ်ရှိ ကျောင်းသား အင်အားစုကို လိုချင်သည်။ စည်းရုံး လက်ကမ်းနေသည်။ မိမိတို့က ဤလက်ကမ်းချက်ကို လက်ခံရမည်လော။ လက်ခံရမည်ဆိုလျှင် အကွဲကွဲအပြားပြား ဖြစ်နေသော ဤသူပုန် အင်အားစုများအနက် မည်သည့် အင်အားစုနှင့် ပူးပေါင်းရမည်နည်း။ စာမသင်ရသော ကလေးသူငယ် ရာပေါင်းများစွာအတွက် မည်သို့ လုပ်ပေးရမည်နည်း။

ယင်းပြဿနာအားလုံးမှာ ဘဲဥ အစရှာမရသလို လုံးချာချာလည်လျက်ရှိသည်။ သို့မို့ ကြောင့်လည်း သမဂ္ဂအမှုဆောင်တွေက ဝင်းကြည်ကို တာဝန်ပေးကာ ရန်ကုန်သို့ စေလွှတ်လိုက်ခြင်း ဖြစ်သည်။

'ဝါးကိုင်း' သည် မီးခိုးတလူလူဖြင့် တိုးမြစ်ရေ အလျဉ်ကို ဖြူခွင်း မောင်းနှင်နေ၏။ ရန်ကုန်သို့သာ လူတွေ ဒလကြမ်း ပြောင်းရွှေ့နေကြရာ ပစ္စည်းရော လူပါ များပြားလွန်းသဖြင့် ဘေးတစ်ဖက်တစ်ချက်တွင် စီဘီတွဲကြီးတွေ ချိတ်ဆွဲထားရသည်။ လူများသော ကုန်းပတ်ပေါ်တွင် မနေလိုသည့်အတွက် ဝင်းကြည်သည် သင်္ဘော၏ လက်ယာဘက် နံဘေးတွင် ချိတ်ဆွဲလာသည့် စီဘီတွဲ၏ ကုန်းလျော အမိုးပေါ်တွင် ထိုင်နေမိလေ၏။ သူနှင့်အတူ ခရီးဖော်အဖြစ် ကိုတင်မောင် ပါသေးသည်။ လှမိုးလည်း ပါသေးသည်။ ကိုတင်မောင်သည် ဝင်းကြည်နှင့် သိဟောင်းကျွမ်းဟောင်း မိတ်ဆွေဖြစ်လျက် သူ့ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ရန်ကုန်သို့ လာခြင်းဖြစ်၏။ ကျောင်းမှထွက်ကတည်းက လေတပ်တွင် ဝင်ရောက် အမှုထမ်းနေသော လှမိုးကာ ခွင့်ယူ၍ မအူပင်သို့ ခေတ္တ လာရာမှ ယခုရန်ကုန်သို့ ပြန်ခြင်းဖြစ်သည်။

တိုးမြစ်ရိုး၏ စိမ်းလန်းစိုပြည်သော တောအုပ် တောတန်းတွေကို ကမ်းတစ်ဖက်တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



တို့တွင် တွေ့ရသည်။ တစ်ခါတစ်ရံတွင်မှ လှေအချို့၊ သမ္ဗန်အချို့ကို မြင်ရ၏။ ယခင်ကလို အဆက်မပြတ် သွားလာ ကူးသန်းနေကြသည့် လှေတွေ၊ သမ္ဗန်တွေကို မတွေ့ရ။

စစ်ကိုင်း၊ ပန်တပွတ်ဝ၊ ခနောင်တို၊ မလက်တို၊ ကျောင်းရွာ၊ ထနီး၊ မိချောင်းရဲနှင့် သုံးခွ စသော ရွာစဉ်တွေကို လွန်လာသည့်အထိ အေးအေးဆေးဆေးပင် ဖြစ်သည်။ ခရီးသည်တွေက လည်း စကားပြောကြ၊ ရယ်မော စားသောက်ကြပင် ဖြစ်သည်။ မကြာမီ သုံးကြိုင်ကို ဖြတ်သန်း ပေရော့မည်။

သုံးကြိုင်။

သုံးကြိုင်ဟူသော ရွာကလေး၏ နာမည်နှင့်အတူ စောကျော်သန်းနှင့် အေမူတို့ မောင်နှမကို သတိရလာလေသည်။

သူတို့ အဘယ်သို့ရှိပါစ။

ဝင်းကြည်က သူ့ကိုယ်သူ မေးစမ်းကြည့်မိသည်။ မိမိနှင့် ညီအစ်ကို မောင်နှမအရင်းတမျှ ခင်မင်ရင်းနှီးခဲ့သော အေမူ။ 'မြို့ပြန်ရောက်ရင် ထရင်စကို သတိမရဘဲမနေနဲ့' ဟု ကန့်ကလျ ပြောတတ်သည့် ချောမောလှပသော အေမူ။

ဖက်ဆစ်တော်လှန်ရေးကြီးအတွင်း ရှိးသလောက် သတ္တိရှိသော၊ အနာခံရဲ တိုက်ရဲသော၊ စွန့်စားသော စောကျော်သန်း၊ ပန်တပွတ် စခန်းကို တိုက်စဉ်က မိမိအား ရေနစ်မှာစိုး၍ ခါးက ဖေးမကိုင်ကာ ညာတာခဲ့သော စောကျော်သန်း၊ လွတ်လပ်ရေးစကားကို မပြော၊ ပြည်နယ်အရေး ကိုသာ ပြောနေသည့် ဦးစောချစ်တို့၏ ကေစီအိုကို မကျေမချမ်း ဖြစ်နေခဲ့သော စောကျော်သန်း။

ဝင်းကြည်၏ စိတ်သည် တိုးမြစ်ရေအလျဉ်ကို တက်ချည်သက်ချည် လုပ်နေ၏။ ဝဲဂယက် များနှင့်အတူ ချာချာလည်နေ၏။ မလက်တိုတွင် ဂျပန်ဆန့်ကျင်ရေး ရှေ့တန်းစစ်မျက်နှာဖွင့်ကာ တိုက်ခဲ့သော ဦးမြတ်သော်၊ ကိုတင်။ စာဖြူစု တစ်ဝိုက်မှ ကရင်အမျိုးသားမှန်သမျှကို စုစည်းလျက် ကိုယ်တိုင်ကိုယ်ကျ ဂျပန်တွေကို ခံချခဲ့သော ဦးစောချစ်၊ မိုးမခနှင့် ဘုရားချောင်း အင်းရေပြင်ကျယ် ကြီးတို့တွင် ဘောက်တူကိုယ်စီဖြင့် သေနတ်၊ ဓား၊ လှံ စွဲကိုင်ကာ ဂျပန် လည်ချောင်းသွေးကို ဖောက်ခဲ့သည့် ဘကြီးညို။

သူတို့ အဘယ်ပုံ ရှိကြပါစ။

ကိုယ်မသိသော၊ မဖြေနိုင်သော မေးခွန်းတွေ၊ ပြဿနာတွေ၊ အရှုပ်အထွေးတွေ။

"ဒိုင်း ဒိုင်း ဒိုင်း၊ ဒက် ဒက် ဒက်"

ဆူညံသော သေနတ်သံများကြောင့် ဝင်းကြည်၏ တစ်ကိုယ်လုံးမှာ တုန်သွားလေ၏။

"ဟော့ကောင် လာ၊ ပစ်ပြီ"

လှမိုးက သူ့လက်ကို ဆွဲချကာ စီဘီအမိုးပေါ်မှ လျှောဆင်းချလိုက်ရာ နှစ်ယောက်စလုံး စီဘီနှင့် သင်္ဘောအကြားရှိ နံဘေး ကုန်းပတ်ပေါ်သို့ မှောက်လျက်သား ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကမ်းနှစ်ဖက်စလုံးက ပစ်တာ" ဟု လှမိုးက ပြော၏။ ကိုတင်မောင်ကား သူတို့နှင့် နှစ်လံခန့်အကွာတွင် အားလျားမှောက်နေ၏။

သေနတ်သံများ ကမ်းဘက်ဆီမှ ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် သင်္ဘောဦးပိုင်း ပဲ့ပိုင်းနှင့် စီဘီနံဘေး တစ်ဖက်တစ်ချက်တို့တွင် နေရာယူထားကြသော အစောင့်များကလည်း တရကြမ်း ပြန်လည် ပစ်ခတ်ကြသည်။

သင်္ဘောအပေါ်ထပ် ဦးခန်းတွင် မအူပင်၏ ခေတ္တအရေးပိုင်လည်း ဖြစ်၊ ဗမာ့တပ်မတော် တပ်ရင်း ၄ ၏ တပ်ရင်းမှူးလည်း ဖြစ်သော လက်ဖတင်နင်ကာနယ်တင်ဖေနှင့် ယူအမ်ပီမှ မေဂျာ ညွန့် အစရှိသော အရာရှိကြီးများ လိုက်ပါလာကြသည်။

သေနတ်သံများသည် တစ်စထက်တစ်စ ရှုပ်ထွေး ကျယ်လောင်လာ၏။ အော်သံဟစ်သံ တွေကိုလည်း ကြားရ၏။ အစပိုင်း၌ ကမ်းနှစ်ဖက်က ညှပ်ပစ်သည်။ တပ်ရင်း ၄ ယူအမ်ပီနှင့် ပုလိပ်စသော အစောင့်များက သင်္ဘောပေါ်မှ ပြန်လည် ပစ်ခတ်ကြသည်။ ယခုမူ သင်္ဘောပေါ်၌ အနီးကပ် ပြန်ပစ်သလို အသံတွေသာမက အော်ဟစ် အမိန့်ပေးနေသော အသံတွေကိုပါ ကြားလာ ရသည်။

"သင်္ဘောပေါ်မှာကို သူတို့ ပါလာကြတယ်နဲ့တူတယ်။ တိုက်ပွဲဖြစ်နေပြီ"

လှမိုးက ပြောလိုက်၏။ ဝင်းကြည်သည် ခေါင်းမော့ကာ ပတ်ဝန်းကျင်ကို အကဲခတ်၏။

"ဟော့ကောင် ဘာထကြည့်တာလဲ" ဟူသော အသံနှင့်အတူ တစ်စုံတစ်ယောက်က စတင်း ဂန်းဖြင့် လေးချက်ခန့် လှမ်းဆွဲလိုက်ရာ အချိန်မီ ခေါင်းကို ပြန်ငုံ့လိုက်၍သာ ကျည်ဆန်များသည် ဆံပင်ကို လေဟပ်လျက် စီဘီ၏ အမိုးသံပြားကို ဖောက်ထွက်သွားကြ၏။

မှန်သည်။ ကေအင်ဒီအိုများသည် ခရီးသည်ဟန်ဆောင်ကာ သင်္ဘောပေါ်၌ လိုက်ပါလာ ကြခြင်း ဖြစ်လေသည်။ မည်သူမျှ မသိလိုက်။

လှမိုး ပြောသည့်အတိုင်း သင်္ဘောပေါ်မှာပင် တိုက်ပွဲဖြစ်ပွားလျက် ရှိလေသည်။ ကမ်း တစ်ဖက်တစ်ချက်က ပထမ စတင်ပစ်ခတ်သောအခါ သင်္ဘောပေါ်တွင် ပါလာသော အစောင့် များက အသီးသီး နေရာယူလျက် ကမ်းဖက်သို့ ပြန်လည် ပစ်ခတ်နေကြသည်။ သို့သော် သင်္ဘော ပေါ်၌ ခရီးသည်ဟန်ဆောင်လျက် လိုက်ပါလာကြသည့် ကေအင်ဒီအိုများက ကမ်းဘက်သို့သာ သဲသဲမဲမဲ ပစ်ခတ်နေသည့် အစောင့်တွေကို နောက်ကျောမှနေ၍ ပစ်ခတ်လျက် လက်နက်များ သိမ်းယူကြသည်။ အထူးသဖြင့် ဘရင်းဂန်းနှင့် စတင်းဂန်း စသော မောင်းပြန် လက်နက်ကိုင် အစောင့်တွေကို ဦးစွာပထမ ပစ်ခတ်သတ်ဖြတ်ကာ ယင်းမောင်းပြန် လက်နက်တွေကို သိမ်းပိုက်သည်။ ထို့နောက် အဆိုပါ မောင်းပြန် လက်နက်များဖြင့် သင်္ဘောပေါ်၌ ကျန်ရှိနေ အခြား ရိုးရိုး လက်နက်ကိုင် အစောင့်များကို လိုက်လံ ပစ်ခတ် တိုက်ခိုက်လေတော့သည်။

အခြေအနေတစ်ခုလုံးမှာ ကပြောင်းကပြန် ဖြစ်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်များသည် ပြားပြားဝပ်နေကြသော ခရီးသည်တွေ၏ ခေါင်းပေါ်၌ တေ့ကာ ရှပ်ကာ ပြေးလွှားနေကြ၏။ တောင်မှ မြောက်၊ အရှေ့မှ အနောက် စသည့် ဘက်ပေါင်းစုံမှ ပေါ်ထွက်နေ၏။ ကျည်ဆန်များတွင် ဦးတည်ချက်မရှိ။

ကေ အင် ဒီ အိုတွေက ပစ်လွှတ်လိုက်သော ကျည်ဆန်တွေလား၊ အစောင့်ရဲဘော်တွေက ပစ်သော ကျည်ဆန်တွေလား ဝေခွဲ၍မရ။ လာချင်သည့်ဘက်မှ လာကာ၊ သွားချင်သည့်ဘက်သို့ သွားပြီး မှန်ချင်ရာ မှန်၏။ ပဲ့ပိုင်းမှ ဦးပိုင်းသို့ ပစ်၏။ ဦးပိုင်းမှ ပဲ့ပိုင်းသို့ ပစ်၏။ သင်္ဘော၏ ဘယ်ဘက်မှ ညာဘက်သို့ ပစ်၏။ ညာဘက်မှလည်း ဘယ်ဘက်သို့ ပစ်၏။ အပေါ်ထပ်မှ အောက်ထပ်၊ အောက်ထပ်မှ အပေါ်ထပ်သို့လည်း ပစ်ကြ၏။ အော်ဟစ်ဆဲဆိုသံ၊ အမိန့်ပေးသံ၊ ကလေးငယ်တို့၏ ငိုယိုသံ၊ ထိမှန်ကုန်ကြသော ခရီးသည်တို့၏ အော်ဟစ် ညည်းတွားသံ စသည့် အသံဗလံများဖြင့်လည်း သင်္ဘောတစ်ခုလုံး ဆူညံလျက်ရှိသည်။

ဝင်းကြည်သည် အားလျားမှောက်နေရာမှ ခေါင်းကို မသိမသာ မော့်ကာ အနီးအနား တစ်ဝိုက်သို့ လှမ်းကြည့်ပြန်၏။ သူ့ ရှေ့နားတွင် အလားတူ အားလျားမှောက်နေသော လှမိုး၏ ဝဲဘက်ပခုံးမှ သွေးတွေ ဖြာဆင်းလျက်ရှိသည်ကို တွေ့ရသည်။

"လှမိုး၊ ထိသွားသလား"

"အေး။ ပခုံး ပခုံး" ဟု ဆိုကာ လှမိုးသည် ထိမှန်သော ပခုံးစွန်ကို အခြားလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

"ငါ လာခဲ့မယ်ဟေ့"

"မလာနဲ့၊ မထနဲ့"

လှမိုးက ပြန်အော်သည်။

လှမိုးနှင့် တစ်လံကွာတွင် ကချင်စစ်သားတစ်ယောက်သည် မြင်မကောင်း ရှုမကောင်း ဒဏ်ရာဖြင့် အသက်ပျောက်လျက်ရှိသည်။ ကျည်ဆန်က သူ့ပါးစပ် အောက်ပိုင်းမှ ကန့်လန့်ဖြတ် ထိမှန်ထားခြင်းဖြစ်ရာ သူ့မေးစေ့ တစ်ခုလုံးသည် ပြုတ်ထွက် လွင့်စဉ်နေ၏။ သင်္ဘောကုန်းပတ်ပေါ်သို့ မှောက်လျက်သား လဲကျနေသော အဆိုပါ ကချင်စစ်သားတွင် မေးစေ့မရှိ၊ မျက်စိနှစ်လုံးမှာ ပြူးထွက်နေသည်။ ချင်းချင်းနီသော သွေးများသည် ဝင်းကြည်ဘက်သို့ စီးဆင်းလာ၏။

ဝင်းကြည်၏ လက်ဝဲဘက် ငါးကိုက်ခန့်အကွာမှ ခရီးသည်တစ်ဦးကား ပေါင်ရင်းမှ ကျည်ဆန် ဖောက်ထွက်သွားရာ တအင်းအင်းနှင့် ညည်းညူလျက်ရှိ၏။ ဝင်းကြည်က ကိုတင်မောင်ကို သတိရလာသည့်အတွက် လှမ်းကြည့်သည်။ စောစောက မှောက်နေသော နေရာတွင် ကိုတင်မောင် မရှိတော့။ ဘယ်ရောက်သွားသနည်း။

သင်္ဘောအပေါ်ထပ်မှ ကေ အင် ဒီ အို တစ်ယောက် စတင်းဂန်းကို ကိုင်ကာ လှေကား အတိုင်း ဆင်းလာသည်။ လှေကားအောက်ခြေရှိ အစောင့်ရဲဘော်သည် ယင်း ကေ အင် ဒီ အို

www.burmeseclassic.com

www.burmeseclassic.com



ကို မမြင်။ လက်ဝဲဘက် စီဘီတွဲပေါ်ရှိ ကေ အင် ဒီ အို တစ်ယောက်နှင့် သဲသဲမဲမဲ ပစ်ခတ်နေ၏။ လှေကားမှ ဆင်းလာသူက အဆိုပါ ရဲဘော်အား နောက်ကျောမှ တွေ့၍ ပစ်ချတော့မည့်အပြု လှေကားနားသို့ ရောက်နေသော ကိုတင်မောင်သည် အားလျားမှောက်နေရာမှ လျင်မြန်သော အဟုန်ဖြင့် ထကာ စတင်းဂန်းကိုင် ကေ အင် ဒီ ၏ မေးစေ့ကို တအားကြုံး၍ ထိုးလိုက်၏။

"ကိုတင်မောင်၊ ကိုတင်မောင်"

ဝင်းကြည်က လှမ်းအော်သည်။ သို့သော် နောက်ကျနေလေပြီ။

ကိုတင်မောင် ထိုးချလိုက်သော ကေ အင် ဒီ အို မှာ လှေကားပေါ်သို့ ပက်လက်လန် လဲကျသွားသော်လည်း စတင်းဂန်းကား သူ့လက်ထဲမှာပင် ဆုပ်ကိုင်လျက်သား ပါသွား၏။ ထိုအခိုက် သူ့အပေါ်သို့ ကျားလို ခုန်အုပ်တော့မည့် ကိုတင်မောင်၏ ခန္ဓာကိုယ်အတွင်းသို့ စတင်း ကျည်ဆန် တစ်ကပ်လုံးနီးပါး ပစ်သွင်းလိုက်ရာ ကိုတင်မောင်သည် "အောင်မယ်လေးဗျ" ဟု စူးရှကျယ်လောင်စွာ အော်ဟစ်ရင်း ခွေကနဲ လဲကျသွား၏။ သူ့တစ်ကိုယ်လုံးမှာ သွက်သွက်ခါ တုန်လှုပ်သွား၏။ သူ့ဝမ်းဗိုက် ပွင့်သွားကာ အူတွေ အခွေလိုက် ထွက်လာ၏။

ဝင်းကြည်၏ မျက်စိတွေ ပြာသွားသည်။ မြင်နေရသော အဖြစ်အပျက်ကို မယုံနိုင်လောက် အောင် ဖြစ်နေသည်။ ကိုတင်မောင်ဆီသို့ ထသွားမည် ကြံသည်။ သို့သော် လှမိုးက "မထနဲ့၊ မထနဲ့။ ပစ်ချလိုက်လိမ့်မယ်" ဟု လှမ်းအော် သတိပေးသဖြင့် မှောက်မြဲ မှောက်နေရပြန်သည်။

နာရီဝက်ခန့်သော အချိန်ပိုင်းအတွင်း အခြေအနေမှာ သိသိသာသာ ပြောင်းလဲသွားသည်။ သင်္ဘောကို ကေ အင် ဒီ အိုတို့ လုံးဝဥသုံ စီးမိကြလေပြီ။ သင်္ဘောပေါ်မှ တိုက်ပွဲတွင် သူတို့ အထက်စီး ရသွားကြလေပြီ။

အစောင့်ရဲဘော်များ၏ သေနတ်သံများ ဆိတ်သွားသည်။ မောင်းပြန် လက်နက်ကိုင် ကေ အင် ဒီ အို တွေသာ ဟိုမှ သည်မှ ကူးလူး သွားလာလျက်ရှိသည်။ ကရင်လိုရော ဗမာလိုပါ ဆဲရေး တိုင်းထွာသံများဖြင့်လည်း ဖုံးလွှမ်းနေသည်။ ဒဏ်ရာရသူ၊ မသေမရှင် ဖြစ်နေသူတွေ၏ ညည်းညူအော်ဟစ်သံ၊ ငိုယိုသံတွေကို တုန်လှုပ် ချောက်ချားဖွယ် ကြားနေရသည်။ အထူးသဖြင့် အူတွေတထွေးကြီး ထွက်နေသော ကိုတင်မောင်၏ အော်ဟစ် ညည်းညူသံမှာ အကျယ်လောင် ဆုံး ဖြစ်သည်။ သူသည် ရေကိုသာ တစာစာ တောင်းနေ၏။

သင်္ဘောသည် မြစ်လယ်တွင် တဝဲလည်လည် ဖြစ်နေရာမှ ကမ်းဘက်သို့ ထိုးကပ်နေသည် ကို သတိထားမိသည်။

မေးပြုတ်ထွက်နေသော ကချင်စစ်သား၏ ဒဏ်ရာမှ စီးဆင်းလာသည့် သွေးများသည် ဝင်းကြည်၏ ရင်ဘတ်အောက်သို့ ရောက်လာ၏။ စေးထန်းထန်း၊ ညှီစို့စို့ သွေးနံ့၊ လေတွင် ပျံ့လွင့်နေသော ယမ်းနံ့၊ သင်္ဘောကုန်းပတ်၏ သံချေးနံ့ စသည့် အနံ့ပေါင်းစုံကလည်း ခေါင်းထဲ ရီဝေနေစေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိနစ်ပိုင်းအတွင်း သင်္ဘောသည် ကမ်းစပ်နှင့် အလျားလိုက် ယှဉ်၍ ထိုးကပ်မိလာ၏။ ကဝကျောင်း သို့မဟုတ် တာတပေါ်နှင့် မျက်နှာချင်းဆိုင် တစ်ဖက်ကမ်း ဖြစ်လိမ့်မည်ဟု ဝင်းကြည် တွေးမိလေသည်။

ယင်းအခိုက် ကိုတင်မောင်သည် "ရေလေးပါ၊ ရေလေးစမ်းပါ" ဟု တစာစာ အော်ဟစ်နေဆဲ ဖြစ်၏။

"ဟော့ကောင်တွေ ဘာဖြစ်လို့ ငါ့ကို မသေမရှင် ထားသလဲကွ။ အသေသတ်ကြ၊ မသတ်ဘူးလားဟင်။ မသတ်ကြဘူးလား"

ကိုတင်မောင်ကား မချိမဆံ့ ဝေဒနာ ခံစားနေရလေပြီ။

ဝင်းကြည်သည် ခေါင်းကို စောင်းငဲ့ကာ ကိုတင်မောင့်ကို မြင်အောင် ကြည့်၏။ ကိုတင်မောင်သည် အခွေလိုက်ကျနေသော အူတန်းလန်းနှင့်ပင် ရေကူးသူပမာ ရှေ့သို့ ယက်၍ယက်၍ သွားရင်း ပါးစပ်ကလည်း အသံနက်ကြီးဖြင့် အော်၏။ ထို့နောက် "ခွေးသားတွေ၊ ဟင်။ ငါ့ကို အသေမသတ်ကြဘူး။ ခွေးသားတွေ။ မင်းတို့၊ မင်းတို့" ဟု သွေးရူးသွေးတမ်း အော်ဟစ်ကာ စီဘီနှင့် သင်္ဘောအကြားသို့ သူ့ခန္ဓာကိုယ်ကို လိမ့်ချလိုက်လေ၏။

"ကိုတင်မောင်၊ ကိုတင်မောင်" ဝင်းကြည်ကလည်း သွေးရူးသွေးတမ်း လှမ်းအော်ကာ ကိုတင်မောင့်ဆီသို့ ထပြေးမည့်အပြု လှမိုးက လှမ်းဆွဲ၍ လှဲချလိုက်ပြန်သည်။

"ဟော့ကောင်၊ မသွားနဲ့ မသွားနဲ့။ သေလိမ့်မယ်"

လှမိုးက အော်ပြောပြီးနောက် ဒဏ်ရာရထားသော သူ့ပခုံးကို လက်တစ်ဖက်ဖြင့် ဖိကိုင်ရင်း လဲကျသွားသည်။ သို့သော် သတိမလစ်။

"ငါ့ဒေါက်တွေ ဖြုတ်ပစ်စမ်းပါ"

လှမိုး၏ အသံသည် မောဟိုက်နေ၏။

ဝင်းကြည်သည် လှမိုး၏ ပခုံးမှ လေတပ်မတော်ဒေါက်တွေကို ဆွဲဖြုတ်ပစ်ကာ ရေထဲသို့ ပစ်ချလိုက်၏။ လှမိုး၏ ပခုံးတွင် အသားစများနှင့် စုတ်ပြဲသွားသော ကာကီအင်္ကျီစများ ရောထွေးကာ သွေးများဖြင့် စေးကပ်လျက်ရှိသည်။

လှမိုးကား မိန်းမောနေလေ၏။

သင်္ဘောသည် စက်ရပ်သွား၏။ ကမ်းပါးနှင့် အလျားလိုက် ယှဉ်ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကမ်းပေါ်တွင် အသင့်စောင့်ဆိုင်းနေကြသော လူအုပ်ကြီးသည် သင်္ဘောပေါ်သို့ ပြေးတက်လာကြ၏။ မိန်းမတွေ၊ ကလေးတွေကအစ ပါလာသည့် လူအုပ်ကြီးသည် သင်္ဘောပေါ်ရှိ ငွေ့သမျှ အရာပစ္စည်း ဟူသမျှကို လုယက်ကြ၏။ လေးလံသော ပစ္စည်းများကိုမူ စီဘီဆွဲပေါ်မှ နေ၍ ကမ်းစပ်သို့ ပစ်ချ၏။ သင်္ဘောပေါ်သို့ တက်လာသော ယောကျ်ားတိုင်းလိုလို သေနတ် သို့မဟုတ် ဓား စသည့် လက်နက်မျိုးစုံကို ကိုင်ဆောင်လာကြသည်။ ခရီးသည်တွေ၏ ရွှေငွေ

www.burmeseclassic.com



လက်ဝတ်လက်စားသာမက လုံချည်အင်္ကျီပါ ချွတ်ယူကြသည်။ တစ်ယောက်သောသူက အားလျားမှောက် မှိန်းနေသည့် လုမိုး၏ ရှူးဖိနပ်ကို ချွတ်ယူသွားသည်။

"ဟော့ကောင် ထလိုက်စမ်း"

ယင်းအသံနှင့်အတူ မိမိကျောကို တစ်စုံတစ်ခုဖြင့် ထောက်ထားကြောင်း ဝင်းကြည် ရိပ်မိသည်။ သေနတ်ပြောင်းဟု ထင်သည်။

ဝင်းကြည်သည် အားလျားမှောက်ထားသော သူ့ခန္ဓာကိုယ်ကို တဖြည်းဖြည်း မ၍ ထထိုင်လိုက်၏။

ယင်းသို့ ထထိုင်ကာ သူ့ကျောကို သေနတ်ပြောင်းဖြင့် ထောက်ထားသူဘက်သို့ လှည့်လိုက်သည်။ သေနတ်ပြောင်းကလည်း လျင်မြန်သောအဟုန်ဖြင့် သူ့ ရင်ဝသို့ ရောက်လာသည်။ ဝင်းကြည်၏ နှလုံးသားမှာ ခန္ဓာကိုယ်တွင်းမှ ပေါက်ကွဲထွက်သွားသလား ထင်ရသည်။ အံ့အားလည်း သင့်နေသည်။ ကြက်သေလည်း သေနေသည်။

"ဟင် စောကျော်သန်း"

ဝင်းကြည်၏ နှုတ်ဖျားမှ မရည်ရွယ်ဘဲ လှစ်ကနဲ ခေါ်လိုက်မိသည်။

"ဟာ ဝင်းကြည်"

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ဤကမ္ဘာမြေပြင်၌ အထူးဆန်းဆုံးသော သတ္တဝါနှစ်ကောင်၊ တစ်ကောင်နှင့် တစ်ကောင် ရုတ်တရက် တွေ့လိုက်ရသည့် အကြည့်မျိုးဖြင့် ကြည့်နေကြသည်။ ဒေါသ အခိုးအလျှံတွေ တဆူဆူဝေနေသော စောကျော်သန်း၏ မျက်စိအစုံတွင် လည်းကောင်း၊ ဝေခွဲမရလောက်အောင် အံ့အားသင့်သည့် အရိပ်အယောင်တွေ ယှက်သန်းနေသော ဝင်းကြည်၏ မျက်လုံးအစုံတွင် လည်းကောင်း မျက်ရည်ကြည်တွေ ရစ်ဝဲနေကြသည်။ နှစ်ယောက်လုံး၏ အကြည့်သည် စက္ကန့်ပိုင်းအတွင်း အဓိပ္ပာယ်နက်နဲလှသည့် စကားလုံး အထောင်အသောင်းကို ပြောဆိုနေကြသလား ထင်ရသည်။

စောကျော်သန်း၏ သေနတ်ကိုင်ထားသော လက်သည် တဖြည်းဖြည်း လျော့ကျလာ၏။ ဝင်းကြည်၏ ရင်ဝနားတွင် တေ့ထောက်ထားသော စတင်းသေနတ်ပြောင်းမှာလည်း တဖြည်းဖြည်း အောက်သို့ စိုက်ဆင်းသွားသည်။

"စောကျော်သန်း၊ စောကျော်သန်း။ မင်း မင်း"

ဝင်းကြည်သည် စကားထစ်နေ၏။ ပြောချင်တာတွေ များလွန်းသဖြင့် ဘာက စပြောရမည်ကို မသိသည့်အတွက်ပင် ထစ်လေသလော၊ သို့တည်းမဟုတ် ပြောစရာ ကုန်ခန်းနေပြီဖြစ်သည့်အတွက်ပင် ထစ်လေသလော ဝင်းကြည်ကိုယ်တိုင် မသိ။

စောကျော်သန်း၏ စုတ်ဖွာသော ခေါင်းသည် အောက်သို့ ငုံ့ဆင်းလျက်ရှိ၏။ ဝင်းကြည်က ရီဝေနေသော မျက်စိကို အားယူကာ ကြည့်သည်။ စောကျော်သန်းကား ယခင်ကလောက်

www.burmeseclassic.com

www.burmeseclassic.com



တုတ်ခိုင်ခြင်းမရှိ။ အတန်ငယ် ပိန်လှီသွားသည်။ အသားလည်း မည်းသွားသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးစတွေ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံးမှာ ရွှံ့တွေ၊ ချွေးတွေဖြင့် ညစ်ပတ် ပေရေလျက် ရှိသည်။

ဝင်းကြည်၏ ဒေါသရှိန်သည် မီးထိသော ယမ်းတိုက်လို တဟုန်ထိုး ပေါက်ကွဲထွက်တော့မည်ကဲ့သို့ ဖြစ်နေ၏။ စိတ်နေသဘောထားရော၊ ရုပ်လက္ခဏာပါ အကြီးအကျယ် ပြောင်းလဲသွားသော စောကျော်သန်းကို စူးစူးရဲရဲ ကြည့်သည်။

"မင်း ဒီလိုတောင် ဖြစ်နေပြီကိုး။ မင်း ငါ့ကို ပစ်သတ်လိုက်ပါလားကွ။ စောကျော်သန်းရ ဟင်။ ပစ်သတ်လိုက်ကွာ။ ကြာကြာမထားနဲ့။ အခု ဒီမှာ ကြည့်စမ်း။ သဘော်တစ်စင်းလုံး လူတွေ သောက်သောက်လဲ သေနေပြီ။ ဒီလိုလူတွေမှာ ဘာအပြစ်ရှိသလဲကွ။ မင်းတို့ မှားကုန်ပြီ စောကျော်သန်း။ မင်းတို့ မှားကုန်ပြီ"

"ဟော့ ဝင်းကြည်၊ မင်း ဒါတွေ ပြောမနေနဲ့တော့။ ငါ ဘာမှ မတတ်နိုင်တော့ဘူး။ ငါ ဘာဆို ဘာမှ မသိတော့ဘူး။ ငါ တစ်ယောက်တည်း နေလို့လည်း မဖြစ်တော့ဘူး"

"မင်း ဘာမှ မသိတော့ဘူး ဟုတ်လား။ ဗမာမှန်ရင် သတ်၊ ဗမာရွာမှန်ရင် မီးရှို့ဖို့ဘဲ မင်း သိတော့တယ် မဟုတ်လားဟင်။ မင်းမှာ စဉ်းစားဆင်ခြင်နိုင်တဲ့ ဉာဏ်မရှိတော့ဘူးလား။ မိုက်မိုက်မဲမဲ အလုပ်တွေမှန်သမျှ မင်းတို့ လုပ်ဖို့ပဲ နားလည်တော့တယ် မဟုတ်လား"

ဝင်းကြည်၏ အသံသည် အစ်နေ၏။ စောကျော်သန်းက ဝင်းကြည်၏ လက်မောင်းကို ဆွဲကိုင် လှုပ်ယမ်းလိုက်၏။

"မင်း ငါ့ကို ပြောချင်သလို ပြောတော့။ မင်း မကျေနပ်ဘူးဆိုရင် ရော့ မင်း ငါ့ကို လက်ဆောင်ပေးခဲ့တဲ့ မင်း စတင်းဂန်းနဲ့ပဲ ငါ့ကို ပစ်သတ်တော့"

ပြောပြောဆိုဆို စတင်းဂန်းကို ဝင်းကြည်ရှေ့သို့ ထိုးပေးသည်။ စတင်းဂန်း မည်းနက်နက်ကလေးသည် ဝင်းကြည်ကို လှောင်ပြောင်နေဟန် တူ၏။ မအူပင် အနောက်ဘက် ကွင်းထဲ၌ မဟာမိတ် လေယာဉ်က ချပေးခဲ့သော စတင်းဂန်း။ မိမိက ယူဆောင်လာကာ ဂျပန်ကို သတ်ရေးအတွက် စောကျော်သန်းသို့ လက်ဆောင်အဖြစ် ပေးခဲ့သော စတင်းဂန်း။

ယခု ဤစတင်းဂန်းကပင် သူတို့နှစ်ယောက်အနက် မည်သူ့ကို အသက်စီပိန် ခြွေရပါအံ့နည်းဟု ပါးကွက်အာဏာသားတို့၏ လူသတ်မာန် ယင်မူးသော အပြုံးဖြင့် ပြုံးကာ မေးနေသလား ထင်ရသည်။

"ငါနေလို့ မဖြစ်တော့ဘူး ဝင်းကြည်။ ကရင်က ဗမာကို သတ်တယ်လို့ မင်းက အငြိုးတကြီး ပြောတယ်။ ဗမာက ကရင်ကို သတ်တာရော မင်း ဘာပြောမလဲ။ ဟင်၊ မင်း ဘာပြောမလဲ။ ငါ့နှမလေး ဒီလိုနဲ့ သေသွားရတာ မင်း သိသလား"

"ဘာ၊ ဘာ၊ စောကျော်သန်း"

www.burmeseclassic.com

www.burmeseclassic.com



"အေမူ သေပြီ၊ အေမူ မရှိတော့ဘူး"

ဝင်းကြည်၏ ပါးစပ်မှာ ဟင်းလင်းပွင့်နေ၏။ အသက်ငင်နေသူပမာ နှလုံးခုန် မြန်လွန်းနေ၏။ သူတို့ နှစ်ယောက်စလုံးသည် နွားသိုး နှစ်ကောင်ကဲ့သို့ အသက်ရှူနေကြ၏။ စောကျော်သန်း၏ ပါးပြင်မှ မျက်ရည်ပေါက်ကြီးများသည် မုတ်ဆိတ်မွေး ထိုးထောင်ထောင်များ အကြားသို့ စီးဆင်းသွားကြ၏။

"တို့နားက ဗမာတွေနဲ့ ပြန်တိုက်ကြတယ်။ တို့ရွာ ပျက်သွားပြီ။ တစ်ဖက်နဲ့ တစ်ဖက် တိုက်ကြခိုက်ကြတုန်း အေမူ အိမ်ပေါ်က ဆင်းအပြေးမှာ ထိတာပဲ။ သေလောက်တဲ့ ဒဏ်ရာကြီးနဲ့ ငါ သူ့ကို ထားခဲ့ရတယ်။ ငါကိုယ်တိုင်လည်း ဘာလုပ်ရမှန်း မသိတော့ဘူး။ ငါနေစရာ မရှိတော့ဘူး။ ငါ့တစ်ယောက်တည်းနေလည်း အသက်ခံရတော့မှာပဲ။ ကဲ၊ အဲဒါပဲ သူငယ်ချင်းရေ၊ ငါ သွားမယ်။ မင်းနဲ့ အခုလို တွေ့ရတာ ငါစိတ်မကောင်းပါဘူး။ မင်း ပြန်မှောက်နေ။ ထရင် သူတို့ ပစ်ထည့်လိမ့်မယ်။ ကဲ ငါသွားရတော့မယ်။ မင်းကို ဘုရားသခင် စောင့်ရှောက်ပါစေ"

စောကျော်သန်းသည် တောကြောင်တစ်ကောင်လို ခုန်ထွက်သွား၏။ ဝင်းကြည်ကား အံ့အားသင့်ခြင်း၊ ကြေကွဲခြင်း၊ ဒေါသဖြစ်ခြင်း၊ ခံပြင်းခြင်း၊ ကြိတ်မနိုင်ခဲမရ ဖြစ်ခြင်း စသော ထွေပြားသည့် စိတ်မျိုးစုံတို့၏ ဝဲဩဃတွင် နစ်မွန်းနေသည့်အတွက် ပြန် အားလျားမှောက်ရန်ပင် သတိမရ။ လျင်မြန်စွာ ပြေးလွှား ခုန်ထွက်သွားသည့် စောကျော်သန်းဆီသို့သာ အသေလို စူးစိုက်ကြည့်နေမိလေ၏။

"ဟိုအပေါ်က လက်နက်မချသေးဘူး ဟုတ်လား။ ကဲ သိရောပေါ့ကွာ။ ဟော့ကောင်တွေ ဟောဒီ အဘိုးကြီးနဲ့ ကောင်မလေးကို ခေါ်ခဲ့စမ်း"

အပေါ်ထပ် ဦးခန်းတွင်ရှိနေသော စစ်အရာရှိ ၂ ဦးကို လက်နက်ချခိုင်း၍ မရတော့သည့် အဆုံး အေအင်ဒီအိုများက သင်္ဘော စက်ခန်းအနီးတွင် ပြားပြားဝပ်နေသော အဘိုးကြီး တစ်ယောက်နှင့် အသက် ၁၆ နှစ်ခန့်ရှိ မိန်းကလေးတစ်ယောက်ကို ဓားစာခံအဖြစ် ခေါ်ထုတ်လေတော့သည်။

"ကြောက်ပါပြီ ရှင်။ ကြောက်ပါပြီ။ မလိုက်ပါရစေနဲ့။ ရှိခိုးပါရဲ့"

မိန်းကလေးသည် အော်ဟစ် ငိုကြွေးရင်း လက်အုပ်ချီကာ တောင်းပန်နေ၏။ သို့သော် မရ။ အဘိုးကြီးကိုရော၊ မိန်းကလေးကိုပါ သေနတ်တွေနှင့် ချိန်ကာ ရှေ့ကတင်လျက် အပေါ်ထပ်သို့ တက်သွားသည်။ ထိုအခါ၌ကား ဦးခန်းရှိ စစ်အရာရှိကြီးများမှာ အဘိုးကြီးနှင့် မိန်းကလေးကို သက်ညှာသောအားဖြင့် ကေအင်ဒီအိုတို့အား ပြန်လည်ခုခံခြင်း မပြုတော့ဘဲ အဖမ်းခံလိုက်ကြရသည်။

လက်ဖတင်ကာနယ် တင်ဖေနှင့် မေဂျာညွန့်တို့ကို ဘရင်းဂန်းတွေ၊ စတင်းဂန်းတွေနှင့် ချိန်ရွယ်ကာ ကမ်းပေါ်သို့ ခေါ်ဆောင်သွားကြသည်။

ဤတွင်မှ ဝင်းကြည်သည် ကမ်းပေါ်သို့ မော့်ကြည့်မိ၏။ လေလာရာဘိုး တဝေ့ဝေ့ ...

www.burmeseclassic.com

www.burmeseclassic.com



ယမ်းနေသော ကိုင်းတောကြီး၏ အစပ်တွင် လူတွေ ပြည့်လျှမ်းလျက်ရှိသည်။ လုယက် တိုက်ခိုက်သွားသော ပစ္စည်းများမှာလည်း ကမ်းစပ်တစ်လျှောက်တွင် ပြန့်ကျဲလျက် ရှိသည်။ ကမ်းပါးထိပ် ကိုင်းတောစပ်တွင်ကား ဂျပန် စက်ကလေးတစ်လက်နှင့် ဘရင်းဂန်း ၃ လက်ကို ထောက်ကာ သဘော်ဆီသို့ ချိန်ရွယ်ထားသည်။

"ဟိုမှာ နေဗီလာတယ်နဲ့ တူတယ်ဟေ့"

ကိုင်းတောစပ်မှ မိန်းမတစ်ယောက်က လှမ်းအော်သည်။ သူတို့အားလုံး တွံတေးဝဘက်သို့ လှမ်းကြည့်လိုက်ရာ ခုတ်မောင်းလာသည့် သဘော်တစ်စင်းကို တွေ့ရသည်။

"ကဲ၊ ဝါးကိုင်းထွက်တော့။ ဟေ့ ပစ္စည်းတွေသယ်ပြီး ကိုင်းတောထဲ မြန်မြန်ဝင်ကြ။ ဝါးကိုင်းက စက်မောင်းတဲ့ကောင် မြန်မြန်ထွက်စမ်း။ မထွက်ရင် လက်ပစ်ဗုံးစာ ဖြစ်ကုန်လိမ့်မယ်"

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ခေါင်းတွင် ဗယ်ရီကက် ဆောင်းထားသော ဗိုလ်နှင့် တူသူက အမိန့်ပေးရာ ဝါးကိုင်းသည်လည်း စက်နှိုးလျက် ကမ်းမှ ကမန်းကတန်း ခွာရလေတော့သည်။ ဝင်းကြည်သည် ကမ်းစပ်တွင် လှုပ်လှုပ်ရွရွ ကျန်ရစ်ခဲ့သူများထံသို့ လှမ်းကြည့်ရင်း စောကျော်သန်းကို ရှာ၏။ ရှာ၍ကား မရ။

ရေလယ်သို့ သဘော်ရောက်သည်နှင့် တစ်ပြိုင်နက် ဒဏ်ရာရသူတွေကို ဒဏ်ရာမရသူ လူကောင်းတွေက ဝိုင်းဝန်း ပြုစုကြသည်။ အသက်မသေဘဲ ကျန်ရှိနေသော စစ်သားတွေက ကျဆုံးသွားကြရသည့် ရဲဘော်များကို ရရာအဝတ်များ၊ အိပ်ရာခင်းများဖြင့် လိုက်လံ ဖုံးလွှမ်းပေးကြသည်။ ဝင်းကြည်က လှမိုးကို ခေါ်ကြည့်သည်။ လှမိုးက ဒဏ်ရာမများသော်လည်း ထပ်ပစ်သတ်မည်စိုးသည့်အတွက် တမင် ငြိမ်နေခြင်းဖြစ်ကြောင်း၊ သူ့အတွက် ကိစ္စမရှိ၊ အခြားအရေးကြီးသူများကို သွားလုပ်ပေးကြရအောင်ဆိုကာ ထလေသည်။

လှမိုးနှင့် ဝင်းကြည်သည် သူတို့အပါးတွင် ပေါင်ကို ထုတ်ချင်းဖောက် ထိမှန်ထားသော ခရီးသည် တစ်ဦးဆီသို့ လာခဲ့ကြ၏။ ထိုခရီးသည်၏ ပေါင်၌ ပတ်ထားသည့် စောင်တွင် သွေးများ စိုရွှဲနေသည့်အတွက် ယင်းစောင်ကို ခွာကာ အခြားစောင်တစ်ထည်ဖြင့် ရစ်ပတ်ပေးကြရသည်။ မြောင်းမြမှ လိုက်ပါလာသော ဆရာဝန်ကလည်း ဒဏ်ရာရသူ လူနာတိုင်းဆီသို့ လိုက်ကာ အရေးပေါ် သူနာပြုနည်းများဖြင့် ကုသပေးနေသည်။ သဘော်တစ်စင်းလုံးကား ပစ္စည်းဟူ၍ ဘာမျှမရှိတော့။ ထို့ကြောင့် လူကောင်းတွေက သူတို့၏ အင်္ကျီလုံချည်တွေကို ဆုတ်ဖြဲပေးကာ ပတ်တီးစများ လုပ်ပေးကြသည်။

တွံတေးဝက မီးခိုးတလူလူဖြင့် ထွက်လာသော သဘော်ကား ရေတပ်မတော် သဘော် မဟုတ်။ ရုပ်ရှင်နှင့် ပြဇာတ်အဖွဲ့၏ နယ်လှည့် သဘော်သာ ဖြစ်နေသည်။ ရွှေပုစွန် ကဲသို့သော ရေဝတီ မီးသဘော် အချို့ကို ရေတပ်မတော် သဘော်အဖြစ် အစိုးရက အသုံးချလျက်ရှိသည့်အတွက် ရိုးရိုးမီးသဘော်ကိုပင် ရေတပ်မတော် သဘော်အဖြစ် ထင်သွားကြဟန် တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါးကိုင်းသည် တွံတေးတူးမြောင်း အတွင်းသို့ ဝင်ရောက်ခဲ့လေပြီ။

အန္တရာယ်နှင့် တွေ့လာရသည်၊ သေဆုံးသူ ဒဏ်ရာရသူတွေ ပါလာသည်၊ အကူအညီ လိုသည် စသော အထိမ်းအမှတ်အဖြစ် သင်္ဘောဦးပိုင်း၌ အလံနက်ကြီး လွှင့်ထူကာ ဥသြကို ရှည်လျား လေးတွဲ့စွာ အဆက်မပြတ် မှုတ်လာသည်။

"မင်း ဘာဖြစ်သေးသလဲ"

လှမိုးက ယခုမှပင် သတိရလေသည့်အလား ဝင်းကြည်ကို လှမ်းမေးသည်။ ဝင်းကြည်က ခေါင်းခါပြလိုက်ရင်း အနီးရှိ ငါးစည် တစ်စည်ကို မှီကာ ပင်ပန်းနွမ်းနယ်စွာ ထိုင်ချလိုက်သည်။ သူ့ရင်ဘတ်၌ကား သွေးစီးများဖြင့် စေးကပ်နေသည်။

ဝင်းကြည်သည် အားပြတ်လုမခန်း ပင်ပန်းနွမ်းနယ်နေ၏။ စောစောက တွေ့လိုက်ရသော အဖြစ်အပျက်သည် သူ့ခေါင်းပေါ် တည့်တည့်သို့ ထိုးစိုက်ချလာပြီးနောက် အမင်္ဂလာနိမိတ်ဖြင့် အော်မြည်သော ငှက်ဆိုးထိုးသံအလား၊ ကြောက်မက်ဖွယ် အတိပြီးသော အိပ်မက်ဆိုးအလား သူ့ကို ခြောက်လှန့်လျက် ရှိသည်။

တစ်ချိန်တည်းမှာပင် စောကျော်သန်း ပြောသွားသော အေမူ့အဖြစ်ကို သတိရလာသည်။ အေမူကား ယုတ်မာ ရက်စက်သော ကာလဆိုးကြီးအတွင်း မရှုမလှ သေဆုံးသွားရလေပြီ။ ချောမော ပျိုမျစ်သော ရိုးသားသည့် အပြုံးပန်းကို ထာဝစဉ် ပွင့်ဖူးစေသော အေမူကား ခက်ထန် ကြမ်းတမ်းလှသည့် မုန်တိုင်းအတွင်း ဆောက်တည်ရာမရ လွင့်ပါးသွားသည့် သစ်ရွက်ပမာ လှ နနယ်သည့် သူ့ရုပ်ခြပ်ကို မြေဆိုး ဖုန်ဆိုး အကြားတွင် မြုပ်နှံသွားရှာလေပြီ။

တွံတေးတူးမြောင်း၏ ကမ်းပါး တစ်ဖက်တစ်ချက်တွင် တောအရေးလည်း ရှိ၏။ ရွာ အပြန့်လည်း တွေ့၏။ တူးမြောင်းရေပြင်သည် ကြည်လင်နေဆဲသာ ဖြစ်၏။ သို့သော် ဝင်းကြည် က ယင်းတို့ကို မမြင်နိုင်။

ဝင်းကြည်၏ မျက်စိအစုံသည် ကြောင်တောင်ကန်းပမာ ကန်းနေ၏။ ပတ်ဝန်းကျင်သည် သူ့အနားတွင် မရှိသလော။ သူသည်ပင်လျှင် ပတ်ဝန်းကျင်အနားတွင် မရှိသလော။ သူ့ဘာသာ သူ မသိ။ ဘာဆိုဘာမျှ မသိ။ သေနတ်သံတွေ ညည်းညူ အော်ဟစ်သံတွေ၊ ဆဲဆို ငေါက်ငမ်း သံတွေကိုသာ ကြားနေရ၏။ မချိမဆံ့ သေရသူများ၊ သွေးကွက်များကိုသာ မြင်နေရ၏။

အနိဋ္ဌာရုံများ ပြွမ်းတီးသောစိတ်၊ ပင့်သက် လိုက်ဖိုသောစိတ်ဖြင့် အလွန်အမင်း မောဟိုက် နေပြီဖြစ်သော ဝင်းကြည်သည် ငါးစည်ကို ကျောမှီရင်း ခေတ္တခဏအားဖြင့် ဖြစ်စေကာမူ အိပ်ပျော် ကျသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၁

"သူတို့ လုပ်နေတာ အမှားတွေ အများကြီးပါတယ်။ ဒါကို လူတိုင်း သိနေကြတာပဲ ဝင်းကြည်ရ။ အင်းစိန် ကိစ္စက အခုမှ ပြုန်းခနဲ ထဖြစ်လာတာမှ မဟုတ်ဘဲ။ မနှစ်က အောက်တိုဘာလ လောက်ကတည်းက အကြီးအကျယ် ပြင်ဆင်လာကြတာကို အစိုးရ မပြောနဲ့၊ တို့တောင် သိတယ်"

ရန်ကုန်သို့ အသက်နှင့်ကိုယ် မြဲကာ ရောက်ရှိလာခဲ့သော ဝင်းကြည်သည် ရန်ကုန်တွင် ရောက်ရှိနေထိုင်နေသော စိုးသိမ်းထံ၌ သောင်တင်နေလေသည်။ ရေလမ်းခရီးမှ အသွားအလာ ဟူသမျှ ရန်ကုန်နှင့် မအူပင် အကြားတွင် မရှိတော့ပြီ။ သို့မို့ကြောင့် မအူဝင်သို့ ပြန်ရန်အတွက် အခက်တွေ့နေရသည်။

စိုးသိမ်းသည် မြို့မကျောင်းတွင် တက်နေသော်လည်း ကျောင်းဆောင်ဒါဆောင်၌ မနေ။ နယူးလင်းလမ်းရှိ အဆောက်အဦပျက်တစ်ခုတွင် မိတ်ဆွေအချို့နှင့် စုနေလေရာ ဝင်းကြည်မှာလည်း စိုးသိမ်းထံတွင် တည်းခိုနေရသည်။

အစိုးရ၏ လုပ်ပုံကိုင်ပုံတွေ မမှန်ဟု စိုးသိမ်းက ဆိုသည်။ ကရင် ဗမာ လူမျိုးရေး အဓိကရုဏ်း ဖြစ်အောင် နယ်ချဲ့ သူလျှို ဒလန်တွေက စေ့ဆော် မြှောက်ပေးခဲ့ပြီး အစိုးရက အထူးသဖြင့် အာဏာရ ဆိုရှယ်လစ်တွေက လက်ပိုက်ကြည့်နေခဲ့သည်။ ယင်းသို့ အာဏာရ အသိုင်းအဝန်းတွေက လက်ပိုက်ကြည့်နေသည်မှာ အမှုထမ်း အရာထမ်းများ၊ အလုပ်သမားများ၊ ပညာတတ်များက အစိုးရအပေါ် မကျေမနပ် ဖြစ်နေမှုတွေကို လမ်းလွှဲပစ်ရန် ဖြစ်သည်ဟု စိုးသိမ်းက ယူဆသည်။

လက်ရှိ အခြေအနေ အရပ်ရပ်နှင့် စပ်လျဉ်း၍ စိုးသိမ်းက သူ့သဘောထားကို ရှင်းပြသည်။

"မင်း ကြည့်လေ၊ ကေ အင် ဒီ အိုတွေက သူတို့ ရွာတိုင်းမှာ ကတုတ်ကျင်းတွေ တူးကြ၊ လက်နက်တွေ စုဆောင်းခဲ့ကြတာ အထင်အရှားပဲကွ။ အခု အင်းစိန်မှာ အခြေအနေ ဆိုးလာတာ တာလည်း တခြား မဟုတ်ဘူး။ မအူပင်နဲ့ သထုံခရိုင်ဘက်က တွံတေးနဲ့ စာဘူးတောင်းကို ဖြတ်ပြီး ရောက်လာကြတဲ့ လူတွေကွ။ ဒီလောက် လက်နက်ကိုင်တွေ ရာနဲ့ချီပြီး တစ်နယ်နဲ့ တစ်နယ် တံခါးမရှိ ဓားမရှိ ကူးချည်သန်းချည် လုပ်နေတာကို အစိုးရ မသိဘူးလား။ သိရင် ဘာလုပ်နေသလဲ။ ဘာဖြစ်လို့ မတားသလဲ။ ဒီမီးကြီး လောင်တော့မယ်ဆိုတာ နားလည်ရက်သားနဲ့ ဘာဖြစ်လို့ မငြိမ်းသတ်သလဲ"

ရန်ကုန်၏ ဆောင်းဥတုမှာ အလွန်အမင်း အေးမြလှသည် မဟုတ်သော်လည်း မြို့မကျောင်း နံဘေးရှိ နယူးလင်းလမ်းကား သစ်ပင်ကြီးတွေ၊ ချုံနွယ်တွေ ပိတ်ဆိုင်းနေသည့် လမ်းဖြစ်သဖြင့် အတန်ငယ် အေးချမ်းနေသည်။

"အဲ တစ်ခုတော့ ရှိသပေါ့။ ကရင်ထဲမှာ ဆိုးသူရှိသလို ကောင်းသူတွေလည်း ရှိတယ်လေကွာ။ ကရင်လူမျိုးအများစုဟာ ရိုးသားတယ်၊ ဖြူစင်တယ်။ အဲဒီလို ရိုးသားဖြူစင်တဲ့ အခြေခံကို

www.burmeseclassic.com



အမြတ်ထုတ်ကြတဲ့အတွက် ဒီလိုဖြစ်တာတွေလည်း ပါတယ်။ ငါအထင်တော့ ကေ အင် ယူ ခေါင်းဆောင်ပိုင်းမှာကို သဘောထားချင်း ကွဲနေကြသေးတယ် ထင်တယ်။ လက်နက်ကိုင် ပုန်ကန် ရမယ်လို့ ယူဆတဲ့လူက အများစု ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ လက်နက်ကိုင် ပုန်ကန်ရေးလုပ် ရင်း မျက်ကန်းမျိုးချစ် ပုန်ကန်မှု အဖြစ်မျိုး ရောက်သွားမှာကို တားချင်တဲ့ လူတွေလည်း ရှိချင် ရှိမယ်။ ဘာပဲဖြစ်ဖြစ် ကေ အင် ယူ ဟာ သူတို့ ကေ အင် ဒီ အို တွေကို သူတို့ဘာသာလည်း မနိုင်တော့တာ သေချာတယ်။ ဗဟိုချုပ်ကိုင်မှုဆိုတာ မရှိတော့ဘူးလေ။ တခြားမကြည့်နဲ့ မင်းတို့ ဝါးကိုင်းပေါ်က ဖမ်းသွားတဲ့ စစ်အရာရှိကြီးတွေကို လွှတ်ပေးဖို့ ကေ အင် ယူ ခေါင်းဆောင်တွေ အဲဒီနယ်က ကေ အင် ဒီ အို တွေနဲ့ မနည်း စေ့စပ်ယူရတာ ကြည့်"

"ဒီလိုမှ လွှတ်ပေးလည်း ခက်သားလားကွ စိုးသိမ်းရ။ တွံတေးဝနဲ့ မအူပင်ကြားမှာ ရှိသမျှရွာတွေကို စစ်ဆင်ရေးလုပ်မယ်လို့တောင် အစိုးရက ကြေညာခဲ့တဲ့ ဥစ္စာ။ ကရင်လူထုအကျိုး မထိခိုက်အောင် ကေ အင် ယူက ကြားဝင်ရတော့တာပေါ့။ ဒါမှန်သားပဲ"

"မှန်တာ မှားတာ အပထားလေကွာ။ ငါဆိုလိုတာက ကေ အင် ယူဟာ သူ့လူတွေ အ မနိုင်တော့ဘူးဆိုတာကိုသာ ငါပြောချင်တာ ဝင်းကြည်ရ။ ဒီကြားထဲမှာ ဖ.ဆ.ပ.လထဲက အာဏာ ယစ်နေတဲ့ လူတွေကလည်း နိုင်ငံရေး ကစားနေလိုက်သေးတယ်။ အဲဒီတော့ အင်းစိန်သာ မကဘူး တစ်ပြည်လုံး အခြေအနေတွေ ဆိုးလာတာ ဆန်းသလား ဝင်းကြည်။ မင်းစဉ်းစားကြည့်လေ"

စိုးသိမ်းသည် စပို့တင်းကုတ်အနက်၏ ကော်လံတွေကို ဖြန့်လိုက်၏။ ဝင်းကြည်တွင် အနွေးထည် ပါမလာသည့်အတွက် သူ့ဆွယ်တာလက်ရှည်ကို ပေးဝတ်ခိုင်းထားသည်။ စိုးသိမ်း စကားအသွားအလာကို ထောက်ချင့်ရခြင်းအားဖြင့် စိုးသိမ်းသည် အစိုးရက တစ်ဖက်၊ အမှုထမ်း အရာထမ်းများနှင့် ကျောင်းသားများ၊ ဈေးသည်များက တစ်ဖက် အကြိတ်အနယ် ဆင်နွှဲတော့မည့် ဗိုလ်လုပွဲ၌သာ စိတ်အားထက်သန်နေသည်ဟု ဝင်းကြည်က ထင်မိလေသည်။

"အခြေအနေဆိုးလာတာ ဆန်းသလားဆိုတော့ မဆန်းပါဘူး စိုးသိမ်း။ ဒါပေမဲ့ အခုထိ မှာ ပေါ့ပေါ့တွက်လို့ မရဘူးကွာ။ မင်းတို့ ရန်ကုန်မှာ ဘာလုပ်ကြမလဲ။ ငါက မအူပင် ပြန်သွား ပြီး ဘာလုပ်ရမလဲ။ အဲဒါ ပြတ်ပြတ်သားသား သိဖို့လိုတယ်"

ဝင်းကြည်၏ အမေးကို စိုးသိမ်းက အဖြေမပေးနိုင်ဘဲ ငိုင်နေသည်။ ဘာလုပ်ကြမည်နည်း ဟူသော ပြဿနာသည် စိုးသိမ်းနှင့် ဝင်းကြည်တွင်သာမက လူတိုင်းလူတိုင်းတွင် ပေါ်ပေါက် သော ပြဿနာဖြစ်၏။

"ရန်ကုန်က ကျောင်းသားခေါင်းဆောင်တွေထဲမှာလည်း ဝိဝါဒ ကွဲနေကြတုန်းပဲ ဝင်း ရာ။ စာရေးသမဂ္ဂ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်ကို ဖမ်းလိုက်တာ ဒေါပွတဲ့လူ၊ ရှားပေါးစရိတ် နှစ်ဆယ်ဖြတ်ဖို့ လူ ၂၅ ရာနှုန်းလျှော့ဖို့ အစိုးရက ကြံတာ မတရားဘူးဆိုပြီး အမှုထမ်းပေါင်း လက်တွဲ တိုက်ပွဲဝင်ချင်တဲ့ လူနဲ့၊ ကေ အင် ဒီ အို ကို တိုက်ချင်တဲ့ လူနဲ့၊ ငြိမ်းချမ်းရေး ကြိုး

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ လူနဲ့ အမျိုးမျိုး ဖြစ်နေကြတယ်။ ဒီလောက် အခြေအနေ ရှုပ်ထွေးနေတဲ့ အကြားမှာ တစ်ယောက်နဲ့ တစ်ယောက် သဘောကွဲလွဲမှုတွေတော့ ပေါ်ကောင်းပေါ်မှာ သေချာတာပဲ။ တစ်နယ်နဲ့ တစ်နယ်လည်း အခြေအနေမတူဘူး။ ခရိုင်တစ်ခုထဲမှာတောင် မြို့နယ် တစ်နယ်နဲ့ တစ်နယ် တစ်မျိုးစီ ဖြစ်နေတယ် မဟုတ်လား"

"မင်းတို့ ရန်ကုန်မှာ ဘာလုပ်မယ်၊ ငါက နယ်မှာ ဘာလုပ်ရမယ်ဆိုတာ ငါသိဖို့ လာတာကွ"

ဝင်းကြည်က ဤစကားကိုပင် ထပ်ပြောသည်။

"ဒီလိုလုပ်လေကွာ။ မအူပင်ကို မင်းပြန်ဖို့ အခွင့်သာရင် ပြန်နှင့်။ ရန်ကုန်ကတော့ ညွှန်ကြားချက်တွေ၊ သိသင့်သိထိုက်တာတွေ ရောက်အောင် ပို့ပေးပါလိမ့်မယ်။ ငါလည်း မင်းဆီ စာရေးနေမှာပဲ"

ဝင်းကြည်သည် စိတ်လေးလေးနှင့်သာ ရန်ကုန်မှ ပြန်ခဲ့ရ၏။ မေမြို့ဘက် သွားမည့် ရေတပ်မတော် တိုက်သင်္ဘောတစ်စင်းနှင့် ကြုံသည်။ လိုက်လို့ရ လိုက်ဟု စိုးသိမ်း၏အစ်ကို ကိုစိုးတင်က ပြောကာ စီစဉ်ပေးသဖြင့် လိုက်ခဲ့ရသည်။ ရေတပ်မတော် တိုက်သင်္ဘောဖြင့် ဝင်းကြည် ရန်ကုန်မြေမှ အခွာတွင် အင်းစိန်ဘက်မှ ပထမဆုံးသော သေနတ်သံများ ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။ တိုက်ပွဲအကြီးအကျယ် ဖြစ်နေပြီဆိုသော သတင်းစကားသည် ယမ်းခိုးယမ်းငွေ့များနှင့်အတူ ရန်ကုန်ဒေသတစ်ဝိုက်တွင် ပျံ့နှံ့လျက်ရှိသည်။

ဝင်းကြည်ကား တိုးမြစ်၏ ရေအလျဉ်အတိုင်း ပြန်၍ ဆန်တက်လာရပြန်သည်။ တွံတေးတူးမြောင်း၊ လှိုင်မြစ်နှင့် တိုးမြစ် ရေပြင်ကား ယမ်းခိုးယမ်းငွေ့များဖြင့် တလူလူ ဝေနေလေပြီ။

× × ×

"ဒွာနချုပ်ရဲ့ သဘောထားကတော့ သပိတ်တိုက်ပွဲ ဝင်တဲ့ ဥပဒေတွင်းနည်းကို အသုံးပြုဖို့ပဲ။ ဒီလို ဥပဒေတွင်းနည်းကို မသုံးနိုင်ရင် တောခိုရုံပဲ။ ရော့၊ ယောဒီမှာ အသေးစိတ် ညွှန်ကြားချက်။ ကျွန်တော်တို့တော့ ပုသိမ်တောင်ပိုင်း တစ်ပိုင်းလုံး မြေအောက်ဆင်းကြပြီ"

ကိုအောင်ကြူ ရောက်လာသည်။

ကိုအောင်ကြူသည် ပုသိမ်မှ ကျောင်းသားခေါင်းဆောင်ဖြစ်ပြီး ရန်ကုန်မှ ပူပူနွေးနွေး ပြန်လာသူ ဖြစ်၏။ စိုးသိမ်းက ရေးလိုက်သည့်စာနှင့် ညွှန်ကြားချက်တွေလည်း သူနှင့်အတူ ပါလာသည်။ ကေအင်ဒီအို အလံထူကာ ဆက်ခြေသေး ခုတ်မောင်းနေသော ကြားမော်တော်ကလေးဖြင့် လိုက်လာခြင်း ဖြစ်သည်။

"ရန်ကုန်က စာရေးစာချီတွေရဲ့ သပိတ်အင်အားက ၉၅ ရာခိုင်နှုန်းလောက်ရှိတယ်။ စာရေးစာချီ အားလုံးလိုလိုပေါ့ဗျာ။ ကျောင်းသားတွေကဆို ရန်ကုန်တစ်မြို့လုံးကို စီးထားမိသလောက် အင်အားတောင့်နေတာ။ ဖ.ဆ.ပ.လက ဒီသပိတ်ကို ကေအင်ဒီအို ပုန်ကန်မှုနဲ့ ဆက်စပ်ပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်စက်စက် ဖိနှိပ်နေတယ်။ စင်ပြိုင်အဖွဲ့တွေ ထောင်ပြီး စင်ပြိုင်ဆန္ဒပြပွဲတွေ လုပ်ခိုင်းတယ်။ ဒါပေမဲ့ မရပါဘူး"

"ခင်ဗျားတို့ ပုသိမ်ကတော့ တစ်ခါတည်း မြေအောက် ဆင်းမယ် ဟုတ်လား"

"ဟုတ်တယ် ကိုဝင်းကြည်။ မဆင်းလို့ မရဘူး"

"နို့ ရန်ကုန်မှာရော"

"ဟာ၊ ဖိနှိပ်ရေး ယန္တရားကတော့ မပြောနဲ့ဗျို့။ မီးကုန်ယမ်းကုန်ပဲ။ ဥက္ကဋ္ဌကြီး ဦးထွန်းအောင်ကျော်ကို ဇန်နဝါရီလထဲမှာ ဖမ်းလိုက်ပြီးတဲ့ အချိန်ကစပြီး အခုအထိ ဆက်တိုက် ဖမ်းတုန်းပဲ။ ကျောင်းသားတွေကိုလည်း ဖမ်းနေတာပဲ။ ရန်ကုန်ထောင်တောင် ဆန့်ပါတော့မလား မသိဘူး။ ကဲ၊ ကျွန်တော် ပုသိမ်ကို အရောက်ပြန်ရဦးမယ်ဗျာ။ ခရီးစရိတ်တော့ ခင်ဗျား ရှာပေးလိုက်ဦး"

ကိုအောင်ကြူက ရန်ကုန်သတင်းတွေကို တစ်ဝကြီး ပြောကာ ပုသိမ်သို့ ပြန်လည် ထွက်ခွာသွားသည်။

ဝင်းကြည်သည်လည်း မြမော်၊ တင်ရွှေ စသည်တို့နှင့် နေ့ရောညပါ ခေါင်းချင်းရိုက်ရလေတော့သည်။ ကေအင်ဒီအိုတို့၏ လက်နက်ကိုင် ပုန်ကန်ထကြွမှုမှာ ကြီးမားသည်ထက် ကြီးမားလာသည်။ သတင်းဆိုးတွေ တစ်ခုပြီး တစ်ခု ရောက်လာသည်။ ညောင်တုန်းအပိုင် စကွေ့ရွာကို မီးရှို့ရာ အိမ်ခြေ ၈၀၀ ပြာကျသွားသည်။ မလက်တိုရွာကို မီးရှို့ပြီး လူ ၂၅၀ ခန့်ကို သတ်ပစ်ရာ လူပေါင်း ၁၅၀၀ ကျော် မြို့သို့ ပြေးတက်လာကြသည်။ သောင်တူ ချောင်းအတွင်းရှိ တမန်ကလေးရွာတွင် ဗမာတွေကို ဝင်သတ်သွားသည်။ ပန်းတနော်ကို သိမ်းသည်။ ညောင်တုန်းကို သိမ်းသည်။

အစိုးရကလည်း ကေအင်ယူကို မတရားသင်း ကြေညာရလေပြီ။

မအူပင်တွင် ဒုက္ခသည် စခန်းတွေ တိုးပြီးရင်း တိုးလာသည်။ ဒုက္ခသည်စခန်း တိုးသလို ဒုက္ခသည် ဦးရေမှာလည်း တိုးလာသည်။ မလက်တိုက ပြေးလာရသူများအနက် ဦးမြတ်သော် တစ်ယောက် ပါလာသည်။ ဦးမြတ်သော်သည် ဟိုစဉ်ကအတိုင်း ဆေးလိပ် အခဲမပျက်။ အေးအေးတည်ငြိမ်လှသေးသည်ကို အံ့ဖွယ်လိလိ တွေ့ရသည်။ သို့ရာတွင် ဦးမြတ်သော်မှာ အလွန်တရာ စိတ်ထိခိုက်လျက် ရှိနေသည်ကိုလည်း ဝင်းကြည် ရိပ်စားမိ၏။ လူ ၂၅၀ ခန့်ကို အဘယ်ပုံ သွေးအေးအေးဖြင့် သတ်ဖြတ်ပစ်သည်ကို ဦးမြတ်သော်က ပြောပြသည်။ ရက်စက်ကြမ်းကြုတ်ရာ၌ ကမ်းကုန်နေပြီဟု ဆိုသည်။

"ဒါနဲ့ ကိုဘတင် တစ်ယောက်ကော ဦးမြတ်သော်"

ဝင်းကြည်က ကိုဘတင်ကို လှစ်ခနဲ သတိရသည်။

"ပြည်သူ့ရဲဘော် တောခိုကတည်းက ခိုသွားတယ်။ ကရင်တွေ ပုန်ကန်တယ်ဆိုတော့ ရွာကိုပြန်လာပြီး ကာကွယ်ရေး လုပ်တာပဲ။ အဲဒါ အခုနောက်ဆုံး တိုက်ပွဲမှာ ကျသွားတယ်"

"ဟုတ်လား ဦးမြတ်သော်"

www.burmeseclassic.com

www.burmeseclassic.com



"အေး"

ဦးမြတ်သော်က တစ်လုံးတည်းသော အဖြေကိုသာ ပေးလေ၏။ အဖြေမှာ တစ်ခွန်းတည်းသာ ဖြစ်သော်လည်း အဓိပ္ပာယ်လွန်စွာ ရှိလေသည်။

"ဖြစ်ပုံတွေ ပြောရမှာတောင် ရင်နာတယ် မောင်ဝင်းကြည်။ တို့ရွာကို ခေါင်းဆောင်ပြီး တိုက်တာ ဘယ်သူလဲ သိလား။ စောချစ်လေကွာ စောချစ်။ မင်း စာဖြူရေက စောချစ်"

ဝင်းကြည်ကား ထုံထိုင်းနေလေပြီ။

မလက်တိုကို ဦးဆောင်တိုက်ခိုက် ဖျက်ဆီး မီးရှို့သူကား ဦးစောချစ်။ သူ့ကို ခုခံကာကွယ်ရင်း ကျဆုံးသူကား ကိုဘတင်။

တိုက်ရေးခိုက်ရေးတွင် တက်ကြွ ဖျတ်လတ်သော ကိုဘတင်၊ သူ့ရွာသူ့ရွာသားတွေကို စုစည်းလှုပ်ရှားရာတွင် သူ့မတူအောင် ထူးချွန် လျှင်မြန်လှသော ဦးစောချစ်။ ဖက်ဆစ်တော်လှန်ရေးကြီးအတွင်း သေမကွဲ ရှင်မကွာ သူတို့နှစ်ယောက် အတူတိုက်ခဲ့သည်။ ကျောချင်းကပ်၊ ရင်ချင်းအပ်၊ လက်ချင်းချိတ်ကာ အတူတကွ ရင်ကော့ တက်ခဲ့ကြသည်။ မလက်တိုကို သူတို့၏ ဌာနေ ပြောက်ကျား ဌာနချုပ်အဖြစ် အခက်အခဲများစွာတို့အကြားမှ တည်ဆောက်ခဲ့သည်။ ဖက်ဆစ်စနစ်ဆိုးအောက်တွင် အိမ်တစ်လုံး မီးမလောင်ခဲ့သော မလက်တိုကား ယခု ရွာလုံးကျွတ်မျှ ပြုတ်ပြုတ်ပြုန်းခဲ့ရလေပြီ။ မျိုးချစ်စိတ်ကြီးမားသော၊ တိုက်ရည်ခိုက်ရည်အရာ၌ ကျားသတ္တဝါလို ပိုင်နိုင်၍ နယ်မြေကိုလည်း ထုံးလိုချေ ရေလိုနှောက် ကျွမ်းကျင်သော ကိုဘတင်ကား ဦးစောချစ်၏ လက်ချက်ဖြင့် ကျဆုံးသွားလေပြီ။

ဝင်းကြည်သည် ဤမျှ ရှုပ်ထွေးပွေလီလှသော ကမ္ဘာမြေမှ ထွက်ပြေးချင်စိတ် ပေါက်လာ၏။ လွတ်ရာကျွတ်ရာ၊ နားအေးရာသို့ အရောက်သွားလိုလှ၏။ သောက ဗျာပါဒတို့၏ ဖမ်းစားထားခြင်း ခံနေရသော စိတ်ပန်းလူပန်း အဖြစ်အပျက်တွေကို ထာဝစဉ် မေ့ပျောက်ထားလိုက်ချင်၏။

သို့သော် ဆန္ဒသည် ဆန္ဒသာ ဖြစ်၏။ လက်တွေ့တွင်ကား ဤဝဲဩဃ၌ ရုန်းကန်းရင်း၊ တိုက်ခိုက်ရင်း နစ်ချီတစ်ခါ၊ ပေါ်ချီတစ်လှည့် ကူးခတ်ရန်မှအပ အခြားနည်းလမ်းဟူ၍ မရှိတော့သည့် အဖြစ်ကိုမူ သူ သဘောမပေါက်ချင်ဘဲ ပေါက်လာရလေတော့သည်။

## အခန်း ၃၂

ရွက်ဟောင်းတွေလည်း ကြွေကြပြန်၏။

နွေရတု၏ လောကတစ်ခွင်သည် မတည်မြဲသော သဘောနှင့် အသစ်ဖြစ်သော သဘောကို ပေါင်းရုံး ဖော်ပြလျက်ရှိသည်။ လေပြည်လေညင်းက သွန်းလောင်း ဖော့ယမ်းသော အခါများ၌ ညှာညှောင်းသည့် ရွက်ဟောင်းတို့သည်လည်း မြေပြင်ပေါ်သို့ ဝဲပျံ ကျဆင်းလာကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေသည် ရှက်သွေးဝင်သော အပျိုဖြန်းသဖွယ် မခို့တရို့ သီကာ ရစ်ကာ တိုက်၏။ သစ်ရွက်တို့ကား ဝါရော်တစ်ဝက်၊ စိမ်းတစ်ဝက် အသွေးကို ဆင်မြန်းကြ၏။ ချောင်းတွေ မြောင်းတွေ၌ ရေသည် ခန်းခြောက် လျော့နည်းလာကြ၏။ နွေ၏ အဆင်းသဏ္ဌာန်သည် စုတ်ချက်စုံလှသော ပန်းချီကားချပ်ကဲ့သို့ စိမ်းလည်းစိမ်း၊ ဝါလည်းဝါ၏။ အချို့နေရာတွင် အပြာနှင့် အညို နှောလိုက်သေး၏။

၅ လမ်းရှိ သမဂ္ဂရုံးခန်း အတွင်းသို့ တင်ရွှေသည် ကမန်းကတန်း ဝင်ရောက်လာ၏။ သူ့နဖူးပြင်တွင် ချွေးစက်ချွေးပေါက်များ စို့ဆိုင်းလျက်ရှိသည်။ ခရီးဝေးမှ အပြင်းလာခဲ့ရသူပမာ မောဟိုက်နေသည်။

"အေဘီအမ်မှာ တိုက်ကုန်ကြပြီ"

ခရီးရောက်မဆိုက် အမောတကော ပြောသည်။

"ဘယ်သူက စတိုက်တာလဲ"

မြမော်က မေးလိုက်၏။ ဝင်းကြည်ကား ငြိမ်၍ နားထောင်နေလေ၏။ မြမော်သည် လူနည်းနေပြီဖြစ်သည့် သမဂ္ဂအတွက် လှဦး၊ ခင်မောင်လေး၊ ဟန်စောနှင့် မောင်စိုးတို့ကို အချိန်ပြည့်ရှိစေရန် စုစည်းထား၏။ တစ်ခုခု လုပ်ရတော့မည်ဟုလည်း သူ နားလည်နေဟန် တူသည်။ ယင်းသို့မှ မစုစည်း၍လည်းမဖြစ်။ စိုးသိမ်း၊ ဝင်းမောင်၊ တင့်အောင်၊ ဖုန်းမြင့်၊ မောင်ညွန့် စသူတို့ မရှိတော့သည့်အတွက် လူအင်အား ဖြည့်တင်းရန် လိုနေသည် မဟုတ်လော။

"ဒီလိုကွာ။ ကေအင်ဒီအို ၂ ယောက်က လက်နက်အပြည့်အစုံနဲ့ မြို့ထဲ ဝင်ဖို့လာရော။ တောင်ပိုင်းမှာရှိတဲ့ တပ်ရင်း ၄ ကင်းက တားတယ်။ မြို့ထဲဝင်ချင်ရင် လက်နက်ထားခဲ့ပါဆိုတော့ မထားနိုင်ဘူး။ မဝင်ရရင်နေ ဆိုပြီး ကင်းစခန်းရှေ့မှာ တစ်ယောက်က သေနဲ့ ပန်းတယ်တဲ့။ ရဲဘော်တွေကလည်း စိတ်မထိန်းနိုင်တော့ အဲဒီ နှစ်ယောက်ကို ဖြောင်းပလိုက်ရော။ ဒီလိုလည်း ဖြောင်ရော၊ အေဘီအမ်ဘက်က စပစ်တယ်တဲ့။ အဲဒီမှာ တိုက်ကြတာပဲ။ ဟော သေနတ်သံတွေ မကြားဘူးလား"

မှန်၏။ အေဘီအမ် ကျောင်းဘက်ဆီမှ ဆူညံသော သေနတ်သံတွေ ပေါ်ထွက်လာလေပြီ။

အမှန်စင်စစ်အားဖြင့် ယနေ့အဖို့ရာ၌ သူတို့သည် 'ရှေ့ဘာလုပ်ရမည်နည်း' ဟူသော ပြဿနာကို အဖြေရှာရန် သမဂ္ဂ၌ စုဝေးနေကြခြင်းသာ ဖြစ်၏။ သပိတ်မှောက်မည်လော၊ တောခိုကာ အစိုးရကို လက်နက်ကိုင် တိုက်မည်လော။

ယင်းပြဿနာ၏ အဖြေကို ရှာမတွေ့နိုင်မီ အချိန်မှာပင် တင်ရွှေ ရောက်လာခြင်း၊ တိုက်ပြီဆိုသော သတင်းနှင့် သေနတ်သံတွေပါ ကြားရခြင်း ဖြစ်လေသည်။

"လာ၊ အခြေအနေ သွားကြည့်ကြရအောင်။ ငါရယ်၊ ဝင်းကြည်ရယ် သွားမယ်။

www.burmeseclassic.com



တင်ရွှေလည်း လိုက်ခဲ့။ မင်းတို့ နေခဲ့ကြ။ ဒုက္ခသည်စခန်းတွေက ဘာလိုသလဲဆိုတဲ့ သတင်းကို နားထောင်"

မြမော်သည် စစ်တပ်တစ်တပ်ကို အမိန့်ပေးသည့်ပမာ ခန့်ခွဲနေ၏။ ထို့နောက် သုံးယောက်သား ခပ်သုတ်သုတ် ထွက်လာကြသည်။ အဘေီအမ်ဘက်သို့ သွားရောက်ကြမည်။ တစ်မြို့လုံးမှာ လူအသွားအလာ စဲသွားသည်။ ဆိုင်တွေပိတ်၊ ဈေးတွေပိတ်၊ အိမ်တံခါးတွေ ပိတ်ကာ တိတ်ဆိတ်နေကြသည်။

သေနတ်သံတွေမှာ ကျယ်သည်ထက် ကျယ်လာသည်။

"တာရိုးအတိုင်း သွားရအောင်။ ဒါမှ ပုန်းရ ရှောင်ရ လွယ်မယ်" ဟု မြမော်က ပြောသည်။

ကမ်းနားလမ်းဘက်သို့ အရောက်တွင် လမ်းမပေါ်မှ မသွားဘဲ တာရိုးအတိုင်း ဆေးကပ်၍ လာခဲ့ကြသည်။ စစ်သားတွေ အပြည့်တင်ထားသော စစ်ကားများသည် ကမ်းနားလမ်းအတိုင်း အဘေီအမ် ကျောင်းဘက်သို့ တရကြမ်း မောင်းချသွားကြသည်။ မြို့၏ မြောက်ဘက်အစွန်တွင် ကျောက်ချရပ်ထားသော တိုက်ရေယာဉ် တစ်စင်းသည် အဘေီအမ် ကျောင်းရှိရာ တောင်ပိုင်းသို့ တစ်ဟုန်ထိုး ခုတ်မောင်းသွားသည်။ မကြာမီ တိုက်ရေယာဉ်မှ ပစ်ခတ်လိုက်သော ဖော်ဖာ စက်အမြောက်သံများလည်း ကျယ်လောင် ပြင်းထန်စွာ ပေါ်ထွက်လာလေ၏။

မြို့၏ တောင်ဘက်အစွန်ဆုံးမှ တပ်မတော် ကင်းစခန်းနားသို့ အရောက်တွင် သူတို့ ရှေ့ဆက်သွား၍ မရတော့။ ရှေ့တန်း စစ်မျက်နှာသည် လက်တစ်ကမ်းအကွာတွင် ရှိနေ၏။ ကျည်ဆန်များကား တရွှီးရွှီး ဖြတ်သန်း ပြေးလွှားလာကြသည်။ ထို့ကြောင့် တာရိုးနံဘေးတွင် ဝပ်ကာ အခြေအနေကို ကြည့်ကြသည်။

ကေအင်ဒီအိုတို့၏ ရှေ့တန်းကာကွယ်ရေး အပြင်စည်းမှာ ကျိုးပေါက်သွားလေပြီ။ တပ်မတော်မှ ရဲဘော်များသည် အဘေီအမ်မှ ကေအင်ဒီအို အခိုင်အမာစခန်းကို ပစောက်ပုံသဏ္ဌာန်ဝိုင်းကာ သဲသဲမဲမဲ တိုက်ခိုက်နေ၏။ ရှေ့တန်းကာကွယ်ရေး အပြင်စည်း ကျိုးပေါက်သွားသည်နှင့် တစ်ပြိုင်တည်း ကေအင်ဒီအိုတို့၏ မောင်းပြန် လက်နက်ကိုင် တပ်သားများက နောက်သို့ ဆုတ်ခွာကြသည်။ ထိုအခါ တပ်မတော်သားတွေကလည်း စစ်ခြေကြွ အနေအထား ဖြစ်နေသည့် အခွင့်ကောင်းကိုယူလျက် ဖိတိုက်သည်။ သို့နှင့် ဟိုဘက်က တစ်ဆင့်ပြီးတစ်ဆင့် ဆုတ်လိုက်၊ သည်မှာဘက်က တစ်ဆင့်ပြီးတစ်ဆင့် တက်လိုက်။

မြေပြင်မှာ စစ်ခြေကြွ ဖိတိုက်ခြင်း၊ ရေပြင်မှ ဖော်ဖာ စက်အမြောက်ဒဏ်က ပြင်းထန်လှခြင်း၊ ယခုထက်ပိုကြာလျှင် ဝိုင်းဝန်း ချေမှုန်းခံရတော့မည်ကို နားလည်ခြင်း စသော အကြောင်းများကြောင့် ကေအင်ဒီအိုတို့သည် လက်နက်အချို့နှင့် ကျဆုံးမှုအချို့ကို ထားခဲ့ကာ ပေါ်တော်မူဘက်သို့ လျင်မြန်စွာ ဆုတ်ခွာသွားကြသည်။ တပ်မတော်သားတွေကား အဘေီအမ် စခန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



လုံးကို ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက်မိပြီ ဖြစ်သည်။ အီးဝိုင်၊ အမ်နိုင်း အေဝမ်းနှင့် ဇော်ဖာ စက်အမြောက်ကျည်တို့၏ဒဏ်ကြောင့် ကျောင်းအဆောက်အဦမှာ မီးဟုန်းဟုန်း တောက်လောင်နေလေပြီ။

"အေဘီအမ် မီးလောင်နေပြီဗျို့"

ဝင်းကြည်က အော်လိုက်သည်။ "ဘာဖြစ်လို့များ မီးရှို့ပစ်ရတာလဲ မသိဘူး" ဟု လည်း တစ်ဆက်တည်းလိုလိုပင် ညည်းတွား ရေရွတ်သည်။

"ရှို့ရမှာပေါ့ကွ။ နောက်တစ်ခါ ဒီနေရာကလာပြီး တစ်မြို့လုံးကို ဒုက္ခပေးဦးမှာ"

မြမော်က ခါးခါးသီးသီး ပြော၏။

"မရှို့စေချင်ဘူးဗျာ။ သူတို့ကျောင်းဗျ။ သူတို့အားထားခဲ့တဲ့ကျောင်း။ ဒီကျောင်း မီးလောင်သွားရင် သူတို့ ပိုပြီး စိတ်နာတော့မပေါ့"

"ဟေ့ကောင်၊ ဒါစစ်ကွ၊ စစ်။ တစ်ဖက်နဲ့ တစ်ဖက် ငြိမ်းငြိမ်းချမ်းချမ်း နေမရတော့လို့၊ ဘယ်လိုမှ စေ့စပ်မရတော့လို့ တိုက်နေကြပြီပဲဟာ။ ကျောင်းမီးလောင်လို့ စိတ်ပိုနာမှာလောက်တွက်နေကော ဘာထူးဦးမှာလဲ"

တင်ရွှေကား ဘာမျှမပြော။

တင်ရွှေသည် မျက်စိမျက်နှာ ပျက်နေ၏။ ကရင်အစစ်ဖြစ်ကာ ကရင်တောတွင် နေလျက် ကရင်သွေး ကရင်ဇာတိ အပြည့်အဝရှိသော တင်ရွှေသည် ဤရှုခင်းကို ကြည့်ကာ အဘယ်မှာလျှင် စိတ်ကောင်းနိုင်ပါတော့မည်နည်း။

အေဘီအမ်ဘက်တွင် ယမ်းခိုးယမ်းငွေ့တွေ တလူလူဝေနေ၏။ မီးတောက်မီးလျှံများ၊ မီးဆွယ် မီးပွားများ တဟုန်းဟုန်း ထိုးထွက်နေ၏။ မြင့်မားလှသည့် ကုက္ကိုပင်ကြီးများနှင့် သရက်ပင်ကြီးများကိုပါ မီးကူးစက်လျက်ရှိသည်။

"နေဦးကွ။ ဒီအတိုင်းဆို မြို့အဝင်အထွက် လုံးလုံးပိတ်ပစ်လိမ့်မယ်နဲ့ တူတယ်။ တင်ရွှေ၊ မင်း မြို့ထဲပဲနေမလား၊ တရုတ်လပ်ကို ပြန်မလား"

မြမော်က ငိုင်နေသော တင်ရွှေကို မေးသည်။

"အဘိုးကြီးနဲ့ အဘွားကြီးက စိတ်ပူနေမယ်ကွာ။ ငါပြန်မှ ဖြစ်မယ်"

"နေဦး၊ မင်းတစ်ယောက်တည်း ပြန်လို့မဖြစ်သေးဘူး။ ငါတို့ လိုက်ပို့မယ်။ အရေးပိုင်အိမ်ဂိတ်က မင်းထွက်နိုင်ရင် ပြီးတာပဲ မဟုတ်လား"

တင်ရွှေက ခေါင်းညိတ်သည်။ သူတို့ သုံးယောက်သား အေဘီအမ် ရှုခင်းကို ကျော ခိုင်းကာ မြောက်ပိုင်းသို့ ခြေကုန်သုတ် ပြန်လျှောက်ကြပြန်၏။ မြို့၏ တောင်ပိုင်းမှ မြောက်ပိုင်း သို့ ပြန်လျှောက်ရသည်မှာ မသက်သာလှ။ သို့သော် တင်ရွှေအတွက် အရေးကြီးနေသဖြင့် မောရ ပန်းရသည်ကို သတိမထားမိနိုင်လောက်အောင် ဖြစ်ကြရသည်။

အရေးပိုင်အိမ်ဂိတ်တွင် တင်ရွှေကို မလွှတ်နိုင်ဟု တားနေသေးသည်။ မြမော်နှင့် ဝင်းကြည်

www.burmeseclassic.com

www.burmeseclassic.com



က မိမိတို့သည် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်များဖြစ်ကြောင်း၊ တင်ရွှေသည် မိမိတို့နှင့်အတူ နှစ်ပေါင်းများစွာ အတူတကွ ကျောင်းနေခဲ့ကြသော ခင်မင်ရင်းနှီးသည့်မိတ်ဆွေ ဖြစ်သည့်အပြင် ယခုအရေးအခင်းများ၌ လုံးဝ ပါဝင်သူမဟုတ်ကြောင်း အတန်တန် ရှင်းပြမှ သွားခွင့်ပြုလေသည်။

"ကဲ၊ သူငယ်ချင်း သွားပေတော့"

ဝင်းကြည်က တင်ရွှေ လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း နှုတ်ဆက်သည်။

တင်ရွှေသည် မျက်စိမျက်နှာ ပျက်လျက်ရှိ၏။ ဝင်းကြည်နှင့် မြမော်၏ လက်ကို သူ့ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း စကားမပြောနိုင်ပဲ မျက်ရည်လည်သော မျက်လုံးများဖြင့် ကြည့်နေ၏။

"မင်းတို့ မိသားစု ဘေးကင်းရာကို ရွှေ့နေကြကွာ။ အခြေအနေကတော့ မင်း မြင်တဲ့ အတိုင်းပဲ။ သိပ်ကိုဆိုးနေပြီ။ တကယ်လို့ အခွင့်သာလို့ မြို့ထဲ ပြန်နေချင်ရင်တော့ ပြန်လာခဲ့။ ငါတို့ရှိတယ်။ ဟုတ်လား သူငယ်ချင်း"

မြမော်က အားပေးပြန်သည်။

"တို့ ဘယ်တော့ ပြန်တွေ့ရမလဲ မသိဘူးကွာ" ဟု တင်ရွှေက ဆိုသည်။ သူ၏ ပါးလျားသော နှုတ်ခမ်းအစုံသည် တုန်ယင်နေ၏။ မျက်လုံးအိမ်တွင်ကား သိသိသာသာ မျက်ရည်များ ဝိုင်းနေလေပြီ။

"တစ်နေ့တော့ တွေ့ကြရမှာပေါ့ သူငယ်ချင်းရာ။ မင်းတို့သာ ဘေးကင်းအောင် နေကြ။ ကဲ သွား သွား။ မင်း ဖာသာနဲ့ မာသာက မျှော်လှရောမယ်။ အချိန်လည်း နည်းလှပြီ"

ဝင်းကြည်က ပြောပြောဆိုဆို ဆွဲထားသောလက်ကို လှုပ်ယမ်းကာ နှုတ်ဆက်သည်။ တင်ရွှေသည် ချာခနဲ လှည့်ထွက်ကာ တာရိုးအတိုင်း တရုတ်လပ်ဘက်သို့ ထွက်ခွာသွားလေ၏။

သူတို့ သူငယ်ချင်းအားလုံးက 'ပတ်ကညော' ဟု ချစ်စနိုး ခေါ်ဝေါ်ကြသော ကရင်ကလေး တင်ရွှေလည်း မြို့တွင်းမှ ထွက်ရလေပြီ။

× × ×

အခြေအနေမှာ တစ်နေ့တခြား ဆိုးသည်ထက် ဆိုးလာသည်။

ခေတ်ကာလသည် ရွှေ့လျော ပျက်သုဉ်းနေသည်နှင့်သာ ပိုတူနေ၏။ စက္ကန့်တိုင်း၊ မိနစ်တိုင်း၊ နာရီတိုင်း၊ နေ့တိုင်း သတင်းဆိုးတွေကိုသာ မပြတ်မလပ် ကြားနေရသည်။

ပန်းတနော်ကို ဗမာ့တပ်မတော်တပ်ရင်း ၄ မှ တပ်ခွဲတစ်ခွဲက ပြန်တက်သိမ်းလိုက်သည်နှင့် ကေအင်ဒီအိုတို့ ပန်းတနော်မှ ထွက်သွားကြသည်။ သို့သော် ယခု ပန်းတနော်ကို ယင်းတို့က အလုံးအရင်းဖြင့် ပြန်လည် ပိတ်ဆို့ထားလေပြီ။

ညောင်တုန်းကိုလည်း ကေအင်ဒီအိုတို့ လက်မှ ပြည်သူ့ရဲဘော်တွေက သိမ်းပိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ဖန် ညောင်တုန်းသို့ တက်သွားသော အစိုးရတပ်က ပြည်သူ့ရဲဘော်တွေကို မောင်းထုတ်လိုက်ပြန်သည်။ ထို့ကြောင့် ပြည်သူ့ရဲဘော်များသည် အင်းစိန်တွင် ကရင်ကို တိုက်ရန် ဘောလယ်ကျွန်းဘက်မှ ဖြတ်၍ ချီတက်မည့် အကြံအစည်ကို လက်လျှော့ကာ စံကင်းဖက်ကမ်းမှ ဖြတ်လျက် ဓနုဖြူမြို့ကို ဝင်သိမ်းလိုက်သည်။ ဓနုဖြူရှိ မြို့ခံ ကျောင်းသားအင်အားစုတွေနှင့် ပေါင်းကာ မြို့ကို အုပ်ချုပ်နေသည်။ သို့ရာတွင် ယင်းအနေအထားသည် စိတ်ချရသော အနေအထားမဟုတ်။

မြောင်းမြနှင့် အိမ်မဲဘက်မှနေ၍ ကျောင်းကုန်း၊ အသုတ်၊ ရေကြည်နှင့် ကျုံပျော်ကို ဖြတ်ကာ အလုံးအရင်းနှင့် တက်လာသော ကေအင်ဒီအို တပ်တွေက ဓနုဖြူမြို့ကလေးကို ဂဏန်းလက်မလို ညှပ်ထားရန် ကြိုးပမ်းနေသည်။ ကေအင်ဒီအိုများသည် ယင်းတို့ အင်အား တောင့်တင်းသော ဟသ်ာတတောင်ပိုင်းမှ အရှေ့ဘက်၊ ဆကာကြီး စသည်တို့ကို ဖြတ်ကာ ဓနုဖြူ တစ်ဖက်ကမ်း စံကင်းသို့ လှမ်းဆင်းလာကြသည်။

မအူပင်၏ အနေအထားမှာလည်း ဤနည်းနှင်နှင်ပင် ဖြစ်၏။ ကေအင်ဒီအို တပ်များသည် ရွှေတောင်မော်၊ ကျားပြန်၊ ဖိုးအိုင်ငူဖက်တွင် မော်လမြိုင်ကျွန်းနယ်နှင့် တိုးလျှိုးပေါက် ဖြတ်သန်းနေကြသည်။ အောက်ထုံး၊ ကျွဲတုံး၊ ဖျိုင်းဆယ်၊ စစ်ချောင်း၊ ကျွဲဂုတ် စသော အဓိကရ ရွာကြီးတွေကို သိမ်းပိုက်ထားကြသည်။ ကျွဲဂုတ်မှတစ်ဖန် တိုးမြစ်ရိုးအတိုင်း ငါးဖယ်အို၊ တရုတ်လပ်အထိ သိမ်းပိုက်ထားပြန်ရာ မအူပင်မြို့နယ်၏ အနောက်ဘက်နှင့် မြောက်ဘက် ပတ်ပတ်လည် ရေကာတာရိုးကြီးတစ်ပိုက် သိမ်းထားသည့် သဘောပင် ဖြစ်သည်။ မြောက်ဘက်၌ဆိုလျှင် ပန်တပွတ် ချောင်းရိုးတစ်ခုလုံးကို ခြေကုပ်ယူထားနိုင်သဖြင့် ဖျာပုံခရိုင်နှင့် သူတို့ တပ်အချင်းချင်း ဆက်စပ်ထားနိုင်သည့် အနေအထားမျိုး ရရှိနေသည်။

ကိုချစ်မောင် ဦးစီးသော အလံနီတပ်သားတွေ၏ သတင်းကို မကြားရသော်လည်း ကိုတင်သိန်း ဦးစီးသည့် ကွန်မြူနစ်ပါတီ၏ တပ်အချို့ကား စလင်းဒေါင့်နှင့် ညောင်ပင်ဂရက် အကြားတွင် စခန်းချနေသည်ဟု ကြားရသည်။ မြောက်ဘက်တွင် ဟသ်ာတခရိုင်၊ အရှေ့ဘက်တွင် အင်းစိန်နှင့် ဟံသာဝတီခရိုင်၊ တောင်ဘက်တွင် ဖျာပုံခရိုင်နှင့် အနောက်တွင် မြောင်းမြနှင့် ပုသိမ်ခရိုင်တို့ တည်ရှိရာ စတုရန်းမိုင် တစ်ထောင်ကျော် ကျယ်ဝန်းသော မြစ်ဝကျွန်းပေါ်၏ ရေလမ်းခရီး အချက်အချာဖြစ်သော မအူပင်ခရိုင်သည် ဆန်ကောတွင်း၌ ထည့်လှိမ့်ခြင်း ခံရသည့် ဆီးဖြူသီးပမာ ဆောက်တည်ရာမရ၊ ခိုတွယ်ရာမရှိ၊ ပရမ်းပတာ ဖရိုဖရဲ အနေအထားတွင် ရောက်ရှိနေလေပြီ။

ဟသ်ာတနှင့် ခရိုင်ချင်း စည်းခြားရာ အိုင်ချောင်းရိုးနှင့် မရိုးခ ချောင်းရိုးတစ်ပိုက်တွင် လည်းကောင်း၊ အင်းစိန်နှင့် ခရိုင်နယ်စပ်ချင်း ထိတွေ့ရာ ဘောလယ်မြစ်ပြင်တွင် လည်းကောင်း၊ ဟံသာဝတီနှင့် နယ်နိမိတ်စည်းသပ်ရာ ခတ္တိယရေကျော်နှင့် အဒွန်းချောင်းမြောင်း အင်းအိုင်တစ်ခို တွင် လည်းကောင်း သေနတ်သံတွေ ပွဲထင်ထပ်နေ၏။ မီးခိုးမီးလျှံ တွေ တလူလူ လွင့်တက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်မတော်၏ စစ်သင်္ဘောအချို့ကိုပင် လက်ရ သိမ်းပိုက်ကြသည်။ ရေတပ်မတော်မှ ကရင်အမျိုးသား တပ်သားတွေက သူပုန်ထကာ သင်္ဘောတွေကို သိမ်းပိုက်ပြီးနောက် မြစ်ရိုးတစ်လျှောက် ရောက်ရာပေါက်ရာ လှည့်လည် တိုက်ခိုက်နေကြ၏။

မအူပင်မြို့တွင်း၌လည်း မလုံခြုံ။

တစ်ဖက်ကမ်းသည် တောအုပ်ထူ၏။ မြေအနေအထားကောင်း၏။ တစ်ဖက်ကမ်းတွင် ကေအင်ဒီအိုတွေ အခိုင်အမာ တပ်ဖြန့်ချထား၏။ ရေတပ် တိုက်သင်္ဘောတစ်စီးမှ ဖြုတ်ယူလာသော အော်လီဂန်း စက်အမြောက်ကို ဒေါ်ကျစ်ကားဖြင့် တပ်ဆင်၍ မြို့တွင်းသို့ တစ်ချက်ချင်း စိမ်ပြေနပြေ ပစ်ခတ်နေ၏။ ၂၄ နာရီလုံးလုံး ပစ်၏။

မြစ်တွင်းသို့ ရေချိုးဆင်းသူ၊ ရေဆင်းခပ်သူ မှန်သမျှကို စက်ကလေးများ၊ ဘရင်းဂန်းများဖြင့် ပစ်ခတ်၏။

ထို့ကြောင့် မြစ်ထဲသို့ မည်သူမျှမဆင်းရဲ။ တာရိုးပေါ်မှပင် မလျှောက်ရဲ။ အချိန်မရွေး ကျရောက်ပေါက်ကွဲနေသော အော်လီဂန်း ကျည်ဆန်များကြောင့် အိမ်တွင်း၌ ထိုင်နေရင်း သေဆုံးသူ၊ ထမင်းစားရင်း သေဆုံးသူ၊ လမ်းလျှောက်နေရင်း သေဆုံးသူ သို့မဟုတ် ဒဏ်ရာရသူတွေမှာ တစ်နေ့လျှင် ပျမ်းမျှခြင်း တစ်ဒါဇင်ခန့် ရှိနေသည်။

"ကဲ ဝင်းကြည်၊ ဒီကိစ္စမှာ မင်းနဲ့ငါ ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မယ်။ မြို့ကို ဝိုင်းထားတဲ့ သူတို့အင်အားက မငယ်တော့ဘူး။ အချိန်မရွေး ဝင်တိုက်လို့ရနေပြီ။ အချိန်ကောင်းစောင့်ရင်း တစ်မြို့လုံးကို အမှည့်ခြွေ ခြွေနေတာပဲ။ အဲဒီတော့ တိုက်ရင်း အသေခံမလား၊ သူတို့ ဝင်သတ်သွားတာကို လည်စင်းပြီးခံမလား။ အဲဒါ ရွေးပေတော့"

မြမော်က မေးလေပြီ။

"လည်စင်းပြီးသားတော့ အသေမခံနိုင်ဘူးဗျာ။ သူပစ် ကိုယ်ပစ် ပစ်ရင်း သေမယ်။ ဒါပေမဲ့ ဘယ်မလဲ လက်နက်။ လက်နက်က အရေးကြီးတယ်။ လက်နက်မရှိရင် ဘာမှ လုပ်လို့မရဘူး"

"တပ်ရင်း ၄ ကို တောင်းမယ်"

"ပေးပါ့မလား။ ကျွန်တော်တို့ကိုရော ယုံပါ့မလား"

"ပေးတာ မပေးတာ ယုံတာ မယုံတာကို တွက်မနေနဲ့တော့ဟေ့။ ကျုပ်တို့ ဒီအတိုင်း အသေမခံနိုင်ဘူး၊ လက်နက်ပေးပါ၊ တိုက်မလို့ ရှင်းရှင်း ဖွင့်ပြောမယ်။ ဒါမှ မယုံရင်လည်း မတတ်နိုင်ဘူး။ ဓားရရ၊ လှံရရ ရရာကိုင်မှာပဲ"

"လုပ်လေ၊ နောင်တစ်ချိန်မှာ ကျွန်တော်တို့ဟာ ကရင်ကိုသတ်တဲ့ ဗမာမျက်ကန်း မျိုးချစ်တွေလို့ အပြောခံရမှာပဲ ကျွန်တော် စိုးရိမ်တယ်"

"အေး၊ အဲဒီစိုးရိမ်ချက်ကြီးနဲ့ မင်း သူတော်ကောင်းလုပ်နေ။ မင်းကို သတ်သွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖောင်တစ်ခုလုံး ပျက်နေပြီ။ ပျက်နေတဲ့ ဖောင်ပေါ်မှာ အိပ်နေဦးမယ်လို့များ မင်း စိတ်ကူးသေးသလားကွာ"

မြမော်၏ စကားကို ဝင်းကြည် ဝန်ခံလိုက်လျှောရန်မှအပ အခြားနည်းလမ်း မရှိတော့ပါ။

လက်နက်ကိစ္စအတွက် တပ်ရင်း ၄ က တပ်ခွဲမှူး ဗိုလ်ဘသိန်းနှင့် ဆွေးနွေးရသည်။ ပထမတော့ ဗိုလ်ဘသိန်းက မယုံမကြည် ဖြစ်နေသေးသည်။ ခရိုင်များစွာ၌ ကျောင်းသားတွေ တောခိုကုန်ကြပြီ။ "မင်းတို့လည်း ခိုမှာပဲ" ဟု ဆိုနေချေ၏။ မြမော်နှင့် ဝင်းကြည်ကလည်း အကြိတ်အနယ် ပြောသည်။ တောမခိုချင်၍ မခိုဘဲ နေခဲ့ပြီး ဖြစ်သည်။ ယခု ဇက်ဆင်း၍ အသေမခံလိုသောကြောင့် မြို့ကာကွယ်ရေး၌ တစ်ဖက်တစ်လမ်း အထောက်အကူ လုပ်မည်။ လိုအပ်က မြို့ပြင်ထွက်တိုက်မည်။

တပ်မတော်က လက်နက်ထုပ်မပေးလျှင် ရရာလက်နက်စွဲကိုင်၍ လုပ်စရာရှိတာတွေ ဆက်လုပ်မည်၊ နောက်မဆုတ်လိုတော့ဟု ရှင်းပြကြသည်။ နောက်ဆုံးတွင် ကိုဘသိန်းက ဆိုင်ရာ အထက်အရာရှိများနှင့် တိုင်ပင်ပြီးနောက် တပ်စုတစ်စုစာ လက်နက် အပြည့်အစုံ ထုတ်ပေးသည်။ စိန်ပြောင်းကြီးတပ်စု စခန်းချရာ ရုံးသစ်ကြီးတွင် ကျောင်းသားတပ်စု တစ်စုစာ နေရာပေးမည်၊ အခြေခံစစ်ပညာနှင့် လက်နက်ကိုင်တွယ်နည်း အရေးပေါ် သင်တန်းလည်း တစ်ပါတည်း ဖွင့်ပေးမည်ဟု သဘောတူလေတော့သည်။

မြမော်သည် သမဂ္ဂ၌ ကျောင်းသားရဲခေါင် တာဝန်ခံလုပ်လာသူ ဖြစ်သည့်အတိုင်း သူ မျက်စိကျပြီးသား ကျောင်းသား ၃၀ ခန့်ကို လက်ရွေးစဉ် ရွေးထုတ်လိုက်၏။

သူတို့သည် တပ်ရင်း ၄ ၏ စိန်ပြောင်းကြီးတစ်ခု စခန်းချရာ ရုံးသစ် အဆောက်အဦသို့ ပြောင်းရွှေ့ခဲ့ကြ၏။ ရိုင်ဖယ်၊ စတင်းဂန်း၊ ဘရင်းဂန်းများနှင့် ၂ လက်မ စိန်ပြောင်း ၂ လက် ရထားကြသည်။ တပ်ကြပ်ကြီး ဆရာလှငွေက သင်တန်းတွေ ပေးလေတော့သည်။ နေ့လယ်ဘက်တွင် သင်တန်းတက်၊ သင်တန်းမရှိသောနေ့တွင် ဒုက္ခသည်စခန်းများအတွက် မြို့တွင်း၌ အလှူခံထွက်ကာ၊ ညတွင် မြစ်ဘက်ကို မျက်နှာမူနေသော အရေးပိုင်အိမ်၌ ကင်းစခန်းဖွင့်ကာ ကိုက် ၅၀၀ ခန့် အလျားရှိသည့် ကမ်းနဖူးတစ်လျှောက်ကို တာဝန်ယူ စောင့်ရှောက်ရသည်။

ဝင်းကြည်၏ လက်တွင်း၌ စတင်းဂန်း ပြန်ရောက်နေရပြန်လေပြီ။

စတင်းဂန်း ကိုင်လာရပြန်သောအခါ မှတ်မှတ်ရရပင် စောကျော်သန်း၏ မျက်နှာသည် ဘွားခနဲ ပေါ်လာ၏။ သူက လက်ဆောင်ပေးခဲ့သော စတင်းဂန်းဖြင့် သူ့ရင်ညွန့်ကို ထောက်ခဲ့သော စောကျော်သန်း။ ပြည်နယ်ကိစ္စကိုသာ ရေးကြီးခွင်ကျယ် လုပ်နေရကောင်းလားဟု သူ့ကြိုးတွေကို သူ မကျေနပ်ခဲ့သော စောကျော်သန်း။

ယခုမူ သူသည် တစ်ဘက်ကမ်းရှိ တောအုပ်အတွင်း၌ ခိုအောင်းကာ မနေ့ပင်ကို လက်ရ သိမ်းပိုက်ရန် ကြိုးပမ်းကြံစည်နေပြီလော၊ သို့တည်းမဟုတ် ရှာစဉ်ရှာဆက် လိုက်လံ တိုက်ခိုက်

www.burmeseclassic.com



နေပြီလော။ သူ့သေနတ်ပြောင်းဝမှ ယမ်းခိုးတလူလူ အူထွက်နေမှသာ စိတ်ဝမ်းချမ်းမြေ့သူ၊ လူသတ်မောင်းခလုတ်ကို ဆွဲဖြုတ်ရေး၌ ပျော်မွေ့သူ ဖြစ်နေလေပြီလော။

စောကျော်သန်း အကြောင်းကို တွေးသည်။ အေမူ့ကို သတိရသည်။ ခရစ်တော်၌ အိပ်ပျော်ရှာလေပြီဖြစ်သော အေမူ၏ ရိုးသားဖြူစင်သည့် ရုပ်သွင်ကို ပြန်လည်မြင်ယောင်မိသည်။

သူတို့၏ ဘဝကား မိုးကြီးသည်းထန်စွာ ရွာသွန်းလိုက်သဖြင့် ကန်သင်းရိုး ကျိုးပေါက်ကာ တားမရ၊ ဆီးမနိုင်၊ ဖရိုဖရဲ ပရမ်းပတာ ဖြစ်ရသော ကွင်းရေနှင့်သာ ပမာတူလှချေသည် တကားဟု ဝင်းကြည် စဉ်းစားမိပေ၏။ သို့မို့ကြောင့်လည်း မရွှင် ညှိုးလျှသော နှလုံးသားဖြင့်၊ လေးလံသော ရင်ဖြင့် သက်ပြင်းချမိသည်။

သူ့လက်တွင်း၌ကား စတင်းဂန်းတစ်လက်။

## အခန်း ၃၃

"ဟင် အနွဲ့"

နှုတ်ဖျားမှ လွှတ်ခနဲ ခေါ်လိုက်မိသော်လည်း အနွဲ့ ဟုတ်၊ မဟုတ် သေသေချာချာ ကြည့်ရသေးသည်။ 'အနွဲ့'ဟု အခေါ်ခံရသော မိန်းကလေးက ဝင်းကြည်ကို မရဲတရဲ ပြန်ကြည့်နေသည်။

"အနွဲ့ ဟုတ်တယ် မဟုတ်လားဟင်။ ကျွန်တော် ဝင်းကြည်လေ"

"ဟုတ်ပါတယ် ကိုဝင်းကြည်။ ကျွန်မ အနွဲ့ပါပဲ"

"အနွဲ့ရယ်၊ ဘယ်လို ဖြစ်နေတာလဲ။ ဘယ်တုန်းက ဒီကိုရောက်နေသလဲ။ ကျွန်တော့်ဆီကို ဘာဖြစ်လို့ မလာသလဲ။ ဒီရောက်နေတာ ဘယ့်လောက် ကြာပြီလဲ"

ဝင်းကြည်က မေးခွန်းတွေဆက်တိုက် ထုတ်နေသည်။ သို့ကလို မေးခွန်းတွေထုတ်ရင်း အနွဲ့၏ ရုပ်သွင်ကိုလည်း စေ့စေ့စပ်စပ် အကဲခပ်နေမိသည်။ အနွဲ့ကား အသားတွေ ညိုညစ်ညစ် ဖြစ်နေ၏။ ညပေါင်းများစွာ အိပ်ရေးပျက်ထားသည့်အလား မျက်တွင်းတွေ ချိုင့်ဝင်လျက်ရှိ၏။ နဂိုက ပိန်ပိန်ပါးပါး ဖြစ်သော အနွဲ့သည် ယခုအခါ၌ ဝါးခြမ်းပြား ပါးလှပ်လှပ်ပမာ ပို၍သာ ပိန်လှီနေသည်။

"ကျွန်မ ဒီကိုရောက်တာ တစ်လကျော်ကျော်လောက်ပဲ ရှိပါသေးတယ် ကိုဝင်းကြည်။ ကျွန်မကို အခုလို ဒီနေရာမျိုးမှာ တွေ့လိုက်ရတော့ အံ့အားသင့်မနေဘူးလား"

"အံ့အားသင့်ရုံတင် မကသေးဘူး၊ ယုံတောင် မယုံဘူး အနွဲ့"

တကယ်ဆိုရလျှင် ဤလိုနေရာမျိုး၌ အနွဲ့ကို တွေ့ရလိမ့်မည်ဟု ဝင်းကြည် မမျှော်လင့်မိ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ချေ။ နှစ်အတန်ကြာမျှ အနွဲ့နှင့် မတွေ့ခဲ့ရသည်မှာ မှန်သော်လည်း တစ်နေ့နေ့တွင် တွေ့ရလိမ့်မည် ဟူ၍ကား တစ်ခါတစ်ရံ တွေးတောမိ၏။ သို့သော် ဤလိုနေရာမျိုးမှာ မဟုတ်။

"အထူးသဖြင့် ဟောဒီ ဒုက္ခသည်စခန်းလိုနေရာမျိုးမှာ အနွဲ့ကို တွေ့ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ အဲဒါ အခုလို ဖြုန်းစားကြီး တွေ့လိုက်ရတော့ အံ့အားလည်းသင့်တယ်။ ယုံတောင် မယုံဘူးလေ"

မှန်သည်။ အနွဲ့ကို တွေ့ရသောနေရာကား ဒုက္ခသည်စခန်းသာ ဖြစ်ပေ၏။ ဒုက္ခသည်စခန်းတွင် တွေ့ရသော အနွဲ့၏ ပုံပန်းဏ္ဍာန် တစ်ခုလုံးမှာလည်း ဒုက္ခသည် ပီသလှလေ၏။ ဟောင်းနွမ်းသော အဝတ်အစား၊ ကြုံလှီသည့် ခန္ဓာကိုယ်၊ ဖျော့တော့နွမ်းလျသော မျက်နှာ။

ဝင်းကြည်သည် ယနေ့အဖို့ရာ၌ စတင်းဂန်းကိုလွယ်ကာ သူ တာဝန်ကျသော ရွှေဘုန်းမြင့်ဘုရား၏ တန်ဆောင်းတစ်ခုသို့ ရောက်လာ၏။ ဤတန်ဆောင်းကား များပြားလှစွာသော ဒုက္ခသည်စခန်းများအနက်တွင် တစ်ခုအပါအဝင် ဖြစ်လေသည်။ မြို့အစွန်အဖျားနှင့် ဝေးလံသော ကျေးရွာတို့မှ ပြေးလွှားခိုလှုံလာကြသည့် ဒုက္ခသည်များကို အစုခွဲကာ နေရာချထားပေးခဲ့သည့်အခါက အနွဲ့ကို ဝင်းကြည် မမြင်မတွေ့ခဲ့။

"ဘယ်ပုံဘယ်နည်း ဖြစ်တာလဲ အနွဲ့ရယ်။ ပြောစမ်းပါဦး"

ဝင်းကြည်၏ မေးခွန်းကို မပြောဘဲ အနွဲ့က ခေါင်းငုံ့ထားသည်

"စစ်ပြီးလို့ ကျောင်းပြန်ဖွင့်တော့ အနွဲ့များ ကျောင်းပြန်တက်မလားလို့ ကျွန်တော်တို့ မျှော်နေကြသေးတယ်။ အဲဒီအချိန်က အနွဲ့တစ်ယောက် အဟိတ်မှာပဲ ဆက်နေသလိုလို သတင်းကြားရတာကိုး။ ကဲ ဒါတွေ ထားပါတော့လေ။ အခုဘယ်လိုဖြစ်ပြီး ဒီစခန်းကို ရောက်လာတယ်ဆိုတာ ပြောစမ်းပါ"

"ကျွန်မ ဒီကိုရောက်တာ တစ်လကျော်ကျော်လောက်ပဲ ရှိပါသေးတယ် ကိုဝင်းကြည်။ အဖြစ်အပျက်တွေကို ပြောစမ်းပါဆိုလို့သာ ပြောရတယ်။ ပြောချင်စိတ် မရှိတော့ပါဘူး။ စိတ်မချမ်းသာလို့ပါ"

"အို လူတိုင်း လူတိုင်း ခုနေအခါမှာ စိတ်မချမ်းသာစရာတွေနဲ့ တွေ့နေရတာချည်းပဲဟာ အနွဲ့ တစ်ယောက်ထဲမှ မဟုတ်ဘဲ"

"ဒါတော့ ဒါပေါ့လေ"

ဝင်းကြည်က စတင်းဂန်းကို ခုံဘေးတွင်ချကာ အနွဲ့၏အနီး၌ပင် ထိုင်လိုက်သည်။ ရွှေဘုန်းမြင့် ရင်ပြင်တော်ကို လှမ်းမြင်ရသည်။ ညောင်ရွက်ခတ်သံများကိုလည်း ကြားနေရသည်။ ဒုက္ခသည်တို့၏ ကလေးသူငယ်များမှာ ရင်ပြင်တော်ပေါ်၌ အပူအပင်ကင်းမဲ့စွာ ဆော့ကစားနေကြသည်။

"စစ်ပြီးတော့ ကျောင်းပြန်တက်ဖို့ ကျွန်မ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ အိမ်က စီးပွား

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အဆင်မပြေတာနဲ့ ကျောင်းပြန်နေဖို့ကိစ္စကို လက်လျှော့လိုက်ရတယ် ကိုဝင်းကြည်။ အဲဒီအချိန်အထိ ကျွန်မ အဟိတ်မှာ ရှိနေသေးတယ်။ အဒေါ်နဲ့အတူပဲ ဆိုပါတော့။ နောက်ပိုင်းကျတော့ ပန်းတနော်ဘက်က စရပ်လှကြီးနဲ့ ခနွဲခအိုမှာ တစ်လှည့်စီ သွားနေရသေးတယ်။ အဒေါ့် အလုပ်အကိုင် အပေါက်အလမ်းတည့်ရာနောက်ကို လျှောက်လိုက်နေရလို့ပါပဲ။ ရောက်ရာနေရာမှာ ကျရာအလုပ် လုပ်ရတယ်ပေါ့"

ဝင်းကြည်က စိတ်မကောင်း။ အနွဲ့၏ ကြမ်းတမ်းရက်စက်သော ဘဝခရီးစဉ်ကား အဆုံး မသတ်သေးပါတကား။

"တကယ်ဆိုတော့ ကျွန်မဟာ အနည်းဆုံး ဆယ်တန်းလောက် အောင်အောင် သင်မယ်၊ ကျောင်းဆရာမ ဝင်လုပ်မယ်လို့ အရူးအမူး ဆန္ဒရှိခဲ့တယ် ကိုဝင်းကြည်။ ကျွန်မ ကျောင်းဆရာမ သိပ်ဖြစ်ချင်တာပဲ။ ကလေးတွေကို စာသင်ရတာ ကျွန်မ နှစ်ခြိုက်တယ်။ ပညာရေးမှာ ခက်ခက် ခဲခဲ နိုင်ခဲ့လှတဲ့ ကျွန်မ ဘဝကို အတိုးချတဲ့အနေနဲ့ ကလေးတွေကို အားကြိုးမာန်တက် စာသင် ပေးချင်တယ်။ ဒါပေမဲ့ ကျွန်မ ရည်မှန်းချက် မပြည့်ခဲ့ဘူး ကိုဝင်းကြည်"

အနွဲ့၏မျက်နှာသည် ညှိုးငယ်လျက်ရှိ၏။ ပညာရေး၌ အဆင်မပြေခဲ့သော သူမ၏ဘဝကို လက်စားချေသောအားဖြင့် ကျောင်းဆရာမအဖြစ် ကလေးတွေကို စာသင်ပေးရန် ဆန္ဒပြင်းပြခဲ့ သည်ဟု ဆိုသည်။

"အနွဲ့ ဆန္ဒအတိုင်း ဖြစ်နိုင်မယ့် အချိန်တစ်ချိန်ရယ်လို့တော့ ရှိလာဦးမှာပေါ့။ မဟုတ် ဘူးလား"

ဝင်းကြည်က ပြောရင်း မေးလိုက်လေသည်။ အနွဲ့က တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မရှိဘဲ ပြုံးနေလေ၏။ အနွဲ့၏အပြုံးကား အားတက်ဝမ်းမြောက်သော အပြုံးမျိုး မဟုတ်ဘဲ ကြေကွဲ ခြင်းကို ဖော်ကြူးသည့် အပြုံးမျှသာ ဖြစ်ကြောင်း ဝင်းကြည် ကောင်းစွာ သတိထားမိသည်။

"လူဆိုတာ ရည်ရွယ်ချက်ကို မလျှော့ရဘူး။ ရည်ရွယ်ချက်ထားတဲ့အတိုင်း အဲဒီရည်ရွယ် ချက်ကို ရဖို့အတွက် ဖွဲလည်းမလျှော့ရဘူး။ အနွဲ့ဟာ အင်မတန် ဖွဲကောင်းတဲ့ မိန်းကလေးပါ။ အခက်အခဲတွေ၊ ဒုက္ခသုက္ခတွေကို အင်မတန် ခံနိုင်ရည်စွမ်းရှိတဲ့ မိန်းကလေးပါ။ အနွဲ့နဲ့ ပတ်သက်လို့ ကိုဝင်းကြည် ယုံကြည်နေတာ ဒီအတိုင်းပဲ"

"တစ်ချိန်တုန်းကတော့ ကျွန်မကိုယ် ကျွန်မလည်း ဒီအတိုင်း အထင်ရောက်ခဲ့တာပဲ။ ဒါပေမဲ့ လက်တွေ့ကျတော့ ကျွန်မမှာ ဘာမှ ဖြစ်မလာဘူး။ အခက်အခဲနဲ့ အဆင်မပြေမှုတွေကိုသာ တစ်ခုပြီး တစ်ခု တွေ့နေရတာပဲ။ ဒါကြောင့် တစ်ခါတလေ တွေးကြည့်ရင် ကိုယ့်ဘဝကို သိပ်စိတ်နာတယ်။ ကျွန်မနဲ့ သက်တူရွယ်တူ မိန်းကလေးတွေ ပညာသင်နေတာကိုကြည့်ပြီး ကျွန်မ ယူကျုံးမရ ဖြစ်ရ တယ် ကိုဝင်းကြည်။ ဒီကြားထဲ အဒေါ်ကလည်း မမာဘူး"

ဝင်းကြည်သည် ငေးနေ၏။ သူ့နားနှစ်ဖက်စလုံး ဘာကိုမျှ မကြားတော့သည့်အလား

www.burmeseclassic.com



မတုန်မလှုပ်နှင့်ပင် အငေးသား ထိုင်နေသည်။ အဝေးတွင် အနောက်ကုန်းရွာကလေးကို လှမ်းမြင်ရသည်။ အနောက်ကုန်းရွာကလေးကား လွန်ခဲ့သော လေးနှစ်ခန့်ကအတိုင်း တောအုပ်တောတန်းများအကြားတွင် ဆိတ်ငြိမ်စွာ တည်ရှိနေပါသေးသည်။

အနွဲ့က ဆက်ပြောပြန်၏။

"အဒေါ်လည်း မမာရော၊ ကျွန်မကိုယ်ပဲကျွန်မ အားကိုးရတော့မှာပဲ ဆိုပြီး အလုပ်လုပ်ပါတယ်။ နောက်ဆုံး ကောက်စိုက် ပျိုးနုတ်ကအစ ကျွန်မ စာရင်းငှား လိုက်လုပ်တယ်။ ဒီလိုနေရင်းကရင်တွေ ထလာပြီး မီးရှို့လို့ တစ်ရွာလုံး ပြာကျတာနဲ့ ကျွန်မ ဒီကိုရောက်လာတာပဲ ကိုဝင်းကြည်"

ဝင်းကြည်သည် အနွဲ့၏စကားအဆုံးတွင် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်၏။ ပထမတော့ အနွဲ့၏ကံကြမ္မာကို အပြစ်တင်မိသည်။ ကံကြမ္မာ၏ဖန်တီးချက်ကိုလည်း အပြစ်တင်သည်။ အနွဲ့၏လောကဝန်းကျင်တစ်ခုလုံးကိုပါ အပြစ်တင်သည်။ သို့ရာတွင် စိတ်အရှိန်သည် မိနစ်ပိုင်းအတွင်း လျော့ကျလာ၏။ ကံကြမ္မာ၏ ဖန်တီးချက်ကြောင့် ဖြစ်ပြီးသောအရာတွေကား ဖြစ်ပြီးချေပြီ။ ဖြစ်ပြီးသောအရာကို အဘယ်ပုံ ပြန်မြင်၍ ရနိုင်ပါအံ့နည်းဟု သူ့စိတ်ကို သူ ဖြေရသည်။

"ကျွန်မ အကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောဘူး။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံဆိုပြီး ကျွန်မဘာသာ ကျွန်မ ကြိတ်မှိတ်ခံတယ်။ ကိုဝင်းကြည်က မေးတော့ ကျွန်မ မပြောဘဲ မနေနိုင်ဘူး။ ပြောပြန်တော့လည်း ကျွန်မ ရင်ထဲမှာ နောက်လာတယ်"

အနွဲ့က ပြောပြောဆိုဆို ငိုလေသည်။

"ကဲလေ၊ ပြီးတာတွေ ပြီးပါစေပေါ့ အနွဲ့ရာ။ ငိုမနေပါနဲ့တော့။ ကျွန်တော်တို့ မိတ်ဆွေအပေါင်းအသင်း အားလုံးဟာ ယောဒိ ဒုက္ခသည်တွေလို ဒုက္ခကိုယ်စီ အခက်အခဲ ကိုယ်စီနဲ့ချည်းပါပဲ။ အနွဲ့တစ်ယောက်တည်း မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အားတင်းပါ အနွဲ့"

အနွဲ့ မျက်လုံးအိမ်မှ မျက်ရည်စကို သူ့ရှုံသားအင်္ကျီလက်ဖြင့်တို့ကာ သိမ်းသပ်လေသည်။

"ကျွန်မတို့ သူငယ်ချင်းတွေထဲက ဘယ်သူတွေ ဘယ်ရောက်လို့ ဘာဖြစ်ကုန်ကြပလဲ ကိုဝင်းကြည်"

"အနွဲ့ သိတဲ့အတိုင်းပဲ။ တင့်အောင်က ကွန်မြူနစ်ပါတီနဲ့အတူ တောခိုသွားတယ်လေ။ ဖုန်းမြင့်နဲ့ မောင်ညွန့်ကတော့ ပြည်သူ့ရဲဘော်တွေနဲ့ ပါသွားလေရဲ့"

"အသားညိုညို၊ အရပ်ရှည်ရှည် ကိုမောင်ညွန့်ကြီး မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီ မောင်ညွန့်ပဲ။ အဲယားဝင်းမောင်ကတော့ ဝါးခယ်မက သူ့အဒေါ်ဆီ ပြန်နေတယ်။ စိုးသိမ်းတစ်ယောက်လည်း ရန်ကုန်မှာပဲ ကျောင်းဆက်တက်နေတယ် အနွဲ့။ အခု ကျန်တာ ကျွန်တော်ရယ်၊ မြမော်ကြီးရယ် လောက်ပါပဲ"

"အော်၊ တကွဲတပြားစီ ဖြစ်ကုန်ကြပြီနော်။ နို့ စင်သီယာကော"

www.burmeseclassic.com

www.burmeseclassic.com



"စင်သီယာလား။ သူတို့သားအဖ ရန်ကုန်မှာ ပြောင်းနေကြတယ် အန္တဲ့ရဲ့။ ကျွန်တော်နဲ့လည်း မတွေ့တာကြာပါပြီ။ ရန်ကုန် ပြောင်းခါနီးမှာ တစ်ခါ တွေ့လိုက်ရတယ်"

"စင်သီယာဟာ တကယ်ဆိုတော့ သဘောကောင်း၊ မနောကောင်းပါ ကိုဝင်းကြည်။ ကျွန်မအတွက် ကျောင်းလခက ပေးဖို့တောင် ကိုဝင်းကြည်ကို သူက ပိုက်ဆံထုတ်ပေးသေးတာပဲ။ စင်သီယာကိုရော၊ ကိုဝင်းကြည်ကိုပါ ကျွန်မ သိပ်ကျေးဇူးတင်တာပဲရှင်"

"နေပါဦး၊ စင်သီယာက ကျွန်တော့်ကို ပိုက်ဆံထုတ်ပေးတယ်ဆိုတာ အန္တဲ့ ဘယ်လိုလုပ်သိသလဲဟင်"

"ကိုဝင်းမောင် ပြောတာပေါ့။ စင်သီယာဟာ ကိုဝင်းကြည်အပေါ်မှာ သိပ်သံယောဇဉ်ကြီးတယ်။ ခင်လည်းခင်တယ်။ ဒါပေမဲ့ 'ကိုဝင်းကြည်က နိုင်ငံရေး လုပ်နေရရင် ကျေနပ်နေရော။ စင်သီယာကိုလည်း သတိမရဘူး၊ ဘာကိုမှ သတိမရဘူး' လို့ ကိုဝင်းမောင်က ကျွန်မကို အဲဒီတုန်းက ပြောတယ် ကိုဝင်းကြည်ရဲ့"

ဤစကားကို ကြားသောအခါ ဝင်းကြည်မှာ ပြုံးရသေးသည်။ သူနှင့်ပတ်သက်လာလျှင် အရင်းအနှီးဆုံး အိပ်သွန်ဖာမှောက် သူငယ်ချင်းဖြစ်သော ဝင်းမောင်ကား တတ်လည်းတတ်နိုင်ပေသည်တကားဟု တွေးကာ ပြုံးမိခြင်းတည်း။

"အားလုံး တကွဲတပြားစီချည်း ဖြစ်ကုန်ကြပြီနော်။ အချင်းချင်း ဖေးဖေးမမ မလုပ်ကြဘူးလား ကိုဝင်းကြည်"

"ဘာကို ပြောတာလဲ အန္တဲ့"

"သြော်၊ ကိုတင့်အောင်တို့၊ ကိုဖုန်းမြင့်တို့၊ ကိုဝင်းကြည်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် လည်ပင်းဖက်ကြီးလာပြီး မခွဲမခွာ အလုပ်လုပ်ခဲ့ကြတာ မဟုတ်လား။ အဲဒီလူတွေ အခု တကွဲတပြားစီ ဖြစ်နေတာကို ပြောတာပါ"

"ဒါကတော့ အန္တဲ့ရယ်၊ သဘောထားချင်းတွေကိုက တစ်ယောက်နဲ့ တစ်ယောက် မတူကြတော့တဲ့ကိုး။ ကိုယ်ပိုင်သဘောထားနဲ့ ကိုယ်မှန်တယ်ထင်တဲ့ လမ်းအတိုင်း သွားကြတာပဲ။ ဘယ့်နှယ်လုပ်မလဲ။ အင်မတန်ချစ်တဲ့ သူငယ်ချင်းတွေဆိုပြီး တစ်သက်လုံး မခွဲဘဲ နေလို့ရတာမှ မဟုတ်ဘဲ"

အန္တဲ့သည် တွေနေ၏။ တစ်ချိန်သောအခါက အစိုးရ အထက်တန်းကျောင်းကြီး၏ ပရဝုဏ်တွင် လူငယ်လူရွယ်တို့ဘာဝ ပျော်မြူးကြ၊ နောက်ကြ ပြောင်ကြ၊ ဆော့ကစားခဲ့ကြသော သူငယ်ချင်းတစ်တွေ၊ အတူတကွ နှစ်ပေါင်းများစွာ ပညာသင်ခဲ့ကြသည့် မိတ်ဆွေတွေ။ ယခုတော့ တကွဲတပြားစီ၊ တစ်လမ်းစီ သွားနေကြလေပြီဟုများ သတိသံဝေဂ ရနေလေသလား မသိ။

"ကဲ၊ အန္တဲ့ကို ကျွန်တော် တစ်ခု ပြောချင်တယ်။ အမှန်ကတော့ အန္တဲ့ကို ဒီလိုနေရာမှာ ဒီလို အဖြစ်မျိုးနဲ့ တွေ့ရတာ ကျွန်တော် စိတ်မကောင်းဘူး။ ကျွန်တော့်လို ခင်မင်ရင်းနှီးတဲ့ လူတစ်ယောက်က အန္တဲ့ကို တတ်အားသမျှ စောင့်ရှောက်ဖို့ တာဝန်ရှိတယ်။ ကျွန်တော့်အိမ်မှာ

www.burmeseclassic.com



ကျွန်တော့် နမတွေနဲ့ အတူနေဖို့တောင် ခေါ်ထားသင့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်လည်း အိမ်နဲ့ အဆင်မပြေတာ ကြာပြီ အန္တဲ့။ ကျွန်တော်က ထင်ရာ လျှောက်လုပ်နေတယ်ဆိုပြီး အဖေနဲ့ အမေက စိတ်ဆိုးနေတာ ကြာပြီ။ ရှင်းရှင်းပြောရရင် အိမ်ကို ကျွန်တော် မပိုင်တော့ဘူး။ အဲဒါကြောင့် အန္တဲ့ကိုလည်း အိမ်ကိုလိုက်ခဲ့ပါလို့ ကျွန်တော် ခေါ်ချင်ပေမဲ့ ခေါ်မဖြစ်တော့ဘူး။ ဒါပေမဲ့ ဟောဒီမှာ ကျွန်တော့်ဆီမှာ အခု လတ်တလော ငွေတစ်ဆယ်လောက်တော့ ပါပါတယ်။ အန္တဲ့ ယူထားပါ။ လိုအပ်တဲ့ အဝတ်အစားလေးဘာလေးလည်း ကျွန်တော် ယူခဲ့ဦးမယ်။ ကျွန်တော် ဒီလောက်ပဲ ကူညီနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး"

ဝင်းကြည်က အိပ်ကပ်ထဲတွင် အသင့်ပါလာသော ငွေတစ်ဆယ်ကို ထုတ်ယူကာ အန္တဲ့၏ လက်တွင်းသို့ ထည့်သည်။

"ကိုဝင်းကြည် ကျွန်မကို စောင့်ရှောက်တာ များလှပါပြီ။ ကျွန်မအတွက် ဒုက္ခမရှာပါနဲ့ ကိုဝင်းကြည်။ ကျွန်မ မယူပါရစေနဲ့"

"ဟာ မဟုတ်တာ အန္တဲ့ရယ်၊ သုံးချင်တာ သုံးရအောင်ပေါ့။ ကျွန်တော်လည်း နောက် လာဦးမှာပဲ။ ဒီလောက် ကူညီရတာကို ဒုက္ခလို့ပြောလို့ ဘယ်ဖြစ်ပါ့မလဲနော်။ ကျွန်တော်တို့ဟာ တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသား ငယ်ပေါင်း ကြီးဖော်တွေပဲ။ ရော့ ရော့၊ အန္တဲ့ ဒီငွေ ယူထား။ စိတ်အနှောက်အယှက်လည်း မဖြစ်နဲ့။ ကျေးဇူးတွေဘာတွေလည်း ရှာကြံတင်မနေနဲ့။ ကျွန်တော် တပ်ကို ပြန်ရဦးမယ်"

ဝင်းကြည်က စတင်းဂန်းကိုကိုင်ကာ ထ လိုက်၏။

"ကျေးဇူးတင်ပါတယ် ကိုဝင်းကြည်ရယ်" ဟု အန္တဲ့က ဆိုနေပြန်၏။

"ကျေးဇူးတင်မနေပါနဲ့လို့ ကျွန်တော် ပြောပြီပဲ အန္တဲ့ရာ။ ကဲ သွားမယ်နော်။ အချိန်မရှိ တော့ဘူး"

ဝင်းကြည်သည် စတင်းဂန်းကို ပခုံးတွင် လွယ်ကာ အန္တဲ့၏အပါးမှ ထွက်ခွာလာခဲ့၏။ ဘုရားလမ်းအတိုင်း ကမ်းနားဘက်သို့ လျှောက်လာရင်း အန္တဲ့ ပြောလိုက်သည့် စကားတွေ၊ အန္တဲ့၏ ဇာတ်ကြောင်းတွေသာလျှင် သူ့ရင်တွင်း၌ ပဲ့တင်ရိုက်ခတ်လာလေတော့သည်။

× × ×

ညသည် ပိန်းပိတ်မည်းမှောင်နေ၏။

ကြယ်ပြောက်ကလေးအချို့သာ ကျိုးတကြဲ တောက်လင်းနေသဖြင့် ပိန်းပိတ်နေသော အမှောင်ထုအတွင်း၌ ပိုးတဝါး အလင်းရောင်ကလေး ရှိသေးသည်ဟု ဆိုနိုင်ပါသေးသည်။ မိုးရာတွင် ကျယ်ဝန်းသော ဤမြေပြင်နှင့် နက်ရှိုင်းသော အမှောင်ထုကြီးကို မိုတ်တုတ်မိုတ်တုတ်မျှသာ မြင်သောကြယ်ပွင့်ကလေးတွေက အဘယ်သို့ အလင်းရောင် အလုံအလောက် ပေးစွမ်းနိုင်ပါအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုက်လိုက်သည့် ခြင်တွေကလည်း ဆိုဖွယ်ရာ မရှိပြီ။ လေသည် တစ်ချက်တစ်ချက်တွင်သာ သုတ်ဖြူးတိုက်ခတ်လေရာ ခြင်ကောင်များမှာ လေ၏ အနှောင့်အယှက်ကို မခံရဘဲ လွတ်လွတ်လပ်လပ်ပင် တပ်ချီ၍ ကိုက်ခဲခွင့် ရရှိနေကြသည်။

မအူပင်တစ်မြို့လုံးသည် တိတ်ဆိတ်လျက်ရှိ၏။ မြို့ကို တောင်နှင့်မြောက် အလျားလိုက်တန်းနေသော တာရိုးတစ်လျှောက်တွင်သာ တစ်ချက်တစ်ချက် ခြင်ရိုက်သံ၊ စကားဝှက်မေးသံ၊ ဖြေသံတို့ ပေါ်ထွက်လာကြသည်။ မြစ်ကို ဖြတ်ကူးရန် ခြိမ်းခြောက်နေသော ကေအင်ဒီအိုများ၏ ရန်ကို ဟန့်တားရန်အလို့ငှာ ကင်းပုန်းတွေ တရစပ် ချထားသည်။

ဝင်းကြည်သည် တာရိုးပေါ်တွင် တံတောင်နှစ်ဖက်ထောက်ကာ မြစ်ဘက်ဆီသို့မျက်တောင်မခတ် စူးစိုက်ကြည့်နေ၏။ လှဦးကား ဘရင်းဂန်းဆင်ထားသည့်နေရာတွင် ခြင်တွေကို အသံမမြည်အောင်ရိုက်ရင်း အသင့်ပြင်ဆင်ကာ စောင့်ဆိုင်းနေ၏။ သူတို့ တာဝန်ယူထားရသော မြစ်ကမ်းပါးဒေသမှာ အလျားအားဖြင့် ကိုက်လေးရာကျော် ငါးရာခန့် ရှည်လျားသည်။ တာရိုးနှင့် မြစ်၏ အကြားတွင် ကိုက်နှစ်ဆယ်ခန့် ကျယ်ဝန်းသော ကမ်းနဖူး မြေပြင်ရှိသည်။ ထိုမြေတွင် ကတုတ်ကျင်းတွေ တူးထားရာ ဘရင်းသမား လှဦးနှင့် အခြား ကျောင်းသားတစ်ယောက်ကို ကတုတ်ကျင်းတစ်ခု၌ နေရာယူထားစေသည်။ ဝင်းကြည်ကား သူတို့၏ အနောက်နားရှိ တာရိုးနံဘေးတွင် နေရာယူထားသည်။ ဝင်းကြည်၏ နောက်ဘက်တွင် ကျယ်ဝန်းသော ခြံစည်းရိုးကြီး ကာရံထားသည့် အရေးပိုင်အိမ် ရှိသည်။ အရေးပိုင်အိမ်ကား ဝင်းကြည်တို့၏ ကင်းစခန်းချရာ နေရာတည်း။

လမိုက်သောညများ မိုးမှောင်ဖြစ်စေ၊ နှင်းမှောင်ဖြစ်စေ ကျသောညများ၌ ပို၍သာ သတိရှိကြသည်။ အေကင်ဒီအိုတို့သည် အမှောင်ထုကို အကာအကွယ်ယူကာ မြို့ဘက်ကမ်းသို့ ရှောင်တခင် ဖြတ်ကူးလာနိုင်၏။ သူတို့တွင် ကမ်းပေါ်မှ အလွယ်တကူ ဆွဲချလာနိုင်သော လှေငယ်၊ ဘောက်တူငယ်များ ရှိကြသည်။ ဝါးဘိုးဝါး ကောင်းကောင်းတစ်လုံးကို ဖြစ်စေ၊ ငှက်ပျောပင်တစ်ပင်ကို ဖြစ်စေ တွယ်ကာ မြစ်ကို ကျင်လည်စွာ ဖြတ်ကူးနိုင်သော အစွမ်းအစရှိသူတွေလည်း ဖြစ်ကြသည်။ သို့မို့ကြောင့် မှောင်မိုက်သောညများတွင် ခါတိုင်းညတွေထက် ပို၍ ဂရုစိုက်ရသည်။

မအူပင်မြို့၏ တောင်ဖျားနှင့် မြောက်ဖျားရှိ တပ်မတော် ကင်းစခန်းတို့မှ မြစ်ပြင်ကို ဆလိုက်မီးမောင်းများ ထိုးကာ ရှာဖွေလေ့ရှိသည်။ ဆလိုက်မီး ရောင်ခြည်တန်းနှစ်ခုသည် တိုးမြစ် ရေပြင်ပေါ်တွင် တစ်ခါတစ်ရံ ကြက်ခြေခတ်ပုံစံဖြင့် လှုပ်ရှားနေပြီး၊ တစ်ခါတစ်ရံ ရေပြင်ပေါ်၌ ရှပ်ကာရှပ်ကာ ရန်သူကိုရှာသည်။ တစ်ဖက်သော ကမ်းစပ်မှ မသင်္ကာဖွယ်ရာ လှုပ်လှုပ်ရှားရှားဖြစ်လျှင်၊ သို့တည်းမဟုတ် မသင်္ကာဖွယ်ရာ သဏ္ဌာန်တစ်ခုခုကို တွေ့လျှင် ဆလိုက်မီးမောင်း နှစ်ခုသည် ထင်းနေရာသို့ စူးစိုက်၍ ထိုးထားလေ့ရှိ၏။

ဝင်းကြည်သည် တာဘောင်တွင် အားလျားမှောက်ရင်း ကျည်ကပ်ထိုးထားသော စတင်း

www.burmeseclassic.com

www.burmeseclassic.com



ဂန်းကို ရှေ့တူရူသို့ ချိန်ကာ မီးမောင်းရောင်ခြည်လက်နေသည့် ရေပြင်ဆီသို့ စောင့်ကြည့် အထ ခတ်နေ၏။

ထိုအခိုက် ဝင်းကြည်၏ လက်ယာဘက်တာရိုး နံဘေးအတိုင်း မည်းမည်းသဏ္ဍာန်တစ် လာနေသည်ကို တွေ့ရသည်။ ဝင်းကြည်၏ စတင်းဂန်း ပြောင်းဝသည် ထိုသဏ္ဍာန်ဖက်သို့ အလိုလို ချိန်ရွယ်ပြီးသား ဖြစ်နေလေ၏။ ဝင်းကြည်သည် သူ့ဆီသို့ တိုး၍ တိုး၍သာ လာနေသော မည်းမည်းသဏ္ဍာန်ကို အမှောင်ထုအတွင်း ကျင့်သားရနေပြီ ဖြစ်သည့် မျက်စိအစုံဖြင့် စူးစိုက်ရင်း မောင်းတင်ထားသော စတင်းဂန်း၏ ဆေ့ဖကိုဖြုတ်ကာ မောင်းကို လက်ညှိုးဖြင့် တော့ထား လိုက်၏။

"အနီလား"

မည်းမည်းသဏ္ဍာန်ဆီသို့ သူက စကားဝှက် လှမ်းမေးလိုက်သည်။

"အဖြူ"

ယနေ့ညအဖို့ စကားဝှက်ကား အနီနှင့် အဖြူဖြစ်၏။ အနီသည် အမေးစကားဝှက် ဖြစ် အဖြူကား အဖြေစကားဝှက် ဖြစ်၏။ တစ်ညလျှင် စကားဝှက်တစ်မျိုး သုံးရသည်။ စကားဝှ ကို ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် ထားကြရသည်။ ညနေ ၆ နာရီမှ ၆ နာရီခွဲအတွင်း တစ်ညတ အတွက် တစ်တပ်လုံး အသုံးပြုရမည့် စကားဝှက်ကို စစ်ရုံး၏ တာဝန်မှူးက ထုတ်ပေးလေ့ရှိသည်

"အဖြူ" ဟူသော အဖြေစကားဝှက်ကို ပြန်ဆိုရင်း မြမော်သည် စတင်းဂန်းကို ညာလ တွင် ကန့်လန့်ဖြတ် ကိုင်ကာ ဝင်းကြည် နားသို့ ရောက်လာ၏။

"ရှေ့ကျင်းထဲမှာ ဘယ်သူလဲကွ ဝင်းကြည်"

မြမော်က တီးတိုးမေးသည်။ ညသည် မှောင်ရုံမျှမက တိတ်လည်း တိတ်ဆိတ်လွန်း သို့မို့ကြောင့် ခြင်ရိုက်လျှင် အသံမထွက်စေရ၊ စကားပြောလျှင် လေသံဖြင့်သာပြော၊ လမ်းလျှေ လျှင် ခြေသံမမြည်စေရ၊ ဆေးလိပ်မသောက်ရ၊ ဖြစ်နိုင်ပါက စကားဝှက် အမေးအဖြေကိုပင် တိုး လုပ် စသည့် စစ်စည်းကမ်းချက်တွေကို စောင့်ထိန်းကြရသည်။

"လှဦးနဲ့ ဘစံ"

ဝင်းကြည်ကလည်း လေသံတိုးတိုးဖြင့်သာ ပြန်ဖြေလိုက်၏။ မြမော်သည် ဝင်းကြည် ယှဉ်ကာ တာရိုးနံဘေးတွင် အားလျားမှောက်လိုက်၏။

"ဘာထူးသေးသလဲ"

"မထူးပါဘူး"

"မှောင်လိုက်တာကွာ ငါ့ချီး၊ ညာတောင်ပံအစွန်က ကောင်တွေ စိတ်မချတာနဲ့ သွားကြ တယ်၊ ခြင်ပဲ တဖတ်ဖတ် ရိုက်နေကြလို့ ဆဲခဲ့ရသေးတယ်ကွ။ ခြင်ဆေးကျတော့ မလိမ်းသ မင်းရော လိမ်းထားလား"

www.burmeseclassic.com

www.burmeseclassic.com



"မလိမ်းဘူး။ အလကားပဲ၊ ခြင်က ဒီဆေးလိမ်းထားလို့ ဝင်မကိုက်တာ တစ်ခုပဲ။ အနား နားမှာ တဝီဝီနဲ့ လေယာဉ်ပျံ ဝဲသလို ဝဲနေတာ ပိုဆိုးသေးတယ်"

"မင့် ရှိသေးလား"

"ရှိတယ်၊ ယူမလား"

"အေး၊ ပေးကွာ"

ဝင်းကြည်သည် ဘောင်းဘီအိတ် အတွင်း၌ ထည့်ထားသော သံဘူးငယ်ကလေးကို ထုတ်ပေးလိုက်၏။ မြမော်က သံဘူးလေး၏ ထိပ်များရှိ အတက်ကလေးကို ချိုးလိုက်ရာ ခြင်ဆေး ရည်များ ပန်းထွက်လာသည်။ သူသည် ယင်းခြင်ဆေးရည်တွေကို မျက်နှာ၊ လက်၊ လည်ပင်း စသော အဝတ်အစားနှင့် ကင်းလွတ်သည့် အသားအရည်များပေါ်သို့ ဖျန်းပက် သုတ်လိမ်းနေ၏။

"ကျွန်တော် အန္တဲ့နဲ့ တွေ့ခဲ့တယ်ဗျ"

"ဟေ ဟုတ်လား။ ဘယ်မှာလဲ"

"ရွှေဘုန်းမြင့် တန်ဆောင်းမှာ"

"ဒုက္ခသည်စခန်း ရောက်နေတယ်၊ ဟုတ်လား။ ဘာဖြစ်လို့လဲကွ"

အန္တဲ့၏ အကြောင်းကို ဝင်းကြည်က အကျဉ်းရုံးကာ ပြောပြလိုက်၏။ မြမော်သည် မြစ်ဘက်သို့ ရှုးစိုက်နေရင်း ဝင်းကြည် ပြောပြသော အန္တဲ့၏ ဇာတ်ကြောင်းကို နားထောင်နေပြီး နောက်

"အေးကွာ၊ အန္တဲ့လေးက ကံကိုဆိုးပါတယ်" ဟု ညည်းတွားလေသည်။ ထို့နောက် နှစ်ယောက်သား ငြိမ်နေကြသည်။

"ဒီည ဒီကောင်တွေ ကွန်မင်ဒို လွှတ်မယ်လို့ သတင်းရထားတယ်ကွ။ မင်းရော ငါရော အိပ်လို့မဖြစ်ဘူး။ မြစ်ကို ဖြတ်တော့ ဖြတ်လိမ့်မယ်။ လူအများကြီး အသေခံ ဖြတ်မလား၊ တစ် ယောက်စ နှစ်ယောက်စ ဖြတ်ကူးခိုင်းပြီး မြို့ထဲ သူလျှို ထည့်ထားမလား မသိဘူး။ တစ်ခုခု လုပ်လိမ့်မယ်။ သံကြိုးတိုင်မှာ သူတို့တပ်တွေ အလုံးအရင်းနဲ့ စုနေတယ်။ တို့ဇရိယာကို အထူး သတိထားဖို့ အဘက ပြောတယ်"

သူတို့ကို တာဝန်ယူထားသော တပ်ရင်း ၄ မှ ဗိုလ်ဘသိန်းကို အဘဟု ချစ်စနိုးခေါ်ကြ သည်။ သူတို့တပ်စုနှင့် ပတ်သက်လျှင် အဘသည် အစစအရာရာ တာဝန်ယူရ၏။ လက်နက်၊ ခဲယမ်း၊ ရိက္ခာ၊ ယူနီဖောင်းက အစ၊ စစ်ဆင်ရေး၊ ကင်းချရေး အစီအစဉ်အထိ အဘက စီမံပေးရ သည်။ ပထမတွင် ကျောင်းသားတပ်စုကို ဗမာ့တပ်မတော် တပ်ရင်း ၄ ၏ 'အက်ဒမင်ကွိုင်' ဟု ခေါ်ဝေါ်သော အုပ်ချုပ်ရေးတပ်ခွဲနှင့် ပူးတွဲထားပြီး ယခုမူ သီးခြားတပ်စုအဖြစ် ထားကာ မြမော် နှင့် ဝင်းကြည်က အုပ်ချုပ်ရ၏။ ဗိုလ်ဘသိန်းက လိုအပ်သလို ကွပ်ကဲပေးသည်။

"မအူပင်ကို ဒီကောင်တွေ တိုက်မှာတော့ သေချာတယ်ကွ။ ငါထင်တာကတော့ အခုအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အမှည့်ခြွေ ခြွေနေတာ အလကားပဲ။ အလုံးအရင်းနဲ့ ဖိတိုက်ပစ်တာ ကောင်းတယ်လို့ သူတို့ တွက်ပြီနဲ့ တူတယ်။ သံကြိုးတိုင်မှာ တပ်တွေ အလုံးအရင်းနဲ့ စုတာ ဒီသဘောပဲ။ ကဲ လာကွာ၊ ကတုတ်ကျင်းထဲ ဆင်းရအောင်"

ဝင်းကြည်နှင့် မြမော်သည် အားလျားမှောက်နေရာမှ ထကာ တာရိုးပေါ်သို့ တက်လိုက်၏။ ထိုအခိုက် တစ်ဖက်ကမ်းမှ နီရဲသော မီးများ ပွင့်ထွက်လာသည်။ စက်ကလေးဖြင့် လှမ်းဆွဲလေပြီ။

"ဟော့ကောင် ဝပ်ပြီ"

မြမော်က ဝင်းကြည်၏ လက်ကိုဆွဲကာ တာရိုးအတွင်းဘက်သို့ လှန်ချလိုက်ရာ နှစ်ယောက်စလုံး တာရိုးအောက်သို့ ဇလုံးဗထွေး ကျသွားကြသည်။ စက်ကလေး ကျည်ဆန်များသည် သူတို့ ခေါခေါက ထရပ်သော တာရိုးပေါ်မှ မြေကြီးကို ဖွာရရာ ကြဲသွားစေ၏။ မီးပွင့် တမင်ငြိမ်းထားသော အနီးရှိ ဓာတ်တိုင်ကိုလည်း ထိမှန်လေ၏။

နှစ်ယောက်သား တာရိုးအတိုင်း ပြန်တက်ကာ မူလနေရာတွင် အားလျားမှောက်ကြရင်း အခြေအနေကို ချောင်းကြည့်သည်။ ဆလိုက်မီးမောင်း နှစ်ခုသည် တစ်ဖက်ကမ်းသို့ ထိုးကာ ရန်သူကို မွှေနှောက်၍ ရှာနေ၏။

"ဟိုမှာ လှေတွေ ဆွဲချလာနေပြီ၊ တွေ့လား"

ဝင်းကြည်က အလန့်တကြား ပြောလိုက်သည်။ ဆလိုက်မီးမောင်း တစ်ခုက ဘောက်တူ ဆွဲချလာကြသူတွေ၏ နေရာကို ထိုးပေးထားပြီး ကျန်တစ်ခုက ကမ်းစပ်တစ်လျှောက်မှ အခြားနေရာများကို လိုက်ထိုးကာ ရှာပြန်သည်။

ကေအင်ဒီအိုတွေ ဘောက်တူ ဆွဲချလာသော နေရာမှာ ဝင်းကြည်တို့ ဧရိယာနှင့် မျက်နှာချင်းဆိုင်တွင် ရှိလေသည်။ ဘောက်တူ လေး ငါးစင်းခန့်ကို ဆွဲချကာ ဖြတ်ကူးလာကြပြီ။ စက်ကလေးကလည်း တရစပ် ပစ်နေသည်။ မြစ်ကို ဖြတ်ကူးသူတို့အတွက် အကာအကွယ်ပစ် ပစ်ပေးနေခြင်း ဖြစ်သည်။ အကာအကွယ်ပစ် ပစ်ပေးရသော စစ်ပရိယာယ်ကား လုပ်ရိုးလုပ်စဉ်သာမန် စစ်ပရိယာယ်မျှသာ ဖြစ်၍မဆန်း။ သို့သော် ဘောက်တူငယ် လေးငါးစင်းဖြင့် အဘယ့်ကြောင့် အသေခံ ဖြတ်ကူးသနည်းဟူသော ပြဿနာကိုကား စဉ်းစား၍မရ။ ဤလေးငါးစင်းမျှသော ဘောက်တူကို အရောင်ပြလျက် သံကြိုးတိုင်နှင့် ပေါ်တော်မူ စသော မြို့၏ မြောက်ပိုင်းအစွန်နှင့် တောင်ပိုင်းအစွန်တို့ဆီမှ အလစ်ဖောက်၍ ဝင်လိုသလော၊ သို့တည်းမဟုတ် ကမ်းစပ်တစ်လျှောက်လုံး ကင်းပုန်းတွေ တရစပ် ချထားသည်ကို မသိသည့်အတွက် လူ ၁၅ ယောက် ၂၀ ကျော်၍ သုံးလေးယောက်မျှ မြို့တွင်းသို့ ဝင်မိလျှင် တော်ပြီဟုများ စိတ်ကူးလေသလော။ ကေအင်ဒီအို၏ စစ်ပရိယာယ်ကို တွက်ဆ၍ မရ။

"မင်း လှဦးတို့ ကျင်းကို အရောက်သွား။ မပစ်နဲ့ဦး။ ငါတို့ ဧရိယာထဲရောက်လို့ သေချာ

www.burmeseclassic.com



ပေါက်ရှိမှ ငါ 'ထရေစာဖူးလက်' လွှတ်တင်မယ်။ အဲဒီတော့မှ ပစ်။ အချိန်ရရင် ငါပြန်လာမယ်။ ဘယ်တောင်ပံနဲ့ ညာတောင်ပံကို ငါပြေးဦးမယ်။ ကဲ သွား။ သတိထားနော်"

မြမော်က ဝင်းကြည်၏ တင်ပါးကို ပုတ်ကာ သတိပေးလိုက်သည်။

ဝင်းကြည်သည် တစ်ဖက်ကမ်းမှ ဆွဲပစ်နေသော ကျည်ဆန် အသွားအလာကို အကဲခတ်၏။ မောင်းပြန် လက်နက်ကို သုံးရာ၌ ကေအင်ဒီအို တပ်သားများသည် စနစ်ထားလေ့မရှိ။ ကျည်ကပ်တစ်ကပ်လုံး ကုန်သည်အထိ ဆက်တိုက် ဆွဲချင် ဆွဲတတ်ပြီး မောင်းပြန်ကို တစ်ချက်ချင်း ပစ်တတ်သည်လည်းရှိ၏။ ထို့ကြောင့် အကဲခတ်၍ မရ။

အမှောင်ထုအတွင်း၌ မီးကျီးမီးခဲပမာ ရဲရဲနီသော ကျည်ဆန်များသည် အထင်းသား ပြေးလွှားလာကြ၏။ ဝင်းကြည်သည် ပစ်ခတ်မှုစနစ်ကို နားလည်ရန် မကြိုးစားတော့ဘဲ ရောက်လာသည့် ကျည်ဆန်များနှင့် တစ်ဖက်ကမ်းက စထွက်သည့် ကျည်ဆန်တို့ အကြားမှ လျှပ်တစ်ပြက် မျက်စိတစ်မှိတ်မျှသော ကွာဟမှု အချိန်ကိုသာ လုယူကာ တာရိုးပေါ်သို့ တဟုန်ထိုး ပြေးတက်လျက် တစ်ဖက်သို့ အရောက်တွင် လိမ့်ချလိုက်ရာ ကမ်းနှုတ်ခမ်း မြေပြင်ပေါ်သို့ ကျသွားလေ၏။

မြေပြင်တွင် မိကျောင်းသွား သွားကာ လှမိုးနှင့် ဘစ်ရှိရာ ကတုတ်ကျင်းဆီသို့ လာခဲ့ပြီးနောက် ကျင်းထဲသို့ ကိုယ်ကို လိမ့်ချလိုက်ပြန်၏။

"ပစ်ချတော့မယ်ကွာ"

လှမိုးက ဘရင်းဂန်းဒင်ကို ပခုံးတွင် တေ့ရင်း ဆလိုက်မီးရောင်ဖြင့် မြင်နေရသည့် လှေကလေးများဆီသို့ ကြည့်ကာ ပြောသည်။

"နေဦး၊ မပစ်နဲ့ဦး။ လာပါစေ"

တစ်ဖက်ကမ်းကသာ အရမ်းပစ်နေသော်လည်း သည်မှာဘက်ကမ်းက တစ်ချက်မျှ မပစ်သေး။ တုတ်တုတ်မျှမလှုပ်၊ ငြိမ်နေသည်။ ခြေပြင်ကို ကျော်ဖြတ်လာသော သေနတ်သံများသည် ပို၍ ကျယ်လောင်စူးရှ၏။ ပို၍လည်း ပွဲတင်ရိုက်ခတ်၏။

ဘောက်တူ လေးစီးသည် မြစ်ပြင်ကို ဖြတ်လာ၏။ ကမ်းပေါ်မှ မြစ်တွင်းသို့ ဆွဲချနိုင်သော ဘောက်တူ အသေးစားဖြစ်ရာ လေးစီးစလုံးတွင် အများဆုံး ဆယ့်ခြောက်ယောက်ခန့် ပါနိုင်မည်ဟု တွက်ဆရသည်။ မည်သို့ပင် ဖြစ်စေကာမူ ဘောက်တူကလေးများသည် မြစ်လယ်နားအထိ ရောက်လာ၏။ ဆလိုက်မီးကလည်း ထိုးပေးထား၏။ သို့သော် မပစ်ကြသေး။ ငြိမ်နေကြဆဲ။

"တို့ရေိယာထဲ ဝင်လာတာ သေချာပြီ။ နေဦး၊ 'ထရေစာ ဖူးလက်' လွှတ်တင်မှပစ်"

ဝင်းကြည်က ယင်းသို့ပြောရင်း သူ့ စတင်းဂန်းကို ကျင်းနှုတ်ခမ်းဝတွင် တင်လိုက်၏။ လှဦးကလည်း ဘရင်းဂန်း ပြောင်းကို ဘောက်တူများဆီသို့ တူရူ လိုက်ချိန်ထားသည်။

မကြာမီ လက်ယာဘက် တောင်ပံဆီမှ ထရေစာဖူးလက် လွှတ်တင်လိုက်ရာ 'ပစ်' ဟု ဝင်းကြည်က အော်လိုက်သံနှင့်အတူ လှဦး၏ ဘရင်းဂန်းသံသည်လည်း ကျယ်လောင်စွာ မြည်ဟီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာလေ၏။ လက်ဝဲနှင့် လက်ယာတောင်ပံတွေကလည်း အလားတူ စုပြုံပစ်ခတ်ကြသည်။ မိနစ်ပိုင်းအတွင်း ဘောက်တူကလေးများ အနီးတစ်ဝိုက်တွင် ရန်းရင်းဆန်ခတ် ဖြစ်ကုန်ကြသည်။ ရေထဲသို့ ထိုးကျသူတွေ ကျသည်။ အော်သံဟစ်သံတွေလည်း ကြားရသည်။ ဘောက်တူသုံးစင်း မြုပ်သွားသည်။ ကျန်တစ်စင်းကား ကမ်းဘက်သို့ လှည့်ပြေးလေပြီ။

ဘောက်တူပေါ်မှ ကျန်သူအချို့ ကမ်းပေါ်သို့ တက်ပြေးသည်အထိ လှဦးက ဘရင်းဂန်းဖြင့် ဖွေ့ဆွဲသည်။ ခြောက်ယောက်ခန့်သာ လွတ်မြောက်သွားကြသည်ဟု ထင်ရသည်။

ဆလိုက်မီးအောက်တွင် စွန့်ပစ်သွားခြင်းခံရသော ဘောက်တူကလေးကိုသာ တွေ့ရသည်။ သေနတ်သံများလည်း ရပ်သွားသည်။ ဆလိုက်မီးမောင်းသည် ရေပြင်ကို ရှပ်၍ ထိုးကာ ရန်သူအကြွင်းအကျန်ကို ရှာနေပြန်၏။ မြုပ်သွားသော ဘောက်တူအချို့သည် မြစ်လယ်မှ ရေစီးကြောင်းအတိုင်း အောက်ဘက်သို့ မျောပါသွားကြသည်။ ထိမှန်သူများကား ပွဲချင်းပြီး သေလျှင်သေ၊ မသေ၍ ဒဏ်ရာရသည်ဆိုလျှင်လည်း မြစ်လယ်မှာမို့ ရေနစ်မည်မှာ သေချာလှသည်။

မြစ်ပြင်သည် ရှင်းသွား၏။ သေနတ်သံများလည်း ရပ်သွား၏။ ညသည် တိတ်ဆိတ်ခြင်း တိတ်ဆိတ်လာပြန်၏။

× × ×

တစ်ညလုံး အိပ်ရေးပျက်ထားသည့်အတွက် နုံးချည့်နေကြသည်။ နားနေ အိပ်စက်လိုကြသည်။

သို့သော် အိပ်စက်ရန် အချိန်မရ။ နုံးချည့်ခြင်းကို ဂရုမစိုက်နိုင်။ နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် ရုံးသစ်ကြီး အဆောက်အဦ၏ အနောက်ဘက်တွင် နေရာယူကြရပြန်သည်။

သူတို့ နေရာယူထားသော ဧရိယာ၏ အလယ်ဗဟို မြေကွက်လပ်တွင် စိန်ပြောင်းတွေကို သဲအိတ်ကြီးများဖြင့် ထပ်ဆင့်ထားသော အကာအကွယ်အကြား၌ သုံးလက်မ စိန်ပြောင်းကြီးတွေ ဆင်ထားသည်။ သူတို့၏ တာဝန်ကား ရွေ့ရ ပြောင်းရခက်လှသော ဤစိန်ပြောင်းကြီးတွေကို ဘေးပတ်ပတ်လည်မှ ကင်းချ စောင့်ရှောက်ပေးရန် ဖြစ်သည်။

စိန်ပြောင်းကြီး တပ်စုမှ ရဲဘော်များသည် အလုပ်ရှုပ်နေကြ၏။ အကွာအဝေး တွက်သူ တွက်သည်။ ပစ်မှတ်ကို မြေပုံတွင် တိုင်းသူက တိုင်းသည်။ ပစ်ရမည့် ပစ်မှတ်၊ ပစ်ရမည့် အကွာအဝေးအလိုက် စိန်ပြောင်းကြီး ချိန်ရမည့် ဒီဂရီကို ရှာသူက ရှာသည်။ နာရီဝက်အတွင်း အသင့်ဖြစ်လေပြီ။

ကေအင်ဒီအို တပ်များ အလုံးအရင်းနှင့် စုဝေးနေသည်ဟု အခိုင်အမာ သတင်းရထားသည့် သံကြိုးတိုင်ဖက်သို့ ပစ်ခတ်တော့မည်ဖြစ်ကြောင်း ဝင်းကြည်တို့ ရိပ်စားမိကြသည်။

မကြာမီ ထုံခနဲ ထုံခနဲ မြည်ဟီး၍ တက်သွားကြသော စိန်ပြောင်း ကျည်ဆန်ကြီးများကို တွေ့ရသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် အလွန်ဝေးလံသော အရပ်ဆီမှ ပေါက်ကွဲသံတွေ သဲ့သဲ့၍

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်လာသည်။ စိန်ပြောင်းကြီး တပ်စုဝင် ရဲဘော်များသည် နားတွင် ပွမ်းစတွေ ဆို့ကာ စနစ်တကျ လေးလေးမှန်မှန် ပစ်ခတ်နေကြသည်။

တစ်နာရီခန့် ပစ်ခတ်ပြီးလေပြီ။

စိန်ပြောင်းသံများ စဲသွားသည်နှင့် တစ်ပြိုင်နက် သူတို့တပ်စုသည် မြောက်ဘက်စူးစူးသို့ ချီတက်လာကြ၏။ မြို့၏ မြောက်ဘက်အစွန်ဆုံး ကင်းဂိတ်ကို ဖြတ်ကာ တာရိုးနံဘေးအတိုင်း ချီတက်လာကြသည်။ မြို့တွင်း၌ ထင်းမရှိသည့်အတွက် ထင်းခုတ်ထွက်ကြသော လှည်းတွေကို လမ်းရှင်းပေးရန် တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို တိုက်ကင်း ထွက်ပေးရသည်။

နံနက်ခင်းနေသည် နုပျိုလန်းဆန်းလျက်ရှိ၏။ တာရိုး၏ တစ်ဖက်တစ်ချက်တွင်ကား တောအုပ်သည် ထူထပ်၏။ အတွင်းဘက် တောတန်းနှင့် တာရိုး၏အကြားတွင် လှည်းလမ်း ရှိလေသည်။ လှည်းလမ်းသည် တာရိုးနံဘေးတွင် မျဉ်းနှစ်ကြောင်းကို အလျားလိုက်သား ထားသကဲ့သို့ ထင်ရသည်။

ငှက်ကလေးတွေ၏ ဆိုတင်းစကားသံများကို ကြားရသည်။ လေသည် မြစ်ဘက်မှ အပြေးအလွှားလာကာ တာရိုးကို ကျော်ဖြတ်လျက် တောအုပ်အတွင်းသို့ ဝင်သွား၏။

တစ်မိုင်ခွဲခန့်အထိ ခရီးပေါက်လာသည်။ တစ်စုံတစ်ရာသော အနှောင့်အယှက်ကိုမျှ မတွေ့ရ။ သို့ရာတွင် အနှောင့်အယှက် မတွေ့ဟု ဆိုရုံမျှဖြင့် သတိလက်လွတ်သွား၍ မဖြစ်။ သတိကြီးစွာ ထားရသည်။ လင်းယုန်၏ စူးရှသော မျက်စိမျိုးဖြင့် နံဘေး တောအုပ်ကို လည်းကောင်း၊ ရှေ့တူရူ ကို လည်းကောင်း မပြတ် အာရုံစိုက်ရသည်။

တင်ရွှေတို့ နေထိုင်သွားသော ခြံကြီးသို့ ရောက်လာသည်။ အိမ်ကြီးမှာ ယခင်ဖြစ်ပွားခဲ့ သည့် တိုက်ပွဲများအကြား၌ မီးလောင် ပျက်စီးသွားလေပြီမို့ မီးသွေးတုံးများနှင့် ပြာပုံများသာ ကျန်တော့သည်။ တစ်လမ်းလုံးလည်း လူအရိပ်အခြည် မတွေ့ရ။ ဝင်းကြည်သည် တင်ရွှေတို့ အိမ်ကြီးကို နှမြောတသသော အကြည့်ဖြင့် ကြည့်၏။ ဤအိမ်ကြီးနှင့် ခြံဝင်းကျယ်ကြီး အတွင်း၌ သူတို့ သူငယ်ချင်းတစ်သိုက် အကြိမ်ပေါင်းများစွာ ပျော်ပွဲစားခဲ့ကြသည်။ ကစားမြူးထူးခဲ့ကြသည်။ သမဂ္ဂရေးရာနှင့် ကျောင်းသားလှုပ်ရှားမှု ပြဿနာတွေကို တိုင်ပင် ဆွေးနွေးခဲ့ကြသည်။ တင်ရွှေ အဖေနှင့် အမေသာမက တင်ရွှေ့ဘွားအေကြီးကလည်း သူတို့အပေါ်၌ သားအရင်းတွေ၊ တူအရင်း တွေတမျှ ချစ်ခင်ကြသည်။ ဗမာစကားကို ကရင်သံဝဲဝဲဖြင့် ပြောဆိုကာ ကရင်သံဝဲဝဲဖြင့် ဘုရားစာ ရွတ်၍ ဘုရားရှိခိုးတတ်သော အဘွားကြီးကို ဝကြ နောက်ကြသည်။ ယခုတော့ ဤအိမ်ကြီးသည် ပြာပုံအတိသာ ပြီးတော့၏။ တင်ရွှေတို့ သားအမိလည်း မရှိတော့။

အဘယ်အရပ်သို့ ရောက်ကုန်ကြပြီနည်း။ လွတ်ရာ ကျွတ်ရာသို့ဝင် ထွက်ပြေး တိမ်းရှောင် ကြသလော၊ သို့တည်းမဟုတ် အချင်းချင်း တိုက်ခိုက် သတ်ဖြတ်ကြသည့် ဤစစ်၏ မီးတောက် မီးလျှံများ အကြားတွင် ပျက်ပြုန်းကြရလေပြီလော။

www.burmeseclassic.com

www.burmeseclassic.com



တောတန်းသည် ဆုံးသွား၏။

တောတန်းဆုံးသည်နှင့် တစ်ပြိုင်နက် ကွင်းပြင်ကို တွေ့ရသည်။ ကိုက် ၂၀၀ ခန့် ကျယ်ဝန်းမည့် ကွင်း၏ တစ်ဖက်တွင် တောအုပ်တစ်ခုကို တွေ့ရပြန်သည်။ ကွင်းတစ်ခုလုံး၌ ငရုတ်ပင်အချို့သာ ကျိုးတကျဲ ပေါက်နေပြီး ကွင်း၏ အလယ်ဗဟိုတွင် ဉာဏ်တော် မမြင့်တမြင့် စေတီငယ်တစ်ဆူ တည်ရှိသည်။

တောစပ်မှ နေ၍ ကွင်းကို ဖြတ်ကူးမည်အပြု တစ်ဖက်သော တောတန်းဆီမှ ဘရင်းဂန်းသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။

"ဝပ်"

မြမော်က သံကုန် ဟစ်အော်လိုက်၏။

ဘရင်းဂန်းသံ၊ မြမော်၏ အမိန့်ပေးသံနှင့် ဆက်တိုက်ဆိုသလို အားလုံး နေရာယူကြပြီးဖြစ်သည်။ နှစ်လက်မ စိန်ပြောင်းသမား ခင်မောင်လေးသည် ဝါးရုံတစ်ရုံ၏ မြစ်ဆုံတွေကို အကာအကွယ်ယူရင်း စိန်ပြောင်း ပစ်ကွင်း ပစ်ကွက်ကို ရွေးချယ်နေ၏။

မြမော်၏ ဘယ်တောင်ပံတွင် လူပေါင်း ၆ ယောက်၊ ဝင်းကြည်၏ ညာတောင်ပံတွင် လူ ၅ ယောက် ရှိနေကြသည်။ မြမော်သည် သရက်ပင် တစ်ပင်၏ ပင်စည်ကို အကာအကွယ်ယူကာ မှဆိုး ဒူးထောက်ထိုင်ရင်း ရှေ့တောအုပ်ကို အကဲခတ်နေ၏။ ဝင်းကြည်ကား ဝါးရုံပင်ကို အကာအကွယ်ယူထား၏။

"ပစ်"

မြမော်၏ အမိန့်ပေးသံ ထွက်လာရာ ဘယ်တောင်ပံ တစ်ခုလုံးက ရှေ့တောအုပ်အစပ်သို့ ထိုးပစ်ကြသည်။ ဝင်းကြည်ကမူ ပစ်မိန့်မပေးသေးဘဲ ရှေ့တောအုပ်အတွင်းမှ ပြန်လည် ပစ်ခတ်လိုက်သည့် အခြေအနေကို စောင့်ကြည့် အကဲခတ်နေ၏။ ဘယ်ချုပ်တ၊ ဘယ်အကာအကွယ်ဆီက အဘယ်မျှလောက် ပစ်အား ရှိမရှိ ဆန်းစစ် တွက်ဆနေ၏။ မောင်းပြန်လက်နက် တပ်ဆင်ထားသည်ဟု ထင်ရသောနေရာကို တွေ့ရသည်နှင့် တစ်ပြိုင်နက် "ပစ်" ဟု ယင်းနေရာအား ပစ်မှတ်ပေးကာ အမိန့်ပေးလိုက်လေ၏။

တောအုပ် တစ်ဖက်နှင့် တစ်ဖက် အကြိတ်အနယ် ပစ်ခတ်နေသော ကျည်ဆန်များသည် ကွင်းပြင်ကို ကျော်ကာ စေတီတော်ကလေးကို ဖြတ်သန်းလျက် ပြေးလွှားနေကြ၏။ လူသတ်သမား၏ မာန်မာန အတိပြီးသော သေမင်းတမန် ကျည်ဆန်များသည် စေတီတော်ကိုပင် တစ်ခါတစ်ရံ ထိမှန်ကာ ရွှီခနဲ လွင့်စဉ် ထွက်လာတတ်၏။

ဝင်းကြည်တို့ဘက်က ပစ်အားကောင်းလာသောအခါ တစ်ဖက်က ပစ်အားလျော့နည်း လျော့သွားလိုက်သည်။ တစ်ခါတစ်ရံ ငြိမ်သွားသည်။ စစ်ဟူသည်မှာ အကြိတ်အနယ် တိုက်ခိုက်နေစဉ်အတွင်း တစ်ဖက်က ငြိမ်ကျသွားလျှင် ကြောက်မက်ဖွယ် အခြေအနေမျိုး ပေါ်ပေါက်နိုင်သည့်သဘော

www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။ တကယ်ပင် အရေးနိမ့်သဖြင့် ဆုတ်ခွာသွားသည့်အတွက် ငြိမ်ကျသွားခြင်းမျိုးလော၊ သို့တည်းမဟုတ် အစတုံး ချေမှုန်းခြင်းခံရပြီဟု တွက်ကာ ကမူးရှူးတိုး ရှေ့သို့ တက်စေရန်အတွက် စစ်မျှားခေါ်ရန် ငြိမ်ကျသွားခြင်းလော ဟူသည်ကို အကဲခတ်ရန် လိုအပ်သည်။ ယင်းအကြောင်း နှစ်ရပ်အနက် တစ်ခုတော့ ကျိန်းသေ ဖြစ်နိုင်သည်။ သို့မို့ကြောင့် တစ်ဖက်က ငြိမ်ကျသွားသည်ကို ဂဃနဏ အကဲခတ်ရန် လိုသည်။

"စိန်ပြောင်း နေရာယူ"

ဝင်းကြည်က စိန်ပြောင်းသမားအား နေရာယူခိုင်းလိုက်သည့် မြမော်၏ အကြံအစည်ကို ရိပ်မိလေပြီ။ တစ်ဖက်က ငြိမ်ကျသွားသည်ကို အခွင့်ကောင်းယူကာ ချေမှုန်းပစ်ရန်၊ သို့တည်းမဟုတ် ကစဉ့်ကလျား ဖြစ်သွားစေရန် စိန်ပြောင်းကို အသုံးချခြင်း ဖြစ်သည်။

စိန်ပြောင်းသမား ခင်မောင်လေးက စောစောကပင် အဆင်သင့် ကြည့်ရှု ရွေးချယ်ထားပြီးဖြစ်သော နေရာကို ယူလိုက်၏။ ရှေ့တွင် မြေကမူငယ်တစ်ခု ရှိသည်။ စိန်ပြောင်း ကျည်သွားလမ်းတွင် သစ်ကိုင်းသစ်ရွက် ကင်းရှင်းသည်။ သူယူထားသော နေရာသည် ရှေ့တွင် မြေကမူ အကာအကွယ်လည်း မရှိ၊ စိန်ပြောင်း ကျည်သွားလမ်းလည်း ရှင်းသည့်အတွက် ချွတ်ယွင်းချက် မရှိ။

ခင်မောင်လေးသည် မုဆိုး ဒူးထောက်ထိုင်ကာ နှစ်လက်မ စိန်ပြောင်းကို ချိန်သားကိုက်လျက် စိန်ပြောင်း ကျည်ကိုလည်း အသင့်ကိုင်ထားပြီး ဖြစ်၏။

"ပစ်"

မြမော်က အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် စိန်ပြောင်း ကျည်ဆန်သည် ရှီးခနဲ မြောက်တက်သွားကာ ရှေ့တောအုပ်အတွင်းသို့ ကျရောက် ပေါက်ကွဲလေတော့သည်။ ဤနည်းအတိုင်း စိန်ပြောင်း ကျည်ဆန်ငါးခုကို ပစ်လွှတ်လိုက်သည်။ ယင်းအခိုက်မှာပင် တပ်ရင်း ၄ မှ တပ်စိတ်တစ်စိတ် စစ်ကူ ရောက်လာသည်။ ဝင်းကြည်၏ ညာတောင်ပံသည် တာရိုးကို ဖြတ်ကျော်ကာ တာရိုးတစ်ဖက်မှ နေ၍ ရှေ့သို့ ပန်းတက်သွား၏။ မြမော်၏ ဘယ်တောင်ပံကလည်း ကွင်းပြင်၏ ဘယ်ဘက်မှ ကွေ့ကာ ပန်းတက်၏။ စိန်ပြောင်းသမားက ပစ်ခတ်နေစဉ် တပ်ရင်း ၄ မှ စစ်ကူရောက်လာသော တပ်စိတ်ကလည်း ကွင်းပြင်ကို ဝက်ခေါင်းထိုး ထိုးဖြတ်ကာ တရှိန်တည်း တက်သည်။ ပစ်ရင်းတက်၊ တက်ရင်းပစ်သော တစ်ဟုန်ထိုး ထိုးနှက် တိုက်ခိုက်ခြင်း စစ်ပရိယာယ်ကို အသုံးပြုလိုက်ကြခြင်း ဖြစ်သည်။

စောစောက သူတို့ဆီသို့ လှမ်းပစ်နေသော တောစပ်သို့ ဝင်လိုက်မိသောအခါ နောက်က ပစ်ပေးနေသည့် စိန်ပြောင်းသံလည်း တိတ်ဆိတ်သွားသည်။ ကေအင်ဒီအို တို့ကား ကမန်းကတန်း ဆုတ်ခွာသွားကြလေပြီ။ ဝင်းကြည်၏ တောင်ပံနှင့် မြမော်၏ တောင်ပံသည်လည်း ဟိုတပ်စိတ်နှင့် တောအုပ်အတွင်း ဆုံမိကြသည်။ ကေအင်ဒီအိုတို့ အသုံးပြုသွားသော တဲကလေးတစ်လုံး၊

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုး ဟင်းအိုးများနှင့် လက်နက်ခဲယမ်း မီးကျောက် အချို့ကိုလည်း ရမိလိုက်ကြသည်။ ဒဏ်ရာရထားသဖြင့် မပြေးနိုင်ဘဲ ကျန်နေသော ကေအင်ဒီအို နှစ်ယောက်ကိုလည်း သရက်ပင်ကြီး တစ်ပင်၏ ခြေရင်းတွင် ဖမ်းမိလိုက်ကြသည်။

တစ်ယောက်ကား ဦးစောချစ်ပေတည်း။

ဦးစောချစ်၏ ခြေထောက်နှစ်ဖက်စလုံးမှာ သွေးအလိမ်းလိမ်း လူးကပ် ပေကျံလျက် ရှိသည်။

"ဦးစောချစ်၊ ဦးစောချစ်"

ဝင်းကြည်သည် စတင်းဂန်းကို ကိုင်ထားရင်း ဦးစောချစ်ဆီသို့ အပြေးအလွှား ရောက် သွား၏။

"ကျွန်တော် ဝင်းကြည်လေ"

ဦးစောချစ်က ဘာမျှ ပြန်မပြော။ နှုတ်လည်း မဆက်။ နာကျင်သော ဝေဒနာအကြားမှ ပြုံးနေသည်။ ပြုံးသည် ဆိုပေမယ့် ဦးစောချစ်၏ အပြုံးမျိုးမှာ မိမိအပေါ်၌ ရွံ့ရှာစက်ဆုပ်သော အပြုံးမျိုးဟု ဝင်းကြည် ထင်မိသည်။

ဝင်းကြည်သည် အစိတ်စိတ်အမြွာမြွာ စုတ်ပြဲနေသော ဦးစောချစ်၏ ရှမ်းဘောင်းဘီ အနက် မှ အသားစကို ဆုတ်ဖြဲကာ ဦးစောချစ်၏ လက်ဝဲဘက် ခြေသလုံးမှ ဒဏ်ရာကို အရေးပေါ် ပတ်တီးစည်းပေး၏။ ဦးစောချစ်၏ ဒဏ်ရာမှ ထွက်သော သွေးများသည် ဝင်းကြည်၏ လက်တွင် လိမ်းကပ် ပေကျံနေလေ၏။ ဦးစောချစ်၏ မျက်နှာတွင် ချွေးသီးချွေးပေါက်များ ကျဆင်းနေသည်။ ဖုန်မှုန့်များ၊ ရွှံ့များလည်း ပေကျံနေသည်။

"သြော် ခင်ဗျားကိုး"

ဦးစောချစ်၏ နှုတ်ဖျားက ဤစကားတစ်ခွန်းသာ ထွက်လာသည်။ ယခင်ကလို သွက် လက် ဖော်ရွေခြင်း မရှိ။ ယခင်ကလို ရင်းနှီးကျွမ်းဝင်ခြင်း မရှိ။ စိမ်းကားသည်။ အငြိုးထားသည်။

"ဟုတ်တယ်၊ ကျွန်တော်ပါပဲ ဦးစောချစ်။ ဝင်းကြည်လေ၊ ဝင်းကြည်"

"ပြောမနေပါနဲ့လေ။ ကျုပ်သိပါတယ်။ ဒီမှာ ကိုဝင်းကြည်၊ ကျုပ် ဝေဒနာ ကြာကြာမခံ ရအောင် ကျုပ်ကို ဒီနေရာမှာတင် ပစ်သတ်လိုက်ပါလားဗျာ ဟင်၊ ပစ်သတ်လိုက်ပါလား။ ဘာဖြစ် လို့ ခင်ဗျားတို့ အရှင်ထားချင်ရသလဲ"

ဝင်းကြည်သည် ထောင်းခနဲ ဒေါသထွက်သွားမိသော်လည်း ချက်ချင်း ဤဒေါသကို ပြန်၍ ချုပ်တည်းလိုက်သည်။

"ဦးစောချစ် စကားသိပ်မပြောပါနဲ့။ မောနေမယ်။ ဦးစောချစ် ဒဏ်ရာပျောက်အောင် ကျွန်တော်တို့ ဂရုစိုက် ကုပေးပါ့မယ်။ သက်သာသလိုနေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား၊ ဒီလောက်တောင် ကျုပ်တို့ ကရင်တွေကို မုန်းလို့ သတ်ဖြတ်နေကြတဲ့ ဥစ္စာ။ ကျုပ်လိုကောင်ကို ခင်ဗျားတို့က ဆေးကုပေးဦးမယ် ဟုတ်လား။ ဂရုစိုက်ဖို့ မလိုဘူး။ ဆေးကုဖို့လည်း မလိုချင်ဘူး။ ခင်ဗျားတို့ ကျုပ်ကို အခုသတ်မှာသာ သတ်။ စကားတွေ အပိုပြော တာ မကြားချင်ဘူး"

အားလုံး ဝိုင်းလာကြသည်။ ဦးစောချစ်နှင့် ဝင်းကြည်ကို အထူးအဆန်းသဖွယ် ကြည့်နေ ကြသည်။ ဦးစောချစ်၏ ရယ်သံသည် တရုတ်လပ် တောတစ်ခွင်လုံး ဟိန်းထွက်သွား၏။

"သတ်ကြလေ။ ဘာဝိုင်းကြည့်နေတာလဲ။ သတ္တိမရှိကြဘူးလား"

ဦးစောချစ်သည် အရူးသဖွယ် အော်ဟစ်ပြောဆိုနေ၏။ နာနေသော ကျားလို သူ့အသက်ရှူ သံမှာ ပြင်းသလောက် မြန်လည်း မြန်လှ၏။

"ဦးစောချစ်ကို ဘာ့ကြောင့် သတ်ရမှာလဲ။ သတ်ဖို့စကားကို ဘာဖြစ်လို့ ပြောနေတာလဲ။ ကျွန်တော် စိတ်မကောင်းဘူးဗျာ။ အခုလို ဖြစ်ကြရတာတောင် သိပ်ကို လွန်နေကြပြီ"

"စိတ်မကောင်းဘူး ဟုတ်လား ကိုဝင်းကြည်။ ကျုပ်တို့က ကျုပ်တို့ဘာသာ လွတ်လပ်တဲ့ လူမျိုးဖြစ်အောင် တိုက်တာကို ခင်ဗျားတို့က နည်းမျိုးစုံနဲ့ နှိပ်စက် နှိမ်နင်းနေပြီးမှများ စိတ်မကောင်း ဖြစ်နေရသေးသလား ဟင်"

ဝင်းကြည်က သက်ပြင်းချလိုက်မိ၏။

မြမော်ကား ဒေါသဖြစ်နေလေပြီ။ ဤမျှ ပြောဆို ဖေးမနေပါလျက် ခေါင်းမာမာဖြင့် ပေါက် တတ်ကရတွေ လျှောက်ပြောနေရကောင်းလားဟု တွေးဟန်တူသည်။

"ဟော့ကောင် ဝင်းကြည်။ သိပ်ပြောမနေတော့နဲ့ကွာ။ ဖမ်းမိတဲ့လူကို စစ်တပ်အပ်ရမှာပဲ။ တို့နဲ့ မဆိုင်ဘူး။ ဘာမှ ပြောမနေနဲ့တော့"ဟု မြမော်က ပြောသည်။

ဦးစောချစ်နှင့် အခြားတစ်ယောက်ကို တပ်မတော်သို့ လွှဲအပ်လိုက်ရလေပြီ။ ဝင်းကြည် ကား ခေါင်းငိုက်စိုက်ဖြင့်သာ ပြန်လာခဲ့ရသည်။ စိတ်လည်း အလွန်အမင်း ထိခိုက်လှသည်။ မအူပင်သို့ တပ်ခေါက်၍ ပြန်လာခဲ့သည့် လမ်းတစ်လျှောက်လုံး မည်သူ့ကိုမျှ စကားမပြော။ စောစောက တိုက်ခိုက်ခဲ့ရသော တိုက်ပွဲ၌လည်း စိတ်မဝင်စား။

သူ့စိတ်သည် အတိုင်းအဆမရှိ၊ အပြောကျယ်စွာသော တောင်းကင်တစ်ခွင်တွင် လွင့်ပျံ လျက် ရှိသည်။ သူ့ကိုယ်သူ စက်ဆုပ် မုန်းတီးလာသည်။ ကြေကွဲခြင်းများကလည်း သူ့ကို ဖမ်းစား ချုပ်ကိုင်ထားကြသည်။ မောဟိုက် နွမ်းနယ်ခြင်း ဝဲဂယက်ကြီးအတွင်း နစ်ချည် ပေါ်ချည် ကူးခတ်နေရသည်။ သို့ရာတွင် မိမိ ပါဝင်ကပြခဲ့ပြီ ဖြစ်သော ဤဇာတ်ကို သစ်စိမ်းချိုး ချိုးသေ မည်သို့မည်ပုံ စွန့်ခွာရမည်ကိုကား မတွေးတတ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၄

ကိုဝင်းကြည်

စင်သီယာ စာရေးလိုက်ပါတယ်။ အကြောင်း ထွေထွေထူးထူးရယ်လို့တော့ မရှိပါဘူး။ ကိုဝင်းကြည်ကို သတိရတာက တစ်ကြောင်း၊ ပြောချင်တာတွေကို မျိုသိပ်မထားနိုင်တာက တစ်ကြောင်း။ အဲဒီအကြောင်း နှစ်ကြောင်းကြောင့် စာရေးလိုက်ရတာပါပဲ။

စင်သီယာ့စာဟာ ကိုဝင်းကြည်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက်မှ ရောက်ပါ့မလားလို့ ထင်မိတယ်။ သို့သော်လည်း ရောက်သည်ဖြစ်စေ၊ မရောက်သည် ဖြစ်စေ ရေးချင်တဲ့ စိတ်ဆန္ဒကို စင်သီယာ့ဘာသာ ဖြည့်စွမ်းရရင် တော်ပါပြီ။ တကယ်လို့ ဒီစာရောက်ပြီး ကိုဝင်းကြည်က ဖတ်ရတယ် ဆိုရင်တော့ စင်သီယာ့ ဆန္ဒ ပိုပြည့်ဝတာပေါ့လေ။

စင်သီယာ ရန်ကုန်ရောက်လာတာ အခုဆိုရင် တစ်နှစ်ကျော်လာပြီ။ ကိုဝင်းကြည်နဲ့ ဝေးနေခဲ့ရတာ တစ်နှစ်ကျော်ပြီ ဆိုပါတော့။

ဒီတစ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ စင်သီယာတို့ရဲ့ အခြေအနေတွေ အများကြီး ပြောင်းလဲသွားပါတယ်။ ပထမဆုံး ပြောရမှာကတော့ ဖေဖေဟာ လေဖြတ်ပြီး ကိုယ်တစ်ပိုင်း သေသွားတယ်။ ခုအထိ အိပ်ရာပေါ်မှာ ပက်လက်ပဲ ဆိုပါတော့။ ဖေဖေက ဒီလိုဖြစ်တယ်ဆိုရင်ပဲ အိမ်ရဲ့ အခြေအနေလိုက်လို့ စင်သီယာ အလုပ်ထွက်လုပ်ရပါတယ်။ အခု စင်သီယာ ပို့ကော်မရှင်နာ ရုံးမှာ အလုပ်ဝင်လုပ်နေပါတယ်။ ပင်စီကတော့ လက်ထပ်သွားပါပြီ။ သူ့ခင်ပွန်းက ဘီအိုစီ အရာရှိ ဆိုတော့ သူ့ခင်ပွန်း ပြောင်းသွားရတဲ့ ချောက်ကို လိုက်နေရပါတယ်။ အဲဒါကြောင့် အခုဆိုရင် အိမ်မှာ လေဖြတ်ထားတဲ့ ဖေဖေရယ်၊ ဖေဖေ့ ညီမတစ်ဝမ်းကွဲရယ်၊ စင်သီယာရယ် သုံးယောက်ထဲ ပေါ့။

အဲဒါက အိမ်အခြေအနေ၊ စင်သီယာ့ အခြေအနေပါပဲ။

ရန်ကုန်ကို လာရမယ့်နေ့က ကမ်းနားဆိပ်မှာ ကိုဝင်းကြည်နဲ့ ပြောခဲ့ရတဲ့ စကားတွေကို အခု ဆက်ပြောချင်ပါတယ်။ ဒါက တခြားမဟုတ်ပါဘူး။ ကိုဝင်းကြည်နဲ့ စင်သီယာ့ အကြားမှာ ပေါ်ပေါက်ခဲ့တဲ့ ကိစ္စတွေပါပဲ။ မျက်နှာဖြူတွေနဲ့ ရောရ နှောရ ကောင်းလားလို့ ကိုဝင်းကြည်က စင်သီယာ့ကို အပြစ်တင်ခဲ့တယ်၊ မျက်မုန်းကျိုးခဲ့တယ်၊ အဆက်ဖြတ်ခဲ့တယ်နော်။ ဟိုတုန်းက ကိုဝင်းကြည်ကို မခံချင်တဲ့စိတ်နဲ့ စင်သီယာကလည်း ခွတ်တရွတ် မာနတခွဲသားထားပြီး စိတ်လိုက် မာန်ပါတွေ ပြောမိ လုပ်မိခဲ့တာမို့ အခု ဒီအကြောင်းတွေကို ပြန်စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



မိတိုင်း စင်သီယာ နောင်တရတယ်။ ကိုဝင်းကြည် ရင်နာခဲ့ရတာတွေကို တွေးပြီး စင်သီယာ စိတ်မကောင်းဖြစ်ရတယ်။ စင်သီယာ ရေးပြနေတာတွေကို ကိုဝင်းကြည် ယုံကြည်စေချင်ပါတယ်။ ယုံကြည်ဖို့လည်း တောင်းပန်ပါတယ်၊ အဲဒါအတွက် ကိုဝင်းကြည်က မကျေချမ်းနိုင်သေးဘူး၊ အမျက်မပြေနိုင်သေးဘူး ဆိုရင် ကိုဝင်းကြည် ပေးတဲ့ အပြစ်ကို စင်သီယာ ခံပါ့မယ်။

ကိုဝင်းကြည် စိတ်တိုင်းကျဖြစ်အောင် နေဖို့ စင်သီယာ ဆုံးဖြတ်ပြီးပါပြီ။ ကိုဝင်းကြည် လိုချင်တဲ့ မိန်းကလေး တစ်ယောက်အဖြစ် ရောက်အောင် စင်သီယာ ဘာလုပ်ရမလဲ လုပ်ပါ့မယ်။

စင်သီယာလေ အခု ရွှေတိဂုံဘုရားကို မှန်မှန်သွားတယ်။ မေမေ ကျန်းမာဖို့ ဆုတောင်းတယ်။ ကိုဝင်းကြည် အန္တရာယ်ကင်းပါစေ၊ ဘေးကင်းပါစေလို့ ဆုတောင်းတယ်။ အတိုက်အခိုက်တွေ၊ ဘေးအန္တရာယ်တွေ အကြားမှာ မွေ့လျော် နေတဲ့ ကိုဝင်းကြည်နဲ့ အမြန်ဆုံး ပြန်လည် တွေ့ဆုံရပါစေလို့ ဆုတောင်းမိတာ အခါခါပါပဲ။

ရန်ကုန်မြို့ဟာ အစည်ကား မပျက်ပါဘူး။ ပျော်စရာ မြို့ကြီးအဖြစ် ရှိပါ သေးတယ်။ ဒါပေမဲ့ စင်သီယာ မပျော်ဘူး။ ဂုဏ်ပကာသနတွေ၊ အလှအပ တွေကိုလည်း စင်သီယာ မမက်တော့ဘူး။ ကိုဝင်းကြည်က ဒါတွေကို မုန်းတယ် မဟုတ်လား။

စီးပွားရေး အဆင်မပြေလို့ အလုပ်ထွက်လုပ်ရတာနဲ့ ကျောင်းဆက်မတက် နိုင်တော့တာကိုတော့ တစ်ခါတလေ ဝမ်းနည်းသလိုလို ဖြစ်မိသား။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်လိုက်တော့လည်း ဝမ်းနည်းနေလို့ ဘာများ အကြောင်းထူးတော့မှာလဲ။ ကိုယ့်ဘဝအတွက် ကိုယ့်ကိုယ်ကိုယ်မှတစ်ပါး တခြား အားကိုးစရာ မရှိပါလားလို့ မြေမိပါတယ် ကိုဝင်းကြည်။

ကိုဝင်းကြည်နဲ့ တွေ့ရတဲ့ တစ်ချိန်မှာ အားပါးတရ အတိုးချပြီး ပြန်ပြော ချင်တယ်။ ကိုဝင်းကြည်နဲ့ မြန်မြန် ပြန်တွေ့ရပါစေတော့လို့ ဆုတောင်းပါတယ်။ စင်သီယာ့ကို သတိတရ စာရေးချင်တယ် ဆိုရင်တော့ ရေးပါဦး၊ ကိုဝင်းကြည့် စာကို ဖတ်ရရင် စင်သီယာ ဝမ်းသာလို့ ဆုံးမှာ မဟုတ်ပါဘူး။ အခု စင်သီယာတို့ ရန်ကုန် အနောက်ပိုင်း လှည်းတန်းမှာ နေနေပါတယ်။

မျှားစွာသတိရ တမ်းတနေတဲ့
ကိုဝင်းကြည်ရဲ့ တစ်ချိန်က
စင်သီယာ

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံသည် နှစ်ပတ်တစ်ကြိမ်၊ သို့မဟုတ် တစ်လတစ်ကြိမ်မျှ မအူပင်သို့ ရောက်လာကာ တပ်မတော်အတွက် ခဲယမ်းမီးကျောက်များ၊ ရိက္ခာပစ္စည်းများနှင့်အတူ အစိုးရ ချေးအိတ်များ၊ ပါဆယ်ထုတ်များကို လေထီးဖြင့် ချပေးသည်။

စင်သီယာ့စာကား ဤနည်းနှင့် ရောက်လာသော စာပေတည်း။

ဤစာသည် ဝင်းကြည်၏ မီးခဲပြာဖုံးနေသော စိတ်ဝေဒနာကို အသစ်ဖြစ်စေလေသည်။ စင်သီယာသည် ရန်ကုန်သို့ ထွက်ခွာအံ့ဆဲဆဲတွင် နောင်တစကား အရိပ်အမြွက် ပြောဆိုခဲ့သည်မှာ မှန်၏။ စင်သီယာ ပြောသွားသော စကားလုံးတွေ၊ စင်သီယာ့ ပါးပြင်၌ တလိမ့်လိမ့် စီးဆင်းကျလာသော မျက်ရည်စတွေကို ပြန်လည် ကြားယောင် မြင်ယောင်မိသည်လည်း ရှိ၏။ စင်သီယာ၏ သနားချင်စဖွယ် အတိပြီးသော နောင်တစကားများကြောင့် ဝင်းကြည်၏ တင်းမာ ခက်ထန်သော နှလုံးသားမှာ ပျော့ပျောင်း နူးညံ့လာခဲ့ဖူးပေ၏။

သို့သော် ဝင်းကြည်သည် စင်သီယာ တည်းဟူသော ချစ်စဖွယ် မိန်းကလေးတစ်ဦးကို မေ့လျော့ထားမိသည်သာ ဖြစ်၏။ ရန်ကုန်သို့ရောက်၍ စိုးသိမ်းထံ၌ ခေတ္တခဏမျှ သောင်တင်နေစဉ်ကပင် စင်သီယာ့ဆီသို့ မသွား။ စင်သီယာ့ သတင်းကိုပင် နားမထောင်။

သပိတ်အရေး၊ ကရင်အရေး၊ တိုက်ရေး ခိုက်ရေးများကသာ သူ့စိတ် စေတသိက် တစ်ခုလုံးကို လွှမ်းမိုး ချုပ်ကိုင်ထားခဲ့သောကြောင့် ဖြစ်တန်ရာပါသည်။

ယခုလည်း သနားစဖွယ် စကားဆိုလာသော မိန်းကလေးတစ်ဦး၏ စာကိုခေါက်ကာ သူ့သေတ္တာငယ် အတွင်း၌ ထိုးသွင်းထားလိုက်လေသည်။ စင်သီယာ့ လှိုင်းဂယက်သည် ရှုပ်ထွေးနေသော တင်းမာ ခက်ထန်နေသော သူ့ရင်တွင်းရှိ မိုးသက်မုန်တိုင်းတို့ကို လွှမ်းမိုးရန် မတတ်နိုင်ချေ။

"ထွန်းကြည် ပြန်ရောက်လာတယ်။ မင်းကို တွေ့ချင်လို့တဲ့"

အိမ်သို့ ပြန်မရောက်တာကြာပြီမို့ ခေတ္တခဏအပြန် အဖေက ဆီးပြောသည်။ အဖေ့မျက်နှာကား ညှိုးမှိုင်း အုံ့ဆိုင်းနေ၏။ အမေကား မျက်ရည်တဝဲဝဲသာ ရှိနေပါသေးသည်။

"သူက ဘယ်မှာလဲ အဖေ"

"စစ်ရုံးအချုပ်မှာ၊ သွားတွေ့လိုက်ဦးကွာ"

ထွန်းကြည်ထံသို့ ဆက်သွားမည်ပြုစဉ် မလှကြည်နှင့် အမာကြည်တို့ သူ့အနားသို့ မရဲတရဲ တိုးကပ်လာကြသည်။ မလှကြည်ကား အဖေ အမေနှင့်အတူ သောကဒဏ်တွေကို ခံစားလာရသဖြင့် ကြုံလှီနေ၏။ အမာကြည်ကလည်း မျက်နှာလေး ညှိုးလျနေ၏။ အစ်မနှင့် ညီမ၏ ဖြစ်အင်ကို ကြည့်ကာ ဝင်းကြည်က စိတ်မကောင်း။

"ကိုဝင်း၊ အဝတ်တွေ ချွတ်လဲသွားပါလား။ မမ လျှော်ထားလိုက်မယ်၊ သိပ်ညစ်ပတ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်ပေရေနေသော ယူနီဖောင်းကို ကြည့်ကာ မလှကြည်က ပြောလေသည်။

"မလဲပါဘူး မမရာ။ မထူးပါဘူး"

အမာကြည်က

"ကိုကိုကြီးဆီ သွားလိုက်ပါဦး ကိုကိုလေးရယ်။ ကိုကိုကြီး အချုပ်နဲ့ နေနေရတာ" ဟု ဆိုသည်။

ဝင်းကြည်သည် စတင်းဂန်းကို ပြန်၍ သိုင်းလွယ်ကာ စစ်ရုံးဘက်သို့ ထွက်လာခဲ့ပြန်၏။ အိမ်မှာ ဖင်နွေးအောင်ပင် မထိုင်မိ။

ဈေးကို ကျော်ဖြတ်ကာ စစ်ရုံးသို့ ရောက်လာသည်။ တာဝန်ကျ အရာရှိထံတွင် ခွင့်တောင်းလျက် စစ်ရုံး၏ အတွင်းဘက် အခန်းတစ်ခန်းတွင်ထားသော ထွန်းကြည်ကို ဝင်တွေ့သည်။ ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်မိသည်။ အစ်ကိုက တောခိုခဲ့သူ၊ အစိုးရကို အန်တုဖက်ပြိုင်ခဲ့သူ။ ညီက အစိုးရကို ကာကွယ်နေသူ၊ အစိုးရက ထုတ်ပေးသည့် လက်နက်ကို ကိုင်ထားသူ။

ထွန်းကြည်၏ အသားတွေသည် မည်းသွားသည်။ ပိန်လည်း ပိန်နေသည်။ ဆင်းရဲပင်ပန်းခြင်း ဒဏ်ရာဒဏ်ချက်များကို သူ့ခန္ဓာကိုယ် အနှံ့အပြား၌ တွေ့ရသည်။ တစ်နှစ်မျှသော အချိန်ကာလအတွင်း သူတို့ညီအစ်ကို၏ ဘဝနှင့် အဖြစ်အပျက်များသည် ထွေပြားလှချေသည်တကား။

"အစ်ကို နေကောင်းရဲ့လား"

ဝင်းကြည်က စမေးလိုက်၏။

"ကောင်းပါတယ်။ မင်းရော"

ဝင်းကြည်သည် ခေါင်းညိတ်ရုံမျှ ညိတ်လိုက်၏။ ထွန်းကြည်၏ ခြောက်ကပ်နေသော အသံကိုလည်း သတိထားမိ၏။

"အစ်ကို ဘယ်လိုဖြစ်လာတာလဲ"

ညီဖြစ်သူ၏ အမေးကို အစ်ကိုက ချက်ချင်း အဖြေမပေးသေးပဲ စဉ်းစားနေသည်။

"လက်နက်ချလိုက်ရတယ်ဆိုတဲ့ သဘောပဲပေါ့။ တို့တပ် ပျက်သွားပြီ၊ အားလုံး ဖရိုဖရဲ ဖြစ်သွားပြီလေ။ မောင်ညွန့်တောင် သေမလား ရှင်မလား မသိဘူး"

"ဘာ၊ မောင်ညွန့် ဟုတ်လား။ မောင်ညွန့် ဘာဖြစ်တာလဲ။ တိုက်ပွဲမှာ ထိတာလား။ အစ်ကိုတို့ တပ်က ဘာဖြစ်သွားတာလဲ"

"ဒီလိုကွာ၊ ငါပြောပြမယ်။ ပထမဆုံး ညောင်တုန်းကို ကရင်လက်ထဲက တို့က တိုက်ယူလိုက်တယ်။ ညောင်တုန်းကို တို့က သိမ်းထားတုန်း အစိုးရတပ်က လာတိုက်တော့ တို့ ဆုတ်ခွာလိုက်ရတယ်ဆိုတာ မင်းကြားရင်လည်း ကြားမိမှာပေါ့"

"အင်း၊ အဲဒါတော့ ကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနောက်ပိုင်းမှာ တို့က ခနေဖြူကို တက်သိမ်းခဲ့တာပဲ။ ခနေဖြူမှာ တော်တော်လေး ကြာတယ်။ ကရင်တွေက လာတိုက်တိုင်း တို့က တိုက်ထုတ်လိုက်တာချည်းပဲ။ အခု နောက်ဆုံး အချိမှာတော့ တို့မရတော့ဘူး။ သူတို့အင်အားက သိပ်များတာ။ ငါတို့က စက်ကလေးနဲ့၊ ဘရင်း နဲ့ ဆွဲတာ ဆွဲလို့မနိုင်ဘူး။ အလောင်းချင်းထပ်ပြီး တက်ကြတာပဲ။ နောက်ဆုံးမှာတော့ တို့ ရှုံးတယ် ဆိုပါတော့ကွာ။ မြို့ကို လက်လွှတ်လိုက်ရတယ်။ ခနေဖြူ ဆိပ်ကမ်းကနေပြီး နောက်ဆုံး ခုခံပြီး ကိုယ်လွတ်ပြေးရတဲ့အထိပေါ့။ မောင်ညွန့်တော့ ရင်အုံကို မှန်တယ်ကွ။ သူ့ကို သမ္ဗန် အလွတ် တစ်စီးပေါ်တင်ပြီး မျှောလွှတ်လိုက်ရတယ်။ ထွန်းလွင်တော့ ပွဲချင်းပြီးသေတယ်။ ငါက တစ်ဖက်ကမ်း ဖြတ်ကူးပြီး ဒီအထိ ကုန်းကြောင်း ပြန်ခဲ့ရတယ်။ ကျန်တဲ့ ရဲဘော်တွေတော့ စံကင်း ဘက်ပဲ ရောက်ကြသလား၊ သေကုန်ပလား မပြောတတ်ဘူး။ အိမ်ပြန်ရောက်ရောက်ချင်း အဖေက စစ်ရုံး အကြောင်းကြားမယ်၊ ဒီလို အကြောင်းမကြားရင် ပိုရှုပ်ကုန်မယ်ဆိုပြီး အကြောင်းကြားတာပဲ။ အခုတော့ ငါ့ကို မေးစရာရှိလို့ ခဏခေါ်ထားတဲ့ သဘောပေါ့"

"အဖေကလည်း ဘယ်လိုများ လုပ်လိုက်တာလဲဗျာ"

ဝင်းကြည်က အဖေ့ကို အပြစ်တင်မိသည်။

"တပ်ရင်းမှူးနဲ့လည်း သူတွေ့ပြီးပြီ။ ဘာမှ မဖြစ်စေရပါဘူး။ ခဏခေါ်ထားပြီး မေးမြန်း စရာတွေ မေးမြန်းချင်တယ်။ ပြီးတော့ အိမ်ကို ပြန်ပို့ပေးမယ်လို့ ပြောတာပဲ"

"အလကားသက်သက် အစ်ကို့ကို ထောင်ထဲ ထည့်ထားရင် ခံနေရမှာကွ"

ဝင်းကြည်က ဒေါသတကြီး ပြောလိုက်၏။ ထွန်းကြည်ကား စုတ်ဖွာနေသော ဆံပင်တွေ ကို နဖူးပြင်ဆီမှ သပ်တပ်ရင်း သက်ပြင်းချသည်။

"ထည့်လည်း ထည့်ထားပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ။ ငါလည်း တော်တော် စိတ်ပျက် လာပြီ။ တောမှာက ဘယ်လိုမှ ညှိမရဘူးကွာ။ တစ်ယောက်တစ်ပေါက်ကို ဖြစ်နေသေးတယ်။ ဒီအတိုင်း ငါတော့ မလုပ်ချင်တော့ဘူး။ စိတ်လည်း လေးတယ်။ အဖေနဲ့ အမေကိုလည်း သနား တယ်။ ငါ ရွေ့လျောက် အေးအေးပဲနေမယ်လို့ စိတ်ပိုင်းဖြတ်ပြီးပြီ"

"ဒါကတော့ အစ်ကို့သဘောပေါ့။ ကျွန်တော် ဘာမှ ဝင်မပြောချင်ဘူး"

"နို့ မင်းကရော အခုအထိ စိတ်အားထက်သန်နေတုန်းပဲလား။ ငါလည်း ကရင်ကို တိုက် တာပဲ။ အနုဉာဏ်ညှိ ငါဘာဖြစ်နေသလဲ"

"အို အစ်ကိုရာ၊ ကရင်ကို တိုက်ချင်လွန်းလို့ တိုက်နေရတာမှ မဟုတ်ဘဲ။ မတတ်သာ လို့သာ တိုက်ရတာ။ ထားပါတော့လေ၊ ဒါတွေဟာ တစ်နေ့ကျတော့ သူ့ဘာသာသူ ရှင်းလာ ပေါ့၊ ကျွန်တော်ကတော့ အစ်ကို့အတွက်ပဲ ပူတယ်။ လက်နက်ချတယ်ဆိုပြီး ရဲဘော်တွေ အစ်ကို့ကို ဝိုင်းကဲ့ရဲ့ ရှုတ်ချကြမှာပဲစိုးတယ်။ ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကြည်ကား ငေးငိုင်နေလေ၏။ ညီဖြစ်သူ စကားကို သူ ဘယ်လို ယူဆသည်၊ ဘယ်လို ခံစားရသည် မသိ။ သူ့တွင် ဘာမျှ ထူးထူးခြားခြား မဖြစ်မိ။

ဝင်းကြည်သည် သူ့အစ်ကိုကို နှုတ်ဆက်ကာ ထွက်ခွာလာခဲ့၏။ ဖခင် ဗိုလ်ချုပ်အောင်ဆန်းက တည်ဆောက်ပေးခဲ့သော လွတ်လပ်ရေးနှင့် ပြည်ထောင်စုကြီးကို အပျက်စီးမခံနိုင်ဟု ဆိုကာ ကောအင်ဒီအိုကို တိုက်ပေးခဲ့သော ထွန်းကြည်ကား ဤလွတ်လပ်ရေးနှင့် ပြည်ထောင်စု၏ ရာဇဝတ်အကျဉ်းသားအဖြစ် အခန်းငယ်တစ်ခု အတွင်း၌ ကျန်ရစ်ခဲ့လေ၏။

ရုံးသစ်ကြီး အဝင်အဝနားတွင် ကိုအောင်ရွှေနှင့် တွေ့လေသည်။

ကိုအောင်ရွှေသည် တပ်ရင်း ၄ မှ တပ်သားတစ်ဦး ဖြစ်၏။ လယ်ဝေးသားဟု သူ့ကို ဝင်းကြည်တို့က နာမည်ပေးထားသည်။ ကိုအောင်ရွှေ၊ ဆရာ ကိုဘကြည်၊ ကိုသိန်းထူး၊ ကိုဟန်စိန်၊ ကိုတင်ဝင်း စသော ရဲဘော်များသည် ဘီအိုင်အေက စတင်ကာ ပါလာကြသူများ ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေး တိုက်ပွဲပေါင်းစုံတွင် ရှုပ်ရှုပ်ရှုံ့ရှုံ့ အမှုထမ်းခဲ့ကြသူတွေလည်း ဖြစ်သည်။ ယခု ဝင်းကြည်တို့နှင့် အတူတကွ လုပ်ရင်းကိုင်ရင်း ညီရင်းအစ်ကိုတမျှ ရင်းနှီး ခင်မင်လျက် ရှိကြသည်။

"မင်းကို ငါပြောစရာ ရှိတယ်ကွာ။ အတော်ပဲ"

ကိုအောင်ရွှေက စကားစသည်။ သူသည် ယူနီဖောင်းနှင့် မဟုတ်ဘဲ အရပ်ဝတ် အရပ်စားကို ဝတ်ဆင်ထားပြီး လွယ်အိတ်ကလေးတစ်လုံးကို ကောက်ကာ လက်တွင် ကိုင်လာ၏။ လွယ်အိတ်တွင်း၌ကား ခြောက်လုံးပူး ပါပေလိမ့်မည်။

ရုံးသစ်ကြီး အဝင်အဝဂိတ်မှ အုတ်ခုံကလေးပေါ်တွင် နှစ်ယောက်သား ထိုင်ကြသည်။

"ဒီနေ့ ခင်ဗျား ထောက်လှမ်းရေး တာဝန်လား"

"ဟုတ်တယ်၊ ဒါကြောင့် မင်းကို ပြောစရာရှိနေတာပေါ့"

"ဆိုစမ်းပါဦးဗျာ၊ ဘာများလဲ"

"မင်း စိတ်ထဲမှာပဲ ထားနော်။ ငါက ငါ့ညီအရင်းလို ခင်လို့ပြောတာ။ အမှန်ကတော့ ပြောခွင့်မရှိဘူး။ ဒီကိစ္စက အရေးကြီးတယ်လို့လည်း ဆိုနိုင်တယ်။ အရေးမကြီးဘူးလို့လည်း ဆိုနိုင်တယ်။ မင်း ချင့်ချိန်နိုင်အောင်သာ ငါပြောရတာ"

"ခင်ဗျားကလည်း ပြောမှာ ပြောစမ်းပါဗျာ။ အချိုးတွေ နိဒါန်းတွေ လုပ်နေလိုက်တာ"

"ဒီလိုလေ၊ မင်းတို့နဲ့ ပတ်သက်ပြီး ငါတို့က တော်တော်လေး ဂရုစိုက်ကြည့်နေရတယ်။ လူကြီးတွေက မင်းတို့ကို သိပ်မယုံဘူး။ အမြဲတမ်း စောင့်ကြည့်နေတဲ့ အနေအထား ရှိတယ်"

"ဗျာ၊ ကျွန်တော်တို့ကို မယုံဘူး။ ဟုတ်လား ကိုအောင်ရွှေ"

"ပြောရမှာတော့ ခက်တယ်ကွာ။ မယုံတာက အမှန်ပဲ။ အဲဒါကြောင့် မင်းတို့ကို တပ်က

www.burmeseclassic.com

www.burmeseclassic.com



အမြဲ စောင့်ကြည့်နေတယ်။ ဘာမှတော့ မဖြစ်နိုင်ပါဘူးလေ။ စောင့်ကြည့်ရုံတင် ကြည့်တဲ့ သဘော ပေါ့။ စိတ်မကောင်းလည်း မဖြစ်နဲ့။ အနေအထိုင် အပြောအဆို ဆင်ခြင်ဖို့ လိုတာပဲ"

ဝင်းကြည်က ကိုအောင်ရွှေ၏ စကားကို ကြားရသောအခါ ဝမ်းနည်းမိသလို ဖြစ်လာသည်။

ယခုအခါတွင် အဘယ့်ကြောင့် ဤမျှ သံသယတံတိုင်းတွေ တည်ဆောက်နေကြရသနည်း။ တစ်ဦးကိုတစ်ဦး ယုံကြည်သူဟူ၍ အဘယ်မှာ ရှိပါတော့သနည်း။

"အေးဗျာ၊ ဒီလောက်ဆိုရင် ကျွန်တော်တို့ သဘောကို သိလောက်ပြီ ထင်တာပဲ။ ဒီကြား ထဲကမှ မယုံဘူးဆိုလည်း ဘာမှ မတတ်နိုင်ဘူးပေါ့ ကိုအောင်ရွှေ။ မြို့နဲ့ မြို့လူထုကို အကာအကွယ် ပေးမယ်၊ စောင့်ရှောက်မယ် ဆိုတာကလွဲလို့ တခြား ဘာရည်ရွယ်ချက်မှ ကျွန်တော်တို့မှာ မရှိ ပါဘူး။ ဒါလောက်ဆို ခင်ဗျား သဘောပေါက်ရောပေါ့"

"ငါကတော့ သဘောပေါက်တယ်လေ၊ ငါနားလည်တာပေါ့ကွာ။ ဒါကြောင့်လည်း ငါက မင်းကို ဖွင့်ပြောတာပေါ့။ မင်းကို မယုံမကြည်ဆိုရင် ငါပြောပါ့မလား။ တစ်နေ့မှာ အမှန်အတိုင်း လူကြီးတွေ သဘောပေါက်လာရင် ဒီကိစ္စကလည်း ပြီးသွားမှာပါကွာ။ စိတ်မကောင်းမဖြစ်ပါနဲ့။ မြမော်ကိုလည်း ငါပြောပြီးပြီ။ မင်းတို့ နေမြဲတိုင်းသာနေလေ။ ဒါ့ကြောင့် ဒီကိစ္စက အရေးကြီးတယ် လို့လည်း ပြောနိုင်တယ်၊ အရေးမကြီးဘူးလို့လည်း ပြောနိုင်တယ်လို့ ငါပြောတာပေါ့"

ကိုအောင်ရွှေနှင့် လူချင်းခွဲကာ စခန်းသို့ ပြန်လာခဲ့သော ဝင်းကြည်၏ စိတ်မှာ ပိုမို နောက်ကျူ ရှုပ်ထွေးလျက်သာ ရှိပါတော့သည်။

အခြေအနေအားလုံးသည် အစရှာမရနိုင်သော ချည်ခင်ထွေးကဲ့သို့ ရှုပ်ထွေးလျက် ရှိ၏။ တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု သံသယတွေ အစိုင်အခဲနှင့် တည်ဆောက်နေကြ၏။ အကောင်းဆုံး ဖြစ်မည်ထင်သည့် လုပ်ငန်းတွေကို နေ့ရောညပါ လုပ်သော်လည်း အရာမထင်နိုင်ချေ တကား ဟု တွေးမိကာ ရင်၌ မောဟိုက်ရသည်။ ရင်တွင်း၌ မကျေနပ်ချက်တွေ ပြည့်သိပ်လျက်ရှိသည်။ ကိုယ်ရောက်နေသော လောကနှင့် ကိုယ်လုပ်နေသော အလုပ်တွေကို ပြန်၍ စဉ်းစားမိသည်။ ကောင်းသလား၊ ဆိုးသလား၊ မှန်သလား၊ မှားသလား စသည်ဖြင့် စောကြောမိသည်။

အဖြေကား မပေါ်လာ။

ရုံးသစ်ကြီး စခန်းတွင် မြမော်ကို ရှာမတွေ့သည့်အတွက် အရေးပိုင် အိမ်သို့ ထွက်ခဲ့ သည်။ ကျောင်းသားအချို့မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေကြသည်။ မြမော်ကား ဆင်ဝင် အပေါ် ထပ် လသာဆောင်တွင် သေနတ်ပြောင်း တိုက်လျက် ရှိသည်။ ဝင်းကြည်သည် မြမော် အနီးရှိ ခုံတန်းလျားတွင် ဝင်ထိုင်လိုက်၏။

"မင်းကြည့်ရတာ စိတ်ညစ်နေသလိုပဲ။ ဘာတွေ ဖြစ်နေပြန်ပလဲ"

မြမော်က ဖြုတ်ထားသော စတင်းဂန်း အပိုင်းအစတွေကို အဝတ်စုတ်ဖြင့် သုတ်ရင်း မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်က ကိစ္စရော၊ ဟိုအရေး ဒီအရေးရော စုံလို့ပေါ့ဗျာ"

"အိမ်က ဘာကိစ္စပေါ်နေသလဲကွ"

"ထွန်းကြည်လေဗျာ၊ ခနဖြူမှာ သူတို့တပ် ပျက်သွားတယ်။ အဲဒါ အခု ဒီပြန်ဝင်လာတော့ စစ်ရုံးက ဖမ်းချုပ်ထားလိုက်တာပေါ့။ မေးစရာ မြန်းစရာရှိတာ မေးမြန်းပြီးရင် လွှတ်မယ်လို့တော့ ပြောတာပဲ။ အိမ်မှာလည်း အမေတို့က တငိုငို တရယ်ရယ်ပေါ့ဗျာ"

"လက်နက်ချ ဝင်လာတယ်ဆိုရင် ဒီလောက်တော့ မေးလား မြန်းလား လုပ်တာခံရမှာ ပေါ့ကွာ။ ဒါ အဆန်းလား"

"ကျွန်တော်က ဒါကို ဆန်းတယ်လို့ မထင်ပါဘူး။ နောက်ဆုံး ဖမ်းပြီး ထောင်ထဲ ထည့်ထားဦးဗျာ၊ မဆန်းဘူး။ ကျွန်တော် စိတ်ထဲမှာ တစ်ခုပဲ မတင်မကျ ဖြစ်နေတာ ရှိတယ်။ ဒီကောင် ဒီလို ပြန်ဝင်လာတာကို မကြိုက်ဘူး။ လုပ်မိတဲ့နောက်မှတော့ ဘာလို့ ရှုံ့ချည်နှပ်ချည် လုပ်တော့မလဲ။ တစ်ခါတည်း ဆက်လုပ်"

"အိုကွာ၊ ဒါက သူ့အကြောင်းနဲ့သူ ရှိမှာပေါ့ ဝင်းကြည်ရ။ မတတ်သာလို့ ပြန်ဝင်လာတာ မျိုးလည်း ဖြစ်နိုင်တာပဲ။ မင်းက တစ်ခါတလေ တော်တော် ခေါင်းမာတဲ့ ကောင်ကိုးကွ"

"မလုပ်ချင်ရင် အစကတည်းက မလုပ်နဲ့ပေါ့ ကိုမြမော်။ လက်နက်ကိုင် ပုန်ကန်တယ် ဆိုတာ ကလေးကလားမှ မဟုတ်ဘဲ။ လုပ်မိပြီဆိုရင်တော့ ဆုံးခန်းတိုင်အောင် ဆက်လုပ်။ မှားတာ မှန်တာ ဟူသမျှကို အတူတူ တာဝန်ယူ။ ဒါမျိုးကို ကျွန်တော်က ကြိုက်တယ်"

"ဒါက မင်းအကြိုက် မင်းလျှောက်ပြောနေတာကိုး ဝင်းကြည်ရ။ ထွန်းကြည်တို့ကျတော့ ဘယ်လို အကြောင်းတွေ ပြဿနာတွေ ရှိကြတယ်ဆိုတာ မင်းလည်း သိမှာ မဟုတ်ဘူးလေ။ ဒါ့ထက် မောင်ညွန့်ကရော"

"မောင်ညွန့်ကို ရင်အုံမှာ ထိထားတဲ့ ဒဏ်ရာနဲ့ သမ္ဗန်အလွတ် တစ်စင်းပေါ်တင်ပြီး မျှောချလိုက်ကြတယ်တဲ့။ သေမယ်၊ ရှင်မယ် မသိဘူး"

မြမော်သည် ဤနေရာတွင် ငြိမ်ကျသွား၏။ တစ်တန်းတည်းသားချင်းလည်းဖြစ်၊ လည်ပင်းဖက်၍ ကြီးလာသော သူငယ်ချင်းလည်းဖြစ်သည့် မောင်ညွန့်၏ ကံကြမ္မာအတွက် စိတ်ထိခိုက်နေဟန် တူသည်။

"သူတို့အဖြစ်က ဒီလောက်တောင် ဆိုးသလားကွာ"

မြမော်က ညည်းတွားလိုက်၏။

"ဖရိုဖရဲနဲ့ တစ်တပ်လုံး ပျက်သွားတယ် ဆိုမှပဲ။ ထွန်းကြည် အသက်နဲ့ကိုယ် ပြီး ပြန်ရောက်လာတာတောင် ကံကောင်းလှပြီ"

ထို့နောက် နှစ်ယောက်စလုံး နှုတ်ဆိတ်နေကြပြန်သည်။ ဝင်းကြည်သည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



၏ ဆင်ဝင် အထက်ထပ်မှ လှမ်းမြင်နိုင်သော တိုးမြစ်ကြီးဆီသို့ အဓိပ္ပာယ်ကင်းမဲ့စွာ ငေးစိုက်ကြည့်နေမိ၏။

ရေကျချိန် ဖြစ်သည့်အတွက် အချို့သော နေရာတို့တွင် သောင်ထွန်းလျက်ရှိသော တိုးမြစ်သည် တိတ်ဆိတ် ညှိုးငယ်စွာ စီးဆင်းနေ၏။ ဝင်လုဆဲ နေရောင်ကြောင့် သဲသောင်ပြင်တို့မှာ တလက်လက် တောက်ပလျက် ရှိသည်။ ယခင်ကဆိုလျှင် လသာသောညများ၌ ဤသဲသောင်ကြီးတို့တွင် သူတို့အားလုံး ဆော့ကစားခဲ့ကြသည်။ ထုပ်ဆီးတိုးကြသည်။ ညကြီးမင်းကြီး ဘောလုံးကန်ကြသည်။ ကျွမ်းထိုးကြ၊ နပန်းလုံးကြသည်။ ညဉ့်နက်သန်းခေါင်အထိ မောဟိုက်အောင် ကစားကြပြီးနောက် တဝုန်းဝုန်း ရေချိုးကြသည်။

တစ်ခါတစ်ရံတွင်မူ ဆော့ကစားခြင်း အလုပ်ကို စွန့်လွှတ်လျက် ဝိုင်းထိုင်ကာ ရောက်တတ်ရာရာ စကားပြောကြသည်။ နိုင်ငံရေးအကြောင်း၊ မိန်းကလေးတွေ အကြောင်းကအစ ကြီးလျှင် ဘာလုပ်ကြမည်ဆိုသည့် အကြောင်းအဆုံး ထွေလာသောင်းပြောင်း ပြောကြသည်။ တင့်အောင်နှင့် ကျော်လွင်တို့၏ ဂီတာသံ၊ မယ်ဒလင်သံကို ကြားရတတ်သည်။ ဖုန်းမြင့်၏ တေးသံလည်း ပျံ့လွင့်နေတတ်သည်။

ယခုကား ဤသဲသောင်သည် သုသာန်တစပြင်ပမာ ခြောက်သွေ့ ဆိတ်ငြိမ်နေလေ၏။ ကြီးလျှင် စစ်ဗိုလ်လုပ်မည်ဟု ကြုံးဝါးလေ့ရှိသော မြမော်သည် စစ်ဗိုလ် မဖြစ်သေးစေကာမူ သက်မွေးဝမ်းကျောင်း စစ်သားပမာ ယခု စစ်တိုက်နေ၏။ အရေးပိုင်ဖြစ်စေ၊ ဝန်ထောက်ဖြစ်စေ လုပ်ကာ မအူပင်သို့ ပြန်လာလျက် ပြုပြင်ရေးလုပ်ငန်းတွေ လုပ်ချင်သည်ဆိုသော စိုးသိမ်းကား ဒီမိုကရေစီသစ် တပ်ဦးနှင့်အတူ ရန်ကုန်တွင် သပိတ်မှောက်နေ၏။ "ငါကတော့ ကြီးရင် လူကြီးလုပ်မှာပဲ" ဟု နောက်ရှုတ်သော ဝင်းမောင်ကား ဝါးခယ်မဘက်တွင် ပြန်ရောက်ကာ ဘာလုပ်နေသည်မသိ။ ကဗျာဆရာ လုပ်ရန် ဆန္ဒပြင်းပြလှသည့် ဖုန်းမြင့်ကား သေနတ်ဆွဲကာ ပြည်သူ့ရဲဘော်အဖြစ် တောတွင်းသို့ ရောက်နေ၏။ ဂီတာ အတီးကောင်းသလောက် အနေအထိုင် သပ်ရပ်သည့် တင့်အောင်သည်လည်း သူချစ်မြတ်နိုးသော ဂီတာကို စွန့်လွှတ်ကာ တောခိုကွန်မြူနစ်အဖြစ် ယုံကြည်ချက်နောက်သို့ ကောက်ကောက်ပါအောင် လိုက်နေလေ၏။

တိုးမြစ်၏ ရေစီးကြောင်းများသည် ထွေပြားလှ၏။ တစ်ခါတစ်ရံ ငြိမ်ငြိမ်သက်သက် စီးဆင်းပြီး၊ တစ်ခါတစ်ရံ ရေစီးကြောင်းချင်း လမ်းခွဲကာ၊ တစ်ခါတစ်ရံ ချာချာလည်သော ဝဲဂယက်တွေကို မြစ်ရေပြင်ပေါ်တွင် ချန်ထားခဲ့၏။ ဤရေစီးကြောင်းသည် လှပသော သောင်ပြင်တို့ ပေါ်ထွန်းစေသလို မတ်စောက်သော ကမ်းပါးတွေကိုလည်း ဖြိုချတတ်ပါသေး၏။

သူတို့သူငယ်ချင်း တစ်သိုက်၏ ဘဝရေစီးကြောင်းသည်လည်း ဤနည်းနှင်နှင်မိထွေပြားကြချေသည်။

"ခင်ဗျား ကိုအောင်ရွှေနဲ့ တွေ့သလား"

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ခြင်းကို ဝင်းကြည်က စတင် ဖြိုခွင်းလိုက်ရသည်။ မြမော်သည် တိုက်ချွတ်ပြီးစီးသွားပြီ ဖြစ်သော စတင်းဂန်းကို ပြန်လည် တပ်ဆင်ပြီးနောက် အမေရိကန် ရိုင်ဖယ်၏ ပြောင်းထဲသို့ ပြောင်းတိုက်ကြိုး ထိုးသွင်းကာ တိုက်ချွတ်နေပြန်၏။

"အေး၊ ငါ့ကို သူပြောတာတွေရှိတယ်။ မင်းကိုရော ပြောသလား"

"ပြောတယ်။ ကျွန်တော်တော့ တော်တော် စိတ်ရှုပ်တယ်ဗျာ။ သူပြောတဲ့အတိုင်းဆိုတော့ အခု ကျွန်တော်တို့ လုပ်နေရတာတွေဟာ ဘာတစ်ခုမှ အရာမထင်သလို ဖြစ်မနေဘူးလားဟင်။ ဘာကျေးဇူးရှိသလဲ"

မြမော်က မပွင့်တပွင့် ပြုံးသည်။

"ဒီမယ် ဝင်းကြည်၊ မင်းကို ငါတစ်ခု ပြောပြမယ်။ တို့အပေါ်မှာ မယုံမကြည် ဖြစ်ပြီး အမြဲတမ်း စောင့်ကြည့်နေတယ်ဆိုတာ ဘာမှ မဆန်းပါဘူးကွာ။ ခေတ်ကာလကိုက ဘယ်သူ့ ဘယ်သူမှ ယုံကြည်ကြတဲ့ကာလမှ မဟုတ်ဘဲ။ စစ်တပ်က လက်နက်တွေကို တို့က ယူထားတယ်ဆိုတော့ စစ်တပ်က တို့ကို စောင့်ကြည့်တာဟာ အဆန်းမဟုတ်ပါဘူး။ နောက်ပြီး မင်းတို့ ငါတို့က ဒီအတွက်လည်း ဘာမှ ဝမ်းနည်းစရာ မရှိဘူး။ တို့လုပ်နေတာဟာ အရာထင်ဖို့ လုပ်နေတာမှ မဟုတ်ဘဲ။ ဒီလိုမလုပ်ရင် မဖြစ်တော့လို့ လုပ်ကြရတာ မဟုတ်ဘူးလား။ အရာထင်ဖို့လည်း မလိုဘူး။ ကျေးဇူးရှိဖို့လည်း မလိုဘူး။ တို့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတစ်ခုကို လုပ်တယ်ကွာ။ တခြားရွေးချယ်စရာလမ်း မရှိဘူး။ ဒါပဲ"

ဝင်းကြည်သည် ငြိမ်နေ၏။ စတင်းဂန်းဆေ့ဖ်ကို ဖြုတ်ချည်တင်ချည်လုပ်ရင်း စူးစိုက်စဉ်းစားနေ၏။

"မင်းက ထွန်းကြည်နဲ့ ပတ်သက်ပြီး ခုနက ပြောသလိုပေါ့။ လုပ်မိတဲ့နောက်မှတော့ ပြီးအောင်သာ ဆက်လုပ်။ ဒီကိစ္စမှာ အဓိက ဦးဆောင်တာက မင်းနဲ့ငါဆိုတော့ နောင်တစ်နေ့ ဒီကိစ္စနဲ့ ပတ်သက်လို့ မှားမှားမှန်မှန် မင်းနဲ့ငါ အတူခံ၊ ဒါပဲရှိတယ်ကွာ။ တခြား ရှည်ရှည်ဝေးဝေး ဘာမှ လျှောက်စဉ်းစားမနေနဲ့တော့။ စဉ်းစားရင် ပြဿနာတွေ ကုန်တော့မှာ မဟုတ်ဘူး။ ငါတော့ ဒီအတိုင်း စိတ်ပိုင်းဖြတ်ထားတယ်။ မင်းလည်း ဒီအတိုင်းဘဲ ပိုင်းဖြတ်စေချင်တယ်။ ကဲ မင်း သိပ်ပင်ပန်းနေပြီ။ တရေးအိပ်လိုက်ဦးကွာ။ ညကျရင် ဆော်ချင် ဆော်နေရဦးမှာ"

ဝင်းကြည်သည် အတွင်းခန်းသို့ ဝင်လာခဲ့ပြီးနောက် သူ့အိပ်ရာဘေးတွင် စတင်းဂန်းကို ချကာ ဝတ်ထားသော ယူနီဖောင်းကို မချွတ်ဘဲ အိပ်ရာထက်၌ လှဲချလိုက်၏။ သေနတ်တွေကို ဘေး၌ချကာ အိပ်စက်နေကြသည့် အခြားရဲဘော်များ၏ အသက်ရှူသံတွေကို ကြားနေရ၏။ ဝင်းကြည်သည် အိပ်ချင်စိတ် မရှိသော မျက်စိကို အတင်းပိတ်ကာ တရေးတမော အိပ်ပျော်ရန် ကြိုးစားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃၅

"ဦးစောချစ်နဲ့ အခုလိုပုံမျိုး တွေ့ရလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ တစ်ယောက်နဲ့ တစ်ယောက် တိုက်ကြ ခိုက်ကြရင်း တွေ့ကြရတာဟာ စိတ်မကောင်းစရာပဲ"

ဦးစောချစ်၏ဒဏ်ရာမှာ ပျောက်ကင်းသွားပြီဖြစ်သဖြင့် ဆေးရုံအချုပ်မှနေ၍ စစ်အချုပ်သို့ ပြောင်းရွှေ့ထားသည်။ စစ်အချုပ်အဖြစ် အသုံးပြုထားသော နေရာ နှစ်နေရာ ရှိသည်။ တစ်နေရာမှာ ကမ်းနားလမ်းရှိ စစ်ရုံးတွင် တည်ရှိပြီး၊ အခြားတစ်နေရာကား ရုံးသစ်ကြီးရှိ တပ်ခွဲစခန်းတွင် တည်ရှိလေသည်။

ဦးစောချစ်ကို ရုံးသစ်ကြီး အချုပ်ခန်းတွင် ချုပ်နှောင်ထားခြင်းဖြစ်ရာ ဝင်းကြည်မှာ ဦးစောချစ်နှင့် စကားစမြည် ပြောဆိုရန် များစွာလွယ်ကူသည်။

"အဖေက ဦးစောချစ်အတွက် ပေးလိုက်တယ်။ လုံချည်တစ်ထည်နဲ့ စားစရာ သောက်စရာ တွေပါပဲ။ သူတော့ လာဖို့မသင့်လို့ မလာနိုင်တာ ဝမ်းနည်းပါတယ်တဲ့"

ဝင်းကြည်က အဖေပေးလိုက်သည့် အထုပ်ကို ဦးစောချစ်ထံ လှမ်းပေးသည်။

"ဦးစောချစ် ဒဏ်ရာပျောက်ပြီနော်"

"ပျောက်သလောက် ရှိပါပြီ ကိုဝင်းကြည်။ ဦးလေးကိုထွန်းတင်ကို ကျေးဇူးတင်ကြောင်း ပြောလိုက်ပါဗျာ။ လာလည်း မလာပါနဲ့၊ ကျုပ်ဆီလာတာကို တစ်မျိုးထင်နေရင် မကောင်းဘူးလေ"

"ဟုတ်ကဲ့ ကျွန်တော် ပြောပါ့မယ်"

လေးနစ်သားတန်းကြီးများအကြားမှ ဦးစောချစ်ကို ဝင်းကြည်က အကဲခတ်နေသည်။ အသားအရေသည် ဖြူဖပ်ဖြူရော် ဖြစ်နေ၏။ ယခင်ကထက်လည်း သိသိသာသာ ပိန်လှီနေ၏။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေကို ရိတ်ထားသည့်အတွက် ဦးစောချစ်၏ နဂိုရုပ် ပေါ်လာသော်လည်း နားထင် နားရင်းတို့မှာ များစွာ ချိုင့်ခွက်ကျဆင်းလျက် ရှိလေ၏။

ဦးစောချစ်၏ စကားအသွားအလာကို ထောက်ချင့်ရခြင်းအားဖြင့် အတန်ငယ် မာန်ကျ နေလေပြီဟု ထင်ရသည်။

"တိုက်ပွဲမှာ ဖမ်းမိစက ကျုပ်ပြောမိတာတွေကို စိတ်မဆိုးနဲ့ဗျာ။ အဲဒီတုန်းက သွေးပူနေတာ"

"ကျွန်တော် ဦးစောချစ်ကို စိတ်မဆိုးပါဘူး။ စိတ်မဆိုးလို့သာ ဒီလို လာတွေ့တာပေါ့။ ကျွန်တော်တို့ အချင်းချင်း အခုလောက်အထိ ဖြစ်ရတာ တွေးလိုက်တိုင်း စိတ်မကောင်းဘူး ဦးစောချစ်ရယ်"

"စိတ်မကောင်းစရာချည်းပါပဲ။ ဆေးရုံပေါ်မှာနေရင်း ကျုပ်လည်း တော်တော်စဉ်းစားခဲ့ တယ်လေ။ ဒီလောက်အထိ ဖြစ်လာတာကို ကျုပ်အခုမှ သိပ်အံ့သြနေတယ်။ ဟိုတုန်းကဆိုရင် ကိုဝင်းကြည်နှယ် ကျုပ်ဟာ မွန်ထူနေတာပေါ့။ ဘာကိုမှ သတိမရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့လေ၊ ဖြစ်နိုင်ပါတယ်။ စောကျော်သန်းနဲ့ ကျွန်တော် တွေ့တုန်းကလည်း ဒီအတိုင်းပဲ"

"စောကျော်သန်းနဲ့၊ ဟုတ်လား။ ဘယ်မှာတွေ့တာလဲ"

"ဝါးကိုင်းပေါ်မှာလေ"

"အင်း အင်း ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်။ ဝါးကိုင်းကိုစီးတော့ သူတို့လူသိုက်တွေ အကုန်ပါတာပဲ"

"အခု စောကျော်သန်း ဘယ်မှာလဲ ဦးစောချစ်။ ကျွန်တော် သူနဲ့များ တွေ့ရမယ်ဆိုရင် ဘယ်နေရာမဆို သွားနိုင်ပါတယ်။ သူနဲ့ အေးအေးလူလူတွေ့ပြီး စကားတွေ ပြောချင်တယ်ဗျာ"

"ဘယ်ဘက်မှာ ရှိမလဲဆိုတာ ကျုပ်လည်း မသိဘူး ကိုဝင်းကြည်"

"အေးဗျာ၊ စောကျော်သန်း ဘယ်လိုဖြစ်သွားသလဲဆိုတာ ကျွန်တော် စဉ်းစားလို့ကို မရဘူး။ သူနဲ့တွေ့ရတုန်းက ကျွန်တော့်မျက်စိဟာ ပြာနေတယ်။ မျက်မြင်ကိုယ်တွေ့ ဖြစ်ပါလျက်နဲ့ မယုံဘူး"

"ဒီလိုလေ၊ ကျုပ် ပြောပြမယ်။ စောကျော်သန်းက ပထမ သဘောမတူဘူး။ ကရင်ပြည်ရဖို့ သူပုန်ထမှဖြစ်မယ်၊ မင်း ငါ့နောက် လိုက်မလား မလိုက်ဘူးလားလို့ ကျုပ်က မေးတုန်းကတောင် သူက မလိုက်ဘူး ခေါင်းမာနေတယ်။ ကျုပ်တို့ဟာ တယူသန်ဖြစ်နေတယ်လို့တောင် ပြောခဲ့တာဗျ"

"နောက် ဘယ်လိုဖြစ်သွားတာလဲ"

"သူတို့အကြောင်းကလည်း ရှုပ်သားလား ကိုဝင်းကြည်ရေ့။ သူတို့ရွာကို မလက်တိုက ဘတင်တို့က ဝင်တိုက်ပြီး မီးရှို့ပစ်လိုက်ရော။ 'ကဲ ကရင်ရွာကို ဗမာက ဝင်တိုက်တယ်၊ မီးရှို့တယ်။ မင်း ဗမာတွေကို ဒီလောက် သံယောဇဉ်ကြီးနေရင် နေရစ်ခဲ့တော့။ တို့ကတော့ ပြန်တိုက်မှာပဲ' ဆိုပြီး ကျုပ်တို့က ပြောတာပဲ။ ဒီတော့ သူလည်း မနေနိုင်တော့ဘူးလေ။ ဘတင်ဆိုလို့ ဘတင်အကြောင်း ပြောရဦးမယ်။ တကယ်ဆိုတော့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ဘတင်နဲ့ကျုပ် ဘယ်လောက် ရင်းနှီးတယ်ဆိုတာ"

"ကျွန်တော် အသိဆုံးပေါ့ ဦးစောချစ်"

"အဲ၊ ခင်ဗျား အသိဆုံးပဲ၊ ဟုတ်တယ်။ ဘတင်ဟာ လူကောင်းပါ၊ လူဖြောင့်စိတ်တိုပေါ့လေ။ ကျုပ်တို့က ပုန်ကန်ရကောင်းလားဆိုပြီး အနီးအနားက ကရင်ရွာတွေကို လိုက်တိုက်လိုက်၊ မီးရှို့ပစ်လိုက် လုပ်တာပဲ။ နောက်ကျတော့ သူ့လူတွေကိုပါ ထိန်းမရတော့ဘူး။ ဒီတော့ ကျုပ်တို့ကလည်း ဗမာတွေကို လက်စားချေမှ ဖြစ်မယ်ဆိုပြီး မလက်တိုကို ဝင်တိုက်ပြီး မီးရှို့ပစ်လိုက်တာပဲ။ အဲဒီတိုက်ပွဲမှာ ဘတင် ကျသွားတယ်။ ကျုပ်တပ်နဲ့ သူ့တပ် တိုက်ရင်း ကျတာမို့ ကျုပ်စိတ်မကောင်းဖြစ်မယ် ထင်သလား၊ စိတ်မကောင်း မဖြစ်ဘူးဗျို့၊ စိတ်မကောင်း မဖြစ်ဘူး။ ကျုပ်စိတ်တွေ ဘယ်လောက် သားရဲမင်းရဲ စီးနေခဲ့သလဲဆိုတာ အဲဒါသာကြည့်တော့။ အခုတော့ ဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးမိပြီး အများကြီး စိတ်ထိခိုက်တယ်။ ကရင်ပြည်ရဖို့ တိုက်ရင်းက ဗမာမြင်ရင် သတ်တဲ့အထိ ဘာကြောင့် ဖြစ်ရပါလိမ့်လို့ စဉ်းစားမိတယ်။

"အဲဒီတုန်းက ကျုပ်တို့မှာ ဘယ်လောက် အစွဲအလမ်း ကြီးတယ်ဆိုတာ ပြောပြမယ်။ ကျုပ်တို့ အုပ်ချုပ်နေတဲ့ ကရင်ရွာတွေဟာ တချို့ဆိုရင် ဗမာတွေလည်း ရှိနေတာပဲ။ တချို့ကျတော့လည်း ဗမာရွာနဲ့ ကပ်နေတဲ့ ရွာတွေလား။ ဗမာကို စကားမပြောရ၊ မဆက်ဆံရလို့ အမိန့်ထုတ်ထားတယ်။ ဒါပေမဲ့ ကိုဝင်းကြည် သိတဲ့အတိုင်းပဲ။ ကရင် လယ်သမားဟာ ဗမာ လယ်သမားနဲ့ အတူတူ မွဲတာပဲ။ ကရင် တံငါဟာလည်း ဗမာ တံငါလို မွဲတာပဲ မဟုတ်လား။ သူတို့ကို ခွဲထားလို့ ဘယ်ရပါ့မလဲ။ ကျုပ်တို့ကတော့ ဘာပဲဖြစ်ဖြစ် ခွဲထားဖို့ လုပ်တာပဲ။ အဲဒီတော့ သူတို့က ဘယ်လိုလုပ်သလဲ သိလား။ ကျုပ်တို့မသိအောင် တိတ်တိတ်ကလေး ဆက်ဆံကြတာပဲ။ ဆားနဲ့ငပိလဲကြ၊ ငါးအတူတူ ဖမ်းကြပေါ့ဗျာ။ တချို့ဆိုရင် ညဘက်မှာ ဗမာက ဆားထုပ်ကလေး သစ်ပင်မှာ လာချိတ်ထားတယ်။ ကရင်က အဲဒီဆားထုပ်ကို ယူပြီးတော့ သူက ပြန်ပေးရမယ့် ငပိထုပ်ကလေးကို ပြန်ချိတ်ထားခဲ့တယ်။ အဲဒါကို ဗမာက လာယူသွားရော။ အဲဒီလိုနဲ့ပဲ နေနေကြတာပဲဗျ။ ကျုပ်တို့ ဘယ်လိုမှ လုပ်လို့မရဘူး"

ဦးစောချစ် ပြောသမျှကို ဝင်းကြည်သည် စိတ်ဝင်စားနေ၏။ တကယ်ဆိုရလျှင် စိတ်ဝင်စားစရာလည်း ကောင်းလှ၏။

"ကျုပ် ဘာတွေလုပ်ခဲ့တယ်။ ဘယ်လောက်အထိ အစွဲအလမ်း ကြီးခဲ့တယ်ဆိုတာ ရှင်းရောပေါ့။ အခုတော့ဗျာ ကျုပ် အေးအေးနေချင်တော့တယ်။ စစ်တပ်က မေးရင်လည်း ကျုပ် သိတာအားလုံးကို ပြောပြလိုက်မှာပဲ"

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး ဦးစောချစ်။ ကရင်အမျိုးသားတွေက ကရင်ပြည်ရဖို့တောင်းတာ၊ တိုက်ပွဲဝင်တာကို ကျွန်တော်တို့ မကန့်ကွက်ပါဘူး။ ကန့်ကွက်စရာအကြောင်းဘာမှမရှိဘူး။ ဒါပေမဲ့ အင်္ဂလိပ်တွေ ခြေဝင်ရှုပ်ပြီး မဖြစ်သင့်တာ ဖြစ်ကြရတာကိုတော့ ကျွန်တော်တို့ တားဖို့ ကြိုးစားခဲ့ပါတယ်။ ဒီကြားထဲကကို အခြေအနေတွေက တားလို့ဆီးလို့ မရနိုင်တော့ဘူး။ ဦးစောချစ် ပြောတာတွေကိုလည်း ကျွန်တော် အဖေ့ကို ပြောပြပါ့မယ်။ ဦးစောချစ် လိုတာကို ပြောပါ။ အားမနာပါနဲ့"

ဦးစောချစ်ကား လေးနှစ်သား တန်းကြီးများအကြားတွင် မလှုပ်မယှက် ထိုင်နေလေ၏။ ဝင်းကြည်ကလည်း လေးနှစ်သား တန်းကြီးများ၏ အပြင်ဘက် တမံတလင်းပေါ်တွင် ဖင်ချထိုင်နေ၏။

"ကျုပ်အပေါ်မှာ ကိုဝင်းကြည် ကျေးဇူးတွေ များလှပြီလေ။ ကျုပ်အဖို့ ဘာမှ မလိုတော့ဘူး"

"ကျေးဇူးရယ်လို့ မယူဆပါနဲ့ ဦးစောချစ်။ ကျွန်တော်တို့ဟာ အကြောင်းကြောင်းကြောင့်သာ ဒီလို ဖြစ်ကြရပေမယ့် တစ်ယောက်ကို တစ်ယောက် အင်မတန် သံယောဇဉ်ကြီးကြတယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ကျွန်တော့် စိတ်ထဲမှာ အခုအထိ စောကျော်သန်းအတွက် စိတ်မကောင်းဘူး။ အထူးသဖြင့် အေမူ ဒီလို အဖြစ်ဆိုးနဲ့ သေရတယ်ဆိုတာ"

ဝင်းကြည်၏ စကားမဆုံးမီ ဦးစောချစ်က

"အေမူ၊ စောကျော်သန်းနှမ အေမူလေ။ ဘာဖြစ်ပြန်လို့လဲ" ဟု အလန့်တကြား ဖြတ်မေးလိုက်၏။

"သူ သေပြီဆို"

"ဘယ်မှာသေတာလဲ ကိုဝင်းကြည်"

ဦးစောချစ်၏ မျက်ခုံးနှစ်ခုမှာ တွန့်နေ၏။ နဖူးကြောကြီးတွေလည်း ထောင်နေ၏။

"သူတို့ရွာမှာ တိုက်ပွဲဖြစ်တော့ ထိသွားတုန်းက သေတယ်ဆို"

"ခင်ဗျားကို ဘယ်သူ ပြောသလဲ"

"စောကျော်သန်း"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အေမူ မသေဘူး။ အေမူ အခုအထိ တစ်နေရာရာမှာ ရှိနေတယ်"

"ဗျာ၊ ဦးစောချစ်။ သူ မသေဘူး ဟုတ်လား ဟင်၊ ဟုတ်လား"

ဦးစောချစ်က ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်၏။ ဤကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ပိုင်နိုင်နိုင် သိထားသည့် အရိပ်အယောင်များလည်း သူ့မျက်နှာတွင် ထင်ရှားစွာ ပေါ်လွင်နေ၏။

"မသေဘူး ကိုဝင်းကြည်၊ ရှိတယ်"

"ဒါဖြင့် စောကျော်သန်းက ဘာဖြစ်လို့"

"ဒီလိုလေ။ စောကျော်သန်းကတော့ သေပြီဆိုပြီး သူ့နှမကို ထားခဲ့ရတာ။ အဲဒီလို ထားခဲ့ပြီး ချက်ချင်း တာတာပေါါဘက်ကို သူတို့ ဆုတ်ကြရောဗျ။ ဒီမိန်းကလေးကလဲ တော်တော် ကံကောင်းတယ်လေ။ သေပြီဆိုပြီး အားလုံးက ပစ်ထားခဲ့ကြတဲ့အကြားက မသေဘူးဗျို့။ တိုက်ပွဲအပြီး ကျုပ်တို့ ရောက်သွားတော့ တွေ့တာနဲ့ ကျုပ်ပဲ လေးအိမ်စု ကွင်းဘက်ကဖြတ်ပြီး ပြန်ခေါ်ခဲ့ရတာ။ နောက်ဆုံး ကျွဲဂတ်ကို ကျုပ်တို့ သိမ်းထားတုန်းက သူ အတော်တောင် ကျန်းမာနေလို့ စစ်သင်တန်းတောင် ဆင်းနေတာပဲ။ ဘယ်လိုလုပ် သေမှာလဲ"

ဦးစောချစ် ပြောသမျှကို ဝင်းကြည်က ပါးစပ်အဟောင်းသားနှင့်သာ နားထောင်နေမိသည်။ သူ့ထွက်သက် ဝင်သက်ကိုပင် သူ သတိမရတော့။

"သူ မသေဘူးနော် ဦးစောချစ်။ အေမူ တကယ် အသက်ရှင်နေသေးတယ်ပေါ့"

ဝင်းကြည်က သို့ကလိုမေးရင်း တမံတလင်းပေါ်တွင် ဖင်ချထိုင်နေရာမှ ဒူးထောက်ထ လေးနှစ်သား တန်းကြီးများအကြားတွင် မျက်နှာကိုအပ်ရင်း အလောတကြီး ထပ်မေးပြန်သည်။

"ဟုတ်ပါတယ် ကိုဝင်းကြည်။ အေမူဟာ ကျုပ် ကျွဲဂတ်က ထွက်လာတော့ ကျွဲဂတ်မှာ ရှိနေတယ်လေ။ ဒါ့ထက်ပိုပြီး သေချာတာ မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နို့ သူတို့မောင်နှမ ပြန်မတွေ့ကြရသေးဘူးလား"

"ဟာ တွေ့ပြီးရောပေါ့။ ဘယ်မတွေ့ဘဲနေမလဲ"

"အေမှူ မသေဘူးဆိုတာ သိရလို့ ဝမ်းသာလိုက်တာ ဦးစောချစ်ရယ်"

ကြည်နူးဝမ်းမြောက်နေသော ဝင်းကြည်၏အဖြစ်ကို ဦးစောချစ်က အဓိပ္ပာယ်လေးနက်သော အပြုံးဖြင့် ပြုံးရင်း ကြည့်နေမိလေသည်။

ဦးစောချစ်ထံမှ ပြန်လာသောအခါ ဝင်းကြည်၏စိတ်သည် အဘယ်ကြောင့်ဟူ၍ မသိ၊ မြူးထူးပေါ့ပါးလျက်ရှိ၏။ ဦးစောချစ်ထံမှ ကြားခဲ့ရသော စကားတွေကိုလည်း မြမော်အား အားပါးတရ ပြန်ပြောပြ၏။

"သူက စစ်သင်တန်းဆင်းနေတယ်ဆိုတော့ ကိုယ်တိုင်ကိုယ်ကျ ဝင်တိုက်ဦးမလား မသိဘူး" ဟု ဝင်းကြည်က ညည်းတွားမိပြန်သည်။ မြမော်သည် တဟားဟား ရယ်မောကာ ဝင်းကြည်၏ ပခုံးကို ပုတ်လိုက်ပြီးနောက်

"အေမှူက သေနတ်ကိုင်တိုက်မှာကို မင်း စိုးရိမ်နေပြန်ပြီပေါ့ ဟုတ်လား။ တစ်ပြည်လုံး သေနတ်ကိုင်နေတာကွာ။ သူတစ်ယောက်ထဲ ကိုင်တာမှ မဟုတ်ဘဲ။ မင်းဟာလေ တစ်ခါတစ်ခါ ကျရင် ကတ်သီးကတ်သတ်တွေ ရှာကြံပြီးတွေးတယ်။ ပူမနေပါနဲ့ကွ။ တစ်နေ့တော့ မင်းတို့ ပြန်တွေ့ကြမှာပါ"

ဝင်းကြည်သည် ပြုံးနေ၏။ ကြည်နူးနှစ်သိမ့်သော နှလုံးသားမှ ပေါက်ဖွားလာသည့် အပြုံးတည်း။

× × ×

ကောင်းကင်တစ်ခွင်တွင် မိုးသားတိမ်တိုက်များဖြင့်သာ အုံ့မှိုင်းညှို့မှိုင်းနေတတ်သည့် မိုးရာသီသို့ ရောက်ခဲ့ပြန်လေပြီ။ တောအုပ်တောတန်းများသည် ထာဝစဉ် စိမ်းမြ ရှိမ်းလက်နေကြသည်။ ရွက်နုတွေ ဖားဖားဝေနေသည့် ဝါးရုံတောများမှာ ပန်းပွားဆင်ထားသည့် ကချေသည်ပမာ လေအဝှေ့တွင် ကနွဲ့ကလျ ယိမ်းထိုးကခုန်လျက်ရှိသည်။

ကွင်းများတစ်ဝိုက်တွင် ကွင်းရေ တက်ရေများဖြင့် ဖွေးဖွေးလျှပ်လာသည်။ မြစ်တစ်ကြော ရေတက်ရေကျအတိုင်း တက်ချည်ဆင်းချည် မျောနေကြသည့် ဗေဒါတွေလည်း တွေ့ရသည်။ အညာမိုး ကောင်းလေသလား မသိ၊ အညာရေ အဆင်းသန်လှ၏။ အညာရေတွင် အမှိုက်သရိုက်များ၊ သစ်တုံးများ၊ သစ်ကိုင်းသစ်ခက်များ မျောပါလာတတ်ကြသည်။ ယခင်ကဆိုလျှင် ဤမြစ်ရိုး တစ်လျှောက်ရှိ ရွာစဉ်ရွာတိုင်းအတွက် ဤအချိန်သည် ထင်းဆယ်ချိန်သာ ဖြစ်လေသည်။ ထင်းဆယ်ထွက်ကြရင်း မုတ်သုံကို ကြိုဆိုသည့် တေးတွေ သံပြိုင် သီဆိုကြသည်။ ချစ်တင်း နှီးနှောကြသည်။ ကမ်းစပ်ရေကြောင်းအတိုင်း ပေါလောမျောနေသည့် နီကျိုကျို သပြေသီးတွေ

www.burmeseclassic.com



ကောက်ကြသည်။ ရှင်ဥပဂုတ် ဖောင်တော်ဆွဲပွဲတွေကို တစ်ရွာနှင့်တစ်ရွာ အပြိုင်အဆိုင် ကျင်းပကြသည်။ ယင်းအခါမျိုး၌ ရေလားကြီးနှင့် ရေခင်းသံများကို နားဆင်၍မငြည်းနိုင်လောက်အောင် ကြားကြရသည်။ ဗမာတောသူတောင်သား လယ်သမားတွေက ကွင်းဆိုင်ဝသသော နတ်သံများနှင့် ကရင် တောသူတောင်သား လယ်သမားတွေက ဆည်မြောင်း တာတမံစောင့်နတ်ကို ပသသော နတ်သံများလည်း ကွင်းတစ်ခိုတွင် ရောထွေးပျံ့နှံ့လျက်ရှိသည်။

ယခုကား စိုစွတ်သော မုတ်သုံရာသီပင် ဖြစ်လင့်ကစား ပတ်ဝန်းကျင်တစ်ခုလုံးမှာ ခြောက်သွေ့လျက်သာ ရှိနေလေသည်။ လယ်ကန်သင်းများတွင် သွေးနံ့သင်းသျှံ့နေ၏။ မိုးစက်မိုးပေါက်များဖြင့် ရောနှောစီးဆင်းသွားသော သွေးအစအနတွေ၊ ပစ်ပြီးသား ကျည်ဆန်ခွံတွေ၊ ကန်သင်းဘောင်နားရှိ ရေစပ်စပ် ရွှံ့ဗွက်တွင် နစ်နေသော မပေါက်ကွဲသေးသည့် စိန်ပြောင်းကျည်ဆန်တွေ။

အခြေအနေနှင့် လောကဝန်းကျင် တစ်ခုလုံးမှာ ရှင်းမယောင်ယောင်နှင့် ရှုပ်ထွေးနေဆဲ၊ ငြိမ်းမယောင်ယောင်နှင့် ဆူပူလှုပ်ရှားနေဆဲသာ ဖြစ်၏။ အေးချမ်းသာယာသည့် အရိပ်အယောင် မရှိ။ နေရာတကာတွင် မျည်ရည်နှင့် သွေးနှင့် ယမ်းခိုး ယမ်းငွေ့နှင့်။

ပန်းတနော် တစ်မြို့လုံး ဆုတ်ခွာ ထွက်ပြေးလာကြရသည်။ ကေ အင် ဒီ အို တွေက ပန်းတနော်ကို သိမ်းပိုက်ထားသည်။ ညောင်တုန်းကို အလုံနီနှင့် ကေ အင် ဒီ အို က ဖူးပေါင်းကာ ဝိုင်းထားသည်။ ဓနုဖြူကိုကား အစိုးရတပ်တွေက ပြန်ဝိုင်းနေလေပြီ။ ရေမြောက်၏ အခြေအနေမှာလည်း အလွန်တရာ ကျပ်တည်းသော အနေအထားသို့ ရောက်ရှိနေသည်။ ကေ အင် ဒီ အို တို့သည် မြို့ကို ဖိ၍ မတိုက်သေးသော်လည်း မြို့စွန်မြို့ဖျားကိုမူ ညစဉ်လိုလို အနှောင့်အယှက်ပေး၏။ တစ်ဖက်ကမ်းမှနေ၍ နေ့စဉ်ရက်ဆက် ပစ်ခတ်နေ၏။ မြို့တစ်ပိုင်းမှ ရွာဟူသမျှကို သိမ်းထား၏။ ဤသို့အားဖြင့် မအူပင်ကို ပတ်ပတ်လည်ဝိုင်းကာ ယင်း၏ သန်မာသော လက်ကြီးများဖြင့် ညှစ်ထားသည်။

ယနေ့ညအဖို့ရာ၌ မိုးသည် သဲသဲမဲမဲ ရွာသွန်းလျက်ရှိသောစာ မည်သူမှ အိပ်စက်ခွင့် မရတော့ဘဲ ကင်းထွက်စောင့်ကြရသည်။ တာရိုးအရှေ့ဘက်ရှိ တမ်းစပ်ကျင်းများတွင် ရေပြည့်နေသဖြင့် ကမ်းစပ်မှ ကတုတ်ကျင်းများကို လက်လွှတ်လိုက်ကြရပြီးနောက် တာရိုးတစ်လျှောက် လက်တစ်ကမ်းအကွာ လူစေ့စေ့ချကာ အချိန်ပြည့် ကင်းတာဝန် ယူကြရသည်။ မိုးမှောင်ကို ချက်ကောင်းယူကာ ကေ အင် ဒီ အို တို့ မြစ်ကို ဖြတ်ကူးနိုင်သည် မဟုတ်လော။

မြမော်သည် နေ့လည်ကတည်းကပင် မြို့ထဲသို့ ထွက်သွား၏။ တစ်ဖန် ညနေစောင်း၌ ပြန်လာကာ စကားဝှက်ယူပြီးနောက် တစ်ဖန် မြို့ထဲသို့ ပြန်ထွက်သွား၏။ မည်ကဲ့သို့သော အကြောင်းကိစ္စတွေ ပေါ်နေသည် မသိ။

ည ၉ နာရီခွဲခန့်တွင်မှ မြမော် ပြန်ရောက်လာသည်။ ရောက်ရောက်ချင်း ဝင်းကြည်နားသို့ ကပ်ကာ လေသံဖြင့် ပြောလိုက်၏။

www.burmeseclassic.com



"မင်း စခန်းကိုပြန်။ အပေါ်ထပ်မှာ ဝင်းမောင် ရောက်နေတယ်။ မင်းနဲ့တွေ့ဖို့ ငါ ခေါ်လာတယ်။ မြောက်ဘက်အစွန် အခန်းလွတ်တယ် မဟုတ်လား။ အဲဒီမှာ ပြောစရာရှိတာပြော။ ဘယ်သူမှ မသိစေနဲ့၊ သွား"

ဝင်းကြည်သည် စတင်းဂန်းကို ဆုပ်ကိုင်ရင်း တာရိုးနံဘေးမှဆင်းကာ စခန်းဘက်သို့ ထွက်လာ၏။ တစ်ကိုယ်လုံးလည်း စစ်မိုးကာဝတ်ထားသည့်အကြားမှပင် စိုရွှဲနေလေ၏။

သူတို့ ကင်းစခန်းအဖြစ် လုပ်ထားသော အရေးပိုင်အိမ်ကား ကျယ်ဝန်းလှသည်။ အခန်းကြီး အခန်းငယ် များစွာရှိသော ၂ ထပ်တိုက်ကြီး ဖြစ်သည်။ ဤတိုက် တစ်တိုက်လုံးတွင် ကျောင်းသားတပ်စုသာ နေထိုင်သဖြင့် လူက နည်းကာ တိုက်က ကြီးနေသည်။

ဝင်းကြည်သည် အပေါ်ထပ်သို့ တက်လာခဲ့၏။ အလယ်ခန်း စားပွဲတွင် ငုတ်တုတ်ထိုင်နေသော ဝင်းမောင်ကို တွေ့ရသည်။

"ဟေ့ကောင်၊ မင်း ဘယ်က ဘယ်လို ရောက်လာတာလဲ"

သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ ဝင်းမောင်က ဝင်းကြည်၏အမေးကို ပြန်ဖြေမည်အပြု ဝင်းကြည်က

"နေဦး။ လာ၊ ဟိုအခန်းထဲသွားမယ်" ဟု ဆိုကာ မြောက်ဘက်အစွန်ဆုံး အခန်းငယ်ထဲသို့ ခေါ်သွားပြီးနောက် ဝင်းကြည်သည် ရေစိုနေသော မိုးကာအင်္ကျီကို ချွတ်ချလိုက်၏။

"ငါ အခု ရွှေတောင်မော်ဘက်က ဝင်လာတာ။ တမင် မင်းတို့နဲ့ တွေ့ချင်လို့ မော်ကျွန်းအထိ တစ်ဆင့် လာရတာကွာ။ သိပ်ဒုက္ခရောက်တာပဲ"

မီးရောင်လုံ့လုံ့အောက်တွင် သူငယ်ချင်းနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စူးစိုက်ကြည့်နေကြ၏။ ဝင်းမောင်ကား ယခင်ကလို နောက်ရွတ်ခြင်းမရှိ။ အပြုံးမပျက်ရှိသော်လည်း ပေါ့ပေါ့ပျက်ပျက် ပြီးစလွယ်အပြုံးမျိုးမဟုတ်။ ဝင်းမောင်ကား ပြောင်းလဲခဲ့လေပြီ။

"ငါ ဝါးခယ်မကိုလည်းရောက်ရော တောခိုတာပဲကွ။ မင်းမို့လို့ ငါ ပြောတာပါ။ ဒီမှာဆို မြမော်နဲ့ မင်းကိုပဲ ငါ ပြောစရာလူ ရှိတယ်။ ဒီရောက်ရောက်ချင်း မြမော်အိမ်ကို ငါ သွားတော့ သူ့ညီနဲ့တွေ့တယ်။ အဲဒါနဲ့ သူ့ညီကို အခေါ်လွှတ်ရတာပဲ။ မြမော်နဲ့တော့ စကားတွေ ပြောပြီးပြီ။ မင်းနဲ့ ပြောချင်သေးလို့ ဒီတစ်ည ငါ နေတာ။ မနက်အစောကြီး ငါ သွားတော့မယ်"

"ဘယ်သွားမှာလဲ"

"ရန်ကုန်ကို သွားရတော့မယ်ကွာ။ မသွားလို့ မဖြစ်တော့ဘူး။ ငါ့အခြေအနေက ဆိုးနေ..."

"ဘယ်လိုလဲကွာ၊ ပြောစမ်းပါဦး"

"ဒီလိုလေကွာ။ ငါ ဒီကထွက်သွားပြီး ဝါးခယ်မတစ်ဖက်က သော်ကဘက်ကမ်းမှာ ဖာသာကြီးနဲ့ အတူနေသေးတယ်။ ဖာသာကြီး ဆန်စက်ကလည်း ပိတ်ထားရတော့ ဘာအလုပ်မှ မရှိဘူး။ ဟိုကလူတွေလည်း တောခိုရော ငါလည်း လိုက်ခိုလိုက်တာပဲ။ ဟိုမှာက ကွန်မြူနစ်ပါတီ...

www.burmeseclassic.com

www.burmeseclassic.com



အင်အား သိပ်မရှိလှဘူး။ ကရင်က အင်အားများတယ်ကွ။ ပထမတော့ ကရင်တွေက လက်နက်ကိုင် တိုက်ပြီလည်းဆိုရော တို့ ဘာလုပ်ရမှန်း မသိဘူး။ ကရင်ခေါင်းဆောင်တချို့ဟာ နယ်ချဲ့လက်ဝေခံတွေလို့ တို့က သတ်မှတ်ထားတော့ သူတို့နဲ့ ခပ်တန်းတန်း နေကြတာပေါ့ကွာ။ နောက်တော့ ကရင်ပြဿနာဟာ ခေါင်းဆောင်ပိုင်း ကွက်ကွက်ကလေးကို ကြည့်လို့မရဘူး။ ကရင်လူထုကို ကြည့်ဖို့လိုတယ်။ ကရင်လူထုဟာ သူတို့ရဲ့ လွတ်မြောက်ရေးအတွက် တိုက်တာပဲဆိုပြီး ပူးတွဲစစ်ရေး အစီအစဉ်တွေချပြီး ညီညွတ်ရေး လုပ်ခဲ့တယ်။ အဲဒီ အစီအစဉ်တွေအရ ငါလည်း ဝင်ချတာပဲ။ သင်္ဘောတွေကိုစီးတိုင်း ငါ ပါတယ်ကွ။ နောက်ဆုံးတစ်ကြိမ်မှာတော့ ငါ့ပေါင်မှာ ဒဏ်ရာရတယ်။ ကျည်ဆန်က ပေါင်လယ်မှာ ဝင်နေတယ်။ ဒဏ်ရာတော့ ပျောက်ပြီ။ ကျည်ဆန်ကို ထုတ်လို့မရဘူး။ ခြေထောက်တစ်ဖက်လည်း ဆာနေတော့ ရှေ့ဆက် မလုပ်နိုင်တော့ဘူး သူငယ်ချင်းရာ။ ဒါကြောင့် ရန်ကုန် သွားနေရမှာ"

"ပြစမ်း မင်းမှန်တဲ့နေရာ"

ဝင်းမောင်က ညာဘက်ပေါင်ကို လှန်ပြသည်။ ပေါင်အလယ်နားတွင် အရိုးကျိုးနေသလို ခုံးထနေသည်။

"မင်း ခြေတစ်ဖက်ဆာနေတာ ငါ စောစောက သတိမထားမိလိုက်ဘူး။ ဆောရီးပဲ သူငယ်ချင်းရာ။ မင်း ဒီအတိုင်း နေမလို့လား။ ဆက်မလုပ်တော့ဘူးလား"

"ရန်ကုန်ရောက်ရင် စိုးသိမ်းနဲ့တိုင်ပင်ပြီး ကျည်ဆန်ခွဲထုတ်မယ် စိတ်ကူးတယ်ကွာ။ အခြေအနေ ကြည့်လုပ်ရမှာပဲ။ ငါ မင်းနဲ့ တွေ့ချင်လွန်းလို့သာ ဝင်လာရတာ လမ်းခရီးက သိပ်ခက်တာကွ"

"နို့၊ မနက် မင်း ဘယ်လိုလုပ် သွားမှာတုံး"

"ငါလား၊ မော်ကျွန်းဘက်ကို ပြန်ထွက်ရမှာပေါ့။ မအူပင်က ရန်ကုန်ကိုသွားဖို့ မလွယ်ဘူး။ မော်ကျွန်းဘက်က လွယ်တယ်။ ကေ အင် ဒီ အို အလံ ထိုးပြေးနေတဲ့ မော်တော်လေးတွေ ရှိတယ်လေကွာ"

အခန်းတွင်း၌ တိတ်ဆိတ်နေသည်။

"မင်းတို့လည်း ဘယ့်နှယ်လဲ။ ကရင်နဲ့ တိုက်နေတုန်းပဲလား။ ဒီမှာ သူငယ်ချင်း ငါ ပြောမယ်။ ဒီမီးကို အစပထမမှာ နယ်ချဲ့သမားက သူ့လက်ပါးစေတွေနဲ့ပေါင်းပြီး တမင်မွှေးတာမှန်း သိပါရက်နဲ့ ဒီအစိုးရက လက်ပိုက်ကြည့်နေခဲ့တယ်နော်။ သူ့အကျပ်အတည်းတွေကို ဒီလိုနည်းနဲ့ ထွက်ပေါက်ယူပြီး ဖြေရှင်းပစ်တယ်။ ဒီတော့ တို့က ကရင်ကို တိုက်စရာ ဘာလိုတော့သလဲကွ။ နိုင်ငံရေးလမ်းကြောင်းမှန်ပေါ်ရောက်အောင် တင်ပေးဖို့၊ သူတို့ရဲ့ လူမျိုးရေး မုန်းတီးမှု အမြင်ကို ချေဖျက်ပေးပြီး ငါတို့ဘက်က လူမျိုးကြီး ဝါဒကိုပါ ဖယ်ရှားပစ်ဖို့ပဲ ရှိတယ်။ ငါ့အယူအဆကတော့ ဒီအတိုင်းပဲ"

ဝင်းကြည်က ဘာဖြေရမှန်းမသိ။ ဖြေစရာ စကားလုံးကိုပင် ရှာမရ။

www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်လောက်အောင် ပြောင်းလဲသွားသော ဝင်းမောင်ကိုသာ တအံ့တသြ ကြည့်နေ မိသည်။ အရာရာကို နောက်ပြောင်ကာ ရယ်စရာ လုပ်နေခဲ့သော၊ ထာဝစဉ် ပျော်မြူးနေတတ်သော ဝင်းမောင်ကား ယခု မီးတောက်မီးလျှံများအကြားတွင် ရင့်ကျက်တည်ငြိမ်လာခဲ့ချေပြီ။ သေရာပါ ဒဏ်ရာ ရရှိခဲ့လေပြီ။

"ကရင်ခေါင်းဆောင်တစ်စုဟာ နယ်ချဲ့သမားရဲ့ လက်ဝေခံ သူလျှိုတွေသာ ဖြစ်တယ်ဆို တို့က တိုက်ခဲ့တာဟာ မှားတယ်။ ဖ.ဆ.ပ.လ ညီညွတ်ရေး တပ်ပေါင်းစုအဖြစ်နဲ့ ရှိနေစဉ် ဗိုလ်ချုပ်အောင်ဆန်းကို ထိတ်တိုက် သွားတိုက်ခဲ့တဲ့ အမှားမျိုးပဲ။ ခေါင်းဆောင်က ဖောက်ပြ နေပေမယ့် လူထုရဲ့ နိုင်ငံရေးလမ်းစဉ် မှန်လာရင် ဒီခေါင်းဆောင်ကို ဒီလူထုက ဖြုတ်ချမှာပဲ။ အ ကရင်အရေးမှာ ကရင်လူထု ပါလာတာကို တွေ့ရတယ်လေ။ ကရင်ခေါင်းဆောင်တစ်စုကို မကြည့် ကရင်လူထုကြီးကို ကြည့်ဖို့လိုတယ်။ ဒါကတော့ မင်းလည်း သိပြီးသားဖြစ်ရင် ဖြစ်မှာပဲ။ ငါ့အနေ ကတော့ မင်းကို လုပ်ဖော်လုပ်ဖက် ရဲဘော် တစ်ယောက်အဖြစ်၊ သူငယ်ချင်း တစ်ယောက်အဖြ ပြောကို ပြောရမယ်။ ဒီနယ် အခြေအနေကိုတော့ မင်းက ငါ့ထက် သိတာပေါ့ကွာ။ ဒီနယ် သီးခြား အခြေအနေအရ မင်းလုပ်နေတာတွေ မှန်တယ်လို့ ယူဆရင်လည်း ငါ ဘာမှ မပြောလို သူငယ်ချင်း။ တစ်ခုတော့ ရှိတယ်ဟေ့။ ဒီတိုက်ပွဲမျိုးမှာ မင်း အသက်အသေခံတာမျိုးတော့ အားမပေးနိုင်ဘူး"

"မင်း ပြောတာတွေဟာ လေးလေးနက်နက် စဉ်းစားစရာတွေချည်းပါပဲကွာ။ စဉ်းလည် စဉ်းစားပါမယ်။ အခုလောလောဆယ်မယ်တော့ ငါ နောက်ဆုတ်လို့ မရတော့ဘူး သူငယ်ချင် ဘယ်လိုမှ နောက်ပြန်ဆုတ်ဖို့ အခွင့်အရေး မရှိတော့ဘူး။ ငါတော့ ဒါပဲ ပြောတတ်တော့တယ်"

ဝင်းမောင်သည် ဆေးပြင်းလိပ်ကိုထုတ်ကာ မီးညှိဖွာရှူနေ၏။ ဆေးပြင်းလိပ် မီးခိုးများသ မျက်နှာကြက်ဆီသို့ ရစ်ခွေ၍ တက်နေကြလေ၏။

သူတို့နှစ်ယောက်သား စကား ဆက်ကောင်းကြသည်။ သူငယ်ချင်းတွေအကြောင်းလည် ပါသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စတွေလည်း ပါသည်။ ထွန်းကြည် ပြန်ဝင်လာပုံ၊ မောင်ဦ တစ်ယောက် သေသလား ရှင်သလား မသိရပုံ၊ မောင်ညွန့်နှင့်အတူ ပြည်သူ့ရဲဘော်တွင် ပါသွားသေ ဖုန်းမြင့် တစ်ယောက် အစပျောက်နေပုံ၊ တင့်အောင်တို့ မအူပင်မြို့နယ်အတွင်း၌ပင် ကွန်မြူနစ်ပါ အင်အားစုဆောင်းကာ လှုပ်လှုပ်ရှားရှားနေပုံ၊ စင်သီယာ ရန်ကုန်တွင် အလုပ် ဝင်လုပ်နေရ ဆိုပုံ စသည့် အကြောင်းအရာမျိုးစုံ၊ အဖြစ်အပျက်အဖုံဖုံကို ပြောကြသည်။

"စင်သီယာ အခုလိုဖြစ်တာ ကောင်းတယ်ကွ။ ဘဝဆိုတာကို သူ နားလည်သွားပြ လူတစ်ယောက်ဟာ ဘဝနာလေလေ ဘဝအကြောင်းကို သိလေလေပေါ့ မဟုတ်ဘူးလား ရန်ကုန်ရောက်ရင်တော့ သွားတွေ့ကောင်း သွားတွေ့နိုင်ပါလိမ့်မယ်ကွာ"

မိုးလည်း စင်စင်လင်းလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကင်းတာဝန်ကျသူတွေ ပြန်မရောက်မီ ဝင်းမောင်သည် စခန်းမှ ထွက်ခွာလေ၏။ လူလုံးစကွဲတကွဲ အချိန်မို့ ကင်းဧရိယာ လွတ်သည့်နေရာအထိ ဝင်းကြည်က လိုက်ပို့ပေးသည်။

မိုးလည်း မည်သည့်အချိန်က တိတ်သွားလေပြီမသိ။ နံနက်ခင်း ကောင်းကင်ပြင်သည် ကြည်လင်လာ၏။ မိုးသက်ရနံ့သင်းထုံသော လေသည် မြစ်ဘက်ဆီမှ အပြေးအလွှား ရောက်လာ၏။ မကြာမီ နေ၏အလင်းရောင်သည် ရုတ်ခြည်း ရောက်ရှိလာပေတော့မည်။

မိမိ၏လက်ကို ဖျစ်ညှစ်လှုပ်ယမ်းကာ နှုတ်ဆက် ထွက်ခွာသွားသော ဝင်းမောင်၏ ကျောပြင်ဆို လူလုံးပျောက်သည်အထိ လိုက်ကြည့်ရင်း ဝင်းကြည်သည် လက်တွင်း၌ ကိုင်ထားသည့် စတင်းဂန်းကို ကျည်ဆန်ကပ် တပ်လိုက်ကာ တာရိုးအတိုင်း ပြန်လှည့်လာခဲ့လေ၏။

ဝင်းမောင် ပြောသွားသည့် စကားလုံးများသည် သူ၏ ရှုပ်ထွေး ရီဝေနေသော ဦးနှောက်ကို တစ်ဒိုးဒိုးဖြင့် ရိုက်ထုလျက် ရှိလေသည်။ လူရောစိတ်ပါ ယူပစ်လိုက်သလို ပြောင်းလဲသွားသည့် ဝင်းမောင်၏ လှိုင်းဂယက်များသည် သူ့ရင်တွင်း၌ မွှေနှောက် ထကြွလျက်ရှိသည်။ မိုးစင်စင်လင်းအံ့သော နံနက်ခင်းကိုလည်း ဂရုမပြုမိ။ အရှေ့ဘက်ဆီ၌ သွန်းလောင်း ကြဲချလိုက်ပြီဖြစ်သော ပတ္တမြားရည်များကိုလည်း အာရုံမစိုက်မိ။ မုတ်သုန်ရနံ့ သင်းပျံ့သော လေပြေလေညှင်းကိုလည်း သတိမထားမိ။

သူ့နဖူးပြင်တွင် ချွေးစီးများပင် ယှက်သန်းလျက်ရှိ၏။ ရှည်လျားလေးလံသော သက်ပြင်းကို ချကာ စိတ်သက်သာရာရဖို့ ကြိုးစားကြည့်၏။

သို့သော် အချည်းအနှီးသာတည်း။

× × ×

ထွန်းကြည်ကိုကား အချုပ်မှ လွှတ်လိုက်၏။

ထွန်းကြည် လွတ်မြောက်ရေးအတွက် အဖေက ပင်ပင်ပန်းပန်း ကြိုးစားခဲ့ကြောင်း ဝင်းကြည် ကောင်းစွာ သိလေသည်။ အဖေက သို့ကလို ကြိုးစားသည့်အတွက် အိမ်သို့ ပြန်ရောက်လာရသော သားဖြစ်သူကို အဖေသည် ခါတိုင်းထက် ပို၍ အရေးပေးမည်မှာလည်း ဝင်းကြည်အဖို့ ကျိန်းသေသိပြီးသောကိစ္စသာ ဖြစ်သည်။

ထွန်းကြည်ကား အနည်ထိုင်သွားလေပြီ။ သူ့ဘဝ၊ သူ့ရှေ့ရေးနှင့် စပ်လျဉ်းသည့် အရေးအခင်း အားလုံးကို ခေါင်းအေးအေးထားကာ စဉ်းစဉ်းစားစား ကိုင်တွယ်ဖြေရှင်းသွားတော့မည်ဟု ဝင်းကြည်က ထင်မိသည်။ တစ်ချိန်သောအခါက ထွန်းကြည်သည် ပင်စီကို စွဲမက်ခဲ့၏။ တမ်းတမ်းတတ ချစ်ခင်စုံမက်ခဲ့၏။ ပင်စီကလည်း ထွန်းကြည်ကို ရင်းရင်းနှီးနှီး ဆက်ဆံခဲ့၏။ စားအတူသွားအတူ သူတို့နေခဲ့ကြ၏။ သမီးရည်းစားလည်းမက၊ လင်မယားလည်းမကျသည့် အနေအထားမျိုးတွင် သူတို့သည် အိမ်ထောင်တစ်ခုကို တည်ဆောက်ရန် စိတ်ကူးခဲ့ကြဖူးပေ၏။ သို့ရာ

www.burmeseclassic.com



တွင် ပင်စီသည် မျက်နှာဖြူတွေနှင့် မျက်နှာဖြူ သစ္စာတော်ခံ အရာရှိတွေ ဈေးကောင်းသော ခေတ်၌ ထွန်းကြည်ကဲ့သို့သော သာမန်လူတန်းစား သားတစ်ယောက်ကို စိမ်းစိမ်းကားကား ရှောင်ခွာခဲ့၏။ ယခုမူ အရာရှိကတော် ဘဝဖြင့် သူ ချစ်မြတ်နိုးသော လူကိုထံသိုက်မြိုက် တည်ဆောက်နေလေပြီ။

ထွန်းကြည်ကား ပင်စီ ပေးအပ်ခဲ့သည့် ဒဏ်ရာဒဏ်ချက်တွေကို ကုစားရင်း သူ့သူငယ်ချင်း မိတ်ဆွေတွေ စုဝေးရာ ပြည်သူ့ရဲဘော်တပ်ဖွဲ့၏ အရိပ်အာဝါသသို့ သွားရောက်ခိုလှုံခဲ့လေသည်။

သို့ကလိုခိုလှုံရင်း သူသည် ပြည်သူ့ရဲဘော်တွေနှင့် စိုက်လိုက်မတ်တတ် ပါသွားခဲ့၏။ အချိန် လောင်မြိုက်ထားသော သူ့နှလုံးသားကို သေနတ်လက်နက် စွဲကိုင်သော စွန့်စားမှုဖြင့် ကုစားရန် ကြိုးပမ်းခဲ့၏။ ယင်းသို့ကြိုးပမ်းရင်း စိတ်ပျက်အားလျော့ကာ မြို့ပေါ်သို့ ပြန်တက်လာလျှင် ခေတ္တခဏ အကျဉ်းသား ဖြစ်ခဲ့ရပြန်သည်။

ယခု ထွန်းကြည်ကား အချုပ်မှ လွတ်ခဲ့လေပြီ။

ထွန်းကြည် လွတ်လာပြီ ဆိုသောအခါ ဝင်းကြည်အဖို့ မည်သို့မျှ မထူးခြားသော်လည်း တစ်အိမ်သားလုံးက ဝမ်းသာကြသည်။ သေရာက ပြန်၍လာသူတစ်ဦးကို တွေ့ရသည့်အတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။

သို့သော် ထွန်းကြည်သည် ဆင့်ကဲဆင့်ကဲ ပြဿနာဖော်တတ်သူ ဖြစ်သည့်အတိုင်း ယခုလည်း ပြဿနာ တစ်ရပ်ကို အစဖော်နေပြန်လေပြီ။

"အခု အရက်တွေ သိပ်သောက်တာပဲ ကိုဝင်းရယ်။ ညတိုင်း ပြန်လာရင် လူမှန်းတော မသိဘူး။ မမတော့ သိပ်စိတ်ညစ်တာပဲ"

ထွန်းကြည် အရက်သောက်နေကြောင်း သတင်းပေးသူကား မလှကြည် ဖြစ်၏။ မလှကြည်သည် ဝင်းကြည်ကို ချစ်သလောက် အစ်ကိုဖြစ်သော ထွန်းကြည်ကို ကြောက်၏။ ထွန်းကြည် အကောင်းပကတိ ဘဝမှာပင် ကြောက်ရသည်ဆိုလျှင် အမူးသမား ဖြစ်လာသော ဘဝ၌ကား ပြောဖွယ်ရာ မရှိတော့ပြီ။

"ညတိုင်းလည်း တော်တော်နဲ့ ပြန်မလာဘူး။ ခေတ်ကြီးက ကောင်းတာ မဟုတ်ဘူး။ စောစောပြန်ပါဆိုလို့ ဘယ်တော့မှ မရဘူး။ သူ ပြန်လာခိုက် တံခါးချက်ချင်း ထမဖွင့်ပေးရင် ဆူဆူပူပူတွေ လုပ်မှာစိုးလို့ မမလည်း အိပ်ပျက်ခံပြီး ညတိုင်း စောင့်တာပဲ။ ဒါပေမဲ့ လူမှန်း မသိအောင် မူးမူးလာတာကို မမ စိတ်ပျက်တယ် ကိုဝင်းရယ်။ တစ်ခါတလေ အော်ကြီး ဟစ်ကျယ်နဲ့။ အိမ်နီးနားချင်းတွေကို မမ သိပ်ရှက်တာပဲ"

မလှကြည်၏စကားကြောင့် ဝင်းကြည်မှာ ဒေါသထွက်ရသည်။ မိဘနှစ်ပါး ရှိသေးသည်။ နှမပျိုတွေ ရှိသေးသည်။ အဘယ့်ကြောင့် ဤဝန်းကျင်ကို ဖျက်ဆီးချင်ရသနည်းဟု တွေးကာ ထွန်းကြည်အပေါ်၌ မကျေမနပ် ဖြစ်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေနဲ့အမေက ဒါကို မသိဘူးလား"

"သိမှာပေါ့ ကိုဝင်း။ အိမ်နီးချင်းတွေကတောင် သိကုန်ပြီဥစ္စာ အဖေနဲ့အမေက မသိဘဲ နေပါ့မလား"

"သိရက်သားနဲ့ ဘာလို့မပြောတာလဲ"

"အဖေက တစ်ခါတလေ သိပ်စိတ်ဆိုးပုံရတယ်။ စကား မပြောဘူး ကိုဝင်းရဲ့။ အမေကတော့ ကိုဝင်း သိတဲ့အတိုင်းပဲ သူ့သားကို ဘာတစ်ခွန်း ပြောဖူးလို့လဲ"

"ကောင်းပြီလေ။ ကျွန်တော် ပြောမယ်"

"ဟင်၊ ကိုဝင်း ပြောမယ် ဟုတ်လား"

"ဟုတ်တယ် မမ။ ကျွန်တော် ပြောမယ်။ ညီတစ်ယောက်အနေနဲ့ အစ်ကိုကို ပြောရမယ်။ ပြောခွင့်လည်းရှိတယ်"

"ဖြစ်ပါ့မလား ကိုဝင်းရယ်"

"အို၊ ဘာဖြစ်လို့ မဖြစ်ရမှာလဲ။ မဟုတ်တာ လုပ်နေတဲ့ လူတစ်ယောက်ကို ဒီအတိုင်း မျက်စိ ဒေါက်ထောက်ပြီး ကြည့်နေရမလား"

မလှကြည်သည် ငိုင်နေ၏။ သူ့အစ်ကိုနှင့် မောင်တို့၏ စိတ်နေသဘောထားကအစ ဝါသနာ ဗီဇအဆုံး သိထားသူမို့ မလှကြည်မှာ စိတ်လေးနေရခြင်း ဖြစ်၏။

"ပြောတော့လည်း ပြောပေါ့ ကိုဝင်းရယ်၊ ချောင်းချောင်းချချ ပြောပါ။ သူက ဒေါသထွက်ရင်လည်း ကိုယ့်အစ်ကိုဆိုပြီး သည်းခံလိုက်ပါ။ ကိုဝင်းကပါ ဒေါသမထွက်ပါနဲ့နော်"

ဝင်းကြည်ကိုပင် မလှကြည်က ပြန်၍တောင်းပန်နေပြန်ပါသေး၏။

ထိုနေ့မှာ ဥပုသ်နေ့ ဖြစ်သည်။ ဥပုသ်နေ့ဆိုလျှင် အဖေနှင့် အမေတို့သည် အမာကြည်ကို ခေါ်ကာ ဓမ္မာရုံကျောင်းတွင် ဥပုသ်စောင့်ကြမြဲ ဖြစ်သည်။ ထွန်းကြည်ကိုလည်း အရက်မမူးမီ တွေ့ချင်သည်။ သို့မို့ကြောင့်လည်း အိမ်တွင် စောင့်ဆိုင်းနေလိုက်၏။

မကြာမီ ထွန်းကြည်သည် ထမင်းစား ပြန်လာ၏။

ညက အလွန်အကျွံ သောက်ထားသော အရှိန်ကြောင့် သူ့မျက်နှာမှာ နီရောင်သန်းကာ အစ်နေ၏။ သူ့အနားရောက်သည်နှင့် တစ်ပြိုင်နက် အချဉ်ပေါက်နေသော အရက်နံ့ အငွေ့အသက်ကို ထောင်းခနဲ ရှူရှိုက်လိုက်ရ၏။

"မင်း ဒီနေ့ အိမ်ပြန်လာသလား"

ထွန်းကြည်က စပြောသည်။

"ဟုတ်တယ်၊ အစ်ကို့ကို ပြောစရာရှိလို့ လာတာ"

"ဟေ၊ ဘာများလဲကွ။ လုပ်စမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် ထွန်းကြည်က ဝင်းကြည်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း သို့ကလို မေးလိုက်သော်လည်း ဝင်းကြည် ဘာပြောချင်သည်ကို ရိပ်မိပုံရလေသည်။

ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။ အစ်ကို့မျက်နှာကား အရက်ခိုးတွေ ပြန့်ကာ အဆီရစ်၍ အစ်နေ၏။ ညပေါင်းများစွာ အိပ်ရေးပျက်ထားသည့် ညီမျက်နှာကား မျက်တွင်းဟောက်ပက်နှင့် ချောင်ကျနေ၏။ အစ်ကို့မျက်နှာမှာ ရေရေရာရာ မရှိသော်လည်း ညီမျက်နှာမှာမူ တင်းမာနေ၏။

"တခြား မဟုတ်ပါဘူး။ အစ်ကို အရက်တွေ အလွန်အကျွံ သောက်နေတဲ့ကိစ္စပါ။ အဲဒါ ပြောမလို့ ဒီနေ့ ပြန်လာတာပဲ"

"ဩော် ဒါလား။ မင်းကို ဘယ်သူ ပြောသလဲ"

"ဘယ်သူ ပြောတာ မပြောတာ အဓိက မဟုတ်ပါဘူး။ အစ်ကို အရက်သောက်တာဟာ အဓိကပါ။ ကျွန်တော် ပြောချင်တာက အစ်ကို အရက်သောက်တာကိုသာ ပြောချင်တာ"

"အရက်သောက်တာ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်။ ဆိုင်တာမှ သိပ်ဆိုင်တာပဲ။ မဆိုင်ရင် ကျွန်တော်လာပြီး ဘာမှပြောစရာမလိုဘူး"

"ကဲ၊ ဘယ်လိုဆိုင်သလဲကွ။ ပြောစမ်းပါဦး၊ ငါမသိလို့"

ထွန်းကြည်သည် မထိတရိ ရယ်မောနေ၏။ မလှကြည်ကား အတွင်းခန်း အဝင်အဝတွင် ထိုင်ကာ အစ်ကိုနှင့် မောင်၏ အချီအချ စကားသံကို နားစွင့်ရင်း ရင်မ နေရလေ၏။

"မသိဘူးဆိုရင်တော့ ပြောပြရတာပေါ့။ ဒီမယ် အစ်ကိုလုပ်တဲ့ လူက ဘာမဟုတ်တဲ့ အကြောင်းနဲ့ အရက်တွေ သောက်ချင်တိုင်း သောက်ပြီး ဖြစ်ချင်ရာဖြစ်နေတာကို ညီက မဆိုင်ရင် ဘယ်သူက ဆိုင်ရဦးမှာလဲ။ ပြောစမ်းပါဦး"

"ဒီမှာဟေ့၊ ဒါတွေကို မင်းပြောနေစရာ မလိုဘူးထင်တယ်။ ငါဘာလုပ်နေတယ်ဆိုတာ ငါသိတယ်ကွ"

"ဩော်၊ ကျွန်တော်က ပြောစရာမလိုဘူး၊ ဟုတ်လား။ ကျွန်တော်ကတော့ ပြောစရာလို တယ်လို့ကို ထင်ပြီး ပြောတာပဲ။ နောက်လည်း ပြောဦးမှာပဲ။ မဟုတ်မဟတ် လျှောက်လုပ်နေတာ တွေ့သမျှ ပြောမှာပဲ။ ဒီမယ် အစ်ကို၊ အစ်ကို ဘာလုပ်နေတယ်ဆိုတာရော အစ်ကို့ကိုယ် အစ်ကို သိရဲ့လား၊ ဟင်။ ကျွန်တော့် အထင်ကတော့ အစ်ကိုဟာ လောကကြီးမှာ ကိုယ်ဘာလုပ်နေတယ် ဆိုတာကို ကိုယ့်ဘာသာ မသိဆုံး လူတစ်ယောက်လို့ကို ယူဆတယ်။ အစ်ကို စဉ်းစားကြည့်လေ ကျွန်တော်တို့ မောင်နှမ လေးယောက်ရှိတယ်၊ ယောကျ်ားလေး ညီအစ်ကိုဆိုလို့ အစ်ကိုနဲ့ ကျွန်တော်ပဲ ရှိတယ်။ နောက်ပြီး အစ်ကိုဟာ အကြီးဆုံး။ ကျွန်တော်ဟာ ကျွန်တော် ဖြစ်နေတယ်ထင် တာတွေကို စိုက်လိုက်မတ်တတ် လျှောက်လုပ်နေတာ ဟုတ်တယ်။ သိပ်မှန်တယ်။ ဒါပေမဲ့ အဖေ နဲ့ အမေ့ကို အနားမှာကပ်ပြီး ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဘူး။ အိမ်ကို ကျွန်တော်

www.burmeseclassic.com



ဒုက္ခမပေးဘူး။ အပူမကပ်ဘူး။ ဂျပန်ခေတ်က ဗုံးကြား စက်သေနတ်ကြားထဲမှာတောင် အမေနဲ့ ကျွန်တော် ဒိုးတူပေါင်ဖက် အလုပ်လုပ်ခဲ့တယ်။ ကျွန်တော်က နိုင်ငံရေးတွေ လျှောက်လုပ်ရကောင်းလားဆိုပြီး အမေ မကြိုက်ဘူး။ အမေ စိတ်ဆင်းရဲတယ်။ ဒါကို ကျွန်တော်သိတယ်။ သိပေမယ့် ကျွန်တော် လုပ်နေတဲ့ အလုပ်တွေဟာ မိဘရဲ့ အနေအထားနဲ့ စီးပွားရေးကို ဘယ်လိုမှ မထိခိုက်နိုင်ဘူး။ မှန်ကန် မွန်မြတ်တယ်လို့ ယူဆတဲ့အတွက် အမေ စိတ်မချမ်းသာတာကို သိတဲ့ကြားကပဲ ကျွန်တော်လုပ်တယ်။ အမေ မကြိုက်တဲ့ကြားက ကျွန်တော် လုပ်တယ်။ အဲဒါအတွက် ကျွန်တော့်ကို တစ်အိမ်လုံးက ပြောချင်သလိုပြော၊ လုပ်ချင်သလိုလုပ်၊ ကျွန်တော် ခံမယ်"

ထွန်းကြည်သည် စီးကရက်ကို နာနာဖွာရှိုက်ရင်း စူးစိုက် နားထောင်နေ၏။ ညီ စကားတွေကိုပင် နားဝင်လေပြီလော မသိ။

ဝင်းကြည်က ဆက်ပြောပြန်သည်။

"အစ်ကိုကျတော့ ဒီလိုမဟုတ်ဘူး။ အစ်ကိုဟာ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက် အများကြီး အချိန်တွေ ဖြုန်းခဲ့တယ်။ ဒီမိန်းမက အစ်ကို့ကို စွန့်ပစ်သွားတော့လည်း အစ်ကိုဟာ အမှန်ကို အမှန်အတိုင်း ရင်မဆိုင်ရဲခဲ့ဘူး။ ဒီလို ရင်မဆိုင်ရဲလို့ နိုင်ငံရေးနဲ့ လှည့်ရင်ဆိုင်ဖို့ ကြိုးစားတယ်။ မအောင်မြင်ဘူး။ အစ်ကို ရှုံးတယ်။ အခုတစ်ခါ အရက်နဲ့ ရင်ဆိုင်ဖို့ အစ်ကို ကြိုးစားပြန်ပြီ။ အစ်ကို ရှုံးဦးမှာပဲ။ ကျွန်တော် အတပ်ပြောရဲတယ်၊ အစ်ကို ရှုံးဦးမယ်"

"ပင်စီ အကြောင်းကို ထည့်မပြောရင် ကောင်းမယ်"

"မပြောလို့ မဖြစ်ဘူး။ ပင်စီ အကြောင်းက အစ်ကို့မှာ ဖြစ်နေတဲ့ ပြဿနာအားလုံးရဲ့ အရင်းအမြစ်ဗျ။ ဒီအရင်းအမြစ်ကို အတင်း ဖယ်ထုတ်လို့ မဖြစ်ဘူး။ မဖြစ်ချင်ဟန် ဆောင်နေလို့လည်း မဖြစ်ဘူး"

"ငါက ကာယကံရှင်ပါကွ။ မင်းက ငါ့ထက် ပိုသိဦးမလား။ ငါ အရက်သောက်တာ သောက်ချင်လို့ကို သောက်တာ"

"အရက်က ဘာပြဿနာကိုမှ ရှင်းမပေးနိုင်ဘူး အစ်ကို။ အရက်ကြောင့် နှူရင်သာနှူ၊ သေရင်သာ သေရမယ်။ ပြဿနာကတော့ ဘယ်တော့မှ ရှင်းသွားမှာ မဟုတ်ဘူး"

"ကဲ ဟေ့ ဝင်းကြည်၊ မင်း သိပ်စကားပြောလွန်းတယ်ကွာ။ ဒီ သောက်အရက်ကို ငါ သောက်ချင်လို့ သောက်တယ်လို့ ပြောပြီးပြီ။ မင်း ဘာလုပ်မလဲ။ ကဲ၊ ပြောစမ်း။ မင်းက ငါ့ကို ဘာလုပ်မလဲ"

ပြောပြောဆိုဆို ထွန်းကြည်သည် စိတ်မထိန်းနိုင်တော့သည့်အလား ထိုင်နေရာက ဖြုန်းခနဲ ထလိုက်၏။ ဝင်းကြည်ကား ထိုင်ရာမှ မထသေး။ သူ့လက်စွဲတော် စတင်းဂန်းသည် လသာဆောင် ဘက် စားပွဲငယ်ပေါ်တွင် အစင်းသား လဲလျောင်းနေ၏။ မလှကြည်သည် အတွင်းခန်းမှ ပြေးထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်း ကိုထွန်း၊ ကောင်းကောင်းပြောလေ" ဟု ဆိုကာ မလှကြည်သည် ထွန်းကြည်ကို ဖက်ထား၏။

"ကျွန်တော် အစ်ကို့ကို ဘာမှမလုပ်ပါဘူး။ အစ်ကို အရက်သောက်တာကို ပြောရကောင်းလားလို့ ကျွန်တော့်ကို ဒါလောက် ဒေါသကြီးတယ်ဆိုရင် အစ်ကိုလုပ်ချင်တာ လုပ်ပါ။ ကျွန်တော် ခံပါ့မယ်။ ရော့၊ ဟောဒီသေနတ်နဲ့ ပစ်သတ်ဦးမလား။ ပစ်"

"ပေး၊ ပစ်မယ်။ မင်းလို အိုးပစ်အိမ်ပစ် ခွေးလေးကြမ်းပိုး လုပ်နေတဲ့ ဆန်ကုန်မြေလေးကောင်ကို အရှင်ထားဖို့ မကောင်းဘူး။ မင်း လူပါးဝတယ်။ ကြီးကျယ်တယ်။ မင်းကို ပစ်သတ်ပြီး ငါ စက်တိုင်တက်ရဲတယ်ဟေ့"

"ရှော့ဗျာ၊ ခင်ဗျား စကားမရှည်နဲ့၊ ပစ်။ ကျွန်တော်က သေနတ်ကိုင်လာတဲ့ကောင်။ ဒီသေနတ်နဲ့ တစ်နေ့သေရမယ်ဆိုတာ သိတယ်။ ဂရုမစိုက်ဘူး"

ဝင်းကြည်က စတင်းဂန်းကို ပစ်ပေးလိုက်၏။ ထို့နောက် ကျည်ဆန်ကပ်ကို ဘောင်းဘီအိတ်တွင်းမှ ထုတ်ကာ ပစ်ပေးလိုက်ပြန်၏။ စတင်းဂန်းနှင့် ကျည်ဆန်ကပ်သည် ကြမ်းပြင်ပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားလေ၏။

"ကိုဝင်း တော်တော့။ မမ တောင်းပန်ပါတယ်။ ကိုထွန်းရယ်။ ရှိခိုးပါရဲ့။ တော်ပါတော့"

မလှကြည်သည် ထွန်းကြည်ကို တအားကျုံး၍ ဖက်ထားရင်း ပါးစပ်က တတွတ်တွတ် ပြောနေ၏။ မျက်ရည်တွေလည်း ကျဆင်းနေ၏။ "မင်းတို့ ငါ့ကိုပါ သတ်ပစ်လိုက်ကြ။ ငါ့ကိုလည်း အရှင်မထားနဲ့။ ငါလည်း ဒီလောက် သောကများတဲ့ ဘဝမှာ မနေချင်တော့ဘူး။ ကဲ ငါ့ကိုပါ သတ်ကြ" ဟု ထပ်၍ အော်ရင်း မလှကြည်သည် ပျော့ခွေကျသွားလေ၏။

"ဟင် မမ မမ"

ဝင်းကြည်သည် ကြမ်းပြင်ပေါ်၌ အရုပ်ကြိုးပြတ်သလို ပုံလဲ၍ ကျနေသော အစ်မထံသို့ တစ်ဟုန်ထိုး သွားကာ ပွေ့ထူလိုက်၏။ ထွန်းကြည်ကား မလှကြည်ကိုပင် လှည့်မကြည့်တော့ဘဲ အိမ်ပေါ်မှ ဆင်းသွားသည်။

ဝင်းကြည်သည် သူ့အမကို ပွေ့ကာ ခုတင်ပေါ်တွင် သွားတင်ထားလိုက်၏။ ထို့နောက် သွေးဆေးကိုယူကာ နှာခေါင်းဝတွင် ပွတ်ပေးသည်။ ဆံပင်ကို ဖြေချလျက် ငယ်ထိပ်တည့်တည့်မှ ယပ်ခတ်ပေးသည်။ ခုတင်ခေါင်းရင်းရှိ ပြတင်းတံခါးကိုလည်း ဖွင့်လိုက်၏။ တဆတ်ဆတ် ခုန်နေသော မလှကြည်၏ ရင်ညွှန့်ကို လက်ဖနှောင့်ဖြင့် ထောက်ပေးထားသည်။

အတန်ကြာသောအခါ မလှကြည်သည် သတိရလာ၏။ ထို့နောက် သူ့မောင်ကို ဖက်၍ ငိုလေတော့သည်။

"မငိုပါနဲ့ မမ၊ မမ ပင်ပန်းနေပြီ။ မငိုပါနဲ့။ အသာလေးမှိန်းနေ။ ရော့၊ ဟောဒီ သွေးဆေးလေး ရှူပေး"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာခဲ့၏။ ဒေါသရှိန်မပြေသေးသော သူ့ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်နေ၏။ မကြာမီ မလှကြည်ကလည်း အခန်းတွင်းမှ ထွက်လာပြန်သည်။ ဝင်းကြည်က စတင်းဂန်းနှင့် ယမ်းကပ်ကို ကြမ်းပြင်ပေါ်မှ ပြန်ကောက်ယူကာ ပခုံးတွင် လွယ်လိုက်သည်။

"ကိုဝင်း သွားတော့မလား"

ဝင်းကြည်က ခေါင်းညိတ်ရုံမျှသာ ညိတ်သည်။

"သူ့နောက်ကို မလိုက်သွားနဲ့နော်"

ဝင်းကြည်သည် စတင်းကျည်ကပ်ကို ဘောင်းဘီအိတ်အတွင်းသို့ ပြန်ထိုးထည့်ကာ သူ့အစ်မကို ကြင်နာသော အကြည့်ဖြင့် ကြည့်ရင်း ကုလားထိုင်တွင် ထိုင်ချလိုက်ပြန်၏။

"ကျွန်တော် တပ်ကို ပြန်မှာပါ"

မလှကြည်သည် ဝင်းကြည်၏ အပါးသို့ ကပ်လာကာ နဖူးပြင်ထက်၌ ဖွာရရာ ကြဲနေသော ဆံပင်တွေကို တယုတယ သပ်တင်ပေးနေလေ၏။

"ကိုဝင်း သိပ်ပိန်တယ်ကွယ်။ အအိပ်အစားနဲ့ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦး။ ဘာစားချင်သလဲ။ မမ ချက်ပေးမယ်လေ။ အခုရော ထမင်းစားသွားပါလား"

"တော်ပြီ။ ကျွန်တော် မစားတော့ဘူး"

"သူ့ဒေါသတွေ၊ သူ့မောဟတွေကို စိတ်ထဲမှာ မထားနဲ့နော် သိလား။ သူက အကြီးဖြစ်ပြီး ဒီလောက် မိုက်နေပေမယ့် ဗွေမယူပါနဲ့ ကိုဝင်းရယ်။ ခွင့်လွှတ်လိုက်ပါ"

ဝင်းကြည်က ငြိမ်နေလိုက်၏။ အမှန်အားဖြင့် မလှကြည်သည် သူ့ထက် (၂) နှစ်မျှသာ ကြီးသော်လည်း အိမ်ရေးကိစ္စများနှင့် လုံးထွေးသတ်ပုတ်ရဖန် များသည့်အတွက်ကြောင့်လားတော့ မသိ၊ အတွေ့အကြုံ ရင့်ကျက်ပြီးသား အိမ်ထောင်ရှင်မကြီးတစ်ဦးသဖွယ် ဖြစ်နေလေ၏။

"ကျွန်တော် စိတ်မဆိုးပါဘူး။ ဘာမှလည်း မဖြစ်ပါဘူး မမ။ မမသာ စိတ်ချမ်းသာအောင်နေ။ အခုလိုဖြစ်တာကို အဖေနဲ့ အမေ မသိစေနဲ့နော်။ ကဲ၊ ကျွန်တော် သွားတော့မယ်။ မမ နေကောင်းအောင် ကြိုးစား။ ဟုတ်လား"

## အခန်း ၃၆

နှင်းတွေ ဝေနေသော နံနက်ခင်း။

တောအုပ်အတွင်း၌ နှင်းမြူတွေ ဆိုင်းနေသလို အရပ်လေးမျက်နှာတွင်လည်း နှင်းတွေကသာ ဝိုင်းဝိုင်းလည် ပိတ်ဆိုင်းလျက်ရှိသည်။

ဤနေရာတွင် မြေသည် ပြန့်၏။ ကမူ မရှိ၊ တောင်ပို့ မရှိ၊ ကန်စွန်းပင်၊ ဘာနဖော့ပင်တွေ

www.burmeseclassic.com

www.burmeseclassic.com



အလေ့ကျ ပေါက်နေသော ရေအိုင်ငယ်များ၊ ကောနေသော လယ်ရိုင်းများ၊ ဆင်ငိုမြက်တောများသာ ပြွမ်းတီးသည့် အပြန့်အပြော မြေသာဖြစ်၏။ မုတ်သုံအားကောင်းစဉ်က ချန်ထားခဲ့သော ကန်သင်းရိုးများအကြားမှ ရေပြင်ငယ်ကလေးတွေလည်း အစီအရီ တည်နေ၏။

နှင်းတွေ ပိတ်ဆိုင်းထားသဖြင့် အတန်ငယ် မှောင်နေသေးသော တောအုပ်ငယ်အတွင်း၌ လူတစ်စုသည် အရေးတကြီး ဖြစ်ဟန်တူသည့် လုပ်ငန်းများဖြင့် အလုပ်ရှုပ်လျက် ရှိကြသည်။ ဝင်းကြည်တို့၏ ကျောင်းသားရဲခေါင် တပ်စုနှင့် ဗမာ့တပ်မတော် တပ်ရင်း (၄) စိန်ပြောင်းကြီး တပ်စုတို့မှ ရဲဘော်များပင်တည်း။

မိုးကုန်သည်နှင့် တစ်ပြိုင်နက် အစိုးရတပ်များသည် နေရာတကာတွင် ထိုးစစ်ဆင် တိုက်ခိုက်လေတော့သည်။

မအူပင် အရှေ့ဘက်ကမ်းတစ်လျှောက်ကို အလုံးအရင်းဖြင့် ဝင်တိုက်ကာ ကမ်းနဖူးရှိ သစ်ကြီး ဝါးကြီး ဟူသမျှကို မီးရှို့ဖျက်ဆီး ရှင်းလင်းပစ်သည်။ မြောက်ဘက်မှ တရုတ်လပ်၊ ငါးဖယ်အိုး၊ ကျွဲဂတ် စသော ရွာတွေကို ပြန်လည် သိမ်းပိုက်ခဲ့သည်။ တောင်ပိုင်းရှိ ပေါ်တော်မူ၊ ညောင်ဝိုင်း၊ ပန်တပွတ်ဝ စသော ဒေသတွေကိုလည်း သိမ်းပိုက်ပြီး ဖြစ်သည်။ ယခုအခါ၌မူ အနောက်တောင်ဘက်ရှိ ရေလဲ၊ သုံးခွဆိုင်နှင့် ရွှေတောင်မော် စသော အဓိကရ ရွာကြီးများဆီသို့ စစ်ကြောင်းတစ်ကြောင်း၊ အနောက်မြောက်ဘက်စူးစူးမှ စစ်ချောင်း ရွာကြီးဆီသို့ စစ်ကြောင်း တစ်ကြောင်း ချီကာ နယ်သိမ်းတိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်။

ဤတိုက်ပွဲများကား မြစ်ဝကျွန်းပေါ် ဒေသတစ်ခုလုံး၏ စစ်ရေး အခြေအနေကို အဆုံးအဖြတ်ပေးမည့် တိုက်ပွဲများ ဖြစ်လေသည်။ ရွှေတောင်မော်ကို သိမ်းမိလျှင် မော်လမြိုင်ကျွန်း၊ ဝါးခယ်မ စသော မြောင်းမြရိုင်သို့ တိုးလျှိုပေါက်နိုင်ပေလိမ့်မည်။ စစ်ချောင်းကို သိမ်းပိုက်ရေးမှာ အောက်ဆုံးမှတစ်ဆင့် ရွှေလောင်းသို့ သွားနိုင်သည့် ရေလမ်းခရီးကို လည်းကောင်း၊ မီးသွေးချောင်းဘက်သို့ ထွက်နိုင်မည့် ရေလမ်းခရီးကို လည်းကောင်း ဖွင့်ပေးနိုင်ရန်နှင့် ပန်းတနော် နယ်အတွင်း ထိုးစစ်ဆင်ရေးအတွက် မလုပ်လျှင် မဖြစ်သည့် လုပ်ငန်း ဖြစ်လေသည်။ ရွှေတောင်မော်သည် မအူပင်မြို့နယ်၏ အနောက်ဘက်နှင့် တောင်ဘက်ကွင်းတစ်ဝိုက်၌ အချက်အချာဒေသဖြစ်သလို၊ စစ်ချောင်းကား အနောက်မြောက်ဘက်ကွင်း၏ အသက်သွေးကြော ဖြစ်သည်။

ဤရွာကြီး နှစ်ရွာကို ကေအင်ဒီအိုတို့က ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားခြင်းသည် မအူပင်မြို့ကို လည်မျို ညှစ်ထားသည်နှင့်သာ တူပေသည်။ မအူပင်မြို့ကို ပတ်ပတ်လည် ဝိုင်းကာ ပိတ်ဆို့ထားခြင်းအားဖြင့် မြစ်ဝကျွန်းပေါ်၏ ရေလမ်းခရီးတစ်ခုလုံးကို အချက်အချာ နေရာမှနေ၍ ဖြတ်တောက်ထားလိုက်ခြင်းသာ ဖြစ်သည်။ ယခု စစ်ရေး အခြေအနေတွေ ကောင်းလာသော်၊ ရွာပေါင်းများစွာကို ပြန်သိမ်းပိုက်နိုင်ခဲ့စေကာမူ ရွှေတောင်မော်နှင့် စစ်ချောင်းကို မသိမ်းနိုင်သမျှ မအူပင်အတွက် စိတ်မချရ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စစ်ချောင်းကို သိမ်းရပေတော့မည်။

အရဏ်တက်အချိန်ကပင် စစ်ချောင်းကို သိမ်းပိုက်မည့် တပ်များသည် မြားဦးသဏ္ဍာန် စစ်ကြောင်းသုံးကြောင်းခွဲ၍ ချီတက်သွားကြပြီး ဖြစ်၏။ ပထမစစ်ကြောင်းမှာ စစ်ချောင်း၏ အနောက်ဘက်စူးစူးရှိ ဖျိုင်းဆည်ကို ပွတ်ကာသီကာ စစ်ချောင်း အနားသို့ ကပ်ထား၏။ ဒုတိယ စစ်ကြောင်းကား ကျုံရုပ်နှင့် ကရင်စုကြီး စသော ရွာများတည်ရှိရာ တောင်ဘက်ဆီ၌ နေရာယူထား၏။ တတိယ စစ်ကြောင်းကမူ အရှေ့ဘက် တူရူမှ ဝင်ရန်ဖြစ်၏။

နံနက် နှင်းကွဲသည်နှင့် တစ်ပြိုင်နက် စစ်ချောင်းနှင့် သုံးမိုင်ခန့် ဝေးကွာသော တောအုပ်မှ နေ၍ ၃ လက်မ စိန်ပြောင်းများဖြင့် ပထမဦးစွာ ပစ်ခတ် တိုက်ခိုက်မည်။ ယင်းသို့ စိန်ပြောင်းကြီးများက အဝေးမှ လှမ်းထုနေစဉ် မိုးလင်းသည်နှင့် တစ်ပြိုင်နက် နေရာယူထားပြီးသား ဖြစ်နေမည့် စစ်ကြောင်းသုံးကြောင်းက တရကြမ်း ထိုးနက် တိုက်ခိုက်ရမည်ဟု တိုက်ပွဲအစီအစဉ် ရေးဆွဲထားသည်။ စစ်ချောင်းကို တိုက်ခိုက်ရေးကား လွယ်ကူလှသော လုပ်ငန်းမဟုတ်။ အထူးသဖြင့် သိမ်းပိုက်ရန် သာ၍ မလွယ်ကြောင်းကို အားလုံး နားလည်ထားကြသည်။ အဘယ့်ကြောင့်နည်း။

မအူပင်၏ အနောက်မြောက်ဘက် ယွန်းယွန်း ၁၂ မိုင်ခန့် အကွာတွင် တည်ရှိသော စစ်ချောင်းသည် ရွာဟု ဆိုရသော်လည်း သာမန် ရွာသိမ်ရွာငယ် မဟုတ်၊ အဓိကရ ရွာကြီးဖြစ်၏။ စစ်မဖြစ်မီက စာပို့တိုက်နှင့် ဈေးရှိသော ရွာကြီး ဖြစ်သည်သာမက မအူပင် မြို့နယ်တစ်ခုလုံးကို ကြီးမားလှသော စပါးကြီးမြွေပမာ လှည့်ခွေ ဝန်းပတ်ထားသည့် ရေကာတာရိုးသည် စစ်ချောင်း ရွာကြီးကို အရှေ့၊ အနောက်နှင့် တောင် စသော အရပ်သုံးမျက်နှာမှ ကွေ့ဝိုင်းထားလေရာ ယင်းတာရိုးသည် စစ်ချောင်းအတွက် သဘာဝက ဖန်တီးပေးထားသော ခံတပ်သဖွယ် ဖြစ်နေလေသည်။

ထိုမျှသာမက၊ စစ်ချောင်းတွင် အိမ်ကြီးအိမ်ကောင်းတွေ များစွာရှိသည်။ အုတ်အင်္ဂတေ အဆောက်အဦတွေ ပေါများသည်။ ရွာ၏ လေးပုံသုံးပုံကို ဝန်းကာထားသော တာရိုးကြီးတွေမှာ ရောဝတီမြစ်ရေ အတိုးကြမ်းသောဒေသမို့ လွန်စွာ မြင့်မားလှသည်။ ဝါးခယ်မမြို့နယ်၊ ပန်းတနော် မြို့နယ်စသော ကေအင်ဒီအို အင်အားကောင်းသည့် နယ်တွေနှင့်လည်း ရေပြင်မြေပြင်ချင်း ဆက်စပ်နေသည်။ လက်ဝယ်ရှိထားသော ထောက်လှမ်းရေးသတင်းများအရဆိုလျှင် ကေအင်ဒီအို တပ်များ၏ စစ်ရေးနှင့် နိုင်ငံရေးဌာနချုပ်သည် ဤစစ်ချောင်းရွာပင် ဖြစ်နေလေရာ စစ်ချောင်းကို အခိုင်အမာ ပြုလုပ်ထားမည်၊ စစ်ချောင်း မကျရေးအတွက် အသေအလဲ ခုခံကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ စစ်ချောင်းကို အပြီး ဖြိုရပေတော့မည်။ စစ်ချောင်း ပြိုပြီဆိုလျှင် မအူပင် ခရိုင်၌ ပန်းတနော် မြို့နယ်တစ်နယ်တည်းသာ ကေအင်ဒီအိုတို့အတွက် ခုခံစရာ၊ ခြေကုပ်ယူစရာ နယ်ပယ်ဒေသအဖြစ် ကျန်ပေလိမ့်မည်။ သို့ဆိုလျှင် ပန်းတနော်နယ်ကို စုပြုံ ထိုးနှက်နိုင်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၇ နာရီ။

နှင်းထုကလည်း မကွဲတတ်သေး။

စိန်ပြောင်းကြီးတွေကို တောအုပ်၏ အစပ်နားတွင် တန်းစီချကာ စစ်ချောင်းဘက်သို့ ချိန်ရွယ်ထားကြပြီး ဖြစ်သည်။ ဝင်းကြည်နှင့် မြမော်တို့၏ ကျောင်းသားတပ်စုကလည်း စိန်ပြောင်းကြီးတွေကို ပတ်ချာဝိုင်းကာ နေရာယူထားကြပြီး ဖြစ်သည်။

ဤတောအုပ်သည် ကြီးကြီးမားမား မဟုတ်။ မအူပင်မှ စစ်ချောင်းအထိ တာရိုးအတိုင်း သွားလျှင် ၁၂ မိုင် ဝေးသော်လည်း တရုတ်လပ်မှ ထွက်ကာ ကွင်းဖက်မှ ဒေါင်လိုက်ဖြတ်လျှင် ၇ မိုင် သာသာခန့်သာ ကွာလှမ်းရာ ယင်း ၇ မိုင်မျှသော ခရီးတာတစ်ခုလုံးမှာ ကွင်းခေါင်ခေါင် သာ ဖြစ်လေသည်။ ဤကွင်းသည် ပြန့်၏ ။ ညီညာ၏ ။ မိုးရေ တင်ကျန်နေရစ်သည့် လယ်ကွက် များ။ ကန်စွန်းရွက်၊ ဖားပေါင်စင်း၊ ကနဖော့ စသည့် ဟင်းရွက်တွေ အလေ့ကျ ပေါက်နေသော ရေစပ်စပ် ကွင်းကောများ။ မြက်ခါး၊ မြက်ဂဠုန်၊ သုံးမြှောင့်၊ ညံ စသည့် အလေ့ကျ မြက်ရိုင်းပင်များ ဖြင့်လည်း အချို့သော နေရာတို့တွင် ပြွမ်းတီးနေ၏ ။ ဤကဲ့သို့ ကွင်းခေါင်ခေါင်တွင် ယခုသူတို့ နေရာယူထားသော တောအုပ်စုစုကလေးသည် တစ်ခုတည်းသော တောအုပ်ငယ်သာ ဖြစ်၏။ ကုက္ကို၊ ပေါက်ပန်းနီနှင့် သရက်ပင်များ စုဝေးနေကြသည့် ဤတောအုပ်ငယ်သည် အပြောကျယ်စွာ သော ကန္တာရအတွင်းမှ သေးငယ်လှသည့် အိုအေစစ်နှင့် တူနေပေ၏ ။

စိန်ပြောင်းကြီးများသည် စစ်ချောင်းဘက်သို့ မျက်နှာမူနေကြ၏ ။ စိန်ပြောင်းကြီး တပ်သား တွေမှာ တိတ်ဆိတ်စွာ အလုပ်ရှုပ်နေကြသည်။ ခရီးအကွာအဝေးနှင့် လေတိုက်နှုန်းကို တွက်သူက တွက်သည်။ ချိန်ရွယ်ရမည့် ဒီဂရီကို တွက်သူက တွက်သည်။ ကျည်ဆန်ကြီးများ၏ တွန်းအား ယမ်းကို ချိန်သူက ချိန်ကြသည်။

အားလုံး အသင့်ဖြစ်နေကြလေပြီ။

'စ ပစ်တော့' ဟု အမိန့်ပေးမည့် သုည နာရီကိုသာ စောင့်ဆိုင်းရန် လိုတော့သည်။

ဝင်းကြည်သည် ရေစပ်စပ် ဝပ်နေသော ကန်သင်းရိုးနံဘေးတွင် မှဆိုး ဒူးထောက်ထိုင်ကာ စတင်းဂန်းကို ကန်သင်းရိုးပေါ်၌ ထောက်ရင်း ပတ်ဝန်းကျင်အနေအထားကို လေ့လာနေ၏။ နှင်းထုသည် စောစောကလောက် ပိတ်ဆိုင်းခြင်း မရှိ။ ထုထည် မကြီးတော့။

နှင်းမြူ ဝတ်ရုံမှာ တဖြည်းဖြည်း ပါးလျားလာသည်။ ထုထည်လည်း လျော့လာသည်။ မိုးသားတိမ်တောင်တို့ သွားလာလှုပ်ရှားမှု လျင်မြန်သော မြစ်ဝကျွန်းပေါ်၌ နေသည် အပွင့်မြန်၏ နေရောင်တလက်လက် ပွင့်သည်နှင့် တစ်ပြိုင်နက် နှင်းမြူသည်လည်း ပါးလျားလာတတ်သည်။ မကြာမီ ကွင်းပြင်ကြီးတစ်ခုလုံး၏ ရုပ်လုံး ပီပီသသ ပေါ်လာပေတော့မည်။

လေသည် နံနက်စောစောကလို သိပ်သည်း၍ မနေတော့ဘဲ ပေါ့ပါးလာ၏။ ဟိုမှ သည်မှ

www.burmeseclassic.com

www.burmeseclassic.com



တိုးဝှေ့ ဝင်ရောက်လာ၏။ ဖွေးဖွေးဖြူသော နှင်းမြူများအကြားတွင် ရွှေရောင်လိုလို ငွေရောင်လိုလို ဝင်းလက်သော ဇာခြည်မျှင်ကလေးတွေ ပေါ်လာ၏။ နှင်းကွဲစ ပြုလေပြီ။

နံနက် ၈ နာရီတိတိ။

လောကသည် ရုပ်လုံးပေါ်လာ၏။ နေအပွင့်တွင် နှင်းတို့သည်လည်း ကြွေလျော့ ကွယ်ပျောက်ခဲ့ရလေ၏။ မြင့်မားလှသော တာရိုးကြီးကို ရေးတေးတေး လှမ်းမြင်ရသည်။ စစ်ချောင်းသည် ဤတာရိုးကြီး၏ ဟိုမှာဘက်၌ အိပ်စက်နေဆဲများလား မသိ။ ပြာတော့ ငြိမ်သက်တိတ်ဆိတ်နေ၏။ ကွင်းတစ်ခုလုံးမှ စိမ်းမြသော မြက်ရိုင်းတွေ၊ နေရောင်တွင် တလက်လက်တောက်နေသော ရေကွက်တွေ၊ ကွင်းတိုင်းကို အနားသပ်ထားသည့် ကန်သင်းရိုးတွေနှင့် လှည်းလမ်းကြောင်းတွေကိုပါ တွေ့လာရသည်။

"ပစ်"

တပ်စုမှူး၏ အမိန့်သံသည် တိတ်ဆိတ် ငြိမ်သက်လွန်းသော လောကဝန်းကျင်ကို လှုပ်နှိုးလိုက်၏။ စိန်ပြောင်းကြီး ကျည်ဆန်များကား နားကွဲမတတ် အသံဆိုးကြီးတွေကို ထုတ်လွှတ်ကာ ကောင်းကင်သို့ စောင်းရွှေရွှေတက်လျက် စစ်ချောင်းဆီသို့ ဦးတည်သွားကြသည်။

၃ မိုင်ခန့် အကွာတွင် တည်ရှိသော စစ်ချောင်းမှ တဝုန်းဝုန်း ပေါက်ကွဲသံတွေ ပွဲတင်ထပ်လာသည်။ တပ်စုမှူးသည် ပေါက်ကွဲနေသည့် နေရာတွေကို မှန်ပြောင်းဖြင့် ကြည့်ကာ စိန်ပြောင်းချိန်ထားသည့် ဒီဂရီကို အနေအထား ကိုက်စေရန် အော်ဟစ် အမိန့်ပေးနေ၏။ တွန်းအားယမ်းအလျော့အတိုးကိုလည်း ကြပ်မတ်နေ၏။ စိန်ပြောင်း ကျည်ဆန်ကို ပြောင်းထဲသို့ ထည့်သူ၊ ကျည်ဆန်ကို ပြောင်းထဲသို့ ထည့်နိုင်ရေးအတွက် တွန်းအားယမ်းကို အလျော့အတိုးလုပ်ကာ အသင့်ပြင်ပေးသူ၊ ကျည်သေတ္တာထဲမှ ကျည်ဆန်ကို သယ်ယူပေးရသူ စသည့် စိန်ပြောင်းကြီးတပ်သားတိုင်းမှာ ကိုယ်စီကိုယ်င အလုပ်ရှုပ်နေကြသည်။ စိန်ပြောင်းကြီး ကျည်ဆန်သည် ကြေးပြား ပါးလွှာလွှာဖြင့် ပြုလုပ်ထားခြင်း ဖြစ်၏။ ပေါက်ကွဲဖို့ အသင့်ဖြစ်နေသော အနေအထားမျိုးဖြင့်သာ မြေပြင်သို့ကျလျှင် ခြောက်လက်မ အကွာမှ ကျစေကာမူ ယမ်းအား အကုန် ပေါက်ကွဲထွက်နိုင်လောက်အောင် နူးညံ့သော ကြေးပြားများဖြစ်ရာ အလွန်တရာ သတိကြီးစွာ ထား၍ ကိုင်တွယ်ရသည်။

"ပစ်" ဟူသော တပ်စုမှူး၏ အမိန့်သံသည် ဒုတိယအကြိမ် ပေါ်ထွက်လာပြန်၏။

တောက်ပစပြုနေပြီဖြစ်သော နေရောင်အောက်၌ အရာခပ်သိမ်းသည် ဆောက်တည်ရာမရနိုင်လောက်အောင် တုန်လှုပ်နေကြ၏။ သစ်ရွက်များသည် ပစ်ခတ်နေသော လေအဟုန်၏ ရိုက်ခတ်မှုကြောင့် တဖတ်ဖတ် ရိုက်ခတ်နေ၏။ မြေကြီးတစ်ခုလုံး တုန်နေ၏။ စစ်ချောင်းဆီမှ လှုပ်လှုပ်ရွရွ ဖြစ်လာသည်ကိုလည်း တွေ့ရသည်။ တော်လဲနေသော ပေါက်ကွဲသံကြီးများနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးလုံးကြီးတွေ တက်လာနေလေပြီ။ သေနတ်သံတွေကို တစ်ချက်တစ်ချက် ကျိုးတကျဲ ကြားရစပြုလေပြီ။

"သူတို့ ဆုတ်လမ်းက အရှေ့ဘက် တာရိုးအတိုင်းဆိုတော့ ဟုတ်ပြီ။ အရှေ့မြောက်ဘက်ကို ပြန်စောင်းပေး" ဟု ဆိုကာ တပ်စုမှူးက မှန်ပြောင်းကို လည်ပင်းတွင် ကြိုးတန်းလန်း ချိတ်ဆွဲရင်း လိုအပ်သော ဒီဂရီကို ညွှန်ကြားပြီးနောက် ထပ်၍ ပစ်ခတ်ရန် အမိန့်ပေးလိုက်ပြန်သည်။

၈ နာရီ ၄၅ မိနစ်။

စစ်ချောင်းသည် အဘယ်မျှ ကြီးသောရွာ ဖြစ်စေကာမူ စိန်ပြောင်းကြီးများဖြင့် လေးဆယ့်ငါးမိနစ်လုံးလုံး တရစပ် ပစ်ခတ်ခြင်း ခံရသောဒဏ်ကိုကား ခံနိုင်စွမ်းရှိမည် မထင်ပါ။

တပ်စုမှူးသည် ဆက်သွယ်ရေး တပ်သားထံမှ 'ဝပ်ကီတော့ကီ' ကို လှမ်းယူကာ ရှေ့တန်းနှင့် စကားပြောနေ၏။ ဝိုင်ယာလက် တိုင်ကလေးသည် နတ်ကသလို လူးလွန့် လှုပ်ရှားနေ၏။ ရှေ့တန်း အခြေအနေကို မေးသည်။ စိန်ပြောင်းကြီးများ၏ ပစ်ခတ်အား ထိရောက်မှု စံချိန်ကို မေးသည်။ နောက်ထပ် ပစ်ပေးရဦးမည်လား။ ပစ်ပေးရလျှင် မည်သည့်ဘက်သို့ ဦးတည် ဗဟိုချက်ပေးရမည်နည်း။

"စိန်ပြောင်း ရပ်မယ်။ ကဲ ခင်ဗျားတို့ တက်ခဲ့တော့တဲ့။ အရှေ့ဘက် တာရိုးအတိုင်း အလျားလိုက် ဝင်လာတဲ့။ တိုက်ပွဲတွေ ဖြစ်နေပြီ"

မြမော်နှင့် ဝင်းကြည်သည် ကျောင်းသားတပ်စုကို ဦးဆောင်ကာ စစ်ချောင်းဆီသို့ အပြေးချီတက်ခဲ့ကြ၏။ ၃ မိုင်ခန့်သာ ဝေးသောခရီးတာမှာ သာမန်လူတစ်ယောက် သာမန်လျှောက်လျှင် အေးအေးလူလူ ရောက်နိုင်သည့် အကွာအဝေးသာ ဖြစ်ပေရာ သူတို့တပ်စုက အပြေး ချီတက်ကြသည့်အတွက် မိနစ်အနည်းငယ်အတွင်း အရှေ့ဘက် တာရိုးနားသို့ ချဉ်းကပ်မိကြသည်။ သူတို့၏ တာဝန်ကား စစ်ချောင်း၏ အရှေ့ဘက်မှ ဝင်ရန်တည်း။

တာရိုးနား ကပ်မိသည်အထိ အပစ်အခတ် အခုအခံ မတွေ့ရ။ သို့သော် တောင်ဘက်နှင့် မြောက်ဘက်တွင် ပစ်သံ ခတ်သံတွေ ဆူညံလျက်ရှိသည်။ အဆက်မပြတ် ထွက်ပေါ်လာသော မောင်းပြန် လက်နက်တို့၏ အသံများနှင့် ရိုင်ဖယ်သံများ အကြားမှ တစ်ချက်တစ်ချက် လက်ပစ်ဗုံးပေါက်ကွဲသံတွေကိုလည်း ကြားရသည်။

သူတို့သည် တာရိုးကို ချဉ်းကပ်မိသည်နှင့် တစ်ပြိုင်နက် တာရိုးပေါ်သို့ တက်ကြ၏။ အရှေ့ဘက် တာရိုးသည် စစ်ချောင်းရွာထိပ်တွင် တောင်ဘက်သို့ ကွေ့ကောက်သွားလေရာ သူတို့ တာရိုးပေါ်တွင် ခြေကုပ်ယူမိသည်နှင့် တစ်ပြိုင်နက် စစ်မြေပြင် တစ်ခုလုံးကို ထင်ထင်ရှားရှား တွေ့ရလေတော့သည်။

စစ်ချောင်းကား အဝေးပစ် စိန်ပြောင်းကြီးများ၏ ဒဏ်ကို ခံနိုင်ရည်စွမ်း မရှိရှာတော့ပါ။ နေရာတကာတွင် မီးတောက်မီးလျှံများ၊ အပျက်အစီးများကို တွေ့ရသည်။ အရှေ့ဘက် အစွန်ဆုံး

www.burmeseclassic.com



တာရိုးထိပ်ရှိ ကေအင်ဒီအို ကင်းစခန်း၌ မရှုမလှ ကျဆုံးနေသော တပ်သားနှစ်ယောက်၏ အလောင်းမှအပ အခြား မည်သူမျှ မရှိ။ စိန်ပြောင်းကျည်သည် ဤကင်းစခန်းကို တိုက်ရိုက် ထိမှန်ပေါက် တူ၏။ ကျဆုံးနေသော တပ်သားနှစ်ယောက်မှာ မြင်မကောင်း ရှုမကောင်းလောက် အောင် အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်နေသည်။ ကင်းစခန်း တဲကလေးသည် ကြေမွနေ၏။ သူတို့ ကိုင်ဆောင်သည့် ဘရင်းဂန်းသည်ပင် အစအနများ အဖြစ်သို့ ရောက်ရှိနေ၏။

သို့သော်

စစ်မြေပြင်၏ တောင်ဘက်နှင့် အနောက်ဘက် မျက်နှာစာတို့တွင်ကား တိုက်ပွဲတွေ ပြင်း ထန်စွာ ဖြစ်ပွားနေသေးသည်။ သူတို့သည် စစ်ချောင်းရွာ၏ အရှေ့ဘက်ထိပ် တာရိုးပေါ်တွင် နေရာယူထားကြပြီးလေပြီ။

"သတိထား။ ဒီဘက်ကို ဆုတ်ရင် ငါတို့တာဝန်ပဲ"

မြမော်က လှမ်းအော်သည်။ ဘရင်းဂန်း နှစ်လက်နှင့် စတင်းဂန်းများ၊ ရိုင်ဖယ်များသည် ကေအင်ဒီအို ကင်းစခန်းရှိရာ တာရိုးပေါ်မှပင် စစ်ချောင်းဘက်သို့ ပြောင်းဝ လှည့်ထားလိုက်ကြပြီး ဖြစ်သည်။ တာရိုးပေါ်မှ စီးမြင်နေရသည်မို့ အကယ်၍ အရှေ့ဘက်သို့ သူတို့ဆုတ်လာလျှင်လည်း သက်သာမည် မဟုတ်။ တာရိုး၏ အနေအထားက သာလွန်နေသဖြင့် တာရိုးပေါ်မှနေ၍ စီးပစ် နိုင်သည်။ သို့မဟုတ် လက်ပစ်ဗုံး တစ်လုံးပြီး တစ်လုံး လှိမ့်ချနိုင်သည်။

မြမော်သည် 'ဝပ်ကီတော့ကီ' နှင့် ဆက်သွယ်ပြန်၏။ စစ်ဆင်ရေးမှူးနှင့် သူစကားပြော ဟန်တူသည်။ အတန်ကြာလျှင် စကားပြောစက်ကို ပိတ်ကာ ဝင်းကြည်နားသို့ ရောက်လာ၏။

"သူတို့က အနောက်ဘက်စူးစူး ဗျိုင်းဆည်ဘက်ကို ဖောက်ထွက်ဖို့ ကြိုးစားနေတယ်။ သူတို့ရဲ့ ပင်မတပ်ဟာ အဲဒီဘက်မှာ ကြွံကြွံခံနေတယ်။ ဒီရွာရဲ့ အနောက်ဘက်ဆိုတော့ တို့နဲ့ မျက်နှာချင်းဆိုင်ပေါ့။ တို့ဘက်ကိုဆုတ်မှာ မဟုတ်တာသေချာတယ်။ ဖရိုဖရဲ တစ်စုတလေ ပြေးလာတာ ရှိရင်ရှိမယ်။ အဲဒါကိုသာ စောင့်ကြည့်ပြီး ချပေတော့တဲ့။ ကဲ ဒါပဲ"

မြမော်သည် ဘယ်တောင်ပံသို့ ပြန်သွား၏။

ဝင်းကြည်သည် ညာတောင်ပံ၏ အလယ်ဗဟိုတွင် အလျားမှောက်ကာ စီးမြင်နေရသော ရွာစွန်ဆီသို့ လှမ်း၍ အခြေအနေကို ကြည့်နေ၏။

နေသည် မြင့်သထက် မြင့်လာ၏။ ဆောင်းဦးဝင်စ ကောင်းကင်ပြင်တွင် မိုးသား ပါးလှ သည်မို့ နေရောင်ကား ပူပြင်းစပြုနေ၏။ တာရိုး၏ မြေကြီးမှာလည်း နွေးရာမှ ပူစပြုနေ၏။ ချွေးပေါက်များသည် ဝင်းကြည်၏ နဖူးပြင်၌ တွဲရရွဲခိုနေကြသည်။

ဝင်းကြည်၏ လက်ဝဲဘက်တွင် ကွေ့သွားသော တာရိုးအတိုင်း နေရာယူထားသည့် မြမော်၏ ဘယ်တောင်ပံ ရှိလေသည်။ လက်ယာဘက်၌ကား စစ်ချောင်းရွာတွင်းမှ အင်ကျည်မျှင် ၂ မျှင်လို တန်း၍ တစ်လီ၊ ကွေ့ကာတစ်ဖုံ ~က်နေသော လှည်းလမ်းကြောင်း ရှိသည်။ ဤလှည်း

www.burmeseclassic.com



လမ်းကြောင်း၏ နံဘေးတွင် သချိုင်း ရှိသည်။ ထို့ထက်ပို၍ လှမ်းမျှော်ကြည့်လျှင် မြစ်ရေပြင် စိမ်းမြမြကို တွေ့ရသည်။

"လာပြီ။ သူတို့လာနေပြီ"

သူညာတောင်ပံ၏ ဘရင်းသမား ဖြစ်သော လှဦး၏ လွှတ်ခနဲ အော်ပြောသံကို ကြားလိုက်ရသည့် ဝင်းကြည်သည် လှဦး ညွှန်ပြရာဆီသို့ လှမ်းကြည့်ရင်း

မှန်သည်။ လက်နက်ကိုင် လေးငါးဆယ်ယောက်ခန့် ရွာ၏ အရှေ့ဘက်တူရှုသို့ လှည်းလမ်းကြောင်းအတိုင်း အပြေးအလွှား လာနေကြသည်။ ပင်မ တပ်များနှင့် ကွဲကွာလာလေသလော။ ပင်မတပ်၏ ဆုတ်ခွာရေးလမ်းကြောင်း ပြောင်းရန်အတွက် ရှေ့ပြေးကင်းအဖြစ် လာလေသလော။

စဉ်းစားဝေခွဲရန် အချိန်မရ။

တစ်ခါတစ်ရံ ကေအင်ဒီအို၏ နည်းပရိယာယ်မှာ ဝေခွဲရန် ခက်လှ၏။ သူတို့သည် အသေခံ၍ အလုံးအရင်းနှင့် လိမ့်တက်ချင် တက်၏။ အလောင်းတွေကို အကာအကွယ်ယူကာ အလောင်းပေါ်မှ ဖြတ်ကျော်ကာ ရူးရူးမိုက်မိုက်လည်း တက်တတ်၏။ ပင်မတပ်ကို ရုတ်ခြည်းဖျက်ပစ်ကာ လူစုခွဲလျက် အစီအစဉ် မရှိ စစ်မျက်နှာ များစွာကို တပြိုင်နက်တည်းဖွင့်ကာ တိုက်ချင်လည်း တိုက်တတ်သေး၏။ ရှေ့တန်းစစ်မျက်နှာ၏ အောင်ပွဲသည် ခိုင်လုံသော နောက်တန်းဒေသ၌ မူတည်သည်။ သို့သော် ကေအင်ဒီအိုတို့သည် ခိုင်လုံသော နောက်တန်းဒေသကို တည်ဆောက်လေ့ မရှိ။ သို့မို့ကြောင့် ရူးရူးမိုက်မိုက် တဖွတ်ထိုးတိုက်ခိုက်လေ့ ရှိသလို အကွပ်အကဲမရှိ ပရမ်းပတာလည်း ဆုတ်ခွာလေ့ ရှိသေးသည်။

ယခု ဤ ကေ အင် ဒီ အို တပ်သား လေးငါးဆယ်ယောက်၏ ရည်ရွယ်ချက်ကား အဘယ်နည်း။

"အသာနေ ဝပ်နေ။ ပစ်ဆိုမှ ပစ်"

ဝင်းကြည်က အမိန့်ပေးလိုက်သည်။

ရွာထဲမှ ထွက်လာသော ကေအင်ဒီအို တပ်သားက ၈ ယောက်၊ သူတို့၏ ရှေ့မှ ဗိုလ်နှင့် တူသူ ၁ ယောက်၊ စုစုပေါင်း ၉ ယောက်။

သူတို့သည် လှည်းလမ်းကြောင်းအတိုင်း အပြေးအလွှား လာနေကြ၏။ တာရိုးနားသို့ တဖြည်းဖြည်း ကပ်လာကြလေပြီ။

"နေဦး။ မပစ်နဲ့ဦးနော်"

ဝင်းကြည်က တီးတိုးသတိပေးပြန်ကာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ သူတို့သည် ပရမ်းပတာဆုတ်ခွာလာဟန်တူ၏။ တာရိုးတစ်ဖက်ရှိ သချိုင်းကို ဖြတ်ကာ မြစ်ဘက်စိမ်းသို့ လှမ်းကူးလေမည်ဟု စိတ်ကူးဟန် တူ၏။ မိုက်လှချေ၏ တကားဟု ဝင်းကြည် တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၊ အကာအကွယ်ကင်းမဲ့သော လှည်းလမ်းကြောင်းအတိုင်း တာရိုးနားသို့ ချဉ်းကပ်လာကြ၏။

"ဟာ"

ဝင်းကြည်၏နှုတ်ဖျားမှ အာမေဋိတ်သံ ပေါ်ထွက်လာသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် သချိုင်းဘက်သို့ မထွက်။ မြစ်ကိုလည်း မဖြတ်။ တာရိုးပေါ်သို့သာ အပြေးတက် ဖောက်ထွက်ရန် ကြိုးပမ်းသည်ကို တွေ့ရသောကြောင့်တည်း။

"ညာတောင်ပံ ပစ်"

ဝင်းကြည်က အမိန့်ပေးလိုက်သည်။

"ဘယ်တောင်ပံ ပစ်"

မြမော်၏ အမိန့်သံလည်း ပေါ်ထွက်လာလေပြီ။ မောင်းပြန်သေနတ်သံများသည် ဟိန်းထွက်သွား၏။ မြင့်မားလှသော တာရိုးပေါ်သို့ ပြေးတက်ကာ ဖောက်ထွက်ရန် ကြိုးပမ်းခိုက်မှာပင် သူတို့သည် ဝင်းကြည်တို့ဘက်က တွေ့၍ ပစ်လိုက်သော မောင်းပြန်လက်နက်တို့၏ ရှေ့မှောက်၌ စားရှည်ဖြင့် ခါးလယ်မှ ပိုင်းဖြတ်ခံရ၍ တိခနဲ ရိခနဲ ပြတ်ထွက်ကုန်သော ကျူရိုးများပမာ အတုံးအရုံး ကျဆုံးကြလေ၏။

ရှေ့ဆုံးမှ ဘရင်းဂန်း ကိုင်ထားသူ ဗိုလ်သည် လှည်းလမ်းကြောင်းအတွင်းသို့ လှဲချလိုက်ရာမှ ဘရင်းဂန်းကို ဆောင့်ကိုင်ကာ ပြန်ပစ်ရင်း တာရိုးကို တက်ပြန်၏။ တာရိုးပေါ်မှ ပစ်လွှတ်လိုက်သော ကျည်ဆန်သည် သူ့ခေါင်းပေါ်မှ ဂျမ်းဂဲလ်ဟက် ဦးထုပ်ကို လွင့်စဉ်သွားစေ၏။ လူကိုကား မထိ။ စုတ်ဖွာဖွာ ဆံစများကို သူသည် သပ်တင်ကာ မသေဘဲကျန်နေသူ တပ်သားနှစ်ယောက်နှင့် အတူ ပစ်တက် တက်လာ၏။

"ဟာ၊ စောကျော်သန်း"

ဝင်းကြည်၏ နှုတ်ဖျားမှ ဤစကားလုံးသည် ပြောင်းဝမှ ထွက်သော ကျည်ဆန်လို ခုန်၍ ထွက်သွား၏။

ဝင်းကြည်သည် 'စောကျော်သန်း' ဟု သံကုန်ဟစ်အော်ကာ အလျားမှောက်နေရာမှ စတင်းဂန်းကို မြေတွင်ထောက်၍ ခုန်ထလိုက်၏။ ကေအင်ဒီအို ဗိုလ်တလေးက ဘရင်းကို ထောင်ကာ ဆွဲလိုက်သည်။ အပါးရှိ မောင်စိုးက သရဲစီးသလို ဖြစ်နေသည့် ဝင်းကြည်၏ လက်ကို ဆောင့်ဆွဲချလိုက်လေရာ ဝင်းကြည်သည် မြေပေါ်သို့ စောင်းလျက်သား လဲကျသွားလေ၏။

"ဝင်းကြည်၊ ဘာလို့ ထတာလဲ။ သေချင်လို့လား"

ဘယ်တောင်ပံမှ မြမော်၏ လှမ်းအော်သံ။

ဝင်းကြည်က စောကျော်သန်းဆီသို့ လှမ်းကြည့်ပြီးနောက် သံကုန် ဟစ်အော်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"စောကျော်သန်း၊ ဟော့ကောင်။ ငါကွ၊ ငါပါ။ ဝင်းကြည်ပါ။ မင်း လက်နက်ချလိုက်။ မင်း ဘရင်းဂန်းကို မြေကြီးပေါ် ချလိုက်စမ်းပါ။ ငါရှိတယ်၊ ငါရှိတယ်"

ဝင်းကြည်၏ အော်သံကြောင့် သေနတ်သံများ ခေတ္တမျှ တိတ်သွားသည်။ စောကျော်သန်းသည် ဘရင်းဂန်းကို ပိုက်ကိုင်ရင်း ဝင်းကြည်ကို လှမ်းကြည့်၏။ နေရောင်၌ သူ့မျက်နှာသည် နီရဲနေ၏။ တင်းမာ ခက်ထန်နေ၏။ အင်္ကျီဝတ်မထားသော သူ့ကိုယ်လုံးမှာ ချွေးများဖြင့် ပြောင်လက်နေ၏။

"ဝင်းကြည်၊ ပစ်လေကွာ။ မင်းက နေရာကောင်းကွ။ ပစ်ချလိုက်ပါလား၊ ဟား ဟား။ ငါ့ကိုများ မင်းက လက်နက်ချခိုင်းတယ်ဟင်။ မချဘူးကွ၊ မချဘူး။ ဟောဒီလို ပစ်ရတယ်။ ဟောဒီလို ပစ်ရတယ်"

စောကျော်သန်း၏ ဘရင်းဂန်း ပြောင်းဝမှ မီးပွင့်တွေ ဆက်တိုက် ထွက်လာသည်။ တာရိုးပေါ်သို့ သူတက်လာသည်။

"စောကျော်သန်း၊ သူငယ်ချင်း။ မင်းကို ငါ တောင်းပန်နေတာ။ မင်းသေနတ်ကို ချလိုက်စမ်းပါ။ မင်း ဘာမှ မဖြစ်စေရဘူး"

"ငါတို့လူတွေ တစ်ပြုံလုံး သေကုန်ပြီ။ ငါ ဘာမှမဖြစ်တော့ကော ဘာထူးသလဲ၊ မချနိုင်ဘူး။ ဟော့ကောင်တွေ၊ တက်။ ပစ်"

စောကျော်သန်းသည် အစိမ်းသရဲများ စီးနေသလို ရဲရဲနီနေသော မျက်နှာကို အစ်ထွက်လုမခန်း သံကုန်အော်ကာ တာရိုးပေါ်သို့ အလုအယက် ပြေးတက်လာ၏။ သူ မွှေ့ယမ်းနေသည့် ဘရင်းဂန်း ကျည်ဆန်များသည် တာရိုးစောင်းတစ်လျှောက် မြေကြီးတွေကို ဖွာရရာ ကြဲအောင် မွှေနှောက်နေ၏။

ဝင်းကြည်သည် မျက်စိစုံပိတ်လိုက်၏။ သူ့လက်တွင်းမှ စတင်းဂန်း ထရေဂါပေါ်တွင် တင်ထားသည့် လက်ညှိုးကို ကွေးချလိုက်၏။ "ပစ်" ဟုလည်း သံကုန်အော်လိုက်၏။ သူ ကျည်ဆန်ကပ်ကို တစ်ကပ်လုံး ကုန်သည်အထိ ဆွဲချလိုက်၏။

မောင်းပြန် သေနတ်သံများသည် မိုးပြိုလုမခန်း ပေါ်ထွက်လာကြ၏။

စက္ကန့်ပိုင်းမျှသာ ကြာပါမည်။

သေနတ်သံများ တိတ်သွားသည်။ ယမ်းငွေ့တွေ၊ မြေမှုန်တွေ ရှဲသွားသည်။

ဝင်းကြည်သည် ရှေ့မြင်ကွင်းကို အားယူ၍ ကြည့်၏။ စောကျော်သန်းကား ပက်လက်လန်ကာ တာရိုး အောက်ခြေတွင် သေနေလေပြီ။ သူ့တပ်သား နှစ်ယောက်လည်း မရှုလှ ကျဆုံးနေလေပြီ။

"တပ်စု တက်"

www.burmeseclassic.com

www.burmeseclassic.com



မြမော်၏ အမိန့်သံနှင့်အတူ တပ်စုတစ်စုလုံး တာရိုးအောက်သို့ အပြေးဆင်းကာ ကျဆုံးသည့် ကေအင်ဒီအိုတို့ထံမှ လက်နက်တွေကို လိုက်သိမ်းနေကြသည်။

ဝင်းကြည်သည် စတင်းဂန်းကို ကိုင်ကာ တာရိုးအောက်သို့ ဆင်းလာ၏။ သူ့မျက်လုံးတွင် မျက်ရည်တွေ ပိတ်ဖုံးနေ၏။ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်နေ၏။

စတင်းဂန်းကို မြေ၌ထောက်ကာ စောကျော်သန်း၏ အလောင်းဘေးတွင် ဒူးနှစ်ဖက်စုံထောက်၍ ထိုင်ချလိုက်သည်။ စောကျော်သန်း၏ ဦးခေါင်းသည် ဗွက်စပ်နားတွင် ရောက်နေ၏။ ဆံပင်တွင် ရွှံ့တွေ လူးနေ၏။ ရင်ဘတ်တစ်ခုလုံးကား ကျည်ဆန်ရာတွေ ဆန်ခါပေါက်လို မွှမွကြေနေ၏။

"စောကျော်သန်း၊ သူငယ်ချင်း။ မင်း မင်း"

ဝင်းကြည်၏ နှုတ်ဖျားမှ ထွက်လာသော စကားလုံးများသည် မပီသ၊ အစီအစဉ် မရှိ။

ဝင်းကြည်သည် ရှိုက်၍ ရှိုက်၍ ငို၏။ ပါးပြင်၌ ကျဆင်းနေသော မျက်ရည်တွေကို မသုတ်။ သူ့ဦးခေါင်းသည် ကြိုးပြတ်သော အရုပ်ခေါင်းပမာ ငိုက်စိုက် ကျဆင်းနေ၏။

"တို့တပ်တွေ ရွာထဲရောက်ကုန်ပြီ။ လာ ဝင်းကြည်။ သတိထားမှပေါ့ကွာ။ ဘယ်တတ်နိုင်မလဲ။ လာ၊ သွားစို့"

မြမော်က ဆွဲထူသည်။

စောကျော်သန်းသည် မနိုးသော အိပ်ပျော်ခြင်းဖြင့် ထာဝစဉ် အိပ်စက်နေလေပြီ။ သူ့မျက်လုံးအစုံသည် လောကကြီးကို အခဲမကျေသူ သဖွယ် ပြူးကျယ်ကျယ်ကြီး ပွင့်နေ၏။ ဝင်းကြည်က ဘေးနှစ်ဖက်တွင် ကားနေသော စောကျော်သန်း၏ လက်တွေကို သွေးပွက်ပွက်လူးနေသည့် ရင်ဘတ်ပေါ်သို့ ကွေးကာ တင်ပေးလိုက်သည်။ မျက်လုံးနှစ်ဖက်ကိုလည်း အသာပွတ်သပ်၍ ပိတ်ပေးလိုက်သည်။

ထို့နောက် စတင်းဂန်းကို ဆွဲကာ စစ်ချောင်း ရွာတွင်းသို့ ဝင်ရန်အတွက် သူ့သူငယ်ချင်း၏ အလောင်းကို ကျောခိုင်းလိုက်ရပြန်လေသည်။

× × ×

စစ်ချောင်း တစ်ရွာလုံးသည် မီးတောက်မီးလျှံများ၊ ယမ်းခိုး ယမ်းငွေ့များ အကြားတွင် မွန်းနစ်နေ၏။

ရွာ၏ အနောက်ဘက်အစွန်မှ အမ်နိုင်း အေဝမ်း ရိုင်ဖယ်သံတွေကို ကြားနေရသေးသည်။ အခိုင်အမာ လုပ်ထားသော ခုတ်တိုက် အဆောက်အဦအချို့ကို အမ်နိုင်း အေဝမ်းဖြင့် ပစ်ခွင်းနေကြဟန်တူသည်။

တပ်မတော်သားတွေ စစ်ကြောင်းအသီးသီးမှ ဝင်လာကြလေပြီ။ တစ်ရွာလုံး နေရာအနှံ့

www.burmeseclassic.com



အပြားချ၍ ကျဆုံးနေကြသော အလောင်းတွေမှာ ပြန့်ကျဲနေသည်။ ရွာလမ်းများ၊ အိမ်ကြိုအိမ်ကြားများ၊ တာရိုးတစ်လျှောက်နှင့် မြစ်ကမ်းစပ်များ။

ရွာသူရွာသားဟူ၍ သက်ကြီးရွယ်အို ကရင်အချို့သာ ကျန်တော့သည်။ ဤရွာတွင် ကေအင်ဒီအို ဌာနချုပ် လုပ်ထားသည်မှာ ကြာချေပြီ။ ယနေ့နံနက် နှင်းမကွဲမီ တစ်ရွာလုံးရှိ ကလေးများ၊ မိန်းမများ ဟူသမျှကို မြစ်တစ်ဖက်ကမ်းသို့ ပို့ထားကြပြီး ဖြစ်သည်။ ခရီးမသွားနိုင်လောက်အောင် အိုမင်းသူ အချို့နှင့် မကျန်းမာသူ အချို့ကိုသာ ထားခဲ့သည်။ ကေအင်ဒီအို တပ်တွေလည်း အလုံးအရင်းနှင့် ဆုတ်ခွာအံ့ဆဲဆဲ ယခုကဲ့သို့ တိုက်ခိုက်ခြင်း ခံရကြောင်းဖြင့် အဘိုးအို၊ အမယ်အိုတွေက ပြန်ပြောကြသည်။

ဌာနချုပ်လုပ်ထားသော အိမ်ကြီးသို့ သူတို့ ရောက်သွားကြသည်။

အုတ်တိုက် အဆောက်အဦဖြစ်သည့် ဤအိမ်တွင် ငွေဒင်္ဂါးတွေ၊ ရွှေတိုရွှေစတွေ ဗလပွကြဲနေသည်။ ကျည်ဆန်မျိုးစုံနှင့် ဆေးပစ္စည်းတွေလည်း ပါသည်။ မြေပုံများ၊ စာရွက်စာတမ်းများ၊ အလံနှင့် တံဆိပ်များလည်း ကျန်ရစ်ခဲ့သည်။ ဤအိမ်ကြီးသည် ယခင်က ဆန်စက်ပိုင်ရှင် သူဌေးတစ်ဦး၏ အိမ်ဖြစ်လျက် ကေအင်ဒီအိုတို့က စစ်ချောင်းကို သိမ်းပိုက်ပြီးချိန်မှစ၍ ယင်းတို့၏ နိုင်ငံရေး၊ စစ်ရေးဌာနချုပ်အဖြစ် အသုံးပြုခဲ့သည်ဟု ဆိုသည်။

"ဟိုဘက်က ဆေးတပ်ပဲ။ ဆေးတပ်က လူတွေနေတာ"

လမ်းပြ ကရင်အဘိုးအိုက မျက်နှာချင်းဆိုင် အိမ်တစ်လုံးဆီသို့ ညွှန်ပြသည်။

ဝင်းကြည်နှင့် မြမော်သည် အဆိုပါ မျက်နှာချင်းဆိုင် အိမ်ဆီသို့ ကူးလာခဲ့၏။ တံခါးအားလုံး ပွင့်နေသည်။ ဆေးသေတ္တာငယ်များ၊ ဆေးဝါးပစ္စည်းများ၊ လူ့အသုံးအဆောင်များ ဖွာရရာ ကြဲနေသည်။ မိန်းကလေး အသုံးအဆောင်တွေလည်း ပါသည်။

ဝင်းကြည်သည် ဖရိုဖရဲ ပြန့်ကျဲနေသော ပစ္စည်းများအကြားတွင် လျှောက်နေခိုက်၊ စားပွဲတစ်လုံး၏ ထောင့်စွန်အနားမှ ကြမ်းပြင်ပေါ်တွင် ကျနေသော သမ္မာကျမ်းစာတစ်အုပ်ကို တွေ့လိုက်ရသည့်အတွက် ကောက်ယူကာ အဖုံးကို ဖွင့်လိုက်ရာ သူ့မျက်စိအစုံသည် ပြူးကျယ်လာ၏။ နှလုံးသွေးသည် ဒိတ်ခနဲ တိုးခုန်သွား၏။ 'နော်အေမူ'။

အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော ဤစာတန်းကလေးကို စူးစိုက်၍ ကြည့်သည်။

"ပထီး၊ နော်အေမူကို သိသလား"

လမ်းပြ ကရင်အဘိုးကို ဝင်းကြည်က မေးလိုက်၏။

"သိတာပေါ့ဝ့ေ။ ဆရာမလေးပါကွယ်၊ အားကြီး သဘောကောင်းတယ်။ တို့ကို ဆေးကုပေးတယ်။ ကလေးတွေကိုလည်း စာသင်ပေးတယ်။ သူ့အစ်ကိုက ဗိုလ်လေ။ ကျော်သန်းတဲ့"

အဘိုးကြီး၏ အသံမှာ တုန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် စာအုပ်အဖုံးနှစ်ဖက်ကို လက်ဖဝါးဖြင့် ပွတ်သပ်ရင်း စာရွက်တွေကို လှန်၏။ ဖောင်တိန်ဖြင့် လိုင်းတားထားသော စာပိုဒ်ကလေးကို သူတွေ့လေပြီ။

'သင်၏ အပြစ်များနှင့် ကြေကွဲဖွယ်ရာ အဖြစ်များတို့ကို အတိတ်တည်းဟူသော သုသာန်တွင် မြှုပ်နှံလိုက်ပါလော့။ ထိုသချိုင်းပေါ်တွင် သင်၏ နောင်တမျိုးစေ့ကို စိုက်ပျိုးပါ။ သင် တောင်းလျှောက်လျှင် ခွင့်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်း ဆုကျေးဇူးသည် သင့်အဖို့ ဖြစ်ပေလိမ့်မည်။ ယုံကြည်ခြင်း တိုးပွား များပြားလာ၍ မျှော်လင့်ခြင်းသည်လည်း အတိတ်၏ ကြေကွဲဖွယ် အဆွေးတို့မှ ပေါ်ပေါက်လာပေလိမ့်မည်။

'ယနေ့ ပစ္စုပ္ပန်တွင် အတိတ်သည်ကား မရှိတော့ပြီ။ သေလွန်ခဲ့ပြီ ဖြစ်သော မအောင်မြင်မှုများကို ပြန်လည် မတူးဖော်ပါလေနှင့်။ စိမ်းလန်းသော မြက်ပင်များသည် အတိတ် သုသာန်ကို ဖုံးလွှမ်းပါလေစေ။ သင့်အဖို့ အသစ်သော အသက်တာသည် ဖူးနံ့ ပွင့်လန်းပါလေစေ။

'သေလွန်ခဲ့ပြီ ဖြစ်သော ဝမ်းနည်းပူဆွေးဖွယ်ရာတို့၏ အရိုးများကို သင့်နှလုံးသားတွင် ပြန်လည် အသက်မရှင်ပါစေနှင့်။'

စာဖြူစု၏ ညကို ပြန်သတိရသည်။

လရောင် ရွှန်းမြသော၊ ကြယ်ပြောက်ကလေးတွေ ဝင်းလက်နေသော ဤညတစ်ညတွင် အေမူသည် ဤစာပိုဒ်ကို ဖတ်ခဲ့လေ၏။ အေမူ၏ လေးသော၊ ဝဲသော အသံကလေးကို ကြားယောင်မိသည်။

"The Grave Yard of the Past ဆိုတဲ့ အပိုဒ်ဗျ။ ဗမာလိုဆိုတော့ အတိတ်၏ သုသာန်လို့ ဆိုမလား၊ ကျွန်တော်လည်း သိပ်မသိဘူး။ အမေကတောင် နင်ဟာ ဘုရားသခင် မရှိတဲ့ ကောင်လို့ တစ်ခါတစ်ခါ ပြောတယ်"

စောကျော်သန်း ပြောခဲ့သည့် စကားသံတွေကိုလည်း ပြန်လည် ကြားယောင်လာသည်။ သူ့ရင်တွင်း၌ အမျိုးအမည် မခွဲခြားနိုင်သော ဝေဒနာများ တလိပ်လိပ် တက်လာသည်။ ဆို့နင့်နေသည်။ မျက်လုံးအိမ်ကား ရီဝေ ဆိုင်းတွဲ့နေလေပြီ။

"ဆရာ သိသလား"

အဘိုးအိုက အပျက်အစီးတွေကို တုန်တုန်ယင်ယင် ရှင်းရင်း ဝင်းကြည်ကို မရဲတရဲ လှမ်းမေးသည်။

"အင်း သိတယ် ဖထီး၊ သိတယ်။ သူကော၊ သူဘယ်မှာလဲ။ နော်အေမူလေ"

"ပန်းတနော်ဘက်ကို ဆုတ်တဲ့အထဲ ပါသွားပြီလေ"

ဝင်းကြည်သည် သမ္မာကျမ်းစာအုပ်ကို ပိတ်ကာ တယုတယ ဆွဲပိုက်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီစာအုပ်ကလေးတော့ ယူပါရစေ ဖထီးနော်။ ကျွန်တော့်အတွက် အမှတ်တရ ပါ"

သူက ကျိုးနွံစွာ တောင်းပန် ပြောဆိုသည်ကို ကရင်အဘိုးအိုသည် အံ့သြဟန်ဖြင့် ကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေ၏။ သမ္မာကျမ်းစာကို ပွေ့ပိုက်ကာ မျက်နှာတွင် ဝမ်းနည်းခြင်း အရိပ်အယောင်တွေ ယှက်သန်းနေသည့် ဝင်းကြည်ကိုလည်း နားမလည်သော အကြည့်ဖြင့် ကြည့်နေသည်။

ဝင်းကြည်သည် သမ္မာကျမ်းစာကို ချိုင်းကြားတွင် ညှပ်ကာ လက်တစ်ဖက်က စတင်းဂန်းဆွဲလျက် မြစ်ကမ်းဘက်သို့ ထွက်လာခဲ့၏။ မြစ်ပြင်သည် တသွင်သွင် တငြိမ့်ငြိမ့် စီးဆင်းလျက်ရှိသည်။ မီးသွေးချောင်းဘက်ဆီမှ အောက်ထုံးကို ဖြတ်ကာ ရွှေလောင်းဘက်သို့ စီးဆင်းသွားသော ဧရာဝတီမြစ်ရေပြင်၏ ဟိုမှာဘက်ကမ်းသည် ပန်းတနော်နယ်ပင် ဖြစ်၏။ အေမူကား ဤပန်းတနော်ဘက်သို့ ဆုတ်ခွာသွားရာတွင် ပါသွားသည်ဆို၏။ ပန်းတနော်နယ်ကား အင်းအိုင်ချောင်းမြောင်းတို့ဖြင့် ထူပြောသော ကွင်းပြန့် မြေပြန့် နယ်ပင်ဖြစ်၏။ ရေဖွေးဖွေးလျှပ်သော ကျူတောကိုင်းတောတို့ဖြင့် ပြွမ်းတီးသော ရေနှင့် မြေသာ ဖြစ်၏။ အဘယ်အရပ်တွင် အေမူ ရောက်နေပြီနည်း။

ဒေါင့်ကြီးဘက်တွင်လော၊ စရပ်လှဆီ၌လော၊ သို့မဟုတ် ကျုံတိုင်းကြီး၊ စရပ်လှကြီး၊ မရမ်းနှင့် ပသွယ် စသော ပန်းတနော်နယ်၏ အနောက်ဖျား၊ မြောက်ဖျားများ၌လော။

အေမူတစ်ယောက် ခက်ခဲကြမ်းတမ်းသော ဤစစ်မီးတောက်မီးလျှံ ခရီးတွင် အဘယ်သို့ ရှိရှာမည်နည်း။ သူ့အစ်ကို၏ ဆိုးရွားလှသော ကံကြမ္မာကို သူသိလျှင်။

ဝင်းကြည်တို့ ကင်းစခန်းသည် မြစ်ကမ်းစပ်ရှိ ခြေတံရှည် အိမ်ကလေး ဖြစ်၏။ စစ်ချောင်းတစ်ရှာလုံးကို လေးဖက်လေးတန် ကင်းချလိုက်ပြီးဖြစ်ရာ ဝင်းကြည်တို့၏ တပ်စုသည် ကမ်းစပ်ကင်းတွင် တာဝန်ကျပြန်၏။

ခြေတံရှည် အိမ်ကလေးပေါ်မှ မြစ်တစ်ဖက်ကမ်းသို့ သူလှမ်းမျှော် ကြည့်မိသည်။ ဝင်လုနေရောင်အောက်တွင် မြစ်ရေပြင်သည် ရွှေရောင်တလက်လက် ထနေ၏။ တစ်ဖက်ကမ်းကား မှိုင်းပြလှ၏။ အပြာနုရောင် ကျူပွင့်များသည် ကြော့ရှင်းသောအလှဖြင့် လေအလာတွင် ယိမ်းနွဲ့နေကြ၏။ မျက်စိတဆုံး ရေပြင်။ မျက်စိတဆုံး ကျူတော။ ဟိုမှာဘက်ကား အပြောကျယ်စွာသော ပန်းတနော်၏ ရေနှင့် မြေ။

မိခင် သေခဲ့လေပြီ။ ဒဏ်ရာ အကြီးအကျယ်ရသည်။ ယခု အစ်ကိုဖြစ်သူ မရှိမလေ ရလေပြီ။ အေမူသည် ကြမ်းကြုတ် ခက်ခဲလှသော ဘဝ၏ ထုထောင်းချက်များ အကြား၌ ကြံ့ခိုင်ခိုင် ရပ်တည်နိုင်ပါဦးမည်လော။ အတိုင်းမသိ ကျယ်ဝန်း ရှုပ်ထွေးသော ဤကမ္ဘာမြေပြင်အလယ်၌ သူ့အတွက် အားကိုးစရာ၊ မှီခိုစရာ အဘယ်သူ ရှိပါတော့သနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်၏ စိတ်စေတသိက် တစ်ခုလုံးသည် အေမူ တည်းဟူသော ရိုးသားလှပသည့် ကရင်အမျိုးသမီးကလေး၏ အတွေးများကသာ လွှမ်းမိုး ချုပ်ကိုင်ထားခြင်း ခံနေရ၏။ နှလုံးသားမှ ဖူးပွင့်လာသော အပြုံးပန်းကို ထာဝစဉ် ဆင်မြန်းတတ်သည့် အေမူ။ ကလေးငယ်ပမာ အပြစ်ကင်းစင်သော အေမူ။ တောင်စဉ်မြင့်တို့ ပြုံလဲရာ၌ ပြတ်ကြေ လွင့်စဉ် ပျက်သုဉ်းရသော မြက်ပင်ကလေးနှင့် ပမာတူသည့် အေမူ။ နုထွေးသော ခန္ဓာကိုယ်တွင် ရက်စက်သည့် လူသတ်ကျည်ဆန်တို့ စူးဝင် နစ်မြုပ်ခဲ့ရပြီး ယခုတစ်ဖန် ဓားသွား၊ တံစဉ်သွားလို ထက်သော ကိုင်းတောကြီးများ အကြား မနားမနေ လှည့်လည် ပြေးလွှားနေရပြန်သည့် အေမူ။

နေလည်း ဝင်လေပြီ။

နေဝင်သောအခါ ညသည် မှောင်မြဲ။ အသူတရာ နက်သော ချောက်ကမ်းပါးကြီးထဲမှာလို တိတ်ဆိတ်မြဲတည်း။

## အခန်း ၃၇

'လင်းပင်'သည် ရှည်လျား လေးတွဲ့သော ဥသြသံကို ပေးလျက် မအူပင်မြို့ကလေးကို နှုတ်ဆက်လေပြီ။

နှင်းမြူနှင့် နေရောင်ခြည် နုထွေးထွေးတို့ ရောယှက်နေသော အကြားကပင် ဝင်းကြည်သည် လင်းပင် သင်္ဘောပေါ်မှနေ၍ မအူပင်ကို လှမ်းကြည့်မိပါ၏။

ရှခင်းကိုက မကွဲပြားလေသလား၊ သို့တည်းမဟုတ် သူ့မျက်လုံးအစုံကပင် ရီဝေနေလေသလား မသိ။ မအူပင်မြို့သည် မှုန်ဝါး ရီဝေလျက်ရှိ၏။ ရုံးနှင့် အစိုးရအဆောက်အဦများ တည်ရှိရာ မြောက်ဘက်ပိုင်း၊ ဈေးဆိုင်ကနားတွေ ပြွတ်သိပ်ရာ မြို့လယ်ပိုင်း၊ သစ်ပင်အုံ့အုံ့တို့ဖြင့် ဆိုဆိုင်းအုံ့မှိုင်းနေတတ်သော တောင်ဘက်ပိုင်း၊ မြို့ကို နဖူးစည်း တပ်ပေးထားသလို တိုက်တာ အိမ်ခြေတွေ စီရရီ တည်နေရာ ကမ်းနားတန်း စသည့် မြင်ကွင်းအားလုံးမှာ ခါတိုင်းကဲ့သို့ ကြည်လင်ပြတ်သားခြင်း မရှိ။ ရီဝေသည်၊ မှိုင်းပြသည်။ အုံ့ဆိုင်းသည်။

ဝင်းကြည်သည် လက်ဆွဲသားရေ သေတ္တာငယ်ကို ဘေးတွင်ချကာ သင်္ဘော လက်ရန်းကို ဆုပ်ကိုင်ရင်း အားအင်ချည့်နဲ့သူပမာ ငေးရပ်လျက်က သူချစ်မြတ်နိုးသော ဇာတိချက်ကြွေ မြို့ကလေးကို နောက်ဆုံး ခွဲခွာရခြင်းမျိုးဖြင့် ကြည့်နေမိ၏။

လင်းပင်လည်း ကမ်းမှခွာလေပြီ။

လင်းပင်နှင့်အတူ သူသည်လည်း ဤကမ်းမှ ခွာရပေပြီ။

သူ့တစ်ကိုယ်လုံးတွင် အားအင်တို့သည် ကုန်ခန်း ပျောက်ကွယ်လျက် ရှိကြသည်။ လပေါင်းများစွာ ဆင်းရဲပင်ပန်းထားခြင်း၊ အအိပ်မမှန်၊ အစားမမှန် ဖြစ်ထားခြင်း၊ နေပူမရှောင်၊

www.burmeseclassic.com

www.burmeseclassic.com



မိုးရွာ မရှောင်၊ ဆီးနှင်းမရှောင် သွားလာလုပ်ကိုင် လှုပ်ရှားနေခဲ့ခြင်းတို့၏ ဒဏ်ရာဒဏ်ချက်များသည် သူ့ကို ဖိစီးထားလျက် ရှိလေသည်။ သို့မို့ကြောင့်လည်း သူ့ခန္ဓာကိုယ်သည် သေးသွယ်ပိန်လှီလျက်ရှိသည်။ သူ့ပါးရိုး နားရိုးများသည် ငေါထွက်နေကြ၏။ လေအတိုးတွင် တဝှဲဝှဲ ခုန်ပျံနေသော သူ့ဆံပင်တွေမှာ မွဲခြောက်နေ၏။ သူ့တွင် အားမရှိ။ သဘော်လက်တန်းကို ဆုပ်ကိုင်ထားသည့် သူ့လက်ချောင်းများသည် တဆတ်ဆတ် တုန်နေ၏။

ရင်တွင်း၌လည်း တဆတ်ဆတ် တုန်နေသည်။

မှန်သည်။ ထွေပြားသော အတွေးများသည် သူ့ရင်ကို ဆောက်တည်ရာ မရလောက်အောင် တုန်လှုပ်နေစေ၏။ တကယ်ဆိုရလျှင် ဝင်းကြည်သည် မအူပင်ကို ချစ်၏။ ငယ်စဉ်တောင်ကျေးကလေးဘဝကစ၍ ဤမြို့ကလေးတွင် သူ အပူအပင်ကင်းမဲ့စွာ နေခဲ့သည်။ ကျယ်ဝန်းသော မြစ်ပြင်၊ မြက်စိမ်းကလေးတွေ ကတ္တီပါလို ခင်းဖြန့်နေသော ကမ်းစပ်။ ဤလောက၊ ဤဝန်းကျင်ကို သာယာလှပသော ပန်းချီကားချပ်ပမာ သူချစ်ခင် ယုယခဲ့သည်။ သူ ချစ်ခင် ယုယသော ဤလောက၊ ဤဝန်းကျင်၌ အလျှံတငြီးငြီး တောက်လောင်ခဲ့သည့်မီးတွေကို သူငြိမ်းသတ်ဖို့ ကြိုးစားခဲ့သည်။ ယင်းသို့ကြိုးစားရင်း ဤမီးတောက်မီးလျှံများ အကြားသို့ သူကိုယ်တိုင် တိုးဝင်မှန်းမသိ တိုးဝင်ခဲ့သည်။ မီးတောက်မီးလျှံ အကြားသို့ သူခုန်ဆင်းခဲ့သည်။ ယမ်းခိုး ယမ်းငွေ့တွေကို ရင်အပြည့် ရှူရှိုက်ရင်း လူသတ်သမား၏ မာန်မာနတွေ ထန်ပြင်းသည့် သေနတ်ကို ထက်ကြပ်မကွာ စွဲကိုင်ကာ တိုက်ခိုက်ခဲ့သည်။

ယခုကား ချစ်စရာအတိပြီးသော ဤမြို့ကလေးကို သူ စွန့်ခွာရပါတော့မည်။

မီးတောက်မီးလျှံနှင့် လူသတ်လက်နက်တွေ အကြားမှနေ၍ သူ့ဘဝရှေ့ရေးကို လှမ်းမျှော်ကြည့်သည်။ ဘာဆို ဘာမျှမရှိ။

ခိုတွယ်စရာ မရှိ၊ နားနေစရာမရှိ။

ဤဝန်းကျင်သည် သူ့ကို မညှာမတာ ညှဉ်းပန်း နှိပ်စက်သည်။ သံယောဇဉ် နှောင်ကြိုးတွေကို အပိုင်းပိုင်း ချိုးဖြတ်ပစ်သည်။ မုန်းတီး စက်ဆုပ်သော အကြည့်ဖြင့် စူးစူးရဲရဲ သူ့ကို ကြည့်ကာ ပြက်ရယ်ပြုသည်။

အဖြစ်အပျက်တို့သည် စုံလင်သလောက် မြန်လည်း မြန်ဆန်လွန်းလှ၏။ (၅) နှစ်တာမျှသော အချိန်ကာလ အပိုင်းအခြားအတွင်း ယုံနိုင်ဖွယ်မရှိသည့် ဇာတ်ကြောင်းတွေကို တိုးမြစ်ရေ အလျဉ်က အစုံအလင် ပြောပြနိုင်လေပြီ။ ကြေကွဲစရာ၊ အခဲမကျေစရာ၊ ဒေါသဖြစ်စရာ၊ ဝမ်းနည်းစက်ဆုပ်စရာ အဖြစ်အပျက်များပေတည်း။

ဝါးခယ်မသို့ ထွက်သွားကာ တောခိုခဲ့သော ဝင်းမောင်သည် ပေါင်တွင် ကျည်ဆန်ဝင်နေသည့် ဒဏ်ရာကြီး ရထားခဲ့သည်။ ပြည်သူ့ရဲဘော်အဖြစ် တောခိုကာ ဓနုဖြူ မြစ်ကမ်းပါးတွင် ကရင်တွေနှင့် အကြိတ်အနယ် တိုက်ခဲ့သည့် မောင်ညွန့်ကား မသေမရှင် သေနတ်ဒဏ်ရာများဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မအူပင်သို့ ပြန်ရောက်လာသည်။ အစ်ကိုဖြစ်သူ ထွန်းကြည်ကား သူ့စိတ်ဝေဒနာမျိုးစုံကို အရက်ဖြင့် ကုစားရင်း လော့ရင်း နစ်နေသည်။ ဖက်ဆစ်တော်လှန်ရေးတွင် သူတို့ ကျောင်းသားလူငယ်တွေကို ဦးဆောင် တိုက်ခိုက်ခဲ့သော ကိုတင်သိန်းသည် ဖက်ဆစ် ကျည်ဆန်ဖြင့် မသေ၊ အချင်းချင်း တိုက်သော စစ်တွင်မှ အချင်းချင်း ပစ်ခတ်သည့် ကျည်ဆန်ဖြင့် သေခဲ့ရသည်။ ဂီတာကလေး တီးကာ တေးဂီတ၏ အလှအပ၌ နစ်မျောနေတတ်သော တင့်အောင်သည် လည်းကောင်း၊ ကဗျာတွေကို ရေးစပ်ကာ 'မှာခဲ့ရက်လျှင်၊ ဆောင်းသက်မယွန်း၊ နွေမဆန်းတည့်၊ မဝန်းလေပြည်၊ မှီလိမ့်မည်ဟု၊ ဆိုသည်နှင့်ညီ၊ ရောက်တန်ပြီလျက်၊ လွမ်းသီရစ်ခွေ၊ မဆင့်လေပဲ၊ ဖျော်ဖြေစရာ၊ စစ်မြေတာဝယ်၊ ဘဇာပျော်ဖွယ်၊ ပျော်ကြောင်းချယ်၍၊ တို့ဝယ်ဆွတ်လွတ်၊ မေ့ကျန်တတ်' ဟု နတ်သျှင်နောင်ဆို ရတုကို အလွတ်ကျက်ကာ ကဗျာ၌ မွေ့လျော်သော ဖုန်းမြင့်သည် လည်းကောင်း၊ ရှိုင်းစိုင်း ကြမ်းတမ်းသော ဤမြစ်ဝကျွန်းပေါ်၏ ရေတရိုး၊ မြေတလွှား၊ ကိုင်းတော၊ ကျူတောနှင့် ဒိုက်သရေများ အကြားတွင် ယုံကြည်ချက်နောက်သို့ တကောက်ကောက်ပါအောင် လျှောက်လိုက်နေကြသည်။ ပန်းချီကား အလှကလေးတွေကို ဆွဲတတ်သော၊ သူငယ်ချင်းတွေက 'ပတ်ကသော' ဟု ချစ်စနိုး နာမည်ပေးထားသော တင်ရွှေသည် သူ့ကရင်မိဘ နှစ်ပါးနှင့်အတူ ဤဒေသဒုက္ခတွေမှ ဝေးရာ လွတ်ရာ အရပ်သို့ ရှောင်ခွာလျက်ရှိသည်။

တပ်ရင်း (၄) တွင် သူနှင့် ညီရင်းအစ်ကိုပမာ နေခဲ့ကြ၏။ အတူနေ၊ အတူတိုက်ခဲ့ကြသော ရဲဘော်ရဲဘက်များကော။

သူ့ကို ညီလေးဟု တယုတယ ခေါ်ဝေါ်တတ်သည့် ဆရာဘကြည်ကား ပန်းတနော်ကျောက်တိုင်ဘက်တွင် ကျဆုံးခဲ့လေ၏။ လံဘားကြီး ဝင်းတင်ကား ရွှေတောင်မော် တိုက်ပွဲ၌ ကျဆုံးခဲ့သည်။ သူတို့ကို 'ငါ့သားတွေ' ဟု ခေါ်ကာ ချစ်စနိုး နောက်ပြောင်လေ့ရှိသော ဗိုလ်မြတ်စံမှာမူ ဓနဖြူ တိုက်ပွဲတွင် တပ်ဦးမှနေ၍ ကျဆုံးခဲ့သည်။ 'ကာလူးကြီး' ဟု သူတို့က အမည်ပေးထားသည့် ကိုသန်းညွန့်မှာ ခါးတွင် လက်ပစ်ဗုံးချိတ်ရင်း တိုက်ပွဲတစ်ပွဲ၌ သဲသဲမဲမဲအတက်၊ ခါးက လက်ပစ်ဗုံးကို ကျည်သင့်ကာ ဤလက်ပစ်ဗုံးက သူ၏ ကြံ့ခိုင်သော ခန္ဓာကိုယ်ကို တစ်စစီဖြစ်အောင် ချေမွဖျက်ဆီးခြင်း ခံခဲ့ရသည်။

ကြေကွဲဖွယ် ဖြစ်ရပ်များကား ဤမျှသာလော။

မဟုတ်သေးပါ။ မလက်တိုမှ ကိုဘတင် တစ်ယောက်လည်း တိုက်ရင်း ခိုက်ရင်း ကျဆုံးခဲ့သည်။ ဖက်ဆစ်တော်လှန်ရေး ကာလက ကိုဘတင်နှင့်အတူ လက်တွဲ၍ တိုက်ခဲ့ပြီးနောက် တောခို ကရင်သူပုန် ဖြစ်လာကာ ကိုဘတင်နှင့် ရင်ဆိုင် တိုက်ခိုက်ခဲ့သော ဦးစောချစ်သည် ယခုသုံ့ပန်း ဖြစ်နေရ၏။ ဝင်းကြည်၏ အချစ်ဆုံး ရဲဘော်လည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သော စောကျော်သန်းကား ဝင်းကြည်၏ လက်ချက်ဖြင့် စစ်ချောင်းတာရိုး တစ်နေရာတွင် မရှုမလှ ကျဆုံးခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတွေ ပြီးလေပြီ။ သေသူတွေ သေကုန်ကြပြီ။ ကျိုးပဲ့၍ လူစဉ်မမီသူတွေ ပေါ်လာသည်။ အဖမ်းခံရသူတွေ ခံရသည်။ ဒေသတစ်ခုလုံး ဆိတ်ငြိမ်လာပြန်သည်။

ထိုအခါ၌ ဝင်းကြည်သည် နှစ်အတန်ကြာ ကိုင်ဆောင်လာခဲ့သော စတင်းဂန်းကို တပ်ရင်း (၄) တွင် ပြန်အပ်ကာ အိပ်ရာလိပ်ကလေး ထမ်းလျက် မျက်နှာငယ်ငယ်ဖြင့် အိမ်သို့ ပြန်တက်လာခဲ့၏။

အမေက ယခင်အတိုင်း စကားမပြော။

"ကဲ မင်းအလုပ်တွေ ပြီးပလား။ မင်း ဘာရသလဲ။ မင်း ဘာဖြစ်သွားသလဲ။ မင်း ဘယ်နှတန်း အောင်သေးသလဲ။ မင်းကိုယ်မင်း ရှေ့ဘာဆက်လုပ်မယ် စဉ်းစားသလဲ"

အဖေက နှစ်ပေါင်းများစွာ မျိုသိပ်ထားဟန်တူသော ဒေါသတွေကို သွန်ချလေတော့သည်။

အဖေသည် မေးခွန်းများစွာကို ဆက်တိုက် မေးခဲ့၏။ မဆဲရေးစဘူး ဆဲရေး၏။ အဖေ့စကားလုံးများသည် စကားလုံး မည်ကာမတ္တ မဟုတ်။ ကျည်ဆန်များ၊ ချွန်ထက်သော ဓားသွားများသာ ဖြစ်၏။

"မင်း ရှေ့ရေးကို မင်းစဉ်းစားကြည့်ဖူးရဲ့လား ဟင်။ ပညာက တစ်ပိုင်းတစ်စ၊ ပစ္စည်းကမပြည့်စုံ၊ မင်း တစ်သက်လုံး ဒီလိုချည်း အရပ်ကျွန် လျှောက်လုပ်နေလို့ မင်းကိုယ်မင်း လူမွေးလူတောင် ပြောင်မယ်လို့များ ထင်နေသလား"

ဝင်းကြည်က အဖေ့ကို ဘာမျှ ပြန်မပြော။

ပြောရန် စကားလုံးမရှိ။ အဖေ့ကို မပြောရက်။ အဖေ့ကိုသာမက အမေ့ကိုလည်း မပြောရက်။ အဖေနှင့် အမေ၏ ရှေ့မှောက်တွင် သူသည် စကားလည်း ဆွံ့နေ၏။ နားလည်း ဆွံ့နေ၏။ တစ်ကိုယ်လုံး ထုံထိုင်းနေ၏။

"မင်းကိုယ်မင်း ပြန်စဉ်းစားဖို့ အချိန်တော်ပြီ။ သတိတရားလည်း ရဖို့ကောင်းပြီ။ မင်းအသက်အရွယ်ဟာ ငယ်တော့တဲ့ အသက်အရွယ် မဟုတ်ဘူး။ မင်းအမေဟာ မင်းကြောင့် စိတ်ဒုက္ခသိပ်ရောက်ရတယ်ဆိုတာကို ကြပ်ကြပ် သတိထား။ ငါလည်း အသက်ကြီးပြီ။ အသေ ဖြောင့်ဖြောင့်သေချင်တယ်။ ဒါပဲ"

သည်လိုဆိုတော့လည်း ဝင်းကြည်သည် အဖေ့ကို ပြန်မပြော၍ မဖြစ်တော့။

တစ်ခုခုလုပ်ရပေတော့မည်။ တစ်ခုခုလုပ်ဖို့လည်း သူပိုင်းဖြတ်လိုက်သည်။ ဆူညံနေသော မီးအလျှံတို့ ထန်ပြင်းသော၊ သောကဝေဒနာမျိုးစုံဖြင့် ပြွမ်းတီးသော ဤဝန်းကျင်တွင် သူမနေနိုင်ပါတော့ပြီ။

သို့မို့ကြောင့်လည်း အဖေ့ကို ယတိပြတ် သူပြောရပါတော့သည်။

"ကျွန်တော် ဒီမှာမနေတော့ဘူး အဖေ"

"ဘာကွ။ မင်း ဘာပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမှာ မနေတော့ဘူး"

ဝင်းကြည်၏ စကားကို ကြားသောအခါ အဖေ့ မျက်နှာသည် ဒေါသမီးလျှံတွေ ထိန်ညီး တောက်လောင်လာပြန်၏။ အဖေ့ မျက်နှာမှာ နီရဲနေ၏။ အဖေ့ နှုတ်ခမ်းအစုံမှာ တဖျပ်ဖျပ် တုန်နေ၏။

"ဒီမှာ မနေလို့ မင်းက ဘယ်မှာနေမှာလဲ"

အဖေ့ အသံသည် ခက်ထန်မာကျောလှ၏။

"ကျွန်တော် ရန်ကုန်ကို သွားမယ် အဖေ"

"ရန်ကုန်ကို ဘာသွားလုပ်မလဲ။ မအူပင်မှာ အရပ်ကျွန်လုပ်ပြီးလို့၊ ရန်ကုန်မှာ အရပ်ကျွန် သွားလုပ်ဦးမလို့လားကွ။ ဟင်၊ ဝင်းကြည်။ ပြောစမ်း"

"ကျွန်တော့် ရှေ့ရေးအတွက် တစ်ခုခုကို ယတိပြတ် စဉ်းစားပြီး ကျွန်တော် လုပ်ဖို့ပါ အဖေ"

"အေး၊ ကောင်းပြီ။ ဒီလောက် အိမ်မကပ်ချင်တဲ့ကောင်၊ သွား။ မင်းရဲ့ ဒုက္ခ၊ သုခကိုသာ မကြားရစေနဲ့။ မိဘကို ဒီလောက် ညှဉ်းဆဲရရင် တော်ပြီ"

"ကျွန်တော့်အတွက် အဖေနဲ့ အမေတို့ ဒီလောက်အထိ စိတ်ဆင်းရဲခဲ့ရတာကို ကျွန်တော် တောင်းပန်ပါတယ်။ ရှေ့မှာ ကျွန်တော်နဲ့ပတ်သက်လို့ အဖေနဲ့ အမေတို့ စိတ်ဆင်းရဲဒုက္ခ မဖြစ် ရစေတော့ပါဘူး အဖေ"

အဖေသည် ငြိမ်ကျသွား၏။ ဘာမျှလည်း မပြောတော့။

နံနက်စောစော သဘော်ဆင်းခါနီးတွင် မလှကြည်သည် ဝင်းကြည်၏ အဝတ်အစားတွေ ကို ကမန်းကတန်း ကူထည့်ပေး၏။ မျက်ရည်ဝဲသော အကြည့်ဖြင့် မောင်ကို ကြည့်၏။

"ကိုဝင်း ပိုက်ဆံရှိရဲ့လား"

ဝင်းကြည်က တိတ်ဆိတ်စွာ ခေါင်းခါပြသည်။

တကယ်ဆိုတော့လည်း သူ့တွင် ပိုက်ဆံ တစ်ပြားတစ်ချပ်မျှ မရှိ။ အဖေကလည်း မပေး။ အမေ့ထံမှလည်း မတောင်းရဲ။ ပိုက်ဆံသာမက သူ့တွင် ဘာမျှမရှိ။ စစ်ဖိနပ် ချွတ်စမို့ ခြေညှပ်ဖိနပ် မရှိ။ ခုံဖိနပ်သာ ရှိသည်။ ဆွယ်တာ လက်ပြတ်ကလေး တစ်ထည်မှအပ အနွေးထည်လည်း မရှိ။ နှစ်ပေါင်းများစွာ မေ့လျော့ထားခြင်း ခံနေရသော အဝတ်အစား အချို့မှာလည်း စေ့စေ့ငှ မရှိတော့။

"ကိုဝင်းရယ် ပိုက်ဆံမရှိဘဲနဲ့များ ရန်ကုန်ကို သွားဦးမလို့လား"

ဝင်းကြည်သည် ငြိမ်နေ၏။

"ဟိုမှာ ဘာလုပ်မှာလဲဟင်၊ မမကို ပြောစမ်း။ ကိုဝင်း ဟိုမှာ ဘာလုပ်မလဲ။ ဘယ်သူနဲ့ နေမလဲ။ ပိုက်ဆံမရှိ၊ အလုပ်မရှိနဲ့ ကိုဝင်း မျက်နှာငယ်နေရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်မှာ ကျွန်တော့် သူငယ်ချင်းတွေနဲ့ တွေ့မှာပါ မမ။ ကျွန်တော့် ရှေ့ရေးအတွက် စဉ်းစားပြီး တစ်ခုခုကို ကျွန်တော် လုပ်ပါ့မယ်။ ဖေတ်တာ၊ ပြတ်တာ၊ ဆင်းရဲတာဟာ ကျွန်တော့် အတွက် ဘာမျှား ဆန်းတော့လို့လဲ"

မလှကြည်သည် မျက်ရည်တွေကို သိမ်းသပ်နေ၏။

"မမသာ ကိုယ့်ကိုယ်ကိုယ် စိတ်ချမ်းသာအောင်နေ၊ သိလား။ အမာကြည့်ကိုလည်း စာကြိုးစားခိုင်း၊ အိမ်အလုပ်တွေ ကူလုပ်ခိုင်း။ မမတစ်ယောက်တည်း ကျုံးလုပ်ပြီး အပင်ပန်းမခံနဲ့ သိလား။ ကျွန်တော့်အတွက် ဘာမှမပူနဲ့။ စိတ်မကောင်းလည်းမဖြစ်နဲ့။ ကျွန်တော် ဒီမှာ နေမဖြစ်တော့လို့၊ မနေနိုင်တော့လို့ သွားရတာပါ မမရယ်"

မလှကြည်သည် သူ့အိပ်ရာအောက်မှ ငွေအစိတ်ကို ယူလာကာ ပေးပြန်၏။

မောင်အပေါ်၌ အကြင်နာကြီးသော မမ။ သောကဗျာပါဒတွေကို ခါးစည်း၍ခံကာ၊ ယင်း သောကဗျာပါဒတွေကို အများတကာတို့ မမြင်အောင် မျိုသိပ်ထားနိုင်သော မမ။ မော်လမြိုင် စစ်တက္ကသိုလ်သို့ တက်ရစဉ်က အမေနှင့်အဖေ မသိအောင် ခရီးစရိတ် ထုတ်ပေးရှာသော မမ။

ယခု ဤမမကပင်လျှင် ရန်ကုန်သို့ ရေရာတိကျသော ရည်မှန်းချက်မရှိဘဲ ထွက်ခွာတော့ မည့် ဝင်းကြည်အား စရိတ်ထုတ်ပေးရှာပြန်သည်။

"မမ သုံးစရာရှိသေးရဲ့လား။ ကျွန်တော် တစ်ဆယ်လောက်ဆို ရပါတယ်"

"အို၊ ရန်ကုန်မြို့ကြီးမှာ ငွေလေးတစ်ဆယ်နဲ့ မောင်လေးရယ်၊ ဘယ်လိုလုပ်မှာလဲ။ ယူသာ ယူသွား၊ ရော့။ မမအတွက် ကိစ္စမရှိဘူး။ ဟိုမှာ အနေအစားဆင်းရဲရင် မမဆီ စာထည့်နော်။ မမ ငွေပို့ပေးမယ်။ မမမှာ ပိုက်ဆံမရှိရင် လက်ကောက်ဖြစ်ဖြစ်၊ ဆွဲကြိုးဖြစ်ဖြစ် ရောင်းပို့မယ်။ သိလား"

မျက်ရည်လည်ရွဲဖြင့် တံခါးဖွင့်ပေးသော မလှကြည်ကို ဝင်းကြည်သည် နှုတ်ဆက်ကာ ထွက်ခွာလာခဲ့လေ၏။

ယခုတော့ သူ့ကို တင်ဆောင်လာသော 'လင်းပင်' သည် တိုးမြစ် ရေအလျဉ်ကို ခွင်းကာ ရန်ကုန်ဘက်သို့ ဦးတည်လျက် ရှိ၏။ ရေပြင်သည် ရေပန်းပွားများ၊ ရေမြှုပ်များ၊ ရေလှိုင်းများ ထကာ ကျန်ရစ်၏။ မအူပင်သည်လည်း အလားတူ အဝေးဆီ၌ ကျန်ရစ်ခဲ့၏။ ပန်တပွတ်ကို ကျော်ကာ ကွေ့လိုက်သည်။

မအူပင်ကား မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။

ဝင်းကြည်သည် ပက်လက်ကုလားထိုင်ပေါ်သို့ နံးချည့်စွာ ထိုင်ချလိုက်၏။

သူနေခဲ့သော မအူပင်နှင့် သူပညာတစ်ပိုင်းတစ်စ သင်ခဲ့ရသောကျောင်း။ သူချစ်ခဲ့လျက်နှင့် ခွဲခွာခဲ့ရသော သူငယ်ချင်းတွေကိုကား သတိရနေသေး၏။ မြမော်သည် "ရန်ကုန်ကိုငါပါ လိုက်ခဲ့မယ်။ မင်းဟိုရောက်တော့ စိုးသိမ်းတို့နဲ့ တိုင်ပင်ပြီး စီစဉ်ပေါ့ကွာ။ တို့သူငယ်ချင်းတွေ ရှိသားပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှအားမငယ်နဲ့"ဟု အားပေးရာ၏။ မောင်စိုးနှင့် ဟန်စောကား သူရန်ကုန်သို့ သွားတော့မည် ဆိုသည့်အတွက် စိတ်မကောင်း။

ညွန့်ညွန့်၊ ငြိမ်းငြိမ်း၊ မနှင်းမြ၊ မစန်းတင့်၊ မညွန့်အေးနှင့် မထားတင့်တို့၊ မတင်မာကြည် တို့ကိုလည်း သတိရသည်။ ပုလိပ်သပိတ်အတွက် ထမင်းထုပ် လှည့်ကောက်ကြပုံ၊ သပိတ်စခန်း သို့ ရောက်သွားပုံ၊ အေးအတူပူအမျှ မရှိအတူ ရှိအတူ မောင်ရင်းနှမများသဖွယ် နောက်ကြ ပြောင်ကြ ဆော့ကစားကြရင်း နေကြခဲ့ပုံ။ သူ့အတွေးများသည် ချာချာလည်နေ၏။ ချစ်စွာသော သူငယ်ချင်း မိန်းကလေးများ၏ အကြားမှ စင်သီယာ ရုပ်ပုံလွှာကို ရေးခနဲ မြင်ယောင်လာသည်။

အတိုက်အခိုက်တွေ၊ ဘေးအန္တရာယ်တွေ အကြားတွင် မွေ့လျော်နေသော ဝင်းကြည် ဆိုသည့် မလိမ်မိုးမလိမ်မှာ ယောကျ်ားပျို တစ်ဦးကို အမြန်ဆုံး ပြန်လည် တွေ့ဆုံလိုလှပြီဟု စင်သီယာ က စာတွင် ဆိုထားခဲ့ဖူး၏။ စင်သီယာ၏ နူးညံ့အိထွေးသော ရင်ခွင်၌ မှေးစက် နားနေရန် အခွင့်အရေး ရှိပါဦးမည်လော။ ကမ်းမမြင်လမ်းမမြင် မျှောချင်တိုင်းမျှော၍ ကူးချင်တိုင်း ကူးခတ် နေခဲ့ရခြင်းကြောင့် ပင်ပန်းနွမ်းနယ်လှပြီ ဖြစ်သည့် မိမိသည် ကမ်းရိပ် သောင်စွယ်နှင့် တူလေသော စင်သီယာ၏ ရင်ခွင်၌ မှေးစက်ရင်း ပျော်မွေ့ဖွယ်အတိပြီးသော မေတ္တာတေးကို နားဆင်နိုင်ပါဦး မည်လော။

ရန်ကုန်သို့ လည်းကောင်း၊ စင်သီယာ့ဆီသို့ လည်းကောင်း ဝင်းကြည်သည် လှမ်းကြည့် မိ၏။ ယခင်ကကဲ့သို့ပင် ပြတ်သား ပီပြင်ခြင်း မရှိ။

သို့မို့ကြောင့်လည်း သက်ပြင်းတစ်ချက်ချသည်။

'လင်းပင်' သည် မီးခိုးတွေကို ခြုံနွယ် ပန်းခက်များသဖွယ်၊ နဂါးငွေ့တန်းများသဖွယ် အနောက်တွင် လည်းကောင်း၊ နံဘေးတွင် လည်းကောင်း ချန်ထားရစ်ကာ တိုးမြစ်အတိုင်း စုန်ဆင်းနေဆဲပင် ရှိပါသေး၏။

ပန်တပွတ်ဝကား မီးလောင်ပြာမှုန်များအဖြစ်သာ ရှိတော့သည်။ ရွှေချိုးဖြူ မူလခဲသိုက် စောင့် မောင်နှမကို ရန်ငြိုးသိုသော ကရင်ငပုသည် စက္ကော့မှ သိုက်ဆရာကို ခေါ်၏။ သာလာယ အမည်ရှိ သိုက်ဆရာကို ခေါ်၏။ ဤရွှေချိုးဖြူ မူလခဲ သိုက်စောင့် မောင်နှမနှင့် သိုက်ဆရာ သာလာယတို့၊ ကရင်ငပုတို့၏ ပုံပြင်သည် ပန်တပွတ် ချောင်းရိုးတွင် ခေတ်အဆက်ဆက် တစ်ဆင့် စကား တစ်ဆင့်နား ပြောလာကြသည့် ပုံပြင်ဖြစ်၏။ ယခုတော့ ဤပုံပြင်ထွန်းကားရာ ပန်တပွတ် ချောင်းရိုးတွင် မြေသည် ပြာမှုန် အတိပြီး၏။ ရေပြင်တွင် ပြာမှုန်တွေ မျှောနေ၏။

ဖက်ဆစ်တော်လှန်ရေးတွင် ဌာနချုပ်လုပ်ခဲ့သော မလက်တိုကား ရစရာမရှိအောင် ပျက်စီး ပြာကျနေလေသည်။ ရွာကလေးတိုင်းလိုလို၌ အလံဖြူတွေ ထိုးထားကြသည်။

မြစ်ဝကျွန်းပေါ်၏ ဤဒေသတစ်ဝိုက် တိုးမြစ်ဝှမ်း တစ်ဖက်တစ်ချက်သည် တောကြွဖွယ် ကောင်းသော စစ်ချီသံ၊ စစ်ညာသံများဖြင့် လွှမ်းခဲ့၏။ အနီထဲ၌ ကြယ်ဖြူပွင့်သော စစ်အောင်လံ

www.burmeseclassic.com

www.burmeseclassic.com



ကို တလူလူလွင့်ကာ အင်းအိုင်၊ ချောင်းမြောင်း ဟူသမျှ၌ ဖက်ဆစ်သွေးဖြင့် ချင်းချင်း နီရဲစေခဲ့၏။ ဖက်ဆစ်စနစ်ဆိုးကို ဤမြေပြင်ပေါ်မှ သုတ်သင်ရန်အလို့ငှာ ယင်း ရေမြေတစ်ပိုက်တွင် ရဲစွမ်းသတ္တိကြီးမားသော ကရင်ပြောက်ကျားများ၊ ဗမာပြောက်ကျားများ၏ သေနတ်သံတွေ ပွက်ပွက်ညံစေခဲ့၏။ သူတို့သည် အတူတွဲ၍ တိုက်ကာ၊ အတူတွဲ၍ အသေခံခဲ့ကြ၏။

နောက်တော့ကော ဤလူတွေပင်လျှင် လှံတွေ၊ ဓားတွေ၊ တုတ်တွေ၊ သေနတ်တွေကို ဆွဲကာ အချင်းချင်း တိုက်ကြသတ်ကြသည်။

အခဲမကျေသော၊ အမျက်မာန်ကြီးသော၊ ငြိုးမာနပြင်းထန်သော လူသတ်ပွဲကြီးတွေ ဆင်နွှဲကြသည်။ ကျူတော၊ ကိုင်းတောများအကြားတွင် လည်းကောင်း၊ ရေအပြင်၊ မြေအပြင်တွင် လည်းကောင်း သွေးချင်းချင်း နီရဲခဲ့ရသည်။

အချင်းချင်း စိတ်ဝမ်းကွဲကြသည်။ လူမျိုးအလိုက် အခဲမကျေ သတ်ဖြတ်ကြသည်။ ဒီတော၊ ကျူတော၊ ဒိုက်သရောနှင့် လေပြင်းမုန်တိုင်း၊ မိုးမုန်တိုင်းတို့အကြားတွင် ဤဒေသ၏ ရေပြင်သည် ရိုင်းစိုင်း ကြမ်းတမ်းခဲ့၏။ ဤဒေသ၏ မြေပြင်သည်လည်း ရိုင်းစိုင်း ခက်ထန်ခဲ့၏။ နွားတစ်ရှဉ်း၊ ထွန်းတစ်တုံး၊ လယ်တစ်ကွက်၊ အင်းတစ်ပိုင်၊ ပိုက်တစ်ဖုံ၊ ယင်းတစ်ချပ်တို့ဖြင့် မိရိုးဖလာ လုပ်ကိုင်စားသောက်နေကြသော လက်များတွင် ဓားဆွဲကြ၊ လှံဆွဲကြ၊ သေနတ်ဆွဲကြကာ သားကွဲ၊ မယားကွဲ၊ မိဘကွဲ၊ သွေးရဲရဲ သံရဲရဲ ဒေါသမာန် ဆင့်ကဲခဲ့ကြသည်။

ဝင်းကြည်ကား ရှည်လျား လေးတွဲ့လှစွာသော သက်ပြင်းကြီးတစ်ချက်ကို ဆွဲဆွဲငင်ငင် ချကာ စိမ်းလန်းနေသေးသော၊ မီးခိုးပြာမှုန်တွေ တလူလူ ဝေ့နေသေးသော၊ ညှိုးငယ် တိတ်ဆိတ်နေသေးသော ကမ်းတစ်ဖက်တစ်ချက်ကို ကြည့်မိပြန်သည်။

"သုံ့ကြိုင်"

သူ့နှုတ်ဖျားက လွှတ်ခနဲ ထွက်သွားသည်။

သုံ့ကြိုင်တွင် သောင်ကလေး ထွန်းနေပါသေး၏။ သို့ရာတွင် စိမ်းမှောင်မှောင် တောအုပ်ကို နောက်ခံပြုထားသည့် သုံ့ကြိုင်ကား မီးလောင်ပြင်မျှသာ ဖြစ်နေလေပြီ။

"အေမူ၊ အေမူ"

အေမူ့ အမည်သည် သူ့ရင်တွင်း၌ ပဲ့တင်ထပ်လာ၏။ ကြံ့ခိုင်သန်စွမ်း၍ သူရသတ္တိ ကြီးမားသော စောကျော်သန်း၏ ဟင်းလင်းပွင့်နေသည့် မျက်စိအစုံကို သတိရလာ၏။ သူသည် လွယ်အိတ်အတွင်း၌ ထည့်ယူလာသည့် သမ္မာကျမ်းစာအုပ်ကို လွယ်အိတ်နှင့်အတူ ရင်ဘတ်ပေါ်သို့ တယုတယ တင်ထားလိုက်မိ၏။

'သေလွန်ခဲ့ပြီ ဖြစ်သော ဝမ်းနည်းပူဆွေးဖွယ်ရာတို့၏ အရိုးများကို သင့်နှလုံးသားတွင် ပြန်လည် အသက်မရှင်ပါစေနှင့်'

ဤစာပိုဒ်ကို ကြားယောင်လာသည်။ အေမူ၏ လွင်လွင်သော အသံသည် သေးသွယ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ခြုည်၊ ခေါင်းလောင်းသံပမာ သူ့ရင်တွင်းသို့ တိုးဝင် ရိုက်ခတ် မြည်ဟီးလျက် ရှိလေသည်။ အေမူကား အဖိုးမဖြတ်နိုင်သော အဆုံးအမကို ပေးခဲ့သူသာတည်း။

သူသည် မျက်စိအစုံကို မှိတ်ထားလိုက်၏။ ဝမ်းနည်းကြေကွဲဖွယ်ရာ အတိပြီးခဲ့သော၊ ဒေါသမာန် ခက်ထန် ဆင့်ကဲခဲ့ကြသော တိုးမြစ်ဝှမ်း၏ ရေတာလွှား၊ မြေတာလွှားနှင့် အိပ်မက်ဆိုးများ အကြားမှ ရုန်းကန် ထွက်ပြေးရပါတော့မည်။

ကြင်နာခြင်း တရားစည်ကို ရိုက်တီးရင်း ငံ့လင့်နေမည့် စင်သီယာ၏ နွေးထွေးသော ရင်ခွင်သို့ တိုးဝင်ကာ ကြေကွဲဖွယ်ရာ၊ တုန်လှုပ်ချောက်ချားဖွယ်ရာ အတိတ်ဆိုးကြီးကို မေ့လျော့ရန် ကြိုးစားရပါတော့မည်။

## အခန်း ၃၈

"ကဲ၊ ပြီးတာတွေကိုတော့ ထားလိုက်ပေါ့ကွာ။ တစ်ခါတလေ လူဆိုတာ နားချိန်လေး ဘာလေး ရမှ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်စဉ်းစားလို့ ရတတ်တာမျိုးကွ ဝင်းကြည်ရ။ အခု ဘာပဲပြောပြော၊ မင်း နားချိန်လေး ဘာလေးရပြီလေ။ နားချိန်ရခိုက် နားပြီး မင်းကိုယ်မင်း ပြန်စဉ်းစားဖို့ ကြိုးစား ပေါ့ကွာ။ ငါ အကြံပေးချင်တာကတော့ ဒါပဲ"

ရန်ကုန်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဝင်းကြည်အတွက် အကြီးကျယ်ဆုံး ပေါ်လာ ရသော ပြဿနာကား ဘယ်နေရာသွား၍ ဘယ်သူနှင့် နေထိုင်ကာ ဘာလုပ်ရမည်နည်း ဆိုသော ပြဿနာသာ ဖြစ်လေသည်။

ရန်ကုန်သည် စိမ်းကားသော အတွေ့ဖြင့် သူ့ကို ဆီးကြို နှုတ်ဆက်လျက်ရှိသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ မြို့တော်ကြီး။ ပျော်ပွဲရွှင်ပွဲတွေ၊ ခမ်းနား တောက်ပသော ဆိုင်ကြီး ကနားကြီးတွေ၊ စိန်ရွှေငွေနှင့် ပိုးဖဲ ကတ္တီပါတွေ အလျှံပယ် ပေါကြွယ်ရာ မြို့တော်ကြီး။ ရန်ကုန်သည် မိုင် ၄၀ ခန့်မျှသာ ဝေးကွာသည့် မအူပင်မြို့ကလေးမှ ရောက်ရှိလာသော ဝင်းကြည်ကို ဆီးကြို ပွေ့ဖက်သည်က မှန်ပါ၏။

သို့ရာတွင် ရန်ကုန်၏ ဆီးကြို ပွေ့ဖက်မှုသည် စိမ်းစိမ်းကားကား နိုင်လွန်းလှသည်။ ခက်ထန် မောက်မာလွန်းသည်။

တိုက်တာအိမ်ယာကြီးတွေမှာ ခံ့ညား မြင့်မားလှသည်။ လမ်းကြီးတွေ ကျယ်ဝန်းလှသည်။ ဤလမ်းကျယ်ကြီးတွေပေါ်၌ ဟိုမှ သည်မှ ဥဒဟို သွားလာနေကြသော ကားကြီးတွေမှာလည်း တောက်ပ ပြောင်လက်လှသည်။ မှန်ခန်းများ၊ ပြခန်းများ၊ ထည်ဝါသော ဆိုင်များ၊ ရုပ်ဖွံ့လွန်းသည့် လူများ စသည့် ရန်ကုန်၏ ကူးထွေသော အတွေ့တို့သည် ဝင်းကြည်၏ ရင်ဝကို ဆီး၍ တွန်းထားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ငါဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ၊ ဘာလုပ်မလဲ'

ရန်ကုန်မြေပေါ်သို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်သူ မေးမိသော မေးခွန်းများ ဖြစ်သည်။

ဤမေးခွန်းတွေကို လောလောဆယ်အားဖြင့် မည်သို့မျှ မဖြေနိုင်ကြောင်း သူ့ဘာသာသူ လည်း ကောင်းစွာ သိသည်။ ယင်းသို့ သိသည့်အတွက် မမေးမိစေဖို့ ချုပ်တည်းသည်။ ချုပ်တည်း လေလေ၊ မေးခွန်းတွေက ပေါ်လေလေ။

မအုပင်မြေကို သူ စွန့်ခွာခဲ့စဉ်ကအကြောင်းကို ပြန်စဉ်းစား၏။ အမှုမဲ့ အမှတ်မဲ့ စွန့်ခွာလာ ခဲ့ခြင်း ဖြစ်သည်ဟု ဆိုကောင်း ဆိုနိုင်ပါသည်။ စိတ်နာသည်၊ စိတ်သောကရောက်သည်၊ စိတ် ဝေဒနာတွေ ထွေပြားသည်။ ဤစိတ်နာမှုတွေ၊ စိတ်သောကတွေ၊ စိတ်ဝေဒနာတွေ၏ ထုထောင်း ရိုက်ပုတ်ချက်များကို မခံနိုင်တော့သည့်အဆုံး ဖြစ်လိုရာ ဖြစ်စေတော့ဟူသော သဘောဖြင့် ရန်ကုန် သို့ ထွက်ခွာလာခြင်း ဖြစ်သည်ဟုဆိုက ပို၍ မှန်ကန်နိုင်လေသည်။ ရန်ကုန်မှာ ဖြစ်လိုရာဖြစ် မအုပင်၏ ရေနှင့် မြေမှ လွတ်လျှင် တော်ပြီ။

သူ ရုန်းကန် ဖြတ်တောက်ခဲ့သော မအုပင် နှောင်ကြိုးကား ပြတ်ထွက်လာသည် မှန်၏။ မအုပင်၏ ရေမြေမှ လွတ်ခဲ့သည်မှာလည်း ဟုတ်၏။ သူ ထွက်လာလိုလှသော ရန်ကုန်မြို့တော်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့သည်မှာလည်း သေချာ၏။

သို့သော်

သူ့ခြေအစုံ ချလိုက်မိပြီ ဖြစ်သော ရန်ကုန်သည် သူ့ကို သူစိမ်းပြင်ပြင် ဆက်ဆံ၏။ ကြီးကျယ်ခမ်းနားမှု၊ ကျယ်ဝန်း ထည်ဝါမှု တည်းဟူသော ဣန္ဒြေကြီး တစ်ခွဲသားဖြင့် သူ့ကို မတတ်သာ၍ ဆီးကြိုရခြင်းမျိုးဖြင့်သာ လက်သင့်ခံ၏။ မည်သည့်နေရာ မည်သူ့ထံ သွားရမည် မည်သို့နေထိုင်ရမည် မသိ။

နောက်ဆုံးတော့လည်း စိုးသိမ်းဆီသို့သာ ခြေဦးတည်ခဲ့ရသည်။

စိုးသိမ်းကား ယခင်ကအတိုင်း ငယ်သူငယ်ချင်းဘာဝ၊ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက် ဘာဝ သူ့ကို ဝမ်းသာအယ်လဲ ဆီးကြိုသည်။ စိုးသိမ်းက ယင်းသို့ တရင်းတနှီး သူ့အပေါ် ဆက်ဆံခြင်းသည် မပြောင်းလဲသော ယခင်မူအတိုင်းသာ ဖြစ်၏။ ဘာမျှ မထူးဆန်း။

သို့ရာတွင် ဝင်းကြည်မှာ စိုးသိမ်းကို အားနာသည်၊ မျက်နှာပူသည်။ စိုးသိမ်းက တရင်း တနှီး လုပ်လေလေ သူ့မှာ အနေရကျပ်လေလေသာတည်း။

အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်း။ အားနာရန်သော် လည်းကောင်း၊ မျက်နှာပူရန် သော် လည်းကောင်း မလိုအပ်သည့် စိုးသိမ်းနှင့် တွေ့ခါမှ အဘယ့်ကြောင့် ဤသို့ အားနာ မျက်နှာပူရ ဖြစ်မိလေသနည်း။

အဖြေကား ရှင်းပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆိုတော့ ငါ မင်းဆီကို မျက်နှာမပြချင်ဘူးကွာ။ မင်းနဲ့ ငါမတွေ့ချင်လို့ မဟုတ်ဘူး။ မျက်နှာချင်း မဆိုင်ချင်လို့လည်း မဟုတ်ဘူး။ အဲဒီလိုတွေ့ရ၊ မျက်နှာချင်းဆိုင်ရတာကို ငါ မရဲလို့ကွ"

စိုးသိမ်းက ဝင်းကြည် ပြောသမျှကို တအံ့တသြ နားထောင်ကာ ဝင်းကြည်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေ၏။ 'ဒီကောင် ဘာတွေ လျှောက်ပြောနေသနည်း' ဟု တွေးဟန်တူသည်။ ဝင်းကြည်၏ စကားကို သူ နားမလည်။

"ငါ ရန်ကုန်ကို ထွက်လာတာဟာ ရှေ့ရေးအတွက် စဉ်းစားပြီး တစ်ခုခု လုပ်ဖို့ပဲ။ ဒါပေမဲ့ ဟောဒီ ရန်ကုန်မြေကို နင်းမိတဲ့အချိန်ကစပြီး ငါဘာမှ မလုပ်ချင်တော့ဘူး။ ဘယ်သူနဲ့မှလည်း မတွေ့ချင်တော့ဘူး။ ဒါ့ကြောင့် မင်းကိုလည်း ငါ မျက်နှာမပြချင်ဘူး။ ဒါပေမဲ့ မင်းဆီကို ငါမလာလို့ မဖြစ်ဘူး။ မင်းနဲ့ မျက်နှာချင်းမဆိုင်လို့၊ မတွေ့လို့ မဖြစ်တော့ဘူး။ ဒါ့ကြောင့်သာ ငါ လာရတာ"

ဝင်းကြည်သည် လွယ်အိတ်ကလေးကို နံဘေး၌ ချထားသော သားရေသေတ္တာငယ်ပေါ်တွင် တင်လိုက်ရင်း ပင်ပန်းနွမ်းနယ်စွာ ထိုင်ချလိုက်သည်။

"မင်း ပြောတာတွေကို ငါနားမလည်ဘူး ဝင်းကြည်"

စိုးသိမ်းက သူ့နံဘေးတွင် ယှဉ်ထိုင်ရင်း ပြောလေသည်။ ဝင်းကြည်က ပိန်လှီနေသော်လည်း စိုးသိမ်းမှာ အသားအရေ အတန်ငယ် ပြည့်ဖြိုးလျက်ရှိသည်။ နဂိုမူလကလည်း ဝင်းကြည်က စိုးသိမ်းထက် ပိန်သည်၊ ချည့်နဲ့သည်။ သို့ရာတွင် စိုးသိမ်းသည် (၂) နှစ်နီးပါးမျှ ရန်ကုန်တွင် နေထိုင်ရစဉ် သပိတ်အရေးတွေ၊ ဆန္ဒပြပွဲတွေဖြင့် လုံးလားထွေးလား ဖြစ်နေခဲ့သော်လည်း ရုပ်လက္ခဏာ များစွာ မကျသေး။ သူလျှောက်ရသော ခရီးလမ်းမှာ ဝင်းကြည် လျှောက်ရသော ခရီးလမ်းလောက် ကြမ်းတမ်း ခက်ထရော်ခြင်း မရှိ။

ဝင်းကြည်ကား စိုးသိမ်း ရန်ကုန်သို့ ထွက်လာပြီးသည့်နောက်တွင်လည်း ဆက်တိုက်ဆိုသလို တိုက်ရေး ခိုက်ရေး တည်းဟူသော မြစ်လယ်ကြောတွင် မျောချင်တိုင်း မျောနေခဲ့ရသည့်အတွက် ကြုံလှီမြဲ ကြုံလှီကာ၊ နွမ်းနယ်မြဲ နွမ်းနယ်နေရသည်မှာ အဆန်းမဟုတ်တော့ပါပြီ။

"မင်းဘာတွေ လျှောက်ပြောနေတာလဲကွ ဝင်းကြည်ရ။ မင်း စိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ငါသိတယ်။ မင်း ဘယ်လို ခံစားနေရတယ်ဆိုတာ ငါနားလည်တယ်။ ဒါ့ကြောင့် ဒီစကားမျိုးတွေ မပြောသင့်ဘူးကွာ။ ငါ့ကို မပြောပါနဲ့။ မင်းဘာမှ မလုပ်ချင်တော့ဘူး၊ ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး ဆိုတာလည်း တကယ်ဆိုရရင် အဓိပ္ပာယ်မရှိဘူး။ မင်းမှာ ဘာဆန္ဒ ဘာမျှော်လင့်ချက်မှ မရှိတော့ဘူးလား၊ ကဲ ပြောစမ်း"

"မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ မျှော်လင့်ချက်ရှိရတယ် ဝင်းကြည်။ လူဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်တာကွ။ မျှော်လင့်ချက်ရယ်လို့ မရှိရင် လူမှာ အသက်မရှိတော့ဘူး။ သေပြီ"

"ဟုတ်တယ်၊ မင်းပြောတာ သိပ်မှန်တယ်။ ငါဟာ အသက်မရှိတော့ဘူး။ ငါသေပြီ"

စိုးသိမ်းက ရယ်နေလေ၏။

"မင်းက တစ်ခါတလေ သိပ်စိတ်ငယ်တတ်တဲ့ ကောင်ကိုး ဝင်းကြည်ရ။ ဒီလောက်လည်း စိတ်မလျှော့ပါနဲ့ကွာ။ ရှေ့မှာ တို့လုပ်ရမယ့် အလုပ်တွေက အများကြီး ရှိသေးတယ်"

စိုးသိမ်း၏ စကားကို ကြားသောအခါ ဝင်းကြည်သည် လန့်သွား၏။ သို့မို့ကြောင့်လည်း စိုးသိမ်းကို အမေးလက္ခဏာပါသော အကြည့်ဖြင့် ကြည့်နေမိလေ၏။

"ဘာတွေ။ လုပ်ရမယ့် အလုပ်တွေ၊ ဟုတ်လား။ ဘာတွေလဲကွ၊ ဟင် စိုးသိမ်း၊ ပြောစမ်းပါဦး။ ငါတို့က ဘာတွေများ လုပ်ရဦးမှာတုံး။ တိုင်းပြည်အတွက်လား၊ လူမျိုးအတွက်လား"

စိုးသိမ်းက အဖြေမပေး။

"ဒီမယ် စိုးသိမ်း၊ တော်ပြီကွာ။ တိုင်းပြည်အတွက်၊ လူမျိုးအတွက် လုပ်ရမယ့် အလုပ်တွေဆိုတာကို တော်ပါတော့။ ငါ့ဖြင့် ကြားရတာနဲ့တောင် ရင်ခုန်နေပြီ"

"အဲဒါကြောင့် မင်းက စိတ်သိပ်လျှော့တာကိုးလို့ ငါပြောတာကွ။ ကဲ အဲဒါတွေ ထားလိုက်ဦး။ အေးအေးဆေးဆေးကျတော့ ပြောကြတာပေါ့။ လတ်တလော အရေးကြီးတာက မင်း နားနားနေနေ နေဖို့ပဲ။ မင်း သိပ်ပန်းနေပြီလို့ ငါထင်တယ်။ တစ်ခါတလေ လူဆိုတာ နားချိန်လေး ဘာလေး ရမှ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်စဉ်းစားလို့ရတာမျိုးကွ။ ဟောဒီသေတ္တာကို ချလိုက်ကတည်းက မင်းအရိပ်အခြည်နဲ့၊ ခင်းဘာဖြစ်နေသလဲဆိုတာ ငါ အတပ်သိတယ်။ ဒီလိုသိလို့လည်း မင်း နားချိန်လေး ဘာလေးရပြီ၊ နားချိန်ရခိုက်နား၊ တဖြည်းဖြည်း မင်းကိုယ်မင်း ပြန်စဉ်းစားလို့ ငါပြောတာပေါ့ကွ။ ကဲ ထ ရေချိုးကွာ။ ထမင်းလေး ဘာလေး သွားစားကြရအောင်။ ညကျရင် ဟိုကောင်တွေ လာလိမ့်မယ်"

"ဘယ်သူတွေလဲ"

"တင်ရွှေနဲ့၊ မောင်ခန့်"

"ဘာကွ။ တင်ရွှေ၊ ဟုတ်လား"

ဝင်းကြည်က အလန့်တကြား မေးလိုက်မိသည်။ တင်ရွှေဟူသော နာမည်သည် သူ့နှလုံးသားကို ကိုင်ဆွဲ လှုပ်ယမ်းလိုက်လေ၏။

စိုးသိမ်းက ဖြည်းညင်းစွာ ခေါင်းညိတ်လေသည်။

"ဒီကောင် အခု ရန်ကုန်မှာလား။ ဘယ်တုန်းက ဘယ်လို ရောက်နေတာလဲကွာ။ ငါတော့ အံ့ဩရော"

"ဟုတ်တယ် ဝင်းကြည်၊ ဒီကောင် ရန်ကုန် ရောက်နေတာ တော်တော်လေး ကြာသွားပြီ

www.burmeseclassic.com



ငါ့ဆီကို ညတိုင်းလာတယ်။ သူလာတော့ ပြောကြဦးပေါ့ကွာ။ ဟိုကောင် သိုက်ကုန်းသား မောင်ခန့်လည်း ဒီရောက်နေတာ ကြာပြီပဲ။ ကဲ လုပ် ရေချိုးကွာ။ ထမင်း ထွက်စားမယ်။ ဟိုကောင်တွေလာတော့ အေးအေးဆေးဆေး စကားလေး ဘာလေး ပြောကြရအောင်။ မင်းရောက်လာတာတွေ့ရင် သူတို့ကလည်း အံ့အားသင့်နေမှာပဲ"

× × ×

နယူးလင်း လမ်းကလေးသည် ရန်ကုန်မြို့၏ အလယ်တွင် တည်ရှိသော်လည်း သစ်ပင်ကြီးတွေ အထပ်ထပ် ဝိုင်းကာ အုံ့ဆိုင်းနေသော လမ်းကလေး ဖြစ်၏။

သို့မို့ကြောင့် မြို့လယ်ကောင် တစ်ဝိုက်တွင် တည်ရှိသည့် လမ်းကလေး ဖြစ်သော်လည်း သစ်ကြီး ဝါးကြီးများ၏ အရိပ်နှင့် အုံ့ဆိုင်းမှုကြောင့် တောမြို့တစ်မြို့၏ လမ်းသဖွယ် ဖြစ်နေသည်။ တိတ်ဆိတ်သည်။ ကားအသွားအလာ၊ လူအသွားအလာ ရှင်းသည်။

စိုးသိမ်း ဘော်ဒါအဖြစ် နေထိုင်လျက်ရှိသော အဆောက်အဦမှာ စစ်အတွင်းက ထိမှန်ထားသော ဗုံးဒဏ်ကြောင့် တစ်ပိုင်းပြိုနေသည့် အုတ်တိုက် အဆောက်အဦ ဖြစ်သည်။ အချို့နေရာတွင် နံရံသာရှိပြီး အမိုးမရှိ။ အချို့နေရာတွင် အမိုးရှိပြီး နံရံ အပြည့်မရှိ။ ရှိသော နံရံများတွင်လည်း စက်သေနတ် ကျည်ဆန်ရာတွေ၊ ဗုံးဆန်ရာတွေသာ ထင်ကျန်လျက်ရှိသည်။ မြို့မကျောင်းနှင့်လည်း တစ်ခေါ်လောက်သာ ဝေးသည်။ မြို့မကျောင်းတွင် တက်နေကြသည့် ကျောင်းသားအချို့က စု၍ ငှားရမ်း နေထိုင်ခြင်းဖြစ်ရာ စိုးသိမ်းလည်း မြို့မကျောင်းသို့ ပြောင်းရွှေ့လာခါစကပင် ဤအဆောက်အဦ၌ နေထိုင်ခဲ့လေသည်။

လမ်းမီးတိုင်များသည် မှိန်လှ၏။

ဆောင်းရာသီ၏ အအေးဓာတ်က ထွေးပတ်စ ပြုလာသဖြင့် ညသည် အေးသည်ထက် အေးလာ၏။

ည ၈ နာရီကျော်ကျော်လောက်တွင်မှ တင်ရွှေ တစ်ယောက်တည်း ရောက်လာသည်။ မောင်ခန့် ပါမလာ။

တင်ရွှေသည် ရေတပ်မတော်သား ယူနီဖောင်းကို ဝတ်ကာ စိုးသိမ်း အခန်းသို့ ဝင်လာ၏။ အခန်းတွင်း၌ ကုပ်ကုပ်ကလေး ထိုင်နေသော ဝင်းကြည်ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက်

"ဟာ ဟေ့ကောင်၊ ဝင်းကြည်"

ကရင်သံဝဲဝဲ တင်ရွှေ့အသံကို ကြားရလေပြီ။

ပြီးတော့ကာ တင်ရွှေသည် ဝင်းကြည် ထိုင်နေသော စိုးသိမ်း၏ ခုတင်ပေါ်တွင် အတူထိုင်ချလိုက်ကာ ဝင်းကြည်၏ ခါးကို ဖက်ထား၏။ ဝင်းကြည်ကလည်း တင်ရွှေ့ခါးကို ပြန်ဖက်ထားလိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်တုန်းက ရောက်သလဲဟင်။ သေရွာက ပြန်လာတာလား"

"အေး၊ သေရွာက ပြန်လာတာ အစစ်ပဲကွ တင်ရွှေရ။ သရဲခြောက်တာတော့ မဟုတ်ဘူး"

"ပြောစမ်းပါဦး။ မင်းဘယ်တုန်းက ရောက်တာလဲ"

"နေ့ခင်းကပဲ"

"မင်းကို မြင်ရတော့ ငါ့မျက်စိတောင် ငါမယုံဘူးကွာ။ ဝမ်းသာလိုက်တာ သူငယ်ချင်းရာ။ တကယ် တကယ်။ ငါသိပ်ဝမ်းသာတာပဲ"

တင်ရွှေသည် တကယ်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။ စိုးသိမ်းကား သူ့သူငယ်ချင်း နှစ်ယောက်၏ အဖြစ်ကို ကြည့်ကာ ပြုံးနေသော်လည်း စကားတစ်ခွန်းမျှ ဝင်မပြော။

"နေဦးကွာ၊ ငါ့ယူနီဖောင်းတွေက အသက်ရှူ ကျပ်တယ်။ ချွတ်လိုက်ဦးမယ်"

တင်ရွှေသည် ရေတပ်မတော်၏ ယူနီဖောင်းကို ချွတ်ကာ ခုတင်တန်းပေါ်တွင် လွှားထားသော စိုးသိမ်း၏ ပုဆိုးကို ယူဝတ်၏။

"မင်း အဖေနဲ့ အမေရော၊ နေကောင်းကြလား။ ဘယ်သူတွေ ဘာဖြစ်ကုန်ကြပလဲကွ၊ ပြောစမ်းပါဦး။ မအူပင်အကြောင်း နားစွင့်လိုက်ရတာ အမောပဲကွာ။ ဒီမှာကတော့ သတင်းအမျိုးမျိုး ဖြစ်နေတာပေါ့လေ။ တော်တော်ကြာ မင်းပဲ သေပြီ။ မြမော်ကြီးတောင် သေပြီလိုလိုနဲ့ ကြားလား ကြားရဲ့။ မင်းတို့ ကျောင်းပြန်တက်နေပြီလို့ ကြားလား ကြားရဲ့။ အို ကြားတာကတော့ အစုံပဲဟေ့"

"အေးကွ၊ ငါနဲ့ မြမော်တော့ မသေသေးတာ သေချာတယ်။ မောင်ညွန့်ကတော့ ဓနုဖြူမှာ သူတို့ ပြည်သူ့ရဲဘော်တွေ ဆုတ်ရတုန်းက ရင်အုံကို ထိလာတဲ့ ဒဏ်ရာကြီးနဲ့ ကံကောင်းလို့ မသေတာပေါ့ကွာ။ အခုအထိ ဒီကောင် နာလန်မထူနိုင်သေးဘူး။ ငါ့ နောင်တော်ကြီးကတော့ လက်နက်ချလာတယ်"

"သြော် ကိုထွန်းကြည်က လက်နက်ချတယ်လား"

စိုးသိမ်းက ဝင်မေးလိုက်၏။

"ဟုတ်တယ်၊ သူလည်း တပ်အပျက်မှာ မအူပင် ပြန်ရောက်လာတာပဲ။ အဲဒါ စစ်တပ်က ဖမ်းချုပ်ထားသေးတယ်ကွ။ အခုတော့ လွတ်ပါပြီ"

"ဟိုကောင်တွေ သတင်းရော ကြားရရဲ့လား" ဟု တင်ရွှေက မေးလိုက်သည်။

"ဘယ်သူတွေတုံး"

"တင့်အောင်နဲ့ ဖုန်းမြင့်လေ"

"အဲဒီဓနုဖြူမှာ တပ်ပျက်သွားတော့ ဖုန်းမြင့်လည်း ဖရိုဖရဲနဲ့ ဆုတ်ရတဲ့အထဲ ပါသွားတယ်လို့ ပြောတာပဲ။ ဘာအစအနမှ မကြားရဘူး။ တင့်အောင်ကတော့ မအူပင် အနီးစပိုက် ရွာတွေမှာပဲ လှည့်နေတာပဲ။ ကိုတင်သိန်းလည်း ကျသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



စိုးသိမ်းသည် စားပွဲတွင် စာရေးနေရာမှ ဖောင်တိန်ကို လွှတ်ချလိုက်ရင်း

"ကိုတင်သိန်း ဟုတ်လား"

"အေး ဟုတ်တယ်"

"ဘယ်မှာ ကျတာလဲကွာ"

"ငါးကြီးဂယက် တိုက်ပွဲမှာလို့ ကြားတာပဲ။ ငါးကြီးဂယက်ကို သူတို့ သိမ်းထားတုန်း အစိုးရတပ်က တက်တိုက်ရာမှာ ကျတာတဲ့"

စိုးသိမ်းသည် ငြိမ်နေ၏။ တင်ရွှေကလည်း နှုတ်ဆိတ်နေ၏။ အခိုက်အတန့်အားဖြင့် သူတို့ သုံးယောက်စလုံး စကားမပြောနိုင်ကြ။

သူတို့တစ်တွေ မူလတန်း ကျောင်းသား ဘဝ၊ အလယ်တန်း ကျောင်းသားဘဝကစ၍ စိတ်ရှည်လက်ရှည် စည်းရုံးခဲ့သူ၊ ဖက်ဆစ်ဆန့်ကျင်ရေး အရေးတော်ပုံကြီးအတွက် မနားမနေ လှုံ့ဆော်ခဲ့ စုစည်းခဲ့သူ၊ နိုင်ငံရေးပညာတွေကို သင်ကြား ပို့ချပေးခဲ့သူ၊ ရဲဘော်ရဲဘက်စိတ် ကြီးမားကာ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူ ကိုတင်သိန်း တစ်ယောက် ကျဆုံးသွားရှာပြီ ဆိုသော သတင်းသည် ပြောသူရော နားထောင်သူတွေပါ အာစေးထည့်ထားသလို ဖြစ်နေစေသည်။

"အေးကွာ၊ ဒီသတင်းကြားရတာ ဆိုးလှတယ်"

တင်ရွှေက စတင် ညည်းတွားလေသည်။

"ဆိုးတာတော့ မပြောနဲ့တော့ သူငယ်ချင်း။ တို့ဖြစ်ခဲ့တဲ့ အဖြစ်တွေကို လုံးစေ့ပတ်စေ့ ကြားရင် မင်း သာပြီး စိတ်ထိခိုက်ဦးမယ်။ ငါ ဝါးကိုင်းနဲ့ လိုက်လာတဲ့အပတ်က စိုးသိမ်းနဲ့ ငါနဲ့ ဘယ်လောက် အကြိတ်အနယ် ဖြစ်ကြရသလဲ။ ဒီကောင်က ရန်ကုန်ကနေပြီး ကေအင်ဒီအို အကြောင်း နဖူးတွေ့ ဒူးတွေ့ မသိဘဲ ပြောနေတာလို့တောင် ငါယူဆခဲ့ပြီး၊ မအူပင် ပြန်သွားတယ်။ နောက် တိုက်ပွဲတွေဖြစ်လို့ မင်းကို ငါတို့ မြို့ထဲက ထုတ်သွားရပြီးတဲ့အချိန်ကျတော့ ငါလည်း ဘယ်လိုဖြစ်လာမှန်း မသိဘူးကွာ။ ဒီအတိုင်းနေလို့ မရတော့ဘူး။ တပ်ရင်း (၄) က လက်နက် တောင်းပြီး ချတာပဲ။ ပထမတုန်းက ငါနဲ့ မြမော်စိတ်ကူးတာ တစ်မျိုးကွ။ မြို့ကာကွယ်ရေးလောက်ပဲ လုပ်ကြမယ်၊ ကင်းစောင့်မယ် ဘာညာပေါ့ကွာ။ နောက်တော့ မရတော့ဘူး တင်ရွှေရာ၊ မရတော့ဘူး။ ငါတို့ကိုယ် ငါတို့လည်း မထိန်းနိုင်၊ မင်းတို့ ကရင်တွေကိုလည်း ငါတို့က မထိန်းနိုင်၊ ကရင်တွေ ကိုယ်တိုင်ကလည်း မထိန်းနိုင်၊ အကုန် အကုန် ဘယ်သူမှ မထိန်းနိုင်ကြတော့ဘူး။ မီးကုန်၊ ယမ်းကုန် ချကြတော့တာပဲ"

"အေးလေ၊ ဒီလိုဖြစ်ကြတော့မယ်ဆိုတာ ငါကြိုပြောသားပဲ။ မင်းတို့က မထိန်းနိုင်တာ ထားဦး၊ တို့ကရင်ထဲမှာလည်း မထိန်းနိုင်ဘူး။ ငါတောင် မအူပင်မြို့ထဲက ထွက်ပြီး တဂူဝ်လည်း ပြန်ရော၊ ကံကောင်းလို့ အဖြောင်မခံရတယ်။ ငါက မင်းတို့နဲ့ အတွဲများတာကို ... ဒို့ လူငယ်တွေက မကျေနပ်နေဘူးဆိုတာ အဲဒီတော့မှ ဘူးပေါ်သလို ပေါ်တာပဲပေါ့။ ငါ့ကိုတွေ့ကို သူတို့

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်း တော်တော် ပြင်းပြင်းထန်ထန် ဆွေးနွေးကြတယ်ကွ။ တချို့က ငါ့ကို အပြစ်ပေးရမယ် ဗမာတွေနဲ့ ပေါင်းတယ်ပေါ့ကွာ။ ငါဟာ သစ္စာဖောက်ပေါ့။ တချို့ကတော့လည်း ဒီလို ဗမာနဲ့ အပေါင်းအသင်းလုပ်တာလောက်နဲ့ အပြစ်ပေးရမယ်ဆိုရင် ကရင်လူမျိုး အများစုကြီးကိုပါ အပြစ် ပေးရတော့မလို ဖြစ်နေတယ်ဆိုပြီး ငြင်းကြခုန်ကြ ဖြစ်ကြသေးတယ်။ ငါလည်း မြို့ထဲမှာ မင်းတို့နဲ့ တတွဲတွဲလုပ်နေရင်း ဗမာ့လက်ချက်နဲ့ မသေဘဲ ငါ့ကရင်တောထဲ ပြန်ရောက်ခါမှ ကရင့်လက်ချက် နဲ့ သေရတော့မယ် ထင်နေတာ"

တင်ရွှေသည် ရှမ်းဖက်ဆေးလိပ်ကို အားပါးတရ ဖွာရှုရင်း စကားစကို ရပ်ထားလိုက်၏။ သူကား ဆေးလိပ် အလွန်ကြိုက်သူတည်း။

စိုးသိမ်းက စာရေးစားပွဲမှ ထကာ သူတို့အနားတွင် လာထိုင်မည်ပြုပြီး တစ်ဖန် ပြန်ထကာ ကော်ဖီဖျော်နေလေသည်။

"အေးလေ၊ အဲဒီလောက် ကမောက်ကမ အဖြစ်အပျက်တွေကြားမှာ ငါ့လက်ထဲ သေနတ် ရှိဖို့လိုတယ်ဆိုပြီး မချချင် ချချင်နဲ့ ချရ တိုက်ရတော့တာပဲ။ စာဖြူစုက စောကျော်သန်းကို ကြည့် ငါ့လက်ချက်နဲ့ သေရတာ။ စောကျော်သန်းကို တော်လှန်ရေးအတွက် ငါ စည်းရုံးခဲ့တာပါကွာ။ သူဟာ ငါ့ရဲဘော်ပါ။ ဒါပေမဲ့ ရင်ဆိုင်တိုက်ကြတဲ့ စစ်ပွဲမှာ သူဟာ ငါ့လက်ချက်နဲ့ ကျဆုံးသွားရ တယ်လေ။ ကဲ ဘယ်သူ ဘာပြောဦးမလဲ။ ဘယ်လောက် ရင်နာစရာ ကောင်းသလဲ"

"အေးပေါ့ကွာ၊ ဗမာပြည်မှာ ဖြစ်သမျှ စစ်ထဲမှာ ကြေကွဲစရာ အကောင်းဆုံး စစ်ကွ"

ကော်ဖီပန်းကန်တွေ မ လာရင်း စိုးသိမ်းက ဝင်ပြောလေသည်။

အပြင်ဘက် လမ်းပေါ်တွင် လူအသွားအလာဟူ၍ မရှိ။ နယူးလင်း လမ်းကလေးသည် တစ်ခါတစ်ရံ ဖြတ်သန်းသွားသော ကားသံမှအပ အခြားမည်သည့် အသံဗလံမျှ မရှိဘဲ တိတ်ဆိတ် ငြိမ်သက်လျက်သာ ရှိနေသည်။

"ဖြစ်ပုံကတော့ ဒီလိုချည်းပါပဲကွာ"

တင်ရွှေက ထိုသို့ ညည်းတွား ပြောဆိုရင်း ဆေးပေါ့လိပ်ကိုသာ တွင်တွင်ဖွာရှုနေသည်။

သူတို့သုံးယောက် အတန်ကြာမျှ တိတ်ဆိတ်နေကြပြန်သည်။ တွေ့ခဲ့၊ ရင်ဆိုင်ခဲ့ရသော အဖြစ်အပျက်များနှင့် ကြားရသော သတင်းများကို တမြည့်မြည့် စဉ်းစားရင်း အတွေးကိုယ်စီဖြင့် ငိုင်နေကြ၏။

"နေဦးကွ တင်ရွှေ၊ မင်းကို မေးရဦးမယ်။ မင်း ရေတပ်ထဲဝင်တာ ဘယ်လောက်ကြာပြီလဲ"

"တရုတ်လပ်ကနေ ရန်ကုန်ကို ရောက်ရောက်ချင်းဆိုပါတော့ကွာ။ ရန်ကုန်ကျတော့ ဗမာ တွေ ကြားထဲနေရတာ ငါ အားနာတယ်ကွ။ မျက်နှာလည်းပူ အနေလည်းကျပ်ပေါ့။ ဒါနဲ့ ကြံရာ မရဖြစ်ပြီး ရေတပ်ထဲ သွားဝင်လိုက်တာပဲ"

"မင်း အဘိုးကြီးနဲ့ အမယ်ကြီးရော"

www.burmeseclassic.com

www.burmeseclassic.com



"ဗဟန်းမှာ"

"မောင်ခန့်ကရော ဘာလုပ်နေသလဲ၊ ဒီကောင်"

"လမ်း ၄၀ က သူ့ဦးလေး ကားဂိုဒေါင်မှာ နေတယ်လေကွာ။ ဒီည လိုက်လာမယ်ဆိုလို့ ငါဝင်ခေါ်တာ မတွေ့ဘူးကွ။ ဘယ်သွားနေသလဲ မသိဘူး။ ဒါ့ထက် နေစမ်းပါဦး၊ မင်းကသာ ငါ့ကို မေးနေတယ်။ မင်း ကိစ္စလည်း ပြောစမ်းပါဦး။ မင်းဘာလုပ်မလဲ။ ခုထလာတာလား၊ တစ်ခါတည်း အပြီးအပိုင်ပဲလား"

"အပြီးကွာ၊ အပြီးထွက်လာတာ။ ဖြစ်နိုင်ရင် ငါ မအူပင်ကို ဘယ်တော့မှ မပြန်ဘူးဆိုတဲ့ ပိုင်းဖြတ်ချက်နဲ့ကို ထွက်လာတာ။ ရန်ကုန်ရောက်ရင် ပြီးရော၊ ရန်ကုန်ရောက်မှ ကြည့်ရှင်းမယ် ဆိုပြီး လာတာပဲဟ"

"အေး မင်းရန်ကုန်ကို လာတာ မှန်တယ်။ ငါတော့ ကြိုက်တယ်။ နို့ မင်း ဒီကိုလာမယ် ဆိုတာ စင်သီယာ သိပလား"

"စင်သီယာ" ဟုသာ ဝင်းကြည်က ပွဲထင် ထပ်လိုက်မိပါ၏။ တင်ရွှေက မီးခိုတွေကို ပါးစောင်တွင် ငုံထားရာမှ မှုတ်ထုတ်ရင်း

"ဟုတ်တယ်၊ စင်သီယာ"

"မသိဘူး။ ငါမှ သူ့ဆီ စာမရေးဘဲ သူ ဘယ်လိုလုပ် သိမလဲ"

"မသွားဘူးလား"

"မသွားချင်သေးဘူးကွာ။ မအူပင်က ထွက်လာတုန်းကတော့ သူ့ဆီသွားမယ် စိတ်ကူး ဖူးတာပဲ။ ဒါပေမဲ့ ဒီရောက်တော့ မသွားချင်လှတော့ဘူး။ စိတ်မပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ငါ့ကိုယ်ငါတောင် မသိသေးဘူး တင်ရွှေ"

"မင်း ဥစ္စာကလည်းကွာ"

တင်ရွှေသည် ခေါင်းကုတ်နေ၏။

ညသည် ပို၍ အေးလာသလို ပို၍လည်း နက်ရှိုင်းလာ၏။ ဆောင်းလေကား ပြတင်းတံခါး မှ တိုးဝင်ကာ သူတို့ကို အေးမြသော ခြုံလွှာဖြင့် ရစ်ပတ်နေသည်။ သို့ရာတွင် နှစ်ကာလ ကြာရှည်စွာ ကွဲကွာနေကြပြီးနောက် လောလောလတ်လတ် ပြန်တွေ့နေကြသည့် ဤမိတ်ဆွေ သုံးဦးကား အေးချမ်းသောလေနှင့် တိတ်ဆိတ်သော သဘာဝကိုပင်လျှင် သတိထားနိုင်ပုံ မပေါ် ကြ။

"စင်သီယာ့ဆီ မပြောနဲ့ ငါတို့ဆီတောင် မလာချင်ဘူးလို့ ဒီကောင်က ဆိုနေသေးတာကွ တင်ရွှေရ"

စိုးသိမ်းက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တို့နဲ့ အေးအတူပူအမျှတော့ မင်းနေရမှာပေါ့ကွာ။ မနေလို့ ဘယ်ဖြစ်မလဲ။ ကဲ မင်းအခု ဘာလုပ်မလဲ။ ကျောင်းဆက်တက်မလား။ အလုပ်လုပ်မလား။ မင်းစိတ်ကူး ပြောစမ်းကွာ"

"အမှန်ကတော့ ကျောင်းဆက်တယ်မယ်လို့ ပြောရမှာပဲ။ ဒါပေမဲ့ ရန်ကုန်မှာ ကျောင်းတက်ဖို့ အခက်အခဲတွေ ဘယ်လောက်ရှိနေဦးမယ်ဆိုတာ မှန်းလို့မရသေးဘူး။ အလုပ်လုပ်ဖို့ဆိုတာကလည်း ဘာအတန်းမှ မအောင်ဘဲ ဘာသွားလုပ်မလဲ။ ဒါတွေကိုတော့ တဖြည်းဖြည်း စဉ်းစားသေးတာပေါ့ကွာ။ အခုချက်ချင်းတော့ ငါဘယ်လိုမှ မပြောနိုင်သေးဘူး။ ငါ့ဘဝက ဘာတစ်ခုမှ ရေရေရာရာ မဖြစ်သေးတဲ့ ဘဝကွ တင်ရွှေ"

စိုးသိမ်းက ဘာမျှမပြောဘဲ ကော်ဖီကိုသာ တစ်ကျိုက်ချင်း သောက်နေ၏။ တင်ရွှေကား မျက်မှောင်ကြုတ်ရင်း စဉ်းစားနေလေ၏။

"အေးလေကွာ၊ စဉ်းစားကြသေးတာပေါ့။ အခုတော့ ဒီမှာပဲ စိုးသိမ်းနဲ့ နေဦး။ ဘယ်မှ မင်း လျှောက်သွားမနေနဲ့တော့။ တို့တစ်တွေ ရှိနေမှပဲ။ မဟုတ်ဘူးလား"

ဝင်းကြည်အဖို့ကား ချစ်ခင်ရင်းနှီးသော သူငယ်ချင်း၏ စကားကို ခေါင်းညိတ် သဘောတူ လိုက်ရန်မှအပ အခြားနည်းလမ်း မရှိတော့ချေ။

## အခန်း ၃၉

တိုက်၏ နောက်ဖေးဘက်ဆီမှ ရေကျသံကို အဆက်မပြတ် ကြားနေရသည်။ တစ်ခါတစ်ရံ၌မူ ဆိုးရွားသော အနံ့အသက်များသည် လေအဟုန်တွင် ရောထွေး ပါလာတတ်၏။ ယင်းသို့သော အခါမျိုးတွင် နှာခေါင်းကို ပိတ်ထားရုံမှအပ အခြားနည်းလမ်း မရှိ။ ဆိုးရွားသော အနံ့အသက်များမှ လွတ်ကင်းအောင် ရှောင်ရှားစရာ အခြားနေရာ မရှိ။

အထပ်ခိုးကလေးမှာ ကျဉ်းမြောင်းသည်။ နေ့လည် နေ့ခင်းမှာပင် ဤအထပ်ခိုးကလေး၌ မည်းမှောင်နေတတ်သည်။ မတ်တတ်ရပ်လျှင် သတိထား ရပ်ရသည်။ အပေါ်ထပ် သမံတလင်း ကြမ်းခင်းနှင့် ခေါင်းမလွတ်တလွတ် ဖြစ်နေတတ်သောကြောင့်တည်း။

လမ်း ၄၀ အထက်လမ်းရှိ တိုက်တာအိမ်ရာတွေမှာ ကြားလမ်းဟူ၍ မရှိလောက်အောင် ပြည့်ညပ်နေကြသည်။ နံနက်မိုးလင်းကစ၍ ညဥ့်မိုးချုပ်သည့်တိုင်အောင် အသံဗလံမျိုးစုံဖြင့်လည်း ဆူညံနေတတ်သည်။ ရေနံဆီ၊ အုန်းဆီ၊ ပဲပြုတ်၊ အိုးတိုက်ဖွဲပြာ အစရှိသော ဈေးသည်ပေါင်းစုံတို့၏ အော်သံများသည် တိုက်သံဟိန်းလျက် ပေါ်ထွက်လာကြ၏။ ကြွေးတောင်းသံ၊ ရန်ဖြစ်သံ၊ ရေဘုံဘိုင်၌ ရေလုခပ်ရင်း ခွန်းကြီး ခွန်းငယ် စကားများသံ၊ ကလေးငိုသံ၊ ကုလားဖုံသံ စသည့် အသံဗလံ ပေါင်းစုံ ဘာသာစကားမျိုးစုံကိုလည်း အခါမလပ် ကြားနေရသည်။

ဤလမ်းအတွင်းမှာပင် မောင်ခန့် နေထိုင်လျက်ရှိသော ကားဂိုဒေါင်ကြီး တည်ရှိလေသည်။

www.burmeseclassic.com



ဂိုဒေါင်ဟု ဆိုရသော်လည်း သီးခြား တည်ဆောက်ထားသော အဆောက်အဦ မဟုတ်။ ရှိရင်းစွဲ တိုက်ကြီးတစ်တိုက်၏ အောက်ထပ် တစ်ခုလုံးကို ဂိုဒေါင်အဖြစ် ပြောင်းလဲထားခြင်း ဖြစ်သည်။ လမ်းဘေးတွင် ညသိပ်မထားလိုကြသော ကိုယ်ပိုင်ကားတွေကို လခယူလျက် ညသိပ် လက်ခံသော ဂိုဒေါင်ဖြစ်ရာ နေ့ခင်းနေ့လည်ဘက်တွင် ဂိုဒေါင်တစ်ခုလုံး ရှင်းနေပြီး ညဘက်ဆိုလျှင် ကားများဖြင့် ပြည့်သိပ်နေသည်။ ဂိုဒေါင်ပိုင်ရှင်မှာ မောင်ခန့်၏ ဆွေမျိုးသားချင်းဖြစ်ရာ မောင်ခန့်သည် ဂိုဒေါင်စောင့် အလုပ်သမား တစ်ဦးနှင့်အတူ ယင်းဂိုဒေါင်၌ နေထိုင်လျက်ရှိသည်။

နယူးလင်းလမ်းရှိ ဘော်ဒါ အဆောက်အဦကို အစိုးရက ပြန်သိမ်းခြင်း ခံရသည့်အပြင် မြို့မကျောင်းတွင်လည်း ဆက်မနေတော့ဘဲ ကျောင်းထွက်လိုက်ပြီ ဖြစ်သည့် မိုးသိမ်းသည် အဆိုပါ ဂိုဒေါင်သို့ ပြောင်းရွှေ့ နေထိုင်ရသည့်အတွက် ဝင်းကြည်သည်လည်း မိုးသိမ်းနှင့်အတူ လိုက်ပါ ပြောင်းရွှေ့ခဲ့ရသည်။

မောင်ခန့်ကား ပျော်ပျော်နေတတ်သူ ဖြစ်၏။ မအူပင် အစိုးရအထက်တန်းကျောင်းသို့ ရောက်လာစဉ်ကလည်း သူသည် သူငယ်ချင်းများအကြား၌ သွားတစ်ဖြဲဖြဲလုပ်ကာ သူငယ်ချင်းတိုင်းနှင့် တည့်အောင် ပေါင်းသင်းနေထိုင်တတ်သူ ဖြစ်သည်။ မည်သည့်အခါမျှ စိတ်ညစ်လေ့ မရှိ။ မည်သူနှင့်မျှလည်း ရန်ဖြစ်လေ့မရှိ။ ထာဝစဉ် နောက်ပြောင်ကာ ထာဝစဉ် ပျော်နေတတ်သည်။ သူတို့၏ ဇာတိရပ်ရွာကလေးတွင် နေစဉ်က သူ့မိဘများသည် ငွေကြေး ချောင်လည်ခဲ့၏။ မအူပင်သို့ ပြောင်းရွှေ့လာသည့်အထိ မိဘ ကျောထောက်နောက်ခံ တောင့်တင်းကာ ချောင်ချောင် လည်လည် နေနိုင်သော မောင်ခန့်ကို သူတို့တစ်တွေ ပိုင်းညှဉ်းတတ်ကြသည်။

တကယ်ဆိုရလျှင် မောင်ခန့်သည် သူငယ်ချင်းတွေကို အရာရာထက် သံယောဇဉ်ကြီးကာ ချစ်ခင်သူ ဖြစ်၏။ သူငယ်ချင်းတွေ၏ အလိုကို လိုက်လျော၏။ နိုင်ငံရေးလုပ်ငန်းတွေ၌ များစွာ စိတ်ပါဝင်စားလှသူ မဟုတ်စေကာမူ နိုင်ငံရေးလုပ်ငန်း၌ တဝဲလည်လည် ဖြစ်နေကြသည့် သူငယ်ချင်း အပေါင်းအသင်းများအကြားမှ ရုန်းကန်ထွက်ရန် ကြိုးပမ်းခြင်းမရှိဘဲ အတူနေ၊ အတူအိပ်၊ အတူ စားကာ မခွဲတမ်း နေထိုင်လေ့ရှိသူ ဖြစ်သည်။ ကြီးလျှင် ဆရာဝန်လုပ်မည်ဟု ပိုင်းဖြတ်ထားသူ လည်း ဖြစ်သည်။ မအူပင်တွင် မနေရဲတော့သဖြင့် ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့သော သူ့မိခင် မုဆိုးမကြီးနှင့် အစ်မတွေ၏ စားဝတ်နေရေးအတွက် သူဖြစ်ချင်သည်ဆိုသော ဆရာဝန်ဘဝ၏ စိတ်ကူးယဉ် အိပ်မက်တွေကို ခေတ္တခဏ မေ့ပျောက်ကာ ကျရာအလုပ် လုပ်နေရသည်။ ဘာမျှ လုပ်စရာမရှိလျှင် ဘတ်စ်ကား တက်မောင်းသည်။ သူ့ဦးလေးတော် တစ်ယောက်၏ ကားအလုပ်ရုံ တွင် ကားဝင်ပြင်သည်။

ယခု မောင်ခန့်က ခေါ်သည့်အတွက် မိုးသိမ်းနှင့် ဝင်းကြည်သည် လမ်း ၄၀ ရှိ ကားဂိုဒေါင် ကြီးတွင် လာရောက် သောင်တင်နေရလေတော့သည်။

ဂိုဒေါင် လုပ်ထားသည့် တိုက်ကြီးမှာ အိုမင်းဟောင်းနွမ်းလှလေပြီ။ ဆေးသုတ်ခြင်း မရှိ၊

www.burmeseclassic.com

www.burmeseclassic.com



မြူပြင်ခြင်း မရှိသည့်အတွက် နံရံတို့သည် ညစ်ထေးနေ၏။ အချို့နေရာများ၌ကား အင်္ဂတေတွေ ကွာကျနေ၏။ ဂိုဒေါင်၏ အနောက်ဘက် အစွန်ထောင့်တွင်မူ အထပ်ခိုးကလေးတစ်ခု ထိုးထားလေသည်။ ဤအထပ်ခိုးကား စိုးသိမ်း၊ မောင်ခန့်နှင့် ဝင်းကြည်တို့၏ စခန်းသာ ဖြစ်လာ၏။ စိုးသိမ်းကမူ ဤအထပ်ခိုးကလေးကို ဘုံရိပ်သာဟု နာမည်ပေးထားသည်။

'ဘုံရိပ်သာ' ကား နာမည်နှင့် အလွန်တရာ လိုက်လျောညီထွေရှိလှသော ရိပ်သာလည်း ဖြစ်၏။ မေယု စစ်သင်္ဘောကြီးတွင် တာဝန်ထမ်းဆောင်နေသော တင်ရွှေသည် တာဝန်အားလပ်ချိန်တွင် ဤအထပ်ခိုးသို့ ရောက်လာ၏။ တစ်ခါတစ်ရံ မအူပင်မှ ခေတ္တခဏ လာကြသည့် သူငယ်ချင်းတွေကလည်း ဤရိပ်သာမှာပင် လာရောက် တည်းခိုကြသည်။ တင်ဦး၊ မောင်မြင့် စသော အသိမိတ်ဆွေများကား အပတ်စဉ်လိုလို လာအိပ်လေ့ရှိရာ သူတို့သည် ဘုံရိပ်သာ၏ ဂုဏ်ထူးဆောင် ဧည့်သည်တော်ကြီးတွေ ဖြစ်လေသည်။

စိုးသိမ်းကား မြို့မကျောင်းမှ ထွက်လိုက်ပြီးနောက် မက်ထရစ် စာမေးပွဲကို အပြင်မှ ဝင်ဖြေရန် စိတ်ကူးနေ၏။ ထို့ကြောင့် ထာဝစဉ် အလုပ်မရှိ၊ ဝင်ငွေမရှိသော စိုးသိမ်းနှင့် ဝင်းကြည်တို့ အတွက် အမြဲတမ်း ဝင်ငွေရှိသော တင်ရွှေနှင့် တစ်ခါတစ်ရံ ဝင်ငွေရှိသော မောင်ခန့်တို့က တာဝန် ယူထားရသည်။ စိုးသိမ်းကား မအူပင်ရှိ သူ့အိမ်က လစဉ်ငွေပို့သဖြင့် တော်ပေသေး၏။ ဝင်းကြည် တစ်ယောက်သာလျှင် အိမ်ကလည်း ငွေမပို့၊ အလုပ်အကိုင်လည်း မရှိ။ ဤလေးဦးအနက်တွင် ဝင်းကြည်မှာ အချို့တဲ့ဆုံး၊ အဆင်းရဲဆုံး ဖြစ်နေသော်လည်း ရသမျှပိုက်ဆံကို အတူ မျှဝေ သုံးစွဲကာ မရှိအတူ ရှိအတူ သဘောထားနိုင်ကြသည့် သူငယ်ချင်းများ ဖြစ်သဖြင့်သာ ရန်ကုန်တွင် ဆက်လက် နေထိုင်နိုင်ခြင်း ဖြစ်လေသည်။

အထပ်ခိုးကလေးတွင် အလင်းရောင်သည် ဖျော့တော့ အားနည်းလှပေ၏။

ဂိုဒေါင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်လျက်ရှိသည်။ ဝင်းကြည်သည် အထပ်ခိုးပေါ်ရှိ အိပ်ရာထက်တွင် ပက်လက်လှန်ရင်း စဉ်းစားခန်း ဝင်နေမိလေ၏။ စိုးသိမ်းသည် မက်ထရစ်ဖြေရန် အလွတ်ပညာသင်ကျောင်းကိစ္စနှင့် မိမိ၏ အလုပ်ကိစ္စအတွက် စုံစမ်းမည်ဆိုကာ နံနက်ကပင် ထွက်သွား၏။ မောင်ခန့်ကား ကြည့်ပုံ မော်တော်ကားလိုင်းတွင် ယနေ့ ဘတ်စ်ကား တက်မောင်း လိုက်ဦးမည်ဟု ပြောကာ ဝေလီဝေလင်းကပင် ထွက်သွား၏။ တင်ရွှေကား ရန်ကုန် မြစ်လယ်၌ ရှိနေသော မေယု စစ်သင်္ဘောတွင် တာဝန်ကျနေရာ ညနေမှ လာမည်ဟု ဆို၏။

သို့မို့ကြောင့် ဝင်းကြည် တစ်ယောက်တည်းသာ အထပ်ခိုးကလေးပေါ်တွင် ရှိနေလေသည်။

"ကဲ မင်း အလုပ်တွေ ပြီးပလား။ မင်း ဘာရသလဲ။ မင်း ဘာဖြစ်သွားသလဲ။ မင်း ဘယ်နှစ်တန်း အောင်သလဲ။ မင်းကိုယ်မင်း ရှေ့ဘာဆက်လုပ်မယ် စဉ်းစားသလဲ"

အဖေ ပြောလိုက်သော စကားတွေကို ပြန်လည် ကြားယောင်လာမိသည်။ ဤစကားလုံးများသည် သူ့ဦးခေါင်းကို ပြုတ်တူနှင့် အကြိမ်ကြိမ်ထုသလို ရိုက်ထုလျက်ရှိ၏။ အဖေက တင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



မာမာ မပြောစဘူး ပြောကာ မသုံးဘူးသော အသုံးအနှုန်းတွေကို သုံးခဲ့သည်။ သို့မို့ကြောင့် ဒေါသဖြစ်ရ၊ ဝမ်းနည်းရသည်။ မခံချင်စိတ်၊ မာနစိတ်တွေ ဝင်ခဲ့ရသည်။

ယခု နှဖူးပေါ် လက်တင်၍ စဉ်းစားကြည့်သောအခါ၌ကား အဖေ့ စကားတို့သည် ဒိုးခနဲ ဒေါက်ခနဲနေအောင် မှန်ကန်သော စကားတွေသာ ဖြစ်ကြောင်း သူသဘောပေါက်လာရလေသည်။ အဖေကား ပြောသင့် ပြောထိုက်သည့်အတိုင်း ပြောလိုက်ခြင်းမျှသာ ဖြစ်ပေသည်ဟု သူနားလည် လာရသည်။

"မင်းဘာရသလဲ။ မင်းဘာဖြစ်သွားသလဲ။ မင်း ဘယ်နှစ်တန်းအောင်သလဲ"

အဖေ့ မေးခွန်းများသည် သူ့ရင်တွင်း၌ လှိုင်းသောင်းဘင် ခတ်နေကြ၏။ အဖေ မေးလိုက်သော မေးခွန်းတွေကို တစ်ခုစီ သူ့ဘာသာသူ ဖြေမိသည်။

ဘာမှမရ။ ဘာမှ မဖြစ်။ ဘယ်နှစ်တန်းမှ မအောင်။

မှန်သည်။ ဝင်းကြည်အဖို့ မည်သည့်အရာမျှ မရ။ မည်သို့မျှ မဖြစ်။ မည်သည့် အတန်းမျှလည်း မအောင်။ ရှိသမျှ ခွန်အားတွေကို ဖျစ်ညှစ်ထုတ်ယူ စုဆောင်းကာ ပြောရလျှင် သတ္တမတန်း အောင်ပြီးပြီ။ အဋ္ဌမတန်း၌ ကျရှုံးထားသည်။ အလွတ်ပညာသင်ကျောင်း၌ ဆက်တက်မည်ဆိုလျှင် တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ဖူးပြီဟူ၍ကား ပြောနိုင်ဖွယ်ရာ အကြောင်းရှိပါ၏။ သို့သော် ယင်းပညာ အခြေခံဖြင့် သူဘာလုပ်နိုင်သနည်း။ အသက်မွေးဝမ်းကျောင်းအလုပ်ဆို၍ နကန်း တစ်လုံးမျှ နားလည်သူမဟုတ်သဖြင့် သံတစ်ချက် မရိုက်တတ်၊ တူတစ်ချက် မထုတတ်သော သူလိုလူစားမျိုးသည် တစ်လလျှင် ဝင်ငွေအစိတ်ထက် မပိုသော အလုပ်သင်မျှသာ ဖြစ်ပေလိမ့် မည်။ ရုံး၌ အလုပ်လျှောက်လျှင်လည်း မင်းစေထက် ပို၍ကြီးသော အလုပ်ကို ရဖွယ်အကြောင်း မရှိ။

ဝင်းကြည်၏ စိတ်သည် အလွန်တရာ လေးလံ ထိုင်းမှိုင်းလျက် ရှိလေသည်။ အပြော ကျယ်စွာသော သမုဒ္ဒရာအတွင်း ကမ်းမမြင်လမ်းမမြင် မရပ်နား ကူးခတ်ထားရသည့်အလား၊ မချိတင်ကဲ မောပန်းနွမ်းနယ်လျက်လည်း ရှိသည်။

သူ့အသက်ကလည်း ၂၀ ပြည့်ပေပြီ။

အနှစ် ၂၀ မျှ လူ့ဘဝတွင် လူအဖြစ် နေထိုင် အသက်ရှင်ခဲ့ရသော သူ့ဇာတ်ကြောင်းသည် ရှုပ်ထွေးပွေလီလျက် ရှိလေသည်။ ငယ်ရွယ်စဉ်အခါက အပူအပင် အကြောင့်အကြ ကင်းမဲ့စွာ နေခဲ့ရဖူးသော တစ်ခါတစ်ရံဆိုသည့် ကာလ အပိုင်းအခြားမျိုး ရှိကောင်းရှိပေလိမ့်မည်။ သို့ရာတွင် ရှည်လျားလှသော နှစ်ကာလများ အားလုံးတွင်ကား သူ့ဘဝသည် မနားမနေ လှုပ်ရှားခဲ့ရသော ဘဝ၊ စိတ်ပျက်စရာ၊ အားငယ်စရာ၊ ကြောက်ရွံ့ ထိတ်လန့်စရာ၊ သွေးပျက်စရာ၊ အခဲမကျေစရာ တွေဖြင့်သာ ပြွမ်းတီးသော ဘဝများသာ ဖြစ်သည်။

ရေဆန်၊ လေဆန်တွေချည်းမို့ ဤနှစ်ပေါင်း ၂၀ ဘဝ၏ ခရီးတစ်လျှောက်လုံးမှာ ပင်ပန်း

www.burmeseclassic.com

www.burmeseclassic.com



လှသည်ဟု သူထင်သည်။ ယခု ဤပြင်ပန်းမှုတွေကို ဖြေဖျောက်မည်၊ မေ့ပျောက်လိုက်တော့မည်ဟု ကြိုးစား စမ်းသပ်ကြည့်သည်။ မပြီးမပြတ် တိုးလိုးတန်းလန်း ဖြစ်နေသော ပညာရေးအတွက် ဆက်လက် အားထုတ်မည်လော။ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုတွင် စူးစိုက် နစ်မြုပ်မည်လော။

ဤနှစ်လမ်းအနက် တစ်လမ်းလမ်းကိုသာ သူ ရွေးချယ်ရပေတော့မည်။

တစ်ဖက်တွင် ကျောင်းဆက်နေမည်ဟူသော အတွေး၊ တခြားတစ်ဖက်တွင် အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခု လုပ်တော့မည်ဟူသော အတွေး။

ဤအတွေးနှစ်ရပ်သည် ဝင်းကြည်၏ နှလုံးသားကို မညှာမတာ လှုပ်ကိုင် ဆွဲယမ်းလျက်ရှိလေသည်။ တစ်ချိန်တည်းမှာပင် ဤအတွေးနှစ်ရပ်နှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသော သူ့အနေအထားကိုလည်း သတိရလာသည်။ အိမ်က အထောက်အပံ့မရ။ ထောက်ပံ့ကူညီမည့် ဆွေမျိုးသားချင်း မရှိ။ သို့မို့ကြောင့် လက်ထဲတွင် ပိုက်ဆံမရှိ။ သူ့ကို စောင်မ ကူညီနိုင်မည့် သူ့အားထားလောက်သည့်လူ ဟူ၍လည်း နတ္ထိ။

ဝင်းကြည်က ထိုသို့ တွေးမိပြန်သောအခါ အားငယ်လာသည်။ ဤလောကသည် ကျယ်ဝန်းလှ၏။ သူရောက်ရှိ နေထိုင်ရသော လောကက ကျဉ်းသလောက် သူ့ပတ်ဝန်းကျင်နှင့်သူ လှမ်းမျှော် ကြည့်မိသော အပြင်လောကကား ကျယ်ဝန်းလှပါ၏။ ဆင်ခြေရာ အတွင်းမှ ဖြတ်သူငယ်သည် ဆင်ခြေရာခွက်ကိုပင် အပြောကျယ်စွာသော လောကကြီးပါတကားဟု အထင်ရောက်၏။ ထို့ထက်ပို၍ အတိုင်းမသိ ကျယ်ဝန်းသော အပြင်လောကကို လှမ်းမြင်မိလိုက်သောအခါ တုန်လှုပ်ချောက်ချားလာ၏။ သူ့အတွက် ဤလောကကျယ်ကျယ်ကြီးတွင် အားထားစရာမရှိ။ ခိုတွယ် နားနေစရာမရှိ။ သို့မို့ကြောင့် သူစိတ်ပျက်သည်။ အားငယ်သည်။ ဝမ်းနည်းပက်လက်ဖြစ်ရသည်။

ဤအကြားမှပင် ဆိုးရွားလှသော ကြောက်မက်ဖွယ်အတိတ်သည် မည်းနက်သော အရိပ်ပမာ သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်လံ နှောင့်ယှက်လျက်ရှိနေသေးသည်။ ဤအတိတ်ဆိုးကြီးက သူ့ကို အမြဲထာဝစဉ် ထမင်းလုံးတစ္ဆေ ခြောက်သည်။ ဖမ်းစားသည်။ ခြောက်လှန့်သည်။

ယမ်းခိုး ယမ်းငွေ့တွေ၊ သေနတ်သံတွေ၊ သွေးစိမ်း ရှင်ရှင်တွေ။

အတိတ်မှန်တိုင်းအကြားတွင် သူသည် အားခဲကာ ရပ်နေ၏။ ယိုင်လဲ ပြိုကျမသွားအောင်ရှိသမျှ ခွန်အားတွေကို ဖျစ်ညှစ် စုပုံကာ ကြံ့ကြံ့ခံနေရ၏။ ဤအတိတ်မှန်တိုင်းက ပေးအပ်လိုက်သော ဒဏ်ရာဒဏ်ချက်တွေ၊ နောင်တ တရားတွေကို ပင့်သက် အတန်တန်ချရင်း ပွေ့ပိုက်ထားရသည်။ ဤနောင်တတွေက သူ့ကို ထုထောင်းသည်။ တိုင်းပြည်အတွက် လုပ်ရမည့် ကျေနပ်ပြီးဘာလုပ်ရ လုပ်ရဟူသော စိတ်ကူးကို အစိုင်အခဲ ကြီးကြီးမားမား တည်ဆောက်ကာ အိုးပစ်

www.burmeseclassic.com



အိမ်ပစ်၊ စာသင်ခန်းကို ပစ်ခဲ့သည်။ နောက်ဆုံး၌ ဤစိတ်ကူးဖြင့်ပင် တိုက်ခဲ့၊ ခိုက်ခဲ့၊ သတ်ဖြတ်ခဲ့သည်။ ယခု သူ ဘာဖြစ်သနည်း၊ ဘာရသနည်း။

ပိုက်ဆံမရှိ၊ ပညာမရှိ၊ အခြေအနေမရှိ။ အဆင့်အတန်း မရှိ။ ဤအထပ်ခိုးကလေးတွင် အတူနေနေကြသော သူငယ်ချင်းသုံးယောက်မှအပ အခြား ဘာမျှ သူ့ထံတွင်မရှိ။

မောပန်းနွမ်းနယ်ခြင်း လွန်ကျူးလာလေလျှင် အိပ်မောကျတတ်သည် မဟုတ်လော။ ယခုလည်း ဝင်းကြည်သည် မောပန်းနွမ်းနယ်ခြင်း အတိပြီးသော စိတ်စေတသိက်ကို လျှော့ချလိုက်ကာ အိပ်မောကျသွားလေ၏။

အိပ်ပျော်သွားသလိုလို ရှိသည်ဟု သူ့ကိုယ်သူ ထင်မိသည်။

တကယ်တမ်း အိပ်မောကျ မကျ မသိ။ အိပ်မက်တွေ မက်သည်။ အိပ်မက်များသည် ပိတ်ကားပေါ်၌ ပေါ်လာသော ရုပ်ရှင်ကားလို လှုပ်ရှားနေ၏။ လျင်မြန်၏။ ထင်ရှား ပီပြင်သည်လည်းရှိ၍ မှုန်မွှား ရီဝေသည်လည်း ရှိ၏။ အချို့ကား ကြည်နူး တမ်းတဖွယ်ဖြစ်ပြီး အချို့မှာမူ ကြောက်ရွံ့ အားငယ်ဖွယ် ဖြစ်လေသည်။

ယင်း အိပ်မက်ထဲမှာပင် စင်သီယာ၏ ရုပ်ပုံလွှာသည် ထင်ထင်ရှားရှား ပေါ်လာခဲ့၏။

"စင်သီယာ၊ စင်သီယာ"

စင်သီယာကို သူ တမ်းတသည်။ ရန်ကုန်ရောက်လျှင် စင်သီယာ၏ ရင်ခွင်၌ နားနေရင်း မောပန်းနွမ်းနယ်မှုတွေကို ဖြေဖျောက်လိုက်မည်ဟု တွေးထားခဲ့၏။ ခက်ခဲကြမ်းတမ်းလှသော ခရီးစဉ်တွေအကြောင်းကို စင်သီယာ၏ မွှေးရနံ့ သင်းထုံသော ရင်ခွင်၌ မှေးစက်ရင်း မေ့ပျောက်ဖို့ ကြိုးစားမည်ဟု စိတ်ကူးခဲ့သည်။

ယခု ရန်ကုန်သို့ ရောက်သည်မှာ တစ်လကျော်လေပြီ။

စင်သီယာထံသို့ မရောက်၊ စင်သီယာ ရှိရာသို့မသွား၊ စင်သီယာနှင့် မတွေ့။

အိပ်မက်ထဲမှာ တွေ့ရသော စင်သီယာ၏ လှပဝန်းကြည်သည့် မျက်နှာကို သူ သတိရလာသည်။ စင်သီယာသည် မခူးရက် မနမ်းရက်စရာ ပန်းပွင့်ကလေးသဖွယ် အလှတွေ စုနေပါသေး၏။ သို့သော် စင်သီယာ၏ လှပသော မျက်နှာသည် မုတ်သုံလေထန်သည့် မိုးကောင်းကင်လို မည်းမှောင် မာန်တင်းလျက်ရှိ၏။ တစ်စုံတစ်ခု၌ အလိုမပြည့်ခြင်း၊ မကျေနပ်ခြင်းကြောင့် ခက်ထန်တင်းမာနေသလားလည်း ထင်ရ၏။ အိပ်မက်ထဲက စင်သီယာ့ မျက်နှာအလှသည် သူ့ရင်ကို တုန်လှုပ်ချောက်ချားစေပြန်၏။

သို့မို့ကြောင့်လည်း ဝင်းကြည်သည် အိပ်ရာပေါ်တွင် ပက်လက်လှန်နေရာမှ မထသေးဘဲ အပါးရှိ စာအုပ်များအကြား၌ ညှပ်ထားသော စင်သီယာ၏စာကို လှမ်းယူကာ အလင်းရောင် မှေးမှိန်မှိန်မှာပင် ဖတ်နေမိလိုက်ပြန်သည်။

စင်သီယာက သတိရသောကြောင့် တစ်ကြောင်း၊ ပြောချင်တာတွေကို မျိုသိပ်မထားနိုင်

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် တစ်ကြောင်း ဤစာကို ရေးလိုက်ပါသည်ဟု ဆို၏။ သူ့ဖေဖေ လေဖြတ်၍ ကိုယ်တစ်ပိုင်း သေသွားပြီးနောက် ခက်ခဲသော အိမ်တွင်းရေး အခြေအနေကို ဖြေရှင်းရန်အလို့ငှာ ရုံးတွင် အလုပ်ဝင်လုပ်နေသည်။ ကက်စဘီ အုပ်ချုပ်ရေးကာလ မျက်နှာဖြူတွေနှင့် ရောရောနှောနှော နေခဲ့မိသည်။ မိမိအား စိတ်လိုက်မာန်ပါ ပြောခဲ့ဆိုခဲ့မိသည်။ ယင်းကိစ္စတွေအားလုံးမှာ မခံချင်စိတ်နှင့် ဖွတ်တရွတ် လုပ်မိခဲ့သည့် ကိစ္စတွေသာဖြစ်သဖြင့် နောင်တရသည်။ စိတ်မကောင်းဖြစ်ရသည်။ မိမိက မကျေနပ်၍ အပြစ်ပေးလျှင် ဤအပြစ်ကို သူခံယူမည်။ မိမိ စိတ်တိုင်းကျဖြစ်အောင် နေမည်။ မိမိ လိုချင်သော မိန်းကလေး တစ်ယောက်အဖြစ်သို့ရောက်အောင် ဘာလုပ်ရ လုပ်ရ သူလုပ်မည်။ အတိုက်အခိုက်တွေ၊ ဘေးအန္တရာယ်တွေအကြားတွင် မွေ့လျော်နေသော မိမိနှင့် အမြန်ဆုံး တွေ့လိုသည်။ ဂုဏ်ပကာသနတွေ၊ အလှအပတွေကိုလည်း မမက်မောတော့ပါဟု ဆိုသည်။

စင်သီယာ၏ သေးသွယ်ညီညာသော လက်ရေးကလေးက ဝင်းကြည်ကို မေးခွန်းတွေ ထုတ်ဆင့်လျက်ရှိသည်။ အသနားခံသော မေးခွန်း၊ သံသယပွားသော မေးခွန်း၊ ကရုဏာဒေါသော လွှမ်းသော မေးခွန်းများပေတည်း။

ဝင်းကြည်သည် စာရွက်ကလေးကို ခေါက်ကာ စာအုပ်ကြားတွင် ပြန်ညှပ်ထားလိုက်၏။

မိမိ ရန်ကုန်သို့ရောက်နေကြောင်း စင်သီယာ သိနေပြီဆိုလျှင် အဘယ်သို့ ရှိချိမ့်မည်နည်း။ ရန်ကုန်သို့ ရောက်နေပါလျက် သူ့ထံမလာ၊ သူနှင့် မတွေ့ဘဲ နေခဲ့သောအဖြစ်ကို သိလျှင် စင်သီယာက အဘယ်ပုံ တွေးလိမ့်မည်နည်း။

စင်သီယာထံ သွားမည်ဟု စိတ်တွင်း၌ မဲတင်းကြည့်သည်။ သွားလည်း သွားချင်သည်။ စင်သီယာနှင့် ရေခြားမြေခြား မဟုတ်သဖြင့် သွားလျှင်လည်း လွယ်ကူလှသည်။ သို့သော် ကိုယ့်အခြေအနေနှင့် ကိုယ့်ဘဝကို ပြန်တွေးမိတိုင်း ဘာတစ်ခုမျှ ရေရာ ပြတ်သားခြင်းမရှိသေးသော သူ့ဘဝ သူ့အခြေအနေသည် စင်သီယာ့ထံသို့ သွားတော့မည်ဟူသော သူ့ခြေလှမ်းများကို တံတိုင်းကာကာ ဟန့်တားလျက်ရှိကြသည်။ သို့မို့ကြောင့်လည်း အနေနီးနေပြီ ဖြစ်စေကာမူ စင်သီယာနှင့် သူ့ဘဝသည် ကုန်းလည်းတထွေ၊ ရေလည်းတခြား ဘဝမျိုး၌သာ ရှိနေသေးပါတကားဟုသာ ဝင်းကြည်က တွေးရတော့သည်။

ဗလောင်ဆူကာ ရှုပ်ထွေးနေသော အတွေးများ၏ ထုထောင်းချက်တွေကို မခံနိုင်တော့သည့် အဆုံး သူသည် အိပ်ရာမှ ကြုံးထလိုက်လေတော့၏။

## အခန်း ၄၀

'ဘုံရိပ်သာ' ဂိုဒေါင်အတွင်းမှ ထွက်ကာ စပတ်လမ်းဘက်မှ ကွေ့လျက် ကမ်းနားဘက်သို့ ဆင်း လာခဲ့သောအချိန်တွင် ညနေ ၆ နာရီတိတိ ရှိချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



စောစောကပင် ရောက်လာသော တင်ရွှေသည်လည်း ဂိုဒေါင်၌ ရေမိုးချိုးကာ အရပ်ဝတ် အရပ်စား လဲလျက် ဝင်းကြည်နှင့်အတူ လမ်းလျှောက်ထွက်လာ၏။ စိုးသိမ်းနှင့် မောင်ခန့်ကား ယခုအထိ ပြန်မရောက်ကြသေး။

"စိုးသိမ်း တစ်ခေါက်မှ ပြန်မလာသေးဘူးလား"

"မလာဘူးကွ။ မနက်ကတည်းက ထွက်သွားတာပဲ"

"ကျောင်းကိစ္စလား"

"အေး။ အလွတ်ပညာသင် ကျောင်းတစ်ကျောင်းမှာ သူ သွားစုံစမ်းမတဲ့။ သူကတော့ ဆက်တက်ပြီး မက်ထရစ် ဖြေမှာပဲကွ။ ငါရော မောင်ခန့်ရော တက်ချင်ရင် တက်နိုင်အောင်ပေါ့ ကွာ။ နောက်ပြီး ငါ့အလုပ်ကလေး ဘာလေးအတွက်ပါ သူ စုံစမ်းမယ် ပြောသွားတာပဲ"

"မင်းက အလုပ်လုပ်မလို့လား"

"စိတ်ကူးတာပဲ တင်ရွှေရာ"

"အလွတ်တက်ပြီး မက်ထရစ် ဆက်ဖြေပါဦးလားကွ။ အချိန်ရှိသေးသားပဲ"

"အလုပ်တစ်ခုခုရရင်တော့ ဝင်လုပ်လိုက်မယ်လို့ စိတ်ကူးထားတယ်လေ။ အရေးကြီးတာ က လတ်တလော စားဝတ်နေရေးကွ။ မက်ထရစ်က နောက်ကိစ္စ။ စားစရာမရှိရင် မက်ထရစ် တက်နေလို့လည်း အလကားပဲ"

ပန်းဆိုးတန်း ဆိပ်ကမ်းသည် မီးရောင်များဖြင့် ထိန်လင်း တောက်ပလျက် ရှိလေသည်။ မြစ်လယ်တွင် ရပ်နေကြသည့် ပင်လယ်ကူး သင်္ဘောကြီးများမှာ ကမ္ဘာဦးခေတ်ကာလက သတ္တဝါ ကြီးများနှင့်ပင် တူနေသည်။ လျှပ်စစ်မီး အင်ဂျင်စက် ခုတ်မောင်းသံ၊ ရေနွေးမှုတ်ထုတ်သံတွေမှာ မြစ်ဖက်မှသည် ကမ်းဖက်သို့ ပြေးလွှား ရောက်ရှိလာကြသည်။

သင်္ဘောကြီးများ၌ ထွန်းညှိထားကြသော မီးရောင်တို့ဖြင့် ရန်ကုန်မြစ်ရေပြင်သည် တလက် လက် တောက်ပနေ၏။ သီလဝါဘက်မှ တိုက်ခတ်လာဟန်တူသော ဆောင်းလေကား စူးရှသော အအေးဓာတ်ကို ဆောင်ကြဉ်းလျက် မဖောနိုင် မပန်းနိုင် တိုးဝင် တိုက်ခတ်ဆဲ ဖြစ်သည်။ ဆိပ်ကမ်း တစ်လျှောက်တွင် လေညင်းခံသူများ၊ အညောင်းပြေ အညာပြေ လမ်းလျှောက်သူများ၊ ပြောင်လက် တောက်ပသော ကားများဖြင့် ရှုပ်ထွေးလျက်ရှိသည်။

ဝင်းကြည်နှင့် တင်ရွှေသည် ပန်းဆိုးတန်း ဆိပ်ကမ်း၏ အောက်ဘက် ထောင့်စွန်တစ်နေရာ ၌ ဝင်ထိုင်လိုက်ကြသည်။ အမှောင်ရိပ်လွှမ်းသော ညဦးယံဖြစ်သော်လည်း လျှပ်စစ်မီးပွင့်များနှင့် ရေပြင်မှ ရောင်ပြန် အလင်းများကြောင့် အမှောင်နှင့် အလင်းတို့သည် နေရာတကာတွင် ကြီးစိုး မင်းမူရန် ယှဉ်ပြိုင်လျက် ရှိကြသည်။ သို့မို့ကြောင့်လည်း လင်းသောနေရာတွင် လင်းလေ၊ မှောင်သည့် နေရာတို့၌ မှောင်နေလေ၏။

"စားရေးနေရေး ကိစ္စကို မင်း ဒီလောက် ပူမနေစေချင်ဘူးကွာ။ ငါတို့ ရှိသေးပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



တင်ရွှေက ထိုသို့ပြောကာ စီးကရက်တစ်လိပ်ကို မီးညှိ ဖွာရှူလျက် ရှိသည်။ ဝင်းကြည်ကို စီးကရက်ပေးသော်လည်း ဝင်းကြည်က မသောက်။

တင်ရွှေ၏ အားပေးစကားကိုသာ အနုလုံ ပဋိလုံ ပြန်စဉ်းစားနေမိသည်။ တကယ်ဆိုရလျှင် တင်ရွှေသည် သူ့ကို ဝတ်ကျေတမ်းကျေ ပြောနေခြင်း မဟုတ်ကြောင်း ဝင်းကြည် အသိဆုံး ဖြစ်ပေသည်။ တစ်ယောက်နှင့် တစ်ယောက် မည်မျှသော အတိုင်းအတာအထိ ရင်းနှီးခင်မင်ကြသည်ကိုလည်း ဝင်းကြည် ကောင်းစွာ နားလည်သည်။ တင်ရွှေသာမက စိုးသိမ်းနှင့် မောင်ခန့်တို့ကလည်း မိမိအပေါ်၌ အလားတူ သဘောထားမျိုး ရှိနေသည်ကိုပါ သဘောပေါက်ပြီး ဖြစ်သည်။ သို့မို့ကြောင့်လည်း ဝင်းကြည်၏ ရင်တွင်း၌ ဝမ်းသာဝမ်းနည်း ဖြစ်ရသည်။ သူငယ်ချင်း မိတ်ဆွေတွေ၏ ကြင်နာမှုကို ခံရသောအခါ ကြေကွဲခြင်း ဖြစ်ရသည်။ သို့ရာတွင် ဤသူငယ်ချင်း မိတ်ဆွေတွေ၏ စေတနာကို ခံယူရလေလေ သူ့ကိုယ်သူ ရှက်လေလေ၊ ဝမ်းနည်းလေလေ ဖြစ်ရပြန်သည်။

ဝင်းကြည်က သက်ပြင်းချသည်။

"ငါ့အတွက် မင်းတို့ အခုလောက် ဒုက္ခရောက်ရတာနဲ့ပဲ တော်လောက်ပြီ ထင်တယ် တင်ရွှေ။ ရှေ့ရေးနဲ့ ပတ်သက်လို့ ငါသိပ် ရှည်ရှည်ဝေးဝေးကြီး မစဉ်းစားချင်တော့ဘူး။ စဉ်းစားဖို့ အချိန်လည်း သိပ်မရှိတော့ဘူး။ တစ်ခုခုကို ယတိပြတ် ပိုင်းဖြတ်ပြီး လုပ်လိုက်တာ အကောင်းဆုံး ဖြစ်မှာပဲ။ အိမ်မှာလည်း ငါဒီအတိုင်း ပြောခဲ့ပြီ မဟုတ်လား"

တင်ရွှေသည် ငြိမ်နေ၏။

"အခုအထိ ငါလုပ်လာမိခဲ့တဲ့ လုပ်ငန်းတွေကို ငါ့ဘာသာ ပြန်စဉ်းစားလို့ကို မပြီးနိုင်သေးဘူး ဖြစ်နေတယ်။ ပြန်ဆေဖန်ကြည့်နေတယ် ဆိုပါတော့ကွာ။ တကယ်ဆိုတော့ ငါဟာ ဘာတစ်ခုမှ ရေရေရာရာ မရှိခဲ့ဘူး။ မလုပ်ခဲ့ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာမှာ ငါ ဒီအတိုင်း အချိန်ကုန်ခဲ့တယ်။ အဲဒါ ငါရတဲ့ အဖြေပဲ"

"ဒါတွေကို မင်း မေ့ပစ်ဖို့သင့်နေပြီ"

တင်ရွှေ စကားသည် မှန်လှချေ၏။ အဖြစ်အပျက်တွေ၊ အကြောင်းခြင်းရာတွေကို ကြိုးစား မေ့ပျောက်ပစ်ခြင်းသာလျှင် ဝင်းကြည်အတွက် အကောင်းဆုံးသော ကုစားခြင်းမျိုး ဖြစ်ပေလိမ့်မည်။

လေသည် အေးမြနေဆဲသာ ဖြစ်၏။ ရန်ကုန်မြို့၏ ညဦးယံကား နှပျိုသော အသွင်ကို ဆောင်လျက်ပင် ရှိနေသေးသည်။

ဝင်းကြည်က တစ်စုံတစ်ရာ ပြန်ပြောမည်အပြု သူတို့အပေါ်တွင် ရုတ်တရက် ထိုးရပ်လိုက်သော ဆလွန်းကား တစ်စီးကြောင့် ပြောအံ့ဆဲဆဲ စကားကို မပြောဖြစ်သေးဘဲ နှစ်ယောက်စလုံး ဤဆလွန်းကားဆီသို့ စူးစိုက် ကြည့်မိကြသည်။

အနက်ရောင် ဆလွန်းကားသည် သူတို့နှင့် လေးငါးကိုက်အကွာတွင် ထိုးရပ်လာခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဆိုပါ ကားတွင်းမှ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် ဆင်းလာကြကာ ကမ်းစပ်ဘက်သို့ မျက်နှာမူရင်း တစ်ယောက်ခါးကို တစ်ယောက် ဖက်ထားကြသည်။ ယောကျ်ားမှာ အသက် အတန်ငယ် ကြီးပုံရသည်။ ဤစုံတွဲသည် လေးငါးကိုက်အကွာ အမှောင်ရိပ်အတွင်း၌ ငြိမ်သက်စွာ ထိုင်နေကြသည့် ဝင်းကြည်နှင့် တင်ရွှေကို မမြင်။

တစ်ယောက်ခါးကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားကြသည်။ တစ်ယောက်နှင့် တစ်ယောက် အလွန်တရာ ချစ်ခင်ယုယဟန် တူသည်။ သေးသွယ် ကျစ်လျစ်သော မိန်းမရွယ်၏ ခါးကို အားပါးတရ ဖက်ထားရခြင်းမှုဖြင့် မတင်းတိမ်နိုင်ဟန်တူသော ယောကျ်ားက မိန်းမရွယ်၏ ပါးပြင်ကို နမ်းရန်အတွက် မိန်းမရွယ်၏ မေးစေ့မှ ကိုင်ကာ မျက်နှာကို သူ့ဘက်သို့ ဖြည်းညင်းစွာ ဆွဲလှည့်လိုက်သည်။

ဝင်းကြည်သည် မီးရောင် တစ်ဝက်တစ်ပျက်အတွင်း မိမိဘက်သို့ လှည့်နေသော မိန်းမရွယ်၏ မျက်နှာကို စေ့စေ့စိုက်စိုက် ကြည့်ရင်း ကြက်သေ သေနေ၏။ သူ့ပါးစပ်မှာ ဟင်းလင်း ပွင့်နေ၏။

"ဟာ၊ စင်သီယာ"

သူ့နှုတ်ဖျားက ထွက်လုမခန်း ဖြစ်နေသော ဤစကားလုံးများသည် လည်ချောင်းအတွင်းသို့ ပူလောင်လှသည့် မီးကျီး မီးခဲပမာ ပြန်လည် ကျဆင်းသွားလေ၏။

တင်ရွှေကလည်း အံ့အားသင့်နေရာမှ သတိဆည်ကာ ဝင်းကြည်၏ လက်မောင်းကို ဆွဲကိုင်ထားလိုက်သည်။

မှန်၏။ မိန်းမရွယ်ကား စင်သီယာတည်း။

ဝင်းကြည်သည် အစိုးအလျှံတွေ တဟုန်းဟုန်း တောက်လောင်နေသော မျက်လုံးအစုံဖြင့် အဆိုပါ အပွေ့ခံ၊ အနမ်းခံ မိန်းမရွယ်ကို ကြည့်နေမိ၏။ ကော့ပျံသော မျက်တောင်၊ ကွေးညွှတ်သော မျက်ခုံး၊ ပါးလျလျ နှုတ်ခမ်း။ စင်သီယာမှ စင်သီယာ အစစ်။

လျှပ်တစ်ပြက်အတွင်း အနမ်းသည် ပြီးဆုံးသွား၏။ သူတို့နှစ်ယောက် တစ်ယောက်ခါး တစ်ယောက် ဖက်ပြန်ကာ ရပ်ထားသော ကားပေါ်သို့ တက်သွားကြလေပြီ။

ဝင်းကြည်ကား ခြေတွေလက်တွေ တဆတ်ဆတ် တုန်နေသည်။ ရင်ခုန်နေသည်။ အသက်ရှူ မြန်နေသည်။ ရင်တွင်း၌ ထုတ်အန် ဖွင့်ချလိုလှပြီဖြစ်သော စကားလုံးများနှင့် ဝေဒနာများ လုံးထွေး သတ်ပုတ်နေကြသည်။ ဤနေရာ၊ ဤအချိန်၊ ဤအဖြစ်မျိုးဖြင့် စင်သီယာနှင့် ပက်ပင်း တိုးနေရခြင်းအတွက် ကာယကံရှင်မှာ မိမိ မဟုတ်စေကာမူ တင်ရွှေ့ရှေ့မှောက်၌ ခိုးထုပ်ခိုးထည် နှင့် အမိခံနေရသူပမာ ရှက်လည်းရှက် ဒေါသလည်း ထွက်နေသည်။

ဝင်းကြည်သည် မြန်းခနဲ ထိုင်ရာမှ ထလိုက်၏။ ကားသည် ဝူးခနဲ အသံမြည်ကာ မောင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွား၏။ စက်ကုန်ဖွင့်၍ ထွက်သွားသော ကားသံသည် မှောင်ရိပ်အတွင်း၌ ဒေါသမီးတောင် ပေါက်ကွဲကာ ကျန်ရစ်နေသည့် ဝင်းကြည်ကို မထိတရိ လှောင်ပြောင်သွားလေ၏။

"စင်သီယာ၊ စင်သီယာ၊ ဟင်"

အဓိပ္ပာယ်ဟူ၍ မည်မည်ရရ မရှိသော စကားလုံးတွေကို သူ့ရူးပမာ ရေရွတ်ကာ ဝင်းကြည် သည် တင်ရွှေ့အပါးမှနေ၍ ကမ်းစပ်အင်္ဂတေ ပေါင်ပေါ်တွင် သွားရပ်နေမိသည်။ လက်သီးတွေ ကို ဆုပ်ကာ အံကြိတ်ထားသည်။ ဦးခေါင်းကား ကမ်းစပ်ရေပြင်ဆီသို့သာ စူးစိုက်၍ ငုံ့ထား လျက်သား ရှိနေသည်။

တင်ရွှေက သူ့အနားသို့ ရောက်လာသည်။

"စင်သီယာ၊ စင်သီယာ၊ စင်သီယာ ဟုတ်တယ်နော် တင်ရွှေ"

သူက ကလေးငယ်သဖွယ် မေးမိသည်။ တင်ရွှေသည် ဖြည်းညင်းစွာ ခေါင်းညိတ်လိုက် ၏။

"ဟုတ်တယ် သူငယ်ချင်း၊ စင်သီယာပဲ။ ဆောရီးပဲကွာ။ မင်းအတွက် ငါ စိတ်မကောင်း ဘူး"

တင်ရွှေက သူ့သူငယ်ချင်း၏ လက်သီးကို ဆုပ်ကိုင်ကာ ဖေးမသည်။ ဝင်းကြည်၏ လက်သီးဆုပ်သည် ပြေကျသွား၏။

"ကဲ၊ အခုလောက်ရှိမှတော့ မထူးဘူးကွာ။ မင်းစိတ်တင်းပြီးတော့သာ နားထောင် သူငယ်ချင်းရာ ငါပြောပြမယ်၊ စင်သီယာ့ အကြောင်းကို မင်း ရန်ကုန်ရောက်စကတည်းက ပြောချင် ပဲ။ ဒါပေမဲ့ ငါတို့အားလုံးက မပြောဘဲနေဖို့ သဘောတူထားကြတယ်။ မင်း စိတ်ထိခိုက်မှာစိုးလို့ ပါကွာ"

"ပြောစမ်းပါကွာ၊ ငါစိတ်တင်းပါတယ်။ စိတ်မထိခိုက်တော့ပါဘူး။ ပိုထူးပြီး ထိခိုက်စရာ လည်း မလိုတော့ပါဘူး"

ဝင်းကြည်၏ အသံသည် ကွဲအက်နေ၏။ ခြောက်သွေ့သော လည်ချောင်းကို ဖြတ်သန်း လာရသည့်အသံ၊ အားတင်းထားသည့်အသံသာ ဖြစ်၏။

တင်ရွှေက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှုပြန်သည်။ စီးကရက် မီးခိုးများသည် အမှောင်ထု အတွင်းသို့ ဝေ့ကာ လည်ကာ တိုးဝင် ပျောက်ကွယ်သွားကြလေသည်။

"အခုနကဟာ စင်သီယာအစစ်ပဲ သူငယ်ချင်း၊ အစစ်ပဲ။ သူ့အကြောင်းကို တို့သိနေတာ ကြာပြီ။ ဒါပေမဲ့ မင်းကို မပြောခဲ့ဘူး။ ရန်ကုန်ကို မင်းရောက်လာတော့လည်း တို့သိပါရက်သားနဲ့ မင်းကို မပြောဘူး။ ဘာ့ကြောင့် မပြောသလဲ ဆိုတာကတော့ သူ့အကြောင်းတွေကို မင်းမသိဘဲ နေမှာ မဟုတ်ဘူး။ တစ်နေ့နေ့မှာ သိလာမှာပဲ။ အဲဒီတော့ မအူပင်ကနေ ပြဿနာတွေ တစ်ပုံ တစ်ခေါင်းကြီးနဲ့ လာရတဲ့မင်းကို တွေ့တွေ့ချင်း ရင်ဝဆီးကန်သလို ဖြစ်နေမယ့်ကိစ္စမို့ လောလော

www.burmeseclassic.com



လတ်လတ် မပြောဘဲနေသေးတာ ကောင်းတယ်လို့ တို့သုံးယောက် တိုင်ပင်ထားကြတာပဲ။ အခု တော့ ဒီလိုအဖြစ်မျိုးကို မင်းကိုယ်တိုင် တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပြီမို့ ငါပြောတော့မယ်"

ဝင်းကြည်က ငြိမ်နေ၏။

"ဒီလိုကွာ၊ စင်သီယာ ပင်စီ အိမ်ထောင်ကျသွားပြီး သူ့အဖေ လေဖြတ်သွားချိန်က တော်တော်လေး စိတ်ကျသွားပုံ ရတယ်ကွ။ အနေအထိုင် အဝတ်အစားကအစ အစစအရာရာ ပြောစရာ မရှိအောင် သူ့ကိုယ်သူ ပြုပြင်တယ်။ ပို့ကော်မရှင်နာရုံးမှာ အလုပ်ဝင်လုပ်တော့လည်း ဒီအတိုင်းပါပဲ။ ဘာမှ ပြောစရာ မရှိဘူး။ တို့က သူ့အဖေနဲ့ သိပ်မျက်နှာချင်းမဆိုင်ချင်ကြလို့ သူတို့အိမ်ကိုသာ မရောက်တာ။စင်သီယာ့ သတင်းကိုတော့ နားစွင့်ခဲ့ကြတယ်။ မင်းနဲ့ စင်သီယာရဲ့ အနေအထားကို သိနေတာက တစ်ကြောင်း၊ ဘာပဲဖြစ်ဖြစ် တစ်တန်းထဲ အတူနေခဲ့ကြတဲ့ ငယ်သူငယ်ချင်းပါလားဆိုတဲ့ သံယောဇဉ်ကြောင့်လည်း တစ်ကြောင်းပေါ့ကွာ။ နောက်တော့ ပို့ကော်မရှင်နာရုံးကနေပြီး ကုမ္ပဏီတစ်ခုမှာ ပြောင်းလုပ်တယ်ကွ။ အဲဒီအချိန်ကစပြီး လုလုကြီး ဒုက္ခရောက်တော့တာပဲ။ ရာထူးအရ၊ ငွေကြေးအရ ဒီလို မိန်းကလေး လှလှချောချောကလေးတွေကို မလွတ်တမ်း စားချင် သောက်ချင်နေကြတဲ့ သူဌေးတွေ၊ အရာရှိကြီးတွေ ဝိုင်းဝိုင်းလည်နေတဲ့ လောကမှာ စင်သီယာဟာ ခံနိုင်ရည်မရှိရှာတော့ဘူးနဲ့ တူပါတယ်ကွာ။ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲ ဖြစ်တော့တာပဲ။ အဲဒီလို လူကုံထံတွေနဲ့တွဲပြီး ဟိုတယ်တက်တယ်၊ ဒန့်စ် သွားတယ်။ ငါ အမ်ပီအဖြစ် တာဝန်ကျလို့ ဟိုတယ်တွေကို ခဏခဏ ဝင်ဝင်စစ်တိုင်း တစ်ခါမဟုတ် တစ်ခါ စင်သီယာနဲ့ တိုးနေရတာချည်းပဲ"

"အဲဒီလိုအခါမျိုးမှာ ငါ့ကိုမြင်ရင် သူ ရှက်ရှာမယ်ဆိုပြီး ငါ ဘယ်တော့မှ အတွေ့မခံဘူး။ ငါက ရှောင်ခဲ့တာချည်းပဲ။ စင်သီယာဟာ ဒီလိုနဲ့ အခုတော့ လူတစ်ယောက်ရဲ့ တိတ်တိတ်ပုန်း နောက်မယား ဖြစ်နေတာပဲ သူငယ်ချင်းရာ။ ဒါတွေကို"

"မယားငယ် ဆိုပါတော့ တင်ရွှေရာ"

"ဟုတ်တယ် ဝင်းကြည်၊ ဟုတ်တယ်။ မယားငယ်ပဲ။ ခုနလူရဲ့ မယားငယ်ပဲ။ အဲဒီလူက အင်ပို့ အိတ်စပို့ သူဌေးကွ။ စင်သီယာကို အဲ့ဒီလူ တွဲနေတာကြာပြီ။ စင်သီယာ ဒီလိုဖြစ်ရတာနဲ့ ပတ်သက်ပြီး တို့တစ်တွေ စိတ်မကောင်းကြဘူး။ ဘာလုပ်ရင် ကောင်းမလဲဆိုတာ တိုင်ပင်ကြတယ်။ သူ့ဆီကိုသွားပြီး တားကြဆီးကြမလား။ သူ သွားနေတဲ့လမ်းကို ပိတ်ဆို့ကြမလား။ သူ့အဖေနဲ့ အဒေါ်ကိုပဲ သွားဖွင့်ပြောလိုက်ရ ကောင်းမလား။ အဲဒီလို နည်းလမ်းအကုန် စဉ်းစားကြတာပေါ့ကွာ။ ဒါပေမဲ့ တို့ရဲ့ အကြံအစည်အားလုံးကို တို့ လက်လျှော့လိုက်ရတယ်ကွ ဝင်းကြည်ရ၊ ဘာဖြစ်လို့လဲ သိလား"

ဝင်းကြည်သည် အောက်နှုတ်ခမ်းကို ကိုက်ထားရင်း နားစွင့်နေ၏။ အသက်ရှူနေသည်

www.burmeseclassic.com

www.burmeseclassic.com



မှန်သော်လည်းသူ့တွင် အသက်မရှိ။ ခန္ဓာရုပ်ဒြပ်ကြီး ရှိနေသည်မှန်သော်လည်း သူ့တွင် ခန္ဓာကိုယ်ဆိုတာ မရှိ။

တင်ရွှေက စီးကရက်ကို နာနာဖွာရင်း စကားဆက်ပြန်သည်။ သူ့အသံမှာလည်း တိမ်ကျနေသည်။

"သေသေချာချာ တို့လိုက်စုံစမ်းတော့ စင်သီယာ ဒီလိုဖြစ်ရတဲ့ အဓိကတရားခံက သူ့အဒေါ်ဖြစ်နေတာကိုးကွ။ သူ့အဒေါ်ကို မင်းသိမှာ မဟုတ်ဘူး။ တို့လည်း အစက မသိခဲ့ဘူး။ ဒီမိန်းမကြီးကခေတ်ဆန်တယ်၊ ငွေမက်တယ်၊ ကားမက်တယ်၊ ဂုဏ်ပကာသနမှန်သမျှကို မက်တယ်။အဘိုးကြီးရဲ့စီးပွားရေး အခြေအနေ ပျက်ယွင်းလာတာကိုတွေ့တော့ လူကုံထံ အသိုင်းအဝိုင်းက ထွက်ရချည်ရဲ့၊ သူတို့ အဆင့်နိမ့်ရချည်ရဲ့ဆိုပြီး စင်သီယာကို ဒီလို အဖြစ်မျိုးရောက်အောင် တွန်းပို့ခဲ့တာပဲ။ ဒီတော့ စင်သီယာဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိုက်တယ်ဆိုပြီး လူကြီးဖြစ်တဲ့ အဒေါ်ကို သွားတိုင်လို့ကော တို့အတွက် ဘာအရာရောက်တော့မလဲ။ အဲဒါ အဖြစ်မှန်ပဲ သူငယ်ချင်း။

"မင်း ရန်ကုန်ကိုရောက်ရောက်ချင်း စင်သီယာနဲ့ သွားမတွေ့ဘူးလားလို့ ငါက မေးခဲ့တယ်နော်။ ဒါဟာ မင်းသဘောထားကို သိချင်လို့ မေးတာပဲကွ။ အဲဒီအချိန်က မင်းက မတွေ့ချင်ဘူးလို့ ပြန်ပြောခဲ့တယ်။ တကယ်လို့ မင်းသွားတွေ့မယ်ဆိုရင် တို့က အဲဒီအချိန်ကတည်းက မင်းကို တားရတော့မှာပဲ။ ကဲ အဲဒါတွေဟာ အခု မင်းကို မပြောမဖြစ်တော့တဲ့ အကြောင်းတွေမို့ ပြောရတာပဲ သူငယ်ချင်း။ စိတ်ထဲမှာ ဘာမှထိခိုက်တာတွေ ဘာတွေ ဖြစ်မနေနဲ့တော့။ စင်သီယာကိုလည်း အပြစ်တင်မနေနဲ့တော့။ ဖြစ်တာတွေ ဖြစ်ကုန်ပြီ။ ပြီးတာ ပြီးပြီ။ ဘာမှ မတတ်နိုင်တော့ဘူး"

တင်ရွှေက သက်ပြင်းချသံနှင့်အတူ သူ့စကားကို အဆုံးသတ်သည်။

ဝင်းကြည်သည် တစ်ခွန်းတလေမျှသော စကားကို မဆို။ အင်းမလုပ်၊ အဲမလုပ်။ အာဏေထည့်ထားခြင်း ခံရသူပမာ ရေငုံနှုတ်ပိတ်လျက်ရှိ၏။

ဝင်းကြည်၏ မျက်စိအစုံသည် မီးရောင်များ တွန့်ရွှံ့ ခုန်ပျံနေသည့် ရန်ကုန်မြစ်တွင်းသို့ ရူးစိုက်နေ၏။ အလင်းတစ်ဝက်၊ အမှောင်တစ်ဝက် လုနေသော မြစ်ရေပြင်ကို မမြင်၊ တရှူးရှူးတရှဲရှဲ အော်မြည်နေသည့် ပင်လယ်ကူးသင်္ဘောကြီးတွေကို မတွေ့။ သွားလာခုတ်မောင်းနေကြသေးသော မော်တော်ငယ်၊ သင်္ဘောငယ်တွေကိုလည်း သတိမထား။ များပြားလှစွာသော စင်သီယာ၏ရုပ်ပုံလွှာတွေကိုသာ မြင်နေမိသည်။ စင်သီယာ၏ မျက်နှာ၊ စင်သီယာ၏ ဝိညာဉ်နှင့် စင်သီယာ၏စကားသံတွေကိုသာ မြင်ယောင် ကြားယောင်နေမိသည်။ သူ့စိတ်အာရုံအတွင်း၌ စင်သီယာ အသိမ်းအသောင်းကို တွေ့နေမိသည်။ အချို့က သူ့ကို မျက်ရည်အတိပြီးသော မျက်လုံးများဖြင့် ကြည့်သည်။ အချို့က သူ့ကို နှုတ်ခမ်းလန်ပန်းလန် ရန်တွေ့သည်။ အချို့က သူ့ကို မထေ့တထေ့ နေ့တော်ပြောင်သရော်သည်။ အချို့က ဒေါသမာန် ပြင်းသလောက် အချို့က ကျို့ရှိုက အသနားခံသည်။

"အေးလာပြီကွာ။ သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



တင်ရွှေ၏ ခေါသံ ကြားရသည်။ သို့သော် ဝင်းကြည်က မလှုပ်။

မိနစ်ပိုင်းအတွင်း သူ ဖြုန်းစားကြီး တွေ့လိုက်ရသော ရှခင်းသည် သူ့နှလုံးသားကို ချွန်ထက်သော လှံသွားဖြင့် နင့်ခနဲနေအောင် မညှာမတာ ထိုးစိုက်ချခဲ့၏။ သူ့ရင်တွင်း၌ နာကျင်နေသည်။ သူ့မျက်လုံးအစုံတွင် ရီဝေနေသည်။

"ရက်စက်တယ်ကွာ"

ဝင်းကြည်က ဤစကားလေးလုံးကိုသာ အားယူ၍ ပြောနိုင်သည်။

မှန်၏။ ဝင်းကြည် မျက်ဝါးထင်ထင် တွေ့လိုက်ရသော အဖြစ်အပျက်သည် တိုတောင်းသော အချိန်ကာလနှင့် မကိုက်ညီလောက်အောင် အဆမတန် ရက်စက်လေသည်။ လူကုံထံ ဆိုသူက ရက်စက်သလော၊ လူကုံထံ ဖြစ်ချင်လွန်း၍ လူကုံထံ၏ မယားငယ် ဖြစ်နေသော စင်သီယာက ရက်စက်သလော၊ သူ မတို့ရက် မနမ်းရက်ခဲ့သော ပါးပြင်က ရက်စက်သလော၊ ဘာတွေက ရက်စက်မှန်းတော့ မသိ။ ရက်စက်သည်မှာတော့ အမှန်ပင် ဖြစ်လေသည်။

"အေးကွာ အဖြစ်အပျက်အမှန်ကို မင်း သိပြီပဲ။ ဘာမှ ဝမ်းနည်းမနေပါနဲ့တော့ သူငယ်ချင်းရာ"

"ငါ ဝမ်းမနည်းဘူး တင်ရွှေ၊ ဝမ်းနည်းဘူး။ ဒေါသဖြစ်တယ်။ တစ်ခါတစ်ခါ လူဆိုတဲ့ သတ္တဝါတွေဟာ လမ်းကြိုလမ်းကြားက တိရစ္ဆာန်တစ်ကောင်လောက်တောင် အစဉ်းစားဉာဏ် မရှိကြဘူး။ အဲဒါကို ငါ ဒေါသဖြစ်တယ်။ မင်း ပြောတာတွေကို ငါ နားလည်တယ်၊ သဘောပေါက်တယ်။ ငါ ဝမ်းမနည်းပါဘူး သူငယ်ချင်း။ ဒါ့ထက် ဝမ်းနည်းစရာ အဖြစ်အပျက်တွေကြားမှာ ငါ နှစ်ပေါင်းများစွာ နေလာပြီပဲကွာ"

"အေးလေ ဒါ့ကြောင့် ငါ ပြောတာပေါ့။ ဖြစ်ရမယ့် ကိစ္စတစ်ခုဟာ ဖြစ်ရမှာပဲ၊ ရှောင်လွှဲလို့ မရဘူး။ လာကွာ၊ အေးလာပြီ၊ ပြန်ကြစို့။ ဟိုကောင်တွေ ပြန်ရောက်ရောပေါ့"

"ငါ မပြန်ဘူး"

ဝင်းကြည်၏စကားကို တင်ရွှေသည် အံ့သြရပြန်၏။

"မင်း ဝမ်းမနည်းဘူး၊ စိတ်မထိခိုက်ဘူးဆို"

"ဟုတ်တယ်"

"ဒါဖြင့် ပြန်မယ်လေကွာ"

"ဟာအေး၊ မပြန်ဘူး၊ ငါ မပြန်ချင်ဘူး။ မင်း ပြန်နှင့်ကွာ။ နောက်မှ ငါ ပြန်ချင်ရင်လည်း ပြန်လာခဲ့မယ်"

"မင်း ဘယ်သွားမှာလဲ"

"မသိဘူး"

"ဟာကွာ၊ မင်း ဒီလိုမလုပ်နဲ့။ ငါ စိတ်မကောင်းဘူး ဝင်းကြည်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှမဖြစ်ပါဘူး တင်ရွှေ။ ငါ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်လို့ပါ။ ဘာမှလည်း မဖြစ်ဘူး။ ငါ ဘာမှလည်း မလုပ်ဘူး။ ဒါလောက်ဆို မင်း ယုံရောပေါ့"

"မင်းကို ယုံပါတယ် သူငယ်ချင်းရာ။ ဒါပေမဲ့ မင်း တစ်ယောက်တည်းတော့ မနေခဲ့ရဘူး။ မင်း မပြန်လို့ နေချင်ရင်လည်းနေကွာ၊ ငါလည်း မင်းနဲ့အတူနေမယ်။ တောက်၊ ဒီသောက်ကိစ္စကလည်း ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ် ဖြစ်လွန်းတယ်ကွာ"

တင်ရွှေက တက်ခေါက်ရင်း ညည်းတွားလေသည်။ ညသည် နက်ရှိုင်းလာ၏။ လူအသွား အလာပင် ရှဲသွားလေပြီ။ အအေးဓာတ်လည်း ပိုမို ထန်ပြင်းလာလေပြီ။

ဝင်းကြည်က နက်ရှိုင်းလာပြီဖြစ်သော ညကို သတိမထားမိ။ ပြင်းထန်စပြုလာသည့် အအေးဓာတ်ကိုလည်း ဥပေက္ခာပြုထားသည်။ သူ့ရင်တွင်းက အတွေးသည် ညအမှောင်ထက် ပို၍ နက်ရှိုင်းလျက်ရှိသည်။ အအေးဓာတ်က ထွေးပက်ခြင်း မပြုနိုင်လောက်အောင် သူ့ရင်တွင်းမီးကလည်း ပူလောင်လျက်ရှိသည်။

"မင်း ဒီလောက်အထိ စိတ်ထိခိုက်ရတယ်ဆိုရင်တော့ ငါ ပြောမိတာတွေအတွက် စိတ်မကောင်းဘူး ဝင်းကြည်ရာ"

"စိတ်မထိခိုက်ဘူးလို့ ငါ ပြောပြီးပြီပဲ"

"စိတ်မထိခိုက်ရင် မင်း ဘာဖြစ်နေတာလဲ၊ ကဲ"

"ငါ ဒေါသဖြစ်တယ်"

"မင်း ဘာကို ဒေါသဖြစ်တာလဲ။ ပြောစမ်းပါဦး ဝင်းကြည်။ ဘယ်သူ့ကို မင်း ဒေါသဖြစ်သလဲ"

"အားလုံး၊ လူတွေ အုန်လုံး။ ဟောဒီလောကကြီးတစ်ခုလုံးကို ငါ ဒေါသဖြစ်တယ်။ လောကကြီးဟာ ငါလို လူသားဆိုရင် ကြိုက်ရာလက်နက်နဲ့ တစ်ယောက်ချင်း ချဖို့ ငါ စိန်ခေါ်မိမှာပဲ။ အဲဒီလောက်တောင် ငါ ဒေါသ ဖြစ်နေတယ်"

"ကွာ၊ မင်းကလည်း ဒါတွေကို သွေးပူပူ မစဉ်းစားစမ်းပါနဲ့။ ခေါင်းအေးအေး ထားစမ်းပါ သူငယ်ချင်းရာ။ လာ ပြန်ကြရအောင်။ နောက် ခေါင်းအေးအေးနဲ့ စဉ်းစားပြီးတဲ့အခါကျတော့ မင်း ကြိုက်ရာလုပ်၊ မင်းနဲ့ ငါ အတူလုပ်မယ်၊ မင်းနဲ့ အတူတူခံမယ် ဟုတ်လား။ မင်း ဒီတစ်ခါမှာ ငါ့စကားကို နားထောင်ကွာ။ မင်းကို ငါ တောင်းပန်ပါတယ် သူငယ်ချင်းရာ ပြန်ကြရအောင်"

ဝင်းကြည်သည် တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်း မပြု၊ ငြင်းဆန်ခြင်းလည်း မပြုတော့ဘဲ တင်ရွှေ ခေါ်ရာသို့ လိုက်လာခဲ့၏။

ပန်းဆိုးတန်း ဆိပ်ကမ်း၏ အလှအပသည် အမှောင်ရိပ်များ၊ အမည်းကွက်များအကြား၌ တိတ်ဆိတ်စွာ အိပ်စက်လေပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



"ထမင်း စားကြကွာ၊ တို့တော့ စားပြီးပြီ။ မင်းတို့စောင့်နေတာ မလာနိုင်တာနဲ့ စာလိုက်ကြတယ်။ ဟောဟိုမှာ ထမင်းကြော် ၂ ထုပ်၊ အသားကင်လည်း ရှိတယ်"

ဂိုဒေါင်အတွင်း၌ လေးဆယ်အား လျှပ်စစ်မီးတစ်ပွင့်တည်းသာ မနိုင့်တနိုင် လင်းလျက်ရှိသည်။ နောက်ဖေးလမ်းကြားမှ ရေကျသံကို ကြားနေရသည်။ လမ်း ၄၀ သည်လည်း မကြာမီ မကြာမီ အိပ်မောကျပေရွှေ့မည်။ မောင်ဂိုမာရီ လမ်းမကြီးဘက်ဆီမှ ကားသံအချို့ကို ကြားရတတ်သည်။

မောင်ခန့်သည် ရေချိုးနေ၏။ စိုးသိမ်းက ထမင်းကြော်ထုပ်ကလေးများ ချထားရာသို့ ညွှန်ပြကာ တင်ရွှေနှင့် ဝင်းကြည်ကို ထမင်းစားခိုင်းသည်။ သူတို့လေးယောက်စလုံး ဆုံလျှင် ထမင်းဆိုင် တစ်ဆိုင်တွင် အတူတကွ စားသောက်လေ့ ရှိကြပြီး၊ အကြောင်းကြောင်းကြောင့် လူချင်း မဆုံမိကြလျှင် စားစရာတစ်ခုခုကို ဝယ်လာကြကာ ဝိုင်းဖွဲ့၍ စားကြမြဲ ဖြစ်သည်။

"ငါ မစားတော့ဘူးကွာ။ မင်း စားရင် စားတော့ တင်ရွှေ။ ငါ့ဖို့ ချန်မထားနဲ့တော့"

ဝင်းကြည်က စားပွဲနားရှိ ခွေးခြေတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။ ဝင်းကြည်၏ ပျက်ယွင်းနေသော အမူအရာကို စိုးသိမ်းက အကဲခပ်မိသည်။

"စားလေကွာ မင်းကလဲ"

"ဟေအေး၊ မစားချင်ဘူး၊ မဆာဘူး"

"ဟာ၊ ဟေ့ကောင် တင်ရွှေ၊ ဒီကောင် ဘာဖြစ်လာသလဲ"

"ကေ့ ဒီကောင်တော့ သူ့အဆက်နဲ့တွေ့လာပြီး ဝမ်းသာလုံးကြီး ဆို့နေပြီနဲ့တူတယ်"

ရေချိုးနေသော မောင်ခန့်က လှမ်းနောက်လိုက်သည်။ ထို့နောက် မောင်ခန့်သည် တဟဲဟဲ လုပ်နေ၏။ တင်ရွှေက

"အေး ဟုတ်တယ်။ စင်သီယာနဲ့ ပက်ပင်းတိုးလာတယ်။ ဝမ်းသာလုံးတော့ မဆို့ဘူးကွ။ ဒီကောင် တစ်ခါတည်း ဒေါသူပုန် ထလာလေရဲ့။ မပြန်ဘူးလုပ်လို့ ငါ မနည်း ဆွဲခေါ်လာရတယ်"

"ဟုတ်လား၊ တွေ့ခဲ့သလား ဘယ်မှာလဲ"

စိုးသိမ်းက ဖတ်လက်စ စာအုပ်ကို ဘေး၌ချကာ မေးလေသည်။ တင်ရွှေက ဖြစ်ပုံပျက်ပုံ အလုံးစုံကို အကျဉ်းရုံး၍ ပြန်ပြောလိုက်သည်။ ဝင်းကြည်ကား ခွေးခြေပေါ်တွင် ငုတ်တုတ် ထိုင်နေဆဲ။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းကို တင်ရွှေက ပြောပြီးပြီ ဆိုပေမယ့် ငါလည်း ထပ်ပြောချင်သေးတယ် ဝင်းကြည်။ ဘာမှ ဘုမသိ၊ ဘာမသိ ဖြုန်းခနဲ ဒီလို တွေ့လိုက် သိလိုက်ရတော့ မင်း စိတ်ထိခိုက်မယ်။ ဒေါသထွက်ရင်လည်း ထွက်မယ်။ ဒါ မှန်တာပဲ။ ဒါကို ငါ ဘာမှ မပြောလိုဘူး"

စိုးသိမ်း၏ မျက်နှာသည် လေးနက် ပြင်းထန်လာ၏။ စောစောကလို သွားစက်စက် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတလေ လူတွေဟာ အကြောင်းတစ်ခုခုကြောင့် ကိုယ့်တစ်သက် ဘဝလမ်းကြောင်းကြီး တစ်ခုလုံး ပြောင်းသွားလောက်အောင် ဖြစ်တတ်တယ်။ အဲဒီအကြောင်းဟာ သေးသေးကြီးကြီး ပေါ့ကွာ။ အခုလည်း ဒီအကြောင်းကြောင့် မင်းဘဝလမ်းကြောင်း တစ်ခုလုံး ပြောင်းသွားနိုင်တယ်။ ကောင်းတဲ့ဘက်ကို ပြောင်းပစ်ဖို့သာ အရေးကြီးတာပဲ ဝင်းကြည်။ မကောင်းတဲ့ဘက်ကို ပြောင်းရင်တော့ ရှုံးတာပဲ။ ဒါကြောင့် မင်းကို အခုကိစ္စနဲ့ပတ်သက်ပြီး ငါ ပြောချင်တာပါကွာ။ ဘာပဲဖြစ်ဖြစ်လေ ပြဿနာကို အမှန်အတိုင်း မြင်ဖို့လိုတယ်။ ဒါအရေးကြီးဆုံးပဲ"

"ငါ ဘာမှမဖြစ်ဘူး။ ဒေါသဖြစ်တာ တစ်ခုပဲ"

ဝင်းကြည်က ဤစကားကိုပင် ထပ်ပြောသည်။ တခြား ပြောစရာစကားလည်း ရှိဟန် မတူ။

"ဒါပေါ့၊ မင်း ဒေါသဖြစ်မယ်ဆိုလည်း ဖြစ်ထိုက်တယ်။ ဒါပေမဲ့ ပြဿနာကို အမှန်အတိုင်း မြင်ပြီးမှ ဒေါသ ဖြစ်သင့်ရင်လည်း ဖြစ်၊ စိတ်ထိခိုက်ရင်လည်း ထိခိုက်ပေါ့ကွာ။ စင်သီယာ့ အကြောင်းနဲ့ ပတ်သက်လာလို့ ပြောရရင် ငါ့ထင်မြင်ချက်ကတော့ ရှင်းတယ်ကွ။ မင်းနဲ့ စင်သီယာ ဟာ တရားဝင် သမီးရည်းစားကို မဟုတ်သေးဘူး"

စိုးသိမ်းသည် ပြဿနာတစ်ရပ်ကို ခက်ရာခက်ဆစ် တွက်တတ်၏။ သေချာ၏။ စူးစမ်း စေကြောသော အမြင်ဖြင့် ကြည့်လေ့ရှိသူလည်း ဖြစ်၏။ သို့မို့ကြောင့် စိုးသိမ်း၏ ထင်မြင်ချက်ကို ဝင်းကြည်က လျစ်လျူမပြုရဲ။

"မင်းနဲ့ စင်သီယာဟာ တစ်ယောက်နဲ့ တစ်ယောက် အနေနီးတယ်။ အနေနီးလို့ ရင်းနှီးရာကစပြီး တစ်ယောက်ကို တစ်ယောက် မေတ္တာသက်ဝင်ချင်တဲ့ သဘောပဲ ရှိတယ်။ ဒီနေရာမှာလည်း တစ်ယောက်ကို တစ်ယောက် စိတ်ကူးယဉ်ပြီး ချစ်ကြည့်ကြတဲ့ အနေအထားမျိုးလို့ ငါ ထင်တယ်။ တစ်ယောက်ကို တစ်ယောက် ပိုတွက်ကြတယ်။ ယောကျ်ားလေးနဲ့ မိန်းကလေး ချစ်ကြတိုင်း တစ်ယောက်ကို တစ်ယောက် ပိုတွက်ကြတာချည်းပဲကွ။ ရှိရင်းစွဲထက် ပိုတွက်တာကို ပြောတာနော်။ မိန်းကလေးနဲ့ ယောကျ်ားလေးတိုင်းအတွက် အဲဒီ ပိုတွက်တာဟာ အဓိက အန္တရာယ် ဖြစ်လာတော့တာပဲ။ မင်းနဲ့ စင်သီယာလည်း ဒီလိုပဲ။ ဘာဖြစ်လို့ ငါ ဒီလိုပြောရသလဲဆိုတော့ မင်းကိုယ်မင်း အဓိကထားပြီး ပြန်စဉ်းစားကြည့်လေ။ စင်သီယာကိုသာ မင်း ကြည့်တယ်၊ မြင်တယ်။ စင်သီယာရဲ့ အသိုင်းအဝိုင်းနဲ့ စင်သီယာရဲ့ ဘဝကို မင်း မကြည့်ဘူး။ မင်း အသိုင်းအဝန်းနဲ့ စင်သီယာရဲ့ အသိုင်းအဝန်း မတူဘူး။ ဘဝချင်းလည်း မတူဘူး။ စင်သီယာနဲ့ ပတ်သက်ပြီး မင်းဟာ အဲဒီအချက်တွေကို ထည့်မစဉ်းစားခဲ့ဘူးလို့ ငါ ထင်တယ်။

"တစ်သက်လုံး အေးအတူ ပူအမျှ ပေါင်းသင်းသွားရမယ့် ယောကျ်ားနဲ့ မိန်းမဟာ အဲဒီ အခြေခံအချက်မှာ ညီမရရင် ဘာမှ ညီရမှာ မဟုတ်တော့ဘူး။ ဒါက မင်းဘက်က ချွတ်ယွင်းချက်ကွ။ စင်သီယာ့ဘက်က ချွတ်ယွင်းချက်ကတော့ သူဟာ သူ့ကိုယ်သူ နားလည်ဖို့ ကြိုးစားတာ မှန်တယ်။ အခိုက်အတန့်အားဖြင့် ပေါ်လာတဲ့ ကြိုးစားမှုပေါ့။ မင်းကို ချစ်လို့ပဲဖြစ်ဖြစ်၊ သူ့ဘာသာသူ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လို့ပဲဖြစ်ဖြစ် သူ့ဘဝကို သူ ပြင်ဖို့ ကြိုးစားတာတော့ အမှန်ပဲ။ ဒါကို အသိအမှတ်ပြုရမယ်။ နို့ပေမဲ့ သူ့အဖေနဲ့ အဒေါ် အစရှိတဲ့ အသိုင်းအဝန်းရဲ့ ဩဇာထဲက သူ ရုန်းမထွက်နိုင်ပြန်ဘူး။ ဒီလို ရုန်းမထွက်နိုင်လို့လည်း အခုလို ဖြစ်ရတာပဲ ငါ ယူဆတယ်။ သူ့ပတ်ဝန်းကျင်ကို သူ ဂရုမစိုက်ဘဲ မနေနိုင်ဘူး။ ဒါဟာ အရင်းခံအကြောင်းပဲ ဝင်းကြည်"

ရေချိုးပြီးသော မောင်ခန့်သည် အနားတွင် လာထိုင်၏။ တင်ရွှေကလည်း အနားမှာပင် လာထိုင်နေ၏။ ထမင်းလည်း မစား။

"စင်သီယာကို မင်းက ဒီပတ်ဝန်းကျင် အသိုင်းအဝန်းကြားထဲက ဆွဲထုတ်ဖို့ ကြိုးစားတယ်ပဲထားဦး၊ မလွယ်ဘူး။ မင်းက ဆွဲထုတ်လို့ ရရင်ရ၊ မရရင် သူတို့ ပတ်ဝန်းကျင်နဲ့ အသိုင်းအဝန်းထဲကို မင်းပါ ဝင်သွားရမှာ သေချာတယ်။ ဒီလိုအမြင်နဲ့ သတ္တုချကြည့်တော့ မင်းတို့နှစ်ယောက်ရဲ့ အချစ်ရေးဟာ အခြေခံမှာကို မှားနေတယ်။ မခိုင်ဘူး။ အဲဒီတော့ အခုလက်ငင်း အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး အလေးအနက် ပြန်ကြည့်ဖို့ လိုနေတာတစ်ခု ရှိသေးတယ် ဝင်းကြည်။ ဒီမှာ မင်းသိတဲ့ အတိုင်းပဲ ရန်ကုန်ဆိုတာက စီးပွားရေးမြို့ကွ။ စီးပွားရေး မရှိရင် ဘာမှလုပ်လို့ မရဘူး။ ငွေပေါ်ပေါ်နဲ့ နေချင်တယ်၊ တိုက်နဲ့တာနဲ့ ကားနဲ့ နေချင်တယ်။ ဒီလိုနေချင်အောင်လည်း ရန်ကုန်ရဲ့ ပတ်ဝန်းကျင်က ဖန်တီးပေးနေတယ်။ ဒီတော့ ကိုယ်ကိုယ်တိုင်က မဟုတ်တာတောင်မှ ကိုယ့်လူကြီးမိဘတွေက အထက်တန်းစား လူကုံထံဘဝကို မက်လို့၊ ယုတ်စွအဆုံးကွာ ငွေကိုမက်လို့ လိုက်ရမယ်ဆိုရင် မိန်းကလေးတွေ ပျက်စီးဖို့ အင်မတန် လွယ်နေတဲ့ဥစ္စာ၊ စင်သီယာကရော ဘာသားနဲ့ ထုထားတာမို့လဲ၊ မင်းစဉ်းစားကြည့်လေ"

"သူတို့ သားအဖထဲမှာ စင်သီယာက အရိုးဆုံးလို ဖြစ်နေတာကွ"

မောင်ခန့်က ဝင်ပြောသည်။

"အေးလေ စင်သီယာရဲ့ ပင်ကိုအားနည်းချက်လည်း ပါတာပေါ့ကွာ။ ဒါပေမဲ့ သူ့အပြစ်ချည်း မဟုတ်ပါဘူး။ ကဲ စင်သီယာကတော့ ဒီလို အခြေအနေမျိုး ဖြစ်နေပြီ။ မင်း ဘာလုပ်မလဲ။ သူ့အတွက် စိတ်လေပြီး မင်းထင်ရာလုပ်နေမလား၊ ပြဿနာကို မှန်မှန်ကန်ကန် မြင်ပြီး ရဲရဲရင်ဆိုင်မလား၊ ဒါပဲ မင်းအတွက် ရွေးစရာ ကျန်တော့တယ်။ မင်း တစ်ခုခု ဖြစ်ရမယ်ဆိုရင် တို့လည်း စိတ်မကောင်းဘူး။ အရင်းနှီးဆုံး အတူအိပ်၊ အတူစား သူငယ်ချင်းတွေအနေနဲ့ တို့မှာလည်း တာဝန် အများကြီး ရှိတယ် ဝင်းကြည်။ မင်း စဉ်းစားပါ"

ဝင်းကြည်က စားပွဲပေါ်သို့ မျက်လွှာချ စူးစိုက်နေသည်မှအပ အခြား ဘာကိုမျှ မပြော။ လှုပ်လည်း မလှုပ်။

"ငါ ဒီနေ့ ကျောင်းကိစ္စရော၊ အလုပ်ကိစ္စရော စုံစမ်းခဲ့ပြီးပြီ။ မင်းကိစ္စနဲ့ ဆက်စပ်လို့ တို့လေးယောက်စလုံးရဲ့ အခြေအနေကိုပါ ပြောကြရအောင်။ တင်ရွှေကတော့ ထား လိုက်ပါကွာ။

www.burmeseclassic.com



တို့သုံးယောက်စလုံး အလုပ်ဝင်လုပ်ပြီး အလွတ်ပညာသင်ကျောင်းတက်မယ်။ မက်ထရစ် ဝင်ဖြေမယ်။ ဘယ့်နှယ်လဲ"

"မင်းတို့ ဖြေလေ"

"မင်းကကော"

"ငါ မဖြေတော့ဘူး၊ ကျောင်းလည်း ဆက်မတက်တော့ဘူး"

ထိုသို့ပြောရင်း ဝင်းကြည်သည် ခေါင်းမော့လာ၏။

"မင်း မက်ထရစ် အောင်ရုံလောက်တော့ လုပ်ထားသင့်တယ်။ ငါက အတန်းပညာရေး ဘာရေးတွေကို သိပ်အရေးထားလို့ ပြောနေတာ မဟုတ်ပါဘူး။ အခြေခံအတွက် ပြောတာပါ"

"မက်ထရစ်လည်း ငါ မအောင်ချင်တော့ဘူး။ ငါ စိတ်ပိုင်းဖြတ်ပြီးပြီ"

"ဘာဖြစ်လို့လဲ" တင်ရွှေက မေးသည်။

"ပညာသင်ရတာ ခက်ခဲပင်ပန်းလွန်းတယ်လို့ ငါ ထင်နေတယ်ကွာ။ မင်းတို့ဖြေရင် ဖြေကြပါ။ ဒါပေမဲ့ ငါကတော့ မဖြေတော့ဘူး။ မက်ထရစ် မအောင်လို့ ဒီလောကကြီးက ငါ့ကို လူရာမသွင်းဘူး ဆိုင်ရင်လည်း ကိစ္စမရှိပါဘူး။ ငါ ခံမယ်"

စိုးသိမ်း၊ မောင်ခန့်နှင့် တင်ရွှေသည် ဝင်းကြည်ကို အာရုံစူးစိုက်လျက် ရှိကြ၏။ မယုံ တစ်ဝက် ယုံတစ်ဝက် အကြည့်ဖြင့် ကြည့်ကြ၏။ စင်သီယာ့အဖြစ်ကို တွေ့လာရသည့်အတွက် သွေးပူပူဖြင့် ပြောမိပြောရာ လျှောက်ပြောနေသလားဟုလည်း အကဲခတ်နေကြ၏။

ဝင်းကြည်ကား တည်ငြိမ်လျက်ရှိသည်။ သူ ပြောနေသော စကားများသည် ပိုင်းပိုင်းပြတ်ပြတ် ဖြစ်ပြီးသော သူ့စိတ်ဆန္ဒမှ ပေါက်ဖွားလာခြင်း ဖြစ်သည်ကို အေးစက်တည်ငြိမ်သည့် သူ့အမူအရာက ဖော်ပြလျက်ရှိသည်။

"နို့ မင်း ဘာလုပ်မလဲ"

စိုးသိမ်းက မေးပြန်သည်။

"ငါ အလုပ်လုပ်မယ်"

"အလုပ်လုပ်ရင်းဖြေလည်း ရတဲ့ဟာပဲကွာ၊ မင်းကလဲ"

"ဟေအေး၊ ငါ မဖြေဘူး။ ငါ လုပ်ချင်တဲ့ အလုပ်တစ်ခုခုကို ရအောင် ရှာလုပ်မယ်။ မင်းတို့ ကူရှာပေးနိုင်ရင်တော့ ပိုကောင်းတာပေါ့လေ။ မရလို့ လုပ်စရာမရှိတဲ့အဆုံးဆိုရင် ၁၆ လမ်းက ငါ့အသိတွေဆီသွားပြီး ညောင်ပင်လေးဆိပ်က ငါးဒိုင်မှာ သွားလုပ်မယ်ကွာ။ ဒါ ယတိပြတ်ပဲ"

"မင်း လုပ်ချင်တဲ့အလုပ်က ဘာလဲ"

"ငါ သတင်းစာတိုက် တစ်တိုက်မှာဖြစ်ဖြစ် ဝင်လုပ်ချင်တယ်။ ရုံးမှာလုပ်ရင်တော့ စိတ်မဝင်စားဘူး"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ဝင်းကြည်ကို ငေးကြည့်နေကြသည်။

"ငါ ဘာဝါသနာပါသလဲလို့ ငါ့ကိုယ်ငါ မေးကြည့်တယ်။ သတင်းစာလုပ်ချင်တယ်၊ စာရေးစာချီ မလုပ်ချင်ဘူး။ တစ်ပဲခြောက်ပြားပဲရရ၊ သတင်းစာမှာပဲ လုပ်မယ်ကွာ။ ငါ ဆုံးဖြတ်ပြီးပြီ။ တခြား ဘာကိုမှ ငါ မစဉ်းစားတော့ဘူး"

"အေး ဒီလိုဆိုလည်း 'အာဏာသစ်' မှာ ဝင်လုပ်ကွာ။ တစ်ခုခုရအောင် ငါ ပြောပေးမယ်။ အဲဒီက အယ်ဒီတာ ကိုလွန်းအောင်က ငါနဲ့ ရင်းနှီးတယ်။ သတင်းစာတိုက်က ဆင်းရဲတယ်ကွ။ ဒါပေမဲ့ အယူအဆကျတော့ တိုးတက်တယ်လေ။ အဲဒါကောင်းပါတယ်။ မနက်ဖြန်သွားကြတာပေါ့ ဟုတ်လား။ ကဲ ညဉ့်နက်ပြီ ထမင်းစားကြကွာ"

ထမင်းကြော်နှစ်ထုပ်ကို တင်ရွှေနှင့် ဝင်းကြည်တို့က ယခုမှပင် ဖြေ၍ စားကြသည်။ အထပ်ခိုးကလေးပေါ်သို့ တက်ကာ အိပ်စက်ရန် လဲလျောင်းကြချိန်တွင် နံနက် ၁ နာရီခွဲ ရှိနေလေပြီ။

ဝင်းကြည်ကား တော်တော်နှင့် အိပ်မရ။

မောင်ခန့်သည် တရှူးရှူးဖြင့် အိပ်မောကျသွား၏။ တင်ရွှေလည်း အိပ်ပျော်လေပြီ။ ဇိုးသိမ်းကား စာဖတ်ဆဲ။ ဝင်းကြည် တစ်ယောက်သာလျှင် ပက်လက်လှန်ရင်း ခြင်ထောင်အမိုးကိုကြည့်ကာ အတွေးနယ်ချဲ့နေလေသည်။

'မက်ထရစ် မဖြေတော့' ဟူသော သူ့ဆုံးဖြတ်ချက်သည် နာရီပိုင်းအတွင်း ပေါ်ပေါက်လာသည့် ဆုံးဖြတ်ချက်ပင် ဖြစ်၏။ မှန်သည်။ ဤနာရီပိုင်းအတွင်း ဤသို့ သူ ဆုံးဖြတ်ခဲ့သည်။ တန်ဖိုးကြီးစွာပေး၍ ဆင်းရဲပင်ပန်းလှသော ကျောင်းပညာ၊ အတန်းပညာ အနှောင်အဖွဲ့မှ သူ ရုန်းထွက်တော့မည်။ သို့ကလို ရုန်းထွက်သည့်အတွက် တစ်သက်လုံး လူရာမဝင်ဟု ဆိုလျှင်လည်း ရှိစေတော့။

စင်သီယာ့ ဖြစ်အင်ကို မြင်လိုက်ရချိန်ကစ၍ သူ့စိတ်သည် ပြိုတော့မည့်မိုးလို အုံ့ဆိုင်းနေခဲ့၏။ မာန်တွေ၊ အခဲမကျေမှုတွေ၊ မကျေနပ်မှုတွေ ဒလဟော ပေါ်ထွက်ခဲ့၏။ စင်သီယာသည် သူ့နှလုံးသားကို နာကျင်အောင် ပြုလုပ်၏။ တစ်ချိန်တည်းမှာပင် ဤနာကျင်မှုက မာန်မာနတွေကို ဆင့်ကဲစေခဲ့သည်။ တလောကလုံး လူမှုအဆောက်အအုံကြီးတစ်ခုလုံး အပေါ်၌ အခဲမကျေသော မာန်မာနတွေ တောင်လိုမောက်စေခဲ့သည်။ မည်းမှောင်သော အနာဂတ်ကို ရဲရဲတိုး၍ ရင်ဆိုင်မည်။ အခက်အခဲတွေ၊ အဟန့်အတားတွေ၊ ဘေးဒုက္ခတွေကို သူ တစ်ယောက်တည်း ခါးစည်း၍ ခံလိုက်မည်။ ပရိယာယ်အနန္တနှင့် ရက်စက်ကြမ်းကြုတ်သော အပြောကျယ်သည့် လောကကြီးနှင့် သူ အန်တုတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄၁

ရှုးသည်၊ မိုက်သည် ဟူ၍ပင် ဆိုချင်ဆို။ ဝင်းကြည်ကတော့ စင်သီယာနှင့် တွေ့ဖြစ်အောင် တွေ့လိုက်သေးသည်။

စင်သီယာနှင့် သွားတွေ့မည့်အကြောင်းကို သူငယ်ချင်းတွေကိုပင် မပြောဘဲ စင်သီယာ အလုပ်လုပ်နေသည့် ကုမ္ပဏီသို့သွားကာ စာတိုကလေးတစ်စောင် ရေးပေးခဲ့သည်။ ယနေ့ညနေ ၅ နာရီ ရွှေတိဂုံဘုရား အနောက်မုခ်အောက်ခြေတွင် စောင့်နေမည်။ လာနိုင်ပါက လာပါဟုသာ စာရေးပေးခဲ့သည်။ သူ့စာအတိုင်း ညနေ ၅ နာရီတိတိတွင် စင်သီယာသည် ပရီဖက် အမျိုးအစား ကားကလေးကို ကိုယ်တိုင်မောင်းကာ ရောက်လာ၏။

ပြီးတော့ကာ သူ့ကို တင်ခေါ်သွားသည်။ ဦးဝိစာရလမ်းအတိုင်းမောင်းကာ ဟံသာဝတီ အဝိုင်းကြီးမှနေ၍ ပြည်လမ်းအတိုင်း မင်္ဂလာဒုံဘက်သို့ မောင်းထွက်လာသည်။

ဝင်းကြည်ကတစ်လမ်းလုံး ဘာစကားမျှ မပြောဘဲ နှုတ်ဆိတ်၍ လိုက်ပါလာသည်။ စင်သီယာကို ဤသို့ တွေ့ခြင်းအားဖြင့် အကျိုးရှိ မရှိ၊ တွေ့သည့်သဘာဝကိုကပင် မှန် မမှန် သူ စဉ်းစားလာသည်။ အဘယ်ကြောင့် တွေ့ချင်ရသနည်းဟု ထပ်၍ စောကြောပြန်သည်။ အကြောင်း တစ်စုံတစ်ရာ ရှာမရ။ ရန်ကုန်သို့ ရောက်နေသောကြောင့် တွေ့ရန်လိုအပ်သည်ဟု သာမန်အားဖြင့် သူ့ကိုယ်သူ အကြောင်းပြကြည့်လိုက်သည်။

ဤအကြောင်းပြချက် ခိုင် မခိုင်၊ မှန် မမှန်ကိုကား သူ မစဉ်းစားတတ်။

မည်သို့ပင်ဖြစ်စေ၊ လူချင်းတော့ တွေ့မိချေပြီ။

နှုတ်ခမ်းနီ ပါးနီဆိုးကာ မိတ်ကပ်ခြယ်ထားသော စင်သီယာသည် ပရီဖက်ကားကလေးကို ကျင်လည်စွာမောင်းလျက် သူ့နံဘေး၌ ကျောက်ရုပ်ပမာ မတုန်မလှုပ် လိုက်ပါလာသော ဝင်းကြည်ကို တင်ကာ မင်္ဂလာဒုံဘက်သို့ ထွက်လာခဲ့သည်။

အလွန်အကျူး အလှပြင်ထားသည်ကအစ ကားကို ကျင်ကျင်လည်လည်ကြီး မောင်းနေသည် အဆုံး၊ ဝင်းကြည်သည် အံ့သြနေမိပြန်၏။ တကယ်ဆိုလျှင် ဘဝတစ်ခုလုံး ယူပစ်သလို ပြောင်းလဲ သွားပြီဖြစ်သော စင်သီယာ့အဖို့ အလှပြင်ခြင်းနှင့် ကားမောင်းခြင်းကဲ့သို့သော အပေါ်ယံယီက လုပ်ငန်းသည် ထမင်းစား၊ ရေသောက် လုပ်ငန်းမျိုးမျှသာ ဖြစ်သည်ကို ဝင်းကြည်က မေ့လျော့နေ ခြင်းသာ ဖြစ်သည်။

ယခုလည်း စင်သီယာခေါ်ရာနောက်သို့သာ လိုက်နေရခြင်း ဖြစ်သော်လည်း ဘယ်သွား၍ ဘယ်လာမည်ကို သူ မသိ။ မေးလည်း မမေး။

တစ်လမ်းလုံး အတွေးကိုယ်စီ တွေးလာကြသည်။ ပြောစရာစကားစကို နှစ်ယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



ရှာနေကြသလား ထင်ရသည်။ တွေ့မည့် တွေ့ပြန်တော့လည်း အိပ်မက်ထဲမှာလိုလို တွေ့ရခြင်းပေ တကား။

ပရိဖက်ကားကလေးသည် ပြည်လမ်းအတိုင်း တစ်ဟုန်ထိုး ပြေးလွှားလာပြီးနောက် ၇ မိုင် အရောက်တွင် ညာဘက်ရှိ အုတ်နီခင်း လမ်းကျဉ်းကလေး တစ်ခုအတွင်းသို့ ချိုးချလိုက်ကာ တောင်ကုန်းငယ်တစ်ခုပေါ်ရှိ တစ်ထပ်အိမ်ကလေးရှေ့တွင် ထိုးရပ်လိုက်လေ၏။

အိမ်ကလေးမှာ သစ်သားဖြင့်သာ ဆောက်လုပ်ထားသော်လည်း သေသပ်သည်။ ခေတ်မီ အိမ်ပုံစံမျိုး ဖြစ်သည်။ တောင်ကုန်းငယ်ပေါ်၌ တည်ရှိသဖြင့် ဘားပတ်ဝန်းကျင်တစ်ခုလုံးကို ဆီးမိုး၍ မြင်နေရသည်။

"လာ၊ ကိုဝင်းကြည်။ ဒါ စင်သီယာ့ အိမ်။ ဘယ်သူမှ မရှိဘူး"

'စင်သီယာ့အိမ်။ ဘယ်သူမှ မရှိဘူး' ဟူသော စကားနှစ်ခွန်းကို ဆက်စပ်ကြည့်မိသည်။ ဆက်စပ်၍ကား မရ။

စင်သီယာသည် လျှင်မြန်သွက်လက်လွန်းလှ၏။ ပြတင်းတံခါးတွေကို ဖွင့်သည်။ ဖုန်အတန်ငယ် တင်နေသော ကုလားထိုင်ပုကလေးတွေကို ကြက်မွေးဖြင့် လှည်းကျင်းသည်။ အသင့်ရှိသော လျှပ်စစ်ရေနွေးအိုးကို ပလပ်တပ်ကာ ရေနွေးကျိုသည်။

ထို့နောက် ကွင်းပြင်ကြီးများဘက်သို့ မျက်နှာမူနေသော ကုလားထိုင်ပုကလေးများတွင် ဝင်ထိုင်လိုက်ကြသည်။ စင်သီယာ၏ လျော့ရဲသော အတွင်းခံအင်္ကျီသည် မို့မောက်ပြည့်ဖြိုးနေသော ရင်သားအစုံကို မပွင့်တစ်ပွင့် လှစ်ဟပြနေ၏။ ပါးလွှာသည့် နှုတ်ခမ်းအစုံ၌ အရောင်လွင်သော နှုတ်ခမ်းဆိုးဆေးဖြင့် ထူထဲစွာ ခြယ်ထားသည်။ ပါးပြင်သည် ဟိုစဉ်ကလို ပြည့်ပြည့်ဖြိုးဖြိုး မရှိလှ သော်လည်း ပန်းနုသွေးရောင် ထနေသည်။ တုတ်ခိုင်သော ခါးနှင့် တုတ်ခိုင်သော တင်ကို ပိုးထဘီ ပျော့က ရုပ်လုံးဖော်သည်။ ဆံပင်ကိုလိပ်ကာ နောက်စေ့နားတွင် ပိုင်းခွေ၍ ကပ်ထားသည်။ စင်သီယာ၏ တစ်ကိုယ်လုံးမှာ ဝဖြိုးတုတ်ခိုင်ခြင်းနှင့်အတူ အစစအရာရာ ပြောင်းလဲလျက် ရှိလေသည်။

"ကဲ၊ ဆိုစမ်းပါဦး။ ကိုဝင်းကြည် ရန်ကုန်ရောက်တာ ဘယ်လောက် ကြာပလဲ"

"ငါးလကျော် ခြောက်လ ဆိုပါတော့"

"ဒါနဲ့တောင် စင်သီယာ့ဆီ အခုမှပဲ ရောက်လာတော့တာပဲနော်'

ဝင်းကြည်က ငြိမ်နေသည်။

"ရောက်ရောက်ချင်း ဘာလို့ မလာတာလဲ ကိုဝင်းကြည်။ စင်သီယာ မေးတာကို စိတ် မရှိနဲ့နော်။ သိချင်လို့ မေးတာ"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး စင်သီယာ။ အလုပ်ကိစ္စ၊ နေရေးထိုင်ရေး ကိစ္စတွေက များနေတာနဲ့ မရောက်ဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"စင်သီယာတော့ မယုံပေါင်"

စင်သီယာက ပြုံးနေ၏။ ဝင်းကြည်၏ အတွင်းစိတ်ကို ထိုးဖောက်၍ သိသလို ပြုံးသော အပြုံးမျိုးဟု ထင်သည်။

မိုးသည် တဖွဲဖွဲ ကျဆင်းလာ၏။ အဝေး၌ မြင်နေရသော လယ်ကွင်းတွေ၊ ချိုင့်ဝှမ်းတွေနှင့် တောင်ကုန်းတွေမှာ မိုးစက်မိုးပေါက်များအကြားတွင် မှုန်ဝါးပျောက်ကွယ်လုခမန်း ရှိလေသည်။ ရေမွှေးဆူနေပြီဖြစ်ရာ စင်သီယာသည် ကော်ဖီနှစ်ခွက် ဖျော်ယူလာ၏။ စင်သီယာ၏ကိုယ်မှ မွှေးကြိုင်သော ရေမွှေးနံ့ ပေါင်ဒါနံ့များသည် ဝင်းကြည်၏အပါးတွင် ဝဲပျံလွင့်ပါးနေကြ၏။

"ရန်ကုန်ရောက်တာ ၆ လလောက် ကြာနေရက်နဲ့ အခုမှ စင်သီယာ့ဆီ လာတယ်နော်။ တော်တော်လေး နေနိုင်သားပဲ။ ဘာများဖြစ်နေလို့ အခုမှ လာရတာလဲ"

ဝင်းကြည်သည် စင်သီယာ၏ ရှေ့မှောက်တွင်ထိုင်ရင်း လှုပ်လှုပ်ရှားရှား ဖြစ်လာရ၏။

"ဘာဖြစ်နေလို့လဲ၊ ဟုတ်လား။ ဘာဖြစ်နေလို့လဲဆိုတဲ့ မေးခွန်းကို စင်သီယာက မေးရမလား၊ ကိုယ်က မေးရမလား။ ကဲ ပြောစမ်း"

စင်သီယာသည် လှစ်ခနဲ မျက်နှာပျက်သွား၏။ သို့သော် ချက်ချင်း သူ့မျက်နှာကို သူ ပြန်ပြင်ကြောင်း ဝင်းကြည် သတိထားလိုက်မိသည်။ တစ်ယောက်၏ အတွင်းစိတ်ကို တစ်ယောက်က တိုးလျှိုပေါက် သိနေကြပြီလော။

စင်သီယာက ပြုံးပြန်သည်။ မနို့တရို့အပြုံး၊ မထိမဲ့မြင် ပြုသော အပြုံးဟု ထင်သည်။ ဝင်းကြည်၏ ရင်တွင်း၌ လပေါင်းများစွာ ကိန်းအောင်းနေသော ဝေဒနာများလည်း သူ့ခန္ဓာကိုယ်ကို ဖောက်ခွင်း၍ ထွက်လာပေတော့မည်။ အိပ်မက်ဆန်ဆန် တွေ့ကြသော သူတို့နှစ်ဦးသည် အိပ်မက်ဆန်ဆန် စကားတွေကိုသာ ပြောနေကြသေးသည်။

"ဩော်၊ စင်သီယာ့ကို ကိုဝင်းကြည်က မေးချင်တယ်ပေါ့ ဟုတ်လား။ မေးပါလား ကိုဝင်းကြည်။ မေးပါ၊ မေးနိုင်ပါတယ်။ မေးတာကို သစ္စာရှိရှိ ဖြေရင် ကိုဝင်းကြည် ကျေနပ်မယ် မဟုတ်လား ဟင်"

သည်လိုဆိုတော့လည်း ဝင်းကြည်က ဆက်မမေးဘဲ နှုတ်ဆိတ်နေလိုက်ပြန်သည်။

"ရှင်းရှင်း ပြောကြရအောင် ကိုဝင်းကြည်။ စင်သီယာနဲ့ ကိုဝင်းကြည်ဟာ တစ်ယောက်ကို တစ်ယောက် ဘာမှ ဝေ့လည်ကြောင်ပတ် လုပ်နေစရာ အကြောင်းမရှိဘူးလို့ စင်သီယာ ထင်တယ်လေ။ ကဲ၊ စင်သီယာ အကြောင်းစုံကို ကိုဝင်းကြည် ကြားလို့ မလာတာ မဟုတ်လား ဟင်။ စင်သီယာ အကြောင်းတွေကို ကြားတယ်။ စင်သီယာ့ကို မုန်းတယ်။ ဒေါသထွက်တယ်။ ရွံတယ် ဒါကြောင့်"

"တော်၊ တော်တော့ စင်သီယာ"

"ဒေါသမကြီးနဲ့လေ။ ကိုဝင်းကြည်ဟာ အင်မတန် ခံနိုင်ရည်ရှိတဲ့လူပါ။ စင်သီယာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကို ကိုဝင်းကြည်ရဲ့ သူငယ်ချင်းတွေက တစ်လုံးတစ်ပါဒမကျန် ပြောပြပြီးရောပေါ့။ ဟုတ်တယ် မဟုတ်လား။ စင်သီယာနဲ့ ပတ်သက်တာကို သူတို့ အကုန်နားစွင့်နေကြ၊ သိနေကြတာ။ ကိုဝင်းကြည်လည်း သိပြီးရောပေါ့။ ဒီတော့ ဘာပြောချင်သလဲ စင်သီယာ့ကို။ ဟင်၊ ပြောပါ။ ကိုဝင်းကြည် ပြောချင်ရာ ပြောစမ်းပါ။ မိန်းမပျက်၊ မိန်းမပေါ့လို့ပဲ ပြောပြော၊ ဘာပဲပြောပြော။ ပြောချင်သလို ပြောလိုက်စမ်းပါ"

"ကိုယ် ဘာမှပြောစရာ မလိုတော့ဘူး"

"မလိုရင် အခုမှ စင်သီယာဆီ ဘာဖြစ်လို့ လာသလဲ ကိုဝင်းကြည်။ ပြောချင်လို့လာတာ မဟုတ်ဘူးလား။ ဒီလောက် တူးတူးခါးခါး မုန်းနေ ရွံနေတဲ့ မိန်းမတစ်ယောက်ဆီကို အကြောင်းမဲ့ မလာပါဘူး"

"ဟုတ်တယ်။ အကြောင်းရှိတယ်။ ပြောစရာရှိတယ်။ ပြောချင်လို့လာတယ်။ ပြောချင်တာတွေ များလွန်းလို့ ဘာက စပြောရမှန်း မသိဘူး"

"စင်သီယာ ဘာ့ကြောင့် ဒီလို မဖြစ်ထိုက်ဘူးဆိုတဲ့ တရားက စဟောပေါ့"

"ဟောစရာလည်း မလိုတော့ဘူး"

"တရားဟောစရာ မလိုရင် စင်သီယာ့ကို ဆူမလား၊ ဆဲမလား။ ကိုဝင်းကြည် မုန်းတီးစက်ဆုပ်နေတဲ့ မိန်းမကို စိတ်ကြိုက် ပြောနိုင်ပါတယ်။ အပေါ့အပျက် အလေဏတော"

"ဟုတ်တယ် စင်သီယာ၊ သိပ်မှန်တယ်။ ကိုယ်ပြောဖို့တောင် မလိုဘူး။ စင်သီယာ့ကိုယ်ကို စင်သီယာ တံဆိပ်ကပ်နေပြီ"

ဝင်းကြည်၏ မျိုသိပ်ထားသော စိတ်သည် မီးနှင့် တွေ့ထိသော ဓာတ်ဆီအလား ဟုန်းခနဲ ထတောက်လေ၏။

"မုန်းတယ်။ စက်ဆုပ်တယ်။ ဒေါသလည်း ဖြစ်တယ်။ စင်သီယာ့မှာ ဘာဦးနှောက် ဘာအတွေးမှ မရှိတော့လောက်အောင် ခေါင်းပါးနေပြီလား၊ ဟင်။ မသိလို့ မှားတယ်ဆိုတာက ခွင့်လွှတ်လို့ရတယ်။ သိရက်သားနဲ့ မှားတာမျိုးကို ခွင့်မလွှတ်နိုင်ဘူး၊ ခွင့်မလွှတ်ရဘူး"

ဝင်းကြည်က အော်လိုက်သည်။

စင်သီယာသည် ဝင်းကြည်ကိုသာ စူးစိုက်ကြည့်နေ၏။ ပြည့်ဖြိုးသော ရင်အုံမှာ နိမ့်ချည် မြင့်ချည် လှိုင်းထနေ၏။

"စင်သီယာ ရေးတဲ့စာ အခုအထိ ကိုယ့်ဆီမှာ ရှိသေးတယ်။ သိလား။ မအူပင်က ထွက်လာတုန်းက စင်သီယာ့အပေါ် မျှော်လင့်ချက်ထားခဲ့တယ်။ စင်သီယာနဲ့ တွေ့ရတော့မယ်လို့ ကိုယ် ဝမ်းသာနေမိခဲ့တယ်။ ဒါတွေဟာ ရန်ကုန်ကို ရောက်တော့ သဲထဲရေသွန် ဖြစ်ရတာပဲ။ စင်သီယာ အကြောင်းတွေကို ကြားရတော့ ကိုယ့်ရင်ထဲမှာ ဘယ်လိုဖြစ်နေသလဲ သိလား။ မီးလောင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးလောင်နေတယ်။ အခုတော့ ဝင်းကြည်ဆိုတဲ့ကောင် ဘာဖြစ်ဖြစ် စင်သီယာ ပူစရာ မလိုတော့ဘူး။ စင်သီယာက ချမ်းသာနေပြီ၊ သူဌေး ဖြစ်နေပြီကိုး။ ဟုတ်တယ် မဟုတ်လား"

"သူဌေး မယားငယ်လို့ပဲ ပြောပါ ကိုဝင်းကြည်"

"ဟုတ်တယ်၊ ကိုယ့်ပါးစပ်က မထွက်ရက်လို့။ မယားငယ်ဆိုတဲ့ စကားလုံးကို ဟောဒီ ပါးစပ်က ထွက်မရလို့။ ကြားရဲ့လား"

"ထွက်မရစရာ အကြောင်းမရှိပါဘူး။ မယားငယ် မယားငယ်ပေါ့။ သူဌေး မယားငယ် ဖြစ်နေတယ်ဆိုတာ အိမ်ကလည်း သိတာပဲ။ လူတကာက သိနေတာပဲ။ မယားငယ်လို့ အခေါ်ခံ ရတာနဲ့များ ဘာထူးတော့မှာလဲ"

"ဪ ဒါလောက်တောင် စင်သီယာက ဖြစ်နေတာကိုး။ ကောင်းတယ်၊ သိပ်ကောင်း တယ်"

ဝင်းကြည်သည် ငြိမ်ကျသွားပြန်၏။

စင်သီယာကလည်း ငြိမ်နေသည်။ ငုံ့ထားသော ဦးခေါင်းကို မော့လိုက်သည်။ စင်သီယာ ၏ မျက်စိအစုံတွင် မျက်ရည်တွေ ဝဲနေသည်။

"စင်သီယာ ရှင်းပြတာကို ကိုဝင်းကြည် တဆိတ်လောက် နားထောင်ပါ။ ရှင်းပြပါရစေ။ အဲဒီလို ရှင်းပြတာကို နားထောင်ပြီးတဲ့အခါကျတော့ စင်သီယာအပေါ် ကိုဝင်းကြည် ကြိုက်သလို ယူဆပါတော့နော်"

စင်သီယာ၏ အသံကား စောစောကလို ခက်ထန် တင်းမာခြင်း မရှိတော့ဘဲ ရှိုက်သံနှင့် အတူ နူးညံ့လာသည်။ ပျော့ပျောင်းလာသည်။ မာန်မာန ကင်းကာ နှိမ့်ချသော အသံတည်း။

"ဖေဖေ မကျန်းမမာဖြစ်ပြီးတော့ အိမ်ရဲ့ စီးပွားရေး အခြေအနေဆိုးလာလို့ စင်သီယာ ပထမ အလုပ်ဝင်လုပ်တယ်။ အဲဒီအချိန်အထိ စင်သီယာ့စိတ်ထဲမှာ ရိုးရိုးသားသားပါ ကိုဝင်း ကြည်။ ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် ရိုးရိုးသားသား အလုပ်အကိုင် လုပ်ရတာပါ။ စင်သီယာ ဟာ အဲဒီလို ရိုးသားတဲ့ ဘဝနဲ့ တစ်သက်လုံး နေသွားတော့မယ်လို့ စိတ်ကူးခဲ့တယ်။ ဒါပေမဲ့ လူတွေဟာ တစ်ခါတလေ ထင်သလို မဖြစ်ဘူး။ နေချင်သလိုလည်း နေလို့မရဘူး။ မဟုတ်လား ကိုဝင်းကြည်။ စင်သီယာ့ဘဝဟာလည်း ဒီအတိုင်းပါပဲ။ အဒေါ်ရဲ့ အစီအမံကို စင်သီယာ ခံရတယ်။ စင်သီယာ့ကိုယ်ကို စင်သီယာ မပိုင်တော့ဘူး။ စင်သီယာ ဟိုတုန်းက ဂရုမစိုက်ဘူးလို့ ပြောခဲ့တဲ့ ပတ်ဝန်းကျင်က ပိုင်သွားတယ်။ စင်သီယာ ဘာမှ မတတ်နိုင်တော့ဘူး။ ကိုယ် ဘယ်အဖြစ် ရောက်နေပြီဆိုတာ သိပါတယ်။ သိပေမယ့် စင်သီယာ ဘာမှမသိသလိုဘဲ နေလိုက်တော့တယ်။ ဒီအဖြစ်မျိုးကြားက လွတ်အောင် ရုန်းထွက်ဖို့ စင်သီယာ့မှာ အားမရှိ၊ သတ္တိမရှိတော့ဘူး။

"လူတွေက မေးငေါ့ကြတာကိုလည်း သိတယ်။ စင်သီယာ့အကြောင်း ပြောနေကြတာ ကိုလည်း သိပါတယ်။ ဒီလူတွေကို စင်သီယာ သိပ်မုန်းတယ်။ လူတွေကို မုန်းလို့လည်း စင်သီယာ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟာ ဒီလို ဖြစ်လာရသလားတော့ မသိဘူး။ ဖေဖေ မသေခင် ဆင်းဆင်းရဲရဲ နေသွားရမှာကို စိုးရိမ်တယ် ကိုဝင်းကြည်။ ဖေဖေဟာ တစ်သက်လုံး ဒီသမီး ၂ ယောက်ကို ထိပ်တန်းမှာ နေနိုင်အောင် ထားခဲ့တယ်။ သမီးကြီးက တင့်တောင်းတင့်တယ် အိမ်ထောင်ကျသွားတော့ ကိုယ်တစ်ပိုင်းသေနေတဲ့ ဒုက္ခိတ အဖေကြီးကို ပြန်လှည့်ကြည့်သလား၊ မကြည့်ဘူး။ ကဲ စင်သီယာ ဘာလုပ်ရတော့မလဲ။ အောက်တန်းစာရေး လခကလေး တစ်ရာနှစ်ဆယ့်ခြောက်ကျပ်နဲ့ အိမ်စရိတ်၊ ဆေးဝါးစရိတ်တွေကို စင်သီယာ ဘယ်လိုလုပ် ပေးရမလဲ။ အဲဒီလိုအချိန်မှာ အဒေါ်လုပ်သူ ကိုယ်တိုင်ကလည်း စင်သီယာ့ကို နားချတာတွေရှိပါတယ်။ အို၊ တိုတိုပြောရရင် စင်သီယာ့ရင်ထဲမှာ တင်းထားတာ မှန်သမျှကို လျှော့ချလိုက်တာပဲ။ အဲဒါ ကိုဝင်းကြည် စင်သီယာ့ကို ပြောချင်သလိုသာပြော၊ ထင်ချင်သလိုသာ ထင်ပါတော့။ ဒီလောက် ယုတ်မာပက်စက်ရမလား၊ ဖောက်ပြန်ရမလားဆိုပြီး စင်သီယာ့ကို သတ်ချင်ရင်လည်း သတ်သွားပါတော့။ စင်သီယာ့ဘဝဟာ နေမထူး၊ သေမထူးတော့တဲ့ ဘဝပါ ကိုဝင်းကြည်"

စင်သီယာသည် တရှုပ်ရှုပ် ငိုနေ၏။

"အခု စင်သီယာ ဘာဖြစ်သလဲဆိုတာ ကိုဝင်းကြည် သိပြီမဟုတ်လား။ သူဌေး မယားငယ်မို့ ချမ်းသာတယ်။ ပိုက်ဆံပေါတယ်၊ တိုက်ရှိတယ်၊ အိမ်ရှိတယ်၊ ကားရှိတယ်။ ဘာတစ်ခုမှ စင်သီယာ့မှာ လိုလေသေးမရှိဘူး။ ဒါတွေကို မက်မောလွန်းလို့ ဒီဘဝမှာ စင်သီယာ ပျော်နေတယ်လို့ ကိုဝင်းကြည် ထင်ကောင်းထင်မယ်။ ထင်ပါ ထင်ပါ။ မိန်းမပျက်၊ မိန်းမပေါ့လို့ အထင်ခံရတာကိုတောင် ဂရုမစိုက်တော့တဲ့ စင်သီယာဟာ ဘာကိုများ ဂရုစိုက်ရဦးတော့မှာလဲ"

"တော်ပြီ စင်သီယာ။ နောက်ထပ် ကိုယ်မကြားချင်တော့ဘူး။ မပြောပါနဲ့တော့"

စင်သီယာ၏ မျက်စိအစုံမှာ ရဲရဲနီနေသည်။ ပါးပြင်နှစ်ဖက်တွင် မျက်ရည်တွေ စိုရွှဲနေသည်။ လက်ကိုင်ပဝါကို ဆုပ်ကိုင်ထားသည့် လက်ချောင်းကလေးတွေမှာ တုန်ယင်လျက် ရှိသည်။

"ဒီအကြောင်းတွေကို ကြားနေရတာဟာ ကိုယ့်အတွက် အရှင်လတ်လတ် ငရဲခံနေရသလိုမို့ ကိုယ် ဆက်မကြားချင်တော့ဘူး။ ရှင်းရှင်းပြောရရင် အခုလို ကိုယ်လာတွေ့တာကိုက လွန်လှပြီ။ ဒါပေမဲ့ ရန်ကုန်ကိုရောက်တဲ့ ၆ လလောက်အတွင်းမှာ တစ်ခါမှ မတွေ့ရသေးလို့ တစ်ကြိမ်တော့ ဘာပဲဖြစ်ဖြစ် တွေ့မယ်ဆိုတဲ့ ဆန္ဒနဲ့တွေ့တာပဲ။ အမှန်ကတော့ စင်သီယာကို တွေ့ဖို့အခွင့်အရေး ကိုယ့်မှာမရှိတော့ဘူး"

စင်သီယာက ဘာမျှမပြောဘဲ ပါးပြင်မှ မျက်ရည်တွေကိုသာ လက်ကိုင်ပဝါဖြင့် သုတ်နေလေ၏။

"ဒီတော့ ကိုယ်ပြန်မယ်"

ဝင်းကြည်က ကုလားထိုင်မှ ထမည်ပြုသည်။ စင်သီယာသည် ဝင်းကြည်အား မျက်ရည်

www.burmeseclassic.com

www.burmeseclassic.com



လည်ရှုံ့ဖြင့် ကြည့်နေရင်း ဝင်းကြည်၏ အပါးသို့ ဖြန်းခနဲ တိုးလာကာ သူ့မျက်နှာကို ဝင်းကြည်၏ရင်ခွင်သို့ ထိုးသွင်းလိုက်၏။

"ကိုဝင်းကြည် စင်သီယာ့ကို စိတ်နာနေပြီဆိုတာ စင်သီယာ သိပါတယ်။ နာပါ စိတ်နာပါ။ စင်သီယာ့ကို မုန်းပါ"

ဝင်းကြည်၏ရင်ခွင်ကို သူ့ခေါင်းဖြင့် တိုးကာ ငို့ကာ စင်သီယာငိုရင်း တတွတ်တွတ် ပြောနေသည်။ စင်သီယာ၏ ကိုယ်မှ သင်းပျံ့သော ရနံ့သည် လည်းကောင်း၊ နွေးထွေးသော ကိုယ်ငွေ့သည် လည်းကောင်း ဝင်းကြည်၏ နှာခေါင်းအတွင်းသို့ တိုးဝင်လျက်ရှိသည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိ၏။ မိုးစက်မိုးပေါက်များလည်း တဖွဲဖွဲ ဝေနေဆဲ ဖြစ်သည်။ ရေတင်နေသော ကွင်းအချို့သည် ဝင်လုဆဲ နေရောင်အောက်၌ စိမ်းမြရှိန်းလက်နေကြသည်။ ကျယ်ဝန်းသော ဤနေရာတစ်ဝိုက်တွင် လူသူလေးပါး၏ အရိပ်အယောင်ကိုပင် မတွေ့ရ။ အသံဗလံ ဟူ၍လည်း ဘာမျှမရှိ။

စင်သီယာ၏ အတွေ့သည် ဝင်းကြည်၏ရင်ကို ဗလောင်ဆူနေစေ၏။ စင်သီယာ၏ ပခုံးနှစ်ဖက်ကို မကာ ထူလိုက်မိသည်။ သူ့တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်း ထသွားသလား ထင်ရသည်။

"ထပါ စင်သီယာ မငိုပါနဲ့တော့။ ကိုယ်တို့ ဒီမှာ ကြာကြာနေလို့လည်း မကောင်းဘူး။ ကိုယ်သွားမယ်"

ဝင်းကြည်က ထိုသို့ပြောရင်း စင်သီယာ၏ပခုံးကို မထူကာ သူကိုယ်တိုင်လည်း ထိုင်ရာမှ ထလိုက်သည်။ မယားငယ်ပင် ဖြစ်စေဦးတော့ မလွတ်လပ်တော့ပြီ ဖြစ်သည့် စင်သီယာ၏ ဘဝကို သူ နားလည်သည်။ မလွတ်လပ်သော မိန်းမတစ်ယောက်နှင့် လက်ပွန်းတတီး မနေအပ်ကြောင်း သူ သိသည်။ ဤအသိသည် သူ့ကို တွန်းထိုး ရိုက်ပုတ်လျက်ရှိသည်။ မွှေးပျံ့သော ရနံ့နှင့် နွေးထွေးသော အတွေ့တို့အကြားမှ ရုန်းထွက်လိုက်ခြင်းသာလျှင် အကောင်းဆုံးဟု သူ ပိုင်းဖြတ်လိုက်သည်။

စင်သီယာသည် စားပွဲပေါ်၌ မှောက်လျက်သား ငိုနေရာမှ ဝင်းကြည်ဆီသို့ လှမ်းကြည့်သည်။ မျက်လုံးအိမ်တွင်း၌ မျက်ရည်များ ပိတ်ဖုံးဆဲဖြစ်၏။ စင်သီယာ၏ အကြည့်ကား တစ်စုံတစ်ရာ ထူးခြားသည့် အဓိပ္ပာယ်ကို မဖော်ပြသော အကြည့်၊ မည်သို့မျှ အနက်မထင်သော အကြည့်သာ ဖြစ်သည်။ သို့သော် စူးရဲသည်။ လေးလံ နက်ရှိုင်းသည်။

"ကဲ ကိုယ်သွားမယ်။ ကိုယ်နဲ့ တွေ့ရတယ်ဆိုတာကိုပါ မေ့ပစ်လိုက်ပါ စင်သီယာ စိတ်ဒုက္ခ မခံပါနဲ့"

ဝင်းကြည်က အိမ်ပေါ်မှဆင်းကာ အုတ်နီခင်း လမ်းကလေးအတိုင်း ခြံကုန်သုတ်၍

www.burmeseclassic.com



ထွက်လာခဲ့၏။ စင်သီယာမှာမူ အသေလို ငြိမ်ရပ်ရင်း အငေးသား ကျန်နေခဲ့သည်။ ဘာမျှလည်း မပြော၊ ပြောရန်စကားလုံးပင် မရှိ။

မိုးသည် ဖွဲနေရာမှ သဲသဲမဲမဲ ရွာချလိုက်၏။ နေလည်း ဝင်သွားလေပြီ။

## အခန်း ၄၂

ရွှေဂုံတိုင်လမ်းရှိ 'အာဏာသစ်' သတင်းစာတိုက်၏ အယ်ဒီတာများ ထိုင်ရာ စားပွဲမှနေ၍ တစ်ဖက်သို့ လှမ်းမျှော်ကြည့်လျှင် စိမ်းလန်းသော သစ်ပင်များနှင့် မြက်များလွှမ်းသော ကုန်းမြင့်မြင့်ကို တွေ့ရသည်။

မြက်များသည် စိမ်းလန်းလှ၏။ သို့သော် ငှက်ဖျားသင့်ထားသူ၏ ဦးခေါင်းမှ ဆံပင်လို မညီမညာနိုင်လှသည်။ အတိုအရှည် အစိပ်အကျဲများဖြင့် ဖြစ်ကတတ်ဆန်း ပေါက်နေကြသည်။ တစ်ခါတစ်ရံ မြက်ကင်းသောနေရာတွင် မည်းညစ်ညစ်တချို့၊ နီစွေးစွေးတချို့ မြေကွက်များကို တွေ့နိုင်သည်။ ဤကုန်းမြင့်၏ တစ်ဖက် နံဘေးပေါ်မှာပင် ငါးထပ်ကြီးကျောင်းတိုက် အဆောက်အဦအချို့ တည်ရှိကြသည်။

ရွှေဂုံတိုင်လမ်းကား အကွေ့အကောက် အတန်ငယ်ရှိသည့်မှအပ၊ ဖြောင့်မတ်သည်ဟု ဆိုနိုင်သော်လည်း ကာလရှည်ကြာစွာ မပြုမပြင်ဘဲထားသည့်အတွက် ချိုင့်တွေ၊ ဗွက်အိုင်တွေ ဗလပျစ် ဖြစ်နေသည်။ အချို့သောနေရာများတွင် ကတ္တရာတွေ ကွာလျက်ရှိသည်။

'အာဏာသစ်' သတင်းစာတိုက်တွင် ဝင်းကြည်သည် အလုပ်ဝင်နေပေပြီ။

အယ်ဒီတာချုပ်လည်း ဖြစ်၊ ထုတ်ဝေသူလည်း ဖြစ်သော ကိုလွန်းအောင်သည် စိုးသိမ်းနှင့် ခင်မင်ရင်းနှီးဖူးသူ ဖြစ်၏။ ယူနီဗာစီတီမှ အိုင်အေ အောင်ပြီးနောက် ကျောင်းဆက် မတက်တော့ဘဲ သတင်းစာ တစ်စောင်ကို တည်ထောင် ထုတ်ဝေနေသူ ဖြစ်သည်။ ကိုလွန်းအောင်သည် 'အာဏာသစ်' သတင်းစာကို ခက်ခဲစွာ ထုတ်ဝေနေရခြင်း ဖြစ်သည်။ တိုးတက်သော အယူအဆရှိသည်။ ပြည်သူလူထု တစ်ရပ်လုံး၊ တစ်တိုင်းတပြည်လုံး ဒီမိုကရေစီ အခွင့်အရေးတွေ ဆုံးရှုံးလျက်ရှိရာ ယင်းကဲ့သို့ ဆုံးရှုံးနေသော ဒီမိုကရေစီ အခွင့်အရေးတွေကို တောင်းဆိုရန်နှင့် အဖိနှိပ် အညှဉ်းဆဲခံ ပြည်သူလူထုဘက်မှ ရပ်တည်ရန်အတွက် ဤသတင်းစာကို ရှိစုမဲ့စု သူ့ကိုယ်ပိုင် ငွေကြေးကလေးဖြင့် လည်းကောင်း၊ ခင်မင်ရင်းနှီးသော မိတ်ဆွေများက ထည့်ဝင်ကြသည့် ငွေကြေးဖြင့် လည်းကောင်း ပေါင်းစပ် စုဆောင်းကာ ထုတ်ဝေနေခြင်း ဖြစ်သည် စသည်ဖြင့် ကိုလွန်းအောင်နှင့် စပ်လျဉ်း၍ စိုးသိမ်းက ဝင်းကြည်ကို ရှင်းပြခဲ့သည်။

"လခရယ် ဘာရယ်လို့ ပုံသေရချင်မှ ရမယ်ကွာ။ သူ့သတင်းစာက ဆင်းရဲတယ် မဟုတ်လား။ ဘာပဲဖြစ်ဖြစ် မင်းအတွက် ပညာရမှာ သေချာတယ်။ မင်းလုပ်ချင်တဲ့ အလုပ်မို့ စိတ်ဝင်စား

www.burmeseclassic.com



မှာလည်း ကျိန်းသေပဲ။ ဒီတော့ မင်း သူနဲ့သာ လုပ်ပါ။ ငွေရေးကြေးရေးအတွက်က ကိုလွန်းအောင် ဆီက တစ်ပြားမှ မရလည်း တို့ရှိသားပဲ။ အခုအချိန်မှာ ပြည်သူလူထုဘက်က မားမားမတ်မတ် ရပ်တည်တဲ့ သတင်းစာရယ်လို့ မရှိဘူး မဟုတ်လား။ မင်းသာ တကယ်တမ်း ကြိုးစားတယ်ဆိုရင် ကိုလွန်းအောင်အတွက်လည်း အများကြီး အကူအညီရမှာ"

စိုးသိမ်းက ထိုသို့ ပြောခဲ့သည်။ ထို့နောက် ကိုလွန်းအောင်ဆီသို့ ဝင်းကြည်ကို ခေါ်သွား ကာ အကျိုးအကြောင်း ပြောပြ မိတ်ဆက်ပေးသည်။

'အာဏာသစ်' သတင်းစာအကြောင်းကို ကြားဖူးနေပြီ ဖြစ်သော ဝင်းကြည်သည် အာဏာ သစ် သတင်းစာ၏ အယ်ဒီတာချုပ် ဖြစ်သည့် ခေတ်ပညာတတ် လူငယ်လူရွယ် တစ်ဦးဖြစ်သူ ကိုလွန်းအောင်ကို တွေ့ရသောအခါ၌ ဤသတင်းစာကို သာမက ကိုလွန်းအောင်ဆိုသူ အပေါ်၌ပါ စိတ်ဝင်စားလာရသည်။

ကိုလွန်းအောင်သည် အရပ်မြင့်သည်။ အရပ်နှင့်လိုက်သော ကိုယ်လုံးကိုယ်ထည်လည်း ရှိသည်။ အသားညိုသော်လည်း နှာတံပေါ်၍ မျက်ခုံးကောင်းသဖြင့် လူချောတစ်ယောက်ဟု ဆိုနိုင် သည်။ ဆေးတံကို လက်ကမချဘဲ စာတကုန်းကုန်း ရေးနေလေ့ရှိသည်။ တစ်ခါတစ်ရံ မြန်မာ ရှေးဟောင်း တေးသီချင်းကြီး တစ်ပုဒ်တလေကို လည်းကောင်း၊ တစ်ပိုင်းတစ်စကို လည်းကောင်း ခပ်တိုးတိုး သီဆိုနေတတ်သည်။

"ကိုလွန်းအောင်ဟာ အင်မတန် ဝင်ငွေကောင်းတဲ့ သစ်အလုပ်ကို လုပ်ပြီး ငွေစုလာတာကွ။ အခု ဒီငွေနဲ့ သတင်းစာထုတ်တော့ အဲဒီ သစ်အလုပ်ကိုပါ စွန့်လိုက်တာပဲ။ စိတ်ဓာတ်က ပြင်းထန် တယ်။ သူ ဖောက်ဖောက်ပြန်ပြန် နေချင်ရင် နေလို့ရတယ်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား လုပ်ချင်ရင် လည်း လုပ်လို့ရတဲ့လူပဲ။ ဒါပေမဲ့ ဒီလိုမနေဘဲနဲ့ အဖိနှိပ်ခံ လူတွေအပေါ်မှာ စာနာ ညာတာတဲ့ စိတ်နဲ့ ဒီသတင်းစာအလုပ်ကို လုပ်နေတာ"

စိုးသိမ်းပြောသော စကားတွေကို သူသတိရသည်။ သို့မို့ကြောင့်လည်း ကိုလွန်းအောင်ကို သူ စိတ်ဝင်စားသည်၊ လေးစား ကြည်ညိုသည်။

"သတင်းစာတစ်စောင်ကို ထုတ်ဝေတယ်ဆိုတာ တကယ်ဆိုတော့ မလွယ်လှဘူး ကိုဝင်း ကြည်ရာ။ ခင်ဗျားသိတဲ့ အတိုင်းပါပဲ။ ကြာလေလေ ပိုသိလေလေ ဖြစ်မှာပါပဲ။ ဒါပေမဲ့ ကျွန်တော် တို့ ဖြစ်တဲ့နည်းနဲ့ လုပ်ရမယ်။ ဒီလိုလုပ်ဖို့လည်း ကြိုးစားရမှာပါပဲ။ ကိုဝင်းကြည်နဲ့ ပတ်သက်လို့ ကိုစိုးသိမ်းက ပြောတာတွေ ရှိပါတယ်။ ဒီလို သတင်းစာအလုပ်ကို ဇောက်ချပြီး လုပ်မယ့် လူငယ် လူရွယ်တွေ ကျွန်တော်တို့ နိုင်ငံမှာ အများကြီး လိုအပ်နေပါတယ်။ အထူးသဖြင့် တိုးတက်တဲ့ အယူအဆရှိတဲ့ လူငယ်လူရွယ်တွေ သာပြီး လိုအပ်တယ်ဗျာ။ ဒီတော့ ကျွန်တော်နဲ့အတူ လုပ်ပါ။ အလုပ်ဆိုတာ လုပ်ရင်းတတ်ရတာချည်းပဲ မဟုတ်လား ကိုဝင်းကြည်"

ကိုလွန်းအောင် ပြောဆိုနေသည့် စကားလုံးများသည် ဝင်းကြည်၏ ကမ္ဘာတွင် ဆန်းသစ်

www.burmeseclassic.com

www.burmeseclassic.com



နေသော စကားလုံးများသာ ဖြစ်လေသည်။ သာမန်မျှသာဖြစ်၍ ရိုးသားသော စကားလုံးများလည်း ဖြစ်စေကာမူ လေးနက်သော အဓိပ္ပာယ်တွေ ပါရှိသည်ဟု ထင်မြင်မိသည်။

"ကိုဝင်းကြည်ရဲ့ အခက်အခဲတွေကိုလည်း ကိုစိုးသိမ်းက ပြောပြပါတယ်။ ကျွန်တော်လည်း တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ ဒီအခက်အခဲတွေကို ကူညီ ဖြေရှင်းမှာပါ။ တစ်လကို ဘယ့်လောက် ရယ်လို့ သတ်သတ်မှတ်မှတ် မပေးနိုင်သေးခင်မှာ ရသလောက်ဝင်ငွေနဲ့ ကျွန်တော်တို့ မျှစားကြတာပေါ့ဗျာ။ ဒီတော့ ကိုဝင်းကြည် လုပ်ရမယ့် အလုပ်နဲ့ပတ်သက်လို့ ကျွန်တော် အကြမ်းသဘော စဉ်းစားထားတာကို ပြောပါ့မယ်။ ပထမဆုံးတော့ နယ်သတင်းတွေကို ကိုင်ပေါ့။ ခရိုင်၊ မြို့နယ် သတင်းထောက်တွေက ပို့လိုက်တဲ့ သတင်းတွေကို လိုသလိုတည်းဖြတ်။ ပြန်ရေးသင့်တာ ရေးပေါ့ဗျာ။ နောက်ပြီး ကြေးနန်း သတင်းလေး၊ ဆောင်းပါးလေးကအစ ဘာသာပြန်ပေါ့"

"ကျွန်တော် တစ်ခါမှ မပြန်ဖူးဘူး ကိုလွန်းအောင်။ ဘာသာပြန်ဆိုတော့ မဖြစ်ဘူးနဲ့ တူတယ်။ ကျွန်တော်တို့ နယ်ကျောင်းတွေက အင်္ဂလိပ်စာလည်း သိပ်သင်တာ မဟုတ်ဘူး။ နောက်ပြီး ဘာသာပြန်တဲ့ အတွေ့အကြုံကလည်း မရှိသေးဘူး မဟုတ်လား"

"ဒီလို မဟုတ်ဘူးလေ ကိုဝင်းကြည်။ စာများများ ရေးနိုင်အောင် စာများများ ဖတ်ရတယ်။ များများလည်း ရေးရတယ်။ ဘာသာပြန်တာလည်း ဒီအတိုင်းပဲ။ ဘာထူးသလဲ။ အင်္ဂလိပ်စာကို များများဖတ်။ သူဘာပြောချင်သလဲဆိုတာ နားလည်အောင်လုပ်။ နောက်ပြီး သူပြောချင်တဲ့ အဓိပ္ပာယ်ကို မြန်မာလို ချောအောင် ပြန်ရေးတာပဲဗျ။ ဒီလိုနဲ့ အတွေ့အကြုံ ရသွားမှာပေါ့။ လုပ်ပါဗျာ။ ခင်ဗျားသာ အားမလျှော့နဲ့"

ဤသို့အားဖြင့် ဝင်းကြည်သည် 'အာဏာသစ်' နေ့စဉ်တွင် အလုပ်ကလေးတစ်ခု စွဲစွဲမြဲမြဲ ရလာခဲ့သည်။ အယ်ဒီတာအဖွဲ့တွင် ကိုလွန်းအောင်အပြင် နောက်ထပ် လက်ထောက်အယ်ဒီတာနှစ်ယောက် ရှိသေးသည်။ စကားများများ မပြောဘဲ အလုပ်ကိုသာ ဖိလုပ်နေတတ်သော ကိုလေးမောင်နှင့် စကားပြောတိုင်း ထစ်ထစ်နေတတ်သော ကိုအောင်မြင့် စသည့် လူငယ်နှစ်ယောက် ဖြစ်သည်။ သူတို့ကား ဝင်းကြည်နှင့် အသက်အရွယ်အားဖြင့် မတိမ်းမယိမ်း လူငယ်များသာ ဖြစ်သော်လည်း သတင်းစာလုပ်ငန်းတွင် ဝင်းကြည်ထက် ဝါရင့်သူများ ဖြစ်ကြသည်။

နယ်သတင်းများ တည်းဖြတ်ပုံကို ဝင်းကြည်အား သင်ပြကြသည်။ သတင်းတည်းဖြတ်ပုံ၊ ခေါင်းတပ်ပုံ၊ သတင်းရွေးချယ်ပုံ၊ သတင်းနေရာချပုံ၊ သတင်းစာ၏ အထားအသို ပြင်ဆင်မွမ်းမံပုံများကအစ ဘာသာပြန်ပုံ အဆုံး တရင်းတနှီး နည်းလမ်း ညွှန်ပြကြသည်။

ဝင်းကြည်ကလည်း သူတို့ပြသသော နည်းနာတွေကို ကျိုးကျိုးနွံနွံ နာယူသည်။ အလုပ်မှန်သမျှကို ဖွဲကြီးနပဲကြီး လေ့လာသည်။ အယ်ဒီတာအဖွဲ့နှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များကို သာမက စက်ရိုက်၊ စာစီ စသော အတတ်ပညာတွေကိုပါ တီးမိ ခေါက်မိအောင် ကြိုးစားသည်။ ကိုလွန်းအောင်၏ အကြံပေးချက်အတိုင်း အင်္ဂလိပ် သတင်းစာနှင့် ကြေးနန်း သတင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဓရုပ်ဓနား ဖတ်သည်။ တစ်ခါဖတ်၍ နားမလည်သော်လည်း ကိစ္စမရှိ။ အထပ်ထပ်ဖတ်၊ အခေါက်ခေါက် ဖတ်သည်။ အချို့ကို မြန်မာလို ပြန်ရေးကာ ကိုလွန်းအောင်နှင့် ကိုလေးမောင်ကို တည်းဖြတ်ခိုင်းသည်။

သို့မို့ကြောင့်လည်း သုံးလေးလမျှသော ကာလအတွင်း ဝင်းကြည်သည် များစွာ ခရီးရောက် နားလည်လာသည်။ ဤအလုပ်တွင် စိတ်ဝင်စားသလောက် ပျော်လည်း ပျော်ပိုက်သည်။ စားလည်း ဤစိတ်၊ သွားလည်း ဤစိတ်၊ အိပ်လည်း ဤစိတ် ဖြစ်လာသည်။ ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှသော၊ ထိတ်လန့် တုန်လှုပ်ဖွယ်ဖြစ်သော အတိတ်ဆိုး အိပ်မက်ဆိုးတွေကို သူမေ့လျော့လာသည်။ အိမ်ကိုလည်း မေ့ထားသည်။ စင်သီယာကိုပါ သတိမရ။

ဝင်းကြည်၏ စိတ်ရောကိုယ်ပါ ဘဝသစ်၊ ကမ္ဘာသစ် တစ်ခုအတွင်းသို့ ရောက်ရှိခဲ့လေပြီ။

သူ တပ်လိုက်သော ခေါင်းစဉ်၏ ထိရောက်မှုကို ရှာဖွေကြည့်သည်။ သတင်းပေးပုံပေးနည်းကို စောကြောသည်။ သူ ရေးလိုက်သော ဆောင်းပါးကို သူ့ဘာသာပြန်၍ အကဲဖြတ်သည်။ ဤသတင်းပြီးလျှင် ဘာသတင်းလာဦးမည်နည်းဟု နှစ်ဆယ့်လေးနာရီလုံးလုံး နားစွင့်ရသည်။ သို့မို့ကြောင့် ဝင်းကြည်သည် ဘာကိုမျှ သတိမရ။ သူ၏ ချစ်လှစွာသော သူငယ်ချင်းတွေကိုပင် သတိမရ။

တင်ရွှေသည် မေယုသဘော်ကြီး လွန်းတင်ရန်အတွက် စင်ကာပူသို့ အသွားတွင် ပါသွား၏။ မောင်ခန့်ကား သူ့အမေနှင့်အတူ ညောင်တန်းဘက်တွင် ပြန်နေရပြီး စိုးသိမ်း တစ်ယောက်သာလျှင် အနောက်ပိုင်း ကွက်သစ်တစ်ခု၌ အခန်းငှားနေသည်ဟု ဆိုသည်။

ဝင်းကြည်ကား သတင်းစာတိုက်မှာပင် စားသည်၊ အိပ်သည်။ သတင်းစာ အလုပ်၌သာ စူးစိုက် နစ်မြုပ်သည်။

"ဟေ့လူ၊ ဘာတွေများ စဉ်းစားနေတာလဲ"

ကိုအောင်မြင့်က အပါးရှိ စားပွဲတွင် ဝင်ထိုင်ရင်း မေးလိုက်ခြင်းဖြစ်ရာ ဝင်းကြည်၏ အတွေးမှာ လွင့်စဉ်သွားလေ၏။

"ဘာရယ်လို့ မဟုတ်ပါဘူး ကိုအောင်မြင့်ရာ။ အလုပ်နည်းနည်းပါးတော့ ဟိုတွေး ဒီတွေးပေါ့။ ကိုလွန်းအောင်ရော"

"မြို့ထဲမှာ လှည့်နေတယ်၊ လာပါလိမ့်မယ်။ သတင်းထူးတော့ ပါလာလိမ့်မယ်ဗျို့။ ကိုရီးယား စစ်ပွဲကိစ္စကို ပါလီမန်မှာ အကြိတ်အနယ် ဖြစ်နေကြတယ်ဗျ"

"ဟုတ်လား၊ ဘာအကြိတ်အနယ် ဖြစ်စရာလိုသလဲ ကိုအောင်မြင့်ရာ။ ကိုရီးယားစစ်ကိစ္စက ရှင်းနေတာပဲဗျ။ အမေရိကန်က ကုလသမဂ္ဂက အလံကိုင်ပြီး အတင်း ဝင်တိုက်နေတာဆိုတာ အင်မတန် ထင်ရှားရှိနေပြီပဲ မဟုတ်လား"

ကိုအောင်မြင့်သည် ဆေးပြင်းလိပ်တိုကို မီးခိုးတလူလူ ထွက်အောင် ဖွာရှိုက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့လေ။ နို့ပေမဲ့ အခု ရထားတဲ့ သတင်းအတိုင်းဆိုရင် ဖဆပလအစိုးရက ကုလသမဂ္ဂ အလံလွှင့်ထားတဲ့ အမေရိကန်ကိုပဲ ထောက်ခံလိမ့်မယ် ကိုဝင်းကြည်ရေ့။ ဘာမှ စဉ်းစားမနေနဲ့တော့။ ကိုရီးယားစစ် စဖြစ်တာ အခုဆို တစ်လကျော်ပြီ။ ဗမာအစိုးရက ဒီစစ် စဖြစ်ဖြစ်ချင်း သူတို့သဘောထားကို ကြေညာဖို့ပဲဗျ။ ဒါပေမဲ့ အခု ဩဂုတ်လ ဘတ်ဂျက် ပါလီမန် ကို စောင့်ပြီး ဒီပါလီမန်က တစ်ခါတည်း ကြေညာဖို့ လုပ်ထားတဲ့ဥစ္စာ လူတိုင်း သိနေတာပဲ။ အေးဗျာ၊ ကြည့်ရသေးတာပေါ့"

မကြာမီ ကိုလွန်းအောင် ပြန်ရောက်လာသည်။ သူ့နဖူးပြင်တွင် ချွေးစီးများ ယှက်သန်း လျက် ရှိသည်။

"ပါလီမန်ကတော့ ကိုရီးယားစစ်နဲ့ ပတ်သက်လို့ ကုလသမဂ္ဂဘက်ကို ထောက်ခံလိုက် ပြီဗျို့"

ကိုအောင်မြင့်နှင့် ဝင်းကြည်သည် ငြိမ်ကျသွား၏။ တစ်တိုင်းတပြည်လုံး အတွက်သာမက ကမ္ဘာနှင့်ချီ၍ အရေးပါသော ပြဿနာတစ်ရပ်ကို နိုင်ငံ၏ အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်း ဖြစ်သည့် ပါလီမန်က ဆုံးဖြတ်လိုက်လေပြီ။

ကိုလွန်းအောင်က စကားဆက်ပြန်သည်။

"ဆင်မန်ရီးရဲ့ တပ်တွေက ကိုရီးယားမြောက်ပိုင်းကို ဇွန်လ ၂၃ ရက်နေ့ကစပြီး အမြောက် တွေနဲ့ ပစ်ခတ် တိုက်ခိုက်ခဲ့တယ်။ တောင်နဲ့မြောက် ခွဲခြားထားတဲ့ ၃၈ မျဉ်းပြိုင်ကို မြောက်ကိုရီးယား တပ်တွေက ဇွန်လ ၂၅ ရက်မှ ဖြတ်ကျော်ပြီး တိုက်တယ်။ ဒီလိုတိုက်တာကို အမေရိကန်က ကုလသမဂ္ဂမှာ ဒီပြဿနာကို တင်ပြီး မြောက်ပိုင်းက ကျူးကျော်ပါတယ်လို့ မဲပေး အတည်ပြုခဲ့ တယ် မဟုတ်လား။ ဒါဟာ ကုလသမဂ္ဂက သူ့မဲပေး ယန္တရားခလုတ်တွေကို နှိပ်ပြီး လုပ်ကြတာဗျ။ တကယ်ဆိုတော့ အမေရိကန် ကာကွယ်ရေးဝန်ကြီး ဂျွန်ဆင်၊ နိုင်ငံခြားရေးဝန်ကြီး ဒါးလက်နဲ့ စစ်သေနာပတိချုပ် ဂျင်နရယ် ဘရက်ဒလေတို့ဟာ မက်အာသာနဲ့ ဆင်မန်ရီးဆီ သွားပြီး တိုးတိုး တိတ်တိတ် တိုင်ပင်နေခဲ့တာ ကြာလှပြီပဲဗျာ။ အခု ဒီကိုရီးယားစစ်ဟာ နိုင်ငံရေးအဓိပ္ပာယ် အများ ကြီး ရှိတယ်ဗျ။ မြောက်ကိုရီးယားရဲ့ ဆိုရှယ်လစ် တည်ဆောက်ရေးကို ဖြိုဖျက်ပစ်ပြီး မြောက်ကိုရီး ယားကို သိမ်းမယ်။ ဒီလိုသိမ်းပြီးတော့ လွတ်မြောက်တာ တစ်နှစ်သားတောင် မပြည့်သေးတဲ့ ပြည်သူ့ တရုတ်ပြည်ကို ဆက်ကျူးကျော်မယ်။ အဲဒီလိုနဲ့ တစ်ခါ ဆိုရှယ်လစ်စနစ်ရဲ့ မဏ္ဍိုင်ကြီး ဖြစ်နေတဲ့ ဆိုဗီယက် ယူနီယံကို ဝိုင်းထားဖို့ ရည်ရွယ်တာပဲ။ ဒါဟာ သိပ်ရှင်းနေတယ်ဗျာ။ ကျွန်တော်တော့ ဒီလိုပဲ နားလည်နေတယ်။

"အဲဒါကို ဗမာအစိုးရကပါ မြောက်ကိုရီးယားက ကျူးကျော်တယ်ဆိုပြီး ဆုံးဖြတ်လိုက်တာ တော့ လုံးလုံးကြီး အရုပ်ဆိုးတာပဲ။ ဆန်းသလားဆိုတော့ မဆန်းဘူးဗျ။ ဘယ်လိုပဲပြောပြော ဘာတွေပြောပြော အင်္ဂလိပ်၊ အမေရိကန် လက်အောက်က ရုန်းကို မထွက်နိုင်ကြဘူး။ အခု

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဗျာ။ အင်္ဂလန်က ကျွန်တော်တို့ ငွေတွေချေးထားရတယ်။ ကိုလံဘို စီမံကိန်းထဲမှာ ပါနေရတယ်။ ဒါတွေက သတင်းဟောင်းတွေမို့ ထားလိုက်ဦး။ အမေရိကန်ကကို စီးပွားရေး အကူအညီတွေ ယူရဦးတော့မလို ဖြစ်နေတာကိုကြည့်။ သမ္မတ ထရူးမင်းက အထူးသံတမန် လွှတ်ပြီး စီးပွားရေးကိစ္စ ဆွေးနွေးသွားတယ် မဟုတ်လား။ ကျွန်တော်တို့ သိရသလောက် အီးစီအေ ဆိုတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ခု လုပ်လိမ့်မယ်။ ဒီ အီးစီအေ အထောက်အပံ့တွေရဖို့ ဗမာပါလီမန်က အခုကိစ္စမှာ အမေရိကန်ဘက်က ထောက်ခံမဲ ပေးတာပဲ။ တခြားအကြောင်း မရှိဘူး"

"ပါလီမန်မှာ ဘယ်သူမှ မကန့်ကွက်ကြတော့ဘူးလား"

"ဆိုရှယ်လစ်ပါတီက သခင်လှကြွေတို့တော့ ကန့်ကွက်တာပဲဗျ။ ဒါပေမဲ့ သူတို့ကလည်း ဆိုရှယ်လစ်ပါတီရဲ့ သဘောထားဘောင်ထဲက ပြတ်ပြတ်သားသား ရုန်းမထွက်နိုင်တော့ အခုကိုရီးယားအရေးမှာ ကန့်ကွက်သလိုလို၊ ထောက်ခံသလိုလိုနဲ့ ထောက်ကွက် ဖြစ်နေတယ်"

"ထောက်ကွက်၊ ဟုတ်လား"

ဝင်းကြည်က မေးလိုက်၏။ ကိုလွန်းအောင်သည် ဆေးအိုးအတွင်း ဆေးထည့်သိပ်ကာ မီးညှိရင်း ခေါင်းညိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ်လေ၊ ဒီပေါ်လစီကိုတော့ ကျွန်တော်တို့က ကန့်ကွက်ရတော့မှာပဲ။ အစိုးရလုပ်ပုံတွေက တစ်ခုမှ မဟုတ်တော့ဘူးဗျာ။ ပြည်တွင်းက အလုပ်သမားတွေ အမှုထမ်းတွေရဲ့ အခွင့်အရေးတွေကို ချုပ်ချယ်မလား ချုပ်ချယ်ရဲ့။ ဘီအိုစီနဲ့ ဘားမားကော်မရေးရှင်းတို့လို အရင်းရှင်လုပ်ငန်းကြီးတွေက အလုပ်သမားသပိတ်တွေကိုတောင် နှိမ်ထားမလား နှိမ်ထားရဲ့။ သူတို့ဟာ လူထုကို မယုံဘူး။ လူထုကို အားမကိုးဘူး။ ပြည်ပကျတော့ အရင်းရှင် နိုင်ငံကြီးတွေဆီက လက်ဖြန့်ခံ ပိုက်ဆံတောင်းဖို့ ကြိုးစားနေတာပဲ ရှိတယ်။ ဒီတော့ကာ ကျွန်တော်တို့ သွားရမယ့် လမ်းက ရှင်းနေပြီလေ"

ထိုညတစ်ညလုံး သူတို့ အလုပ်ရှုပ်နေကြသည်။ ပါလီမန်သတင်းကို ဦးစားပေး၍ ထည့်ကာ အမေရိကန်ဘက်မှ ရပ်တည်သော ပါလီမန်၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင် ရှုတ်ချသည့် ခေါင်းကြီးပိုင်းကို ကိုလွန်းအောင်က ရေးသည်။

ဝင်းကြည်သည် ပျော်နေ၏။ တက်ကြွနေ၏။

ကိုလွန်းအောင် အပေါ်၌လည်း ကျေးဇူးတင်သလောက် ယုံကြည်ကိုးစားစိတ်တွေ တဖွားဖွား ပေါ်ထွက်လျက်ရှိသည်။ အောက်ထပ်ရှိ စာစီခန်းမှ တက်လာသော ပရုတွေကို ဖတ်ရင်းနားနေ အိပ်စက်ရန်ကိုပင် သတိမရနိုင်လောက်အောင် ဖြစ်ရသည်။

စက်အိုကြီးလည်း တဂျောင်းဂျောင်း မြည်သံပေးလျက် ညဖောင်တွေကို တောင် ရိုက်နှိပ်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ည ၂ ချက်ခန့်တွင်မှ စားပွဲပေါ်တွင် ခါးဆန့်ရင်း အိပ်မောကျသွားသည်။ အိပ်မောကျသည် ဆိုရသော်လည်း တရှောင်းရှောင်း မြည်နေသော စက်သံကို နားတွင် ကြားနေသည်။ ခါးပတ်ကြိုးပြတ်၍ စက်ရပ်သွားသည်နှင့် တစ်ပြိုင်နက် အလိုလို အိပ်ရာမှ လန့်နိုးကာ စက်ခန်းသို့ ဆင်းမိလျက်သား ဖြစ်နေသည်။

ထို့နောက် တော်တော်နှင့် ပြန်အိပ်၍မရ။

× × ×

"ဟော့ကောင် ထကွာ။ အိပ်လှချည်လား"

တစ်စုံတစ်ယောက်သောသူက လှုပ်နိုးနေသည့်အတွက် ဝင်းကြည်မှာ နိုးလာရသည်။

အိပ်ရေးပျက်ရသော ညပေါင်းများလှပြီမို့ မျက်စိတွေကို တော်တော်နှင့် ဖွင့်မရ။ သူ့ကို လှုပ်နိုးရင်း ပြောလိုက်သည့် အသံကိုလည်း ကြားဖူးသလိုလိုရှိသည်ဟု တွက်ဆမိသည်။

"ထကွာ၊ ငါပါကွ"

ဝင်းကြည်သည် ကျိန်းဖန်နေသော မျက်စိအစုံကို အားယူဖွင့်ကာ ထထိုင်လိုက်၏။

သူ့မျက်စိတွေကို သူ မယုံ။

"ဟင်၊ ဖုန်းမြင့်"

သူ့နှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားသည်။ မျက်စိအစုံမှာ ပို၍ ကျယ်လာသလား ထင်ရသည်။ သူ့အပါးတွင် ရောက်ကာ လှုပ်နှိုးလိုက်သူကား ဖုန်းမြင့်တည်း။

"အေး၊ ငါပါ"

ဖုန်းမြင့်၏ အသံသည် တိုး၏။

သူတို့နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားမိကြသည်။ ဖုန်းမြင့်၏ လက်ကား ပူနွေးလျက်ရှိသည်။

"နေဦးကွာ ခဏ"

ဝင်းကြည်က ကမန်းကတန်း မျက်နှာ ထသစ်ကာ ဖုန်းမြင့် အနားတွင် လာထိုင်ပြန်သည်။

"မင်း၊ နေစမ်းပါဦး။ ငါ ဒီမှာရှိတယ်ဆိုတာ ဘယ်လိုသိသလဲ"

"စိုးသိမ်းဆီမှာ ငါ ညအိပ်တယ်။ သူပြောလိုက်လို့ ငါလာတာပေါ့ကွာ။ မင်းနဲ့ သိပ်တွေ့ချင်တယ် သူငယ်ချင်းရာ"

ဖုန်းမြင့်ကား ယခင်ကလို စိုစိုပြည်ပြည်မဟုတ်။ ပိန်လို ဖျော့တော့သည်။ လပေါင်းများစွာ မကျန်းမမာဖြစ်နေသူနှင့် ပိုတူသည်။ အသားတွေကလည်း မည်းကာ ဆံပင်တွေမှာ ခြောက်သွေ့ပွရောင်းနေသည်။

ဝင်းကြည်သည် ဖုန်းမြင့်၏ ရုပ်သွင်ကို စူးစိုက်လို့သာ ကြည့်နေမိ၏။ ဝမ်းသာခြင်း

www.burmeseclassic.com



အံ့အားသင့်ခြင်းစသော စိတ်မျိုးစုံကလည်း သူ့ကို မွှေနှောက် ဆော့ကစားနေ၏။ ကျောင်းသားဘဝ၊ ဖက်ဆစ်တော်လှန်ရေး ပြောက်ကျားဘဝ စသည့် ဘဝမျိုးစုံတွင် အတူတူ လည်ပင်းဖက်လာခဲ့သော ဖုန်းမြင့်။

ပျော်စရာရှိလျှင် အတူတူ ပျော်ခဲ့ကြသည်။ ဝမ်းနည်းစရာ ရှိလျှင်လည်း အတူတူ ဝမ်းနည်းခဲ့ကြသည်။ တစ်ဘဝတည်းကို မျှဝေယူကြသော သူငယ်ချင်းများအနက် ဖုန်းမြင့်သည် ပြည်သူ့ရဲဘော်သို့ ရောက်ကာ တောခိုခဲ့၏။ ခနေပြူတွင် ကေအင်ဒီအိုများက အလုံးအရင်းဖြင့် ဖိတိုက်ခြင်းခံလိုက်ရပြီးချိန်ကစ၍ ဖုန်းမြင့် သတင်းအစအန မြုပ်သွားခဲ့သည်။ ယခု ဝင်းကြည်၏ ရှေ့မှောက်၌ ဘွားခနဲ ရောက်နေလေပြီ။

“မင်း ဘယ်က ဘယ်လို ရောက်လာတာလဲ ပြောစမ်းပါဦး။ မင်းကို မြင်လိုက်ရတော့ ငါဖြင့် အံ့အားသင့်နေတယ်”

ဖုန်းမြင့်က ချက်ချင်း အဖြေမပေးသေးဘဲ ဘေးပတ်ဝန်းကျင်တစ်ဝိုက်ကိုသာ စူးစိုက်အကဲခတ်လျက် ရှိလေသည်။

“ပြောပါကွ။ ကိစ္စမရှိပါဘူး” ဟု ဝင်းကြည်က ထပ်၍ အာမခံလိုက်မှ ဖုန်းမြင့်မှာ စိတ်ချလက်ချ ဖြစ်သွားဟန် တူလေသည်။

“ငါ ရန်ကုန်ကိုရောက်တာ ဂစ်ပတ်ကျော်ကျော်လောက်ရှိပြီ သူငယ်ချင်း။ မင်းတို့တစ်တွေ ဒီမှာရှိနေကြတယ်ဆိုတာ သိသားပဲ။ ဒါပေမဲ့ ငါ့အနေအထားက ဗြုန်းခနဲ ထွက်လို့မဖြစ်တာနဲ့ ချိန်နေရတာ”

“နေစမ်းပါဦး။ မင်းအခု ဘယ်လိုဖြစ်လာတာလဲ။ ဖြောင့်လာတာလား၊ တိတ်တိတ်လာတာလား။ ခနေပြူက ဆုတ်သွားပြီးကတည်းက မင်းဘယ်ရောက်လို့ ဘာဖြစ်သွားသလဲ။ ပြောစမ်းပါကွာ။ ငါသိချင်လှပြီ။ လာကွာ။ ဒါဖြင့် လွတ်လွတ်လပ်လပ် ပြောရအောင်”

ဝင်းကြည်သည် ဖုန်းမြင့်အား အတွင်းခန်းဘက်သို့ ခေါ်သွား၏။ ပျဉ်ထောင် သွပ်မိုးအဆောက်အဦမျှသာဖြစ်သော သတင်းစာတိုက်၏ အထက်ထပ်တွင် အခန်း ၂ ခန်းရှိသည်။ ရှေ့ခန်းမှာ အခန်းကျယ်ဖြစ်လျက် အယ်ဒီတာအဖွဲ့ဝင်များ၊ သတင်းထောက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ အမှုထမ်းတို့၏ စားပွဲများကို စီခင်းထားသည်။ ကျန်တစ်ခန်းမှာ အထက်ထပ်၏ နောက်ဖက် တစ်ခြမ်းဖြစ်ရာ ကိုလွန်းအောင်၏ စားပွဲနှင့် အရေးကြီးသော ဧည့်သည်များအား ဧည့်ခံစကားပြောရန် ကုလားထိုင်အချို့ ချထားသည်။

ဝင်းကြည်နှင့် ဖုန်းမြင့်သည် အဆိုပါ အခန်းတွင်းသို့ ဝင်ခဲ့ကြ၏။ ဝင်းကြည်က ဧည့်ကိုမှ အလုပ်သမားကလေးတစ်ဦးကို လက်ဖက်ရည် ၂ ခွက်နှင့် မုန့်ယူလာရန် မှာကြားကာ အခန်းတံခါးကို စေ့ထားလိုက်သည်။

“ငါပြောပါ့မယ်ကွာ မင်းကလည်း လောလိုက်တာ။ ဒီလိုကွ၊ ခနေပြူမှာ ဟို့ကို ကေအင်ဒီအို

www.burmeseclassic.com



က ဝိုင်းတိုက်တော့ တို့တပ်ပျက်ရော။ အားလုံး ဖရိုဖရဲ ပြေးကြရတာချည်းပဲ။ မင်းအစ်ကိုလည်း တစ်ခါတည်း လန့်ဖျပ်ပြီး မအူပင် ပြန်ရောက်လာတယ် မဟုတ်လား"

"အေး ဟုတ်တယ်။ သူပြောလို့ ငါသိတာပေါ့"

"အဲဒီမှာ ငါက ဆကာကြီးဘက်ကို ဆုတ်ရတဲ့အထဲမှာ ပါသွားတယ် ဝင်းကြည်။ ဒီနောက်ပိုင်းကစပြီး ငါလည်း ကွန်မြူနစ်ပါတီရဲ့ တပ်ထဲကို ရောက်သွားတာပဲ။ ကေအင်ဒီအိုကို တိုက်ဖို့ဆိုတာကို သဘောမတူနိုင်လို့ ငါ ပါတီထဲ ဝင်လိုက်တယ်လေ။ ပါတီက တာဝန်ပေးတဲ့ အတိုင်း ငါ ပဲခူးရိုးမဘက် တက်သွားရတယ်။ အဲဒီမှာနေရင်းနဲ့ ငှက်ဖျားမိတယ်ကွာ။ ငှက်ဖျားက သက်သာမလိုလိုနဲ့ မသက်သာဘူး။ အခုနောက်ဆုံး ရန်ကုန်လာပြီး ဆေးလေး ဘာလေး ကုတာပဲ ကွာ။ ပထမတော့ မအူပင်ပြန်ကုမယ် စိတ်ကူးတယ်။ မအူပင် ပြန်ကုရင် ချက်ချင်း အဆွဲခံရမှာ သေချာတယ် မဟုတ်လား။ နောက်ပြီး မအူပင်မှာတော့ ငါ့ကို လူတိုင်းက သိနေတာပဲကွာ။ ရန်ကုန်မှာတော့ ငါဟာ မြုပ်နေလို့ရတယ်။ ဒါ့ကြောင့် မအူပင်ကို မသွားတော့တာနဲ့ ရန်ကုန်ရောက် လာတာပဲ။ ငါ့ကျန်းမာရေးအခြေအနေ အင်မတန်ဆိုးလွန်းလို့သာ လာရတာ။ နောက်ပြီး ရန်ကုန် မှာဆိုတော့ မင်းတို့ကလွဲရင် တခြား ဘယ်သူမှ ငါ့အသိအကျွမ်းမရှိဘူး။ အသိအကျွမ်း ရှိတယ် ထားဦးတော့ ငါသွားလို့မဖြစ်ဘူး။ အဲဒါ ဘာဖြစ်လို့ ငါလာရသလဲဆိုတာရဲ့ အဖြေပဲ။ မင်းတို့ အပေါ်မှာ ငါအားနာတယ်ကွာ။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ငါမသေချင်သေးဘူး။ အလုပ်တွေ ဆက်လုပ်ချင်သေးတယ် သူငယ်ချင်းရာ"

"အေးလေ၊ ဒါလောက်ဆို ငါသိပါပြီ။ ဘာဖြစ်လို့ အားနာရမှာတုံး ဖုန်းမြင့်ရာ။ အားနာ စရာ လူတွေလားကွ။ မင်းကလည်း ဒီအကြောင်းတွေကို မင်း စိုးသိမ်းကို ပြောပြပြီးပလား"

"အေး"

"ဒီကောင်က ဘာပြောသလဲ"

"သူ့အခန်းမှာပဲ နေဖို့ပြောတယ်။ မင်းကိုလည်း ငါက သိပ်တွေ့ချင်နေတယ်။ သူက အခု တစ်နေ့လုံး ရုံးတက်၊ ညနေကျတော့ ကျောင်းတက်နဲ့မို့ မအားဘူးမဟုတ်လား။ မင်းကလည်း အခန်းကို တစ်ခါတလေမှပဲ လာတော့တယ် ဆိုတာနဲ့ ငါလည်း မင်းဆီ ထွက်လာတာပဲ"

ရောက်လာပြီဖြစ်သော လက်ဖက်ရည်နှင့် မုန့်ကို သူတို့နှစ်ယောက် အားပါးတရ စား သောက်ကြပြန်သည်။ ဖုန်းမြင့်က တုန်ယင်သော လက်ချောင်းအတွင်းမှ လက်ဖက်ရည်ခွက်ကို စားပွဲပေါ် ပြန်တင်ရင်း

"မအူပင်မှာ မင်းတို့ဖြစ်ခဲ့တဲ့ ကိစ္စတွေရော၊ ရန်ကုန်မှာ မင်းတို့ နေထိုင်နေရတဲ့ အခြေအနေ တွေရော စိုးသိမ်းက အကုန်ပြောပြပါတယ်။ ညက တစ်ညလုံးလိုလို ငါတို့ စကားပြောကြတယ် ကွ"

"ဟုတ်လား။ စိုးသိမ်းက မင်းကို ပြောပြပြီးပြီပေါ့၊ မိစင်သီယာ အကြောင်းရော ပါရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဝါတယ်"

"အေး ဒါဖြင့် စုံပြီပေါ့ကွာ။ ငါ ဘာမှပြောဖို့ မလိုတော့ဘူးပေါ့"

"စင်သီယာ့အကြောင်း ကြားရတာ ငါလည်း စိတ်မကောင်းဘူးကွာ။ မင်းဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ ငါစဉ်းစားမိပါတယ်။ ဒါပေမဲ့ သူငယ်ချင်းရာ သူ့ကို သိပ်အပြစ်တင်စရာ မလိုပါဘူး"

"အပြစ်မတင်ပါဘူး။ စိတ်လည်း မထိခိုက်တော့ဘူး။ ဒါပေမဲ့ ငါဒေါသထွက်မိတာတော့ အမှန်ပဲ ဖုန်းမြင့်ရာ။ ဒီမိန်းကလေးဟာ ချွေးမြီးကောက် ကျည်တောက်စွပ် ဆိုတဲ့ဘဝမျိုးကို ပြန်ပြန် သွားရကောင်းလားလို့ ငါဒေါသဖြစ်တာပဲ။ တော်တော်လည်း ပြောပစ်လိုက်တယ်လေ"

"မင်းနဲ့တွေ့လို့လား"

"အေး။ ငါကိုယ်က တွေ့ချင်လို့ ချိန်းပြီး သွားတွေ့တာပဲ။ သူ့တိတ်တိတ်ပုန်း ယောကျ်ား က ဝယ်ပေးထားတဲ့ အိမ်ကလေးမှာတွေ့ဖို့ သူက ငါ့ကို ခေါ်သွားတယ်"

"ဘယ်မှာလဲ အဲဒီအိမ်"

"၇ မိုင်မှာပါကွာ။ တိတ်တိတ်ပုန်းတွေ့ပြီး အကြည်ဆိုက်ကြတဲ့ စခန်းနဲ့တူပါတယ်။ သူကတော့ အမျိုးမျိုး သူ့ကိုယ်သူ ကာကွယ်ပြောတာပေါ့လေ။ ငါက ဒါတွေကို ဘာမှ နားမထောင် ချင်ဘူး၊ ရန်ကုန်ရောက်ကတည်းက တစ်ခါမှ မတွေ့ရသေးလို့ လာတွေ့တာပဲ၊ ဒီကိစ္စတွေကို ကြားလည်း မကြားချင်ဘူး၊ ငါနဲ့လည်း ဘာမှမဆိုင်ဘူးဆိုပြီး ပြန်ထွက်လာတာပဲ ဖုန်းမြင့်"

ဖုန်းမြင့်သည် ဝင်းကြည်၏စကားကို နားထောင်ရင်း စူးစိုက် စဉ်းစားနေ၏။

"စင်သီယာ့အပေါ်မှာ ဒေါသဖြစ်စရာလည်း မလိုပါဘူး ဝင်းကြည်ရာ။ ခွင့်လွှတ်လိုက်စမ်း ပါ။ လူကို မကြည့်ပါနဲ့။ စနစ်ကို ကြည့်ပါကွ။ စနစ်၊ စနစ်။ ဒီစနစ်ဆိုးအောက်မှာ စင်သီယာလို ရုပ်ကချော၊ စိတ်ကလည်းလွယ်၊ စီးပွားရေး အခက်အခဲကလည်း တွေ့နေတဲ့ မိန်းကလေးတစ် ယောက် မပျက်စီးဘဲ ခံကို မခံနိုင်ဘူး။ သူက ဘယ်လောက်ပဲ ရိုးရိုးသားသား နေချင်ဦးတော့။ ဒီစနစ်ကြီးက သူ့ကို မပျက်ပျက်အောင် ဖျက်မှာပဲ။ ဒါသေချာတယ်။ သူ့မှာ အပြစ်မရှိဘူး"

စနစ်၊ စနစ်ဟူသော စကားလုံးကို ဝင်းကြည်သည် အပြန်အလှန် တွေးနေလိုက်မိ၏။

"အရေးကြီးတာက မင်းပဲ။ စင်သီယာ့စိတ်ကြောင့် မင်းဘဝ ပျက်စီးမသွားဖို့ဘဲ အရေး ကြီးတယ်။ အမှန်ကတော့ မင်း အနွံ့ကို သတိရဖို့ကောင်းတယ်။ အနွံ့ဆီကိုတောင် ငါတော့ စာရေးချင်လာပြီကွာ၊ အေးလေ၊ ဘာပဲဖြစ်ဖြစ် အခုလို တစ်ခုခုကို မင်းဇောက်ချပြီး လုပ်နေတယ် ဆိုတာ ငါတော့ သိပ်သဘောကျတယ်။ အားလည်း အားပေးတယ်ကွာ။ လုပ်သာလုပ်"

"ငါ အမှန်အတိုင်း ဝန်ခံမယ်။ စင်သီယာ့အဖြစ်တွေကို မကြားရခင်ကတည်းက ငါ့ပြဿနာ တွေနဲ့ငါ လုံးထွေးနေခဲ့တာကွ ဖုန်းမြင့်ရ။ မင်းတို့ ထွက်သွားပြီးတဲ့နောက် မအူပင်မှာ ငါနဲ့ မြမော် နှစ်ယောက်တည်း ရင်ဆိုင်ရတဲ့ ပြဿနာတွေဟာ ဘယ်လောက် စိတ်ရှုပ်စရာ ကောင်းတယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်သလဲ။ ကရင်ကိစ္စက အဆိုးဆုံးပေါ့။ တကယ်ဆိုရင် ကရင်နဲ့ ငါတို့ မတိုက်ချင်ဘူး။ မတိုက်ချင်လို့ မရတဲ့ အခြေအနေမျိုးတွေ ဖြစ်လာတယ်။ နှစ်ဖက်စလုံးကကို တင်းတင်းမာမာ ဖြစ်လာပြီး နောက်ဆုံးကျတော့ ထိန်းမရ၊ သိမ်းမရတွေ ဖြစ်ကုန်တာပဲ။ ဒီတော့ မြမော်က ငါ့ကို ပြောတယ်။ ဖောင်ပျက်ကြီးပေါ်မှာ အိပ်နေရင် မင်းတော့ အချောင်သေမှာပဲတဲ့။ အဲဒီအချိန်ကစပြီး ငါလည်း ရူးရူးမိုက်မိုက် တိုက်တာပဲကွ။ ပြုလဲကျတော့မယ့် အစိုးရကို ငါက ဝင်ကာကွယ်တယ်လို့ အဲဒီအချိန်က မင်းတို့ ယူဆကောင်း ယူဆမယ်ဆိုတာ ငါစဉ်းစားမိတယ်။ ဒီလောကကြီးမှာ ငါ ဘာတစ်ခုမှ ဂရုမစိုက်ဘူး။ ဒါပေမဲ့ မင်းတို့ အထင်လွဲမှာတော့ ငါစိုးရိမ်တယ်။ အဲဒီလို စိုးရိမ်တာက စိုးရိမ်တာ တစ်ပိုင်းပဲ။ ကိုယ့်လက်ထဲမှာ လက်နက်မရှိလို့ မတိုက်လို့တော့ မဖြစ်ဘူးဆိုပြီး တိုက်ရတော့တာပဲ သူငယ်ချင်း"

"အေးလေ၊ မင်းတို့ မအူပင်ကို ကေအင်ဒီအို လက်ထဲမရောက်အောင် ဘယ်လောက်လုပ်နေတယ်ဆိုတာ ငါတို့ သိသားပဲ။ ဒါပေမဲ့ ငါတို့လည်း အဲဒီအချိန်က ဘာမှ မတတ်နိုင်ဘူး။ ထားတော့ပေါ့ကွာ။ အခု ကဲ၊ မင်းက ကရင်ကို တိုက်ခဲ့ပြီ။ အစိုးရအုပ်ချုပ်ရေး ယန္တရားကြီးကို မင်းကာကွယ်ပေးခဲ့ပြီ။ မင်း မှားသလား၊ မှန်သလားဆိုတာ စဉ်းစားကြည့်ပေါ့။ မင်း ဘာရသလဲ။ ဘာအကျိုးထူးသလဲ။ မင်းအကာအကွယ်ပေးခဲ့တဲ့ အစိုးရက တစ်နေ့မှာ မင်းဘက်ကို သေနတ်ပြောင်း ပြန်မလှည့်ရင် မင်းကံကောင်းတာပဲ။ ဒါ ငါ့အယူအဆ"

ဖုန်းမြင့်၏ ခိုင်မာ မြဲမြံသော သဘောထားကို ဝင်းကြည်မှာ အံ့အားသင့်စွာ သိနားလည်လာရပြန်သည်။ မပြတ်မသားမဖြစ်၊ တွေဝေခြင်း မရှိသော ဖုန်းမြင့်ပေတည်း။

"ပြည်သူ့ရဲဘော်တွေက ပြည်ထောင်စု အကွဲမခံနိုင်ဘူးဆိုပြီး အင်းစိန်ဘက်မှာ ကရင်ကို သွားတိုက်မယ်လည်းဆိုရော ငါလည်း ပြည်သူ့ရဲဘော်က ထွက်လိုက်တာပဲ။ ကရင်ပြဿနာရဲ့ အစပိုင်းမှာ ကရင်ခေါင်းဆောင်တွေ မှားတာ အများကြီးရှိတယ်။ သမိုင်းမှာ ဖျက်မရလောက်နိုင်အောင် ကြီးတဲ့ နိုင်ငံရေးအမှား၊ အယူအဆရေးအမှား၊ စစ်ရေးအမှားတွေပေါ့။ ကရင်ခေါင်းဆောင်တချို့က ဗမာပြည်နဲ့ ခွဲထွက်ပြီး သီးခြား လွတ်လပ်တဲ့ ကရင်ပြည်ရအောင် လုပ်တဲ့နေရာမှာ နယ်ချဲ့သမား အားကိုးရေး လမ်းစဉ်နောက် ကောက်ကောက်ပါအောင် လိုက်ကြတယ်ကွ။ ဒါကို ငြင်းလို့မရဘူး။ ဒါပေမဲ့ ပြဿနာတစ်ခုလုံး ခြုံကြည့်ရင် ဒီလောက်နဲ့ စဉ်းစားလို့ မရသေးဘူး။ လူမျိုးတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုတဲ့ အခြေခံအခွင့်အရေးကို တို့ပစ်ပယ်ထားလို့ မရဘူး။ တိုးတက်တဲ့ ပါတီတွေ၊ အဖွဲ့အစည်းတွေထဲမှာ ဒီကိစ္စအတွက် အကြီးအကျယ် ဝိဝါဒ ကွဲခဲ့ကြတယ်။ အဲဒီအချိန်မှာ အစိုးရက အခွင့်ကောင်းယူပြီး ဒီပြဿနာကို အသုံးချတယ်။ ဒါ့ကြောင့် ဒီစစ်ဟာ အဆိုးဆုံး၊ ဝမ်းနည်းစရာအကောင်းဆုံး စစ်အဖြစ်ကို ရောက်ခဲ့ရတယ်။ ဒါတွေကို အခု မင်း သဘောပေါက်လောက်ရောပေါ့။ ဘယ့်နှယ်လဲ"

ဝင်းကြည်က လေးတွဲ့စွာ ခေါင်းညိတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ငါသဘောပေါက်ပြီလေ။ သဘောပေါက်တာ နောက်ကျတယ်ဆိုပါတော့ ဖုန်းမြင့်ရာ"

"မင်းက တွေဝေတယ် သူငယ်ချင်း။ မင်းဟာ တစ်ခါတလေ ပြတ်သားသလိုလိုနဲ့ အင်မတန် တွေဝေတယ်။ နေရှင်ပေါက်စ လူတန်းစားဉာဉ်ကို မင်း အနိုင်မတိုက်နိုင်ဘူး။ ဒါ့ကြောင့် မင်း ဒီလိုဖြစ်ခဲ့တာပေါ့။ ငါပြောတာကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူးကွာ။ ငါ့ကိုယ်ငါ ပြန်စဉ်းစားမိတာ မကြာသေးဘူးကွ။ အခု ငါပြင်တယ်လေ။ ငါ့ကိုယ်ငါ သေသေချာချာ ဝေဖန်တယ်။ ငါဟာ ခနေရှင်ပေါက်စ ပညာတတ်တစ်ယောက် ဖြစ်ရေး လမ်းကို လိုက်မလား။ ပြည်သူလူထုကြီးဘက်မှာ ပြတ်ပြတ်သားသား ရပ်တည်မလားလို့ ငါ့ကိုယ်ငါ မေးတယ်။ အခု ငါအဖြေတွေ့နေပြီ။ ငါမကြောက်တော့ဘူး။ မယိမ်းယိုင်တော့ဘူး။ ဆက်လုပ်မယ်"

"အဲဒါ အမှန်ဆုံးပေါ့ သူငယ်ချင်း၊ အမှန်ဆုံးပေါ့။ ငါတို့ အသက်လည်း မငယ်ကြတော့ဘူး။ အတွေ့အကြုံတွေလည်း များလာကြပြီ မဟုတ်လား"

"ကဲ ဟော့ကောင်၊ ဒါတွေထားဦး၊ မင်း နေရေးထိုင်ရေးအတွက် ဘယ်လိုလုပ်ရင် ကောင်းမလဲ။ လောလောဆယ်တော့ စိုးသိမ်း အခန်းမှာပဲ နေဦးကွာ။ ငါလည်း ရက်ခြားဆိုသလို ပြန်ခဲ့မယ်။ ဒီသတင်းစာတိုက်မှာတော့ နေလို့မကောင်းဘူး၊ လူရှုပ်တယ်။ ဟိုအခန်းမှာ နေ့ခင်းတိုင် မင်းတစ်ယောက်တည်း စာလေး ဘာလေးဖတ်၊ အေးအေးဆေးဆေး နားပေါ့ကွာ၊ ဟုတ်လား။ ဆေးဝါးကိစ္စ ငါအကုန် စီစဉ်ပေးမယ်။ ဘယ့်နှယ်လဲ"

"ကောင်းပါတယ်၊ ဒီအတိုင်းပဲ နေရမှာပေါ့"

"ရော့၊ မင်း ပိုက်ဆံလေး ဘာလေး ယူသွားဦး။ ငွေတစ်ဆယ်တော့ လောလောဆယ် ရှိတယ်။ မင်းယူသွား။ ဆံပင်လေးဘာလေး ညှပ်ပြီး အခန်းကို ပြန်နှင့်ကွာ။ ည ဖောင်စောစော ပိတ်နိုင်ရင် ငါပြန်ခဲ့မယ်။ မင်းဆီမှာ အခန်းသော့ရှိလား"

"အေး၊ စိုးသိမ်းက ပေးထားတယ်"

"ဒါဖြင့် မင်းပြန်နှင့်လေ။ သတိနဲ့လည်း သွားဦးနော်။ ညကျရင် ငါပြန်ခဲ့နိုင်အောင် ကြိုးစားမယ်"

မိမိပေးသော ငွေတစ်ဆယ်ကို ယူကာ ချည့်နဲ့စွာ ပြန်ထွက်သွားသည့် ဖုန်းမြင့်၏ ကျောပြင်ကို ငေးကြည့်ရင်း ဝင်းကြည်သည် သတင်းစာတိုက်မှာပင် ကျန်ရစ်ခဲ့လေ၏။

မိုးသည် သဲသဲမဲမဲ ရွာချလိုက်၏။ စောစောက နေပွင့်လုမတတ် ဖြစ်နေသော ကောင်းကင်ပြင် တစ်ခုလုံးမှာ မည်းမှောင်နေသည်။ လေပြင်းကလည်း တိုးဝှေ့ တိုက်ခတ်သည်။ ဖုန်းမြင့်ကား မိုးပြင်း လေပြင်းထဲမှာပင် မြို့တွင်းသို့ ထွက်ခွာသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄၃

ဖုန်းမြင့် ရောက်လာပြီဆိုသောအခါ ဝင်းကြည်သည် ရန်ကုန်အနောက်ပိုင်း ကွက်သစ်ရှိ စိုးသိမ်း၏ အခန်းကျဉ်းကလေးသို့ ရက်ခြားဆိုသလို ပြန်အိပ်သည်။

စိုးသိမ်းသည် ၁၆ လမ်းထိပ်ရှိ အလွတ်ပညာသင်ကျောင်းတွင် မက်ထရစ်တန်း တက်နေ၏။ နေ့ခင်းဘက်၌ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး ဘုတ်အဖွဲ့တွင် အလုပ်ဝင်လုပ်ကာ တစ်ဖက်တစ်လမ်း ဝင်ငွေရှာသည်။ တင်ရွှေကား စင်ကာပူမှ ပြန်မရောက်သေး။ မောင်ခန့်မှာလည်း သူ့မိခင်နှင့်အတူ နေလိုက်၊ လမ်း ၄၀ ကားဂိုဒေါင်တွင် နေလိုက်ရှိနေရာ တစ်ပတ်လျှင် သုံးလေးကြိမ်မျှသာ ဤအခန်းကျဉ်းကလေးသို့ လာနိုင်သည်။

ယင်းအခိုက်မှာပင် မြမော်တစ်ယောက်လည်း မအူပင်မှ ရောက်လာသည်။ ရန်ကုန်တွင် အပြီးအပိုင် နေထိုင်ကာ အလုပ်လုပ်ရင်း မက်ထရစ် ဆက်ဖြေမည်ဟု ဆိုသည်။ သို့မို့ကြောင့်လည်း သူတို့ သူငယ်ချင်းတစ်သိုက် ဆုံစည်းကြရပြန်သည်။

ရန်ကုန်မြို့၏ များပြားလှစွာသော ကွက်သစ်များနည်းတူ ဤကွက်သစ်မှာလည်း တဲတွေ အိမ်တွေ ပြည့်ညပ် ပြွတ်သိပ်နေသည်။ ပျံကျဈေးသည်နှင့် လက်လုပ်လက်စား ဦးရေက ပိုမိုများပြားသည့်အတွက် နေ့ရောညပါ ဆူညံနေလေ့ရှိသည်။ နေ့ဘက် အလုပ်ဆင်းသူနှင့် ညဘက် အလုပ်ဆင်းသူ၊ ဈေးရောင်းထွက်သူနှင့် ဈေးရောင်းပြန်သူ စသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းမျိုးစုံ၊ လူမျိုးစုံတို့ ရောနှော နေထိုင်ရာ ရပ်ကွက်ဖြစ်သဖြင့်လည်း စကားသံ၊ ဆဲဆိုသံ၊ ရန်ဖြစ်သံတွေကို အခါမလပ် ကြားနေရတတ်သည်။

မုန့်လက်ဆောင်း အထမ်းများ၊ မုန့်ဟင်းခါး အထမ်းများ၊ ဦးရှင်ကြီး ပသသည့် လေးတိုင်စင်များ၊ လက်တွန်းလှည်းများကိုလည်း နေရာတိုင်းလိုလိုတွင် တွေ့ရသည်။

၃၇ မင်း နတ်ပွဲ၏ နတ်ဆိုင်းသံတွေ၊ ကုလားဖုံသံတွေအပြင် ရေဒီယိုသံ၊ ဘင်ဂျိုသံ၊ မယ်ဒလင်သံ စသည့် အသံဗလံပေါင်းစုံကိုလည်း ကြားရသည်။

ရန်ကုန်မြို့၏ အနိမ့်ကျဆုံး လူဆင်းရဲ အလွှာများ နေထိုင်ရာ ပြယုဂ်ဖြစ်သော ဤကွက်သစ်အတွင်းမှ အခန်းကျဉ်းကလေးတွင် ဝင်းကြည်၊ စိုးသိမ်း၊ မြမော်၊ ဖုန်းမြင့်နှင့် မောင်ခန့် စသော သူငယ်ချင်းတစ်သိုက်သည် သာယာကြည်နူးဖွယ် ကွန်းခိုစခန်းငယ်တစ်ခုကို ဖန်တီးကြသည်။ အနိဋ္ဌာရုံများ အကြားမှပင် နားနေစရာကို ရှာဖွေကြသည်။ အနာဂတ်အတွက် အားတက်စရာ မျှော်လင့်ချက်တွေကို တည်ဆောက်ကြပြန်သည်။

ပူပင်သောကတွေကို မေ့ပျောက်ကာ အတူအိပ်၊ အတူစားကြ၊ ပြောဆို ရယ်မောကြရင်း ဤအခန်းကျဉ်းကလေးနှင့် ညစ်ပတ် ရှုပ်ပွေသော ကွက်သစ်အတွင်းမှ နေ၍ အနာဂတ်ကို လှမ်းမျှော်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအစ်ကိုကတော့ တကယ့် ယစ်ထုပ် ဖြစ်နေပြီကွ။ မင်းအိမ်က ပြောတာကိုလည်း နားမထောင်ဘူး။ ဘယ်သူ ပြောလို့မှ မရတော့ဘူး ငါတို့လည်း ဖျောင်းဖျောင်းဖျဖျ တော်တော် ပြောကြသေးတယ်။ ဒါပေမဲ့ သူက အရက်စွဲနေပြီ"

မအူပင်မှ လောလောလတ်လတ် ရောက်လာသည့် မြမော်က မအူပင်အကြောင်းကို ဖောက်သည်ချသည်။

သို့မို့ကြောင့်လည်း အိမ်နှင့်ပတ်သက်သည့် အကြောင်းတွေကို ဝင်းကြည် ကြားရပြန်၏။ ထွန်းကြည်ကား အရက်နောက်သို့ ကောက်ကောက်ပါအောင် လိုက်တော့မည်ကို မဆွကပင် သူနားလည်ခဲ့ပြီး ဖြစ်သည်။ ယခု မြမော်က လတ်တလော တွေ့ခဲ့ရသော ကိုယ်တွေ့တွေကို ပြောပြလေပြီ။

"ကျွန်တော် နဂိုတည်းက ထင်နေသားပဲ သူဒီလို ဖြစ်သွားလိမ့်မယ်ဆိုတာ။ ကျွန်တော် ဒီကိုလာခါနီးမှာ အကြီးအကျယ် ဖြစ်ခဲ့ရသေးတယ်။ အဲဒီ အရက်အကြောင်း ပြောမိလို့"

"သူတို့အဖွဲ့ အရက်သောက်တာက ကြောက်မခန်းလိလိကွ။ ပုလင်းလိုက် သောက်ရတာ မဝတော့ ပုံးနဲ့ ဆွဲသောက်နေကြပြီ။ ဘယ်သူမှလည်း ပြောလို့မရဘူး။ ကြာရင် ဒီကောင်တော့ အရက်ကြောင့် သေမှာပဲ"

"ဒါကတော့ သူ့သဘောပေါ့ဗျာ၊ ဘာတတ်နိုင်မလဲ"

ဝင်းကြည်က ညည်းတွားလိုက်လေသည်။ သို့ကလိုသာ ညည်းတွားလိုက်ရသော်လည်း ဝင်းကြည်၏ စိတ်တွင်း၌ကား၊ အစ်ကိုဖြစ်သူနှင့် စပ်လျဉ်း၍ ကြားရသော သတင်းများအတွက် စိတ်အနှောင့်အယှက် ဖြစ်ရသည်။

ဤနေရာတွင် ဖုန်းမြင့်က ဝင်ပြောသည်။

"ကိုထွန်းကြည်ဟာ တကယ်ပြောရရင် အင်မတန် သတ္တိရှိပါတယ်ကွာ။ ငါနဲ့ ညောင်တုန်းမှာရော၊ ဓနုဖြူမှာရော အတူတူနေလာကြတာ။ ငါတော်တော်လေး သိတာပေါ့။ သူက လူတစ်မျိုးကွ။ ပင်ကိုအားဖြင့် သတ္တိရှိတယ်။ ရဲဘော်ရဲဘက်စိတ် ရှိတယ်။ ဒါပေမဲ့ အတက်အကျ မမှန်ဘူး။ စိတ်ဓာတ်တက်ရင် သိပ်တက်ပြီး ကျရင်လည်း သိပ်ကျနေလေ့ရှိတယ်။ အခုလည်း ဒီအတိုင်း နေမှာပဲ"

"ဘယ်ဒီအတိုင်း ဟုတ်မလဲကွ။ အရက်တွေ ဒီလောက် လူမှန်းမသိအောင် သောက်နေတယ် ဆိုကတည်းက စိတ်ဓာတ် ပြန်တက်တယ်ပဲ မရှိတော့ဘူး။ အကျချည်းပဲ ဖြစ်နေတော့ သဘောပေါ့။ ဒါ့ထက် နေပါဦး ကိုမြမော်၊ ခင်ဗျား တင့်အောင် သတင်းရော ကြားသလား"

"တင့်အောင်တို့အစု မအူပင် ခရိုင်ထဲမှာပဲ ရှိသေးတယ် ဝင်းကြည်။ တလောကတော့ အစိုးရတပ်နဲ့ တိုက်ပွဲမှာ ကျသလိုလို သတင်းဖြစ်လိုက်သေးတယ်။ ဒါပေမဲ့ မဟုတ်ပါဘူး"

သည်လိုနှင့်ပင် သူတို့သည် အတိတ်က အကြောင်းတွေကို ပြန်တွေးကြ၊ စားမြုံ့ပြန်ကြရင်း

www.burmeseclassic.com



အနာဂတ်ကို မှန်းမျှော်ကြသည်။ သူတို့၏ ကိုယ်ပိုင် အနာဂတ်ကိုသာမက လူတွေအားလုံး၏ အနာဂတ်ကိုလည်း တွေးဆကြသည်။

ဤအခန်းကျဉ်းကလေးမှပင် ဖုန်းမြင့်အတွက် ငွေကြေးစုဆောင်းကာ ဆေးကုပေးကြသည်။ အမှန်အားဖြင့် ဖုန်းမြင့်တစ်ယောက် ရန်ကုန်သို့ ရောက်လာကာ သူတို့နှင့်အတူ နေထိုင်ရင်း ဆေးဝါးကုသနေသည်မှာ အလွန်တရာ အန္တရာယ်ရှိကြောင်း သဘောပေါက် နားလည်ကြသည်။ ဖုန်းမြင့် တစ်ယောက်တည်းအတွက်သာမက သူတို့အားလုံးပါ ဒုက္ခရောက်စေနိုင်သည်ကို တွေးဆမိကြပြီး ဖြစ်သည်။ ဖုန်းမြင့် ကိုယ်တိုင်ကလည်း နားလည်သည်။ သို့သော် မတတ်နိုင်။

ဖုန်းမြင့်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းသည်မရှိ ပိုလို့သာ ဆိုးလာသည်။ ၄က်ဖျား ဒဏ်ကို နှစ်နှင့်ချီ၍ ခံထားရသူဖြစ်သဖြင့် ရတတ်သမျှ ဆေးဝါးတွေ ရှာဖွေကာ ကုသပေးကြသော်လည်း ဆေးမတိုးနိုင်လောက်အောင် ဖြစ်နေရသည်။ သူတို့လို ခင်မင်ရင်းနှီးသော မိတ်ဆွေသူငယ်ချင်းများ၊ ရဲဘော်ရဲဘက်များက အန္တရာယ်ကို ကြောက်ရွံ့ကာ တာဝန်မယူလျှင် ဖုန်းမြင့်၏ ကံကြမ္မာကား မုချ ဆတ်ဆတ် ဆိုးရွားရပေတော့မည်။ ဖြစ်လိုရာ ဖြစ်စေတော့ ဖုန်းမြင့်ကိုကား ပစ်မထားနိုင်ဟူသော ဆုံးဖြတ်ချက်ကား ဝင်းကြည်နှင့် သူ့သူငယ်ချင်းများ၏ ဆုံးဖြတ်ချက်ပေတည်း။

× × ×

မိုးရတုလည်း ကုန်ဆုံးပေတော့မည်။

မိုးအကုန် ဆောင်းအကူး ကာလမို့ ကောင်းကင်ပြင်သည် တစ်ခါတစ်ရံ တိမ်သား တိမ်ဆိုင်များဖြင့် မှိုင်းညို့နေတတ်ပြီး တစ်ခါတစ်ရံတော့လည်း ကြည်လင် တောက်ပနေတတ်၏။

ရန်ကုန်မြို့၏ လမ်းများ၌ကား မိုးရေတင်ကျန်နေသေးသည့် ချိုင့်ခွက်များ မခြောက် တခြောက် ဗွက်အိုင်များ ပြွမ်းတီးဆဲပင် ရှိပါသေးသည်။ နေရောင်ပွင့်လာသည်နှင့် တစ်ပြိုင်နက် အပူရှိန် ထန်ပြင်းလာပြီး နေပွင့်သည့်အကြားကပင် မိုးတစ်ပြိုက်၊ နှစ်ပြိုက် သွန်းချတတ်သေးသည်။

'ဖ.ဆ.ပ.လ အစိုးရက အီးစီအေ အကူအညီ လက်ခံခြင်း'

အာဏာသစ် နေ့စဉ်မျက်နှာဖုံး၏ ထိပ်ခေါင်းကို ဝင်းကြည်သည် အပြန်ပြန်အလှန်လှန် ဖတ်နေ၏။ ၆ လိုင်း စာလုံးကြီးတွေမှာ မည်းနက်လျက်ရှိသည်။

'အီးစီအေ အထောက်အပံ့ကိစ္စ အမေရိကန်နှင့် မြန်မာအစိုးရတို့ စာချုပ်ချုပ်ဆိုကြပြီ'

ဤခေါင်းစဉ် စာလုံးတွေမှာ လျှို့ဝှက် နက်နဲသော အဓိပ္ပာယ်မပါချေ။ ရှင်းလင်းလှသည်။ အီးစီအေ တည်းဟူသော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ကို အမေရိကန် အစိုးရနှင့် မြန်မာအစိုးရတို့ စာချုပ်ချုပ်ဆိုကြကြောင်း ရှင်းရှင်းတိုတိုပင် ဖော်ပြထားသော ခေါင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤခေါင်းအောက်က သတင်းတစ်ပုဒ်လုံးကိုလည်း စေ့စေ့ငငဖတ်သည်။ ထို့နောက် ခေါင်းကြီးတွင် ပါရှိသော အချက်အလက်တွေကို စဉ်းစားကြည့်ပြန်သည်။

တိုက်တွင် ကိုလွန်းအောင် မရှိချေ။ သွေးဝမ်းတွေ ဆက်တိုက် သွားနေသည့်အတွက် အားပြတ်ကာ အိမ်၌ ဆေးဝါးကုသနေရသော ကိုလွန်းအောင်၏ကိုယ်စား ဝင်းကြည်က ခေါင်းကြီး ရေးရသည်။ မျက်နှာဖုံးသတင်းတွေ ကိုင်ရသည်။ သို့မို့ကြောင့်လည်း ယမန်နေ့ ညနေပိုင်းတွင် ဖုန်းမြင့်ဆီသို့ပင် မရောက်နိုင်။

ဖုန်းမြင့်၏ ရောဂါအခြေအနေမှာ တစ်နေ့တခြား ဆိုးသည်ထက် ဆိုးလာသည့်အတွက် ရန်ကုန်ဆေးရုံကြီးသို့ တင်ထားရသည်မှာ တစ်လနီးပါးခန့် ရှိပေပြီ။ ဆေးရုံသို့ ရောက်နေသည့် တစ်လအတွင်း အပြင်မှာနေ၍ ဆေးကုသည်ထက် အခြေအနေ အတန်ငယ် ကောင်းလာသည်။ ငှက်ဖျားရောဂါ၏ ဒဏ်ကို အကြီးအကျယ် ခံစားရပြီးနောက် ဖုန်းမြင့်သည် အသားဝါရောဂါပါ ထပ်ဆင့် ဖြစ်ခဲ့ပြန်ရာ ဝါထိန်လျက်ရှိသည်။ အစာရေစာလည်း ကောင်းကောင်း မဝင်တော့။

သို့မို့ကြောင့် သူတို့သူငယ်ချင်းတစ်တွေ တိုင်ပင်ကာ ဖုန်းမြင့်ကို ဆေးရုံတင်ထားခဲ့ခြင်း ဖြစ်သည်။

ဝင်းကြည်က ယနေ့ညနေဆိုလျှင် ဖုန်းမြင့်ထံ မသွား၍ မဖြစ်တော့ဟု ယူဆမိသည်။ သို့ရာတွင် အချိန်စောသေးသည်။ ကိုအောင်မြင့် ဖြစ်စေ၊ ကိုလေးမောင် ဖြစ်စေ တစ်ယောက်ယောက် လာလျှင် ဆေးရုံသို့သွားရန် စိတ်ကူးထားပြီး ဖြစ်သည်။

"ဒီနေ့ ခေါင်းကြီးကတော့ သိပ်ထိတယ်ဗျို့ ကိုဝင်းကြည်။ နိုင်ငံရေးလောကမှာ အကြီးအကျယ် ဂယက်ရိုက်နေတာပဲ"

ကိုအောင်မြင့်က မြို့ထဲမှ ရောက်လာလာချင်း ခရီးရောက်မဆိုက် ပြောသည်။

ဝင်းကြည်က ဖတ်လက်စ သတင်းစာကို စားပွဲပေါ်တွင် ပြန်ချထားရင်း ကိုအောင်မြင့်ကိုသာ ငေးစိုက်၍ ကြည့်နေမိသည်။

"အစိုးရပိုင်းကတော့ ထုံးစံအတိုင်းပေါ့ဗျာ၊ သိပ်ဒေါပွနေတယ်တဲ့။ ခင်ဗျားက ဓာတ်စုံခင်း ပြလိုက်တာကိုးဗျ။ ကျွန်တော် ကိုလွန်းအောင်ဆီလည်း ရောက်ခဲ့တယ်။ သူကပါ သိပ်သဘောကျတယ်။ ကိုဝင်းကြည် ရေးတာ အချက်အလက်တွေ ပြည့်စုံတယ်။ အီးစီအေနဲ့ ပတ်သက်လို့ ကောက်ချက်ချပုံတွေပါ မှန်တယ်တဲ့။ အီးစီအေကိုတော့ မပြတ် ပြတ်အောင် ဆက်တီးဖို့ မှာလိုက်သေးတယ်"

"အေးဗျာ၊ မတတ်နိုင်ဘူး။ မြင်တာကိုတော့ မြင်တဲ့အတိုင်း ရေးရမှာပဲ"

"ဟုတ်တယ်လေ၊ အီးစီအေက ကျွန်တော်တို့ ပြည်တွင်းစစ်ကို သက်တမ်းပိုရှည်အောင် လုပ်မယ့် ကြိုးပမ်းကောင်ဗျ။ ဒါကို ကျွန်တော်တို့ သတင်းစာဖတ် ပရိသတ်သိအောင် ဖွင့်ချရမှာပေါ့။ ဒီလိုကိစ္စမျိုးမှာ ရေငုံနေရင် ဘယ်ဖြစ်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့်သည် နဖူးပြင်တွင် တွဲရရွဲခိုနေသော ချွေးစက်ချွေးပေါက်တွေကို သတင်းရေးသည့် စက္ကူပိုင်းကလေးဖြင့် သုတ်နေလေ၏။

"ဒါ့ထက် နေပါဦး။ ကိုလွန်းအောင် အခြေအနေ ဘယ့်နှယ်နေသေးသလဲ။ သူ့ဆီလည်း တစ်ခေါက်မှ မရောက်ဘူးဗျာ"

"သွေးဝမ်းက လုံးလုံးမရပ်သေးဘူး။ သွေးပါတာသာ နည်းသွားတာပါ။ ဒါမျိုးဆိုတာ ဆေးထိုးဆေးစားပြီး နားနားနေနေ နေမှဗျ။ သူ့ဆီ မရောက်တာကိုတော့ သူလည်း နားလည်ပါတယ်လေ။ ကျွန်တော်တို့သုံးယောက် တက်ညီလက်ညီ ချနေတာကိုပဲ သူက ကျေနပ်လှပြီ"

"ကောင်းပါလေရဲ့ဗျာ။ ကျွန်တော် ရေးတာတွေ သိပ်ပြင်းထန်သွားတယ်လို့များ ကိုလွန်းအောင်က ထင်နေမလားလို့ပါ"

"ဟာ ကိုဝင်းကြည်နှယ်၊ ကြံကြံဖန်ဖန်ဗျာ။ ကိုလွန်းအောင်သာ ရေးရင် ဒီထက် အတုံးလိုက် အတစ်လိုက် တစ်တစ်ခွခွ ဖြစ်ဦးမယ်"

ကိုအောင်မြင့်က စားပွဲပေါ်ရှိ သတင်းစာတွေကို လက်ဖဝါးဖြင့် ရိုက်ကာရိုက်ကာ ပြောလေသည်။

"သူက ပြောသေးတယ်ဗျ။ သတင်းစာဆိုတာ ဒီလိုပဲ အန္တရာယ်ကို လွယ်ထားပြီး ရေးရတာမျိုးတဲ့။ အမှန်အတိုင်းဖြစ်နေတဲ့ ပြဿနာတစ်ရပ်ကို ဦးဆောင်ရမှာ ကြောက်ရင် သတင်းစာ မဖြစ်နိုင်ဘူး။ မှန်ရာကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ရေးရမယ်တဲ့။ ခင်ဗျားတို့ ကျွန်တော်တို့ကို အားပေးလိုက်တဲ့ သဘောပေါ့ ကိုဝင်းကြည်"

ဝင်းကြည်က နာရီကို လှမ်းကြည့်သည်။ ညနေ ၄ နာရီကျော်လေပြီ။

ဖုန်းမြင့်ဆီ သွားရန်အတွက် ထိုင်ရာမှ ထလိုက်သည်။

"ကျွန်တော် ဆေးရုံ ခဏ သွားဦးမယ်ဗျာ။ မကြာခင် ပြန်ရောက်မှာပါ။ ရောက်တဲ့သတင်းတွေ ကိုအောင်မြင့် အရင်ကိုင်နှင့်ပေါ့။ မိတ်ဆွေတစ်ယောက် ဆေးရုံတင်ထားရတာ ကြာပြီဗျာ။ သွားမတွေ့လို့ မကောင်းဘူး"

"သွားလေ၊ စိတ်ချသာသွား။ တော်ကြာ ကိုလေးမောင်လည်း ရောက်လာမှာပါ"

ဝင်းကြည်သည် ရွှေဂုံတိုင်လမ်းမပေါ်သို့ ထွက်လာခဲ့၏။ ညနေစောင်းနေသည် ရန်ကုန်မြို့ကြီးအား နှုတ်ဆက်နေသည့်အလား အပူရှိန် အကြွင်းအကျန်များကို ထုတ်လွှင့်နေပါသေး၏။

ဆေးရုံသို့ ရောက်သောအခါ လူနာမေး ဧည့်သည်များအတွက် ဆေးရုံပင် ဖွင့်နေလေပြီ။ ခုတင်ထက်၌ ဖုန်းမြင့်သည် မှိန်းနေ၏။

"မင်းအိပ်နေသလား ဖုန်းမြင့်"

ဝင်းကြည်၏အသံကို ကြားသောအခါ ဖုန်းမြင့်သည် မှိန်းထားသောမျက်စိကို ဖွင့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ခေါင်းခါသည်။ သူ့တစ်ကိုယ်လုံးမှာ နန္တင်းလူးထားသလို ဝါထိန်လျက်ရှိသည်။ အလွန်တရာလည်း ဖျော့တော့ အားနည်းနေပုံရသည်။

"ငါလည်း အလုပ်ရှုပ်လွန်းလို့ မရောက်တာကွာ။ ဟိုကောင်တွေရော လာကြသေးသလား"

"မနေ့က မောင်ခန့်နဲ့ မြမော် လာတယ်။ စိုးသိမ်းက သူ့အဖေ ခေါ်လို့ မအူပင် ခဏပြန်သွားတယ်တဲ့။ ဒီနေ့တော့ သူတို့ မလာဘူးလို့ ပြောသွားတယ်။ မြမော် အလုပ်အတွက် လိုက်နေကြတယ် ထင်ပါရဲ့"

"အေးပေါ့ကွာ။ ငါဒီနေ့ ရောက်လာတာ အတော်ပေါ့။ နို့မို့ရင် မင်း ဒီနေ့ အဖော်ရှိမှာမဟုတ်ဘူး။ အခု ဘယ့်နှယ်နေသလဲ။ မင်းကြည့်ရတာ အားနည်းနေသေးသလိုပဲ"

ဝင်းကြည်က ခုတင်အနားရှိ ခုံတန်းလျားအလွတ်တွင် ဝင်ထိုင်သည်။ ခုတင်ထက်မှ လူနာကလည်း ခေါင်းအုံးကိုမြင့်ကာ ခေါင်းထူရင်း ပက်လက်လှန်ရာမှ ဖြည်းညင်းစွာ ထထိုင်လေသည်။

"အားနည်းလို့ဆိုပြီး ဒီနေ့ ဂလူးကို့စ် သွင်းသေးတယ်ကွ။ သိပ်လည်း ဂရုတစိုက် မရှိပါဘူးကွာ။ ဆေးရုံက စိတ်ပျက်စရာပါ။ ဒါပေမဲ့ ဆရာဝန်၊ ဆရာမတွေကိုလည်း အပြစ်ပြောလို့မဖြစ်ပြန်ဘူးကွ။ လူနာကများပြီး သူတို့က ဦးရေနည်း၊ ခုတင်မရှိ၊ ဆေးဝါးမရှိနဲ့။ ဟိုမှာကြည့်စမ်း"

ဖုန်းမြင့် ညွှန်ရာသို့ လှမ်းကြည့်မိသည်။ ဆေးရုံအခန်း၏ အလယ်ဗဟို ကြမ်းပြင်ပေါ်တွင် လူနာတွေကို တန်းစီချထားသည်။ အချို့သော လူနာများမှာ လူးလွန့်ပြီး ညည်းညူလျက်ရှိသည်။ သို့သော် အားပေးမည့်သူ၊ ကြည့်ရှုမည့်သူ မရှိ။

"အဲဒါသာ ကြည့်ပေတော့ကွာ။ ဘယ်လောက် စိတ်ပျက်စရာ ကောင်းတယ်ဆိုတာ။ ဆရာဝန်၊ ဆရာမတွေလည်း လက်ကို မလည်ကြဘူး။ ကြာတော့ သူတို့ကလည်း ဘယ်ဂရုစိုက်နိုင်ပါတော့မလဲ"

ဝင်းကြည်ကား ဖုန်းမြင့်ကို အံ့သြရပြန်၏။ ဖုန်းမြင့်သည် ခက်ထန် ကြမ်းတမ်းသော လက်နက်ကိုင် သူပုန်ဘဝတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူဖြစ်၏။ သို့သော် သူ့နှလုံးသားသည် တည်ငြိမ်ပေ၏။ ကရုဏာတရားနှင့် ခွင့်လွှတ်ခြင်း ပြွမ်းတီးသော နှလုံးသားတည်း။

"ဘာပဲဖြစ်ဖြစ်လေ၊ မင်းရောဂါပျောက်အောင်တော့ ဆက်နေဦး။ အရေးကြီးတာက မင်းကျန်းမာလာဖို့ပဲ သူငယ်ချင်း"

"အေးပါ။ ငါ မြန်မြန်ပျောက်ချင်ပြီ။ ဒီလို ခုတင်ပေါ်မှာ နေ့ရော ညရော နေနေရတဲ့ဘဝဟာ ငါ့အတွက် အသေလို နေနေရတဲ့ ဘဝပဲ။ သေနေတာနဲ့ ဘာမှမထူးဘူး။ မြန်မြန်ပျောက်ပြီး မြန်မြန်ပြန်ချင်ပြီ"

"မင်း ဘာစားချင်သလဲ ပြောကွာ။ ငါသွားဝယ်မယ်။ ဆရာဝန်က ဘာစားခိုင်းသလဲ"

ဖုန်းမြင့်က ခေါင်းခါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဝယ်နဲ့။ အဆီအပြားပါတာ ဘာမှ မစားရဘူး။ ပန်းသီးလေး ဘာလေးတော့ စားလို့ရပါတယ်တဲ့။ ဒါပေမဲ့ မစားချင်ပါဘူးကွာ။ မတန်တဆ ဈေးကြီးနေတာ"

"အိုကွာ၊ မင်းကလည်း ငါအခု သွားဝယ်မယ်။ ခဏနေဦး"

"ဟင့်အင်း၊ မဝယ်ပါနဲ့ကွာ။ နောက် မင်းကြုံတော့မှ ဝယ်ရင် ဝယ်ခဲ့။ အခုလည်း ငါ မစားနိုင်သေးပါဘူး။ ထိုင်စမ်းပါ။ စကားပြောဖို့ အချိန်နည်းနေမယ်"

ဝင်းကြည်၏ လက်ကို ဆွဲထားသဖြင့် ဝင်းကြည်က ပြန်ထိုင်လိုက်ရသည်။ အဘယ့်ကြောင့်ဟူ၍ မသိ။ ဝင်းကြည်၏ စိတ်တွင်း၌ ထိခိုက်သလို ဖြစ်နေမိသည်။ ပန်းသီးလေး ဘာလေး စားချင်ပါလျက် ဈေးကြီးလွန်းသောကြောင့် မစားဟု ဆိုသော သူငယ်ချင်းအတွက် စိတ်မကောင်း။

"မင်းစားချင်တာကို ငါသွားဝယ်ပေးမယ်ကွာ"

ဝင်းကြည်က ထပ်ပြောပြန်သည်။

ဖုန်းမြင့်ကား ဝင်းကြည်ကို ပြုံး၍သာ ကြည့်ရင်း ခေါင်းခါလျက် "နောက်ကြုံတော့ မင်းဝယ်လာကွာ ဟုတ်လား။ ပန်းသီးနည်းနည်း ဖရုံယိုနည်းနည်းရရင် တော်ပါပြီ"

"အေး ဒီလိုဆို မနက်ဖြန် ငါဝယ်လာမယ်"

ဝင်းကြည်မှာ ပြန်သာထိုင်နေရသော်လည်း စိတ်ကမူ မကောင်းလှ။ အခက်အခဲ အနှောင့်အယှက် ဘေးဒုက္ခအဖုံဖုံကို တရင်းတနှီး ခံလာခဲ့ရသော ဝင်းကြည်၏ ဘဝသည် ယခုအထိ ယင်းအခက်အခဲတွေ၊ ဘေးဒုက္ခတွေ အကြား၌သာ ရှုန်းကန် လူးလွန့်နေဆဲပါတကားဟု တွေးနေမိသည်။

ထိုအခိုက် လူနှစ်ယောက်သည် သူတို့ ခုတင်နားတွင် လာရပ်၏။ တစ်ယောက်က အသားဖြူဖြူ ပိန်ပိန်ပါးပါးဖြစ်ပြီး၊ အခြားတစ်ယောက်မှာ အရပ်မြင့်မြင့် ကုလားဆင် ဖြစ်သည်။ ထိုလူနှစ်ယောက်သည် ခုတင်မှား၍ လာဟန်မတူ။ သူတို့ ခုတင်နားသို့ သေသေချာချာ ရောက်လာခြင်း ဖြစ်သည်မှာ ယုံမှားစရာမရှိ။

ဝင်းကြည်နှင့် ဖုန်းမြင့်ကိုမူ လူစိမ်းနှစ်ယောက်က စူးစူးရဲရဲ ကြည့်သည်။ ထိုလူနှစ်ယောက်ကိုလည်း ဝင်းကြည်က မသိမသာ အကဲခတ်သည်။ ဖုန်းမြင့်ကမူ မသင်္ကာသလို စူးစိုက်ကြည့်နေသည်။

လူစိမ်းနှစ်ယောက်က သူတို့ ခုတင်နားသို့ တိုးကပ်ကာ ရပ်လိုက်ပြီးနောက် အသားဖြူဖြူ ပိန်ပိန်ပါးပါးလူက

"ကိုဝင်းကြည် မဟုတ်လား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ်"

"ဒီက မိတ်ဆွေကလည်း ကိုဖုန်းမြင့်နော်"

"ဟုတ်တယ်"

ဖုန်းမြင့်ကား ရိပ်မိနေလေပြီ။ သို့မို့ကြောင့်လည်း ဖုန်းမြင့်၏ အဖြေမှာ ပြတ်သတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အထူးသတင်းထောက်လှမ်းရေး ဌာနကပါ။ ခင်ဗျားတို့ နှစ်ယောက်စလုံးကို ဖမ်းရပါလိမ့်မယ်"

"ကျုပ်တို့ကို ဘာအပြစ်နဲ့ ဖမ်းမှာလဲ"

ဖုန်းမြင့်က ခုတင်ပေါ်မှာပင် မလှုပ်မယှက် ထိုင်ရင်း ထပ်မေးလိုက်သည်။ သည်တစ်ကြိမ်တွင် ကုလားဆင်လူက ဝင်ပြောသည်။ သူ့လေသံမှာ ပျော့ပျောင်းသည် ထင်ရသလောက် မာကျောသည်။

"ဒါကတော့ တရားရုံးမှာ ရှင်းပေါ့ဗျာ။ အခု ဒီမှာ ပြောနေဖို့ အချိန်မရှိဘူး။ ကျုပ်တို့ တာဝန်က အာဏာသစ် သတင်းစာက ကိုဝင်းကြည်ကို ဖမ်းဖို့၊ တောထဲက ဒီကိုလာပြီး ဆေးကုနေတဲ့ ခင်ဗျားကိုလည်း ဖမ်းဖို့ပဲ။ ဒါပဲသိတယ်။ ကျန်တာတွေ ခင်ဗျားတို့ဘာသာ ရုံးကျမှရှင်း။ ကဲ အချိန်မရှိဘူး။ ကျုပ်တို့နဲ့သာ လိုက်ခဲ့ပေတော့"

"ခင်ဗျားတို့ကို ဘယ်လိုလုပ်ပြီး ရဲအရာရှိတွေပါလို့ ကျွန်တော်တို့က ယုံရမှာလဲ"

"ဟောဒီမှာ ကျုပ်တို့ရဲ့ အိုင်ဒင်တီတီ"

ရဲအရာရှိများ ဖြစ်ကြောင်း အသိအမှတ်ပြုထားသည့် စာအုပ်ငယ်ကလေးကို ကမန်းကတန်း ထုတ်ပြသည်။

ဝင်းကြည်သည် သွေးပူနေ၏။ ပိန်ချုံး ညှိုးလျှနေပြီး ခေါင်းက စုတ်ဖွားဖွား၊ ဆေးရုံအဝတ်အစားက ဖိုသီဖတ်သီနှင့် ဖြစ်နေသော ဖုန်းမြင့်ကို လှမ်းကြည့်သည်။ ဖုန်းမြင့်သည် ဣန္ဒြေမပျက်ရန် ကြိုးစားနေဟန်တူ၏။

"ဟုတ်ပြီလေ၊ ဖမ်းတယ်ဆိုလည်း ခံရမှာပေါ့။ ဒါပေမဲ့ ကျုပ်ဟာ ဒီဆေးရုံမှာ တက်နေတဲ့ လူနာ။ တာဝန်ကျ ဆရာဝန်ကို လူနာတစ်ယောက် ဖမ်းမယ်လို့ ခင်ဗျားတို့ အသိပေးပြီးပလား"

ဖုန်းမြင့်က ထပ်မေးပြန်သည်။

ရဲအရာရှိ နှစ်ယောက်မှာ ရုတ်ခြည်းအားဖြင့် ကြံရာမရ ဖြစ်သွားကြသည်။ ထို့နောက် တစ်ယောက်နှင့် တစ်ယောက် မျက်ရိပ်မျက်ခြည် ပြကာ အသားဖြူဖြူလူက တာဝန်ကျ ဆရာဝန် အခန်းသို့ သွားကာ ဆရာဝန်ကို ခေါ်လာသည်။

"ကျွန်တော်တို့ အထူးထောက်လှမ်းရေးဌာနကပါ။ ဒီလူနာကို ဖမ်းရပါလိမ့်မယ် ဒေါက်တာ"

ကျွဲကော်ကိုင်းအနက်နှင့် မျက်မှန်ထူထူ တပ်ထားသော ဆရာဝန်သည် အံ့အားသင့်နေ၏။ ဤလူနာကို သူဆေးထိုးခဲ့၊ ဆေးတိုက်ခဲ့သည်မှာ ရက်အတန်ကြာပေပြီ။ ဤလူနာသည် ငြိမ်းချမ်း၍ သနားစရာကောင်းသော လူနာဖြစ်ကြောင်း သူသိသည်။ ရောဂါအခြေအနေကလည်း ဆိုးနေသေးသည်။

"အမှန်ကတော့ ကျွန်တော် တာဝန်ရှိတယ်ဗျာ။ ဒီလူနာကို ဆေးရုံက ဆင်းခွင့်မပေးမချင်း

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျ ဆရာဝန်မှာ တာဝန်ရှိတယ်။ ခင်ဗျားတို့က လိုချင်လို့ ဖမ်းမယ်ဆိုလည်း မတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ ခင်ဗျားတို့ သူ့ကိုဖမ်းပြီး ဘယ်ခေါ်သွားမှာလဲ"

"သူ့ရောဂါ တကယ်ဆိုးသလား ဒေါက်တာ"

ကုလားဆင်က မေးပြန်၏။ ဆရာဝန်သည် ဒေါပွသွားပုံရ၏။ ထိုလူ၏ မျက်နှာကို စေ့စေ့ကြည့်ကာ

"ဒီမှာ၊ ကျွန်တော်က ဆရာဝန်ဗျ။ ရောဂါဆိုးမဆိုး ကျွန်တော်သိတယ်။ မဆိုးဘဲနဲ့ ဆိုးတယ်လို့ ပြောမယ် ခင်ဗျား ထင်သလား။ ဒီမှာ သူ့ရောဂါ 'ချတ်' ရှိတယ်ကြည့်"

ရောဂါအခြေအနေပြ ဇယားကို ခုတင် ခြေရင်းသံတိုင်မှ ဆွဲဖြုတ်ကာ ရဲအရာရှိများ ရှေ့တွင် ချပေးလိုက်သည်။

"စိတ်မရှိပါနဲ့ ဒေါက်တာ။ ဒီကွန်မြူနစ်တွေက ဉာဏ်များအားကြီးလို့ပါ။ ဒေါက်တာပြောတာကို ကျွန်တော်တို့ ယုံပါတယ်"

"သူက ကွန်မြူနစ်၊ ဟုတ်လား"

"ဟုတ်တယ် ဒေါက်တာ။ ဒီမှာလာပြီး ဆေးကုနေတာ ကြာပါပြီ။ ယောဒိက ကိုဝင်းကြည် ဆိုတာကလည်း အတူတူပဲ"

"အခု ဒါဖြင့် ဒီနှစ်ယောက်စလုံးကို ခင်ဗျားတို့က ဖမ်းမယ်ဟုတ်လား"

"ဟုတ်တယ် ဒေါက်တာ။ ကျွန်တော်တို့က ဖမ်းရပါလိမ့်မယ်"

အဖမ်းခံနေရပြီ ဖြစ်သော သူ့လူနာကို ဆရာဝန်က မချမ်းမြေ့ခြင်း၊ အံ့သြခြင်း၊ နားမလည်နိုင်ခြင်း စသော ထွေပြားသည့် အတွေးများ ပြည့်လျှံသည့် အကြည့်ဖြင့် ကြည့်သည်။ တောတွင်းက လာ၍ ဆေးကုနေသည်ဆိုသော ကွန်မြူနစ်ဆိုသည့် သတ္တဝါကို အထူးအဆန်းသဖွယ် ငေးစိုက်နေသည်။

"ကောင်းပြီလေ၊ ခင်ဗျားတို့ တာဝန်အရ ဖမ်းမယ်ဆိုလည်း ဖမ်းပေါ့။ ဒီလူတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော့် လူနာအတွက်တော့ ကျွန်တော့်မှာ တာဝန်ရှိတယ်။ သူ့ကို ခင်ဗျားတို့ ဖမ်းပြီး ဘယ်ခေါ်သွားမလဲ"

"ဒီလိုပဲ ခေါ်သွားရမှာပဲ ဒေါက်တာ"

"ဒီမှာ အားမရှိလို့ ဒီနေ့တောင် ဂလူးကို့စ် သွင်းထားရတဲ့ လူနာဗျ။ ခင်ဗျားတို့ ဘယ်ခေါ်သွားမလဲဆိုတာ ပြောမှဖြစ်မယ်။ ခေါ်သွားချင်တိုင်း ခေါ်သွားလို့ လမ်းတင် ဒုက္ခရောက်နေရင် ဘယ့်နှယ်လုပ်မလဲ"

ရဲအရာရှိ နှစ်ယောက်က ခေါင်းချင်း ရိုက်ကြပြန်သည်။ ဆရာဝန်အချို့နှင့် ဆရာမအချို့ အပြင် အနီးအပါးမှ လူနာတွေလည်း ဝိုင်းလာကြသည်။

ကုလားဆင် အရာရှိက

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဒီလိုလုပ်ပါ့မယ်။ လူနာတရားခံကို ဆေးရုံအချုပ် ပို့လိုက်မယ်လေ။ ဒီအခန်းကနေ ဆေးရုံ အချုပ်ခန်းကို ပြောင်းပို့ထားလိုက်မယ်။ ဟုတ်လား ဒေါက်တာ"

"ကောင်းပြီလေ၊ လုပ်ပေါ့"

ဆရာဝန်သည် မျက်နှာမကောင်း။

"ဆောရီးပဲ ကိုဖုန်းမြင့်။ ဆေးရုံအချုပ်မှာ ဆက်ကုဗျာ။ ကျန်းမာအောင် ကြိုးစား"

"ကိစ္စမရှိပါဘူး ဆရာ။ အခုလို ဂရုတစိုက်လုပ်တာ ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်"

ဖုန်းမြင့်က တာဝန်ကျ ဆရာဝန်ကို ထိုသို့ ပြန်ပြောသည်။ ဆရာဝန်သည် သူ့အခန်းသို့ လှည့်ထွက်သွားလေ၏။

"ကဲ ကိုဝင်းကြည်၊ ကျွန်တော်နဲ့ လိုက်ခဲ့။ ခင်ဗျားက ကိုဖုန်းမြင့်ကို ဆေးရုံ အချုပ်ခန်း ပြောင်းပို့ဖို့ စီစဉ်ဗျာ။ အချိန်မရှိဘူး။ အချုပ်ခန်းမှာ အပ်ပြီးတဲ့အခါကျတော့ ရုံးကိုလိုက်ခဲ့ ဟုတ်လား"

ကုလားဆင် အရာရှိက အသားဖြူဖြူ အရာရှိကို ပြောပြီး၊ ဝင်းကြည်၏ လက်ကို ဆွဲထားသည်။

"ကဲ သူငယ်ချင်း ငါသွားတော့မယ်"

ဝင်းကြည်က နှုတ်ဆက်သည်။ ဖုန်းမြင့်က ခုတင်ထက်မှာပင် ပြုံးကာ နှုတ်ဆက်လေသည်။ ဖုန်းမြင့်၏ အပြုံးသည် ဖျော့တော့ နွမ်းလျသော နှုတ်ခမ်းအစုံမှ ဖူးပွင့်လာရခြင်း ဖြစ်စေကာမူ ရှင်သန် ထက်မြက်သည်။

"အေး၊ တစ်နေရာရာမှာတော့ ဆုံသေးတာပေါ့။ မင်း ဘာကိုမှ ဂရုမစိုက်နဲ့ကွာ။ ဘာထူးတော့သလဲ"

"မင်းကျန်းမာအောင် လုပ်နေဦး"

"လုပ်မယ်၊ ငါ့ကိုယ်ငါ မသေအောင်လုပ်မယ်။ ဒီကောင်တွေကို ဆက်ကို တိုက်ဦးမယ်။ သူငယ်ချင်း မင်းသွားတော့။ ကဲ ခင်ဗျားတို့ လက်ထဲရောက်နေပြီ။ ကျုပ်ကို ဘာလုပ်မလဲ။ ပစ်သတ်မလား။ ညှဉ်းမလား။ ကြိုက်တာလုပ်စမ်း"

ဖုန်းမြင့်က ဝင်းကြည်၏ လက်ကို ဆုပ်ကိုင်ရင်း နှုတ်ဆက်ရာမှတစ်ဖန် ရဲအရာရှိတွေဘက်သို့ လှည့်၍ တင်းတင်းမာမာ ပြောလိုက်သည်။

ကုလားဆင် အရာရှိသည် ဝင်းကြည်၏ လက်မောင်းကိုကိုင်ကာ လူကြားထဲမှ ဆွဲထုတ်သွားလေ၏။

ဖုန်းမြင့်လည်း ဆေးရုံ ခုတင်ထက်မှ အဖမ်းခံ အကျဉ်းသားအဖြစ် ဤဆေးရုံ ခုတင်ထက်မှာပင် ကျန်ရစ်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ထနိုင် သွားနိုင်သော လူနာတွေ၊ ဆရာဝန်၊ ဆရာမတွေ၊ လူနာမေး လာကြသည့် ဧည့်သည်တွေကလည်း ဖုန်းမြင့်ကို တချို့၊ ဝင်းကြည်ကို တချို့ ဝိုင်းကြည့်ကြ၊ တီးတိုး ထင်မြင်ချက်ပေးကြသည်။

အပြင်ဘက်တွင်ကား မှောင်နေလေပြီ။

× × ×

"ကျွန်တော့်ကို အခု ဖမ်းတာပေါ့နော်"

ဝင်းကြည်၏ အမေးကို ရဲအရာရှိက မဖြေ။ မကြားသလို၊ မသိသလို လုပ်နေသည်။

"ခင်ဗျားတို့မှာ ကျွန်တော့်ကိုဖမ်းဖို့ ဝရမ်းပါသလား"

"ဝရမ်း ဟုတ်လား။ ဝရမ်းဆိုတာ ကျွန်တော်တို့က ဘယ်အချိန်လုပ်လုပ် ရတာပဲ။ ဟား ဟား ဟား"

ဝင်းကြည်၏ ဒေါသမှာ ဟုန်းခနဲ တောက်လောင်လာသည်။ မခံချင်စိတ်သည် ယခုမှပင် အုပ်မနိုင် ထိန်းမရ ပေါ်လာလေ၏။

အတွင်းဝန်ရုံး အပေါ်ဆုံးထပ်ရှိ တစ်ခုသော အခန်းငယ်အတွင်း၌ ဝင်းကြည်ကို ထည့်ထားသည်။ အခန်းတွင် ပြတင်းမရှိ၊ အလင်းရောင်မရှိ၊ လျှပ်စစ်မီးပွင့် တစ်ပွင့်သာ ရှိသည်။ ကုလားဆင် ရဲအရာရှိသည် ဝရမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဖမ်းဆီးနိုင်သော သူ့အခွင့်အရေးကို ဝင်းကြည် မသိတတ်သား ဆိုးလှချေတကား ဟူသောသဘောဖြင့် တဟားဟား ရယ်နေ၏။

"လူတစ်ယောက်ကို ဝရမ်းမပါဘဲ မဖမ်းနိုင်ဘူးလို့ ကျွန်တော် နားလည်တယ်။ အခြေခံ ဥပဒေထဲက လူ့အခွင့်အရေး ဆိုတာတွေကို ခင်ဗျားတို့ သိဖို့ကောင်းတယ်"

"ဒီမှာ ခင်ဗျား တရားခံ ဖြစ်နေပြီဗျ။ လူ့အခွင့်အရေးတွေ ဘာတွေ ဘာမှပြောမနေနဲ့"

"ဟုတ်လား၊ ဒီလိုလား။ လူတစ်ယောက်ကို ကြက်ကလေး၊ ငှက်ကလေး ဖမ်းသလို ခင်ဗျားတို့ ဖမ်းချင်တိုင်း ဖမ်းမယ်၊ လုပ်ချင်တိုင်း လုပ်မယ်ပေါ့လေ။ အေးပေါ့ဗျာ၊ ခင်ဗျားတို့ လုပ်နိုင်တုန်း ဝဝကြီးသာ လုပ်ထားကြ"

ဝင်းကြည်သည် အသားတဆတ်ဆတ် တုန်နေ၏။ ရင်တွင်း၌ ဗလောင်ဆူနေ၏။ မြင်မြင်သမျှ အရာတိုင်းကို ဖောက်ခွဲ ဖျက်ဆီးပစ်လိုက်လိုလှ၏။

"ကိုဝင်းကြည်၊ ခင်ဗျားက တော်တော် ဒေါသကြီးတာကိုးဗျ။ ကျွန်တော် ရှင်းပြတာကို နားထောင်ပါဦး။ အမှန်ကတော့ လူတစ်ယောက်ကို ဖမ်းချင်ရင် ဝရမ်းနဲ့မှ ဖမ်းရတာ မှန်ပါတယ်။ ဒါပေမဲ့ ခြွင်းချက်ရှိသေးတယ်ဗျ ခြွင်းချက်။ တချို့ အရေးကြီးတဲ့လူ၊ အရေးတကြီး ဖမ်းရမယ့်လူ တွေကျတော့ သူ့ကို ဖမ်းပြီးမှ ဝရမ်းလုပ်ရတာဟာ ခြွင်းချက်ပါပဲ။ အခု ခင်ဗျားကို ကျွန်တော်တို့က ပုဒ်မ ၅ (က) ၁ (ခ) နဲ့ ဖမ်းတာဗျ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျ ပုဒ်မ ၅ (က) ၁ (ခ) ဆိုတာက"

"နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်အောင် လုပ်သူ၊ ငြိမ်ဝပ်ပိပြားရေးကို ပျက်စီးစေသူ၊ အဲဒီလို ထိခိုက်ပျက်စီးအောင် လုပ်မယ်လို့ ယုံကြည်ရသူ၊ ထိခိုက်ပျက်စီးအောင် လုပ်သူကို ကူညီအားပေးသူ၊ အဲဒီလို ကူညီအားပေးတယ်လို့ ယူဆရသူ၊ အို ဒီပုဒ်မနဲ့ အကျုံးဝင်တာတွေက အရှည်ကြီးဗျာ။ ရှုတ်ပြလို့ မကုန်ပါဘူး"

"ဒါဖြင့် လူအားလုံးကို ဒီပုဒ်မထဲ အကျုံးဝင်အောင်လုပ်ပြီး ဖမ်းနိုင်တယ် ဆိုပါတော့"

"ဟုတ်တယ်။ ဖမ်းနိုင်တယ်။ အခု ကိုဝင်းကြည် ကိစ္စတော့ ကျွန်တော်တို့လည်း မတတ်နိုင်ဘူးဗျာ။ အထက်အမိန့်အရ တာဝန်ရှိလို့သာ လုပ်ရတာပါ။ စိတ်မကောင်းပါဘူး"

ဝင်းကြည်သည် ဤကုလားဆင် အရာရှိ၏ မျက်နှာကို တံတွေးဖြင့် ထွီခနဲနေအောင် ထွေးပစ်လိုက်လိုလှ၏။ သို့သော် သူ့ကို အချုပ်သတ်နေမှုနှင့် ရိပ်မိသည့်အတွက် ပေါက်ကွဲ ဆူဝေနေသည့် ဒေါသကို ပြန်လည် ချုပ်တည်းထားလိုက်ရသည်။ ရှေ့ဆက်၍ မည်သို့မည်ပုံ အချုပ်သတ်ကာ ပုလိပ်စစ် စစ်ဦးမည်နည်းဟု သတိထားနေလိုက်မိသည်။

"ကျွန်တော် သိချင်တာလေးတွေ မေးမယ်ဗျာ။ ကိုဝင်းကြည် ခေါင်းအေးအေးထားပြီး ပြောပါ။ ဒါဟာ ကျွန်တော့်အတွက်ရော ကိုဝင်းကြည်အတွက်ပါ ကောင်းပါတယ်။ နောက်ပြီး ကိုဝင်းကြည်မှာ အပြစ်မရှိဘူးဆိုရင် လွှတ်ပစ်ဖို့ ကျွန်တော် ကြိုးစားပါမယ်"

"ကောင်းပြီလေ၊ မေးပေါ့။ ကျွန်တော် ဖြေမယ်။ သိတာကို သိတယ်၊ မသိတာကို မသိဘူး အမှန်အတိုင်း ဖြေမယ်။ ကျွန်တော် မလိမ်တတ်ဘူး။ ညာလည်း မညာတတ်ဘူး။ ကျွန်တော်နဲ့ ပတ်သက်လို့ သိချင်တာက ကျွန်တော့်ကို ဘာ့ကြောင့် ဖမ်းသလဲဆိုတာ သိချင်တယ်။ အဲဒါသိရင် ခင်ဗျား မေးသမျှကို ကျွန်တော် ပြောမယ်"

"ဒီလိုလေ ကိုဝင်းကြည်ကို ဖမ်းရတာက အာဏာသစ် သတင်းစာ ခေါင်းကြီးပိုင်း ကိစ္စနဲ့ ကိုဖုန်းမြင့် ကိစ္စပါပဲ။ ဒီနေ့ မနက်ထုတ်တဲ့ ဟောဒီ အာဏာသစ် သတင်းစာ ခေါင်းကြီးပိုင်းကို ခင်ဗျား ရေးတယ်မဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် ရေးတယ်။ ဒီခေါင်းကြီးဟာ မှန်သားပဲ"

"မှန်တယ်၊ မှားတယ် ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကိုဝင်းကြည်ကို ဖမ်းရတဲ့ အကြောင်းထဲမှာ ဒီကိစ္စက အကြောင်းတစ်ခုပဲ"

"ဪ ဒီလိုကိုး"

"နောက်ပြီး ကိုဖုန်းမြင့် ကိစ္စက ရှိသေးတယ်။ ကိုဖုန်းမြင့်နဲ့ ခင်ဗျား သိတာ ဘယ်လောက်ကြာပလဲ"

"ကျွန်တော်တို့ သုံးတန်းထဲက အတူတူနေခဲ့ကြတာ အင်မတန် ရင်းနှီးတဲ့သူငယ်ချင်းတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဖုန်းမြင့် တောထဲကနေ ရန်ကုန်ကို ဆေးကုဖို့ ရောက်ကတည်းက သူတို့ဆီက လက်နက်ချတွေရဲ့ သတင်းအရ ကျွန်တော်တို့ လိုက်နေတာ။ ဒီလူကို စပြီးလက်ခံတာ ခင်ဗျား။ ဆေးရုံကို တင်ပေးတာလည်း ခင်ဗျားမဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်တော်ပဲ"

"သူ တောခိုနေတာကို ခင်ဗျား သိတယ်နော်"

"သိတယ်"

"သူဟာ လက်နက်ကိုင် ပုန်ကန်နေတဲ့ သူပုန်ဖြစ်တယ်။ တရားဝင် ဖွဲ့စည်းတည်ထောင်ထားတဲ့ အစိုးရအဖွဲ့ကို ဆန့်ကျင် တိုက်ခိုက်နေတဲ့လူ ဆိုတာလည်း ခင်ဗျား သိတယ်ပေါ့"

"ဟုတ်တယ်၊ သိတယ်"

"အဲဒါတွေအတွက် ကိုဝင်းကြည်မှာ အပြစ်ရှိနေပြီ"

"ဒီမှာ၊ ခင်ဗျား လူလူချင်း စာနာထောက်ထားပြီး စဉ်းစားသင့်တယ်ဗျာ။ ဒီကောင်ဟာ မမာမချာ ဘဝကြီးနဲ့ ရန်ကုန်ရောက်လာတာဗျ။ အတိဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ဒီအတိုင်း ပစ်ထားရမလားဟင်။ ခင်ဗျား စဉ်းစားကြည့်စမ်းပါ"

"ဒါ ကျွန်တော်မသိဘူး။ ဒီလိုလူကို ကိုဝင်းကြည် လက်ခံ ကူညီနေတာပဲ သိတယ်"

"ဟုတ်တယ်။ ကျွန်တော် ကူညီတယ်။ လက်ခံတယ်။ ဒါကို အတိအလင်း မကွယ်မထောက် ကျွန်တော် ရဲရဲပြောတယ်။ သေလုမျောပါး ဖြစ်လောက်အောင် ရောဂါရလာတဲ့ လူတစ်ယောက်ကို ဘာအကူအညီမှမပေးဘဲ နေရမလား။ ခင်ဗျားတို့မှာ နှလုံးသားရှိရဲ့လားဟင်။ ဒီကောင်ဟာ ကျွန်တော်နဲ့ အချစ်ဆုံးသူငယ်ချင်း။ အရင်းနှီးဆုံး သူငယ်ချင်း။ မရှိအတူ ရှိအတူနေခဲ့တဲ့ကောင်။ သူယုံကြည်ရာ သူ ဘာလုပ်လုပ် သူ့အခွင့်အရေးကို ကျွန်တော် တားခွင့်မရှိဘူး။ တားလည်း မတားဘူး။ အခု ဒီကောင်က ရောဂါကြီး ကျွမ်းပြီး ကျွန်တော့်ဆီ ရောက်လာတဲ့အချိန်မှာ ကျွန်တော် သူ့ရင်ဝကို ကန်ထုတ်ရင် ဟောဒီကမ္ဘာမှာ ကျွန်တော့်လောက် အသုံးမကျ မိုက်မဲတဲ့ ကောင် ဘယ်ရှိပါ့မလဲဗျ။ သူငယ်ချင်းတစ်ယောက်အနေနဲ့ တွေးတွေး၊ သာမန်လူသားချင်း ကြင်နာရမယ့် သဘောနဲ့ တွေးတွေး ကျွန်တော် သူ့ကိုလက်မခံဘဲ မကူညီဘဲနေလို့ကို မဖြစ်ဘူး။ ကျွန်တော် လိပ်ပြာမလုံဘူး။ ကဲ အဲဒါပဲ"

"ထားတော့လေ။ ဒါက ခင်ဗျားသဘောပေါ့"

"မှန်တယ်ဗျာ။ ကျွန်တော့်သဘောနဲ့ ကျွန်တော် မှန်တယ်လို့ ဆုံးဖြတ်ပြီး လုပ်တာပဲ။ ခင်ဗျားတို့လို နှလုံးသားမျိုးတွေတော့ မပြောတတ်ဘူး"

ဝင်းကြည်က မောဟိုက်နေသည်။ ကုလားဆင် အရာရှိသည် ကွမ်းတွေကို ဝါးရင်း ငြိမ်နေ၏။

"ကိုဝင်းကြည် တောခိုခဲ့ဖူးတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဩော်၊ ကိုဝင်းကြည် တောခိုခဲ့ဖူးတယ် မဟုတ်လားလို့ မေးတာပါ"

"ခင်ဗျား ဘယ်ကသတင်းရသလဲ"

"သိချင်လို့ မေးတာပါ"

"ကျွန်တော် တစ်ခါမှ မခိုဘူး။ တောမခိုတာဟာ မခိုချင်လို့ကို မခိုဘဲ နေခဲ့တာ"

"ကွန်မြူနစ်ပါတီဝင်လား"

"ကွန်မြူနစ် ပါတီဝင်လည်း မဟုတ်ဘူး။ ကျွန်တော် ဘယ်ပါတီမှ မဝင်ခဲ့ဘူး"

"ကိုဝင်းကြည်မှာ ဒီပြင်နာမည် ရှိသေးသလား"

"အမေက ပေးတာ ဒီနာမည်ပဲ။ အခုအထိလည်း ဒီအတိုင်းပဲ။ ဘာနာမည်မှ မရှိဘူး"

ရဲအရာရှိက ဝင်းကြည် ပြောသမျှကို လိုက်လံ ရေးမှတ်သည်။ ဝင်းကြည်အဖို့ရာ၌ကား ယခုအခြေမျိုးရောက်မှဖြင့် မထူးတော့ဟု စိတ်နှလုံး ခုန်းခုန်းချထားပြီးသား ဖြစ်သည်။ တွေ့ရမည့် အဖြစ်အပျက်တိုင်းကို ရဲရင့်စွာသာ ရင်ဆိုင်ပေတော့မည်ဟု စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်သည်။

"ကောင်းပြီလေ၊ တရားရုံးကျတော့ ဒါတွေကို ရှင်းပေါ့ဗျာ။ အမှုကိစ္စ မြန်မြန်ဆန်ဆန် ပြီးပြတ်စေချင်တယ်ဆိုရင် ခင်ဗျားကိုယ်တိုင် ဖြောင့်ချက်ကလေးတစ်ခု ရေးပေးပါလား"

"ဘယ်လို ဖြောင့်ချက်လဲ"

"ကျွန်တော်မှားကြောင်း၊ နောင်တရကြောင်း စသည်ဖြင့်ပေါ့ဗျာ"

"နေစမ်းပါဦးဗျ။ အခုကိစ္စတွေမှာ ကျွန်တော်မှားတယ်လို့ကို မထင်ဘူး။ မှားတယ်လို့ မထင်တဲ့ နောက်တော့မှ ဘာနောင်တရစရာ လိုသေးသလဲ"

"ဒီဖြောင့်ချက်ကို ကိုင်ပြီး လွတ်အောင် ကျွန်တော် ကြိုးစားမယ်ဗျာ။ ကိုဝင်းကြည် အသက်က ငယ်ငယ်လေး ရှိသေးတယ်။ ရှေ့မှာ လူတစ်လုံး သူတစ်လုံး ဖြစ်စရာ အများကြီး ကျန်သေးတယ်လေ။ ကျွန်တော်က တကယ့်ကို ညီအစ်ကိုချင်းလို သဘောထားပြီး ပြောရတာပါ။ ဘယ့်နှယ်လဲ၊ သဘောတူသလား"

ဝင်းကြည်မှာ ဟားတိုက်ရယ်ချင်စိတ် ပေါက်လာသည်။ ကောက်ကျစ်သော ပရိယာယ် ဝေဝုစ်ကို သူ မုန်းတီးသည်။ သို့ရာတွင် ငြိမ်၍ နားထောင်နေမိသည်။ အခန်းတွင်း၌ကား လျှပ်စစ် မီးပွင့်သည် မလှုပ်မရှား တောက်လင်းနေ၏။ အပြင်ဘက်ကို လုံးဝ မမြင်ရသည့်အတွက် နေ့လား ညလား၊ သူမသိ။ အပြင်လောက၌ မှောင်နေသလော၊ လင်းနေသလော သူ မှန်းဆ၍ မရ။

"ကျွန်တော် ရှင်းရှင်းထပ်ပြောမယ်ဗျာ။ ခင်ဗျား ဒီလိုဖြောင့်ချက် ရေးပေးရင် ချက်ချင်း လွတ်မယ်။ ဒီအာဏာသစ် သတင်းစာဆိုတာ သူပုန်သူကန်တွေရဲ့ အကူအညီ အထောက်အပံ့နဲ့ ထုတ်တဲ့ သတင်းစာဖြစ်ကြောင်း၊ နောက်ကို ဒီသတင်းစာမှာ မလုပ်တော့ဘူးဆိုတဲ့ အကြောင်း၊ နောက်ပြီး အစိုးရကို ဆန့်ကျင်တဲ့ ဆောင်းပါးတွေလည်း မရေးတော့ပါဘူး၊ ကိုဖုန်းမြင့်ကို လက်ခံ

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုပေးတာလည်း မှားပါတယ်။ လူငယ်လူရွယ်ပီပီ တစ်ကြိမ်တစ်ခါ မှားယွင်းတာကို ခွင့်လွှတ်ပါရန်ဆိုတဲ့ အကြောင်း စုံအောင်သာ ခင်ဗျား ဒီနေ့ရေး၊ မနက်ဖြန် အပြင်ကို ခင်ဗျား ရောက်ရစေမယ်။ ကျွန်တော် တာဝန်ယူတယ်"

ဝင်းကြည်ကား သူ့စိတ်ကို သူမထိန်းနိုင်တော့ပြီ။

"ဒီမယ် ခင်ဗျားကို ကျွန်တော် ပြောပြီးပြီ။ ဖြောင့်ချက်ပေးဖို့ ခင်ဗျား ပြောနေတာတွေဟာ တစ်ခုမှ မဟုတ်ဘူး။ ဟုတ်လည်း ကျွန်တော် မပေးနိုင်ဘူး။ အခု ခင်ဗျားဟာ နိုင်ငံတော် အစိုးရရဲ့ တာဝန်ရှိတဲ့ အရာရှိတစ်ယောက်လို့ ကျွန်တော် မထင်တော့ဘူး။ လူတစ်ယောက်ကို ပြန်ပေးဆွဲပြီး ခြိမ်းခြောက် ငွေညှစ်နေတဲ့ ပြန်ပေးလောက်ကို ဖြစ်နေပြီလို့ ကျွန်တော် ယူဆတယ်။ ကျွန်တော် လွတ်ဖို့အတွက် အာဏာသစ် သတင်းစာနဲ့ ပတ်သက်ပြီး မဟုတ်မဟတ် တစ်ခုမှ မရေးဘူး။ ဖုန်းမြင့် ကိစ္စလည်း အတူတူပဲ။ ဖုန်းမြင့်ကို ကျွန်တော် လက်ခံထားတယ်။ ဆေးကုပေးထားတယ်။ အဲဒါအားလုံးဟာ မှန်ကန်တယ်။ မွန်မြတ်တယ်။ ခင်ဗျား ကြိုက်ရာသာ လုပ်ပေတော့"

ဝင်းကြည်သည် စားပွဲခုံကို လက်ဖဝါးဖြင့် ပုတ်ကာ ပုတ်ကာ ပြောသည်။ အော်ကြီးဟစ်ကျယ် ပြောသည်။ ဝင်းကြည်၏ မျက်စိအစုံသည် အလျှံတငြီးငြီး တောက်လောင်သော မီးကျီးမီးခဲပမာ ရဲရဲနီနေသည်။

ကုလားဆင် အရာရှိကလည်း ရှူးရှူးရှဲရှဲ ဖြစ်သည်အထိ ဒေါပွလာကာ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်သည်။

"ကောင်းပြီ။ ဒါလောက် ခေါင်းမာတဲ့လူ သိစေမယ်"

အခန်းထဲ၌ လျှောင်ပိတ် အမိခံထားရသော လူကို လက်နက် ဝိုင်းဝိုင်းလည် ကိုင်ထားသူများအနက်မှ တစ်ဦးက ဒေါသမောဟကြီးစွာ ကြိမ်းမောင်းကာ ထွက်သွားသည်။ အခန်းတံခါးမှာ ဂျိုင်းခနဲ ပိတ်သွားသည်။

ဝင်းကြည် တစ်ယောက်တည်း အခန်းတွင်း၌ ကျန်ရစ်သည်။ စားပွဲတစ်လုံး၊ ခွေးခြေသုံးလုံး၊ မီးပွင့်တစ်ပွင့်။

အရာအားလုံးသည် အသက်မရှိ။ ဝင်းကြည်လည်း အသက်မရှိသလို ငြိမ်နေသည်။

## အခန်း ၄၄

နီယွန်မီးချောင်း၏ အလင်းရောင်သာလျှင် နှစ်ဆယ့်လေးနာရီပတ်လုံး လင်းလျက်ရှိလေရာ မည်သည့်နေရာသို့ ကြည့်ကြည့် နီယွန်မီးချောင်း၏ ပြာလဲ့လဲ့ ဖြူရော်ရော် အလင်းရောင်ကိုသာ တွေ့နေရသည်။ အိပ်စက်နားနေရန်အတွက် မျက်စိကို စုံမှိတ်ထားလျှင်လည်း ဤအလင်းရောင်ကိုသာ မျက်စိအစုံ၌ တောက်လင်းနေသလား ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းသည် မကျဉ်းမကျယ် ဖြစ်သော်လည်း လူဆယ်ယောက်ခန့် စုနေရသည့်အတွက် ကြောင့် လည်းကောင်း၊ ပြတင်းတံခါး ဟူ၍လည်း မရှိသောကြောင့် လည်းကောင်း ထာဝစဉ် အသက်ရှူရ ကျပ်နေသလား ထင်ရသည်။ လေဝင်ပေါက်မရှိ။ အပြင်လောက၏ အလင်းရောင်ကို လည်း မမြင်ရ။

အိမ်သာဘက်ဆီမှ ရေကျသံကို နာရီမလပ် ကြားနေရသည်။ သမံတလင်းပေါ်တွင် လျှာထိုးပျဉ်များဖြင့် ကွပ်ပျစ်သဖွယ် ထပ်ခင်းထားသော်လည်း အပြင်အလင်းရောင် မဝင်သဖြင့် လျှာထိုးပျဉ်ခင်းမှာ ထာဝစဉ် အစိုပြန်ကာ ရေစော်နံနေသည်။ မြေကြွက်ကြီးများသည် အင်္ဂတေကို ဖောက်ကာ အခန်းတွင်း၌ အမြဲလိုလို သွားလာ ကျက်စားနေလေ့ရှိကြ၏။ အပလေ မဝင်သည့် အတွက် အနံ့အသက်မှာ ပြောင်းလဲခြင်းမရှိ။ အမြဲတမ်း နံနေသော အောက်သိုးသိုးရေနံ့၊ အင်္ဂတေနံ့၊ မြေဆွေးနံ့ စသည့် အနံ့အသက်များသာလျှင် ထာဝစဉ် ကြီးစိုး လွှမ်းခြုံလျက် ရှိသည်။

အဆိုးဆုံးကား အလင်းရောင်ကို မမြင်ရခြင်းပင် ဖြစ်သည်။ ဤနေရာတွင် အပြင်လောက ၏ အလင်းရောင်သည် သူတို့ထံသို့ တိုးဝင်ရန် အစွမ်းအစ မရှိတော့ချေ။

နှစ်ဆယ့်လေးနာရီလုံးလုံး ထွန်းထားသော နီယွန်မီးချောင်း၏ အလင်းရောင်မှာ အခိုက် အတန့်အားဖြင့် ကြည့်မိလျှင်သာ ဖွေးဖြူ တောက်ပသည်ဟု ဆိုနိုင်သော်လည်း နာရီပေါင်းများစွာ ရက်ပေါင်းများစွာ ဆက်တိုင်မြင်ရ တွေ့ရသောအခါ၌ကား ဤအလင်းရောင်လောက် ဆိုးရွား ကြောက်မက်ဖွယ်ကောင်းသည့် အလင်းရောင်မျိုး ဤကမ္ဘာ မြေပြင်ပေါ်တွင်မရှိဟု ထင်ရလောက် အောင် ကြောက်ရွံ့သည်အထိ ဖြစ်လာရသည်။ မီးချောင်း၏ အလင်းရောင်သည် ပြာသလိုလို၊ ဖြူသလိုလို၊ ဝါသလိုလို အရောင်မျိုးစုံ ထွက်သည်။ လူတွေ အပါအဝင် အရာအားလုံးကို ဖြူဖပ် ဖြူရော် ဖြစ်စေသည်။ အလွန်တရာ ကြောက်မက်ဖွယ် ကြက်သီးမွေးညင်းထဖွယ် ဖြစ်သော အိပ်မက် အတွင်းမှ တစ္ဆေသရဲများပမာ လူအားလုံး၏ မျက်နှာတွေမှာ ရောင်မျိုးစုံ ထွက်နေတတ်သည်။ လူသေမျက်နှာတွေလို သွေးမရှိဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေတတ်သည်။ နံဘေး တစ်ဖက်တစ်ချက်ရှိ အုတ်နံရံတို့သည် ဖွေးဖွေးဖြူသော နေရာတွင် ဖြူ၍ အရောင်အဆင်း ကင်းမဲ့ကာ ညိုမည်းသော နေရာတို့၌ ညိုမည်းနေကြသည်။ သို့မို့ကြောင့်လည်း မီးချောင်း၏ အလင်းရောင်နှင့် အုတ်နံရံတို့၏ အသွေးအဆင်းများ အလယ်တွင် သူတို့အားလုံးသည် သေဒဏ်ပေးထားခြင်း ခံရသော အလယ် ခေတ်၏ လူသားများနှင့် တူသူတွေ တူနေပြီး အစာရေစာ ငတ်မွတ် ခေါင်းပါးနေသော အဟိတ် တိရစ္ဆာန်များ၊ တစ္ဆေသရဲများနှင့်လည်း တူသူတွေ တူနေကြသည်။

ဤနေရာကား ဘားလမ်း စတီးဝပ် အချုပ်ခန်းတည်း။

စတီးဝပ် အချုပ်ကား ရက်စက်ရာ၌ နာမည်ကျော်လှ၏။ အချုပ်ခံနေရသူ တစ်ဦး တစ်ယောက်ကို လက်ဖျားနှင့်မှ မထိ မတို့ဘဲ စိတ်ဓာတ်အကြီးအကျယ် ချောက်ချား ကျဆင်း အောင် ဖန်တီးထားသည့် ပတ်ဝန်းကျင်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချုပ်ထောင်တွင် (၁) နှစ် နေရလျှင် ရူးသည်။ မရူးလျှင်လည်း ကြောင်စီစီ ဖြစ်သည်။ သည်းခြေပျက်သလိုလို၊ ဦးနှောက် ချွတ်ယွင်းသလိုလိုလည်း ဖြစ်လေ့ရှိသည်။ လပေါင်းများစွာ နေ့ရောညပါ မီးချောင်း၏ ဖြူရော်ရော်၊ ပြာလွဲ့လွဲ့၊ ဝါကျင်ကျင် မီးရောင်ကို ကြည့်ရင်း ရူးသွပ်သွားရသူတွေ ရှိသည်ဟု ဆိုသည်။ ဤအခန်းတွင် တရုတ်တစ်ယောက် ကြောင်စီစီ ဖြစ်သွားပြီး၊ ဤအခန်း၌ ကုလားတစ်ယောက် သေဆုံးကာ ဤအခန်းမှာပင် အချုပ်ခံ ဗမာတစ်ဦး ရူးသွပ်သွားသည် အစရှိသော ဒဏ္ဍာရီတွေလည်း အခန်းစေ့ ရှိနေသည်။

ဝင်းကြည်ကား ယင်းကဲ့သို့ နာမည်ကျော်ကြားလှသော စတီးဝပ် အချုပ်ထောင်၏ အကျဉ်းခန်းနံပါတ် (၇) တွင် ရောက်ရှိနေသည်မှာ တစ်လကျော်လေပြီ။

ဒီဇင်ဘာလ ကုန်ခါနီးဖြစ်သဖြင့် အအေးဓာတ်သည် ပို၍ သဲသဲမဲမဲ နှိပ်စက်လျက်ရှိသည်။ နေရောင်၊ အလင်းရောင် မဝင်သဖြင့် ပင်ကို၌က စိုထိုင်းလျက်ရှိသော အခန်းတွင်း၌ အအေးဒဏ်သည် ပိုလို့သာ စိမ့်ဝင်တတ်သည်။ နံရံတွေက စိမ့်သည်။ သမံတလင်းက စိမ့်သည်။ လျှာထိုးဖျာများကလည်း စိမ့်သည်။ အအေးဒဏ်ကို ခုခံနိုင်စွမ်းသော အနွေးထည်မရှိ။ နေ၏ နွေးထွေးသော ရောင်ခြည်မရှိ။

ကန်ထရိုက်က ကျွေးသည့် ထမင်းလင်ပန်း ရောက်လာပြီဆိုလျှင် ဆီကလေး ပြားကလေး ပါသော ဟင်းခွက်တစ်ခွက်တလေကို ရှာကြည့်သည်။ သို့သော် ကျောက်ဖရုံသီး ရေလုံပြုတ်၊ ပဲကတ္တီပါပြုတ်၊ သဲရှပ်ရှပ် မှျင်ငါးပိကြမ်း၊ ကိုက်မရ ဝါးမရဘဲ ပါးစပ်တွင်း၌ သားရေလို စီးထန်းမာကျောနေလေ့ရှိသော ဟင်းနုနယ်ရွက် စသည့် ပုံစံထမင်းဟင်းတွေသာ ပါမြဲဖြစ်သည်။

ဝင်းကြည် နေရသော အခန်း (၇) တွင် နိုင်ငံရေးအချုပ်သားတွေသာ အများစုဖြစ်နေ၍ တော်ရော့သည်။ အခြားသော အခန်းများကား ဖာခေါင်း၊ ဆွဲကြိုးဖြတ်၊ ခါးပိုက်နှိုက်က အစ လုယက်မှု၊ ဓားပြမှုအဆုံး အကျဉ်းသားတွေ၊ လူဝင်မှု ကြီးကြပ်ရေးပုဒ်မဖြင့် အဖမ်းခံထားရသော တရုတ်၊ ကုလားတွေ ရှိနေကြသည်။ တစ်ဖက်သောအခန်းတွင် မိန်းမအချုပ်သားတွေကို ထားလေရာ ဖာသည်လည်း ပါသည်။ အရပ်ပျက်လည်း ပါသည်။ ယောကျ်ားချင်း လိင်ကိစ္စပွေ့ကြသည့် မိန်းမလျာတွေလည်း ပါသည်။ တရားမမှု တရားခံတွေလည်း ပါသည်။

ဝင်းကြည်သည် အခင်းမရှိသော အိပ်ရာထက်၌ ပက်လက်လှန်ကာ မျက်နှာကြက်ဆီသို့ ငေးကြည့်နေ၏။ တစ်လခွဲမျှသော ကာလအတွင်း သူ့ကို တရားဝင်ရုံးတင် စစ်ဆေးခြင်းမရှိ။ မေးမြန်းစုံစမ်းခြင်းမရှိ။ အဘယ်မည်သော တိကျရေရာသည့် ပြစ်မှုကြောင့် အဘယ်မည်သော ပုဒ်မဖြင့် မည်မျှကြာအောင် ချုပ်နှောင်ထားမည်လည်း မသိ။

မျက်နှာကြက်ဆီသို့ စူးစိုက်နေသော သူ့မျက်စိအစုံသည် ချောက်ချားဖွယ် ကောင်းလှသော မီးချောင်း၏ အလင်းရောင်တွေကို မမြင်။ သူ ဘာမျှမမြင်။

သူနေရသော အကျဉ်းခန်းကိုပင် အကျဉ်းခန်းဟု မမြင်။ အပြောကျယ်စွာသော သမုဒ္ဒရာ

www.burmeseclassic.com

www.burmeseclassic.com



ချောင်း၌ ရွက်ကြိုးပြတ်ကာ ကမ်းမမြင် လမ်းမမြင် မျောချင်ရာ မျောနေသည့် သင်္ဘောဟူ၍သာ အထင်ရောက်နေသည်။ အစာရေစာ ပြတ်နေကြသည်။ ပင်လယ်၏ ရက်စက်ကြမ်းကြုတ်သော အတိဒုက္ခတွေကို ခံစားနေကြရသည်။ တစ်ယောက်ကိုတစ်ယောက် မကူနိုင်၊ မကယ်နိုင်လောက် အောင် အားပြတ် မိန်းမောနေကြသည်။ အစာရေစာကို တမ်းတသည်။ အစာရေစာကား မရှိ။ နားနေ ခိုတွယ်ရန် ကမ်းစပ်သောင်ရိပ်ကို လှမ်းမျှော်ကြသည်။ ကမ်းစပ်သောင်ရိပ် ဟူသည်ကို မတွေ့။

ပင်လယ်ပြင်တွင် လှိုင်းလေကလည်း ပြင်းထန်လှသည်။ မုန်တိုင်းသည် အဘွာအတာ ကင်းမဲ့စွာ ဝှေ့ယမ်း တိုက်ခတ်လျက်ရှိသည်။ လေပြင်းကျသလောက် မိုးစက်မိုးပေါက်ကြီးတွေက လည်း ပြင်းထန် သဲမဲလွန်းလှသည်။ ဝင်းကြည်၏ ရင်ထဲတွင် နွမ်းနယ်လှသည်။ အားအင် ဟူသမျှ ကုန်ခန်းလျက်ရှိသည်။ မျက်စိအတွင်း၌ ပြာပြာဝါဝါ၊ ဖြူဖြူနီနီ စသော ရောင်မျိုးစုံ ပြွမ်းတီးနေသည်။ သေရအံ့ဆဲဆဲလူသည် မှီခိုတွယ်တာစရာဆိုလျှင် ကောက်ရိုးမျှင်ကလေး တစ်မျှင် ကိုပင် ရှာဖွေတတ်သေးသည် ဖြစ်ရာ သူသည်လည်း မှီခိုတွယ်တာစရာကို အငမ်းမရ ရှာဖွေကြည့် သည်။ သူ့အနားတွင် ဘာမျှမရှိ။ အရာခပ်သိမ်းကား ကြောက်မက်ဖွယ် အတိပြီးသော၊ ကြက်သီး မွေးညင်းထဖွယ် ဖြစ်သော လှိုင်းနှင့် လေနှင့် ဟင်းလင်းပြင်များသာတည်း။

မောပန်းနွမ်းနယ်ခြင်းဖြင့် ခေတ္တခဏ မိန်းမောသွားလေသလော၊ သို့တည်းမဟုတ် သေအံ့ မူးမူး အသက်ငင်သူပမာ မေ့မြောသွားလေသလော သူမသိ။

"ကိုဝင်းကြည်၊ ကိုဝင်းကြည်"

အနားရှိ အကျဉ်းခံဘက် ဘဝသူတစ်ဦးက လှုပ်နှိုးမှ သူ့မျက်လုံးတွေကို ဖွင့်ကြည်မိသည်။ မီးချောင်း၏ လူသေမျက်နှာလို အလင်းရောင်သည် သူ့မျက်စိထဲသို့ ပြန်းခနဲ တိုးဝင်လာကြပြန် သည်။

စစ်ဖိနပ်သံများကို ကြားရသည်။ အခန်း၏ သံတံခါးဖွင့်သံကို ဆူဆူညံညံ ကြားရသည်။ အသံတွေမှာ ကျယ်လောင် ဆူညံလွန်းသည်။ ရိုင်းစိုင်းသည်။ စူးရဲသည်။

"ခင်ဗျားကို လာခေါ်နေတယ်။ ထ"

ဝင်းကြည်က အိပ်ချင်မူးတူး နိုးလာသူပမာ ထထိုင်လိုက်၏။

"ဝင်းကြည် လိုက်ခဲ့။ တွေ့ဖို့ လူရောက်နေတယ်"

ရဲသားက အော်ပြောသည်။

"ဘယ်သူလဲ"

"မင်း အဖေတဲ့"

'အဖေ' ဆိုသော စကားလုံးသည် သူ့နား နှစ်ဖက်အနီးတွင် တိုင်းမိုးကြိုး နှစ်လုံးကို ပြိုင်တူကပ်၍ ပေါက်ခွဲလိုက်သလား ထင်ရသည်။ လန့်သွားသည်။ ရင်တွင်း၌ တဒိတ်ဒိတ် ခုန်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နှလုံးသားသည် ရင်တွင်းမှနေ၍ ခန္ဓာကိုယ်၏ အပြင်ဘက်သို့ ဖုန်းခနဲ မြည်ကာ ဆောင့်ထွက်သွားသလား ထင်ရသည်။

လာခေါ်သော ရဲသားနောက်မှ ကပ်လိုက်လာခဲ့၏။ ရဲသားသည် အကျဉ်းခန်း သံတံခါးသော့ကို ပြန်ခတ်ကာ ဝင်းကြည်ကို အချုပ်ခန်း၏ ရုံးခန်းသို့ ခေါ်ဆောင်သွားလေ၏။

ရုံးခန်းအတွင်း၌ကား အဖေသည် ငုတ်တုတ် ထိုင်နေလေသည်။

"အဖေ"

အဖေက တော်တော်နှင့် ပြန်မထူးနိုင်။

"သား၊ ငါ့သား" ဟုသာ မြည်တမ်းနေသည်။ အနားတွင် ဝင်ထိုင်လိုက်သော သားဖြစ်သူကို ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ အဖေ၏ မျက်နှာတွင် မချိတင်ကဲဖြစ်သော ကရုဏာရိပ်က လွှမ်းမိုးလျက်ရှိသည်။

"အဖေ ဘယ်တုန်းက လာသလဲ"

ညှိုးငယ်လှသော ပတ်ဝန်းကျင်ကို ဝင်းကြည်က စတင် ဖြိုခွဲရတော့သည်။ သို့မို့ကြောင့်လည်း ဝင်းကြည်သည် အားယူ၍ ပြုံးသည်။ အဖေကား ပြုံးပင် မပြုံးနိုင်။

"သုံးရက်ရှိပြီ။ ငါ့သားနဲ့ တွေ့ဖို့ ပြည်ထဲရေးမှာ လျှောက်ရ ပြောရတာ ကနေ့မှ တွေ့ခွင့်ရတယ် သား။ ငါ့သားကို မြင်ရတာ အဖေ စိတ်ထိခိုက်တယ်ကွာ"

အဖေ့ အသံတွေ တုန်နေသည်။

မတုန်လျှင်လည်း မဖြစ်။ အဖေ တွေ့နေရသော သား၏ ရုပ်ပုံကို ကြည့်လေ့။ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း ကပ်ပျက်အကြားမှ မသေ၍ ထွက်လာရသူသဖွယ် ပိန်လှီ ခြောက်ကပ်နေသည်။ မျက်တွင်းတွေ ချိုင့်ဝင်နေသည်။ ရှည်လျား ညှဉ်းဆိုးသော ဆံပင်များမှာ ပွရောင်း သွေ့ခြောက်နေသည်။ နှစ်ကာလ ရှည်ကြာစွာ မကျန်းမမာ ဖြစ်ထားသူကဲ့သို့ တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"အဖေရယ် အလကားလိုက်လာတယ်"

"အဖေ မလာဘဲ မနေနိုင်ဘူး သားရယ်"

"ကျွန်တော့်အကြောင်း ဘယ်လိုလုပ်သိသလဲ အဖေ"

"သတင်းစာထဲမှာ ပါတာပေါ့။ မင်းတို့ သတင်းစာကိုလည်း အာမခံငွေ သုံးထောင်အတောင်းခံရတယ်။ မင်းနဲ့အတူ မောင်ဖုန်းမြင့်ကိုပါ ဖမ်းမိတယ်လို့ ပါတော့"

သည်တော့မှပင် အာဏာသစ် သတင်းစာကို အာမခံတောင်းကြောင်း ဝင်းကြည် သိရသည်။ စဖမ်းသည့် အချိန်ကစ၍ ယခုအထိ သတင်းစာဖတ်ခွင့် မပြု။

"မောင်စိုးသိမ်းတို့တောင် စစ်လား မေးလား ခံကြရသေးတယ် ဖမ်းတော့ မဖမ်းပါဘူး

www.burmeseclassic.com



အဖေ သူတို့ဆီ ရောက်သေးတယ်။ သူတို့ကလည်း တွေ့ချင်ကြတယ်။ ဒါပေမဲ့ တွေ့လို့ မလွယ်ဘူး။ တွေ့လို့လည်း မကောင်းပါဘူးလေ"

"အဖေတို့ရော နေကောင်းကြတယ်ပေါ့"

"ကောင်းပါတယ်၊ ကောင်းပါတယ်။ အိမ်အတွက် ဘာမှ ပူစရာမရှိဘူး။ မင်းအတွက်ပဲ အဖေတို့ စိတ်ပူနေကြတာ။ စိတ်လည်း မကောင်းဘူး"

"စိတ်မကောင်းမဖြစ်ပါနဲ့ အဖေ"

အဖေက ငြိမ်နေသည်။ အဖေ၏ ရုပ်လက္ခဏာမှာ နှစ်ပေါင်းများစွာ အိုမင်းရင့်ရော် သွားသလား ထင်ရသည်။ ဇရာဖိစီးခြင်း၏ အထိမ်းအမှတ်တွေကို တွေ့ရသည်။ အဖေ၏ ပါးပြင်မှ အရေခွံတို့သည် အတန်ငယ် တွန့်လိပ်လျက် ရှိကြ၏။ နဖူးပြင်၌လည်း အတွန့်အရေးတွေ ပေါ်လာသည်။ တကယ်ဆိုရလျှင် အဖေနှင့် ခွဲခွာလာခဲ့သည်မှာ အချိန်ကာလအားဖြင့် များစွာ ကြာမြင့်လှပြီဟု မဆိုနိုင်ပါ။ ဤမျှတိုတောင်းသော အချိန်ကာလအတွင်း အဖေသည် အလွန်အမင်း အိုမင်းရင့်ရော်လျက် ရှိလေပြီ။

"အခု အဖေလိုက်လာတာ မင်းကို တွေ့ဖို့ သက်သက်မဟုတ်ဘူး။ မင်းကိစ္စအတွက် လုပ်မယ်ဆိုပြီး လာတာ"

"ကျွန်တော့် ကိစ္စအတွက် ဘာလုပ်မှာလဲ အဖေ"

"ပြည်ထဲရေးဝန်ကြီးကို အဖေ သွားပြောမယ်။ ကိုဗဆွေကြီးကိုလည်း ပြောကြည့်မယ်ကွာ။ အဖေလည်း နိုင်ငံရေးလုပ်လာတာဟာ ကြာပြီပဲ။ ဘာတစ်ခုမှ သူတို့ဆီမှာ အဖေ့ ကိုယ်ရေးကိုယ်တာအတွက် မပြောခဲ့ဘူး။ အခု ငါ့သား ဒီလိုခံနေရတဲ့ ကိစ္စကိုတော့ သွားပြောမယ် စိတ်ကူးတယ်။ မနေ့က ပြည်ထဲရေး အတွင်းဝန်က ပြောလိုက်တာကတော့ မင်းဟာ သူပုန်နဲ့ ဆက်တယ်ဆိုတာ အထင်အရှား ဖြစ်နေတယ်တဲ့။ ရုံးတင် တရားစွဲပြီး ထောင်ချပစ်မယ်ဆိုရင်တောင် ရတယ်တဲ့။ အဖေက အေးရာအေးကြောင်း ဘာများ လုပ်နိုင်မလဲဗျာလို့ မေးတော့ လောလောဆယ် အခုလို ပုဒ်မ ၅ နဲ့ ထားတုန်း နောင်တရတယ်၊ ဒီလို နိုင်ငံရေး အလုပ်မျိုးတွေကို နောက်နောင်မှာ မလုပ်တော့ဘဲ စွန့်လွှတ်ပါတယ်ဆိုတဲ့ အကြောင်း အသနားခံစာ တစ်စောင်လောက် ရေးတင်ရင် စဉ်းစားပြီး လွှတ်ပေးနိုင်တယ်လို့ ပြောတာပဲ။ အဲဒါ အဖေ လုပ်ချင်တယ်ကွာ"

အဖေက အားကြိုးမာန်တက် ပြောနေခြင်း ဖြစ်သော်လည်း ဤစကားကို ကြားရချိန်က စ၍ ဝင်းကြည်မှာ စိတ်ရှုပ်လာရပြန်သည်။ သို့မို့ကြောင့်လည်း အဖေ့ မျက်နှာကို ကြည့်၏။ အဖေကား အိုမင်းလာသည်နှင့်အမျှ စိတ်ကျလျက် ရှိချေသည်တကား။

"အဲဒါ အဖေလုပ်ချင်တယ်။ ဘယ့်နှယ်လဲ"

"ကျွန်တော်က အသနားခံစာ တင်ရမယ် ဟုတ်လား"

"အေး ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလို အလုပ်မျိုးတွေ လုပ်မိတာ မှားပါတယ်၊ နောက်နောင်ကို နိုင်ငံရေးမလုပ်တော့ဘူး၊ စွန့်လွှတ်ပါတယ်လို့ ဝန်ချရမယ်တဲ့လား"

"ဟုတ်တယ် ငါ့သား။ ဟုတ်တယ်"

"ကျွန်တော် သူတို့ကို အသနားလည်း မခံနိုင်ဘူး။ ဝန်လည်း မချနိုင်ဘူး အဖေ"

မှန်သည်။ ဝင်းကြည်၏ စိတ်သည် ယတိပြတ် ဖြစ်နေ၏။ မိမိတွင် လုံးဝအပြစ်မရှိဟု ယုံကြည်နေ၏။ အပြစ်မရှိသော လူတစ်ယောက်ကို ကြက်ကလေး၊ ငှက်ကလေးသဖွယ် ဖမ်းသည်။ လောကငရဲနှင့် တူလှစွာသော အချုပ်ခန်းအတွင်း၌ ထည့်ပိတ် သိုလှောင်ထားသည်။ သို့စဉ်လျက် ဒူးထောက် အသနားခံ ဝန်ချတောင်းပန်ရဦးမည်။ ရိုးသားဖြူစင်သော လူတစ်ယောက်၏ ဂုဏ်သိက္ခာသည် အဘယ်မှာ ရှိပါတော့အံ့နည်း။

"လူ့အောက်ကျို့လို့ လူပိရိုး ထုံးစံမရှိပါဘူးကွယ်။ အသနားခံစာလေး ရေးလိုက်ရတာ ဘာမှ တာဝန်မကြီးပါဘူး။ ဒီလိုမှ မလုပ်ရင် အာဏာက သူတို့လက်ထဲ ရှိနေတာ။ သူတို့ ညှဉ်းတိုင်း ခံနေရမှာပေါ့ ငါ့သားရယ်။ စဉ်းစားပါဦး"

"အသနားခံစာရေးဖို့ တာဝန်ဟာ သိပ်ကြီးတာပေါ့ အဖေရဲ့။ ဘာမှ မဆိုင်တာတွေ လျှောက်ရေးပြီး ကိုယ်လွတ်ဖို့ ဝန်ချတောင်းပန်ရတယ် ဆိုတာလောက် သိက္ခာမဲ့တာ ရှိပါတော့မလား။ အဖေ စဉ်းစားကြည့်ပါ။ ဒါကို မကျေနပ်လို့ သူတို့လက်ထဲ အာဏာရှိတိုင်း ညှဉ်းမယ်ဆိုလည်း ညှဉ်းပေါ့။ အခုလည်း တမင်ညှဉ်းထားတဲ့ သဘောပဲ။ ဘာထူးသလဲ။ ကျွန်တော် အဖို့တော့ ဘာမှ မထူးတော့ဘူး အဖေ"

အဖေသည် တွေနေ၏။ မျက်စိမျက်နှာလည်း ပျက်နေလေ၏။ အချုပ်ခန်းအတွင်းမှ သံတံခါးဖွင့်သံ၊ စစ်ဖိနပ်သံ၊ လက်ထိပ်သံကြိုးချင်း ထိခိုက်သံတွေ ပေါ်ထွက်လာသည်။ ဤပတ်ဝန်းကျင်က ရိုင်းလေလေ အဖေက သောကရောက်လေလေ။

"အဖေလည်း အသက်ကြီးပြီ။ မကြာခင် သေရတော့မှာပါကွာ။ အဖေ အသေဖြောင့်ချင်တယ်"

"ကျွန်တော် အဖေ့ကို ချစ်လည်းချစ်တယ်၊ သနားလည်း သနားတယ်။ ကျွန်တော့်အတွက် အဖေ ဒီလောက် စိတ်ဒုက္ခရောက်နေရတာကို တွေ့ရတော့ ကျွန်တော် စိတ်မကောင်းရိုး အမှန်ပါ အဖေ။ ဒါပေမဲ့ မှုမမှန်တဲ့ ကိစ္စတစ်ခုခုကိုတော့ ကျွန်တော် မလုပ်ပါရစေနဲ့။ အခုကိစ္စမှာ ကျွန်တော် မမှားဘူး။ မမှားတဲ့အတွက် မှားပါပြီလို့ အသနားမခံနိုင်ဘူး။ နောက်နောင်လည်း နိုင်ငံရေး ဆက်မလုပ်ပါဘူးဆိုပြီး ဝန်ခံချက်မပေးနိုင်ဘူး။ ဆက်လုပ်ဖို့ ကျွန်တော် ပိုင်းဖြတ်ပြီးပြီ"

အဖေသည် စားပွဲရှေ့နားရှိ သံမံတလင်းကို စူးစိုက်ရင်း မလှုပ်မယှက် ထိုင်နေသည်။ အဖေ့ မျက်စိတွင် ဘာကိုမျှ မြင်ဟန်မတူ။

ဝင်းကြည်ကသာ ဆက်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ကတော့ ကျွန်တော် ရန်ကုန်ကို ရောက်ပြီးကတည်းက ဘာဆိုဘာမှ မလုပ်တော့ဘူး အဖေ။ ကျွန်တော့် ရှေ့ရေးအတွက် အသက်မွေးဝမ်းကျောင်း တစ်ခုခုလုပ်မယ်ဆိုတဲ့ ပိုင်းဖြတ်ချက်နဲ့ ကျွန်တော် သတင်းစာမှာ ဝင်လုပ်တာပဲ။ ကျွန်တော်ဟာ နိုင်ငံရေးကိစ္စတွေကို မေ့လုမတတ်ဖြစ်နေပြီ။ ဒါပေမဲ့ ကျွန်တော့်ကို အခုလို မတရားဖမ်းပြီး ဘာမှ အစစ်အဆေး အမေးအမြန်းမရှိ ချုပ်ထားတယ်၊ ညှဉ်းဆဲတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော် မေ့ထားတဲ့ နိုင်ငံရေးကို ပြန်သတိရလာတယ်။ ဒီလို နိုင်ငံရေး ကိစ္စတွေကို မေ့ထားရကောင်းလားလို့ ကျွန်တော့်ဘာသာ ကျွန်တော် နောင်တရတယ် အဖေ။ ဒီတော့ ရှေ့မှာ ကျွန်တော် ဆက်လုပ်မယ်။ မတရားသက်သက် ဖိနှိပ်ညှဉ်းပန်းမှု ခံနေရတာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး အဖေ။ အများကြီးပဲ၊ အများကြီး။ ဒီလို အညှဉ်းခံ လူအများစုကြီးအတွက် ရှေ့မှာ ဆက်လုပ်ဖို့ ကျွန်တော့် စိတ်ကို ယတိပြတ်ဆုံးဖြတ်ပြီးပြီ။ ဒါ့ကြောင့် အဖေ့ကိုတော့ ကျွန်တော် အားနာပါတယ်။ ဒါပေမဲ့ အဖေ ပြောသလို ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး အဖေ။ ဒါ ကျွန်တော့် အဖြေပဲ"

"ဒါဖြင့် ဦးဗဆွေဆီ အဖေ သွားပြောမယ်။ သူတို့ ပြည်သူ့အရေးတော်ပုံ ပါတီကို မအူပင်မှာ အဖေ စထောင်ပေးတာပဲ။ ဖ.ဆ.ပ.လအတွက်လည်း အဖေ အများကြီး လုပ်ပေးခဲ့တာမို့ အဖေ ပြောရင် ရနိုင်ကောင်းပါတယ်။ မင်းက အသနားမခံနိုင်ဘူးဆိုရင် မင်းအတွက် အဖေကပဲ အသနားခံ ပြောမယ်"

"အဖေက ဝင်ပြီး အသနားခံစရာ မလိုဘူး ထင်ပါတယ်။ အဖေ့ စေတနာကို ကျွန်တော် သဘောပေါက်ပါတယ် အဖေ။ ဒါပေမဲ့ တစ်ခု စဉ်းစားကြည့်ပါ။ ဒီလို မတရားသက်သက် ညှဉ်းချင်လို့ ညှဉ်းထားတာကို အညှဉ်းခံရတဲ့လူက ဘာအပြစ်မှလည်း မရှိဘဲနဲ့ ဒူးထောက် တောင်းပန်ရမယ်ဆိုတာ မဖြစ်နိုင်ဘူး အဖေ။ အဖေ့ ဂုဏ်သိက္ခာ၊ ကျွန်တော့် ဂုဏ်သိက္ခာ။ အို၊ လူအဖြစ်နဲ့ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာ ဘယ်ရောက်သွားမလဲ ဟင်။ အဖေ စဉ်းစားကြည့်လေ"

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမဲ့ မင်းကို ဒီလို ကြာရှည် ဖမ်းထားပြီး ညှဉ်းထားရင် ခက်ရချည်ရဲ့"

"မခက်ပါဘူး အဖေရာ။ ညှဉ်းလိုတယ်ဆိုလည်း ညှဉ်းပစေပေါ့။ ကျွန်တော်က ပေဖြစ်တုန်း ခံလိုက်ဦးမယ်လေ။ အဲ၊ တူဖြစ်လာတဲ့ တစ်နေ့ကျရင်တော့ ထုရမှာပဲ။ ဒါ ကျွန်တော့် ဆုံးဖြတ်ချက်ပဲ။ မထူးတော့ပါဘူး အဖေရယ်။ စိတ်အေးလက်အေးသာ အဖေ ပြန်သွားပါ။ ဘယ်သူ့ဆီမှလည်း သွားမတွေ့ပါနဲ့။ ကျွန်တော့်ကိုလည်း လာမတွေ့ပါနဲ့။ အဖေ ဒုက္ခရောက်နေပါ့မယ်"

"ဒါဖြင့် မင်း အဖေပြောတာတွေကို မလုပ်ဘူးပေါ့"

ဝင်းကြည်က ခေါင်းကို ဖြည်းညင်းစွာ ခါရင်း

"ဟုတ်တယ် အဖေ၊ ကျွန်တော် မလုပ်နိုင်လို့ပါ။ အဖေ စိတ်မချမ်းမသာ မဖြစ်ပါနဲ့။ မအူပင်ကိုသာ ပြန်ပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါဖြင့်လည်း မင်းသဘောပေါ့။ အဖေ အသက်ကြီးပြီ။ အသေဖြောင့်ချင်တယ် ဆိုတဲ့ စကားကိုသာ မင်းမမေ့နဲ့ ကြားလား။ ကဲ အဖေသွားမယ်။ နောက်တစ်ခေါက် ဘယ်တော့ လောက်မှ လာနိုင်မလဲ မသိဘူး"

"မလာပါနဲ့ အဖေ။ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့။ အမေနဲ့ မမတို့ကိုပါ ပြောလိုက်ပါ"

အဖေကား ထိုင်ရာမှ ထလေ၏။ ခါးကို မနည်းဆန့်ကာ ထရခြင်း ဖြစ်ကြောင်း ဝင်းကြည် သတိထားမိသည်။

"အဖေ့ ကျန်းမာရေးကို ဂရုစိုက်နော်" ဟူ၍လည်း ဝင်းကြည်က မှာလိုက်သေးသည်။ အဖေသည် ကြိုးစားအားယူကာ နှုတ်ဆက်ရင်း ထွက်ခွာသွား၏။ အဖေ့ မျက်လုံးအိမ်၌ ရီဝေ ဆိုင်းတွဲ့လျက်ရှိသည်ကို တွေ့လိုက်ရသည်။

ဝင်းကြည်ကို အစောင့်ရဲသားက အကျဉ်းခန်းနံပါတ် (၇) သို့ ပြန်ခေါ်သွားပြီးနောက် အခန်းတွင်းသို့ သွင်းလိုက်ကာ ကြီးမားလေးလံလှသော သံတန်း တံခါးကြီးကိုလည်း ဂျိုင်းခနဲ မြည်အောင် ပိတ်လိုက်လေတော့သည်။

× × ×

'အဖေ အသက်ကြီးပြီ၊ အသေဖြောင့်ချင်တယ်'

အဖေ ပြောသွားသည့် စကားလုံးများသည် ဝင်းကြည် နားနှစ်ဖက်အတွင်း ပဲ့တင် ရိုက် ခတ်နေဆဲသာ ဖြစ်၏။ ဤစကားတွေကို အဖေ ဘာ့ကြောင့် ထပ်ခါတလဲလဲ ပြောသနည်းဟု စဉ်းစားကြည့်မိသည်။ အဖေကား အသက်ကြီးလေပြီ။ ဇရာထောင်းလေပြီ။

တစ်ချိန်သောအခါက အဖေသည် တက်ကြွသော စိတ်ဓာတ်၊ လျှမ်းလျှမ်းတောက်သော အားမာန်တို့ဖြင့် မနေမနား အလုပ်လုပ်ခဲ့၏။ သူ ချစ်မြတ်နိုးလှသည့် တောသူတောင်သား လူများ စုကြီးအတွက် သူမှန်သည် ထင်ရာကို ရှုပ်ရှုပ်ချွံချွံ လုပ်ခဲ့၏။ အဖေသည် ပစ္စည်းဥစ္စာ၌ တပ်မက် စိတ်မရှိ။ ရာထူး ဌာနန္တရကို မမျှော်ကိုး။ သူ့အသိအလျောက် သူ့ခေတ် သူ့အတိုင်းအတာအလျောက် တိုင်းရေး ပြည်ရေးအတွက် ရှေ့ဆောင် ကြိုးပမ်းခဲ့သည်။

ယခုမူ အဖေ့ စိတ်သည် များစွာ ကျဆင်းလျက်ရှိသည်သာမက ညှဉ်းချင်၍ ဟာမင် ညှဉ်းခဲ သူများထံပါး၌ အသနားခံ ခယရန်အထိ စိတ်ကူးလျက်ရှိလေသည်။

စီးပွားရေး အနေအထား၊ အသက်အရွယ်နှင့် ပတ်ဝန်းကျင် အနေအထားများကြောင့် ဤမျှ ပျော့ညံ့ အားလျော့နေရသော အဖေ့အတွက် ဝင်းကြည်က တူးတူးခါးခါးသာ ငြင်းလိုက် ရစေကာမူ စိတ်မကောင်း။

သို့သော် မတတ်နိုင်။

"လာတွေ့တာ ခင်ဗျား အဖေလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့အိပ်ရာ နံဘေးတွင် ကပ်လျက်သား ထိုင်ရင်း ဆေးလိပ်ဖွာ ရှူနေသော ကိုဇော်လင်းက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။ ကိုဇော်လင်းသည် ပဲခူးသားဖြစ်၏။ ပုဒ်မ ၅ ဖြင့် ဖမ်းဆီးခြင်း ခံရကာ စတီးဝပ် အချုပ်သို့ သူ့ကို ပို့ထားသည်မှာ ၆ လ ကျော်လေပြီ။ ကိုဇော်လင်း၏ အစ်ကို ကိုဇော်ဝင်းမှာ တောခိုနေသူ ဖြစ်ရာ အစ်ကိုနှင့် အဆက်အသွယ် လုပ်သည်ဆိုကာ ညီဖြစ်သူ ကိုဇော်လင်းကို ဖမ်းထည့်ထားခြင်း ဖြစ်သည်။

စတီးဝပ် အချုပ်တွင် ကိုဇော်လင်းက ဝင်းကြည်ထက် ဝါရင့်နေသူဖြစ်သည့်အတိုင်း အစစ အရာရာ ရှေ့ဆောင်သည်။ သိသင့်သိထိုက်သည်များကို ရှင်းလင်း ပြောပြလေ့ရှိသည်။ သို့မို့ကြောင့် လည်း သူတို့နှစ်ယောက်မှာ အခန်း (၇) အတွင်း၌ အရင်းနှီးဆုံး ဖြစ်နေကြလေသည်။

"ဟုတ်တယ် ကိုဇော်လင်း"

"ခင်ဗျားကလည်း အဖေနဲ့ တွေ့ပြီးကာမှ မှိုင်လှချည်လားဗျ"

ဝင်းကြည်က အကျိုးအကြောင်း ပြောပြလိုက်၏။ ဝင်းကြည် ပြောသမျှကို ကိုဇော်လင်း က စိတ်ဝင်စားစွာ နားထောင်နေသည်။ အယူအဆချင်း ကွာဟနေသော သားနှင့် အဖေတို့၏ ဖြစ်ပုံကို အာရုံဝင်စားလျက်ရှိသည်။

"ကျွန်တော်က အဲဒီလို ငြင်းလိုက်တော့ အဘိုးကြီး တော်တော် စိတ်ထိခိုက်သွားပုံရတယ် ဗျာ။ ကျွန်တော် ခေါင်းမာနေလို့သာ လက်လျှော့သွားရပေမယ့် ကျေနပ်ပုံမရဘူး။ စိတ်လည်း ကောင်းမှာ မဟုတ်ဘူး။ မတတ်နိုင်ဘူးလေ"

"အေးဗျာ၊ လူကြီးဆိုတော့ စိုးရိမ်စိတ် ကြီးတာပေါ့ဗျာ။ နောက်ပြီး ခင်ဗျားကို ဒီအတိုင်း အကြာကြီး ဖမ်းထားမှာလည်း စိုးတယ်နဲ့ တူပါတယ်"

"ဟုတ်တယ် ကိုဇော်လင်း။ ကျွန်တော် အဖေ့ကို နားလည်ပါတယ်။ ဒါပေမဲ့ ဘာမှမတတ် နိုင်ဘူး။ ခုပြဿနာမှာ အဖေ့ကို သနားတယ်ဆိုရုံလောက်နဲ့ မလျှော့နိုင်ဘူး"

ကိုဇော်လင်းသည် ဆေးလိပ်တိုကို အားပါးတရ ဖွာရှူရင်း ခေါင်းတညိတ်ညိတ် လုပ်နေ ၏။

"ခင်ဗျားပြောတာ သိပ်မှန်တယ် ကိုဝင်းကြည်။ ကျွန်တော့်မှာလည်း ဒီလိုပဲဗျ။ အစ်ကို တောခိုတာနဲ့ ကျွန်တော့်ကို ဖမ်းတာသာ ကြည့်ပေတော့။ ကျွန်တော်တို့က ညီအစ်ကို နှစ်ယောက်ပဲ ရှိတယ်။ အဖေ မရှိဘူး။ အမေ မုဆိုးမကြီးကို အစ်ကိုမရှိတဲ့ အချိန်ကစပြီး ကျွန်တော်ပဲ လုပ်ကျွေး လာရတယ် ဆိုပါတော့"

အခန်းတစ်ခုလုံး တိတ်နေသည်။ အိမ်သာဘက်ဆီမှ ရေကျသံကိုသာ အဆက်မပြတ် ကြားနေရသည်။

"အမေနဲ့ ကျွန်တော့်ဆီကို အစ်ကိုက စာလေးဘာလေး ရေးလေ့ရှိတယ်။ အဲဒါကို စုံထောက်တွေက သိပြီး အမြဲလိုလို စောင့်ကြည့်နေတာ ကျွန်တော် သိသားပဲ။ သိပေမယ့် ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မဖြုံပါဘူး။ ဘယ့်နှယ်ဗျာ၊ အစ်ကိုက သူ့ဘာသာသူ စာရေးတာ။ မရေးပါနဲ့လို့ ကျွန်တော် ဘယ်ပြောလို့ဖြစ်မလဲ။ နောက်ဆုံးကျတော့ ကျွန်တော့်ကို စစ်စရာရှိတယ်ဆိုပြီး လာခေါ်တာပဲ။ ဒီလိုခေါ်သွားပြီးတော့ မင်းအစ်ကို ဘယ်မှာလဲလို့ မေးတယ် ။ ကျွန်တော်က မသိကြောင်း ပြောပြတယ်။ တကယ်လည်း မသိဘူးဗျ။ အဲဒါ ပုဒ်မ ၅ နဲ့ ဖမ်းတယ်ဆိုပြီး ဖမ်းထားတာ ကနေ့အထိပဲ။ ဒီကြားထဲမှာ ကျွန်တော့်ကို အမှား ဝန်ခံခိုင်းကြသေးတယ်။ မှားပါပြီ၊ နောက်ဒီလို မပတ်သက်တော့ဘူးဆိုရင် လွှတ်မယ်တဲ့။ ကျွန်တော်ကလည်း ဒါ သက်သက် မတရားတာလုပ်တာဘဲဆိုပြီး ဘူးငြင်းလိုက်တယ်။ အဲဒီအချိန်ကစပြီး ဟောဒီ အချုပ်ထဲ ရောက်နေတာပဲ ကိုဝင်းကြည်"

"ဒါဖြင့် ခင်ဗျား အမေက ဘယ်လို လုပ်ကိုင်စားသောက်နေသလဲဗျာ"

"မသိဘူး"

"ဆိုးလှတယ်ဗျာ"

"မဆိုးနဲ့လေ။ ခေတ်ကိုက ဒီအတိုင်း ဖြစ်နေပြီပဲ။ အစ်ကိုက တောထဲမှာ၊ ညီက ထောင်ထဲမှာ မုဆိုးမအမေအိုက ကြက်ယက်သလို သူ့တစ်ဝမ်းတခါးတော့ ဖြစ်သလို ရှာဖွေစားသောက်ဖို့ ရှိတော့တာပဲ ကိုဝင်းကြည်"

ကိုဇော်လင်းက သူ့စကားကို သူ့ဖာသာ သဘောကျသည့်အလား ဟက်ဟက်ပက်ပက် ရယ်နေလေ၏။

ခက်ခဲကြမ်းတမ်းလှသော ဘေးဒုက္ခတွေအကြားမှပင် ရယ်မောနေနိုင်သော ကိုဇော်လင်းကို ကိုဝင်းကြည်က အံ့သြရပြန်သည်။ လောကအထွေထွေ လူအမျိုးမျိုး၏ အကြောင်းတွေကိုလည်း ပို၍ သိလာရသည်။ လူဆိုသော သတ္တဝါမှာ အလွန် အတွေးရ ခက်လေသည်။ တစ်ခါတစ်ရံ ဒုက္ခတစ်ခုပြီးတစ်ခု တွေ့နေသည့်အကြားမှပင် သတ္တိဟူသည် ကြီးထွားလာတတ်၏။ တစ်ခါတရံတော့လည်း အပူအပင် အကြောင့်အကြ ကင်းမဲ့သော ဘဝ၌လည်း သူရဲဘောကြောင်လျှင် ကြောင်နေတတ်၏။ ယခု ကိုဇော်လင်းကို ကြည့်၊ သူ့ကို မတရား ဖမ်းဆီးချုပ်နှောင်ထားသည်။ မုဆိုးမ မိခင်အိုကြီး၏ စားဝတ်နေရေး အဘယ်သို့ ရှိရမည်ကို မသိ။ သို့သော် သူသည် ခွင့်လွှတ်နိုင်စွမ်း ဥပေက္ခာပြုနိုင်စွမ်း ရှိနေချေ၏။

"ဒီမယ် ကိုဇော်လင်း ကျွန်တော်တို့ ဘယ်လောက်ကြာအောင် ခံနေရမယ် ထင်သလဲ"

ဝင်းကြည်က ကောက်ကာငင်ကာ မေးလိုက်သည်။

"ပုဒ်မ ၅ ဆိုတာ ဘယ်သူမှ အသေအချာ မပြောနိုင်ဘူး။ ကြာရင်လည်း ကြာတာပဲ၊ သူတို့ လွှတ်ရင်လည်း လွှတ်တာပဲဗျ။ ကျွန်တော်ကတော့ ဘယ်လောက်ထားထား ဖြစ်အောင်ခံနေမယ်လို့ ပိုင်းဖြတ်ထားတယ်။ လွှတ်ရက်မျှော်နေရင် စိတ်ပင်ပန်းရုံပဲ ကိုဝင်းကြည်"

ဝင်းကြည်သည် ကိုဇော်လင်းကို တစ်ချက်မျှ လှမ်းကြည့်ရင်း ပြုံးလိုက်၏။ ပိန်ပိန်ပါးပါး အသားလတ်လတ်ဖြင့် နွဲ့နွဲ့နှောင်းနှောင်းနိုင်လှသော ကိုဇော်လင်းကား စိတ်ဓာတ်ကြံ့ခိုင်သူပေတည်း။

www.burmeseclassic.com



"ခင်ဗျားက လွတ်ဖို့ မျှော်နေလို့လား"

"မမျှော်ပါဘူးဗျာ။ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့ တောရိုင်းတိရစ္ဆာန်ရှေ့မှာ ကိုယ့်တိုက်ပွဲ ကိုယ်မဝင်ဘဲ လွတ်ဖို့ မျှော်နေတာလောက် ညံ့ဖျင်းတာ ဘယ်ရှိမတုံး ကိုဇော်လင်းရာ။ ဒီလို အကျဉ်းထဲ အချုပ်ထဲ နေနေရတာဟာ တကယ်ဆိုတော့ အင်မတန် ငြီးငွေ့စရာကောင်းတယ်။ နို့ပေမယ့် အခုတော့ ကျွန်တော် တစ်နေ့တခြား ပျော်လာတယ်ဗျ။ အပြင်လောကက ဟန်ဆောင် ဖုံးကွယ်ပြီး ကျွန်တော့်ကို မသင်ပေးလိုက်တဲ့ ပညာတွေကို အခု ကျွန်တော် ရနေပါပြီဗျာ။ သူတို့ထားသလောက် သတ္တိရှိရှိနဲ့နေဖို့ ကျွန်တော်လည်း စိတ်ပိုင်းဖြတ်ထားပြီလေ"

"မှန်တယ်ဗျာ၊ ခင်ဗျား ပြောတာ သိပ်မှန်တာပဲ။ ဒီလိုကိစ္စမျိုးမှာ အဆိုးဆုံးနဲ့ ရင်ဆိုင်ဖို့ကိုသာ တွက်ထားလိုက်တာ အကောင်းဆုံးပဲ ကိုဝင်းကြည်"

ကိုဇော်လင်းက ပြောပြောဆိုဆို အိမ်သာဘက်သို့ ထွက်သွားရာ ဝင်းကြည် တစ်ယောက်တည်း ကျန်ရစ်လေသည်။ အကျဉ်းခန်းအတွင်းရှိ လူအချို့မှာ အိပ်စက်လျက်ရှိကြသည်။ အချို့ကား ၁၂ ကောင်ကျား ကစားနေကြသည်။ သစ်သားကြမ်းခင်းကို ထွင်းကာ ကျားကွက်ချထားသည်။ ကျားကောင်များဖြစ် စက္ကူစကလေးများနှင့် အုတ်အင်္ဂတေစကလေးတွေကို အသုံးပြုကာ ကစားနေကြခြင်း ဖြစ်သည်။ အချို့ကဆိုလျှင် ရတတ်သမျှ ဆေးလိပ်ကို ဖွာရှုကာ စဉ်းစားခန်း ဝင်နေကြသည်။

ဝင်းကြည်ကား အိပ်ရာပေါ်သို့ လှဲချရင်း စောစောက ကိုဇော်လင်း ပြောသွားသော စကားများအနက်မှ 'အဆိုးဆုံးနဲ့ ရင်ဆိုင်ဖို့ကိုသာ တွက်ထားလိုက်တာ အကောင်းဆုံးပဲဗျ' ဟူသော စကားလုံးတွေကို ထပ်ဖန်တလဲလဲ သတိရနေသည်။ သူ့ရင်တွင်း၌ ဤစကားလုံးတွေသာ ပဲ့တင်ထပ်နေသည်။

အနိဋ္ဌာရုံဖြင့် ပြွမ်းတီးသော နေချင့်စဖွယ် အလျှင်းမရှိသော ဤလို အရပ်ဒေသမျိုးတွင် သူသည် အစိုးရအထက်တန်းကျောင်းနှင့် အပြင်လောကတစ်ခုလုံး၌ ရှာမတွေ့ခဲ့သော အမှန်တရားတစ်ခုကို ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့နေရသည်။

အဆိုးနဲ့ ရင်ဆိုင်ဖို့ကိုသာ တွက်ထားမိလေပြီ မဟုတ်လော။

## အခန်း ၄၅

"ပုံစံ ထိုင်"

အမိန့်ပေးသံသည် ထောင်နံရံ လေးဖက်လေးတန်အတွင်း ဝဲပျံ မြည်ဟီးနေသည်။

အရာရာတိုင်းသည် ထူးဆန်းလျက်ရှိ၏။ မြင့်မားသော အုတ်တံတိုင်းကြီးများ၊ ခိုင်ခံ့လေးလံလှသော သံတံခါးကြီးများ၊ ကြီးမားလှသည့် သော့ခလောက်ကြီးများ၊ ထုထည် ခိုင်လှသော သစ်သားတံခါးကြီးများ။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်နေရာသို့ ကြည့်ကြည့် အရောင်အဆင်းဟူ၍ ထူးထူးခြားခြား မရှိ။ မွဲခြောက်ခြောက် ညစ်ထေးထေး ညိုမှောင်မှောင် အဆင်အသွေးတွေဖြင့်သာ လွှမ်းမိုးလျက်ရှိသည်။ နံပါတ်တုတ်များ၊ သေနတ်များကို ကိုင်ဆောင်ထားကြသူတွေကလည်း ဝိုင်းဝိုင်းလည်နေသည်။ နေရာတကာတွင် အုတ်တံတိုင်းနှင့်၊ သံတံခါးနှင့်၊ လက်နက်နှင့်။

မျက်စိလည်း ကျင့်သားမရေးသေးသည်မို့ ဤရှုခင်းသည် ရိုင်းစိုင်းခက်ထန်နေ၏။ စက်ဆုပ်မုန်းတီးစရာ အကောင်းဆုံးလည်း ဖြစ်၏။

ဤကား ရန်ကုန် အကျဉ်းထောင်ကြီးပေတည်း။

ဝင်းကြည်ကို စတီးဝပ် အချုပ်မှနေ၍ ရန်ကုန် အကျဉ်းထောင်ကြီးသို့ ပို့လိုက်လေပြီ။

အကျဉ်းထောင် ဟူသည်ကို ဟိုစဉ်က ကြားဖူးရုံမျှ ကြားဖူးခဲ့သည်။ အချို့သော စာအုပ်စာတမ်းများတွင်သာ ဖတ်ဖူး မှတ်ဖူးခဲ့သည်။ အကျဉ်းထောင်တို့မည်သည် ရက်စက် ကြမ်းကြုတ်လှသည်ဟုလည်း ကြားဖူးထားသည်။ မိမိ၏တစ်သက်နှင့်တစ်ကိုယ် ဤကဲ့သို့ မုန်းတီးစက်ဆုပ်ဖွယ်ကောင်းသော နေရာမျိုးသို့ ရောက်လိမ့်မည် မဟုတ်ဟု မည်သည့်အခါကမျှ မစဉ်းစားခဲ့ဘူးသော ဝင်းကြည်သည် ယခုဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရပြီလည်း ဖြစ်ပေသည်။

အကျဉ်းထောင်၏ အဝင်အဝ တံခါးကြီးသည် အလွန်တရာ မြင့်မားသလောက် ထုထည်ကြီးကာ ခိုင်ခံ့လှသော သစ်သားတံခါးကြီး ဖြစ်သည်။ ယင်းတံခါးကြီး၏ အလယ်ဗဟိုချက်နားတွင် ကျားခေါင်းသဏ္ဌာန် သစ်သားကို ထုလုပ်ထားသော အရုပ်တစ်ရုပ် ငေါထွက်နေသည်။ ဟ ထားသော ကျားပါးစပ်၏ အလယ်ဗဟိုတွင် ခြေကျင်းနှင့် သဏ္ဌာန်တူသည့် သံကွင်းကြီးတစ်ကွင်းကို ကန့်လန့်ဖြတ် ချိတ်ဆွဲထားသည်။ အဆိုပါ သံကွင်းကြီးကို တဂျိုင်းဂျိုင်း မြည်အောင် လွှဲခေါက်လိုက်သောအခါ တံခါးမကြီး၏ အောက်ပိုင်းရှိ လူတစ်ယောက်ဝင်သာရုံ တံခါးပေါက်ကလေး ပွင့်လာသည်။

ယင်း လူဝင်တံခါးပေါက်ကလေးအတွင်းသို့ ခေါင်းငုံ့၍ ဝင်လိုက်မိသောအခါ အတန်ငယ်ကျယ်ဝန်းသည့် အခန်းရှည်လျားလျား တစ်ခုအတွင်းသို့ ရောက်သွားသည်။ နံဘေး တစ်ဖက်တစ်ချက်တွင် အုတ်နံရံနှင့် ရုံးခန်းများသဖွယ် အခန်းတွေရှိပြီး တစ်ဖက်သော အစွန်တွင်ကား သံတံခါးကြီးတစ်ခု ရှိလေသည်။ တံခါးစောင့်က သော့ခလောက်ကြီးကိုဖွင့်ကာ အဆိုပါသံတံခါးကို ဖွင့်ပေးလိုက်မှ အတွင်းဖက်သို့ တစ်ဆင့် ထပ်ဝင်ရသည်။ ထိုသို့ ဝင်သွားသောအခါ အခြားတစ်ဖက်တွင် သံတံခါးတစ်ခု ရှိနေပြန်သော မြေကွက်လပ်သို့ ရောက်သွားသည်။ ဤမြေကွက်လပ်၏ ဘေးတစ်ဖက်တစ်ချက်တွင် လူတစ်ရပ်သာသာ အုတ်တံတိုင်းကြီးများရှိနေ၍ အုတ်တံတိုင်းနှစ်ခုနှင့် သံတံခါးနှစ်ခု၏ အကြားသို့ အလိုလိုနေရင်း ရောက်သွားရသည့်သဘောပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် ဤမြေကွက်လပ်အရောက်တွင် 'ပုံစံထိုင်' ဟု အကျဉ်းသား အရာရှိက အမိန့်ပေးလိုက်ခြင်း ဖြစ်လေသည်။

"ဟေ့ကောင် ပုံစံထိုင်ဆိုတာ မကြားဘူးလား။ တလာစီမလို့ကွ"

အဘယ်ကဲ့သို့သော ဘာသာစကားမျိုးတွေဖြင့် ပြောဆိုနေသနည်းဆိုသည်ကို စဉ်းစားနေလိုက်မိသည်။ ပုံစံထိုင်၊ တလာစီ၊ သူ နားမလည်။ ထို့ကြောင့် ဘာလုပ်ရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေစဉ် အကျဉ်းသားအရာရှိ၏ သန်မာထွားကျိုင်းသော လက်ဖဝါးကြီးသည် ဝင်းကြည်၏ နားထင်သို့ အရှိန်ပြင်းစွာ ကျရောက်လာလေ၏။

အငိုက်ခံရခြင်း ဖြစ်သည့်အတွက် ဝင်းကြည်မှာ ရှေ့သို့ ဟပ်ထိုးလဲကျမတတ် ယိုင်ထိုးသွားသည်။ ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်လာသည်။ သို့မို့ကြောင့် သူကို ရိုက်သော အကျဉ်းသားအရာရှိအား စူးစူးရဲရဲ ပြန်ကြည့်လိုက်မိသည်။

"ပုံစံထိုင် ဆိုတာ ဒါမျိုးကွ။ ဒီလိုထိုင်"

သူက ဒေါသထွက်နေခိုက်မှာပင် အကျဉ်းသား အရာရှိက တံတောင်နှစ်ဖက်ကို ဒူးပေါ်တင်၊ လက်ဖဝါးနှစ်ဖက်ကို နောက်စေ့နားတွင် လက်ယှက်ထိုးကာ ခေါင်းငုံ့ထားပြီး ဆောင့်ကြောင့်ထိုင်ပြသည့်အတွက် ဝင်းကြည်ကလည်း ဤပုံစံအတိုင်း လိုက်ထိုင်ရသည်။ 'ပုံစံထိုင်' ခြင်း အတတ်ကို သူ တတ်သွားလေပြီ။

"မင်းက ငယ်လို့ ငါ သနားတယ်ကွာ။ ခုနက ရိုက်မိတာတော့ စိတ်မဆိုးနဲ့ပေါ့ ငါ့ညီ။ ဒီထောင်ထဲကို ရောက်လာရင် ရောက်ရောက်ချင်း ဦးကျိုးအောင်ဆိုပြီး ပုံစံပြရတာကွ"

ဝင်းကြည်က ဘာမျှ ပြန်မပြောဘဲ ပုံစံထိုင်နေသည်။ စိတ်အပြောင်းမြန်သော အကျဉ်းသားကြီးကိုလည်း မကြည့်၊ မြေကြီးကိုသာ စိုက်ကြည့်နေမိသည်။

"မင်းနာမည်"

"ဝင်းကြည်"

"အေး ဟုတ်ပြီ၊ ကိုလွန်းအောင်ကို သိသလား"

"သိပါတယ်။ ဘာဖြစ်သလဲ၊ ကိုလွန်းအောင်"

"သူ ဒီမှာရောက်နေတယ်။ သူက လိုရမည်ရ မှာထားလို့ မင်း သက်သာတာပေါ့ကွာ။ နို့မို့ရင် ရှေ့သွားတစ်ချောင်းတော့ အနည်းဆုံး ကျွတ်တယ်ဟေ့"

"ဗျာ၊ ကိုလွန်းအောင် ဒီမှာ။ ဟုတ်လား"

"ဟုတ်တယ်"

"သူ အဖမ်းခံရတယ်၊ ဟုတ်လား"

"အို မင်း လူအပဲ၊ ထောင်ထဲရောက်နေပါတယ်ဆို အဖမ်းခံနေရသလားတဲ့။ ကျားကိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ဆိုမှ နာတာရှည်လား လုပ်နေရသေး။ ကဲ လာ၊ ငါနဲ့လိုက်ခဲ့။ ကိုလွန်းအောင်ဆီ မင်းကို ပို့ပေးမယ်"

ဝင်းကြည်သည် ထွေပြားသော အတွေးများဖြင့် အကျဉ်းသားကြီး ခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့လေ၏။

စောစောက မြင်နေရသော သံတံခါးကို တံခါးစောင့်က ဖွင့်ပေးသဖြင့် ဝင်သားရာ လူတစ်ရပ်သာသာ မြင့်သည် အုတ်တံတိုင်း နှစ်ခု၏အကြားမှ မြေနီလမ်းပေါ်သို့ ရောက်သွားသည်။ မြေနီလမ်းအတိုင်း လျှောက်လာကြရပြန်သည်။ လမ်းတွင် အဆိုပါ အကျဉ်းသား အရာရှိက ထောင်အကြောင်း တတွတ်တွတ် ပြောလာသည်။

"ထောင်ထဲကို လူသစ် ရောက်ရောက်ချင်း တို့လို အကျဉ်းသား အရာရှိက လူသစ်တွေကို ဦးကျိုးအောင် ပုံစံပြရတယ်ကွ။ ပုံစံပြတယ်ဆိုတာ သိလား။ စောစောက မင်းဖက်ပိုးကို အုပ်လိုက်တာပေါ့။ ဒါ အင်မတန် ဝတ်ကျေတမ်းကျေလောက် လုပ်လိုက်တာ။ မင်းက အသက်လည်းငယ် ပိန်ချည့်ချည့်နဲ့မို့ မရိုက်ချင်လို့ကို မနေရဘူး။ အကြောင်းမဲ့ အပြစ်ရှာပြီး ရိုက်ရတာပဲ။ တို့က ဒီလို ရိုက်တာကို ထောင်မှူးတွေ၊ ထောင်ပိုင်တွေက ကြည့်နေတာကွ။ အရိုက်နည်းရင် တို့ကို ကြိမ်းသေးတယ်။ ငါလည်း အစကတော့ မိုက်မိုက်ကန်းကန်း လုပ်တာပဲကွာ။ ကိုလွန်းအောင်နဲ့ စကားလေး ဘာလေး ပြောမိတော့မှ ကိုလွန်းအောင်က ဒါဟာ အကျဉ်းသားအချင်းချင်း သွေးခွဲအုပ်ချုပ် နှိပ်စက်ခိုင်းတဲ့ နည်းပါ၊ ကျွန်တော်တို့ အကျဉ်းသားတွေဟာ ဘဝတူတွေပါ၊ ဘာညာနဲ့ ပြောလို့ ငါ လျှော့လိုက်တာကွ။ လူအသက်ငယ်ငယ် ပိန်ပိန်ပါးပါးနဲ့ အသားလတ်လတ် ကိုဝင်းကြည် ဆိုတာ ရောက်လာရင် ညှာညှာတာတာ ကြည့်လုပ်ပါလို့လည်း မှာထားတယ်။ ဒါကြောင့် မင်းကို ငါ မရိုက်ချင်ပါဘူး။ ဒါပေမဲ့ ထောင်ပိုင်က ဗူးပေါ်ကနေ ကြည့်နေလို့ ဟန်ပြဆော်လိုက်ရတာ၊ စိတ်မရှိပါနဲ့ကွာ ငါ့ညီ"

"စိတ်မရှိပါဘူးဗျာ။ အလစ်မိသွားလို့ ရှေ့ကို ယိုင်ဆင်းသွားတာ တစ်ခုပါပဲ"

"အဲဒါ ပိုကောင်းတာပေါ့၊ ထောင်ပိုင်ကမြင်ရင် တော်တော် ပုံစံကျသွားပြီထင်မှာ"

မကြာမီ သံတံခါးတစ်ခုသို့ ရောက်လာကြပြန်သည်။ အုတ်တံတိုင်းတွေ သံတံခါးတွေကား ကုန်သည် ဆုံးသည် မရှိ။ အုတ်တံတိုင်းဆုံးလျှင် သံတံခါး၊ သံတံခါးကိုလွန်လျှင် အုတ်တံတိုင်း။

"အဲဒါ ၅ ဆောင်ပဲ၊ ဒီမှာ ကိုလွန်းအောင် ရှိတယ်။ လာ ငါ လိုက်ပို့မယ်။ သူနဲ့ပဲ နေပေါ့"

သံတံခါးကိုဖွင့်၍အတွင်းဘက်သို့ တစ်ဖန် ဝင်ပြန်သောအခါ နှစ်ထပ်တိုက် ရှည်မျော[illegible] အဆောက်အဦကြီးတစ်ခုကို တွေ့ရသည်။ လေးဘက်လေးတန်မှ အုတ်တံတိုင်းငယ်[illegible]ဝန်းရံထားသည့် အဆိုပါ အဆောက်အဦကြီး၏ အဝင်အဝတွင် သံတံခါးကြီးက မားမား[illegible]ပြန်သည်။ ထုံးစံအတိုင်းပင် ယင်းတံခါးကို ဖွင့်ကာ အဆောက်အဦအတွင်းသို့ ဝင်ရပြန်၏။ အဆောက်အဦသည်

www.burmeseclassic.com



အလျားရှည်သလောက် ဘေးတစ်ဖက်တစ်ချက်တွင် အခန်းငယ်ကလေးများ စီရရီ တန်းနေ၏။ အခန်းငယ်တိုင်းတွင် သံတံခါးကိုယ်စီ ရှိကြသည်။ အလယ်ဗဟိုတွင် လူသွားလမ်း ရှိသည်။

သူတို့သည် တွေ့တွေ့ချင်း လှေကားမှ အပေါ်ထပ်သို့ တက်လာခဲ့သည်။ အတန်ကြာ သွားမိလျှင် တစ်ခုသော အခန်းတွင်းသို့ ဝင်လိုက်ကြသည်။ ခုတင်ပေါ်တွင် ပက်လက်လှန်နေသော ကိုလွန်းအောင်နှင့် တွေ့ရလေတော့သည်။

"ကဲ ကိုလွန်းအောင်၊ ဟောဒီမှာ ခင်ဗျား ရဲဘော်"

လိုက်ပို့သော အကျဉ်းသားကြီးက လှမ်းပြောလိုက်သည့်နှင့် တပြိုင်နက် ကိုလွန်းအောင်သည် ငေါက်ခနဲ ထထိုင်လိုက်လေ၏။

"ဟာ ကိုဝင်းကြည်"

"ကိုလွန်းအောင်"

သူတို့နှစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြသည်။ ဝင်းကြည်သည် ကိုလွန်းအောင်၏ ခုတင်တွင် ထိုင်လိုက်၏။

"တော်တော် ပုံစံပြလိုက်သေးသလား ဖိုးသာဦး"

ဖိုးသာဦး အမည်ရှိ အကျဉ်းသားကြီးကို ကိုလွန်းအောင်က လှမ်းမေးလိုက်၏။ ဖိုးသာဦးသည် ပါးစပ်ကြီးဖြဲကာ

"စတီလောက်ပါပဲဗျ" ဟု ပြောလိုက်ပြီးနောက် "ကဲ နေရာထိုင်ခင်း ကြည့်သာလုပ်ပေးလိုက်တော့၊ ဒီအဆောင်မှာထားတယ်လို့ ကျွန်တော် စာရင်းပြလိုက်မယ်။ သွားမယ်ဗျာ" ဟုဆိုကာ ထွက်သွားလေ၏။

"ကိုလွန်းအောင်ကို ဘယ်တုန်းက ဖမ်းတာလဲ။ သတင်းစာကို အာမခံ တောင်းတယ်ဆို"

"ဟုတ်တယ်။ ပထမတော့ အာမခံ သုံးထောင် တောင်းတယ်ဗျ။ အဲဒီလိုတောင်းပြီး ကျွန်တော့်ကို ဖမ်းလိုက်တာပဲ။ ခင်ဗျားနဲ့ မရှေးမနှောင်း ဆိုပါတော့ဗျာ။ အခုတော့ သတင်းစာကို ရပ်ထားလိုက်ရတာပေါ့"

"ဒါဖြင့် ဒီရောက်တာ ကြာပြီပေါ့"

"မကြာလှသေးပါဘူး။ ဆေးရုံကြီးအချုပ်မှာ ကြာနေတာ ကိုဝင်းကြည်။ သွေးဝမ်း မရပ်သေးတာနဲ့ ဖမ်းပြီးပြီးချင်း ဆေးရုံအချုပ်မှာ ထားသေးတယ်"

ဆေးရုံအချုပ် ဟူသော စကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ဖုန်းမြင့်ကို လှစ်ခနဲ သတိရလာသည်။ ဖုန်းမြင့်တစ်ယောက် အဘယ်သို့ ရှိရှာမည်နည်း။

"အဲဒီမှာ ဖုန်းမြင့် ဆိုတဲ့ ရဲဘော်တစ်ယောက်နဲ့များ မတွေ့ခဲ့ဘူးလား ကိုလွန်းအောင်"

"တွေ့တာပေါ့ ကိုဝင်းကြည်။ ခင်ဗျာ့ ရဲဘော်ပဲဟာ"

"အခု သူရော။ အဲဒီမှာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆုံးရှာပြီ ကိုဝင်းကြည်"

"ခင်ဗျာ။ ကိုလွန်းအောင် ဘာပြောတယ်"

"ကိုဖုန်းမြင့် ဆုံးရှာပြီ ကိုဝင်းကြည်။ ခင်ဗျား စိတ်မကောင်းမှာစိုးလို့ ဖြုန်းခနဲ ကျွန်တော် မပြောတာပါ"

"ဆုံးပြီ၊ ဟုတ်လား။ ဘယ်လိုဖြစ်တာလဲ။ ဘယ်လောက်ကြာပလဲ ကိုလွန်းအောင်။ ဘယ်လိုဖြစ်သွားတာလဲဗျာ"

ကိုလွန်းအောင်က သက်ပြင်းတစ်ချက်ချရင်း

"ဒီလိုဗျာ။ သူ့ရောဂါက တော်တော် ဆိုးတာပဲဗျ။ ပထမ အရင်းခံက ငှက်ဖျား၊ နောက်တစ်ခါ ငှျန်ဒစ်ဖြစ်ပြီး အခုနောက်ဆုံး ငှက်ဖျားပိုးက ဦးနှောက်ထဲရောက်ပြီး ဆုံးပါးရတာပဲ။ အင်မတန် တော်တဲ့ ရဲဘော်ဗျာ။ သိပ်နမြောစရာ ကောင်းတာပဲ"

ဝင်းကြည်သည် ကြက်သေသေနေ၏။ နှလုံးအစုန် ရပ်ကာ သွေးလှည့်ပတ်မှုလည်း ရပ်နေသလား ထင်ရလောက်အောင် ငြိမ်နေ၏။ ဝင်းကြည်၏ မျက်လုံးအိမ်တွင် မျက်ရည်တွေ ပြည့်လာသည်။ မျက်စိကို မှိတ်ထားလိုက်သောအခါ မျက်ရည်များသည် ပါးပြင်ပေါ်သို့ စီးကျလာလေ၏။

'ဖုန်းမြင့်၊ သူငယ်ချင်း သူငယ်ချင်း။ မင်း သေပြီပေါ့နော်၊ မင်းသေပြီ။ မသေချင်သေးဘူး အလုပ်တွေ ဆက်လုပ်ချင်သေးတယ်ဆိုတဲ့ကောင်။ အခုတော့ မင်းသေရပြီ'

ဝင်းကြည်၏ ရင်တွင်း၌ မြည်ဟည်းနေသော စကားလုံးများပင် ဖြစ်လေသည်။ သူ့ရင်သည် ဤစကားလုံးများဖြင့် တစ်ဆို့နေသည်။ အချစ်ဆုံး သူငယ်ချင်းလည်းဖြစ်၊ လည်ပင်းဖက်၍ ကြီးပြင်းလာကြသူများလည်းဖြစ်၊ အသက်ပေး၍ လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ခဲ့သော သူငယ်ချင်းများ အနက်မှ အဆင်းရဲဆုံး၊ အပင်ပန်းဆုံး၊ ယုံကြည်ချက်၌ အစွဲမြဲဆုံး ဖုန်းမြင့်။ ကြီးလျှင် ကဗျာဆရာ လုပ်မည်ဆိုကာ ကဗျာတွေကို ရေးလျှင်ရေး၊ မရေးလျှင် နတ်ရှင်နှောင်နှင့် နဝဒေးတို့၏ ရတုတွေကို ရွတ်ဆိုနေခဲ့သော ဖုန်းမြင့်။ လမ်းခုလတ်တွင် ယခု ကျဆုံးရှာလေပြီ။

"ကျွန်တော်ကိုယ်တိုင် ဂရုတစိုက် လုပ်ပါသေးတယ်။ ဆရာဝန်တွေ ခေါ်ခိုင်း၊ လိုတဲ့ဆေးတွေကို ရတဲ့နည်းနဲ့ အပြင်က ဝယ်ခိုင်းပြီး ကြိုးစားတာပဲဗျာ။ ဒါပေမဲ့ သူ့ရောဂါက ကျွမ်းနေပြီ။ သေခါနီးအထိ ခင်ဗျားနာမည်ကို တ တတာပဲ။ အင်မတန် စိတ်ဓာတ်ထက်သန်ပြီး ဖွံ့နပဲကြီးတဲ့ ရဲဘော်တစ်ယောက်မို့ ကျွန်တော်တို့အားလုံးက သိပ်နမြောကြတယ်။ သေခါနီးအထိ စိတ်မလျှော့ဘူး။ သူ့အလောင်းကို ရင်ခွဲရုံက နေပြီး ခင်ဗျားတို့ မိတ်ဆွေတွေက ထုတ်ယူ သင်္ဂြိုဟ်ကြတယ်လို့ ကြားရတယ် ကိုဝင်းကြည်"

"သူဆုံးတာ ဘယ်လောက်ကြာပလဲ ကိုလွန်းအောင်"

"နေဦးဗျ။ ကျွန်တော် ဒီရောက်တာ တစ်လဆိုတော့ တစ်လနဲ့ ၅ ရက် ရှိပြီထင်ပါတော့။ သူဆုံးပြီး ၅ ရက်လောက်အကြာမှာ ကျွန်တော့်ကို ဒီကို ရွှေ့ပစ်ကြတာပဲ။ အေးဗျာ စိတ်ထိခိုက်စရာ

www.burmeseclassic.com

www.burmeseclassic.com



တော့ မှန်ပါတယ်။ ဒါပေမဲ့ ဘယ့်နှယ်မှ မတတ်နိုင်ကြဘူး မဟုတ်လား။ ဒီလိုနဲ့ သေရတဲ့ ရဲဘော်တွေ မရေမတွက်နိုင်တော့ဘူး ကိုဝင်းကြည်။ စိတ်တင်းပေါ့ဗျာ။ ကဲ ကိုဝင်းကြည် ခဏနေဦးနော်။ ခင်ဗျားအတွက် နေရာထိုင်ခင်း အစီအစဉ် သွားလုပ်ဦးမယ်။ သောင်းလို့ လှဲချင်ရင်လည်း လှဲ"

ကိုလွန်းအောင်သည် အပြင်သို့ ထွက်ခွာသွား၏။

အခန်းတွင်း၌ ဝင်းကြည် တစ်ယောက်တည်း ကျန်ခဲ့သည်။ ကိုလွန်းအောင်၏ ခုတင်ထက်တွင် အသေလို ငြိမ်သက်စွာ ထိုင်နေသည်။ ထိုသို့ ထိုင်ရင်း ဆိုးရွား ရက်စက်လွန်းလှသော ဖုန်းမြင့်၏ ကံကြမ္မာကို အခဲမကျေ စဉ်းစားနေမိသည်။

'ငါ မသေချင်သေးဘူး။ အလုပ်တွေ ဆက်လုပ်ချင်သေးတယ် သူငယ်ချင်းရာ'

'အခု ကဲ၊ မင်းက ကရင်ကို တိုက်ခိုက်ပြီ။ အစိုးရအုပ်ချုပ်ရေး ယန္တရားကြီးကို မင်းကာကွယ်ပေးခဲ့ပြီ။ မင်း မှားသလား၊ မှန်သလားဆိုတာ ဆန်းစစ်ကြည့်ပေါ့။ မင်း ဘာရသလဲ။ ဘာအကျိုးထူးသလဲ။ မင်း အကာအကွယ်ပေးခဲ့တဲ့ အစိုးရက တစ်နေ့မှာ မင်းဘက်ကို သေနတ်ပြောင်း ပြန်မလှည့်ရင် မင်း ကံကောင်းတာပဲ'

'မင်းက တွေဝေတယ် သူငယ်ချင်း။ မင်းဟာလေ တစ်ခါတလေ ပြတ်သားသလိုနဲ့ အင်မတန် တွေဝေတယ်။ ခေရှင်ပေါက်စ လူတန်းစားညဉ်ကို မင်းအနိုင် မတိုက်နိုင်ဘူး။ ဒါ့ကြောင့် မင်းဒီလို ဖြစ်ခဲ့တာပေါ့'

အာဏာသစ် သတင်းစာတိုက်၏ အပေါ်ထပ် အနောက်ဘက် အခန်းကလေးအတွင်း၌ ဖုန်းမြင့် ပြောခဲ့သည့် စကားတွေက သူ့နားတွင်းသို့ အစီအရီ ဝင်လာကြသည်။ အလုပ်တွေ ဆက်လုပ်ချင်သေးသည်။ မသေချင်သေးဟု ဆိုကာ အားတင်းခဲ့သော ဖုန်းမြင့်က မိမိ၏ တွေဝေယိမ်းယိုင်မှုတွေကို ဒိုးဒိုးဒေါက်ဒေါက် ထောက်ပြခဲ့သည်။ မိမိ အကာအကွယ်ပေးခဲ့သော အစိုးရက မိမိဘက်သို့ သေနတ်ပြောင်း လှည့်လိမ့်မည်ဟု ကြိုတင် နိမိတ်ဖတ်ခဲ့သည်။

ဖုန်းမြင့်၏ စကားတွေမှာ သွေးထွက်အောင် မှန်လှချေသည်။

ဝင်းကြည်သည် ပါးပြင်ပေါ်၌ စီးကျနေသော မျက်ရည်စတွေကို သုတ်ဖယ်လိုက်၏။ သက်တူရွယ်တူလည်း ဖြစ်၊ အတန်းတူ ပညာတူလည်း ဖြစ်သော ဖုန်းမြင့်သည် ပြဿနာရပ်တိုင်း၌ မှန်ကန်စွာ ကောက်ချက် ချပြခဲ့၏။ သူ့အတွေ့အကြုံတွေက သူ့ကို သင်ကြားခဲ့ခြင်းပင် ဖြစ်ပါလိမ့်မည်။ ဤအတွေ့အကြုံများဖြင့် ဖုန်းမြင့်က မိမိအား ပြန်လည် သင်ကြားခဲ့သည်။ သို့ရာတွင် ချစ်သော သူငယ်ချင်း ဖုန်းမြင့်ကား သူ့အသက်နှင့် လဲ၍ တန်ဖိုးကြီးစွာပေးကာ ဤအတွေ့အကြုံများကို ရယူခဲ့ရသူသာတည်း။

"မင်းပြောတာတွေကို ငါ့တစ်သက်မှာ ဘယ်တော့မှ မမေ့ပါဘူး သူငယ်ချင်းရာ"

ဝင်းကြည်က သို့ကလို မြည်တမ်းမိပါ၏။ ရူးသည် ဆိုချင်ဆိုစေတော့ သူ့နှုတ်ဖျားမှ တီးတိုး အသံထွက်ကာ မြည်တမ်းမိခြင်း ဖြစ်သည်။ ဝင်းကြည်သည် မျက်ရည်တွေကို သုတ်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကာ ပြတင်းပေါက်နားသို့ ထလာခဲ့၏။ အကျဉ်းထောင်၏ အတွင်းဘက် ဝန်းကျင်ကို လှမ်းကြည့်ရင်း သက်ပြင်းချသည်။ ရက်စက်ကြမ်းကြုတ်သော စနစ်ဆိုးကို ခုခံ တိုက်ခိုက်ရင်း ကျဆုံးသွားရသည့် သူငယ်ချင်းအတွက် သူ့ရင်တွင်း၌ ဆထက်ထမ်းပိုး အခဲမကျေ ဖြစ်လာသည်။ မီးတောက် မီးလျှံပမာ ဟုန်းဟုန်းတောက်သော ဒေါသကို မွေးသည်။ အဟန့်အတား အကာအဆီးဟူသမျှကို ရိုက်ချိုး ဖျက်ဆီး ဖောက်ခွင်းထွက်မည့် သတ္တိကို သူ့နှလုံးသား၌ အပြည့်သိပ်သည်။ ယိုယွင်း ဖောက်ပြန်သည့် စနစ်ဆိုးကို သိသိညက်ညက် ကြေမွသွားအောင် တိုက်ခတ်မည့် မုန်တိုင်းကို သူ့ခန္ဓာကိုယ်အတွင်း၌ နေရာပေးသည်။ လေကို ဆန်မည်။ ရေကိုလည်း ဆန်မည်။ ဘေးဟူသမျှကို တွေ့မည်။ ဒဏ်ရာဒဏ်ချက်နှင့် ဒုက္ခခပ်သိမ်း၏ ဝဲသြဃ၌ သူ့တစ်ကိုယ်လုံးကို မြှုပ်နှံရပါတော့မည်။

× × ×

တပေါင်းလ။

အပြင်မှာဆိုလျှင် သစ်ပင်အားလုံး၌ ရွက်ဟောင်းကြွေ၍ ရွက်သစ်တွေ ဝေရော့မည်။ 'သစ်ရွက်ရော်ယီ၊ ဣန္ဒဏီတို့၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ချယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား' ဟု ရှင်ဥတ္တမကျော်က စာပန်းချီ ဖွဲ့ခဲ့သလို အပြင်လောက တစ်ခုလုံးသည် ရင့်ရော်သော ရွက်ဟောင်းများ၊ ရွှေရောင်တစ်ဝက် မြတစ်ဝက် နှောသော အရိုးအရွက်များဖြင့် တောအလုံးတောင်တစ်ခွင်ကို ဆေးမင်ရည် ခြယ်သထားပေလိမ့်မည်။

အကျဉ်းထောင် အတွင်း၌ကား နေပူရှိန်ကသာ တောက်လောင်လျက်ရှိသည်။ တပေါင်းနေသည် အညှာအတာ ကင်းမဲ့စွာ ပူပြင်းလျက်ရှိသည်။ အုတ်တိုက် အဆောက်အဦက ပူသည်။ အုတ်တံတိုင်းကြီးတွေက ပူသည်။ အရိပ်အာဝါသဟု ဆိုစရာ သစ်ကြီးဝါးကြီး တစ်ပင်တလေမျှ မရှိ။

အပြင်လေက အထဲသို့မဝင်။ အထဲက လေမှာလည်း အုတ်တံတိုင်း လေးဘက်လေးတန် အကြားတွင် အရှူးအနှမ်းပမာ ကွေ့ကာ ပတ်ကာ ပြေးလွှားနေရသည်မို့ ထာဝစဉ် ပူနွေးနေတတ်သည်။

ဤသို့လျှင် ပူပြင်း ခြောက်သွေ့သော တပေါင်းလသို့ ရောက်ရပြီဆိုတော့လည်း ဘဝသက်တမ်းတစ်လျှောက်၌ မေ့နိုင်ဖွယ်မရှိသော အဖြစ်အပျက်တွေ အစီအရီ ပြန်ပေါ်လာကြသည်။ လွန်ခဲ့သော (၆) နှစ်ဆီက တပေါင်းလတွင် ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေး အရေးတော်ပုံကြီးတစ်ရပ်ကို ဆင်နွှဲခဲ့ကြသည်။ မြစ်ဝကျွန်းပေါ်၏ အပြန့်အပြော ကျယ်လှစွာသော မြစ်ချောင်းအင်းအိုင်များတွင် အနီထဲ၌ ကြယ်ဖြူပွင့်ပါသည့် တော်လှန်ရေး အလံတော်ကို မြင့်မြင့်မားမားလွှင့်ထူခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမခ အင်းရေပြင်၊ မလက်တိုချောင်း၊ ပန်တပွတ်ချောင်း၊ လှိုင်မြစ်၊ ဧရာဝတီမြစ်နှင့် တိုးမြစ်ရိုးတစ်လျှောက် ရှိရှိသမျှ ကျူတော၊ ကိုင်းတော၊ ဒိုက်သရောကြီးများတွင် ပြောက်ကျားတို့၏ တော်လှန်ရေး စစ်ခေါ်သံကြီးတွေ ဟိန်းထွက်ခဲ့သည်။ တော်လှန်ရေး အမှတ်အသားဖြစ်သော အနီခံ ကြယ်ဖြူပွင့် အလံကို နွေလေ၌ တလူလူ လွင့်စေခဲ့ကြသည်။ ကြက်သီးမွေးညင်း ထမခန်း တက်ကြွသော စစ်ညာသံကြီး မြည်ဟီးစေခဲ့ကြသည်။

သို့မို့ကြောင့် အဟောင်းမှ အသစ်သို့ ကူးပြောင်းသော တပေါင်းလသည် တော်လှန်ရေး၏ အမှတ်အသား၊ သွေးချွေး၏ အမှတ်အသား၊ ရဲရဲနီသော သတ္တိနှင့် ဇာတိမာန်တို့၏ အမှတ်အသား ပေတည်း။

"ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ကိုလွန်းအောင်က သဘာပတိအဖြစ် ဆောင်ရွက်တဲ့ ဒီအစည်းအဝေးကို အခု စတင်ပါပြီ။ ပထမ အစီအစဉ်ကတော့ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်များကို အလေးပြုဖို့၊ နောက် ဖက်ဆစ်တော်လှန်ရေးကြီးမှာ ကျဆုံးသွားကြရတဲ့ ရဲဘော်တွေကို အလေးပြုဖို့ ဖြစ်ပါတယ်"

အခမ်းအနားမှူးဖြစ်သော ဝင်းကြည်က ထိုသို့ ကြေညာလိုက်ရာ အကျဉ်းသားများက မတ်တတ်ရပ်ကြသည်။ ဝင်းကြည်က တိုင်ပေးသည့်အတိုင်း ခေါင်းဆောင်ကြီးများနှင့် ကျဆုံးသော ရဲဘော်များကို အလေးပြုကြသည်။

ထို့နောက် သဘာပတိဖြစ်သူ ကိုလွန်းအောင်က မိန့်ခွန်း ပြောကြားလေသည်။

"အမှန်ကတော့ ဒီအစည်းအဝေးကို တစ်ထောင်လုံးစုပြီး ကျင်းပဖို့ပါပဲ။ ထောင် အာဏာပိုင်တွေက ခွင့်မပြုတဲ့အတွက် အဆောင်လိုက်ပဲ ကျင်းပရခြင်း ဖြစ်ပါတယ်။ ဒီအစည်းအဝေး ကျင်းပရတာကတော့ အများသိကြပြီး ဖြစ်တဲ့အတိုင်း လွန်ခဲ့တဲ့ (၆) နှစ်က မြန်မာပြည်သူတွေ ဆင်နွှဲခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေး အရေးတော်ပုံကြီးကို အမှတ်တရ ပြုဖို့ပါပဲ။

"ကျွန်တော်တို့ မြန်မာပြည်သူလူထုကြီး တစ်ရပ်လုံးဟာ သမိုင်းသစ်တစ်ရပ်ကို အဲဒီအချိန်က စတင်ခဲ့ကြပါတယ်။ ရာဇဝင်ကို ပြည်သူလူထုက ရေးတယ်လို့ အဆိုရှိပါတယ်။ ဖက်ဆစ်တော်လှန်ရေးကြီးဟာ ကျွန်တော်တို့ ပြည်သူလူထုက ရေးခဲ့တဲ့ ရာဇဝင်ပါပဲ။ အဲဒီလို ကိုယ့်သမိုင်း၊ ကိုယ့်ရာဇဝင်ကို ကိုယ်တိုင်ကိုယ်ကျ ရေးခဲ့ပြီးတာ အခု (၆) နှစ် ရှိလာပါပြီ။ ဖက်ဆစ်တွေကို တိုက်ခိုက်ရင်း တောထဲတောင်ထဲ စစ်တလင်းထဲမယ် ကျဆုံးခဲ့ကြရတဲ့ ရဲဘော်တွေဟာလည်း အရိုးဆွေးကြရပါပြီ။ ဖက်ဆစ်စနစ်ဆိုးကို ဗမာ့မြေပေါ်က အမြစ်ပါမကျန် တူးဖော်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးဟာ ကနေ့ အကောင်အထည် ပေါ်ပါသလား။ ဒါကို ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။

"အမှန်ကတော့ ကျွန်တော်တို့ရဲ့ မူလရည်ရွယ်ချက် အကောင်အထည် မပေါ်သေးပါဘူး။ ဂျပန်ဖက်ဆစ်စနစ်ကို ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ မြေကြီးပေါ်က မောင်းထုတ်ပယ်ရှားနိုင်ခဲ့ပေမယ့် အဲဒီနေရာမှာ ဗမာဖက်ဆစ် စနစ်ဆိုးက အစားဝင်နေပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သား ခေါင်းဆောင်ကြီးတွေ၊ တော်လှန်ရေး အဆက်ဆက်မှာ ကျဆုံးခဲ့ရတဲ့ ရဲဘော်တွေရဲ့ အသက်သွေးချွေးနဲ့ ကျွန်တော်တို့ ပြည်သူလူထု တစ်ရပ်လုံးရဲ့ အသက် သွေးချွေးတွေနဲ့ တည်ဆောက်ခဲ့တဲ့ လွတ်လပ်ရေး ဘုံဗိမာန်ကြီးပေါ်မှာ အမျိုးသား သစ္စာဖောက်တွေက ခေါင်းပေါင်းစ တလူလူ ထောင်ပြီး လွတ်လပ်ရေး စည်းစိမ်တွေ ယစ်မူးခွင့်ရနေကြတာပဲ ရှိပါတယ်။ ဒီလက်တစ်ဆုပ်စာ လူသိုက်က လွတ်လပ်ရေးအရသာကို အမြိုက်သား စံစား ခံစားနေကြတဲ့ အခိုက်မှာ သန်းပေါင်းများစွာသော တောင်သူလယ်သမားတွေ အလုပ်သမားတွေဟာ ခရုဆံကျူ၈၁ဘဝ၊ ဖွတ်မင်းရဲ့ ဘိုးအေလို ဘဝမှာ ဆင်းရဲတွင်း နက်သထက်နက်ပြီး အဖိနှိပ် အညှဉ်းဆဲ ခံနေကြရဆဲ ဖြစ်ပါတယ်။

"ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်သွားတဲ့ တော်လှန်ရေးရဲ့ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ အချုပ်အခြာအာဏာနဲ့ လုံးဝ လွတ်လပ်ရေးဆိုတာဟာ အဲဒီ ခေါင်းပေါင်းစ တလူလူ လူတန်းစားလက်ထဲမှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရပါတယ်။ ဒါကို မကျေနပ်လို့ ထောက်ပြတဲ့ လူတွေကို ဖိနှိပ်တယ်။ ဒီမိုကရေစီ ပေးပါ၊ စားဝတ်နေရေး ဖူလုံအောင် လုပ်ပေးပါလို့ တဖွဖွ တောင်းဆိုနေတဲ့ ပြည်သူလူထုကို ပိပြားနေအောင် နှိမ်နင်းထားတယ်။ ဒါဟာ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ ကနေ့ အခြေအနေပါပဲ"

ထိုအခိုက် အဆောင် တံခါးဝဆီသို့ ထောင်ပိုင်ကြီးနှင့်တကွ ထောင်မှူးများ လက်နက်ကိုင် ဝါဒများ စုဝေးရောက်ရှိလာကြသည်။ တစ်စုံတစ်ခု လုပ်တော့မည်ဟု နားလည်လိုက်ကြသည်။ သို့သော် အကျဉ်းသားများက နေရာမှ မထ၊ ကိုလွှန်းအောင်ကလည်း ဆက်ပြောပြန်သည်။

"နိုင်ငံတကာ အခြေအနေကို ပြန်လည် သုံးသပ်ဖို့ လိုပါသေးတယ်။ နိုင်ငံပေါင်းများစွာ ဟာ ကနေ့အထိ ကိုလိုနီ နယ်ချဲ့အောက်က လွတ်မြောက်အောင် ရုန်းကန် တိုက်ခိုက်နေကြရပါသေးတယ်။ သူတို့ဟာ ဖက်ဆစ်စနစ်ကို စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့ကြပြီး အခု ဖက်ဆစ်ဝါဒီတွေ နေရာမှာ အစားဝင်လာတဲ့ နယ်ချဲ့ဝါဒီတွေကို တိုက်နေကြရတယ်။ ဥပမာ–ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တဲ့ အင်ဒိုချိုင်းနား"

ကိုလွှန်းအောင်၏ စကားမဆုံးမီ ထောင်အမှုထမ်းတွေက အစည်းအဝေးကို ဝိုင်းလိုက်ကြသည်။

"ကျွန်တော်တို့ဟာ ဒီမိုကရေစီ စည်းဝိုင်းထဲမှာ အေးအေးချမ်းချမ်း စည်းဝေးနေတာ ဖြစ်ပါတယ်။ ဒီလို အေးအေးချမ်းချမ်း စည်းဝေးတာကို အကြမ်းဖက် နှိမ်နင်းမယ်ဆိုရင်တော့ ရာဇဝင်ရိုင်းပါလိမ့်မယ်"

ကိုလွှန်းအောင်က ထောင်ပိုင်ကြီးဆီသို့ လှမ်းအော်လိုက်သည်။

"ဖိနှိပ်ချုပ်ချယ်မှု အလိုမရှိ"

"ဖက်ဆစ်စနစ် အလိုမရှိ"

www.burmeseclassic.com

www.burmeseclassic.com



"ပုံစံထောင် အလိုမရှိ"

"စံပြထောင် အလိုမရှိ"

ကြွေးကြော်သံတွေ အလိုလို ပေါ်ထွက်လာသည်။

လျှပ်တစ်ပြက်အတွင်း အကျဉ်းသားတွေကို လက်နက်ကိုင်ဝါဒါတွေက ရိုက်နှက် လူစုခွဲသည်။ ကိုလွန်းအောင်နှင့် ဝင်းကြည်ကိုလည်း တရွတ်ဆွဲ၍ ခေါ်သွားကြသည်။ အဆောင်တစ်ခုလုံး ကြွေးကြော်သံများ၊ တခွပ်ခွပ် ရိုက်နှက်သံများ၊ အမိန့်ပေးသံများ ပေါ်ထွက်လာသည်။ ထောင်ဗူးဝဆီမှ အရေးပေါ် ထောင်အခြေအနေဖြစ်နေပြီဟု သတိပေးသော သံချောင်းမြွေသံတွေလည်း ဆူညံစွာ ပေါ်ထွက်လာသည်။ ဗူးအားလုံးတွင် ဘရင်းဂန်း ပြောင်းဝများ ပြူထွက်လာကြသည်။

ဒဏ်ရာရသူတွေ ရကြသည်။ ပွန်းပဲ့သူတွေလည်း ပွန်းပဲ့ကြသည်။

ကိုလွန်းအောင်နှင့် ဝင်းကြည်ကို တိုက်ပိတ်ထားလိုက်လေပြီ။ အဆောင်အားလုံးတွင် 'တန်း' ပိတ်ရန် ထောင်ပိုင်ကြီးက အမိန့်ထုတ်ဆင့်လိုက်သည်။ ထောင်အပြင် တန်းမရှိ ဟူသော ဆိုရိုးစကားတစ်ရပ် ရှိလေသည်။ ရန်ကုန်ထောင်ကြီး အတွင်း၌ကား ထောင်အပြင် တန်းသာမက တိုက်ပါ ရှိနေပေ၏။

"ပုဒ်မ ၅ အကျဉ်းသား လွန်းအောင်နှင့် ဝင်းကြည်ကို နောက်ထပ် အမိန့်တစ်စုံတစ်ရာ မရမချင်း တိုက်ပိတ်စေ၊ ကော်ကျေးစေ"

ထောင်ပိုင်ဝန်၏ အမိန့်သည် ခက်ထန် စူးရှလှ၏။ လက်စားချေလိုသော အငြိုးကလည်း အစိုင်အခဲ ကြီးမားလှ၏။ တိုက်ပိတ်ထားရုံမျှမက ကော်ကျေးရမည်ဟု ဆိုပြန်၏။ ထောင်အာဏာပိုင်များက ယင်းအမိန့်ကို ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ကာ ကိုလွန်းအောင်နှင့် ဝင်းကြည်တို့ကို တိုက်ပိတ်ထားလိုက်လေတော့သည်။

"တိုက်ပိတ်တယ်ဆိုတာ အကျဉ်းထောင်ထဲမှာ အပြစ်ကျူးလွန်တဲ့ အကျဉ်းသားကို အပြစ်ထပ်ပေးတာ သိလား"

ဝင်းကြည်က သူ့အား တိုက်ခန်းကျဉ်းကလေး အတွင်းသို့ သွင်းရင်း တိုက်ပိတ်ရသည့် အကြောင်း ရှင်းပြနေသော ကုလားကပြား ထောင်မှူးကို တင်းမာသော အကြည့်ဖြင့် ကြည့်နေလိုက်၏။

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

"ခင်ဗျား အပြစ်ကို ခင်ဗျား မသိဘူး ဟုတ်လား။ မတရား အစည်းအဝေးလုပ်၊ ထောင်သားတွေကို ဆူပူအောင်လုပ်၊ သွေးထိုးပေး။ ဒါ အပြစ်မဟုတ်ဘူးလား"

"ဒီမှာ၊ ခင်ဗျား ဖက်ဆစ်တော်လှန်ရေးဆိုတာကို ကြားဖူးရဲ့လားဟင်။ ကျုပ်တို့ တစ်တိုင်းတစ်ပြည်လုံးက ဖက်ဆစ်ဂျပန်တွေကို လက်နက်ကိုင် တိုက်ခဲ့တဲ့ တိုက်ပွဲကြီးကို ခင်ဗျား သိရဲ့လား"

www.burmeseclassic.com



"ဆိုစမ်းပါဦး။ ဘာဖြစ်သလဲ"

"အဲဒီ ဖက်ဆစ်တော်လှန်ရေးကြီး အထိမ်းအမှတ် အစည်းအဝေးလုပ်တာဟာ အပြစ်လား ဟင်"

"ထောင်ထဲမှာ ကျုပ်တို့ မသိဘဲ ဘာမှ လုပ်ခွင့်မရှိဘူး။ လုပ်ရင် ဘာလုပ်လုပ် အပြစ်ပဲ။ ဒါပဲ ကျုပ်နားလည်တယ်။ ဘာမှ စကားရှည်မနေနဲ့"

"ရှည်မယ်။ ရှည်ကို ရှည်ရမယ်။ ဖက်ဆစ်တော်လှန်ရေး အကြောင်းကို ဘာတစ်ခုမှ နားမလည်တဲ့ ခင်ဗျားတို့လို တစ်ပါးကျွန် သက်သက်တွေ နားလည်အောင်ကို ပြောရမယ်။ ရိုက်ချင်ရိုက်၊ သတ်ချင်သတ်။ ခင်ဗျားတို့ရဲ့ မတရား စနစ်ဆိုးကို တိုက်ရင်း အသေခံသွားမယ် ကြားလား"

"မင်း တော်တော် ခေါင်းမာတဲ့ကောင်။ ကဲကွာ မာဦး"

ထောင်မှူးက ပြောပြောဆိုဆို စစ်ဖိနပ်ဖြင့် ပိတ်ကန်လိုက်ရာ ဝင်းကြည်၏ ရင်ညွန့်ကို ဗုန်းခနဲ ထိသွားသည်။ ထို့နောက် တိုက်အတွင်းသို့ တွန်းထိုးသွင်းလိုက်ပြီးနောက် တိုက်တံခါးကို အရှိန်ပြင်းစွာ ပိတ်လိုက်သည်။

အရိုက်ကို ရတ်တရက် အကန်ခံလိုက်ရသဖြင့် အသက်အောင့်နေရခိုက် တွန်းလိုက်သော အရှိန်ကြောင့် အုတ်နံရံနှင့် ခေါင်းနှင့် ပြင်းထန်စွာ ဆောင့်မိပြန်သည့်အတွက် ဝင်းကြည်သည် တိုက်ခန်း သမံတလင်းပေါ်သို့ ပျော့ခွေကျကာ သတိလစ်သွားလေတော့သည်။ ဘာကိုမျှ မမြင်။ ဘာကိုမျှလည်း မကြားတော့။

သူ့ခန္ဓာကိုယ်မှ နာကျင်သော ဝေဒနာများ၊ စိတ်စေတသိက် အတွင်း၌ တောမီးသဖွယ် တဟုန်းဟုန်း တောက်လောင်နေသော ဒေါသအမျက်များကိုပင်လျှင် သတိမရ။

တိုက်ခန်းငယ်ကလေးအတွင်း၌ တိတ်ဆိတ်နေသည်။ အနီးအပါးတွင်လည်း မည်သူမျှ မရှိ။ ပိန်လှီ ပျော့တော့ကာ ခေါင်းစုတ်ဖွား ဖြစ်နေသော ဝင်းကြည်တစ်ယောက်သာလျှင် ဤတိုက်ခန်းငယ်အတွင်း နာနေသော ကျားသတ္တဝါပမာ ခွေကျ မေ့မြောနေလေ၏။

## အခန်း ၄၆

"ကိုဝင်းကြည် သတိရပလား"

မျက်စိတွင်းသို့ ပထမဦးစွာ တိုးဝင်လာသော အလင်းရောင်မှာ စူးရှလွန်းလှသည့်အတွက် မျက်စိကို လျင်မြန်စွာ ပြန်မှိတ်ထားလိုက်ရသည်။ အနားက တစ်စုံတစ်ယောက်သောသူ၏ အသံကို ကြားရသော်လည်း မည်သူ့အသံဟူ၍ ခွဲခြားနိုင်စွမ်း မရှိသေးဘဲ ခေါင်းထဲတွင် ယောက်ကျ ရှုပ်ထွေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်အစဉ်သည် အတားအဆီးမရှိ ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်နေ၏။ ကောင်းကင်သို့ တက်၍ မြေ့ခြ်ဦ သက်ချင်လည်း သက်သည်။ လေအဟုန်ကို ခွင်းဖောက်ဖို့ ကြိုးစားသည်။ ဝါးလုံးထိုးထိုးကျ စီးဆင်းနေသည့် ချောက်ကမ်းပါးစွန်းမှ ရေအလျဉ်နှင့်အတူ မျောလျှင်လည်း မျောကျသွားတတ်သည်။ ရေ၌ မျောသော ရွက်ဝါကလေးတွေကို တွေ့လျှင် တွေ့ရပြီး၊ အသူတရာ နက်သော ချောက်ကြီးကို မြင်လျှင်လည်း မြင်တတ်သည်။ စိတ်အစဉ်ကား ဆောက်တည်ရာ မရ။

"ကိုလွန်းအောင်ရော၊ ကိုလွန်းအောင်"

"ကိုလွန်းအောင် ရှိပါတယ် ကိုဝင်းကြည်။ နေကောင်းနေပါပြီ။ စကားသိပ်မပြောနဲ့"

ဝင်းကြည်သည် မျက်စိအစုံကို တဖြည်းဖြည်း အားယူကာ ဖွင့်၏။ မျက်ခွံတွေမှာ လေးလံလွန်းလှချေသည်။ သူ့အပါးတွင် ဝိုင်းနေသော အကျဉ်းခံရဲဘော်တွေကို တွေ့ရသဖြင့် ကြိုးစားကာ ပြုံးလိုက်သည်။

"ကျွန်တော် ဘယ်ရောက်နေပြီလဲ"

"အခု ထောင်ဆေးရုံ ကိုဝင်းကြည်။ ခင်ဗျား ထောင်ဆေးရုံမှာ ရောက်နေပြီ။ တိုက်ထဲမှာ မဟုတ်တော့ဘူး"

ကိုတင်က ဝင်ပြောသည်။ သံတွဲသားဖြစ်သော ကိုတင်သည် ဘဝတူ အကျဉ်းသားများ အပေါ်၌ အလွန်တရာ ညှာတာ ဖေးမသူ ဖြစ်သည်။ တစ်သက်တစ်ကျွန်း အပြစ်ပေးထားခြင်း ခံရသူလည်း ဖြစ်သည်။

"ကျွန်တော် ဘာဖြစ်လို့လဲ"

ဝင်းကြည်က ထပ်မေးလိုက်ပြန်၏။

"ခင်ဗျားကို တိုက်ပိတ်တဲ့ နေ့ကစပြီး ခင်ဗျား ကော်မစားဘူး။ အစာငတ် ခံနေခဲ့တယ်။ ၆ ရက်ရှိပြီ။ နေ့တိုင်းလိုလို သတိလစ်နေတာနဲ့ ဒီနေ့တော့ ထောင်ပိုင်က တိုက်ထဲက ထုတ်ပြီး ဆေးရုံတင်လိုက်တာပဲ ကိုဝင်းကြည်။ အစာမရှိလို့ အားနည်းနေတာပါ။ ခင်ဗျား ဘာမှမဖြစ်ဘူး။ မကြာခင် ကောင်းလာမှာ"

"ကိုလွန်းအောင်ရော"

"အဆောင်ကို ပြန်ရောက်နေပါပြီ။ ဘာမှ မဖြစ်ပါဘူး"

"တခြား ရဲဘော်တွေရော၊ ဘာဖြစ်ကြသေးသလဲ"

"မဖြစ်ပါဘူး။ အားလုံး ကောင်းပါတယ်။ ခင်ဗျား သိပ်စကားမပြောနဲ့ဗျာ။ မောနေမယ်"

ဝင်းကြည်သည် ပြန်၍ မှိန်းနေလိုက်၏။

သတိရလေပြီ။ သူ့ကို တိုက်ပိတ်စနေ့က တစ်နေ့လုံးလိုလို သူ မေ့မြောနေခဲ့သည်။ သတိရလာသည့် နေ့ကစ၍ သူ့အား ထမင်းအစား ကျွေးလာသော ကော်ကို မစားဘဲ အစာငတ်ခံ ဆန္ဒပြခဲ့သည်။ တစ်ဖက်သော တိုက်ခန်းမှ ကိုလွန်းအောင်လည်း အလားတူ အစာငတ်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်လုံးရှိ အကျဉ်းသမားတွေက တိုက်ပိတ်ထားခြင်း ခံရသူများကို ပြန်လွှတ်ရန် တောင်းဆိုကာ အစာငတ်ခံကြပြန်သည်။

ကိုလွန်းအောင်မှာ ကျန်းမာရေးကောင်း၍ တောင့်တင်းသူ ဖြစ်သဖြင့် အစာငတ်ခံရသည့် ဒဏ်ကို ခံနိုင်ရည်စွမ်းရှိသော်လည်း ဝင်းကြည်ကား ချည့်နဲ့ အားနည်းသူဖြစ်လေရာ ၃ ရက်မြောက်နေ့ကစ၍ အားပြတ်လေတော့သည်။

"အခု အားလုံးကို တိုက်က လွှတ်ရပြီပေါ့"

"ဟုတ်တယ် ကိုဝင်းကြည်။ အဆောင်တိုင်းက တိုက်ပိတ်ခံရတဲ့ ရဲဘော်အားလုံး အဆောင်ကို ပြန်ရောက်ကုန်ကြပါပြီ။ ကျွန်တော်တို့ တိုက်ပွဲ အောင်ပြီပေါ့"

မှန်သည်။ အကျဉ်းသားအားလုံးဟာ အစာငတ်ခံ တိုက်ပွဲဝင်ကြသောအခါ ထောင်အာဏာပိုင်များသာမက တရားရေးဌာနမှ အကြီးအကဲများကိုယ်တိုင် အခြေအနေကို လာရောက် ကြည့်ရှုစစ်ဆေးကာ တိုက်ပိတ်ထားသူတွေကို ပြန်လွှတ်ပေးရန် အဆုံးအဖြတ် ပေးသွားကြခြင်း ဖြစ်သည်။

ဖိနှိပ်ခြင်း ယန္တရားကြီးအောက်၌ လည်စင်း၍ ခံနေရစေကာမူ မတရားသော ဖိနှိပ်မှုမှန်သမျှကို တိုက်လျှင် အောင်ပွဲခံနိုင်သည်။ တိုက်ရဲရန်သာ လိုသည်ဟူသောအသိကို ဤဘေးဒုက္ခများ၊ ဆင်းရဲပင်ပန်းမှုများက လက်တွေ့ပြလိုက်လေပြီ။ မုန်တိုင်းအပြီးတွင် ကြည်လင် ငြိမ်လေးသော ကောင်းကင်ပြင်ကို မြင်စမြဲ။ အမှောင်အပြီးတွင် အလင်းရောင်ကို တွေ့စမြဲ မဟုတ်ပါလော။ ထောင်ဆေးရုံတွင် ရက်သတ္တပတ်ကြာမျှ တက်ရောက် ကုသပြီးနောက် အဆောင် ၅ သို့ ပြန်ရောက်သည့်နေ့မှာပင် ထောင်ဝင်စာ လာသည်။ ခါတိုင်းဆိုလျှင် တစ်လတစ်ကြိမ်ခန့် စိုးသိမ်းတို့၊ မောင်ခန့်တို့ လာလေ့ရှိသည်။ သို့ရာတွင် ဝင်းကြည်က လာမတွေ့ဖို့ သူ့သူငယ်ချင်းတွေကို ပြောထားသည်။ ခင်မင်ရင်းနှီးသော မိတ်ဆွေအဖြစ် ရိုးရိုးတန်းတန်း လာတွေ့ခြင်း ဖြစ်သော်လည်း အနားတွင် စုံထောက်တစ်ယောက်က အမြဲထိုင်ကာ ပြောသမျှကို လိုက်လံ ရေးမှတ်လေ့ရှိသည်။ ကြာလျှင် အပြင်ရှိ စိုးသိမ်းတို့ လူသိုက်အတွက်ပါ အန္တရာယ်မကင်း ဖြစ်လာမည်။ သို့မို့ကြောင့် လာမတွေ့ကြလျှင် ပိုကောင်းမည်၊ လိုအပ်လျှင် မှာမည်ဟု တိုင်ပင်ထားကာ ထောင်ဝင်စာ အဆက်အသွယ် ဖြတ်ထားခဲ့သည်။

ယခု ထောင်ဝင်စာ လာလေပြီ။

'ဘယ်သူများပါလိမ့်' ဟူသော အတွေးဖြင့် ထောင်မှူးဝထဲသို့ ဝင်းကြည်တစ်ယောက် ယောင်လည်လည် ရောက်လာသည်။

စင်သီယာပါတကား။

သူတို့ မျက်နှာချင်းဆိုင် ထိုင်မိကြသည်။ အလယ်တွင် သံဇကာကြီးက သူတို့နှစ်ယောက်ကို စည်းခြားထားသည်။ သံဇကာကွက်များ၏ နောက်ဘက်တွင် ညှိုးလျ ပိန်းချုံးသည့် ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သေးသွယ်သွယ်ကို တန်းလျားထိုင်ခုံပေါ်တွင် စုပုံထိုင်ချထားသော ဝင်းကြည်အား စင်သီယာက စေ့စေ့ငငကြည့်သည်။

ဝင်းကြည်၏ အသားအရေမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ခန္ဓာကိုယ်မှာ ညှိုးချုံးနွမ်းရော်သည့် သစ်ရွက်ခြောက်ပမာ ပိန်လှီလှသည်။ လက်မောင်းနှစ်ဘက်တွင် အကြောတွေ ထောင်နေသည်။ နားထင် နားရင်းများ ဝေါထွက်နေကြသည်။ ရှည်လျား ညှဉ်းဆိုးသည့် ဆံပင်မှာ ကျယ်ဝန်းသော နဖူးပြင်ထက်တွင် ဖရိုဖရဲ ခိုတွယ်လျက်ရှိကြသည်။ ပြောင်လက် တောက်ပခြင်းမရှိသော ထောင်အဝတ်အစားက ဝင်းကြည်၏ ရုပ်သွင်ကို ပို၍ အိုမင်း ရင့်ရော်စေသည်။

သူနှင့် ဆန့်ကျင်ဘက် မျက်နှာမူရာတွင် အငေးသား ထိုင်နေသော စင်သီယာကား သို့ကလို မဟုတ်။

စင်သီယာသည် ယခင်ကထက်ပင် ဝနေ၏။ ပြည့်ဖောင်း မို့မောက်သော ပါးစုန့်နှစ်ဖက်တွင် နှင်းဆီသွေးရောင် လျှမ်းနေပြီး ကြီးမားဖွံ့ထွားသည့် ရင်သားအစုံသည် လည်ဟိုက်ဇာဘော်လီအတွင်းမှ ရုန်းကန် ထိုးထွက်လုမခန်း ဖြစ်နေသည်။ စင်သီယာ၏ နဖူးဆံစတို့မှာ ယခင်ကလို ငြိမ့်ငြိမ့်ညောင်းညောင်း ပျော့ခွေ လျော့ဆင်းနေသော ဆံယဉ်စများ မဟုတ်ဘဲ ကျစ်လျစ်တွန့်လိမ် ကွေးကောက်နေကြသည်။ ပါးလှပ်သော ပိုးဇာဖောက်အင်္ကျီ၏ အောက်တွင် ဖွေးနုဖြူစွတ်သော အသားအရေကို မြင်နိုင်သည်။

စင်သီယာနှင့် သူသည် ထာဝစဉ် ဤသို့ မျက်နှာချင်းဆိုင်ခဲ့ကြ၏။ ဆန့်ကျင်ဘက်ဖြစ်သော မျက်နှာချင်းဆိုင်နည်းမျိုးသာ ဖြစ်လေသည်။

"ကိုဝင်းကြည်စပြီး အဖမ်းခံရကတည်းက စင်သီယာ လာတွေ့မလို့ပါ။ အခွင့်မသာတာနဲ့ အခုမှပဲ လာရတယ်"

"ဘာလို့လာလဲ စင်သီယာ။ အလကား ဒုက္ခများနေပြီ"

"ကိုဝင်းကြည်ရဲ့ သတင်းတွေကို စင်သီယာ အမြဲကြားနေပါတယ်။ ကြားရတိုင်း စိတ်မကောင်းဘူး"

"ဟုတ်တယ်၊ ကိုယ့်သတင်းကတော့ အမင်္ဂလာသတင်းချည်း ဖြစ်မှာပဲ စင်သီယာ။ အကောင်းဆုံးက ကိုယ့်ဆီမလာနဲ့။ ကိုယ့်သတင်းကို နားမထောင်နဲ့။ အဲဒါ အကောင်းဆုံးပဲ"

"ငေါ့ပါ၊ စင်သီယာကို ငေါ့ပါ။ စင်သီယာ စိတ်မဆိုးပါဘူး။ ကိုဝင်းကြည် ငေါ့ရာ ခံမှာပါ"

"မငေါ့ပါဘူး။ အကောင်းပြောတာပါ။ စင်သီယာ ဘဝဟာ အေးချမ်းနေပြီ မဟုတ်လား။ အဲဒီလို အေးချမ်းတဲ့ဘဝမှာ ဘာဖြစ်လို့ ကိုယ့်ကြောင့် အနှောင့်အယှက် အဖြစ်ခံရမလဲ စင်သီယာ။ ကိုယ်က ဒါပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စင်သီယာသည် ငြိမ်နေ၏။ မျက်လွှာကို အောက်ချထား၏။ ဝင်းကြည်ကား မျက်နှာနား ရှိ သံဇကာကို လက်ချောင်းများ သွင်းကာ ဆုပ်ကိုင်ထားလေသည်။

"အားလုံး နေကောင်းကြတယ်မဟုတ်လား စင်သီယာ။ ဦးရော"

"ဖေဖေဆုံးတာ သုံးလကျော်ပြီ ကိုဝင်းကြည်"

"ဦးဆုံးပြီ၊ ဟုတ်လား။ ကိုယ်စိတ်မကောင်းပါဘူး စင်သီယာ၊ ဝမ်းနည်းပါတယ်"

"ထားပါလေ၊ စင်သီယာအကြောင်း။ ကိုဝင်းကြည် သိပ်ပိန်တယ်။ ကိုဝင်းကြည်ကို ဒီလို ရုပ်နဲ့ တွေ့ရတော့ စင်သီယာ ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ကိုဝင်းကြည်ရယ်။ ဆေးလေး ဘာလေး လိုသလား။ ဘာလိုသလဲ၊ စင်သီယာ ယူခဲ့မယ်လေ"

"မလိုပါဘူး။ ဒီထောင်ဆေးရုံက ကုပေးပါတယ်။ ရောဂါရယ်လို့ တိတိကျကျမရှိဘူး။ အားနည်းတာ တစ်ခုပါပဲ။ မကြာခင် အားပြန်ပြည့်လာရင် ကောင်းသွားမှာပါ"

"မအူပင်ကကော မလာကြဘူးလား"

"စိုးသိမ်းတို့ လာတွေ့ကတည်းက မလာဖို့ မှာထားတယ်။ လာလို့ရော ဘာအကြောင်း ထူးမလဲ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်ဒုက္ခ ခံရတာပဲရှိမယ်။ အလကား စရိတ်ကုန် လူပန်း"

"အိမ်က မိဘ ညီအစ်ကို မောင်နှမတွေကတော့ တွေ့ချင်ရှာမှာပေါ့ ကိုဝင်းကြည်ရယ်"

"ကိုယ်က မတွေ့ချင်ဘူး"

ဝင်းကြည်က ခါးဆန့်ထိုင်ရင်း ပြောလိုက်သည်။ ဝင်းကြည်၏ ပြတ်တောင်းတောင်း လေသံကို စင်သီယာ သတိထားမိလိုက်သည်။

"စဉ်းစားနိုင်တဲ့ အရွယ်ရောက်နေပါပြီ ကိုဝင်းကြည်။ ဘာမဆို စဉ်းစဉ်းစားစားလုပ်ဖို့ ကောင်းနေပါပြီ။ ကျောင်းသားဘဝကလို တဖွတ်ထိုး တရှူးထိုး လုပ်နေဖို့ မသင့်တော့ပါဘူး။ အင်းလေ၊ စကားရှိလို့သာ ပြောရတာ၊ စင်သီယာက မိကျောင်းမင်း ရေခင်းပြ လုပ်နေမိပြီ"

"ကိစ္စမရှိပါဘူး။ စင်သီယာ ပြောချင်တာ ပြောပါ"

"ထွေထွေထူးထူးတော့ ပြောစရာမရှိပါဘူးလေ။ ကိုဝင်းကြည် ဒီလိုဒုက္ခရောက်နေချိန်မှာ တစ်ခေါက်တလေလောက် ဖြစ်ဖြစ် သွားတွေ့လိုက်ဦးမယ်ဆိုပြီး လာတာပါပဲ။ စားစရာ တချို့ လည်း ယူခဲ့တယ်။ မုန့်သေတ္တာက ၂ လုံး။ ပန်းသီးနဲ့ ငှက်ပျောသီးလည်း ပါတယ်။ ဗူးဝမှာ ထားခဲ့ရတယ် ကိုဝင်းကြည်။ ပိုက်ဆံသုံးဖို့ ယူထားဦးမလား"

"စင်သီယာ ပြန်တော့လေ။ ကိုယ့်အတွက် သုံးစရာ ငွေမလိုပါဘူး။ ဒုက္ခမခံပါနဲ့။ ထိုင် နေလို့ရပါတယ်။ ကဲ ပြန်ပေတော့။ အချိန်စေ့နေပြီ"

စင်သီယာသည် ဝဖြိုးသော ခန္ဓာကိုယ်ကို အားယူကာ ထလိုက်၏။ ပြောင်လက် တောက်ပသော လက်ကိုင်အိတ်ကိုဆွဲကာ ဗူးဝဆီသို့ ပြန်ထွက်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်သည် မောဟိုက်သောစိတ်ဖြင့် အဆောင်သို့ ပြန်လာခဲ့သည်။ တလာစီပြီးမှ မုန့်သေတ္တာကို ဖောက်ကာ ပေးလိုက်သည်။ ငှက်ပျောသီးနှင့် ပန်းသီးတွေလည်း ပါလာသည်။ ပန်းသီးတွေကို မြင်သောအခါ ဖုန်းမြင့် စားဖို့အတွက် ဝယ်ပေးမည်ဟု မိမိ ကတိပေးခဲ့သည်ကို ဖြုန်းခနဲ အမှတ်ရမိသည်။ ရင်တွင်း၌လည်း ဖိုလှိုက်လာသည်။ သို့မို့ကြောင့်လည်း မုန့်နှင့် အသီးတွေကို ဖွေ့ပိုက်ကာ ဆေးရုံဘက်သို့ ခြေဦးလှည့်ခဲ့သည်။ ဆေးရုံပေါ်တွင် ဒဏ်ရာမပျောက်သေးသူ၊ မမာမကျန်း ဖြစ်နေသူ အကျဉ်းသား လူနာများကို တစ်ခုမကျန် လိုက်လံ ဝေငှပစ်သည်။ "ခင်ဗျား စားဖို့ ထားဦးလေ" ဟု လူနာအချို့က ပြောကြသော်လည်း "မစားဘူး" ဟုသာ ဝင်းကြည်က ပြန်ပြောသည်။ အဖိုးတန် စားသောက်ဖွယ်တွေကို ဝင်းကြည် အဘယ့်ကြောင့် မစားလိုသော ပြဿနာကိုကား ဝင်းကြည်သာလျှင် အသိဆုံးတည်း။

× × ×

အပြင်ဘက်တွင် မိုးဖွဲကလေးတွေ ကျဆင်းလျက်ရှိသည်။

ဝင်းကြည်သည် အဆောင် ၅ အထက်ထပ်ရှိ မိမိနေထိုင်ရာ အခန်း၏ ပြတင်းသံတိုင်ကြား မှနေ၍ အပြင်လောကကို လှမ်းမျှော်ကြည့်လေသည်။ မိုးကောင်းကင်ကို အပြည့်မမြင်ရ၊ တစ်ဝက် တစ်ပျက်သာ မြင်ရသည်။

ကျယ်ဝန်းသော ကောင်းကင်ပြင်နှင့် မိုးလုံးပြည့်မျှ ထွန်းပကြမည့် ကြယ်ကလေးတွေကို မမြင်ရသည်မှာ ကြာချေပြီ။ အချုပ်အနှောင်ခံ ဘဝဖြင့် ၉ လတာမျှသော အချိန်တို့သည် ကုန်ဆုံး ခဲ့လေပြီ။ အကျဉ်းထောင်လောက၏ ၉ လ တည်းဟူသော အချိန်ကာလဟူသည် ကြာရှည် လေးမြင့်လှသည်ဟု ဆိုနိုင်သလို ခေတ္တခဏသော ကာလဟုလည်း ဆိုနိုင်ပါသေး၏။

သံတိုင်တွေ ကာရံထားသည့် ပြတင်းတံခါးမှနေ၍ ကြည့်သည်ရှိသော် ပြည်လမ်းနှင့် ဂေါ်ဒွင်လမ်း အကြားမှ သစ်ပင်အချို့ကို ကျိုးတကြဲ တွေ့ရသည်။ မီးရထား ခုတ်မောင်းသွားသည့် အခါတွင် မီးခိုးတန်းတွေ တလူလူ ဝေ့လည်၍ ကျန်ရစ်နေတတ်သည်။ ဝင်းကြည်၏ အခန်းမှနေ၍ မြင်နိုင်သော အပြင်လောကကား ဤမျှသာဖြစ်သည်။ သစ်ပင်ထိပ်ဖျား အချို့နှင့် မီးခိုးတန်းမှ လွဲ၍ အခြားဘာကိုမျှ မမြင်ရ။

'ငှက်သွင်ပျံကြွ မတတ်သော်' ဟူသော နတ်ရှင်နောင်၏ ရတု တစ်ပိုင်းတစ်စကို ဝင်းကြည် သတိရမိသည်။ အကျဉ်းထောင် ဟူသည်ကား နံရံလေးဘက်လေးတန် ဝိုင်းကာထားသော သံ တံခါးများ၊ အချုပ်အနှောင်ခန်းများဖြင့် ပြီးသော နေရာဒေသမျိုး ဖြစ်သည့်အတွက် မည်သည့် နေရာသို့ကြည့်ကြည့် ခုတ်တံတိုင်းနှင့်၊ နံရံနှင့်၊ သံတံခါးများနှင့်သာ မျက်နှာမူရသည့် ဒေသမျိုး ဖြစ်လေသည်။ ဤနေရာတွင် သာယာနာပျော်ချင်စဖွယ် မရှိ။ နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း 'အားလုံးကောင်းကြရဲ့လား' ဟူသောအသံကို လည်းကောင်း၊ 'အားလုံးကောင်းဗျား' ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အသံကို လည်းကောင်း ထာဝစဉ် ကြားနေရတတ်သော နေရာမျိုးဖြစ်သည်။ စစ်ဖိနပ်သံ၊ နံပါတ်တုတ်နှင့် သမံတလင်းတို့ ထိမိခိုက်မိသံ၊ သော့ခလောက်ဖွင့်သံ၊ တံခါးဖွင့်သံ၊ ပိတ်သံများဖြင့်လည်း တစ်ရံမလပ် ဆူညံနေတတ်သော နေရာဖြစ်သည်။ ကြိမ်ဒဏ်ကို မချိမဆံ့ ခံစားရင်း ကြိမ်ဒဏ်ပေးရာ ကားစင်ထက်မှ နေ၍ စူးစူးဝါးဝါး အော်ဟစ် ညည်းညူသော အသံနက် အသံဆိုးကြီးများဖြင့်လည်း ပြွမ်းတီးသည်။

အကျဉ်းလောက၏ နိစ္စဓူဝ မြင်ကွင်းကား ဤမျှသာ ဖြစ်လေသည်။ ထူးခြား ဆန်းသစ်မှု ဟူ၍မရှိ။ နေ့စဉ်နှင့်အမျှ ညိုမှောင်သော အုတ်တံတိုင်းများ၊ နီစွေးစွေး အကျဉ်းဆောင်များကိုသာ တွေ့မြင်နေရသည်။

ဝင်းကြည်သည် အပြင်လောကကို မှန်းဆ၍ ကြည့်မိပါ၏။ အပြင်လောကတွင် အဘယ်သို့ နေလိမ့်မည်နည်းဟု တွေးကြည့်သည်။ ယခုလို မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာလေပြီလားဆိုမှဖြင့် အပြင်လောကသည် မိုးရေစက်များ ပက်ဖျန်းထားသည့်အတွက် စိမ်းစိုလန်းဆန်း နေပေရော့မည်။ မုတ်သုံရနံ့သင်းသော လေသည်လည်း သွန်းလောင်း ပက်ဖျန်းနေပေရော့မည်။ တစ်ချိန်က သူအလွန်တရာ ချစ်မြတ်နိုးခဲ့သော မအူပင်မြို့ကလေးနှင့် ယင်း၏ ဝန်းကျင်တစ်ဝိုက်၊ ကွင်းတစ်ခို၊ ရေတစ်ပြင်တွင် မုတ်သုံမိုးသည် အပူအပင် ကင်းမဲ့သူပမာ ပြေးလွှားမြူးတူး နေလေမည်လောဟု စဉ်းစားမိသည်။ သို့ဖြစ်၍လည်း သူသည် အတောင်ပံကို ဖြန့်၍ ပျံသော ငှက်ပမာ လေဟာပြင်တွင် အတားအဆီးမရှိ အနှောင့်အယှက်မရှိ ပျံသန်းလိုက်ချင်၏။ အပြန့်အပြော ကျယ်လှစွာသော အာကာတစ်ခွင်တွင် လွတ်လွတ်လပ်လပ် အတောင်ပံကို ဖြန့်လိုက်ချင်စမ်းပါဘိ။

သို့သော် လက်တွေ့ဘဝနှင့် ကင်းကွာသော စိတ်ကူးယဉ် အိပ်မက်များပေတကား။

"ပုဒ်မ ၅ ကိုဝင်းကြည်"

အပြင်ဘက်မှ တန်းစီး၏ ခေါ်သံကို ကြားရသည်။ သို့ရာတွင် အမှတ်မထင်ပင် သူ နေလိုက်မိသည်။

အကျဉ်းထောင် လောကသို့ နေသားကျလာပြီ ဖြစ်သော ဝင်းကြည်သည် ဤအကျဉ်းထောင်တည်းဟူသော သီးခြားကမ္ဘာ၏ ပတ်ဝန်းကျင်ကို နှစ်နှစ်ကာကာ သဘောပေါက် နားလည်ခဲ့ပြီဖြစ်လေသည်။ သို့မို့ကြောင့်လည်း အကျဉ်းထောင် အတွင်းမှ အသံဗလံများ၊ လှုပ်ရှားမှုများသည် သူ့အတွက် အထူးတလည် ဆန်းပြားသည်ဟု မပြောနိုင်တော့လောက်အောင် ရင်းနှီးလာခဲ့ပြီး ဖြစ်လေသည်။ ၈ မှတ်၊ ၁၂ မှတ်၊ တန်းစီး၊ သံတော၊ ဘုတ်ကိုင်၊ မယ်ဇလီ စသော အကျဉ်းသား အရာရှိတို့၏ အဆင့်ဆိုင်ရာ အခေါ်အဝေါ်များကို လည်းကောင်း၊ ကတုံးရက်၊ ဆုမှတ်ကြက်၊ လက်ကောက် အစရှိသည့် အပြင်လောကနှင့်မတူ တစ်မူထူးခြားလှစွာသော ထောင်သုံးဝေါဟာရများကို လည်းကောင်း ပြောနေကျ သုံးနေကျ အဖြစ်မျိုးသို့ ရောက်ရှိလာခဲ့ရသည်။

"လွတ်လူ ပုဒ်မ ၅ ကိုဝင်းကြည်"

www.burmeseclassic.com



ဝင်းကြည်က မယုံ။

ထောင်ဗူးဝမှ လာသော အကျဉ်းသားအရာရှိက အခန်းပေါက်သို့ ရောက်လာကာ "ခင်ဗျား လွတ်ပြီ၊ အခု ဗူးဝကို လာပါတဲ့" ဟု လှမ်းပြောသည်။

"ကျွန်တော် လွတ်ပြီ၊ ဟုတ်လား"

မယုံမကြည် ဖြစ်နေသော ဝင်းကြည်က လှမ်းမေးလိုက်ပြန်သည်။

"ဟုတ်တယ်။ အခုလာဗျာ"

အကျဉ်းသား အရာရှိက စိတ်မရှည်နိုင်တော့သည့် အလား လှည့်ထွက်သွားရာ ဝင်းကြည် သာလျှင် အခန်းတွင်း၌ အူကြောင်ကြောင်ဖြင့် ကျန်ရစ်လေသည်။ လွတ်လူ တစ်ယောက်ယောက် ပေါ်ပြီဆိုလျှင် ထောင်ထဲတွင် ဘဝတူတွေက ဝိုင်းရံလာကြစမြဲ ဖြစ်သည့်အတိုင်း ယခုလည်း ဝင်းကြည် လွတ်ပြီဆိုသောအခါ လူတွေ ဝိုင်းလာကြသည်။

ဝင်းကြည်က ရှိစုမဲ့စု ပစ္စည်းပစ္စယလေးတွေကို ကျန်ရစ်နေသူများအား ဝေခွဲ၍ ပေးလိုက်ပြီးနောက် အားလုံးကို နှုတ်ဆက်သည်။

"ကိုလွန်းအောင်၊ ကျွန်တော် သွားတော့မယ်"

ကိုလွန်းအောင်က သူ့ကို လက်ဆွဲ နှုတ်ဆက်သည်။ ခေါင်းညိတ်ရင်း ပြုံးနေသည်။

"ကျွန်တော် ထွက်လာမှ သတင်းစာကိစ္စကို ပြန်စီစဉ်ရတော့မှာပဲ ကိုဝင်းကြည်။ ဒီကြား ထဲမှာတော့ ကိုဝင်းကြည်ရဲ့ အလုပ်အကိုင်အတွက် ဖြစ်သလို ရှာကြံပြီး နေနှင့်ဦးပေါ့ဗျာ ဟုတ်လား"

"ကျွန်တော့်ကို ဘာဖြစ်လို့များ လွှတ်ပစ်တာပါလိမ့်"

တကယ်ဆိုတော့လည်း သူ့အား အဘယ့်ကြောင့် လွှတ်ပစ်သည်ကို ဝင်းကြည်က နားမလည်နိုင်ချေ။

"သူတို့ ဘာမှလုပ်လို့ မရတော့လို့ နေမှာပေါ့ ကိုဝင်းကြည်။ နောက်တစ်ခုက အခု အထွေ ထွေ ရွေးကောက်ပွဲ နီးနေပြီ မဟုတ်လား။ ရွေးကောက်ပွဲနားနီးရင် အစိုးရက ဒီလိုနည်းနဲ့ မဲဆွယ် တတ်တာမျိုးပဲ။ ဘာပဲဖြစ်ဖြစ်လေ၊ လွတ်တယ်ဆိုရင် ကောင်းတာပဲ။ အပြင်လောကမှာ လုပ်စရာ ရှိတာတွေ ဆက်လုပ်နိုင်တာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တယ် ကိုလွန်းအောင်။ လုပ်စရာရှိတာတွေ ဆက်လုပ်ရဦးမယ်။ အဲဒါအတွက်များ တမင်လွှတ်ပေးသလား မသိဘူး"

ဝင်းကြည်က သူ့ဘာသာသူ သဘောကျကာ ရယ်လေသည်။ ထို့နောက် အားလုံးအား နှုတ်ဆက်သည်။ ကိုတင်၊ ကိုထွန်းရင်မောင် အစရှိသော နှစ်ကြီးသမား ရဲဘော်များ၊ အခြားသော ပုဒ်မ ၅ သမားများ၊ ရိုးရိုးအချုပ်သမားများကို ကမန်းကတန်း လိုက်လံ နှုတ်ဆက်ပြီးနောက် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် ဗူးဝသို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်ပင် သူဝင်လာခဲ့ရသော ကျားပါးစပ်ကြီးအောက်ရှိ လူဝင်တံခါးကျဉ်းကလေးမှ ပြန်ထွက်လာရလေပြီ။

ကော်မီရှင်နာ လမ်းမကြီးသည် သူ့ကို ကြည့်နေ၏။ ရန်ကုန် အကျဉ်းထောင်ကြီးနှင့် မျက်နှာချင်းဆိုင်မှ ထောင်ပိုင်ဝန် နေထိုင်ရာ အိမ်မည်းမည်းကြီးသည် လည်းကောင်း၊ ဒန့်ကျွဲပင်၊ မြက်ပင်၊ ချုံပင်တွေ လွှမ်းနေသော ယင်းပတ်ဝန်းကျင်သည် လည်းကောင်း စိမ်းစိမ်းကားကားပင် သူ့ကို ကြည့်နေကြသည်။

သူသည် ယောင်တီး ယောင်န ဖြစ်နေ၏။

အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့်ပင် ထောင်မှ လောလောလတ်လတ် လွတ်လာသော ဝင်းကြည်သည် စိုးသိမ်း၏ အခန်းငယ်သို့ မလှုပ်တလှုပ် ပြန်ရောက်လာခဲ့၏။ အကျဉ်းထောင်လောက၏ အခန်းကျဉ်းကလေးမှနေ၍ အပြင်လောက၊ ကွက်သစ်လောက၏ အခန်းကျဉ်းကလေးသို့ သူ ပြန်ရောက်လာရပြန်လေပြီ။

ဝင်းကြည် အချုပ်အနှောင်ခံနေရသော တစ်နှစ်နီးပါး ကာလအတွင်း သူတို့သူငယ်ချင်းတစ်သိုက်၏ အခန်းကလေးတွင် အခြေအနေ တစ်စုံတစ်ရာ ပြောင်းလဲခြင်း မရှိသေးသော်လည်း လူတွေ၏ အခြေအနေကား ပြောင်းလဲကုန်ကြသည်။ မြမော်ကား ဂရိလမ်းရှိ သူ့ဦးလေးအိမ်သို့ ပြောင်းရွှေ့ နေထိုင်သည်။ မောင်ခန့်လည်း သူ့အဖေ အိမ်မှာသာ အနေများသည်။ စိုးသိမ်းတစ်ယောက်သာ ဤအခန်းကလေးတွင် စွဲစွဲမြဲမြဲ နေထိုင်လျက်ရှိသည်။ မောင်ခန့်နှင့် စိုးသိမ်းတို့ မက်ထရစ်စာမေးပွဲ အောင်သွားကြပြီ။ တင်ရွှေလည်း ရာထူးတက်သွားလေပြီ။ ဝင်းမောင်တစ်ယောက်ပင်လျှင် မနှစ်က မက်ထရစ်အောင်ကာ ယူနီဗာစီတီတွင် ဆက်တက်နေပြီဟု ဆိုသည်။ ဝင်းကြည်ကား ထောင်မှလွတ်စ။ အလုပ်မရှိ။

စိုးသိမ်းက သူငယ်ချင်းတွေနှင့် ပတ်သက်သော သတင်းတွေကို စိတ်ရှည်လက်ရှည် ပြောပြသည်။

"ဝင်းမောင်တင် မကဘူးကွ၊ လှကြည်ပါ မအူပင်က အောင်လာပြီး ယူနီဗာစီတီ ရောက်နေပြီ။ မြမော်ကတော့ မေမြို့ စစ်တက္ကသိုလ်ကို တက်ဖို့ စိတ်ကူးနေတယ်။ လျှောက်များ လျှောက်ထားပလားတောင် မသိဘူး။ မောင်ခန့်ကတော့ ဆေးကျောင်း ဆက်တယ်မယ် ဆိုတာပဲ"

ဝင်းကြည်သည် ပြောင်းလဲနေကြပြီ ဖြစ်သော သူ့အပေါင်းအသင်းတွေ၏ သတင်းစကားကို အငေးသား နားထောင်နေရ၏။ သူ့မှာ ဘာမျှ ပြောစရာမရှိ။

သူ့ရင်တွင်း၌ ဟာနေသည်။

အပြင်လောက၏ ကျယ်ဝန်း ပြန့်ပြူးသော ဝန်းကျင်ပမာ သူ့ရင်တွင်း၌လည်း ဟာလာဟင်းလင်းကြီး ဖြစ်နေရသည်မှအပ အခြား မည်သို့သော ခံစားမှုမျှ မရှိ။

"မင်းလွတ်တဲ့အကြောင်း အိမ်ကို စာလေးဘာလေး ရေးလိုက်ဦး ဝင်းကြည်။ အလုပ်မရခင်

www.burmeseclassic.com



စပ်ကြားတော့ ငါနဲ့အတူ ငါ့လခထဲက ခွဲသုံးစွဲကြတာပေါ့ကွာ။ မင်းစားရေးနေရေးအတွက် ဘာမှ ပူမနေနဲ့။ အရေးကြီးတာက မင်းကိုယ်မင်း ကျန်းကျန်းမာမာဖြစ်အောင် လုပ်ဖို့ပဲ"

စိုးသိမ်းက အားပေးရှာသည်။

မိမိအပေါ်၌ ညီရင်းအစ်ကိုထက်ပင် ပို၍ကောင်း၊ ပို၍ ကြင်နာသော စိုးသိမ်းကို ဝင်းကြည်က ယဲ့ယဲ့မျှ ပြုံးရင်း ခေါင်းညိတ် အဖြေပေးရလေတော့သည်။

## အခန်း ၄၇

'အဖေ အသည်းအသန် ဖြစ်နေသည်။ အမြန်လာပါ'

မလှကြည်၊

မအူပင်မှ ရောက်လာသော သံကြိုးစာကြောင့် ဝင်းကြည်၏ ရင်တွင်း၌ ထိတ်ခနဲ ဖြစ်သွားသည်။

အဖေ အသည်းအသန် ဖြစ်လေပြီ။ ဘာဖြစ်သနည်း၊ ဘာရောဂါနည်း၊ ဘယ်အချိန်ကစ၍ ဖြစ်နေသနည်း အစရှိသော အတွေးပေါင်းစုံ၊ အမေးပေါင်းစုံတို့ဖြင့် မအူပင်သို့ ကမန်းကတန်း လိုက်ခဲ့ရသည်။

သူ့တွင် ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မရှိကြောင်းသိသော စိုးသိမ်းက ငွေအစိတ် ပေးလိုက်သည်။

ထောင်ကလွတ်စ ဝင်းကြည်ကား စိုးသိမ်း ပေးလိုက်သော ငွေအစိတ်ကို အိတ်ကပ်အတွင်း ကျစ်ကျစ်ပါအောင် သွင်းကာ အဝတ်အစား သုံးလေးထည်ပါသော လွယ်အိတ်ကလေး တစ်လုံးကို လွယ်လျက် မအူပင်သို့ မျက်နှာငယ်ငယ်ဖြင့် ပြန်လာခဲ့ရသည်။

တကယ်ဆိုရလျှင် မအူပင်သို့ သူ မပြန်ချင်။

မအူပင် အမြန်၏ သယ်ဆောင်ရာသို့ပါသွားသော ဝင်းကြည်သည် မအူပင်နှင့် အလွန့်အလွန်ဝေးလံလှသည့် အရပ်ဒေသ တစ်ခုခုဆီသို့သာ ထွက်သွားချင်နေ၏။ သို့ရာတွင် အဖေ အသည်းအသန် ဖြစ်နေပြီဆိုသော အကြောင်းက သူ့ကို မပြန်မဖြစ်အောင် ဖန်တီးနေလေသည်။ တွံတေးတူးမြောင်း၏ အစဖြစ်သော လက်ပံကုန်းမှ တူးမြောင်းတွင်းသို့ သင်္ဘောရောက်ချိန်ကစ၍ သူ့ရင်၊ သူ့နှလုံးသား၊ သူ့စိတ်စေတသိက်သည် တူးမြောင်းရေပြင်မှ ရေစီးကြောင်းများ၊ လှိုင်းဂယက်များပမာ မတည်မငြိမ် ဝဲဝဲလည် ပြေးလွှားလျက် ရှိလေသည်။

စိမ်းလန်းသော လယ်ကွင်းတွေ၊ ကျယ်ဝန်းလှသည့် လွင်တီးခေါင်တွေကို တွေ့ရသည်။ ၂၁ မိုင် ရှည်လျားသော တူးမြောင်းမှ ထွက်ကာ တိုးမြစ်ရေပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် စိမ်းစိမ်းညိုသော တောအုပ် တောတန်းများ၊ လေအသိမ်းတွင် နွဲ့ယိမ်းနေကြသည့် ကျူတော

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းတောများ၊ ကမ်းနဖူးတစ်လျှောက် တိတ်ဆိတ် ငြိမ်သက်စွာ တည်ရှိနေကြသော ရွာကလေးများကိုလည်း တွေ့လာရသည်။ ဤဝန်းကျင်၊ ဤခရီးက မိမိကို ညှိုးငယ်စွာ ကြည့်နေကြသလားထင်ရသည်။ သူတို့ကပင် ညှိုးငယ်လေသလော၊ သူတို့၏ ညှိုးငယ်မှုတွေက မိမိ၏ ရင်တွင်း၌ထင်ဟပ်လေသလော၊ မိမိကိုယ်တိုင်ကပင် ညှိုးငယ်ရလေသလော ဆိုသည်ကိုမူ ဝင်းကြည် အဖြေရှာမရချေ။

တိုးမြစ်ရေပြင်နှင့် ရွာစဉ်များသာမက မြစ်ဝကျွန်းပေါ်၏ တိမ်တောင် တိမ်ရိပ်ဆိုင်းသောမိုးကောင်းကင်သည်လည်း ညှိုးငယ်လျက် ရှိသည်ဟု ဝင်းကြည် ထင်မိသည်။ သို့မို့ကြောင့်လည်း လေးလံနေသော ရင်တွင်း၌ ရှင်းလင်းစေရန် အလို့ငှာ သက်ပြင်းချမိသည်။

မည်သို့ဖြစ်စေကာမူ မအူပင်သို့ ရောက်လာရချေပြီ။

လွယ်အိတ်ကလေးတစ်လုံးကို လွယ်ကာ နွမ်းပါးသော အဝတ်အစားဖြင့် ကုပ်ကုပ်ကလေးရောက်လာသည့် ဝင်းကြည်ကို အဖေသည် မျက်ရည်ဝဲနေသော မျက်လုံးများဖြင့် အိပ်ရာထက်မှနေ၍ လှမ်းကြည့်နေ၏။

အဖေကား လေဖြတ်ကာ ခန္ဓာကိုယ်၏ ညာဘက်တစ်ခြမ်းလုံး သေနေလေပြီ။

ထွန်းကြည်သည် အရက်ကြောင့် ရဲရဲနီ၍ အစ်နေသည့် မျက်နှာဖြင့် အဖေနှင့် မနီးမဝေးတွင် ထိုင်နေ၏။ ညီဖြစ်သူကို စကားမပြော။

အမေကား ဝင်းကြည်ကို တစ်ချက်မျှ လှမ်းကြည့်ရုံသာ ကြည့်သည်။ ဝင်းကြည် ပြန်လာသည့်အတွက် ထူးခြားသော တစ်စုံတစ်ရာ ခံစားမှုဟူ၍ မရှိသည့် အမေ့ မျက်နှာပါတကား။ ညီမ အငယ်ဆုံး အမာကြည်နှင့် အစ်မဖြစ်သူ မလှကြည်တို့ကသာ ဝင်းကြည်ကို ကြေကွဲသောအပြုံးဖြင့် ဆီးကြိုကြပြီးနောက် အဖေ မမြင်အောင် ကြိတ်၍ မျက်ရည်သုတ်နေကြသည်။

"ငါ့သား လွတ်ပြီဆိုတဲ့ စာရကတည်းက အဖေ ဝမ်းသာလိုက်တာကွာ။ အဲဒီကတည်းကတရှောင်ရှောင် ဖြစ်နေတာ။ အခုတော့ ဗြုန်းဆို ဒီလိုဖြစ်ရတာပဲ"

အဖေကား စကားပင် မပီတော့။ အဖေ့ ပါးတစ်ခြမ်းသည် ရွဲ့နေ၏။ နှုတ်ခမ်းတစ်ခြမ်းလည်း ရွဲ့နေ၏။ သွေးလှည့်ပတ်မှု မရှိတော့သော ခန္ဓာကိုယ်တစ်ခြမ်းလုံး လှုပ်ရှား၍မရတော့။ တစ်သက်လုံးလုံး မနားမနေ လှုပ်ရှားခဲ့သော အဖေကား ယခုအခါ အိပ်ရာထက်တွင် အသေတစ်ပိုင်း ဖြစ်နေလေပြီ။ စကားကိုပင် ပီသအောင် မပြောနိုင်တော့ပြီတကား။

အဖေသည် ပြောရင်း မျက်ရည်ဝဲနေ၏။ အကောင်းပကတိ ရှိသေးသော အခြားလက်တစ်ဖက်ဖြင့် မျက်ရည်သုတ်သည်။ အပါးတွင် ထိုင်နေသည့် ဝင်းကြည်၏ လက်ဖဝါးတွေကို ဆုပ်ကိုင်ထားသည်။

"အဖေ မောနေမယ်လေ။ သိပ်စကားမပြောပါနဲ့။ အဖေ ကျန်းမာလာရမှာပါ။ အဖေ့ ရောဂါပျောက်မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်းကြည်က အားပေးစကားပြောမိသည်။ အဖေ့ကို အားပေးရသော်လည်း အဖေ့ ကျန်းမာရေး၊ အဖေ့ ရောဂါပျောက်ကင်းရေးအတွက် ဤအနားတွင် ထိုင်နေရုံမှအပ ဆေးဖိုးဝါးခ၊ ဓာတ်စာဖိုး၊ ဆရာဝန်ခေါ်ကြွဖိုး ပေးစရာဟူ၍ သူ့မှာမရှိ။

သို့ရာတွင် အဖေသည် အားတက်သွားဟန်တူ၏။ သားတစ်ယောက် ရောက်လာပြီမို့ စိတ်လက် အေးချမ်း သက်သာရာရလေသလားမသိ မှိန်းနေလေသည်။

သည်တော့မှပင် အဖေ့အပါးမှထကာ အမေ့ကို နှုတ်ဆက်ရသည်။ အမေက ခေါင်းညိတ်ရုံ၊ ခေါင်းခါရုံမှအပ မည်မည်ရရ စကားစမြည် ပြောဆိုခြင်း မရှိ။ အငြိုးကြီးသော၊ စိတ်ကြီးသော အမေသည် ယခုထက်တိုင် ဝင်းကြည်အပေါ်၌ အငြိုးကြီး စိတ်ကြီးလျက် ရှိနေပါသေး၏။

မလှကြည်နှင့် အမာကြည်ကသာ ထောင်က လွတ်လာသည့် ဝင်းကြည်အတွက် ဝမ်းသာဝမ်းနည်းစကားတွေ ပြောဖော်ရသည်။

"ကိုဝင်းရယ် ပိန်နေတာပဲ။ ထောင်ထဲမှာ ဘယ်လောက်များ ဆင်းရဲဒုက္ခတွေ ရောက်ခဲ့ရသလဲ ဟင်။ ကိုဝင်း အဖမ်းခံရပြီဆိုတာ ကြားတုန်းကလေ မမဖြင့် ထမင်းလည်း မစားနိုင်၊ အိပ်လည်း မအိပ်နိုင်ဘူး။ ကိုဝင်းတော့ ထောင်ထဲ အချုပ်ထဲမှာ သိပ်ဒုက္ခရောက်နေရမှာပဲလို့ တွေးပြီး စိတ်မချမ်းသာဘူး။ ကိုဝင်းကို သိပ်သနားတာပဲ" BURMESE CLASSIC

မလှကြည်က ပြောရင်းဆိုရင်း မျက်ရည်သုတ်နေလေသည်။

"အမာကြည်ရော မမရော ငိုလိုက်ရတာ ကိုကိုလေးရယ်။ မမက ကိုကိုလေးကို သနားတယ်ဆိုပြီး ငိုတယ်။ အမာကြည်ကလည်း လိုက်ငိုတာပဲ"

အမာကြည်ကလည်း အစ်ကိုဖြစ်သူအတွက် ကြေကွဲဝမ်းနည်းရပုံတွေကို ပြောပြနေ၏။ ဝင်းကြည်ကား သူ့အတွက် ကြေကွဲဖော်ရသေးသော အစ်မနှင့် ညီမအကြားတွင် ငေးတိငေးငိုင် ထိုင်နေမိသည်။

"အဖေ ဘယ်နေ့က လေဖြတ်တာလဲ"

"ကိုဝင်းဆီကို မမ သံကြိုးရိုက်တဲ့နေ့ပဲ။ ဒီနေ့ဆို ၂ ရက်ရှိပြီ။ ဒါပေမဲ့ အဖေ နေကောင်းတယ်လို့ကိုမရှိဘဲ တရှောင်ရှောင် ဖြစ်နေတာ တစ်လကျော်ပြီ ကိုဝင်း"

"အခု ဆရာဝန်နဲ့ ကုသလား"

"ဆရာဝန်ရော၊ ဗမာဆရာရော ခေါ်ကုနေတယ်"

"ဆရာဝန်က ဘာပြောသလဲ မမ"

"စိုးရိမ်စရာ မရှိတော့ပါဘူး။ လေဖြတ်လို့ သေသွားတဲ့ ကိုယ်တစ်ခြမ်းကို ပြန်ကောင်းလာအောင် တဖြည်းဖြည်းတော့ လုပ်ရမှာပေါ့လို့ ပြောတယ်"

"အိမ်ကို ဘယ်သူတွေ လာကြသေးသလဲ"

မလှကြည်က ချက်ချင်း မဖြေသေးဘဲ စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အနွဲ့တစ်ယောက်တော့ မှန်မှန်လာတယ် ကိုဝင်း"

"အနွဲ့၊ ဟုတ်လား"

ဝင်းကြည်က တအံ့တသြ မေးမိသည်။ အနွဲ့ဟူသော အမည်သည် သူ့ရင်တွင်းသို့ အမှတ်မထင် တိုးဝင်လာလေ၏။

"ဟုတ်တယ် ကိုဝင်း။ အနွဲ့ဟာ တော်ရှာပါတယ်ကွယ်။ ကိုဝင်း ရန်ကုန်မှာ အဖမ်းအဆီးခံရတယ် ကြားကတည်းက ခဏခဏ လာမေးတယ်။ အဖေ မမာတော့လည်း လာပြီး ဂရုတစိုက် လုပ်ပါတယ်။ မနေ့ကတောင် လာသွားသေးတယ်"

"အခု သူက ဘယ်မှာနေသတဲ့လဲ"

"လမ်းသစ်ပိုင်းမှာ အိမ်ငှားနေတယ်"

"အနွဲ့က အိမ်ငှားနေတယ် ဟုတ်လား"

"ဟုတ်တယ် ကိုဝင်း။ မူလတန်းဆရာမ လုပ်နေတယ်။ ကိုဝင်း လာရင် သူ့ဆီကို လာဖို့ ပြောပါတဲ့။ မမကို တဖွဖွ မှာထားတယ်။ သွားလိုက်ဦးနော်"

တစ်အိမ်လုံးမှာ တိတ်ဆိတ် ညှိုးငယ်နေကြသည်ဟု ဝင်းကြည် ထင်မိလေသည်။ အနွဲ့အကြောင်းကို လှစ်ခနဲ သတိရမိသည် မှန်သော်လည်း၊ အနွဲ့က သူ့ဆီသို့လာရန် တဖွဖွ မှာထားသည် ဆိုသော်လည်း အနွဲ့ထံသို့ လောလောဆယ် မသွားချင်သေး။ သူ ပြန်လည်ရောက်ရှိလာရသော အိမ်၏အခြေအနေ၊ သူ့အိမ် သူ့အိမ်သားများ၏ အခြေအနေ အရိပ်အကဲကို တွေ့မြင်ရခြင်းအားဖြင့် အနွဲ့ထံ သွားရန် စိတ်မပါနိုင်လောက်အောင် ဖြစ်ရပြန်သည်။

အနွဲ့ မူလတန်းဆရာမ လုပ်နေသည်၊ ဘယ်အချိန်ကများ ယင်းသို့ အလုပ်လုပ်နေလိုက်သနည်း။ ယခု မည်သူနှင့် နေထိုင်နေသနည်း စသော မေးခွန်းတွေကို မလှကြည်အား မေးချင်လွန်းလှသော်လည်း မေးလိုသည့်ဆန္ဒကို မျိုသိပ်ထားလိုက်မိပေ၏။

"အိမ်က အခြေအနေတွေ ပြောစမ်းပါဦး မမရယ်"

ဝင်းကြည်က သို့ကလို မေးသောအခါ မလှကြည်သည် လိုလိုလားလား ဖြေချင်ပုံမရ။

"ကျွန်တော့်ကို ပြောစမ်းပါ မမ၊ ကျွန်တော် သိချင်တယ်။ အိမ်မှာ ဘာတွေဖြစ်နေကြပြီလဲ။ ငွေရေးကြေးရေး ဘယ်လိုနေသလဲ။ ဟိုကောင်ကကော ဘာတွေလုပ်နေသလဲ"

ထွန်းကြည်ကိုပင် သူက မသုံးနှုန်းစဖူး 'ဟိုကောင်' ဟု သုံးလိုက်မိသည်။ ဝင်းကြည်၏ မေးခွန်းတွေကို ဘယ်ကစ၍ ဖြေရမှန်း မသိသကဲ့သို့ မလှကြည်သည် ငေးငိုင်နေ၏။ ပင့်သက်လည်းချ၏။

"ကျွန်တော့်ကို ဒီအိမ်က အိမ်သားတစ်ယောက်လို့ အသိအမှတ်ပြုသေးရဲ့လား ဟင်။ မမကရော ကျွန်တော့်ကို မောင်တစ်ယောက်လို့ အသိအမှတ်ပြုသေးသလား။ ကျွန်တော် မေးတာကို မမ စိတ်မထိခိုက်နဲ့။ ဘယ်လိုမှလည်း မထင်ပါနဲ့။ အမှန်ကတော့ မမကို ကျွန်တော် သနား

www.burmeseclassic.com



တယ်။ ဒီလိုစကားမျိုးတွေ မမကိုပြောရတဲ့အတွက်လည်း ကျွန်တော် အားနာတယ်။ ဒါပေမဲ့ မမကိုပဲ ကျွန်တော် ပြောရမှာပဲ။ ကျွန်တော့်မှာ ပြောစရာလူဆိုလို့ မမပဲ ရှိတယ်။ တခြားလူ မရှိဘူး။ အခုကြည့်လေ၊ ကျွန်တော်ဟာ အဖေ အသည်းအသန်ဖြစ်တယ်ဆိုလို့ ပြန်လာတာပါ။ ကျွန်တော့်ကို အမေက စကားမပြောဘူး။ အစ်ကို လုပ်တဲ့လူက စကားမပြောဘူး။ ကျွန်တော် ဒီအိမ်ပေါ် တက်လာတာကိုတောင် မကြိုက်တဲ့သဘောလား။ ဘာလဲ။ အဖေသာ အခုလို အခြေအနေမျိုးမှာ မရှိဘူးဆိုရင် ဟောဒီအိမ် တံစက်မြိတ်အောက်က ထွက်သွားတာ ကြာလှပြီ"

ဝင်းကြည်က အသံကို တိုးတိုးအုပ်ကာ ပြောရ၊ ဒေါသကို ချုပ်တည်းရ၊ အဖေ ရိပ်မိမှာ စိုးရသော အကြောင်းများကြောင့် မောဟိုက်နေသည်။

မလှကြည်၏ မျက်လုံးအိမ်မှာ ရီဝေလျက် ရှိရပြန်သည်။ မလှကြည်၏ အသံမှာ တုန်ယင်နေသည်။

"ကိုဝင်း စိတ်ကို မမသိပါတယ် ကိုဝင်းရယ်။ အမေနဲ့ ကိုထွန်းကို ကိုဝင်း ခွင့်လွှတ်ပါ။ အမေနဲ့ ကိုထွန်းအကြောင်းကို ကိုဝင်း သိတယ် မဟုတ်လား။ အမေဟာ စိတ်ကြီးတယ်။ အငြိုးကြီးတယ်။ မာနကြီးတယ်။ ကိုဝင်းအပေါ်မှာသာ မကဘူး၊ ကိုထွန်းကလွဲလို့ တစ်အိမ်သားလုံး အပေါ်မှာ အမေက မာနထားတယ်။ အခုလည်း ဒါပါပဲ ကိုဝင်းရယ်။ ကိုဝင်းဟာ မိဘစကားနားမထောင်ဘူး၊ ထင်ရာ လျှောက်လုပ်နေတယ်၊ အိုးပစ် အိမ်ပစ် မိဘကိုတောင် ပစ်ပယ်ထားတယ်လို့ အမေက ထင်နေတယ်။ ဒါကြောင့်ပါ ကိုဝင်းရယ်။ အိမ်က ငွေရေးကြေးရေး အခြေအနေနဲ့ ပတ်သက်လို့ ကိုဝင်းက မေးလာတော့ မမ ပြောရဦးမယ်။ အိမ်ရဲ့ စီးပွားရေး ယိုင်နေတာ ကြာပြီ။ အဖေကလည်း အလုပ်မလုပ်နိုင်။ အမေ့ ဆိုင်ကလည်း ဖြုတ်ထားတော့ အတွင်းပစ္စည်းလေးတွေကိုပဲ တတိတိနဲ့ ထုခွဲရောင်းချ စားသောက်နေရတာ ကြာပြီလေ။ ကိုထွန်းကဆို အလုပ်မလုပ်တဲ့ အပြင် ရှိသမျှ ပိုက်ဆံကိုတောင် အမေ့ဆီက ယူယူပြီး ဖြုန်းတီးနေသေးတယ်။ သူဖြုန်းတာတော့ မပြောနဲ့တော့ ကိုဝင်း"

BURMESE CLASSIC

မလှကြည်က မျက်လုံးထောင့်တွင် သီးစက်နေသော မျက်ရည်စကို သုတ်ကာ ဆက်ပြောပြန်သည်။

"မမကို သနားရင် ကိုဝင်းရဲ့ ဒေါသကို ထိန်းပါလို့ မမ တောင်းပန်ပါတယ်။ အခုလို အခြေအနေမျိုးမှာ ဒေါသတွေ ပေါက်ကွဲကုန်ကြရင် အဖေ သေလိမ့်မယ်။ အဖေ သက်ဆိုးရှည်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် မမ တောင်းပန်ပါရစေကွယ်"

သည်လိုဆိုတော့လည်း ဝင်းကြည်မှာ ငြိမ်နေလိုက်ရပြန်သည်။

အိမ်၏စီးပွားရေး အခြေအနေ ပျက်ယွင်းနေပေပြီ။ အဖေကား ပက်လက်ကာဝသို့ ရောက်နေလေပြီ။ အမေသည် အရာရာကို ရန်ငြိုးသိုကာ ထွန်းကြည်ကမူ အရက်ဖြင့်သာ မွေ့လျော်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဤအိမ် အခြေအနေကို ဝင်းကြည် တွေးကြည့်သည်။ ပြိုလဲကျဆုံးနေသော၊ ပျက်သုဉ်းယိုယွင်းနေပြီ ဖြစ်သော ဘုံဗိမာန်တစ်ခုကို မြင်နေရသည့် ပမာတည်း။

"အဖေ့ အခြေအနေက တဖြည်းဖြည်း ကောင်းလာစရာ ရှိတယ်ဆိုရင် ကျွန်တော် ဒီမှာ ကြာကြာမနေတော့ဘူး။ ရန်ကုန် ပြန်မယ်"

ဝင်းကြည်၏ မျက်နှာသည် တင်းမာနေသယောင် ရှိ၏။အဖေ၏ ရောဂါကား ကြာရှည် လေးမြင့်စွာ ကုရမည့်ရောဂါ ဖြစ်သည်။ ထို့ကြောင့် အိမ်တွင်နေ၍ မထူးတော့သည့်အတူတူ ရန်ကုန်သို့ ပြန်၍ တစ်ခုခု လုပ်နေသည်က ပိုကောင်းမည်ဟု ယတိပြတ် ပိုင်းဖြတ်ထားမိပြီဖြစ်သော အတွင်းစိတ်သဏ္ဍာန်ကို ဖော်ပြလိုက်ခြင်းလည်း ဖြစ်တန်ရာသည်။

"ပြန်ဦးမလား ကိုဝင်းရယ်"

"ဟုတ်တယ် မမ၊ ပြန်ရမယ်။ ရန်ကုန်ပြန်ပြီး အလုပ်လုပ်ဦးမယ်။ အဖေ့အတွက် ဓာတ်စာဖိုး ဆေးဖိုးမှန်သမျှ အလုံအလောက်ဖြစ်အောင် ကျွန်တော် အလုပ်လုပ်မယ်။ ဒါကို အဖေ သိရင် အဖေက ကျွန်တော် ပြန်တာကို ခွင့်လွှတ်မှာပါ။ အမေနဲ့ အစ်ကိုကိုတော့ ကျွန်တော် ဘာမှ မပြော တော့ဘူး။ ပြောစရာလည်း မရှိတော့ပါဘူး။ ဝေးဝေးမှာ နေမယ်။ ဟောဒီ အိမ်နဲ့ရော၊ မအူပင်နဲ့ရော ဝေးရာမှာနေတာဟာ ကျွန်တော့်အတွက်ရော အားလုံးအတွက်ပါ ကောင်းပါလိမ့်မယ် မမ။ ဒါကြောင့် ကျွန်တော် ပြန်မယ်။ ဒါ ပြင်မရတဲ့ ကျွန်တော့် ဆုံးဖြတ်ချက်ပဲ"

လှကြည်သည် မည်သူမျှ မမြင်အောင် မျက်ရည်သုတ်သည်။ နှစ်ပေါင်းများစွာ မျက်ရည် ကိုသာ မည်သူမျှ မမြင်ရအောင် သိမ်းသပ်နေရသေးသော မမ၏ဘဝကို သူ သနားလှသည်။ သို့သော် မတတ်နိုင်။

× × ×

လမ်းတွင် အနွဲ့ အကြောင်းကို ထပ်ဖန်တဲလဲ စဉ်းစားလာမိသည်။ လမ်းသစ်ပိုင်းတွင် အိမ်ငှားနေ သည်။ မူလတန်းပြဆရာမ လုပ်နေသည်။ မိမိ အဖမ်းခံရချိန်ကစ၍ တမေးထဲ မေးသည်။ အဖေ့ကိုပါ လာ၍ ပြုစုပေးသည်။

အနွဲ့ကား မိမိကို မမေ့ကြောင်း ထင်ရှားနေလေပြီ။ လွန်ခဲ့သော ၃ နှစ် နီးပါးက ဒုက္ခသည် စခန်းတွင် ငွေကလေးတစ်ဆယ်ပေးကာ နောက်လာဦးမည်ဟု မိမိက အားပေးထားခဲ့ရသော အနွဲ့၊ ကျောင်းနေစဉ် ကျောင်းလခ မပေးနိုင်ရှာသဖြင့် မိမိက စင်သီယာ့ထံမှ ပိုက်ဆံယူကာ ကျောင်းလခ အကြွေးကို ပေးဆပ်စေခဲ့သော အနွဲ့။

အနွဲ့နှင့် တွေ့ရလေပြီ။

"ဟင်၊ ကိုဝင်းကြည် ရောက်လာလိမ့်မယ်လို့ အနွဲ့ကလည်း ထင်နေတာ၊ မကြည်ကိုတောင် အနွဲ့ မှာထားသေးတယ်"

www.burmeseclassic.com



"ဟုတ်တယ် အန္တဲ့၊ ဒါကြောင့် ကိုယ်လာတာ"

အန္တဲ့၏အိမ်သည် ခြေတံရှည် တစ်ထပ်အိမ်ကလေး ဖြစ်၏။ ပြတင်းတံခါးတွင် ခန်းဆီးစကလေး တပ်ထားရာ ကွင်းဘက်မှ ဝင်လာသော လေက ဤခန်းဆီးစကလေးတွေကို ဆော့ကစားလျက် ရှိလေသည်။ အိမ်မှာ သေးသေးကျဉ်းကျဉ်းပင် ဖြစ်သော်လည်း သပ်ရပ်သန့်ရှင်းသည်။ ပြတင်းတံခါးနှင့် ကပ်လျက်သားနေရာတွင် လေးထောင့် စားပွဲငယ်တစ်လုံးနှင့် ရိုးရိုးမတ်တတ်ကုလားထိုင် သုံးလုံး ခင်းထားသည်။ ဖွေးဖွေးဖြူသော စားပွဲခင်းပေါ်၌ သစ္စာပန်းထိုးထားသော ပန်းအိုးရှည်မျောမျော တင်ထားသည်။

ဒုက္ခသည်စခန်းတွင် တွေ့ရစဉ်က အန္တဲ့သည် ပိန်ချုံးကာ အသားအရည်တွေ မည်းညိုနေ၏။ ယခုမူ အတန်ငယ် အသားလတ်လာပြီး ပြည့်ဖြိုးလာသည်။ ပဒုမ္မာအင်္ကျီလက်ရှည်နှင့် ပွင့်ရိုက်သရက်ထည် လုံချည်ကို ဝတ်ဆင်ထားပြီး ရိုးရိုးပင် လှနေလေ၏။

"ထောင်က လွတ်လွတ်ချင်းများ ပြန်လာဦးမလားလို့ မျှော်နေမိသေးတယ်။ ကိုဝင်းကြည် အရင်ကထက်တောင် ပိန်သွားတယ်နော်၊ ထောင်ထဲမှာ အနေအစား ဆင်းရဲတယ်နဲ့တူတယ်"

"ဆိုပါတော့လေ၊ နည်းနည်းလည်း နေမကောင်းဘူး"

"ဦးလေးရော စကားလေးဘာလေး ပြောနိုင်ပလား ကိုဝင်းကြည်"

"ပြောနိုင်ပါပြီ။ အဖက တော်တော် စိတ်ထိခိုက်နေတယ်နဲ့တူတယ်။ ကိုယ်ရောက်လာတော့ ကိုယ့်ကို စကားပြောရင်း အဖေ ငိုတယ် အန္တဲ့။ အဖေ ငိုတော့ ကိုယ်လည်း စိတ်မကောင်းဘူး"

"လေဖြတ်ခံရပြီး ကိုယ်တစ်ခြမ်းသေတို့ တစ်ပိုင်းသေတို့ ဆိုတာ အင်မတန် စိတ်ထိခိုက်လေ့ရှိတယ်။ အန္တဲ့ သွားတဲ့ နေ့တုန်းကလည်း ငိုတာပဲ"

"အန္တဲ့ လာတယ်ဆိုတာ မမက ပြောပါတယ်။ ကျေးဇူးတင်ပါတယ် အန္တဲ့ရယ်"

အန္တဲ့က ပြုံးလိုက်၏။ နေရောင်ကို မြင်၍ ငုံရာမှ ပွင့်လာသော ပန်းကလေးပမာ လှပနုနယ်သော အပြစ်ကင်းစင်သော အပြုံးပေတည်း။

"အန္တဲ့ကို ကျေးဇူးတင်စကား မပြောပါနဲ့ ကိုဝင်းကြည်။ အန္တဲ့ကသာ ပြောရမှာပါ။ အန္တဲ့ကို ကိုဝင်းကြည်က ကူညီခဲ့တာတွေ များလှပါပြီ"

"ကျေးဇူးတရား အကြောင်းတွေ ထားပါတော့လေ။ အန္တဲ့ အကြောင်းသာ ပြောစမ်းပါ။ ကိုယ်ကလည်း အန္တဲ့ အကြောင်းကို မမ ပြောကတည်းက သိချင်နေတာ။ အန္တဲ့ ကျောင်းဆရာမ ဖြစ်နေပြီဆို"

"ဟုတ်တယ် ကိုဝင်းကြည်။ ဒီလိုလေ အန္တဲ့ ဒုက္ခသည်စခန်းကနေပြီး အဟိတ်ကို ပြန်တော့တဲ့ ယောဒီ လမ်းသစ်ပိုင်းမှာပဲ ဆက်နေလိုက်တယ်။ အဒေါ်က နာလန်ကို မထူနိုင်ပေါ့တော့ စက်ကလေးတစ်လုံး ငှားပြီး အန္တဲ့ ဘာသာ ဇာဘော်လီချုပ်ရတယ် ဆိုပါတော့။ အဲဒီ ဇာဘော်လီချုပ်လို့ရတဲ့ ဝင်ငွေလေးကို ခြိုးခြိုးခြံခြံ စုလိုက်နဲ့ပဲ ဆရာဦးထွန်းတို့၊ ကိုဟန်လေးတို့က ဝိုင်းကူညီ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးကြလို့ အရေးပေါ်သင်တန်းတက်ပြီး အနွဲ့ ရည်ရွယ်ခဲ့တဲ့ ဆရာမအလုပ်ကို ဝင်လုပ်တာပဲ ကိုဝင်းကြည်။ ဓာတ်ဘော်လီ အလုပ်က တွင်ကျယ်လာပြီး ဝင်ငွေကောင်းလာပေမယ့် အဲဒီလုပ်ငန်းထက် ဝင်ငွေနည်းတဲ့ ဆရာမအလုပ်ပဲ အနွဲ့ လုပ်ချင်နေတာနဲ့ အခုအထိ ဆက်လုပ်နေတာပါ"

ခန်းဆီးစသည် လေအလာတွင် လူးလွန့်ခုန်ပျံလျက်ရှိရာ ပြတင်းပေါက်မှနေ၍ လှမ်းမျှော်ကြည့်လျှင် လမ်းသစ်ပိုင်း အနောက်ဘက် ကွင်းကြီးကို တမျှော်တခေါ် တွေ့နေရသည်။

"အဒေါ်ကတော့ လွန်ခဲ့တဲ့ နှစ်လလောက်ကပဲ ဆုံးသွားပါတယ်။ အဒေါ်ဟာ သူ့ယောကျ်ား ရှိတုန်းကလည်း အရက်သမားမို့ အားမကိုးရ၊ ယောကျ်ား သေသွားပြန်တော့လည်း စိတ်ထိခိုက်၊ နောက်ဆုံးတော့ တစ်သက်လုံး ဆင်းဆင်းရဲရဲ လုပ်ကိုင်ခဲ့ရတဲ့ ဒဏ်တွေကို မချိမဆံ့ခံရင်း ဆုံးပါးသွားရတာပါ ကိုဝင်းကြည်။ အဒေါ် ခေါင်းချသွားတဲ့ ဒီအိမ်ကလေးမှာပဲ အနွဲ့ ဆက်နေချင်တာနဲ့ ဒီအိမ်ကလေးမှာပဲ နေနေလိုက်တာပါပဲ။ အနွဲ့ အကြောင်းတွေကို ပြန်စဉ်းစားမိတိုင်း ဟိုတုန်းက ကိုဝင်းကြည်က အနွဲ့ကို အားပေးခဲ့တာတွေ သတိရ ရနေမိတယ်။ အဲဒီလို သတိရလေလေ ကိုဝင်းကြည်ကို တွေ့ချင်လေလေပါပဲ။ ကိုဝင်းကြည်ရဲ့ သတင်းတွေကိုလည်း အမြဲ နားစွင့်နေမိတယ်။ ကိုဝင်းကြည်ရဲ့ ဒုက္ခတွေ၊ စိတ်သောကတွေကိုလည်း အနွဲ့ ကိုယ်ချင်းစာတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ကိုဝင်းကြည်ဆီကို စာမရေးဖြစ်ခဲ့ဘူး။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ လူတစ်ယောက်ဆီက စာတစ်စောင် ရောက်လာခဲ့တယ်။ ဒီတော့မှလည်း အနွဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့တယ်။ အဲဒီစာဟာ ဘယ်သူရေးတဲ့ စာလဲ၊ သိလား။ တခြားလူ မဟုတ်ဘူး။ ကိုဖုန်းမြင့်ပဲ"

"ဖုန်းမြင့်၊ ဟုတ်လား"

ဝင်းကြည် အံ့သြခြင်းကြီးစွာ ဖြစ်ရသည်။ ဖုန်းမြင့်က အဘယ့်ကြောင့် အနွဲ့ဆီ စာရေးခဲ့သနည်း။ အဘယ်အချိန်ကများ ရေးခဲ့လေသနည်း။

"ဟုတ်တယ် ကိုဝင်းကြည်။ ကိုဖုန်းမြင့်ပါ။ ကိုဖုန်းမြင့်ဟာ ကိုဝင်းကြည် အပေါ်မှာရော၊ အနွဲ့ အပေါ်မှာရော သံယောဇဉ်ကြီးခဲ့တဲ့ သူငယ်ချင်းပါပဲ။ အဲဒီစာကို ကိုဝင်းကြည် ဖတ်ကြည့်လေ"

အနွဲ့က အခန်းထောင့် နံရံတွင် ကပ်ထားသော ဗီရိုကလေးအတွင်းမှ စာတစ်စောင်ကို ထယူကာ ဝင်းကြည်အား လှမ်းပေးလိုက်သည်။

ဝင်းကြည်သည် တုန်ယင်နေသော လက်ချောင်းတွေကို အားယူထိန်းကာ ဖုန်းမြင့်၏ စာကို ဖြန့်လိုက်သည်။

အနွဲ့

ကျွန်တော့်စာကိုရတော့ အံ့သြနေမလား မသိဘူး။ ဒီစာဟာ ပထမဆုံးနဲ့ နောက်ဆုံးစာလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ သည်းခံသာ ဖတ်ပါတော့။

ကျွန်တော်တို့တစ်တွေဟာ လူမှန်းသိစအရွယ် ဥမမယ်စာမမြောက် အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ထဲက အတူတကွ ပေါင်းသင်းလာခဲ့ကြ ခင်မင်ရင်းနှီးလာခဲ့ကြတာမို့ အနွဲ့ကို ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးပဲ ကျွန်တော့် နှမရင်းချာသဖွယ် သဘောထားပြီး ရေးပါ့မယ်။

အဓိက ရေးရမယ့် အကြောင်းကတော့ ဝင်းကြည်နဲ့ အနွဲ့ ကိစ္စပါပဲ။ ဒီ နှစ်ယောက်စလုံးဟာ ကျွန်တော် အင်မတန် ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဆိုလည်း ဟုတ်တယ်၊ ညီရင်းအစ်ကို မောင်ရင်းနှမဆိုလည်း မှန်တယ်။ ကောင်းတူ ဆိုးဘက် သူငယ်ချင်းတွေလို့လည်း ဆိုနိုင်ပါသေးတယ်။ အခြားသော သူငယ်ချင်းများ နည်းတူ ဒီနှစ်ယောက်စလုံးရဲ့ အရေးနဲ့ အကျိုးစီးပွားဟာ ကျွန်တော်နဲ့ တိုက်ရိုက် ဆက်စပ်နေပါတယ်။ ဆိုလိုတာကတော့ ဒီနှစ်ယောက်ရဲ့ အကျိုးစီးပွားကို ကျွန်တော် လိုလားရမယ်၊ ရှေးရှုရမယ်ပေါ့။

အဲဒီ ခံယူချက်နဲ့ ဒီစာကို ရေးတာပါ။

ဝင်းကြည်မှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲတွေ အများကြီး ရှိပါတယ်။ စင်သီယာနဲ့ သူဟာ တကယ်ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်း ဆိုင်ရင်း နောက်ပြန်လျှောက်နေကြတဲ့ လူနှစ်ယောက်နဲ့ တူပါတယ်။ အသွင်ချင်း မတူဘူး၊ စရိုက်ချင်း မတူဘူး၊ အယူအဆချင်း မတူဘူး။ အခုလည်း သူတို့ဟာ အပြီးအပိုင် ဝေးကွာသွားကြပါပြီ။

အနွဲ့ကရော။ အနွဲ့ဟာ ဆင်းရဲတယ်၊ ဘဝမှန်တယ်။ ကလေးဘဝကစပြီး ကနေ့အထိ ကိုယ့်ကိုယ်ကိုယ် ရုန်းကန်နေရတဲ့ ဘဝဟာ အနွဲ့ဘဝပဲ၊ ဝင်းကြည်ရဲ့ ဘဝမျိုးပဲ။ အနွဲ့သာလျှင် ဝင်းကြည်နဲ့ စရိုက်တူတယ်၊ အသွင်တူတယ်။ အဲဒါ ကြောင့် အနွဲ့ရဲ့ အိမ်ထောင်ရေးကို စဉ်းစားမယ်ကြံရင် ဝင်းကြည်ကို စဉ်းစား စေချင်တယ်။ ဒါဟာ ကျွန်တော် ရေးချင်တဲ့ အဓိက ကိစ္စပါပဲ။

ကျွန်တော့်စာဟာ အနွဲ့ကို မညှာတာရာရောက်တယ်၊ အနွဲ့ရဲ့ ရိုးသားတဲ့ မိန်းကလေး ဂုဏ်သိက္ခာကို ထိပါးတယ်၊ ဒီလို ပြောရ ရေးရကောင်းလားလို့ စိတ်ဆိုးတယ်ဆိုရင် ဒီစာကို မီးရှို့ ဖျောက်ဖျက်ပစ်ဖို့၊ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။

ကျွန်တော့် ဝေဒနာ ပျောက်ကင်းမယ်ဆိုရင်တော့ အနွဲ့ဆီကို တစ်ခေါက် လောက် အလည်လာချင်ပါရဲ့။

လေးစားချစ်ခင်လျက်

ကိုမြင့်

၂၂ ၊ ၉ ၊ ၁၉၅၀

www.burmeseclassic.com



ဝင်းကြည်သည် စာရွက်ကလေးကို ပြန်ခေါက်ကာ စားပွဲပေါ်သို့ အသာအယာ ပြန်တင်ထားလိုက်ပြီးနောက် အနွဲ့ဆီသို့ လှမ်းကြည့်သည်။ အနွဲ့ကား မျက်ရည်ဝဲနေ၏။

မိမိထံသို့ ရောက်လာစဉ်က ဖြစ်ကြောင်းကုန်စင် ပြောကြသည့်အခိုက် အနွဲ့ဆီကိုတောင် စာရေးချင်ပြီဟု တစ်ခွန်းတစ်စ ပြောဖူးသော ဖုန်းမြင့်၏ စကားသံကို ဝင်းကြည်က ပြန်လည်ကြားယောင်နေမိလေသည်။ စေတနာကြီးသော၊ သံယောဇဉ် တွယ်တာတတ်သော ဖုန်းမြင့်ကိုလည်း အမှတ်ရလာရပြန်သည်။

"ကိုဖုန်းမြင့်ဟာ အနွဲ့တို့အပေါ်မှာ သံယောဇဉ် ကြီးခဲ့ရှာတယ်။ သူဆုံးပြီးဆိုတာ ကြားရတော့ အနွဲ့ ငိုမိတယ် ကိုဝင်းကြည်။ စိတ်ကောင်း နှလုံးကောင်း ရှိလှတဲ့ အနွဲ့တို့ရဲ့ မိတ်ဆွေကောင်းတစ်ယောက် ရေတိမ်နစ်ရလေခြင်းလို့ အနွဲ့ ယူကျုံးမရ ဖြစ်မိတယ်"

"ဒီစာကို အနွဲ့ သိမ်းထားခဲ့တယ်ပေါ့"

"ဟုတ်တယ် ကိုဝင်းကြည်၊ သိမ်းထားခဲ့ပါတယ်။ ဒီစာကို ရပြီးချိန်ကစလို့ အနွဲ့ကိုယ်အနွဲ့ ဆုံးဖြတ်ချက်တစ်ခု ချခဲ့တယ်လို့ ပြောပြီးပြီပဲ"

"အနွဲ့ ဆုံးဖြတ်ချက်ကို ကိုယ် ကြားခွင့်ရှိရင် ကြားချင်တယ်"

အနွဲ့က ကုလားထိုင်မှ ထကာ ပြတင်းတံခါးဝနား သွားရပ်သည်။ ဝင်းကြည်ကလည်း ပြတင်းတံခါးဝနားသို့ ကပ်လာကာ အနွဲ့နှင့် ယှဉ်၍ ရပ်လိုက်သည်။ အနွဲ့၏ကိုယ်မှ သနပ်ခါးနံ့သည် သင်းပျံ့လျက် ရှိသည်။ အနွဲ့၏နဖူးပြင်နှင့် နားထင်တို့ဆီ၌ နွဲ့နှောင်း နူးညံ့သော ဆံယဉ်စများမှာ ကနွဲ့ကလျ ဝဲပျံလူးလွန့်နေကြသည်။ BURMESE CLASSIC

"အနွဲ့ဟာ မိန်းမသားပါ ကိုဝင်းကြည်။ တစ်ကောင်ကြွက် မိန်းမသားပါ။ ကိုဖုန်းမြင့်ရဲ့ စာကို ရတော့ အနွဲ့ ရှေ့ရေးတွေကို တွေးကြည့်ပါတယ်။ အဲဒီလို တွေးကြည့်လိုက်တိုင်း ကိုဝင်းကြည်ကို သတိရတယ်။ ကိုဝင်းကြည် ရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို တွေးပြီး ကိုဝင်းကြည်ကို သနားတယ်။ ကိုဝင်းကြည် အနားမှာပဲ အနွဲ့ နေချင်တယ်။ အဲဒါ အနွဲ့ရဲ့ ဆုံးဖြတ်ချက်ပါပဲ။ ဒါပေမဲ့ စင့်သီယာ့အတွက် တွေးပြီး စိတ်မကောင်းလို့ ကိုဝင်းကြည်ကို အနွဲ့ ဖွင့်မပြောခဲ့ဘူး။ နောက် ကိုတင်ရွှေ စင်ကာပူက ပြန်လာပြီး ဇာတ်ကြောင်းစုံ အသေးစိတ် ပြောပြတော့မှ အနွဲ့စိတ်ကို အနွဲ့ အပြီးအပိုင် ဆုံးဖြတ်လိုက်တာပါပဲ"

ဝင်းကြည်သည် ပြတင်းတံခါးပေါင်ပေါ်မှ အနွဲ့၏လက်ဖမိုးလေးကို သူ့လက်ဝါးဖြင့် အလိုအလျောက် ဆုပ်ကိုင်ထားလိုက်မိ၏။ အနွဲ့သည် ငြိမ်နေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ငြိမ်နေ၏။

"အနွဲ့ရယ် ကိုယ် ဝမ်းသာလိုက်တာ။ တစ်သက်နဲ့တစ်ကိုယ် မှတ်မှတ်ရရ ဝမ်းသာမိတဲ့ အချိန်ရယ်လို့ ကိုယ့်မှာ ရှိလာပြီ။ ဒါပေမဲ့ အနွဲ့ကို ပြောစရာတစ်ခု ရှိတယ်။ ကိုယ် ရန်ကုန်ကို ပြန်ဦးမယ်။ အလုပ်အကိုင်နဲ့ ရှေ့ရေးအတွက် နေသားတကျဖြစ်အောင် ကိုယ်ပြန်လုပ်ဦးမယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အစီအစဉ်တွေပြီးတော့ အနွဲ့ကို ကိုယ် ရန်ကုန်ကိုခေါ်မယ်။ တစ်သက်လုံး ကြေကွဲစရာ ဝမ်းနည်းစရာတွေနဲ့ လုံးထွေးသတ်ပုတ်လာရတဲ့ မအူပင်နဲ့ဝေးရာမှာ အနွဲ့နဲ့ကိုယ် နေကြရအောင်။ ရှေ့မှာ ဘယ်လို အခက်အခဲတွေနဲ့တွေ့တွေ့ အနွဲ့နဲ့ကိုယ် ဆက်ပြီး ရင်ဆိုင်ကြရအောင်နော်။ ဘယ့်နှယ်လဲ”

အနွဲ့က ခေါင်းညိတ်သည်။ ထို့နောက်ဗီရိုကလေးဆီသို့ပင် ထွက်ခွာသွားကာ စာအိတ် တစ်အိတ် ယူလာပြီးနောက် ဝင်းကြည်ကို ပေးသည်။

“အဲဒီ အထဲမှာ ငွေ နှစ်ရာပါတယ်။ ကိုဝင်းကြည်အတွက် အနွဲ့ တမင်ဖယ်ထားတာပါ။ တစ်ရာကို ဦးလေး ဆေးဖိုးဝါးခအတွက် ပေးပြီး၊ တစ်ရာကို ကိုဝင်းကြည် ယူသွားနော်”

“ကိုယ် မယူချင်ဘူး”

“ယူရမယ်လေ။ အနွဲ့ စကားကို နားထောင်”

အနွဲ့၏ကနွဲ့ကလျ အမိန့်သံအဆုံးတွင် ဝင်းကြည်သည် ငွေနှစ်ရာပါသော စာအိတ်ကို သူ့အင်္ကျီအိတ်တွင်းသို့ ထည့်လိုက်ပြီးနောက် အနွဲ့၏တစ်ကိုယ်လုံးကို သိမ်းကျုံးကာ ဖက်ထားမိလေ၏။

“ကျေးဇူးတင်တယ် အနွဲ့”

“ဟင်းနော်၊ ကျေးဇူးစကား ပြောရမယ့် ကိုဝင်းကြည်နဲ့ အနွဲ့ မဟုတ်တော့ဘူးဆိုတာလည်း သတိထားဦးလေ”

အနွဲ့က ပြုံးသည်။ ဝင်းကြည်ကလည်း အနွဲ့ကို ပို၍ တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။ သူတို့၏ရှေ့တူရူတွင် လေတဟူးဟူး တိုးဝင်တိုက်ခတ်နေသော မျက်စိတဆုံး ပြန့်ပြောသော ကွင်းပြင်ကြီး ရှိသည်။

မြက်ရိုင်း၊ ချုံရိုင်း၊ ရိုးပြတ်ရိုင်းတွေ ဝိုင်းဝိုင်းလည်နေလျက် ယမ်းနံ့၊ သွေးညှီနံ့များဖြင့် သင်းပျံ့နေလိမ့်ဦးမည့် အရိုင်းအစိုင်း ဤမြေပြင်တွင် အသစ်သော အသက်တာသည် နုနယ် စိမ်းလန်းခြင်းအတိဖြင့် ပြန်လည် ဖူးငုံ ပွင့်လန်းလာရဦးမည်သာ ဖြစ်ပါသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုသည် ဝတ္ထုမျှသာဖြစ်သော်လည်း
အတိတ်ကာလဖြစ်စဉ်များ၊ သမိုင်းလမ်းကြောင်းများနှင့်
နီးစပ်နိုင်သမျှ ဆက်စပ်အကျုံးဝင်လာပြီဆိုပါက
ယင်းဖြစ်စဉ်များ၊ သမိုင်းလမ်းကြောင်းများမှာ
အမှန်နှင့်နီးစပ်ရမည်ဟု ကျွန်တော်ယူဆပါသည်။
ဤယူဆချက်ဖြင့် ရေရှိုင်းမြေရှိုင်းကို ကျွန်တော်ရေးခြင်းဖြစ်ရာ
ဝတ္ထု၏ကျောရိုးအဖြစ် ထည့်သွင်းထားသည့်
နိုင်ငံရေးဖြစ်ရပ်များမှာ ထိုကာလ၌ ပေါ်ပေါက်ခဲ့သော
ဖြစ်ရပ်များနှင့် နီးစပ်နိုင်သမျှ နီးစပ်အောင်၊
အမှန်အတိုင်း ဖြစ်နိုင်သမျှဖြစ်အောင်
ကျွန်တော်အားထုတ်ပါသည်။

BURMESE CLASSIC

မောင်နေဝင်း

www.burmeseclassic.com